# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

# အနှစ်လေးဆယ်ခရီး

၁၃၃၂ - ၁၃၇၂



ကောဇာ-၁၃၇၂-ခု သာသနာ-၂၅၅၄ ကမ္ဘာ-၂၀၁၀

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

# အနှစ်လေးဆယ်ခရီး

၁၃၃၂ - ၁၃၇၂

အရှင်သီလက္ခန္ဓာဘိဝံသ

(တိပိဋကပါဠိပါရဂူ၊ ရွှေရတုတိပိဋကရေ၊ တိပိဋက ကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက) ၏

**ဓမ္မဒါနကုသိုလ်တော်**

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ အနှစ်လေးဆယ်အထိမ်းအမှတ် ရွာမပရိယတ္တိနွယ်ဝင်များအတွက်သာ

ကန့်သတ်ထုတ်ဝေသည်။



အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

# အနှစ်လေးဆယ်ခရီး



## မာတိကာ


| | | |
|---|---|---|
| ကျေးဇူးတင်စကား | ၁၅ | |
| အယ်ဒီတာ့အာဘော် | ၁၆ | |
| **ဓါတ်ပုံထဏ္ဍာ** | | |
| ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ | ၇ | |
| လက်ရှိစာချဆရာတော်များ | ၁၄ | |
| နိုင်ငံကျော်သာသနာ့အာဇာနည်များ | ၁၇ | |
| **ဝါဒ** | | |
| အရှင်သီလက္ခန္ဓာဘိဝံသော | ၅၈ | စတ္တာလီသဝဿော ရွာမပရိယတ္တိအာရာမော |
| **ဝါထာပူဇော်** | | |
| ဦးခင်မောင်ရင် | ၇၈ | အင်းစိန်ရွာမဥဒါနဂါထာ |
| မင်္ဂလာဗိမာန်ဆရာတော် | ၁၆၅ | ထုတိဝဏ္ဏနာ |
| **တေးထပ်ပူဇော်** | | |
| ဦးခင်မောင်ရင် | ၇၇ | အင်းစိန်ရွာမပါဠိတေးထပ် |
| မြေလတ်မင်းလွင် | ၇၉ | ကမ္ဘာတည်အောင်မော်ကွန်းထူ |
| အရှင်နာရဒ | ၈၂ | စာသင်ပျိုအတွက်မှာတမ်းတေးထပ် |
| **ကဗျာပူဇော်** | | |
| ဦးခင်မောင်ရင် | ၇၆ | လေးဆယ်နှစ်တွင်မော်ကွန်းတင် |
| ညောင်ကန်အေးဆရာတော် | ၈၀ | ရွာမပရိယတ္တိ ရှစ်လုံးဘွဲ့ |
| အရှင်နာဂဗလ | ၈၁ | တည်စေ့ တည်လေ့ တည်မည်လေ |
| မြေလတ်မောင်မြင့်သူ | ၈၃ | အမြတ်ဆုံးအလှူ |
| ဗအုပ်နိုင် | ၈၄ | မော်ကွန်းသစ် |
| မြတ်လွမ်းနောင်(ပုတီးကုန်း) | ၈၅ | ကြည်ညိုဦးခိုက် (တျာချင်း) |
| ယဉ်ပန်ဝေ | ၈၆ | ဘဝနဲ့နာရီ |
| သီဟာဖြိုး | ၈၇ | မှတ်တိုင်များ |
| မောင်စိန်ဝင်း(ပုတီးကုန်း) | ၁၅၈ | မရဏာနုဿတိ |
| ထွန်းဝင်း(မန်းဇရာဝတီ) | ၁၆၄ | ယုံကြည်ချက် |
| မောင်မောင်ဝင်းမြင့်(မှူခင်း) | ၁၇၈ | အင်းစိန်ဆိုသည်မှာ |


ရက်စွဲ ၁.၃.၂၀၁၁

## ထရျာဂူဇော်


| | | |
|---|---|---|
| ဖိုးသူတော်လေး | ၂၆၄ | မိုးသည်းထဲက ဆွမ်း |
| ခင်သဇင်မြိုင်(ရွှေဘို) | ၂၈၈ | နန္ဒာရေညှိ စံရာရွှေဘို |
| စိုးနိုင်(မန္တလေးတက္ကသိုလ်) | ၂၉၆ | ဇိနသာသနံ စိရံတိဋ္ဌတု |
| တက္ကသိုလ်သွယ်လတ် | ၃၀၂ | မြတ်သာသနာ |
| အေးဆုမွန် | ၃၂၆ | မြတ်သောအရှင် |
| ဆရာဦးဘို | ၃၄၀ | သားသမီးများ |
| ရွှာမမြေမှ သောတုဇနမောင်ပညာ | ၂၀၀ | သာသနာထဲက မြတ်ဆရာ |
| မောင်မြတ်နွယ်(သရက်) | ၂၅၀ | လေးဆယ်ချိန်ခါ ရောက်လို့လာ |
| လင်းသစ်ဝေ(တန့်ဆည်) | ၂၅၈ | ဆရာကောင်းတပည့် ကျောင်း၏ဂုဏ် |
| ဇေအားမာန် | ၃၄၃ | ဥယျာဉ်မှူးသို့ ဦးညွှတ်ခြင်း |
| ဖိုးသာစည်(ရွှေယင်းမာ) | ၃၄၄ | ဥယျာဉ်မှူးရဲ့ပီတိ |
| ကိုလွှမ်းနိုင် | ၃၆၄ | မတည်ကိန်း |
| သဥ္ဇာမြင့်ယဉ် | ၃၇၀ | အေးမြခြင်း |
| ခင်သစ်မြိုင် | ၃၇၃ | လက်ဖွဲ့ရယ် ကြာပဒုံနဲ့ |
| ကျော်ဇံဝေ | ၃၉၄ | ထို့နောက် |
| မောင်ကြင်သူ(စစ်ကိုင်း) | ၄၀၀ | အမြင်သစ် |
| ဒီမွန်း | ၄၁၅ | သံသရာရောင်းကုန် |
| သန္တာမြရီ | ၄၁၆ | ခရီးသည် |
| မောင်ယဉ်ဆွေ | ၄၃၈ | အမြိုက်ဆေး |
| ကိုအေးချမ်း | ၄၄၂ | ကျေးဇူးရှင်မြတ်ဆရာ |
| ဝင်းသစ်ထွန်း(ကန့်ဘလူ) | ၄၄၈ | မတူကြပေမယ့် တူကြပါသည် |
| မိုးဟိန်းထက် | ၄၆၁ | ဘဝသရုပ်ဖော် |
| ရွှာမမြေမှ သောတုဇနမောင်ပညာ | ၄၈၄ | အမေ |
| ထွန်းမြရီ | ၄၉၁ | ရောင်ခြည်ဦး |
| မောင်ဆောင်း | ၅၁၂ | ဝဋ္ဋနာကံနာ |
| မောင်နန်းထိုက်(တေးကဗျာ) | ၅၂၄ | ဘဝသခင် ဖန်ဆင်းရှင်သို့ |
| လင်းချစ် - တင်းတိမ်ရံ | ၅၄၀ | မာနသံသရာ |
| မြင့်သဇင် | ၅၄၆ | အလှဝန်းရိပ် |
| မောင်ယဉ်ပန် | ၅၆၆ | ပီတိများ |
| ကျိုက်ထိုသန်းအောင် | ၅၇၀ | ကုသိုလ် |
| စိန်မြင့်(မြို့တော်စည်ပင်) | ၅၈၂ | မြင်အောင်ရှု |
| ကျော်ဇေယျာလှိုင် | ၅၈၈ | သံသယ သံသရာ သံဝေဂ |
| ကုဋေကုဋာ | ၅၉၆ | သတိပဋ္ဌာန် |
| ရွှေငယ်မောင်ကြည်ဌေး | ၆၀၈ | ဇရာတမ်းချင်း |
| ကိုကိုအောင်(မြကန်သာ) | ၆၁၄ | မေမေ့လက်ဆောင် |
| သီဟ - ဇော်ဝတီ | ၆၁၈ | လွင့်မျောနေသောတိမ်များ |
| ညီနှင်းရည် | ၆၂၈ | မှန်ကြိုက်သူ |


## ပုံနှိပ်မှတ်တမ်း

**မဂ္ဂဇင်း ဖြစ်ပါစေဒိုယ**

**ဆရာတော်များ**

ဘဒ္ဒန္တ တိလောကာဘိဝံသ

ဘဒ္ဒန္တ အက္ခရာဘိဝံသ

ဆရာကြီး ဦးဝင်းသိန်း

နှင့်

တပည့်ကြီးများ

**အကြံဉာဏ်ပေးဆရာကြီးများ**

သုရဇော်

ညွန့်ဟန် (ကျူတော)

ရေနံ့သာဝင်းမောင်

အောင်မြင့် (သစ်လုပ်ငန်း)

ကျော်နန္ဒအောင်

**အယ်ဒီတာချုပ်**

ရွှေတိုမင်းသုခ

**လက်ထောက်အယ်ဒီတာ**

အရှင်ဝိစိတ္တ (ဆော) ၊ အရှင်ပညိန္ဒာလင်္ကာရ

**အဖွဲ့ဝင်အယ်ဒီတာ**

ရွှာမပရိယတ္တိစာသင်တိုက်

နာယက အားလုံး

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

# အနှစ်လေးဆယ်ခရီး





## မာတိကာ

**သမိုင်း**


| | | |
|---|---|---|
| ရွှေဘိုမင်းသုခ | ၉၅ | အနှစ်လေးဆယ်ကို ထုဆစ်ခြင်း |


**ဆောင်းပါး**


| | | |
|---|---|---|
| ဝါဆိုဆရာတော် | ၆၁ | ရွာမပရိယတ္တိစာသင်တိုက် တိုးတက်ကြီးပွားရေး |
| အရှင်ပဏ္ဍိတာဘိဝံသ | ၆၃ | တာဝန်ကိုယ်စီထမ်းဆောင်ပါ |
| ပေါက်မြိုင်ဆရာတော် | ၆၆ | အယ်ဒီတာသို့ အိတ်ဖွင့်ပေးစာ |
| အရှင်ရာဇဓမ္မာဘိဝံသ | ၇၁ | ရွှေရတုအကြိုရွာမ |
| ယောဆရာတော် | ၇၂ | ပေါင်းတာမှန်မှ ကောင်းတာရ |
| ပခုက္ကူအရှင်ကေသရ | ၈၈ | လူ့ကျင့်ဝတ်ထိန်းသူ မထိန်းသူ |
| အရှင်သုန္ဒရ(ဒသမမြောက်တိပိဋကဓရ) | ၉၁ | ဓုရနှစ်ဖြာ ဖြန့်ဖြူးရာ |
| အရှင်အကုံရာ | ၁၃၇ | တမ်းတမိပါတယ် အနှစ်လေးဆယ် |
| သုဓမ္မာ၏ဆရာတော် | ၁၄၄ | အန္တရာယ်ဟူသည် |
| ပထမကျော် ဦးစံသင်းလှိုင် | ၁၄၉ | အဘိဓမ္မာတတ်သူ |
| အရှင်သီလက္ခန္ဓာဘိဝံသ | ၁၅၉ | သာသနာပြုနည်းအမျိုးမျိုး |
| ရန်ကင်းတောင်ဆရာတော် | ၁၆၇ | သူတော်ကောင်းကာလဝိပတ္တိ |
| ရွှေကြက်ယက်ဆရာတော် | ၁၇၁ | ယခင်နှင့်ယခု |
| စံသင်းလှိုင်(သာသနာရေး) | ၁၇၉ | ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း |
| ဇေယျာနရိန်(မြောင်းမြ) | ၁၈၅ | သာသနာ့ဝန်ထမ်းများနှင့် စာပေမွေ့လျော်မှု |
| ရွှေဘိုမင်းသုခ | ၁၈၉ | နေတစ်ဆူ လတစ်နှန်း |
| တက္ကသိုလ်စိန်တင် | ၂၀၁ | အင်းစိန်မြို့က ကျွန်ုပ်တို့သာသနာ |
| မုံရွာနေဇာ | ၂၀၅ | ကြည်ညိုဖွယ်ရာ စံပြပုဂ္ဂိုလ်များ |
| အရှင်စန္ဒာသိရီဘိဝံသ(ပထမကျော်) | ၂၀၉ | မေတ္တာရိပ်မြုံ |
| အရှင်နာရဒါဘိဝံသ(လှရတနာ) | ၂၁၃ | အဆောင်ငါးပါး ဆောင်၍ထား |
| ရေနံ့သာဝင်းမောင် | ၂၁၉ | ပဋ္ဌသိခ်ဖြစ်ပါရစေ |
| မောင်ဆုရှင်(လက်ယက်မ) | ၂၂၅ | စေတနာမှန်သော ကံတရား |
| ရွှေဘိုမင်းသုခ | ၂၂၇ | ကျွန်တော်အောင်သွယ် အနှစ်လေးဆယ် |
| မဟာကံထူးရှင်(ရွာမသား) | ၂၅၁ | သာစွဗျာနေ ရွာမမြေ |
| အဝ္ဂ(Y.T.U-Petro) | ၂၅၉ | အမှတ်တရနေ့ရက်များ |
| ယောနကဖိုးထောင် | ၂၆၅ | အနှစ်လေးဆယ်ခရီး |
| ဦးကျော်ကျော်သန်း(ရွှေဘို) | ၂၆၉ | မြန်မာတို့၏ ကျေးဇူးရှင် |



**ပရိတ်ကြီးငိုကာသစ်ကျမ်းစာ**
**ဓမ္မဒါနပြုမည်**

နှစ်ပေါင်း ၄၀၀ အတွင်း ပါဠိဘာသာဖြင့်
ပထမဆုံးပေါ်ထွက်လာသော
ပရိတ္တအဘိနဝဋီကာ (ခေါ်)
ပရိတ်ကြီး ငိုကာသစ်ကျမ်းစာကို
အလိုရှိသူ မည်သူမဆို အလှူခံနိုင်ပါသည်။
အဆိုပါကျမ်းစာကို
အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏
ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မာပါရဂူ၊
အဘိဓမ္မာညဝါအကျော် ဆရာတော်
ဘဒ္ဒန္တတိလောကာဘိဝံသ
**(အရှင်တိလောကာဘိဝံသ အင်းစိန်)**
ရေးသားတော်မူသည်။
☎ - ၀၁-၇၃၀ ၅၉၃၃၂၊ ၀၁-၆၄၀၀၇၅၊
၀၁-၆၄၆၄၆၄ (လိုင်းခွဲ-၂၁၆)

## ဆောင်းပါး


| | | |
|---|---|---|
| ဗိုလ်ချုပ်မြေတင်တင်ဝင်း | ၂၈၃ | ကြည်ညိုသဒ္ဓါပွားများကာဖြင့် |
| ရွှေတိုက်စိုး | ၂၈၉ | ဤသင်တန်းမျိုး မျှော်မိသည် |
| ညွန့်ဟန် (ကြူတော) | ၂၉၇ | သာသနာနှင့်စာပေအလ်ကာ |
| မင်းဝီရ | ၃၀၃ | အကောင်းဆုံးနေရာ |
| ကိုယော (ဘောဂဗေဒ) | ၃၀၆ | ယောမြို့တော်သွား တောလား |
| မောင်ကြည်သာ (မုံရွာ) | ၃၂၃ | မွေးကျေးဇူးကိုတော်လှန်သူ |
| ကုသလဝတီ (သကျဓီတာ) | ၃၂၇ | ကျေးဇူးတော်ရှင် |
| မင်းသက်မှူး (စစ်ကိုင်း) | ၃၃၇ | ဖျိုးမိလေသော ပန်းတစ်ပင် |
| ထန်လှိုင် | ၃၄၁ | ဝဲညြယ |
| ရွာမသားလေး (ယာဉ်မောင်း) | ၃၄၅ | ကြားနာခဲ့ဖူးပါသည် |
| ဦးစိန်လှိုင်(မဟာဝိဇ္ဇာ) | ၃၅၉ | သစ်နက်ရေ |
| မောင်ငြိမ်းသူ (ကြို့ပင်ကောက်) | ၃၆၅ | လိမ်ညာမှုဘေးမှ ကင်းဝေးကြပါစေ |
| မောင်ညွန့်လှိုင် | ၃၇၁ | သဘောချင်းနှောလိုက်လေ ဘိုးသူတော်ရယ် |
| မစိုးရိမ်စာသင်သား | ၃၇၄ | ကဏ္ဍကမြင်းနှင့် ကဏ္ဍကနတ် |
| မအူပင်တင်ရွှေ | ၃၈၁ | ကျွန်ုပ်အချစ်ဆုံးသာသနာနှင့် ဆင္ဃသင်္ဂါယနာ |
| မာမက(သုတေသီ) | ၃၈၅ | ကြည်ညိုဖွယ်ဂုဏ် |
| ဗုဒ္ဓသာဝက (ရာမညမြေ) | ၃၉၅ | ငါးခု ငါးရံ့ကင်နှင့် ထမင်းကြမ်းတစ်နပ် |
| တက္ကသိုလ်မောင်ကိုရင် | ၄၀၁ | ထိုင်ဝမ်မှ အိတ်ဖွင့်ပေးစာ |
| ကုမာရ (သီတာလ) | ၄၁၁ | ဆရာ့ဩဝါဒ |
| ကိုကြူး (ကျိုင်းတုံ) | ၄၂၃ | မရဏမင်းနှင့် စစ်ခင်းခြင်း |
| သောင်းတင်သွေး (မော်ကျွန်း) | ၄၃၉ | ဖူးပွင့်များစွာ အညှာတစ်ခက် |
| အရှင်သုစိတ္တသာရ (မုတ်ကျွန်း) | ၄၄၃ | သာသနာ့ဝန်ထမ်း ရှင် ရဟန်းဟူသည် |
| တိုက်ချွန်း (လှိုင်သာယာ) | ၄၄၉ | ယုံကြည်မှု သီအိုရီ |
| ဥယျာဉ်မှူး (ရန်ကင်းတောင်) | ၄၅၃ | ရဟန်းဘဝ ပန်းတိုင် |
| အုပ်စိုး (အညာမြေ) | ၄၅၇ | စေတနာဘက်ကို နည်းနည်းလှည့်ပါဦး |
| တက္ကသိုလ်ဒွေးဝင်း | ၄၇၅ | သံယဂုဏော အနန္တော |
| အရှင်ခေမာစာရ | ၄၇၉ | သောတုဇန စာသင်သားဘဝ |
| ကမ္ဘာလှည့်တင်တင်စိန် | ၄၈၅ | တိမ်ရောင်ခြယ် ပုဂံဝယ် ကွယ်ပါနဲ့လေး |
| အင်းပေါင်းသားတနီအောင်ချို | ၅၁၃ | လှိုင်သာယာမှာ သာတဲ့လ |
| ဦးသုမန (ဇေယျာရွှေမြေ) | ၅၂၅ | တိတ္ထိများနှင့်ဗုဒ္ဓ |
| အောင်မြင့် (သစ်လုပ်ငန်း) | ၅၃၁ | စကားထဲက စာ စာထဲက စကား |
| ရေနံ့သာ မောင်ဥသြ | ၅၃၅ | တမာတန်းက လွမ်းတေးတစ်ပုဒ် |
| မုန်းဆရာတော်လေးဦးပညာ | ၅၄၁ | လမ်းခင်းတဲ့ ကျောက်ခဲ |
| ဦးဝိသုတ (ယမိုက်ပဋ္ဌာန်းနည်းပြ) | ၅၄၇ | ဘီလုံးနာသူဌေးကြီး |
| ဘုန်းပြည့်လျှံ | ၅၅၅ | ဆရာကောင်းတပည့် ပန်းကောင်းပန် |
| အရှင်သောဘနာလင်္ကာရ | ၅၆၁ | ခေါင်းဆောင်ကောင်းပီသသူနှင့် ... |


## ပုံနှိပ်မှတ်တမ်း


**ကွန်ပျူတာစာစီ**

မောင်ပညာ(စကားဝါ)

**မျက်နှာဖုံးဒီဇိုင်း**

နေဝင်းအောင်

**အတွင်းဒီဇိုင်း**

ဟန်မျိုးထွန်း၊

နိုင်လင်း(စွယ်တော်)

**ကဗျာသရုပ်ဖော်**

နေဝင်းအောင်

ဟန်မျိုးထွန်း၊

နိုင်လင်း(စွယ်တော်)

**ပုံနှိပ် နှင့် စာအုပ်ချုပ်**

သိန်းသန်းဦးပုံနှိပ်တိုက်

အမှတ်(၁၁၉/၁၂၁)၊ ၃၄ လမ်း(အလယ်)

ကျောက်တံတား၊ ရန်ကုန်။

ဖုန်း-၂၅၂၆၂၀၊ ၆၆၆၉၄၉၊

**ဖလင် / အတွင်းဖလင်**

Stars / ဦးထွန်းဆိုင်

အခ်ိန်ရှာမပရိယတ္တိစာသင်တိုက်

# အနှစ်လေးဆယ်ခရီး

## ဗာတိကာ





### ဆောင်းပါး


| | | |
|---|---|---|
| အရှင်စန္ဒောဘာသ(ဝါးခင်းတောင်) | ၅၆၇ | တိုးတက်ခေတ်မီနေသော ရွာမ... |
| နီမင်းညို | ၅၇၀ | ယုံကြည်ခြင်း၏ ကွက်လပ်များ |
| ရေကူးမြတ်လေးနောင် | ၅၇၇ | ဘယာကင်းတဲ့ ထမင်းတစ်နပ် |
| ရဲကိုကိုတင် | ၅၈၃ | မြတ်ဗုဒ္ဓသာသနာစွန့်ရှည်ရာ ... |
| ဇမ္ဗူဇော်(နှံ့သာမြေ) | ၅၈၉ | ရွာပြန်လမ်းမှာ ဘယ်လိုရင်ဆိုင်မလဲ |
| ဇော်နောင် | ၅၉၃ | သံယံ သရဏံ ဂစ္ဆာမိပါဘုရား |
| ဟိန်းထက်စိုး | ၅၉၇ | ရှေးဦးပြုရမည့်သာသနာ |
| အရှင်ပညာစရိယ(တန့်ဆည်) | ၅၉၉ | လက်ဆင့်ကမ်းတာဝန် |
| အရှင်ပညာနန္ဒ(ပခုက္ကူ) | ၆၀၁ | သူ့ရဲကောင်း |
| ကျော်ကံကောင်း(ပဲခူး) | ၆၁၅ | နှစ် ၄၀ ပြည့်မှသည် နှစ် ၅၀ ပြည့်... |
| အရှင်နန္ဒောဘာသမြိုင် | ၆၁၉ | အချိန်မလွန်ခင် သိစေချင် |
| အေး(သချာ) | ၆၂၉ | သာသနာ့နှင့်ကြုံခိုက်ဈေးမဆစ်လိုက်နဲ့ |
| ဦးအောင်ထွန်း(ရန်ကုန်တက္ကသိုလ်) | ၆၃၄ | သာသနာမကွယ်ပရအောင် |


### ဝတ္ထု


| | | |
|---|---|---|
| အရှင်ကုဏ္ဍလ(လပွတ္တာ) | ၂၇၂ | နာဂစ်မုန်တိုင်းအောင်က အမေတစ်ယောက် |
| မြေလတ်ကျော်လင်းဦး | ၃၁၇ | သာမုခေါ်နိုင်ပါစေ |
| မောင်ယဉ်ဦး(နေဖြူ) | ၃၃၃ | မုဒိတာနောင်တ |
| ခင်ဘုန်းပြည့် | ၃၄၉ | တစ်ခါတုန်းက ကိုရင် |
| မောင်ပန်းဝေ(ညောင်တုန်း) | ၃၅၅ | မရှိမရှား |
| စိုးမောင်မောင် | ၃၈၉ | တုံ - နောင် - ဒိုင်း |
| ပုလဲနန္ဒသူ | ၄၀၇ | အရိပ်တစ္ဆေ |
| မြတ်လွမ်းနောင်(ပုတီးကုန်း) | ၄၁၇ | မြင်းမိုရ်ဦးသို့ ဦးခိုက်တမ်းချင်း |
| မောင်မောင်ကြီး(လှိုင်နယ်မြေ) | ၄၂၈ | ပုဏ္ဏမာသီ |
| ရွှေဘိုခင်ခင်ကြီး | ၄၆၂ | ၂၀၀၈ စက်တင်ဘာ ၂၄ |
| အောင်မြင့်သောင်း(ဘူမိဗေဒ) | ၄၉၂ | အဖြူရောင်နလုံးသားပိုင်ရှင် |
| ဝေမွန်လင်း | ၅၀၅ | ဝဋ်ကြွေးရယ် ပြေပါစေတော့ |
| ပုခန်းမောင်မောင်ကျော် | ၆၀၉ | အမွေ |
| အောင်ခင်(ဥပဒေ) | ၆၂၃ | ကိလေသာတိုက်ပွဲ အောင်နိုင်သူ |



ဘဒ္ဒန္တသောဘိတ မဟာထေရ်

အဘိဓဇမဟာရဋ္ဌဂုရု

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးကို မျိုးစေ့ချပေးတော်မူသော

မြင်းခြံကိုးဆောင်တိုက်ဆရာတော်ဘုရားကြီး




အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် မူလတိုက်တည်ဆရာတော်



## ဘဒ္ဒန္တနန္ဒမာလာဘိဝံသ မဟာထေရ်

နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် မူလတိုက်တည်ဆရာတော်




အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် မူလတိုက်တည်ဆရာတော်

လက်ရှိပဓာန နာယက ဆရာတော်




အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် မူလတိုက်တည်ဆရာတော်
သဘာဝဓာတ်ငွေ့သစ်စက်ကျောင်း



**ဆရာကြီး ဦးဝင်းသိန်း**

(ဆရာတော် ဘဒ္ဒန္တဝိဇယ)

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် မူလတိုက်တည်




တိပိဋကပါဠိပါရဂူ၊ ရွှေရတုတိပိဋကဓရ၊ တိပိဋကကောဝိဒ၊

မဟာဂန္ထဝါစကပဏ္ဍိတ

ဒုတိယပဓာနနာယကဆရာတော်



၂၀၁၀– ၂၀၁၁ ပညာသင်နှစ် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် စာချ ဂဏဝါစကဆရာတော်များ

ရှေ့တန်းဝဲမှယာသို့ – အရှင်ဇနိန္ဒ၊ အရှင်အရိယ၊ အရှင်ခေမာစာရ၊ အရှင်ဇာနေယျ၊ ဘဒ္ဒန္တတိလောကာဘိဝံသ၊ အရှင်ကဥ္စန၊ အရှင်ဣန္ဒာစာရ၊
အရှင်ရာဟုလာ၊ အရှင်ဝိစိတ္တ

နောက်တန်းဝဲမှယာသို့ – အရှင်နန္ဒသာမီလင်္ကာရ၊ အရှင်သုမန၊ အရှင်ခေမိန္ဒ၊ အရှင်ဝိမလာစာရာဘိဝံသ၊ အရှင်ဥတ္တရာလင်္ကာရ၊
အရှင်ဣန္ဒောဘာသ၊ အရှင်ပညိန္ဒာလင်္ကာရ၊ အရှင်ပညာဝံသ

# ကျေးဇူးစကား

ဖြစ်ပျက်ခဲ့သည့် သမိုင်းအထောက်အထားများကို မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ဖို့ကို ယဉ်ကျေးမှု အဆင့်မြင့်သူတိုင်း တာဝန်ရှိသည်။ သမိုင်းဖြစ်ရပ်များကို ထိန်ချန်သူ, ဖျောက်ဖျက်သူများသည် လူ့အဆင့်မရှိသူ လူယုတ်မာများဖြစ်သည်။ သမိုင်းပျောက်လျှင် လူမျိုးပါ ပျောက်သွားမည်။ သမိုင်းရှိနေလို့ လူမျိုးရှိနေခြင်းဖြစ်သည်။ သမိုင်းသည် -

၁။ သင်ခန်းစာယူဖို့၊ ၂။ နမူနာယူ(စံပြု)ဖို့၊ ၃။ လိုက်နာဖို့၊ ၄။ ရှောင်ကြည်ဖို့၊ ၅။ မီးရှူးတန်ဆောင်အဖြစ်၊ ၆။ လမ်းပြအဖြစ် - စသည်စသည်ဖြင့် အကျိုးပေါင်းများစွာကို ဖြစ်ထွန်းစေသည်။

ထိုသမိုင်းကို မှတ်တမ်းတင်ရာ၌ စာပေ မပေါ်မီက နှုတ်ဖြင့် မှတ်တမ်းတင်ကြသည်။ နှုတ်မှတ်တမ်းသည် သေချာမှု, ခိုင်မြဲမှု, ကျယ်ပြန့်မှုအတွက် အားနည်းသည်။ ထို့ကြောင့် စာပေပေါ်ပေါက်လာသောခေတ်၌ စာပေဖြင့် မှတ်တမ်းတင်လာကြသည်။ စာပေမှတ်တမ်းသည် နှုတ်မှတ်တမ်းထက် သေချာသည်၊ ခိုင်မာသည်၊ ကျယ်လည်း ကျယ်ပြန့်သည်။

၁၃၃၂-ခု၊ နယုန်လဆန်း ၁၀-ရက်၊ (၁၄-၆-၁၉၇၀)တနင်္ဂနွေနေ့၌ စာသင်တိုက်အဖြစ် စတင် ဖွင့်လှစ်ခဲ့သော ရွှာမပရိယတ္တိစာသင်တိုက်သည် ၁၀-စုနှစ် ၄-ကြိမ်ကျော် ဖြတ်သန်းခဲ့ပေပြီ။ အနှစ် ၄၀-အတွင်း ဆူးလမ်း, ခရောင်းလမ်းများကိုလည်း ဖြတ်ကျော်ခဲ့ရသည်။ ပန်းခင်းသော လမ်းများကိုလည်း လျှောက်လှမ်းခဲ့ရပြီ။ ထို အနှစ် ၄၀-ခရီး ဖြတ်သန်းရင်း ပရိယတ္တိသာသနာ့အကျိုးကို စွမ်းနိုင်သလောက် သည်ပိုး ထမ်းရွက်ပေးခြင်းဖြင့် ပရိယတ္တိစာသင်တိုက်နာမည်နှင့် လိုက်လျောညီထွေ ဖြစ်စေခဲ့သည်။ ထို အနှစ် ၄၀-အတွင်း -

**တိပိဋကဓရများ၊ ပထမကျော်များ၊ ဂုဏ်ထူးအောင်များ၊ အဘိဝံသဘွဲ့ရများ၊ သာသနဓဇဘွဲ့ရများ၊ သာမဏေကျော်ဘွဲ့ရများ၊ ဒေါက်တာဘွဲ့ရများ၊ အမ်အေဘွဲ့ရများ၊ ဘီအေဘွဲ့ရများ** - စသည့် စသည့် သာသနာ့အာဇာနည်ပေါင်းမြောက်များစွာ မွေးထုတ်ပေးခဲ့ပြီ။

၎င်းပြင် -

**စာသင်စာပြ အကျော်အမော်များ၊ ကျောင်းထိုင်ဆရာတော်များ၊ ကမ္မဋ္ဌာန်းနည်းပြများ၊ နိုင်ငံကျော် ဓမ္မကထိကများ၊ နိုင်ငံခြားသာသနာပြုများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဝန်ဆောင်များ** - စသည် စသည်တို့ကိုလည်း မွေးထုတ်ပေးခဲ့ပေပြီ။

ထို အနှစ် ၄၀-ခရီး သမိုင်းမှတ်တမ်းကို ရနိုင်သလောက် မှတ်တမ်းတင်ထားဖို့ ဤ အနှစ် ၄၀-ခရီးစာစောင် စီမံထုတ်ဝေရခြင်းဖြစ်သည်။ ဤ အနှစ် ၄၀-ခရီး သမိုင်းမှတ်တမ်းကြောင့် -

၁။ ရွှာမပရိယတ္တိစာသင်တိုက်၏ သမိုင်းကြောင်းကိုလည်း အထိုက်အလျောက် သိနိုင်ပေမည်။

၂။ ပညာရှင်များ၏ အဆိုအမိန့်များ၊ လမ်းညွှန်ချက်များ၊ ဩဝါဒများ၊ ဗဟုသုတများ - စသည် စသည်တို့ကိုလည်း သိခွင့်ရပေမည်။

ဤ အနှစ် ၄၀ သမိုင်းမှတ်တမ်းအတွက် -

၁။ ဆောင်းပါးရှင်များ၊ ၂။ လှူဒါန်းကြသူများ၊ ၃။ အကြံဉာဏ်ပေးကြသူများ၊

၄။ ကာယအား, ဉာဏအား ကူညီကြသူများ - စသည် စသည် ပါဝင်ကူညီကြသူအားလုံး အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းစကား မြွက်ကြားအပ်ပါသတည်း။

■ **အရှင်တိလောကာဘိဝံသ(အင်းစိန်)**

# အယ်ဒီတာ့အာဘော်

အနှစ်လေးဆယ်ခရီးမဂ္ဂဇင်းကို ထုတ်ဝေရန် ၂၀၀၉-ခု၊ နှစ်ဦးကာလကပင် နာယကအဖွဲ့မှ ကျွန်ုပ်အား တာဝန်ပေးခဲ့သည်။ လွတ်လပ်စွာရေးသားဖော်ပြခွင့် တစ်ခုကို ကျွန်ုပ်တောင်းဆိုခဲ့သည်။ တောင်းသည့်အတိုင်းလည်း ရခဲ့သည်။ အချိန်အားဖြင့်လည်း လုံလောက်သည်ထက်ကို ရခဲ့သည်။ သို့သော် ကျွန်ုပ်အား ပေးအပ်သည့် တာဝန်ကား တစ်ခုတည်းမဟုတ်။ အခြားသော ဂီတစာပေကိစ္စ၊ တစ်နှစ်တာ သာသနာပြုဗွီဒီယိုမှတ်တမ်း ရိုက်ကူးရေးကိစ္စ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများပါဝင်ခဲ့သည်။ တာဝန်က များလှသည်။ ခေတ်အခြေအနေအရ အနှစ်လေးဆယ်ပွဲတော်ရက်ကို မူလက သတ်မှတ်ခဲ့သည့် ၂၀၁၀ နှစ်ဦးကာလနောက်သို့ ရွှေ့ဆိုင်းခဲ့ရသည်။ ၂၀၁၀ ဒီဇင်ဘာ (၅)ရက်မှ ကျင်းပနိုင်ခဲ့သည်။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်နှင့် စပ်လျဉ်း၍ ငွေရတု၊ အနှစ်သုံးဆယ်အသီးအပွင့်၊ အဂ္ဂမဟာပဏ္ဍိတပူဇာ၊ အဘိဓဇဂုဏ်ရည် စာအုပ်များထွက်ရှိခဲ့သည်။ ထိုစာအုပ်များမှာ သမိုင်းရေးရာကဏ္ဍများနှင့်စပ်လျဉ်း၍ မပွင့်တပွင့် ငုံစေ့စေ့ရှိခဲ့သည်။ အကြောင်းမညီညွတ်၍လည်း ဖြစ်နိုင်သည်။

ယခုထုတ်ဝေသော အနှစ်လေးဆယ်ခရီးမဂ္ဂဇင်းသည် သမိုင်းရေးရာကဏ္ဍတွင် ရှေးရှေးက ထုတ်ဝေသော စာအုပ်များထက် ပိုမိုလေးနက်သည်ဟု ဆိုချင်သည်။ တစ်ကြိမ်တစ်ခါမျှပင် ဆောင်ရွက်ခဲ့ခြင်း မရှိသော စာတမ်းဖတ်ပွဲကိုပင် လုပ်ပြနိုင်ခဲ့သည်။

မူလက တောင်းဆိုထားခဲ့သော လွတ်လပ်စွာ ရေးသားဖော်ပြခွင့် အခွင့်ထူးတစ်ရပ် အပေါ်တွင် စိတ်ပိုင်းဆိုင်ရာ ဖိအားပေးခံရမှုနှင့် အနည်းငယ်ရင်ဆိုင်ခဲ့ရသည်။ သို့သော် သမိုင်းကြောင်းကဏ္ဍကို စိုးစဉ်မျှ မထိခိုက်ခဲ့ပေ။ အားရကျေနပ်သည်ဟု ဆိုထိုက်ပါ၏။ ကြိုက်/မကြိုက်ဟူသော ဘောင်ကို ကျော်ပြီး မှန်/မမှန်ဟူသော ဘောင်အတွင်းက အောင်ပွဲခံနိုင်ခဲ့သည်။

သည်မဂ္ဂဇင်းတွင် စာမူပေးပို့သူ အလွန်များခဲ့သည်။ စာမျက်နှာ တစ်ထောင်ခန့်ရှိသည်။ စာမျက်နှာအနေအထားကန့်သတ်နှင့် မဂ္ဂဇင်းဦးတည်ချက်တို့အရ အလွန်ကောင်းမွန်သော စာမူများ ဖြစ်လင့်ကစား ချန်ထားခဲ့ရသည်။ ထိုချန်ခဲ့သော စာမူများကို ခေတ်မီစာကြည့်တိုက်တွင် သေသပ်စွာ သိမ်းဆည်းထားခဲ့သည်။ ရွာမပရိယတ္တိစာသင်တိုက် ရွှေရတုခေတ်တွင် အခွင့်သာခဲ့လျှင် ပြန်လည် ဖော်ပြခွင့်ရလိမ့်မည်ဟု ဆိုခဲ့ချင်သည်။ မဂ္ဂဇင်းနှင့်ပတ်သက်၍ ပါဝင်ရေးသားခဲ့ကြသော စာပေပညာရှင်များ တစ်ထောင့် တစ်နေရာမှ ပါဝင်ကူညီပံ့ပိုးကြသူများကို အထူးကျေးဇူးတင်ရှိပါသည်။ ပါဝင်ခွင့် မရလိုက်သော စာပေပညာရှင်တို့အားလည်း အနူးအညွတ် တောင်းပန်အပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အနှစ်လေးဆယ်ခရီးမဂ္ဂဇင်းသည် နောင်ရွှေရတုစသောခေတ်တွင် မြူမှုံမျှ အထောက်အကူပြုနိုင်ခဲ့လျှင်ပင် ထုတ်ဝေရကျိုးနပ်သည်ဟုသာ ဆန္ဒပြုလိုက်ရပေတော့သည်။

■ **ရွှေဘိုမင်းသုခ(အယ်ဒီတာချုပ်)**

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်မှ

အနှစ်လေးဆယ်အတွင်း ပေါ်ထွန်းခဲ့သော

# နိုင်ငံကျော်
# သာသနာ့အာဇာနည်များ



ရှင်ဓမ္မစက္က

၁၃၄၀(၁၉၇၉)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမငယ်တန်း ပထမဂုဏ်ထူးရှင်

၁၃၄၀ ပြည့်နှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း (ပထမဂုဏ်ထူးရှင်)

## ရှင်ဓမ္မစက္က၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်ဓမ္မစက္ကသည် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပန်းတောစုကျေးရွာနေ အဘ ဦးကျော်အေး၊ အမိ ဒေါ်ကြည်တို့မှ ၁၃၂၂-ခုနှစ်၊ တော်သလင်းလဆန်း (၁၄)ရက်၊ စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

### ရှင်သာမဏေပြုခြင်း

၁၃၃၇ ခုနှစ်၊ နတ်တော်လဆန်း (၁၀)ရက်နေ့တွင် မရမ်းရွာ၊ အောင်မြေဘုံသာဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၄၂-ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက်နေ့တွင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဇလွန်မြို့နယ်၊ မရိုးခကျေးရွာ၊ ဦးခင်၊ ဒေါ်အုန်းကြင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ဖျာပုံခရိုင်၊ ပရိယတ္တိနုဂ္ဂဟစာမေးပွဲ၊ ပထမလတ်တန်း၌ ပထမဂုဏ်ထူး၊ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကစာမေးပွဲ၌ ရှင်ကြီးတန်းနှင့် ပထမငယ်တန်းတို့၌ ပထမဂုဏ်ထူး၊ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် အရည်အချင်းစစ်စာမေးပွဲ မူလတန်းနှင့် ပထမငယ်တန်းတို့၌ ပထမဂုဏ်ထူး၊ ယောက်ကော်ကျွန်း ရှင်သာမဏေစာမေးပွဲ ပထမငယ်တန်း၌ ပထမဂုဏ်ထူး၊ ၁၃၄၀ ပြည့်နှစ် နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ပထမငယ်တန်းကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံးတွင် ပထမဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။

ယခုအခါ ရှင်ဓမ္မစက္ကသည် လူဝတ်ဘောင်သို့ ကူးပြောင်း၍ လောကအကျိုးပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။




၁၃၄၂(၁၉၈၁)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမကြီးတန်း တတိယဂုဏ်ထူးရှင်

(ပါဠိဘာသာဖြင့်ပြေဆိုအောင်မြင်သည်) ယခုရွှေရတုတိပိဋကဆရာတော်

သာသနာ့တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

# ၁၃၄၂ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း (တတိယဂုဏ်ထူးရှင်)

## ရှင်သီလက္ခန္ဓ၏ အတ္တုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်သီလက္ခန္ဓသည် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပန်းတောစုကျေးရွာနေ အဘ ဦးထွန်းတင်၊ အမိ ဒေါ်သန်းရီတို့မှ ၁၃၂၅-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂)ရက်၊ သောကြာနေ့တွင် ဖွားမြင်သော သားဦးရတနာဖြစ်သည်။

### ရှင်သာမဏေပြုခြင်း

၁၃၃၆-ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက်၊ စနေနေ့တွင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မရမ်းရွာ မဟာအောင်မြေဘုံသာကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒက မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး အဘိုးအဘွားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၄၅-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၈)ရက်၊ အင်္ဂါနေ့တွင် မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊ ခဏ္ဍာသိမ်တော်၌ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ဆရာတော်ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့၊ သုခိတာဆေးလိပ်ခုံပိုင်ရှင် ဦးရှိန်၊ ဒေါ်ပုလေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

၁၃၄၂-ခုနှစ်တွင် အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်းကို(ပါဠိဘာသာဖြင့်) အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်မှ ဖြေဆိုရာ တစ်နိုင်ငံလုံးတွင် တတိယဂုဏ်ထူးရရှိခဲ့သည်။

ယခုအခါ သုဓမ္မာပရိယတ္တိဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိပါရဂူဘွဲ့၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူဘွဲ့၊ ဒီဃနိကာယပါဠိပါရဂူဘွဲ့၊ အဘိဓမ္မပါဠိပါရဂူဘွဲ့၊ (တိပိဋက ပါဠိပါရဂူဘွဲ့) များနှင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိကဘွဲ့များကို ရရှိအောင်မြင်တော်မူခဲ့သည်။

### သာသနာပြုလုပ်ငန်းများ

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ တောင်ဒဂုံ ပိဋကသုံးပုံနိကာယ်စာသင်တိုက်တို့၌ စာဝါများ ပို့ချခြင်း။ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက အကျိုးတော်ဆောင် အဖြစ်ဖြင့် အုပ်ချုပ်၍ သုံးနှစ်တိုင်တိုင် စာပေပို့ချခြင်း။ နည်းပြပါဠိပါရဂူ စသော ကျမ်းများစွာကို ရေးသားပြုစု အားထုတ်တော်မူလျက်ရှိပြီး လောကသာသနာ နှစ်ဖြာသော ကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်တော်မူလျက် ရှိပါသည်။



# ပထမကျော် အရှင်နန္ဒာသိဒ္ဓိ

၁၃၄၄(၁၉၈၃)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမကျော်

## ၁၃၄၄ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း (ပထမဂုဏ်ထူးရှင်)

## ပထမကျော်အရှင်နန္ဒာသိရီ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

အရှင်နန္ဒာသိရီသည် ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ အရှေ့ဘက်ကမ်း၊ ကျွန်းကြီးကျေးရွာနေ အဘ ဦးကျော်ရှိန်၊ အမိ ဒေါ်မြအေးတို့မှ ၁၃၂၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်၊ စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၃၄-ခု၊ ကဆုန်လဆန်း(၁၄)ရက်နေ့တွင်၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျွန်းကြီးကျေးရွာ ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၄၄-ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်နေ့တွင် ဇလွန်မြို့၊ ပရိယတ္တိကျောင်းသစ်ကျောင်း၊ ခဏ္ဍသိမ်တော်မြတ်ကြီး၌ ကျွန်းကြီးကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ဇလွန်မြို့၊ သီတာလမ်းနေ၊ ရဟန်းမကြီး ဒေါ်ဝိုင်းနှင့် သမီးမခင်လှလှတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ညောင်တုန်းမြို့၊ သုဓမ္မာနိကာယာစာမေးပွဲ၌ ပထမကြီးတန်း။ ရန်ကုန်မြို့၊ ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်းမှ ကျင်းပသောစာမေးပွဲတွင် အဘိဓမ္မာယမကကျမ်းဒုတိယ/တတိယ အုပ်။ ရွာမပရိယတ္တိစာသင်တိုက်၊ သဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမကြီးတန်း။ နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ၌ ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ၁၃၄၄-ခုနှစ်တွင် ပထမကြီးတန်း၌ ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး အမှတ်အများဆုံး ပထမကျော်ဘွဲ့ကို ထူးချွန်စွာရရှိအောင်မြင်ခဲ့သည်။

ယခုအခါ သာသနာ့အာဇာနည် ပထမကျော် အရှင်နန္ဒာသိရီသည် လူ့ဘောင်သို့ ရွှေ့ပြောင်းကာ လောကအကျိုး၊ တိုင်းကျိုးပြည်ကျိုး၊ သာသနာအကျိုးများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။



## ရှင်နန္ဒာစရိယ

၁၃၄၆(၁၉၈၅)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမကြီးတန်း တတိယဂုဏ်ထူးရှင်

### ၁၃၄၆ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း (တတိယဂုဏ်ထူးရှင်)

## ရှင်နန္ဒာစရိယ၏ အတ္ထုပ္ပတ္တိအကျဉ်း

#### ဖွားမြင်ခြင်း

ရှင်နန္ဒာစရိယသည် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ကြာပို့ကျေးရွာနေ အဘဦးချစ်ငွေ၊ အမိဒေါ်ခင်ကြည်တို့မှ ၁၃၂၇-ခုနှစ်၊ တန်ခူးလဆန်း(၂)ရက်၊ စနေနေ့တွင် ဖွားမြင်သော သားဦးရတနာဖြစ်ပါသည်။

#### ရှင်သာမဏေပြုခြင်း

၁၃၄၂-ခု၊ တန်ခူးလဆန်း(၅)ရက်နေ့တွင် ခင်ဦးမြို့နယ်၊ ကြာပို့ကျေးရွာ၊ သဒ္ဓမ္မာမကကျောင်းဆရာတော်ဘဒ္ဒန္တကေတုမာလာမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

#### ရဟန်းဖြစ်ခြင်း

၁၃၄၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၂)ရက်နေ့တွင် ခင်ဦးမြို့၊ မြေထူးကျောင်းဆရာတော်ဘဒ္ဒန္တတိလောကမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခင်ဦးမြို့၊ ရဟန်းဒါယကာ ဦးအောင်ကြည်၊ ရဟန်းဒါယိကာမ ဒေါ်ရီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

#### အောင်မြင်ခဲ့သော စာမေးပွဲများ

လယ်တီစာပေထိန်းသိမ်းရေးအဖွဲ့မှ ကျင်းပအပ်သော လယ်တီသံခိပ်စာမေးပွဲ (ပထမဆင့်)။ ရန်ကုန်မြို့လုံးဆိုင်ရာ ဘုရားဖြူစာမေးပွဲ သာမဏေတန်း။ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကျင်းပအပ်သော ယမကကျမ်း ဒုတိယအုပ်(အာဂုံဂုဏ်ထူး)၊ တတိယအုပ် အာဂုံ/ရေးဖြေနှစ်ရပ်လုံးကို အောင်မြင်ခဲ့ပြီး ရန်ကုန်မြို့၊ သုဓမ္မဝတီ ရှင်သာမဏေစာမေးပွဲ ပထမကြီးတန်း။ ရွာမပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမကြီးတန်း(ပထမ)၊ အစိုးရပထမပြန် စာမေးပွဲကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သည်။

ယခုအခါ အစိုးရဓမ္မာစရိယစာမေးပွဲ၌ သီလက္ခန်ကျမ်းနှင့် အဋ္ဌသာလိနီ နှစ်ကျမ်းအောင်မြင်ပြီး ၂၀၀၈-ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဂန္ထဝါစကပဏ္ဍိတ စာချဘွဲ့တံဆိပ်တော်ကိုအလှူခံရရှိကာ ရန်ကုန်တိုင်း၊ တွံတေးမြို့၊ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၌ စာချဂဏဝါစကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။



ရှင်နာယက

၁၃၄၇(၁၉၈၆)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမငယ်တန်း ဒုတိယဂုဏ်ထူးရှင်

## ၁၃၄၇ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း (ဒုတိယဂုဏ်ထူးရှင်)

### အရှင်နာယက၏ အတ္ထုပ္ပတ္တိအကျဉ်း

#### ဖွားမြင်ခြင်း

အရှင်နာယကသည် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ တဲစုကျေးရွာနေ အဘဦးလှ၊ အမိဒေါ်တင်မြ တို့မှ ၁၃၂၆-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၆)ရက်၊ စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

#### ရှင်သာမဏေပြုခြင်း

၁၃၄၂-ခု၊ တန်ပေါင်းလဆန်း(၅)ရက်နေ့တွင် ကမ်းရင်းဆရာတော်ဘဒ္ဒန္တလာဘ မထေရ် မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

#### ရဟန်းဖြစ်ခြင်း

၁၃၄၆-ခု၊ တန်ခူးလပြည့်ကျော်(၁၄)ရက်၊ တနင်္ဂနွေနေ့တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကမ်းရင်းကျောင်း ဆရာတော်ဘဒ္ဒန္တလာဘမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

#### အောင်မြင်ခဲ့သော စာမေးပွဲများ

အင်းစိန်မြို့နယ်၊ ဝိနယာဓိကစာမေးပွဲ မူလတန်း(ပထမ)။ ပထမငယ်တန်း(ပထမ)။ ရွာမပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝံသပါလစာမေးပွဲ မူလတန်း(ပထမ)၊ ပထမငယ်တန်း(ပထမ)။ ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိစာမေးပွဲ ပထမငယ်တန်း(ဒုတိယ)။ အစိုးရပထမပြန်စာမေးပွဲ မူလတန်း(ပထမဂုဏ်ထူး)နှင့် ၁၃၄၇-ခုနှစ်တွင် ပထမငယ်တန်းကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံးဒုတိယဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည်။

ယခုအခါ အရှင်နာယကသည် လူဝတ်ဘောင်သို့ ကူးပြောင်း၍ လောကအကျိုးပြု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။



ရှင်ပညာသီဟ

၁၃၄၉(၁၉၈၈)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမယေ်တန်း ပထမဂုဏ်ထူးရှင်

၁၃၄၉ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း (ပထမဂုဏ်ထူးရှင်)

## ရှင်ပညာသီဟ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်ပညာသီဟသည် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ လက်ပံရှည်ကျေးရွာနေ အဘဦးပြား၊ အမိဒေါ်ခင်လှိုင် တို့မှ ၁၃၃၂-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၆)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၄၅-ခု၊ တပေါင်းလဆန်း(၄)ရက်၊ တနင်္လာနေ့တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ လက်ပံရှည်ကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏကမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ် သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၅၂-ခု၊ တန်ခူးလဆုတ်(၉)ရက်၊ တနင်္ဂနွေနေ့တွင် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ ဗိဿနိုးမြို့ဟောင်း၊ ရွှေရောင်တော်ဘုရားကြီး ဆရာတော်ဘဒ္ဒန္တဝိစိတ္တဉာဏကို ဥပဇ္ဈာယ်ပြုလျက် အင်းစိန်မြို့၊ ပိန္နဲကုန်းရပ်ကွက်၊ ကြေးတိုင်စု(၂)လမ်းနေ ဦးစိန်မောင်၊ ဒေါ်ကျင်စု မိသားစု၊ အင်းစိန်မြို့၊ မြို့သစ်(ခ)/၆-လမ်းနေ ဦးမောင်ကြီး၊ ဒေါ်စွမ်တီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ရန်ကုန်မြို့၊ ဘုရားဖြူစာမေးပွဲ၊ ဝိနယမူလတန်း(ပထမဂုဏ်ထူး)။ ညောင်တုန်းမြို့၊ သုဓမ္မာ ပရိယတ္တိစာမေးပွဲ ပထမငယ်တန်း (ပထမဂုဏ်ထူး)။ အင်းစိန်မြို့၊ ဝိနယာဓိကစာမေးပွဲ ပထမငယ် တန်း (ပထမဂုဏ်ထူး)။ ရန်ကုန်မြို့၊ ဆူးလေအဘိဓမ္မာစာမေးပွဲ ယမကကျမ်း ဒုတိယ၊ တတိယ အုပ် အာဂုံ/ရေးဖြေဂုဏ်ထူး။ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ သဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမ ငယ်တန်း(ပထမဂုဏ်ထူး)၊ ပထမကြီးတန်း(ပထမဂုဏ်ထူး)။ ဗဟန်းမြို့၊ ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် ပရိယတ္တိသဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမကြီးတန်း (ပထမဂုဏ်ထူး)။ နိုင်ငံတော်အစိုးရ ပထမပြန်စာမေးပွဲ အခြေပြုမူလ(မရမ်းကုန်း၊ ပထမဂုဏ်ထူး)၊ ပထမငယ်တန်း(တစ်နိုင်ငံလုံး ပထမဂုဏ်ထူး)၊ ပထမလတ်တန်း၊ ပထမကြီးတန်း(တစ်နိုင်ငံလုံး ဒုတိယဂုဏ်ထူး)၊ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့။ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ ဂဏဝါစကဘွဲ့တို့ကိုရရှိအောင်မြင်ပြီး ယခုအခါ အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည်။




၁၃၅၀(၁၉၈၉)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း တတိယဂုဏ်ထူးရှင်

၁၃၅၀ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း (တတိယဂုဏ်ထူးရှင်)

## အရှင်စိန္တာဝရ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

အရှင်စိန္တာဝရသည် ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ရေလဲကျေးရွာနေ အဘဦးကျော်မြိုင်၊ အမိဒေါ်စန်း တို့မှ ၁၃၂၆-ခုနှစ်၊ တပို့တွဲလဆန်း(၁)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၃၈-ခု၊ နယုန်လဆန်း(၅)ရက်နေ့တွင် ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ရေလဲကျေးရွာ၊ ရေလဲရွာမကျောင်းဆရာတော်ဘဒ္ဒန္တကလျာဏမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးကျော်မြိုင်၊ မယ်တော် ဒေါ်စန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၄၆-ခု၊ တပို့တွဲလပြည့်ကျော်(၂)ရက်နေ့တွင် ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်၊ ဥယျာဉ်ချောင်းကျောင်း ဆရာတော်ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ရေလဲရွာမ ရပ်ကွက်နေ ဦးချစ်စိန်၊ ဒေါ်စောဟန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ဇလွန်မြို့ ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ မူလပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် (ပထမ)၊ ပထမငယ်တန်း။ အဖျောက်မြို့ ဝိနယာဓိက ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ မူလပထမဆင့်၊ ဒုတိယဆင့်(ပထမ)၊ တတိယဆင့်(ဒုတိယ)။ ပထမငယ်(တတိယ)။ ဥက္ကံမြို့ ရွှေကျင်နိကာယ ဝိနယာဓိက ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ သာမဏေမူလတန်း၊ ပထမတန်း။ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇာလီတောင် ဝိနယဓရစာမေးပွဲ ပထမငယ်တန်း။ ၁၃၅၀-ခုနှစ်တွင် အစိုးရ ပထမကြီးတန်းကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပါသည်။

ယခုအခါ အရှင်စိန္တာဝရသည် သာသနတက္ကသိုလဓမ္မာစရိယ B.A (Buddhism)၊ သာသနတက္ကသိုလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့တို့ကိုရရှိပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၌ ကထိကတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



ပထမကျော် ဦးစံသင်းညွှန်

၁၃၅၁(၁၉၉၀)ခု

သကျသီဟ ဓမ္မာစရိယ

## အရှင်စန္ဒာဝရသာရာဘိဝံသ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

၁၉၅၄ - ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ရေလဲကျေးရွာအုပ်စု၊ ဒေါ်ငြိမ်းကုန်းရွာတွင် ဦးတင်မောင်+ဒေါ်တင်လှ တို့မှ မွေးဖွားသည်။ (၃၀ - ၃ - ၁၉၅၄)

၁၉၆၈ - သာသနာ့ဘောင်ဝင်ရောက်ပြီး မြန်မာပြည်အထက်အောက် ပရိယတ္တိစာသင်တိုက်ကြီးများတွင် ပရိယတ္တိစာပေများ လေ့လာသင်ကြား ဆည်းပူးခဲ့သည်။

၁၉၇၅ - ပရိယတ္တိစာမေးပွဲများ အဆင့်ဆင့်အောင်မြင်ခဲ့ပြီး ကဒေါဝိတရဏီအဋ္ဌကထာကျော်ဘွဲ့(ပဲခူး)၊ ဝိနယာဓိကပရိယတ္တိပထမကျော်ဘွဲ့(ပဲခူး)၊ နိုင်ငံတော်အစိုးရ ပထမကျော်ဘွဲ့၊ သုသမာစာရပထမကျော်ဘွဲ့(မော်လမြိုင်)၊ အစိုးရဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့(ရန်ကုန်)၊ သကျသီဟဓမ္မာစရိယဘွဲ့(မန္တလေး)၊ သုသမာစာရပိဋကတ္တယ မဟာကောဝိဒဘွဲ့(မော်လမြိုင်)၊ ပရိယတ္တိစာမေးပွဲဆိုင်ရာဘွဲ့များ အဆင့်ဆင့်ရရှိခဲ့သည်။

၁၉၈၆ - နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)နည်းပြ၊ ကထိက၊ အင်းစိန် ရွာမ ပရိယတ္တိစာသင်တိုက် ဂဏဝါစကနာယက ပညာရေးတာဝန်ခံ၊ အင်းစိန်မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် တာဝန်များကို အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ - သာသနာ့ဘောင်မှ လူ့ဘောင်သို့ပြောင်းလဲသည်။

၁၉၉၃ - သာသာနာရေးဝန်ကြီးဌာနတွင် လက်ထောက်ကျမ်းပြုမှူး၊ စာပေလက်ထောက်(၂)၊ ဦးစီးအရာရှိ ရန်ကုန်တိုင်းသာသနာရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးတာဝန်များ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

၂၀၁၀ - သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) တွဲဖက်ပါမောက္ခတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။




၁၃၅၁(၁၉၉၀)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမကျော်

## ၁၃၅၁ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း (ပထမဂုဏ်ထူးရှင်)

## ပထမကျော်ရှင်ဩဘာသ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်ဩဘာသသည် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကျောက်တိုင်ကျေးရွာနေ အဘ ဦးထွန်းကြိုင်၊ အမိ ဒေါ်ဖွားပန်တို့မှ ၁၃၃၃-ခုနှစ်၊ တန်ခူးလဆုတ်(၄)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၄၆-ခု၊ ကျောက်တိုင်ရွာကျောင်း ဆရာတော်ဘဒ္ဒန္တက္ကန္ဒကမထေရ်မြတ်ကို ဥပဇ္ဈာယ် ပြုလျက် ရှင်သာမဏေအဖြစ် သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၅၄-ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၉)ရက် တနင်္ဂနွေနေ့တွင် စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်၊ တိပိဋက ဘဒ္ဒန္တသုန္ဒရမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ လှိုင်မြို့နယ်၊ မာလာမြိုင် ရပ်ကွက်နေ၊ ဦးဝင်းနိုင်၊ ဒေါ်အေးအေးခိုင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

၁၄-နှစ်သားအရွယ်တွင် နောင်တော် တိပိဋက ဘဒ္ဒန္တသုန္ဒရ၏ ကျေးဇူးတော်ဖြင့် အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်သို့ ရောက်ခဲ့ပြီး အခြေပြုမှစကာ၊ ဓမ္မာစရိယ စာမေးပွဲတိုင်အောင် ပညာ သင်ကြားခဲ့သည်။ အတန်းတိုင်းတွင် ပထမ၊ ဒုတိယ ဂုဏ်ထူးများဖြင့် စာမေးပွဲအသီးသီးတို့၌ အောင်မြင်ခဲ့သည်။ အသက် ၁၈-နှစ်အရွယ်တွင် ရွာမပရိယတ္တိစာသင်တိုက်မှ ပထမကျော်ဂုဏ်ထူး ရရှိခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့သို့ ပညာသင်ကြွရောက်ရာ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့၊ သကျသီဟ ဓမ္မာစရိယဘွဲ့တို့ကို ရရှိပြီး နောက် လောကီစာပေများကို ဆက်လက်လေ့လာရာ အစိုးရတက္ကသိုလ်ဝင်တန်းနှင့် B.A(English) ဘွဲ့များကို အောင်မြင်ရရှိခဲ့သည်။

ယခုအခါ မြောက်ဥက္ကလာပမြို့နယ်၊ ယ/တိုးချဲ့ရပ်ကွက် ဥက္ကလာသီရိပရိယတ္တိစာသင်တိုက် ၌ စာသင်သားသံဃာ (၇၀)ကျော်တို့အား ပထမပြန်နှင့် ဓမ္မာစရိယစာဝါများကို နေ့စဉ်ပို့ချခြင်း၊ စာမေးပွဲအသီးသီးတို့တွင် ပုစ္ဆကတာဝန်ထမ်းဆောင်ခြင်းစသော သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။




၁၃၅၂(၁၉၉၄)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမလတ်တန်း ဒုတိယဂုဏ်ထူးရှင်

## ၁၃၅၂ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမလတ်တန်း (ဒုတိယဂုဏ်ထူးရှင်)

## ရှင်ကေသရ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်ကေသရသည် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ နတ်ကြိုတောကျေးရွာနေ အဘ ဦးလှထွေး၊ အမိ ဒေါ်ကျော်တို့မှ ၁၃၃၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၁)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၄၆-ခု၊ မြင်းခြံမြို့နယ်၊ နတ်ကြိုတောရွာ၊ ရွှေယင်းမာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသြဘာသမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၅၆-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၄)ရက် ဗုဒ္ဓဟူးနေ့တွင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်၊ ခဏ္ဍသိမ်တော်၌ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ အင်းစိန်မြို့၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေ ရဟန်းဒါယကာ ဦးစံဝင်း၊ ရဟန်းဒါယိကာမ ဒေါ်သန်းစော မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရဟန်းအစ်မကြီး ဒေါ်သန်းသန်း၊ သမီး မဥမ္မာသီတာအောင်(သပြေမိသားစု)နှင့် ရဟန်းဒါယကာကြီး ဦးအောင်စိန်၊ ရဟန်းဒါယိကာမကြီး ဒေါ်ခင်သိန်း မိသားစုတို့က သိက္ခာထပ်အလှူပူဇော်ကြသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ပထမလတ်တန်း (တစ်နိုင်ငံလုံးဒုတိယဂုဏ်ထူး)၊ ပထမကြီးတန်း(တစ်နိုင်ငံလုံး တတိယဂုဏ်ထူး)၊ သာသနဓဇဓမ္မာစရိယဘွဲ့(တစ်နှစ်တည်း သုံးကျမ်းပြီး)၊ သာသနမာမကဓမ္မာစရိယဘွဲ့၊ သဒ္ဓမ္မပါလဓမ္မာစရိယဘွဲ့၊ ဝိနယာဓိကဓမ္မာစရိယဘွဲ့၊ သကျသီဟ စာသင်တန်းနှင့် သကျသီဟ စာချတန်း၌ သီလက္ခန်ကျမ်းနှင့်အဋ္ဌသာလိနီကျမ်းတို့ကို အောင်မြင်ခဲ့သည်။

ယခုအခါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်-၂၂ ရပ်ကွက်၊ ရတနာပုံ ရွှေကျင်ကျောင်းတိုက်၊ ဘကြီးဘုန်းကြီးတော် သက်တော်ရှည် ရတနာပုံဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်ကို ခိုလှုံကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



ရှင်ဇနိတ

၁၃၅၅(၁၉၉၄)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမလက်တန်း ပထမဂုဏ်ထူးရှင်

## ရှင်ဇနိတ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်ဇနိတသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဥဒေါင်းကျေးရွာနေ အဘ ဦးမန်းအောင်ဖေညွှန့် အမိ ဒေါ်နန်းကျင်ငွေးတို့မှ ၁၃၄၀-ပြည့်နှစ်၊ နယုန်လဆန်း(၁)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၅၁-ခု၊ ကဆုန်လဆန်း (၁၂)ရက်နေ့တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဥဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တအာစာရမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၅၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက် စနေနေ့တွင် ဒုတိယဗိုလ်မှူးကြီး ဇင်ယော်၊ ဒေါက်တာ ဒေါ်ခင်သီရိ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဥဒေါင်းကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တခန္တီဝဏ္ဏကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရပထမပြန်စာမေးပွဲ မူ၊ ငယ်၊ လတ်(တစ်နိုင်ငံလုံး ပထမ)၊ ကြီး။ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သာမဏေကျော်ဘွဲ့(အဆင့်တိုင်း ပထမ)။ ပဲခူးမြို့ ပရိယတ္တိသဒ္ဓမ္မရက္ခိတ သာမဏေကျော်ဘွဲ့(အဆင့်တိုင်း ပထမ)။ မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့(အဆင့်တိုင်း ပထမ)။ တိပိဋကမဟာဂန္ဓာရုံတိုက်၊ ဂဏဝါစက သာမဏေကျော်ဘွဲ့။ အင်းစိန်မြို့ ဝိနယာဓိကဓမ္မာစရိယဘွဲ့။ ရွှေမပရိယတ္တိစာသင်တိုက်၊ သဒ္ဓမ္မဝံသပါလဓမ္မာစရိယဘွဲ့။ တိပိဋက စာမေးပွဲ ဥဘတောဝိဘင်္ဂရေ(အထူးအောင်)ဘွဲ့။ သာသနဓဇဓမ္မာစရိယဘွဲ့။ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့(အောင်စဉ် ပထမ)။ သကျသီဟ ဓမ္မာစရိယဘွဲ့(အောင်စဉ် ပထမ)တို့ကို အောင်မြင်ခဲ့ပါသည်။

ယခုအခါ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း၌ ပရိယတ္တိ စာပေများကို ပို့ချပေးလျက်ရှိပါသည်။



အရှင်ကုန္ဒောဘာသ

၁၃၆၀(၁၉၉၉)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမလတ်တန်း ပထမဂုဏ်ထူးရှင်

## ၁၃၆၀ ပြည့်နှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမလတ်တန်း (ပထမဂုဏ်ထူးရှင်)

### အရှင်ကုလနန္ဒာဘာသ၏ အတ္ထုပ္ပတ္တိအကျဉ်း

#### ဖွားမြင်ခြင်း

အရှင်ကုလနန္ဒာဘာသသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ လောင်းကိုင်ကျေးရွာနေ အဘ ဦးညွန့်ဝင်း၊ အမိ ဒေါ်မလူ တို့မှ ၁၃၃၇-ခုနှစ်၊ ဝါခေါင်လဆုပ်(၁၁)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

#### ရှင်သာမဏေပြုခြင်း

၁၃၅၅-ခုနှစ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ လောင်းကိုင်ရွာ၊ လောင်းကိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနရိန္ဒမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

#### ရဟန်းဖြစ်ခြင်း

၁၃၅၇-ခုနှစ်၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်းနေ ဗိုလ်မှူးသူရကျော်မြင့် (ငြိမ်း)၊ ဒေါ်ခင်သိန်းမြင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

#### အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မစရိယတန်းကို အောင်မြင်ပြီး၍ သာသနဓဇဓမ္မာစရိယဘွဲ့ကို ဆွတ်ခူးရရှိခဲ့ပါသည်။ ၁၃၆၀ ပြည့်နှစ်တွင် ပထမလတ်တန်းကို အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး ပထမဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။

ယခုအခါ အိန္ဒိယနိုင်ငံ၊ နာဂဇုနတက္ကသိုလ်၌ (M.A) ဘွဲ့ထူး ဆွတ်ခူးယူရန် ပညာရည်နို့သောက်စို့လျက်ရှိပါသည်။



**အရှင်ဉာဏာဗလ**

၁၃၆၀(၁၉၉၉)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း တတိယဂုဏ်ထူးရှင်

၁၃၆၀ ပြည့်နှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း (တတိယဂုဏ်ထူးရှင်)

## အရှင်ဉာဏဗလ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

အရှင်ဉာဏဗလသည် မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ ထန်းတပင်ကျေးရွာနေ အဘ ဦးတင်အောင်၊ အမိ ဒေါ်တင်မြ တို့မှ ၁၃၃၈-ခုနှစ်၊ ပြာသိုလပြည့်ကျော်(၈)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၅၁-ခု၊ တန်ခူးလတွင် တန်းတပင်တောရကျောင်းဆရာတော် ဘဒ္ဒန္တကေဝလမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၅၈-ခုနှစ်၊ နယုန်လပြည့်ကျော်(၈)ရက်၊ စနေနေ့တွင် ဆရာတော်ဘဒ္ဒန္တတိဿမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် ထန်းတစ်ပင်တောရကျောင်း၊ ခဏ္ဍသိမ်၌ ဒါယိကာမ ဒေါ်ခင်စိန်( လယ်ဝေးမြို့နယ်၊ ဆည်စုရွာ)၊ ဦးကျော်သိန်း၊ ဒေါ်ထွန်းကြည်၊ သမီး ဒေါက်တာစန်းစန်းလွင်၊ သား မောင်ဗိုလ်ချုပ်(စမ်းသီရိဆေးခန်း)မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း။ ပဲခူးမြို့ ဝိနယတံခွန်ပါတိမောက္ခသီလသိက္ခာတန်း၊ သာမဏေရသီလသိက္ခာ ပထမငယ်တန်း၊ ပထမကြီးတန်း။ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်စာသင်တိုက်၊ သဒ္ဓမ္မောဒယစာမေးပွဲ မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း။ အင်းစိန်မြို့နယ်၊ ဝိနယာမိကစာမေးပွဲ ပထမကြီးတန်း။ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၊ သဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမကြီးတန်း။ ရန်ကုန်မြို့၊ ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်း၊ ယမက ပ၊ ဒု၊ တ အုပ်တို့ကို အောင်မြင်တော်မူခဲ့ပြီး။ ၁၃၆၀ ပြည့်နှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်းကို အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။

ယခုအခါ ဇာတိဒေသတွင် သာသနာပြုလျက်ရှိပါသည်။




၁၃၆၁(၂၀၀၀)ပြည့်နှစ် အစိုးရပထမပြန်စာမေးပွဲ

ပထမငယ်တန်း ပထမဂုဏ်ထူးရှင်

## ၁၃၆၁ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း (ပထမဂုဏ်ထူးရှင်)

### ရှင်တေဇနိယ၏ အတ္ထုပ္ပတ္တိအကျဉ်း

#### ဖွားမြင်ခြင်း

ရှင်တေဇနိယသည် ချောင်းဦးမြို့၊ ရွာမရပ်နေ အဘ ဦးစန်းအောင်၊ အမိ ဒေါ်တင်သန်း တို့မှ ၁၃၄၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁)ရက်၊ စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

#### ရှင်သာမဏေပြုခြင်း

၁၃၅၅-ခု၊ တန်ခူးလပြည့်ကျော်(၅)ရက်နေ့တွင် ချောင်းဦးမြို့၊ အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍဝမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဦးကံဦး၊ ဒေါ်တင်မေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

#### ရဟန်းဖြစ်ခြင်း

၁၃၆၇-ခု၊ နယုန်လဆန်း(၅)ရက်နေ့တွင် အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက် ခဏ္ဍသိမ်တော်၌ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသမဟာထေရ်မြတ် ကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဒါယကာ ဦးသိန်းဗိုလ်ထွန်း၊ ရဟန်းဒါယိကာမ ဒေါ်ခင်မျိုးဝင်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

#### အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရပထမပြန်စာမေးပွဲ အခြေပြုမူလတန်း(စစ်ကိုင်းတိုင်း၊ စတုတ္ထ)။ မုံရွာမြို့၊ မဟာဇောတိကာရာမတိုက်၊ ပရိယတ္တိသာသနဟိတကာရီစာမေးပွဲ အခြေပြုမူလတန်း(ပထမ)၊ ညောင်တုန်းမြို့၊ သုဓမ္မာစာမေးပွဲ ပထမငယ်တန်း(ပထမ)။ အင်းစိန်မြို့နယ်၊ ဝိနယာဓိကစာမေးပွဲ ပထမငယ်တန်း(ပထမ)ဖြင့် အောင်မြင်ခဲ့ပြီး ၁၃၆၁-ခု(၂၀၀၀ ပြည့်နှစ်)၊ အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်းကို အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး ပထမဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။

ယခုအခါ မန္တလေးမြို့၊ ဘုရားကြီးအလယ်တိုက်၌ ဓမ္မာစရိယတန်းစာပေများကို ဆက်လက် သင်ယူဆည်းပူးလျက်ရှိသည်။




၁၃၆၂(၂၀၀၁)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း တတိယဂုဏ်ထူးရှင်

## ၁၃၆၂ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း (တတိယဂုဏ်ထူးရှင်)

## အရှင်ဇဝနာလင်္ကာရ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

အရှင်ဇဝနာလင်္ကာရသည် ၁၃၄၀ ပြည့်နှစ်၊ တော်သလင်းလဆန်း(၃)ရက်၊ အင်္ဂါနေ့တွင် မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ တမာပင်ကျေးရွာအုပ်စု၊ အေးစိန်ရွာနေ အဘ ဦးမြသန်း၊ အမိ ဒေါ်တင်ပြုံးတို့မှ ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၅၂-ခုနှစ် တပေါင်းလဆန်း(၁၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့၊ ဇေယျသိန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့၊ အမှတ်-၆ ရပ်နေ (ဦးဖိုးခွေး)၊ ဒေါ်တင်အုံး တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၆၀-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်း၊ အင်းစိန်မြို့၊ ပုညာရာမ ဦးမဲကျောင်းတိုက်ရှိ ခဏ္ဍသိမ်တွင် ဘဒ္ဒန္တသေဋ္ဌိလမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် တောင်ငူမြို့၊ ၁၂-ရပ်ကွက်၊ ဇောင်ချမ်းတောင် - ၅ လမ်းနေ ရဟန်းဒါယကာ ဦးဝင်းမောင်၊ ဒါယိကာမ ဒေါ်တင်တင်ဝင်း၊ သမီး မသဲနုဇင် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

၁၃၆၂-ခုနှစ်တွင် အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်းကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဖြင့်လည်းကောင်း၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝံသပါလသာမဏေကျော်စာမေးပွဲ ပ၊ ဒု၊ တ ဆင့်တို့ကိုအောင်မြင်၍ သဒ္ဓမ္မဝံသပါလသာမဏေကျော်ဘွဲ့၊ရန်ကုန်မင်္ဂလာဗျူဟာသာမဏေကျော်ဘွဲ့၊ ပဲခူး သဒ္ဓမ္မရက္ခိတသာမဏေကျော်ဘွဲ့၊ အစိုးရ ဝိနယဝိဒူဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့နှင့် အစိုးရတိပိဋကစာမေးပွဲကြီး၌ ဝိနည်းငါးကျမ်း အာဂုံ/ရေးဖြေတို့ကိုအောင်မြင်၍ ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့ကိုလည်းကောင်း အောင်မြင်ရရှိခဲ့ပြီး နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော သာသနာ့အောင်လံတော်၊ ကုန်း၊ ရေ အခမဲ့ အထက်တန်းခရီးသွားလက်မှတ်တို့ကို ခံယူရရှိတော်မူခဲ့သည်။

ယခုအခါ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီး၌ သုတ္တန်ပိဋကဆိုင်ရာ စာပေကျမ်းစာများကို သင်အံကျက်မှတ် ကြိုးစားအားထုတ်လျက်ရှိပါသည်။



ရှင်ပညိန္ဒ

၁၃၆၆(၂၀၀၅)ခုနှစ် အစိုးရပထမပြန်စာမေးပွဲ

ပထမလက်တန်း တတိယဂုဏ်ထူးရှင်

## ၁၃၆၆ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမလတ်တန်း (တတိယဂုဏ်ထူးရှင်)

## ရှင်ပညိန္ဒ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်ပညိန္ဒသည် မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ငန်းပြားကျေးရွာနေ အဘ ဦးဟန်မြင့်၊ အမိ ဒေါ်မြင့်တို့မှ ၁၃၄၈-ခုနှစ်၊ တော်သလင်းလဆန်း(၈)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလဆန်း(၁၅)ရက်နေ့တွင် မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ငန်းပြားရွာကျောင်း ဆရာတော်ဘဒ္ဒန္တကုဏ္ဍလမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့၊ အောင်ချမ်းသာပရိယတ္တိကျောင်း၊ သာသနာလင်္ကာရသိမ်တော်၌ ငန်းပြားရွာကျောင်းဆရာတော်ဘဒ္ဒန္တကုဏ္ဍလကိုပင် ဥပဇ္ဈာယ်ပြုလျက် ရဟန်းဒါယကာ ဦးတင်အောင်၊ ရဟန်းဒါယိကာမ ဒေါ်ညွန့်ညွန့်၊ သမီး ဒေါ်စိုး(သမာဓိကားပစ္စည်းရောင်းဝယ်ရေး)မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း(ရန်ကုန်တိုင်း) ပထမဂုဏ်ထူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိပထမပြန်စာမေးပွဲ ပထမလတ်တန်း (ပထမဂုဏ်ထူး)၊ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက သာသနာပြုစာမေးပွဲ ပထမလတ်တန်း (တတိယဂုဏ်ထူး)၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမလတ်တန်း (ပထမဂုဏ်ထူး)၊ ဆူးလေအဘိဓမ္မာ ပြန့်ပွားရေးအသင်းမှ ကျင်းပအပ်သော အဘိဓမ္မာစာမေးပွဲ ယမကကျမ်း ပထမအုပ်(အာဂုံ/ရေးဖြေ)တို့ကို အောင်မြင်ခဲ့ပါသည်။ ၁၃၆၆-ခုနှစ်တွင် ပထမလတ်တန်းကို ရွာမပရိယတ္တိ စာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဖြင့်လည်းကောင်း စာသင်တိုက် အနှစ်လေးဆယ်ပြည့်သည့်နှစ်တွင် ပထမကြီးတန်းကို တစ်နိုင်ငံလုံး ဒုတိယဂုဏ်ထူးဖြင့်လည်းကောင်း ထူးချွန်စွာအောင်မြင်ခဲ့ပါသည်။

ယခုအခါ ရှင်ပညိန္ဒသည် ရွာမပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးလျက် ဆရာသမားများ၏ အဆုံးအမကို ခံယူကာ အထက်တန်း ပိဋကတ်စာပေများကို သင်ယူဆည်းပူးလျက်ရှိပါသည်။



ရှင်ဓမ္မိဿရ

၁၃၆၇(၂၀၀၆)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမငယ်တန်း တတိယဂုဏ်ထူးရှင်

၁၃၆၇ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း (တတိယဂုဏ်ထူးရှင်)

## ရှင်ဓမ္မိသာရ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်ဓမ္မိသာရသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းရွာနေ အဘ ဦးလွန်းကြည်၊ အမိ ဒေါ်အုံးမေတို့မှ ၁၃၅၀-ခု၊ ကဆုန်လဆန်း (၄)ရက်နေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၆၃-ခုနှစ် ဝါဆိုလဆန်း(၁၅)ရက်နေ့တွင် တောင်းခမ်းရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တယုဇနမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အဘ ဦးလွန်းကြည်၊ အမိ ဒေါ်အုံးမေ တို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်၌ ကျင်းပသောစာမေးပွဲများတွင် အခြေပြုမူလတန်း (ပထမ)၊ ပထမငယ်တန်း(ပထမ)၊ ပညာရည်ချွန်ဆု(ပထမဆု)၊ ဝိနယာဓိကစာမေးပွဲ၌ ပထမငယ်တန်း (ပထမ)နှင့် ညောင်တုန်းမြို့ သုဓမ္မာပထမငယ်တန်း၊ ၁၃၆၇-ခုနှစ်တွင် အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်းကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်မှ ဝင်ရောက်ဖြေဆိုရာ (ရန်ကုန်တိုင်း၊ ပထမ) တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပါသည်။

ယခုအခါ သာမဏေကျော်စာမေးပွဲများ၌ ပထမဆင့်၊ ဒုတိယဆင့်တို့ကို အောင်မြင်၍ တတိယဆင့်စာပေများကို ဆက်လက်ဆည်းပူး အားထုတ်လျက်ရှိပါသည်။



ရှင်ရေဝတ

၁၃၆၈(၂၀၀၇)ခု  အစိုးရပထမပြန်စာမေးပွဲ

ပထမငယ်တန်း  ဒုတိယဂုဏ်ထူးရှင်

၁၃၆၈ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း (ဒုတိယဂုဏ်ထူးရှင်)

## ရှင်ရေဝတ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ရှင်ရေဝတသည် ၁၃၅၁-ခုနှစ်၊ နတ်တော်လဆန်း(၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင်၊ မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ မြိုင်သာရွာနေ အဘ ဦးလွမ်းမောင်၊ အမိ ဒေါ်ခင်သန်း တို့မှ ဖွားမြင်သော သားထွေးရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၆၂-ခုနှစ် တပို့တွဲလဆန်း(၉)ရက်၊ တနင်္ဂနွေနေ့တွင် မြိုင်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိသုတမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဦးရာဆိုင်၊ ဒေါ်စောရင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၃)ရက်၊ အင်္ဂါနေ့တွင် ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ ခဏ္ဍသိမ်၌ ရဟန်းဒါယကာ ဦးအောင်ကျော်ဖုံ၊ ရဟန်းဒါယိကာမ ဒေါ်ခင်ခင်ဆွေ၊ သား မောင်သက်အောင်ဇော် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

၁၃၆၆-ခုနှစ်၊ သဒ္ဓမ္မဝံသပါလစာမေးပွဲ အခြေပြုမူလတန်း(တတိယ)၊ ပညာရည်ချွန်ဆု (ဒုတိယ)၊ ၁၃၆၈-ခုနှစ်၊ ညောင်တုန်းစာမေးပွဲ ပထမငယ်တန်း၊ ဝိနယာဓိကစာမေးပွဲ ပထမငယ်တန်း (စတုတ္ထ)၊ သဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမငယ်တန်း(ပထမ)၊ ပညာရည်ချွန်ဆု(ပထမ)၊ အစိုးရ ပထမပြန်စာမေးပွဲ (ရန်ကုန်တိုင်း၊ ဒုတိယ)၊ မြန်မာတစ်နိုင်ငံလုံး ဒုတိယဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပါသည်။

ယခုအခါ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၌ပင် သီတင်းသုံးလျက် ဓမ္မာစရိယတန်း စာပေများကို သင်ယူဆည်းပူးလျက်ရှိပါသည်။



**အရှင်ပညိန္ဒာလင်္ကာရ**

၁၃၇၁(၂၀၁၀)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း ဒုတိယဂုဏ်ထူးရှင်

## ၁၃၇၁ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမကြီးတန်း (ဒုတိယဂုဏ်ထူးရှင်)

## { အရှင်ပညိန္ဒာလင်္ကာရ၏ အတ္ထုပ္ပတ္တိအကျဉ်း }

### ဖွားမြင်ခြင်း

အရှင်ပညိန္ဒာလင်္ကာရသည် မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ငန်းပြားကျေးရွာနေ အဘ ဦးဟန်မြင့်၊ အမိ ဒေါ်မြင့်တို့မှ ၁၃၄၈-ခုနှစ်၊ တော်သလင်းလဆန်း(၈)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလဆန်း(၁၅)ရက်နေ့တွင် မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ငန်းပြား ရွာကျောင်း ဆရာတော်ဘဒ္ဒန္တကုဏ္ဍလမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့၊ အောင်ချမ်းသာပရိယတ္တိကျောင်း၊ သာသနာလင်္ကာရသိမ်တော်၌ ငန်းပြားရွာကျောင်းဆရာတော်ဘဒ္ဒန္တကုဏ္ဍလကိုပင် ဥပဇ္ဈာယ်ပြု လျက် ရဟန်းဒါယကာ ဦးတင်အောင်၊ ရဟန်းဒါယိကာမ ဒေါ်ညွန့်ညွန့်၊ သမီး ဒေါ်စိုး(သမာဓိ ကားပစ္စည်းရောင်းဝယ်ရေး)မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ် သို့ ရောက်ရှိခဲ့သည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း(ရန်ကုန်တိုင်း) ပထမဂုဏ်ထူး၊ တစ်နိုင်ငံလုံး တတိယဂုဏ်ထူး၊ ပထမကြီးတန်း(ရန်ကုန်တိုင်း)ဒုတိယဂုဏ်ထူး၊ တစ်နိုင်ငံလုံး ဒုတိယ ဂုဏ်ထူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိပထမပြန်စာမေးပွဲ ပထမလတ်တန်း (ပထမဂုဏ်ထူး)၊ ပထမကြီးတန်း(ပထမဂုဏ်ထူး)၊ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက သာသနာပြုစာမေးပွဲ ပထမလတ်တန်း(တတိယဂုဏ်ထူး)၊ ပထမကြီးတန်း(ပထမဂုဏ်ထူး)၊ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမလတ်တန်း(ပထမဂုဏ်ထူး)၊ပထမကြီးတန်း (ပထမဂုဏ်ထူး)၊ ဆူးလေအဘိဓမ္မာ ပြန့်ပွားရေးအသင်းမှ ကျင်းပအပ်သော အဘိဓမ္မာစာမေးပွဲ ယမကကျမ်း ပထမအုပ်၊ တတိယအုပ်(အာဂုံ/ရေးဖြေ)နှင့် မန္တလေးမြို့၊ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ကိုလည်းရရှိအောင်မြင်ခဲ့ပါသည်။

ယခုအခါ အရှင်ပညိန္ဒာလင်္ကာရသည် ရွာမပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးလျက် စာဝါများပို့ချကာ အထက်တန်း ပိဋကတ်စာပေများကို သင်ယူဆည်းပူးလျက်ရှိပါသည်။



**အရှင်စန္ဒပါလ**

၁၃၇၁(၂၀၁၀)ခု အစိုးရပထမပြန်စာမေးပွဲ

ပထမလတ်တန်း တတိယဂုဏ်ထူးရှင်

၁၃၇၁ ခုနှစ်၊ အစိုးရပထမပြန်စာမေးပွဲ ပထမလတ်တန်း (တတိယဂုဏ်ထူးရှင်)

## အရှင်ဓမ္မပါလ၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

အရှင်ဓမ္မပါလသည် ၁၃၅၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော်(၈)ရက်၊ စနေနေ့တွင် တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ ချောင်းလမုကျေးရွာနေ အဘ ဦးစန်းငွေ၊ အမိ ဒေါ်မြင့်ငွေးကြည်တို့မှ ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်သာမဏေပြုခြင်း

၁၃၆၇-ခုနှစ် ကဆုန်လပြည့်နေ့တွင် တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ် ကိုးအင်းကျောင်း ဆရာတော်မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ အဘိုး ဦးညွန့်စိန်၊ အဘွား ဒေါ်မဲ့၊ ဒေါ်အိဆောက်၊ ကိုအေးနိုင်၊ မချို တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။

### ရဟန်းဖြစ်ခြင်း

၁၃၆၉-ခုနှစ်၊ တန်ခူးလကွယ်နေ့တွင် တနင်္သာရီမြို့၊ တကူးကျောင်းဆရာတော် ဘဒ္ဒန္တစိတြ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် အဘ ဦးစန်းငွေ၊ အမိ ဒေါ်မြင့်ငွေးကြည်နှင့် အင်းစိန်နေ ဦးဇော်ဝင်း၊ ဒေါ်အေးအေးထိုက် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိပထမပြန်စာမေးပွဲ ပထမငယ်တန်းနှင့် ပထမလတ်တန်း၊ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကစာမေးပွဲ ပထမငယ်တန်းနှင့် ပထမလတ်တန်း၊ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝံသပါလစာမေးပွဲ ပထမငယ်တန်း (တတိယဂုဏ်ထူး)၊ ပထမ လတ်တန်း (ပထမဂုဏ်ထူး)နှင့် အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း (ရန်ကုန် တိုင်း၊ တတိယဂုဏ်ထူး) တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပါသည်။

ယခုအခါ အရှင်ဓမ္မပါလသည် ရွာမပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးလျက် ပထမကြီး တန်း စာပေများကို သင်ယူဆည်းပူးလျက်ရှိပါသည်။

# စတ္တာလီသဝဿော ဉာမပရိယတ္တိအာရာမော

**သမ္မာ အနုဂ္ဂဟေ ဂိဟီ၊ ပစ္စယေန ဟိ သာသနံ။**

**ပဗ္ဗဇိတော စ ဓမ္မေန၊ ဇဝံ စိရံ ဇလိဿတိ**-တိ ပေါရာဏကမဟာထေရေဟိ ဝုတ္တဝစနမိဒံ၊ ဇဝံ ဝုတ္တာနုရူပဥ္စ ဂိဟီနံ စီဝရပိဏ္ဍပါတသေနာသနဘေသဇ္ဇသင်္ခါတေဟိ စတူဟိ ပစ္စယေဟိ အနုဂ္ဂဟော, ပဗ္ဗဇိတာနံ ပရိယတ္တိပဋိပတ္တိဓမ္မေဟိ အနုဂ္ဂဟောတိ ဣမာနေဝ ဒွေ ဗုဒ္ဓသာသနဿ စိရဋ္ဌိတိယာ မူလကာရဏာနိ၊ ဣမေသု ဒွီသု ဝိဇ္ဇမာနေသုယေဝ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတိ, န အဝိဇ္ဇမာနေသု။ ဂိဟီနံ ဟိ အနေကသတ-သဟဿပစ္စယေ ဝိဿဇ္ဇေတွာ အနုဂ္ဂဟေ သတိပိ ပရိယတ္တိပဋိပတ္တိသာသနဒွယံ အာဝဟန္တေသု သမဏေသု အသန္တေသု ဗုဒ္ဓသာသနံ န စိရံ တိဋ္ဌတိ၊ တထာ သာသနဒွယံ အာဝဟန္တေသု အနေကသတေသု တိပိဋကဓရေဘိက္ခူသု ဝိဇ္ဇာမာနေသုပိ ဂိဟီနံ စတုပစ္စယာနုဂ္ဂဟေ အသတိ န စိရံ တိဋ္ဌတိ။

တထာ ဟိ သမ္မာသမ္ဗုဒ္ဓါနံ ဥပ္ပဇ္ဇနဋ္ဌာနဘူတေ, ဓမ္မဝဿဝဿနဋ္ဌာနဘူတေ စ မဇ္ဈိမဒေသေ အိန္ဒိယဝိဇိတေ ပုဗ္ဗေ သာသနပုဗ္ဗင်္ဂမာ ဓဇူပမာ အနပ္ပကာ မဟာထေရာ အဟေသုံ၊ အဓုနာ ပန အပ္ပကေ နဝကဘိက္ခူပိ န သက္ကာ ဒဋ္ဌုံ ဂိဟီနံ ပစ္စယာနုဂ္ဂဟဿ အဘာဝတော၊ 'သာသနံ တတ္ထ အန္တရဟိတ'န္တိ ဝတ္တဗ္ဗတံ အာပန္နံ၊ သာသနဿ စ အန္တရဓာနေ သတိ မိစ္ဆာဒိဋ္ဌိဇာလာနံ ပရိယောနဒ္ဓိတတ္တာ လောကေ မဟာအဝိဇ္ဇန္ဓကာရော ပဋိပ္ဖရိတွာ ဗုဒ္ဓ-သဒ္ဒေါ, ဓမ္မ-သဒ္ဒေါ, သံဃ-သဒ္ဒေါ, ကမ္မဝိပါက-သဒ္ဒေါ, ကုသလ-သဒ္ဒေါ, ဒါန-သဒ္ဒေါ, သီလ-သဒ္ဒေါ, နာမရူပ-သဒ္ဒေါ, ဝိပဿနာ-သဒ္ဒေါ, မဂ္ဂဖလ-သဒ္ဒေါ, နိဗ္ဗာန-သဒ္ဒေါတိ ဧဝမာဒယော သုသဒ္ဒါ ပစ္ဆိဇ္ဇိတွာ လောကိယလောကုတ္တရသုခသင်္ခါတာ မဟာရက္ခာပိ မိလာယိတွာ ဝိနဿန္တိ။ တေနိဒံ ဝုစ္စတိ ပေါရာဏာစရိယေဟိ-

**“သာသနေ အန္တရဟိတေ၊ သုခရုက္ခာ ဝိနဿရေ။**

**အန္ဓကာရော မဟာ လောကေ၊ ဒိဋ္ဌိဇာလာနိ ဗဇ္ဈရေ”တိ။**

ပစ္စက္ခတော စ ယေသု ဝိဇိတေသု ဗုဒ္ဓသာသနံ နတ္ထိ၊ တေသု မိစ္ဆာဒိဋ္ဌိဇာလာနံ ပရိယောနဒ္ဓိတတ္တာ အဝိဇ္ဇန္ဓကာရဿ ပဋိစ္ဆာဒနေန အညမညံ အာဝုဓပဋိသရဏေန အဇ္ဈာစရဏတ္တာယ တိက္ခတိက္ခာနိ ဇီဝိတဟာရကာဝုဓာနိ ပဋိသင်္ခရောန္တိ၊ ယဿ ဗလေန ဗဟူပိ မနုဿာ ဧကက္ခဏေ မရန္တိ၊ ဧဝံ ပန အာဝုဓပဋိသင်္ခရဏံ န ပညာယ ဗလံ၊ အထ ခေါ လောဘဒေါသမောဟာဒိဋ္ဌီနံယေဝ၊ ပဋိသင်္ခရိတွာ စ အာဝုဓာနိ တေဟိ တေဟိ အဘိနဝအာဝုဓေဟိ အညမညံ ယုဇ္ဈိတွာ မာရေန္တိ အပ္ပကမ္ပိ ကာရဏပတိရူပကံ ဥပါဒါယ။ သာသနာလောကဝိရဟေသု ဟိ ဝိဇိတေသု-

**အသာတံ သာတရူပေန၊ ပိယရူပေန အပ္ပိယံ။**

**ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တံ အတိဝတ္တတိ။**

ယဒိ စ သာသနာလောကဝိရဟေသု ဝိဇိတေသု မနုဿဃာတကာဝုဓာနိ အစ္စာရဒ္ဓဝီရိယေန ပဋိသင်္ခရိတွာ ဗဟူ မနုဿေ ဃာတေန္တိ၊ တဒါ ဧဝ သာသနာဘိဝုဍ္ဎိဋ္ဌာန-ဘူတေ မရမ္မဝိဇိတေ သာသနပုဗ္ဗင်္ဂမာ ထေရာနုထေရာ ပရိယတ္တိဓမ္မုဂ္ဂဟဏ-သဇ္ဈာယန-ဓာရဏ-ဝါစနကမ္မေဟိ ပရိယတ္တိသာသနံ, ဓမ္မကထာကထန-ဘာဝနာနယဥဒ္ဒိသန-ကမ္မေဟိ ပဋိပတ္တိသာသနဉ္စ ဗဟုဿာဟေန ကရောန္တိ ပါလေန္တိ၊ ဥပါသကောပါသိကာ စ ပစ္စယေဟိ ဥပတ္ထမ္ဘေတွာ။ တထာ ဟိ တေ သယံ ယေန ဝါ တေန ဝါ နိဟီနေန ဘောဇနေန ယာပေတွာပိ သမဏေ ပဏီတ-ပဏီတတရဘောဇနာနိ ဘောဇေန္တိ၊ သယံ ယံ ဝါ တံ ဝါ အပ္ပဂ္ဃံ ဝတ္ထံ နိဝါသေတွာပိ သမဏာနံ ပဏီတစီဝရာနိ မဟဂ္ဃါနိ ဒေန္တိ၊ သယံ ယတ္ထ ဝါ တတ္ထ ဝါ ခုဒ္ဒကဂေဟေ ဝသိတွာပိ သမဏာနံ အတ္ထာယ မဟန္တာနိ စိတြသေနာသနာနိ ကာရေန္တိ၊ သမဏာနံ အာရောဂျတ္ထာယပိ နာနာဘေသဇ္ဇာနိ မဟဂ္ဃါနိ ရောဂါဟရဏသမတ္ထာနိ ဒေန္တိ။

န ကေဝလဉ္စ တေ စတူဟိ ပစ္စယေဟေဝ အနုဂ္ဂဟမတ္တံ ကရောန္တိ၊ နာနာဓမ္မဿဝေ ပန ကတွာ ဓမ္မဿဝနေန, နာနာသမိတိယော ဗန္ဓိတွာ ပရိတ္တ-ပဋ္ဌာန-ဓမ္မစက္က-ရတနတ္တယ ပဋိသံယုတ္တဓမ္မဥစ္စာရဏေန, အဘိဓမ္မကထာ-ဒမန ကထာဥဂ္ဂဏှနေနာတိ ဧဝမာဒိနာ အနေကေနာကာရေန ဗုဒ္ဓသာသနာဘိဝုဍ္ဎိကမ္မာနိ ကရောန္တိယေဝ။

လောကေ စ ဒွေ ဂုဏာ သံဝိဇ္ဇန္တိ လောကိယဂုဏော လောကုတ္တရဂုဏော စာတိ၊ တေသု သုဝဏ္ဏရဇတမဏိဝဇိရာဒီဟိ ဟတ္ထိအဿဂေါမဟိံသာဒီဟိ ဂေဟယာနာဒီဟိ စ လောကိယရတနေဟိ သမ္ပဒါ လောကိယဂုဏော နာမ၊ ဗုဒ္ဓဓမ္မသံဃသင်္ခါတေဟိ သဒ္ဓါသီလသုတစာဂပညာဟိရိဩတ္တပ္ပသင်္ခါတေဟိ မဂ္ဂဖလနိဗ္ဗာနသင်္ခါတေဟိ စ

လောကုတ္တရဂုဏေဟိ သမ္ပဒါ လောကုတ္တရဂုဏော နာမ။ သကလလောကေ စ လောကိယဂုဏေဟိ သမ္ပန္နာ ဝိဇိတာဝ ဗဟူ၊ လောကုတ္တရဂုဏေဟိ သမ္ပန္နာ ပန ဝိဇိတာ အပ္ပကာ၊ တေသု စ အညတရံ အမှာကံ မရမ္မဝိဇိတံ။

လောကိယသမ္ပဒါ စ စက္ကဝိတ္တိသမ္ပတ္တိအာဒိကာပိ န ဒုလ္လဘာ အတီတေသု အနေကဘဝေသု လဒ္ဓတ္တာ၊ န စ တာယ သံသာရတော ဝိမုတ္တိ၊ အထ ခေါ လောကုတ္တရသမ္ပဒါဝ ပရမဒုလ္လဘာ၊ တာယ ဧဝ သံသာရတော ဝိသုဇ္ဈတိ စေဝ ဝိမုစ္စတိ စ၊ သာ စ ဗုဒ္ဓသာသနေ ဝိဇ္ဇမာနေယေဝ လဒ္ဓုံ သက္ကာ, န အဝိဇ္ဇမာနေ၊ တသ္မာ ဗုဒ္ဓသာသနဿ စိရဋ္ဌိတတ္ထံ ဗဟူ သာသနဘာရဟာရကာ မဟုဿာဟေန အာရဘန္တိ၊ တေသု စ အယံ **“ရွှေမပရိယတ္တိ”** အာရာမော ပုဗ္ဗင်္မော အဘိပါကဋော သတ္ထာရာ အနုညာတနယေသွေဝ ဌတွာ အနေကေပိ ဒုက္ခေ အဂဏေတွာ မဟုဿာဟေန အာရဒ္ဓတ္တာ၊ အဓုနာ စ တဿ သာသနသိရီ ဓရန္တသေဝ အာယုပ္ပမာဏံ စတ္တာလီသ ဝဿာနိ၊ ဧတ္ထန္တရေ ရွှေမပရိယတ္တိ အာရာမော အနေကေဟိ ဒုက္ခေဟိ အညေဟိ အမိကတရေဟိ သမာဂစ္ဆာတိ၊ တေ အမိဝါသေတွာ အတ္တနော ကမ္မမေဝ မဟုဿာဟေန ကရောတိ၊ ကတာနုရူပံ မဟန္တံ ဝရံ ဇယပုပ္ဖံ ပိဠန္ဓတိ၊ အဓုနာ ပန စတ္တာလီသကာလေ ပညာသုတာဒိသမ္ပန္နော ဝိယ ပုရိသော နာနာသိရီဟိ သမ္ပန္နော သာသနဿ ပုဗ္ဗင်္မတ္တံ ပါပုဏာတိ၊ ဣတော စ ဥတ္တရိ ဗဟူနိ ဝဿာနိ ဗဟူနိ ဝဿသတာနိ သာသနကမ္မာနိ ဧဝ ကတွာ သာသနဿ သိရီ ဝိသေသတော ဓာရေတု၊ သာသနဿ စ ပုဗ္ဗင်္မဋ္ဌာနေ စိရံ ပတိဋ္ဌာတူတိ။

♦ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ



# ရှာမပရိယတ္တိစာသင်တိုက် တိုးတက်ကြီးပွားရေး

**မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တအဂ္ဂိယ၏ ဉယျောဇနကထာ**

ရန်ကုန် အင်းစိန် ရှာမပရိယတ္တိစာသင် တိုက်ကြီးကို အာဇာနည်အရှင်မြတ်စာတတ် ဆရာတော်နှစ်ပါး မြန်မာနှစ် ၁၃၃၁ ခုနှစ်ဆီက စာ သင်တိုက်ကြီး (၁)တိုက် အနေဖြင့်ဆောင် ရွက်ကာ စာချ၊ စာပြ စည်းကမ်းချ၊ နည်းလမ်းပြ ဆောင်ရွက်နေကြသည်ဟု ကြားသိခဲ့ရပါသည်။

ထိုစဉ် မိမိခံစားချက်ကို အတိအလင်းထုတ် ဖော်ပြရလျှင် တကယ်ဝမ်းသာ အားတက်ပါ သည်။ ပရိယတ္တိစာသင်တိုက်ဟူသည် သာသ နာအတွက် အားကိုးရသော သာသနာ့ခံတပ် ကြီး မဟုတ်ပါလော. . .

ယင်း တည်ထောင်သော ဆရာတော်များကို မသိကျွမ်းသေးသော်လည်း တွေ့ကြုံသည့်အခါ သာသနာ့ခံတပ်ကြီး ခိုင်မာကျစ်လျစ်အောင် အားပေးစကားပြောကြားမည်ဟု စိတ်ကူးထား ပါသည်။ အလွန်ဝမ်းသာ အားရ၍ ကုသိုလ် သောမနဿ ဝေဒနာခံစားရပါသည်။

အင်းစိန်နယ် ဒေသသည် ရန်ကုန်မြောက်ပိုင်း ဖြစ်၍ အလွန်ကျယ်ဝန်းသော ခရိုင်မြို့နယ်ကြီး တွင် စာသင်တိုက်တစ်တိုက် လိုအပ်နေသော ကြောင့်ဖြစ်ပါသည်။

လိုအပ်သောနေရာ၌ လိုအပ်သောစာသင် တိုက်ကြီး ပေါ်ပေါက်လာခဲ့သောကြောင့် စာ သင်သား သံဃာတော် တိုးတက်မြင့်မားလာမှု စာမေးပွဲအောင်မြင်မှုတို့က တစ်နှစ်ထက် တစ် နှစ် ကျက်သရေဆောင် ဖော်ပြနေရာမှ သမိုင်း ဝင်စာသင်တိုက်ကြီး ဖြစ်ပေါ်လာသည်ကို တွေ့ ရပါတော့သည်။

မကြာမီ(၁၇)နှစ်ခန့်ကြာ ကာလတွင် ဘဒ္ဒန္တ တိလောကာဘိဝံသ ကမ္ဘာအေးပရိယတ္တိသာသနာ့ တက္ကသိုလ် နည်းပြဆရာအဖြစ် ကထိက ဆရာ အဖြစ် ရောက်လာလျက်၊ မိမိကလည်း နိုင်ငံ တော် သံဃမဟာနာယက တာဝန်ဖြင့် ကမ္ဘာ အေး ဇမ္ဗူဒီပကျောင်းဆောင်၌ နေခဲ့ရလေရာ

ရွာမဘုန်းကြီးနှင့် မကြာခဏတွေ့တိုင်းတွေ့တိုင်း ရွာမစာသင်တိုက်အတွက် ညာဏ်ရှိသမျှ အကြံပေးခဲ့ခြင်း အားပေးစကား ပြောကြားခဲ့ခြင်းများ ပြုလုပ်ခဲ့ပါသည်။

ယခုအခါ ပြောရင်း ဆိုရင်းဖြင့် နှစ်(၄၀)တင်းတင်း ဆိုက်ရောက်လာခဲ့ရာ ဉူးတိလောကာဘိဝံသသည် နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်က တစ်မျိုး၊ ကျောင်းတိုက် အုပ်ချုပ်ရေးကိစ္စ၊ ဝေယျာဝစ္စတာဝန်က တစ်ဖက်၊ အနယ်နယ်အရပ်ရပ် စာသင်သားများအား ညဝါယမိုက်ကျမ်းနှင့် ညဝါပဌာန်းကျမ်း ပို့ချပေးရခြင်းက တစ်ဖုံ၊ ဘက်စုံအလုပ်ကိစ္စတွေများပြားနေသည်ကို သိရ၏။

ကျောင်းတိုက် နှစ်(၄၀)မင်္ဂလာ ထုတ်ဝေရေးကိစ္စ ကြုံကြိုက်လာပြန်ရာ ဉူးတိလောကာဘိဝံသ တော်တော်များများ အလုပ်တာဝန်တွေ ပိဖို့နေသည်မှာ မလွဲပေ။

သာသနာရေးရာကိစ္စဖြစ်၍ ဒီတာဝန်မျိုးကို ဒီလိုပုဂ္ဂိုလ်မျိုးက ဒီလိုပုဂ္ဂိုလ်များက မကြောက်ပါဘူးဟု ပြောရဲပါလိမ့်မယ်။

အကြောင်းကား ရွာမစာသင်တိုက်၌ စာချနာယက တောင့်တင်းပါတယ်။ စာချဂဏဝါစကတို့ ပြည့်စုံပါတယ်ဟုသိရပါတယ်။ ဒီနှစ် (၄၀) ပြည့် မင်္ဂလာ စာစောင်ထုတ်ဝေရေးကိစ္စကလည်း ပေါ်ပေါက်လာပြန်ရာ သူများတွေ ဒီလို ၂၅နှစ်စာစောင် ၃၀နှစ်စာစောင်၄၀နှစ်စာစောင်စသည် ထုတ်ဝေနေကြတာတွေ အားကျလုပ်ရမှာပေါ့။ သူများလုပ်လို့ လုပ်တယ်။ သူများတွေလုပ်တော့ ကိုယ်လည်းလုပ်ရမှာပဲ စသည် ဒီလို အတွေးအခေါ် စိတ်ထဲရောက်လာသော်လည်း "ကျွန်ုပ်တို့သည် ဘုရားက အစ သဗ္ဗပဏ္ဍိတာ အရိယာသူတော်ကောင်းကြီးများဖြစ်ကြသော အရှင်မဟာကဿပ အရှင်ဉပါလိ စတဲ့ အရဟန္တပုဂ္ဂိုလ်များကို ဒီလိုမင်္ဂလာစာစောင်ဖြင့် ပူဇော်ပါသည်ဆိုသော အဓိဋ္ဌာန်ချက်ကို ထိပ်ထက် ပန်ဆင်ကာ ထုတ်ဝေခြင်းဖြစ်ပါသည်"ဟု နှလုံးကြပ်ကြပ်ထားစေလိုပါသည်။ ပူဇော်ပွဲ တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြစေလိုပါသည်။

ဤမင်္ဂလာထုတ်ဝေ၍ ပြုလုပ်မည့် ပွဲကြီးသည် "နှစ် ၄၀ပြည့် အထိမ်းအမှတ် သာသနာပြု ပူဇော်ပွဲကြီး"ဟူသော ကြော်ငြာအက္ခရာစာလုံးကြီးများ တင်သ ထိုးသင့်သည်ဟု ထင်မြင်ပါသည်။ ဘာရတု ညာရတုစသော နိုင်ငံခြားအသုံးအနှုန်းများ ရွာမစာသင်တိုက်က လက်မခံသင့်ဟု ထင်ပါသည်။

သို့အတွက် ပရိတ်ကြီးပါဠိတော် နိဒါနကထာ၌ လာရှိသော သာသနေ ရတာ ပါဌ်အရ

(က)လက်ရှိရွာမစာသင်တိုက် သံဃာတော်အားလုံး

(ခ)ရွာမ ဝံသပါလက ပြင်ပရောက် သံဃာတော်အားလုံးတို့သည်

သာသနာစိတ်ရှိကြပါ ရွာမစာသင်တိုက်စိတ်ရှိကြပါ ပရိယတ္တိသာသနာတော်၏ ခံတပ်သဖွယ်ဖြစ်သော ကျောင်းတိုက်ကြီး လျှောကျမသွားစေရေး အားပေးလိုသောအားဖြင့် ဉယျောဇနကထာ ရေးသားပါသတည်း။

သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။ ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။ သဗ္ဗေတံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။ ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

(ပရိတ်ကြီးပါဠိတော်)

♦ ဝါဆိုဆရာတော်



# တာဝန်ကိုယ်စီ ထမ်းဆောင်ပါ

အရှင်ပဏ္ဍိတာဘိဝံသ(မဟာဗောဓိဆရာတော်)

## ၁။ သာသနာတော်သုံးရပ်

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဆယ်ပါး မြတ်တရားနှင့် ငါးလီအပြား စွန့်ခြင်းကြီးများကို ဖြည့်ကျင့်ဆည်းပူးတော်မူပြီး၍ နောက်ဆုံးကာလ သိဒ္ဓတ္ထမင်းသားဘဝတွင် ရဟန်းပြုကာ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ဖြည့်ကျင့်တော်မူ၏။ ဗောဓိမဏ္ဍိုင် မြေဦးခိုင်ဝယ် အရဟတ္တမဂ်ဉာဏ်တော်မြတ်နှင့် သဗ္ဗညုတဉ္ဉာဏ်တော်မြတ်ကို လက်ဝယ်ပိုင်ပိုင် ကိုယ်တိုင်မိမိ ရရှိတော်မူသဖြင့် ဟောဖော်ညွှန်ပြ ဆုံးမတော်မူအပ်သော သာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သုံးလီပိုင်းခြား သုံးပါးအပြား ရှိပါသည်။ ထိုတွင် ဘုရားရှင် ကိုယ်တော်မြတ် ရွှေနှုတ်တော်တွတ်တွတ် ရွတ်ဆိုဟောကြားအပ်သော ပဋိကသုံးဖြာ၊ နိကာယ်ငါးရပ် တရားတော်မြတ်နှင့် အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ဂဏ္ဌိမည်မှတ် ကျမ်းဂန်အရပ်ရပ်သည် ပရိယတ္တိသာသနာ တော်မည်၏။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်သည် (ဝါ) သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ဝိပဿနာကျင့်စဉ် ကျင့်စဉ်သုံးရပ် အကျင့်မြတ်သည် ပဋိပတ္တိသာသနာတော်မည်၏။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဟူသော ကိုးပါးသော လောကုတ္တရာတရားမြတ်သည် ပဋိဝေဓသာသနာတော်မည်၏။

## ၂။ ထူးခြားမွန်မြတ်သည့် သာသနာ

ထိုသာသနာသုံးရပ်တွင် သင်အံလေ့လာ ပို့ချမှုအပိုင်း ပရိယတ္တိသာသနာနှင့် ကျင့်ကြံပွားများ အားထုတ်မှုအပိုင်း ပဋိပတ္တိ သာသနာသည် အခြားဘာသာ သာသနာများ၌လည်း သူ့နည်းသူ့ဟန်ဖြင့် ရှိကြပေလိမ့်မည်၊ သို့ရာတွင် ပဋိဝေဓသာသနာဟု ဆိုအပ်သော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် တရားတော်မြတ် ကား ဗုဒ္ဓမြတ်စွာ သာသနာတော်မှတပါး အခြားသောဘာသာများ၌ မရှိနိုင်၊ အခြားဘာသာ သာသနာ၏ နည်းညွှန်လမ်းပြ ဟောကြားမှုဖြင့် ကျင့်ကြံပွားများအားထုတ်၍ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားထူး တရားမြတ်ကို မရနိုင်၊ ထို့ကြောင့်ပင် ဗုဒ္ဓရှင်တော်မြတ်က မူလပဏ္ဏာသ ပါဠိတော်၊ သီဟနာဒဝဂ်၊ စူဠသီဟနာဒသုတ္တန် ဒေသနာတော်တွင် “ ချစ်သား ရဟန်းတို့. . .

ငါဘုရား သာသနာတော်၌ သာလျှင် သောတာပန်ရဟန်း၊ သကဒါဂါမ်ရဟန်း၊ အနာဂါမ်ရဟန်း၊ ရဟန္တာရဟန်းတို့ ရှိကြသည်။ အခြားဘာသာသာသနာတော်တို့၌ သစ္စာလေးပါး တရားသိမြင်ထေရ်ရှင်ရဟန်းတို့မှ ကင်းဆိတ်ကုန်၏" ဟု ဟောမိန့်တော်မူခဲ့ ပါသည်။ ထို့ကြောင့် ဗုဒ္ဓ၏ သာသနာတော်သည် ထူးခြားမွန်မြတ်သည့် သာသနာ၊ လေးနက်စစ်မှန်သည့် သာသနာတော်ဖြစ်ပါသည်။

## ၃။ ဓုရနှစ်ဖြာ ကျင့်အပ်စွာ

မြတ်ဗုဒ္ဓ၏ သာသနာတော်တွင် သာသနာဝန်ထမ်း ရဟန်း,သာမဏေတို့ ဆောင်ရွက်ရမည့် တာဝန်မှာ ဂန္ထဓုရ=စာပေကျမ်းဂန် သင်အံပို့ချ ဟောပြောခြင်း၊ ဝိပဿနာဓုရ= သမထ,ဝိပဿနာတရားများ ပွားများအားထုတ်ခြင်းဟူ၍ တာဝန်နှစ်မျိုးသာ ရှိပါသည်။ ဤတာဝန်နှစ်ရပ်မှတပါး အခြားမရှိနိုင်၊ ဤအချက်ကို ထေရဝါဒ ဗုဒ္ဓဘာသာဝင် အမည်ခံနေကြသူ ဒကာ, ဒကာမ များ သတိပြုသင့်ကြပေသည်၊ ပါးစပ်က ထေရဝါဒ ဗုဒ္ဓဘာသာ- ဟု တွင်တွင်ပြောနေသော်လည်း မိမိတို့လုပ်ရပ်က ဘိုးတော်၊ မယ်တော်၊ဗေဒင်၊ မန္တရား၊ အင်းအိုင်ဆေးဝါး လုပ်ဆောင်နေသော ပုဂ္ဂိုလ်တို့ကို အလေးထား၍ ကိုးကွယ်နေကြသည်ကို တွေ့မြင်နေရပေသည်။ ထိုတာဝန်နှစ်မျိုးတို့တွင် ဘုရားရှင်အလိုတော်အားဖြင့် စွမ်းဆောင်နိုင်ပါက တာဝန်နှစ်မျိုးလုံးကိုပင် ထမ်းဆောင်စေလိုတော်မူပါသည်။ ထို့ကြောင့်ပင် ဘုရားရှင်လက်ထက်တော်အခါက ဝိနယတေဒဂ်ဘွဲ့ထူးဆွတ်ခူးရရှိတော်မူသည့် အရှင်ဥပါလိမထေရ်မြတ်သည် မြတ်စွာဘုရားကို " ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား. . . . တပည့်တော်အား တောအရပ်သို့ သွား၍ တရားအားထုတ်ခွင့်ပြုတော်မူပါဘုရား" ဟုလျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က "ချစ်သားဥပါလိ. . . သင်သည် တောအရပ်သို့ သွား၍ တရားပွားများ အားထုတ်မည်ဖြစ်ပါက ဝိပဿနာဓုရဟူသော ဓုရတစ်မျိုးကိုသာ ဆောင်ရွက်နိုင်ပေလိမ့်မည်၊ ငါဘုရားအထံတော်မှာ နေ၍ ငါဘုရားအထံတော်မှာ ဝိနည်းတရားကို သင်ကြားပြီး ရဟန်းတော်များအား ဝိနည်းတရားသင်ကြားပို့ချပေးလျှင် ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရနှစ်မျိုးလုံးကို ထမ်းဆောင်နိုင်ပေလိမ့်မည်" ဟု မိန့်ကြားတော်မူပါသည်။ (အံ၊ ၃၊ ၁၂၄၂)။ သို့ဖြစ်၍ ဗုဒ္ဓရှင်တော်အလိုအားဖြင့် စွမ်းဆောင်နိုင်ပါက ဓုရနှစ်မျိုးကိုပင် ထမ်းဆောင်စေတော်မူလိုပါသည်။

## ၄။ ဒို့တာဝန် အရေးသုံးပါး

ယခုခေတ်မြန်မာနိုင်ငံ အခြေအနေအရ တင်ပြရပါမူ သာသနာ့ဝန်ထမ်း ရဟန်းတော်များ ထမ်းဆောင်ရမည့် တာဝန်သည် သုံးပါးရှိသည်ဟု ထင်မြင်ယူဆမိပါသည်။ ယင်းသုံးပါးတို့ကား ပရိယတ္တိကျွမ်းကျင်သော ရဟန်းတော်များက စာသင်တိုက် တည်ထောင်၍ ပရိယတ္တိစာပေ သင်ကြားပို့ချခြင်း၊ အကျင့်ပဋိပတ်ကျွမ်းကျင်သော ရဟန်းတော်များက တရားရိပ်သာတည်ထောင်၍ အကျင့်ပဋိပတ်တရားအားထုတ်နည်းကို သင်ပြ၍ တရားထိုင်စေခြင်း၊ အချို့ရဟန်းတော်များက ဗုဒ္ဓဘာသာ ကလေးသူငယ်များကို လောကီအတန်းပညာနှင့် အခြေခံ ဗုဒ္ဓဘာသာတရားများကို သင်ကြား

ပို့ချပေးခြင်းတို့ဖြစ်ပါသည်။ ပရိယတ်နှင့် ပဋိပတ်ကား ခွန်တွဲလျှက်ရှိပါသည်။ သို့ဖြစ်၍ ပရိယတ်မကင်းသော ပဋိပတ်၊ အကျင့်ပဋိပတ်မကင်းသော ပရိယတ်ဖြစ်ရပါမည်၊ စာပေပရိယတ်သာ ကျွမ်းကျင်ပြီး အကျင့်ပဋိပတ်မရှိက သဘာဝမကျ၊ အကျင့်ပဋိပတ်သာရှိပြီး စာပေပရိယတ် မကျွမ်းကျင်က မတင့်တယ်၊ ဓမ္မဝေါဟာရ နားမလည်သဖြင့် အမှားမှား အယွင်းယွင်း ဟောပြောမိတတ်ချေသည်။

## ၅။ ခေတ်သစ်အသွင် စနစ်ပြင်

ဒို့တာဝန်သုံးပါးတို့တွင် ကလေး သူငယ်များကို လောကီအတန်းပညာနှင့် အခြေခံ ဗုဒ္ဓဘာသာတရားများ သင်ကြားပို့ချပေးခြင်းသည် အခြေခံ ပဓာနဖြစ်သည့် လုပ်ငန်းဖြစ်ပါသည်။ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ကလေးသူငယ်များကို စနစ်တကျ ရှိခိုးဦးချနည်း၊ ရဟန်းသံဃာများနှင့် ပြောဆိုဆက်ဆံနည်းစသော အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုများကို သင်ကြားပြသပေးကြ ရပါမည်၊ အခြားဘာသာဝင်များက ရဟန်း သံဃာများနှင့် ပြောဆိုဆက်ဆံသည့်အခါ "အရှင်ဘုရား ဘယ်ကြွမလို့လဲဘုရား၊ အရှင်ဘုရား ဘယ်ကျောင်းမှာ သီတင်းသုံး ပါသလဲဘုရား" စသည်ဖြင့် ယဉ်ကျေးစွာ သုံးနှုန်း ပြောဆိုတတ်သော်လည်း မြန်မာဗုဒ္ဓဘာသာဝင် အချို့သည် "ကိုယ်တော်ဘယ်သွားမလို့တုန်း၊ ဘယ်မှာနေတုန်း" စသည်ဖြင့် ယဉ်ကျေးစွာ မသုံးနှုန်းတတ်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ကြုံရပေသည်၊ သို့ဖြစ်၍ ကလေးသူငယ်များကို အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုတရားများကို ကြိုးစား၍ သင်ပေးသင့်လှပေသည်၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များက ကလေးသူငယ်များကို လောကီအတန်းပညာ သင်ကြား ပို့ချနိုင်ရေးအတွက် ပထမပြန်စာမေးပွဲ ဘာသာ ရပ်များကို ဖြည့်စွက်ပြင်ဆင်ရပါမည်၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးအတန်းတိုင်းတွင် ရဟန်းတော်များက ကလေးသူငယ်များကို အတန်းပညာ သင်ကြားပေးနိုင်ရေးအတွက် အင်္ဂလိပ်စာ၊ သင်္ချာစသည့် ဘာသာရပ်များကို ဖြည့်စွက် ထည့်သွင်းပေးသင့်ပါသည်။ ဤသို့ တောကျောင်းနေ ဘုန်းတော်ကြီးများနှင့် မြို့ကျောင်းနေ ပရိယတ္တိသာသနာတာဝန်၊ ပဋိပတ္တိ သာသနာ့ဝန်ကို မထမ်းဆောင်သည့် ဘုန်းတော်ကြီးများ၊ သီလရှင်များက ဗုဒ္ဓဘာသာ ကလေးသူငယ်များကို လောကီအတန်းပညာနှင့် ဗုဒ္ဓဘာသာ၏ အခြေခံ ယဉ်ကျေးမှုတရားများကို သင်ပေးခြင်း၊ ပရိယတ္တိစွမ်းဆောင်နိုင်သည့် ဘုန်းတော်ကြီးများက ပရိယတ္တိ သင်ကြားပို့ချပေးခြင်း၊ အခြေခံပရိယတ် ပြည့်စုံပြီး အကျင့်ပဋိပတ် ဟောပြောပြသနိုင်သည့် ဘုန်းတော်ကြီးများက ကျင့်စဉ်ပဋိပတ်တရားတို့ကို ဟောကြားပြသပေးခြင်းဟူသော " ဒို့တာဝန်အရေးသုံးပါး" ကို ကျေကျေပွန်ပွန်ထမ်းဆောင်ကြပါလျှင် သာသနာတော်ကြီး စည်ပင်ထွန်းကား ပြန့်ပွားလာမည်ဖြစ်ပါသည်။ သာသနာ့အေးရိပ်ကို မှီ၍ နိုင်ငံတော်ကြီးသည်လည်း အေးချမ်းတည်ငြိမ်၍ တိုးတက်ကြီးပွားချမ်းသာလာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ " တာဝန်ကိုယ်စီ ထမ်းဆောင်ပါ" ဟု တိုက်တွန်းနိုးဆော်ရင်း ဤစာလွှာကို နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါသတည်း။

♦ အရှင်ပဏ္ဍိတာဘိဝံသ (မဟာဂန္ဓာရုံဆရာတော်)

# အယ်ဒီတာသို့ အိတ်ဖွင့်ပေးစာ

## ဦးအဂ္ဂဝံသာဘိဝံသ
## (ပေါက်မြိုင်ဆရာတော်)




ရွှေဘိုမင်းသုခရေ. . .

ပြီးခဲ့တဲ့တန်ဆောင်မုန်းလက ရန်ကုန်မမွရကို္ခတ ဖြူးမဟာစည်ရိပ်သာမှာ မင်းသုခ က အင်းစိန်ရွာမ စာသင်တိုက် စာသင်တိုက်တည်နှစ်(၄၀)ပြည့်အထိမ်းအမှတ်စာစောင်အတွက် ဆောင်းပါးစာမူတောင်းလို့ ယခုရေးပေးလိုက်ပါတယ် . . .

ကြာတော့ကြာလှပါပြီ . . . သံဃာ့အဖွဲ့အစည်းကြီးပေါ်စလောက်ကပါ၊ အလုံဇမ္ဗုရတနာ ထားဝယ်ကျောင်းဆရာတော်နဲ့ ရွာမစာသင်တိုက်ကို တစ်ခေါက်ရောက်ဖူးပါတယ်။ ဇမ္ဗုရတနာ ဆရာတော်က ခေါ်သွားလို့ပါ။ ဇမ္ဗုရတနာဆရာတော် ဦးနာဂဝံသက ရွာမဆရာတော် ဦးနန္ဒဝံသနဲ့ ညောင်တုန်း မဟာဝိသုတာရာမတိုက်သစ်မှာ အတူနေဖူးတာကိုး၊ ရွာမစာသင်တိုက်ကို ရောက်ခဲ့စဉ်က နာရီပိုင်းလောက်မို့ ဘာမှ သိပ်မမှတ်မိ တော့ပါဘူး။

တပည့်တော်ထံမှာ ရွာမငွေရတုစာစောင်၊ ဆရာတော် ဦးနန္ဒဝံသရဲ့ အဂ္ဂါဘိဓဇဂုဏ်ပူဇာစာစောင်၊ ဆရာတော် ဦးတိလောကာဘိဝံသရဲ့ အဂ္ဂပူဇာမင်္ဂလာစာစောင်တွေရှိလို့ သတိရပါတယ်။ ဆရာတော် ဦးတိလောကာဘိဝံသကတော့ တကယ့်ထူးချွန်ပြီး သာသနာအတွက် တကယ်အားကိုးထိုက်တဲ့ ပုဂ္ဂိုလ်ပါတဲ့။ တပည့်တော်က ၁၂၈၉ ခုနှစ်ဖွား၊ ဦးတိလောကာက ၁၃၀၀ ပြည့်ဖွားဆိုတော့ တပည့်တော်ထက် ၁၁-နှစ်လောက်ငယ်တာပေါ့။

တပည့်တော်က အစိုးရစာချတန်းကို ၁၃၁၄-ခုနှစ်မှာအောင်တယ်၊ ဦးတိလောကာဘိဝံသက ၁၃၂၅ ခုနှစ်မှာ တစ်နိုင်ငံလုံး ဒုတိယအမှတ်အများဆုံး ဂုဏ်ထူးနဲ့အောင်တယ်၊ သက်္ယသီဟစာချတန်းကို တပည့်တော်က ၁၃၁၆ ခုနှစ် အောင်တယ်။ ဦးတိလောကာဘိဝံသက ၁၃၃၁-ခုနှစ်မှာအောင်တယ်။

တပည့်တော်က ရဟန်းဖြစ်တဲ့ ၁၃၀၉ ခုနှစ်ကစပြီး ၁၃၂၉ ခုနှစ်အထိ စစ်ကိုင်းဟောင်ရိုးရေဦးတိုက်သစ် ဇေယျသိန်ပါဋိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ (သက်္ယသီဟ

သီးခြားစာချ)ထံတော်မှာပဲနေပြီး စာမေးပွဲတွေလဲ အဲဒီကပဲဝင်တယ်။ အောင်ပြီးတော့လဲ အဲဒီမှာပဲ စာချနေခဲ့တာပါ။ မန္တလေးမှာ စာမသင်ဖူးပါဘူး။ စစ်ကိုင်းမှာစာချရင်း မန္တလေး ကိစ္စရှိလို့ နေ့ချင်းပြန်သွားရင်း ညနေ စစ်ကိုင်းဘက် မပြန်ခင် မန္တလေးက တောင်သမန်ဆရာတော် ဦးကေသာတို့လို ဆရာတော်တွေထံမှာ ကြုံသလို စာလိုက်ဖူးတာပါ။

တပည့်တော် စာချတန်းတွေအောင်ပြီးစအချိန်မှာ မြန်မာပြည်ကလဲ လွတ်လပ်ရေးရလို့ ဆဋ္ဌသင်္ဂါယနာတင်ဖို့ စပြီးလုပ်နေပြီ။ တပည့်တော်နဲ့ရွယ်တူတွေ ဆဋ္ဌသံဂါယနာမှာ ပါဠိဝိသောဓကတို့ ဘာတို့ ဆောင်ရွက်နေချိန်မှာ တပည့်တော်က စစ်ကိုင်းမှာပဲ စာချနေရတာ ကျေးဇူးရှင်ဆရာတော်ကလဲ စာချနေတာပဲ သဘောကျတယ်။ ဘယ်မှပေးမလွှတ်ပါဘူး။ တပည့်တော်ကလဲ ဟိုဟိုဒီဒီသွားဖို့ ဝါသနာသိပ်မရှိပါဘူး။ ဒီတော့ ရေအိုင်ထဲကဖားလိုပေ့ါ။ အပေါင်းအသင်း ဗဟုသုတ စသည်မရှိဘူးပေ့ါ။ ဝါ (၂၀)ရလို့ မန္တလေးဘက်ပြောင်းလာပြီး ပေါက်မြိုင်မှာ စာချမှ မန္တလေးက အပေါင်းအသင်းတွေနဲ့ တွေ့ရတာလေ။

ဆရာတော် ဦးတိလောကတို့နဲ့လဲ ရှေးက မသိဖူးပါဘူး၊ မန္တလေးရောက်မှ သတင်းကြားပြီး သိရတာပါ။ လူကိုယ်တိုင်တော့ မတွေ့ဘူးသေးပါဖူး။ အစိုးရစာမေးပွဲတွေ အောင်စာရင်းထွက်တော့ အင်းစိန်ရွာမ စာသင်တိုက်က ပထမကျော်စတဲ့ ထူးထူးချွန်ချွန် အောင်မြင်တဲ့ ပုဂ္ဂိုလ်တွေ မကြာခဏ ပေါ်ထွက်လာလို့ သတိပြုမိလာတယ်။ နောက်ကို အင်းစိန်ရွာမ စာသင်တိုက် ဌေးရတုစာစောင်တို့ ဆရာတော် ဦးနန္ဒဝံသရဲ့ အဂ္ဂါဘိဓဇပူဇာစာစောင်၊ ဆရာတော် ဦးတိလောကာဘိဝံသရဲ့ အဂ္ဂပူဇာစာစောင်တွေဖတ်ရတော့ အင်းစိန်ရွာမ စာသင်တိုက်က ပထမကျော်စတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်လေးတွေ မကြာခဏပေါ်ထွက်လာတာဟာ ဒီလို ပရိယတ္တိအရည်အချင်းနှင့် ပြည့်စုံတဲ့ ဆရာတော်တွေကြောင့်ကိုးလို့ သိရပါတယ်။

ဆရာတော်(၂)ပါးရဲ့ အဂ္ဂပူဇာစာစောင်တွေ ဖတ်ရတော့လည်း ဆရာတော် ဦးနန္ဒဝံသရဲ့ သာသနာစိတ် ကြီးမားတော်မူပုံကို ကြည်ညိုဝမ်းမြောက်ရပြန်ပါတယ်။ ဆရာတော် ဦးတိလောကာဘိဝံသရဲ့ အဂ္ဂပူဇာစာစောင်နဲ့ ဆရာတော်ရဲ့ အဘိဓမ္မာဘက်ဆိုင်ရာ လက်ဆောင်ကျမ်းတွေဖတ်ရတော့ ဆရာတော်ရဲ့ ဂမ္ဘီရဉာဏ်အစွမ်းကို အံ့မခန်းသိရ၊ ဝမ်းမြောက်ရ၊ သာသနာတော်အတွက် အားတက်ရပါတယ်။ အဲဒီစာစောင် အလင်းရောင်ကျမ်းတွေကို ညောင်တုန်းတိုက် စာချဘုန်းကြီး ဦးစန္ဒသိရိဘိဝံသ ပထမကျော်က လှူတာတွေပါ။

ဆရာတော် ဦးတိလောကာဘိဝံသ အနေနဲ့ ဒီလို ဂမ္ဘီရဉာဏ်နှင့် ပြည့်စုံလို့ ကိုယ်တိုင် အခက်ခဲဆုံးစာမေးပွဲကြီးတွေမှာ အထက်တန်းကျကျ အောင်မြင်ပြီး ကိုယ့်ကို မှီခိုနေတဲ့ တပည့်တွေကိုလဲ အထက်တန်းကျကျ အောင်ပန်းဆင်နိုင်အောင် သင်ကြားပြသနိုင်တာပါ။

ဆရာတော်က ပရိယတ်နဲ့ပတ်သက်ပြီး ကိုယ့်ကျောင်းမှာတင်မက အရပ်ရပ်မှာ အဘိဓမ္မာသင်တန်းတွေဖွင့်ပြီး သင်ကြားပေးပြန်တယ်။ ပဋိပတ်ဘက်မှာလဲ ကိုယ်တိုင် မဟာစည်ရိပ်သာမှာ ကျင့်ကြံအားထုတ်ပြီး ကျောင်းမှာလဲ ရဟန်းသံဃာ တပည့်တပန်းတွေနှင့် ဒကာဒကာမတွေကို တရားစခန်းဖွင့်ပြီး တရားဟောတရားပြ လုပ်ငန်းကိုလဲ ဆောင်ရွက်တော်မူလို့

ပရိယတ်ရော ပဋိပတ်ပါ သာသနာကြီး (၂)ရပ်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူပါတယ်။

ဒီလို သာသနာ့တာဝန်ကြီး (၂)ရပ်ကို ထမ်းဆောင်နိုင်ဖို့ရာ ပရိယတ်သာ ပဓာန၊ ပရိယတ်သာ မဂ္ဂဗြဟ္မစရိယ၏ အကြောင်းရင်းဖြစ်လို့ ပရိယတ္တိ ဗဟုသုတနှင့် ပြည့်စုံတဲ့ မြင်းခြံဆရာတော်ဘုရားကြီး အစရှိတဲ့ ဆရာသမားကြီးတွေကို မှီဝဲဆည်းကပ်တော်မူခဲ့တာဟာလဲ အာနန္ဒတ္ထေရဂါထာမှာ အရှင်အာနန္ဒာ မိန့်တော်မူတဲ့ အောက်ပါစကားနှင့် ကိုက်ညီလှပါတယ်။

ဗဟုဿုတံ ဥပါသေယျ၊
သုတဉ္စ န ဝိနာသယေ။
တံ မူလံ ဗြဟ္မစရိယဿ၊
တသ္မာ ဓမ္မဓရော သိယာ။ ။

**မြန်မာပြန်**။ ။ *အကြားအမြင်များသောသူကို ဆည်းကပ်ရာ၏၊ မှီဝဲဆည်းကပ်၍ရအပ်သော အကြားအမြင်ကိုလည်း မပျောက်မပျက်စေရာ၊ ထိုအကြားအမြင်သည် မဂ်ဟူသော မြတ်သော အကျင့်၏ ပြဋ္ဌာန်း သောအကြောင်းရင်းမူလဖြစ်၏။ ထို့ကြောင့် ရှေးဦးစွာ ပရိယတ္တိဓမ္မကို ဆောင်ရာ၏။*

အဲဒီလို ပရိယတ္တိဓမ္မကို ရှေးဦးစွာ သင်ယူဆောင်ယူပြီးတော့ - ပရိယတ္တိဓမ္မကို မပျောက်ပျက်အောင် ဆောင်ယူပြီး ပရိယတ္တိမှာ လာတဲ့အတိုင်း ကျင့်ကြံအားထုတ်လို့ ယခုလို ပရိယတ်ရော ပဋိပတ်ပါ ထမ်းဆောင်နိုင်တာပေါ့။ အဲဒီလို ထမ်းဆောင်ရတာဟာ ခန္ဓာကိုယ်ရဲ့ ပင်ပန်းမှုတွေကို မငဲ့ကွက်ဘဲ ခန္ဓာကိုယ်ကို နှမြောစုံမက် မရှိဘဲ ခန္ဓာရဲ့ချမ်းသာမှုကို မတပ်မက်ဘဲ၊ သာသနာအကျိုးကိုသာကြည့်တဲ့ ပုဂ္ဂိုလ်မို့ပါ။ ဒီလိုပုဂ္ဂိုလ်မျိုးမှ သမဏဘာသုခကို ရနိုင်တာပါ။ ဒီလို သာသနာတာဝန်ကို အားသွန်ခွန်စိုက်ကြိုးစားရင် ခန္ဓာကိုယ်ပင်ပန်းမှာစိုးလို့ ခန္ဓာကိုယ်ကို နှမြောပြီး ခန္ဓာရဲ့ချမ်းသာကို မက်မောစုံမက်တဲ့ပုဂ္ဂိုလ်ဆိုရင် သမဏဖာသု၊ သမဏာသုခမရှိနိုင်ဘူး မရနိုင်ဘူးလို့ အရှင်အာနန္ဒာက ဒီလိုမိန့်တော်မူခဲ့ပါတယ်။

ကာယမစ္ဆေရဂရုနော၊
ဟိယျမာနေ အနုဋ္ဌဟော၊
သရီရသုခဂိဒ္ဓဿ၊
ကုတော သမဏာ ဖာသုတော။

**မြန်မာပြန်**။ ။ *အကြင်ရဟန်းသည် အသက်အပိုင်းအခြားနည်းပါး ကုန်ခန်းနေသည်ဖြစ်ပါလျက် သာသနာ့အလုပ်ကို အားမထုတ်ငြားအံ့။ ခန္ဓာကိုယ်ကို မြတ်နိုးမှု၌သာ အလေးပြုနေသော၊ ခန္ဓာကိုယ်၏ ချမ်းသာမှု၌သာ တပ်မက်နေသော ထိုရဟန်းအား ရဟန်းအဖြစ်ဖြင့် ချမ်းသာစွာနေရခြင်းသည် အဘယ်မှာရှိပါအံ့နည်း။ တဲ့။*

ဆရာတော် ဦးတိလောကာဘိဝံသက စာသင်တိုက်ကြီးတည်ထောင်ပြီး စာပေတွေပို့ချ၊ စာသင်သားအများနှင့် လူပုဂ္ဂိုလ်တွေအတွက်လဲ ကျမ်းစာတွေအများကြီး ရေးသားပြုစုပြီးတော့ အများအတွက် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားတွေ၊ ကိုယ်တိုင်လဲအားထုတ်၊ သူများကိုလဲ ပြသတဲ့ ဗဟုသုတပုဂ္ဂိုလ်ဖြစ်လို့ ကြည်ညိုလေးစား ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်မျိုးဖြစ်လို့ အရှင်အာနန္ဒာ ချီးကျူးတဲ့ပုဂ္ဂိုလ်မျိုးပါ။

ဗဟုဿုတော ဓမ္မဓရော၊
ကောသာရက္ခော မဟေသိနော။
စက္ခုသဗ္ဗဿ လောကဿ၊
ပူဇနီယော ဗဟုဿုတော။

**မြန်မာပြန်**။ ။ *အကြား အမြင် များသော ပရိယတ္တိမှုကို ဆောင်သည်ဖြစ်၍ မြတ်ဘုရား၏ တရားတည်းဟူသော ဘဏ္ဍာတိုက်ကို စောင့်ရှောက်သောပုဂ္ဂိုလ်သည် လောကအားလုံး၏ မျက်စိသဖွယ်ဖြစ်၏။ ထို့ကြောင့် အကြားအမြင် များသောသူကို ပူဇော်ထိုက်၏။* ဒီလို အရှင်အာနန္ဒာက ချီးကျူးဂုဏ်ပြုထားပါတယ်။

ဒါ့အပြင် အဂ္ဂပူဇာစာစောင်မှာ ဆရာတော် ဦးတိလောကာဘိဝံသက အသက် (၁၀၀)ပြည့်လုနီး ခမည်းတော်ကြီး ဦးဘဖေကို သီးသန့်အဆောင်၌နေစေပြီး ခမည်းတော်ကြီးကို ကျွေးမွေးပြုစု ခြေဆုပ်လက်နယ် ပြုနေတဲ့ အကြောင်း ပရဟိတမြင့်ဆွေရဲ့ ဆောင်းပါးဖတ်ရတော့ ဝမ်းသာကြည်နူးလိုက်တာ။ ဆောင်းပါးရှင်က ခမည်းတော်ကြီးကို "နိုင်ငံကျော် ဆရာတော်ကြီးတစ်ပါးရဲ့ ဖခင်ဖြစ်ရတာ ဂုဏ်မယူဘူးလား"လို့ မေးတော့ ခမည်းတော်ကြီးက ပြုံးပြုံးကြီးလုပ်ပြီး "ဝမ်းသာတာပေါ့၊ ဒါကြောင့် သူ့အသက်ရှည်ပြီး အကြာကြီး အများကြီး သာသနာ့အကျိုး သယ်ပိုးနိုင်ပါစေလို့ အမြဲဆုတောင်းပေးနေပါတယ်". . လို့ ဖြေပါသတဲ့။ ဟုတ်မှာပေါ့၊ ဒီလို ပရိယတ် ပဋိပတ် သာသနာ့ တာဝန်တွေရော နိုင်ငံတော်ကပေးတဲ့ သာသနာရေးတာဝန်တွေရော ထမ်းဆောင်နေတဲ့ သားတော်မျိုးကို မွေးပေးတဲ့ မယ်တော်၊ ခမည်းတော်နဲ့ ဒီလိုတပည့်မျိုးရဲ့ကျေးဇူးရှင် ဆရာသမားတွေက ဘယ်ဝမ်းမသာပဲ၊ စိတ်နှလုံး မချမ်းမြေ့ပဲ နေပါ့မလဲ။ ဝမ်းသာမှာပေါ့၊ ဂုဏ်ယူမှာပေါ့။ စိတ်နှလုံးချမ်းမြေ့ကြမှာပေါ့။

ကဲ မင်းသုခ ရေ. . စာလဲရှည်သွားပါပြီ၊ ဒီလိုဆရာတော်မျိုးရဲ့ မိဘ ဆရာသမားတွေ ဝမ်းသာပုံကို မန္တလေး မစိုးရိမ်တိုက်ကြီး ပါဠိနယူပဒေသကျောင်း၊ ပဌာန်းဆရာတော်ကြီးက စာမေးပွဲအောင်တဲ့ ကိုယ်တော်လေးတစ်ပါးကို ဂုဏ်ပြုတဲ့ဂါထာလေးနဲ့ နိဂုံးချုပ်လိုက်ပါတော့မယ်။ ပဌာန်းဆရာတော်ကြီးရဲ့ ဂါထာက သိဒ္ဓတ္ထမင်းသား ဥယျာဉ်တော်က နိမိတ်ကြီး (၄)ပါးမြင်ပြီး နန်းတော်ပြန်အလာမှာ ဘထွေးတော်ရဲ့သမီး ကိသာဂေါတမီ မင်းသမီးရွတ်တဲ့ ဂါထာလေးကို အနည်းငယ်ပြင်ပြီး၊ အနက်ပေးထားတာပါ။ ပဌာန်းဆရာတော်ကြီးကလဲ ဓမ္မရံသီ၊ အလှရံသီ၊ အလင်္ကာရံသီ စတဲ့ရံသီတွေ အများရေးခဲ့တဲ့ ဆရာတော်ကြီး၊ အနက်ပေးပုံ တွေကလဲ အလွန်ကောင်း၊ အလွန်နုတာမို့ ဖော်ပြလိုက်ပါတယ်။

ကဲ ဖတ်ကြည့်ပါတော့

နိဗ္ဗုတာ နူန သာမာတာ၊
နိဗ္ဗုတော နူနသော ပိတာ။
နိဗ္ဗုတော နူန အာစေရော၊
ယဿာယံ ဤဒိသော အဟော။ ။

ယဿာ မာတုယာ = မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးတော်ရှင် အကြင်မယ်တော်မိမြတ်အား။ ဤဒိသော = စာမေးပွဲ အတန်တန်၊ စာပြန်ဂုဏ်အရပ်ရပ်၊ အထပ်ထပ် အောင်မြင်၍ အောင်သဘင်ဆင်မြန်းနိုင်သော သဘောရှိ၍နေထသော။ (အတိဝိရောစမာနော = သာသနာ့နယ်တခွင်မှာ တကယ်ပင်ပွင့်လင်း၍ အလွန်အမင်း တင့်တယ်လှပေထသော။) အယံ ပုတ္တော = မတစ်ထောင်တွင် တကောင်ဘွားရှာမှုရှားပေသည့် ဤသားမြတ် သားလှရတနာ တစ်ဦးသည်၊ အတ္ထိ = သက်နှံးရောင်ဝါဝါ ဝင်းကာဖြင့် သာသနာအတွင်းမှာ ထင်လင်းမွေ့လျော်၍ နေလေ၏။

သာ မာတာ = သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ဖွား၍ပီပြင် ကြည်လင်ထင်ရှား ကုသိုလ်ကောင်း လှသည့် ထိုမိခင်မယ်ဘွားသည်။

နိဗ္ဗုတာနုန = အအေးဓာတ် ပီတိဟုန် ကုသိုလ်ဂုဏ် အညွန့်တိုးလို့မို့ အချမ်းသာမိုးကြီး ရွာသွန်းနေပေမည်တကား။

ယဿ ပိတုနော = မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးတော်ရှင် အကြင်မွေးသဖခင် ခမည်းတော်ကြီးအား။ ဤဒိသော = အရွယ်နှင့်မလိုက် ပညာဂုဏ်သိုက်မြိုက်၍ အဖိုးထိုက် အဖိုးတန် အမျိုးမှန်လှပေထသော။ (အတိဒုလ္လဘော = ဘုံလောကီဘဝထည်းမှာဖြင့် ရခဲလည်း ရခဲပေထသော)

အယံ ပုတ္တော = ပညာဂုဏ်တောက်ကြွား၊ ယောကျ်ားဆိုမှယောကျ်ား၊ အမောက်စားဖြစ်တဲ့ ဤသားမြတ် သားလှရတနာတစ်ဦးသည်။ အတ္ထိ = ရှုမဝ အံ့မခန်း၊ ရွှင်လန်းစွာ တည်ရှိ၍နေလေ၏။ သောပိတာ = စိတ်ရင်း အပြည့်အဝဖြင့် ထိုပဥ္စင်းဘဘုန်းကြီး ဘတည်းဟူသော ရဟန်းဒါယကာကြီးသည်။ နိဗ္ဗုတောနုန = ကြေးစည်သံ တည်ညံ၊ အရဟံဂုဏ်တော် အထပ်ထပ်၊ နိဗ္ဗာန်ရပ်အဝင် မနွေးရသဖြင့် ဘဝင်အအေးကြီး အေးမြရပေလိမ့်မည်တကား။

ယဿ အာစရိယဿ = အဆိုးအကောင်း၊ ကျိုးကြောင်းပြသ၊ ဆုံးမသင်ကြား၊ အကြင်ကျေးဇူးရှင် ဆရာတော်မြတ်ဘုရားအား၊ ဤဒိသော = အဟုတ်အဟတ်၊ ပညာတတ်၍ မပြတ်ဆိုမိန့်၊ ဒိုးနှယ်လိမ့်လျက်၊ သိမ့်သိမ့်ပွဲပြင်၊ ကျော်ဇောထင်၍နေထသော။ (ပရိယတ္တိမာမကော = ပရိယတ်အပင် မြတ်နိုး၍ ပရိယတ်မိုး သွန်းလောင်းလျက်နေထသော) အယံ သိဿော = အသက်သိက္ခာ၊ ထေရ်ဝါနုလှ၊ စာချပုဂ္ဂိုလ်၊ ဤပဥ္စင်းပျို တပည့်တစ်ပါးသည်။ အတ္ထိ = ပရိယတ်အလုပ်စခန်းမှာ မဆုတ်တမ်းတည်ရှိ၍နေလေ၏။ သောအာစေရော = အနှစ်နှစ်အလလ၊ ပို့ချသင်ကြား၊ မေတ္တာထားခဲ့တဲ့၊ ထိုကျေးဇူးရှင် ဆရာတော်ဘုရားသည်။ နိဗ္ဗုတောနုန = ဩော် ကောင်းပေစွ၊ ကောင်းပေစွဟု ဥဒါန်းတော်ကျူးရင့် လောက်အောင် အထူးသဖြင့် အေးမြတော်မူပေလိမ့်မည်တကား။

တဿ = ပြည်နိုင်ငံကျော်လွှမ်း၊ အထက်တန်းအကျော်အမော် - ထိုရဟန်းတော် အရှင်မြတ်ကလေး၏။ ဂတိယော = ထက်ပုံ မြက်ပုံ + ထက်မြက်ပုံနှင့် တဂုဏ်ထင်ရှား ဉာဏ်စွမ်းဟုန်များသည်။ အဟော = ဩော်-အံ့ဩဘွယ်ကောင်းလေစွတကား။ အဟော = စာရပုံကလဲ ခပ်ညက်ညက်၊ စာချပုံက ခပ်သွက်သွက်၊ စာတတ် စာနာက ခပ်စုံစုံ၊ ဂုဏ်မတင် ဝါသနာစရိုက်ပါပဲ၊ မယုံလျှင် စာဝါလိုက်ကြည့် ကြပေရော့။ ဩော် လှိုက်လှိုက်လှဲလှဲကြီး ချီးမွမ်း အံ့ဩရပေမည်တကား။

ကိုယ်စိတ်ချမ်းသာ၊ သာသနာ ရှည်ကြာ ပြုနိုင်ကြပါစေ -

♦ **ဦးအဂ္ဂဝံသာဘိဝံသ**
(ပေါက်မြိုင်ဆရာတော်)

# ရွှေရတုအကြို ရှာမ

## အရှင်ရာဇဓမ္မာဘိဝံသ (မစိုးရိမ်တိုက်သစ်ဆရာတော်)

၂၅-နှစ်ကို ငွေရတု၊ နှစ် ၅၀-ကို ရွှေရတုဟု သတ်မှတ်ကြ၏။ အင်းစိန်ရွာမစာသင်တိုက်သည် ၂၅-နှစ် ငွေရတုကိုကား ကျော်လွန်ခဲ့ပြီ။ အနှစ် ၅၀-ရွှေရတု အချိန်အခါသို့ကား မရောက်သေး။ ကြားကာလ အနှစ်၄၀-ပြည့်၌ ကျောင်းတိုက်တည် အထိမ်းအမှတ် ရတုသဘင် ကျင်းပခြင်းဖြစ်သည်။ "မိုးကြိုးရတု"ဟု ခေါ်လျှင် သင့်မည်လော မပြောတတ်။ မိုးကြိုးသည် ရွှေလောက်လည်း တန်ဘိုးမကြီး ငွေထက်လည်း တန်ဖိုး သာပေသည်။

ရွာမစာသင်တိုက် တည်ထောင်ခါစက တဟုန်ထိုး နာမည်ကြီးလှ၏။ ငယ်, လတ်, ကြီး စာမေးပွဲများ၌ နှစ်စဉ် အတန်းတိုင်း အတန်းတိုင်းဝယ် နံပါတ်ဝင်သည်က များသည်။ နံပါတ်မဝင်သောနှစ်ဟူ၍ မရှိသလောက် ရှားလှ၏။ နံပါတ်အဝင်များသဖြင့် စာသင်သားသံဃာများ ရွာမစာသင်တိုက်ကို အာရုံစိုက်လာကြသည်။ စာသင်သားများ အာရုံစိုက်လာသဖြင့် သံဃာလည်း တဟုန်ထိုး တိုးလာတော့သည်။ ရန်ကုန်အနီးတဝိုက်၌ ရွာမစာသင်တိုက်သည် သံဃာအများဆုံး ဖြစ်လာ၏။ ဘုရားကြီးတိုက်သည် သံဃာအများဆုံး ဖြစ်သော်လည်း တစ်ဩဇာတည်း အုပ်ချုပ်သည့်စာသင်တိုက် မဟုတ်။ ရွာမစာသင်တိုက်ကား တစ်ဩဇာတည်း အုပ်ချုပ်သည့် စာသင်တိုက် ဖြစ်သည်။ စာသင်သားများ တစ်နှစ်ထက်တစ်နှစ် တိုးလာခြင်းသည် စာချနာယကများ စာအသင်အပြကောင်း၍ ဖြစ်ပါလိမ့်မည်။ သကျသီဟမဟာဓမ္မာစရိယဘွဲ့ရ အရှင်တိလောကသည် ပဓာနစာချဖြစ်၏။ ပဋ္ဌာန်းလက်ဆောင်, ယမိုက်လက်ဆောင်စသော အဘိဓမ္မာညဝါကျမ်းစာများ ပြုစု၍ ခက်ပေ့ဆိုသည့် ပဋ္ဌာန်းကျမ်းကို အလွယ်ကလေးပါကွာဟု ထင်လာအောင် ပို့ချနိုင်သူလည်း ဖြစ်သည်။ ထိုဆရာတော်၏ ပဋ္ဌာန်းသင်တန်း, ယမိုက်သင်တန်းများ၌ သင်တန်းတက် သံဃာ ၅၀၀, ၆၀၀-အနည်းဆုံးရှိသည်ဟု သိရသည်။ အဘိဓမ္မာဝါသနာပါသည့် ဒကာ ဒကာမများပင် လာရောက်စာနာသည်ဟု ဆို၏။ အောင်မြင်ပြီး ဌာနဟောင်းကို လျစ်လျူရှုသင့်သလော။

အရှင်တိလောကသည် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်များ ပေါ်ခါစက "ရန်ကုန် နိုင်ငံတော် ပရိယတ္တိ တက္ကသိုလ်၌ အဘိဓမ္မာဌာနမှူးတာဝန် ထမ်းဆောင်မည်"ဖြစ်ကြောင်း မိမိနှင့် တွေ့ဆုံစဉ် ပြောကြား၏၊ "အောင်မြင်မှု အရှိန်ရနေသည့် အင်းစိန်ရွာမဌာနဟောင်းကို လျစ်လျူရှုပြီး အောင်မြင်မည် မအောင်မြင်မည် မသိနိုင်သေးသည့် ဌာနသစ်ကို ရွေးချယ်ခြင်းမှာ အာဂသတ္တိပဲ"ဟု ဗျာဇနိန္ဒာအလင်္ကာမျိုးဖြစ်အောင် ပြောဆိုလိုက်၏၊ အရှင်တိလောကလည်း မိမိ၏ ရည်ရွယ်ချက်ကို သိမည်ထင်ပါသည်၊ သိပ်မကြာလိုက်ပါ ၂-နှစ်ခန့်လောက် တာဝန်ထမ်း ဆောင်ပြီး နုတ်ထွက်စာ တင်သည်ဟု ကြားရ၏။ အင်းစိန် ရွာမစာသင်တိုက်အဖို့ ကံဇာတာ မှေးမှိန်နေရာမှ ကံထလာခြင်းဖြစ်သည်ဟု မိမိယူမိ၏။ "ဆက်လက်ကံထပါစေ"ဟု ဆန္ဒပြုလိုက်ပါသည်။

◆ **အရှင်ရာဇဓမ္မာဘိဝံသ**

(မစိုးရိမ်တိုက်သစ်ဆရာတော်)




- အကောင်းရလို့ ကိုယ်နှင့်ဥစ္စာ၊ သတ္တဝါ၊
  သုံးဖြာနေ့စဉ် ပေါင်းရ၏။
- ဒုက္ခများစွာ၊ ကိလေသာကြောင့်၊
  ကိုယ့်ဟာကိုယ်သာ၊ ပေါင်းသောခါ၊
  လွန်စွာ ပို၍ခက်ခဲ၏။
- သတိထားကာ၊ ပေါင်းမှသာ၊
  ကောင်းစွာလွယ်ကူ၏။
- တစိမ်းရန်ချစ်၊ ဆွေမျိုးချစ်၊
  အချစ်သုံးမျိုးရှိ။
- ကိုယ်နှင့်ဥစ္စာ၊ ပေါင်းသောခါ၊
  သိက္ခာပြည့်အောင် သတိရှိ။
- အများသတ္တဝါ၊ ပေါင်းသောခါ၊
  မေတ္တာထား၍ စုံအောင်ဖြည့်။
- သတိတိုးမြှင့်၊ အသိရင့်လာ၊
  မေတ္တာထည့်ပေါင်း၊ အကုန်ကောင်း၊
  အကောင်းကိုယ်ပိုင်ဖြည့်။

"သတိမတော သဒါ ဘဒ္ဒံ-သတိရှိလျှင် မည်သည့်အခါမဆို မည်သည့်နေရာရောက်ရောက် မည်သူနှင့် တွေ့တွေ့ မည်သည့်ကိစ္စကို ပင် ဆောင်ရွက်ရ ဆောင်ရွက်ရ အမြဲတမ်း ကောင်း၏" ဟူသော ဗုဒ္ဓမိန့်ကြား မြွက်စကား ရှိသည်။ သတိရှိလျှင် ဧကန်ကောင်းကျိုးပေး တတ်သည့် ကောင်းမှုတရား ဧကန်ရနိုင်၏ဟု ဆိုလိုရင်း ဖြစ်သည်။ တွေ့ရသည့် အာရုံတို့တွင် အကောင်းအာရုံမျှသာမက မကောင်းသော အာရုံများလည်း အများအပြား ပါဝင်ပေလိမ့် မည်။ အာရုံကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ သတိရှိလျှင် မှန်ကန်သည့်ဉာဏ်နှင့် လမ်းဖြောင့် သည့်နှလုံးသွင်း ပေါ်ပေါက်လာနိုင်သဖြင့် ကောင်းသည့် ကုသိုလ်တရားများ ဖြစ်ပေါ်ရရှိ တိုးပွားဖို့ သေချာပါသည်။

အကောင်းရရန်အတွက် နေ့စဉ် ၃-မျိုး ပေါင်းရမည်-

၁။ ကိုယ့်ဟာကိုယ် ပေါင်းရမည်၊

၂။ ပစ္စည်းဥစ္စာစသော သက်မဲ့များနှင့် ပေါင်းရမည်၊

၃။ ကိုယ့်မိသားစု စသော သက်ရှိများနှင့် ပေါင်းရမည်။

ဤ ၃-မျိုးတို့တွင် ကိုယ့်ဟာကိုယ် ပေါင်းရခြင်းသည် အခက်ခဲဆုံးဖြစ်သည်၊ ခက်ခဲလောက်အောင် ဒုက္ခနှင့် ကိလေသာ အဆိုးဆုံး ၂-ခု ရှိနေသည်၊ ၎င်း အဆိုး ၂-ခုကို သတိဖြင့် ဖြတ်ကျော်ထိုးဖောက်နိုင်မှ ကိုယ့်ဟာကိုယ် အကောင်းရအောင် ပေါင်းနိုင်မည်ဖြစ်သည်။

၎င်း ၃-မျိုးနှင့် ပေါင်းသည့်အခါ -

၁။ တစိမ်းပေါင်း၊ ၂။ ရန်သူပေါင်း၊ ၃။ ဆွေမျိုးပေါင်း-ဟု ပေါင်းပုံ ၃-မျိုးရှိသည်။

ထို ၃-မျိုးတို့တွင်-

၁။ ကုသိုလ်ဝင်ပေါက် ပိတ်သွားလောက်အောင် သတိလွတ်သွားသဖြင့် ကုသိုလ်မရလျှင် တစိမ်းပေါင်း ဖြစ်သည်။

၂။ ကုသိုလ်ဝင်ပေါက် ပိတ်ရုံမျှသာမက အကုသိုလ်ဝင်ပေါက် ဟင်းလင်းပွင့်သွားလောက်အောင် သတိလွတ်သွားသဖြင့် အကုသိုလ်အပူရလာလျှင် ရန်သူပေါင်း ဖြစ်သည်။

၃။ ကုသိုလ်ဝင်ပေါက် ဟင်းလင်းပွင့်သွားလောက်အောင် သတိကောင်းနေသဖြင့် ကုသိုလ်ရလျှင် ဆွေမျိုး ပေါင်းဖြစ်သည်။

တစ်နည်းအားဖြင့်-

၁။ လောဘဖြင့် ပေါင်းလျှင် တစိမ်းပေါင်း၊

၂။ ဒေါသဖြင့် ပေါင်းလျှင် ရန်သူပေါင်း၊

၃။ သတိပညာဖြင့် ပေါင်းလျှင် ဆွေမျိုးပေါင်း ဖြစ်သည်။

ကိုယ့်ဟာကိုယ်ပေါင်းလျှင် သိက္ခာ ၃-ပါး ပြည့်ဝဖို့ ကောင်းမှုတရားတိုးပွားဖို့ သတိထားပေါင်းရမည်။ လူ့ဘဝရောက်လာရခြင်း, သုံး၍ဖြစ်နိုင်သော လူဖြစ်လာခြင်း, သုံးတတ်သုံးနိုင်သော လူဖြစ်လာအောင် ကူညီ စောင့်ရှောက်ပေးကြမည့် မိဘဆရာသမား ဆွေမျိုးမိတ်ဆွေများနှင့် တွေ့ရခြင်း, အဲ့ဩစရာသာသနာနှင့် တွေ့ ရခြင်း, သာသနာကို နှစ်နှစ်ခြိုက်ခြိုက် ကျေကျေနပ်နပ် လက်ခံနိုင်ခြင်းစသည့် အဆင်ပြေမှုအားလုံးသည် ကုသိုလ်ကံ အခြေခံကောင်းကြောင့်သာ ဖြစ်သဖြင့် "အဆိုးကင်းလို အကောင်းပြည့်စုံလိုလျှင် ငါဇကန် ကုသိုလ်ပြုရမည်"ဟု ကုသိုလ်ရအောင် ပေါ်အောင် ပေါင်းခြင်းသည် ကိုယ့်ဟာကိုယ် ဆွေမျိုးပေါင်းပေါင်းခြင်းဖြစ်သည်၊ သတိပေါ်လာလျှင် ဝီရိယ, သမာဓိ, ပညာ, သဒ္ဓါ, မေတ္တာ, စေတနာစသည့် အကောင်းတရားများသည် ကုသိုလ်ရရှိ တိုးပွားရေးအတွက် စုပေါင်းလာကြသည်။

အို, နာစသည့် ဒုက္ခများကို ကုသိုလ်မြန်မြန် များများရအောင် တွန်းပေးသည့် တွန်းအားအဖြစ်, အနိစ္စ ဒုက္ခ အနတ္တမြင်အောင် လက်တွေ့ပြပေးသည့် ဝိပဿနာအာရုံအဖြစ် သတိထားပြီး ဉာဏ်ဖြင့် ကြည့်ရှုတတ်လျှင် ကိုယ့်ဟာကိုယ် ကုသိုလ်ရအောင် ဆွေမျိုးပေါင်းပေါင်းခြင်းပင်ဖြစ်သည်၊ လူ့ခန္ဓာ၌ သတိတစ်လုံးကျန်နေသေးလျှင် ရုပ်ခန္ဓာမည်မျှပင် ဖောက်ပြန်စေကာမူ ကုသိုလ်ရအောင် ခန္ဓာအသုံးတည့်သေးသည်၊ သတိတစ်လုံး ပျောက်လျှင်ကား မည်သည့်အရာများ မည်မျှလောက်ပင်ကောင်းနေသော်လည်း ကုသိုလ်ရရေးအတွက် ခန္ဓာ အသုံးမတည့်တော့ချေ။

ကိုယ့်ဟာကိုယ် ပြေလည်အောင် ပေါင်းတတ်လျှင် ပစ္စည်းစသည့် သက်မဲ့များနှင့်လည်း ပြေလည်အောင် ပေါင်းနိုင်ပါသည်။ လူ့အသက်

ကျန်းမာရေး ခွန်အား ဉာဏ်အားလုံး ပစ္စည်းလက်ထဲမှာ ရှိနေကြသဖြင့် ပစ္စည်းနှင့် လူ ဇကန်ပေါင်းရမည်သာ ဖြစ်သည်။ ကုသိုလ်ရအောင် သတိထားပေါင်းရမည်၊ ပစ္စည်းနှင့်လူ ပေါင်းခြင်းသည် အတိုချုပ် ကိုယ်သုံးဖို့နှင့် သူတစ်ပါးပေးဖို့ ၂-မျိုးသာဖြစ်သည်။ ကိုယ်သုံးလျှင် ကုသိုလ်ရမှ ဆွေမျိုးပေါင်း ဖြစ်နိုင်သည်။

ကိုယ်နှင့် သက်ရှိပုဂ္ဂိုလ်သတ္တဝါ
ပေါင်းသည့်အခါ သတိထားရုံမျှ
ဖြင့် မလုံလောက်ဘဲ မေတ္တာပါ
တွဲ၍ ပေါင်းရမည်။ ခန္ဓာပါတွဲမှ
မေတ္တာ ခိုင်မာမည်။ မိမိ၏ ပစ္စည်း
များတွင် သူတစ်ပါး ပေးဖို့အတွက်
ရည်ရွယ်ထားသော ပစ္စည်းများ
လည်း ပါဝင်သည်။ လူနှင့်ပစ္စည်း
တွဲပြီး သက်ရှိလူများနှင့် ဆက်
ပေါင်းဆုံလျှင် သတိရော မေတ္တာပါ
ထည့်ပေါင်းပေးရမည်။

ကိုယ်နှင့် သက်ရှိပုဂ္ဂိုလ်သတ္တဝါ ပေါင်းသည့်အခါ သတိထားရုံမျှဖြင့် မလုံလောက်ဘဲ မေတ္တာပါတွဲ၍ ပေါင်းရမည်။ ခန္ဓာပါတွဲမှ မေတ္တာ ခိုင်မာမည်။ မိမိ၏ ပစ္စည်းများတွင် သူတစ်ပါး ပေးဖို့အတွက် ရည်ရွယ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။ လူနှင့်ပစ္စည်းတွဲပြီး သက်ရှိလူများနှင့် ဆက်ပေါင်းဆုံလျှင် သတိရော မေတ္တာပါ ထည့်ပေါင်းပေးရမည်။ မိမိ၏ပစ္စည်းကို ပေးစရာ ပုဂ္ဂိုလ်သည် ၁။ ကျေးဇူးရှင်၊ ၂။ အတူနေသူ၊ ၃။ ဆွေမျိုးမိတ်ဆွေ၊ ၄။ ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာဖြစ်သည့် အကျင့်သိက္ခာ မြင့်မြတ်ကြီးမားသော သူတော်ကောင်း-ဟု ၄-မျိုးရှိသည်။

ပေးသူ ယူသူ ၂-ဖက်လုံး၌ ဒါန သီလ သမာဓိ ဝိပဿနာ အစုံရနိုင်အောင် မေတ္တာ လွှမ်းခြုံပေးတတ်ရမည်၊ "ဤပစ္စည်းကြောင့် အဆိုးကင်း၍ အကောင်းပြည့်စုံပြီး ချမ်းသာပါစေ။ ဤပစ္စည်းကြောင့် အဆိုးကင်း ကြောင်း အကောင်းပြည့်စုံကြောင်း ကောင်းမှုများ ရရှိတိုးပွားပါစေ"ဟု ထိမိအောင် လွှမ်းခြုံတတ်ဖို့ လိုသည်။ မည်သူ့အတွက်ပင် ပေးသည်ဖြစ်စေ ၂-ဖက်လုံး ကုသိုလ်ရအောင် ပေါင်းတတ်လျှင် သက်ရှိများနှင့် ဆွေမျိုးပေါင်း ပေါင်းခြင်းပင် ဖြစ်သည်။

ထိုမှတစ်ပါး ၂-ယောက်မှစ၍ လူအချင်းချင်း စုပေါင်းကြသည့်အခါ -

၁။ အမျိုးဘာသာ သာသနာအတွက် ခံယူဦးတည်ချက်ရှိရမည်။ အမျိုးကိုနည်းမှန် လမ်းမှန် ချစ်တတ်ရမည်။ နာမည်ကောင်းကို ထိန်းထားနိုင်ရမည်၊

၂။ စည်းကမ်းရှိရမည်။ အများလေးစားခံရလောက်အောင် စည်းကမ်းကို လိုက်နာကျင့်သုံးရမည်။ အချင်းချင်း သစ္စာရှိရမည်၊

၃။ ကိုယ်ကျိုးစွန့်ခွာ အနစ်နာခံတတ်ရမည်။ ပေးကမ်းစွန့်ကြဲ ကူညီတတ်ရမည်။

၄။အရှိ အတိုင်း ကြည့်ရှုသုံးသပ် ဆုံးဖြတ်တတ်သော အသိပညာရှိရမည်။ ကောင်းမှုကို အထွတ်အထိပ် ထားရမည်။

တစ်နည်းအားဖြင့်-

၁။ သည်းခံခွင့်လွှတ် သဘောထားကြီး တတ်ရမည်။

၂။ ကရုဏာအားကြီးရမည်။ သနားကြင်နာကိုယ်ချင်းစာတတ်ရမည်။ စာနာထောက်ထား ညှာတာတတ်ရမည်။

၃။ အချင်းချင်းနှင့် အများအပေါ် အကျိုးလိုလားသည့် မေတ္တာတရားအားကြီးရမည်။

၄။ မုဒိတာတရား ထားရှိရမည်။ ကြီးပွားတိုးတက်အောင်မြင်သူ ပေါ်ပေါက်လာလျှင် လိုက်လိုက်လှဲလှဲ ဝမ်းသာတတ်ရမည်။ အားပေးချီးမြှောက်တတ်ရမည်။ ဤစုပေါင်းအား ၄-ချက်ဖြင့် ဖွဲ့စည်းနေထိုင်တတ်ရမည်။ ဤ ၄-မျိုးဖြင့် စုပေါင်းနေလျှင် အပေါင်းမှန်သဖြင့် ဧကန် အကောင်း ကျန်ရစ်ရပါသည်။ ဘေးရန်အပူအရှုပ်ကင်းရှင်း၍ လုပ်သမျှ အရာရာ အောင်မြင်တိုးတက်ရသည်။ အပေါင်းမှန်လျှင် အကောင်း ဧကန် ရရှိရစမြဲသာ ဖြစ်သည်။

ရန်ကုန်မြို့ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်ကြီးသည် ဤအပေါင်းစနစ်ဖြင့် နည်းမှန် လမ်းမှန် စုပေါင်းကြိုးစားလာခဲ့သောကြောင့် နှစ် ၄၀-ကာလ ရောက်လာသည်ထိ အောင်မြင်ကြီးပွားတိုးတက်လာခဲ့သည်၊ စံပြ စာသင်တိုက်ကြီး အဖြစ်ရောက်လာခဲ့သည်။ အကျိုးရလဒ်ကို မြင်ရလျှင် အကြောင်းကောင်းပေါ်လွင်လာမြဲတည်း။ ဆရာတော်နှင့်တကွ စာချ၊ စာသင်များ၊ ချီးမြှောက်သူ ဒကာဒကာမများသည် ကိုယ့်ဟာကိုယ်လည်း အပေါင်းတတ်သည်။ ပစ္စည်းနှင့်လည်း နည်းမှန်လမ်းမှန် ကုသိုလ်ဖြစ်အောင် ပေါင်းတတ်သည်။ အချင်းချင်းလည်း မေတ္တာတွဲ၍ ဆွေမျိုးပေါင်း ပေါင်းတတ်သည်။ အတိုချုပ်အားဖြင့် သတိ ပညာဟူသော တစ်ကိုယ်ရေ



ရန်ကုန်မြို့ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်ကြီးသည် ဤအပေါင်းစနစ်ဖြင့် နည်းမှန် လမ်းမှန် စုပေါင်းကြိုးစားလာခဲ့သောကြောင့် နှစ် ၄၀-ကာလ ရောက်လာသည်ထိ အောင်မြင် ကြီးပွားတိုးတက်လာခဲ့သည်။ စံပြ စာသင်တိုက်ကြီး အဖြစ်ရောက်လာခဲ့သည်။ အကျိုးရလဒ်ကို မြင်ရလျှင် ...

အား၊ ခန္တီမေတ္တာဟူသော စုပေါင်းအားဖြင့် ကြံ့ခိုင်တည့်မတ်စွာ ကြိုးစားနိုင်ကြသည်။ အကျိုးကောင်း တစ်ခုသည် အကြောင်းကောင်း အစုအဝေးကြောင့် ပေါ်လွင်ထင်ရှားလာရခြင်း ဖြစ်သည်။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် မှန်ကန်သော အပေါင်းစနစ်ဖြင့် အစွန့်ရှည်ကြာတည်တံ့ကာ ထွန်းလင်းတောက်ပြောင် စည်ပွဲဖြိုး တိုးတက်ပါစေသတည်း။

♦ **တိပိဋက ယောဆရာတော်**

# လေးဆယ်နှစ်တွင် ဖော်ကွန်းတင်

☸ ခဏ,လယ ၊ မုဟုတ္တနှင့် ၊ ခေတ္တခိုက်တန့် ၊ စက္ကန့်မိနစ် ၊ တလစ်ပျံ့ချိ ၊ ချိန်နာရီမှ ၊ ဒိသ ၊ ခေါ်ဆို၊ နေ့ကိုလ, စား၊ လ , များနှစ်ဖြစ် ၊ ထူးသစ်ကြာရှည် ၊ အလီလီကို ၊ ရာသီ,ဥတု ၊ ရတုသတ်မှတ် ၊ သမုတ်လတ်၍ ၊ မျိုးဇာတ်မတူ၊ တစ်မူကွဲပြား၊ ကမ္ဘာသားတို့ ၊ လယ်ငြားမပြတ်၊ ချားရဟတ်သို့ ၊ မရပ်မနား ၊ ခရီးသွားလာ ၊ သံသရာတွင် --

☸ ပျော်ရွှင်ကြည်နူး ၊ နေ့ထူးနေ့မြတ် ၊ သမုတ်လတ်လျက် ၊ များမြတ်စုံစွာ ၊ မျိုးဆွေညာတို့ ၊ ခုခါကျင်းပ ၊ ခဏတစ်ခု ၊ ရောက်ရှိမှုကို ၊ " ရတု " ခေါ်ကြ ၊ ဝေါဟာရမှာ-

☸ ဒေသ ၊ မှတ်ဖွယ် ၊ အရှေ့လယ်မှ ၊ မျိုးနွယ်တော် " ဂျူး " ဟီဘရူးမှတ် ၊ စကားရပ်မှ၊ ဆင်းလတ်စထွင်၊ မှတ်တမ်းတင်၏၊ လူရှင်မှတ်ရစ် ၊ ဖေါ်ကြူးလှစ်သော် --

" တစ်နှစ်ပြည့်မြောက်၊ ကာလရောက်ကို၊ **ချည်**ရတုဆို ၊ (၂)နှစ်ကိုမူ ၊ **စက္ကူ**ရတု ၊ သုံးခု**သားရေ**၊ လေးထွေ**ပိုး**ဖြစ် ၊ ငါးနှစ်**သစ်သား** ၊ **သံ**ကားခြောက်နှစ် ၊ **ကြေး**ဖြစ်သတ္တာ ၊ **ရာဘာ**မှာရှစ် ၊ ကိုးနှစ်**မြေအိုး** ၊ ဆယ်မျိုး**သံဖြူ** ၊ မှတ်ယူ**သံမဏိ** ၊ တွင်ဘိဆယ့်တစ် ၊ ဆယ့်နှစ်**ပိတ်စ** ၊ တစ်ဝပေါင်ရုံး ၊ ဆယ့်သုံး**ဇာချည်** ၊ တစ်လီ**ဆင်ဆွယ်** ၊ ဆယ့်လေးနွယ်၏၊ မှတ်ဖွယ်ဆယ့်ငါး၊ တင်စား**ဖန်သလင်း**၊ **ကြွေ**ဆင်းရတု ၊ နှစ်ဆယ်ပြု၏ ၊ တစ်ခု**ငွေ**ကား ၊ နှစ်ဆယ့်ငါးမှတ် ၊ နောက်ထပ်သုံးဆယ် ၊ **ပုလဲ**သွယ် သို့ ၊ မှတ်ဖွယ်သုံးငါး ၊ ခေါ်ငြား**သန္တာ** ၊ ကျောက်စိမ်းဖြာ၍ ၊ စတ္တာလီသ ၊ လေးဆယ်ကျသော် ၊ **ပတ္တမြား**ရတု ၊ ခေါ်တုံပြု၏ ၊ မှတ်ရှုလေးငါး ၊ ခေါ်ငြား**နီလာ** ၊ ရွှေမှာ**ငါးဆယ်** ၊ **မြ**ဝယ်ငါးပါး ၊ သမုတ်ငြားလျက် ၊ **ကြောင်မျက်**ခြောက်ဆယ်၊ ခုနစ်ဆယ်ကျ၊ နှစ်ဝသကို ၊ **ဥဿဖယား** ၊ရတုထား၍၊ ခွန်ငါးမှာ**စိန်**၊ ရှစ်ဆယ်ချိန်နှစ် ၊ **ဂေါမိတ်**ဖြစ်၏ ၊ တလစ်**နဝရတ်** ၊ ကိုးဆယ်မှတ်ခါ၊ နှစ်တစ်ရာမူ၊ **ရာပြည့်**ရတု၊ ဆိုထုံးပြုကြ ၊ ကာလရာသီ ၊ အလီလီပြောင်း ၊ အကောင်းကုသ ၊ မင်္ဂလကို ၊ ကျင်းပဆင်နွှဲ ၊ ချိမ့်ချိမ့်သဲမျှ ၊ ပျော်ပွဲမျိုးမျိုး ၊ ကမ္ဘည်းထိုးလျက် ၊ အကျိုးရှိလှ ၊ ပစ္စက္ခနှင့် ၊ ဘဝနှောင်ကျိုး ၊ ဆထက်တိုးခါ ၊ အမျိုးဘာသာ၊ သာသနာနှင့် ၊ နှစ်ဖြာစုရ ၊ နေလပမာ ၊ ရွှာမအင်းစိန် ၊ ဝင်းထိန်သာသနာ ၊ ပြည့်စုံဖြာသည့် ၊ ပရိယတ္တိ ၊ ထူးဘိကျောင်းတော်၊ ပွင့်ထွန်းပေါ်လာ ၊ လေးဆယ်ကြာပြည့် ၊ မဏိရတနာ ၊ မဟာရတု ၊ ဆက်နွယ်ပြုလျက် ၊ ရတုစိန်ရွှေ ၊ စဉ်ဆက်ဝေသည် ၊ တည်နေကမ္ဘာချည်းစေသော် . . . . . . .

♦ ဦးခင်မောင်ရင် (ဓမ္မာစရိယ . B.Sc )

မှတ်ချက်(၁)။ ။ ဘဒ္ဒန္တကုဏ္ဍလ(အရှေ့လယ်တီကျောင်းတိုက်၊ မုံရွာမြို့)ရေးသားသည့်မဟာသုတဒီပနီကျမ်း ငွေထွန်းအောင်၏ဆောင်းပါးနှင့်၊ ခင်လေးပု၏ပူဇော်ပွဲစာဆောင်များပါဆောင်းပါးများကိုမှီးပါသည်။

## အင်းစိန်ရွာမ ပရိယတ္တိဝိဇ္ဇာလယ မဏိရတနာဝေလ ရစနာ ပဏ္ဍိတဝေဒနိယ ပါဠိတေးထပ်

အင်းစိန်ဂါမ ဝိဟာရ
မဏိရတနကာလံ၊
အတိဂါရဝ နာဂရံ
သာဒရံ နမာမိ။
စတ္တာလီသ သဘာယံ
မဟာနံ ပူဇယန္တိ။ ။
ဒွေ စုရ ဝါဟနံ
သာသနံ ပဂ္ဂဏှို။
သဒ္ဓါဟံ ပူဇေမိ တေန
ဒဒေမိ ဒါယကံ။
ဝုမ္ဘန္တိ ဝိဇ္ဇာလယောတွေ၀
သိဿာနော သောတုဇနံ။
ကာယေန သစိတ္တံ
သုခတ္တံ အာရောဂျာနုဋ္ဌ
ဘဝါမ ယတ္တ သဘဂ်
သဗ္ဗမင်္ဂလံ။
တိဋ္ဌတု ဇိနသာသနံ၊ စိရကာလန္တိ သဒ္ဓမ္မေန ဝေ။ ။

**ဦးခင်မောင်ရင် (ဓမ္မာစရိယ၊ B.Sc)**

**မှတ်ချက်-** 'မဟာသုတဒီပနီ'ကျမ်းပြုဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ ရေးသားသည့်
'ပဋိဘာန်ရစနာ ပဏ္ဍိတဝေဒနိယ'ပါဠိတေးထပ်ကို
မှီးပါသည်။

# အင်းစိန်ရွာမ ပရိယတ္တိ ဝိဇ္ဇာလယ ဥဒါနဂါထာ

(၁) ကုဋ္ဌရေဟိ နပာနေန ၊ ‘ မွန် ’ ဉာ တိဘိ မဟာသရော ။
ဗျူပွတ္တိ က္ကတိ ဝေါဟာရော ၊ ‘ အင်းစိန် ’ ဂါမော သမုဗ္ဘဝိ ။
(၂) အဓိကေန စတုသဋ္ဌိ ၊ သက္ကရာဇိက ဧကေတော ။
အင်းစိန်ရွာမ ဝိဟာရောတိ ၊ တိဌ္ဌသိ စိရကာလတော ။
(၃) အာဒိစ္စ , ဝါသဝေါ ထေရော ၊ နာရဒေါ , ပညာသီဟောစ ။
အာဒိကမ္မ မဟာထေရော ၊ နိဂြောဓ , ရွာမနိဿိတာ ။
(၄) ဒွတ္တိံသာဓိ သက္ကရာဇေ ၊ တိသတေက သဟဿေသု ။
အင်းစိန်ရွာမ ဝိဇ္ဇာလယော ၊ သမုဋ္ဌော ပရိယတ္တိကော ။
(၅) တသ္မိံ ရွာမဝိဇ္ဇာလယေ ၊ နန္ဒဝံသ , ကေသဝေါစ ။
ပဘာဝေါတိ မဟာထေရာ ၊ ဘဒ္ဒန္တာ ကေတုနာမကာ ။
(၆) ဥိးတိလောကာဘိဝံသေန ၊ သဟ အင်္ဂိုရ , ဝိဇယာ ။
သာသနဿ ဓဇူပမော ၊ ထေရ ထေရော ပရမ္ပရာ ။
(၇) စတ္တာလီသ ဝဿေသတိ ၊ က္ကဒါနိ မဏ္ဍိရတနေ ။
ပဥ္စသတာဓိ သင်္ချေယျော ၊ ဝုမ္မုပေန္တော သောတုဇနေ ။
(၈) မဏ္ဍိရတနာ ဝေလမှာ ၊ အာဒိံကတွာ ဝိရူဠှကေ ။
ဇမ္ဗူဒီပ တိဋ္ဌယန္တု ၊ ဇောတယန္တု ပရမ္ပရေ ။

**အတိဂါရဝေန**

**ဦးခင်မောင်ရင် တိနာမကော ဥပဋ္ဌာကော**

**လှည်းကူးနဂရပဒေသော**

မှတ်ချက် ။ ။ ဆရာတော် "ဘဒ္ဒန္တ နန္ဒဝံသ" မဟာထေရ်မြတ်အားပူဇော်သည့် "အဘိဓဇဂုဏ်ရည်" စာစောင်ပါ အချက်အလက်များကို မှီးပါသည် ။

# ကမ္ဘာတည်အောင် မော်ကွန်းထူ

(ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ်)

တိုင်းရန်ကုန် အင်းစိန်မှ
သတင်းထိန်လှ ရွာမမြေ
ဆင်းသိဂ် သာသနာ့နေပမာ
ဂါရဝဝေဖြာ ဆရာစဉ်အများ..
'စာအံစာကျက်၊ စာပြန်စာတက်
ဝါယမံ သဒ္ဒါစွက်' သောတုဆွေကို
မောမှုပြေအောင် သင်ပြလာကြမနား..။

'ဒေသနာသိမှတ်၊ ထေရ်ဆရာကဝိမြတ်၊
ရွှေကြာပရိယတ်' ပန်းကုဋေကုဋာကို
မနွမ်းစေရာ ရေဇလာအများ
စမ်းခွေကာ သေချာထားပါလို့
မြေကမ္ဘာတစ်လွှားဖြင့် ပွင့်ကြရအောင်
ရေတည်အောင် ကန်ပေါင်ဆင့်ကာပ
စံအခေါင်တင့် ရေနှင့်ကြာ အရောင်..။

'ပဒုမ္မာပန်းတို့၊ ထုံနံ့သာလျှမ်းပျို့
ဘုံကမ္ဘာလွှမ်းလို့'တင့်အပ်ပနာဆောင်သည်
ပွင့်ချပ်အရာအထောင် ဝတ်မှုန် အထူးတို့ကိုဖြင့်
ဆွတ်ရုံရူး သုံးကြသဒ္ဒါရှင်ချို
ပိတုန်းလှ စာသင်ပျို

'မူးမာန်မကျုံရ၊ မှူးစံတံခွန်လှ
ဦးနန္ဒဝံသ'တည်ထောင်ပါသည်
ပြည်ထောင်ကမ္ဘာ အနံ့မွှေးပြီဘုရာ့လေး..။

'သာသနာအကျိုးပါ့၊ ပါပကာချိုးချ
ဝါယမာနိုးထ'တိလောကဆရာသည်
အတိသောမနဿသဒ္ဒါ ပြဋ္ဌာန်းလာခဲ့လေး.။

'အမိုက်လျော်ညီခဲ့..စရိုက်ပျော်ကြည်ဖွဲ့
တိုက်တော်တည်ခဲ့' စနစ်မွှေးထယ်(ထည်)ကြိုင်သည်
နှစ်လေးဆယ်တိုင် ရှည်ခဲ့ပြီကွယ့်လေး..။

'စနစ်ဆွေးဖယ်ချ၊ နှစ်လေးဆယ်မှ
ချစ်ရေးကြွယ်ကြ၊ ဆရာဒကာညီစွာ
ကမ္ဘာတည်အောင် မော်ကွန်းထူဘုရာ့လေး...။

■ မြေလတ်မင်းလွင်

## ရွှာမပရိယတ္တိစာသင်တိုက်

# အနှစ်လေးဆယ်မြောက် ဂုဏ်ပြုမော်ကွန်း ထပ်တွန့်ရှစ်လုံးဘွဲ့ကဗျာများ

ထင်ရှားအရှိမှတ် ၊ သင်ကြားပရိတ်ယတ် ၊ ကန်မြတ်မင်္ဂလာ၊
ဆင့်ပြားသတိကပ် ၊ ကျင့်ပွားပဋိပတ် ၊ ရေမြတ်မင်္ဂလာ၊
တရားအရှိမှတ် ၊ ရပြားအသိဓါတ် ၊ ကြာမြတ်မင်္ဂလာ၊
မှီထုံးရ ၊ ဤသုံးဝ ၊ ဗုဒ္ဓသာသနာ။

အမတာဓါတ်ဆိုရှိ ၊ ကြာမြတ်လိုဘိ ၊ ရေရှိရမည် ၊
အခြေရှည်လိုရှိ ၊ ရေတည်လိုဘိ ၊ ကန်ရှိရမည် ၊
မှန်ထူးကြွယ်လို့ ၊ ကန်တူးဆည်ဖို့ ၊ စာပို့ချသည် ၊
သင့်မမှား ၊ ကျင့်တရား ၊ ရေများကြာတင့်သည် ။

အတူသာမယှဉ်း ၊ လူတကာမင်း ၊ လျှုရင်းကျင့်နာ ၊
အစဉ်မှန်ရင်း ၊ ရှင်ရဟန်းမင်း ၊ ကျင့်ရင်းပေဟာပါ ၊
အထင်ကရရှင်ပြ ၊ အညမည ၊ ပြုကြဆရာဒကာ ၊
ဆက်မြဲငြား ၊ လက်တွဲထား ၊ ကြီးပွားသာသနာ ။

မှန်စုံပါလှ ၊ ရန်ကုန်သာစွ ၊ ရွှာမဌာနီ ။

ထာဝစဉ်မြိုက်သီး ၊ စာသင်တိုက်ကြီး ၊ တည်ပြီးကြာပြီ ၊
စစ်မေးဘယ်လောက် ၊ နှစ်လေးဆယ်မြောက် ၊ ထွန်းတောက်ဝေဆီ ။
မှတ်နော်ညွှန်း ၊ မြတ်မော်ကွန်း ၊ စည်ယွှန်းအောင်ပါပြီ ။

■ ညောင်ကန်အေးဆရာတော် ဒေါက်တာဘဒ္ဒန္တကုဏ္ဍက

# တည်စေ့ တည်လေ့ တည်မည်လေ



■ တစ်ထောင့်သုံးရာ
သုံးဆယ်သာလို့ ၊ နှစ်ဖြာခုမွေး
အနှစ်လေးဆယ် ၊ ဒီအရွယ်ထိ
နုတယ်သစ်တယ် ၊ ဆန်းကြွယ်လန်းဘိ
ရွှာမပရိယတ္တိစာသင်တိုက် ။

■ နာယကငါးပါး
စာသင်သား က ၊
အပါး သုံးဆယ်ကျော်
အစဖေါ်ခဲ့ ၊ နောင်သော်ထွန်းသစ်
ခုလို ဖြစ်ဖို့ ....။

■ အစစွာ နာယက
ခုခါ သမယ ၊ ပဓာန နာယက
ထာဝရကျော် ဆရာတော်
လမ်းညွှန်ဖော်ခဲ့ ..
ချစ်သော်ဆန္ဒ ၊ မုန်း ဒေါသနှင့်
မောဟအသိကင်း ၊ ကြောက်ခြင်းဘယ
လေးဝ အဂတိ ၊ မလိုက်မိဖို့
ပရိယတ္တိစာသင်တိုက်မှာ ----။

■ နာယကချင်း
အပြစ်ကင်းဖို့ ၊ အတင်းမကျူး
တစ်ဦး နှင့် တစ်ဦး ၊ အထူးသိခြင်း
" ပွင်းလင်း " " ရိုးသား "
" နိုးကြား " " တိုင်ပင် "
အထင်ကရ ၊ တင်ပြရွေးချယ်
မကောင်းဖယ်ကာ ၊ ကောင်းဖွယ်ကိုသုံး
ညီညွတ်ဆုံးဖြင့်
နှလုံးစိတ်ဝမ်း ၊ အေးချမ်းစွာ ---။

■ သင်ယူသူ ဆရာ
သင်ယူသူ တပည့်
ဆရာနဲ့ တပည့်ကြား
ဘာမျှမခြားဘဲ ၊ အတားအဆီး
အသီးအသန့် ၊ အခန့်မနေ
မရှိချေအတူ ၊ ရှိနေအတူ
မသိချေအတူ ၊ အသိဖွေအတူ
မကြည့်ပေအတူ ၊ ကြည့်ပေအတူ
အတူတူစား ၊ အတူတူထား၏
အဲ - ဆရာ့ဝတ္တရား ၊ ပြည့်စွာထား၍
တပည့်ဝတ္တရား ၊ မပျက်ပြားရ
ထာဝရချစ်စွာ
ချစ်ဆရာ ၊ ချစ်တပည့်
အနှစ်ပြည့်စွာ-----။

■ ကမ္ဘာတည်သရွေ့
သာသနာတည်စေ့
ဒီအနှစ် လေးဆယ်ရှိ
ရွှာမပရိယတ္တိလည်း
အမည်မရှို့
တည်စေ့
တည်လေ့ တည်တည်လေ ။

■ အရှင် နာဂဓလ
(၁၃၃၉–ခုနှစ်မှ ၁၃၄၈–ခုနှစ်အထိစာသင်သား)



## စာသင်ပျို့အတွက် မှာတမ်း ဒေးထပ်

- စာသင်ပျို့ ညီထွေးအတွက်
  ရည်တွေးလျက်နှောင်အစဉ်
  ဤလေးချက် ရှောင်ကြဉ်လျှင်
  အောင်မြင်မယ် သိထား။
- ဩဝါဒ ပေးအပ်မှာမည့်
  လေးရပ်တာ သိကြစေသား။
- မူကိစ္စ အကြောင်းဖွဲ့ရာ
  အပေါင်းဆွေသဟာ မိတ်များ။
- လျောင်းခွေကာ အိပ်များပါ့
  တဆိတ်မအား ပေါက်ပေါက်ရှာရှာ။
- အနှစ်မပါ အကြွားပိုနှော
  စကားဆိုပြော မွေ့တတ်လေပါ။
- စာသင်သားဆိုတာမှာ
  စာကိုသာ ကြိတ်ခဲ့လို့
  တစ်စိတ်ထဲ ကြိုးစားသင်အံ
  တိုးပွားဂုဏ်တင်လျှံ။
- စိတ်ကြမ်းယုတ် မဝင်ကြစေရန်
  တဒင်္ဂပဟာန် ပယ်ကြောင်းပါ့လေး။
- စာသမာဓိ တက်လှမ်းပါလျှင်
  အထက်တန်းလွှာ(ပင်) ရောက်မည်ကွဲ့လေး။ ။

အရှင်နာရဒ(ပုတီးကုန်း)



### စာသင်သားများရှောင်သင့်သော တာ(၄)ရပ်

၁။ ကမ္မာရာမတာ - အမှုကိစ္စ၌ မွေ့လျော်ခြင်း။
၂။ ဘဿာရာမတာ - စကားပြောခြင်း၌မွေ့လျော်ခြင်း။
၃။ နိဒ္ဒါရာမတာ - အိပ်ခြင်း၌ မွေ့လျော်ခြင်း။
၄။ သင်္ဂဏိကာရာမတာ - အပေါင်းအဖော်၌မွေ့လျော်ခြင်း။

# အမြွတ်ဆုံးအလှူ

◆ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"
ပါဠိကထာ၊ စာရှိလာသည့်
ဒါနဟုမှတ်၊ အရပ်ရပ်၌
အမြတ်ဆုံးကား၊ မှတ်သိပွားလျှင်
တရားအလှူ ဖြစ်ပါ၏။

◆ တရားအလှူ၊ ဘုရားမူတည့်
ဟောသူလည်းမြတ်၊ နာသူမြတ်၏
မြတ်သည့်ဒါန၊ ကြံ့တွက်ဆသော်
ဓမ္မအနှစ် အလှုစစ်။

◆ ဓမ္မတရား
ဉာဏ်ဆစ်ပွားလျှင်၊ ဘုရားအစ
ပစ္စေကဗုဒ္ဓါ၊ ရဟန္တာထံ
ရည်သန်လှူဒါန်း၊ တစ်စုံသက်န်းထက်
ရဟန်းဝါဝါ၊ များသံဃာကို
စာပေပို့ချ၊ လေးပါဒက
အလှုသာမြတ်၊ ပရိယတ်ဟု
သိမှတ်လက်ခံ၊ အကျင့်မှန်သည်
နက်ဖြန်နိဗ္ဗာန် နီးရန်တည့်။

◆ ပရိယတ္တိ၊ မြတ်အသိနှင့်
ကပ်ငြိဆင့်ပွား၊ အကျိုးများအောင်
တရားဟောပြ၊ စာလည်းချ၍
ဉာဏသူဌေး၊ ဉာဏ်လှူပေးရင်း
ဉာဏ်ရောင်လင်းသည်
ကောင်းခြင်းမဟာ မင်္ဂလာ
လောကထဲမှာ အလှုရှာ
ထေရဝါဒ သာသနာ ။ ။

မြေလတ်မောင်မြင့်သူ





# မော်ကွန်းသစ်

- အရဏ်အတက်
နှင်းစက်ပွင့်ကြွေ လေပြည်ဆော်သွေး
နေခြည်နွေးမှာ ရွှေဝါရောင်သန်း
ပန်းသတင်းဆောင်
အောင်မြေဗျာန ဤရွာမ။

- ဗုဒ္ဓအမွေ ဖြန့်ချီဝေငှ
စာချအကျော် သံဃာတော်များ
ပေါ်ထွန်းမွေးဖွား
တရားဝန်ဆောင်
ကန်ဘောင်တည်ဆောက်
ကျောက်သားကျောက်ဆိုင်
မယိုင်မလဲ ခိုင်မြဲတည်တံ့
ပန်းတိုင်းပွင့်စေ ရနံ့ဝေသည့်
မြန်ရွှေပြည်မှ ဤရွာမ။

- ယမိုက်ပဋ္ဌာန်း စာချတန်းနှင့်
လမ်းဟောင်းအမှန် နက်သန်ဘူမိ
သတိစောင်းကြိုး တီးခတ်နှိုးသည်
ပန်းပျိုးဥယျာဉ်
မြလွင်ပြင်မှ
တိမ်ယံကို ဖောက် မိုးသို့ရောက်သည်
စာပန်းချီဖြင့်
နှိုင်းသီမရ ဤရွာမ။

- သမိုင်းတစ်ခေတ်
မော်ကွန်းသစ်တွင် သန့်စင်ကြီးမြတ်
မှတ်တိုင်များစွာ
ကမ္ဘာမြေပေါ် အောင်လံတော်စိုက်
ဦးခိုက်ပူဇော်
ကော်ရော်သင့်မှ ဤရွာမ။

ဗအုပ်ခိုင်

## ကြည်ညိုဦးခိုက် ရွှာမပရိယတ္တိစာသင်တိုက်

(တျာချင်း)



ရွှာမပရိယတ္တိ၊ တိုင်းသိပြည်ကျော်
သာမဏေကျော်များ၊ ထင်ရှားထွက်ပေါ်
နှစ်တိုင်းပူဇော်၊ နိုင်ငံတော်မှ
သာသနာလင်းထိန်၊ မြို့အင်းစိန်
ဂုဏ်ရှိန်တင့်ကာ ထူးလှသည်နှင့်လေး။

စာသင်စာချ၊ နေ့ညစာဝါ
သင်ကာလေ့ကျက်၊ ထက်မြက်စွမ်းရည်ဖြာ
သာမဏေ,သံဃာ၊ ထောင်ရာချီများ
ဤကျောင်းရိပ်မြုံ၊ ဒေသစုံ
နိုလုံ့ပညာသင်ကြားကြသည်နှင့်လေး။

သာသနာတော်အား၊ ပြန့်ပွားစေဖို့ရည်
စာပေပရိယတ်၊ ကျက်မှတ်အာဂုံသီ
သာသနာ့ဇာနည်၊ ဘွဲ့မည်ဂုဏ်ထူး
စာအောင်သဘင်၊ နွှဲဆင်ယင်
ပြည်တခွင် ငြိမ့်သဲကျူးရင့်သည်နှင့်လေး။

ရင်မှာကြည်နူး၊ ကွန့်မြူးစာပေကဗျာ
နှစ်လေးဆယ်ပြည့်၊ ထူးသည့်မြတ်သာသနာ
ဂုဏ်ပြုမင်္ဂလာ၊ လက်ာမော်ကွန်း
ပရိယတ္တိအောင်မြေ၊ အင်းစိန်မြေ
နောင်အရှည်တည်တံ့ ထွန်းလင်းစေတည့်လေး။

သာသနာထွန်းတဲ့ အင်းစိန်မြေမဟီ
စာကဗျာညွှန်ဖွဲ့ လင်းထိန်စေရမည်။

မြတ်လွမ်းနောင်(ပုတီးကုန်း)






## ဘဝရဲ့နာရီ

■ဘဝရဲ့ အဓိပ္ပါယ်
လောကနယ်ခရီးမှာ
တစ်နည်းနည်းနဲ့လျှောက်လှမ်း
အဲဒါ ပန်းခင်းလမ်း ။
■လှုပ်ရှားရန်းကန်ရင်း
မွေ့ပျော်ခြင်းဖြင့်ဖြည့်စွက်
ဟန်ချက်ညီညီ
ကျေနပ်ပါပြီလေ ။
ဒါပေမဲ့
အရှိကိုအရှိ
ပကတိမြင်တတ်ဖို့
စိတ်ဓာတ်နဲ့ကြံခိုင်
မျှဉ်းပြိုင်အလယ်မှာနော်။
■အဝေးနဲ့ အနီး
သားသမီးတွေရဲ့မျက်နှာ
နေခြည်ဖြာသလိုပါပဲ ။
■ကဲမိတ်ဆွေ
အားသစ်ဝေတဲ့အခါ
လူ့ဘဝဟာ နာရီတစ်ခုလို ။

ယဉ်ပန်ဝေ



# မှတ်တိုင်များ

* ကလေးအရွယ် နို့ချိုတွယ်၍
ရင်ဝယ်ငွေးထွေး ငြိမ်းချမ်းအေးလျက်
ဖေးမမှုတွေ ရခဲ့ပေ၏
ဤမြေလောက သဘာဝကို
မြူမှုမသိခဲ့ပါပေ ။

* လူငယ်ဘဝ အပျံသင်စတွင်
သမုဒယချီနှောင် အိမ်ရာထောင်လျက်
လောင်ချိုင့်တွင်းမှာ နေရရာသည့်
ပမာတင်စား ကျေးငှက်လားသို့
စဉ်းစားတွေးဆပြုခဲ့ပြီ ။

* ကလေးအရွယ် သိမကြွယ်ခဲ့
နယ်ကျော်ဖြတ်သန်း ဇရာလှမ်းပေါ့
ဝမ်းနည်းဝမ်းသာ ရှိတတ်စွာတည့်
ချမ်းသာဆင်းရဲ ရောင်မလွဲပေ
မမြဲနိစ္စ သိမြင်ရပြီ
တစသုသာန် ပို့၍ပြန်ကြ
ငိုသံလွှမ်းဖုံး လာလမ်းဆုံးလျက်
ပြန်ထုံးသာဓကေ များစွာတည်း။

သီဟဖြိုး

# လူ့ကျင့်ဝတ် ထိန်းသူ မထိန်းသူ



ပခုက္ကူအရှင်ကောသရ

လူ့ကျင့်ဝတ်ကို ထိန်းသိမ်းပြီး ငါးပါးသီလ လုံခြုံစွာနေထိုင်သူများမှာ အသက်ရှည်ခြင်း၊ စည်းစိမ်ဥစ္စာပေါများခြင်း၊ ထက်မြက်သော ပညာရှိဖြစ်နိုင်ခြင်းဟူသော အကျိုးသုံးပါးကို ရရှိနိုင်ကြပါသည်။

သီလငါးပါး၊ လုံခြားသူမှာ
အသက်အာယု၊ ရှည်မှုသေချာ
စည်းစိမ်ပေါလျက်၊ ထက်မြက်ပညာ
ဤသုံးပါး၊ ရခြားကျမ်းအလာ။

## သူ့အသက်မသတ်သူ

ဘဝအဆက်ဆက်မှာ အသက်ရှည်ခြင်း၊ ရောဂါကင်းခြင်း၊ အဆင်းလှခြင်း၊ ဘေးမကပ်ရောက်ခြင်း၊ အေးမြချမ်းသာခြင်း ဟူသော အကျိုးသုံးပါးကို ရစေနိုင်ပါသည်။

သူ့သက်သတ်ခြင်း၊ ရှောင်ကွင်းသူမှာ
ဘဝဆက်ဆက်၊ အသက်ရှည်ကာ
ရောဂါကင်းဆုတ်၊ ဆင်းရုပ်ဝင်းဝါ
ဘေးမခ၊ အေးမြလွန်ချမ်းသာ။

## သူ့အသက်သတ်သူ

အင်္ဂါချွတ်ယွင်းခြင်း၊ မွဲခြောက်သော ရုပ်သွင်ရှိခြင်း၊ ခွန်အားယိုယွင်းခြင်း၊လေးလံထိုင်းမှိုင်းခြင်း၊ ဘေးကိုကြောက်တတ်ခြင်း၊ သူတစ်ပါး အသတ်ခံရတတ်ခြင်း၊ အနာရောဂါများခြင်း၊ ခြွေရံနည်းပါးခြင်း၊ အသက်တိုတတ်ခြင်း-ဟူသော အပြစ်များဖြစ်ပေါ်လာနိုင်သည်။

ပါဏာတိပါတ်၊ သူ့အသက်သတ်က၊ ခြေလက်အင်္ဂါ(ချို့လတ်အင်္ဂါ)၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကို

ကြောက်တက်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များလှ၏။

**သူ့ဥစ္စာမခိုးသူ**

ဘဝအဆက်ဆက်မှာ ချမ်းသာစီးပွား များတတ်ခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း၊ အပြစ်ဖြစ်၍ မင်းအိမ်မရောက်ခြင်း၊ အရှိန်အဝါ ပြီးမြောက်ခြင်း၊ တင့်တယ်သောဂုဏ်ရှိခြင်း၊ လူတိုင်းကချစ်ခင်ခြင်း-ဟူသောအကျိုးတို့ကို ရစေနိုင်ပါသည်။

သူ့ဥစ္စာမျိုး၊ မခိုးသူမှာ
ချမ်းသာစီးပွား၊ ကျော်ကြားဂုဏ်ဝါ
မင်းအိမ်မရောက်၊ ပြီးမြောက်တေဇာ
ဂုဏ်တင့်လှိုင်း၊ လူတိုင်းချစ်ကြည်စွာ။

**သူ့ဥစ္စာခိုးသူ**

ဥစ္စာခနမွဲခြင်း၊ ဆင်းရဲ၍ငတ်မွတ်ခြင်း၊ အလိုရှိရာကိုမရခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ ရေ, မီး, မင်း, ခိုးသူ, အမွေဆိုးတို့ကြောင့် ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းဟူသော အပြစ်များ ဖြစ်ပေါ်လာနိုင်ပါသည်။

သူတစ်ပါးဟာ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေ ခံဆိုးနှင့်၊မင်းဆိုးအပြား၊ ရန်မျိုး ငါးကြောင့်၊ ဆုံးပါးဥစ္စာ၊ ပြစ်များလာ၏။

**သူ့သားမယားမပြစ်မှားသူ**

သူ့သားမယား ရှောင်ရှားသော သူများ မှာ ဘဝအဆက်ဆက်တွင် သူတော်ကောင်း သူမြတ်ဖြစ်ခြင်း၊ လူမြင်တိုင်းကချစ်ခင်ခြင်း၊ ဂုဏ်အရှိန်အဝါသစ်လွင်တောက်ပခြင်း၊ အပါယ်ငရဲမကျရောက်ခြင်း-ဟူသောအကျိုး များကို ရစေနိုင်ပါသည်။

သူ့သားမယား၊ ရှောင်ရှားသူမှာ
သူတော်သူမြတ်၊ ဖြစ်လတ်ခါခါ
လူမြင်တိုင်းချစ်၊ ဂုဏ်သစ်ရှိန်ဝါ
ပါယ်ငရဲ၊ သူလဲမခံရာ။

**သူ့သားမယားဖျက်ဆီးသူ**

အများတကာ မုန်းကြခြင်း၊ ရန်သူတိုး ပွားခြင်း၊ လာဘ်လာဘရှားပါးခြင်း၊ ချမ်းသာ သုခမရခြင်း၊ မိန်းမဘဝ, ပဏ္ဍုက်ဘဝဖြစ်ရခြင်း၊ ယုတ်ညံ့သောအမျိုး၌ဖြစ်ခြင်း၊ မျက်နှာကောင်း မရခြင်း၊ အရှက်ကွဲတတ်ခြင်း၊ ကြွေလက္ခဏာ ချွတ်ယွင်းတတ်ခြင်း၊ များစွာစိုးရိမ်ရခြင်း၊ ချစ်သူ နှင့်ကွဲကွာတတ်ခြင်း-ဟူသောအပြစ်များကို ဖြစ် ပေါ်လာစေနိုင်ပါသည်။

မိစ္ဆာစာရ၊ လွန်ကျူးကမူ၊ မုန်းကြသူများ၊ ရန်သူပွား၏၊ ရှားပါးလာဘ်လာ၊ ချမ်းသာ မရ၊ မိန်းမပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရရာ၊ လက္ခဏာကြွေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာ၏။

**မုသားမပြောသူ**

ဘဝသံသရာမှာ ခံတွင်းမှအနံ့သင်း ကြိုင်ခြင်း၊ ထက်မြက်သောဉာဏ်ရှိခြင်း၊ အာဏာ ကြီးမားခြင်း၊ လူများအလယ်တွင်ကျော်ကြားခြင်း ဟူသောအကျိုးများရစေနိုင်ပါသည်။

မမှန်စကား၊ ရှောင်ရှားသူမှာ
အာခံတွင်းက၊ နံ့သင်းကြိုင်စွာ
ထက်မြက်စူးရှ၊ ကြီးလှသြဇာ
လူတစ်လွှား၊ ကျော်ကြားလွန်မင်းစွာ။

### မုသားပြောသူ

သွားမညီမညာဘဲ ကျဲတဲတဲရှိခြင်း၊ ဆွံ့အပြီး စကားမပီသခြင်း၊ ပါးစပ်ပုပ်ညှီခြင်း၊ ကိုယ်အရေ အသားခြောက်ကပ်ခြင်း၊ ဣန္ဒြေပုံ မန်း ယွင်းဖောက်ခြင်း၊ အာဏာမစူးရှခြင်း၊ နှုတ်လျှာကြမ်းတမ်းခြင်း၊ လျှပ်ပေါ်လော်လီခြင်း၊ စိတ်မတည်ကြည်ခြင်း-ဟူသောအပြစ်များ ဖြစ်ပေါ်လာနိုင်သည်။

မုသားစကား၊ ဆိုမိငြားမူ၊ သွားကျဲမညီ၊
ဆွံ့မပီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်
ကိုယ်ရေ၊ ဣန္ဒြေနောက်ဘိ၊ ပုံယွင်းဖောက်၏။
မရောက်အာဏာ၊ နှုတ်လျှာကြမ်းထော်၊
လျှပ်ပေါ် လော်လီ၊ စိတ်မကြည်တည်း။

### အရက် ထန်းရေခါး မသောက်သူ

သေရည်သေရက်၊ မသောက်စားသူမှာ၊ အနာရောဂါကင်းခြင်း၊ လူမိုက်မဖြစ်ခြင်း၊ လူရူး မဖြစ်ခြင်း၊ အလွန်ကြီးပွားခြင်း၊ စီးပွားဖြစ်ထွန်း ခြင်းဟူသောအကျိုး များဖြစ်ပေါ်လာ စေနိုင် ပါသည်။

သေရည်သောက်စား၊ ရှောင်ရှားသူမှာ
ရောဂါဘယ၊ ဝေးပကင်းကွာ
လူမိုက်လူရူး၊ ဖြစ်ဖူးဘယ်ခါ
လွန်ကြီးပွား၊ စီးပွားဖြစ်မည်သာ။

### အရက်,ထန်းရေသောက်သူ

လောကမွေသင့်သည်မသင့်သည်၌ မသိခြင်း၊ အခွင့်အရေးကိုမသိခြင်း၊ ပျင်းရိတတ်ခြင်း၊ မိုက်မဲတတ်ခြင်း၊ ရူးသွပ်တတ်ခြင်း၊ ကျေးဇူး တုံ့ပြန် မဆပ်ခြင်း၊ အရှက်ကင်းခြင်း၊ အကြောက် ကင်းခြင်း၊ အကုသိုလ် ဖြစ်လောက်သည်ကို အပြုများခြင်းဟူသော အပြစ်များကိုဖြစ်ပွား စေနိုင်ပါသည်။



### သိကြားမင်း လူ့ပြည်ကိုလှမ်းရှိခိုး

သိကြားမင်းသည် တာဝတိံသာ ဝေဇယန္တာပြာသာဒ်မှ ဆင်းတိုင်းဆင်းတိုင်းလူ့ပြည် ရှိရာသို့ လှမ်း၍အမြဲရှိခိုးပါသည်။ မာတလိနတ်သားက မေးသောအခါ ဤသို့ဖြေကြားပါသည်။

" မာတလိနတ်သား၊ လူဝတ်ကြောင် အဖြစ်ဖြင့် ကုသိုလ်ကောင်းမှုပြုစုအားထုတ်ကာ ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းလျက် သားမယားကို တရားသောနည်းလမ်းဖြင့် ရှာဖွေလုပ်ကျွေးနေကြသော သီတင်းသည် ဥပါသကာများကို ငါသိကြားမင်းရှိခိုးတာပါ "

ငါးပါးလုံခြုံသူ အမျိုးကောင်းသားသည် သိကြားမင်းရှိခိုးမှုကို ခံထိုက်သည်ဟု ဆိုလိုပါသည်။ ငါးပါးသီလ လုံခြုံခြင်းဖြင့် လူ့သိက္ခာကို ထိန်းသိမ်းကြပါဟူ၍ တိုက်တွန်းပါသည်။

♦ ပခုက္ကူအရှင်ကောသလ

# ဓုရနှစ်ဖြာ ဖြန့်ဖြူးရာ

## အရှင်သုနန္ဒရ

(ဒသမမြောက်တိပိဋကဓရ၊တိပိဋကကောဝိဒ)



ဗုဒ္ဓမြတ်စွာသာသနာတော်၌ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ဆောင်ရွက်ရမည့် "ဓုရ"တို့မှာ ပိဋကစာပေ ကျမ်းဂန်ကို သင်ယူပို့ချခြင်း "ဂန္ထဓုရ"၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှုခြင်း "ဝိပဿနာဓုရ" ဟု နှစ်ပါးရှိသည်။

ရွာမကျောင်းတိုက်သည် ပရိယတ္တိစာသင်တိုက်ဟု ဆိုင်းဘုတ်တပ်ထားသော်လည်း ဓုရနှစ်ဖြာ ဖြန့်ဖြူးရာ ဌာနဟုဆိုလျှင် မှားအံ့ မထင်ပါ။

အဘယ်ကြောင့်ဆိုသော် ရွာမစာသင်တိုက်၌ ပရိယတ္တိစာပေကျမ်းဂန်များ ပို့ချသင်ယူမှုအပြင် အခါအားလျော်စွာ ဝိပဿနာဘာဝနာတရားစခန်းများလည်း ရှိသောကြောင့် ဖြစ်ပါသည်၊ အနည်းငယ် ထင်ရှား စေပါဦးမည်။

### ကြားဖူးပါသည် ရွာမဌာနီ

လွန်ခဲ့သော နှစ်(၃၀)ကျော်က ဖြစ်သည်။

စာရေးသူ ကိုရင်ဘဝ အမရပူရမြို့၊ တူမောင်းတိုက်တွင်နေစဉ် အတူနေမိတ်ဆွေတစ်ပါး ရွာမကျောင်းတိုက်သို့ ပြောင်းရွှေ့သွားပါသည်၊ တစ်နှစ်ကျော်၍ အလည်ပြန်လာသောအခါ ကျောင်းတိုက်၏ စည်းကမ်းကောင်းပုံ၊ တိုက်အုပ်ဆရာတော်ဘုရား၏ စာချကောင်းပုံ၊ အောင်ချက်ကောင်းပုံ အဖုံဖုံတို့ကို စုံအောင်ပြောပြသဖြင့် ရွာမစာသင်တိုက်အကြောင်းကို စတင်ကြားဖူးခဲ့ပါသည်၊ မိမိ မနေဖြစ်သော်လည်း တပည့်ကိုရင်များကိုမူ ပညာရည်နို့ သောက်စို့ရန် ရွာမစာသင်တိုက်သို့ ပို့ဆောင်အပ်နှံပေးခဲ့ပါသည်၊ ၎င်းကိုရင်များထဲမှ -

အရှင်ဩဘာသာဘိဝံသ (ပထမကျော်၊ သ. စ. အ ဓမ္မာစရိယ)နှင့်

အရှင်သောဘဏာလင်္ကာရ (သာမဏေကျော်၊ မဟာဝိဇ္ဇာ M.A သီရိလင်္ကာတို့သည်) ရွာမစာသင်တိုက်မှ အောင်မြင်မှု ရရှိခဲ့ကြသူများ ဖြစ်ပါသည်။

၁၃၆၁-ခုနှစ်၊ တန်ခူးလဆွေရာသီတွင် စာရေးသူသည် သုတ်, ဝိနည်းနှင့်တကွ အဘိဓမ္မာ ပထမပိုင်းကို အာဂုံရော ရေးဖြေပါ အောင်မြင်ပြီးဖြစ်၍ တိပိဋကရေဘွဲ့အတွက် ယမိုက်၊ ပဋ္ဌာန်းကို သင်ယူရန် လိုအပ်ချိန် ဖြစ်သည်။

တပည့်ဖြစ်သူ အရှင်သောဘဏာလင်္ကာရအား ရွာမစာသင်တိုက် တိုက်အုပ်ဆရာတော်ထံ ယမိုက် ၁၀-ကျမ်း သင်ယူလိုကြောင်း ပြောကြားရာ အရှင်သောဘဏာလင်္ကာရမှ ဆရာတော်အား အခြေအနေကို ကြိုတင်လျှောက်ထားပေးပါသည်။

စာဝါများသဖြင့် မအားလပ်သည့်ကြားက အချိန်ကိုလုပြီး ပို့ချပေးမည်ဖြစ်ကြောင်း မိန့်ကြား သည်ကို သိရသဖြင့် ဖရဏာပီတိ ဝမ်းဆီထိပမာ အလွန်ပင် ဝမ်းသာရပါသည်၊ မိမိသည် အချိန်မဆွဲပဲ ခပ်မြန်မြန်ပင် ရွာမစာသင်တိုက်၊ ခေမာဝံသကျောင်းဆောင်သို့ ပြောင်းရွှေ့သီတင်းသုံးကာ ညဝါ အကျော်တိုက်အုပ်ဆရာတော်ထံမှ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်မှန်မှန် ယမိုက် ၁၀-ကျမ်းတို့ကို သင်ယူဆည်းပူးခဲ့ပါသည်။

ဆရာတော်သည် ခက်ခဲသော ဝါရတွဲတို့ပါမကျန် တိကျမှန်ကန်ရှင်းလင်းပြတ်သားစွာ သင်ကြား ပို့ချပေး ပါသည်၊ စာဝါနားချိန်များတွင် စာချဆရာတော်ဦးခေမာစာရနှင့်အတူ အနုလုံ၊ ပဋိလုံ တစ်ခုမကျန် အားလုံး ပြန်လှန်ရွတ်ဆိုကြပါသည်၊ အရကောက်များကိုလည်း ကောက်ကြပါသည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ထူး ဆွတ်ခူးရာဝယ် ယမိုက် ၁၀-ကျမ်းကို အာဂုံရော၊ ရေးဖြေပါ ချောမောစွာ အောင်မြင်နိုင်မှုသည် တိုက်အုပ်ဆရာတော်နှင့် ဦးခေမာစာရတို့၏ ကျေးဇူး ကြောင့်ပင် ဖြစ်ပါသည်။

ဆရာတော်သည် စာသင်, စာချ ဂန္ထဓုရအရာ၌သာ ဝါသနာထုံလွှမ်း၍ ကျွမ်းကျင်တော်မူသည် မျှမက နံနက်သံဃာတော်များ မထမီ ရှေးဦးစွာ ထတော်မူ၍ မေတ္တာဘာဝနာပွားခြင်း၊ ပရိတ် ရွတ်ခြင်း၊ ဝိပဿနာ ဘာဝနာစီးဖြန်းခြင်းစသည့် နိစ္စပါတ်ဝတ်များ ပြုလုပ်သည့်အပြင် နှစ်စဉ် ကျောင်း ဖွင့်စအချိန်၊ ကျောင်းပိတ်ချိန်များ၌ ဝိပဿနာတရားစခန်းဖွင့်ပေးခြင်း၊ တရားပြသခြင်းဖြင့် ဝိပဿနာ ဓုရအရာ၌လည်း ဝါသနာထုံလွှမ်း၍ ကျွမ်းကျင်တော်မူပါသည်။

မြတ်ဗုဒ္ဓက ဆရားသမားတို့၏ ကျင့်ဝတ်အင်္ဂါများကို သိင်္ဂါလောဝါဒသုတ်မှာ-

**အတတ်လည်းသင်၊ ပုံပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊**

**သင့်ရာအပ်ပို့ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ**-ဟု ဟောကြားတော်မူပါသည်။

ဆရာတော်သည် တစ်နေ့လျှင် အနည်းဆုံး စာဝါ ၄-ဝါအထိ ပို့ချခြင်း၊ မသိနားမလည်၍ လတ်တလော မေးလာသည့် ပုစ္ဆာများကို စိတ်ရှည်စွာ ဖြေဆိုပေးခြင်း၊ နွေရာသီ ယမိုက် ပဋ္ဌာန်းအထူးသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ အခြားမြို့ရွာ ကျောင်းတိုက်သို့ပင် ကြွရောက် ပို့ချခြင်း၊ အသိဉာဏ်ပညာ ဩဝါဒပေးခြင်းတို့ဖြင့် (နံပါတ်-၁) အတတ်လည်း သင်ပေးပါသည်။

လှေကို ပွဲမပြင်၊ ပွဲမထိန်းဘဲ လှော်ခတ်သွားပါက လိုရာခရီး တည့်တည့်မတ်မတ် မရောက်နိုင်၊ ဝဲဂယက်မှာ အခက်တွေ့နိုင်သည်၊ ပွဲပြင်၊ ပွဲကိုင်၊ ပွဲထိန်းပေးမှသာ လိုရာခရီး ဖြောင့်ဖြောင့်ကြီး ရောက်နိုင်သလို လူတစ်ယောက်သည်လည်း ဆရာကောင်း မိတ်ကောင်းထံမှ ပွဲပြင်ဆုံးမမှု မရရှိပါက ပါရမီဓာတ်ခံရှိပါလျက် အပေါင်းမှား၍ ကောင်းမသွားလိုက်သော ဘုရင်အဇာတသတ်တို့လို လမ်းမှားရောက်သွားတတ်သည်၊ ပွဲပြင်ဆုံးမမှုရမှသာ လိုရာပန်းတိုင် ရောက်နိုင်သည်၊ လူတော် လူကောင်း ဖြစ်နိုင်သည်၊ ဆရာတော်သည် တပည့်တို့အား အမြဲတမ်း (နံပါတ်-၂) ပွဲပြင် ဆုံးမတော်မူလေ့ရှိပါသည်။

အချို့ဆရာများသည် ဂုဏ်ရည်တူမှာ ခြေရာပြိုင်မှာ စိုးရိမ်မှုတို့ကြောင့် အတတ်ပညာကို ဆရာစားချန်ပြီး သင်ပေးတတ်ကြသည်၊ ကုန်အောင်သင်မပေးလိုကြပါ၊ ဘုရားအလောင်းတော်ကြီး များသည် မိမိအား အန္တရာယ်ပြု ဂုဏ်တုဂုဏ်ပြိုင် အနိုင်ယူလိုသည့် တပည့်ဟု ကြိုတင်ခန့်မှန်း သိငြားသော်လည်း အတတ်ပညာကို ချန်မထားဘဲ ကုန်အောင်သင်ပေးတော်မူကြပါသည်။

ဥပမာ- အမ္ဗဇာတ်တော်၌ သရက်ပင်ကို သီးစေ၊ မှည့်စေ၊ ချိုစေနိုင်သည့် မိမိ၏ မန္တာန်အတတ် ပညာကို သင်ယူလို၍ တပည့်ခံလာသူအား ကျေးဇူးကန်းမည့်သူဟု သိပါသော်လည်း ဆရာစားမချန် ကုန်အောင် သင်ပေးလိုက်ပါသည်၊ ထိုဘဝမျိုး ထိုစိတ်စေတနာမျိုးတွေက များပြားလှသောကြောင့် ဘုရားဖြစ်သည့်အခါ ဇာတိမည်သော သားကောင်၏ သလုံးမြင်းခေါင်းပမာ တနည်းအားဖြင့် စပါးဖုံး ပမာတူသည့် လုံးဝန်းတင့်တယ် ပြည့်ကြွယ်သော ခြေသလုံးတော်ရှိခြင်းလက္ခဏာကို ရတော်မူသည်၊ ဘုရားအလောင်းတော်ကြီးတို့၏ စိတ်စေတနာကို ပူဇော်လိုကြသည့် ဆရာသမားကောင်းတို့တွင် ရွာမဆရာတော်သည်လည်း တစ်ပါးအပါအဝင် ဖြစ်ပေသည်၊ ယမိုက်၊ ပဋ္ဌာန်းသင်တန်းပို့ချသည့်အခါ အခြားဘာသာရပ်များ သင်ကြားပို့ချသည့်အခါ (နံပါတ်- ၃) သိပ္ပမချန်၊ ပေယျာလမချန်၊ အပြန် အလှန်ကုန်အောင် သင်ပေးတော်မူပါသည်။

ပညာရည်နို့ သောက်စို့ကြသော တပည့်တို့အား ရှဲခါကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့် စသည့် အရေးပေါင်းစုံ လောကီထွေလာ အဖြာဖြာ အဖုံဖုံတို့ကြောင့် အန္တရာယ်ကြုံတွေ့ရတတ်သည်၊ ထိုအခါ ဆရာတော်သည် တပည့်တို့အပေါ် ကျရောက်မည့် ဘေးရန်အန္တရာယ်ကို မိမိ၌ ရောက်ဘိ သကဲ့သို့ အန္တရာယ်တားဆီးပေးခြင်း၊ ဘေးရန်မကြုံမီ ကြိုတင်ကာကွယ်ပေးခြင်း၊ လွတ်ရန်နည်းပြ ဆုံးမပေးခြင်းတို့ဖြင့် မေတ္တာ ကရုဏာတရားကြီးမားစွာ (နံပါတ်-၄) ဘေးရန်ဆီးကာတော်မူပါသည်။

အချို့ဆရာများသည် မိမိကျောင်းတိုက်မှ ,ပြောင်းရွှေ့သူကိုလည်းကောင်း၊ အပြစ်တစ်စုံ တစ်ရာကြောင့် နှင်ထုတ်ခံရသူကိုလည်းကောင်း ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ တွေ့မြင်လိုမှု၊ ဆက်ဆံလိုမှုများ နည်းပါး တတ်ကြသည်။ ဆရာတော်သည် တပည့်များ ရိုးရိုးသားသား ပြောင်းရွှေ့ လို့ဖြစ်စေ၊ စည်းကမ်းအရ နှင်ထုတ်ခံရလို့ဖြစ်စေ ဆရာတော်ထံ လာရောက်ကန်တော့ပါက သွားလို နေလိုသည့် စာသင်တိုက်ဆရာတော်ထံသို့ ထောက်ခံမေတ္တာစာ ရေးပေးတော်မူလေ့ရှိပါသည်၊ မိမိတို့ ကျောင်းတိုက်ထက် ကောင်းမည်ထင်လို့ ပြောင်းရွှေ့ လိုသူတို့ကိုလည်း ဣဿာ, မစ္ဆရိယမထားဘဲ စိတ်စေတနာဖြူစင်စွာဖြင့် အပ်နှံစာရေး၍ (နံပါတ်-၅) သင့်ရာအပ် ပို့ပေးတတ်ပါသည်။

ထို့ကြောင့် သိင်္ဂါလောဝါဒသုတ်လာ ဆရာ့ကျင့်ဝတ်ငါးဖြာတို့ကို ဦးထိပ်ထားပန်ဆင်သည့် ဆရာကောင်း သမားကောင်း ပီသတော်မူပါသည်။

တစ်ဖန် မဂ်ဖိုလ်နိဗ္ဗာန် ရောက်စေရန်အတွက် နည်းမှန်လမ်းမှန် ကမ္မဋ္ဌာန်းပေးရန် စွမ်းနိုင်သည့် ဆရာကောင်း မိတ်ကောင်း၏ ဂုဏ်အင်္ဂါများကိုလည်း အင်္ဂုတ္တိုရ် သတ္တကနိပါတ်မှာ-

| | |
|---|---|
| ပိယော - | သီလစင်ကြယ် ချစ်ခင်ဖွယ်ရှိသောဂုဏ်၊ |
| ဂရု - | သီလ, သမာဓိ, ပညာတို့ကြောင့် ကျောက်ထီးတန္တု အလေးဂရုပြုအပ်သောဂုဏ်၊ |
| ဘာဝနီယော - | မေတ္တာရေချမ်း ထာဝစဉ် ပက်ဖျန်းပွားစေအပ်သောဂုဏ်၊ |
| ဝတ္တာစ- | တပည့်အများ သူတစ်ပါးကို မြွက်ကြားဆုံးမ ဩဝါဒပေးတတ်သောဂုဏ်၊ |
| ဝစနက္ခမော- | ပတ်ဝန်းကျင်အများ သူတစ်ပါး၏ ပြောကြားဆုံးမ၊ နည်းလမ်းပြမှုနှင့် ရှုတ်ချကဲ့ရဲ့မှု လောကဓံအစုကို ခံယူ, သည်းခံနိုင်သည့်ဂုဏ်၊ |
| ဂမ္ဘီရဉ္စ ကထံ ကတ္တာ- | နက်နဲသော ဈာန်ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်သောစကားကို ပြောဆိုသမှု ပြုနိုင်သည့်ဂုဏ်၊ |
| နော စ ဌာနေ နိယောဇကော- | ပဉ္စပ္ပနိ, သံသရာ နှစ်ဖြာအကျိုး မပွားတိုးအပ် မလျောက်ပတ်သည့် အရာ၌ မပြုလုပ်စေ၊ မယှဉ်စေသောဂုဏ်အားဖြင့် ၇-ပါး ဟောကြားတော်မူသည်။ |

ဗုဒ္ဓမြွက်ကြားသည့် ဖော်ပြပါ ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံတော်မူသည့် ဆရာကောင်း သမားကောင်းများဦးဆောင်ကာ သာသနာပြုလျှောက်လှမ်းလာခဲ့သော ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် အချိန်ကာလ နှစ်ပရိစ္ဆေဒအားဖြင့် ၄၀-ပြည့်လာပြီ ဖြစ်ပါသည်။

ငယ်, လတ်, ကြီး, ဓမ္မာစရိယ, သာသနာလင်္ကာရ, ဘိဝံသအကျော်အမော်, တိပိဋကဘွဲ့တော်ပါ မကျန် ဆွတ်ခူးပန်ဆင်အောင်မြင်သူတွေလည်း ဒုနှင့်ဒေး၊ များစွာပေါ်ထွန်းခဲ့ပြီး ဖြစ်သကဲ့သို့ နောင်လည်း ပေါ်ထွန်းလိမ့်ဦးမည် ဖြစ်ပါသည်။

ဤသို့လျှင် စာသင်, စာချ၊ တရားဟော, တရားပြ၊ စွယ်စုံရသော ဆရာကောင်းသမားကောင်းများ ဦးစီးဆောင်ရွက်ရာ ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် ပညာတတ်အကျော်အမော်ဖြစ်စေရန်၊ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရရှိစေရန် ရည်သန် တောင့်တလိုလားကြသူအားလုံးတို့အား ဂန္ထဓုရရော, ဝိပဿနာဓုရပါ သင်ယူကြိုးစားအားထုတ်ခွင့် ရနိုင်သဖြင့် ဓုရနှစ်ဖြာ ဖြန့်ဖြူးရာ ဌာနကြီးဖြစ်ပါကြောင်း ရေးသားပူဇော်အပ်ပါသည်။

♦ အရှင်သုန္ဒရ

*(ဒဿမပြောက် တိပိဋကဓရ တိပိဋကကောဝိဒ)*



# အနှစ်လေးဆယ်ကို ထုဆစ်ခြင်း

ရွှေဘိုမင်းသုခ



"သမိုင်းကိုဘာကြောင့်သင်ရပါသလဲ-ဆရာ" ဟူသောမေးခွန်းကို သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက "မအအောင်လို့" -ဟုမိန့်ဆိုခဲ့ဖူးသည်။

ဒေါက်တာသန်းထွန်း၏ အဖြေစကားကသွေးထွက်အောင်မှန်လှသည်။ ရွာမပရိယတ္တိစာသင်တိုက်၏သမိုင်းကို ရွာမနွယ်ဝင်တိုင်း အပ်ကျမတ်ကျသိထားဖို့လိုသည်။ ကွက်တိ ကွက်ကြား ကိုယ်လိုရာဆွဲရေးဆွဲပြောပုံဖော်ထားသောသမိုင်းသည် အပြစ်အနာဆာရှိသော စေတီဆင်းတုကို ကိုးကွယ်ရသည့်နှယ် ကိုးကွယ်ရသူတို့၏စိတ်နှလုံးကို စနိုးစနောင့်ဖြစ်စေသည်။ ဘုရားစင် ကျောင်းဆောင်တော်ဆက်ထားရလည်းအခက်၊ အဆင်မပြေလှ။ ညောင်ပင်အောက် စွန့်ပစ်ရလျှင်လည်းစိတ်မဖြောင့်လှ၊ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရသည်။

ထိုနည်းတူစွာ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၏ အနှစ်လေးဆယ်သမိုင်းလည်း ထိုကဲ့သို့မဖြစ်သင့်၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မြတ်မြတ်နိုးနိုး သည်ဆောင်ထိန်းသိမ်းရပေမည်၊ ကောင်းကွက်၊ မကောင်းကွက်၊ ဟာကွက်၊ သာကွက်၊အဖြူးအဖြောင့်၊ အကွေ့အကောက်များစွာရှိနေပေလိမ့်မည်။

မျိုးဆက်သစ်များအနေဖြင့် အကွေ့အကောက်၊ အဖုအထစ်အပြစ်အနာဆာများကို သင်ခန်းစာများရယူပြီး ကောင်းကွက် ဖြူးကွက်၊ချောကွက်များကို လက်ဆင့်ကမ်း သယ်ဆောင်သွားကြရပေမည်။

သည်နေရာတွင် ကျွန်ုပ်အနေဖြင့် ပဏာမစကားဆိုထားခဲ့ချင်သည်၊ သမိုင်းကိုစိစစ်ရာတွင် ကြိုက် မကြိုက်ဟူသော ဘောင်အတွင်းကမစိစစ်သင့်ပေ၊ မှန် မမှန်ဟူသောဘောင်အတွင်းကသာ ကြည့်ရှုလေ့လာဆန်းစစ်စေလိုသည်၊ အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက်အနှစ်လေးဆယ်ခရီးကို ဆန်းစစ်လေ့လာရာတွင် စာသင်တိုက်မတည်ထောင်မီ ရှေ့ပိုင်းနှင့် စသင်တိုက် တည်ထောင်ပြီး အနှစ်လေးဆယ်နောက်ပိုင်းဆက်လက်ခရီးနှင်မည့် အနာဂတ်ပုံရိပ်များကိုပါ ထည့်သွင်းဝေဖန် အကြံပြုသွားပါမည်။

အင်းစိန်ရွာပရိယတ္တိစာသင်တိုက်ဟု တိုင်းကျော်ပြည်သိ အထင်ကရမဖြစ်တည်သေးမီကပင် ရွာကျောင်းအနေဖြင့် တည်ရှိနေသည်ဟုဆိုထားပါသည်။ တောကျောင်း တောင်ကျောင်း အသွင်အပြင်မျှသာတည်ရှိသည်။ ရွာမကျောင်းတိုက်တည်ရှိရာ မြေပထဗျာသည်လည်း အင်းစိန်မြို့တည်ရှိရာအရပ်ဟုဆိုပါသည်။

အင်းစိန်ဟူသောဝေါဟာရမှာ မွန်ဘာသာဖြင့် 'အင်'နှင့်'စိင်'ကိုပေါင်းစပ်ထားပြီး အင်-မှာ မြန်မာစကားအလိုအရ အိုင်-ဟု အဓိပ္ပါယ်ထွက်ရှိပြီး စိင်-မှာဆင်ဟု အဓိပ္ပါယ်ထွက်ရှိကြောင်း ဖွင့်ဆိုပါသည်။ သို့ဆိုလျှင် အိုင်ဆင်၊ ဗျတိရေကစကားအရ ဆင်အိုင်၊ ဆင်များရေဆင်းရာ အိုင်ဟုဆိုပါသည်။

၁၉၁၈-ခုနှစ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် အတွဲ ၈-တွင်ဖော်ပြပါရှိသော မင်္ဂလာတုံမြို့ ၆၄-စစ်တမ်းအရ ဗဒုံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၆၄-(ခရစ်-၁၉၃၈)ခုနှစ်တွင် မင်္ဂလာတုံမြို့နယ် (ယခုမင်္ဂလာဒုံမြို့နယ်)ကို စစ်တမ်းကောက်ယူခဲ့ကြောင်း ထိုစဉ်က အင်းစိန်သည် မြို့မဖြစ်သေးဘဲ မင်္ဂလာဒုံမြို့နယ်တွင်ပါဝင်သော ရွာတစ်ရွာမျှသာဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အင်းစိန်မြို့နယ်တည်နေရာနှင့် စပ်လျဉ်း၍ ၁၉၃၈-ခုနှစ် မွန်ဘိုးချို၏ မြို့ရွာအမည်များစာအုပ်တွင် အင်စီင် (အင်းစိန်)၏မူလတည်ရာသည် ယခုရွာမစာသင်တိုက်အတွင်းရှိ ရေကန်နေရာဖြစ်သည်ဟုဆိုပါသည်။ ထိုစဉ်က ရွာမဘုန်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်က မိန့်ဆိုတော်မူကြောင်းဖော်ပြထားသည်ကို တွေ့ရသည်။

အဆိုပါအချက်အလက်များကိုထောက်ဆ၍ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ယခင်ကတည်းက ဘုန်းတော်ကြီးကျောင်းအဖြစ်တည်ရှိခဲ့သည်ဟု သုံးသပ်ကြပါသည်။ ကျောင်းတိုက်သည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာကျော်ကပင် အင်းစိန်ရွာ ၌တည်ရှိခဲ့ပြီး ကျောင်းတိုက်တည်ရှိသောနေရာမှာလည်း အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်အတွင်းရှိရေကန်နေရာဖြစ်ကြောင်း မှန်းဆသိနိုင်သည်ဟု ဆိုထားပါသည်။

ကျောင်းတိုက်ကိုစတင်တည်ထောင်သောဆရာတော်၏ဘွဲ့တော်နာမကိုမူ အတိအကျမသိနိုင်ဟုဆိုထားပါသည်။ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသမှပြန်ရေတွက်လျှင်မူ ဆရာတော် ငါးဆက်ကိုတိတိပပဖော်ညွှန်းထားသည်ကိုတွေ့ရှိရသည်။

(၁) ဆရာတော်ဘဒ္ဒန္တအာဒိစ္စ (မုံရွာ-အလုံဇာတိ)

(၂)ဆရာတော်ဘဒ္ဒန္တ ဝါသဝ (မုံရွာ-အလုံဇာတိ)

(၃)ဆရာတော်ဘဒ္ဒန္တ နာရဒ (ဘုတလင်-ဆုံကုန်းဇာတိ)

(၄)ဆရာတော်ဘဒ္ဒန္တ ပညာသီဟ (မှော်ဘီ-သရက်ချောင်းဇာတိ)

(၅)ဆရာတော်ဘဒ္ဒန္တ နိဂြောဓ (ထန်းတစ်ပင်-ပဒံရွာ) တို့ကို တွေ့ရသည်။

ထိုဆရာတော်ငါးဆက်တွင် တတိယနှင့် စတုတ္ထဆရာတော်ဘဒ္ဒန္တနာရဒနှင့် ဆရာတော်ဘဒ္ဒန္တပညာသီဟ တို့သည် စာပေကျမ်းဂန်နှံ့စပ်ကျွမ်းကျင်တော်မူကြပြီး တစ်နယ်လုံးရှိ လူထုဒကာဒကာမများက အလွန်လေးစား ကြည်ညိုအားထားကြသည်ဟုသိရသည်။ ဆရာတော် ဘဒ္ဒန္တနာရဒသည် မှော်ဘီဆရာသိန်းကြီးအား မြန်မာပညာရှိ တစ်ယောက်အဖြစ် ကဝိတစ်ဆူ ဖြစ်လာအောင်ပြုစုပျိုးထောင်ပေးခဲ့သောဆရာတော်ဟု သိရှိရသည်။ ဆရာတော်ဘဒ္ဒန္တနာရဒ ပြုစုသောအနေကဇာဋီကာစသောကျမ်းများရှိခဲ့ကြောင်း အင်းစိန် ကရင်ဗမာအရေးအခင်းတွင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရှိရသည်။

ယနေ့တိုင်မြင်တွေ့နိုင်သော ဆရာတော်ဘဒ္ဒန္တနာရဒ၏ စာပေလက်ရာတစ်ခုအနေဖြင့် မှော်ဘီဆရာသိန်း၏ ပေါရာဏဒီပနီကျမ်း ရှေးဟောင်းကဗျာကဏ္ဍရှိ ဧကပိုဒ်ရတုကိုပြရပါမည်။ ယင်းသို့ဆိုလျှင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် မူလဘူတကပင် သာသနာ့အောင်မြေ

ဖြစ်ခဲ့ကြောင်း ဆရာတော်ဘဒ္ဒန္တနာရဒနှင့် မှော်ဘီဆရာသိန်းတို့ကို သက်သေသာဓက ပြယုဂ်အဖြစ် ပြသရပေလိမ့်မည်။

၎င်းအချက်ကိုထောက်ဆကြည့်ချင်းအားဖြင့် အင်းစိန်ရွာမမြေတွင် အရှင်တိလောကာဘိဝံသ စသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်တို့ပေါ်ထွန်းလာရသည်မှာ အောင်မြေအတိတ် အောင်နိမိတ် အောင်ဟိတ်ရှိလို့သာဟု ဆိုရမည်ဖြစ်သည်။

ဆရာတော်ဘဒ္ဒန္တနိဂြောဓပျံလွန်တော်မူသောအခါ ဆရာတော်ဘဒ္ဒန္တကေသဝ၊ ဆရာတော်ဘဒ္ဒန္တကေတု၊ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသတို့သုံးပါးဆိုင်လက်တွဲပြီး သာသနာပြုလာခဲ့ကြသည်။

သက္ကရာဇ် ၁၃၁၇ ခုနှစ်(ခရာဇ် ၁၉၅၅)ခုနှစ်တွင် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ ဦးဆောင်မှုဖြင့် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကစာမေးပွဲကို စတင်ကျင်းပပေးနိုင်ခဲ့သည်။ ရွာမကျောင်းတိုက်ကို ပရိယတ္တိစာသင်တိုက်ဖြစ်လာရန် အခြေခံမျိုးစေ့ကောင်း ဖြစ်လာသည်ဟု ဆိုရပေမည်။

၁၃၁၇-ခုနှစ်တွင် ဇလွန်မြို့နယ် သဖန်းကုန်းရွာဆရာတော်ဦးစန္ဒိမာက ရှင်အာစာရ၊ ရှင်ကဝိန္ဒတို့ကိုခေါ်လာပြီး ရွာမကျောင်းတွင် အဆင်သင့်ရှိနေသော သံယာ(၃၀)နှင့်ပူးပေါင်းကာ စာသင်တိုက်ဖွင့်ခဲ့သေးသည်ဟုလေ့လာတွေ့ရှိရသည်။ စာသင်တိုက်သက်တမ်း(၃)နှစ်သာခံခဲ့သည်။ စာသင်တိုက်ပျက်သွားသည်ဟုသိရသည်။ စာသင်တိုက်တစ်တိုက်အဖြစ် ရပ်တည်နိုင်သည့် အခြေအနေမရှိသေးဟု ဆိုရမည်ဖြစ်သည်။

၁၉၃၁-ခုနှစ်သို့ရောက်လာသောအခါ အထက်ပါစာသင်သားဖြစ်ခဲ့သူ အရှင်အာစာရ ညွှန်ကြားချက်ဖြင့် အရှင်ဝိဇယသည် လိပ်ခေါင်းရောဂါဝေဒနာကုသမှုခံယူရန် ရွာမဆရာတော်ဘဒ္ဒန္တနန္ဒဝံသ ထံသို့ရောက်လာသည်ဟုဆိုပါသည်။ ရောဂါဝေဒနာ ကုသမှုခံယူစဉ်အတွင်း အရှင်ဝိဇယသည် ရွာမဆရာတော်ဘဒ္ဒန္တနန္ဒဝံသအား အနီးကပ်ပြုစုလုပ်ကျွေးရင်း ဆရာတပည့်ဖြစ်လာခဲ့သည်။ စာသင်တိုက်အသစ်တဖန် ပြန်လည်ဖွင့်လှစ်လာအောင် အရှင်ဝိဇယ က တိုက်တွန်းခဲ့ကြောင်း သိရသည်။

ပရိယတ္တိသာသနာကိုချစ်ခင်ရင်းစွဲရှိသော ရွာမဆရာတော်ဘဒ္ဒန္တနန္ဒဝံသအနေဖြင့် စာသင်တိုက်ပြန်လည်ဖွင့်လိုစိတ် ရောင်ခြည်ကွန့်မြူးလာခဲ့တော့သည်။

အရှင်ဝိဇယအနေဖြင့် မြင်းခြံမြို့၊ ကိုးဆောင်တိုက်တွင် အတူစာသင်ဖက်လည်းဖြစ်၊ ဆရာတပည့်လည်းဖြစ်၊ ဆရာတူတပည့်လည်းဖြစ်ခဲ့သူ အရှင်တိလောကာဘိဝံသကို မျက်စေ့ကျခဲ့သည်။ ထိုစဉ်က သကျသီဟစာမေးပွဲနှင့် အထင်ကရစာမေးပွဲများအောင်မြင်ပြီး အင်းစိန် အောင်ဆန်းတောရတပ်ဦးကျောင်းတွင် တိပိဋကစာမေးပွဲဖြေဆိုရန် စာကျက်နေသော အရှင်တိလောကာဘိဝံသကို ရွာမဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့် ပရိယတ္တိမဏ္ဍိုင်ကြီးတစ်ခုတည်ဆောက်နိုင်ရန် အရှင်ဝိဇယက အောင်သွယ်ပေးခဲ့သည်။

အရှင်တိလောကာဘိဝံသ၏ အကြံပြုချက်အရ ဆရာရင်းဖြစ်တော်မူသော မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတမဟာထေရ်ထံတော်သို့ အရှင်တိလောကာဘိဝံသသအား စာချအဖြစ်ချီးမြှင့်ပေးရန် ရွာမဆရာတော်ဘဒ္ဒန္တနန္ဒဝံသ ကိုယ်တိုင်တောင်းခံရန် ပြန်လည်လျှောက်ကြားခဲ့သည်။

သည်နေရာတွင် အတုယူစရာ ပြယုဂ်ကောင်းတစ်ကွက်ဖြစ်လာသည်၊ အရှင်တိလောကာဘိဝံသနှင့် ရွှာမဆရာတော် ဘဒ္ဒန္တနန္ဒဝံသတို့သည် ဆရာတူတပည့်မဟုတ်ကြ၊ ဆရာရင်းလည်း မဟုတ်ကြ၊ အသက်အရွယ်တော်ချင်းကလည်း သားနှင့်အဖ လောက်ကွာခြားနေသည်၊ စာသင်တိုက်တည်ထောင်စဉ်အတွင်း အကယ်၍များ အနာဂတ်ခရီးလမ်းခုလပ်တွင် သဘောထား မတိုက်ဆိုင်သည်ရှိသော် ဆရာရင်းဖြစ်သူ မြင်းခြံဆရာတော်၏လမ်းညွှန်ဆုံးမမှုဖြင့် ဖြစ်ပေါ်လာနိုင်ခြေရှိသော ပြဿနာကိုငြိမ်းပေးစေနိုင်သည်။

၁၃၃၁-ခုနှစ်၊တပေါင်းလဆန်း(၈)ရက်နေ့တွင် ပခုက္ကူနိကာယဝင်ချင်းဖြစ်တော်မူသော မြင်းခြံဆရာတော်ထံသို့ စာသဝဏ်လွှာရေးသားဆက်ကပ်ပြီး စာချဘုန်းကြီးတောင်းခံခဲ့သည်ဟု ဆိုပါသည်။

ဤသို့ဖြင့် ၁၃၃၂-ခုနှစ်၊ နယုန်လဆန်း(၁၀)ရက်နေ့တွင် ရွှာမကျောင်းကို စာသင်သားသံဃာ(၃၅)ပါးဖြင့် မြင်းခြံဆရာတော်ဘုရားကြီးဘဒ္ဒန္တသောဘိတမဟာထေရ် ကိုယ်တော်တိုင်ကြွရောက်ဖွင့်လှစ်ပေးတော်မူခဲ့သည်ဟုဆိုပါသည်။ တပည့်များဖြစ်ကြသော အရှင်တိလောကာဘိဝံသ၊ ခြောက်ထပ်ကြီး ဝဇီရကိတ္တိကျောင်းနေ အရှင်အကုံရာဘိဝံသ၊ အရှင်ဝိဇယတို့ကို စာချအဖြစ်ဆောင်ရွက်ရန်နှင့် ရွှာမဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့်လက်တွဲသာသနာပြုရန် ဆုံမဩဝါဒမိန့်ကြားတော်မူခဲ့ပါသည်။ နိုင်ငံတော်ကောင်စီမှ သခင်ကျော်ညွန့်ကလည်း "ဆရာတော်တို့ ရွှာမကနေရွှာထီးဖြစ်အောင် ပြုလုပ်တော်မူကြပါ"ဟု လျှောက်ကြားသွားသည်။

ထိုစဉ်အချိန်က ပရိယတ္တိစာသင်တိုက်ဟူသော အသုံးအနှုန်းကို မြန်မာပြည်အဝှမ်းတွင် တွင်တွင်ကျယ်ကျယ် မသုံးစွဲကြသေးသည်ကိုတွေ့ရှိရသည်။ ဥပမာအားဖြင့် မိုးကောင်းတိုက်၊ ဘုရားကြီးတိုက်၊ မဟာဝိသုဒ္ဓါရုံတိုက်၊မစိုးရိမ်တိုက်ဟူသော အမည်ဖြင့်သာ ပရိယတ္တိလုပ်ငန်းတာဝန်များ ဆောင်ရွက်နေသည်ကိုလေ့လာတွေ့ရှိရသည်။

ပရိယတ္တိစာသင်တိုက်ဟူသော အမည်သစ်ကို အင်းစိန်ရွှာမက စတင်ဥဒါန်းသစ်ဖွင့်လိုက်သည်ဟု ဆိုရပါမည်။ မျက်မှောက်ခေတ်ကာလတွင် ပရိယတ္တိစာသင်တိုက်ဟူသောအမည်များ မြန်မာပြည်အဝှမ်း ရေပန်းစားလာတော့သည်။

ရွှာမပရိယတ္တိစာသင်တိုက်စတင်ဖွင့်လှစ်သည်မှစ၍ ဆရာတော်ဘဒ္ဒန္တကေတုနှင့် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသတို့က စားဝတ်နေရေးကျန်းမာရေးပစ္စည်းလေးပါးတာဝန်ကို စွမ်းနိုင်သမျှတာဝန်ယူခဲ့ကြသည်။ အရှင်တိလောကာဘိဝံသ ဦးဆောင်သော စာချအဖွဲ့က ပရိယတ္တိမဏ္ဍိုင်ကို ဟန်ချက်ညီညီတာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ရှေးတောကျောင်းကြီးကို စာသင်တိုက်အဖြစ် အသွင်ပြောင်းထားရခြင်းဖြစ်၍ အနေအထားမှာ အဆင်မပြေလှ၊ ကျောင်းဝင်းထဲတွင် စေတီပျက်များ၊ တန်ဆောင်းအဟောင်းများ၊ သစ်ပင်ခြုံနွယ်များဖြင့် ရှုပ်ယှက်ခတ်နေသည့် နေရာများ ဖြစ်သည်။ သံဃာတော်များကို နေလို့ဖြစ်သည့် ကျောင်းဆောင်များတွင်သာ ထားရှိရသည်။ ကျောင်းတိုက်၌ အချို့တဲ့ဆုံးသောအရာမှာ နေစရာကျောင်းဆောင်ဖြစ်သည်။ ကျောင်းတိုက်အမှီပြုရာ ဂေါစရဂါမ် ရပ်ကွက်များမှာလည်း ဆင်းရဲနွမ်းပါး

သူ များသဖြင့် ဆွမ်းကွမ်းပြည့်စုံအောင် ဂရုတစိုက် လောင်းလှူကြသော်လည်း အဆောက်အဦကို ဆောက်လုပ်လှူဒါန်းနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ဆရာတော်များသည်လည်း တတ်နိုင်သည့် ဒကာ၊ ဒကာမများနှင့် အဆက်အသွယ် သိပ်မရှိလှသဖြင့် ကျောင်းဆောက်လှူမည့်သူ မရှိခဲ့။ ဖြစ်သလို နေထိုင်ကြပြီး စာပေပရိယတ္တိကိုသာ အဓိကထား ပို့ချသင်ယူနေကြရသည်။

ကျောင်းတိုက် အုတ်တံတိုင်းကလည်း ပြည့်ပြည့်စုံစုံမရှိ၊ အချို့နေရာများတွင် သစ်ပင် စည်းရိုးကလေးများသာ ရှိသည်။ ကျောင်းတိုက်အလယ်တွင် ရွာလမ်းက ရှိနေသဖြင့် လမ်းက ကျောင်းတိုက်ကို နှစ်ခြမ်းခွဲထားသလို ဖြစ်နေသည်။ ကုဋီများထားရှိသည့် နေရာကလည်း ကျောင်းတိုက်၏ မြောက်ဘက်အစွန်တွင်ရှိသည်။ ကုဋီများ၏ နောက်ကျော ကျောင်းတိုက်အပြင် ဘက် မလမ်းမကမ်းတွင် ရွာမသုသာန်ကရှိနေသေးသည်။ ကုဋီအနီး ကျောင်းဝင်းထဲတွင်လည်း စေတီအဟောင်း၊ တန်ဆောင်းအဟောင်းများ၊ ထန်းပင်ပျို ထန်းပင်အိုများ ရှိနေသည်။ မီးအလင်း ရောင်က လုံလောက်အောင် မရရှိသည့်အထဲ "ဤနေရာတွင် သရဲခြောက်သည်"ဟု နာမည်ကြီး နေသဖြင့် စာသင်သားများ ညဘက် ကုဋီသွားရသည်မှာ ဒုက္ခရောက်လှသည်ဟု ဆိုကြသည်။

ကျောချမ်းချမ်းနှင့်ပင် ကုဋီတက်ကြရသည်။ ပရိယတ္တိစာသင်တိုက်များနှင့် ပရိယတ္တိစာသင် သားများ မပြည့်မစုံ ဆင်းရဲချို့တဲ့ကြသည်မှာ ဓမ္မတာဟု ဆိုကြသော်လည်း ရွာမပရိယတ္တိစာသင် တိုက်နှင့် စာသင်သားများ၏ ဆင်းရဲဒုက္ခမှာ ထိုဓမ္မတာတရားထက် များစွာပိုသည်ဟု ဆိုရပေမည်။

စာသင်တိုက် စတည်တည်ထောင်ကာစ လေးဘက်ထောက်စအရွယ်တွင် စာချဆရာတော် တစ်ပါးဖြစ်သူ ဘဒ္ဒန္တတေဇိန္ဒမှာ ဦးသန့်အရေးတွင် ဦးဆောင်ပါဝင်လှုပ်ရှားခဲ့သဖြင့် အင်းစိန်အကျဉ်း ထောင်တွင် အနိမ့်စံဘဝရောက်ခဲ့ရသည်ကို တွေ့ရှိရသည်။

အရှင်တိလောကာဘိဝံသသည် သင်ကြားရေးစနစ်ကို ခေတ်မီသထက်ခေတ်မီအောင် တီထွင်ကြံဆလျှက် စာသင်သား များအားပို့ချပေးသည်။ စုပေါင်း၍ စာအံစာကျက်စေသည့် နည်းစနစ်ကိုကျင့်သုံးသည်။ စုပေါင်းစာအံစာကျက်စေခြင်းနှင့် တစ်ပါချင်း ကိုယ်ပိုင်စာကျက်ချိန်ဟူ၍ နှစ်မျိုးနှစ်စားပြုလုပ်ပေးခြင်းဖြင့် စာသင်သားများကို ပိုမိုအကျိုးဖြစ်ထွန်းစေသည်ဟု သုံးသပ်ရ မည်ဖြစ်သည်။

တစ်လနှစ်ကြိမ် လေ့ကျင့်လျှက် အရည်းချင်းစစ်စာမေးပွဲကိုကျင်းပပေးပြီး ဆုပေး ဒဏ်ပေးစနစ်ကိုကျင့်သုံးသည်။ အရှင်တိလောကာဘိဝံသ၏ လျှင်မြန် လွယ်ကူသောနည်း စနစ်ပိုင်းကို တည်ထွင်ကြံဆလျှက် အကောင်အထည်ဖော်ကျင့်သုံး ပေးနိုင်မှုကြောင့် အောင်မြင်မှု အတိုင်းအတာမှာလည်း တစ်နှစ်ထက်တစ်နှစ်ပိုမိုအောင်မြင်ဖြစ် ထွန်းလာသည်ကိုတွေ့ရသည်။

စာသင်တိုက်သက်တန်း(၅)နှစ်သားအရွယ်တွင် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့် ဆရာတော် အရှင်တိလောကာဘိဝံသတို့ နှစ်ပါးအား ပရိယတ္တိပေါင်းကူးတံတားတည်ဆောက်ပေးခဲ့သော အရှင်ဝိဇယသည် လူဝတ်လဲသွားခဲ့သည်။

၁၃၃၉ ခုနှစ်တွင် ဆရာတော်အရှင်တိလောကာဘိဝံသသည် ယခင်နှစ်များက ပို့ချလေ့မရှိ ခဲ့သော မာတိကာ-ဓာတုကထာ စာဝါကို စတင်ပို့ချသည်။ ဆရာတော်၏ အသင်အပြ ကောင်းမှု

ကြောင့် ခက်ခဲသည်ဆိုသော မာတိကာ-ဓာတုကထာသည် လွယ်လွယ်ကလေးဖြစ်သွားသည်ဟု အရှင်သီလက္ခန္ဓာဘိဝံသက ဆိုပါသည်။

အရှင်အက်ုရာဘိဝံသက သဒ္ဒါပို့ချသည်။ အဆဲအဆို အရိုက်အနှက်ကျမ်းသည်ဟု နာမည်ကျော်ကြားသော အရှင်အက်ုရာဘိဝံသသည် အရှင်သီလက္ခန္ဓတို့အဖွဲ့ကို စာချရာတွင်မူ တစ်ကြိမ်မျှ ဆဲရိုက်နှက်ခြင်း မရှိ စာမရသူကိုသာ ဆဲရိုက်နှက်တတ်ပြီး၊ စာရသူကိုမူ အလွန်အရေးပေးတတ်သော ဆရာသမား ကောင်းဟုလည်း အရှင်သီလက္ခန္ဓာဘိဝံသက ဆိုပါသည်။

၁၃၃၉ (၁၉၇၇)ခုနှစ်၏ ရှေးကာလများက ငယ်၊ လတ်၊ ကြီး ပထမပြန်စာမေးပွဲများကို ရန်ကုန်ဆင်ခြေဖုံးမြို့နယ်များရှိ စာသင်တိုက်များမှ ရန်ကုန်မြို့တွင်သတ်မှတ်ထားသည့်တစ်နေရာတည်း၌ အငယ်တန်း စာဖြေဌာန၊ အလတ်တန်း စာဖြေဌာန၊ အကြီးတန်းစာဖြေဌာနဟု နေရာအသီးသီး သတ်မှတ်ထားခဲ့သည်။ (ရန်ကုန်တိုင်းတစ်ခုလုံး အငယ်တန်းစာဖြေဌာန၊ အလတ်တန်းစာဖြေဌာန၊ အကြီးတန်းစာဖြေဌာန သုံးခုတည်းသာ ရှိသည်ဟု ဆိုလိုသည်)

ထိုနှစ်တွင် ရွာမပရိယတ္တိစာသင်တိုက်မှ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့် ဆရာတော်အရှင်တိလောကာဘိဝံသတို့သည် မြို့နယ်ကောင်စီ၏ ပံ့ပိုးမှုကို ရယူပြီး "ရွာမပရိယတ္တိစာသင်တိုက်မှ စာဖြေသံဃာတော်များ သွားရေးလာရေး၊ လမ်းပန်းဆက်သွယ်မှုအခက်အခဲ၊ ဆွမ်းဘောဇဉ် စသော အခက်အခဲများကို အကြောင်းထောက်၍" မိမိတို့၏ အင်းစိန်မြို့နယ်ကို စာဖြေဌာနဖွင့်လှစ်ခွင့်ရရန် တောင်းဆိုခဲ့သည်။

ထိုနှစ်မှာပင် အင်းစိန်မြို့နယ် တစ်မြို့တည်းသာ ငယ်၊ လတ်၊ ကြီး သီးခြားစာဖြေဌာန ရရှိခဲ့သည်။ သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ စာဖြေဌာနသို့ လာရောက်ကြည့်ရှုသဖြင့် သဘောကျနှစ်ကြိုက်ကာ နောင်လာမည့်နှစ်များတွင် ရန်ကုန်တိုင်းရှိ မြို့နယ်အသီးသီး စာဖြေဌာန သီးခြားစီ ခွင့်ပြုခဲ့သည်ကို တွေ့ရသည်။

၁၃၄၀ ခုနှစ်တွင် စာချဆရာတော် အရှင်အာစာရာဘိဝံသ(ရွှေကြက်ယက်ဆရာတော်) ကြွရောက်၍ အောက်ယမိုက်စာဝါကို ပို့ချရာ အနေအထိုင် အပြောအဆို အလွန်သိမ့်မွေ့ပြီး နမူနာယူစရာကောင်းသော ဆရာသမားတစ်ဦးဖြစ်ကြောင်း၊ မြင်းခြံ ကိုးဆောင်တိုက်တွင် နေခဲ့စဉ်က ကျောင်းတိုက်အပြင်သို့ မထွက်ရာ၌ စံပြုရသူဟု ဆိုပါသည်။

အရှင်သီလက္ခန္ဓာဘိဝံသ၏ အဆိုအရ ရှင်သီလက္ခန္ဓကြောင့် ရွာမစာသင်တိုက် ဥပဒေသများ ပေါ်ပေါက်ခဲ့ရသည်က များသည်ဟု ဆိုပါသည်။ ဆရာသမားကောင်းတို့၏ အတုကို မယူနိုင်ခဲ့၊ ကျောင်းတိုက် ဥပဒေသများ၏ ပျော့ကွက် ဟာကွက်ကို နင်း၍ ကျောင်းတိုက်အပြင်ဘက် ခိုးထွက်ပြီး ဘောလုံးပွဲများကြည့်ခဲ့သည်ဟုလည်း ဆိုပါသည်။ ထိုစဉ်က ကမ္ဘာ့စစ်တုရင်လောကတွင် ချန်ပီယံ ကားပေါ့နှင့် စိတ်ခေါ်သူ ကော့ချ်နွိုင်းတို့၏ စစ်တုရင်ပွဲဆင်နွှဲကြပုံကို သတင်းစာများ၌ တခမ်းတနား ဖော်ပြလာသည်ကို အကြောင်းပြု၍ စစ်တုရင် ကစားတတ်ချင်စိတ် ပြင်းထန်လာသဖြင့် စစ်တုရင် စတင်ကစားခဲ့သည်ဟုလည်း ဆိုပါသည်။

ကျောင်းတိုက်ဥပဒေတွင် တင်းတင်းကြပ်ကြပ် တားမြစ်ထားသည့် ပြစ်မှုကြီးကို မရအရ ကျူးလွန်ဖောက်ဖျက်ခဲ့ခြင်းဖြစ်သည်။ ရှင်သီလက္ခန္ဓသည် ကျောင်းတိုက်ဥပဒေအမျိုးမျိုးကို ဖောက်ဖျက်နေသော်လည်း တစ်ဖက်တွင် စာတော်၍ အတန်းတိုင်း ပထမဆုရနေသည်။ တစ်ဖက်က စာတော်သူဟု နာမည်ကြီးသလို၊ တစ်ဖက်ကလည်း အလွန်ဆိုးသွမ်းသူဟု နာမည်ကြီးခဲ့သည်။

အရှင်တိလောကာဘိဝံသသည် ရှင်သီလက္ခန္ဓ တက်ရောက်လာသော အတန်းတိုင်း အတန်းတိုင်း၏ ဘာသာရပ်များကို အဓိကဖောင်းပေး၍ ပို့ချလာသည်ဟု ဆိုသည်။ ဤသို့ဖြင့် ၁၃၄၁ ခုနှစ်တွင် ရှင်သီလက္ခန္ဓ ပထမကြီးတန်း တက်ရောက်ခဲ့ရသည်။ ဆရာတော်အရှင်တိလောကာဘိဝံသက တပည့်ဖြစ်သူ ရှင်သီလက္ခန္ဓနှင့် စာအထူးတော်သူများအား ကျက်စရာ၊ မှတ်စရာများကို စာသင်တိုက် ပိတ်ထားချိန် နွေရာသီဘက်တွင် ကြိုတင်ကျက်မှတ်စေခြင်းဖြင့် ပြင်ဆင်ပေးခဲ့သည်။

တစ်နေ့တွင် စစ်တုရင် ကစားမှုကို ပထမဆုံးအကြိမ် လက်ရဖမ်းမိသည်။ ပထမဆုံး ပြစ်မှုကြီးဖြစ်၍ ကစားနေသော ဦးပဉ္စင်းနှစ်ပါးမှာ ကြီးလေးသော ပြစ်ဒဏ်ချမှတ်ခံရသည်။ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသက ဩဝါဒပေးရာတွင် "ပထမဆုံးပေါ်ပေါက်လာသော စစ်တုရင်ကစားမှုကြီး၌ ကစားသူများကို ဒါလောက် စိတ်မဆိုးပါကြောင်း၊ ကစားစရာပစ္စည်းများရှိ၍ ကစားသူက ကစားခြင်းဖြစ်ကြောင်း ဤကစားစရာပစ္စည်းများ ကျောင်းထဲယူလာသူကို ပိုပြီး စိတ်ဆိုးကြောင်း၊ ထိုယူလာသူကို ဖော်ထုတ်အရေးယူရမည်ဖြစ်ကြောင်း" မိန့်ကြားခဲ့သည်။

စစ်တုရင်ပစ္စည်း ယူဆောင်လာသူကား စာတော်သော ရှင်သီလက္ခန္ဓ ဖြစ်နေသည်။ ထိုနှစ် ညောင်တုန်း သုဓမ္မာပရိယတ္တိစာမေးပွဲတွင် ရှင်သီလက္ခန္ဓသည် ပထမကြီးတန်းကို ပါဠိဘာသာဖြင့် ပထမဂုဏ်ထူး ရရှိခဲ့သည်။ နိုင်ငံတော် အစိုးရ စာမေးပွဲအတွက်မူ အားနည်းချက်များ ရှိနေသေးသဖြင့် ဆရာတော်အရှင်တိလောကာဘိဝံသ၏ အစီအမံအရ ပြီးဆုံးအောင် ဖြေဆိုခွင့် မပေးခဲ့ပေ။ ထိုနှစ်မှာပင် ဆရာတော်အရှင်တိလောကာဘိဝံသ၏ ပဋ္ဌာန်းလက်ဆောင်၊ မာတိကာ-ဓာတုကထာ လက်ဆောင် စသော လက်ဆောင်ကျမ်းများကို ဖယောင်းစက္ကူပေါ်တွင် ကညစ်ဖြင့် ရေးခဲ့သည်။ ကညစ်ဖြင့် စာရေးနည်းသင်ပေးခြင်း၊ စာအုပ်များ သီချုပ်ချုပ်နည်းကိုလည်း သင်ပေးခြင်း စသည်ဖြင့် ရှင်သီလက္ခန္ဓ၏ ဥပဒေဖောက်ဖျက်လေ့ရှိသော စိတ်ကို ဆရာဖြစ်သူ အရှင်တိလောကာဘိဝံသက ကွပ်ကဲထိန်းချုပ်လာခဲ့သည်ဟု ဆိုပါသည်။

အရှင်သီလက္ခန္ဓာဘိဝံသ၏ အဆိုအရ ဦးကောဝိဒါဘိဝံသဆိုသော ဆရာတော်တွင် ဦးကုမုဒ၊ ရှင်သာသန ဆိုသော ညီနှစ်ပါးရှိသည်။ ဦးကောဝိဒါဘိဝံသသည် စာအလွန်တော်သော ပုဂ္ဂိုလ်ဟုလည်းဆိုသည်။ သ-စ-အ ဓမ္မာစရိယ စာမေးပွဲအတွက် ကြိုးပမ်းအားထုတ်နေသည်။ စာအပို့အချလည်း ကောင်းသည်။ ကျောင်းတိုက်အတွက်လည်း အားကိုးရသူဖြစ်သည်။ တစ်နေ့သ၌ သူ့ညီငယ် ရှင်သာသနက ကျောင်းထဲသို့ ရေလာခပ်သော မိန်းကလေးတစ်ဦးကို နောက်ပြောင် ကျီစယ်ရာ ဆွမ်းစားကျောင်း ဦးအာဒိစ္စက တားမြစ်သည်။ ဤသည်ကို ရှင်သာသနက မကျေနပ်သဖြင့် ဆွမ်းစားကျောင်းဘုန်းကြီးကို ခဲနှင့်ထုသည်။ ထိုအခါ ဆရာတော်အရှင်တိလောကာဘိဝံသက ကျောင်းတိုက်စည်းကမ်းအရ ရှင်သာသနအား နှင်ထုတ်ရသည်။ အစ်ကိုဖြစ်သူ စာချဘုန်းကြီး

ဦးကောဝိဒါဘိဝံသသည် ညီဖြစ်သူက မှားမှန်းသိသည့်အပြင် ဆရာတော်၏ လုပ်ဆောင်မှု မှန်သည် ဟုလည်း သိပါလျက်ပင် ဆရာတော့်အပေါ်၌ အထင်လွဲစိတ်နာကာ သူကိုယ်တိုင် ကျောင်းတိုက်မှ ထွက်ခွာသွားခဲ့သည်။ ကျောင်းတိုက်အတွက် နစ်နာမှုမှာ မပြောပလောက်သော်လည်း ဝမ်းနည်း စရာကောင်းသော အဖြစ်အပျက်တစ်ခုဟု ဆိုပါသည်။

သာသနာ့အောင်မြေတွင် သန္ဓေတည်ခဲ့သော ရွှာမပရိယတ္တိစာသင်တိုက်သည် အရှင် တိလောကာဘိဝံသခေါင်းဆောင်သော စာချဆရာတော်များ၏စိုက်ပျိုးပုံ စနစ်မှန်ခြင်း၊ မြေသြဇာ ကျွေးပုံမှန်ခြင်း၊ ပုံစံသွင်းနမူနာပေးပုံမှန်ခြင်းဟူသော မှန်သုံးမှန်ဖြင့် အံဝင်ခွင်ကျဖြစ်လာမှုကြောင့် ရန်ကုန်မြို့တော်အတွင်း ကျင်းပတိုင်းသောစာမေးပွဲတိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဂုဏ်ထူးရှင် အသီးအပွင့်များ ပွင့်ထွန်းပေါ်ပေါက်လာသည်ဟု ဆိုရပါမည်။

၁၃၄၀-ခုနှစ်(၁၉၇၉)ခုနှစ်၊ စာသင်တိုက်သက်တမ်း ရှစ်နှစ်သားအရွယ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဂုဏ်ထူးရှင်သာသနာ့အာဇာနည် ရှင်ဓမ္မစက္ကသည် ပထမငယ်တန်း၌ ပထမ ဂုဏ်ထူးဆွတ်ခူးရရှိခဲ့သည်ကိုတွေ့ရသည်။

၁၃၄၂ ခုနှစ်တွင် ရှင်သီလက္ခန္ဓသည် ပထမကြီးတန်းကို ဒုတိယနှစ်အဖြစ် သင်ယူရသည်။ စာ တော်တော်များများ ရရှိပြီးသားဖြစ်နေသဖြင့် ပင်ကိုယ်ညာဉ်အတိုင်း ပေါ့ဆမှုနှင့် စည်းကမ်း ဥပဒေချိုးဖောက်မှုများ ရှိလာသည်ဟု ဆိုသည်။ စည်းကမ်းချိုးဖောက်နေမှန်းသိသော်လည်း ပညာရေးကို ဦးစားပေးသည့်အနေဖြင့် ဆရာတော်အရှင်တိလောကာဘိဝံသသည် ဖြစ်နိုင်သမျှ မမြင်ချင်ယောင် ဆောင်နေသည်ဟုဆိုသည်။ ယင်းသို့ ကျူးလွန်မှုဖြင့်ပင် အခြားသူများကို အရေး ယူပြီး ရှင်သီလက္ခန္ဓကို အရေးမယူသည့်အခါ ဆရာတော်အရှင်တိလောကာဘိဝံသအား ဝေဖန် ပြောဆိုမှုများ ခံလာရသည်။ ထိုအခါမျိုးဝယ် ဆရာတော်အရှင်တိလောကာဘိဝံသက တပည့် ရှင်သီလက္ခန္ဓအား "မင်း ငါ့ကို ခွေးဖြစ်အောင်လုပ်တယ်"ဟူ၍ ဆုံးမခဲ့သည်ဟု ဆိုသည်။

ယခင်နှစ်များကပင် စိတ်တုရင်ကစားခဲ့သူ ရှင်သီလက္ခန္ဓသည် ဤနှစ်တွင် အမိအရ အဖမ်းခံ ရတော့သည်။ သူနှင့်ကစားဖော်မှာ ရှင်ဇနက(လှိုင်းဘွဲ့)ဖြစ်ရာ နှစ်ပါးစလုံးမှာ ဆရာတော်အရှင် တိလောကာဘိဝံသနှင့် ရင်းနှီးသူ စာအရေးခိုင်းနေသူများဖြစ်၍ ဆန်ရင်းနာနာဖွပ်သောအားဖြင့် အပြစ်ကြီးကြီးပေးခဲ့သည်။ ကြိမ်ဒဏ်နှင့် ရေဒဏ်ပါ ထမ်းဆောင်ရသည်။ သီတင်းကျွတ် ကျောင်း ပိတ်ရက်တွင် ကစားကြခြင်းဖြစ်ရာ ဆရာဖြစ်သူက ကျောင်းပိတ်ရက်တွင် စာအရေးခိုင်းဖို့ လာခေါ်စဉ် ဖမ်းမိခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုစဉ်တွင် ရှင်သီလက္ခန္ဓ၏ ဖခင်ကြီး ရောက်ရှိခိုက်ဖြစ်၍ ရှင်သီလက္ခန္ဓမှာ ဖခင်ကြီးရှေ့မှာပင် ဒဏ်နှစ်ရပ်ထမ်းဆောင်ရသည်ဟု ဆိုသည်။

၁၃၄၂ ခုနှစ် ဘဒ္ဒန္တနန္ဒဝံသအား ပထမဆုံးအကြိမ် ခဲနှင့်ထုမှု ပေါ်ပေါက်ခဲ့သည်။ သဒ္ဓမ္မဝံသ ကျောင်း ဆရာတော့်အခန်းကို ထုခြင်းဖြစ်သည်။ လူကို ထိမှန်ခြင်းမရှိ။ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ က "ဤကိစ္စအတွက် မတုန်လှုပ်ကြောင်း၊ မည်သူမည်ဝါမှန်း မသိသော်လည်း ထိုသူ့ကို မိမိ ခွင့်လွှတ်ကြောင်း သို့ရာတွင် အပြစ်ကျေဖို့အတွက် ပြန်တောင်းပန်ရမည်ဖြစ်ကြောင်း" မိန့်ကြားခဲ့ သည်။ ခဲနှင့်ထုသူမှာ မသိအောင် ထုခဲ့ခြင်းဖြစ်၍ မည်သူမျှ မသိလိုက်သော်လည်း မိမိအလိုလို

ကြောက်လန့်လာပြီး ပြန်တောင်းပန်ရသည်။ ထိုသူမှာ ဦးဓမ္မာစိက္ခ(ပုဂံ၊ညောင်ဦး)ဖြစ်သည်။ ခိုင်လုံမှု မရှိပဲ "သံဃိကငွေများကို အလွဲသုံးစားလုပ်သည်"ဟူသော ယူဆချက်ဖြင့် ထုခြင်းဖြစ်ကြောင်း ဆိုသည်။ ဦးဓမ္မာစိက္ခမှာ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသကိုယ်တိုင် ရဟန်းဒကာ ရှာပေးထားသူဖြစ်ရာ ထိုပုဂ္ဂိုလ်မှန်း သိရသည့်အခါ "အော်၊ မင်းကိုးကွ" ဆိုကာ တအံ့တသြ ဖြစ်သွားသည်ဟု ဆိုသည်။

၁၃၄၂ ခုနှစ်တွင် ရှင်သီလက္ခန္ဓသည် ပထမကြီးတန်းဖြေဆိုရာ ပါဠိဘာသာဖြင့် ဖြေဆိုသည့် အတွက် အချို့အဓိပ္ပါယ်များကို စိတ်ထဲရှိသလောက် မရေးနိုင်ဖြစ်ပြီး အမှတ်များ လျော့နည်းသွား ခဲ့သည်။ ဝါဆိုဦး အောင်စာရင်းထွက်သောအခါ ပထမကျော်အောက် ဒုတိယဂုဏ်ထူးရလျက် အောင်မြင်လာသည်။ စာသင်တိုက် ဆယ်နှစ်ပြည့်မြောက်သည့်နှစ်တွင် အမှတ်တရ အောင်မြင် ခဲ့ခြင်းဖြစ်သည်။ ပါဠိဘာသာဖြင့် ဖြေဆိုလိုက်ရ၍ ပထမကျော်ဘွဲ့နှင့် လွဲခဲ့ရခြင်းဖြစ်သော်လည်း အောင်လက်မှတ်ထဲတွင် "ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်သည်"ဟူသော မှတ်ချက်ကလေးပင် ပါမလာခဲ့ဟုဆိုသည်။

ရွာမပရိယတ္တိစာသင်တိုက်တွင်း လစဉ်စာမေးပွဲများတွင် ပထမဆုရသူကို ကျောင်းတိုက်မှ ဝတ္ထုငွေ ငါးကျပ် ချီးမြှင့်သည်။ ထိုစဉ်က ငွေငါးကျပ်သည် အလွန်တန်ဖိုးကြီးလှသည် ဆုတော်ငွေ ငါးကျပ် ရရှိရေးအတွက် အပြိုင်အဆိုင် ကြိုးစားလာကြသည်။ ကျရှုံးသော စာသင်သားများအဖို့ ရေဒကာထမ်းရသည်။ သပိတ်ထဲတွင် ရေအပြည့်ထည့်၍ လမ်းတွင် မဖိတ်မစင်အောင် သတ်မှတ် ထားသော ခေါက်ရေအတိုင်း သာသနာဝံသကျောင်းအနီး ဓမ္မာရုံမှ ကျောင်းတိုက်မြောက်ဖျား ကုဋီ များသို့ သွားရောက် လောင်းထည့်ရသည်။ ညအခါ သံဃာစုံညီ ဘုရားဝတ်တက်ပြီး ဒကာ ထမ်းဆောင်ရသော သံဃာများက **"ဟရိတံ မေ ဒက္ခာကမ္မံ၊ ဟရိတံတိ မံ ဓာရေထ" ဘုရားတပည့်တော်သည် စာမေးပွဲ ကျရှုံးပါသဖြင့် ရေဒကာ ငါးခေါက်(သတ်မှတ်သလောက်) ထမ်းဆောင်ခဲ့ပြီးပါပြီ၊ ဘုရားတပည့်တော်ကို ဒကာထမ်းဆောင်ပြီးသော ပုဂ္ဂိုလ်ဟူ၍ မှတ် တော်မူကြပါဘုရား**-ဟု သံဃာအား လျှောက်ကြားရသည်။ အခြားသော ပြစ်ဒဏ်ကျသူများလည်း ထိုနည်းသူ ဖြစ်သည်။

ဝါတွင်းကာလနှင့် ထူးခြားသောရက်များတွင် အရဏ်ဆွမ်းခံထွက်သည့်အခါ စကြံန်လမ်း တစ်ခန်းလျှင် ငါးပါးနှုန်း နေရာယူရပြီး၊ စကြံန်လမ်း၏ သစ်သားဘောင်တွင် နံပါတ်များ ရေးထိုး ထားသည်။ ထိုနံပါတ်များတွင် ကျရောက်သူသည် မိမိကျရောက်ရာနံပါတ်ကို မှတ်သားနိုင်သည် ဆွမ်းခံသံဃာ စုံမစုံ စစ်ဆေးသော ပုဂ္ဂိုလ်သည် လစ်လပ်နေသော နံပါတ်ကို မြင်လိုက်သည်နှင့် မည်သူလစ်လပ်နေကြောင်း သိရသော နည်းဖြစ်သည်။ ဆရာတော်အရှင်တိလောကာဘိဝံသသည် အရဏ်ဆွမ်းခံကြွရသည့်နေ့တိုင်း သံဃာစုံမစုံ စစ်ဆေးသည့်အလုပ်ကို ကိုယ်တိုင်လုပ်ဆောင်သည်။ ဤသို့ အသေးအဖွဲ ကိစ္စလေးကို အခြားစာချ ဘုန်းကြီးတစ်ပါးပါးကို ခိုင်းလိုက်လျှင်ရသော်လည်း ကိုယ်တိုင်အပင်ပန်းခံ၍ ဆောင်ရွက်ခဲ့သည်။ ကျောင်းတိုက် အစမ်းစာမေးပွဲများတွင် အတန်းအလိုက် ပထမဆုရသူကို ထိုတစ်ပတ် အရဏ်ဆွမ်းခံမလိုက်ရဘဲ နေခွင့်ပြုပေးသည်။

အကြောင်းကြီးငယ်ရှိ၍ အပြင်ကြွလိုလျှင် အပတ်စဉ်စာမေးပွဲအောင်မှ သွားလာခွင့်ပြုသည်။ ပစ္စည်းပစ္စယ ဝယ်ယူလိုလျှင် အရှင်တိလောကာဘိဝံသအား သွားရောက်လျှောက်ထားကြရသည်။ ဝယ်ယူလိုသည့်ပစ္စည်းများ အရှင်တိလောကာဘိဝံသထံတွင် အသင့်ရှိပါက တပည့်များအား အပြင်မထွက်စေရန် ရှိသည့်ပစ္စည်းကို စွန့်ကြဲပေးကမ်းလေ့ရှိသည်ကို တွေ့ရသည်။ အကြောင်းပြချက်မခိုင်လုံသော စာသင်များအဖို့ အပြင်ထွက်ခွင့်မရကြတော့ပေ။

အရှင်တိလောကာဘိဝံသနှင့် စာချအဖွဲ့၏ အသင်အပြနှင့် နည်းစနစ်ပိုင်းဆိုင်ရာ မှန်ကန်မှုကြောင့် စာသင်သားသံဃာများ တစ်နှစ်ထက်တစ်နှစ်များပြားလာသည်ကိုတွေ့ရသည်။ အဆောက်အဦနှင့် နေရာထိုင်ခင်းအခက်အခဲကြောင့် စာသင်သား လက်ခံရေးကို သာမန်အဆင့်မှကျောင်းဝင်ခွင့်သဘောရေးဖြေနှင့် လူတွေ့စစ်ဆေး(အင်တာဗျူး)ကာ အကန့်အသတ်နှင့် လက်ခံလာသည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံစာသင်တိုက်များတွင် ဤစနစ်မျိုးဖြင့် တစ်ကြိမ်တည်းတစ်ရက်တည်း စာသင်သားသံဃာလက်ခံသော စာသင်တိုက်ကိုညွှန်းဆိုရလျှင် ရွာမစာသင်တိုက်ကိုပြရမည်ဖြစ်သည်။ သည်နေရာတွင် ဝေဖန်ထောက်ပြစရာတွေလည်း အနည်းငယ် ရှိလာသေးသည်။ အချို့သောပညာသင်နှစ်များတွင် ပဓာနနာယကဆရာတော်၏ တစ်ပါးတည်းသောမူဝါဒဖြင့် အထူးအခွင့်အရေးအရ လက်ခံခဲ့သောနှစ်များ ရှိခဲ့သည်ကိုတွေ့ရသည်။

ပဓာနနာယကဆရာတော်အနေဖြင့် စာသင်သားသံဃာလက်ခံရေးကို အထူးချွင်းချက်အနေဖြင့် အချိန်အခါမရွေး သံဃာလက်ခံပိုင်ခွင့်ရှိသည်ကားမှန်သည်။ သို့သော်. . . စာသင်တိုက်စည်းကမ်းတွင်ဥပဒေတစ်ရပ်အနေဖြင့် "ပဓာနနာယက ဆရာတော်၏ဆန္ဒအရ ကျောင်းဝင်ခွင့်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသည်ဖြစ်စေ၊ မဖြေဆိုသည်ဖြစ်စေ အချိန်ကာလမရွေး တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ လက်ခံပိုင်ခွင့်ရှိစေရမည်" ဟုပြဆိုထားသင့်သည်၊ သို့သော် ထိုဥပဒေသမျိုးရေးဆွဲထားသည်ကိုမတွေ့ရချေ။ ကျောင်းဝင်ခွင့်ရေးဖြေအပိုင်းတွင် ပြဋ္ဌာန်းစာကို အတန်းအလိုက်သတ်မှတ်ထားရှိပြီး လူတွေ့စစ်ဆေး(အင်တာဗျူး) အနေဖြင့် -

၁။ ဥပမိသမ္ပတ္တိ

၂။ ဗဟုသုတ

၃။ အပြောအဆို ယဉ်ကျေးသိမ်မွေ့မှု

အချက်များကိုကြည့်ရှုစစ်ဆေးသည်ကိုတွေ့ရသည်။

ဤနေရာတွင် ဆရာတော်အရှင်တိလောကာဘိဝံသ၏ ခေါင်းဆောင်ကောင်းတစ်ယောက်အရည်အချင်းများစွာထဲက တစ်ခုကို ပြယုဂ်ထုတ်ပြချင်သေးသည်။ ၁၃၄၅ ခုနှစ်တွင် တပည့်ဖြစ်သူအရှင်သီလက္ခန္ဓသည် စာချတန်းစာမေးပွဲတွင် အစမ်းသဘော ဝင်ရောက်ဖြေခဲ့ပါလျက် ပါရာဇိကဏ်ကျမ်း အောင်မြင်လာသည့်ကိစ္စအတွက် ကမ္ဘာအေးသို့သွားရောက်ပြီး အကျိုးအကြောင်းပြောပြကာအောင်စာရင်းထဲမှ ပြန်လည်ပယ်ဖျက်ပေးဖို့ မေတ္တာရပ်ခံရန် ဆရာတော်အရှင်တိလောကာဘိဝံသ၏အမိန့်အရဆောင်ရွက်ခဲ့သည်။ ထိုစဉ်က အရှင်သီလက္ခန္ဓအနေဖြင့် ပါရာဇိကဏ်ကျမ်းကို ၆-ပုဒ်ဆာ

တည်းသာ ကွက်တိဖြေဆိုခဲ့သည်။ အစိုးရစာချတန်း စာမေးပွဲမှာ တစ်ကျမ်းလျှင် ၆၅ မှတ် ရမှသာ စာမေးပွဲစည်းမျဉ်းအရ အောင်မြင်သည်။ ထိုနှစ်က အစိုးရဓမ္မာစရိယစာမေးပွဲ၌ အောင်မြင်သူ နည်းပါး၍ စာမေးပွဲတို့၏ သဘောသဘာဝအရ သတ်မှတ်ထားသည့် အောင်မှတ်အောက် လျှော့ကာ အမှတ်-၅၀ ဖြင့် အောင်မှတ်အဖြစ် သတ်မှတ်ခဲ့သည်။ အရှင်သီလက္ခန္ဓက ၆၀-မှတ် ကွက်တိရရှိခဲ့သည်။ အရှင်သီလက္ခန္ဓအနေဖြင့် ဂုဏ်ထူးမှန်းထား၍ နောက်နှစ်မှ ဖြေဆိုမည့် အစီအစဉ်ဖြင့် သာသနာရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင် ထံ သွားရောက်ပြောဆို အကူအညီတောင်းရာ ဦးကျော်လွင်က မကူညီခဲ့သည့်အပြင် မောက်မာ ကြမ်းတမ်းသော စကားလုံးများဖြင့် သုံးနှုန်းပြောဆိုလိုက်သည်ဟု ဆိုသည်။ ထိုကိစ္စကို အရှင် သီလက္ခန္ဓက မကျေနပ်သဖြင့် နိုင်ငံတော်သံဃမဟာနယကအဖွဲ့ထံ စာရေး တိုင်ကြားလိုက်ရာ စာထဲတွင် တိုင်ကြားသည့်သဘောထက် စာမေးပွဲကို အပြစ်တင်သည့်သဘော သိသိသာသာ ပါသွားသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဆရာတော်ဘဒ္ဒန္တနန္ဒဝံသထံ တိုင်စာ ပြန်ပို့ သည်ဟု ဆိုပါသည်။

ထိုတိုင်စာအတွက် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသသည် လွန်စွာစိတ်ဆိုးပြီး "စာသင်နေတာ၊ ယဉ်ကျေးဖို့ သင်နေတာ၊ ရိုင်းဖို့သင်နေတာမဟုတ်ဘူး၊ ဘာဖြစ်လို့ ဒီလောက်ရိုင်းရတာလဲ၊ စာမေးပွဲ မှာ အောင်စာရင်းထွက်ပြီးမှ ပြန်ပြင်တယ်လို့ ဘယ်မှာရှိသလဲ။ စာချဘုန်းကြီးတွေနဲ့တိုင်ပင်ပြီး မင်းကို အပြစ်ကြီးကြီးပေးရမယ်"ဟု အမိန့်ရှိသည်။

သို့ရာတွင် တိုင်ပင်စည်းဝေးကြည့်သည့်အချိန်၌ကား မည်သည့်အပြစ်မှ အပေးမခံခဲ့ရပေ။ ဆရာတော် အရှင်တိလောကာဘိဝံသက "မိမိ၏ ခိုင်းစေမှုကို အကြောင်းပြုပြီး ယခုလိုဖြစ်ရခြင်း ဖြစ်ကြောင်း"ပြောဆိုပယ်ချလိုက်သောကြောင့်ဟု ဆိုသည်။ ထိုကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးသည့် အရှင်တိလောကာဘိဝံသအား "အလွန်ချစ်စရာ၊ လေးစားစရာ ကောင်းလှသည်။ မှားမှား မှန်မှန် မိမိပြုလိုက်သော ကိစ္စတစ်ခုကို အပြည့်အဝ တာဝန်ယူသွားသည်"ဟု အရှင်သီလက္ခန္ဓက ဆိုပါသည်။ မိမိအစပြုလိုက်သော ကိစ္စတစ်ခုကို အပြည့်အဝ ပြီးဆုံးတိုင် တာဝန်ယူသွားသော ဆရာတော် ဖြစ်သည်။

၁၃၄၆-ခုနှစ်(၁၉၈၄)တွင် ဆရာတော်ဘဒ္ဒန္တကေတု ပျံလွန်တော်မူသည်။ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ပဓာနနာယက၊ အရှင်တိလောကာဘိဝံသက ဒုတိယအုပ်ဆရာကျော်ဖြစ်လာသည်။ ကျောင်းတိုက်ကိုလည်း ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ အသီးသီးခွဲဝေ စီမံတာဝန်ယူလာခဲ့သည်။ ကျောင်းတိုက်သည်လည်း အရေအတွက်ရော အရည်အချင်းပါ အောင်မြင်တိုးတက်လာသည်ကို တွေ့ရသည်။

၁၉၈၄-ဩဂုတ်လ ၁၁-ရက်နေ့တွင် ကျောင်းတိုက်သည် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့် ဆရာတော်အရှင်တိလောကာဘိဝံသတို့ နှစ်ပါးဆိုင် ဒွိသင်္ဃိက ဖြစ်လာခဲ့သည်။ ဆရာတော် အရှင်တိလောကာဘိဝံသအား ရွာမပရိယတ္တိစာသင်တိုက်ကြီးကို တိုက်အုပ်ဆရာတော်နှင့် နှစ်ပါးပိုင် ဒွိသင်္ဃိကအဖြစ်ပြောင်းလဲသတ်မှတ်ပေးခြင်းမှာ ဘဒ္ဒန္တနန္ဒဝံသအနေဖြင့် ဆရာတော် အရှင်

တိလောကာဘိဝံသအပေါ် တစ်လျှောက်လုံးချီးမြှောက်မှု နည်းပါးမှုကို အတိုးချ၍ ချီးမြှောက်လိုက်ခြင်းဟု ဆိုရပေမည်။

ရွာမပရိယတ္တိစာသင်တိုက်တွင်နေထိုင်လိုသော စာသင်သားများသည်-

၁။ သာသနာ့စည်းကမ်း၊ ကျောင်းတိုက်စည်းကမ်း၊ တိုက်တာဆရာတော်များ၏ ညွှန်ကြားချက် စည်းကမ်းအတိုင်း လိုက်နာပါမည်။

၂။ ပရိယတ္တိစာပေကိုအထူးကြိုးစားပါမည်။

၃။ အများနှင့်သင့်တင့်ညီညွတ်စွာ နေထိုင်ပါမည်။

ဟူသော ခံဝန်ကတိဖြင့် ရှေးဦးစွာ ကျောင်းတိုက်ဝင်ခွင့်လျှောက်လွှာတင်သွင်းရပုံကိုလည်းတွေ့ရှိရသည်။

လျှောက်လွှာတင်ပြီး နွေရသီကျောင်းပိတ်ချိန်သတ်မှတ်ထားသောရက်တွင် ရေးဖြေနှင့် လူတွေ့စစ်ဆေး(အင်တာဗျူး) ဖြေဆိုပြီးနောက်သုံးရက်အတွင်း အောင်ဂေဇက်ထုတ်ပြန်သည်။

ထို့နောက် အရှင်တိလောကာဘိဝံသ၏ သဘောထားတစ်ရပ်ကိုလည်း ဤသို့တွေ့ရှိရသေးသည်။

၁။ စာသင်သားအချင်းချင်း အညာသား/အောက်သားမခွဲခြားရေး၊

၂။ ဂိုဏ်းဂဏမခွဲခြားရေး၊

၃။ လူမျိုးရေးမခွဲခြားရေး တို့ပင်ဖြစ်သည်။

ဤအချက်သည် အလွန်ကောင်းမွန်သော အမျိုးသားရေး (စည်းလုံးညီညွတ်ရေး) ရည်မှန်းချက်ဖြစ်သည်။ နှစ်စဉ် နှစ်တိုင်း ကရင်နှစ်သစ်ကူးပွဲတော် စသောတိုင်းရင်းသားသံဃာများ၏ အမျိုးသားရေး အစဉ်အလာကောင်းများကို ထိုက်ထိုက်တန်တန် အသိမှတ်ပြု ခွင့်ပြု ကျင်းပခွင့်ပြုပေးထားသည်ကိုလည်း တွေ့ရသည်။

ဤအချက်သည် စာသင်တိုက်တိုင်းတွင် မြင်တွေ့ရနိုင်ခဲသော အချက်ကောင်း၊ အစဉ်အလာကောင်းဖြစ်သည်။ ကရင်နှစ်သစ်ကူးပွဲတော်တွင် လာရောက်ကြသော တိုင်းရင်းသားများတွင် ဗုဒ္ဓဘာသာဝင်သာမက အခြားဘာသာဝင်များပါ ချစ်ခင်ရင်းနှီးစွာလာရောက်ကြသည်ကို တွေ့ရသည်။

စာသင်သားများကျောင်းဝင်ခွင့်ရရှိပြီး စာသင်တိုက်အတွင်းရောက်လာသော အခါ ရွာမပရိယတ္တိစာသင်တိုက်ဥပဒေသတွင်-

၁။ နာယကစာချဂဏဝါစကများလိုက်နာရမည့်ဥပဒေ။

၂။ စာသင်သားသံဃာတော်များလိုက်နာရမည့်ဥပဒေဟူ၍ နှစ်ရပ်ခွဲခြားထားသည်ကို တွေ့ရှိရသည်။

နာယကစာချဂဏဝါစကများ လိုက်နာရမည့်စည်းမျဉ်းဥပဒေသတွင် နာယကဂိုဏ်းချုပ်ပါးပြည့်စုံ၍ အဂတိလေးပါး ရှောင်ရှားရခြင်း။ နာယကအချင်းချင်း အပြန်အလှန်ချစ်ကြည်လေးစား နိုင်းပင်းကူညီခြင်းစသော အချက်ကိုအဓိကတွေ့ရှိရသည်။

စာသင်သားများလိုက်နာရမည့်စည်းမျဉ်းဥပဒေသတွင် ကျောင်းနေခွင့်လျှောက်လွှာတင်ထားစဉ်က ပဋိညာဉ်ပြုထားသည့် အချက်များအပြင် ပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲဦးတည်ချက်ထား၍ ပရိယတ္တိကြိုးစားအားထုတ်သူဖြစ်ခြင်း။ ယဉ်ကျေးစွာ သွားလာ နေထိုင်ပြောဆိုသူဖြစ်ခြင်းစသော အချက်များကိုအဓိကတွေ့ရှိရသည်။

ကျောင်းတိုက်အပတ်စဉ်စာမေးပွဲများတွင် အနည်းဆုံး(၃)ချိုး(၁)ချိုးအောင်မြင်သူများကိုသာ အစိုးရစာမေးပွဲဝင်ခွင့် လက်မှတ်ထိုးခွင့်ပြုခြင်း၊ လက်မှတ်ရေးထိုးခွင့်ရပြီးသူသည်လည်း ကျန်ရှိသော အပါတ်စဉ်များ၌(၃)ချိုး(၁)ချိုးဆက်လက်အောင်မြင်၍ နောက်ဆုံးအစမ်းစာမေးပွဲကြီး၌ ဘာသာရပ်တိုင်း (၁၅)ရာခိုင်နှုန်းပြည့်မီရရှိမှသာ ဝင်ရောက်ဖြေဆိုခွင့်ရှိခြင်းစသော အချက်များကိုတွေ့ရှိရသည်။

စာသင်သားများသည်ယေဘုယျအားဖြင့် ဆရာ၏အနီးကပ်ကြပ်မတ်ပေးမှုဖြင့် အောင်ပန်းဆင်ရသည်သာများသည်။ အခြားသောစာသင်တိုက်များတွင် ဉာဏ်ရည်ဉာဏ်သွေးကောင်းသော တပည့်စာသင်သားများရောက်လာ၍ နိုင်ငံကျော် ဂုဏ်ထူးရှင်များပေါ်ပေါက်လာသည်ကို လေ့လာတွေ့ရှိရသည်။

ရွာမပရိယတ္တိစာသင်တိုက်တွင် ပညာသင်ကြားနေထိုင်ကြသော စာသင်သားတိုင်းသည် မိမိရောက်ဆဲ အတန်း၌ သတ်မှတ်ထားသော အချိန်ကာလအတွင်း အစိုးရစာမေးပွဲ မအောင်မြင်ပါက ကျောင်းတိုက်၌ ဆက်လက်နေထိုင်ခွင့်မရှိဟု သတ်မှတ်ထားသည်ကို လေ့လာတွေ့ရှိရသည်။ မူ၊ ငယ်၊ လတ် တန်းများ၌ သုံးကြိမ်၊ ပထမကြီးတန်း၌ လေးကြိမ် ကျရှုံးလျှင် ကျောင်းတိုက်မှ ထွက်ခွာပေးရမည်ဟု တွေ့ရှိရသည်။

အပတ်စဉ် စာမေးပွဲအတန်းအလိုက် ရာခိုင်နှုန်းသတ်မှတ်ချက် မပြည့်မီလျှင်လည်း ဆက်လက်နေထိုင်ခွင့်မရှိသည့် ဥပဒေသကိုလည်း လေ့လာတွေ့ရှိရသည်။

ထို့ပြင် ၁၉၉၀ ခုနှစ်မှစ၍ အတန်းငယ်များကို လက်မခံပဲ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းကိုသာ လက်ခံသင်ကြားလာသည်ကို တွေ့ရသည်။ ဤသည်မှာ အကြောင်းတစ်ရပ်ရှိသည်၊ အတန်းကြီးလာသော စာသင်သားများအဖို့ စာသင်တိုက်ပြောင်းရွှေ့ရန် ကျောင်းအခက်အခဲရှိတတ်သည်။ ထိုအခက်အခဲကို ငဲ့ကွက်၍ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းကိုသာ ရွေးချယ်လက်ခံသင်ကြားပေးခဲ့သည်။

ထိုအချိန်မှစ၍ ဓမ္မာစရိယ စာချတန်းတွင် ကျမ်းရင်းတစ်ကျမ်းလျှင် သုံးနှစ်ဆက်တိုက်ကျရှုံးက ကျောင်းတိုက်မှ ထွက်ခွာပေးရမည်ဟု ဥပဒေသတိုး၍ ဖြည့်စွက်ခဲ့သည်ကိုလည်း တွေ့ရသည်။

နောင်တွင် အကျိုးဆက်တစ်ရပ်အနေဖြင့် ပေါ်ပေါက်လာသည်ကို တွေ့ရသည်မှာ ထိုစာသင်သားများသည် ဘွဲ့ရပြီးလျှင် မိမိတို့ မူလကျောင်းတိုက်ကိုသာ ပြန်ကြသည်ကများသည်။ ဓမ္မာစရိယအောင်မြင်အောင် သင်ကြားပေးလိုက်သော စာသင်တိုက်ကို တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းလာအောင် ပြန်လည်ဆောင်ရွက်ပေးမှု နည်းသည်ကို တွေ့ရသည်။ ရေရှည်တွင် ကောင်းကျိုးမဖြစ်စေနိုင်သည့် အစိတ်အပိုင်းတစ်ရပ်ကို ရှုမြင်သုံးသပ်လာပုံရသည်။ ထို့ကြောင့် ၁၉၉၂ ခုနှစ်မှ

စ၍ မူလရည်ရွယ်ချက်အတိုင်း အတန်းစုံ ပြန်လည် လက်ခံသင်ကြားလာသည်ကို တွေ့ရသည်။

အဆိုပါ စည်းကမ်းများကို သုံးသပ်ရချေက စာချနာယကအပိုင်းကဏ္ဍတွင် လိုအပ်ချက် တစ်ခုထောက်ရှုတွေ့ရသည်။

စာချနာယကတင်မြှောက်ခြင်းအခန်းကဏ္ဍကို စနစ်တကျသတ်မှတ်ထားသောစည်းကမ်း မတွေ့ရှိရချေ။ ဤသည်မှာ အကောင်းတကာ အကောင်းဆုံး ရေးဆွဲထားသည့် ဥပဒေများစွာတို့မှ မထင်မရှား အားနည်းချက်တစ်ရပ်ဟု သုံးသပ်ရပါမည်။ မြန်မာပြည်အဝှမ်းတွင် အောင်မြင်ထင်ရှားပြီး လေးစားထိုက်သော စာသင်တိုက်ကြီးများတွင် နာယက၏ အရည်အချင်းကို -

၁။ အစိုးရ ဓမ္မာစရိယဘွဲ့ဖြင့်လည်းကောင်း၊

၂။ အစိုးရ ဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏဓမ္မာစရိယဘွဲ့ဖြင့်လည်းကောင်း၊

၃။ အထက်ပါနှစ်ရပ်အပြင် သကျသီဟဓမ္မာစရိယဘွဲ့ဖြင့်လည်းကောင်း၊

စသည်ဖြင့် တစ်မျိုးဖြစ်စေ၊ နှစ်မျိုးဖြစ်စေ၊ သုံးမျိုးဖြစ်စေ သတ်မှတ်ချက်ထားရှိသည်ကို တွေ့ရှိရသည်။ ရွှေမပရိယတ္တိ စာသင်တိုက်တွင် ဤမူဝါဒစနစ်မျိုး မတွေ့ရှိရချေ။

ဤအချက်သည် အနာဂတ်သာသနာတွင် အထူးအားဖြင့် ရွှေမပရိယတ္တိသာသနာတွင် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်လာနိုင်သည်။ အလွန်သေးငယ်သော (အပ်ပေါက်စာ မျှသော) အပေါက်လေးတစ်ပေါက်ကို အလေးတမူ ဂရုတစိုက် မဖာထေးမိ၍ သင်္ဘောကြီးတစ်စီးလုံး ရေစုန်နစ်ရပုံသို့ ဖြစ်လာနိုင်ချေရှိသည်ကို အထူးသတိချပ်ရပေလိမ့်မည်။

အချို့သော စာသင်တိုက်ကြီးများ နှစ်ပေါင်းရာကျော်ကာလတိုင်အောင် ရှည်လျားစွာ ခိုင်မြဲတည်တံ့နေသည်မှာ ခေါင်းဆောင် နာယက၏ သတ်မှတ်ချက် အရည်အချင်းကြောင့်ဖြစ်သည်။

ရွှေမပရိယတ္တိစာသင်တိုက်အတွင်း၌ စာချ စာသင် သံဃာတော်များ၏ ကျန်းမာရေးအတွက် ကုတင်ရှစ်လုံးဆန့် သံဃာ့ဆေးကုသဆောင်ကို ၁၉၈၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ခေတ်မီဆေးဝါးများအပြင် တိုင်းရင်းမြန်မာ ဆေးဝါးများကိုလည်း ပြည့်စုံစွာ ထားရှိပါသည်။ နေ့စဉ် ဒေါက်တာလှမြင့်၊ ထောင်ဆရာဝန်ဦးထွန်းကြိုင်၊ ဒေါက်တာမတူး၊ ဒေါက်တာအာသာထွန်း၊ ဗိုလ်ကြီး အောင်မြင့်(ဆေးငြိမ်း)၊ ဒေါက်တာထွန်းနေအောင်၊ အိမ်ဆေးခန်းမှ ကုသပေးကြသော ဒေါက်တာဘိုကြည်၊ ဒေါက်တာအောင်ခိုင်ဇံနှင့် ဆေးဝါးကျွမ်းကျင်သော ဘုန်းတော်ကြီးဦးနန္ဒမာလာ တို့က တာဝန်ယူ ကုသပေးခဲ့သည်။ ဆေးခန်းကို ပုံမှန်အားဖြင့် နေ့စဉ် ညနေ ၁၇:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ ဖွင့်လှစ်ပေးပြီး၊ အရေးပေါ်လာလျှင် ပေါ်လာသလို အချိန်နှင့်တပြေးညီ ကုသပေးလျက် ရှိသည်။ ဆေးခန်းဖွင့်ချိန်တွင် တာဝန်ကျ နာယကတစ်ပါး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးထား သည်။ အရေးကြီး ဂိလာနသံဃာတော်များကို ဆေးကုသဆောင်၌ ထားရှိပြီးလိုအပ်သော ဆေးဝါး အာဟာရများစီမံပေးထားသည်။ သာမန်ဂိလာနသံဃာတော်များကိုမူ ပြင်ပလူနာအဖြစ် ကုသ ဆောင်ရွက်ပေးသည်။

၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ စတင်ကာ cosmic အင်ဂျင်ဝိုင်ကုမ္ပဏီမှ ခေတ်မီသော ဆေးပစ္စည်းမျိုးစုံနှင့် ဆရာဝန် ဒေါက်တာမောင်မော်အား ခန့်အပ်လှူဒါန်းထားသည်။

သံဃာတော်များ ဆေးရုံတက်ရောက်ပြီး ခွဲစိတ်ကုသမှုမှန်သမျှ ဂိလာန အသုံးစရိတ်အားလုံးကိုပါ လှူဒါန်းထား၍ ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရသည်။

၁၉၈၅(၁၃၄၇) ခုနှစ်တွင် အရှင်သီလက္ခန္ဓသည် ဆရာဖြစ်သူ အရှင်တိလောကာဘိဝံသ၏ တိုက်တွန်းချက်အရ တိပိဋကစာမေးပွဲကို ဝင်ရောက်လက်တဲ့စမ်းရာ ဥဘတောဝိဘင်းအောင်ပုံ အောင်မြင်ခဲ့သည်။ ရွာမပရိယတ္တိစာသင်တိုက်မှ ပထမဆုံး တိပိဋကစာမေးပွဲဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သောသူလည်းဖြစ်သည်။ ထိုနှစ်တွင် အရှင်သီလက္ခန္ဓအား စာချဘုန်းကြီးအဖြစ် အသိအမှတ်ပြုပေးကာ စာချတန်း ပါရာဇိကဏ်စာဝါ ပို့ချခိုင်းသည်ဟု ဆိုသည်။ အတူတူကြိုးစားခဲ့ကြသည့် သူငယ်ချင်းများအား ပြန်လည်ပို့ချပေးရမည်ဖြစ်ရာ ထိုသူငယ်ချင်းများ စာဝါလိုက်ချင်လာအောင် "ဦးသီလက္ခန်သည် အနက်ဉာဏ် အလွန်သန်သူဖြစ်ကြောင်း၊ မိမိတို့ အနက်မထင်သည့် ပုဒ်များကိုပင် ထူးထူးခြားခြား အနက်ပေးစွမ်းနိုင်သူဖြစ်ကြောင်း" ဆရာတော်အရှင်တိလောကာဘိဝံသက စာချတန်းသံဃာများအား မိန့်ကြားခဲ့သည်ဟု ဆိုသည်။

ဆရာတော် အရှင်တိလောကာဘိဝံသသည် နောင်အနာဂတ်တွင် သာသနာ့အာဇာနည်ဖြစ်လာမည့် တပည့်ဖြစ်သူ အရှင်သီလက္ခန္ဓအပေါ် အစစအရာရာ ထောင့်စေ့အောင်၊ ခရေစေ့တွင်းကျ ပြောစရာမရှိလောက်အောင် ပြည့်ပြည့်စုံစုံ စီမံညွှန်ကြား ပေးသလောက် အရှင်သီလက္ခန္ဓသည် ဆရာစိတ်ညစ်အောင် အမျိုးမျိုးလုပ်ခဲ့သည် ဟု သူကိုယ်နှိုက်က ဆိုပါသည်။

၁၉၈၅ ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် ကမ္ဘာအေးကုန်းမြေ အပရဂေါယာနကျောင်းဆောင်၌ ဖွင့်လှစ်သော ပထမအကြိမ် ၆-လ ဆရာဖြစ် မွမ်းမံသင်တန်းကို အရှင်တိလောကာဘိဝံသ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆရာသမားရှိစဉ်က မသိသာသော်လည်း၊ ဆရာသမားမရှိသည့်အခါ ထူးထူးခြားခြား သိသာလာရသည်။ စာသင်သားအားလုံး၏ မျက်နှာများတွင် ဝမ်းနည်းခြင်း၊ အားငယ်ခြင်း အရိပ်အရောင်များ ပေါ်နေသည်။ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ ကိုယ်တိုင်ပင် ဝမ်းနည်းအားငယ်မှုများကို သိသိသာသာ ခံစားနေရသည်။ "အပြီးသွားတာမဟုတ်ပါဘူး၊ နောင် ၆-လဆိုလျှင် အရှင်ဘုရားတို့ဆရာကြီး ပြန်ရောက်လာမှာပါ"ဟု စာသင်သားများအား မိန့်ကြားသည့် ဩဝါဒမှာပင် အသံများ တုန်၍နေသည်။ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသသည် စာချဆရာတော် အရှင်တိလောကာဘိဝံသ၏ တန်ဖိုးကို သိထားမည်ဖြစ်သော်လည်း သိသည့်အတိုင်း ကျင့်မှု၊ ချီးမြောက်မှုအပိုင်းတွင် အားနည်းချက် အနည်းငယ်ရှိခဲ့သည်ကို စာသင်သားအားလုံးကပင် သတိပြုခဲ့မိကြသည်ဟု ဆိုသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာဖြစ်မွမ်းမံသင်တန်းသို့ ရွာမပရိယတ္တိစာသင်တိုက်မှ ထွက်ခွာသွားခဲ့သော ဦးကောဝိဒါဘိဝံသသည်လည်း တက်ရောက်လာရာ ဦးကောဝိဒါဘိဝံသသည် ဆရာတော်အရှင်တိလောကာဘိဝံသကို မြင်သော်လည်း နှုတ်မဆက်ပဲနေသဖြင့် ဆရာတော်အရှင်တိလောကာဘိဝံသကပင် စတင်နှုတ်ဆက်ခဲ့ရသည်ဟု ဆိုသည်။

ဆရာတော်အရှင်တိလောကာဘိဝံသသည် မကြာမီ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ ကြွရောက်တော့မည်ဖြစ်ရာ တပည့် အရှင်သီလက္ခန္ဓအား အနီးကပ် မကြီးကြပ်နိုင်၍

မင်းကွန်းသို့ သွားရောက်ကာ တိပိဋကစာမေးပွဲ ဆက်လက်အားထုတ်ရန် ညွှန်ကြားခဲ့သည်။ ကိုယ်တိုင် စာရေး၍ အပ်နှံပေးခဲ့သေးသည်။ မင်းကွန်းသွားခါနီးပင် သူငယ်ချင်း စာချဘုန်းကြီး အရှင်စန္ဒသိရီ(မြစ်ကွေ့)နှင့် အောင်ဆန်းကွင်းသို့ သွားရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို သွားရောက်ကြည့်ရှုခြင်းအားဖြင့် စည်းမျဉ်း စည်းကမ်းကို ဖောက်ဖျက်ခဲ့သေးသည်ဟု ဆိုပါသည်။ (ဤနောက်ပိုင်းတွင် ရှင်ရဟန်းများ ဘောလုံးကွင်း၊ ရုပ်ရှင်ရုံ၊ ဇာတ်ပွဲများသို့ သွားရောက်ကြည့်ရှုမှုကို နိုင်ငံတော်က ပိတ်ပင်လိုက်သဖြင့် ကြည့်ရှုခွင့် မရတော့ပေ)

၁၉၈၆ ခုနှစ်တွင် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် စတင်ဖွင့်လှစ်သောအခါ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က ပေးအပ်လာသော အဘိဓမ္မာပိဋက မဟာဌာန နာယက(ပါမောက္ခ)တာဝန်ကို လက်ခံဆောင်ရွက်တော်မူခဲ့သည်။ ထို့နောက် တစ်ဆင့် ဒုတိယ နာယကချုပ် (ဒုတိယပါမောက္ခချုပ်)တာဝန်အဆင့်ထိ ပေးအပ်လာမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ သည်။

တာဝန်များအရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ကြွရောက်သီတင်းသုံး နေထိုင်ရသဖြင့် ရွာမပရိယတ္တိစာသင်တိုက် ပညာရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများမှာလည်း အားနည်း ယိုယွင်းလာသည်ကို တွေ့ရသည်။ နှစ်စဉ် ဝါဆိုဦးနှင့် တန်ဆောင်တိုင်ပွဲတော်ရက်တွင် အစဉ်လာ အားဖြင့် သုံးရက်တိုင်တိုင် ကျောင်းပိတ်ပေးလေ့ရှိသည်။ ကျောင်းတိုက်အနီးဝန်းကျင်ရှိ ဖော့ကန်၊ အောင်ဆန်း၊ ရွာမ၊ ပေါက်တော စသော ရပ်ကွက်များမှာ တန်ဆောင်တိုင် ဆီမီးထွန်းပွဲတော်ရက် ရောက်လျှင် ကြက်ပျံမကျ တိုးမပေါက်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

၁၉၈၇ ခုနှစ် တန်ဆောင်တိုင်ပွဲတော်ရက်မှာမူ မူလက ကျောင်းပိတ်ပေးလေ့ရှိသော အစဉ်အလာကို စာသင်သား သံဃာတော်များက မျှော်လင့်လျက်ရှိကြသည်။ ထိုနှစ်တွင် ပဓာန နာယက ဆရာတော်နှင့် စာချနာယကအဖွဲ့တို့က နှစ်ရက်တည်းသာ ကျောင်းပိတ်ပေးခဲ့သည့်အပေါ် စာသင်သားသံဃာတော်များက ပဓာန နာယကဆရာတော်နှင့် စာချဂဏဝါစကများအား သဘော ထားကွဲလွဲမှု ရှိလာခြင်း၊ စာသင်သားသံဃာများမှလည်း ဆန္ဒစောခြင်းကြောင့် တန်ဆောင်မုန်း လဆန်း (၁၅)ရက်နေ့ည ၁၀-နာရီ အချိန်ခန့်တွင် ဆူပူအုံကြွခဲ့သည်ကို တွေ့ရှိရသည်။

ပဓာနနာယကဆရာတော်နှင့် ဂဏဝါစက စာချအဖွဲ့အနေဖြင့် လတ်တလောဖြစ်ပေါ် လာသော ပြဿနာအဓိကရုဏ်းကို နိုင်နင်းစွာ မထိန်းချုပ်နိုင်ခဲ့ကြပေ။ ထိုစဉ် ပြဿနာကိုနိုင်အောင် ကိုင်တွယ်ဖြေရှင်းပေးနိုင်သော ဆရာတော်အရှင်တိလောကာ ဘိဝံသအား အကြောင်းကြားလာရ တော့သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် သီတင်းသုံးလျက်ရှိသော ဆရာတော် အရှင် တိလောကာဘိဝံသသည် ထိုည ၂-နာရီခန့်အချိန်တွင် ကျောင်းတိုက်သို့ လျှပ်တပြက်ရောက်ရှိလာပြီး လတ်တလောပြဿနာကို တည်ငြိမ်အေးချမ်းစွာ မေတ္တာဖြင့် ထိန်းချုပ်ပေးနိုင်ခဲ့သည်ကို လေ့လာတွေ့ ရှိရသည်။ ဤအချက်ကို ထောက်ဆလျှင် ဆရာတော်အရှင်တိလောကာဘိဝံသအား တပည့် စာသင်သားများ၏ ချစ်ခင်မြတ်နိုး လေးစားအားကိုးခြင်းကို ထောက်ဆသိနိုင်သည်။

တန်ဆောင်မုန်းလ ကထိန်အာနိသင်များကို သံဃာအသီးသီးအား ခွဲခြမ်းဝေဖန်စိတ်ဖြာ လှူဒါန်းပြီး ဂဏဝါစက စာချအဖွဲ့နှင့် ကျောင်းတိုက်ရှိ စာသင်သံဃာ (၄၀၀)ကျော်ကို ကျောင်းတိုက်မှ ဖယ်ရှားကာ ပရိယတ္တိစာသင်တိုက်ကြီး တည်ငြိမ်အောင် ဆောင်ရွက်လာခဲ့သည်ကို တွေ့ရှိရသည်။ ဂဏဝါစကအဖွဲ့အနေဖြင့် -

| | | |
|---|---|---|
| ၁။ | ဦးအက်ုရာဘိဝံသ | (သီရိဝံသဆောင်) |
| ၂။ | ဦးကောဝိဒ | (ဇောဓိဝံသဆောင်) |
| ၃။ | ဦးဝေပုလ္လ | (မာလာဝံသဆောင်) |
| ၄။ | ဦးဇာနေယျ | (သဒ္ဓမ္မဝံသဆောင်) |
| ၅။ | ဦးမဏ္ဍလ | (ဆွမ်းစားဆောင်) |
| ၆။ | ဦးတေဇာနန္ဒ | (ဆွမ်းစားဆောင်) |
| ၇။ | ဦးသုန္ဒရ | (မေဓာဝံသဆောင်) |
| ၈။ | ဦးနိပုဏ | (အတုလဝံသဆောင်) |
| ၉။ | ဦးဝါယာမ | (မေဓာဝံသဆောင်) |
| ၁၀။ | ဦးဇောတိက | (ထေရာဝံသဆောင်) |
| ၁၁။ | ဦးတေဇဝန္တ | (ထေရာဝံသဆောင်) |
| ၁၂။ | ဦးပညာသာရ | (မဏိဝံသဆောင်) စသည်တို့ဖြစ်ကြသည်။ |

ဆိုခဲ့ပြီးသော ဂဏဝါစကများတွင် အပြစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အုတ်ရောရောကျောက်ရောရောဖြင့် ပါဝင်လာသော နာယကများပါ ကျောင်းတိုက်မှ ထွက်ခွာခဲ့ကြရသည်။ စာသင်သားများတွင်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။

ထိုအထဲတွင် အရည်အချင်းစစ်စာမေးပွဲ ပေတံစံနှုန်းနှင့်တိုင်းကာ သံဃာတစ်ရာကျော်ကို စိစစ်၍ ပြန်လည်လက်ခံခဲ့သည်။ ကျောင်းတိုက်တွင် ဖရိုဖရဲ ပြိုကွဲနေချိန်၌ ငယ်တပည့်ရင်းဖြစ်ကြသော အရှင်ဝိနယာလင်္ကာရ စသော တပည့်များကို မိုးမိတ်ကုန်းမြေတွင် တိပိဋကစာမေးပွဲ ကျက်မှတ်နေရာမှ ပြန်လည်ခေါ်ယူခဲ့သည်။ ထိုအချိန်မှစ၍ ပထမကျော် အရှင်စန္ဒာဝရသာရာဘိဝံသအား ပညာရေးတာဝန်ခံအဖြစ်၊ အရှင်ဝိနယာလင်္ကာရအား အုပ်ချုပ်ရေးတာဝန်ခံအဖြစ် အသီးသီးလွှဲအပ်ပြီး ကျောင်းတိုက်၏ ယန္တရားကို ပြန်လည် လည်ပတ်နိုင်အောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

နိုင်ငံတော်၌ ၁၉၈၈ ခုနှစ် အရေးအခင်းကြီး ပေါ်ပေါက်လာချိန်တွင် တစ်နိုင်ငံလုံး ထိန်းမနိုင်သိမ်းမရ ဖြစ်နေရသော်လည်း ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိ စီမံ၊ သင်ကြားစာသင်သံဃာတော်များကို တည်တည်ငြိမ်ငြိမ်ဖြင့် ဘေးအန္တရာယ်မကျရောက်အောင် အုပ်ချုပ်နိုင်ခဲ့သည့်အပြင်၊ ရွာမပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များကိုလည်း ထိုနည်း တူစွာ ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

၁၉၈၉ ခုနှစ်တွင် အရှင်တိလောကာဘိဝံသသည် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသနှင့် စာချဂဏဝါစကများ၏ ပြန်လည်ပင့်ဆောင်မှု၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိ အရပ်ဖက် ပါမောက္ခများနှင့် သဘောထား ရည်ရွယ်ချက် ကွာဟမှု စသည်များကြောင့် ဒုတိယနာယကချုပ်တာဝန်မှ နုတ်ထွက်ခဲ့ပြီး ရွှာမပရိယတ္တိစာသင်တိုက်သို့ ပြန်လည် ကြွရောက်ကာ ပရိယတ္တိလုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လာသည်ကို တွေ့ရသည်။

၁၉၉၀ ပြည့်နှစ် နိုင်ငံတော်သံဃာ့အရေးတွင် "သံဃာအား ဘုရားယုံကြည်သည်" ဟူသော စကားတော်နှင့်အညီ သံဃာများ၏တောင်းဆိုမှု၊ အရှင်တိလောကာဘိဝံသ၏ စိတ်ဓာတ်ရေးရာ ထက်မြက်တောက်ပမှုဖြင့် သံဃကံကို ဦးဆောင်ဦးရွက် ပါဝင်ဆောင်ရွက်ရာ ထိုစဉ်က အစိုးရ၏ဥပဒေဖြင့် ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်နေ့တွင် (၁၀-နှစ်)ပြစ်ဒဏ် အကျဉ်းစံဘဝ ရောက်ခဲ့ရသည်။

ထိုစဉ်အတွင်း တပည့်များက အင်းစိန်ထောင်သို့ ထောင်ဝင်စာ သွားတွေ့ကြရာ ပညာရှိဆရာတော်များကို အဝတ်ဖြူဝတ်လျက် တွေ့လိုက်ရသည့်အပြင်၊ ဆရာတော်များ၏ ဘွဲ့အမည်ကို မခေါ်ပဲ လူနာမည်ဖြင့် "ရှေ့မှ ဦးမတပ်ပဲ တင်လှ၊ အောင်ခင်" စသည်ဖြင့် ယဉ်ကျေးမှု ကင်းမဲ့စွာ ခေါ်နေသည်ကို ကြားလိုက်ရစဉ် အကြီးအကျယ်ဒေါသထွက်ခဲ့ရကြောင်း အရှင်သီလက္ခန္ဓက ဆိုပါသည်။ သူတော်ကောင်းကြီးများအား အလွယ်တကူ ပစ်မှားကာ အကုသိုလ်များကို အထုပ်နှင့် အထည်နှင့် ထုပ်ယူရှာကြလေခြင်း ဟုလည်း ဆိုသည်။

၁၉၉၁ ခုနှစ်တွင် ပညာရေးတာဝန်ခံ ပထမကျော် အရှင်စန္ဒာဝရသာရာဘိဝံသ သည် သာသနာ့ဘောင်မှ လူဝတ်လဲခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇွန်လတွင် တည်ဆဲအစိုးရ၏ အထူးအခွင့်အာဏာဖြင့် အကျဉ်းစံရာမှ လွတ်ကင်း၍ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ပင်မ ပရိယတ္တိသာသနာပြုလုပ်ငန်းကို ပြန်လည်ဆောင်ရွက်လာနိုင်ခဲ့သည်။

အနိမ့်စံဘဝ ကျရောက်စဉ်အတွင်းဝယ် အရှင်တိလောကာဘိဝံသသည် ဘဝတူ ဓမ္မမိတ်ဆွေများအား ခဲရာခဲဆစ်ဖြင့် တည်ထွင်ကြံဆ၍ ဗုဒ္ဓစာပေများကို သင်ကြားပို့ချရာ ပြည်တော်ပြန်ခရီးတွင် အဘိဓမ္မာသင်ယူနည်းစနစ်၊ ဆန်း၊ အလင်္ကာသင်ယူနည်းစနစ်များပါ အဆစ်အပို ပါလာခဲ့သည်။ ထိုပါလာသော ကျမ်းများကို ယခုအခါတွင် အဘိဓမ္မာလက်ဆောင် ကျမ်း၊ ဆန်းလက်ဆောင်ကျမ်း၊ အလင်္ကာလက်ဆောင်ကျမ်းဟု ပထမပြန် ပညာရေးလောကတွင် အောင်မြင်စွာ နေရာယူနေဆဲဖြစ်သည်ကို တွေ့ရှိရသည်။

စာပေရေးရာနှင့်ပတ်သက်၍ စာကြည့်တိုက်ဟူသည် "စာအုပ်သိုလှောင်ရာ ဂိုထောင်မဟုတ်၊ အသိဉာဏ်သိုလှောင်ရာ စက်ရုံဖြစ်သည်"ဟူသော ခံယူချက်ဖြင့် တပည့်သံဃာ့ပရိသတ်အား အသိဉာဏ်မြင့်မားရေး၊ အတွေးအခေါ် ရင့်ကျက်စေရေးတို့ကို ရှေးရှုပြီး ခေတ်မီစာကြည့်တိုက်ကို ၁၉၉၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်ကို တွေ့ရသည်။

ဤအချက်သည် အချို့သော စာသင်တိုက်များနှင့်မတူညီသော အချက်ဖြစ်သည်ဟု သုံးသပ်ရပါမည်။ ခေတ်မီစာကြည့် တိုက်တွင် ပိဋကတ်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများအပြင် စာသင်သားသုံး ကျမ်းစာများ၊ စွယ်စုံကျမ်းများ၊ အဘိဓာန်ကျမ်းများ၊ အဆိပ်အတောက်ဖြစ်စေသည့် စာပေမျိုးမှတပါး နာမည်ကျော် ရဟန်းပညာရှင်၊ လူပညာရှင်ကြီးများ ရေးသားပြုစုသော သာသနာရေး ဘာသာရေးဆိုင်ရာ စာပေများ၊ ရာဇဝင်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ လင်္ကာများစွာ၊ လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်၊ သုတရသစာပေမျိုးစုံ ထားရှိသည်ကို တွေ့ရသည်။

နိုင်ငံတော်အမျိုးသားစာကြည့်တိုက်မှ စေတနာရှင် ပညာရှင် ဝန်ထမ်းများ၏ မွမ်းမံမှုဖြင့် အမျိုးသားစာကြည့်တိုက်ကဲ့သို့ အဆင့်မီ တည်ထောင်ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။ ထို့ပြင် စာသင်သံဃာတော်များအား ကံကြီး၊ ကံငယ် သိမ်နုတ်၊ သိမ်သမုတ်၊ နည်းနာနိဿယည်းများကို သင်ကြားပို့ချခဲ့သည်ကိုလည်း တွေ့ရသည်။ စာပေဗဟုသုတအပြင် စာရေးနည်း အတတ်ပညာ တတ်မြောက်အောင် နိုင်ငံကျော်စာရေးဆရာ လယ်တွင်းသားစောချစ် စသော အထင်ကရ စာရေးဆရာကြီး များကို ဖိတ်ကြားကာ သင်ကြားစေခဲ့သည်ကိုလည်း တွေ့ရသည်။

ဆရာတော်အရှင်တိလောကာဘိဝံသသည် အနိမ့်စံဘဝဖြင့် သီတင်းသုံးခဲ့စဉ်က မျက်မြင် ကိုယ်တွေ့ ဖြတ်သန်းခဲ့ရသော ဖြစ်စဉ်များကို ဝေဖန်သုံးသပ်သည်။ " ဘုန်းကြီးရဟန်းသံဃာများသည် ပင်ကိုယ်က ပရိယတ်၊ ပဋိပတ် နှစ်ဌာနအပေါ်မှာသာ မွေ့လျော်ခဲ့ကြ၍ မမြော်လင့်ဘဲ အနိဋ္ဌာရုံနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရသည့်အခါ ဘာမှမလုပ်တတ် မကိုင်တတ် ဖြစ်ခဲ့ကြသည်ကို ထောက်ရှု၍ စာသင်သားတိုင်း အနည်းဆုံး လက်မှုပညာရပ်တစ်ခု တတ်ထားဖို့လိုအပ်ကြောင်း၊ အနိမ့်ဆုံး လျှပ်စစ် တပ်ဆင် အသုံးပြုပုံ၊ ပန်းရံပြုလုပ်ပုံ၊ ပန်းချီပညာတတ်ထားသင့်ပုံ စသည်ဖြင့် " တွေးမြင် ယူဆတော်မူလျက် ရွာမပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား အဆိုပါပညာရပ်များကို နီးစပ်မှုရှိစေရန် လျှပ်စစ်ကျွမ်းကျင်သောဆရာများ၊ ပန်းချီရေးဆွဲတတ်သောဆရာများကို ကျောင်းတိုက်သို့ဖိတ်ကြားကာ ဟောပြောပို့ချ လမ်းညွှန်မှု၊ နည်းပေးမှု ပြုစေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

ဤသည်မှာ ရွာမပရိယတ္တိစာသင်တိုက်ရှိ စာသင်သားများ အသိပညာမြင့်မားရေးအတွက် ထူးခြားသည့် ဆောင်ရွက်ချက် ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

ဆရာတော်အရှင်တိလောကာဘိဝံသသည် ကျောင်းတိုက်ရှိတပည့်များအား စာပေပို့ချရုံမျှ မက စနေ၊ တနင်္ဂနွေနေ့များ တွင် ပြင်ပ လူပုဂ္ဂိုလ်များအား အဘိဓမ္မာသင်တန်းများ ပို့ချပေးသည့်အပြင် တစ်နိုင်ငံလုံးမှ စာချစာသင်သံဃာများအတွက် နွေရာသီ ယမိုက်၊ ပဋ္ဌာန်း အထူးသင်တန်းများကို ( ၁၇ )ကြိမ်တိုင်အောင် ပို့ချပေးခဲ့သည်ကို တွေ့ရသည်။ သင်တန်းသား ပရိသတ်များမှာလည်း ၅၀၀ မှ ၁၅၀၀ အတွင်း များပြားစွာ တက်ရောက်လေ့လာကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် တောင်ကြီး၊ မန္တလေး၊ ကလေး၊ သထုံ၊ ပဲခူး စသော မြို့များရှိ စာသင်တိုက်ကြီးများမှ ဆရာတော်အရှင်တိလောကာ ဘိဝံသအား ပင့်ဖိတ်ကာ ခေတ်မီ လျှင်မြန်သော အဘိဓမ္မာ

ညဝါနည်းစနစ်များကို သင်ကြား လေ့လာ ဆည်းပူး နည်းယူ ခဲ့ကြသည်ကိုလည်း တွေ့ရှိရသည်။

၁၉၉၄ ခုနှစ်၊ ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ ဌာနချုပ်တွင် ပထမအကြိမ် နှစ်လခန့်၊ ၁၉၉၅ခုနှစ်၊ ဒုတိယအကြိမ် လေးလကျော် ဝိပဿနာတရားများကို ကျင့်ကြံကျိုးကုတ် အားထုတ်တော်မူခဲ့သည်ကို တွေ့ရသည်။

ထို့ပြင် ရွာမသုသာန်၊ တွံတေးသုသာန်သို့ကြွရောက်ကာ အသုဘကမ္မဋ္ဌာန်းကို ပွားများခြင်းဖြင့် ရှည်လျားသော ညဥ့်ကို ကုန်လွန်စေခဲ့သည်။ တပည့်သံဃာများနှင့်တကွ အောင်ဆန်းတောရ တပ်ဦးကျောင်းတွင် ပရိဝါသ်ဆောက်တည်ခြင်း စသော အာပတ်စင်ကြယ်စေကြောင်းနှင့် သံဃာ့ကံကြီး၊ ကံငယ် ကိစ္စများကို လက်တွေ့လေ့ကျင့် ပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံရှိ ပရိယတ္တိစာသင်တိုက်များကို လေ့လာကြည့်လျှင် အချို့စာသင်တိုက်သည် ပရိယတ်နှင့် ပဋိပတ်တွဲ၍ သာသနာပြုနေသော စာသင်တိုက်များကိုလည်း တွေ့ရသည်။ ပရိယတ်သက်သက်ကိုသာ ဇောင်းပေး၍ ဆောင်ရွက်နေသော စာသင်တိုက်များကိုလည်း တွေ့ရသည်။

ထို့ပြင် နှစ်စဉ်နှစ်တိုင်း စာသင်တိုက်ဖွင့်ချိန်တွင် ဌာနေအသီးသီးမှ ပြန်ကြွလာသော စာသင်သားများအား သုံးရက်တိုင်တိုင် အလုပ်ပေးတရားကို အားထုတ်စေသည်။ သမာဓိ ပြန်လည် ထူထောင်ပေးသည်။

ရွာမပရိယတ္တိစာသင်တိုက်အနေဖြင့် ပဋိပတ်မကင်းသော ပရိယတ္တိစာသင်တိုက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ နံနက် ၄-နာရီ အိပ်ယာထ ဘာဝနာပွားရသော အချိန်ဇယားတစ်ခုကို ထောက်ဆ၍ သိနိုင်သည်။ ပရိယတ္တိလုပ်ငန်း မစတင်မီ ပဋိပတ္တိဖြင့် စတင်ကြောင်း တွေ့ရှိရသည်။

ဆရာတော် အရှင်တိလောကာဘိဝံသသည် ၁၉၉၄ ခုနှစ် သင်္ကြန်တွင်းကာလတွင် တရားစခန်းစတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၀ ခုနှစ်ထိ ဆိုလျှင် ၁၆-ကြိမ်မြောက်အဖြစ် တွေ့ရှိရသည်။ တရားအားထုတ်သောကာလကို သင်္ကြန်အကြိုနှင့် နှစ်ဆန်း တစ်ရက်နေ့အပါအဝင် ၇-ရက်ခန့် သတ်မှတ်ထားသည်ကို တွေ့ရသည်။

တရားပြပုံနှင့် စပ်လျဉ်း၍ မဟာစည်နည်းကို အသုံးပြုထားသည်ကို တွေ့ရသည်။ ရွာမပရိယတ္တိစာသင်တိုက်မှ မဟာစည်နည်းဖြင့် တရားအားထုတ်သူ ယောဂီပေါင်း ( ၄၀၁၆ )ဦး အထိ ရှိကြောင်းတွေ့ရှိရသည်။

၁၉၉၈ ခုနှစ်မှ စ၍ ယနေ့တိုင် ညစဉ် ၆း၃၀ နာရီမှ ၈း၀၀ အထိ ကျောင်းတိုက်အနီးဝန်းကျင်ရှိ ဒကာ၊ ဒကာမများအား သတိပဋ္ဌာန်နည်းဖြင့် ဆရာတော်အရှင်တိလောကာဘိဝံသ၏ ဩဝါဒကို ခံယူကာ ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်သုမန၊ အရှင်ဝိသိဋ္ဌ၊ အရှင်စန္ဒာဒီပ၊ အရှင်ဇာနေယျ တို့က ပြသလျက်ရှိသည်ကို တွေ့ရှိရသည်။

၁၉၉၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ စာသင်တိုက်တည် ၂၅-နှစ်ပြည့်ခရီးတွင် ငွေရတုသဘင်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်ကို တွေ့ရသည်။ ထိုနှစ် ဇွန်လ (၁၃)ရက်နေ့တွင် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသသည် အင်းစိန်သုမင်္ဂလာနိကာယပဝါရဏာဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ဆရာတော် ဖြစ်လာသည်။

၁၉၉၆ ခုနှစ်နောက်ပိုင်းတွင် ရွာမပရိယတ္တိစာသင်တိုက်၌ နိုင်ငံတော်အစိုးရ၏ အထောက်အပံ့ဖြင့် မြင့်မားခံ့ထည်သော မဟာဂန္ဓဝင် သုံးထပ်ကျောင်းတော်၊ မဟာစံတော်ဝင် သုံးထပ်ကျောင်းတော်၊ အာဟာရဒါယီ နှစ်ထပ်ကျောင်းတော်ကြီးများ လာရောက်လှူဒါန်း၍ အနေစုပ် တဲကုတ်ဖြင့်နေထိုင်လာခဲ့သော အဆင့်မှ အထက်တန်းကျ မျက်နှာပန်းလှသော တိုက်ကျောင်းပေါ်တွင် နေထိုင်လာခဲ့သည်။ ဤကဲ့သို့ ထူးခြားစွာ နိုင်ငံတော်အစိုးရ၏ စွန့်လွှတ် လှူဒါန်းမှုသည် အရှင်တိလောကာဘိဝံသနှင့် သူ၏ သံဃာ့ပရိသတ် အရည်အချင်း ဂုဏ်သတ္တိ များကြောင့် ဟု သုံးသပ်ရပါသည်။

နိုင်ငံတော်မှ ကြီးကျယ်ခမ်းနားထည်ဝါသော ကျောင်းတော်ကြီးများ ဆောက်လုပ် မလှူဒါန်း သေးမီ ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ အပေါင်းအဖော်များက ဆရာတော် အရှင်တိလောကာ ဘိဝံသအား လာရောက် ဩဝါဒခံယူရာ အပျက်သဘောဆောင်စေသည့် အချို့ပရိသတ်များက ရွာမပရိယတ္တိစာသင်တိုက်၏ စာသင်တိုက်တည်ထောင်နှစ် ကောဇာသက္ကရာဇ်ကို "အောင်ဆန်း စုကြည် ရွာမတည်" ဟုဆိုကာ ၁၃၃၂ ခုနှစ်၏ ကောဇာကို သင်္ကေတလုပ်ခဲ့ကြသည်ကို တွေ့ရသည်။ နိုင်ငံတော်အစိုးရနှင့် ရွာမပရိယတ္တိစာသင်တိုက် သဘောထားကွဲလွဲစေလိုသော ဆန္ဒဖြင့် လုပ်ဟန် တူသည်။ ထိုအချင်းအရာကို "အင်းစိန် စာချ၊ တို့ရွာမ၊ တည်ကြစာသင်တိုက်"ဟု ပြုပြင်လိုက်သည်။ အင်း - ၁၊ စိန် - ၃၊ စာ - ၃၊ ချ - ၂ = ၁၃၃၂ ခုနှစ်ကို ဆိုလိုသည်။

ဆရာတော်အရှင်တိလောကာဘိဝံသသည် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဥပါယ် တရား လေးမျိုးကို ဟောကြားသည်။

(၁) ဘေဒဥပါယ် = အချင်းချင်း သင်းကွဲပြားအောင် အုပ်ချုပ်သောနည်း။

(၂) ဒဏ္ဍဥပါယ် = အများပြည်သူလူထုအား ညှဉ်းပန်းနှိပ်စက် အုပ်ချုပ်သောနည်း။

(၃) သာမဥပါယ် = ငြိမ်းချမ်းရေးစကား၊ မေတ္တာစကား၊ သံတမန်စကားတို့ဖြင့် ပြေပြစ် အောင် စည်းရုံးသိမ်းသွင်း အုပ်ချုပ်သောနည်း။

(၄) ဒါနဥပါယ် = အများပြည်သူလူထုအား စွန့်ကြဲပေးကမ်း ထောက်ပံ့ချီးမြှင့်၍ အုပ်ချုပ်သောနည်း။

အုပ်ချုပ်နည်း လေးမျိုးတို့တွင် ဘေဒဥပါယ်နှင့်ဒဏ္ဍဥပါယ်ကို ရှောင်ကြဉ်ပြီး သာမဥပါယ် နှင့် ဒါနဥပါယ်ကိုသာ ကျင့်သုံးသင့်ကြောင်း ထင်ရှားပြတ်သားစွာ ဟောကြားခဲ့သည်။

ထိုမျှသာမကသေး ဆရာတော်အရှင်တိလောကာဘိဝံသ အနိမ့်စံဘဝ ကျရောက်နေစဉ် မြင်းခြံဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်ကြီးက ရွာမပရိယတ္တိစာသင်တိုက်သို့ ကြွရောက်တော်မူပြီး ဩဝါဒပေးရာ "မင်းတို့ဆရာ တိလောက၊ ဟိုလုပ်ဒီလုပ် လျှောက်လုပ်တာ ခုဒုက္ခတွေ့ပြီမဟုတ်လား"ဟူသော စကားများ ပါဝင်လာရာ ဆရာတော်အရှင်တိလောကာဘိဝံသ အား အလွန်တရာချစ်မြတ်နိုးသော တပည့်စာသင်သားများက မြင်းခြံဆရာတော်ဘုရားကြီးအား သော - ထိုမြင်းခြံဆရာတော်သည်။ ဘိတော - အလွန်ကြောက်စရာကောင်း၏။ သောဘိတော (သောဘိတ) - အလွန်ကြောက်စရာကောင်းသော ဆရာတော်ဟု ဆိုကြသည်။

၁၉၉၆ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်ကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်အရှင်တိလောကာဘိဝံသသည် ရွှာမပရိယတ္တိစာသင်တိုက် စတင်တည်ထောင်ပြီးသည့်အချိန်မှစ၍ စာပေများကို တစိုက်မတ်မတ် သင်ကြားပို့ချခဲ့ရာတွင် လျှင်မြန်လွယ်ကူသောနည်းကို တီထွင်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် ပြုပြင်မွမ်းမံ၍ သင်ကြားပို့ချခဲ့သည်။ တပည့်များ၏ လက်တွေ့အောင်မြင်မှု အကျိုးရလဒ်အပေါ် အခြေခံ၍ စာသင်သားသုံး လက်ဆောင်ကျမ်းစာအုပ်ပေါင်း (၁၀)ကျမ်း၊ ဗဟုသုတဆိုင်ရာ (၁၁)ကျမ်း၊ ပထမပြန်ပုစ္ဆာအဖြေစုံ (၆၀) ကျမ်း စုစုပေါင်း ကျမ်းစာအုပ် (၈၁)အုပ်ကိုလည်း ပြုစုရေးသားခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ပခုက္ကူမှ စတင်ဖြစ်ပွားခဲ့သော ကုလားအရေးအခင်းကြောင့် တစ်နိုင်ငံလုံး စာမေးပွဲ မကျင်းပဖြစ်ခဲ့၍ ကျောင်းတိုက်ရှိသံဃာများကိုလည်း အကန့်အသတ်မရှိ ဇာတိရပ်ရွာသို့ ပြန်လည်ကြွစေခဲ့သည်ကို တွေ့ရှိရသည်။ ထိုနှစ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီ ယမိုက်၊ ပဋ္ဌာန်း အထူးသင်တန်းများကို ရပ်စဲခဲ့ရသည်။

၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆရာတော် အရှင်တိလောကာဘိဝံသအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။

၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်၊ ကြာသပတေးနေ့တွင် ရွှာမပရိယတ္တိစာသင်တိုက် နွယ်ဖွား သံဃာတော်များ စုစည်းကာ "ဟိတကာရီအသင်း"ကို စတင်တည်ထောင်ခဲ့သည်။ အသင်း၏ ရည်ရွယ်ချက်အနေဖြင့် -

၁။ ကျေးဇူးရှင်ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တနန္ဒဝံသနှင့် ဘဒ္ဒန္တတိလောကာဘိဝံသတို့၏ ကျန်းမာရေးစသော ကိစ္စများအတွက် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရန်။

၂။ အသင်းဝင် တပည့်သံဃာများထဲမှ -
   (က) တိပိဋကစာမေးပွဲအောင် အရှင်မြတ်များ၊
   (ခ) အစိုးရပထမပြန်၊ ဓမ္မာစရိယနှင့်နိကာယ် ဂုဏ်ထူးရ အရှင်မြတ်များ၊
   (ဂ) သကျသီဟနှင့် စေတိယင်္ဂဏဓမ္မာစရိယဘွဲ့ရ အရှင်မြတ်များ၊
   (ဃ) အခြားဂုဏ်ပြုသင့်သည့် အရှင်မြတ်များ၏ ဂုဏ်ပြုပူဇော်ပွဲအတွက် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရန်။

၃။ (က) ၃-နှစ်တစ်ကြိမ် တပည့်စုံညီ နှစ်ပတ်လည် အစည်းအဝေးများ၊
   (ခ) ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု၊ ရာပြည့်စသော အခမ်းအနားများအတွက် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြရန်။

၄။ အသင်းဝင် တပည့်သံဃာများထဲက ကျန်းမာရေးနှင့် နာရေးကိစ္စကြုံခဲ့သော် ဆောင်ရွက်သင့်သည်များ ညှိနှိုင်းတိုင်ပင် ကူညီဆောင်ရွက်ရန်။

၅။ အသင်းဝင် တပည့်သံဃာအချင်းချင်း သာသနာရေး၊ ဘာသာရေးကိစ္စများအတွက် ဆက်သွယ်ညှိနှိုင်း ကူညီနိုင်ရန် ဟူသော အချက်များကို တွေ့ရသည်။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် သက်တမ်း နှစ်(၃၀)ပြည့်သည့် မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း (၇)ရက်၊ ခရစ် ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၊ (၃၁)ရက်၊ တနင်္ဂနွေနေ့တွင် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့် ဆရာတော်အရှင်တိလောကာဘိဝံတို့ နှစ်ပါးပိုင်ခဲ့သော ရွာမပရိယတ္တိစာသင်တိုက်ကြီးကို ငယ်တပည့်ရင်း ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ အရှင်သီလက္ခန္ဓာဘိဝံသနှင့်အတူ သုံးပါးဆိုင် တိသန္တကအဖြစ် လက်မှတ်ရေးထိုးကြစေကာ နိုင်ငံအဝန်းရှိ ရွာမပရိယတ္တိစာသင်တိုက်နွယ်ဖွား တပည့်သံဃာ (၅၀၀)ကျော်တို့၏ ရှေ့တော်မှောက်တွင် ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ ဤအချက်သည် အလွန့်အလွန် ကောင်းမွန်သော အာစရိယပရမ္ပရာ လုပ်နည်းလုပ်ဟန် ဖြစ်သည်ဟု သုံးသပ်ရသည်။

၂၀၀၁ ခုနှစ်၊ မတ်လ (၆)ရက်နေ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်ကြီးအား နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ရွေးခြယ်တင်မြှောက်ခဲ့သည်ကို တွေ့ရသည်။

ဆရာတော်အရှင်တိလောကာဘိဝံသအနေဖြင့် ရွာမပရိယတ္တိစာသင်တိုက်တွင် အဆောင်အဟောင်းများနေရာ၌ အသစ်အသစ်သော သာသနိကအဆောက်အဦများ တစ်နှစ်တခြားတိုးတက် စည်ကားလာသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သော်လည်း ရွှေသာလျောင်းဘုရားကြီးမှာမူ ဟောင်းမြည်းယိုယွင်းပြီး အဆောက်အဦက အစ အိုမင်းနေသည့်အဖြစ်ကို စိတ်မချမ်းမြေ့ဖွယ်ရာ ခံစားနေပုံရသည်။

ထို့ကြောင့် ၂၀၀၁ ခုနှစ်တွင် ဆရာတော် အရှင်တိလောကာဘိဝံသ ဦးဆောင်၍ ပြန်လည်ပြုပြင်တည်ဆောက်ရာ အထင်ကရ အလွန်တရာ သပ္ပါယ်လှသော ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ်နှင့် ရွှေရောင်တဝင်းဝင်း ဂန္ဓကုဋီကျောင်းတော်ကြီးကို ယနေ့တိုင် ဖူးမြော်ကြည်ညိုခွင့်ရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ရသည်။

၂၀၀၂ ခုနှစ်၊ ဇန်နဝါရီ (၄)ရက်နေ့တွင် အရှင်ဝိနယာလင်္ကာရအား နိုင်ငံတော်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော် အရှင်တိလောကာဘိဝံသသည် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာမှ ၂၀၀၃ ခုနှစ်၊ ဇွန်လအထိ မင်းကွန်း ရန်ကင်းချောင်တွင် ခုနစ်ရက်၊ မိတ္ထီလာမြို့အနီး၊ မုံတိုင်တောရတွင် တစ်လ၊ ညောင်လေးပင် ကမ္မဋ္ဌာန်းကျောင်းတွင် တစ်လ၊ မော်လမြိုင် ဖားအောက်တောရတွင် တစ်လ၊ တောင်စွန်း ဓမ္မဒူတတောရတွင် တစ်လ၊ တောင်ကြီး အေးစေတီကျောင်းတိုက်တွင် တစ်လ လှည့်လှယ်ကြွရောက်ကာ တောရဆောက်တည်သည်ကိုလည်း တွေ့ရသည်။

ထိုနှစ်ဇွန်လကုန်တွင် ဝမ်းတွင်း သိမ်တောင်တောရသို့ ဝါကပ်မည့်အကြောင်း ကျောင်းတိုက်သို့ တပည့်သံဃာ့ ပရိသတ်အား မိန့်ကြားရာ ကျောင်းတိုက်မှ နာယကအဖွဲ့၏ ဝိုင်းဝန်းတောင်းပန်မှုကြောင့် တောရဆောက်တည်မှုကိစ္စ ရပ်နားခဲ့သည်ဟု သိရှိရသည်။

ခရစ် ၂၀၀၃ ခုနှစ်၊ ၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့ ည (၁၂ )နာရီတွင် အုပ်ချုပ်ရေးတာဝန်ခံဖြစ်ခဲ့ဖူးသူ အရှင်ဝိနယာလင်္ကာရနှင့် စာသင်သားသံဃာများ သဘောထားတင်းမာမှုကြောင့် ဒုတိယအကြိမ် ကျောင်းတိုက်အတွင်းဆူပူအုံကြွမှု ဖြစ်ခဲ့သည်။ ဒုတိယအကြိမ်အုံကြွမှုတွင် အရှင်တိလောကာဘိဝံသအနေဖြင့် သံဃသဘောဆန္ဒကို တောင်းခံပြီး အုပ်ချုပ်ရေးတာဝန်ခံ အရှင်ဝိနယာလင်္ကာရ တစ်ပါးတည်းကိုသာ နုတ်ထွက်ခွင့် စာတင်စေကာ ကျောင်းတိုက်မှ ထွက်ခွာစေခဲ့သည်။ ဆရာတော် အရှင်တိလောကာဘိဝံသအနေဖြင့် ၁၉၈၇ ခုနှစ် ပထမအကြိမ်အုံကြွမှု ကိုင်တွယ်ပုံနှင့် မတူညီသည်ကို တွေ့ရသည်။ ပထမအကြိမ်ကဲ့သို့ စာသင်သားသံဃာကို အရေးယူဆောင်ရွက်ခြင်း မပြုခဲ့ပေ။ ပထမအကြိမ် ဆူပူအုံကြွခဲ့စဉ်က ယိုယွင်းအားနည်းမှုရှိသော စာသင်တိုက်၏ အခန်းကဏ္ဍတွင် တာဝန်ပြည့်ဆည်းရန် မင်းကွန်းတွင် တိပိဋကစာမေးပွဲ ဖြေဆိုရန် ကျက်မှတ်နေသော တပည့်အရှင်ဝိနယာလင်္ကာရကို မိခင်စာသင်တိုက်သို့ ပြန်လည်ရောက်ရှိလာရန် အရှင်တိလောကာဘိဝံသ ခေါ်ယူခဲ့သည်ကို တွေ့ရသည်။

ပထမအကြိမ်က အုံကြွမှုသည် စာချဘုန်းကြီးများ၏ စေတနာလွန်ကဲမှုကြောင့်ဖြစ်ရသော ချို့ယွင်းချက်နှင့် စာသင်သားများ၏ နားလည်မှု လွဲမှားသော ဆန္ဒလွန်ကဲမှုကြောင့် ဖြစ်သည်။

ဒုတိယအကြိမ် အုံကြွမှုသည် ပြင်ပ ပယောဂများကို အခြေခံပြီး ဖြစ်ခဲ့ရသည်ဟု အရှင်သီလက္ခန္ဓာဘိဝံသက သုံးသပ်သည်။

ဆရာတော်အရှင်တိလောကာဘိဝံသ သည် ၂၀၀၃ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တပေါင်းလ)မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ တွဲဖက်အကျိုးတော်ဆောင်၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၊ ဒုတိယဥက္ကဋ္ဌ တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်ကို တွေ့ရသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် သက်တမ်းကျန်ရှိသေးသော်လည်း အခြားဆရာတော်များ ဆောင်ရွက်ခွင့်ရနိုင်ရန် မိမိဆောင်ရွက်ဆဲ တာဝန်ထူးကြီးတစ်ရပ်ကို ငဲ့ကွက်ခြင်းမရှိဘဲ စွန့်လွှတ်နိုင်ခဲ့သည်မှာ အံ့သြစရာကောင်းလှသည်။ လုပ်ဖော်ကိုင်ဖက် မဟာနဆရာတော်အချင်းချင်းပင် တအံ့တသြဖြစ်ကြရတော့သည်။

၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အုပ်ချုပ်ရေးတာဝန်ခံ အရှင်ဇာနေယျ၏ အုပ်ချုပ်ရေးယန္တရား အားနည်းချက်ရှိလာသည်ကို အချိန်မီထိမ်းသိမ်းနိုင်ခဲ့၍ အုံကြွမှု မဖြစ်ပေါ်ခဲ့ပေ။

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ (၄)ရက်နေ့တွင် အရှင်ဉာဏိန္ဒအား နိုင်ငံတော်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

၂၀၀၆ -၂၀၀၇ ပညာသင်နှစ်တွင် အရှင်ဇာနေယျထံမှ အုပ်ချုပ်ရေးတာဝန်ကို တဆင့်ရယူသော အရှင်ဉာဏိန္ဒ လက်ထက်တွင်လည်း အလားတူ အုပ်ချုပ်ရေးယန္တရား ယိုယွင်း၍ ပြဿနာမပေါ်မီ လက်တစ်ကမ်းအလိုကပင် ကြိုတင် ထိန်းကျောင်းနိုင်ခဲ့သည်ကို တွေ့ရသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်ကြီးအား

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာ သံဃာ့အရေးအခင်း ကြုံလာသောအခါ စာသင်သားသံဃာများ အန္တရာယ်မကျရောက်စေရန် ယာယီကျောင်းပိတ်ခဲ့သည်။ တည်ငြိမ်အေးချမ်းလာသောအခါ စာသင်တိုက်ကို ပုံမှန် ပြန်၍လည်ပတ်နိုင်ခဲ့သည်ကို တွေ့ရသည်။ စက်တင်ဘာ သံဃာ့အရေးတွင် ကျောင်းအဆောင်ဘုန်းကြီးများနှင့် နာမည်သတင်းကျော်စောသော သံဃာအချို့ကို စိစစ်၍ ကျောင်းတိုက်မှ ထွက်ခွာစေခဲ့သည်။ ထိုအချိန်မှစတင်ပြီး ကျောင်းဆောင်အသီးသီးတွင် နာယကအောက် တစ်ဆင့်နိမ့် အဆောင်မှူးများအား အစားမထိုးခဲ့သည်ကို တွေ့ရသည်။

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉)ရက်၊ သောကြာနေ့တွင် ပရိယတ္တိစာသင်တိုက်ကို စတင်တည်ထောင်တော်မူသော ရွာမဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်ကြီးသည် ဘဝနတ်ကျောင်း ရွှေ့ပြောင်းတော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်ကြီး ပျံလွန်တော်မူပြီး ဆရာတော် အရှင်တိလောကာဘိဝံသသည် ပဓာန နာယကဆရာတော်ဖြစ်လာသည်။ တိသန္တကဝင် အရှင်သီလက္ခန္ဓာဘိဝံသနှင့် ညှိနှိုင်းတိုင်ပင်၍ စာသင်တိုက် ဖွဲ့စည်းပုံလိုအပ်ချက်အရ လတ်တလော လစ်ဟာနေသော တိုက်အုပ်နေရာအတွက် နာယကအဖွဲ့တွင် သိက္ခာတော်အကြီးဆုံးဖြစ်သော အရှင်ဇာနေယျ အား ခန့်အပ်ခဲ့သည်ကို တွေ့ရသည်။

ဖွဲ့စည်းပုံ နောက်တိုးအနေဖြင့် အရှင်ကဥ္စနနှင့် အရှင်ခေမာစာရတို့အား တိုက်ကြပ်ဆရာတော်များအဖြစ် အသီးသီး ခန့်အပ်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် အရှင်ဉာဏိန္ဒထံမှ အုပ်ချုပ်ရေးယန္တရားကို အရှင်ကဥ္စနက လွှဲပြောင်းရယူပြီး ယနေ့တိုင် ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ဆဲ ရှိသည်ကို တွေ့ရှိရသည်။

ပညာရေးတာဝန်ခံများအနေဖြင့် -

| | | |
|---|---|---|
| ၁။ | အရှင်တိလောကာဘိဝံသ | (၁၉၇၀ - ၁၉၈၈) |
| ၂။ | ပထမကျော် အရှင်စန္ဒာဝရသာရာဘိဝံသ | (၁၉၈၈ - ၁၉၉၁) |
| ၃။ | အရှင်စန္ဒာသိရီ (M.A) | (၁၉၉၂ - ၁၉၉၅) |
| ၄။ | ပထမကျော်အရှင်စန္ဒာသိရီ | (၁၉၉၆ - ၂၀၀၁) |
| ၅။ | အရှင်သုဇန(ဖျာပုံ) | (၂၀၀၂ - ၂၀၀၅) |
| ၆။ | အရှင်ခေမာစာရ(ရေဦး) | (၂၀၀၅ - လက်ရှိ) |

အစဉ်အဆက်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။

အုပ်ချုပ်ရေးတာဝန်ခံအနေဖြင့် -

| | | |
|---|---|---|
| ၁။ | အရှင်တိလောကာဘိဝံသ | (၁၉၇၀ - ၁၉၈၆) |
| ၂။ | စာချဂဏဝါစကအဖွဲ့ | (၁၉၈၆ - ၁၉၈၇) |
| ၃။ | အရှင်ဝိနယာလင်္ကာရ | (၁၉၈၈ - ၁၉၉၇) |

၄။ အရှင်ဇာနေယျ (၁၉၉၈ - ၂၀၀၆)
၅။ အရှင်ဉာဏိန္ဒ (၂၀၀၇ - ၂၀၀၈)
၆။ အရှင်ကဥ္စန (၂၀၀၈ - လက်ရှိ )

အစဉ်အဆက်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။

၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပညာရေးဆိုင်ရာ ဥပဒေသများတွင် အင်္ဂလိပ်စာ သင်ကြားရေးဆိုင်ရာဥပဒေသကို ဖြည့်စွက် ဆောင်ရွက်လာသည်ကိုတွေ့ရသည်။

၁။ ရှင်ငယ်တန်းတွင် လောကီအစိုးရ ဒုတိယတန်းနှင့်ညီမျှသော အင်္ဂလိပ်ဘာသာ။

၂။ အခြေပြုမူလတန်းတွင် လောကီအစိုးရ စတုတ္ထတန်းနှင့်ညီမျှသော အင်္ဂလိပ်ဘာသာ။

၃။ ပထမငယ်တန်းတွင် လောကီအစိုးရ ဆဋ္ဌမတန်းနှင့်ညီမျှသော အင်္ဂလိပ်ဘာသာ။

၄။ ပထမလတ်တန်းတွင် လောကီအစိုးရ အဋ္ဌမတန်းနှင့်ညီမျှသော အင်္ဂလိပ်ဘာသာ။

၅။ ပထမကြီးတန်းတွင် လောကီအစိုးရ ဒသမတန်းနှင့်ညီမျှသော အင်္ဂလိပ်ဘာသာ များကို ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှစ၍ ဖြည့်စွက်သင်ကြားရန် သတ်မှတ်ခဲ့သည်ကို တွေ့ရသည်။

ရွာမပရိယတ္တိစာသင်တိုက်၏ပညာရေးစနစ်ကို မန္တလေးမြို့၊ ရန်ကင်းတောင်၊ ဥယျာဉ် ပရိယတ္တိစာသင်တိုက်နှင့် ပညာရေး အမြင်သစ်ချင်း နှီးနှောဖလှယ်ကာ အချင်းချင်း အပြန်အလှန် ပေါင်းကူး ဆက်စပ် နှီးနွှယ်လာသည်ကို တွေ့ရှိရသည်။ ဥယျာဉ်စာသင်တိုက်သည်လည်း ရွာမ ပရိယတ္တိစာသင်တိုက်မှ ခေတ်မီသော အဘိဓမ္မာသင်ကြားရေး၊ သဒ္ဒါသင်ကြားရေး မူဝါဒများကို ရယူပြီး သင်ကြားစေကာ အမြင်ချင်း ဖလှယ်လာသည်ကို လေ့လာတွေ့ရှိရသည်။

ရွာမရိယတ္တိစာသင်တိုက်တွင် ရှင်ငယ်တန်းမှ ပထမကြီးတန်းအောင်မြင်သော စာသင်သား များသည် လောကီအစိုးရ ကျောင်းမှ ချမှတ်ထားသော ပညာရေးညွှန်းတမ်း ဒသမ(ဆယ်တန်း) တက္ကသိုလ်ဝင်ခွင့်အောင်မြင်သော ကျောင်းသားများနှင့် အင်္ဂလိပ်စာ တတ်သိမှုအခန်းကဏ္ဍတွင် အကျိုးတူ အခွင့်အလမ်းများ ရရှိပေမည်။ ယနေ့ထေရဝါဒသာသနာသည် ကမ္ဘာအဝှမ်း၌ ပြန့်လည် ထိုးဖောက် နေရာယူလျက်ရှိရာ အင်္ဂလိပ်စာတတ်မြောက်ထားသော သာသနာပြုရဟန်းတော်များ ထေရဝါဒသာသနာပြု လုပ်ငန်းများ၌ ဗုဒ္ဓအလိုတော်ကျ တရားဓမ္မများကို လက်ဆင့်ကမ်း ဆောင်ကျဉ်းပေးနိုင်မည် ဖြစ်သည်။ အနိမ့်ဆုံး ကျေးလက် ဒေသ၌ ကျောင်းထိုင်ဘုန်းကြီးဘဝဖြင့် သာသနာပြုကြရာတွင် မိမိတို့ သာသနာပြုရာအရပ်၌ လောကီစာပေများကို ခေတ်နှင့် အညီ ရင်ဘောင်တန်းပြီး အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်။

ဤသို့နည်းဖြင့် မြန်မာနိုင်ငံအဝှမ်း တောကျောင်းနေ ရဟန်းသံဃာတော်များအနေဖြင့် ဆောင်ရွက်သွားလျှင် အဆင့်မီသော သောတုဓနစာသင်သား ကုန်ကြမ်းများ များစွာပေါ်ထွန်း လာနိုင်ပေမည်။ ထိုကုန်ကြမ်းများကို ခေတ်နှင့်အညီ လျှောက်လှမ်းနေသည့် ရွာမပရိယတ္တိ စာသင်တိုက်သို့ ပို့ဆောင်လာလျှင် အတိုင်းအတာတစ်ခုအထိ သာသနာပြု ကုန်ချော ရဟန်းတော် များ ပေါ်ထွန်းလာပေမည်ဟု သုံးသပ်ရသည်။

ထိုအခြေအနေများကို ရည်ရွယ်လျက် ဆရာတော် အရှင်တိလောကာဘိဝံသသည် ရွာမ ပရိယတ္တိစာသင်တိုက်အတွက် အင်္ဂလိပ်စာသင်ကြားရေး အခန်းကဏ္ဍကို ပါဠိသင်ကြားရေးနှင့် တွဲဖက်လျက် အထောက်အကူပြု ဘာသာရပ်အဖြစ် ပို့ချလျက် ရှိသည်ကို တွေ့ရသည်။

ရွာမပရိယတ္တိစာသင်တိုက်၏ ပညာရေးရည်မှန်းချက်ကို မီးမောင်းထိုးပြလျက်ရှိရာ မြန်မာနိုင်ငံအတွင်းရှိ စာသင်တိုက် ကြီးများနှင့် သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းများအနေဖြင့် နိုးကြားလာနိုင်ဖွယ်ရာ ဖြစ်ပေမည်။ အလားတူ ဆင့်ကဲဆင့်ကဲ ဆောင်ရွက်သွားကြလျှင် မြန်မာနိုင်ငံလုံးအတိုင်းအတာဖြင့် ထေရဝါဒသာသနာပြုရဟန်းတော်များ ပါဠိစာပေအပြင် အင်္ဂလိပ် စာပေများပါ တတ်မြောက်ပြီး ဗုဒ္ဓတရားတော်များကို ကမ္ဘာအနှံ့ ဖြန့်ချိပေးနိုင်မည်မှာ ဧကန် ဖြစ်လာနိုင်ဖွယ်ရာ အကြောင်းများရှိသည်ဟု သုံးသပ်ရပါသည်။

နွေရာသီ လောကီအတန်းကျောင်းများ ပိတ်ထားစဉ်တွင် ကျောင်းသူ ကျောင်းသားများအား အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနှင့် အထက်တန်းဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ဆရာတော် အရှင်တိလောကာဘိဝံသ၏ လမ်းညွှန်မှုဖြင့် ၁၉၈၀ ပြည့်နှစ်တွင် ကျောင်းသူ ကျောင်းသား ၃၀၀-ကျော်ကို ဦးတေဇဝန္တ က ဦးဆောင်၍ စတင်ကျင်းပခဲ့သည်။ အချို့နှစ်များ ပျက်ကွက်ခဲ့သည်။ နောင်တွင် ဂဏဝါစကအဖွဲ့ဝင် အရှင်ပညာဝံသ ဦးဆောင်၍ သင်ကြားပို့ချ ခဲ့သည်။ တစ်နှစ်လျှင် ကျောင်းသူ ကျောင်းသား ၃၀၀ မှ ၈၀၀ ကျော် အတွင်း တက်ရောက် သင်ကြားသည်ကိုလည်း တွေ့ရသည်။ ဤသည်မှာ ယနေ့ ခေတ်မီသံဃာ့ လောကတွင် မြော်မှန်း တောင့်တနေသော Sunday school လုပ်ငန်း၏ အမွန်အစဟု ဆိုနိုင်ပါသည်။

ရွာမပရိယတ္တိစာသင်တိုက်တွင် တယ်လီဖုန်းဆက်သွယ်ရေးအနေဖြင့် စာသင်သားတိုင်း အခွင့်ရေးတူ ဆောင်ရွက်ပေးထားသည်။ ကျောင်းဆောင်အသီးသီးတွင် လိုင်းခွဲဖုန်းနံပါတ် (၃၁)လုံး တပ်ဆင်ပေးထားသည်ကို တွေ့ရသည်။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် နာယကအဖွဲ့အား အင်တာနက် တပ်ဆင်အသုံးပြုခွင့် ဖန်တီးပေးထားသည်။ သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ သိရှိခံစားခွင့်ရအောင် ဆောင်ရွက်ပေးထားခြင်းအားဖြင့် အရှင်တိလောကာဘိဝံသ၏ အမြင်သစ်ကို ခန့်မှန်းသိနိုင်သည်။

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊ ( ၂၇ )ရက်နေ့တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် ဖခင်ကြီး(ဦးတင်လ)၊ မိခင်ကြီး ဒေါ်ခင်ရီ၊ ရှိုင်းဟုတ်ကုမ္ပဏီမိသားစုမှ ကျပ်ငွေ သိန်း ၁၀၀ တိတိကို ပညာရေး အခန်းကဏ္ဍအတွက် စိုက်ထူလှူဒါန်းခဲ့သည်ကို တွေ့ရသည်။

ရွာမပရိယတ္တိစာသင်တိုက်သည် ဖြတ်သန်းခဲ့ရသည့် နှစ်လေးဆယ်ခရီးတိုအတွင်း ဖြစ်သော်လည်း ဂုဏ်အားဖြင့် ခန့်ညားထယ်ဝါ ကြီးမားလာခဲ့သည်။ ပထမပြန်လောက၌ ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရှင်များ စဉ်ဆက်မပြတ် မွေးထုတ် ပေးနိုင်ခဲ့ရုံမျှမက သာမဏေကျော်၊ ဓမ္မာစရိယ၊ စေတိယင်္ဂဏ၊ သကျသီဟ၊ တိပိဋက စသော မြန်မာနိုင်ငံရှိ ထင်ရှားသော စာမေးပွဲ အသီးသီး၌ အဆင့်မြင့်မြင့် နေရာယူနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ပထမပြန်လောက၌ သရဖူဖြစ် သော ပထမကျော်ဘွဲ့ကိုပင် နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးပန်ဆင်နိုင်ခဲ့သည်ကိုလည်းတွေ့ရသည်။

စာသင်တိုက်တည် နှစ်လေးဆယ်အတွင်း ပေါ်ထွန်းခဲ့သော သာသနာ့အာဇာနည် ဂုဏ်ထူးရှင် အပါး(၂၀)ကို အောက်ဖော်ပြပါအတိုင်း တွေ့ရှိရသည်။

| | | |
|---|---|---|
| ၁။ | ရှင်ဓမ္မစက္က | (ပထမငယ်တန်း ပထမ၊ ၁၉၇၉) |
| ၂။ | ရှင်သီလက္ခန္ဓ | (ပထမကြီးတန်း တတိယ(ပါဠိဖြင့်)၊ ၁၉၈၁) |
| ၃။ | အရှင်နန္ဒာသိရီ | (ပထမကျော်၊ ၁၉၈၃) |
| ၄။ | ရှင်နန္ဒာစရိယ | (ပထမကြီးတန်း တတိယ၊ ၁၉၈၅) |
| ၅။ | အရှင်နာယက | (ပထမငယ်တန်း ဒုတိယ၊ ၁၉၈၆) |
| ၆။ | ရှင်ပညာသီဟ | (ပထမငယ်တန်း ပထမ၊ ၁၉၈၈) |
| ၇။ | အရှင်စိန္တာဝရ | (ပထမကြီးတန်း တတိယ၊ ၁၉၈၉) |
| ၈။ | အရှင်စန္ဒာဝရသာရာဘိဝံသ | (သက်ျသီဟ ဓမ္မာစရိယ၊ ၁၉၉၀) |
| ၉။ | ရှင်ဩဘာသ | (ပထမကျော်၊ ၁၉၉၀) |
| ၁၀။ | ရှင်ကေသရ | (ပထမလတ်တန်း ဒုတိယ၊ ၁၉၉၁) |
| ၁၁။ | ရှင်ဇနိတ | (ပထမလတ်တန်း ပထမ၊ ၁၉၉၄) |
| ၁၂။ | အရှင်က္ခန္ဓောဘာသ | (ပထမလတ်တန်း ပထမ၊ ၁၉၉၉) |
| ၁၃။ | အရှင်ဉာဏဗလ | (ပထမကြီးတန်း တတိယ၊ ၁၉၉၉) |
| ၁၄။ | ရှင်တေဇနိယ | (ပထမငယ်တန်း ပထမ၊ ၂၀၀၀) |
| ၁၅။ | အရှင်ဇဝနာလင်္ကာရ | (ပထမကြီးတန်း တတိယ၊ ၂၀၀၁) |
| ၁၆။ | ရှင်ပညိန္ဒ | (ပထမလတ်တန်း တတိယ၊ ၂၀၀၅) |
| ၁၇။ | ရှင်ဓမ္မိဿရ | (ပထမငယ်တန်း တတိယ၊ ၂၀၀၆) |
| ၁၈။ | ရှင်ရေဝတ | (ပထမငယ်တန်း ဒုတိယ၊ ၂၀၀၇) |
| ၁၉။ | ရှင်ပညိန္ဒာလင်္ကာရ | (ပထမကြီးတန်း ဒုတိယ၊ ၂၀၁၀) |
| ၂၀။ | အရှင်ဓမ္မပါလ | (ပထမလတ်တန်း တတိယ၊ ၂၀၁၀) တို့ကို |

နိုင်ငံကျော် သာသနာ့အာဇာနည်များအဖြစ် မော်ကွန်းထူးနိုင်ခဲ့သည်။ အနှစ်လေးဆယ်အတွင်း (၁၉၉၇ ခုနှစ် စာမေးပွဲ မကျင်းပဖြစ်) ၂-နှစ်လျှင် နိုင်ငံတော်ဂုဏ်ထူးရှင် တစ်ပါးနှုန်း ပျမ်းမျှအားဖြင့် ပေါ်ထွန်းလာသည်မှာ အလွန်အံ့ဩစရာကောင်းသော အချက်ဖြစ်သည်ဟု သုံးသပ်မိသည်။

ရွှာမပရိယတ္တိစာသင်တိုက်သည် ပညာရေး၊ အုပ်ချုပ်ရေးဟု တာဝန်နှစ်ရပ် ခွဲဝေဆောင်ရွက်လာရာ ပညာရေးဘက်တွင် ပြဿနာ တစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့သော်လည်း အုပ်ချုပ်ရေးကဏ္ဍတွင် အုံကြွမှု၊ မငြိမ်မသက်မှု ဖြစ်ခဲ့သော အစဉ်အလာကို တွေ့ရှိရသည်။

အုပ်ချုပ်ရေးတာဝန်ကို နှစ်ရှည်လများစွာ ဆောင်ရွက်စေခြင်း၊ တာဝန်ပေးခြင်း အားဖြင့် ပြဿနာလမ်းကြောင်းပေါ်ရောက်အောင် မောင်းနှင်ပေးသကဲ့သို့ ဖြစ်ရသည်ဟု သုံးသပ်မိသည်။ အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ အသင်းတစ်ခုဖြစ်စေ၊ နိုင်ငံတစ်ခုဖြစ်စေ အခွင့်အာဏာရာထူးကို နှစ်ရှည်လများစွာ ကိုင်တွယ်လာလျှင် ထိုအခွင့်အာဏာပေါ်၌ ယစ်မူးစေတတ်သော သဘောရှိ

သည်။ မှားယွင်းလာတတ်သော ဆုံးဖြတ်ချက်များကိုလည်း ကြုံတွေ့နိုင်သည်။ ထိုအမှားများတွင် အချိန်မီပြုပြင်ခွင့်ရလိုက်သော အုပ်ချုပ်ရေးတာဝန်ခံသည် သမိုင်းပေးအရ အနည်းငယ် သက်သာသလိုရှိသည်။ အချိန်မီဆောင်ရွက်ခွင့်မရလိုက်သော အုပ်ချုပ်ရေးတာဝန်ခံအဖို့ သမိုင်းညံ့သကဲ့သို့ ဖြစ်ရသည်။ စေတနာကောင်းဖြင့် ဆောင်ရွက်ကြရသော်လည်း အမြင်မတူညီမှု၊ ကြိုတင် ကွပ်ကဲမပေးနိုင်မှု စသည်များကြောင်း စာသင်တိုက်၏ အနာဂတ်တွင် အုပ်ချုပ်ရေးပိုင်းကို ပုံသေထားခြင်းကို ဆင်ခြင်သုံးသပ်ရန် လိုအပ်သည်။ ထို့အတူ ပညာရေးကဏ္ဍကိုလည်း သုံးသပ်ရပါမည်။

ပြဿနာပေါ်လျှင် ပေါ်လာသော အုပ်ချုပ်ရေးမှူးကသာ သတ္တုချခံရသည်။ ဆင်ခြင် သတိပြုဖို့ လိုအပ်သည်။ မဲဆန္ဒအရဖြစ်စေ၊ အလှည့်ကျဖြစ်စေ၊ အဖွဲ့အစုဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်လျှင် တူညီသော အခွင့်အလမ်းများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အတွေ့အကြုံ ဗဟုသုတများပါ ရရှိစေနိုင်သည်ဟု ဆင်ခြင်သုံးသပ်မိသည်။

ရွာမပရိယတ္တိစာသင်တိုက်တွင် ဆွမ်းစားကျောင်းတာဝန်ခံကို စာသင်တိုက်တည်သည့် ၁၃၃၂ ခုနှစ် (၁၉၇၀ ခုနှစ်) မှ ၁၃၆၇ ခုနှစ် (၂၀၀၅ ခုနှစ်)အထိ တစ်ပါးဆင်း တစ်ပါးတက် စနစ်ဖြင့် တာဝန်ပေးခဲ့သည်ကို တွေ့ရသည်။ ၂၀၀၅ ခုနှစ် နောက်ပိုင်းတွင်မူ နာယကအဖွဲ့မှ အလှည့်ကျ ဆောင်ရွက်လာသည်။ အလှည့်ကျဆောင်ရွက်လာခြင်းအားဖြင့် ကျောင်းတိုက်အတွက် အထွေထွေ ဘဏ္ဍာရေးတိုးတက်မှု၊ သံဃာတော်များ၏ အမြင်ကြည်လင်မှုအကျိုးများ ပေါ်ထွက်လာသည်ကို တွေ့ရသည်။ ထို့ပြင် နာယကအချင်းချင်း တူညီသောအတွေ့အကြုံဗဟုသုတရှိခြင်း၊ တူညီသော စီမံခန့်ခွဲမှုအပိုင်းရှိခြင်း၊ တူညီသော လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း၊ ဒကာ၊ ဒကာမများနှင့် ဆက်ဆံရာတွင် တူညီသောဗဟုသုတရှိခြင်း၊ တစ်ပါးလုပ်ဆောင်ချက်ထက် နောက်တစ်ပါးက ကောင်းမွန်အောင် ဆောင်ရွက်လိုသော တက်ကြွသော စိတ်ထားရှိခြင်း၊ စာသင်၊ စာချ သံဃာအားလုံး စိတ်ချမ်းသာမှု ပြည့်ပြည့်ဝဝရရှိခြင်း စသော အကျိုးတရားများ ပေါ်ထွန်းလာခဲ့သည်ကို တွေ့ရပေမည်။ တစ်ဦးတစ်ယောက် တစ်ပါးတည်း တာဝန်ပေး ဆောင်ရွက်စေခြင်း၏ အကျိုးရလဒ်သည် အထက်မှ ညွှန်းဆိုခဲ့သော ကောင်းကျိုးများ၏ ဆန့်ကျင်ဘက်အသွင်သာ ဇကန်ဇကေ ဖြစ်ပွားဖွယ်ရာရှိသည်။

ယင်းသို့ဆိုလျှင် အုပ်ချုပ်ရေးယန္တရားနှင့် ၂၀၀၅ ခုနှစ်နောက်ပိုင်း ဆွမ်းစားကျောင်းတာဝန် အလှည့်ကျ ခွဲဝေကိုင်တွယ်သည့် ပြယုဂ်ကောင်းကို နှိုင်းယှဉ်သုံးသပ်က ကွင်းကွင်းကွက်ကွက် မြင်တွေ့ရပါမည်။

အနှစ်လေးဆယ်အတွင်း ဖြတ်သန်းခဲ့ရသည့် သမိုင်းမှတ်တိုင်များကို ဤစာအုပ်တွင် ဘောင်အကန့်အတွင်းက ရနိုင်သမျှ ထုဆစ်သုံးသပ်ခဲ့ခြင်းဖြစ်သည်။ ရှေ့ပိုင်းတွင် ကျွန်ုပ်ပဋိညာဉ်ပြုခဲ့သည့်အတိုင်း ကောင်းကွက် ဟာကွက် အနည်းငယ်ရှိခဲ့သည်။ မည်သို့ပင် ရှိခဲ့စေကာမူ ပရိယတ္တိမဏ္ဍိုင်တစ်ရပ်အနေဖြင့် နိုင်ငံကျော်ဂုဏ်ထူးရှင် အပါး(၂၀)နှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံး အထင်ကရစာမေးပွဲများတွင် သာမဏေကျော်၊ ပထမကျော်၊ ပထမပြန်၊ ဓမ္မာစရိယ၊ စေတိယင်္ဂဏ၊ သကျသီဟ၊ တိပိဋက စာပွဲသဘင် စုံလင်အောင် ထိုက်ထိုက်တန်တန် ဝင်ဆန့်နိုင်ခဲ့သည်။ ရွာမပရိယတ္တိစာသင်တိုက်မှ ပညာရေးနို့ သောက်စို့ပြီး ရွှေရတုတိပိဋကဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ၊

အရှင်ဩဘာသာဘိဝံသ(B.A)၊ အရှင်ဇနိတာလင်္ကာရာဘိဝံသ၊ အရှင်ကေသရာဘိဝံသ၊ အရှင်ပညာသီဟာဘိဝံသ၊ အရှင်ဇဝနာလင်္ကာရ စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန်တို့သည် အထင်ကရ အောင်ပွဲဝင်လျက် ရှိသည်ကို တွေ့ရသည်။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး ခိုင်ခန့်စွာ ရပ်တည်နိုင်ရေးအတွက် ဖော့ကန်၊ တောင်သူကုန်း၊ နံ့သာကုန်း၊ ရွာမအရှေ့၊ ရွာမအလယ်၊ ရွာမအနောက်၊ မြို့သစ် (က၊ ခ၊ ဂ)၊ ကြို့ကုန်းအရှေ့၊ ကြို့ကုန်းအနောက်၊ သစ်တောဝင်း၊ ကမ်းနားအလယ်၊ ကမ်းနားအနောက်၊ ပေါက်တော၊ ကွက်သစ်၊ ပိန္နဲကုန်း၊ ဈေးကုန်းအရှေ့၊ ဈေးကုန်းအနောက်၊ အောင်ဆန်း၊ အကျဉ်းဦးစီး၊ စဉ့်ဌ ရပ်ကွက်များမှ အနီးကပ်ဆုံး ဆွမ်းစသော စွမ်းနိုင်ဖွယ်ရာ ပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်းလျက် ရှိသည်ကို တွေ့ရသည်။

ရွာမပရိယတ္တိစာသင်တိုက်သည် ပရိယတ္တိနယ်ပယ်တွင်သာ အရှိန်အဟုန်ဖြင့် အောင်မြင်မှုရသည်မဟုတ်သေး၊ အခြားသော ပရိယတ္တိစာသင်တိုက်ခွဲများ၊ ပဋိပတ္တိသာသနာ့ရိပ်သာများ၊ နိုင်ငံကျော်ဓမ္မကထိကများတွင်လည်း -

| | |
|---|---|
| ၁။ အရှင်တေဇဝန္တ (သာယာကုန်း)၊ | ၂။ ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်)၊ |
| ၃။ အရှင်က္ကန္ဒောဘာသ (အောင်သပြေ)၊ | ၄။ အရှင်ဂုဏိန္ဒ (ဆင်ဖြူတောင်)၊ |
| ၅။ အရှင်က္ကန္ဒက (တွံတေး) | ၆။ အရှင်သဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်း) |
| ၇။ အရှင်သီလက္ခန္ဓာဘိဝံသ(ရွှေရတုတိပိဋက) | ၈။ အရှင်ဝိလာသ (ညောင်လေးပင်) |
| ၉။ အရှင်က္ကန္ဒောဘာသ (ညောင်လေးပင်) | ၁၀။ အရှင်စန္ဒဝံသ(ဓမ္မိကာရာမ-ပေါက်တော) |
| ၁၁။ အရှင်ဩဘာသ (ဘီအေ၊ ဓမ္မိကာရာမ) | ၁၂။ အရှင်ပညာနန္ဒ (သရက်) |
| ၁၃။ အရှင်ဝိနယာစာရ (တူးချောင်း) | ၁၄။ အရှင်မာလာစာရ (ညောင်ပင်သာ) |

၁၅။ အရှင်ရေဝတ(အကျော်) စသော နိုင်ငံကျော်ဓမ္မကထိကများကိုလည်း ထုတ်ဖော်ပေးနိုင်ခဲ့သည်။ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ကိုရီးယား နိုင်ငံစသော တက္ကသိုလ်များတွင်လည်း ရွာမနွယ်များ ပညာသင်ကြားလျက် ရှိသည်။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၏ အနှစ်(၄၀)သမိုင်းကို ထုဆစ်ရာတွင် -

၁။ ပရိယတ္တိသာသနာ အောင်မြင်ဖြစ်ထွန်းလာခြင်း။

၂။ ပဋိပတ္တိလုပ်ငန်းစဉ် အောင်မြင်မှုကို သုံးသပ်တင်သွင်းခြင်း။

၃။ သာသနိက အဆောက်အအုံများ စတင်ဖြစ်ထွန်း တိုးတက်မှုကို သုံးသပ်တင်သွင်းခြင်း။

၄။ ရွာမပရိယတ္တိစာသင်တိုက်နွယ်ဖွားများနှင့် စပ်လျဉ်း၍ ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းခွဲကျောင်းတိုက်များကို လေ့လာသုံးသပ်ခြင်း။

၅။ ရွာမပရိယတ္တိစာသင်တိုက်ကြီးကို ခေတ်မီစာသင်တိုက် ဖြစ်ပေါ်လာအောင် အဓိက မောင်းနှင်လာသူ ဆရာတော်အရှင်တိလောကာဘိဝံသ၏ ဘဝဖြစ်တော်စဉ်နှင့် ဆရာတော် ၏ ခေတ်မီသင်ကြားပုံစနစ်၊ ပို့ချပုံစနစ်များကို လေ့လာသုံးသပ်ခြင်း ဟူသော အနည်းဆုံးစာတမ်း ငါးဆောင်ခန့် အပြိုင်အဆိုင်တင်သွင်းလျှင် အလွန်ကောင်းမွန်သော

သာသနာပြု ရှေ့ပြေးလမ်းညွှန် ပြယုဂ်ကောင်းဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။ အနာဂတ် အနှစ်(၅၀) ရွှေရတုခရီးတစ်ထောက်တွင် ဖြစ်ထွန်းလာနိုင်ဖွယ် ရှိလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ရွာမပရိယတ္တိစာသင်တိုက်၏ အနာဂတ်ခရီးတွင် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့် အရှင်တိလောကာဘိဝံသတို့၏ မူလရည်မှန်းချက်အတိုင်း အရိုက်အရာကို အပ်နှင်းခံရသည့် ရွှေရတုတိပိဋကဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ၏ အောင်မြင်မှုရည်မှန်းချက်ကို စောင့်ကြည့် ကြည်ညို အကဲခတ် ရပေဦးတော့မည်။ အရှင်သီလက္ခန္ဓာဘိဝံသသည် ရွာမပရိယတ္တိအနာဂတ်ဥယျာဉ်တွင် စွယ်စုံအရည်အချင်းရှိသော မျိုးစေ့ကောင်း တပည့်သံဃာ့ပရိသတ်ကို ဆက်လက်စိုက်ပျိုး ရှင်သန်သီးပွင့်ဝေဆာအောင် ဆောင်ရွက်နိုင်ပါစေကြောင်း အာသီသပတ္ထနာ ပြုလိုက်ရပေတော့သည်။

♦ ရွှေဘိုမင်းသုခ



# ၁၃၃၂ ( ၁၉၇၀ ) ခုနှစ်မှ ၁၃၇၂ (၂၀၀၀ ) ခုနှစ်အတွင်း ရွှာမပရိယတ္တိ စာသင်တိုက် ဝဏ္ဏဝါစကစာချစာရင်း

| စဉ် | ဘွဲ့နာမ | လက်ရှိ သာသနာပြုရာဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | ပျံလွန် |
| ၂ | အရှင်တိလောကာဘိဝံသ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၃ | အရှင်အဂ္ဂိရ | သစ်စက်ကျောင်း၊ အင်းစိန်မြို့ | |
| ၄ | အရှင်ဝိဇယ | လူဝတ်ပြောင်း | |
| ၅ | အရှင်ပဏ္ဍိတ | သစ်စက်ကျောင်း၊ အင်းစိန်မြို့ | |
| ၆ | အရှင်တေဇိန္ဒ | နတ်မောက်မြို့ | |
| ၇ | အရှင်ကလျာဏ | နိကာယ်စာသင်တိုက်၊ တောင်ဒဂုံမြို့နယ် | |
| ၈ | အရှင်ဝိမလ | လူဝတ်ပြောင်း | |
| ၉ | အရှင်ကောဝိဒ | မင်္ဂလာကန်တော်ဦးကြောင်း၊ သက္ကလ၊ ကဝမြို့ | |
| ၁၀ | အရှင်စန္ဒဝံသ | ဓမ္မိကာရာမကျောင်း၊ ပေါက်တော၊ အင်းစိန် | |
| ၁၁ | အရှင်ဇောတိက | ဇနိတာရာမကျောင်း၊ ဂွတ္တလစ်၊ ရန်ကင်း | |
| ၁၂ | အရှင်သုန္ဒရ | လူဝတ်ပြောင်း | |
| ၁၃ | အရှင်အာစာရ | ရွှေကြက်ယက်ကျောင်း၊ ဟင်္သာတမြို့ | |
| ၁၄ | အရှင်ရေဝတ | သစ်တော်ကျောင်း၊ သရက်တော၊ လမ်းမတော် | |
| ၁၅ | အရှင်တေဇဝန္တ | သာယာကုန်းပရိယတ္တိ၊ လှိုင်သာယာ | |
| ၁၆ | အရှင်ကောဝိဒ | မအူပင်မြို့ | ပျံလွန် |
| ၁၇ | အရှင်ပါတိမောက္ခပဏ္ဍိတ | သာသနာ့အလင်းရောင်၊ သက္ကလ၊ ကဝမြို့ | |
| ၁၈ | အရှင်စက္ကိန္ဒ | အေးစေတီကျောင်း၊ တောင်ကြီးမြို့ | |
| ၁၉ | အရှင်ပညာသာရ | နိမ္မိတာရုံကျောင်း၊ လှိုင်သာယာ | |
| ၂၀ | အရှင်ဝေပုလ္လ | ဧရာဝတီတိုင်း | |
| ၂၁ | အရှင်သုဇာတ | အောင်မြေဘုံသာကျောင်း၊ ပုသိမ်မြို့ | |
| ၂၂ | အရှင်ဝါယမ | တောင်ပေါက်ကျောင်း၊ မော်လမြိုင်မြို့ | ပျံလွန် |
| ၂၃ | အရှင်စန္ဒဝရသာရာဘိဝံသ | လူဝတ်ပြောင်း | |
| ၂၄ | အရှင်နိပုဏ | မကွေးကျောင်း၊ ရွှေပြည်သာ | |
| ၂၅ | အရှင်သုန္ဒရ | မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ | |
| ၂၆ | အရှင်စန္ဒသိရီ | မြစ်ကွေ့စာသင်တိုက်၊ ဟင်္သာတ | |
| ၂၇ | အရှင်အရိယဝံသ | လူဝတ်ပြောင်း | |
| ၂၈ | အရှင်သုဇန | ဖျာပုံမြို့ | |

| | | | |
|---|---|---|---|
| ၂၉ | အရှင်ဂရုဝံသ | ဓမ္မဝိဟာရ ပထမကျော် သယ်န်းကျွန်း | |
| ၃၀ | အရှင်ဓမ္မပိယ | ဓမ္မပါလကျောင်း၊ ကမာရွတ် | |
| ၃၁ | အရှင်ကုသလ | သဒ္ဓမ္မပါလကျောင်း၊ အင်းစိန် | |
| ၃၂ | အရှင်ခေမာစာရ | ချောက်မြို့ | |
| ၃၃ | အရှင်ကန္တေ့ာဘာသ | အောင်သပြေ ဓမ္မဗိမာန်၊ အင်းစိန် | |
| ၃၄ | အရှင်သီလက္ခန္ဓာဘိဝံသ | နိကာယ်စာသင်တိုက်၊ တောင်ဒဂုံမြို့နယ် | |
| ၃၅ | အရှင်တေဇနိယာဘိဝံသ | ကံကြီးကုန်းရွာ၊ ညောင်ဦးမြို့ | |
| ၃၆ | အရှင်ဇာနေယျ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၃၇ | အရှင်ဝိနယာလင်္ကာရ | မဟာဝိနယာလင်္ကာရကျောင်း၊ ဒဂုံဆိပ်ကမ်း | |
| ၃၈ | အရှင်ဂမ္ဘီရဗုဒ္ဓိ | ရွှေရေးဆောင်တိုက်၊ မန္တလေးမြို့ | |
| ၃၉ | အရှင်စန္ဒာသိရီဘိဝံသ | ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်း | |
| ၄၀ | အရှင်ဓမ္မသာမိ | ငါးဆူတောင် လှည်းကူး | |
| ၄၁ | အရှင်ဝိသုဒ္ဓ | ရွှေညောင်ပင် ပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၄၂ | အရှင်ဉာဏိန္ဒ | ဇလွန်ကျောင်း၊ မြောက်ဥက္ကလာ | |
| ၄၃ | အရှင်သုန္ဒရ | ဘီလင်းမြို့၊ မွန်ပြည်နယ်။ | |
| ၄၄ | အရှင်စန္ဒသာရ | လှူဝတ်ပြောင်း | |
| ၄၅ | အရှင်အဂ္ဂဓမ္မ | လှူဝတ်ပြောင်း | |
| ၄၆ | အရှင်နန္ဒစရိယ | ကော့မှူး | |
| ၄၇ | အရှင်ကန္တက | လှူဝတ်ပြောင်း | |
| ၄၈ | အရှင်ကန္တာစာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၄၉ | အရှင်သုဇန | လှူဝတ်ပြောင်း | |
| ၅၀ | အရှင်ခေမာစာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၅၁ | အရှင်ခေမိန္ဒ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၅၂ | အရှင်ဇနိတာလင်္ကာရ | မဟာဝိသုဒ္ဓါရုံတိုက်၊ မန္တလေး | |
| ၅၃ | အရှင်စိန္တိတ | ဝေဠုဝန်ကျောင်း၊ တောင်သူကုန်း | |
| ၅၄ | အရှင်ဓမ္မိက | သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်း | |
| ၅၅ | အရှင်သူရိယ | သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်း | |
| ၅၆ | အရှင်ကုဏ္ဍလ | ရွာမ ပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၅၇ | အရှင်တိက္ခိန္ဒြိယာဘိဝံသ | မစိုးရိမ်တိုက်သစ်၊ မန္တလေး | |
| ၅၈ | အရှင်ဇဝန | မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ | |
| ၅၉ | အရှင်သောဘဏာလင်္ကာရ | သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယ | |
| ၆၀ | အရှင်ကဥ္စန | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |

| | | | |
|---|---|---|---|
| ၆၁ | အရှင်အရိယာဝံသ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၂ | အရှင်ဝိစိတ္တ (ဆော) | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၃ | အရှင်ကုမုဒ | ဆရာတော်ကြီးကျောင်း၊ အင်းစိန် | |
| ၆၄ | အရှင်ခေမိန္ဒ | လှူဝတ်ပြောင်း | |
| ၆၅ | အရှင်ဝိသိဋ္ဌ | အိန္ဒိယ | |
| ၆၆ | အရှင်စန္ဒနာလင်္ကာရ | ရန်ကင်းတောင်ဥယျာဉ်စာသင်တိုက်၊ မန္တလေး | |
| ၆၇ | အရှင်ဥတ္တရာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၈ | အရှင်ပညာစာရာလင်္ကာရ | တိပိဋက ကမ္ဘောဇကျောင်း၊ မော်လမြိုင် | |
| ၆၉ | အရှင်ပညာဝံသ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၇၀ | အရှင်သုမန | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၇၁ | အရှင်ဥတ္တရ | တောင်ကိုရီးယားနိုင်ငံ | |
| ၇၂ | အရှင်နာရဒါလင်္ကာရ | မန္တလေးမြို့ | |
| ၇၃ | အရှင်ဖြဟ္မစရိယ | သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယ | |
| ၇၄ | အရှင်ဇောတိက (MA) | ဥယျာဉ်တိုက်၊ မန္တလေး | |
| ၇၅ | အရှင်ဇနိန္ဒ (ဥယျာဉ်) | ရန်ကင်းတောင်ဥယျာဉ်စာသင်တိုက်၊ မန္တလေး | |
| ၇၆ | အရှင်ပညာသိဒ္ဓိ | ညောင်ကန်အေး၊ အင်းစိန် | |
| ၇၇ | အရှင်ဇဝနာလင်္ကာရ | မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်း | |
| ၇၈ | အရှင်ဉာဏဗလ | လယ်ဝေးမြို့ | |
| ၇၉ | အရှင်ကုမုဒ | ထန်းတပင်မြို့၊ ရန်ကုန်တိုင်း | |
| ၈၀ | အရှင်ကန္တောဘာသ | နု-ပ-သ၊ ကမ္ဘာအေး၊ ရန်ကုန် | |
| ၈၁ | အရှင်ဂန္ဓသာရ | တမူးမြို့ | |
| ၈၂ | အရှင်နန္ဒောဘာသ | လှူဝတ်ပြောင်း | |
| ၈၃ | အရှင်ပညာဇောတ | ထိုင်းနိုင်ငံ | |
| ၈၄ | အရှင်ကေသရ | မင်္ဂလာရာမ၊ တောင်ဒဂုံ၊ ရန်ကုန် | |
| ၈၅ | အရှင်ဝိမလာစာရာဘိဝံသ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၈၆ | အရှင်ဉာဏိကာလင်္ကာရ | အောင်ဓမ္မဗေယျ၊ ဖော့ကန်၊ အင်းစိန် | |
| ၈၇ | အရှင်တေဇာနန္ဒာလင်္ကာရ | နတ်မောက်မြို့ | |
| ၈၈ | အရှင်ကေသရ | မော်လမြိုင်ကျွန်း၊ ဧရာဝတီတိုင်း | |
| ၈၉ | အရှင်ရာဟုလာ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၉၀ | အရှင်ကန္တောဘာသ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၉၁ | အရှင်ပညိန္ဒာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၉၂ | အရှင်နန္ဒသာမီလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |

# ရွာမပရိယတ္တိစာသင်တိုက်၏
# နှစ်ရာသီ တရားစခန်းပွဲ အခြေပြဇယား

| အကြိမ် | ခုနှစ် | ရဟန်း | သီလရှင် | အမျိုးသား | အမျိုးသမီး | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ၁၃၅၆ | ၁၅ | ၈ | ၂၉ | ၉၉ | ၁၅၁ |
| ၂ | ၁၃၅၇ | ၂၀ | ၆ | ၂၆ | ၉၅ | ၁၄၈ |
| ၃ | ၁၃၅၈ | ၄၄ | ၁၇ | ၂၈ | ၁၁၈ | ၂၀၇ |
| ၄ | ၁၃၅၉ | ၆၉ | ၄ | ၃၃ | ၁၆၃ | ၂၆၉ |
| ၅ | ၁၃၆၀ | ၆၀ | ၁၀ | ၃၁ | ၁၈၀ | ၂၈၁ |
| ၆ | ၁၃၆၁ | ၁၁ | ၅ | ၃၁ | ၁၂၂ | ၁၆၉ |
| ၇ | ၁၃၆၂ | ၁၇ | ၇ | ၃၁ | ၁၅၆ | ၂၁၁ |
| ၈ | ၁၃၆၃ | ၈ | ၈ | ၃၅ | ၁၉၆ | ၂၄၇ |
| ၉ | ၁၃၆၄ | ၁၂ | - | ၄၅ | ၁၆၀ | ၂၁၇ |
| ၁၀ | ၁၃၆၅ | ၂၀ | ၇ | ၄၉ | ၁၈၀ | ၂၅၆ |
| ၁၁ | ၁၃၆၆ | ၉ | ၅ | ၅၃ | ၂၅၂ | ၃၁၉ |
| ၁၂ | ၁၃၆၇ | ၁၁ | ၃ | ၄၁ | ၂၃၈ | ၂၉၃ |
| ၁၃ | ၁၃၆၈ | ၃ | ၉ | ၄၁ | ၂၆၁ | ၃၁၄ |
| ၁၄ | ၁၃၆၉ | | ၁၁ | ၅၂ | ၂၅၁ | ၃၁၄ |
| ၁၅ | ၁၃၇၀ | | ၆ | ၄၄ | ၂၄၄ | ၂၉၄ |
| ၁၆ | ၁၃၇၁ | | ၈ | ၃၇ | ၂၅၄ | ၂၉၉ |

*မှတ်ချက်။ ။ ၁၃၇၂-ခုနှစ် တရားစခန်းပွဲ ကျင်းပချိန် မရောက်သေး။*

# ရွှာမဝရိယတ္တိစာသင်တိုက်၏
# စာမေးပွဲ အောင်မြင်မှု အခြေပြဇယား

| စာမေးပွဲ | ဝါဆိုသံဃာ | | | စာမေးပွဲအောင်မြင်မှု | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | ရဟန်း | သာမဏေ | ပေါင်း | မူ | ငယ် | လတ် | ကြီး | စာချ | |
| ၁၉၇၀ | ၁၇ | ၁၈ | ၃၅ | | ၃ | | | | ၃ |
| ၁၉၇၂ | ၃၀ | ၂၄ | ၅၄ | | ၈ | ၂ | | | ၁၀ |
| ၁၉၇၃ | ၄၀ | ၃၆ | ၇၆ | ၇ | ၅ | | | | ၁၂ |
| ၁၉၇၄ | ၄၈ | ၅၄ | ၁၀၂ | | ၉ | ၃ | ၂ | | ၁၄ |
| ၁၉၇၅ | ၅၁ | ၅၅ | ၁၀၆ | | ၁၀ | ၂ | ၂ | ၂ | ၁၆ |
| ၁၉၇၆ | ၅၇ | ၅၆ | ၁၁၃ | | ၁၀ | ၄ | ၂ | ၃ | ၁၉ |
| ၁၉၇၇ | ၅၈ | ၆၂ | ၁၂၀ | | ၉ | ၁၆ | ၂ | | ၂၇ |
| ၁၉၇၈ | ၇၆ | ၅၅ | ၁၃၁ | ၇ | ၆ | ၅ | ၁ | ၁၉ | ၃၈ |
| ၁၉၇၉ | ၈၀ | ၉၀ | ၁၇၀ | ၂၀ | ၇ | ၄ | ၅ | ၃၆ | ၇၂ |
| ၁၉၈၀ | ၈၀ | ၁၁၆ | ၁၉၆ | | ၁၆ | ၁၅ | ၈ | ၁ | ၄၀ |
| ၁၉၈၁ | ၉၈ | ၁၂၀ | ၂၁၈ | ၂၇ | ၂၀ | ၆ | ၇ | ၆၀ | ၁၂၀ |
| ၁၉၈၂ | ၁၀၈ | ၁၂၈ | ၂၃၆ | | ၂၁ | ၃၀ | | ၈ | ၅၉ |
| ၁၉၈၃ | ၁၂၃ | ၁၄၁ | ၂၆၄ | | ၃၉ | ၁၉ | ၁၈ | ၁ | ၇၇ |
| ၁၉၈၄ | ၁၅၇ | ၁၅၂ | ၃၀၉ | ၁၀ | ၃၃ | ၂၉ | ၁၆ | ၄ | ၉၂ |
| ၁၉၈၅ | ၂၀၁ | ၁၆၄ | ၃၆၅ | ၃၃ | ၂၆ | ၃၉ | ၅၀ | ၇ | ၁၅၅ |
| ၁၉၈၆ | ၂၂၃ | ၁၆၇ | ၃၉၀ | ၄၇ | ၂၂ | ၂၅ | ၂၀ | ၄ | ၁၁၈ |
| ၁၉၈၇ | ၂၅၀ | ၁၆၄ | ၄၁၄ | | ၃၀ | ၁၁ | ၁၇ | ၁ | ၅၉ |
| ၁၉၈၈ | ၉၉ | ၈၁ | ၁၈၀ | ၁၇ | ၂၀ | ၁၁ | ၁၄ | | ၆၂ |
| ၁၉၈၉ | ၁၅၃ | ၇၈ | ၂၃၁ | ၄၅ | ၂၃ | ၄၀ | ၁၄ | ၁ | ၁၂၃ |
| ၁၉၉၀ | ၂၃၃ | ၆၃ | ၂၉၆ | ၁၁၄ | ၃၆ | ၁၃ | ၃၃ | ၃ | ၁၉၉ |
| ၁၉၉၁ | ၁၂၅ | ၃၄ | ၁၅၉ | ၄၉ | | ၃ | ၁၂ | | ၆၄ |
| ၁၉၉၂ | ၁၂၁ | ၁၀၁ | ၂၂၂ | ၂၇ | | ၂ | ၇ | ၂ | ၃၈ |
| ၁၉၉၃ | ၁၂၀ | ၁၄၈ | ၂၆၈ | ၂၉ | ၁၅ | ၁၇ | ၁၆ | ၁၀ | ၈၇ |
| ၁၉၉၄ | ၁၂၇ | ၁၀၉ | ၃၁၆ | ၄၂ | ၂၀ | ၁၄ | ၁၇ | ၂ | ၉၅ |
| ၁၉၉၅ | ၁၉၅ | ၂၁၃ | ၄၀၈ | ၁၇ | ၄၈ | ၆၆ | ၄၉ | ၄ | ၁၈၄ |

# ရှမဝရိယတ္တိစာသင်တိုက်၏
# စာမေးပွဲ အောင်မြင်မှု အခြေပြဇယား

| စာမေးပွဲ | ဝါဆိုသံဃာ | | | စာမေးပွဲအောင်မြင်မှု | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | ရဟန်း | သာမဏေ | ပေါင်း | မူ | ငယ် | လတ် | ကြီး | စာချ | |
| ၁၉၉၆ | ၂၂၉ | ၂၇၅ | ၅၀၄ | ၄၃ | ၂၀ | ၁၆ | ၆ | ၃ | ၈၈ |
| ၁၉၉၇ | ၂၄၃ | ၂၇၇ | ၅၂၀ | စာမေးပွဲ မကျင်းပဖြစ် | | | | | |
| ၁၉၉၈ | ၂၃၅ | ၂၃၆ | ၄၇၁ | ၅၂ | ၆၁ | ၅၈ | ၆၉ | ၁၁ | ၂၅၁ |
| ၁၉၉၉ | ၂၄၃ | ၃၁၉ | ၅၆၂ | ၅၀ | ၅၃ | ၅၈ | ၄၅ | ၂၈ | ၂၃၄ |
| ၂၀၀၀ | ၂၄၃ | ၄၁၇ | ၆၆၀ | ၅၉ | ၅၄ | ၄၂ | ၁၇ | ၂၁ | ၁၉၃ |
| ၂၀၀၁ | ၂၅၃ | ၃၆၂ | ၆၁၅ | ၄၆ | ၅၅ | ၅၇ | ၄၇ | ၁၃ | ၂၁၈ |
| ၂၀၀၂ | ၂၆၄ | ၃၆၉ | ၆၃၃ | | ၄၈ | ၄၀ | ၃၀ | ၄၁ | ၁၅၉ |
| ၂၀၀၃ | ၂၄၃ | ၄၀၄ | ၆၄၇ | | ၅၄ | ၆၈ | ၃၇ | ၄၁ | ၂၀၀ |
| ၂၀၀၄ | ၂၄၂ | ၄၃၁ | ၆၇၃ | | ၂၀ | ၄၆ | ၂၁ | ၁၆ | ၁၀၃ |
| ၂၀၀၅ | ၂၃၀ | ၃၉၂ | ၆၂၂ | | ၄၂ | ၄၄ | ၄၀ | ၁၉ | ၁၄၅ |
| ၂၀၀၆ | ၂၁၁ | ၄၀၄ | ၆၁၅ | | ၄၉ | ၇၀ | ၃၅ | ၄ | ၁၅၈ |
| ၂၀၀၇ | ၂၂၇ | ၃၂၃ | ၅၅၀ | | ၃၃ | ၃၆ | ၂၁ | ၆ | ၉၆ |
| ၂၀၀၈ | ၉၁ | ၂၀၄ | ၃၀၅ | | ၂၁ | ၃၅ | ၂၀ | ၁ | ၇၇ |
| ၂၀၀၉ | ၉၃ | ၂၄၃ | ၃၃၆ | | ၂၀ | ၁၆ | ၆ | ၃ | ၃၅ |
| ၂၀၁၀ | ၈၈ | ၃၂၀ | ၄၀၈ | | | | | | |

*မှတ်ချက်။ ။ ၂၀၁၀ ခုနှစ် စာမေးပွဲ ကျင်းပချိန်မရောက်သေး။*

## ရွှေဝပရိယတ္တိစာသင်တိုက်၏ သာမဏေကျော် အောင်မြင်မှု အခြေပြဇယား

| ခုနှစ် | မန္တလေး | | | ရန်ကုန် | | | ပဲခူး | | | မော်လမြိုင်ကျွန်းမြို့ | | | ပခုက္ကူ | | | သထုံ | | | မုံရွာ | | | တောင်ကြီး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပ | ဒု | တ | ပ | ဒု | တ | ပ | ဒု | တ | ပ | ဒု | တ | ပ | ဒု | တ | ပ | ဒု | တ | ပ | ဒု | တ | ပ | ဒု | တ |
| ၁၉၉၆ | ၂ | - | - | ၁ | - | - | ၁ | - | - | - | - | - | | | | | | | | | | | | |
| ၁၉၉၇ | ၅ | ၁ | - | ၇ | ၁ | - | ၈ | ၁ | - | ၅ | - | - | | | | | | | | | | | | |
| ၁၉၉၈ | ၂ | ၁ | ၁ | ၇ | ၂ | - | ၂ | - | ၁ | ၅ | ၂ | ၁ | | | | | | | | | | | | |
| ၁၉၉၉ | ၁၁ | - | - | ၁၁ | ၁ | ၁ | ၁၀ | - | - | ၆ | ၃ | - | | | | | | | | | | | | |
| ၂၀၀၀ | ၁၀ | ၃ | - | ၁၀ | ၅ | - | - | - | - | ၇ | ၅ | ၂ | | | | | | | | | | | | |
| ၂၀၀၁ | ၁၃ | ၁ | - | ၁၄ | ၇ | - | ၅ | ၂ | - | ၈ | ၆ | - | | | | | | | | | | | | |
| ၂၀၀၂ | ၁၂ | ၆ | - | ၁၃ | ၈ | ၁ | ၅ | ၃ | - | ၁၁ | ၆ | - | | | | | | | | | | | | |
| ၂၀၀၃ | ၁၅ | ၈ | ၁ | ၁၃ | ၇ | - | ၅ | ၃ | ၁ | ၁၂ | ၅ | ၁ | | | | | | | | | | | | |
| ၂၀၀၄ | ၂၄ | ၃ | ၁ | ၉ | ၁၀ | ၁ | - | ၁ | ၁ | ၂၃ | ၇ | ၁ | | | | | | | | | | | | |
| ၂၀၀၅ | ၁၂ | - | ၁ | ၉ | - | - | - | - | - | ၅ | ၄ | ၁ | | | | | | | | | | | | |
| ၂၀၀၆ | ၈ | - | - | ၇ | ၃ | - | | | | | | | ၇ | ၁ | - | | | | | | | | | |
| ၂၀၀၇ | ၂ | ၃ | - | ၆ | ၃ | ၁ | - | - | - | ၂ | ၃ | - | - | ၂ | - | ၁ | ၁ | - | - | - | - | - | ၃ | - |
| ၂၀၀၈ | ၃ | ၂ | ၁ | ၁ | ၂ | ၁ | - | ၁ | - | ၅ | ၁ | ၁ | ၅ | ၁ | - | ၃ | ၁ | - | - | - | - | - | - | ၁ |
| ၂၀၀၉ | ၂ | ၁ | - | - | ၁ | - | - | ၁ | - | ၄ | ၂ | - | ၄ | - | - | ၄ | - | - | ၁ | - | - | ၁ | - | - |

မှတ်ချက်။ ။ တိပိဋကရေရွေးချယ်ရေးစာမေးပွဲ၌ ၁၉၈၅ - ဥဘတောဝိဘင်္ဂရ ၁-ပါး
၂၀၀၉-ဥဘတောဝိဘင်္ဂရဘွဲ့ရ ၁-ပါး၊ ၂၀၁၀ ခုနှစ်-ဥဘတောဝိဘင်္ဂရဘွဲ့ရ ၂- ပါး

# ရွာမ ပရိယတ္တိစာသင်တိုက်အတွင်းရှိ ဘာသနိကအဆောက်အဦးများ

| စဉ် | ကျောင်းအမည် | အလှူရှင် |
|---|---|---|
| ၁ | သီရိဝံသကျောင်းဆောင် | ယခင်- ဦးထိန်+ ဒေါ်အုန်း မိသားစု၊ ရွာမအနောက်၊အင်းစိန်။ ယခု- ဦးသိန်းဆောင်+ဒေါ်ခင်ထွေး နှံ့သာကုန်းလမ်း၊ အင်းစိန်။ |
| ၂ | ရတနာရွှေဆည်ကျောင်း | ဦးမြင့်စိန် + ဒေါ်ခင်မူမူ မိသားစု၊ ရွှေဆည် နို့ဆီထောပတ်၊ အလုံ၊ ရန်ကုန်။ |
| ၃ | ခေမာဝံသကျောင်း | ဦးသောင်းရွှေ + ဒေါ်သန်းရင် မိသားစု၊ ရွာမအရှေ့၊ အင်းစိန်။ |
| ၄ | သဒ္ဓါဝံသကျောင်း | ဦးသီး + ဒေါ်လှအေး မိသားစု၊ ရွာမအရှေ့၊ အင်းစိန်။ |
| ၅ | မဟာဝံသကျောင်း | ဦးမောင်တင် + ဒေါ်သိန်းမျှင် မိသားစု၊ ရွာမအရှေ့၊ အင်းစိန်။ |
| ၆ | သံဃာ့ဆေးကုသဆောင် | ဒေါ်အမာ၊ ဒေါက်တာထွန်းနေအောင်၊ ဒေါက်တာသန်းသန်းအေး မိသားစု၊ ဖော့ကန်၊ အင်းစိန်။ |
| ၇ | ကေတုဝံသကျောင်း | သစ်တော အရေးပိုင် ဦးစိန်ဘ + ဒေါ်အုပ်၊ သမီး မဖြူဖြူစိန် မိသားစု၊ ရွာမအရှေ့၊ အင်းစိန်။ |
| ၈ | ဇေယျာဝံသကျောင်း | ဒေါ်ကြည်မိသားစု၊ ဘုန်းကြီးလမ်း၊ အင်ိစိန်။ |
| ၉ | အတုလဝံသကျောင်း | ဦးသောင်း+ဒေါ်လှရင် မိသားစု၊ ရွာမအနောက်၊ အင်းစိန်။ |
| ၁၀ | ရတာနာဝံသကျောင်း | ဦးရွှေ+ဒေါ်သန်းရှင် မိသားစု၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်။ |
| ၁၁ | ပုညဝံသကျောင်း | ဦးကျင်ဝှမ်း+ဒေါ်အေးသာ မိသားစု၊ ရွာမအရှေ့၊ အင်းစိန်။ |
| ၁၂ | မေတ္တာဝံသကျောင်း | ဦးသန်းလှ+ဒေါ်စန်းစန်းဝင်း မိသားစု၊ သမိုင်း၊ ရန်ကုန်။ |
| ၁၃ | သာသနာဝံသကျောင်း | စုပေါင်းကောင်းမှု |
| ၁၄ | အာဂန္တုကျောင်း | စုပေါင်းကောင်းမှု |
| ၁၅ | မေဓာဝံသကျောင်း | စုပေါင်းကောင်းမှု |
| ၁၆ | မာလာဝံသကျောင်း | စုပေါင်းကောင်းမှု |
| ၁၇ | ဗောဓိဝံသကျောင်း | ယခင်-စုပေါင်းကောင်းမှု၊ ယခု- အ. က. စ၊ မ. ထ. သ |

| စဉ် | ကျောင်းအမည် | အလှူရှင် |
|---|---|---|
| ၁၈ | သဒ္ဓမ္မဝံသကျောင်း | စုပေါင်းကောင်းမှု |
| ၁၉ | မဟာစံတော်ဝင်ကျောင်း | နိုင်ငံတော်အစိုးရ |
| ၂၀ | မဟာဂန္ဓဝင်ကျောင်း | နိုင်ငံတော်အစိုးရ |
| ၂၁ | အဟာရဒါယီ ဆွမ်းကျောင်း | နိုင်ငံတော်အစိုးရ နှင့် အများကောင်းမှု |
| ၂၂ | မဟာထေရဝံသကျောင်း | (ဦးဟုတ်ရှိန်)+ဒေါ်ခင်ဝင်း မိသားစု၊ ရန်ကုန်။ |
| ၂၃ | ဓမ္မအလင်းရောင်ကျောင်း | ဦးကျော်သိန်း+ဒေါ်မြင့်မြင့် ရွှေနန်း မဟာဆေးတိုက်၊ အင်းစိန်။ |
| ၂၄ | နှစ်ကျိပ် ရှစ်ဆူ ဂန္ဓကုဋီတိုက်ကျောင်း | စွမ်းအင်ဝန်ထမ်း မိသားစု ကောင်းမှု |
| ၂၅ | ရွှေသာလျောင်းဘုရားကြီး ဂန္ဓကုဋီတိုက်ကျောင်း | စုပေါင်းကောင်းမှု |
| ၂၆ | ရှေးဟောင်းဘုရားများ ဂန္ဓကုဋီတိုက် | ဦးမောင်လေး+ ဒေါ်ကြူပ် ပန်းပဲတန်း ကောင်းမှု။ |
| ၂၇ | ဓမ္မာရုံ | စုပေါင်းကောင်းမှု |
| ၂၈ | သာသနဟိကာရီသိမ်ကျောင်း | စုပေါင်းကောင်းမှု |
| ၂၉ | သုခဝံသကျောင်း | စုပေါင်းကောင်းမှု |
| ၃၀ | ဧည့်ကျောင်း(၁) | စုပေါင်းကောင်းမှု |
| ၃၁ | ပြည့်စုံကျောင်း | ပြည့်စုံလင်+ပြည့်စုံဝင်း |
| ၃၂ | သီရိမင်္ဂလာသိမ်ဟောင်း | |

# အင်းစိန် ရွာမ ဝရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့

## (၁) စာသင်တိုက်မဖွင့်မီ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဦးသိန်းရွှေ | ၂။ | ဦးလှတင် | ၃။ | ဦးသင်းဖေ | ၄။ | ဦးဖိုးကိုင်း |
| ၅။ | ဦးဖိုးဦး | ၆။ | ဦးဖိုးချစ် | ၇။ | ဦးငွေရ | ၈။ | ဦးမောင်နှံ |
| ၉။ | ဦးစံသိန်း | ၁၀။ | ဦးသာမောင် | ၁၁။ | ဦးအောင်ကြီး | ၁၂။ | ဦးအေး |
| ၁၃။ | ဦးစိန်ဘ | | | | | | |

## (၂) ၁၃၃၂ စာသင်တိုက်ဖွင့်လှစ်စဉ်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဦးဘသန်း | ၂။ | ဦးချန်ထွန်း | ၃။ | ဦးစံသိန်း | ၄။ | ဦးပေါ်ကြွယ် |
| ၅။ | ဦးမောင်ကြိုင် | ၆။ | ဦးထွန်းညွန့် | ၇။ | ဦးစိန်ဘ | ၈။ | ဦးထိန် |
| ၉။ | ဦးရှိန် | ၁၀။ | ဦးသန်းမောင် | ၁၁။ | ဦးကြည် | ၁၂။ | ဦးနီ |
| ၁၃။ | ဦးခွေး | ၁၄။ | ဦးအောင်ရှိန် | ၁၅။ | ဦးမောင်ဟန် | ၁၆။ | ဦးသောင်းညွန့် |
| ၁၇။ | ဦးကျော်ဒင် | ၁၈။ | ဦးကျော်ခ | ၁၉။ | ဦးသံချောင်း | ၂၀။ | ဦးအောင်ကြည် |
| ၂၁။ | ဦးမောင်တင်-ရွာရှေ့ | ၂၂။ | ဦးသောင်းရွှေ | ၂၃။ | ဦးသောင်းလှိုင် | ၂၄။ | ဦးမြသိန်း |
| ၂၅။ | ဦးသန်းမြင့် | ၂၆။ | ဦးချစ်တင် | ၂၇။ | ဦးကျော်သိန်း | ၂၈။ | ဦးဝင်းမြင့် |
| ၂၉။ | ဦးအောင်သန်း | ၃၀။ | ဦးချားဘီ | ၃၁။ | ဦးဉာဏ်ထွန်း | ၃၂။ | ဦးသန်းရွှေ သံတော် |
| ၃၃။ | ဦးသန်းရွှေ-ရွာအနောက် | ၃၄။ | ဦးညွန့်မောင် | ၃၅။ | ဦးကျော်လှိုင် | ၃၆။ | ဦးကျော် |
| ၃၇။ | ဦးရွှေခိုင် | ၃၈။ | ဦးစန်းမောင် | ၃၉။ | ဦးစိန်ဝင်း | ၄၀။ | ဦးမောင်တင်-ရွာလယ် |
| ၄၁။ | ဦးဟံသိန်း | ၄၂။ | ဦးသာရှန် | ၄၃။ | ဦးခင်မောင်စိုး | ၄၄။ | ဦးလှသန်း- သံတော် |
| ၄၅။ | ဦးတင်ဝေ- သံတော် | ၄၆။ | ဦးသန်းဌေး | ၄၇။ | ဦးအုံးကြိုင် | ၄၈။ | ဦးခင်မောင် |
| ၄၉။ | ဦးအောင်လိတ် | ၅၀။ | ဦးကျော်သောင်း | ၅၁။ | ဦးသိန်း- ရေကျွန် | ၅၂။ | ဦးကျော်ဟန် |
| ၅၃။ | ဒေါက်တာလှမြင့် | ၅၄။ | ဦးမောင်ချို | ၅၅။ | ဦးသန်းမြင့် | ၅၆။ | ဦးကျော်နီ |
| ၅၇။ | ဦးလှမောင် | ၅၈။ | ဦးထွန်းကြိုင် | ၅၉။ | ဦးဖိုးစိန် | ၆၀။ | ဦးကြာ |
| ၆၁။ | ဦးမြဒင် | ၆၂။ | ဦးသောင်း | ၆၃။ | ဦးအုံးကြိုင်- တမ်းနား | ၆၄။ | ဦးလှကြီး |
| ၆၅။ | ဦးလှဝင်း | ၆၆။ | ဦးထွန်းရွှေ | ၆၇။ | ဦးသင်းချို | ၆၈။ | ဦးချစ်လှိုင် |
| ၆၉။ | ဦးခင်မောင်တင့်- လှော်စင် | | | ၇၀။ | ဦးထွန်းမြင့် | ၇၁။ | ဦးအုန်းမြင့် |

## (၃) လက်ရှိဂေါပကအဖွဲ့

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဦးစိန်တင် | ၂။ | ဦးဝင်းတင် | ၃။ | ဦးအေးသိန်း | ၄။ | ဦးဝင်းမြင့် |
| ၅။ | ဦးကျော်သန်း | ၆။ | ဦးမြင့်ရှိန် | ၇။ | ဦးအောင်မင်း | ၈။ | ဦးကျော်အုံးလှိုင် |
| ၉။ | ဦးကျင်မောင် | ၁၀။ | ဦးမြမောင် | ၁၁။ | ဦးလှသန်း | ၁၂။ | ဦးဝင်းသိန်း |
| ၁၃။ | ဦးကျော်ဦး | ၁၄။ | ဦးရွှေခိုင် | ၁၅။ | ဦးအောင်အောင် | ၁၆။ | ဦးအောင်မြိုင် |
| ၁၇။ | ဦးသန်းဝင်း | ၁၈။ | ဦးသောင်းငွေ | ၁၉။ | ဦးကြည်ဝင်း | | |

# တမ်းတမိပါတယ် အနှစ်လေးဆယ်

အရှင်အဓိကဲ့ရ (သဘာဝဓာတ်ငွေ့သစ်စက်ကျောင်း)

နေ့လယ် တစ်နာရီအချိန်မှာ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် စာသင်တိုက်တည် နှစ်လေးဆယ်ပြည့် အထိမ်းအမှတ်မဂ္ဂဇင်း၊ စာစောင် ထုတ်ဝေဖို့ ပထမအကြိမ် အစည်း အဝေးကျင်းပပါတယ်။ စာသင်တိုက်အတွင်းရှိ သိမ်ကျောင်းတော် အပေါ်ထပ်မှာပါ။ ရွာမ ပရိယတ္တိစာသင်တိုက်မှာ ပညာရေးနို့သောက်စို့ ခဲ့ကြတဲ့ တပည့်တပန်းတွေ စုံစုံလင်လင် တက် ရောက်လာတာကို မြင်တွေ့ရတော့ ဝမ်းသာ လိုက်တာ။

အစည်းအဝေးမှာ သဘာပတိလုပ်တဲ့ စာရေးဆရာ ရွှေဘိုမင်းသုခက" ဆရာတော် ဦးအဂ္ဂိရ၊ စာသင်တိုက်နှစ်လေးဆယ်ခရီးမှာ ဆရာတော်က စတင်တည်ထောင်သူလည်းဖြစ်၊ ရှေ့မီနောက်မီ သူလည်းဖြစ်လို့ မှတ်သားဖွယ်ရာ လေးတွေ ရေးသားချီးမြှင့်ပေးပါ"လို့ မိမိကို လျှောက်လာပါတယ်။

တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ ဟာတွေက အများကြီးပါပဲ။ အနူ၊ အရင့်၊ အကြမ်း၊ သုခ၊ ဒုက္ခမျိုးစုံအောင်ပါပဲ။ မိမိ အနေနဲ့ကတော့ ဆရာတော် ဦးတိလောကနှင့် ပတ်သက်ခဲ့သမျှ ဆက်စပ်ခဲ့သမျှ ကျေနပ်နှစ်သက်အားရခဲ့သမျှ၊ ဖွဲ့လုံ့လ သတ္တိကောင်းသမျှ အကြောင်းတွေကို ယနေ့ခေတ် စာသင်သားများအားကျစရာတွေ စံနမူနာပြု အတုယူစရာတွေကို မှတ်မိသမျှ တင်ပြပေးပါမယ်။

ဦးတိလောကဟာ အလွန်တရာလေးစား စရာ၊ ကြည်ညိုစရာ၊ စံပြုစရာကောင်းသည့် ပုဂ္ဂိုလ်ထူးပါ။ ဦးတိလောကနှင့် မိမိတို့ဟာ ၁၃၂၂ ခုနှစ် ကနေ ၁၃၃၀ ပြည့်နှစ်အထိ မြင်းခြံမြို့၊ ကိုးဆောင် တိုက်မှာ စာသင်သားဘဝနဲ့ အတူနေခဲ့ရပါ တယ်။

စာသင်သားဘဝကတည်းက ဦးတိလော ကဟာ အလွန်ထူးခြားသည့် ပုဂ္ဂိုလ်ပါ။ မြင်းခြံ မြို့မှ ဘုရားပွဲတွေ ကျင်းပတိုင်း ဇာတ်ပွဲဆိုတာ ပါလေ့ရှိတယ်။ ကိုးဆောင်တိုက် သံဃာတော် တွေ ဇာတ်ပွဲသွားငေးကြပေမဲ့ ဦးတိလောက သွား မငေးပါဘူး။ သူ့စာကို တစ်ပါးတည်း ကျက်မှတ်နေလေ့ရှိတယ်။ ဆရာတော်များက ဩဝါဒပေးသည့်အခါ ဦးတိလောကကို စံနမူနာ ပြုပြီး ဩဝါဒပေးလေ့ရှိပါတယ်။ စည်းကမ်း ကောင်းသူလို့ ဆိုနိုင်ပါတယ်။



ဦးတိလောက ကျေးဇူးကြောင့် မိမိလည်း ကိုးဆောင်တိုက်ကို ရောက်ခဲ့ရပါတယ်။ ကိုးဆောင်တိုက်မှာ စာသင်သားဘဝနေထိုင်စဉ် ဦးတိလောကရဲ့ ဖွဲလုံ့လ ကောင်းပုံတွေ အများကြီးပါ။ ဓမ္မာစရိယစာမေးပွဲမှာ တစ်နိုင်ငံလုံး ဒုတိယအမှတ်အများဆုံးနဲ့ မဟာအကျော်ဘွဲ့ ကိုရရှိခဲ့ပါတယ်။

မန္တလေးမြို့မှာ ကျင်းပတဲ့ သကျသီဟ စာမေးပွဲဟာ အလွန်ခက်ခဲတဲ့ စာမေးပွဲပါ။ သကျသီဟစာမေးပွဲ ဖြေဆိုဖို့ ပြင်ဆင်နေချိန်မှာ ဦးတိလောကဟာ နားကိုက်တဲ့ဝေဒနာ ပြင်းပြင်း ထန်ထန် ခံစားရတယ်။ နားထဲမှ သွေးထွက်သည်အထိ ဝေဒနာက ပြင်းထန်ပါတယ်။ ဒါပေမဲ့ ဦးတိလောကဟာ တစ်ချက်လေး မျက်နှာမပျက်ပါဘူး။ ထူးထူးချွန်ချွန် ကြိုးစားတယ်။ သကျသီဟ စာမေးပွဲအောင်ခဲ့ပါတယ်။

ဒီလိုနဲ့ သကျသီဟ စာမေးပွဲအောင်မြင်ပြီး အင်းစိန်၊ အောင်ဆန်းတောရထပ်ဦးကျောင်းမှာ တိပိဋက စာမေးပွဲဖြေဆိုဖို့ ဝိနည်းငါးကျမ်း ကျက်မှတ်နေပါတယ်။ မိမိက ခြောက်ထပ်ကြီး ဘုရားကြီးတိုက်မှာ စာဝါလိုက်နေချိန်ပေါ့။

ဦးဝိဇယ(မြင်းခြံ)ကလည်း ရွာမကျောင်းမှာ ရောက်နေချိန် ဆရာတော် ဦးနန္ဒဝံသနှင့် ဦးဝိဇယတိုင်ပင်ကြပြီး ရွာမကျောင်းကို စာသင်တိုက်ဖွင့်ဖို့ ဆုံးဖြတ်ကြပါတယ်။ ဦးဝိဇယရဲ့ တိုက်တွန်းမှုဟာ အဓိက ပါဝင်လာပါတယ်။ စာသင်တိုက်ဖြစ်ပေါ်လာဖို့ အဓိက စွမ်းဆောင်သူဟာ ဦးဝိဇယပါ။

စာသင်တိုက် ဖွင့်ဖို့ ခွင့်ပြုကြသူတွေကတော့ ဆရာတော် ဦးကေတုနှင့် ဆရာတော် ဦးနန္ဒဝံသ တို့ပါပဲ။ ဆရာတော်ကြီးနှစ်ပါးကို မိမိယနေ့တိုင် လွမ်းဆွတ်သတိရနေဆဲပါ။

အောင်ဆန်းတောရ ထပ်ဦးကျောင်းမှာ တိပိဋက ကျက်နေတဲ့ (အရည်အချင်း စံနူန်းပြည့်နေတဲ့) ဦးတိလောကကို အကူအညီ တောင်းကြပါတော့တယ်။

သက္ကရာဇ် ၁၃၃၂ခုနှစ် နယုန်လဆန်း ၁၀ရက် ကနေစပြီး ဆရာတော်ဦးတိလောကရဲ့ ဦးဆောင်မှုဖြင့် စာသင်တိုက်အသွင် ကူးပြောင်းပေးလိုက်ပါတော့တယ်။

ဦးတိလောက ဦးဝိဇယနှင့် မိမိတို့က ပညာရေးကို ဦးဆောင်ပါတယ်။ ဆရာတော် ဦးကေတုနှင့် ဆရာတော် ဦးနန္ဒဝံသတို့က စာသင်သား သံဃာများရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးကို တာဝန်ယူစောင့်ရှောက်ပေးခဲ့ပါတယ်။

ဦးတိလောက ကလည်း ရွာမပရိယတ္တိ စာသင်တိုက်ရဲ့ ခေါင်းစဉ်အောက်မှာ ရောက်လာကတည်းက သူ့ရဲ့ ရည်မှန်းချက် တိပိဋကဘွဲ့နှင့် ဝေးခဲ့ရပါတော့တယ်။ စာသင်တိုက်ကြီး ဖွင့်ပြီးလို့ ပရိယတ္တိလုပ်ငန်းစဉ်တွေ လုပ်နေချိန် အရှိန်ရနေချိန်ဟာ သက်တမ်းလေးငါးနှစ် ခရီးရောက်ခဲ့ပါပြီ။ ဇလွန်မြို့နယ်၊ သဖန်းကုန်းကျောင်း ဆရာတော် ဦးစန္ဒိမာက မှတ်သားဖွယ် ရာကောင်းလှတဲ့ ဩဝါဒပေးပါတယ်။ “မင်းတို့ သုံးပါး ဆရာတော်နှစ်ပါးက ဘာတွေပြောပြော၊ ဘာတွေ လုပ်လုပ် ဝေဖန်စရာလည်း မလိုဘူး။ ပြောစရာလည်း မလိုဘူး။ သူတို့ နှစ်ပါးပိုင်တဲ့ ကျောင်းမှာ သူတို့ခွင့်ပြုလို့သာ စာသင်တိုက် ဖွင့်လို့ရတာ၊ သူတို့ခွင့်မပြုရင် စာသင်တိုက်ဖွင့်လို့ မရဘူး။ သူတို့ကို ကျေးဇူးတင်စရာ ကောင်းတယ်။ ဒါကို မင်းတို့ မြဲမြဲမှတ်ထားကြတဲ့။

ဆရာတော်နှစ်ပါးရဲ့ သဘောထား အောက်ကနေ စာသင်တိုက်ကို သယ်ဆောင်လာခဲ့ကြရပါတယ်။ စာသင်တိုက်စဖွင့်စဉ်က အလွန်ဆင်းရဲလှပါတယ်။ ယနေ့ နှစ်လေးဆယ် ခရီးမှာ မူလဆရာတော်နှစ်ပါးနှင့် စာချ ဆရာတော် အဆက်ဆက်တို့ရဲ့ စွမ်းဆောင်မှု

ကြောင့် မြရောင်လွှမ်းခဲ့ရာမှ ရွှေရောင်လွှမ်းပြီး တိုင်းကျော်ပြည်ကျော် နိုင်ငံကျော် စာသင်တိုက် ဖြစ်နေပါပြီ။

ဦးတိလောကရဲ့ စွမ်းဆောင်မှုကြောင့် နှစ်တို တိုအတွင်းမှာ ပထမကျော်၊ ငယ်၊ လတ်၊ ကြီး ဂုဏ်ထူးရှင်များ ပေါ်ထွန်းလာပါတယ်။ ဦးတိလောကဟာ ပရိယတ္တိ လုပ်ငန်းစဉ်ပေါ်မှာ အာရုံစူးစိုက်ပြီး လုပ်ဆောင်လာတဲ့ ပြယုဂ် ကောင်း တွေလို့လည်း ဆိုနိုင်ပါတယ်။

ဦးတိလောကဟာ ဘယ်အရာဝတ္ထုကိုမှ ငဲ့ကွက်မက်မောတွယ်တာမှုမရှိပါဘူး။ မိဘ နှစ်ပါးတောင်မှ ၂၅ မိနစ်ထက် ပိုပြီး လက်ခံ စကားပြောလေ့မရှိ ပါဘူး။ ပရိယတ္တိလုပ်ငန်းကို ဘာ အကြောင်းနှင့်မှ အဆက်မပြတ်ခဲ့ပါဘူး။ ကိစ္စကြီး ငယ်ပေါ်လာလို့ မြို့ထဲကြွရင်တောင် စာဝါအမီ ကားငှားပြီး ပြန်ကြွလာလေ့ရှိပါတယ်။ အလွန်လေးစားကြည်ညိုထိုက်သူပါ။

ဦးတိလောကရဲ့ ပညာရေးခရီးပန်းတိုင်ကို အနှောက်အယှက်မဖြစ်စေဖို့ မယ်တော်ကြီး ဒေါ်စောစိန်ကလည်း တာဝန်ကျေခဲ့ပါတယ်။ အထူးသဖြင့် ဦးတိလောက စာချအောင်မြင်လာတာနဲ့ အမျှ သီလရှင်ဆရာလေးများပါ ရွာမစာသင်တိုက်ကို စာဝါလာတက်ကြရပါတယ်။ သီလရှင် စာသင်တိုက်များကိုပါ သွားရောက်ပို့ချပေးရပါတယ်။ သီလရှင် ဆရာလေးများလာရောက်ပြီး ဦးတိလောကကို ကန်တော့ကြတိုင်း မယ်တော်ကြီး ဒေါ်စောစိန်က အချိန်ကြာလာရင် သီလရှင် ဆရာလေးများကိုမောင်းထုတ်ပေးလေ့ရှိပါတယ်။ ဒါဟာ မိခင်တိုင်းရဲ့ မဟာကရုဏာစေတနာ အလင်းတန်းတစ်ခုပါပဲ။

ဆရာတော်ဦးတိလောက သံဃာ့မျက်နှာ စာမှာ အောင်မြင်ထင်ရှားလာဖို့ အဓိကပံ့ပိုးပေးသူဟာ မူလတိုက်ပိုင်ဆရာတော် ဦးနန္ဒဝံသပါပဲ။ မိမိသိသလောက် ပြောရလျှင် စာသင်တိုက် တည်သည့်အချိန်မှ ဘဝနတ်ကျောင်းရွှေပြောင်းသည်အထိ စာသင်တိုက်ကြီးရဲ့ စားဝတ်နေရေး ကျန်းမာရေးကို တာဝန်ယူပေးနိုင်ခဲ့ပါတယ်။

စာသင်တိုက် လေးဘက်ထောက်ခါစ အရွယ်ကဆိုလျှင် ရွာမအနောက်၊ အလယ်၊ အရှေ့ လျှပ်စစ်ကုလားစုရပ်ကွက်မှာရှိတဲ့ ဒကာ၊ ဒကာမများရဲ့ ပစ္စည်းလေးပါးကို အမှီပြုပြီး စာသင်တိုက် အောင်မြင်ရေး ခရီးဆက်ကြရ ပါတယ်။ အဆင်မပြေ ဆင်းရဲနွမ်းပါး မပြည့်စုံခဲ့စဉ်က အားကိုး အားထားပြုခဲ့ရတဲ့ ဒကာ၊ ဒကာမတွေဖြစ်လို့ အလွန်ကျေးဇူးတင်ထိုက်သူ တွေပါ။

စာသင်တိုက်ကြီးဖွင့်ကာစက စားဝတ်နေရေး ဆင်းရဲနွမ်းနယ်လှပါတယ်။ ကျောင်းဆိုလို့ မေဓာဝံသကျောင်းဆောင်ကြီးတစ်ကျောင်းသာ အဓိကရှိပါတယ်။ ဒေါက်တာ ဦးကျော်နှင့် ဝိနယာဓိက အသင်း ဥက္ကဋ္ဌကြီး ဦးစိန်ဘတို့ရဲ့ ဆွမ်းအုပ်လောက်သာရှိတာပါ။ စာသင်သား သံဃာတော်များ ဆွမ်းခံလို့ရတဲ့ ကောင်းနိုးရာရာ ဆွမ်းဟင်းလျာလေးတွေကို တပည့်များက လာကပ်မှ ဘုဉ်းပေးတာ အဆင်ပြေလှပါတယ်။ နေ့ဆွမ်းစားပြီး အချိုတည်းစရာ ဘုဉ်းပေးစရာ ဗလာ နတ္ထိပါပဲ။

ဦးတိလောက ပြောတဲ့စကားတစ်ခွန်းကို မိမိရှက်မိပါသေးတယ်။ ဧည့်သည်ထူးလာမည် ဆိုလို့ သတင်းကြားတာနဲ့ မိမိနှင့် စာချဘုန်းကြီး များက ဧည့်ခံစရာ ဘာမှမရှိဘူး။ လက်ဖက်နှင့် အကြော်ဆံလေးလောက်တော့ ဝယ်ထားမှဖြစ် မယ်လို့ တိုင်ပင်နေကြစဉ် "ဟေ့ ဘာမှမလုပ် ကြနဲ့ အရှိကို အရှိအတိုင်းလုပ်ကြလို့"မိန့်ကြားပါ တယ်။ ဦးတိလောကရဲ့ ငယ်စဉ်က ခံယူချက် တစ်မျိုးပါပဲ။

စာချဘုန်းကြီးအများစုက ငါးပိရည်နှင့် အတို့ အမြှုပ် အလွန်ကြိုက်တတ်ကြပါတယ်။

ငါးပိရည်အဆင့်လောက်တောင် နေ့တိုင်း မဘုဉ်းပေးကြရပါဘူး။ မိမိက ဆွမ်းစားကျောင်းတာဝန်ကို ကိုင်တွယ်ရသူဖြစ်လို့ ငါးပိနှင့် အတို့အမြုပ်ရဖို့ရာ ရွာမအနောက်ရပ်ကွက်က ဦးတိလောကရဲ့ ရဟန်း ဒကာ၊ ဒကာမဖြစ်ကြတဲ့ ဦးသာလှိုင်+ ဒေါ်လှ အိမ်သွားရောက် အလှူခံပြီး ကျွေးမွေးခဲ့ရပါတယ်။

ရွှေရောင်လွမ်းတဲ့ နှစ်လေးဆယ်ခရီးလို မကြာခင်က ဆွမ်းကပ်သည့် ဒကာ၊ ဒကာမတွေ မရှိ ရှာကြပါဘူး။

ဒီနေရာမှာ အတွေ့အကြုံလေးတစ်ခုကို တင်ပြ ချင်ပါသေးတယ်။ ဒံပေါက်ဆွမ်း ကပ်လှူမည့် ဒကာ၊ဒကာမများက ဘာသာခြားတောကုလားခေါ်လာပြီး ကြက်တွေကို အရှင်လတ်လတ် ယူလာကြပါတယ်။ ကျောင်းမှာ ကြက်တွေကို လည်လှီးပြီး ဒန်ပေါက်ဆွမ်းကပ်ကြပါတယ်။ ဒီအကြောင်းကို ဦးတိလောက သိသွားပါတယ်။ တစ်ချက်လွှတ် အမိန့်ထုတ်ပြန်လိုက်ပါတယ်။

မိမိလည်း နောင်ကိုဘယ်သောအခါမှ မလုပ်ရအောင် အသည်းသံမှုံစွဲ မှတ်ယူခဲ့ပါတော့တယ်။ ထိုအချိန်ကစပြီး မိမိလည်း ဘာသာမျိုးခြား တောကုလားများရောင်းတဲ့ ဒံပေါက်ဆိုင်၊ သံ စသည်ရောင်းတဲ့ ကုန်မာဆိုင်စတာတွေကို မဝယ်ဖြစ်ပေဘာ့ပါဘူး။ မိမိတို့ မြန်မာတိုင်းရင်းသားများ ရောင်းချတဲ့ ဆိုင်ကိုသာ ဝယ်ယူအားပေးတဲ့ အလေ့တစ်ခုတိုးလာပါတော့တယ်။ ဦးတိလောကဟာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူဆိုတာ ထင်ရှားပါတယ်။

နေ့စဉ်လိုလို ဆင်းဆင်းရဲရဲနဲ့ စာသင်တိုက်အောင်မြင်ရေးအတွက် သည်းခံပြီး ကြိုးစားခဲ့သူဟာ ဦးတိလောကပါ။ အရဏ်ဆွမ်းအတွက် ဆွမ်းချက်ရာမှာ ထက်အောက် အပြန်ပြန် အလှန်လှန် လျှောရလွန်းလို့ ဆွမ်းတွေဟာ လက်သီးဆုပ်လို လုံးထွေးနေပါတော့တယ်။ ပဲပြုပ်

*“အရုဏ်ဆွမ်းအတွက်*
*ဆွမ်းချက်ရာမှာ*
*ထက်အောက် အပြန်ပြန်အလှန်လှန်*
*လျှောရလွန်းလို့ ဆွမ်းတွေဟာ*
*လက်သီးဆုပ်လို*
*လုံးထွေးနေပါတော့တယ်။*
*ပဲပြုပ်ဆိုလည်း အနံ့သာသာ၊*
*ငံပြာရည်ဆိုလည်း …”*

ဆိုလည်း အနံ့သာသာ၊ ငံပြာရည်ဆိုလည်း ဟင်းချိုမှုန့်မပါ ငန်တူးတူး။ အာဟာရ မျှတရုံသာဘုဉ်းပေးပြီး စာသင် စာချများ ဘုဉ်းပေးတော်မူကြရပါတယ်။

ဦးတိလောကကိုယ်တိုင် စံပြလုပ်ပြီး ဘုန်းပေးလေ့ရှိတော့ နောက်ပါတပည့်များကလည်း ဆရာနောက်မှလိုက်ပြီး အလေ့အကျင့်ရအောင် ကြိုးစားအားထုတ်ရတော့တာပါပဲ။

ခုနစ်သက္ကရာဇ်တော့ မမှတ်မိတော့ပါဘူး။ မိမိဦးဆောင်ပြီး နောက်လိုက်သံဃာကိုးပါး၊ ကျောင်းသားကြီး ဆယ်ယောက်နှင့် မော်တော်ငှားပြီး ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း၊ ချောင်းဝ၊ သက်ကယ်သောင်၊ ကျောက်ကလပ်၊ ဘုန်းတော်ပြည့်၊ ပျဉ်ခရိုင်၊ ရွှေတောင် စတဲ့ ကျေးရွာများကို တစ်ရွာဝင် တစ်ရွာထွက် ငန်ပြာရည်၊ ငါးပိ၊ ငါးခြောက် အလှူခံ နှစ်နှစ်တိတိ ထွက်ခဲ့ရပါတယ်။ လွယ်လွယ် ကူကူနဲ့ ရခဲ့တာတော့ မဟုတ်ပါဘူး။ ဒုက္ခမျိုးစုံ ရင်းပြီး ရခဲ့ရတာပါ။ ကျောင်းသားတွေက အညာသားတွေများ

တော့ ပင်လယ်စာကို စားလေ့စားထမရှိကြ ပါဘူး။ စားကောင်းကောင်းရှိတိုင်း စားလိုက် ကြတာ လူတိုင်းပင်လယ်အူနာ (ထက်လှန် အောက်လျှော)ဝေဒနာခံစားကြရပါတယ်။

ချောင်းဝကနေ ဟိုင်းကြီးကျွန်းအကူး မော်တော်နဲ့လှိုင်းလုံး နှိုင်းယှဉ်ကြည့်ရင် လှိုင်းလုံးက မော်တော်ထက်ကြီးနေပါတော့တယ်။ ဦးပိုင်းက ထောင်တက်သွားလိုက် ပဲ့ပိုင်းက ထောင်တက် သွားလိုက် အခုခေတ် ရေပေါ်စကိတ်စီးသလိုပါ ပဲ။မော်တော်ဆလင်မထိန်းနိုင် ဖြစ်နေပါပြီ။မျက် နှာကလည်း ဖြူဖတ်ဖြူလျော် ဖြစ်နေပါပြီ။

ကမ်းဖက်ကိုလှမ်းကြည့်ပြန်တော့ ကမ်း မမြင်ရတော့ပါဘူး။ ဘုရင့်နောင် ဖောင်ဖျက် ကိန်းဆိုက် နေပါပြီ။ မော်တော်ပေါ်ပါလာတဲ့ သူတွေ တစ်ယောက်မှ စကားမပြောနိုင်တော့ ပါဘူး။ အားလုံးရဲ့ စိတ်ထဲမှာ စာသင်တိုက်ကြီး အတွက် စာသင်စာချသံဃာတော်များအတွက် အလှူခံတာဖြစ်လို့ သေချင်သေပါစေတော့ လို့သာ စိတ်ကို ဒုံးဒုံးချလိုက်ရပါတော့တယ်။

အဲဒီအချိန်မှာ လမ်းပြအဖြစ် ငှားလာတဲ့ ဒကာကြီးက"မင်းဘေးဖယ်၊ ငါကိုယ်တိုင် ဆောင်ရွက်မယ်"ဆိုပြီး ကိုယ်တိုင် ကြည့်ကြပ် ဆောင်ရွက်ပါတော့တယ်။

သံဃာနှင့်ကျောင်းသားအရေအတွက် စစ်ဆေးကြည့်လိုက်တော့ သံဃာတစ်ပါးသာလို နေပါတော့တယ်။ လှိုင်းလုံးဒဏ်ကြောင့် ပင် လယ်ထဲကျသွားပြီလို့ စိတ်ကို ဆုံးဖြတ်လိုက်ရပါ ‌တော့တယ်။ သူ့ကိုဘယ်လိုမှ မကယ်တင်နိုင် တော့ပါဘူး။ ဒီလောက်လှိုင်းတွေကြီးတဲ့ အခြေ အနေမှာ မိမိတို့အားလုံး အသက်ရှင်ဖို့လမ်းမမြင် တော့ပါဘူး။ ဘုရားတပြီး အကြောက်တရားနဲ့ ရင်ဆိုင်ရပါတော့တယ်။ စာသင်တိုက်ကြီးမှာ ကျန်ခဲ့တဲ့ ဆရာတော် ဦးကေတု၊ ဆရာတော် ဦးနန္ဒဝံသဆရာတော် ဦးတိလောကနှင့် စာသင် စာချသံဃာတော်များရဲ့ မေတ္တာကြောင့်လှိုင်း လုံးကြီးတွေရဲ့ကြားမှ မော်တော်မမှောက် သေ ကံမရောက် လှိုင်းကြီးလေ့အောက် ဖြစ်ခဲ့ရပါ တယ်။

ပင်ထယ်ထဲကျသွားပြီလို့ ယူဆရတဲ့ သံဃာတစ်ပါးက လှိုင်းငြိမ်လို့ ကမ်းနားရောက် ခါနီး မော်တော် အမိုးပေါ်ကနေ ဆင်းလာတာ မြင်ရတော့ ဝမ်းသာပြီး မျက်ရည်များတောင် ကျခဲ့ရပါသေးတယ်။ ဝမ်းနည်းဝမ်းသာ မျက်ရည် တွေပါ။ ပျောက်နေသူ သံဃာကိုမေးကြည့် တော့ မော်တော်အမိုးပေါ်က တိုင်ကီတွေ အောက်ပြုတ်ကျ မှာစိုးရိမ်လို့ တက်ကြည့်တာ အပေါ်လည်း ရောက်ရော အောက်ပြန်ဆင်းလို့ မရတာနဲ့ မော်တော်အမိုးပေါ်မှာ ဝမ်းလျား မှောက်ပြီး ခြေတွေ လက်တွေနဲ့ ကုတ်ဆွဲထား ရတယ်လို့ ဆိုပါတယ်။

သေကံမရောက်ခဲ့တဲ့ သူကတော့ (အခု) ဇလွန်မြို့နယ်၊ သဖန်းကုန်းကျောင်းမှာ ကျောင်း ထိုင်ပြီး သာသနာပြုနေတဲ့ ဦးဉာဏိကပါပဲ။

မိမိတို့ခေတ်က သံဃာတော်များ စားရေး အတွက် အသက်နှင့် ရင်းပြီး ရှာဖွေစောင့်ရှောက် ခဲ့ရပါတယ်။ ရွှာမပရိယတ္တိစာသင်တိုက်ကြီးရဲ့ ဘေးပတ်ဝန်းကျင်မှာရှိတဲ့ ဟိုတစ်ချိန်က လူငယ် တွေ အခုဆိုလူကြီးတွေ ဖြစ်ကုန်ကြပါပြီ။ ဟို တစ်ချိန်က လူကြီးတွေက ဘဝအသစ်ကူးကုန် ကြပါပြီ။ စာသင်တိုက်သက်တမ်းတောင် နှစ် လေးဆယ်ရှိပြီပဲ။ အဲဒီလူငယ်လူရွယ်တွေက ဝါ တွင်းကာလ တနင်္ဂနွေနေ့တိုင်း အလှူခံထွက် ကြပြီး စာသင်တိုက်ရဲ့ လိုအပ်ချက်တွေကို ဖြည့် တင်းပေးခဲ့ကြသူတွေပါ။

စာသင်တိုက်ကြီးမှာ သုံးနေတဲ့ ပထမဆုံး တယ်လီဖုန်းဆိုရင် ကလေးတွေရဲ့ ဆယ်ပြား၊ ငါး ပြား အလှူခံလို့ရတဲ့ငွေနဲ့ တတ်ဆင်ပေးခဲ့တာ ပါ။ ယခင် အတုလဝံသ ကျောင်းဆောင်မှာ

စက်ရေတွင်း၊ ဘုရားကြီးထဲမှာ မှန်စီရွှေချ၊ ဆွမ်းစားကျောင်းမှာ စပီကာဘောက်တွေဟာ လူငယ်တွေရဲ့ လုပ်အားနဲ့ လှူဒါန်းခဲ့ကြတာပါ။ လူဆိုတာ သုံးတတ်ရင် လူတိုင်းလူတိုင်း အသုံးဝင်တဲ့ သဘောကို ပြောချင်ပါတယ်။ သုံးတတ်ဖို့ပဲ လိုပါတယ်။

ရွာမကျောင်းကြီးဟာ ရှေးကျောင်းကြီးမို့ သစ်ကြီး ဝါကြီးအပင်တွေ အလွန်များပါတယ်။ သံဃာတော်များအား ထင်းနဲ့သာ ချက်ကျွေးခဲ့ရပါတယ်။ အခုလို ဂက်စ်ခွေတွေ မသုံးနိုင်သေးပါဘူး။ ဆရာတော်များရဲ့ စေခိုင်းချက်အရ မိမိက ဦးဆောင်ပြီး စာသင်သံဃာနှင့် ကျောင်းသားကြီးတွေနဲ့ သစ်ပင်တွေလှဲ့ရတာပါ။ ရွာထဲက ဒကာ၊ဒကာမတွေက " ဦးဇင်း သစ်ကြီးဝါးကြီးတွေ ခုတ်လှဲ့တာ ခိုက်တတ်တယ်၊ ခိုက်နေဦးမယ်နော်"လို့ ကရုဏာစိတ်နဲ့ တားကြ၊ ပြောကြပါတယ်။

ဒီတော့ မိမိက"မပူကြနဲ့ ဒကာ၊ဒကာမတို့ ဦးဇင်းက သစ်ပင်လှဲ့တော့မယ်ဆိုရင် သစ်ပင်ခြေရင်းသွားပြီး ဆရာတော်ကလှဲ့ခိုင်းတာ၊ ကိုင်စရာရှိ ခိုက်စရာရှိက ဆရာတော်များကို ကိုင်ပါ၊ ခိုက်ပါ"လို့ ရယ်စရာ လုပ်ခဲ့ပါတယ်။

မိမိလုပ်ဆောင်ရတဲ့ အလုပ်နှင့် မိမိပိုင်ဆိုင်တဲ့ ခန္ဓာကိုယ်ဟာ မမျှတပါဘူး။ ခန္ဓာကိုယ်က အလွန်သေးသွယ်လှပါတယ်။ ကျောင်းတိုက်ကြီးပွားတိုးတက်ရေးအတွက် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် လုပ်ရဲ ကိုင်ရဲသတ္တိများ မွေးနိုင်ခဲ့ပါတယ်။

ပရိယတ္တိစာသင်တိုက် နှစ်လေးဆယ်အတွင်း အနည်းငယ် အဖုအထစ်ရှိခဲ့တာလွဲလို့ ပညာရေးကဏ္ဍမှ မလျော့ခဲ့ပါဘူး။ အောင်မြင်မှုနဲ့ ရပ်တည်နေဆဲပါ။ ခေါင်းဆောင်ကြသူ ဆရာတော်များ ပင်ပန်းအဆင်းရဲခံပြီး ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ထင်ရှားတဲ့ သာဓကတစ်ခုပြရလျှင် ဦးတိလောကကိုပဲ ပြရပါလိမ့်မယ်။ ပရိယတ္တိစာသင်တိုက် အောင်မြင်တိုးတက်ရေးအတွက် နေ့မအား ညမနားဆောင်ရွက်လာတာ ဆံပင်မွေး၊ မျက်ခုံးမွေးတောင် မကျန်တော့ပါဘူး။

အဘနှင့် အမေကြီး (ဦးတိလောကရဲ့ ခမည်းတော်နှင့်မယ်တော်) အသက်ထင်ရှားရှိစဉ်က မိမိကပြောခဲ့ဖူးပါတယ်။ အမေကြီးသားဆံပင်မရှိတော့ ဆံပင်ရိတ်စရာ ညှပ်စရာမလိုတော့တာပေါ့ဆိုတော့ အမေကြီးခမျာ သဘောတော်တော်ကျပြီး မျက်ရည်ထွက်အောင် ရယ်မောခဲ့ပါတယ်။

ဦးတိလောကရဲ့ နောက်လိုက်စာချများနှင့် တပည့် သံဃာ့ပရိသတ်ကလည်း နိုင်ရာ စာချပေး ဝေယျာဝစ္စဆောင်ရွက်ပေးပြီး ပါရမီဖြည့်ခဲ့ကြပါတယ်။ အောင်မြင်ဖို့အတွက် သူနိုင်ရာ ကိုယ်နိုင်ရာ တာဝန်ကိုယ်စီယူခဲ့ကြရပါတယ်။ အုတ်တစ်ချပ်၊ သဲတစ်ပွင့် အဖြစ်နဲ့ ကူညီကြတာပါ။ ဦးတိလောကရဲ့ အောင်မြင်မှုကြောင့် မိမိ အပါအဝင် တပည့်ပရိသတ်အားလုံး စိန်နားကပ်ရောင်နဲ့ ပါးပြောင်ခဲ့ကြပါတယ်။ ဒီနေ့အထိ အနီးနေရော အဝေးနေရော စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေကြရတာတွေပါ။

နှစ်လေးဆယ်ခရီးရောက်ခဲ့ပြီဆိုတော့ ဆရာဖြစ်သူ ဦးတိလောကနှင့်အတူ လက်တွဲပြီး အုတ်တစ်ချပ် သဲတစ်ပွင့် သာသနာပြုကြသူအားလုံး အသက်အရွယ်တွေရလာကြပါပြီ။ နေဝင်ဖို့ အချိန်လည်း နီးလာကြပါပြီ။

ဒီနေရာမှာ အားမနာတမ်းပြောလေ့ရှိတဲ့ ရွှေဘိုမင်းသုခရဲ့စကားကို သတိရမိပါရဲ့။ နှစ်လေးဆယ်ခရီးအတွက် ရွှေဘိုမင်းသုခက ဆရာဦးတိလောကကို "ဆရာကြီး အခုနှစ်ဆိုရင် ရွာမစာသင်တိုက် နှစ်လေးဆယ် တင်းတင်းပြည့်ပြီ၊ နှစ်ငါးဆယ်ရွှေရတုဆိုတော့ နောင်ဆယ်နှစ်

ဟာ ဆရာကြီးအတွက် မသေချာဘူး။ ဆရာကြီး အခု အသက်ခုနစ်ဆယ့်နှစ်နှစ်ရှိပြီလေ။ ဆရာ၊ တပည့် ဆုံခွင့် အကောင်းဆုံး အခွင့်အလမ်းဟာ နှစ်လေးဆယ်ခရီးသာဖြစ်တယ်"တဲ့။

ရွှေဘိုမင်းသုခ ပြောတာမှန်ပါတယ်။ သူက သူ့ဆရာကြီးကို သေဖို့ပြောတာမဟုတ်ပါဘူး။ သူ့ဆရာကြီးကို သူလည်း မိမိတို့လိုချစ်မှာပါ။ ဒိုးဒိုးဒေါက်ဒေါက် အိုးနင်းခွက်ဖောက် ပြောတတ်သူရဲ့ စရိုက်ပါ။ ဒါကြောင့်လည်း နှစ်လေးဆယ်ခရီးဟာ ဆန်းသစ်လာခဲ့ပုံပေါ်ပါတယ်။

မိမိလည်း ရွာမစာသင်တိုက်မှာ တစ်ဆယ့်ခုနစ်နှစ်တိတိ ဆရာဦးတိလောကနှင့် အတူလက်တွဲ သာသနာပြုခဲ့ပါတယ်။ ၁၉၈၇ခုနှစ်ရောက်မှ ရွာမစာသင်တိုက်ကနေ အကြောင်းအမျိုးမျိုးကြောင့် ထွက်ခွာခဲ့ပါတယ်။

၁၉၈၇ခုနှစ်က ဆရာဖြစ်သူ ဦးတိလောကက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှာ အဘိဓမ္မာဌာန ပါမောက္ခ တာဝန်ဖြင့် ရောက်နေပါတယ်။ နေ့မှာ စာဝါလာပြီး ပို့ချတာပါတယ်။ စာသင်သားပရိသတ်ကို ဆရာဦးတိလောက မရှိခိုက် နိုင်နိုင်နင်းနင်းမအုပ်ချုပ်နိုင်ခဲ့ပါဘူး။ မိမိတို့ ညံ့ဖျင်းချက်ပါ။ စာသင်သားများ ကျောင်းပိတ်မှုနှင့်ပတ်သက်ပြီး ဆရာနှင့်တပည့် သဘောတရားကွာဟခဲ့ပါတယ်။ အထူးသဖြင့် မိမိရဲ့ အခြားအားနည်းချက်တွေလည်းရှိပါတယ်။ မပြည့်ဝမှုဟာ မိမိရဲ့ အဓိက အားနည်းချက်ဖြစ်ပါလိမ့်မယ်။

ထိုနှစ်က ရွာမပရိယတ္တိစာသင်တိုက် သံဃာအားလုံး ကျောင်းခါခဲ့ပါတယ်။ဆရာတော် ဦးနန္ဒဝံသနှင့် ဆရာဦးတိလောတို့သာ ကျန်ခဲ့ပါတယ်။ မမေ့နိုင်တဲ့ မှတ်တိုင်တစ်ခုပါ။ ၁၉၈၇ ခုနှစ်မိမိ သစ်စက်ကျောင်းကို စတင်ထူထောင်ပြီး ဒုက္ခမျိုးစုံနှင့် တနိုင်တပိုင် သာသနာ စတင်ပြုခဲ့ပါတယ်။ ထိုစဉ်က ဆရာဖြစ်သူ ဦးတိလောက ကိုယ်တိုင်လာရောက်ပြီး အားပေးစကားပြော ရှာခဲ့ပါတယ်။ "ငါ မင်းတို့ကို ဘယ်လိုဖန်တီးပေးရမလဲကွာ"လို့ အမိန့်ရှိခဲ့ပါတယ်။

မိမိအတွက်နဲ့ ဆရာမပူပါနဲ့။ ရွာမပရိယတ္တိ စာသင်တိုက်အတွက်သာ အာရုံပြုထားပါလို့ လျှောက်ခဲ့ပါတယ်။ မိမိရဲ့ သစ်စက်ကျောင်းဟာ အလွန်ဆင်းရဲပါတယ်။ မည်ရွေ့မည်မျှ ဆင်းရဲသော်လည်း ဆရာဖြစ်သူ ဦးတိလောကကို ယနေ့တိုင် ဘာအကူအညီမှ မတောင်းခံခဲ့ပါဘူး။

နောက် ဆရာဖြစ်သူ ဆရာတော် ဦးတေဇနိယ (ညောင်ဦးမြို့နယ် ကံကြီးကုန်းရွာ)က မိမိကို ဩဝါဒပေးပါတယ်။

"မင်းမှာ ခြေလက် အင်္ဂါစုံတာပဲ။ ဘာအားငယ်စရာရှိလဲ။ ကြိုးစားပါ"လို့ ဆိုပါတယ်။ ဆရာ့ဩဝါဒကို နာခံမှတ်သားပြီး သစ်စက်ကျောင်းကို အောင်မြင်အောင်တည်ဆောက်ခဲ့ပါတယ်။

ရွာမပရိယတ္တိ စာသင်တိုက် အနီးရှိ ရွာမအရှေ့နောက်တောင်မြောက် ဝဲယာမှာရှိတဲ့ ဒကာ၊ ဒကာမများရဲ့ သဒ္ဓါပြယုဂ်တွေကြောင့် သစ် စက်ကျောင်းအဆင်ပြေခဲ့ပါတယ်။

ဟိုတစ်ချိန်က ရွာမပရိယတ္တိစာသင်တိုက်ခွဲ အမည်ခံဖို့ ဆန္ဒရှိခဲ့ပါတယ်။ သို့ပေမယ့် ဂုဏ်နှင့် ဒြပ်ကွာဟလွန်းလို့ ဆန္ဒမပြည့်ခဲ့ပါဘူး။ လက်ရှိအခြေအနေအရ ဆန္ဒပြည့်ဝလို့ ရွာမပရိယတ္တိ စာသင်တိုက်ခွဲဖြစ်လာပါပြီ။

နှစ်လေးဆယ်ခရီး အရှည်ကြီးမှာ သုခ၊ ဒုက္ခ အနုအရင့် ဝမ်းသာ ဝမ်းနည်း ဖွန်တွဲပြီး မောင်းနှင်လာခဲ့တာ အခုတော့ အားလုံးကျေနပ်နေပါတယ်။

ဆရာဖြစ်သူ ဦးတိလောကနှင့် တပည့်သံဃာ့ ပရိသတ် ကျန်းမာချမ်းသာတော်မူကြပါစေကြောင်း မေတ္တာပို့လိုက်ပါတယ်။

♦ အရှင်အဂ္ဂိရ

# အန္တရာယ်ဟူသည်

(ကထိကရဟန်း သူငွေးတန်းဆရာတော်)



အန္တရာယ်ဟူသော စကားကို 'ဘေး'ဟူသော စကားနှင့်တွဲ၍ 'ဘေးအန္တရာယ်'ဟု ပြောဆိုသုံး စွဲကြ၏။ယင်းဘေးအန္တရာယ်ဆိုသော စကား၌ 'ဘေး'ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကို ဘေးဟုဆိုသနည်း။ သူ့အဓိပ္ပာယ်က အဘယ်နည်း။ အန္တရာယ်ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကို အန္တရာယ်ဟု ဆိုသနည်း။

## ဘေး

ထိုစကား ၂လုံးတွင် 'ဘေး'ဆိုသည်မှာ ဘယ-ဟူသော ပါဠိဝေါဟာရမှ ပြောင်းလာသော ပါဠိသက်ဝေါဟာရဖြစ်၏။ ပြောင်းလာပုံမှာ ဘယ-မှ'ယ်'သည် 'ဧ'ဖြစ်၍ 'ဘေ'ဟုဖြစ်လာ၏။ ယင်း 'ဘေ'ကို ဝိစ္စနှစ်လုံးဖြည့်၍ 'ဘေး'ဟု အသံလေးလေးဖြင့် ပြောဆိုကြ၏။ ထို့ပြင် ထိုဘေးဟူသော ဝေါဟာရကို ဘယဟူသော ပါဠိမှ ပြောင်းလာသည့် ပါဠိသက်ဝေါဟာရ တစ်မျိုးဖြစ်သော 'ဘျမ်း'နှင့်တွဲ၍'ဘေး၊ဘျမ်း'ဟုလည်းသုံးကြ၏။ ယင်းဘေးကား သို့မဟုတ် ဘေးဘျမ်းကား အဘယ်နည်း။ သူ့အဓိပ္ပာယ်မှာ 'ကြောက်စရာ'ဟု ဖြစ်သည်။ ယင်းကြောက်စရာ ဘေးတို့ကား မီး၊ လေ၊ ရေစသည်တို့ဖြစ်၏။ မှန်၏ မီးသည် လောင်တတ်၏။ ထို့ကြောင့် ကြောက်စရာဘေး ဖြစ်၏။ လေသည် တိုက်လွင့်ဖျက်ဆီးတတ်၏။ ထို့ကြောင့် ကြောက်စရာဘေးဖြစ်၏။ရေလည်း နစ်မြုပ်ဖျက်ဆီးတတ်၏။ ထို့ကြောင့် ကြောက်စရာ ဘေးဖြစ်၏။ဤသို့ စသည်ဖြင့် မြောက်များစွာသော ဘေးတို့၏ အဓိပ္ပာယ်ကို မှတ်သားပါ။

ထို မီး၊လေ၊ ရေစသော မြောက်များစွာသော ဘေးတို့သည် လူတို့ကို မလောင်ကျွမ်း ၊မတိုက်လွင့်၊ မလွှမ်းမိုး မနစ်မြုပ်သမျှ ဘေးသာဖြစ်၏။ အန္တရာယ်မဟုတ်ပေ။

**အန္တရာယ်**

အန္တရာယ်ဟူသည် အဘယ်နည်း။

အန္တရာယ်ကင်းရလိုပါ၏ဟု ဆုတောင်းကြ၏။သို့သော် အန္တရာယ်ဆိုသည်မှာ ဘယ်ဟာဟု မသိကြ။ မကြာလှမီက ပရိတ်ရွတ်ပင့်သဖြင့် လိုက်သွား၏။ဘာကြောင့် ပရိတ်ရွတ်ချင်တာလဲ မေးတော့ အန္တရာယ်ကင်းချင်လို့ပါဟု လျှောက်ကြ၏။ အန္တရာယ်ဆိုတာဘာလဲဟု မေးတော့ မသိကြ။ ထိုသို့ လူတွေက ဘာမှန်းမသိဘဲ ကြောက်နေကြရတဲ့ အန္တရာယ်။ ထိုအန္တရာယ်ဟူသော စကားမှာလည်း 'အန္တရာယ'ဟူသော ပါဠိဝေါဟာရမှ ပြောင်းလာသော ပါဠိသက်ဝေါဟာရပင်ဖြစ်သည်။

ပါဠိဝေါဟာရ 'အန္တရာယ'ကိုမြန်မာတို့က'အန္တရာယ်'ဟုခေါ်ကြခြင်းဖြစ်၏။ အန္တရာယ်၏အဓိပ္ပာယ်ကို သိလိုလျှင် ပင်ရင်းပါဠိဝေါဟာရ အန္တရာယ ပုဒ်ကို ပုဒ်ခွဲကြည့်ရမည်။ ထိုအန္တရာယဟူသော ပါဠိဝေါဟာရမှာ အန္တရ-ပုဒ်နှင့် အယပုဒ် နှစ်ပုဒ်တွဲထားသော ပုဒ်ဖြစ်သည်။ ထိုနှစ်ပုဒ်တွင် အန္တရဆိုသည်မှာ 'အကြားကာလ'ဟု ဆိုလို၏။အယမှာ ရောက်လာသော အကျိုးဟု အဓိပ္ပာယ်ရ၏။ ထိုအဓိပ္ပာယ်ကို အဘိဓာန်ဋီကာက 'စုတိပဋိသန္ဓိန မန္တရေ အယတီတိ အန္တရာယော'ဟုဖွင့်သည်။ ထိုအဖွင့်၌ 'စုတိပဋိသန္ဓိန မန္တရေ'ဟူသော စကားသည် 'အန္တရ=အကြားကာလ'ဟူသောပုဒ်ကို ဖွင့်ခြင်းဖြစ်၏။ ထိုအန္တရ=အကြားကာလဆိုသည်မှာ စုတိနှင့်ပဋိသန္ဓေတို့၏အကြားကာလဟုဖွင့်ခြင်းဖြစ်သည်။ ရှင်းအောင်ပြောရလျှင် မသေခင် အကြားကာလဟု ဆိုလိုသည်။ 'အယတိ'ဟု ဖွင့်ခြင်းမှာ အယပုဒ်ကို ဖွင့်ခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ 'ရောက်လာသည်'ဟု ဖြစ်၏။ နှစ်ပုဒ်ပေါင်းလိုက်လျှင် 'အန္တရာယ=မသေခင် ရောက်လာသောအကျိုး'ဟု အဓိပ္ပာယ်ရ၏။ ယင်းမသေခင်ရောက်လာသော အကျိုးကိုပင် အန္တရာယ်ဟု ဆိုရခြင်းဖြစ်သည်။

**အကျိုး**

ထိုမသေမီ ရောက်လာတတ်သော အန္တရာယ်ခေါ်သော အကျိုး၏ အဓိပ္ပာယ်ကို အဘိဓမ္မာ အနုဋီကာပထမအုပ် စာမျက်နှာ ၃၃ "ရောဂါဒိ အနတ္ထာန်=ရောဂါအစရှိသော မကောင်းကျိုးများ"ဟုဖွင့်သည်။ သာရတ္ထဒီပနီမည်သော ဝိနည်းဋီကာကြီးက "ဒိဋ္ဌဓမ္မိကာဒိ အနတ္ထော"ဟု ဖွင့်သည်။ အဓိပ္ပာယ်မှာ "လက်ငင်းဒိဋ္ဌခံစားရခြင်းစသော အကောင်းကျိုး"ဟုဖြစ်သည်။ ဤအဘိဓမ္မာဋီကာကြီးနှင့် ဝိနည်းဋီကာကြီးတို့၏ အဆိုကို ရှင်းအောင်ပြောရလျှင် အန္တရာယ်ဆိုသည်မှာမသေခင်ရောက်လာတတ်တဲ့မကောင်းကျိုးများပင်ဖြစ်သည်။

ထိုအန္တရာယ်ခေါ်သော မကောင်းကျိုးတို့မှာ အကုသိုလ်ကံကြောင့်သာ ဖြစ်လာရသည်။ ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရသည့် အန္တရာယ်ဟူ၍ မရှိပေ။ ထို့ကြောင့် အောက်ပါ ဆောင်ပုဒ်ကို ကျက်ထားပါ။

အန္တရာယ်ဆိုသည်မှာ မှတ်သားပါ၊ သူဟာ
အကုသိုလ်ရဲ့ အကျိုး ။ ။

**ဘေးနှင့်အန္တရာယ်**

ဘေးနှင့် အန္တရာယ်နှစ်မျိုးတွင် ဘေးသည် ဆိုခဲ့ပြီးသည့်အတိုင်း ကြောက်စရာဟု အဓိပ္ပာယ်ရကြောင်း သိကြရပြီ၊ ထိုကြောက်စရာဘေးတို့မှာလည်း မီးဘေး၊ လေဘေး၊ ရေဘေး၊ သူခိုးဘေး၊ ဓားပြဘေး၊ ရောဂါဘေး၊ ရာထူးကျသည့်ဘေး စသည်ဖြင့် များလှ၏။ သို့သော် ထိုဘေး

တို့သည် အကုသိုလ်ကံ၏ အကူအညီကို မရမချင်း အန္တရာယ်မဖြစ်နိုင်၊ အန္တရာယ်အဆင့်သို့ မရောက်နိုင်။

ရှင်းအုံ့၊ မီးဟူသော ကြောက်စရာဘေးသည် မိမိ၏ အကုသိုလ်ကံ နှိုးဆော်ဖိတ်ခေါ်ခြင်းမပြုသမျှ ဘေးသာဖြစ်၏။ အန္တရာယ်မဟုတ်ပေ၊ အန္တာရာယ်အဆင့်သို့မရောက်ပေ။ အကယ်၍ ထိုမီးဘေးကို မိမိ၏ အကုသိုလ်ကံက နှိုးဆော် ဖိတ်ခေါ်ပြီဆိုပါက မီး၏အလောင်အမြိုက်အဖျက်အဆီးကိုခံရတော့၏။ ထိုအခါမီးသည် အန္တရာယ်ဖြစ်လာတော့၏။ လေကိုမိမိ၏ အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ပြီဆိုပါက ထိုလေ၏တိုက်လှဲ့ဖျက်ဆီးခြင်းကို ခံရ၏။ ထိုအခါ လေသည် ဘေးမျှသာမဟုတ်တော့ဘဲ အန္တရာယ်ဖြစ်လာ၏။ ဘေးတစ်မျိုးဖြစ်သော ရေလည်း မိမိ၏ အကုသိုလ်ကံက နှိုးဆော်ဖိတ် ခေါ်ခြင်းမပြုသမျှ ဘေးအဆင့်က မတက်၊ မိမိ၏အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ပြီဆိုပါက ထိုရေက နစ်မြှုပ်ဖျက်ဆီးလေတော့၏။ ထိုအခါရေသည် ဘေးအဆင့်ကိုလွန်၍ အန္တရာယ်ဖြစ်လာ၏။

သူခိုးဘေး၊ ဓားပြဘေး၊ ရောဂါဘေး၊ ရာထူးကျဘေးစသည်တို့လည်း မိမိ၏ အကုသိုလ်ကံနှင့် ဆက်ဆံနေကြောင်း သိလေ။

မည်သူနှင့်ဆိုင်သနည်း

ထိုအန္တရာယ်တို့သည် မည်သူတို့နှင့် ဆိုင်သနည်း။ ရှင်းပါသည် အကုသိုလ်ကံကြောင့်ဖြစ်ရသော အကျိုးတရားဖြစ်၍ အတိတ်ဘဝတို့က အကုသိုလ်ကံပြုခဲ့သဖြင့် အကုသိုလ်ကံပါလာသူများ၊ ယခုလက်ငင်း အကုသိုလ်အမှု ပြုနေသူများနှင့်သာ သက်ဆိုင်သည်။ ကုသိုလ်ကံရှိသူ ကုသိုလ်အမှုပြုနေသူတို့နှင့် မဆိုင်ပါ။ ထို့ကြောင့် ထိုအန္တရာယ်သည် အကုသိုလ်ရှိသူ၊ အကုသိုလ်ပြုသူတို့ ခံရသည့် အမျိုးဖြစ်သည်။

## အန္တရာယ်ကင်းအောင်

အန္တရာယ်ကင်းအောင် ဘာလုပ်ကြရမည်နည်း။

မူလဋီကာဆရာကြီးနှင့် မဓုဋီကာဆရာတို့က "အန္တရာယ်ကို ပြုတတ်သော မကောင်းမှု အကုသိုလ်ကို ဖျက်ဆီးနိုင်သည့် ကုသိုလ်အထူးကိုပြုရမည်"ဟုဆိုကြ၏။

ထိုအန္တရာယ်ကို ပြုတတ်သည့် အကုသိုလ်ကို ဖယ်ရှားပစ်နိုင်သည့် ကုသိုလ်ဆိုသည်မှာ အဘယ်ကုသိုလ်မျိုးနည်း။ သိနိုင်ရန် အောက်ပါအကြောင်းအရာ သုံးရပ်တို့ကို လေ့လာကြည့်ကုန်အံ့။

## ဝိဋ္ဋူဘအန္တရာယ်

ဝိဋ္ဋူဘမင်းသားသည် မင်းအဖြစ်သို့ ရောက်သည်နှင့် ဗုဒ္ဓဆွေတော်မျိုးတော်တို့ဖြစ်သော သကျတို့ကို သတ်ရန် စစ်တပ်ပြင်တော့သည်။ တစ်နေ့သောအခါ စစ်တပ်ကြီးဖြင့် သကျတို့ကို သတ်ရန် ကပိလဝတ်နိုင်ငံဖက်သို့ ထွက်လာခဲ့၏။နယ်ခြားသို့ ရောက်လျှင် အရိပ်ကျဲသော သစ်ပင်အောက်တွင် သီတင်းသုံးနေသော ဗုဒ္ဓကိုမြင်သဖြင့် ဆင်ပေါ်မှ ဆင်းပြီး "ဤသစ်ပင်၏ အရိပ်က ကျဲလှပါကြောင်း၊ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးအောက်တွင် သီတင်းသုံးတော်မူပါ"ဟုလျှောက်၏။ ဗုဒ္ဓက "ရှိပါစေ မဟာရာဇ ဆွေတော်မျိုးတော်တို့ရဲ့ အရိပ်က အေးပါတယ်" ဟုမိန့်တော်မူရာ ဆွေတော် မျိုးတော်တို့ကို စောင့်ရှောက်ရန် ကြွတော်မူလာကြောင်း ရိပ်မိသဖြင့် ဗုဒ္ဓကို ရှိခိုးပြီး သာဝတ္ထိသို့ ပြန်လေသည်။

ဤသို့သောနည်းဖြင့် သုံးကြိမ်တိုင် ပြန်လှည့်အပြီး လေးကြိမ်မြောက်ထွက်သောအခါ သကျတို့၏ အတိတ်က ပြုခဲ့သော အကုသိုလ်ကံကို မတားနိုင်မှန်းသိ၍ ဗုဒ္ဓမကြွတော့ပေ။

သကျတို့၏ အတိတ်ကပြုခဲ့သော အကုသိုလ်ကံမှာ ငါးတို့ကို အဆိပ်ခတ်၍ သတ်ခဲ့သော ကံတည်း။ ဝိဋ္ဋူဘသည် အဘိုးဖြစ်သူ မဟာနာမ်သကျမင်းကြီး၏ အနီး၌ နေသူတို့နှင့် တိဏသာကိယ၊ နဠာသာကိယဆိုသူတို့သာ ချန်၍ ကျန်နို့စို့ကလေးတို့ကိုပါ မချန်သတ်လေသည်။ ထိုအခါ အချို့သကျတို့သည်မြန်မာပြည်တကောင်းအရပ်သို့ ထွက်ပြေးရောက်ရှိနေထိုင်ကြ၏။

## ဝသဘမင်း

သီဟိုဠ်ကျွန်း၌ ဝသဘမင်း မင်းအဖြစ်သို့ ရောက်သောအခါ ပညာရှိတို့ကို ဆိတ်ကွယ်ရာ



သို့ ခေါ်၍ ကျွန်ုပ် အဘယ်မျှလောက် မင်းပြုရမည်နည်းဟုမေး၍ ၁၂နှစ်ကြာ မင်းပြုရမည်ဟု အဟောထွက်သောအခါ ရဟန်းတို့ထံ ချဉ်းကပ်၍ မင်းသက်ရှည်ခြင်းအကြောင်း ကောင်းမှုတို့ကို မေးလျှောက်၏။ ရဟန်းတို့ ဆိုတိုင်းသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ရာ မင်းအဖြစ်ဖြင့် ၄၄နှစ်ကြာ ခံစားရ၏။

ရဟန်းတို့က ဝသဘမင်းအား ညွှန်ပြသော ကောင်းမှုတို့မှာ-

(၁)ရေစစ်အလှူ

(၂)ကျောင်းကန်နေရာအလှူ

(၃)လူနာရဟန်းတို့အားပြုစုမှု

(၄)ကျောင်းဟောင်းစသည်ပြုပြင်မှု

(၅)ငါးပါးသီလမြဲမှု

(၆)ဥပုသ်စောင့်သုံးမှုတို့ဖြစ်သည်။

## အာယုဝမုနသတို့သား

အာယုဝမုနသတို့သားလောင်းလျာ သူငယ်သည် ၇ရက်ရှိလျှင် ဘီလူးစားခံရကာ သေရမည့် အန္တရာယ်နှင့်ကြုံနေသည်။ ဗုဒ္ဓ၏ ညွှန်ကြားချက်အရ သူ၏ ဖခင်ပုဏ္ဏားက အိမ်ရှေ့၌ မဏ္ဍပ်ထိုးပြီး အလယ်မှာ အင်းပျဉ်ငယ်ကို ခင်းကာ သားငယ်ကို သိပ်ထား၏။ ထိုအင်းပျဉ်ကို ဝိုင်းရံကာ ထိုင်စရာခုံများ ခင်းထားရာ ဗုဒ္ဓထံမှ ရဟန်းများကြွလာကာ ၆ရက်တိုင်တိုင် အသံမစဲ ပရိတ်ရွတ်တော်မူကြ၏။ ၇ရက်မြောက်နေ့သို့ရောက်သောအခါ ဗုဒ္ဓကိုယ်တော်တိုင် ကြွကာ ရဟန်းများနှင့်အတူ ပရိတ်ရွတ်တော်မူသည်။ ထိုအခါ ပရိတ်ရွတ်ပွဲသို့ တန်ခိုးကြီး နတ်များလာရောက်[illegible] ကြသဖြင့် စားမည့်ဘီလူး ကလေးအနားသို့ ကပ်ခွင့်မရဖြစ်ကာ သတို့သားငယ် အသက်အန္တရာယ် ကင်းရ၏။

ဇရက်မြောက်နေ့သို့ ရောက်သောအခါ ဖခင်ပုဏ္ဏားက ကလေးကိုချီ၍ ဗုဒ္ဓကို ရှိခိုးစေရာ ဗုဒ္ဓက“ ဒီဃာယုကော ဟောတိ=အသက်ရှည်စေ” ဟုဆုပေးတော်မူသည်။ ဗုဒ္ဓက “အသက်၁၂၀ ရှည်မည်မိန့်သဖြင့် အာယုဝမ္မနသတို့သား”ဟု နာမည်ပေးကြ၏။

အသက်၁၂၀ရှည်ကာ အဘိဝါဒနသီလီသ အစချီသော တရားတော်ကို နာယူရကာ သောတာပန်တည်လေသည်။

ဤဝတ္ထု၌ အသက်ရှည်ကြောင်း ကောင်းမှုအဖြစ် ဗုဒ္ဓညွှန်ပြတော်မူသည်မှာ- အဘိဝါဒနသီလီ= အသက်သိက္ခာဂုဏ်ဝါကြီးသူတို့ကို ရှိခိုးလေ့ရှိခြင်း၊ နိစ္စဝုဍ္ဍာပစာယီ=အသက်သိက္ခာဂုဏ်ဝါကြီးသူတို့ကို အမြဲအရိုအသေပြု ပူဇော်လေ့ရှိခြင်းတို့ဖြစ်၏။

## သုံးသပ်ချက်

ဤဖြစ်စဉ်(၃)ရပ်ကို သုံးသပ်သောအခါ ဝိဋ္ဋမျူဘ အန္တရာယ်မှာ တားဆီးဖြေဖျောက်၍ မရနိုင်သော အန္တရာယ်ဖြစ်ကြောင်း တွေ့ရ၏။

ဝသဘမင်းဝတ္ထုနှင့် အာယုဝမ္မနသတို့သားဝတ္ထုတို့သည် အန္တရာယ်ကို တားမြစ်ဖယ်ရှား၍ ရနိုင်ကြောင်းတွေ့ရ၏။ ဋီကာဆရာကြီးများပြောသော အန္တရာယ်ကို ပြုတတ်သော မကောင်းမှုအကုသိုလ်ကို ဖျက်ဆီးနိုင်သည့် ကုသိုလ်အထူးဆိုသည်မှာ ဝသဘမင်းပြုသော ကောင်းမှု ၆-ရပ်၊ အာယုဝမ္မန သတို့သား၏ ကောင်းမှု ၂-ရပ်တို့ကိုသာမက နေ့စဉ်နေ့စဉ် စိတ်ပါလက်ပါ ဘုရားရှိခိုးခြင်း၊ ရေတော်ကပ်လှူခြင်း၊ ပန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကပ်လှူခြင်း၊ ဆီမီးညှိထွန်းပူဇော်ခြင်း၊ သရဏဂုံ ၃ပါးနှင့် ငါးပါးသီလကို ဆောက်တည်၍ လုံခြုံအောင် ထိန်းသိမ်းခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ပိဏ္ဍပတ်ဆွမ်းလောင်းလှူခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ အားလပ်ချိန်တို့၌ မိမိ၏ သီလတို့ကို စစ်ဆေး၍ သီလာနုဿတိဘာဝနာ ပွားခြင်းစသည်တို့ဖြစ်၏။ ထိုကုသိုလ်တို့ကို အမြဲမပြတ် စွမ်းအားရှိသမျှ ပြုလုပ်ကြမည်ဆိုပါကဝိဋ္ဋမျူဘဝတ္ထုသကျတို့ခံရသော အတိတ်က အားကြီးသော အကုသိုလ်ကံကြောင့်ဖြစ်သော အန္တရာယ်မျိုးမှတစ်ပါး အခြားသော အန္တရာယ်များ ကင်းနိုင်ရုံမျှသာမက အပါယ်ဘေးကြီးများမှပါ ကင်းဝေးပြီး တစ်နေ့သောအခါ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပေလိမ့်မည်။

ယခုအခါ ဥပုသ်သီတင်း ဆောက်တည်မှု မရှိသလောက်ဖြစ်နေပြီး ဒုစရိုက်အားပေးသည့် လုပ်ငန်း၊ စီးပွားရေးဆိုတာချည့် အားစိုက်ကာ လုပ်မိလုပ်ရာ လုပ်နေကြသည်တို့ကို တွေ့မြင်နေရသဖြင့် ဤဆောင်းပါးကို ရေးခြင်းဖြစ်သည်။

အန္တရာယ်ဆိုသည်မှာ မှတ်သားပါ၊ သူဟာ အကုသိုလ်ရဲ့ အကျိုး။

အကုသိုလ်ရှိသူ ၊အကုသိုလ်ပြုသူ၊ ခံရသည့်အမျိုး။

အန္တရာယ် ကင်းလို၊ များလူပိုလ်၊ ကုသိုလ်ကို အားကိုး။

♦ ကထိကရဟန်း၊ သူငွေးတန်းဆရာတော်



# အဘိဓမ္မာတတ်ချူ

ပထမကျော် ဦးခံသင်းရှိုင်

စာရေးသူသည် လက်ရှိပစ္စက္ခကာလတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ၌ ဒုတိယညွှန်ကြားရေးမှူးတာဝန်ဖြင့် ရုံးလုပ်ငန်းများကို ဆောင်ရွက်ရင်း တစ်ဘက်မှလည်း တွဲဖက်ပါမောက္ခတာဝန်ဖြင့် စာပေသင်ကြားပို့ချမှု အပိုင်းတွင် ပါဝင်ဆောင်ရွက်ရ၏။ ဓမ္မာစရိယတန်း (ဒုတိယနှစ်) (စတုတ္ထနှစ်)၊ မဟာဓမ္မာစရိယတန်း (ဒုတိယနှစ်) သင်တန်းသားများအား အဘိဓမ္မာကို ခေတ်အမြင် ခေတ်အတွေးဖြင့် ရှုမြင်တတ်ရန် လေ့ကျင့်သင်ကြားပေးရ၏။ အဘိဓမ္မာကို စာသိမှ တစ်ဆင့်တက်၍ ဘဝသိအဆင့်ရောက်အောင် (ဝါ) လက်တွေ့နယ်ပယ်ထဲရောက်အောင် ခေါ်ဆောင်သွားရခြင်းဖြစ်၏။ တစ်နည်းအားဖြင့် သုတမယဉာဏ်မှ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် သက်ဝင်သည်အထိ အသိကို မြင့်သထက်မြင့်အောင် ရှေ့ဆောင်လမ်းညွှန်ပေးရပါ၏။

### အဘိဓမ္မာမတတ်က ဗုဒ္ဓဘာသာဖြစ်ရကျိုးမနပ်

ဓမ္မာစရိယတန်း (ဒုတိယနှစ်) သင်တန်းသားများ တက်ရောက်သည့် တစ်နေ့သောသင်တန်းချိန်တွင် စာရေးသူက အဘိဓမ္မာမတတ်က ဗုဒ္ဓဘာသာဖြစ်ရကျိုးမနပ်ဟူသော အဆိုဖြင့် သင်တန်းကို စလိုက်ရာ သင်တန်းသားများ တအံ့တသြဖြင့် စိတ်ဝင်တစား ဖြစ်သွားကြသည်ကို မှတ်မှတ်ထင်ထင် တွေ့မြင်လိုက်ရ၏။ သိလိုစိတ် ပြင်းပြနေပုံပေါ်သော သင်တန်းသားများကို တွေ့ရသလို မကြေနပ်သည့် အရိပ်အရောင် ပေါ်နေသော သင်တန်းသားများကိုလည်း တွေ့ရ၏။ စာရေးသူက မိမိ၏

အဆိုကို ပုံပေါ်အောင် ဆက်လက်ပုံဖော်ပေးပါ၏။ အဘိဓမ္မာဟူရာ၌ ဗုဒ္ဓအဘိဓမ္မာဟုဆိုလျှင် ပို၍ပြည့်စုံပါမည်။ အဘိဓမ္မာသည် ဗုဒ္ဓဘာသာ၌သာ လာရှိပြီး အခြားဘာသာများ၌ မလာမရှိပါ။ အခြားဘာသာများ၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဖဿ၊ ဝေဒနာ၊ သညာစသော အမည်နာမမျှပင် မထင်ရှားပါ။

အခြားဘာသာများ၌ အဘိဓမ္မာမရှိ၍ အခြားဘာသာဝင်များ အဘိဓမ္မာမတတ်ကြသည်မှာ ထင်ရှားပါ၏။ ဗုဒ္ဓဘာသာဝင်များသည်လည်း အဘိဓမ္မာမတတ်က အခြားဘာသာဝင်များနှင့် ထူးခြားမည်မဟုတ်ပါ။ ထို့ပြင် ဗုဒ္ဓဘာသာ၌ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်ဟူ၍ လာရှိရာ ခန္ဓာအာယတန ဓာတ်တို့၏ သရုပ်သဘောကို သိသူသည် ကလျာဏပုထုဇဉ်ဖြစ်ပြီး မသိသူသည် အန္ဓပုထုဇဉ်ဖြစ်သည်ဟုဆို၏။ ခန္ဓာအာယတနဓာတ်တို့၏ သရုပ်သဘောကို သိရန်မှာ အဘိဓမ္မာတတ်ဖို့လို၏။ အဘိဓမ္မာမတတ်ပါက ကလျာဏပုထုဇဉ် မဖြစ်နိုင်ဘဲ အန္ဓပုထုဇဉ်သာ ဖြစ်ရ၏။ ထို့ကြောင့် အဘိဓမ္မာမတတ်က ဗုဒ္ဓဘာသာဖြစ်ရကျိုးမနပ်ဟုဆိုခြင်းအပေါ် နားလည်လက်ခံသင့်ပါ၏။

ဗုဒ္ဓအဘိဓမ္မာ၌ သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုအားလုံး၏ အခြေခံအချက် ပရမတ္ထကို ဖော်ပြထား၏။ ယင်းပရမတ္ထတို့၏ အရှိအရှိအတိုင်းဖြစ်သော သဘာဝဓမ္မသဘောကိုလည်း ဖော်ပြထား၏။ ယင်းသဘာဝဓမ္မတို့၏ အကောင်းအဆိုး၊ အကြောင်းအကျိုးဖြစ်စဉ်ကိုလည်း ဖော်ပြထား၏။ ဝါဒရေးရာအရှုပ်များကို ဖြေရှင်းရန်နည်းလမ်းများကိုလည်း ဖော်ပြထား၏။ ဗုဒ္ဓဘာသာ၏ ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်၍ ယင်းနိဗ္ဗာန်သို့ တက်လှမ်းနိုင်ရန် လမ်းစဉ်သည် မဂ္ဂင် (၈) ပါးဖြစ်၏။ ယင်းမဂ္ဂင် (၈) ပါးသည် ဗုဒ္ဓအဘိဓမ္မာမှ လာ၏။ ဗုဒ္ဓအဘိဓမ္မာကို လေ့လာမှ ယင်းမဂ္ဂင် (၈) ပါးအကြောင်းကို ကောင်းစွာသိနိုင်၏။ အခြားဘာသာများ၌ ပန်းတိုင်ရှိသော်လည်း လမ်းစဉ်ကိုကား မယ်မယ်ရရ မတွေ့ရ။ အဘိဓမ္မာမရှိခြင်းသည်ပင်လျှင် လမ်းစဉ်မရှိခြင်း၏ အခြေခံအကြောင်းရင်း ဖြစ်တော့၏။

အခြားဘာသာများ၌ အဘိဓမ္မာမရှိသော်လည်း ဗုဒ္ဓဘာသာမှ စကားလုံးများကို ယူငင်သုံးစွဲထားသည်ကို တွေ့ရ၏။ မြန်မာစကားအဖြစ် တွင်ကျယ်နေသော မေတ္တာ၊ ကရုဏာ၊ စေတနာစသော စကားလုံးများကို သုံးစွဲခြင်းအတွက် အထူးပြောရန် မရှိသော်လည်း ရုပ်ခန္ဓာ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းစသော စကားလုံးများကို သုံးစွဲနေသည်မှာ အထူးသတိပြုစရာ ဖြစ်၏။ အခြားဘာသာများ၏ အချို့သော စာစောင်များ၌ ဓမ္မ၊ ပညာ၊ ဒေသနာ ဟူသော စကားလုံးများကိုပင် ယူငင်သုံးစွဲထားသည်ကို တွေ့ရ၏။ လစဉ်ထုတ် ဓမ္မပညာစာစောင်တစ်ခု၌ "ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်၍ အလုံးစုံကို သိတော်မူပါသည်" ဟု ထာဝရဘုရားအား အမွမ်းတင်ရေးသားထားသည်မှာ အလွန်အံ့ဩဖွယ်ရာ ဖြစ်၏။ ဘာသာရေးတွင် ရောထွေးစရာအချက်ဖြစ်၏။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းသည် သတ္တဝါအားလုံးတို့ အကျိုးစီးပွားအတွက်ဖြစ်၍ ဗုဒ္ဓ၏တရားတော်များပြန့်ပွားလေ သတ္တဝါများအတွက် အကျိုးစီးပွားဖြစ်ထွန်းလေဖြစ်၏။ သို့သော် "ဤတရားကား

ဗုဒ္ဓ၏တရားတော်" ဟူ၍လည်းကောင်း၊ "ဤတရားကား ထေဝရဘုရား၏ တရားတော်" ဟူ၍လည်းကောင်း၊ "ဤတရားကား အလ္လာ အရှင်မြတ်၏ တရားတော်" ဟူ၍လည်းကောင်း ကွဲကွဲပြားပြား ခွဲခြားသိရပါလျှင် ကိုးကွယ် သူတို့ အတွက် ပို၍အကျိုးများဖွယ်ရာ ရှိပါ၏။ မိမိ ကြိုက်နှစ်သက်ရာ တရားတော်အရှင် ဘုရားကို ရွေးချယ်ကိုးကွယ်နိုင်သဖြင့် ကိုးကွယ်လိုမှုနှင့် လက်တွေ့ကိုးကွယ်နေမှု ကိုက်ညီခြင်း ရှိ/မရှိကို လည်း စိစစ်နိုင်၍ ကြိုက်နှစ်သက်ရာလမ်း လျှောက်လှမ်းနိုင်ပါ၏။

**အဘိဓမ္မာတတ်၊ မတတ်**

အဘိဓမ္မာမတတ်က ဗုဒ္ဓဘာသာဖြစ်ရ ကျိုးမနပ်ဟုဆိုသဖြင့် အဘိဓမ္မာတတ်၊ မတတ်ကို အဘယ်သို့ မှတ်ကျောက်တင်မည်နည်း ဟူသော အမေးသည် ပေါ်ထွက်၍လာ၏။ ယနေ့ခေတ်တွင် အဘိဓမ္မာကို (၁)လနှင့်အတတ် သင်ပေးမည်၊ (၁)ပတ်နှင့် အတတ်သင် ပေးမည် ဟူ၍ ကြွေးကြော်သူများပင်ရှိနေပါ၏။ (၁)လသင် ခြင်း၊ (၁)ပတ်သင်ခြင်းဖြင့် မည်၍မည်မျှတတ် ခြင်းကို ဆိုလိုပါသနည်း။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ပရမတ္ထတရား (၄) ပါးအကြောင်းသိခြင်း ကို ဆိုလိုပါသလော။ သင်္ဂြိုဟ် (၉)ပိုင်း သရုပ် သဘောသိခြင်းကို ဆိုပါသလော။ လောပေါင်း များစွာ ထပ်၍မေးစရာတွေ ရှိလာပါ၏။ သင်္ဂြိုဟ်(၉)ပိုင်းကို သင်ယူပြီး အဘိဓမ္မာစာပေးပွဲ ၃ - ဆင့်လုံး အောင်မြင်ထားသူသည် မည်မျှ တတ်ပါသနည်း။ ဋီကာကျော်(၉)ပိုင်းကို သင်ယူပြီး အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲ ၃ - ဆင့်လုံး အောင်မြင်ထားသူသည် မည်မျှတတ်ပါသနည်း။ ဤသို့ဤသို့ဖြင့် မေးဖွယ်ရာတွေ မဆုံးနိုင်အောင် များပြောင်စွာ ရှိနိုင်ပါ၏။ ကာယကံရှင်များ ကိုယ်တိုင်သာ ဖြေဆိုနိုင်ကြ ပေလိမ့်မည်။ သင် ပေးသူ၊ သင်ယူသူ ဆရာတပည့်များ ကိုယ်တိုင် သာ အသိဆုံးဖြစ်ပေလိမ့်မည်။

ဤသို့သော အတိုင်းအတာဖြင့် သင်ယူ ခဲ့သော ပုဂ္ဂိုလ်များပင်လျှင် သူ့အတိုင်းအတာနှင့် သူသာ တတ်မြောက်သူများဖြစ်ကြပါ၏။ အဘိ ဓမ္မာကို တကယ်တတ်မြောက် ကျွမ်းကျင်သူများ ဟုဆိုရန် ခဲယဉ်းပါ၏။ ဗုဒ္ဓအဘိဓမ္မာကို ပြည့်ပြည့်စုံစုံ တကယ်တတ်မြောက် ကျွမ်းကျင် သူဖြစ်ရန်ကား ပြည့်ပြည့်စုံစုံ တကယ်သင်ယူဖို့ လိုပါသည်။ အဘိဓမ္မာစာမေးပွဲဝင်သူများလို ရှေးဦးစွာ သရုပ်သဘောကိုသိအောင် သင်ယူဖို့ လိုပါသည်။ ပထမပြန်စာမေးပွဲ ဝင်သူများလို သရုပ်သဘောကို သိရုံမျှမက အရကောက် ကျမ်းကြီးများအတိုင်း အရကောက် နိုင်အောင် လည်း သင်ယူဖို့လိုပါ၏။ တစ်ဆင့်တက်၍ "စုဒ်စောအာဘော်၊ ထုတ်ဖော်နိုက်နှဲ၊ ဝက်ဝက် ကွဲအောင်၊ ဖြတ်ခွဲနှိုင်းဆ၊ ဖက်နှယ်ရှုလျက်၊ ဆရာ့ လက်ဆုပ်၊ အတွင်းငုတ်သား၊ မှန်ထုတ်လျှို့ဝှက်၊ အသိခက်ဘိ၊ အနက်အဓိပ္ပါယ်၊ ကျဉ်းကျယ်ခွဲ့ ချုပ်၊ သရုပ်သကန်၊ ကျမ်းရိုးပွန်အောင်၊ နှုတ်ဝန် မလေး၊ စိန်နှယ်သွေးလော" ဟူသော မာန်လည် ဆရာတော်ဘုရားကြီး ညွှန်းဆိုထားသည့် မန္တလေးစာသင်နည်း (ဝါ) ဓမ္မာစရိယသင်နည်း ဖြင့် နိုက်နိုက်ချွတ်ချွတ် သိအောင်လည်း သင်ယူ ဖို့လိုပါ၏။ မျက်မှောက်ခေတ် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များတွင် သင်ကြားနေသည့် အဆိုပါ မန္တလေးစာသင် နည်း၊ များများနှင့် မြန်မြန်သိစေသော ပခုက္ကူ စာသင်နည်း၊ ခေတ်အမြင်ခေတ်အတွေးနှင့် ပေါင်းစပ်၍ သုတေသနသဘောပါသော ခေတ်

သင်နည်းတို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် သိအောင်လည်း သင်ယူဖို့ လိုပါ၏။

မြန်မာနိုင်ငံ၌ တကယ်တန်း အဘိဓမ္မာ တတ်ကျွမ်းသူများကို ထုတ်ပြပါဟုဆိုလျှင် အသင်စာရှုသူ ဘယ်နှစ်ဦး ထုတ်ပြနိုင်မည်နည်း။ စာရေးသူထုတ်ပြနိုင်သည်မှာ မဟာဝိသုဒ္ဓါရုံဆရာတော်၊ လယ်တီဆရာတော်၊ ဆရာကြီး ဦးကျော်ထွတ်၊ အင်းစိန်ရွာမ ဆရာတော်တို့ ဖြစ်၏။ မိမိကိုယ်တိုင် သိရှိယုံကြည်သူများကို ထုတ်ပြခြင်း ဖြစ်ပါ၏။ အဘိဓမ္မာတတ်သူ အခြားမရှိဟူ၍ ဆိုလိုခြင်းမဟုတ်ပါ။ အခြားသူများကို စာရေးသူအနေဖြင့် တိတိကျကျ မသိရှိ၍ ထုတ်မပြနိုင်ခြင်းသာ ဖြစ်ပါ၏။

**တကယ်အဘိဓမ္မာတတ်သူများ**

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အဘိဓမ္မာတတ်ကြောင်းကို ဆရာတော်ဘုရားကြီး၏ ပရမတ္ထသရူပဘေဒနီ၊ ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုးနှင့် ဂဏ္ဌိပဒါနုဝါဒ၊ ဆိဒ္ဓပိဓာနနီ၊ ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကျမ်းများက ဖော်ညွှန်းလျက်ရှိပါ၏။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်၌လာသော မာတုကုစ္ဆိဂတပဋိသန္ဓေဝိညာဏဝီထိဝိနိစ္ဆယ၊ ကြိယာဇဝနဝိနိစ္ဆယ၊ အာယတနဝိနိစ္ဆယ၊ ဝမ်းတွင်းတေပဥ္စာဗျာကရဏဝိနိစ္ဆယတို့သည် အဘိဓမ္မာဆိုင်ရာ အလွန်ခက်ခဲနက်နဲသော အတိဂမ္ဘီရအဆုံးအဖြတ်များ ဖြစ်ပါသည်။ ကြိယာဇဝနဝိနိစ္ဆယ၊ အာယတနဝိနိစ္ဆယတို့သည် လယ်တီဆရာတော်ဘုရားကြီးက မေး၍ ဖြေကြားထားသော အဆုံးအဖြတ်များ ဖြစ်ပါသည်။ အဘိဓမ္မာပါရဂူ ကျမ်းတတ်အကျော် လယ်တီဆရာတော်လိုပုဂ္ဂိုလ်မျိုးက အလေးဂရုပြု မေးမြန်းခြင်း ခံရလောက်အောင် ရှိနေသော အရည်အချင်းမျိုးကား အဘယ်သို့သော အရည်အချင်းမျိုးဖြစ်ပေလိမ့်မည်နည်း။ တိုင်းတာ၍ မရနိုင်လောက်အောင်သော အရည်အချင်းဟု ဆိုလျှင် မှားအံ့မထင်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၌ ထိုသို့သော အရည်အချင်းမျိုး ရှိနေပါ၏။

လယ်တီဆရာတော်ဘုရားကြီး အဘိဓမ္မာတတ်မြောက်ကျွမ်းကျင်အကြောင်းကို အထူးပင်ပြောရန်လိုမည် မဟုတ်သော်လည်း ဤနေရာ၌ အကြောင်းသင့်၍ အနည်းငယ်မျှ ဖွင့်ဟခွင့်ပြုစေလိုပါ၏။ လယ်တီဆရာတော်သည် ကမ္ဘာကျော်မူလဋီကာကိုပင် ဝေဖန်ရဲသော အဘိဓမ္မတ္ထဝိဘာဝနီခေါ် ဋီကာကျော်၏ အားနည်းချွတ်ချော်ချက်များကို ထောက်ပြထားသည်မှာ အချက်ပေါင်း (၂၀၀) ကျော်မျှ ရှိ၏။ သင်္ဂြိုဟ်မဟာဋီကာသစ်ခေါ် ပရမတ္ထဒီပနီ၌ ဝေဖန်ရှင်းလင်းထားချက်များ အထင်အရှား ရှိပါ၏။ "လယ်တီက တို့ထက်စာပိုမြင်တာပေါ့" ဟု မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်က ထောက်ခံချက်ပေးခဲ့ကြောင်း ကြားနာမှတ်သားခဲ့ရဖူးပါ၏။

စာရေးသူသည် ဓာတ်ကြီး၄-ပါး အကြောင်းကို ပြည့်ပြည့်စုံစုံ သိလို၍ စာအုပ်အတော်များများကို လေ့လာဖတ်ရှုဖြစ်ခဲ့၏။ အတော်များများလည်း သိလိုက်ရ၏။ ထိုလေ့လာချက်များမှ ဓာတ်သဘောတစ်ခုတစ်ခုမှာ ဆန့်ကျင်ဘက်သဘောတစ်ခုတစ်ခုရှိကြောင်း အသိအမြင်တစ်ခုကို အမှတ်ထင်ထင် ရရှိလိုက်ပါ၏။ ဓာတ်သဘော တစ်ခုမှာ ခက်မာသဘော ရှိလျှင် ယင်း၏ဆန့်ကျင်ဘက် နူးညံ့သဘောလည်းရှိရ၏ဟု ဆို၏။ ပထဝီဓာတ်တွင် ထိုသဘော ၂ - ခုရှိကြောင်းသိရ၏။ ထိုနည်း

တူစွာ အာပေါဓာတ်တွင် ဖွဲ့စည်း၊ ယိုစီးသဘော ၂- ခု၊ တေဇောဓာတ်တွင် အပူ၊ အအေး သဘော၂- ခု၊ ဝါယောဓာတ်တွင် ထောက်ကန်၊ လှုပ်ရှားသဘော ၂- ခု ရှိကြောင်းသိရ၏။

ထိုတွင် တေဇောဓာတ်မှာ အပူ၊ အအေး သဘော ၂ - ခုရှိကြောင်းကိုမူ ငယ်စဉ်ကပင် သင်ယူခဲ့ရသော "သီတုဏှောတုသမညာတာ တေဇောဓာတု" ဟူသော သင်္ဂြိုဟ်စကားအရ လွယ်လွယ်ကူကူ လက်ခံနိုင်၏။ အခြား ဓာတ်များနှင့် ပတ်သက်၍ကား မရှင်းမလင်း ဖြစ်နေ၏။ အဋ္ဌကထာကြီးများ၌လည်း ပထဝီဓာတ်ကို ကက္ခဋတ္တလက္ခဏာ (ခက်မာသဘော) ရှိ၏ဟူ၍လည်းကောင်း၊ အာပေါဓာတ်ကို ပဂ္ဃရဏလက္ခဏာ (ယိုစီးသဘော) ရှိ၏ဟူ၍လည်းကောင်း၊ တေဇောဓာတ်ကို ဥဏှတ္တလက္ခဏ(အပူသဘော) ရှိ၏ဟူ၍လည်းကောင်း၊ ဝါယောဓာတ်ကို ဝိတ္ထမ္ဘနလက္ခဏာ(ထောက်ကန်သဘော)ရှိ၏ ဟူ၍လည်းကောင်း မိန့်ဆိုထားသည်ကိုသာ အများအားဖြင့် တွေ့ရ၏။

လယ်တီဆရာတော်ဘုရားကြီး၏ အလင်းကျမ်းကို ကြည့်သောအခါမှ ဓာတ် ၄ - ပါး သဘောကို ရှင်းလင်း ပြတ်သားစွာ သိရ၏။ လယ်တီဆရာတော် ဘုရားကြီးက သူ၏အလင်းကျမ်း၌ "ကက္ခဋသဘောဝေါ မုဒုသဘာဝေါ၊ ပထဝီ၊ အာဗန္ဓန် ပဂ္ဃရဏံ အာပေါ၊ ဥဏှဘာဝေါ သီသဘာဝေါ တေဇော၊ ဝိတ္ထမ္ဘနံ သမုဒီရဏံ ဝါယော" ဟူ၍ တိကျပြတ်သားစွာ မိန့်ဆိုထား၏။ ဓာတ် ၄ - ပါး သဘောကို ရှင်းလင်းပြတ်သားစွာ သိရ၏။ ပထဝီ ခက်မာ၊ နူးညံ့၊ အာပေါ ဖွဲ့စည်း၊ ယိုစီး၊ တေဇော အပူ၊အအေး၊ ဝါယော ထောက်ကန်၊ လှုပ်ရှား၊ ဤသို့အားဖြင့် တရား

အဘိဓမ္မာသည်
ငါ၏ လည်းလျှောင်ရာ၊
အဘိဓမ္မာသည်
ငါ၏ တည်ရာ လျှောက်လှမ်းရာ၊
အဘိဓမ္မာ၌ ငါနေ၏။
အဘိဓမ္မာသည်
ငါ၏ ကျက်စားရာ

သဘော ၂ - ပါး တွဲ၍ သွားလေ၏။ လယ်တီဆရာတော်ဘုရားကြီး အဘိဓမ္မာတတ်ကျွမ်းတော်မူကြောင်းကို အကြွင်းမရှိ ယုံကြည်အပ်ပါ၏။

လယ်တီဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဘာသာဝင်တိုင်းကို အဘိဓမ္မာတတ်ကျွမ်းစေလို၏။ အဘိဓမ္မာ ပြန့်ပွားရေးကို အထူးအလေးပေး ဆောင်ရွက်တော်မူခဲ့၏။ တစ်နိုင်ငံလုံး လှည့်လည်၍ အဘိဓမ္မာတရားတော်များကို ဟောကြားတော်မူ၏။ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချပေး၏။ ပရမတ္ထသံခိပ်ကိုရေး၍ လူငယ်လူရွယ်များ အတွင်း ထိုးဖောက်သွတ်သွင်းပေး၏။ ထိုစဉ်က လူတို့နှုတ်ဖျားတွင် အလွန်ရေပန်းစားသော စာတစ်ပုဒ် ပေါ်ထွန်းခဲ့ဖူးပါ၏။ "သောမနဿသဟဂုတ်၊ လက်ဖက်က တစ်အုပ်နှစ်အုပ်၊ သံယာစင်ပေါ် ထ၍ခုတ်" ဟူ၍ဖြစ်၏။ အဘိဓမ္မာသမားများ အလျှုအိမ်၌ အဘိဓမ္မာတရားအငြင်းပွားပြီး ခိုက်ရန်ဒေါသဖြစ်ပုံကို သရော်ထားသော စာချိုးဖြစ်၏။

ဤစာချိုးအရ ထိုစဉ်က အဘိဓမ္မာတရားတော်များ အလွန်ပြန့်ပွားခဲ့ပုံကို ရှုမြင်နိုင်၏။ တစ်ဘက်ကလည်း အဘိဓမ္မာတတ် စာတတ်ပေတတ်ပုဂ္ဂိုလ်များ တစ်ယူသန်အတ္တသမားများ ဖြစ်သွားကြသည်ကို မြင်ရပြန်ရာ သင်ခန်းစာ ယူစရာဖြစ်၏။

ဤအချက်ဖြင့် ဗုဒ္ဓဘာသာစာပေများကို တတ်တိုင်း လူတော်လူကောင်း မဖြစ်နိုင်ကြောင်းကို အချို့က မီးမောင်းထိုးပြကြ၏။ ထို့ကြောင့်လည်း "ကိုယ်မှာမတတ် စာမှာတတ် ဂါဟတ်ကိုက်တတ်သည်" ဟူ၍ ဒီပဲယင်းဆရာတော်ဘုရားကြီးက မိန့်ဆိုတော်မူခဲ့၏။ ခန္ဓာကိုယ်ထဲအထိ အသိပညာများမရောက်က စာတတ်သူအား တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော ဂါဟတရားများ၏ ကိုယ်စား ဝါးမျိုခြင်းကို ခံရတတ်ကြောင်း ဆိုလိုပါ၏။ မည်သို့ပင်ဆိုစေ ထိုစဉ်က မြန်မာပြည်အဝှန်း အဘိဓမ္မာလွှမ်းသွား၍ ဗုဒ္ဓဘာသာတို့ အသည်းနှလုံး၌ အဘိဓမ္မာတရားတော်များ မွမ်းထုံခဲ့လေပြီ။ လယ်တီဆရာတော်ဘုရားကြီးက ဝိဇ္ဇာနှင့် စရဏကို စွမ်းရာစွမ်းရာ ရယူသင့်ကြောင်း မိန့်ကြားတော်မူခဲ့၏။ တံငါသည်အား "ပဋ္ဌာန်းရွတ်၍ ဘာအကျိုးရှိမှာလဲ" ဟု မပြောအပ်ကြောင်း သွန်သင်ခဲ့ဖူး၏။

ဆရာကြီး ဦးကျော်ထွတ် အဘိဓမ္မာတတ်မြောက်ကျွမ်းကျင်ကြောင်းကိုလည်း စာရေးသူ ကောင်းကောင်းသိ၏။ ဆရာကြီးသည် အဘိဓမ္မာအရာတွင် အထူးကျော်ကြားတော်မူခဲ့သော ဆရာတော် အရှင်သူရိယာဘိဝံသ၊ ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသတို့၏ လက်ထွက် မစိုးရိမ်အနွယ်အဆက်ဖြစ်၏။ ရဟန်းဘဝဖြင့် သကျသီဟမ္မောစရိယအထိ အောင်မြင်ခဲ့ပြီး အဘိဓမ္မာဘာသာရပ်ကို အထပ်ထပ်အခါခါ ဆည်းပူးလေ့လာ ပို့ချခဲ့၏။ ဆရာကြီးသည် အဘိဓမ္မာအထုံပါသည့်အပြင် အဘိဓမ္မာနှင့် အဆက်မပြတ်ရှိခဲ့၏။ လူ့ဘောင်ရောက်သောအခါတွင်လည်း ဝိုင်အမ်ဘီအေ အဘိဓမ္မာသင်တန်းပို့ချခြင်း၊ မဥ္ဇူသက ပဋ္ဌာန်းသင်တန်းပို့ချခြင်းတို့ဖြင့် အများ၏ ယုံကြည်လေးစားအားထားမှုကို ခံရ၏။ အဘိဓမ္မာပါရဂူအဖြစ် ပြသနိုင်ခဲ့၏။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် အဘိဓမ္မာကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပို့ချပေးခဲ့ရာ အဘိဓမ္မာပိဋကမဟာဌာန၏ အဦးအစ တွဲဖက်ပါမောက္ခဖြစ်ခဲ့၏။

စာရေးသူသည် ငယ်စဉ်ကပင် ဆရာကြီး၏ အဘိဓမ္မာသင်တန်းပို့ချချက်များကို ဖတ်ရှုခဲ့ရ၍ ဆရာကြီး၏ အဘိဓမ္မာအရည်အချင်းကို ကောင်းစွာသိခဲ့၏။ ပဋိစ္စသမုပ္ပါဒ်နှင့် ပတ်သက်၍ စာရေးသူ စိတ်ဝင်တစား လေ့လာဖြစ်ခဲ့၏။ စာအုပ်အတော်များများ ဖတ်ခဲ့သော်လည်း အားရ ကျေနပ်လောက်အောင် ရှင်းရှင်းလင်းလင်း မရှိခဲ့။ ဆရာကြီး၏ သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ်ကို ဖတ်ရှုရသော အခါမှ အတော်ရှင်းလင်းသော အသိအမြင်ကို ရရှိပါ၏။ ဆရာကြီး အဘိဓမ္မာတတ်ကျွမ်းကြောင်းကို သူ၏ သဒ္ဓမ္မဇောတိကအဘိဓမ္မာ၊ သဒ္ဓမ္မဇောတိကပဋ္ဌာန်း၊ သဒ္ဓမ္မဇောတိကပဋိစ္စသမုပ္ပါဒ်တို့ကို ဖတ်ရှုကြည့်ခြင်းအားဖြင့် ကောင်းစွာသိနိုင်ပါ၏။ ပါဠိတော်အဋ္ဌကထာ ဋီကာများကို ကောင်းစွာ ကြည့်ရှုနိုင်မှသာလျှင် အဘိဓမ္မာတကယ်တတ်ကျွမ်းနိုင်ကြောင်း ဆရာကြီး၏ အဆိုအမိန့်ကို ကြားနာမှတ်သားဖူး၍ အထူးပင် အလေးဂရုပြုအပ်ပါ၏။

**အင်းစိန်ရွာမ ဆရာတော်**

အင်းစိန်ရွာမ ဆရာတော် အရှင်တိလောကာဘိဝံသ၏ စာချသက်သည် နှစ် (၅၀ = ရွှေရတု) ဝန်းကျင်ရှိခဲ့ပြီဟု ဆိုနိုင်၏။ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တည်ထောင်သည့် ကာလနှင့် ယှဉ်ကြည့်လျှင်ပင် စာချသက် နှစ် (၄၀) ရှိခဲ့ပေပြီ။ ဆရာတော်သည် ထိုသည့်ကာလတစ်လျှောက် ယနေ့အထိ ပရိယတ်စာပေနှင့်သာ မွေ့လျော်ခဲ့၏။ စာပေပို့ချသောအခါ တပည့်များ အလွယ်ကူဆုံးသိအောင် ကြံဆောင်ပို့ချခဲ့၏။ လက်တွေ့စမ်းသပ်တီထွင်၍ ခေတ်စနစ်နှင့်အညီ ပြုပြင်ပို့ချလေ့ရှိသဖြင့် တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ တပည့်များအား လွယ်ကူသောအသိကို ပေးနိုင်ခဲ့၏။ စာသင်သားလောက၌ အောင်မြင်ကျော်ကြား လူသိများခဲ့၏။ ဆရာတော်၏ သဒ္ဒါလက်ဆောင်၊ အဘိဓမ္မာလက်ဆောင်၊ ဆန်းလက်ဆောင်၊ မာတိကာဓာတုကထာလက်ဆောင်၊ ယမိုက်လက်ဆောင်၊ ပဋ္ဌာန်းလက်ဆောင် စသောကျမ်းများသည် အောင်မြင်မှု၏ အသီးအပွင့်များပင် ဖြစ်၏။ လွယ်ကူသော စာသင်နည်းစနစ်ကို ဖော်ညွှန်းလျက်ရှိသော စာပေမှတ်တိုင်များပင် ဖြစ်၏။

ဆရာတော်သည် အထူးသဖြင့် အဘိဓမ္မာဘာသာရပ်များအပေါ် ပို၍စိတ်ဝင်တစားရှိခဲ့၏။ ထိုသို့ စိတ်ဝင်တစားရှိခြင်းမှာလည်း ညဝါအရကောက်များကို ပြည့်ပြည့်စုံစုံ သင်ယူတတ်မြောက်ရန် ခဲယဉ်းခြင်းသည် အကြောင်းအရင်းတစ်ခု ဖြစ်၏။ ညဝါအရကောက်ကျမ်းကြီးများကို ပြည့်ပြည့်စုံစုံ သိရှိဖို့ရန်၊ အမိအရဆောင်ယူ ထားနိုင်ဖို့ရန် ပို့ချသူမှာရော သင်ယူသူမှာပါ များစွာ အခက်အခဲရှိ၏။ ဆရာတော်သည် ထိုအခက်အခဲကို ကျော်လွှားနိုင်အောင် ကြိုးစားအားထုတ်၏။ ဖွဲ့လုံ့လဝီရိယကြီးစွာဖြင့် မနားမနေ နည်းလမ်းရှာဖွေ၏။ စားလည်းသည်စိတ်၊ သွားလည်းသည်စိတ်၊ အိပ်လည်းသည်စိတ်ဖြင့် အချိန်ပြည့် အဘိဓမ္မာနှင့်နေ၏။ အရှင်ဥပါလိထေရ် ဝိနည်းနှင့်နေသည့်ထုံးကို နှလုံးမူ၍ ဆရာတော်အနေဖြင့် ဤသို့ပင်ဆိုဖွယ်ရာရှိ၏။

အဘိဓမ္မော အာသယော မယှံ၊
အဘိဓမ္မော ဌာနစင်္ကမံ။
ကပ္ပေမိ အဘိဓမ္မေ ဝါသံ၊
အဘိဓမ္မော မမ ဂေါစရော။

(အဘိဓမ္မာသည် ငါ၏ လည်းလျောင်းရာ၊ အဘိဓမ္မာသည် ငါ၏ တည်ရာ လျှောက်လှမ်းရာ၊ အဘိဓမ္မာ၌ ငါနေ၏။ အဘိဓမ္မာသည် ငါ၏ ကျက်စားရာ) အဘိဓမ္မာနှင့် အချိန်ပြည့်နေ၍ အဘိဓမ္မာအထုံများလာသောအခါ ဆရာတော်၏ သန္တာန်၌ အဘိဓမ္မာဉာဏ်ရင့်သန်၍ လာလေ၏။ အခက်ကြီးများက အခက်ကလေးသဘောသို့ ရောက်၍ အခက်ကလေးများက အလွယ်သဘောသို့ ရောက်၏။ ဆင်ခြင် စဉ်းစား ကြံဆဖန်များသဖြင့် အခက်ကြီးများသည်ပင်လျှင် အလွယ်သဘောသို့ ရောက်သွားကြရ၏။ တပည့်စာသင်သားများမှာ အဘိဓမ္မာဆိုင်ရာ ညဝါဘာသာရပ်များတွင် မပင်မပန်း လွယ်လွယ်ကူကူဖြင့် ရာနှုန်းပြည့်အမှတ်ရသည်အထိ အောင်မြင်မှု သရဖူကို ဆောင်းနိုင်ခဲ့ကြ၏။ စာသင်တိုက်တည် အနှစ် (၂၀) ကျော်ကာလအတွင်းမှာပင် ပထမကျော် (၂) ပါး အပါအဝင် ပထမ၊ ဒုတိယ၊ တတိယ၊ ဂုဏ်ထူးရှင်များ၊ သ . စ . အ ဓမ္မာစရိယလောင်းလျာများ၊ တိပိဋကရလောင်းလျာများ အစီအရီ ပေါ်ထွန်း၍လာခဲ့ပါ၏။

ဆရာတော်သည် မိမိလေ့လာစူးစမ်းသုတေသနပြု ဖော်ထုတ်ထားသော အဘိဓမ္မာပညာရပ်များကို မိမိတိုက်တာအတွင်း တပည့်များကိုသာမက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလို၏။ လက်ဆောင်ကျမ်းများဖြင့် ပြန့်ပွားနိုင်သော်လည်း ကိုယ်တိုင်ထိတွေ့ ပို့ချပေးခြင်းဖြင့် ထိရောက်သော နည်းစနစ်ကို တိုက်ရိုက်ပေးလို၏။ ထို့ကြောင့် မင်္ဂလာဗျူဟာအသင်းချုပ်မှ အစပြု၍ နွေရာသီယမိုက်ပဋ္ဌာန်း အထူးသင်တန်းကြီးများ ဖွင့်လှစ်ပို့ချခဲ့၏။ အနယ်နယ်အရပ်ရပ်မှ သင်တန်းသားများ (၁၀၀) ကျော်၊ တက်ရောက်ခဲ့၏။ ထို့နောက် ရွာမပရိယတ္တိစာသင်တိုက်တွင် ပြောင်းလဲဖွင့်လှစ်ပို့ချခဲ့၏။

တစ်ဆင့်တက်ပြီး အနယ်နယ်အရပ်ရပ် ကြွရောက်၍လည်း သင်တန်းများဖွင့်လှစ်ပို့ချပေးခဲ့၏။ (၁၀) နှစ်တာကာလကျော်တိုင် ပို့ချခဲ့ရာ တပည့်များ၏ အားပေးထောက်ခံမှုကို အပြည့်အဝ ရရှိ၍ အောင်မြင်မှုသရဖူကို ဆောင်းနိုင်ခဲ့၏။ တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်၍လာသောကြောင့်ဟု ဆိုရပေမည်။ ဆရာတော်၏ ပို့ချမှုအခြေ အနေကို သတိပြုမိရာ အလွန်ခက်ခဲနက်နဲ ကျယ်ဝန်းသော အဘိဓမ္မာကျမ်းကြီးများကို အထူးအားမစိုက်ရဘဲ သက်တောင့်သက်သာ ပုံမှန်အနေအထားဖြင့် ပို့ချနေသည်ကို တွေ့ရ၏။ အထူးပင် ကြည်ညို၍ ဂုဏ်ယူအားကျစိတ်များ တဖွားဖွားဖြစ်ပွားရပါ၏။ တပည့်များမှ ဆင့်ပွား၍ အနယ်နယ်အရပ်ရပ်တွင် ဆရာတော်၏ အဘိဓမ္မာအောင်လံများ တလူလူလွင့်ပျံ၍ နေပေပြီ။

**အဘိဓမ္မာမတတ်က စာမတတ်**

ပိဋကတ်ကျမ်းဂန် နှံ့စပ်ကျွမ်းကျင်သူကို စာတတ်ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုကြ၏။ နိကာယ်ငါးရပ် ပိဋကတ်အစုံ ပါဠိတော်အဋ္ဌကထာဋီကာများကို ကောင်းစွာကြည့်ရှုနိုင်သူ (ဝါ) သဘောပေါက်အောင် ကြည့်ရှုနိုင်သူကိုလည်း စာတတ်ပုဂ္ဂိုလ်ဟူ၍ အသိအမှတ်ပြုကြ၏။ ပိဋကတ်စာပေ ကြည့်ရှုရာ၌ အဘိဓမ္မာမတတ်သူအနေဖြင့် ဝိနည်းဆိုင်ရာ သုတ္တန်ဆိုင်ရာ အကြောင်းအရာများကို သိနိုင်သော်လည်း အဘိဓမ္မာဆိုင်ရာ သဘာဝဓမ္မများကိုမူ သိနိုင်မည်မဟုတ်။ ထို့ကြောင့် တကယ်တမ်း ပိဋကတ်ကျမ်းဂန်များကို အပြည့်အစုံသိဖို့ တတ်ဖို့ဆိုသည်မှာ အဘိဓမ္မာတတ်မှ ဖြစ်နိုင်ပါ၏။ ပိဋကတ်ကျမ်းဂန်များတွင် အဘိဓမ္မာတရားတော်များ နေရာအနှံ့ ပါဝင်နေသောကြောင့် ဖြစ်၏။

နိကာယ်ငါးရပ်လုံးမှာပင် အဘိဓမ္မာတရားတော်များ အမြောက်အများ ပါဝင်နေ၏။ နိကာယ်ငါးရပ်တွင် အဘိဓမ္မာသဘောတရားများ ပါဝင်နေသည်ကို နိကာယ်ဟူ၍ မရှိနိုင်ပါ။ ယုတ်စွအဆုံး ခုဒ္ဒကနိကာယ်ဝင် ဝိနည်းငါးကျမ်း၌ပင် အဘိဓမ္မာတရားတော်များ ပါဝင်နေသည်ကို တွေ့နိုင်ပါ၏။ သံယုတ္တနိကာယ်လို နိကာယ်မျိုး၌ကား အဘိဓမ္မာသဘောတရားများ အမြောက်အများ ပါဝင်နေသည်ကို အထင်အရှားတွေ့နိုင်ပါ၏။ ဤသို့အားဖြင့် အဘိဓမ္မာမတတ်က နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အပြည့်အစုံကို တတ်ဖို့မဖြစ်နိုင်သောကြောင့် "အဘိဓမ္မာမတတ်က စာမတတ်" ဟူ၍ ဆိုနိုင်ပါ၏။

"သက်ရှိသတ္တဝါ သက်မဲ့အရာဝတ္ထုတို့၌ ပုဂ္ဂိုလ်သတ္တဝါ ဟူ၍မရှိ၊ ရုပ်နှင့်နာမ်သာရှိ၏" ဟူ၍လည်းကောင်း၊ "ထိုရုပ်နှင့်နာမ်တို့ကသာ သွားမှု လာမှုစသော ကိစ္စစုကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြ၏" ဟူ၍လည်းကောင်း ကောင်းစွာသိကြရသောအခါ ဓမ္မအရသာ ထူးခြားစွာ ပေါ်လွင်လာပေလိမ့်မည်။

အသင်စာရှုသူ လက်တွေ့သိလိုပါလျှင် ပိဋကတ်မြန်မာပြန်များကို ဖတ်ကြည့်ပါ။ မြန်မာစာဖတ်တတ်သူ တစ်ယောက်ယောက်ကို ဖတ်ခိုင်းကြည့်ပါ။ မြန်မာစာတတ်သူဖြစ်၍ မြန်မာလိုဖတ်နိုင်မည်ဖြစ်သော်လည်း အဘိဓမ္မာဆိုင်ရာ အကြောင်းအရာ အဘိဓမ္မာသဘော တရားတွေဖြစ်နေပါက အသင်စာရှုသူ နားလည်မည် မဟုတ်ပါ။ အဘိဓမ္မာသင်ယူဖူးသူ လေ့လာလိုက်စားထားသူဖြစ်၍ အဘိဓမ္မာတတ်သူ ဖြစ်ပါမှ ထိုအဘိ ဓမ္မာဆိုင်ရာ အကြောင်းအရာ သဘောတရားများကို သိရှိနားလည် သဘောပေါက်မည် ဖြစ်ပါ၏။

အဘိဓမ္မာတတ်၍ စာတတ်သူဟု ဆိုရာမှာပင် "ကိုယ်မှာမတတ် စာမှာတတ် ဂါဟတ်ကိုက်တတ်သည်" ဟူသော ခန္ဓာကိုယ်ထဲမရောက်သော စာတတ်နည်းမျိုးတော့ မဖြစ်သင့်ပါ။ အဘိဓမ္မာအကြောင်းကို ကောင်းကောင်း သိ၍ ခန္ဓာကိုယ်ထဲအရောက် တတ်မြောက်သော ပညာရှိသူတော်ကောင်းတို့မှာ အဘိဓမ္မာ၏အရသာကို ကောင်းစွာ ခံစားကြရပါ၏။ "သက်ရှိသတ္တဝါ သက်မဲ့အရာဝတ္ထုတို့၌ ပုဂ္ဂိုလ်သတ္တဝါ ဟူ၍မရှိ၊ ရုပ်နှင့်နာမ်သာရှိ၏" ဟူ၍လည်းကောင်း၊ "ထိုရုပ်နှင့်နာမ်တို့ကသာ သွားမှုလာမှုစသော ကိစ္စစုကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြ၏" ဟူ၍လည်းကောင်း ကောင်းစွာသိကြရသောအခါ ဓမ္မအရသာ ထူးခြားစွာ ပေါ်လွင်လာပေလိမ့်မည်။

"ဤသဘောကားဖဿ၊ ဤသဘောကားပထဝီ" စသည်ဖြင့် အမှန်ရှိနေသော တရားများအပေါ် အမှန်အတိုင်း သိမြင်မှု၊ တစ်ဆင့်တက်၍ "မည်သည့်တရားပြီးမှ မည်သည့်တရား ဖြစ်နိုင်၏" စသော ရှေ့နောက် ဖြစ်စဉ်ကို လည်းကောင်း၊ ထိုသို့ ဖြစ်ပေါ်လာဖို့ရန် "မည်၍မည်မျှသော တရားတို့က မည်သို့သောသတ္တိဖြင့် ပေါင်းဆုံ ကျေးဇူးပြုကြရ၏" စသော ကြောင်းကျိုးဆက် တရားအချက်ကိုလည်းကောင်း၊ တစ်လောကလုံး ရုပ်နာမ်ဓမ္မသင်္ခါရတို့သာ ဖြစ်၍ ယင်းတို့၏ ဖြစ်ပျက်သဘောကိုလည်းကောင်း ကွက်ကွက်ကွင်းကွင်း သိမြင်မှု၊ ဤသို့သော အသိအမြင်ရှိ၍ ခန္ဓာဉာဏ်ရောက် ပေါက် မြောက်ထင်ထင် သိမြင်သူဖြစ်ပါမှ တန်ဖိုးရှိသော တကယ့် အဘိဓမ္မာတတ် စာတတ်ပေတတ် ပုဂ္ဂိုလ် ဖြစ်လေရာ၏။

♦ ပထမကျော် ဦးစံသင်းလှိုင်

# မရဏာနုဿတိ

အိမ်တံခါးမှာ ဖျာစုတ်တစ်ချပ်
ဝါးခြမ်းကပ်လို့ မတ်တပ်လှမ်းတက်
မမြင်ရက်စရာ တစာစာငို
အို..ကလေးတစ်ပြုံနဲ့ပါလား။
တော့်ဆရာ လာပြီတော့တဲ့
ဖျော့တော့တော့မိန်းမ ငိုချင်းချသံ
နားထဲလျှံပွက် ထ ထိုင်ခက်နဲ့
ပတ်လက်အိပ်ပျော်၊ ဪ..ငါ့တပည့်
စောင်းငဲ့ပြီး ကြည့်ရသေး။
ဖင်မနွေးခင် ကြေးစည်ထုလို့
သချိုင်းပို့ဆောင် ခွေးဟောင်ဟစ်အူ
လူခြောက်ကပ်ကပ် ဗွက်စပ်စပ်လမ်း
အခေါင်းထမ်းထွက် မိုးစက်ကလေးတွေ
ဖွဲဖွဲစေလို့...
သေသူ အေးမြအောင်လားမသိ။
တိုက်အိမ်ခမ်းနား တံခါးသံပန်း
အကွက်ဆန်းထွင် ကျွမ်းကျင်ပြုလုပ်
ငါ့ရဲ့ အလုပ်သမား သူလုပ်ခဲ့တဲ့ သံတံခါးတွေ
လှပနေဆဲ ဆေးရောင်မမွဲခင်
မမြဲသောတရား...
ဘုရား..ဘုရား..။

■ မောင်စိန်ဝင်း(ပုတီးကုန်း)


သာသနာပြုနည်းအမျိုးမျိုး
ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ

တန်ဖိုးကြီးမားလှသည့် ဗုဒ္ဓသာသနာတော်ကြီး မကွယ်ပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရာတွင် ဆရာဘက်, ဒကာဘက် ဘက်ညီညီဖြင့် လက်တွဲစောင့်ရှောက်ကြဖို့ လိုသည်။ ဆရာဘက်တွင် သာသနာ့ဝန်ထမ်း ရဟန်း-သာမဏေ-သီလရှင်-သူတော်စင်များ ပါဝင်ရာ ထိုဆရာတို့၏ သာသနာပြုလုပ်ငန်းများမှာ -

၁။ ပရိယတ္တိစာပေ သင်ယူခြင်း၊
၂။ စာသင်တိုက် တည်ထောင်ခြင်း၊
၃။ စာပို့ချခြင်း၊
၄။ ကျမ်းစာများ ရေးသားပြုစုခြင်း (ဘာသာရေးမဂ္ဂဇင်း စသည်တို့၌ ဘာသာရေး ပညာပေး ဆောင်းပါးစသည်များ ရေးသား၍ လမ်းညွှန်ပေးခြင်း)၊
၅။ စာမေးပွဲ စာပြန်ပွဲများ ကျင်းပပေးခြင်း၊
၆။ တရားဟောခြင်း၊
၇။ ကမ္မဋ္ဌာန်းရိပ်သာ ထူထောင်ခြင်း၊
၈။ မိမိကိုယ်တိုင် တရားအားထုတ်ခြင်း၊
၉။ (တရားစခန်း, ရိပ်သာစသည်တို့၌) တရားပြခြင်း၊
၁၀။ အဘိဓမ္မာသင်တန်း, ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းစသည်များ ဖွင့်လှစ်သင်ကြားပေးခြင်း၊
၁၁။ အထက်ပါလုပ်ငန်းများ လုပ်နိုင်ရန် ထိပ်ပိုင်းမှ ဦးစီးကွပ်ကဲပေးခြင်း (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့လို အာဏာပိုင်အဖွဲ့အစည်းများ)၊
၁၂။ ဓမ္မ-အဓမ္မ စသည်ဖြင့် ဆုံးဖြတ်ပေးခြင်း (နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့လို အဖွဲ့အစည်းများ)၊
၁၃။ ကျမ်းစာအုပ်, တရား စသည်များကို ပြန့်ပွားအောင် ဆောင်ရွက်ပေးခြင်း စသည်ဖြင့် အမျိုးမျိုးရှိလေရာ ထိုအထဲမှ ကိုယ်စွမ်းနိုင်သည့်အလုပ်ကို လုပ်ကြရသည်။ အထက်ပါ လုပ်ငန်းများထဲမှ တစ်မျိုးမျိုးကို လုပ်နေလျှင်ပင် သာသနာပြုပုဂ္ဂိုလ် ဖြစ်ပြီ၊ 'သာသနာ့အလုပ် လုပ်နေသူ'ဟု ပြောနိုင်ပြီ။ အလုပ် နှစ်မျိုး-သုံးမျိုး လုပ်နေလျှင်ကား ဆိုဖွယ်ရာ မရှိတော့ပြီ။

စာသင် စာချနေသူက ကျမ်းပြုနေသူ တရားဟောနေသူ တရားထိုင်နေသူ စသည်တို့ကို ကြည့်ပြီး "သာသနာ့အလုပ် မလုပ်ဘူး၊ အချောင်ခိုနေတယ်"ဟု စွပ်စွဲ၍ မရ၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တရားဟောနေတာ, ပခုက္ကူတိပိဋကဓရဆရာတော် တရားအားထုတ်နေတာကို ကြည့်ကာ "ဘွဲ့ထူးဂုဏ်ထူးတွေ အများကြီး ရထားပြီး စာတော့ ဟုတ္တိပတ္တိ မချဘူး၊ သာသနာ့အလုပ် တကယ် ဖိဖိစီးစီး မလုပ်ဘူး"စသည်ဖြင့် အချို့ဆရာတော်များက စွပ်စွဲခဲ့ကြဖူးသည်။ စွပ်စွဲသူ ထိုဆရာတော်များသည် စာသင်တိုက်တည်ထောင်၍ ကြိုးစားပမ်းစား စာချနေကြသူများ ဖြစ်ပါ၏။

သို့ရာတွင် “ငါတို့လို စာချနေသူတွေသာ သာသနာ့အလုပ် လုပ်နေသူဖြစ်တယ်၊ စာမချသူဟာ သာသနာ့အလုပ် လုပ်သူမဟုတ်ဘူး”ဟူ၍ကား တယူသန် အယူအဆ လွဲမှားတော်မူကြသည်။ အမှန်အားဖြင့်ကား ကိုယ်အားသန်ရာအလုပ် လုပ်ပြီး သာသနာပြုကြရမြဲ ဖြစ်သည်။ ထိုအလုပ်သည် အထက်ဖော်ပြပါ သာသနာပြုလုပ်ငန်းများထဲမှ တစ်ခုခုဖြစ်ဖို့သာ အရေးကြီးပေသည်။

ကျောင်းတိုက်တည်ထောင်၍ စာချဖို့ရာ စွမ်းနိုင်သော ရေစကြိုဆရာတော်ကြီး, မစိုးရိမ်ဆရာတော်ကြီး စသူတို့က ကျောင်းတိုက်တည်-စာချသည့်အလုပ်ကို ဦးစားပေးလုပ်သွားသည်။ ကျောင်းတိုက်တည်-စာချ-ကျမ်းပြုဖို့ရာ စွမ်းနိုင်သူ လယ်တီဆရာတော်ကြီး, မဟာဂန္ဓာရုံဆရာတော်ကြီး စသူတို့က ကျောင်းတိုက်တည်-စာချ-ကျမ်းပြုသည့်အလုပ်များလုပ်၍ သာသနာပြုသွားကြသည်။ တရားဟောရန် စွမ်းနိုင်သော အနီးစခန်းဆရာတော်ကြီး, မင်းကွန်းဆရာတော်ကြီး, သီတဂူဆရာတော်ကြီး စသူတို့က တရားဟောခြင်းအလုပ်ကို အဓိကထား၍ လုပ်ဆောင်သွားကြသည်။ တရားပြဖို့ စွမ်းနိုင်သော မဟာစည်ဆရာတော်ကြီး, မိုးကုတ်ဆရာတော်ကြီး စသူတို့က တရားပြ၍ သာသနာပြုသွားကြသည်။ တရားအားထုတ်ဖို့ ဝါသနာပါသူ ပခုက္ကူတိပိဋကရေဆရာတော် စသူတို့က တရားအားထုတ်မှုကို ဦးစားပေးလုပ်သွားသည်။ စာသင်တိုက် တည်ထောင်ပေးနိုင်စွမ်းရှိသူ အလိုတော်ပြည့်ဆရာတော်လို ပုဂ္ဂိုလ်မျိုးက ပရိယတ္တိစာသင်တိုက်များ တည်ထောင်ပေးပြီး စာချဆရာတော်များထံ ထိုကျောင်းတိုက်များကို အပ်နှံကာ လိုအပ်သည်များကို ထောက်ပံ့ပေးသည့် အလုပ် လုပ်နေသည်။

လူတိုင်းလူတိုင်းသည် ရန်မှန်းချက် ကြီးကြီးမားမား ထားတတ်ကြစမြဲဖြစ်ရာ လူသားထဲမှ လူသားဖြစ်ကြ ဆရာတော်များလည်း ရည်မှန်းချက် ကြီးမားကြသည်မှာ ဓမ္မတာပေတည်း၊ အချို့ဆရာတော်များဆိုလျှင် အထက်ပါ သာသနာပြုလုပ်ငန်းအားလုံးကို ကိုယ်တစ်ယောက်တည်း သိမ်းကြုံးလုပ်ဖို့အထိ ရည်မှန်းထားတတ်ကြ၏။ သို့ရာတွင် တကယ်တန်း၌ကား အားလုံးကို ဖြစ်ဖြစ်မြောက်မြောက် လုပ်ဖို့ရန် မလွယ်၊ လုပ်ငန်းတစ်ခုနှစ်ခုကိုပင် အတော်ကြီးစားပြီး လုပ်ကြရသည့် အနေအထားရှိသည်။ သို့ဖြစ်ရာ ကိုယ်လုပ်နေသည့်အလုပ်မျိုး မလုပ်တာနှင့်ပဲ သူ့ကို “သာသနာ့အလုပ် မလုပ်ဘူး”ဟာ မစွပ်စွဲမိဖို့ အရေးကြီးပေသည်။

အထက်ပါ လုပ်ငန်းများအပြင် -

၁။ ဘုရားတည်ခြင်း (ဗုဒ္ဓဘာသာ အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း)၊

၂။ ဗုဒ္ဓဘာသာဝင်များအား တတ်နိုင်သည့်ဘက်မှ ကူညီထောက်ပံ့ခြင်း (ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်း၊ ပညာရေးအတွက် ထောက်ပံ့ခြင်း၊ စီးပွားရေး အကူအညီပေးခြင်း၊ အခြားနည်းများဖြင့် လိုအပ်သလို ကူညီထောက်ပံ့ခြင်း)တို့သည်လည်း သာသနာပြုမှုများပင် ဖြစ်ပေသည်။

(**လိုအပ်သလို ကူညီထောက်ပံ့ခြင်း** ဆိုသည်မှာ - ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ ဘာသာခြားတို့နောက်သို့ ပါမသွားစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ပါတော်မူ သီပေါမင်း၏ သမီးတော်များ အနေနိမ့်စပ်မှုအရ ဘာသာခြားကုလားများနှင့် အိမ်ထောင်ကျတော့မည်ရှိသည်တွင်

သီပေါမင်းက မြန်မာရဟန်းတော်များကို ပင့်ကာ "မိမိ၏ သမီးတော်များ ဘာသာခြားများနောက် ပါမသွားစေရေးအတွက် အရှင်ဘုရားများ လူထွက်ပြီး သမီးတော်များကို သိမ်းပိုက်ပေးပါရန်" တောင်းပန်လျှောက်ထားချက်အရ ရဟန်းတော်များသည် အစီအစဉ်မရှိဘဲ လူထွက်ပြီး သမီးတော်များကို သိမ်းပိုက်ခဲ့ရသည်။ ဗုဒ္ဓဘာသာအမျိုးသမီးတစ်ဦး အိမ်ထောင်ပြုတော့မည်ဖြစ်၍ မိမိ အိမ်ထောင်ဖက်နှင့် သင့်တော်မှု ရှိ-မရှိ ဗေဒင်ဟောတတ်သော ရဟန်းတစ်ပါးကို မေးရာ သူမ ရည်မှန်းထားသည့် အိမ်ထောင်ဖက်မှာ ဘာသာခြားတစ်ဦးဖြစ်နေသည်ကို တွေ့ရသဖြင့် "အိမ်ထောင် မပြုသင့်ကြောင်း၊ သည်အမျိုးသားနှင့် အိမ်ထောင်ပြုလျှင် ဒုက္ခမျိုးစုံ ကြုံတွေ့ပြီး မကြာမီ အသေဆိုး နှင့် သေရလိမ့်မည်ဖြစ်ကြောင်း" ဟောပြောပေးခဲ့သဖြင့် ဘာသာခြားနှင့်အိမ်ထောင်ပြုမည့် အစီအစဉ် ပျက်သွားခဲ့သည်။ ဤသို့သော ဆောင်ရွက်ချက်များမှာ သာသနာပြုမှုများပင် ဖြစ်ပေသည်။)

၃။ ဘာသာ-သာသနာ ပြန့်ပွားအောင် တတ်နိုင်သည့်နည်းဖြင့် ဆောင်ရွက်ခြင်း၊ (ပယောဂကုပေးသော ဆရာတော်တစ်ပါးထံ ဘာသာခြားတစ်ဦး လာရောက် အကူအညီတောင်းရာ "သရဏဂုံဆောက်တည်မှ ကူညီနိုင်မည်ဖြစ်ကြောင်း"ပြောသည်။ ဘာသာခြားက "ဒီကိစ္စတော့ သည်းခံပါရန်" တောင်းပန်သော်လည်း လျှော့မပေးဘဲ တင်းထားသဖြင့် နောက်ဆုံးတွင် ထိုဘာသာခြားမှာ မနေနိုင်တော့ဘဲ သရဏဂုံ ဆောက်တည်လိုက်ရတော့သည်။ သရဏဂုံ ဆောက်တည်လိုက်သည်နှင့် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်သွားပြီဖြစ်ကြောင်း ပြောပြသဖြင့် ဘာသာပါ ပြောင်းပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလိုက်ရတော့သည်။)

"ဒကာ"ဆိုရာ၌ ဒကာ-ဒကာမများအားလုံးပါဝင်ရာ ထိုဒကာဘက်မှ သာသနာပြုနည်းကား- သာသနာ့ဝန်ထမ်းများအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းသည့်နည်းဖြစ်သည်။ သာမာန် ပစ္စည်းလေးပါးထောက်ပံ့မှုအပြင် -

၁။ စာမေးပွဲအသင်းများတွင် ပါဝင်၍ စာမေးပွဲများ ကျင်းပပေးခြင်း၊

၂။ အဘိဓမ္မာသင်တန်း, ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စသည်များ သင်ကြားပို့ချ ပေးခြင်း(စာသင်တိုက်များ, သာသနာ့တက္ကသိုလ်များ၌ စာပေပို့ချပေးခြင်း)

၃။ အသင်းအဖွဲ့များ ဖွဲ့၍ စာအောင်ပုဂ္ဂိုလ်များအား ပိဋကတ်ကျမ်းစာအုပ်များလှူဒါန်း ခြင်း (မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်းလို အသင်းမျိုး)

၄။ ဆန်လှူအသင်းများတည်ထောင်၍ ဆွမ်းဆန်တော်များ ထောက်ပံ့လှူဒါန်းခြင်း (မလွန်ဆန်လှူအသင်း, ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းတို့လို အသင်းမျိုး)

၅။ ဆွမ်းလောင်းအသင်းများ ဖွဲ့၍ ထူးထူးခြားခြား ဆွမ်းလောင်းလှူခြင်း၊

၆။ ဗုဒ္ဓဘာသာ အဖွဲ့အစည်းများ ဝင်ရောက်ဆောင်ရွက်ခြင်း(သာသနာရေးဌာနပေါင်း စုံ၌ တာဝန်အမျိုးမျိုး ထမ်းဆောင်ခြင်း)၊

၇။ ဗုဒ္ဓဘာသာ ကူညီထောက်ပံ့ရေးအသင်းများ ဖွဲ့၍ ကူညီထောက်ပံ့ပေးခြင်း (ဗုဒ္ဓ ဘာသာ ကလျာဏယုဝ အသင်းလို အသင်းမျိုး)၊

၈။ ဘာသာရေးစာပေများရေးသားခြင်း စသည်တို့လည်း သာသနာပြုမှုများပင် ဖြစ်သည်။

၉။ ဗုဒ္ဓဘာသာဝင် အမျိုးသမီးလေးများ ဘာသာခြားတို့နောက်သို့ ပါသွားရခြင်းမှာ ဗုဒ္ဓသာသနာတော်ကို အင်အားချိနဲ့သွားစေနိုင်သည့်အချက်ဖြစ်ပြီး ထိုသို့ ပါသွားရသည်မှာလည်း စီးပွားရေး အဆင်မပြေ၍ (တိုင်းပြည်ဆင်းရဲ၍)ဖြစ်ရခြင်းဖြစ်ရာ အုပ်ချုပ်ရေးဘက်တွင် တာဝန်ယူထားသော ပုဂ္ဂိုလ်များအနေဖြင့် စီးပွားရေး အဆင်ပြေအောင် တိုင်းပြည်ချမ်းသာအောင် ဆောင်ရွက်ပေးကြရန် တာဝန်ရှိပေသည်။ “တိုင်းပြည်ချမ်းသာအောင် ဆောင်ရွက်ပေးခြင်းသည် ကြီးမားသော သာသနာပြုလုပ်ငန်းကြီးတစ်ခု ဖြစ်သည်” ဟု သိရှိခဲ့ယူကာ မိမိကိုယ်ကျိုးကိုချည်း မကြည့်ကြဘဲ တိုင်းပြည်ချမ်းသာအောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပေသည်။ (အုပ်ချုပ်ရေးအရာရှိတစ်ဦးသည် ကိုယ်ကျိုးလုပ်ဆောင်မှု များလာသောအခါ ဗုဒ္ဓဘာသာဝင်အချင်းချင်းအပေါ် ငွေကြေးအရ ညှဉ်းပန်းနှိပ်စက်သလို ဖြစ်လာသည်။ နှိပ်စက်မှုဒဏ် မခံနိုင်သည့်အခါ အနှိပ်စက်ခံ ဗုဒ္ဓဘာသာဝင်သည် ဘာသာခြားထံမှ ငွေကြေးအကူအညီ တောင်းခံရတော့သည်။ ထိုကြွေးကို ပြန်မဆပ်နိုင်သောအခါ မိမိ၏သမီးကို ထိုဘာသာခြားထံ ထိုးပေးလိုက်ရတော့သည်။ ဤသည်မှာ ကိုယ်ကျိုးရှာ အုပ်ချုပ်ရေးသမား၏ လက်ချက်ကြောင့် ဖြစ်သည်။)

၁၀။ ဗုဒ္ဓဘာသာဝင်များ (အထူးသဖြင့် သမီးမိန်းခလေးရှိသော မိဘများ)အနေဖြင့် ဘာသာခြားများနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခြင်း၊ စီးပွားရေး စပ်တူလုပ်ခြင်း၊ လူမှုရေး သာရေးနာရေး သွားလာဝင်ထွက်ခြင်းစသည်တို့ကို ရှောင်ကြရမည်။ မိမိတို့၏သမီးများသည် အနေနီးစပ်လျှင် ဘာသာခြားတို့နောက် ပါသွားနိုင်သလို စီးပွားရေးအရ လွှမ်းမိုးခံရလျှင်လည်း အသိမ်းအပိုက်ခံရတာမျိုး ဖြစ်လာနိုင်သည်ကို အမြဲတမ်း သတိရှိနေဖို့ လိုသည်။

ဤနည်းအားဖြင့် ကိုယ်တာဝန်ကျရာ တာဝန်အသီးသီးကို တတ်နိုင်သလောက် ထမ်းဆောင်လျှင် သာသနာပြုပုဂ္ဂိုလ် ခေါ်ဆိုနိုင်ပြီဖြစ်၍ ကိုယ်တတ်နိုင်သည့် သာသနာပြုလုပ်ငန်းကို ထမ်းဆောင်ကြရန်နှင့် အချင်းချင်းအပေါ် မနာလို ဝန်တို ကင်းပြီး အပြစ်မမြင်ကြရန် လိုအပ်ကြောင်း သတိပေးစကား ရေးသားလိုက်ရပေသတည်း။

♦ ဘဒ္ဒန္တသီလက္ခနာဘိဝံသ

# ယုံကြည်ချက်

ဟိုငယ်ငယ်က ငါ့ဘဝဟာ တောင်ယာ ထန်းတက်
နွားတွေကတဖက်နဲ့ မိသားစုအတွက် ငါကြိုးစားခဲ့ရတယ်
ရပ်ရွာကိုစွန့်ခွာ ရန်ကုန်ကိုလာပြီး သစ်စက်မှာအလုပ်ရ
နေ့ဘက်ကျ ဖရဲသီးနဲ့ရေခဲရေ မနားမနေရောင်းချ
ညဘက်ကျဒရဝမ် ကြမ်းတမ်းတဲ့လောကဓံကိုအန်တုရင်း
ဘဝကို ရုန်းကန်ခဲ့ရတယ်
ဒါပေမဲ့လဲ နေ့ညအမြဲ ငါ့စိတ်ထဲမှာ
ငါးဖြာအနန္တဂုဏ် စိတ်ထဲမှာ ထုံနေတဲ့အပြင် ကံရဲ့စွမ်းအင်ကိုငါမမေ့
ငါတစ်နေ့ အောင်မြင်ရမယ်ဆိုတဲ့စိတ်ဓာတ် အမြဲတမ်းကိန်းဝပ်နေခဲ့တယ်
ဒီကျေးဇူး ဒီစေတနာတွေကြောင့် ခုဆိုလောကအလယ်မှာ မျက်နှာငယ်စရာမရှိ
မိသားစုဘဝအတွက်အဖက်ဖက်ကပြည့်စုံ မန်းဇရာတီဆိုတဲ့ဂုဏ်နဲ့
လူ့ဘဝသက်တမ်း ပျော်ပျော်ကြီးစံမြန်းနိုင်ပြီပေါ့
မိသားစုအရေး တဖက်ကစိတ်အေးရတော့
ရပ်ရေးရွာရေး သာရေးနာရေး ဘာသာရေးသာသနာရေး
ကျန်းမာရေး ပညာရေး ဒီအရေးတွေအားလုံးအတွက် အဖက်ဖက်ကူညီ
တူညီတဲ့မိသားစုစိတ်ဓာတ် နေ့စဉ်အမြဲထက်မြက်နေခဲ့တယ်
ဘုရားတန်ဆောင်း သိမ်ကျောင်းရေကန် ရဟန်းခံရှင်ပြု ဒါနမှုအစုစုအပြင်
ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်း
ဘဝအထက်တန်း တက်လှမ်းနိုင်ဘို့အရေး
ပညာရေးအတွက် ကျောင်းသင်ခန်းစသည်တွေကိုလဲ လှူဒါန်းခဲ့ပြီးပြီ
မြန်မာပြည်တလွှား ဂုဏ်သတင်းတွေကျော်ကြား စာသင်သားတွေရဲ့အလယ်
အင်းစိန်နယ်ကရွာမ စာချစာသင်ထေရ်အရှင်တွေအတွက် နေ့စဉ်မပျက်
ရေတော်ဆက်ကပ်လှူဒါန်းတဲ့အပြင်
ဆရာထေရ်အရှင် ဦးတိလောကဘိဝံသကိုလဲ တတ်နိုင်သမျှ
ဆွမ်းစသည့်ဒါနတွေကို အမြဲမပြတ်လှူဒါန်းနေတယ်
စာချစာသင် ထေရ်အရှင်တွေရဲ့ နေ့စဉ်မပြတ် ရွတ်ဘတ်သင်အံနေတဲ့
ဒီအာစိဏ္ဏကံ ဒို့ထံတဖန်ပြန်ပြီး အကျိုးပေးနေတယ်ဆိုတာ ယုံမှားစရာမရှိပါဘူး
ကျွန်ုပ်၏ ယုံကြည်ချက် ရတနာသုံးပါးနဲ့မိဘဆရာသမားများအတွက် နံနံမှ မပျက်ကွက်ဘူး
ကိုယ့်မွေးဖွားရာ ကိုယ့်ရပ်ရွာကိုလဲ ဘယ်ခါမှ မေ့မထား
ဒီကျေးဇူးတရားတွေက ငါ့ဘဝကို တစ်နေ့တခြား တိုးပွားစေခဲ့ဆိုတာ သက်သေထူနိုင်ခဲ့တယ်
ငါ့ဘဝနည်းတူ အများပြည်သူတို့ကိုလဲ ရတနာသုံးပါးအပေါ်ယုံကြည်ချက်
တကယ်အစွမ်းထက်တယ်ဆိုတာ မျှဝေခံစားခြင်းရယ်ပါ. . .။

♦ **ထွန်းဝင်း(မန်းဇရာဝတီ)**

# ထူတိဝဏ္ဏနာ

**ဘဒ္ဒန္တပညာသိရိဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)**

**မင်္ဂလာဗိမာန်ဆရာတော်**

၁။ (ရွှာ) မပရိယတ္တိနာမော၊
(မ) ဟာထေရေဟိ မာပိတော။
(ပရိယတ္တိ) တက္ကသီလော၊
(ဝိဟာရ) ဂုဏ ပါကဋော။

မဟာထေရေဟိ- သီလမှာ အသာမရှိ သမာဓိမယှဉ်သာ၊ ပညာမှာ စံမရနိုင်သည့် အနန္တ ဂုဏ်သခင် ကျေးဇူးရှင် အာရာမသမုဋ္ဌာပက၊ သာသနာ့ အာဇာနည် သက်တော်ရှည် ဆရာတော်ဘုရားကြီးတို့သည်-

မာပိတော-သာသနာစည်ကား၊ အရှည်ပွားဖို့ တည်ထားဖန်ဆင်းတော်မူအပ်ခဲ့ပေသော။ ရွှာမပရိယတ္တိနာမော-မြန်မာတိုင်းဘုံ မြို့ ရန်ကုန်၌ မြတ်ဂုဏ်လက်ဝေ၊ မက်မပြေအောင်၊ ကျက်သရေဝင်းထိန် အင်းစိန်ဌာန၊ ရွှာမ ပရိယတ္တိစာသင်တိုက်၊ သမိုက်ကျော်မော်၊ ကျောင်းတိုက်တော်ကြီးသည်။

ပရိယတ္တိတက္ကသီလော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသတ်မှတ်၊ ပိဋကတ်နှစ်အဆီကို၊ အသိဓာတ်သစ်ညီအောင် ခေတ်မီမီသင်ကြား၍ မြင့်မားဘွဲ့ဂုဏ်၊ အတတ်မျိုးစုံသဖြင့် မြို့ရန်ကုန်ထက်ဗဟို ပရိယတ္တိသာသနာ့တက္ကသိုလ် ခေါ် ဆိုထိုက်ပါပေ၏။

ဝိဟာရဂုဏော-ပရိယတ်မြင့်ဂုဏ်တွင် ပဋိပတ်ဆင့်ထုံပြီးလျှင် အကျင့်ဂုဏ်ကမ္ဘာသိအောင် သမာဓိတည်ကြည်၊ ပညာဂုဏ်ရည်ပြည့်စုံ၊ မြတ်သော့ ဂုဏ်တော် အပေါင်းသည်။

ပါကဋော-သာသနာ့ထက်ကောင်းကင်မှာ၊ စက်ဒေါင်းယာဉ်နေလ တန္ဆန်းကဲ့သို့၊ တစ်ကမ္ဘာလုံးထက်ဗွေ၊ သမ္ဘာဘုန်းလက်ဝေ၊ အသာဆုံးကျက်သရေ၊ ကျက်သရေမြင့်မား၊ ဂုဏ်ဝင့်ကြွားကာ ထင်ရှားကျော်ကြားပါပေသတည်း။

၂။ ထေရာဘတော မဟာရာမော
သန္တော သန္တသမီဟိတော။
စတ္တာလီသသမံ ပတ္တော၊
မယံ ကုမ္မ မဟာမဟံ။

သန္တော "ယတ္ထ အရဟန္တော ဝိဟရန္တိ တံ ဘူမိရာ မဏေယျကံ" ကျမ်းဂန်လာအရ သဘာဝပန်းပင်၊ စိမ်းလန်းရှင်၍ ဥယျာဉ်ပဒေသာ၊ ဝေဝေဆာ၍ နေရာသန့်ရှင်း သိကြားနတ်ဖန်ဆင်းသကဲ့သို့ ကျောင်းဝင်းသာယာ၊ မြတ်သံဃာတို့၊ ချမ်းသာရွှင်ပြုံး ၊သီတင်းသုံး၍ ၊အမြင့်မြတ်ဆုံး နေရာဖြစ်ပေသော။ မဟာရာမော- ရန်ကုန်မြို့ထက်ဗွေ၊ ကနက်မြေဝယ်၊ ကျက်သရေရှိန်ဝါ၊ ထိန်ထိန်သာ၍၊ ဝတိန်သာလော၊ နိမ္မာလောဟု၊ တွေးတောထင်မှား စိတ်ဝင်စားလောက်အောင်၊ ကြီးမားဖိတ်လျှံ၊ ကျောင်းဗိမာန်တို့ဖြင့် စီမံဖန်တီး ရွှာမပရိယတ္တိစာသင်တိုက်ကြီးသည်။

ထေရာဘတော-သီလ မြေထု၊ မေရုသမာဓိန်၊ ပညာဝရဇိန်ခွဲဖောက်၊ ရဲရဲတောက်ပါရမီ၊ သာသနာ့အာဇာနည်၊ သက်တော်ရှည်၊ မဟာထေရ်ကျေးဇူးတော်သခင် အရှင်မြတ်တို့သည်၊ အစဉ်မပြတ်၊ မပျက်ကွက်ရအောင်၊ အဆက်ဆက် လက်ဆင့်ကမ်း ဆောင်ရွက်သယ်ယူ၊ စောင့်ရှောက်တော်မူအပ်ခဲ့သည်ဖြစ်၍ လည်းကောင်း။ သန္တသမီဟိတော-သာသနာပြုဒကာစု

တို့သည်၊ စတုပစ္စထောက်ပံ့ကြ၍ သာသနာ့
အရေး၊ ကိုယ့်အရေးဟု အားပေးစောင့်ရှောက်
နိုးမြှောက်ထောက်ပံ့အပ်သည်ဖြစ်၍လည်းကောင်း၊
ဒါနိ-ဗုဒ္ဓမြတ်စွာ၊ သာသနာ၏ ကမ္ဘာမှာ အ
ရောင်အလင်းတို့ဖြင့် ပြောင်ဝင်းထိန်ဝါ၊ ယခုအ
ချိန်အခါ၌။ ဝါ-၁၃၇၁ခု ရောက်ပြုကြုံလာယခု
အခါ၌။

စတ္တာလီသသမံ-ပရိယတ်အပြင် ပဋိပတ်ယှဉ်
၍ ဖြူစင်သီလ ညီညီမျှကာ သာသနာပြုလုပ်
ငန်းတို့ကို မဆုတ်တမ်း မညှိုးမှိန်စေပဲ၊ တန်ခိုးရှိန်
ထိန်ထိန်သာသည့် ချိန်အခါ ရွေးချယ်စစ်လို့မို့၊
လေးဆယ်နှစ် သာသနာ့ခေတ်သက်တမ်းသို့။

ပတ္တော-ဆရာဒကာ၊ သာသနာကို နှစ်ဖြာ
ဆက်နွှဲ မပျက်ဘဲလျှင်၊ လက်တွဲကာ ပေါင်းရုံး၍
အကောင်းဆုံးပြီးမြောက် သိဒ္ဓိပေါက်ကာ၊ ကျ
ရောက်ခဲ့လေပြီတကား။

တသ္မာ-ထိုသို့လျှင် ရန်ကုန်မြို့ အင်းစိန်ရွာမ
ပရိယတ္တိစာသင်တိုက်ကြီး၏ သာသနာ့ခရီးတစ်
ထောက်နှစ် (၄၀)ကျရောက်ပြီဖြစ်ပါသော
ကြောင့် ။ မယံ-သာသနာစက်ရှိန်၊ လက်လက်
ထိန်ဖို့ ဂုဏ်သိရိတင့်ရေး ပစ္စည်းလေးဖြင့် အား
ပေးစောင့်ရှောက်၊ ချီးမြှောက်ပျော်ရွှင် သူတော်
စင် တပည့်တော်တို့သည်။ မဟာမဟံ- စိန်ရွှေ
ရတု၊ ငွေရတုတို့ထက် နှိုင်းတုမမီ ဂုဏ်ရည်ကဲ
သာ မင်္ဂလာဟု ရတနာအတိ၊ ကမ္ဘာသိအောင်
တစ်ရာပြည့်အောင်ပွဲအကြို ခေါ်ဆိုလောက်ပေ
ကျက်သရေထူးကဲ ကျောင်းတိုက်နေ့ပူဇော်ပွဲကို။
ကုမ္မ-ကရောမ-ဒါယကာ၊ဒါယိကာမအပေါင်း
သူတော်ကောင်းတို့ စုပေါင်း ကော်ရော် အတူ
ပျော်ကာ ပူဇော်ကျင်းပကြပါကုန်၏။

ကုမ္မ-အောင်ဇေယတု၊ အောင်စေမှုဖြင့်၊
အောင်သပြေနုပန်ဆင်၊ အောင်ငွေခရုသံလွင်၊
မြန်တခွင် စံတင်ဖို့ အမှန်ပင်ပြုလုပ်ကြပါကုန်
သည်ဘုရား။ ။

၃။ ဓိမတံ ဇာတုဗ္ဘိဘူတော၊
ရွာမပရိယတ္တိနာမကော။
ဝိဟာရော သော စိရံ ဌာတံ၊
ဇိနစက္ကဟိတာဝဟံ။

ဓိမတံ- သီလဝန္တ၊ လဇ္ဇီပေသလ သိက္ခာကာမ
ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမက၊ ပထမ
ကျော် ဓမ္မာစရိယ၊ တိပိဋကဓရ၊ တိပိဋကကော
ဝိဒ၊ သာသနာ့အာဇာနည် ပါရမီတောက်ကြွား၊
ပညာရှင် အမြောက်အများတို့၏။

ဇာတုဗ္ဘိဘူတော-ဖြစ်ထွန်းပေါ်ပေါက်ရာ သာ
သနာ့အောင်မြေ အစစ်ဖြစ်ပေသော။ ရွာမပရိ
ယတ္တိနာမကော-သာသနာ့အလုပ်ရုံ၊ ဂုဏ်ပုဒ်စုံ
သည့် မြို့ရန်ကုန် နဝင်းအိမ် သတင်းရှိန်ပေသည့်
အင်းစိန်ဌာန ရွာမပရိယတ္တိမည်ရှိကျော်မော်၊
ကျောင်းတော်ကြီးသည်။

အတ္ထိ-ကမ္ဘာတိုင်းတခွင်၊ သာသနာသမိုင်းအ
စဉ်၌ နှိုင်းယှဉ်စရာ မကြုံဖူးအောင်၊ ဂုဏ်ထူး
တွေ အနန္တ၊ အမှန်ရသဖြင့်၊ စံပြအနေ ထင်ရှား
ရှိပါပေ၏။

သောဝိဟာရော-သာဝတ္ထိပြည်မွန်၊ အသရေ
လွှန်သည့် ဇေတဝန်တမျှ၊ စည်ကားလှသည့်
ရန်ကုန်အင်းစိန်ရွာမ သာသနာ့ကျက်သရေ
ဆောင်၊ဂုဏ်ရောင်ကျော်ဟည်း၊ ကျောင်းတော်
ကြီးသည်။ စိရံ-အခါမလင့် သမ္မာတင့်၍ ကြာ
မြင့်စွာသာလျှင်။

ဇိနစက္ကဟိတာဝဟံ-ဘုရားမြတ်စွာသာသနာ
၏ ကမ္ဘာမှာခရီးရောက်အောင် ချီးမြှောက်မြင့်
တင် ထာဝစဉ် တန်ခိုးထက်ကာ တိုးတက်ကြီး
ပွားအောင်၊ လိုလားရွက်ဆောင်နိုင်သည်ဖြစ်၍။

ဌာတု- သာသနာငါးထောင်၊ တရားရောင်တို့
ဖြင့် ။မြားမြောင်ရှည်ကြာတည်ရှိပါစေသတည်း။

ဌာတု-သာသနာ့ ဘုန်းရှိန်၊ ဆုံးမတိမ်ဘဲ၊ ငုံး
အိမ်ကျုလ ပမာပြု၍ ထာဝရသစ်ညီ၊ ကပ္ပဋ္ဌီလျှင်
ကြာရှည်မြဲခိုင် တည်ရှိနိုင်ပါစေသတည်း။ ။

♦ **မင်္ဂလာဝိမာန်ဆရာတော်**

# သူတော်ကောင်း ကာလဝိပတ္တိ

ရန်ကင်းတောင်ဆရာတော်
ဦးဇောတိက (ဓမ္မာစရိယ M.A)

လောက၏အဓိပ္ပာယ်ကို အဖြစ်အပျက်အပြောင်းလဲဟု ခေါ်ယူကြသည်၊ ထိုအဖြစ်အပျက် အပြောင်းအလဲသည် သတ္တဝါများ သုံးဆယ့်တစ်ဘုံအတွင်း လူဖြစ်လိုက် နတ်ဖြစ်လိုက် တိရစ္ဆာန်ဖြစ်လိုက်ဖြင့် ဖြစ်ပျက်ပြောင်းလဲနေသော သတ္တလောက၊ သတ္တဝါများ နေထိုင်ရာ ကမ္ဘာမြေကြီး ဖြစ်ပေါ်လာလိုက်၊ ပျက်သွားလိုက်ဖြင့် ဖြစ်ပျက်ပြောင်းလဲနေသော ဩကာသလောက၊ သက်ရှိ/သက်မဲ့ ရုပ်နာမ်တို့၏ မပြတ်ဒလစပ် ဖြစ်ပျက်ပြောင်းလဲနေသော သင်္ခါရလောကဟု သုံးမျိုးသုံးစား ရှိပေသည်။

ထိုသုံးမျိုးသုံးစားထဲတွင် လူသားဆိုသော သတ္တဝါသည် သတ္တလောကကြီး တစ်ခုလုံးမှာ အထင်ရှားဆုံးသော သတ္တဝါမျိုးဖြစ်သည်။ လူဘုံဌာန၌ အတူတူအသက်ရှင်နေထိုင်ကြသော သတ္တဝါအားလုံးအပေါ် လူသားများက လွှမ်းမိုးချုပ်ကိုင် လျက်ရှိကြသည်။ ထို့ကြောင့် လူ့လောကကြီးတစ်ခုလုံးမှာ မူတည်နေပေသည်။ လူသားများတွင် သတ္တလောကကြီးကိုမွေးမြူပြီးအသက်တာရှည်ခံအောင် ပြုလုပ်ပေးနေသော သူများ ရှိသလို ဖျက်ဆီးနေသောသူများလည်း ရှိနေကြပေသည်။

လူသားအချင်းချင်းဖြစ်စေ၊ တိရစ္ဆာန်များအပေါ်မှာဖြစ်စေ အသက်ကို တန်ဖိုးမထားတတ်သော လူများသည် သတ္တလောကကြီးတစ်ခုလုံးအတွက် အကျည်းတန် အရုပ်ဆိုးသော သူများဖြစ်ကြသည်။ အဘယ်သို့သောသူများသည် လောကကြီး၏ အကျည်းတန် အရုပ်ဆိုးသောသူ

များဖြစ်ကြပါသလဲ။ ပထမလောကကြီး၏ ကောင်းကျိုးပြု ဂုဏ်သရေဆောင်နေသော ပုဂ္ဂိုလ်များကို သိထားရပေမည်။ ထိုပုဂ္ဂိုလ်များ၏ ဆန့်ကျင် ဘက်ကို ယူလိုက်လျှင် အထက်ပါ မေးခွန်း၏ အဖြေထွက်လာပေလိမ့်မည်။

သို့ဖြင့် ပထမလောကကြီး၏ ကောင်းကျိုးပြု ဂုဏ်သရေဆောင်နေသောသူများကို ရှာကြည့်ကြရမည်၊ လူ့သတ္တလောကကြီးတွင် မိမိတို့ကိုယ်စီ လူ့ဘဝ အသက်အိုးအိမ် စည်းစိမ်ချမ်းသာများ မပျောက်ပျက်အောင် ဆက်လက်တည်ရှိအောင် မိမိဉာဏ်ရှိသည်အားလျော်စွာ စောင့်ရှောက်နေကြရပေသည်။ ထိုသို့စောင့်ရှောက်ရာတွင် မိမိတို့ ဝါသနာ၊ မိမိတို့ယုံကြည်မှုရှိကြသည်အားလျော်စွာ တချို့က ဘာသာရေးလုပ်ငန်း၊ တချို့က လူမှုရေးလုပ်ငန်းများ၊ တချို့က ကျန်းမာရေးလုပ်ငန်းများ၊ တချို့က ပညာရေးလုပ်ငန်းများ၊ တချို့က တိုင်းပြည်မပျက်စီးအောင် ကာကွယ်ရေးလုပ်ငန်း၊ တချို့က စာပေလုပ်ငန်းများ၊ တချို့က အရောင်းအဝယ်လုပ်ငန်းများ၊ တချို့က အားကစားလုပ်ငန်းများ၊ တချို့က နိုင်ငံတိုးတက်ပြီး ပြည်သူများ တစ်ပြေးညီ သာယာဝပြောရေး လုပ်ငန်းများ စသဖြင့် အမျိုးမျိုးလုပ်ကိုင်ကြ ပေသည်။

ထိုသို့ မိမိတို့အလုပ် ကိုယ်စီလုပ်နေကြရာတွင် ကိုယ့်အလုပ်ကိုသိပြီး လုပ်ငန်းကျွမ်းကျင်လိမ္မာကြဖို့ အရေးကြီးသည် သူ့စည်း ကိုယ်စည်း သူ့ဘောင် ကိုယ့်ဘောင်သိပြီး အညီအမျှ စည်းမလွန်ဘောင်မကျော်ဘဲ လုပ်နိုင်ဖို့ အရေးကြီးသည်၊ ထိုသို့ ကိုယ့်လုပ်ငန်းတို့ကိုသာ အာရုံစိုက်ပြီး အလုပ်လုပ်နေကြလျှင် လောကကြီးသည် တစ်နေ့တစ်ခြား တိုးတက်ပြောင်းလဲဖြစ်ထွန်းလာမည်မှာ သေချာပါသည်။ ကိုယ့်လုပ်ငန်းကို

လောကကြီး မပျက်စီးအောင်
ထိန်းထားသော တရားနှစ်ပါးရှိသည်၊
ထိုနှစ်ပါးမှာ
ဟိရီ နှင့် ဩတ္တပ္ပ ဖြစ်သည်။
ဟိရီ –
မဟုတ်တာ မမှန်တာပြုလုပ်ရမှာ
ရှက်ခြင်းသဘောတရား၊
ဩတ္တပ္ပ –
မဟုတ်တာ မမှန်တာပြုလုပ်ရမှာ
ကြောက်ခြင်းသဘောတရား၊
ဤတရားနှစ်ပါး လူတိုင်းမှာရှိပြီး
အသက်ရှင်ခွင့်ရနေလျှင်
လောကကြီး မပျက်စီးပေ။

ကျွမ်းကျင်ပြီး စည်း/ဘောင် မကျော်ဘဲ လုပ်နေသောသူများသည် လောကကြီးကို တိုးတက်အောင် လုပ်နေသူ၊ လောကကြီး၏ အသရေဆောင်နေသူ၊ လောကကြီး၏ ကျေးဇူးရှင်ဖြစ်အောင် လုပ်နေသူများပင် ဖြစ်သည်။

ထိုသို့ ကိုယ့်လုပ်ငန်းကို မလုပ်ဘဲ သူတစ်ပါး အလုပ်ကို လုပ်မိခဲ့သော် လောကကြီး ပျက်စီးဖို့ အစပြုတော့သည်။ ရည်ရွယ်ချက်နှင့် လုပ်ငန်း မကိုက်ညီသဖြင့် လုပ်ငန်းတိုးတက်နိုင်မည်လည်း မဟုတ်ပေ။ ပိုဆိုးသည်ကား မိမိလုပ်ငန်းမဟုတ်

ဘဲ သူတစ်ပါးလုပ်ငန်းကို ဝင်လုပ်လျှင် မိမိလုပ်ငန်းလည်းမပြီးစီး ၊သူတစ်ပါးလုပ်ငန်းလည်း မတိုးတက်၊ သူတစ်ပါးလုပ်ရမည်ကို မိမိကဝင်လုပ်လိုက်သည့်အတွက် မူလလုပ်နေသော လုပ်ငန်းရှင်များ အလုပ်မရှိတော့ဘဲ သူတို့၏ အခွင့်အခါများ ကာလဝိပတ္တိဘဝသို့ ရောက်သွားကြရတော့သည်။

ကိုယ့်အလုပ်မဟုတ်ဘဲ သူတစ်ပါးအလုပ်ကို မပိုင်ဘဲ၊ အခွင့်မရဘဲ၊ မကျွမ်းကျင်ဘဲ အတင်းဇွတ်လုပ်သည့် ပုဂ္ဂိုလ်များသည် လောကစည်းကမ်း၊ လောကထုံးတမ်းများကို ဂရုမစိုက်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။ သူ့စည်း၊ ကိုယ့်စည်း နားမလည်၊ တစ်ဖက်သားနစ်နာမှု၊ ဆုတ်ယုတ်သွားမှုများကို ဂရုမစိုက် ကိုယ်ထင်ရာ ကိုယ်စိုင်းပြီး ငါကောင်းစားရင်ပြီးရောဆိုပြီး လုပ်တတ်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။

လောကကြီး မပျက်စီးအောင် ထိန်းထားသော တရားနှစ်ပါးရှိသည်၊ ထိုနှစ်ပါးမှာ ဟိရီနှင့် ဩတ္တပ္ပ ဖြစ်သည်။ ဟိရီ-မဟုတ်တာ မမှန်တာ ပြုလုပ်ရမှာ ရှက်ခြင်းသဘောတရား၊ ဩ တ္တပ္ပ-မဟုတ်တာ မမှန်တာ ပြုလုပ်ရမှာ ကြောက်ခြင်းသဘောတရား၊ ဤတရားနှစ်ပါး လူတိုင်းမှာရှိပြီး အသက်ရှင်ခွင့်ရနေလျှင် လောကကြီး မပျက်စီးပေ၊ ဤတရားနှစ်ပါးမရှိ၊ အရှက်ကင်းမဲ့ အကြောက်ကင်းမဲ့သော ပုဂ္ဂိုလ်များပေါ်ပေါက်လာသောအခါ ထိုပုဂ္ဂိုလ်များရှိနေသော နေရာဒေသသည် တစ်စ၊ တစ်စ ပျက်စီးလာရပေတော့သည်။

ပျက်စီးလာပုံမှာ-

ကိုယ့်အလုပ်၊ ကိုယ့်တာဝန်မဟုတ်ဘဲ သူတစ်ပါး အလုပ်၊ သူတစ်ပါး၏ တာဝန်ကို ဝင်ရောက်နေရာယူလုပ်ကိုင်သူသည် ရှေးဦးစွာ မူရင်းတာဝန်ရှိ ပုဂ္ဂိုလ်နှင့် မလွဲမသွေ ရင်ဆိုင်ရတော့မည်။ ထိပ်တိုက်ရင်ဆိုင်ခြင်းမှ အားပြိုင်ရတော့မည်၊ တစ်ဖက်နှင့်တစ်ဖက် မာန်မာနများ တိုးပွားလာမည်၊ ခက်ထန်ကြမ်းကြုတ်သည့်ဒေါသများဖြင့် ဖြစ်ပွားလာမည်၊ မနာလိုစိတ်၊ မရှုစိတ်များဖြင့် ပျက်စီးရာ ပျက်စီးကြောင်းများ ကြံလာသည်။ မုန်းတီးမှု အာဃာတတွေ ထပ်ကာထပ်ကာ တိုးပွားလာမည်။ ဤသို့ဖြစ်လာချိန်တွင် သူများ အလုပ်ကို ဝင်ရောက်လုပ်လာသူသည် ပင်ကိုက ဟိရီ၊ ဩတ္တပ္ပ အရှက်၊ အကြောက်ကင်းသူဖြစ်သဖြင့် မတရားလုပ်ရမှာ နည်းနည်းလေးမျှ ဝန်မလေးတတ်၊ လိမ်ရမှာ ဝန်မလေးတတ်၊ ကောက်ကွေ့ရာမှ ဝန်မလေးတတ်၊ ဖိနှိပ်ရမှာ ချုပ်ချယ်ရမှာ ရက်စက်ရမှာ ဝန်မလေးတတ်၊ တရားသည်၊ မတရားသည် သူနားမလည် သူဝင်လုပ်နေသောအလုပ် သူ့အလုပ်ဖြစ်ရေးပင် အဓမ္မနည်း လမ်းပေါင်းစုံဖြင့် ကြံဆောင်ပေတော့သည်။

ဥပမာ-

မြန်မာနိုင်ငံဘုန်းတော်ကြီးများသည် ဘာသာရေးလုပ်ငန်းကို ဦးဆောင်လုပ်နေသူများဖြစ်ကြသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောကြားထားသော တရားတော်တို့ကို နောက်လိုက် ဒကာ၊ဒကာမတို့အားဟောကြား၍ လိုက်နာကျင့်သုံးစေကြသည်၊ ဒကာ၊ ဒကာမများသည် တစ်ဖက်မှ လောက စီးပွားရှာ၍ အခြားတစ်ဖက်မှလည်း လောကုတ္တရာတရားမပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြသော သံဃာတော်တို့အား စား ၊ဝတ်၊ နေ၊ရေး ကျန်းမာရေးတို့ပြည့်စုံအောင် ထောက်ပံ့လှူဒါန်းနေကြသည်။ ဤသို့ ကိုယ့်လုပ်ငန်းကိုသိပြီး ကိုယ့်လုပ်ငန်းကိုသာ ကျွမ်းကျင်အောင် ပိုပြင်အောင်

ကိုယ်နေသော ရှုဒေါင့်မှ တာဝန်ကျေအောင် ဆရာ၊ ဒကာ ညီညာစွာဖြင့် အတူတူတွဲဖက် လျှောက်လှမ်းနေကြမည်ဆိုလျှင် လောကီကိစ္စ လောကုတ္တရာကိစ္စ နှစ်ခုလုံး တိုးတက်စည်ပင်၍ ချမ်းမြေ့သာယာသော လူ့ဘောင်လောကကြီး ဖြစ်လာပေမည်။

ဤကဲ့သို့မဟုတ်ဘဲ လူသား ဒကာများသည် တရားစာအုပ်များထဲမှ အတိုအထွာလေးတွေ ကျက်မှတ် ၊တရားတိတ်ခွေများထဲမှ မှတ်သားစရာလေးတွေ ထုတ်နုတ်ပြီး ဟောကြပြောကြ လုပ်နေကြတာ ယနေ့ နယ်တိုင်းလိုလိုရှိလာကြပေပြီ၊ သူတို့ ဟောပြောသော တရားများကား အမှားနှင့်အမှန် အမှားဘက်ကများနေကြသည် ကိုလည်း တွေ့နေရပေသည်။ ထို့အတူဘဲ ဘုန်းတော်ကြီး တချို့လည်း ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ လူမှုရေး၊ စီးပွားရေး၊ မင်းရေး စိုးရေးများတွင် ဝင်ရောက်နေရာယူလာသည်များကို တွေ့နေရပေသည်။ ဆရာသမားထံမှ သက်နီးစတောင်း စဉ်က သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါစေခြင်းအကျိုးငှာ ဆိုသော ရည်ရွယ်ချက်စကားများကို မေ့သွားကြပေပြီ။

ရည်ရွယ်ချက်ပန်းတိုင်မှ သွေဖီပြီး လောကီလူသားများခံစား၊ စံစားကြသည့် ကာမဂုဏ် အာရုံများထဲတွင် ပြန်လည် နစ်မွှမ်းမှုန်းမသိ နစ်မွန်းလာကြပေသည်။ လာဘ၊ သက္ကာရ၊ သိလောကလာဘ်ပေါ်များမှု၊ အရိုအသေခံရမှု၊ နာမည်ကြီးမှုများကို ဦးစားပေးလာကြပေပြီ။

ထိုသို့ ကိုယ့်အလုပ် မလုပ်ဘဲ လုပ်လာကြရာဝယ် လုပ်ငန်းမကျွမ်းကျင်သည့်အတွက် အများအတွက်ဟု ဆိုင်းဘုတ်တင်ထားစေကာမူ ကိုယ်ကျိုးများ ရှေ့တန်းတင်မိလာကြပေသည်။ ကိုယ်အကျိုးရှေ့တန်းတင်မိဖန်များလာသည့်အခါ ရနေ၊ရှိနေ၊ ရောက်နေ၊ တက်နေ၊ မြင့်နေ၊ မားနေ၊ ဝင့်နေ၊ ဝါနေသော နေရာအဖြစ်မှ တဖြေးဖြေး ကြောင့်ကြလာနေ၊ စိုးရိမ်လာနေ၊ ပူပန်လာနေ၊ ပင်ပန်းလာနေ၊ ကြောက်လာနေ၊ လန့်လာနေ၊ နေရာအဖြစ်သို့ ပြောင်းလာတော့ပေသည်။

ထိုသို့ဖြစ်လာသောအခါ လက်နှီးစုတ်ထက် မပိုမယုတ်တော့ပါဘူး။ ပေါက်တဲ့ နဖူး မထူးဘူးဆိုပြီး ဇွတ်ထိုး၍ စည်းဘောင်မရှိ တွင်းတူးမိုက်လာတတ်ကြပေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များ၏ မကောင်းသည့် အခါများ မပျက်စီးသည့် အချိန် သူတော်ကောင်းအများစု၏ ကောင်းသည့်အခါများကတော့ ပျက်စီးကြရပေသည်။ မသူတော်များ ကာလသမ္ပတ္တိအခါမှာ သူတော်ကောင်းအခါပျက် ကာလဝိပတ္တိခေတ်ဟုလည်း ဆိုနိုင်ပေသည်။

ဤခေတ်တွင် မှန်ပါသည်၊ ဟုတ်ပါသည်၊ တရားနည်းလမ်းကျပါသည်၊ ဘုရားဥပဒေတော်ကြီးနှင့် ညီညွတ်ပါသည် ဆိုသူများ ခေါင်းပြူလို့မရနိုင်ပါ။ ဟိရီ၊ ဩတ္တပ္ပရှိသူများ ခေါင်းမပြူဝံ့ကြပါ မကောင်းရာမှာ အရှက် ၊အကြောက်မရှိသော ပုဂ္ဂိုလ်များ ခေါင်းထောင်နေသောအချိန်မှာ လောကကြီး ပျက်စီးနေပေသည်။

သို့ဖြင့် လောကကြီး မပျက်စီးရအောင် ဆရာများကလည်း ဆရာ့အလုပ်ဖြစ်သည့် တရားလေ့လာ၊ တရားကျင့်သုံး အလုပ်များကိုပင် စိတ်ဝင်စားစွာ လုပ်ကြ၍ ဒကာများဘက်ကလည်း ဆရာများအား စား၊ဝတ်၊ နေရေး ၊ကျန်းမာရေးများပြည့်စုံအောင် ထောက်ပံ့မှု အလုပ်များကိုသာ လုပ်ကြပြီး သာသနာတော်ကို လောကကြီးကို ညီညွတ်စွာ စောင့်ရှောက်သင့်ပါကြောင်း တင်ပြလိုက်ပါသည်။ **ရန်ကင်းတောင်ဆရာတော်**

**♦ ဦးဇောတိက(ဓမ္မာစရိယM.A)**

# ယခင်နှင့်ယခု

ရွှေကြက်ယက်ဆရာတော်



ယခင်. . . . . အထင်ရှားလှသည့် အင်းစိန် ရွာမကျောင်း

ယခု. . . . တစ်နိုင်ငံလုံးထင်းရှားသည့် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး

ယခင် . . . . သံဃာ ၂၅ ပါးခန့်သာ သီတင်းသုံးခဲ့သည့် ရွာမကျောင်း

ယခု. . . . သံဃာ ၅၀၀ကျော် သီတင်းသုံးနေသည့် ရွာမပရိယတ္တိစာသင်တိုက်ကြီး

ယခင်. . . (၇) ကေခန့်ရှိ ကျောင်းဝိုင်းကြီး၏ တောင်ဘက်တစ်ခြမ်းမျှသာ ကျောင်းအဆောက်အဦရှိပြီး မြောက်ဘက်ခြမ်းမှာ မူသစ်ပင်ကြီးများ ချုံဖုတ်ကြီးများ ဖုံးလွှမ်းနေသော ရွာမကျောင်း

ယခု . . . . ကျောင်းဝိုင်းကြီးတစ်ခုလုံး ၂ ထပ်၊ ၃ ထပ်ရှိ ခံ့ညားထည်ဝါလှသည့် ကျောင်း တိုက်ကြီးများ၊ ဘုရားကျောင်းတော်ကြီးများဖြင့် အုံ့မခန်း စည်ကားသာယာလှသည့် ရွာမ ပရိယတ္တိစာသင်တိုက်ကြီး။ စသည် စသည်. .

အထက်ပါနှိုင်းယှဉ်ချက်မှာ စိတ်ကူးယဉ်မဟုတ် မိမိကိုယ်တိုင် နေထိုင်ခဲ့စဉ်က ကိုယ်တွေ့ မျက်မြင် သိရှိခဲ့ရသည့် အခြေအနေအမှန်အတိုင်း သုံးသပ် တင်ပြထားခြင်းဖြစ်ပါသည်။ စာရေးသူသည် လွန်ခဲ့သည့် (၅၅) နှစ်ခန့် ၁၃၁၇ ဒုတိယ ဝါဆိုလဆန်း၊ ၁၃ရက်နေ့တွင် ဤရွာမကျောင်းသို့ စာချဆရာတော် ဦးစန္ဒိမာနှင့် အတူ ရှင်ကဝိန္ဒ ဟူသော အဖော်ကိုရင်တစ်ပါး တို့ စာသင်ရန် ရောက်ရှိလာခဲ့ကြပေသည်။ ရန်ကုန်မြို့ဆိုသည်ကိုကြာဖူးရုံမျှသာ ကြားဘူး ရာမှ ယခုတော့ ကိုယ်တိုင်ရောက်ခဲ့ရပြီ။ရန်ကုန်မြို့မရောက်မီ တွံတေးတူးမြောင်းထဲသို့ဧရာဝတီသင်္ဘောဝင်ရောက်ကတည်းကပင် ယခင်က ကြားဘူးရုံမျှသာ ကြားဘူးသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးကို မီးရောင်များဖြင့်ကောင်းစွာ တွေ့မြင်လိုက်ရသဖြင့် ဝမ်းမြောက်ကြည်နူးစွာ ဦးချဖူးမြင် ကန်တော့ပန်းဆင်ခဲ့ရသည်ကို ယခုထိ မျက်စိထဲတွင် တွေ့မြင်နေရပါသေးသည်။ ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်သည့်အခါတွင်မူ “ ဂျစ်ကားရမည်၊ မြင်းလှည်းရမည်။” ဟူသော ဧည့်ကြိုတို့၏ အသံကို ပထမဆုံး စတင်၍ ကြားရပါသည်။

ထိုစဉ်က ရန်ကုန်မြို့တွင် မြင်းလှည်းများပြေးဆွဲလျှက်ရှိပါသည်။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာရရှိလာပြီးနောက်မှ မြင်းလှည်းများနေရာတွင် ဂျပန်မှ စစ်လျော်ကြေးအဖြစ်ရရှိသည့် ၃-ဘီးကားကလေးများဖြင့် အစားထိုးပြေးဆွဲလာခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ၃-ဘီးကား ၁-စီးလျှင် ၃၀၀၀/- နှုန်းဖြင့် မြင်းလှည်းသမားများအား ဦးစားပေး၍ ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ ယခုပြေးဆွဲနေသော မြို့ပတ်ရထားများလည်း ဂျပန်စစ်လျော်ကြေးအဖြစ် ရရှိထားသော ရထားများပင်ဖြစ်ပေသည်။

## ထိုစဉ်က ရွာမကျောင်း

စာရေးသူရောက်စက ရွာမကျောင်းအခြေအနေကို နောက်လူများ သိဖို့ရန် ဖော်ပြပါဦးမည်။ ရွာမကျောင်းထဲတွင် ကျောင်းဟူ၍ (၁)သိမ်၊ (၂) ဆရာတော် ဦးကေတု သီတင်းသုံးသည့် သစ်သားကျောင်း ကလေး (ယခု ကေတုဝံသ)၊ (၃) တိုက်ကျောင်း (ယခု သာသနာဝံသ)၊ (၄) ဆွမ်းစားကျောင်းအဖြစ် အသုံးပြုထားသော

ဇရပ်ကြီး(ယခု သဒ္ဓမ္မဝံသ)၊ (၅) သုံးပင်ပက်လည် ခြေတန်ရှည် ထရံကာ သစ်သားကျောင်းငယ် ဤကျောင်း ကလေးတွင် ဆရာတော်နှစ်ပါးနှင့် အတူ စာရေးသူနေခဲ့ရသည်။(ယခု မဟာထေရ ဝံသ တိုက်ကျောင်း) (၆) ဘိုးဘိုးကြီးခေါ်သော ဦးပဥ္စင်းကြီးနေသည့် သစ်သားကျောင်းကလေး။ ဤမျှသာ သံဃာနေစရာအဆောက်အဦရှိ သည်။ ယခု ဇေယျာဝံသ တိုက်ကျောင်းနေရာ၌ အကာအရံမရှိ အခင်းအုတ်ခုံနှင့် အမိုးသာ ရှိသည့် ဇရပ်ကြီးရှိခဲ့သည်။ ၎င်းဇရပ်ကြီး၌ စာရေး သူ ညစဉ် ညတိုင်း စာပြန်ခဲ့ရသည်။ သာမဏေ ဘဝ ၁၅နှစ်သား အရွယ်တွင် ပညာလိုချင်သည့် စိတ်ဖြင့် ဤ ဇရပ်ကြီး၌ မပျင်းမရိ ညစဉ်ညတိုင်း တစ်ဦးတည်း စာပြန်ခဲ့ရသည်ကို ပြန်လည် တွေးမိတိုင်း မိမိ၏ ပညာ သင်စဉ်က ပညာလို လားသည့်စိတ်ဓာတ်ကို အားရကျေနပ်မိသည်။

ယခု သာသနာဝံသ တိုက်ကျောင်း၏ မြောက် ဘက်ခြမ်းမှာမူ ရောမ သစ်ပင်ကြီးများ ခြုံဖုတ်ကြီးများဖြင့် ဖုံးအုပ်ကာ တောကြီးတဖွယ် ဖြစ်နေပေသည်။ ယခု ကုဋီတိုက်တန်း၏ မြောက်ဘက်တွင်လည်း သုသာန်နှင့် စေတီ အပျက်ရှိသည်။(ယခုသုသာန်နှင့် စေတီပျက် မရှိတော့) ထို့ကြောင့် ထိုမြောက်ဘက်ခြမ်းသို့ သာမဏေများ နေ့အခါပင် မသွားရဲကြပေ။ယခု အခြေအနေနှင့်ကား ယှဉ်၍ပင် မရတော့။ (၇) ဧကခန့်ရှိ ကျောင်းဝိုင်းကြီးတစ်ခုလုံးပင် သပ်ရပ်၍ခန့်ညား ထည်ဝါလှသည့် သာသနာ့ အဆောက်အဦ တို့ဖြင့် ပြည့်နှက်လျှက်ရှိပေပြီ သံဃာအရေ အတွက်မှာလည်း စာရေးသူတို့ နေစဉ်က သံဃာ ၂၅ ပါးမျှသာရှိသော်လည်း ယခုမူ ၅၀၀ ကျော်မျှ သီတင်းသုံးလျှက်ရှိလေပြီမို့ ယခင်နှင့် ယခု ကွာခြားမှုကိုတော့ မှန်းဆ၍သာ ရှုကြပါတော့ဟု ပြောလိုပါသည်။

## နောက်ဆုံးဆရာနှင့် နောက်ဆုံးတပည့်

စာရေးသူ ရွာမကျောင်းရောက်စက အသက် ၁၅-နှစ်သားမျှသာရှိသော်လည်း ယခုမူ အသက်(၇၀) အရွယ်ရောက်ပေပြီ ၁၃၆၉- ခုနှစ်က ဘဝနတ်ထံ စံလွန်တော်မူသွား သည့်ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာ ပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဆရာတော်ကြီး ကား စာရေးသူ၏ တတိယမြောက် ဆရာလည်း ဖြစ် နောက်ဆုံးပျံလွန်တော်မူသည့် ဆရာလည်း ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ရဟန်းတပည့် ဟောင်းများထဲတွင်လည်း စာရေးသူတစ်ဦးသာ ကျန်ရှိတော့သဖြင့် " နောက်ဆုံးဆရာနှင့် နောက်ဆုံးတပည့်" ဟုဆိုကလည်း ဆိုနိုင် ပါသည်။

## ကျေးဇူးရှင်ဆရာတော်များ

စာရေးသူ၏ တစ်သက်တာတွင် ကျေးဇူး ကြီးမားလှသည့် ဆရာတော်ကြီး ၅-ပါးရှိသည်။ ၎င်းတို့မှာ-

၁။ ဆရာတော် ဘဒ္ဒန္တ ကုမာရ (မူလငယ်ဆရာ)

၂။ ဘဒ္ဒန္တကုသလ(ဇလွန်မြို့နယ် သဖန်းကုန်း ကျောင်းဆရာတော်)

၃။ ဘဒ္ဒန္တစန္ဒိမာ၊ (၎င်းကျောင်း စာချဆရာတော်)

၄။ ဘဒ္ဒန္တနန္ဒဝံသ(ရွာမပရိယတ္တိဆရာတော်ကြီး) နှင့်

၅။ ဘဒ္ဒန္တသောဘိတ(နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီး) တို့ပင်ဖြစ်ပါသည်။ အားလုံးပင်ပျံလွန်တော်မူကြလေပြီ။ ထိုအထဲတွင် ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကြီးကား နောက်ဆုံး ပျံလွန်တော်မူသည့် ဆရာပင်ဖြစ်ပါသည်။

## ငယ်ပေါင်းကြီးဖော် ဆရာတော်

ယခု ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက(နိုင်ငံတော် သံဃမဟာနာယက ဒု-ဥက္ကဋ္ဌအဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးတိလောကာဘိဝံသ ကား စာရေးသူ ကိုရင် ဘဝ (၁၃)နှစ်သားအရွယ် ဇလွန်မြို့နယ် သဖန်းကုန်းကျောင်းတွင် ပညာသင်စဉ်က သီတင်းနေ့တိုင်း ပြုလုပ်သည့် လေ့ကျင့်ခန်း စာမေးပွဲကို လာရောက်ဖြေဆိုရာမှ စတင်၍ ရင်းနှီးခဲ့ရသော မိတ်ဆွေပင်ဖြစ်ပါသည်။ စာရေးသူတို့နေသည့် သဖန်းကုန်းကျောင်းနှင့် ထိုစဉ်က ကိုရင်တိလောကတို့ နေသည့် ညောင်ပင်သာကျောင်းကား တစ်ရွာသာခြားပြီး တစ်မိုင် ခွဲခန့်သာကွာသည်မို့ မကြာခဏ ဆိုသလို အလည်အပတ်ရောက်လေသည်။

## စာသင်ထွက်ကြပြီ

၁၃၁၇-နှစ်တွင် ကိုရင်တိလောက က မြင်းခြံသို့ စာသင်ထွက်၍ စာရေးသူက အင်းစိန်မြို့ရွာမကျောင်း (ယခုရွာမ ပရိယတ္တိစာသင်တိုက်) သို့ထွက်ခွာခဲ့လေသည်။ ရွာမကျောင်းတွင် ၃-နှစ်ခန့် (အလတ်တန်းထိ) ပညာသင်ပြီး ၁၃၂၀ခု နယုန်လတွင် အင်းစိန် ရွာမကျောင်းမှ မြင်းခြံကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်သို့ ဦးတိလောကကို အမှီပြု၍ ပြောင်းရွှေ့ခဲ့ပါသည်။ မြင်းခြံတွင် ၁၃၂၅ ခုနှစ်(စာချတန်းအောင်ပြီးနောက် တစ်နှစ်ထိ)ဦးတိလောကနှင့် အတူနေခဲ့ရပါသည်။ အကယ်၍သာ ထိုစဉ်က ဦးတိလောကသာ မြင်းခြံ၌ မရှိပါက စာရေးသူလည်း မြင်းခြံသို့ ပြောင်းရွှေ့နေထိုင် ဖြစ်မည်မဟုတ်ပါ။ ဦးတိလောက တည်းဟူသော ဥပနိဿယ ပစ္စည်းအားကြီးသော အကြောင်းကြောင့်သာ စာရေးသူမှာ အထိုက်အလျောက်ပညာဗဟုသုတရရှိခဲ့ရသည်မို့ ဦးတိလောကကား မိမိအတွက် ကျေးဇူးကြီးမားသည့် မိတ်ဆွေကောင်းတစ်ဦးဖြစ်ပေသည်။ ထို့နောက် ရွာမစာသင်တိုက်ဖွင့်ပြီး (၇)နှစ် အကြာ ၁၃၃၉-၁၃၄၀ နှစ်နှစ်တိုင်တိုင် ရွာမပရိယတ္တိ စာသင်တိုက်သို့ လာရောက်၍ စာချပေးခဲ့ပါသည်။ ဤသို့ ငယ်စဉ်ကလည်း အတူနေ စာချတော့လည်း အတူနေမို့ ဦးတိလောကမှာ စာရေးသူ၏ ငယ်ပေါင်းကြီးဖော် ဆရာတော်တစ်ပါးဖြစ်ပေသည်။ (ဝိနယာဓိက စာမေးပွဲနှင့် စာသင်တိုက်ဖြစ်ပေါ်လာပုံ အကြောင်းကို အင်စိန်ရွာမ ပရိယတ္တိစာသင်တိုက် နှင့် အဘိဓဇဂုဏ်ရည်" စာအုပ်တွင် " ဆရာ့ကျေးဇူး ဂုဏ်ညွှန့်ဖူး" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားပြီးခဲ့လေပြီ။

## အိမ်မျှောင်အတို နှင့် အရှည်

ဤနေရာတွင် မှတ်မှတ်ရရ ရွာမကျောင်းတွင် ကိုရင်ဘဝဖြင့် နေစဉ်က ကြုံခဲ့ရသည့် ငိုအားထက် ရယ်အား သန်သောဖြစ်ရပ်ကလေးတစ်ခု သို့မဟုတ် သတိထားစရာကလေးတစ်ခု ကို တင်ပြပါရစေ။ ထိုစဉ်က

ရွာမကျောင်းတွင် စာရေးသူတို့နှင့် အတူနေဦးသောမဆိုသော ဦးပဥ္စင်းကြီးက နံနက် ၄-နာရီထိုးလျှင် အုံးမောင်းခေါက်ပြီး ရေနွေးအိုးတည်၊ ဆွမ်းပြင် စသောဆွမ်းစားကျောင်းကိစ္စများကို နေ့စဉ်ဆောင်ရွက်လေသည်။ တစ်နေ့ နံနက်တွင် နာရီကြည့်ပြီး အုံးမောင်းခေါက်ကာ ရေနွေးအိုးကျို၍နေ့စဉ် အရပ်လူကြီးများနှင့် ရဲများရောက်လာကြပြီး အချိန်မဲ့ အုံးမောင်းခေါက်သည့် ကိစ္စကို ဦးပဥ္စင်းကြီးဦးသောမအား မေးရာ ဦးပဥ္စင်းကြီးက အချိန်မဲ့ခေါက်တာ မဟုတ်နံနက် ၄-နာရီထိုး၍ ခေါက်နေကျ အတိုင်းပင် ခေါက်တာဖြစ်ကြောင်းပြန်ပြောလေရာ ရဲများက နာရီကို ပြသောအခါမှ မိမိတုံးခေါက်သည့် အချိန်မှာ နံနက်၄-နာရီမဟုတ်ဘဲ ၁၂ း၂၀ နာရီကို အိမ်မြှောင်အတိုနှင့် အရှည်အကြည့်မှားကာ ၄-နာရီမှတ်ပြီး အုံးမောင်းခေါက်မိကြောင်းသိရလေသည်။ ရဲများလည်း "ဘုန်းကြီးပျံလွန်တော်မူလို့ ခေါက်လေသလား ဓါးပြတိုက်၍ ခေါက်လေ သလား" ဟု ရင်တထိတ်ထိတ်ဖြင့် လာရာမှ အဖြစ်မှန်ကို သိသဖြင့် သက်ပြင်းချပြန်သွား ကြလေသည်။ ဤကိစ္စမျိုးကား တစ်ခါတစ်ရံ ဖြစ်တတ်သည်မို့ သတိထားစရာပင်။

## ရောင်ခြည်တော် လွှတ်သတဲ့

ရွာမ ပရိယတ္တိစာသင်တိုက်၏ မြောက်ဘက်တံတိုင်းအနီး ယခု ဖူးမြင်ရသည့် စေတီကလေး၌ စာရေးသူ နေစဉ်က အုတ်အုတ်ကြွက်ကြွက်ဖြစ်ခဲ့ဘူးသည်ကို မှတ်မိသေးသည်။ တစ်ခုသော ညနေချမ်းအချိန်တွင် ထိုစေတီကလေး၌ လူအများတိုးဝှေ့ ကြည့်ရှုနေကြသည်



ကိုတွေ့ရသဖြင့် စာရေးသူသွား၍ ကြည့်ရှုသောအခါ လူအများစေတီကလေး၏ ထီးတော်ကို စူးစိုက်ကြည့်ရှုနေကြပြီး "ဟော ဟော ဟိုမှာ ဟိုမှာ အရောင်တွေထွက်လာပြီ ထွက်လာပြီ" ဟုပြောသဖြင့် အရောင်ထွက်သည်ဆိုသော ထိုနေရာကို သွားကြည့်တော့ ထီး၏ စိန်ဖူးတော်တွင်ကပ်ထားသည့်မှန်ချပ်များမှ ဝင်းခကနဲ လက်ခနဲ ဖြစ်နေသည်ကို တွေ့ရပါသည်။ အခြားနေရာမှ ကြည့်တော့ မမြင်ကြရပါ။ အမှန်မှာ ညနေချမ်းအခါဝင်ခါနီးဖြစ်သော နေရောင်ခြည်က လာဟပ်သဖြင့် စိန်ဖူးတော်၏ မှန်ချပ်များမှ ဝင်းခနဲ လက်ခနဲ ဖြစ်သည်ကို ရောင်ခြည်တော်လွှတ်သည်ထင်၍ နဖူးမြေကျ ရှိခိုးနေကြခြင်းဖြစ်ပေသည်။ မည်သို့ဖြစ်စေ ခါတိုင်းနှင့်မတူ အထူးကြည်ညိုသော ပသန္နစေတနာဖြင့် ရှိခိုးသည့်အတွက် ဝမ်းမြောက်ကြည်နူး ခါတိုင်းထက်ထူးပြီး ကုသိုလ်ပွားသွားတာကတော့ အမှန်ပင်ဖြစ်ပါသည်။



## ဘုရားမည်းမည်းကြီး

ယခုအခါ ရွာမပရိယတ္တိစာသင်တိုက်သို့ အဝင်တွင် သပ္ပာယ်လှစွာဖြင့် ဖူးမြင်ရသည့် ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီးမှာ စာရေးသူတို့နေစဉ်ကဤမျှလောက် ကြည်နူးဖွယ်မရှိပါ။ တန်ဆောင်းတော် သည်လည်း ဤမျှလောက် မကောင်းပါ။ ဆရာတော်ဦးတိလောက ပြုပြင်ထားသဖြင့် ဤမျှလောက် ကြည်နူးဖွယ်ရာ ဖြစ်နေခြင်းပင် ဖြစ်ပါသည်။ စာရေးသူနေစဉ်က ထိုရုပ်ပွားတော်ကြီး အပေါ်တည့်တည့်၌ ၄-ပေ ဖန်ချောင်းတစ်ချောင်းသာ ညလုံးပေါက် ထွန်းထားပါသည်။ဥပုသ်နေ့မှ တစ်ပါးသောနေ့များ၌ လူအများအလာကျဲပါသည်။ စာရေးသူကတော့ နေ့ဆွမ်းစာပြီးလျှင် ဤဘုရားကြီးနောက် ကျောဘက်သို့လာပြီး အိပ်သည့်အခါ အိပ် စာကျက်သည့်အခါကျက် ပြုလုပ်လေ့ရှိပါသည်။

တစ်ခုသောနံနက်တွင် "ဘုရားကြီးမည်းနေပြီ ဘုရားကြီးမည်းနေပြီ "ဟု လူအများပြောဆိုသံ ကြားရ၍ သွားကြည့်သောအခါ ညလုံးပေါက်၄-ပေ မီးချောင်းလည်း လင်းနေပါလျှက် မည်သူတွေက မည်သည့်အချိန်တွင် ရွှေတွေ ခွာသွားသည်မသိ ဘုရားကြီးမှာ ရွှေရောင်မရှိတော့ဘဲ သစ်စေးရောင်မည်းမည်းကြီးသာ ဖြစ်နေသည်ကို တွေ့မြင်ရပေသည်။ ထို့ကြောင့်ပင် "ဘုရားကြီးမည်းနေပြီ" ဟု လူအများ ပြောဆိုနေကြခြင်းဖြစ်ပေသည်။ ယခုအခါမှာကား အားလုံးမြင်ကြသည့်အတိုင်းပင် စိတ်နှလုံး အထူးကြည်ညိုဖွယ်ရာ သပ္ပါယ်လှသည့် ရွှေသာလျောင်း ရုပ်ပွားတော်ကြီးအဖြစ် ဖူးမြင်နေရပြီး ဖြစ်သဖြင့် ယခင်နှင့် ယခု ကွာခြားမှုကိုတော့ မှန်းဆ၍သာ ရှုကြစေလိုပါသည်။

## ဘုရားအချုပ်ခန်း

စာရေးသူတို့ နေစဉ်က ရွာမကျောင်းနှင့် ယခုရွာမ ကျောင်းကား အကြီးအကျယ် ကွာခြားခဲ့ပြီ။ ထိုအထဲတွင် ကွာခြားမှုတစ်ခုကိုတော့ ထပ်မံ၍ တင်ပြလိုပါသည်။ ယခုအခါ အထူးကြည်ညိုဖွယ်ရာ ဖူးမြင်နေရသည့် နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များမှာ ယခင်က ဤမျှကြည်ညို

ဖွယ်ရာ မရှိပါ။ အချို့က ပါးပိန်၊ အချို့က နှာကောက်၊ အချို့ကနှာပွ၊ အချို့က နဖူးမောက်၊ အချို့က ပြုံး၊ အချို့က မဲ့၊ စသည်ဖြင့် လက်ရာ မမြောက်သည့် လက်ရာများဖြင့် ထုလုပ်ထား သည့် ဘုရားများ ဖြစ်သဖြင့် ကြည်ညိုစဖွယ် နည်းပါးလှပေသည်။ ဘုရားရှင်၏ဘုန်းတော် ခြောက်ပါးတို့တွင် ပါသည့် သီရိဘုန်းတော်နှင့် တစ်ခြားစီဖြစ်နေသည့်ပြင် လူဝင်ပေါက် တစ်ပေါက်သာရှိပြီး လေးဖက်လေးတန် အုတ်နံရံကာထားလျှက် သံဆန်ကာတံခါးဖြင့် ပိတ်ထားသဖြင့် ဘုရားအချုပ်ခန်းနှင့် တူနေ ပေသည်။ အချို့က " နှစ်ကျိပ်ရှစ်ဆူ ဘုရားထဲမှာ ဥစ္စာစောင့်ရှိသတဲ့။ သူရဲရှိသတဲ့" စသဖြင့်ပင် ပြောကြသေးသည်။ မှောင်ပြီး အပေါက်မရှိ၍ ကြောက်စရာ ကောင်းလှသည့် အထဲ ဤကဲ့သို့ ပြောကြသဖြင့် ဘုရားဖူး လာမည့်သူပင် မရှိတော့ပါ။ စာရေးသူကတော့ ငယ်ရွယ်သူမို့ နွေရာသီ စာဝါပိတ်ချိန်တွင် နေ့ဆွမ်းစာပြီး ၄င်းနှစ်ကျိပ်ရှစ်ဆူဘုရား တံဆောင်းထဲသို့ သွားကာ လေးဘက်လေးတန် ဘုရားများကို ရှိခိုးလျှက် အိပ်တော့သည်။ အိပ်ရာက နိုးသောအခါ ထိုစဉ်က နာမည်ကြီးသည့် ကျိုက်ဝိုင်းဆရာတော်ဦးဣန္ဒက၏ တရား စာအုပ်ကို ဖတ်သည့်အခါဖတ် အခြားစာများကို ကျက်သည့်အခါကျက်ဖြင့် အချိန်ဖြုန်း လေ့ရှိ ပါသည်။ ထိုစဉ်ကဘာမှ မတွေးမိပေမဲ့ ယခုမှ ပြန်ပြီး တွေးမိတော့ဟိုစဉ်က ဘုရားတန်ဆောင်း ကြောက်စရာကောင်းပုံကို တွေးမိပါတော့ သည်။ ယခုအခါမှာတော့ ဘုရားများလည်း ဘုရားပီပီ အထူးကြည်ညိုဖွယ်ရာ၊ တံဆောင်း တော်လည်း ကြည်နူးဖွယ်ရာ ဖြစ်နေပြီမို့ ယခင် နှင့် ယခု ကွာခြားမှုကို မှန်းဆ၍သာ ရှုကြစေလို ပါသည်။

## မွေးနေ့လက်ဆောင်

၁၃၃၂-ခု နယုန်လဆန်း(၁၀) ရက်နေ့ မှစတင်၍ စာသင်သားသံဃာ ၁၇-ပါး စာချ ၃-ပါးနာယကဆရာတော် ၂-ပါးမျှဖြင့် တည် ထောင် ဖွင့်လှစ်ခဲ့သော ဤရွာမ ပရိယတ္တိ စာသင်တိုက်သည်ကား ယခုအခါတွင်သံဃာ တော် ၅၀၀ ကျော်ဖြင့် ထင်ပေါ်ကျော်ကြား လူသိများသည့် စာသင်တိုက်ကြီးဖြစ်ခါ ယခု ၁၃၇၂ နယုန်လဆန်း၁၀-ရက်တွင် အနှစ်(၄၀) ပြည့်ပေပြီ။ လူ့လောကတွင် အသက်(၄၀) အရွယ်ဆိုသည်မှာ အားကောင်းမောင်းသံ အကြမ်းခံနိုင်သည့် အရွယ် ကာယအား ဉာဏ အား ထက်မျက်သည့်အရွယ် ဖြစ်သလို ဤ ရွာမပရိယတ္တိစာသင်တိုက်ကြီးသည်လည်း သက်တန်း(၄၀)နှစ်ပြည့် ယခုအချိန်တွင် အား ကောင်းကောင်း မောင်သန်သန်ဖြင့် သာသနာ့ တာဝန်ကိုထမ်းဆောင်နေသလို လာမည့် အနာဂတ် ကာလမှာလည်း ဤနည်းအတိုင်း ဆက်လက်၍ သာသနာပြုသွားနိုင်ပါစေ ဟု ဆုတောင်းလျှက် အသက်(၄၀) ပြည့် ဤသည့် ပွဲတော်ကြီးအတွက် ဤဆောင်းပါးဖြင့် မွေးနေ့လက်ဆောင်ပါးလိုက်ပါသည်။

ယခင် နှင့် ယခု ကွာခြားမှုကို မှန်းဆ၍သာ ရှုနိုင်ကြပါစေ။

◆ ရွှေကြက်ယက်ဆရာတော်

# အင်းစိန်ဆိုသည်မှာ

* "အင်" နှင့် "ဇိင်"ပေါင်း "အင်ဇိင်"ဟာ
"အင်းစိန်"အမည်ပြောင်းလဲလာ ။
မွန်ဘာသာနဲ့ "အင်းစိန်"ကား
"အိုင်ဆင်" ဖြစ်တကား ။

* "အင်းစိန်"စားသားမြို့မည်မှာ
မွန်ဘာသာမှဆင်းသက်လာ ။
"အင်"နှင့် "ဇိင်"ဟာ "အိုင်ဆင်"ကွဲ့
"ဆင်ရေသောက်အိုင်" ဖြစ်သတဲ့ ။

* "အင်ဇိင်"ဆိုတဲ့ ဆင်ဆင်းအိုင်
"အင်းစိန်" အမည်သို့ယိုင် ။
ယခုတိုင်အောင် အမည်နာမ
ခေါ်တွင်လာခဲ့ကြ ။

* မူလရှိခဲ့ ထိုနေရာ
ရွာမပရိယတ္တိ ကျောင်းဝင်းမှာ ။
"မင်္ဂလာနန္ဒာ"ကန်တော်တဲ့
ယနေ့မျက်မြင် ရှိသကွဲ့ ။

* မြို့အင်းစိန်ရဲ့ မူလနေရာ
ရွာမအနောက် ရပ်ကွက်ပါ ။
"မွန်ဖိုးချို"ကညွှန်းဆို၏
ရွာမပရိယတ္တိ ။

* မြို့၏အစ ရွာကပါ
ဆိုရိုးစကား ရှိခဲ့တာ ။
မှတ်သားစရာ သမိုင်းတစ်လျှောက်
အင်းစိန် အမည်ပေါက် ။ ။

မောင်မောင်ဝင်းမြင့်(မှူခင်း)





# ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း

စံသင်းလှိုင် (သာသနာရေး)

မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာရှိသူတို့ နေထိုင်ရာအရပ်ဒေသသည် ရွာဖြစ်ချင်ဖြစ်မည်၊ တောဖြစ်ချင် ဖြစ်မည်၊ ချိုင့်ဝှမ်းဖြစ်ချင်ဖြစ်မည်၊ ကြည်းကုန်းဖြစ်ချင်ဖြစ်မည်၊ ဘာပဲဖြစ်ဖြစ် ပျော်မွေ့ဖွယ်အကောင်းဆုံးဒေသ ဖြစ်၏။ ဤသဘောကိုဖော်ပြပါ ဓမ္မပဒ ဒေသနာတော်က ညွှန်ပြ၏ -

**ဂါမေဝါ ယဒိဝါ ရညေ ၊ နိန္နေဝါ ယဒိဝါ ထလေ။**

**ယတ္ထ အရဟန္တော ဝိဟရန္တိ ၊ တံ ဘူမိ ရာမဏေယျကံ။**

## ပျော်မွေ့ဖွယ်အကောင်းဆုံးဒေသ

ရွာမရပ်ကွက် ရွာမကျောင်းသည် မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာရှိသူတို့ နေထိုင်ရာ ဒေသတွင် ပါဝင်၏။ ထို့ကြောင့် ထိုအရပ်ဒေသသည် ပျော်မွေ့ဖွယ်အကောင်းဆုံးဒေသဖြစ်၏။ ရွာမဟုဆိုသဖြင့် မြို့မဟုတ်သော ရွာသဘောပေါ်လွင်၏။ ရှေးက တောရွာတစ်ရွာဖြစ်ခဲ့၍ ဘူတပုဗ္ဗဂတိကနည်းအရ ယခုလည်း ရွာမပင်ဖြစ်၏။ ရွာပင်ဖြစ်သော်လည်း မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာရှိသူတို့ နေထိုင်ရာဒေသဖြစ်၍ ပျော်မွေ့ဖွယ်အကောင်းဆုံးဒေသဖြစ်၏။ မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာရှိသူတို့ နေထိုင်ရာဒေသဟု ဆိုနိုင်သည်မှာ ပရိယတ် ပဋိပတ် သာသနာ့လုပ်ငန်းနှစ်ရပ်ကိုသာ တစ်စိုက်မတ်မတ် ဆောင်ရွက်နေသူများနေထိုင်ရာ ဒေသ ဖြစ်သောကြောင့်တည်း။

ဆရာတော် ဦးကေတုနှင့် ဆရာတော် ဦးနန္ဒဝံသတို့သည် မိမိတို့ပိုင်ဆိုင်သော ရွာမကျောင်းကို ရွာမပရိယတ္တိစာသင်တိုက်အဖြစ် မြှင့်တင်၍ သာသနာပြုလိုကြ၏။ ထိုအခါ မြင်းခြံဆရာတော် (နောင်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ) ဘဒ္ဒန္တ သောဘိတထံတွင် ပရိယတ္တိအရည်အချင်းပြည့် ရဟန်းတော်တစ်ပါး ချထားပေးရန် လျှောက်ထားခဲ့ကြရာ ဆရာတော်က တပည့်ဖြစ်သူ မဟာအကျော် သကျသီဟ ဓမ္မာစရိယ အရှင်တိလောကာဘိဝံသကို ချထားပေးခဲ့၏။ ဆရာတော်နှစ်ပါးတို့သည် အရှင်တိလောကာဘိဝံသ အား စာချနာယကအဖြစ် တင်မြှောက်ပြီး မိမိတို့က ပစ္စည်းလေးပါးအထောက်အပံ့ပေး၍ "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" လက်တွဲညီညာ သာသနာပြုခဲ့ကြပါ၏။ တစ်နည်းအားဖြင့် မိမိတို့က ပစ္စည်းလေးပါးအထောက် အပံ့တာဝန်ကိုယူ၍ အရှင်တိလောကာဘိဝံသက ပညာရေးကိုတာဝန်ယူပြီး ရွာမကျောင်းကို စာသင်တိုက် အဖြစ်သို့ ရောက်အောင် လွန်ခဲ့သည့် အနှစ် (၄၀) က စတင်ပုံဖော်ခဲ့ကြပါ၏။ နောက်ပိုင်းတွင် ဆရာတော် ဦးကေတု ပျံလွန်တော်မူ၍ ဆရာတော် ဦးနန္ဒဝံသနှင့် အရှင်တိလောကာဘိဝံသ တို့နှစ်ပါးသာ လက်တွဲခဲ့ရ၏။

ဤနေရာ၌ မြင်းခြံဆရာတော်သည်လည်းကောင်း၊ ဆရာတော်နှစ်ပါးတို့သည်လည်းကောင်း၊ အရှင်တိလောကာဘိဝံသသည်လည်းကောင်း၊ ရွာမကျောင်းသည်လည်းကောင်း အချင်းချင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၍ ရွာမကျောင်းသည် ရွာမပရိယတ္တိစာသင်တိုက် ဖြစ်လာခဲ့၏။ ပဋ္ဌာန်းဒေသနာတော် (၂၄) ပစ္စည်းတွင် ဥပနိဿယပစ္စည်းသည် (၃) မျိုးလာရှိ၏။ အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ တို့ဖြစ်၏။ ထိုတွင် ပကတူပနိဿယ ပစ္စည်းကို ဟောကြားတော်မူရာ၌ ရာသီဥတုကလည်းကောင်း၊ စားသောက်ဖွယ်ရာ အစာအာဟာရ များကလည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါများကလည်းကောင်း၊ နေရာဒေသကလည်းကောင်း၊ ထိုထိုသတ္တဝါ ထိုထိုအရာဝတ္ထုတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြောင်း ဟောကြား ချက်ပါရှိ၏။

ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်၌ -
"ဥတု ဘောဇနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော ၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော ၊ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော" ဟူ၍ တွေ့နိုင်ပါ၏။

**အညမညပစ္စည်းမဟုတ်**

ရှာမပရိယတ္တိစာသင်တိုက် ဖြစ်ပေါ်လာဖို့ရန် ဖော်ပြပါအရှင်မြတ်တို့က အချင်းချင်းအား လည်းကောင်း၊ ရှာမကျောင်းအားလည်းကောင်း၊ ရှာမကျောင်းကလည်း အရှင်မြတ်တို့အား လည်းကောင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။ ဤနေရာမျိုး၌ အယူအဆလွဲမှား နေကြသည်ကိုတွေ့ရ၏။ ပုဂ္ဂိုလ်သတ္တဝါ အချင်းချင်းလည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါက သက်မဲ့ အရာဝတ္ထုအားလည်းကောင်း၊ သက်မဲ့အရာဝတ္ထုက ပုဂ္ဂိုလ်သတ္တဝါအားလည်းကောင်း၊ သက်မဲ့ အရာဝတ္ထုအချင်းချင်းလည်းကောင်း ကျေးဇူးပြုကြရာ၌ အချို့က အညမညပစ္စည်းတပ်၍ အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြောင်း ဆိုတတ်ကြ၏။ ထိုအဆိုမှာ အဘိဓမ္မာသဘောကို တကယ်မသိသော၊ အဘိဓမ္မာသဘောနှင့် အလှမ်းကွာသော တတ်ယောင်ကားသမားများ၏ မှားယွင်းသောအဆိုသာဖြစ်ချေ၏။ သံတူကြောင်းကွဲသဘောကိုမသိ၍ ဆိုမှားခြင်းလည်း ဖြစ်လေ ရာ၏။ အချင်းချင်းကျေးဇူးပြုသည်ဟုဆိုလျှင် လက်ခံနိုင်ဖွယ်ရာရှိသော်လည်း အညမညပစ္စည်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟုဆိုလျှင်ကား မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိပါ။ ဤနေရာမျိုးတွင် အချင်းချင်း ကျေးဇူးပြုဟူရာ၌ အချင်းချင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူး ပြုခြင်းကိုသာ ယူရာ၏။

အညမညပစ္စည်း၏သဘောမှာ သန္တာန်တူ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတည်း၌ စိတ်, စေတသိက်, ရုပ်တရားများ (ဝါ) ရုပ်နာမ်တရားများ အတူတကွ တစ်ပေါင်းတည်းဖြစ်၍ ကျေးဇူးပြုခြင်းသဘော တည်း။ ထို့ကြောင့် ရုပ်နာမ်တရားများသန္တာန်တူ တစ်ချိန်တည်း အတူတကွဖြစ်ရာ၌သာ အညမည ပစ္စည်းတပ်၍ အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်၏ဟု တစ်ထစ်ကျမှတ်သားရာ၏။ ထင်ရှားအောင် အာဂုံဆောင် ပြရလျှင် ဤသို့ တွေ့ရမည်ဖြစ်၏ -

အညမညပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန

ပစ္စတေယာ၊ စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော၊

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသပဋ္ဌာန်းပါဠိတော်)

ဤပါဠိတော်အရ နာမ်ခန္ဓာ (၄) ပါးအချင်းချင်း အညမညပစ္စည်းဖြင့် ကျေးဇူးပြု၏ဟူ၍ လည်းကောင်း၊ မဟာဘုတ် (၄)ပါးအချင်းချင်း အညမညပစ္စည်းဖြင့် ကျေးဇူးပြု၏ဟူ၍လည်းကောင်း၊ ပဋိသန္ဓေနာမခန္ဓာ ဟဒယဝတ္ထုရုပ်အချင်းချင်း အညမညပစ္စည်းဖြင့်ကျေးဇူးပြု၏ဟူ၍လည်းကောင်း သိရ၏။ နာမ်ခန္ဓာ (၄) ပါးဟူသည် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့တည်း။ မဟုတ်ဘုတ် (၄) ပါးဟူသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့တည်း။ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတစ်ယောက် သန္တာန်တစ်ခုတည်း၌ရှိသော နာမ်ရုပ်များအချင်းချင်းသာ အညမညပစ္စည်းတတ်ကြောင်း ထင်ရှား၏။

ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး၊ အရာဝတ္ထုတစ်ခုနှင့်တစ်ခု၊ ပုဂ္ဂိုလ်နှင့် အရာဝတ္ထု အညမညပစ္စည်းမတတ်ကြောင်း၊ အညမညပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု မဆိုအပ်ကြောင်း ကောင်းစွာနားလည်အပ်ပါ၏။ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး၊ အရာဝတ္ထုတစ်ခုနှင့်တစ်ခု၊ ပုဂ္ဂိုလ်နှင့် အရာဝတ္ထု ကျေးဇူးပြုသည်ဟုဆိုလျှင် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်းသာဖြစ်ကြောင်း ကောင်းစွာမှတ်သားအပ်ပါ၏။

**အချင်းချင်းကျေးဇူးပြုမှုများ**

ဤရွာမပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိလာကြကုန်သော စာချစာသင်အရှင်မြတ်တို့အားလည်း ဤရွာမပရိယတ္တိစာသင်တိုက်ကြီးက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။ ထိုသို့ကျေးဇူးပြုသဖြင့် စာပေပရိယတ်ပို့ချသင်ယူနိုင်ခြင်း၊ တရားမေ့ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ခြင်း၊ ဣရိယာပထမျှတစွာ သီတင်းသုံးနေနိုင်ခြင်း၊ စာမေးပွဲအောင်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးများရခြင်းစသော အကျိုးတရားတို့ကို ရရှိကြလေကုန်၏။ ရွာမဒေသနှင့် ရွာမဒေသဝန်းကျင်ရှိ ဒါယကာ ဒါယိကာမများကလည်း စာချစာသင် အရှင်တို့ အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြလေကုန်၏။ ထိုရွာမဒေသက အရိပ်အာဝါသပေး၍ ထိုဒါယကာ ဒါယိကာမများက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း (၄)ပါးအထောက်အပံ့ပေးသဖြင့် အရှင်မြတ်တို့မှာ သာသနာ့အလုပ်ကို အားထုတ်နိုင်သောကြောင့်ဖြစ်၏။

အာရာမသမုဋ္ဌာပကကျောင်းတိုက်သည် ဆရာတော်များ၊ စာချစာသင် အရှင်မြတ်များ၊ ဒါယကာ ဒါယိကာမများကလည်း ရွာမပရိယတ္တိစာသင်တိုက်ကြီးအား ပကတူပနိဿသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ထိုဆရာတော်များ၊ အရှင်မြတ်များနှင့် ဒါယကာ ဒါယိကာမများက မိမိတို့ဆိုင်ရာဆိုင်ရာ လုပ်ငန်းများကို တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ကြသဖြင့် ရွာမပရိယတ္တိစာသင်တိုက်ဟူ၍ ဝင့်ထည်စွာပေါ်ထွန်းလာခြင်း၊ ဆက်လက်ရှင်သန်ရပ်တည်နိုင်ခြင်း၊ ရွာမပရိယတ္တိစာသင်တိုက်ဟူသော သရဖူကို ဆက်လက်ဆောင်းထားနိုင်ခြင်းဖြစ်ပါ၏။ ရွာမပရိယတ္တိစာသင်တိုက်နှင့် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ကလည်း ပစ္စည်း (၄) ပါး ဒါယကာဒါယိကာမများအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ စာသင်တိုက်နှင့် ဆရာတော်သံဃာတော်များကြောင့် ဒါယကာ ဒါယိကာမများမှာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများတိုးပွားရရှိကြသောကြောင့် ထိုသို့ဆိုရခြင်းဖြစ်ပါ၏။ ဤသို့အားဖြင့် ရွာမပရိယတ္တိစာသင်တိုက်သည်လည်းကောင်း၊ မြင်းခြံဆရာတော်ဘုရားကြီးသည်လည်းကောင်း၊ ကျောင်းတိုက်တည် ဆရာတော်များသည် လည်းကောင်း၊ စာချစာသင် အရှင်သူမြတ်များသည်လည်းကောင်း၊ ပစ္စည်း (၄) ပါး ဒါယကာ ဒါယိကာမများ သည်လည်းကောင်း အချင်းချင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု

နေကြသည်မှာ အဘိဓမ္မာသဘောအရ လည်းကောင်း၊ လက်တွေ့ ပစ္စက္ခအမြင်ရလည်းကောင်း၊ အကြွင်းမရှိ ယုံကြည်အပ်ပါ၏။

ထိုသို့ အပြန်အလှန်ကျေးဇူးပြုကြသဖြင့် အဆိုပါ သက်ရှိ သက်မဲ့ အရာအားလုံးတို့သည် အချင်းချင်း ကျေးဇူးရှင် ကျေးဇူးစားများဖြစ်ကြပါ၏။ စာရေးသူအနေဖြင့် ပုဂ္ဂိုလ်ရေးအရဆိုရလျှင် ရွှာမပရိယတ္တိ စာသင်တိုက်သည်လည်းကောင်း၊ စာသင်တိုက်မှ တာဝန်ရှိဆရာတော်များသည် လည်းကောင်း၊ စာသင် အရှင်မြတ်တို့သည်လည်းကောင်း၊ ပစ္စည်း (၄) ပါး ဒါယကာ ဒါယိကာမ များသည်လည်းကောင်း စာရေးသူ၏ ကျေးဇူးရှင်များဖြစ်ကြပါကုန်၏။ ယင်းတို့က စာရေးသူတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြပါ ကုန်၏။ စာရေးသူသည် ရွှာမပရိယတ္တိစာသင်တိုက်၌ (၅) နှစ်ခန့် စာချနာယကအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာ ယင်းတို့၏ကျေးဇူးပြုမှုကြောင့် ဣရိယာပထမျှတစွာ ကျန်းမာချမ်းသာ သီတင်းသုံးနေနိုင်ခြင်း၊ အောင်အောင်မြင်မြင် စာပေ ပရိယတ်ပို့ချနိုင်ခြင်းမှသည် သကျသီဟဓမ္မာစရိယဘွဲ့ရခြင်း၊ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဖြစ်ခြင်း စသော သာသနာ့သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပါ၏။

## လောကအပေါ် ကျေးဇူးဆပ်ခြင်း

ပကတူပနိဿယသဘောအရ ဤလောကသည် ထိုထိုသတ္တဝါတို့၏ ကျေးဇူးရှင်ဟုဆိုလျှင် ရနိုင်ကောင်း၏။ မည်သည့်သတ္တဝါမဆို ဤလောကမှ ကျေးဇူးပြုမှုကို မခံရသူဟူ၍ မရှိစကောင်း။ ထို့ကြောင့် လူသည် မိမိပတ်ဝန်းကျင်လောကနှင့် ဆက်ဆံရာတွင် မိမိကျေးဇူးရှင်အပေါ် မိမိအနေဖြင့် တတ်နိုင်သလောက် ပြန်လည်ကျေးဇူးဆပ်ခြင်းသဘောဖြင့် ဆက်ဆံသင့်၏။ ကျေးဇူးဆပ်ခြင်း ဟူသည်မှာ ကျေးဇူးရှင်ထံမှ နောက်ထပ်တစ်စုံတစ်ရာ မျှော်ကိုးခြင်းမရှိဘဲ မိမိကသာ ပံ့ပိုးခြင်း ဖြစ်၏။ ပံ့ပိုးနိုင်လေလေ ကျေးဇူးကြွေး ကျေလေလေဖြစ်၏။ ကျေးဇူးကြွေးများ များများပြန်လည် ဆပ်နိုင်လေလေ များများကျေနပ်ရလေဖြစ်၏။ လူသားတိုင်း ဤအသိအမြင်ဖြင့် ကျေးဇူးဆပ်နိုင် ကြမည်ဆိုလျှင် ဤကမ္ဘာလောကကြီး အဘယ်မျှငြိမ်းချမ်း သာယာရှိပေလိမ့်မည်နည်း။ လူသားတိုင်း ပံ့ပိုးလိုသူချည်းဖြစ်ပြီး ရယူပိုင်ဆိုင်လိုသူမရှိဘူးဆိုလျှင် ဤကမ္ဘာလောကကြီး အဘယ်မျှ ငြိမ်းချမ်း သာယာရှိမည်ကို ခန့်မှန်းကြည့်သင့်ပါ၏။

ဤ၌ သောတာပန်ဘုရင် ဗိမ္ဗိသာရမင်းကြီး လောကအပေါ် ကျေးဇူးဆပ်ခြင်းကို မြင်အောင် ကြည့် သင့်၏။ ဗုဒ္ဓမြတ်စွာသည် ဗိမ္ဗိသာရမင်းကြီးထံမှ ဝေဠုဝန်ကျောင်းတော်ကို အလှူခံယူပြီး နောက်တစ်နေ့တွင် တိရောကုဋ္ဋသုတ်တော်ကို ဟောကြားတော်မူ၏။ လူတို့၏ဘဝပေးတာဝန်ကို နားလည်စေရန် ဗိမ္ဗိသာရမင်းကြီးအား ဤသုတ်တော်ကို ဟောကြားတော်မူခြင်းဖြစ်၏။ အတိအကျ

ဆိုလျှင် ဗိမ္ဗိသာရမင်းကြီးအား မိမိ၏ ပတ်ဝန်းကျင်လောကကို ကျေးဇူးရှင်အဖြစ် ကတညုတ မျက်စိဖြင့်ကြည့်တတ်ရန် ဤသုတ်တော်ကို ဟောကြားတော်မူခြင်းဖြစ်၏။ ထို့ကြောင့်လည်း သောတာပန်အရိယာဖြစ်နေသော မင်းကြီးသည် သောတာပတ္တိဖိုလ်၏အရသာကို ကိုယ်တိုင်ခံစားပြီး ဖြစ်၍ အထက်ဖိုလ်များ၏အရသာကို ခံစားနိုင်ရန် တရားဘာဝနာများ ဆက်လက်ပွားများ လိုပါသော်လည်း မိမိအတွက် အနစ်နာခံပြီး လောကအကျိုးစီးပွားအတွက် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခြင်းဖြစ်၏။ မိမိဘဝကိုစတေး၍ မိမိပတ်ဝန်းကျင်လောကကို ကျေးဇူးဆပ်ခြင်းဖြစ်၏။

အကယ်၍သာ ဗိမ္ဗိသာရမင်းကြီးသည် မဂဓတိုင်းနိုင်ငံ၊ ရာဇဂြိုဟ်နေပြည်တော်၌ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ရန် စိတ်မဝင်စားတော့ဘဲ ဖလသမာပတ်ဝင်စားနေခြင်း၌သာ စိတ်ဝင်စားမည် ဆိုလျှင် (သို့မဟုတ်) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်အတွက် တရားဘာဝနာပွားများ ခြင်း၌သာ စိတ်ဝင်စားမည် ဆိုလျှင် လောကအပေါ် တာဝန်ကျေသူဖြစ်လိမ့်မည်မဟုတ်။ ယခုတော့ လောကအပေါ်တာဝန် ကျေသူဖြစ်ခဲ့ရုံမျှမက လိုနေသောပါရမီကိုဖြည့်ကာ တစ်နေ့သောအခါ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုမည်မှာ သေချာပါ၏။ ဗုဒ္ဓမြတ်စွာ၏ အမြော်အမြင်ကြီးမားတော် မူခြင်းကြောင့် နောင်လာနောက်သားများ အတုယူ လိုက်နာကျင့်သုံးဖွယ်ရာအဖြစ် သာသနာ့ သမိုင်းမော်ကွန်းတွင် ထာဝရမှတ်တမ်းတည်ရှိနေမည်ဖြစ်၏။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်နှင့်စပ်၍ဆိုရလျှင် စာသင်တိုက်တည် ဆရာတော်ကြီးများ သည် ရွာမကျောင်းမှ ရွာမပရိယတ္တိစာသင်တိုက်အဖြစ်တည်ထောင်ရာတွင် သူတို့ကိုယ်ကျိုးစီးပွား အတွက် မဟုတ်ဘဲ လောကအကျိုးစီးပွားအတွက် ရည်ရွယ်ချက်ဖြင့် အားထုတ်ခြင်းဖြစ်သည်မှာ သေချာပါ၏။ လောကအကျိုး စီးပွားအတွက် ပရိယတ္တိဓမ္မများပြန့်ပွားရန် နာယကစာချဂဏဝါစက များမှတဆင့် ဖြန့်ဝေပေးခဲ့ကြ၏။ ပရိယတ္တိဓမ္မများ နိုင်ငံအဝှမ်း ကမ္ဘာသို့တိုင် တကယ်လည်းပြန့်ခဲ့ ပါ၏။ ဆရာတော်ကြီးများ၏ ရည်ရွယ်ချက်အထ မြောက်အောင်မြင်ကြောင်းကို အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ဟူသော မော်ကွန်းကမ္ပည်းမှတ်တိုင်က ယနေ့တိုင် အခိုင်အမာ သက်သေထူ လျက်ရှိနေပါ၏။

♦ **စံသင်းလှိုင်** (သာသနာရေး)

# သာသနာ့ဝန်ထမ်းများနှင့် စာပေမွေ့လျော်မှု

ဇေယျာနရိန်(မြောင်းမြ)



သာသနာ့ဝန်ထမ်း ရှင်ရဟန်းမှန်လျှင် ပရိယတ်စာပေ သင်အံပို့ချပေးလှလာမှု ဂန္ထဓုရနှင့် ဝိပဿနာပွားများ အားထုတ်မှု ဝိပဿနာဓုရတို့တွင် နှစ်မျိုးလုံးကိုဖြစ်စေ တစ်မျိုးမျိုးကိုဖြစ်စေ မဖြစ်မနေ ကြိုးစားအားထုတ်ရမည်။ သို့မှာသာ "ဓုရနှစ်ပြင် အလုပ်ခွင်၊ နေ့စဉ်မှန် သမဏ"ဆိုစကားအတိုင်း သာသနာ့ဝန်ထမ်း ရှင်၊ ရဟန်း အစစ်ဖြစ်ပေမည်။

ဤနေရာ၌ အင်းစိန်မြို့၊ ရွာမစာသင်တိုက်၊ ပဓာနနာယက ဘဒ္ဒန္တတိလောက အပါအဝင်စာချဆရာတော်များ၏ ပရိယတ်သာသနာပြုဂုဏ်ရည်များကို ဂုဏ်ပြုပူဇော်သည့်အနေဖြင့် "သာသနာ့ ဝန်ထမ်းများနှင့် စာပေမွေ့လျော်မှု"အမည်ရှိ ဆောင်းပါးဖြင့် ပူဇော်ဂုဏ်ပြုလိုက်ပါသည်။

ရှေးခေတ် စာတတ်အကျော် ဆရာတော်ကြီးများကား သာသနာတော်ကို တည်တံ့ပြန့်ပွားစေလိုသော ရည်ရွယ်ချက် အပြည့်အဝဖြင့် မိမိကိုစွ၊ သာသနဗာတိရကိစ္စ၊ ဒကာ၊ဒကာမ ဆက်ဆံရေးကိစ္စများကို ပဓာနမပြုကြပေ။ အရှင်မြတ်တို့ သာသနာတော်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုကြည့်လျှင် လွန်စွာအားကျကြည်ညိုဖွယ် လည်းကောင်းလှသည်။

ထို့ကြောင့် စာရေးသူက နှောင်းခေတ်သာသနာ့ ဝန်ထမ်း ရှင်၊ ရဟန်းများ အားကျကြည်ညိုနိုင်ကြစေရန် ရှေးခေတ်ဆရာတော်ကြီးများ၏ စာပေမွေ့လျော် ရှိပုံများကို ရှာဖွေတင်ပြလိုက်ပါသည်။

ပြည်ဆရာတော်နှင့် အားလပ်ချိန်

ရတနာပုံမန္တလေးခေတ်တွင် အဋ္ဌသာလိနီနိဿယ၊ ဇာတ်ပါဠိတော် နိဿယစသော နိဿယကျမ်းများကို ပြုစုတော်မူခဲ့သော ပြည်ဆရာတော် ဘဒ္ဒန္တမေဓာဝီ(၁၁၅၀-၁၂၂၅)သည်

အကျင့်သီလပိုင်းမှာသာမက ပရိယတ္တိဝိသာရဒဂုဏ်နှင့်လည်း ပြည့်စုံလှသည့် ဆရာတော်ကြီးတစ်ပါးဖြစ်သည်။

ဆရာတော်ကြီးသည် ငယ်ရွယ်စဉ်မှစ၍ သက်တော်ဝါတော် ကြီးရင့်သည့်တိုင် အချိန်ကို အလဟဿ မဖြစ်စေဘဲ တန်ဖိုးရှိစွာ အသုံးချတော်မူသွားသည်။

တစ်ခါသော် မန္တလေး တောင်ခြေရှိ မဏ္ဍလာရာမခေါ် ပြည်ကျောင်းတိုက်သို့ စာပေသင်ရန် လာကြသော အခြားတိုက်မှ ရဟန်းငယ်တို့ ပြည်ဆရာတော်နှင့်တွေ့ကြရာ ဆရာတော်ကြီးက "ကိုယ်တော်လေးများ ယခု ဘယ်အရပ်သို့ ကြွကြပါမည်နည်း"ဟု မေးတော်မူ၏။

ထိုအခါ ရဟန်းငယ်များက "ယနေ့ ဘုရားဖူးလာကြပါသည်။ အချို့ကလည်း စာအုပ်ဝယ်ရန် လာကြပါသည်ဘုရား"စသည်ဖြင့် ဟုတ်တိုင်းမှန်ရာကို လျှောက်ထားကြလေသည်။

ထိုအခါ ဆရာတော်ကြီးက "ကိုယ်တော်တို့မှာ လွန်စွာ အားလပ်ချိန် ရကြပေသည်။ ကိုယ်တော်လေးများ၏ အားလပ်ချိန်ကို တပည့်တော်က ဝယ်ယူ၍ရလျှင် ဝယ်ယူ၍ စာရေးခြင်း၊ စာကြည့်ခြင်း စသော ကိစ္စများ ဆောင်ရွက်ချင်ပါသည်။ တပည့်တော်မှာ ယခု အသက်ခြောက်ဆယ်ကျော်ပါပြီ၊ "အခုထက်တိုင် အပျင်းပြေပဲ လှော်ကိုမျှ မဝါးအားသေးပါ"ဟု ပြန်လည် မိန့်တော်မူလိုက်လေသည်။

ပြည်ဆရာတော်ကြီး၏ အချိန်ကို တန်ဖိုးထားမှု သာသနာတော်အတွက် စာပေအားထုတ်မွေ့လျော်မှုတို့ကား အားကျအတုယူဖွယ် ကောင်းပါပေစွ။

*စာတတ်ချင်တဲ့သူဟာ*
*စာအုပ်နဲ့မျက်နှာ*
*အမြဲတစ်နေရတယ်။*
*စာအုပ်နဲ့ မျက်နှာ တစ်နေရင်*
*စာတွေ မမေ့တော့ဘူး။*
*စာမမေ့ရင် စာရရင်*
*တစ်ဝက် စာတတ်တယ်။*
*ကြီးလာတဲ့အခါကျတော့*
*ရနေတဲ့ စာတွေက*
*ကျုပ်ကိုကြည့်ပါ၊ သိပါလို့*
*ပြောလာလိမ့်မယ်၊*
*အဲဒီအခါ တတ်လာတော့တာပဲ၊*
*ဒါကြောင့်မို့လို့*
*စာတွေရနေအောင်*
*မှတ်မိနေအောင်*
*စာအုပ်နဲ့မျက်နှာ တစ်နေရတယ်။*

## ဒိပဲယင်းဆရာတော်ကြီးနှင့် စာတတ်ချင်လျှင်

ရွှေကျင် နိကာယ တတိယသာသနာပိုင် ဒိပဲယင်းဆရာတော်ကြီးသည်မိမိထံတော်ပါးသို့ ဦးပဥ္စင်း ကိုရင်ငယ်များ ရောက်လာသည့်အခါတိုင်း "ဦးပဥ္စင်းတို့ စာမတတ်ချင်ဘူးလား"ဟု မေးလေ့ရှိတော်မူပါသည်။ထိုအခါ ဦးဇင်းတို့က "တတ်ချင်ပါသည်ဘုရား"ဟု လျှောက်ထားကြလျှင် "အေး တတ်ချင်ရင် တပ်ပေါ့"ဟု တိုတိုတောင်းတောင်း ပြန်လည်မိန့်ကြားတော်မူပါသည်။

ဆရာတော်ကြီး၏ ရုတ်တရက် မိန့်ဆိုတော်မူချက်ကို နားမရှင်း၍ ဆရာတော်ကြီးမျက်နှာတော်ကို မော်ကြည့်နေသော ဦးပဥ္စင်း၊ ကိုရင်တို့မျက်နှာကိုကြည့်ပြီး ဆရာတော်ကြီးက-

"စာတတ်ချင်တဲ့သူဟာ စာအုပ်နဲ့မျက်နှာ အမြဲတပ်နေရတယ်။ စာအုပ်နဲ့ မျက်နှာ တပ်နေရင် စာတွေ မမေ့တော့ဘူး။ စာမမေ့ရင် စာရရင် တစ်ဝက် စာတတ်တယ်။ ကြီးလာတဲ့အခါကျတော့ ရနေတဲ့ စာတွေက ကျုပ်ကိုကြည့်ပါ၊ သိပါလို့ ပြောလာလိမ့်မယ်၊ အဲဒီအခါ တတ်လာတော့တာပဲ၊ ဒါကြောင့်မို့လို့ စာတွေရနေအောင် မှတ်မိနေအောင် စာအုပ်နဲ့မျက်နှာ တပ်နေရတယ်"ဟု ရှင်းပြတော်မူလိုက်လေသည်။

## ကျိုက်လတ်ပဋ္ဌိမာရုံဆရာတော်ကြီး စာပေမွေ့လျော်မှု

ရွှေကျင်နိကာယ သတ္တမသာသနာပိုင် ကျိုက်လတ်ပဋ္ဌိမာရုံ ဆရာတော်ကြီး အရှင်ကေလာသသည် ပိဋကတ်စာပေ၌သာ အစဉ်မွေ့လျော်လိုသည့် ဆန္ဒပြင်းပြလှပေရာ တစ်ချိန်သောအခါ ပဋ္ဌိမာရုံ ဆရာတော်ကြီး နေထိုင်မကောင်း၍ စာမကြည့်နိုင် ဖြစ်ခဲ့သည်။

ထိုအခါ တပည့်များက ချဉ်းကပ်၍ ဝတ်ပြုကြရာတွင် ဆရာတော်ကြီးက "ဒီနေ့ ဒို့နေမကောင်းလို့ စာမကြည့်ဖြစ်ဘူး၊ ငါ့ရှင်တို့ ကြည့်ကြသည့် အထဲက အထူးရှိရင် ပြောကြစမ်း"ဟု မေးတော်မူလေသည်။ ထိုအခါ တတိယပဋ္ဌိမာရုံဆရာတော် လောင်းလျာ အရှင်သောဘိတက "ပဋ္ဌာန်းပို့ချနေစဉ်ဖြစ်၍ ဥပနိဿယပစ္စည်းလာ 'ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ' စသောပါဠိတော်၏အဖွင့်တဿပဋိဃာတတ္ထာယာတိ တဿ ပဋိဗာဟနတ္ထာယ ဝိပါကောကောဓသ အနုပ္ပါဒနတ္ထာယာတိ အတ္ထော"ဟူသော အဋ္ဌကထာ စကား(အဘိ၊ ဌ၊ ၃၊ ၄၄၇)ကို ကြည့်ပါကြောင်း လျှောက်ထားလိုက်လေရာ သာသနာပိုင် ပဋ္ဌိမာရုံဆရာတော်ကြီးက 'အဖိုးတန်လိုက်တဲ့အဖွင့်'ဟု ဝမ်းမြောက်ဝမ်းသာ မိန့်တော်မူလိုက်သည်ဆို၏။

ဤအကြောင်းအရာ ဖြစ်စဉ်ကို ကြည့်လျှင် ရှေးရှေးသော မဟာထေရ်ကြီးများသည် မိမိတို့ကိုယ်ပိုင်အချိန်ကို များသောအားဖြင့် ပိဋကတ်စာပေဖြင့်သာ ကုန်လွန်စေရာ၌ နာမကျန်းသောအချိန် တစ်နေ့တလေမျှပင် စာပေနှင့်ကင်း၍ နေတော်မမူပုံကို အားကျဖွယ်ရာ တွေ့မြင်နိုင်ပေသည်။

## ညောင်ချောင်းဆရာတော်ကြီးနှင့် စကားပြောဖော်

မဟာဒွါရနိကာယတွင် ဓမ္မသေနာပတိတစ်ဆူဖြစ်တော်မူသော ဓနုဖြူမြို့နယ်၊ညောင်ချောင်းဆရာတော်ကြီး ဦးဉာဏဝံသ (၁၂၂၈-၁၃၀၃) သည် ထိန်တောမိုးညိုသို့ တရားဟောရန် ရောက်ရှိခိုက်ရွာပြင် သရက်ဥယျာဉ်အတွင်း တဲ

ကျောင်းလေးတွင် တစ်ပါးတည်း စာအုပ်များ ဝန်းရံလျက် တစ်နေ့လုံး သီတင်းသုံးတော်မူနေပါသည်။

ညနေပိုင်းရောက်သောအခါ တပည့်ဒကာ၊ ဒကာမများ ညောင်ချောင်းဆရာတော်ကြီးထံ လာရောက်ဖူးမြော်ကြပြီးနောက် ဒကာတစ်ဦးက "အရှင်ဘုရား. . ယခုလို တစ်ပါးတည်း သီတင်းသုံးနေသည်ကို ပျင်းရိတော်မမူပါလားဘုရား"ဟု လျှောက်တင်လေသည်။

ထိုအခါ ညောင်ချောင်းဆရာတော်ကြီးက" ဒကာ ငါ့မှာ အဖော်တွေနဲ့ နေတာပဲ၊ ဘယ်မှာ ပျင်းပါ့မလဲ၊ မြတ်စွာဘုရားတည်းဟူသော အဖော်၊ အဋ္ဌကထာ၊ ဋီကာဆရာတို့တည်းဟူသော အဖော်များ ရှိပါသည်။ ပါဠိတော်ကြည့်နေတာ မြတ်စွာဘုရားရဲ့ စကားကို နာယူနေတာနဲ့ တူတယ်၊ ပါဠိတော်ဆိုတဲ့ ဘုရားစကားမှာ ကိုယ့်ဉာဏ်ထဲ မရှင်းတာရှိရင် အဋ္ဌကထာကိုကြည့်တော့ အဋ္ဌကထာ ဆရာကြီးနဲ့ စကားပြောနေရသလိုပဲ၊ တစ်ခါ အဋ္ဌကထာ မရှင်းပြန်ရင် ဋီကာတွေကြည့်ပြန်တော့လည်း ဋီကာဆရာတွေနဲ့ စကားပြောနေရတာနဲ့ တူတယ်။ ဒါကြောင့် ငါ့မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၊ အဋ္ဌကထာဆရာကြီး၊ ဋီကာဆရာကြီးတွေနဲ့ လျှောက်ထားစကားပြော၊ နာယူနေရတဲ့အတွက် ပျင်းရိဖို့ အချိန်မရှိပါဘူး"ဟု ပြန်လည် မိန့်ကြားတော်မူလိုက်လေသည်။

**စာပေဖြင့်သာ အချိန်ကုန်လွန်စေကြလို**

ဖော်ပြပါ ဖြစ်စဉ်သာဓကများကို ကြည့်ခြင်းအားဖြင့် ရှေးခေတ်ဆရာတော်ကြီးများသည် မိမိရရှိထားသော ကိုယ်ပိုင်အချိန်များကို အလဟဿ မထား၊ စာတွေးတကြံစသည်ဖြင့် စာပေဖြင့်သာ အချိန်ကုန်လွန်ခဲ့ကြသည်ကို ကြည်ညိုကြရပေမည်။

ယခု အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တတိလောကာဘိဝံသစာချအကျော်ဆရာတော်ကြီးသည်လည်း ရှေးခေတ် ပရိယတ္တိအကျော် ဆရာတော်ကြီးများနည်းတူ သာသနာ့ဘောင်ဝင်ရောက်သည်မှ ယခု အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ရရှိသည့်ကာလတိုင်အောင် နှစ်ပေါင်းများစွာ ပရိယတ်စာပေ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ယူလေ့လာ စာသင်တိုက်တည်ထောင် ကြိုးစားခဲ့ခြင်းကြောင့်သာ 'အင်းစိန် ရွာမဆရာတော်'ဟု ထင်ရှားကျော်ကြားခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအနေဖြင့် ဖော်ပြပါ ရှေးဆရာတော်အဆက်ဆက်၏ ပိဋကတ်စာပေမွေ့လျော်မှုကို အားကျအတုယူ၊ စံနမူနာယူကြလျက် မြတ်ဗုဒ္ဓသာသနာတော်ကြီး အစဉ်တိုးတက်ပြန့်ပွားအောင် အချိန်ကို တန်ဖိုးထား ကြိုးစားအားထုတ်ကြပါဟု ဆုမွန်ချွေသ ဆန္ဒပြု တိုက်တွန်းလိုက်ရပေသည်။

♦ ဧယျာနရိန်(မြောင်းမြ)

*ကျမ်းကိုးစာရင်း*

*၁။ ကျိုက်လတ်ပဋ္ဌိမာရုံသာသနာ့ဝင်*
*၂။ ထိပေဿျင်မှ အာဇာနည်များ*
*၃။ သဗ္ဗမင်္ဂလမွေ့ဒေသနာကျမ်း*
*၄။ တိုးတက်ရေးမဂ္ဂဇင်း( ၁၉၉၃ခု၊ အောက်တိုဘာ)*
*၅။ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ*


နေတစ်ဆူ လတနှုန်း
ရွှေဘိုမင်းသုခ

■

အခုတလော ခရီးရှည်ထွက်နေရတာနဲ့ စာမရေးဖြစ်တာကြာပါပြီ။ သူငယ်ချင်း စာရေးဆရာ အသောက(မုံရွာ)က သူ့ရဲ့သား ရှင်ပြု သမီးနားသ အလှူပွဲမှာ အထူးပင့်ဖိတ်တာနဲ့ သူ့ဇာတိ ပုလဲမြို့နယ်ထဲက သင်တီးကန်ရွာကို သွားရတယ်။ ဆရာအသောက(မုံရွာ) အလှူပွဲအတွက် ကူညီသင့်တာ ကူညီပြီး ညတွင်းချင်း မော်တော်ဆိုင်ကယ်နဲ့ မုံရွာမြို့အရောက် ခရီးဆက်ရပြန်တယ်။ မုံရွာမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့မနက်စောစော နံပါတ်ဝမ်းကားနဲ့ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်ထဲက လှတောကျေးရွာကို အရောက်သွားရတယ်။

လှတောကျေးရွာဟာ လူရည်ချွန်တွေ မွေးထုတ်ပေးတဲ့ ရွာကြီးပါ။ အဲဒီအထဲမှာ နိုင်ငံကျော်တေးသံရှင် ရီရီသန့်၊ နှင်းရီသန့်တို့လည်းပါတယ်လေ။ သူတို့ ညီအစ်မကလည်း မြေးရှင်ပြုနားသပွဲကို ဇာတိချက်မြှုပ်ဖြစ်တဲ့ လှတောကျေးရွာမှာ ကျင်းပပါတယ်။ အဲဒီပွဲမှာ ကျုပ်က တာဝန်အရှိဆုံးတစ်ယောက်အနေနဲ့ ကူညီဆောင်ရွက်ပေးရတယ်။

လှတောရွာ အလှူပြီးတော့ ကျုပ်ဇာတိ အရပ်ဖြစ်တဲ့ လှတောရွာအနောက်ဖက်က အုတ်ပုံရွာလေးမှာရှိတဲ့ ကျေးဇူးရှင်မိဘများထံ သွားရောက်ဂါရဝပြုဖို့ ခရီးဆက်ရပါတယ်။ ဇာတိရွာရောက်တယ်ဆိုရင်ပဲ ကျုပ်ငယ်ပေါင်းကြီးဖော်တွေက တစ်ယောက်ပြီးတစ်ယောက် လာနှုတ်ဆက်ကြ၊ အချို့ကလည်း အုပ်စုဖွဲ့ပြီး အလ္လာပ သလ္လာပစကား ပြောကြတယ်။ ပျော်ရွှင်စရာကြီးပေါ့ဗျာ။

နောက်တစ်နေ့မနက်ရောက်တော့ ကျုပ်ရွာက တာဝန်ရှိတဲ့ ကျေးရွာခေါင်းဆောင်တွေနဲ့ ကျေးရွာဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးဖို့ ပြောကြဆိုကြတယ်။ ကျေးရွာပတ်လမ်း ပြုပြင်ရေး၊ ရေအားလျှပ်စစ် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး စတာတွေပေါ့။ ရွာဆိုတော့ သိတဲ့အတိုင်းပေါ့ဗျာ။ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြတာ များပါတယ်။ သည်တော့ ကျုပ်က အစည်းအဝေးကို စနစ်တကျ ကျင်းပနိုင်အောင် အလုပ်သဘောကို နားလည်သဘောပေါက်အောင် နောင်ကို အရှည်သဖြင့် စည်းကမ်းဘောင်အတွင်းက ဆောင်ရွက်တတ်လာအောင် စုပေါင်းညီညွတ်မှုဖြင့် အောင်မြင်မှုရလဒ် ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရတယ်။

ကျုပ်တို့ တိုင်းပြည်မှာ ကျေးရွာတိုင်းနီးပါးလိုလိုပဲ အများပိုင်တဲ့ ငွေကို အလွဲသုံးစားလုပ်လာတာ ယနေ့ခေတ်မှာ တွင်တွင်ကျယ်ကျယ်ပဲ။ ဒါတွေကို မေတ္တာနဲ့ရအောင် ဆောင်ရွက်ပေးရတယ်။ ဥပဒေအရ ဆောင်ရွက်လိုက်ရင် ကျေးရွာနှစ်ခြမ်းကွဲနိုင်တယ်။ ကောင်းကျိုးထက် ဆိုးကျိုးကို ဦးတည်လာနိုင်တယ်။ ဥပဒေအရ ဆောင်ရွက်ပြန်ရင်လည်း အများပိုင်ငွေပြန်ရတာထက် ကုန်ကျမှုပမာဏငွေက အဆပေါင်းများစွာ ပွားသွားနိုင်တယ်။ ကျုပ်တို့ရွာမှာ ယနေ့ခေတ်စကားအရ ပြောရရင် 'ခြ'စားမှုတွေက တော်တော်များတယ်။ မျိုးဆက်သစ် လူငယ်တွေနဲ့ လူကြီးတွေရဲ့ကြားမှာ သည်ကိစ္စဟာ အင်အားအကြီးမားဆုံး အဖုအထစ်ကြီး တစ်ခုပဲ၊ ရှေ့ဆက်ပြီးဘာဖွံ့ဖြိုးရေးမှဆောင်ရွက်လို့မရနိုင်တဲ့ အပိုင်းပဲ၊ ပြီးတော့ ကျုပ်တို့ လူမျိုးတွေဟာ ပုဂ္ဂိုလ်ရေးအရ ရှေ့တန်းတင်တာ

များတယ်။ ပုဂ္ဂိုလ်ရေးအရ ရှေ့တန်းတင်ရင် အဲဒီအဖွဲ့အစည်းဟာ ပြဿနာတက်တော့တာပဲ၊ ဒါ ကျုပ်ဇာတိ အုတ်ပုံရွာမှာ ဖြစ်တဲ့သဘောပဲ။

ဒါနဲ့ ကျုပ်လည်းရွာမှာ သုံးရက်နေပြီး အားလုံးကို နှုတ်ဆက်ကာ ရန်ကုန်ကို ခရီးပြန်တုန့်လှည့်ပါတယ်။ ထုံးစံအတိုင်း ရွှေဘိုကနေ ရန်ကြီးအောင်မန်းကားစီးပြီး မန္တလေးကို လာရတယ်။ မန္တလေးရောက်တယ်ဆိုရင်ပဲ ကျုပ်ပထမဆုံး ပြေးပြီးသတိရမိတာကတော့ ကျုပ်ပညာသင်ကြားခဲ့ရာ မစိုးရိမ်တိုက်ကြီး(၂) တိုက်ပါပဲ။ အချို့က မန္တလေးရောက်ရင် မဟာမုနိဘုရားကြီး၊ အချို့က ဦးခန္တီတောင်၊ အချို့က ရန်ကင်းတောင်၊ အချို့က နန်းမြို့ရိုးနှင့် ကျုံးတော် စသည်ပေါ့ သတိရမိကြမှာပါ။ တစ်ယောက်နှင့်တစ်ယောက် အာရုံပြုပုံချင်းတော့ တူညီကြမှာ မဟုတ်ပါဘူး။

မစိုးရိမ်တိုက်ကြီးကို သတိရတာနဲ့ ၈၄ နှင့် ၃၈ လမ်းထောင့် မန်းမြို့ဈေးအနီးမှာပဲ ကားပေါ်မှဆင်းလိုက်တယ်။ ၃၈-လမ်းအတိုင်း အနောက်တည့်တည့် မန္တလေးအခေါ် ငါးပြလောက် လမ်းလျှောက်တာနဲ့ မစိုးရိမ်တိုက်ကြီးကို ရောက်ပါတယ်။ ကံအားလျော်စွာ မစိုးရိမ်တိုက် အနီး ဦးပေစိဘုရားမှာ ကျောင်းနေဖက် သူငယ်ချင်း တောကြောင်လေးနဲ့ ပက်ပင်းတွေ့တယ်။

သည်နေရာမှာ အကြောင်းသင့်လို့ ဦးပေစိအကြောင်း ပြောပြချင်သေးတယ်။ ဦးပေစိဟာ ကျုပ်နဲ့ သူငယ်ချင်းလည်း မဟုတ်ဘူး၊ ခေတ်ပြိုင်လည်းမဟုတ်ဘူး၊ အဲ. ၁၉၈၈ ခုနှစ်က ကျုပ်တို့တိုင်းပြည်မှာ တစ်တိုင်း ပြည်လုံး မတည်မငြိမ် ဆူပူမှုကြီးဖြစ်ခဲ့တယ်။ ယနေ့ခေတ် အသက် ၂၅ နှစ်အထက် အရွယ်ရောက်ပြီး သူတိုင်း မမေ့နိုင်တဲ့ ခေတ်ကြီး တစ်ခေတ်ပေါ့။ အဲဒီအချိန်က ဦးပေစိဘုရား ဝိုင်းအတွင်းမှာ ခေတ်ပြောင်းတော်လှန်ရေး သမားတွေ ခိုအောင်းနေတယ်လို့ တာဝန်ရှိတဲ့ သူတွေက ယူဆပုံရတယ်။ သည်တော့ တာဝန်ရှိသူ ခေါင်းဆောင်က 'ဟေ့-ဦးပေစိ အဖမ်း မခံချင်ဘူးဆိုရင် အမြန်ဆုံးထွက်ခဲ့ပါ'လို့ အသံချဲ့စက်နဲ့ အော်ဟစ်သတိပေးတယ်၊ တာဝန်ရှိသူရဲ့ အော်ဟစ်သတိပေးသံကို ကြားရတော့ ပတ်ဝန်းကျင်က ငိုအားထက် ရယ်အားသန်ဆိုသလို မျက်ရည်ထွက်အောင်ရယ်ကြရပါသတဲ့။

တကယ်တော့ ဦးပေစိဟာ ၁၉၈၈ ခေတ်ပြောင်း တော်လှန်ရေးခေါင်းဆောင် မဟုတ်ပါဘူး။ မန္တလေးရတနာပုံခေတ်ရဲ့ နောက်ဆုံးမင်းဆက် သီပေါမင်းရဲ့ မြို့တော်ဝန်ပါ။ မြို့တော်ဝန်ဦးပေစိ ဒါယကာအဖြစ်နဲ့ တည်ထားတဲ့ဘုရားမို့ ဦးပေစိဘုရားလို့ မန္တလေးမြို့သူ၊ မြို့သားတွေက အမည်သညာ ပြုထား ကြတာကိုးဗျ။ ကဲ ရှိပါစေတော့ ဒါက ကိုယ့် အရေးခင်ဗျားတို့အရေး ကျုပ်အရေးမဟုတ်ဘူး။ ဦးပေစိဘုရားအနီးမှာ ကျုပ်သူငယ်ချင်း တောကြောင်ကလေးနဲ့တွေ့လို့ ဦးပေစိ အကြောင်း သတိရလို့ ပြောမိတာပါ။

ကျုပ်သူငယ်ချင်း တောကြောင်ကလေး ဆိုတာက အနွတ္ထအမည်လား ရုဠီအမည်လား ဆိုတာတော့ကျုပ်မပြောတတ်ဘူး၊ သူ့ဘွဲ့တော်က ပညာနန္ဒ တဲ့။ စာပေတော်တယ်၊ စာမြင်တယ်၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီး ဦးသီရိန္ဒာဘိဝံသ အနီးမှာ

အလုပ်အကြွေးလုပ်ခဲ့တယ်။ ကျုပ်နဲ့ မစိုးရိမ်တိုက်ကြီးမှာ ဘုန်းကြီးဦးကောဝိဒါဘိဝံသ ထံမှာ ဆရာတူတပည့် သူငယ်ချင်းစဖြစ်ခဲ့တာ ပဲ။ သူ့ဇာတိက ချောင်းဦးမြို့နယ်ထဲက တောကျောင်းလေးရွာကို အမှီပြုပြီး ကျုပ်အပါ အဝင် သူငယ်ချင်းတွေက ချစ်စနိုးနဲ့ တောကြောင်လေးလို့ခေါ်ကြတယ်။ တောကြောင်လေးရှိသလို တောကြောင်ကြီးဆိုတာ ရှိသေးသဗျ။ အဲ သူ့ဘွဲ့ကလည်း ပညာနန္ဒတဲ့၊ သူ့ ဇာတိကလည်း ချောင်းဦးမြို့နယ်ထဲက တောကျောင်းကြီးရွာကပါ။ သူ့ကိုတော့ ကျုပ်တို့ သူငယ်ချင်းတွေက တောကြောင်ကြီးလို့ခေါ်ကြ ပြန်တယ်။ ကျုပ်တို့ မစိုးရိမ်တိုက် ပိဋကတ် ကျောင်းသားတွေက တစ်ယောက်နဲ့တစ်ယောက် တစ်ပါးနဲ့တစ်ပါး ဘွဲ့အမည်မခေါ်ကြဘူး။ ကျောက်ပန်းတောင်းက ဦးတေဇနိယကို ကျောက်တော၊ ရွှေဘိုက တေဇနိယကို ရွှေဘို မိုက်ကယ်တော၊ သူက ရွှေဘိုသား ပီပီ မိုက် ကန်းကန်း အကြောက်အလန့်နည်းတဲ့ သဘောရှိတယ်။ မတ္တရာက ကောသလ္လကိုတော့ အာဆီယံကော စသည်ပေါ့လေ။ ပိဋကတ်ကျောင်းမှာ ဥပဇ္ဈာယ်ဆရာက ပေးလိုက်တဲ့ ဘွဲ့အမည်ကို ဖျောက်ပြီး အမည်သစ်ထပ်ခေါ်ကြတဲ့ သဘောပါပဲ။ ဒါလည်း အာစရိယပရမ္ပရ ဖြစ်ခဲ့သလားလို့တောင် ကျုပ် သံသယဖြစ်မိတယ်။

ကျုပ်တို့ ပဋ္ဌင်းခံတဲ့အခါ သိမ်အတွင်းမှာ အနုသာသနရဟန်းလောင်းဆုံးမတဲ့သူကပထမဦးစွာ ဘာပြောတယ်မှတ်လဲ၊ ဉတ်ကမ္မဝါ ရွတ်ဖတ်ရာ၌ လွယ်ကူစေရန် ဥပဇ္ဈာယ်ဆရာရဲ့ ဘွဲ့အမည်ဟောင်းကိုဖျောက်၍ အမည်သစ် တိဿ. . . ဟု အမည်မှည့်ပါသည်ဘုရား၊ ရဟန်းလောင်း၏အမည်ကိုလည်း အမည်ဟောင်းကဘွဲ့ကို ဖျောက်၍ အမည်သစ် နာဂ. . . ဟု မှည့်ခေါ်ပါသည်ဘုရား၊ ကမ္မဝါစာ၌ဖြစ်စေ၊ ဉတ်၌ဖြစ်စေ တိဿော၊ တိဿေန လို့ ပါခဲ့သော် ဥပဇ္ဈာယ်ဆရာတော်ရဲ့ အမည်လို့ မှတ်တော်မူပါဘုရား၊ နာဂေါ၊ နာဂေနလို့ ပါခဲ့သော် ရဟန်းလောင်းရဲ့ အမည်ဟု မှတ်တော်မူပါဘုရား။ ဒီလိုလုပ်ခဲ့ကြတာကိုးဗျ။ ဒါကြောင့်များ ပိဋကတ်ကျောင်းမှာ ကျောင်းသားတွေက အမည်ဟောင်းကိုဖျောက် အမည်သစ်ကိုမှည့်ကြတာထင်ပါရဲ့။

ကျုပ်ကိုလည်း အမည်သစ် ပေးလိုက်ကြသေးတယ်။ နှုတ်ခမ်းမွှေးတဲ့။ အချို့ကလည်း စာရေးဆရာတဲ့။ နာမည်နှစ်လုံး အနွတ္ထအမည်တွေချည်းပါပဲဗျာ။ ကျုပ်မန္တလေးမစိုးရိမ်မှာ နေစဉ်က နှုတ်ခမ်းမွှေးကြီး ရှည်ရှည်ထားတတ်တဲ့ အလေ့ရှိတယ်။ ကျုပ်တို့ မန္တလေးမစိုးရိမ်မှာ ကိုယ်ပိုင်လွတ်လပ်ခွင့် အပြည့်ရှိတယ်။ ဆရာတော်တွေက ပညာရေးကိုသာ အဓိက မကြိုင်ထားတာ၊ စာကြိုးစားဖို့သာ အဓိက ဩဝါဒပေးလေ့ရှိတာ၊ နှုတ်ခမ်းမွှေး၊ မင်းမွှေး၊ ပသိုင်းမွှေး၊ မုတ်ဆိတ်မွှေး တိုတာ ရှည်တာ အပေါ် ရိုးမယ်မဖွဲ့တတ်ကြပါဘူး။ ဘယ်ဂိုဏ်းက ရွှေ့ပြောင်းလာလာ၊ ဘယ်ဆရာ့ဆီကပဲလာလာ၊ ဂိုဏ်းစွဲ၊ ဆရာစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲ မရှိဘူး။ အဲဒါ မြန်မာပြည်တစ်ပြည်လုံးမှာရှိတဲ့ ပရိယတ္တိစာသင်တိုက်တွေနဲ့ မတူညီတဲ့အချက်ပဲဗျ။ ဒါကြောင့် ကျုပ်ဝါသနာအရ နှုတ်ခမ်းမွှေး ရှည်ရှည်ထားတာပေါ့။

စာရေးဆရာဆိုတဲ့အမည်ကတော့ သည်လိုပါ။ ကျုပ် မန္တလေးမစိုးရိမ်မှာ နေစဉ်က

> ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ ပေါ့၊ သည်နေ့ သည်ရက်ကို ခုနှစ်ထူး၊ သက္ကရာဇ်ထူး၊ ဂဏန်းထူးလို့ ပြောရ မလားဘဲ၊ ၁၉၈၈ ခုနှစ် အလွန်မှာ ရှစ် ဂဏန်းပူးပြီးလို့ ကိုးဂဏန်းပူးနိမိတ်ထူး ကောက်ကြတာလား ဘာလား ညာလား တော့ မပြောတတ်ဘူး၊ ကိုးနဝင်းတို့ ကိုးဘွဲ့ရတို့ ကိုးတောင်ပြည့်တို့ ကိုးမီးဖဲတို့ ဆီမီးကိုးထောင်တို့ ဆိုတာတွေက နေရာတကာအဆန်းတကြယ် ဗျ။

စာရှုးပေရှုးတစ်ယောက်ပါ။ ဒါက ဒီလိုလေ မန္တလေးဇာတ်သဘင်လောကမှာ ကျုပ်မသိတဲ့ ဇာတ်သဘင် မရှိသလောက်ပါပဲ။ ပြဇာတ်-အော်ပရာ-နောက်ပိုင်းဇာတ်ထုတ် နေရာတကာ ပါလေရာ ကျုပ်လုပ်ခဲ့တယ်။ ကျုပ်တို့ခေတ် က ရွှေမန်းပန်တျာ ကြည်လင်၊ ပန်တျာဖြူး၊ ပန်တျာမြကြည်ရဲ့ လှိုင်ဘွားအောင်၊ စောင်းမူမူ သိန်း၊ မန္တလေး ဇော်ရှိန်း၊ စိန်မွတ္တားတို့ ကျုပ်နဲ့ အလွန်ခင်မင် ရင်းနှီးသူတွေပါ။ လူရွှင်တော်ထဲ ကဆို ပေါ်ဦး၊ ဝမ်းတူး၊ ဖိုးထူး၊ ကုလားမ၊ ပြဇာတ် မင်းသမီးထဲကဆို မိုးသန္တာ၊ ရတနာမင်းလွင်၊ နောက်ပိုင်း မင်းသမီးထဲကဆို ရန်ကုန် နှင်းဆီ၊ စုံနေတာပဲဗျာ။ ကဲ ဒါတွေကတော့ ကျုပ်တို့ မစိုးရိမ်-ပိဋကတ်မှာနေစဉ်က အမည်သညာ ခေါ်ဝေါ်မှု နှင့် ပတ်သက်ပြီး မြစ်ဖျားခံလာခဲ့ပုံကို ပြယုဂ်ထုတ်ပြတာပါ။

ဦးပေစိဘုရားမှာ သူငယ်ချင်း တော ကြောင်လေးနဲ့တွေ့တော့ သူက ကျုပ်ကို 'ဟာ-စာရေးဆရာ ခင်ဗျားနဲ့တွေ့တာအတော်ပဲဗျာ၊ ကျုပ်တို့ ခင်ဗျားတို့ဆရာ ဘုန်းကြီးကော ပျံလွန် ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်စာစောင် ထုတ်ဝေမယ်၊ ခင်ဗျား ရေးသင့်တယ်ဗျာ'

ဗုဒ္ဓေါ-ဘုရား၊ ဘုရား၊ ဘုရား။ ပါဠိ တစ်ချက်ကို အာမေဋိတ်ပြုပြီး နိဿယ သုံးချက်ထွက်အောင်ကို လန့်သွားတယ်ဗျ။ ကျုပ်ရင်ထဲ ကြောက်လန့်ပြီး ဝမ်းနည်းခြင်း သဘောတရားကပါ အနန္တရပစ္စည်းနဲ့ ကျေးဇူး ပြုလိုက်ပြန်သေးတယ်။

ကျုပ် ဘာကြောင့် ဘုန်းကြီးကောဆိုတဲ့ အသံကြားရုံနဲ့ ကြောက်လန့်ရတာလဲ-လို့ မေးစရာရှိပါတယ်၊ ကျုပ် ဘုန်းကြီးကောဆီမှာ နှစ်နှစ်တိတိ ပညာသင်ခဲ့ရတယ်။ တစ်နေ့ကို ကျုပ် မှတ်မိပါသေးတယ်။ နေ့လယ် ကြောင် တောင်တောင် သံဃာအားလုံး-အနားယူနေတဲ့ အချိန်မှာ ကျုပ် ဇာတ်ယောင်ယောင်၊ အငြိမ့် ယောင်ယောင်၊ ဘိသိက်ဆရာယောင်ယောင် လုပ်ခဲ့တာကို အမှတ်ရမိပါတယ်။ လယ်တီ ဆရာတော်ရေးတဲ့ -

အဝိဇ္ဇာ ပိတ်ကာဆို့<br>
မိစ္ဆာ မြို့ပြင်ပြင်<br>
ဣန္ဒာလို့ ခင်မင်လျှင်<br>
လွင့်စဉ်မည် မလွဲ<br>
အရိုးစု အပုပ်ကောင်ကို

အဟုတ်ရောင် ဖန်နဲ့ - စတဲ့ နိဗ္ဗိန္ဒ တေးထပ်ကို ခုနစ်သံချီအော်ဟစ်ကာ ပိဋကတ် ကျောင်းအပေါ်ထပ် လှေကားကြီးကို နှစ်လှမ်း သုံးလှမ်းနဲ့ ရောက်အောင် တက်လိုက်တယ်။

'ဟိတ်ကောင် ဘယ်သူလဲကွ၊ သီချင်းဆိုတဲ့အကောင် လာခဲ့စမ်း'

ကျုပ်လည်း ဘုန်းကြီးကော အသံလည်းကြားရော လန့်ဖျပ်သွားလိုက်တာမပြောပါနဲ့တော့၊လယ်တီဆရာတော်ရဲ့ နိဗ္ဗိန္ဒတေးထပ်ကို အဆုံးမသတ်နိုင်ဘူး။ ပိဋကတ်ကျောင်းအပေါ်ထပ် ကျောင်းမကြီးထဲမဝင်မီ ဆင်ဝင်ခန်းထဲမှာ 'ငါဘယ်လိုလုပ်ရပါ့မလဲ၊ ကျောင်းကနှင်ထုတ်ရင်တော့ခက်ပြီ၊ သည်တစ်ချီတော့ သွားစရာလမ်းမရှိတော့ဘူး'။ ဘုန်းကြီးကောနဲ့ ရင်ဆိုင်တွေ့ရမှာကို ကျုပ် ကြောက်လန့်တာထက်ကို ပိုကြောက်လန့်တယ်လို့ ပြောရမလောက်အောင်ဘဲ၊ ဒါလည်း ကျုပ်အကြောင်းနဲ့ ကျုပ်မို့ ကြောက်သင့်သာထက် ကြောက်ရတာပါ။ ဘုန်းကြီးကောနဲ့ ရင်မဆိုင်မီ ကြောက်ရပုံလေး- အဲ-ကြောက်ရပုံကြီးကို ပြောပြချင်သေးတယ်။

ဒီလိုဗျ ကျုပ်ကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကနေ ဆရာဘုန်းကြီးဦးတိလောကာဘိဝံသ က သူ့မိတ်ဆွေရင်း မစိုးရိမ်တိုက် ဆရာတော်ဘုန်းကြီး ဦးရာဇဓမ္မာဘိဝံသ-ထံ စာရေးပြီးအပ်နှံခဲ့တယ်။ ဝါဆိုခါနီးဆဲဆဲ ဘုန်းကြီးဦးရာဇ-က ကျုပ်ကို လက်ခံခဲ့တယ်။ ဒါနဲ့ မစိုးရိမ်တိုက်သစ်မှာ နှစ်ဝါ နှစ်မိုး ပညာသင်ကြားခဲ့ရတယ်။ ဖြစ်ချင်တော့ မစိုးရိမ်တိုက်သစ်မှာ ပြဿနာက ဒီလိုဗျ၊ ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ပေါ့၊ သည်နေ့ သည်ရက်ကို ခုနှစ်ထူး၊ သက္ကရာဇ်ထူး၊ ဂဏန်းထူးလို့ ပြောရမလားဘဲ၊ ၁၉၈၈ ခုနှစ် အလွန်မှာ ရှစ်ဂဏန်းပူးပြီးလို့ ကိုးဂဏန်းပူးနိမိတ်ထူးကောက်ကြတာလား ဘာလား ညာလားတော့ မပြောတတ်ဘူး၊ ကိုးနဝင်းတို့ ကိုးဘွဲ့ရတို့ ကိုးတောင်ပြည့်တို့ ကိုးမီးဖဲတို့ ဆီမီးကိုးထောင်တို့ဆိုတာတွေက နေရာတကာအဆန်းတကြယ်ဗျ။ ကျုပ်တို့ လူမျိုးတွေက အခက်သားဗျ၊ အတိတ်နိမိတ် ကောက်တဲ့နေရာမှာတော့ ကမ္ဘာ့ချန်ပီယံပဲ။ ကျန်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စတာတွေသာ ချန်ပီယံမဖြစ်ချင်ရှိမှာ ဦးပေါ်ဦးရဲ့ အယူတော်မင်္ဂလာနိမိတ်ကျမ်း စတာတွေဟာ ဒါမျိုးတွေပေါ့။

ဆိုကြပါစို့ ၁၉၉၉ စက်တင်ဘာလ ၉ ရက်ကို ၉-ရက်၊ ၉-လ၊ ၉၉-ခုနှစ်ဖြစ်လို့ ကိုးလေးလုံးပူးတယ်ပေါ့။ ကိုးလေးလုံးပူးရင် ဘာတွေဖြစ်မယ်၊ ညာတွေဖြစ်မယ်ပေါ့။ အဲဒီလို ဘာဖြစ်မယ်၊ ညာဖြစ်မယ်၊ သူသူငါငါ ဂယက်ရိုက်နေတော့ ဘုန်းကြီးဦးရာဇ-က အဲဒီနေ့ ညနေ ခြောက်နာရီ ဘုရားဝတ်ပြုပြီးအချိန်မှာ ကရဏာဇော စေတာလား၊ လောဘဇော စေတာလား၊ ဒေါသဇော စေတာလား၊ မရဏာသန္နဇောစေတာလားတော့ မသိဘူး သြဝါဒမိန့်ခွန်းတွေ ဝေဝေဆာဆာ ချွေပါလေရောဗျာ။

'မင်းတို့ကောင်တွေ ခေတ်အခြေအနေက မကောင်းဘူး၊ ကိုယ့်စာရင်းဝင် အင်းဝင် အမည်ပေါက်ကျောင်းဆောင်မှာပဲ ဖြစ်သလို အိပ်ရမယ်။ အချိန်မရွေး သံဃာစစ်ဆေးမယ်။ မတွေ့ရှိရင် ဝါတွင်းဝါပနားမလည်ဘူး ကျောင်းတိုက်က ထွက်ခွာပေးရမယ်'။

အဲဒီတုန်းက မစိုးရိမ်ကျောင်းတိုက် ကျုပ်စာရင်းဝင်ကျောင်းက ဓမ္မသီတဂူကျောင်း ဒုတိယထပ်ပါ။ ဓမ္မသီတဂူမှာ သံဃာစာရင်းက သုံးရာကျော်ရှိတယ်။ တစ်ယောက်အပေါ်

တစ်ယောက်ထပ်ပြီးအိပ်ကြရင်တောင် နေရာ ဆန့်ဖို့မလွယ်ကူဘူး။ သုံးထပ်ကျောင်းဆောင် ဆိုပေမယ့် အလျား ပေသုံးဆယ်၊ အနံ ပေ ငါးဆယ်လောက်ရှိတာပါ။ မစိုးရိမ်တိုက်သစ်မှာ တစ်တိုက်လုံး သံဃာ သုံးထောင်ကျော် ရှိပါ တယ်။ သုံးနှစ်သုံးမိုးနေပြီးမှ ကျောတစ်ချပ်စာ ဖျာတစ်နေရာစာ ရရှိတာပါ။ ဓမ္မသီတဂူ စာရင်း ဝင် သံဃာတော်တွေဟာ ကိုယ်နှင့် သင့်ရာ အဆောင်အသီးအသီးမှာ ခိုကပ် တိုးဝှေ့ပြီး ဖြစ်သလို အိပ်စက်ကြရပါတယ်။

အဲဒီတော့ ကျုပ်တို့အဖွဲ့မှာ ကျုပ်ရယ်၊ ဦးပဏ္ဍိတ(ပခုက္ကူ)၊ ဦးသာသန၊ ဦးဉာဏိက (ယော)၊ ဦးဓမ္မသာမိ(ကန့်ဘလူ)၊ ဦးနန္ဒိသေန (ရွှေဘို) စတဲ့ သံဃာဆယ်ပါးခန့်ဟာ ဓမ္မပါရဂူ ကျောင်း ခေါင်းရင်းက ပျဉ်ပုံပေါ်မှာ ထန်းလက် ဆွေး အမိုးအောက် ပလပ်စတစ်ပြန့်ကျယ်ကျယ် မျက်နှာကျက်ပြုလုပ်ပြီး ညစဉ် ခိုကပ်အိပ်ကြရ တယ်။ အချို့သူငယ်ချင်းတွေက ကျုပ်ကို ဓမ္မ ပျဉ်ပုံကျောင်း နာယကဆရာတော်လို့တောင် တင်စားကြသေးရဲ့။ မစိုးရိမ်တိုက်သစ်က ကျောင်းဆောင်အမည်တို့ရဲ့ ရှေ့မှာ ဓမ္မဆိုတဲ့ စာလုံးလေးပါတာမို့ ကျုပ်တို့နေတဲ့ ပျဉ်ပုံ ထန်းလက်ဆွေးမိုးကျောင်းလေးရဲ့ရှေ့မှာ ဓမ္မ ပါရဂူ၊ ဓမ္မသီတဂူ၊ ဓမ္မဘာဏက၊ ဓမ္မဝိနယရှံသီ ကျောင်းများလို ဓမ္မပျဉ်ပုံလို့ ခေါ်ဝေါ်ကြတဲ့ သဘောပဲ။

အထက်က ကျုပ်ပြောခဲ့တဲ့ ကိုးဂဏန်း လေးလုံးပူးတဲ့နေ့မှာတော့ ဘုန်းကြီးဦးရာဇ-ရဲ့ စကားအရ ခေတ် အခြေအနေကြောင့်တဲ့။ ရှေးက မိသားစုထမင်းဝိုင်းမှာ မိသားစုထမင်း လက်ဆုံစားကြတော့ သားဖြစ်သူက သူ့မျက်နှာ ပေါ် ဝဲခနဲ ဝဲခနဲ ကျလာတဲ့ သူ့ဆံပင်ကို လက်နဲ့မသိမ်းဘဲ ခေါင်းလေးမော့ပြီး ဝှေ့ယမ်းနေ တာကို အဖေဖြစ်သူက အားမလို အားမရဖြစ် တယ်၊ သည်တော့-

'ငါ့သားရာထမင်းစားမှာ ကောင်းကောင်း မွန်မွန် ငြိမ်ငြိမ်သက်သက် စားစမ်းပါကွာ၊ မင်းဟာက ဆံပင်သိမ်းတာတောင် နွားအိုမော့ သလို မော့ မော့နေရသလို့ကွာ တကတဲမှပဲ'

'အဖေကလည်း ဘာသိလို့လဲ၊ ဒါ သား တို့ခေတ်ဗျ ခေတ်'

ဒီတော့ အဖေကဘာပြောသလဲဆို တော့-

'မင်းတို့ခေတ်ကလည်းကွာ ငါ့သား တောင် ထမင်းကောင်းကောင်းမစားရဘူး၊ ရီးခေတ် ရီးခေတ် တဲ့ဟ'

အခုလည်း ကျုပ်တို့ခေတ်က ရီးခေတ် များ ဖြစ်နေသလား မပြောတတ်တော့ဘူး။ ဒီလိုနဲ့ ကျုပ်တို့သူငယ်ချင်းတွေဟာ ဓမ္မသီတဂူ ကျောင်းရှေ့ကပိတောက်ပင်အောက်မှာ တစ်ည လုံးငုတ်တုတ်ထိုင်ကာ သံဃာစစ်ဆေးမည့် အရေးကို စောင့်ဆိုင်းနေကြရပါတယ်။ ဘယ် အချိန်လောက်များ စစ်ဆေးမလဲဆိုတဲ့ အတွေး ကိုယ်စီနဲ့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြတယ်။ ခုနစ်ရက် တစ်ပတ်နီးပါး ကြာသွားတယ်။ ကျုပ်လည်း တစ်ရက်မဟုတ် တော့ သည်းမခံနိုင်တော့ဘူး။ ဓမ္မသီတဂူ ကျောင်းမြေညီထပ်က ဘုန်းကြီး ဦးရာဇ-စာချတဲ့ ထိုင်ခုံပေါ်မှာ ငုတ်တုတ်မှေ့ အိပ်ပျော်ခဲ့ရတယ်။ မန္တလေးခြင်တွေကို ဖိတ်စာမကမ်းဘဲ စတုဒိသာ သွေးအလှူတော် ကျွေးပေးခဲ့တယ်။ မဟာ ကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်ပေါ်ပြီးနောက်မှာ ဘဝင်ကျ

ခဲ့ရတယ်ဆိုပါတော့။ သည်တော့ ကျုပ်ဘုန်းကြီး ဦးရာဇ-ကို စာချိုးမိတယ် -

**ဆည်းဆာအလှ၊ လရောင်ခချိန်**
**ရာဇ ထေရ်ကျော်၊ မထေရ်မော်၏**
**နှုတ်ဖော် မိန့်ဆို၊ သံချိုချိုနဲ့**
**ပီတို အာဏာ၊ ဓမ္မစာကြောင့်**
**သံယာ အများ၊ နေရာရှားခဲ့။**
**အများ အမြင်၊ သစ်တစ်ပင်ရင်း**
**မောင် ပဥ္စင်းတို့၊ အပ်နှင်းဘဝ**
**မိုးက ကျလိုက်၊ လေကတိုက်နှင့်**
**ခြင်ကိုက် ချောင်းဆိုး၊ ဖင်ဆေးထိုးဖို့**
**အပ်ကျိုး ရယ်မှျ၊ မရှိရသည်**
**ဩော်. . . ဒို့ဘဝ နုံချာလှချေတကား။**

ရေးပြီး နံရံကပ်ဘောမှာ ကပ်လိုက်တယ်။ ဘုန်းကြီးဦးရာဇ အစစ်အဆေး အမေးအမြန်း မခံတော့ဘူး၊ မစိုးရိမ်တိုက်သစ်ကနေ တစ်ချိုးတည်းလစ်ပြီး အပြီးထွက်ခွာခဲ့တယ်။ ကျုပ်လည်း မစိုးရိမ်တိုက်သစ်ကနေ ထွက်ခွာတော့ ရှေ့ဆက်ရမယ့်ခရီးအတွက် လမ်းပျောက်နေတယ်။ ကြံရာမရ ဖြစ်နေချိန် ကျုပ်ဆရာရှိရာ မိခင်တိုက် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကို ပြန်လာခဲ့တယ်။ အင်းစိန်ရွာမ ပြန်ရောက်တော့ အချိန်အခါမဟုတ် ပြန်ရောက်လာတဲ့ ကျုပ်ကို ဆရာတော်ဦးတိလောကာဘိဝံသက မေးမြန်းစိစစ်ပါတယ်။ မစိုးရိမ်တိုက်သစ်မှာ ဖြစ်ပုံစနစ် အားလုံး ကျုပ် ဆရာကိုတင်ပြတယ်။ ဆရာတော်က-

'ကလိုဆို မင်း မစိုးရိမ်တိုက်ဟောင်းမှာ သွားနေချေ၊ ငါ ဘုန်းကြီးကော ဆီ စာရေးပေးလိုက်မယ်' ပြောတယ်။

ဆရာ့စကားအတိုင်း ဆရာရေးပေးလိုက်တဲ့ စာကိုယူပြီး ကျုပ် ဘုန်းကြီးကောထံ ရောက်ခဲ့တယ်။ ဘုန်းကြီးကောနဲ့ ဘုန်းကြီးဦးတိလောကာဘိဝံသ တို့က တစ်ပါးနှင့်တစ်ပါး အပြန်အလှန်လေးစားကြတာဆိုတော့ ဘုန်းကြီးကောက ကျုပ်ရဲ့နောက်ကြောင်း ရာဇဝင်တွေ မဟာဝင်တွေ မမေးတော့ဘူး-

'မင်း ငါ့ဆီမှာ နေလိုကနေ၊ နေရာကောင်းကောင်းတော့မရနိုင်သေးဘူး၊မင်းအလျင်ရောက်နှင့်နေတဲ့သူတွေ အရွေ့အပြောင်းရှိမှ နေရာရမယ်၊ နေ့ပိုင်းတော့ ဖြစ်သလိုနေ၊ ညအိပ်တဲ့အခါ ကျောင်းမကြီးအပေါ်ထပ် အဝင်တံခါးပေါက်နားမှာ တစ်နေရာစာလွတ်နေတယ်။ ဝင်အိပ်လို့ရတယ်'

ဆိုပြီး လက်ခံလိုက်တယ်။ ဝမ်းသာလိုက်တာမှ လွန်ပါရော။ ကျုပ်ဆရာတော် ဦးတိလောကာဘိဝံသ နဲ့ ဘုန်းကြီးကောတို့ကို ကျေးဇူးတင်လိုက်တာ ယနေ့တိုင်ပါပဲ။ ဘုန်းကြီးကော ဆီရောက်ပြီး တစ်လလောက်ရှိသေး အဝိဇ္ဇာပိတ်ကာဆို့ မိစ္ဆာမြို့ပြင်ပြင်၊ နိဗ္ဗိန္ဒတေးထပ်ကို ရွှေမန်းဦးတင်မောင်အသံလိုလို၊ ဦးစိန်အောင်မင်းအသံလိုလို၊ ငါးမည်ရတင်သိန်းအသံလိုလို၊ ဘာလိုလို ညာလိုလို မခွဲခြားနိုင်ဘူး၊ ဘိသိက်သံနှောပြီး အော်ဟစ်လိုက်တာ ကျုပ်ဘုန်းကြီးကောထံ ရောက်ရပါပကောလားဗျာ။

'ဟေ့ကောင် နှုတ်ခမ်းမွေး အော်ကြီးဟစ်ကျယ်နဲ့ သီချင်းဆိုရတာတုန်း'

'တပည့်တော် သီချင်းမဆိုရပါဘုရား၊ လယ်တီဆရာတော်ရဲ့ နိဗ္ဗိန္ဒတေးထပ်ကို သံဝေဂ ဉာဏ်ပွားကြည့်တဲ့သဘောပါ ဘုရား'

'အောင်မာ အောင်မာ မင်းကများ သံဝေဂဉာဏ်ပွားရတယ်လို့ကွာ၊ နောက်ကို အော်ကြီးဟစ်ကျယ်မလုပ်နဲ့၊ တေးထပ်ဟာ သီချင်းပဲ၊ အတူတူအာပတ်သင့်တာပဲ၊ နောက်

တစ်ခါ ဒီလိုပုံစံဖြစ်ရင် မင်းဆရာတော် ဦးတိလောကဆီ ငါ ပြန်ပို့မယ်၊ ကြားလား၊ သွားတော့'

ကျုပ်လည်း 'မှန်ပါ့ဘုရား'မှတစ်ပါး အခြားဘာကိုမှ ဆင်ခြေဆင်လက် မပေးတော့ပါဘူး၊ ကျောင်းအောက်ထပ် ပြန်ဆင်းဖို့ လှည့်အထွက် လှေခါးထစ် တစ်ထစ်ပေါ် ခြေချလိုက်ရုံရှိသေး-

'ဟေ့ကောင်နှုတ်ခမ်းမွေး လာဦး၊ မင်းကြည့်ရတာ စာပေဝါသနာပါပုံရတယ်၊ မင်းစာရေးတတ်ချင်သလား' လို့ ဘုန်းကြီးကောက မေးတယ်။

ကျုပ်လည်း စာရေးတတ်ချင်တာ မရေးတတ်ချင်တာ ဘေးချိတ်ထား ကိုယ့်ဆရာတော်က အခု ချက်ချင်းဆူပူပြီး အခုချက်ချင်း နှစ်သိမ့်စကားပြောလာလို့ သိန်းထီပေါက်တာထက်တောင် ဝမ်းသာလိုက်ပလေဗျာ။

'မင်း စာရေးဆရာလုပ်တာက ပိုအဆင်ပြေတယ်ကွ၊ အသက်ဘယ်လောက်ကြီးကြီး ဘဝရပ်တည်လို့ရတယ်၊ သီချင်းဆိုတဲ့ အဆိုတော်တို့၊ ရုပ်ရှင်သရုပ်ဆောင်တို့၊ ဘိသိက်ဆရာတို့၊ ဓမ္မကထိကဆရာတော်တို့ ဆိုတာက အသက်အရွယ်အိုမင်းလာရင် ပရိသတ်က မသုံးတော့ဘူးကွ၊ သည်တော့ စာရေးဆရာလုပ်ကွာ၊ စာရေးတတ်ချင်ရင် သတင်းစာရဲ့ခေါင်းကြီးပိုင်းမှာ အယ်ဒီတာရဲ့အာဘော်ကို နာနာဖတ်၊ ကျက်သင့်တဲ့ဝါကျကို ကျက်၊ အကြောင်းအရာမှန်တာ မှားတာ ဘေးချိတ်ထား၊ စာ အရေးအသား မှန်ဖို့ အဓိက ဦးတည်တဲ့သဘောကွ၊ ကြားလား၊ သွားတော့၊ သွားတော့'

ဘုန်းကြီးကောရဲ့ ဆူပူတဲ့အသံကို ကြောက်ရတာနဲ့ စာရေးဆရာဖြစ်ဖို့ အားပေးလမ်းညွှန်တဲ့စကားဟာ ယနေ့အထိ ကျုပ်ဘဝအတွက် ခွန်အားတွေဖြစ်နေတယ်။

ဘုန်းကြီးကောထံ နှစ်ဝါနှစ်မိုး ပညာသင်ကြားပြီး ကျုပ်ရဲ့ငယ်ဆရာရှိရာ ရန်ကုန်အင်းစိန်ရွာမကို ပြန်ရောက်ခဲ့တယ်။ ဆရာတော်ဦးတိလောကာဘိဝံသ-ထံမှာ စာရေးနည်းက အစ သူရေးတဲ့ စာပေတွေကို လေ့လာတယ်၊ ဖတ်ရှုတယ်၊ ကျက်မှတ်တယ်၊ စာအကြောင်း ပေအကြောင်း အနီးကပ်လေ့လာတယ်၊ ပြီးတော့ ဆရာကြီးဦးတင်လှိုင်(လယ်တွင်းသားစောချစ်) ပထမကျော် အရှင်စန္ဒာသိရီဘိဝံသတို့ထံ စာရေးနည်းနှင့် အလင်္ကာစာပေကို လေ့လာတယ်၊ ကျုပ် စာရေးတော့ ကျုပ်စာစာမျက်နှာပေါ် ပါလာတယ်ဆိုရင် ဘုန်းကြီးဦးတိလောကာဘိဝံသနဲ့ ဘုန်းကြီးကော၊ ဆရာကြီးဦးတင်လှိုင်၊ ပထမကျော် အရှင်စန္ဒသိရီဘိဝံသတို့ကို ကျေးဇူးတင်မိတယ်။

နောက်ပြီး ဆရာ့အရိပ်ကိုခိုပြီး၊ ဆရာ့ကိုပြစ်မှားမိတဲ့ ကျုပ်ဘဝကို နာကြည်းမုန်းတီးမိတယ်။ အနန္တကျေးဇူးရှင် ဘုန်းကြီးဦးရာဇကို စာတိုပေစနဲ့ မသိမလိမ္မာခင်က ပြစ်မှားမိခဲ့တာကို နောင်တရမိတယ်။ အကြိမ်ကြိမ် အာရုံပြုပြီး ဂါရဝပြုမိတယ်။ ဒါလောက်တင် အားမရနိုင်လို့ ဘာသာရေး အခမ်းအနားတွင် ဖူးမြော်တွေ့ရလေတိုင်း ခုဏာက ကဗျာလေးကို ရွတ်ပြပြီး ငမိုက်သားတပည့်ဖြစ်သူကို ခွင့်လွှတ်တော်မူပါလို့ နှုတ်က ဖွင့်အံပြီး တောင်းပန်စကားဆိုတော့ ဘုန်းကြီးဦးရာဇက လွတ်လွတ်ကျွတ်ကျွတ်ကြီးကို ခွင့်ပြုခဲ့တယ်။ ဘုန်းကြီးကို ခြေဆုပ်လက်နယ်ပြုပြီး ဝတ်ပြုပေးခဲ့တယ်။ စိတ်ထဲမှာလည်း ကျုပ်အပြစ်တွေ ပြေပါစေတော့လို့ ဆုတွေတသီကြီးဆုတွေ တောင်းမိတယ်။ ဘုန်းကြီး

ဦးရာဇက ပွင့်လင်းပြတ်သားတဲ့ ဝါသနာဗီဇ ရှိထားသူမို့ ကျုပ်ကို ပြုံးပြုံးကြီး ခွင့်လွှတ်တော်မူခဲ့တယ်။ ဆရာသမားတွေကို နောက်နှောင် မပြစ်မှားမိဖို့ ကျုပ်တို့တပည့်များ ဆင်ခြင်ကြရမယ်။

စာပေလောကထဲမှာ ကျုပ်ရေးတဲ့ ဆောင်းပါးတွေအစ လုံးချင်းတွေ ထွက်ရှိတဲ့ အထိ အထိုက်အလျောက် အောင်မြင်လာတော့ ကျုပ်ရေးတဲ့ စာဟာ ဝတ္ထုပဲဖြစ်ဖြစ်၊ ဆောင်းပါးပဲဖြစ်ဖြစ်၊ သီချင်းပဲဖြစ်ဖြစ် ကျုပ်စာပေလောကထဲရောက်အောင် ဥယျောဇဉ်လုပ်ခဲ့တဲ့ ဘုန်းကြီးဦးတိလောကာဘိဝံသ နဲ့ ဘုန်းကြီးကော တို့ကို ပြမယ်လို့ ကြိမ်းဝါးခဲ့တာ ကြာပါပြီ။ ကျုပ် လူလားမြောက်တဲ့အခါမှာတော့ ဘုန်းကြီးကော ဟာ မြန်မာပြည်မှာမရှိတော့ပါဘူး၊ အမေရိကမှာ ရောက်နေပါပြီ။

ဘုန်းကြီး ဦးတိလောကာဘိဝံသ၊ ဘုန်းကြီး ဦးရာဇ၊ ပထမကျော် အရှင်စန္ဒာသိရိဘိဝံသတို့အား ကျုပ်ရေးတဲ့ မေတ္တာဘွဲ့ဝတ္ထုက အစ စာအုပ်များကို သွားရောက်ဆက်ကပ်ခဲ့တယ်။ ဆရာသမားတွေက နိုင်ငံကျော် ဂုရုကြီးတွေဖြစ်ကြပေမယ့် ကျုပ်စာကို ဖတ်ရှုတော်မူကြလို့ ကျေးဇူးတင်လိုက်တာ။

မြန်မာပြည်မှာခေတ်စနစ်တွေ ခလောက်ဆန်နေတဲ့အချိန်၊ ကျုပ်ဆရာဘုန်းကြီးကော အမေရိကမှာ သာသနာပြုပုံတွေကို မီဒီယာက တစ်ဆင့် အမြဲတမ်းလိုလို ကြားနေရတယ်၊ အဲဒီအချိန်မှာ ကျုပ်လေးလေးနက်နက် တွေးတောမိတယ်၊ဩော်. . . ငါ့ဆရာဘုန်းကြီးကောနဲ့ ပြန်လည်တွေ့ဆုံရဖွယ် အခွင့်အလမ်းများ ရနိုင်ဖို့ မလွယ်ကူတော့ပါကလား။ အတွေးစတွေက မဆုံးသေးဘူး၊ ရင်ထဲကမကုန်သေးဘူး၊ အသည်းနှလုံးထဲက မကုန်သေးဘူး၊ ခေါင်းထဲက မကုန်သေးဘူး၊ မဆုံးသေးဘူး၊ ကျုပ်ဆရာ ဘုန်းကြီးကော အမေရိကမှာ တစ်ဘဝခန္ဓာ ချုပ်ငြိမ်းသွားရှာပြီတဲ့။

ဝမ်းနည်းကြေကွဲမိတယ်ဗျာ၊ ထေရဝါဒသာသနာတော်ကြီးအတွက် ခံတပ်မှူးကြီးတစ်ယောက် တိုက်ပွဲမှာ ကျဆုံးသွားလေခြင်းပေလော။ အချိန်တွေက အရမ်းကို စောလွန်းနေသေးတယ်ဗျာ။

❁ ရက်စက်ယုတ်မာ၊ မရဏာမင်း
ညှာတာကင်းမဲ့၊ နှိပ်စက်ခဲ့စွာ
ယိုင်နဲ့ပါခဲ့ရလေပြီ။

❁ မမျှော်လင့်ဘဲ၊ ဖြုန်းခနဲမို့
ဆို့နစ်နှလုံး၊ မရွှင်ပြုံးနိုင်
မှိုင်ကာ ငေး၍ လွမ်းမိသည်။

❁ ငါ့နှလုံးအိမ်၊ အပူရှိန်တောက်
ယောက်ျားအသည်း၊ မခိုင်မြဘူး
ရူးတယ်လို့ပဲ ဆိုချင်ဆို။

❁ သေမင်းရထား၊ ခေါ်ဆောင်သွား၍
တွေ့လိုသူငါ၊ လိုက်ရှာပါအံ့
ကြံ့ခိုင်စိတ်ဓာတ်၊ ငါပေးဆပ်လည်း
ခွဲခွာသူက၊ မမြင်သာအောင်
ခေါင်ဖျားထက်သို့ ရောက်လင့်ပြီ။

❁ အိုဘယ့်သေမင်း၊ ငွေပေးသွင်းလည်း
သင်းက ယုတ်မာ၊ မညှာတာဘဲ
ဆွဲခေါ်လက်ကမ်း၊ ပန်းပေါင်းစုံခ
သူ့အလှကို၊ ထိုထိုအနိဋ္ဌ
သချိုင်းဝသို့၊ ပို့ဆောင်လက်ပြ
အနိုင်ရသွားချေပြီ။

ရက်ရက်စက်စက် အနိုင်ယူသွားတဲ့ သေမင်းကို မုန်းတီးခါးသီးပြီး ရန်လုပ်မိတယ်ဗျာ။ သေမင်းဟာ တိုင်းပြည်နဲ့လူမျိုး၊ ထေရဝါဒ ဘာသာ သာသနာတော်အတွက် တိုက်ပွဲဝင်နေတဲ့ ကျုပ်ဆရာဘုန်းကြီးကောကိုမှ ခေါ်သွားရလေခြင်း၊ သေမင်းရဲ့အချစ် အချော့အမြူကို ခံရလေခြင်း၊ မိုးမဆုံး မီးမဆုံး ကျုပ် ဒေါသတွေ တဟုန်းဟုန်းတောက်လောင်အောင် ခံစားရတယ်။

ယနေ့ကွယ်သွားတဲ့ နေမင်းကြီးဟာ မစောင့်ဆိုင်းရဘဲ၊ မမျှော်လင့်ရဘဲ၊ မတမ်းတရဘဲ ကမ္ဘာမြေတစ်ပတ်ပြည့်တာနဲ့ နောက်တစ်နေ့မှာ အလိုလို ထွက်ပေါ်လာဖို့ ရှိပေမယ့် ကျုပ်ဆရာတော်နေမင်းကြီးတစ်ဆူ ဘုန်းကြီးကောကတော့ ပြန်ကြွလာဖွယ်ရာ မရှိနိုင်တော့ပါ။

လပြည့်ညမှာ ထိန်ထိန်သာတဲ့ လမင်းကြီးရဲ့ အလင်းရောင်စွမ်းအားတွေဟာ မနက်မိုးသောက်အလင်းရောက်လို့ ပျောက်ဆုံးသွားပေမယ့် နောက်တစ်လ လပြည့်ညရောက်ရင် မမျှော်လင့် မတမ်းတရဘဲနဲ့ အလိုအလျောက် ထွက်ပေါ်လာလိမ့်မယ်။ ကျုပ်ဆရာဘုန်းကြီးကော ကတော့ ကမ္ဘာ့မြေကြီးအပတ်တစ်ရာလည်ပတ်သွားပေဦးတော့ ပြန်ကြွလာဖွယ်ရာ မရှိနိုင်တော့ပါ။ သည်လိုဆရာမျိုး ပေါ်ပေါက်လာပေဦးတော့ အတိုင်းအတာမရှိ ပမာဏမရှိတဲ့အချိန်ကာလ၊ ခေတ်ကာလအထိ စောင့်မျှော်ရပေမည်။

နေတစ်ဆူ လတစ်နှုန်းမက ကျုပ်တို့တိုင်းပြည်နှင့်လူမျိုး ထေရဝါဒသာသနာဘာသာအတွက် တန်ဖိုးကြီးမားတဲ့ ဆရာ့ဂုဏ်များစွာကို ကျုပ်ဉာဏ်စွမ်းရှိသရွေ့ သီကျုံးနေမှာပါ။



သက်တော်ထင်ရှားရှိနေတဲ့ ဆရာအားလုံးကိုလည်း အလုပ်အကျွေး ပြုနေဦးမှာပါ။

ကဲ. . . သူငယ်ချင်း တောကြောင်လေး၊ ကျုပ်ဆရာအတွက် ကျုပ်စွမ်းရာဖက်က ဂုဏ်ပြုမယ်ဗျာ။

ဆရာ့ဂုဏ်
ကမ္ဘာတည်သရွေ့ တည်စေသောဝ်။

♦ ရွှေဘိုမင်းသုခ



# သာသနာထဲက မြတ်ဆရာ



■ စာသင်ပေးကာ၊ ဆွမ်းကျွေးကာဖြင့်
ပညာလိုလား၊ တပည့်များကို
မိဘသဖွယ်၊ လမ်းပြကြယ်သို့
စိတ်ဝယ်ထက်သန်၊ မေတ္တာမှန်ဖြင့်
သွန်သင်ဆုံးမ၊ ပို့ချသည်မှာ
သာသနာထဲက မြတ်ဆရာ ။

■ စာပို့ချရင်း၊ အပျင်းလည်းပြေ
ထွေထွေသုတ၊ ပေါကြွယ်ဝဖို့
လောကအကြောင်း၊ ကောင်းအဆိုးကို
နည်းမျိုးစုံစွာ၊ ပြောပြသည်မှာ
သာသနာထဲက မြတ်ဆရာ ။

■ နောင်တွင်နာဂတ်၊ ဆရာမြတ်မှ
ဆက်ခံဖို့ကြောင်း၊ တပည့်ကောင်းကို
လမ်းမျိုးစုံစွာ၊ ရှင်းပြသည်မှာ
သာသနာထဲက မြတ်ဆရာ ။

♦ **ရွာမမြေမှ သောတဇန မောင်ပညာ**




(၁)

အင်းစိန်မြို့ ကျွန်ုပ်တို့သာသနာ
ရောင်ဝါက ထိန်ပြောင်ဝင်း
အလင်းပဒေသာနှင့်
မြတ်ဗုဒ္ဓါတန်ခိုးဖြာဝိုင်းတယ်
နှိုင်းတုမဲ့ကင်း ....။

(၂)

**အသံတစ်သံ** ။ ။ "ဟဲလို... ၀၉၅၀၀၈၈၆၄
(သုညကိုးငါးရာရှစ်ရှစ်ခြောက်လေးကပါလား)"

**တက္ကသိုလ်စိန်တင်** ။ ။ "ဟုတ်ပါတယ်ခင်ဗျာ"

**အသံတစ်သံ** ။ ။ "ဆရာ စိန်တင်လားခင်ဗျာ"

**တက္ကသိုလ်စိန်တင်** ။ ။ "ဟုတ်ပါတယ်ခင်ဗျာ"

**အသံတစ်သံ** ॥ ॥ ဟာ ဝမ်းသာလိုက်တာဆရာရေ. . . ကျွန်တော် မောင်အောင်မြင့် (သစ်လုပ်ငန်း) ပြောနေတာပါ. . . ဆရာ့ကို မေတ္တာရပ်ခံထားတဲ့ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်အတွက် ဆောင်းပါးကလေး ရပြီလားဆရာ"

**တက္ကသိုလ်စိန်တင်**॥ ॥ ဪ. . . ကိုအောင်မြင့်ရေ. . . နက်ဖြန်(၈. ၁၁. ၀၉) တနင်္ဂနွေနေ့ ညနေကျရင် လာယူနိုင်ပါပြီဗျာ။ ဪ. . . ဒါနဲ့ ဆရာအောင်မြင့်ကို ကြိုတင်ပြောထားမယ်နော် အဲဒီဆောင်းပါး အတွက် . . စာမူခတို့ ဉာဏ်ပူဇော်ခတို့၊ လက်ဆောင်ပစ္စည်းတို့ ဘာကိုမျှ တက္ကသိုလ်စိန်တင်ကို မပေးပါနဲ့နော်၊ စာပေပညာနဲ့ ပူဇော်လှူဒါန်းပါရစေဗျို့ . . . ။

**အောင်မြင့်(သစ်လုပ်ငန်း)** ॥ ॥ "ဆရာ့ဆန္ဒအတိုင်းပေါ့ဗျာ"

ဤသို့ဖြင့် . . . ဤသို့ဖြင့် ကျွန်ုပ်တို့၏ ပွဲတိုင်းကျော် ပညာရှိကလေး မောင်စိန်တင်သည် သူနှင့် ချစ်မငြီးသော ဇနီးကလေး စိမ့်(ပညာရေး)တို့ (၃၄)နှစ်တိတိ (သုံးဆယ့်လေးနှစ်တိတိ) နားခိုမှီတင်း နေထိုင်ခဲ့သော အင်းစိန်မြို့က၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ နှစ်(၄၀)မြောက်၊ ဂုဏ်ပြုဆောင်းပါးတော် မဟာကို ဤသို့ ရေးဖွဲ့ပူဇော်လိုက်ရပါသတည်း။

**မိတ်ဆွေ** ॥ ॥ "ဟေ့ . . . ဖိုးစိန်တင်၊ မောင်ရင်တို့ အင်းစိန်မြို့မှာ သမိုင်းဝင် တန်ခိုးကြီးဘုရား ဘယ်နှဆူရှိသလဲကွ . . . ။

**တက္ကသိုလ်စိန်တင်** ॥ ॥ "ဪ . . . အင်း. . . အင်း. . . ဟို. . ဟိုဒင်းလေ"

**မိတ်ဆွေ** ॥ ॥ "ဘာလဲ. . . ဟိုဒင်း. . တွေ အင်းတွေ . . . ဖြီးမနေပါနဲ့" သမိုင်းဝင်တန်ခိုးကြီးဘုရား၊ တစ်ဆူမှ မရှိဘူးမဟုတ်လား။

ခင်မင်သော မိတ်ဆွေ ပြောနေသည်ကား အမှန်ပင်ဖြစ်ပါ၏၊ ဘယ်မင်းလက်ထက်က ဘုရင်ကြီး ဘယ်သူ ဘယ်ဝါ တည်ထားကိုးကွယ်ခဲ့သော ဘာစေတီတော်ကြီးဟူ၍ သမိုင်းဝင်၊ မော်ကွန်းတင် စေတီတော် ကြီးဟူ၍ ထီးထီးမားမား ပြစရာ အင်းစိန်မြို့တွင် မရှိသည်က အမှန်ပင် . . . ။

သို့သော် . . .

ဤ"သို့သော်"ကား နှယ်နှယ်ရရ "သို့သော်" မဟုတ်ပါချေ၊ ကြီးမားခိုင်ခန့်စွာ တင်ပြတော့မည့် "သို့သော်" ဖြစ်ပါသတည်း။

သို့သော် အင်းစိန်မြို့သည်ကား ဝါတွင်း၊ ဝါပ၊ နှစ်သစ်ကူး၊ ဝါဆိုလပြည့်၊ ဝါကျွတ်၊ တန်ဆောင်မုန်း၊ တပေါင်းလပြည့်တို့၌ သာသနာ့ရောင်ဝါထွန်း၍ ကြေးစည်သံတဝေဝေ၊

သာခုသံတဟိန်းဟိန်းနှင့် ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါထိန်ထိန်လင်းသော တကယ့်သာသနာမြို့တော်ကြီးဖြစ်သည့်တမုံ့။

ရှင်းပါဦးမည်။

**တက္ကသိုလ်စိန်တင်။** ။ "စိမ့်ရေ . . . ကားကို ခဏရပ်စောင့်ပေးမှဖြစ်မယ်ဟော့ . . ဟိုမှာ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်က ဆရာတော်၊ သံဃာတော်တွေ ဆွမ်းခံကြွလာကြတာ၊ ကြည်ညိုဖွယ်ကောင်းလိုက်တာကွယ် . . . "

ထိုနေ့က တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့သည်၊ အင်းစိန်ရွာမ၊ သံမဏိစက်ရုံအတွင်း၌ နေထိုင်သော အစ်ကိုဝမ်းကွဲ ဦးတာ (အလုပ်သမားအရာရှိ)အိမ်သို့ ကားကလေးမောင်းပြီးသွားနေ၏။ သံမဏိစက်ရုံအဝင်ဝများရှိ "ရွာမပရိယတ္တိစာသင်တိုက်"ဆိုင်းဘုတ်ကြီးအောက်မှ၊ ရောင်ဝါထိန်ထိန်ဝင်းနေသော ဆွမ်းခံ သံဃာတော်များ ကြွချီလာသည်ကို ဖူးမြင်ရသည်။ ထိုစဉ် တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့သည် ကားပေါ်မှဆင်း၊ မြေပြင်၌ဝပ်ဆင်းကာ အနီသံဃာတော်များစွာကို ဦးတင်ကန်တော့နေကြလေသည်။

ပြောရဦးမည်၊ အင်းစိန်မြို့တွင် ဤကဲ့သို့ ဘုန်းတော်ကြီး ကျောင်းတော်ကြီးများ လက်ညှိုးထိုးမလွဲရှိနေသည်၊ အင်းစိန်ဈေးမှ လှိုင်မြစ်ကမ်းဘက်သို့ လျှောက်သွားလျှင် တစ်လမ်းလုံးမှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွေ တန်းစီလျက်ရှိလေ၏။

တက္ကသိုလ်စိန်တင်တို့ (၃၄)နှစ်တိတိ နေထိုင်ခဲ့သော ကြို့ကုန်းရိပ်သာမှနေ၍ စက်မှုတက္ကသိုလ်ဝင်းဘေး တလျှောက် ဝင်သွားလျှင် မန္တလေးကျောင်း၊ စွန်းလွန်းဂူသာသနာ့ရိပ်သာနှင့် ဗျူးကုန်းပရိယတ္တိစာသင်တိုက်အပြင် အင်းစိန် တိရစ္ဆာန်ဆေးကုကျောင်းမှ ရုံးအုပ်စာရေးကြီးဖော်ဦး ရဟန်းဘဝဖြင့် ခန္ဓာဝန်စွန့်ပြီး မပုပ်မသိုး ကျောက်ရုပ်အလောင်းတော်အဖြစ် သီတင်းသုံးနေသည်ကို ထူးဆန်းအံ့သြဖွယ် ဖူးမြင်ကြရပေမည်။ ထို့ပြင်

ကြို့ကုန်းလမ်းဆုံ၊ ကြို့ကုန်းဈေးအနီး ရာကျော်ဘုန်းကြီးကျောင်း (ဆရာတော်ကြီးမှာ အမှန်ပင်အသက်တစ်ရာကျော် သီတင်းသုံးခဲ့သည်)ရှိသည်။

အို. . . မမေ့မလျော့ဘဲ၊ ပြောရပေဦးမည်ဗျို့၊ အင်းစိန်မြို့တွင် ထင်ရှားလှသည့် ညောင်ကန်အေးဆရာတော်ကြီး အရှင်ကုဏ္ဍက သီတင်းသုံးသော မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာကြီးရှိပါသေးသကော။

ပြောရဦးမည်၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်က ညောင်ကန်အေးသာသနာ့ရိပ်သာကြီးကို အင်းစိန်ကြို့ကုန်း လမ်းဆုံ၌ တည်ထောင်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် (၂၉)နှစ်တိတိ ကြာရှိခဲ့ပြီ။ စတင် တည်ထောင်

စဉ်က မျက်နှာသုတ်ပဝါစက်ရုံ အဆောက်အအုံဟောင်းတစ်ခုကို ကျပ်(၂-သိန်း)ဖြင့် ဝယ်ယူလှူဒါန်းခဲ့သော ထိုညောင်ကန်အေး သာသနာ့ရိပ်သာကြီးမှာ ယခုအခါ ကျပ်သိန်းထောင်ပေါင်းများစွာဖြင့် တည်ထောင် ဆောက်လုပ်ခဲ့သော မဟာစည်ဩဝါဒခံ ကြီးမားခံ့ထည်လှသော အောင်မြင်ထွန်းကားသည့် သာသနာ့ ရိပ်သာကြီးပင်၊

အင်းစိန်မြို့မှာ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းပုံကို ရေးပြရလျှင်၊ ချန်ထား၍မဖြစ်သော၊ တန်ခိုးကြီး ဗုဒ္ဓရုပ်ပွားတော်ရှိပါသေး၏။ အင်းစိန်မြို့၊ မင်းကြီးလမ်း၊ ဘိုကုန်းရပ်တွင်၊ အထင်ကရ သိတင်းသုံး စံနေတော်မူသော **"မဟာသွံ့သာရဗုဒ္ဓရှင်တော်မြတ်"** ကြီးပင်တည်း။

ဗုဒ္ဓရုပ်ရှင်တော်မြတ်ကြီးမှာ တန်ခိုးတော်ကြီးမားလှပေရကား အိမ်တစ်အိမ်သို့ ပင့်ဆောင်လိုလျှင် တစ်ည တစ်နေ့ထက်ပို၍ ပူဇော်ခွင့်မရနိုင်၊ တစ်နှစ်လျှင် ရက်ပေါင်း ၃၆၅-ရက်လုံးလုံး တစ်ရက်၊ တစ်ညမျှ မူလစံကျောင်းသို့ ပြန်မရောက်နိုင်အောင် ပင့်ဆောင်သူများလှပေ၏။ မကြာမီရက်များကပင် တောင်ဒဂုံမြို့သစ် မှ စာရေးဆရာ မောင်စိုးထိုက် (သုံးဆယ်)၏အိမ်သို့ ကိုစိန်တင်နှင့် စိမ့်တို့သွားရောက်၍ မဟာသွံ့သာရဗုဒ္ဓရုပ်ပွားတော်ကြီးကို ပူဇော်လှူဒါန်းကန်တော့ခဲ့ရပါသေး၏။

အင်းစိန်မြို့မှာ ဗုဒ္ဓသာသနာရောင်ဝါ ထိန်ထိန်လင်းခဲ့ပုံကို ရေးပြမည်ဆိုပါက ချန်ထား၍မရသော စေတီတော်ကြီးတစ်ဆူကား ရှိပါပေ၏။ သမိုင်းဝင် ရှင်ဘုရင်တည်သော စေတီတော်ကြီးမဟုတ်သော်ငြား လည်း ထင်ရှားလှသော **"ဆေးဝက်ပါ အာလိန်ငါးဆင့်"**စေတီတော်မြတ်ကြီးပင်ဖြစ်လေသည်၊ ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော ဆေးဝက်ပါဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က တည်ထားခဲ့သော အာလိန်ငါးဆင့်စေတီတော်ကြီးမှာ ယခုအခါ သာသနာ့အဆောက်အအုံပေါင်းများစွာ ဖြင့် ကြည်ညိုဖွယ်ရာ တင့်တယ်ခန့်ငြားစွာဖြင့် တည်ရှိနေပါလေပြီ။

ထို့ကြောင့် .....

(၅)

♦ အင်းစိန်မြို့ ကျွန်ုပ်တို့သာသနာ
ရောင်ဝါက ထိန်ပြောင်ဝင်း
♦ အလင်းပဒေသာနှင့်
မြတ်ဗုဒ္ဓါတန်ခိုးဖြာဝိုင်းတယ်
နှိုင်းတုမဲ့ကင်း ...။

♦ တက္ကသိုလ်စိန်တင်



# ကြည်ညိုဖွယ်ရာ စံပြပုဂ္ဂိုလ်များ

မုံရွာနေဇာ

လောကမှာ 'စံ' နမူနာပြုထိုက်သော ထူးချွန်ထက်မြက်ပုဂ္ဂိုလ်များကို 'စံပြ'ပုဂ္ဂိုလ် ဟု ခေါ်ကြသည်။ ကမ္ဘာမြေပေါ်တွင် စံပြပုဂ္ဂိုလ်များ ရှိခဲ့သည်သာ ဖြစ်ပါ၏။ ရှိနေဆဲလည်း ဖြစ်ပါ၏။ ရှိနေဦးမည်လည်း ဖြစ်ပါ၏။ နှစ်ပေါင်း ၂၅၅၂ နှစ်ကျော် ဗုဒ္ဓဘုရား လက်ထက်တော်ကလည်း ရှိခဲ့လေ၏။ သမိုင်းရာဇဝင်တွေထဲမှာလည်း ရှိ၏။ ဂန္ထဝင်စာပေတွေထဲမှာလည်း စံနမူနာယူထိုက်သော စံပြပုဂ္ဂိုလ်များရှိနေလေသည်။

ယခုရေးသားတင်ပြချင်သည်မှာ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိတော်မူစဉ်က ဖြစ်ပေါ်ခဲ့သော ရဟန်းပုဂ္ဂိုလ်တစ်ချို့၏ အကြောင်းအရာများဖြစ်သည်။

စိတ္တသူကြွယ်သည် လူပုဂ္ဂိုလ်ဥပါသကာတွေထဲတွင် ထင်ရှားသူတစ်ယောက်ဖြစ်၏။ သူသည် ဓမ္မကထိကဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်နိုင်ကြသော လူပုဂ္ဂိုလ် (၁၀)ဦးတွင် တစ်ဦး အပါအဝင်ဖြစ်သည်။ သူရရှိသော ဧတဒဂ်ဘွဲ့မှာ တရားဟောကောင်းခြင်း၊ ဓမ္မကထိက ဧတဒဂ် ဖြစ်သည်။ သူကိုယ်တိုင် အဟောအပြောကောင်းသလို သူ၏ အိမ်သို့ ရောက်ရှိလာသော သူနှင့် တွေ့ဆုံမိသော ရဟန်းများကိုလည်း သူသိချင်သော အကြောင်းအရာ ပြဿနာများ ကို မေးမြန်းလေ့ရှိ၏။ ဉာဏ်ပညာနည်းပါးပြီး ပရိယတ္တိအသိ ကျဲပါးသော ရဟန်းအချို့တို့မှာ သူ့ကိုရှောင်ကြသည်။

သူသည် သဒ္ဓါတရားကောင်း၏။ ကိုယ်ကျင့်သီလရှိ၏။ အလှူဒါနများစွာကို ပြုလေ့ရှိ၏။ သူနေထိုင်သော မြို့က မစ္ဆိကာသဏ္ဍမြို့။

သူသည် သူဌေးသူကြွယ်မျိုး၌ ဖြစ်သော်လည်း ဥစ္စာဓနအပေါ်မှာ ယစ်မူးသာယာနေသူ

မျိုး မဟုတ်။ မစ္ဆိကာသန္ဒမြို့သို့ ကြွရောက်လာသော အရှင်မဟာနာမ၏ တရားကို နာကြားပြီးသော တာပန်တည်ခဲ့၏။

(ခ)

တစ်နေ့သ၌ ပစ္ဆိကာသန္ဒမြို့သို့ ရဟန်းသံဃာများ ကြွရောက်လာကြရာ စိတ္တသူကြွယ်က ရဟန်းသံဃာများကို သူ၏ နေအိမ်သို့ပင် ဖိတ်ကာဆွမ်းကပ်လျှ၏။ သံဃာတော်များ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးသောအခါ ထုံးစံအတိုင်း၊ သူက သံဃာတော်များအား အမေးပုစ္ဆာ ပြဿနာကို မေးမြန်းလေတော့သည်။

ယင်းပြဿနာနှင့် ပတ်သက်၍ မထေရ်ကြီးမှာ အခက်အခဲဖြစ်နေ၏။ ထိုအခက်အခဲကို မထေရ်ငယ် တစ်ပါးဖြစ်သော အရှင်ဣသိဒတ္တက ဖြေရှင်းပေးလိုက်၏။

"မထေရ်ကြီးဘုရား. . . ဆွမ်းဒါယကာ စိတ္တသူကြွယ်မေးမြန်းလာသော ပြဿနာကို တပည့်တော် ဖြေဆိုပါမည်" ဟု တာဝန်ယူလျှောက်ထားလိုက်သည်။

မထေရ်ကြီး၏ ခွင့်ပြုချက်ဖြင့် အရှင်ဣသိဒတ္တက သိလိုရင်းနှင့် ဖြစ်စေ၊ ပညာစမ်းလို၍ ဖြစ်စေ၊ မေးမြန်းလာသော စိတ္တသူကြွယ်၏ ပုစ္ဆာကို ဖြေကြားပေးလိုက်၏။ (ဤသို့သော ဆွမ်းဒကာမျိုးကို တွေ့ကြုံရတတ်ပါ၏။ မိမိတို့လည်း စာသင်သားဘဝ ဆွမ်းခံကြွစဉ် ဆွမ်းခံအိမ်မှ ဒကာ ဒကာမများ၏ မေးမြန်းချက်ကို ခံခဲ့ရဖူးပါ၏။ ချက်ချင်းဖြေကြားပေးနိုင်သော မေးခွန်းချက်ချင်းပြောပြပြီး လေးနက်ခက်ခဲသော ပုစ္ဆာများက အရှိန်မသေသေးပေ။ အကြောင်းအားလျော်စွာ ဖြေကြားပေးနေရသည်သာ ဖြစ်ပါ၏။

မည်သို့ဖြစ်စေ သိလိုရင်းဖြင့် မေးမြန်းစူးစမ်းလာသူများကို မိမိကျေးဇူးတင်သည်။ အဘယ်ကြောင့်ဆိုသော် ဖြေကြားဖို့အတွက် စာပေမှ ရှာဖွေရသဖြင့် မိမိလည်း အသိဉာဏ်တိုးခြင်းကြောင့်လည်း မိမိက ဖြေကြားလိုက်သဖြင့် သူတို့ အသိပညာတစ်ခုခုရရှိသွားသော အခါတွင်လည်း မိမိမှာ ဝမ်းမြောက်မှုတွေ ရင်မှာဖြာဝေရပါ၏။ ဤကာ၊ စကားချပ်)

ထိုအခါ စိတ္တသူကြွယ်သည် အရှင်ဣသိဒတ္တ၏ ဖြေကြားတော်မူချက်ကို လွန်စွာနှစ်သက်လှသဖြင့် အရှင်ကို ကြည်ညိုသွား၏။ ကြည်ညိုမှု၊ စိတ်ဝင်စားမှုတို့က စေ့ဆော်တိုက်တွန်းလေသဖြင့် ဦးစိတ္တသည် အရှင်ဣသိဒတ္တကို မေးမြန်းလျှောက်ထားလေတော့သတည်း။

"အရှင်ဘုရား. . . အရှင်သည် အဘယ်အရပ်ဒေသမှ ကြွလာပါသနည်း"

"သူကြွယ်ဒါယကာ. . .၊ ငါသည် ဘဝန္တိတိုင်းမှ ကြွလာခဲ့ခြင်းဖြစ်ပါသည်။"

"အရှင်ဘုရား. . . အဝန္တိတိုင်းက ဆိုရင် တပည့်တော်မေးပါရစေ၊ အဝန္တိတိုင်းမှာ တပည့်တော်၏ မိတ်ဆွေတစ်ယောက်ရှိပါသည် ဘုရား။ သူသည် ရဟန်းပြုနေပြီးဟု ကြားသိရပါ၏။ အရှင်ဘုရား သူ့ကို သိပါသလားဘုရား၊ သူ၏ လူအမည်က 'ဣသိဒတ္တ' ပါတဲ့ ဘုရား"

"သူကြွယ် . . . အဲဒီပုဂ္ဂိုလ်ကို ငါသိပါသည်"

'ဒါဖြစ်ရင် အဲဒီအရှင်ဟာ ယခုဘယ်မှာ နေပါသလဲ ဘုရား'

ဦးစိတ္တ၏ အမေးကို အရှင်ဣသိဒတ္တက မဖြေဘဲ ဆိတ်ဆိတ်နေလိုက်၏။ ဦးစိတ္တက ထပ်၍ မေးမြန်း၏။

"ဟုတ်ပြီ" တပည့်တော်၏ မိတ်ဆွေ ဣသိဒတ္တဟာ အရှင်ဘုရားပဲ မဟုတ်လား"

"မှန်ပါတယ် ဒကာ"

အရှင်ဣသိဒတ္တ (လူအမည်နှင့် ရဟန်းဘွဲ့တော်တူ၏။)သည် ဝမ်းသာပီတိ ဝွမ်းဆီထိ ဖြစ်သွားသော ဆွမ်းဒါယကာ စိတ္တသူကြွယ်ကို အကဲခတ်လိုက်၏။ လူ့ဘဝတုန်းက မိတ်ဆွေဖြစ်ခဲ့ဖူးရုံမျှမက ယခုရဟန်းဘဝဖြင့် တွေ့ခွင့်၊ ဖူးခွင့်၊ လှူဒါန်းခွင့်ရသဖြင့် ကြည်ညိုမှုအပြင် ခင်မင်မှုကလည်း ပိုကဲနေသော စိတ္တသူကြွယ်ကို နားလည်သွားလေသည်။ ထိုအခါ အရှင်ဣသိဒတ္တသည် "ဤအရပ်ဒေသတွင် ငါဆက်လက်နေရန် မသင့်တော့"ဟု ဆုံးဖြတ်လိုက်လေသတည်း။

မှန်ပါသည်။ တရားဓမ္မအကျင့်ဖြင့် လေးနက်ခိုင်ကျည်စွာ နေလေ့ရှိတော်မူကြသော ရဟန်းကောင်း၊ ရဟန်းမြတ်တို့သည် သံယောဇဉ်အကပ်အငြိမခံပေ။ ဒါယကာ ဒါယိကာမတို့ကလည်းကောင်း၊ မိမိက လည်းကောင်း အနေကြာ၊ အဆက်ဆံကြာရှည်လာသောအခါ သံယောဇဉ်အနှောင်အဖွဲ့များဖြင့် အချင်းချင်း တွယ်တာခင်မင်မိတတ်ကြလေသည်။

တို့ကိုယ်တော် တို့ဘုန်းဘုန်း စသော အသုံးအနှုန်းများဖြင့်လည်းကောင်း ငါ့ဒကာ၊ ငါ့ဒကာမ၊ ငါ့ဆွမ်းခံအိမ်၊ ငါ့ဂေါစရဂါမ် စသည့် အတွယ်အတာဖြင့်လည်း သံယောဇဉ်ကိစ္စ နှောင်ဖွဲ့မိတတ်ကြလေသည် မဟုတ်လေ။

ဤသဘောကို ပြက်ပြက်ထင်ထင် သိမြင်သော အရှင်ဣသိဒတ္တသည် သံယောဇဉ်ကိစ္စ လာဘ်လာဘ မက်မောမှုကိစ္စများကို စက်ဆုတ်ရွံရှာသော ပုဂ္ဂိုလ်ဖြစ်၏။ မိတ်ဆွေကောင်း ဟူသော အခင်မင်၊ စာတတ်ပေတတ် ဟူသော အထင်ကြီးလေးစားကြည်ညိုမှု ဟူသော အနှောင်အတွယ်များဖြင့် လှူဒါန်းလာမည့် လာဘ်လာဘ၊ အလှူဒါနများကို မခံယူလိုတော့ချေ။ ထို့ကြောင့် အရပ်တစ်ပါးသို့ ဖယ်ခွာထွက်သွားခြင်း ဖြစ်လေသည်။

(၈)

နောက်ထပ်ဖြစ်ရပ်တစ်ခုကို တင်ပြပါဦးမည်။

ဤကိစ္စကလည်း သူကြွယ်ဦးစိတ္တနှင့်ပင် ပတ်သက်သည်

တစ်နေ့တွင် စိတ္တသူကြွယ်သည် အရှင်မဟာနာမ (ပဉ္စဝဂ္ဂီ ငါးဦးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သူ) အား တန်ခိုးပြာဋိဟာ ပြပေးပါ၏။

တန်ခိုးပြပုံမှာ -အရှင်မဟာနာမ်သည် အပေါ်ရုံ ဧကသီ-ဧကဒွိသက်န်းပေါ်တွင် မြက်အမှိုက်များကို တင်ထားလိုက်၏။ ပြီးလျှင် မြက်အမှိုက်များကိုသာ မီးလောင်စေသက်န်းကို မီးမလောင်စေရဟု တန်ခိုးဖြင့် ပြုလုပ်လိုက်၏။

ဦးစိတ္တ တအံ့တသြ ဖြစ်သွား၏။ရင်သပ်ရှုမော ချီးကျူး၍ မဆုံးဖြစ်သွား၏။

အရှင်မဟာနာမ်သည် တန်ခိုးပြပြီးနောက် ဆက်လက်မနေတော့ဘဲ အရပ်တစ်ပါးတို့ပင် ဖဲသွားလေသတည်း။ တန်ခိုးပြဋိဟာ မပြုရ တန်ခိုးပြ၍ ရရှိလာသော တန်ခိုးပြခြင်းကြောင့် အထင်ကြီးလေးစားမှုဖြင့် လှူဒါန်းလာသော တစ်စုံတစ်ရာ လှူဖွယ်ဝတ္ထု၊ အာမိသများကို မသုံးဆောင်ရပေ။ ဤစည်းကမ်းဝိနည်းဥပဒေကို ရိုသေစွာ လိုက်နာသမှု အလေးဂရုပြုသော အားဖြင့် ရှောင်ခွာထွက်သွားခြင်း ဖြစ်လေသည်။ စံပြနမူနာထား၍ လေးစားရိုသေစွာ အတုယူထိုက်သော ကိစ္စပင် ဖြစ်ပေသည်။

(ယ)

သာသနာ့ ဝန်ထမ်းရှင် ရဟန်းများအား ဒုက္ခပေးတတ်သည်မှာ လာဘ၊ သက္ကာရ၊ သိလောကတို့ဖြစ်သည်။ လာဘ်လာဘ ပေါများလိုခြင်း၊ အပူဇော်ခံလိုခြင်း ကျော်ကြားထင်ရှားလိုခြင်း တို့ဖြစ်သည်။ မကင်းနိုင်သော်လည်း စည်းကမ်းဥပဒေ ခိုင်မာစွာ ထား၍ ဆက်စပ်ရသည်မှာ မာတုဂါမများလည်း ပါဝင်သည်။ သို့ကြောင့်ပင် "မိန်းမဟူဘိ၊ ထိုက္ကတ္တိကား မရှိ မကောင်း ရှိမကောင်းဘဲ မပေါင်းလည်းခက် ပေါင်းလည်းခက်၏" ဟု မန်လည်ဆရာတော်ကြီး က မဃဒေဝလင်္ကာတွင် ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။

ရှေးဆရာတော်ကြီးများကလည်း "ပစ္စည်း,မာတု၊ ဤနှစ်ခုကား၊ ဘိက္ခုသေမင်း ဓားနှစ်စင်း" ဟုညွှန်ပြတော်မူခဲ့ခြင်းဖြစ်သည်။

ဤဆောင်းပါး၌ အရှင်က္ကသိဒတ္တနှင့် အရှင်မဟာနာမ်တို့၏ ဒကာ ဒကာမ အငြိအတွယ်ဖြစ်မှု (သံယောဇဉ်ဖြစ်မှု)ကို ရှောင်ခွာနိုင်ပုံကို စံပြုနမူနာထား၍ ဆိုခြင်းဖြစ်သည်။

တန်ခိုးပြ၍ ရရှိလာသော ဆွမ်းစသော ဘာမိသကို မသုံးဆောင်ကောင်းကြောင်းကို အရှင်ပိဏ္ဍောလဘာရဒွါဇနှင့် ပတ်သက်၍ ဗုဒ္ဓဘုရားမိန့်ကြားတော်မူချက်လည်းရှိသည်။

ပုထုဇဉ်တို့သဘာဝ လာဘ်လာဘ ပေါများခြင်းနှင့် ကျော်ကြားခြင်းကို လိုလားကြသည်ပင် ဖြစ်၏။

သို့ရာတွင်

၁။ အရှက်အကြောက်မရှိဘဲ ပြောဆိုအလှူခံရရှိလာသော ပစ္စည်းဝတ္ထုများ၊

၂။ သူတစ်ပါးချစ်ခင်ကြည်ညို မှုကို နည်းမျိုးစုံဖြင့် ချေဖျက်ပြီး မိမိဘက်သို့ ပါအောင် စည်းရုံးသိမ်းသွင်းဖျားယောင်းမှုတို့ဖြင့် ရရှိလာသော လာဘ်လာဘများ၊

၃။ အနုပညာရှင်ကချေသည် စသည်များနှင့် ရောနှောပေါင်းသင်းဆက်ဆံပြီး ဖြစ်ပေါ်ရရှိလာသော အလှူဝတ္ထုများ၊

၄။ လူတွေစိတ်ဝင်စားအောင် အုန်းအုန်းကျွက်ကျွက်ဖြစ်အောင် နည်းမျိုးစုံတို့ဖြင့် ဖန်တီး၍ ရရှိအပ်သော အနာမာသ၊ လာဘ်လာဘများကို မခံယူ၊ မသုံးစွဲသင့်ကြောင်း တိကနိပါတ်၊ လာဘဂရဟဇာတ်လာ အရ မှတ်သားအပ်ပေသည်။

"လာဘ်ပေါအောင် လုပ်ရသည်မှာ ရှက်စရာ" ဟု မှတ်ယူအပ်ပေသည်။

♦ မုံရွာနေဇာ

(အပဒါန်၊ ဓမ္မပဒ၊ ဇာတက၊ ထေဒဂ်ဝတ္ထုတို့ကို ကိုးကားရေးသားပါသည်။)





# မေတ္တာရိပ်မြုံ

အရှင်စန္ဒာသိရီဘိဝံသ(ပထမကျော်)

ရွှာမပရိယတ္တိစာသင်တိုက်၌ နေခဲ့စဉ်က ဖြစ်သည်။ တစ်နေ့သ၌ စာချဘုန်းကြီးငယ် တစ်ပါးသည် စာရေးသူထံသို့ ရောက်လာပြီး "ဘုန်းကြီးဘုရား ဘုန်းကြီးထံ ခွင့်တောင်းစရာ လေးရှိလို့ လာခဲ့ပါတယ် ဘုရား" ဟု လျှောက်ထား။ "ကဲ . . . ဆိုစမ်းပါဦး ဘယ်လို အကြောင်းအရာမျိုးပါလဲ" ဟု စာရေးသူက မေးလိုက်၏။ "တပည့်တော် ဦးစီးပြီး မူကြိုတန်းက သာမဏေငယ်များနဲ့ နှစ်ကျိပ်ရှစ်ဆူ ဘုရားတန်းဆောင်းထဲမှာ သုံးရက်လောက် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ ကျင်းပချင်ပါတယ် ဘုရား" ဟု သူက လျှောက်ထားသည်။ ဆရာတော်ကြီးများရဲ့ ခွင့်ပြုချက်ကော ယူပြီးပြီလား" ဟုမေးရာ ခွင့်ပြုချက် ယူထားပြီးကြောင်း လျှောက်ပြန်သည်။ စာရေးသူက ကန့်ကွက်စရာမရှိ၊ ခွင့်ပြုပါ ကြောင်းပြောပြီး မူကြိုတန်း သာမဏေငယ်များ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို မေးမြန်းကြည့်၏။ ထိုအခါ စာချဘုန်းကြီးငယ်က သူ၏ ရည်ရွယ်ချက်နှင့် ခံစားချက်များကိုပါ ပူးတွဲ လျှောက်ထားလေသည်။

"ဘုန်းကြီးဘုရား . . . တပည့်တော် မူကြိုတန်းအရွယ် သာမဏေဘဝတုန်းက ဇာတိရွာကိုပြန်သွားတော့ ဒကာများက ကိုရင် ဘယ်ကျောင်းတိုက်မှာ နေသလဲလို့မေးတယ် . . တပည့်တော်က အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်မှာနေတယ်လို့ ပြောတော့ ဒါဆိုရင် ရွာမပရိယတ္တိစာသင်တိုက်ဆိုလျှင် ယမိုက်၊ ပဋ္ဌာန်း နာမည်ကြီးတယ်၊ အဲ့ဒီတော့ ကိုရင် ပဋ္ဌာန်းရွတ်ပြစမ်းပါဆိုပြီး ပဋ္ဌာန်းစာအုပ်ကြီး ရှေ့ချပေးပြီး ရွတ်ခိုင်းတော့ တပည့်တော် အရှက် ရခဲ့ဖူးတယ်ဘုရား . . . ဒါကြောင့် ငါစာချ ဘုန်းကြီးဖြစ်ရင် ကိုရင်လေးတွေလည်း ပဋ္ဌာန်း ရွတ်ဖတ်တတ်အောင် သင်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက် ရှိခဲ့ပါတယ်ဘုရား . . . ဒါကြောင့် သာမဏေငယ်များရဲ့ ပဋ္ဌာန်းရွတ်ဖတ်ပွဲ ကျင်းပချင်တာပါဟု လျှောက်ထားသည်။

"အေးလေ ကိုရင်လေးတွေ ပဋ္ဌာန်း ရွတ်ဖတ်တတ်စေချင်တဲ့ ရည်ရွယ်ချက်ကတော့ ကောင်းပါတယ်၊ ဒါပေမယ့် ခံစားချက်ကိုတော့ ရှေ့တန်းမတင်ပါနဲ့" ဟု စာရေးသူက ပြောသည်။ ထိုသို့ ပြောသာပြောရသည် သူက သူ၏ ခံစား

ချက်များကို ထပ်မံ၍ လျှောက်ထားပြန်ပါသည်။

"ဘုန်းကြီး အမိန့်ရှိတာတော့မှန်ပါတယ် ဘုရား . . . ဒါပေမယ့် တစ်ချို့ အကြောင်း အရာလေးတွေက တွေးမိတိုင်း ခံပြင်းစရာတွေ ဖြစ်ဖြစ်လာလို့ပါ . . . စာချဘုန်းကြီး ဖြစ်တော့လည်း တပည့်တော် ဒီနှစ်ရွာပြန်တော့ ရွာနီးချုပ်စပ်က ဆရာတော်များက သူတို့ရဲ့ တပည့်တွေကို မြို့စာသင်တိုက်တွေပို့ချင်တော့ ဒီကိုရင်တွေက ဉာဏ်ကောင်းတယ် . . . သူတို့ကို ကမ္ဘာအေးက စာသင်တိုက်ကိုပို့လိုက် . . . ဒီကိုရင်တွေကတော့ ဉာဏ်လေးတယ်၊ သူတို့ကိုတော့ အင်းစိန်ရွာမစာသင်တိုက်ကို ပို့လိုက်လို့ ပြောတယ်ဘုရား . . . နောက်ပြီး တော့ စာသင်သားလောကမှာ ပြောနေကြတာ လည်း ရှိသေးတယ်ဘုရား . . . "မန္တလေးမှာ အမှိုက်ပုံ တစ်ပုံ၊ ရန်ကုန်မှာ အမှိုက်ပုံ တစ်ပုံ တဲ့ . . . မန္တလေးက အမှိုက်ပုံက *** စာသင်တိုက်၊ ရန်ကုန်က အမှိုက်ပုံကတော့ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်" တဲ့ (လာ သမျှစာသင်သားများကို လက်ခံတဲ့ အတွက်) ပြောကြတယ် ဘုရား . . . ဘုန်းကြီးပဲ စဉ်းစား ကြည့်လေ တပည့်တော်တို့ စာသင်တိုက်ကို ခပ်ညံ့ညံ့စာရင်းထဲသွင်းထား လိုက်တာ ဘယ် လောက်စိတ်ဆိုးစရာ ကောင်းလိုက်သလဲလို့" ဟု လျှောက်သည်။ သူ၏ခံစားချက်နှင့် လျှောက် ထားပုံကို ကြည့်ပြီး စာရေးသူ ဘာပြောရမှန်း မသိပင် ဖြစ်သွားသည်။

ထို့နောက် စာရေးသူက "စိတ်မဆိုးပါ နဲ့လေ အမြင်ချင်းမတူကြလို့ပါ၊ တပည့်တော် ကတော့ သူတို့လိုမမြင်ပါဘူး၊ သာသနာတော် ကြီးက ဉာဏ်ကောင်းတဲ့သူတွေချည်းသာ ဝင်ခွင့် ပြုတဲ့သာသနာ မဟုတ်ပါဘူး၊ ဉာဏ်လေးတဲ့ သူတွေလဲ ဝင်ခွင့်ရှိတဲ့ သာသနာတော်ကြီးပါ။ ဉာဏ်ကောင်းတိုင်းလဲ သာသနာတော်မှာ အားကိုးရတာ မဟုတ်ပါဘူး၊ ဓမ္မပဒဝတ္ထုလာ ကပိလရဟန်းကိုကြည့်ပါလား၊ ဉာဏ်ကောင်းတဲ့ ပိဋကသုံးပုံဆောင် တိပိဋက ပုဂ္ဂိုလ်ကြီးပဲ၊ ဒါပေမယ့် စိတ်ထားမကောင်းတော့ အပါယ် လားရတယ် မဟုတ်ပါလား၊ ဉာဏ်မကောင်းပေ မယ့် စိတ်ကောင်းကောင်းထားပြီး ဝီရိယနဲ့ ကြိုးစားရင် သာသနာတော်ကြီးအတွက် အကျိုး ပြုနိုင်ပါတယ်၊ နောက်ပြီးတော့ ဉာဏ်ကောင်းတဲ့ သူတွေကို နားလည်အောင် သင်ပြနိုင်တာက အများကြီး ချီးကျူးစရာ မဟုတ်လှပါဘူး၊ ဉာဏ်မကောင်းတဲ့ သူတွေကို နားလည်အောင် သင်ပြပေးနိုင်တဲ့ ဆရာတွေကမှ ပိုပြီးတော့ ချီးကျူးစရာ ကောင်းပါတယ်၊

တပည့်တော် ငယ်စဉ်က ဖတ်ဖူးခဲ့တဲ့ ဝတ္ထုလေးတစ်ပုဒ်ကို ပြောပြချင်သေးတယ်။ တိတိကျကျတော့ ကျမ်းကို မညွှန်းပြနိုင်ဘူး၊ 'မုဒ္ဓဗောဓ' သဒ္ဒါကျမ်းကို ပြုစုသွားတဲ့ ဆရာကြီး လို့ သိရတယ်၊ သူက ငယ်စဉ်တုန်းက အလွန် ဉာဏ်လေးတယ်လို့ ဆိုပါတယ်၊ အတန်းထဲမှာ သူအညံ့ဆုံးပါပဲ၊ တစ်နေ့တော့ သူ့ကိုယ်သူ စိတ်ပျက်လွန်း အဆုံးစီရင်ဖို့ ဆုံးဖြတ်ပြီး မြစ်ဆိပ်ကမ်းကို သွားပါသတဲ့။ မြစ်ဆိပ်ကို ရောက်လို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မြစ်ထဲက ရေခပ်ပြီးတက်လာတဲ့ အမျိုးသမီး ငယ်များ ခေတ္တမျှ ရေအိုးတင်ထားရာက ကျောက်ခွက်များကို တွေ့မြင်သွားပြီး အတွေး တစ်ခု ဝင်သွားတယ်။

ဪ . . . အလွန်မာကျောလှတဲ့ ကျောက်သားများသည်ပင် နေ့စဉ်နေ့တိုင်း ရေအိုးတင်ဖန်များတော့ ချိုင့်ခွက်တွေ ဖြစ်သွား

သေးတာပဲ။ ငါလည်းပဲ အတတ်ပညာများကို နည်းနည်းချင်း ဝီရိယကောင်းကောင်းနဲ့ ကြိုးစားလိုက်ရင် ပညာတတ်တစ်ယောက် ဖြစ်လာနိုင်တာပဲဆိုပြီးကိုယ့်ကိုကို အဆုံးမစီရင်တော့ဘဲ ကျောင်းပြန်သွားပြီး ကြိုးစားလိုက်တာ "ဝေါပဒေဝ" ဆရာကြီးရယ်လို့ ပညာတတ်ကြီးတစ်ယောက်ဖြစ်သွားပါတယ်တဲ့၊ အဲ့ဒီဆရာကြီးဟာ ကျမ်းပြုတော့ သူငယ်စဉ်က အကြောင်းတွေကို စဉ်းစားမိပြီး ငါကျမ်းပြုရင် ဉာဏ်လေးသူတွေ နားလည်နိုင်လောက်အောင် ရေးသားမယ်လို့ ဆုံးဖြတ်ပြီး ကျမ်းပြုပါတယ်၊ သူပြုစုခဲ့တဲ့ကျမ်းကို မုဒ္ဓဗောဓသဒ္ဒါကျမ်း (မုဒ္ဓ= ဉာဏ်နုံ့သူ၊ ဉာဏ်ထိုင်းသူ၊ ဉာဏ်ဖျင်းသူတို့၊ ဗောဓ = သိနိုင်၊ တတ်နိုင်လောက်သောကျမ်း)

တပည့်တော်တို့ရဲ့ မြန်မာသမိုင်းမှာဆိုရင်လည်း ဆရာတော် ဦးကျည်ပွေ့ ဆိုတာလဲ ဝီရိယကောင်းကောင်းနဲ့ နည်းနည်းချင်း သင်ယူလို့ ကျမ်းဂန်တတ်ဆရာတော် ဖြစ်သွားတယ်လို့ သိရတယ်၊ ဉာဏ်ကောင်းလို့ ကျမ်းဂန်တတ် ဆရာတော်ဖြစ်သွားတာချည်းပဲဆိုတာကို မတွေ့ပါဘူး။ ဒီတော့ ဉာဏ်မကောင်းတဲ့ စာသင်သားတွေ ရောက်လာရင်လည်း တပည့်တော်တို့တိုက်က သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့ ညီညွတ်ရင် နွေးနွေး ထွေးထွေးနဲ့ ကြိုဆိုရမှာပါပဲ။

နောက်ပြီးတော့ "အမှိုက်ပုံ" ဒါကိုလဲ တပည့်တော်ကတော့ ဒီလိုမြင်ပါတယ်၊ အရှင်ဘုရား အနာထပိဏ်ကော ဆိုတဲ့ ပုဒ်ရဲ့ ဗျုပ္ပတ်ကို သတိထားမိရဲ့လား၊ "အနာထနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော" ဆိုတာကိုလေ။ ကိုးကွယ် ရာမဲ့သူတို့အား ထမင်းအစာရေစာကို ပေးတတ် သောကြောင့် အနာထပိဏ္ဍိက=

အနာထပိဏ် တဲ့။ လူပင်သေသွားသော်လဲ နာမည်ကတော့ ယခုထိ ရှင်သန်နေတုန်းပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ "အားကိုးမဲ့သူတို့ရဲ့ အားထားထိုက်သူ" ဖြစ်လို့ပါပဲ။

ဒါနဲ့ ဆက်စပ်ပြီး တပည့်တော်ငယ်စဉ်တုန်းက အဖြစ်အပျက်လေး တစ်ပိုင်းတစ်စကို ပြောချင်ပါသေးတယ်၊ တပည့်တော်တို့ (ညီအစ်ကိုနှစ်ပါး) စာသင်တိုက်ကို စတင်နေတုန်းက တောမြို့တစ်မြို့ရဲ့ စာသင်တိုက်တစ်ခုပါ။ အဲ့ဒီစာသင်တိုက်မှာ နှစ်အတန်ကြာပေမဲ့ တိုးတက်နိုင်လောက်တဲ့ အနေအထားမမြင်တာနဲ့ တစ်ခြားစာသင်တိုက်ကို ပြောင်းရွှေ့ဖို့ စီစဉ်ရပါတယ်၊ ဒါပေမဲ့ ဆရာသမားများနဲ့ မိဘများရဲ့ အကူအညီကလည်းမရ၊ အသိမိတ်ဆွေ စာသင်သားများလည်း နည်းပါးသေးတာမို့ အခက်အခဲများစွာ ကြုံနေရပါတယ်၊ အဲ့ဒီအချိန်မှာပဲ မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက်ကတော့ အသိမရှိသော်လည်း စည်းကမ်းနဲ့အညီ လိုက်နာနိုင်ပါက နေထိုင်ခွင့်ပြုတယ်လို့ သိရတော့ တပည့်တော်တို့ ညီအစ်ကို နှစ်ပါး အဲ့ဒီကျောင်းတိုက်ကို ကျောင်းဝင်ဖို့ သွားပြီးလျှောက်ထားကြပါတယ်။

အဲ့ဒီတုန်းက ကျောင်းတိုက်၏ စတုတ္ထမြောက်၊ အဘိဓမ္မမဟာရဋ္ဌဂုရုဆရာတော်ကြီး (လွန်တော်မူပြီး) ဖြစ်ပါတယ်။ ဆရာတော်ကြီးက တပည့်တော်တို့ ညီအစ်ကိုကို မင်းတို့ဒီကျောင်းမှာ နေနိုင်မှာလားဟ၊ ငါ့ကျောင်းကတော့ သူပုန်ဖြစ်ဖြစ်၊ ဓားပြဖြစ်ဖြစ် လက်ခံတယ်၊ ငါ့ကျောင်းထဲမှာ နေရင် ငါ့စည်းကမ်းအတိုင်း လိုက်နာရမယ်၊ မနေနိုင်ရင်တော့ မင်းတို့ ဖင်ပိတ်ပြေးရမယ်သာမှတ်လို့ ပြောပြီးလက်ခံလိုက်တယ်၊ တပည့်တော်တို့မှာ ပြောမပြနိုင်လောက်အောင်

ဝမ်းသာလိုက်တာ၊ တပည့်တော်တို့မှာ လိုက်ပို့ အပ်ပေးတဲ့ ဆရာလည်းမရှိ၊ ဒကာ/ ဒကာမ လည်းမပါ၊ အားကိုးနိုင်လောက်တဲ့ သူငယ်ချင်း လည်းမရှိဘဲ ကျောင်းနေခွင့်လျှောက်တဲ့ အချိန် မှာ ဆရာတော်ရဲ့ စကားက တပည့်တော်တို့ အတွက်တော့ အတိုင်းမသိ လောက်အောင် လည်း ဝမ်းမြောက်မိပါတယ်။

အရှင်ဘုရားပဲ စဉ်းစားကြည့်ပါ။ တစ်ခါ တစ်ရံမှာ မိဘ ဆရာသမားများနဲ့ သဘောထား အမြင်ချင်း မတူကြလို့ အားကိုးမဲ့လှတဲ့ တပည့် တော်တို့လို စာသင်သားများအတွက် မဟာ ဇောတိကာရာမတိုက်တို့လို အမှီက်ပုံလို့ တင်စား ခြင်းခံရတဲ့ မန္တလေးတိုက်တို့လို၊ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်တို့လို စာသင်တိုက်ကြီး တွေရှိလို့ပေါ့။ အားကိုးမရှိတဲ့ စာသင်သားများ အတွက်တော့ မေတ္တာရိပ်မြုံကြီးတွေ မဟုတ်ပါ လား၊ ဒါကြောင့် ဒီရွာမပရိယတ္တိစာသင်တိုက်ရဲ့ ကျောင်းဝင်ခွင့်မှာ "ဤကျောင်းတိုက်၏ ဆရာတော်များ၊ ဒါယကာ+ဒါယိကာမများနှင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သတ်မှတ်ထား သော စည်းကမ်းများနှင့် ညီညွတ်ပါက ကျောင်း တိုက်မှ လက်ခံသည်" လို့ အတိအလင်းပဲ ရေးထားပါတယ်၊ ဒါကြောင့်မို့ အရှင်ဘုရားရယ် သူများပြောတာတွေကို သူတို့ပြောတဲ့အတိုင်း၊ သူများမြင်တဲ့အတိုင်း မမြင်ပါနဲ့၊ မတွေးပါနဲ့၊ တကဲ့အနှစ်သာရပိုင်းကိုသာ ရှုမြင်စေချင် ပါတယ်။

တပည့်တော် ဒီရွာမပရိယတ္တိစာသင် တိုက်ကို ရောက်ခါစ ပဌမအကြိမ် နွေရာသီ ယမိုက်ပဌာန်းသင်တန်းကြီး စတင်တုန်းက ဆို ပါတော့ နယ်ကကြွလာတဲ့ စာသင်သား တစ်ပါး က သူ့အမြင်ကိုပြောတယ်၊ "ရွာမပရိယတ္တိ စာသင်တိုက်၊ ရွာမပရိယတ္တိစာသင်တိုက် ဆိုပြီး နာမည်ကြီးလို့ ရောက်လာပါတယ်၊ ဘတ်စ်ကား ကဆင်းတော့လည်း အဝေးကြီး၊ လမ်းလျှောက် လာရသေးတယ်၊ ကျောင်းတိုက် ဘယ်မှာလဲလို့ အနီးအနားမှာတွေ့တဲ့ ကျောင်း ဆရာမတွေကို မေးလိုက်တော့လည်း ရှေ့ဆက် ပြီးလျှောက်ပါ လို့ပြောပြီး စကားမေးလို့ မရတော့ဘူး၊ မြက်ခင်း စိမ်းစိမ်းကြီးထဲမှာ သစ်တုံးကြီး တွေကလည်း ဟိုနားဒီနား ပြန့်ကျဲလို့၊ သစ်ပင်လေးတွေက လည်း ဘုတ်စု၊ ဘုတ်စုနဲ့ တပည့်တော်စိတ်ထဲ မှာ သူပုန်စခန်းကြီးတစ်ခုကို ရောက်နေသလို ပါပဲ" လို့ တပည့်တော်ကို ရင်းရင်းနှီးနှီးနဲ့ ပြောသွားသေးတယ်။

ဒါတွေဟာ စိတ်ဆိုးစရာတွေ မဟုတ်ပါ ဘူးလေ၊ တပည့်တော်ရဲ့ ခံစားချက်နဲ့ အမြင်က တော့ အမှိုက်ပုံလည်း မဟုတ်ပါ၊ သူပုန်စခန်း လည်း မဟုတ်ပါ၊ အားကိုးမဲ့သူတို့ရဲ့ အားကိုး ထိုက်သော အတိုင်းမသိတန်ဖိုးမဖြတ်နိုင်သော မေတ္တာရိပ်မြုံတစ်ခုသာ ဖြစ်တယ်လို့ ပြောချင်ပါ တယ်၊ ကဲကဲ . . . အရှင်ဘုရားလည်း ပဌာန်းပွဲအတွက် စီမံစရာလေးတွေ ရှိနေဦး မှာဆိုတော့ ကြွပေဦးတော့ ဟုပြောလိုက်သည်။ စာချဘုန်းကြီးငယ်လေး၏ ရင်တွင်းမှာတော့ မည်သို့ရှိမည်မသိ၊ စာရေးသူမှာတော့ ရင်တွင်း စကားများကို ပြောကြားခွင့် ရလိုက်သည့် အတွက် စာချဘုန်းကြီးငယ်အား အထူးပင် ကျေးဇူးတင်မိသည်။

နွေးထွေး၍ တန်ဖိုးမဖြတ်နိုင်သော မေတ္တာရိပ်မြုံများ များစွာပေါ်ထွန်းပါစေဟုသာ ဆန္ဒပြုလျက် . . . .

♦ **အရှင်စန္ဒာသိရီဘိဝံသ** (ပထမကျော်)



# အဆောင်ငါးပါး ဆောင်၍ထား

အရှင်နာရဒါဘိဝံသ(လှေရတနာ)

### အဆောင်ဟူသည်

ထက်ဝန်းကျင်မှ ဖြစ်ဆဲဘေးရန်အန္တရာယ်နှင့် ဖြစ်ပေါ်လာနိုင်သော ဘေးရန်အန္တရာယ်တို့ကို ငြိမ်းစဲပပျောက် မဖြစ်မရောက်အောင် စောင့်ရှောက်ကာကွယ်တတ်သော ဘုရားစကားတော်များကိုဖြစ်စေ, ရွတ်ဆို မှုကိုဖြစ်စေ, ပွားများမှုဘာဝနာကိုဖြစ်စေ **ပရိတ္တ-** အရံအတားဟူ၍လည်းကောင်း၊ **ရက္ခာ-** အစောင့်အရှောက် ဟူ၍လည်းကောင်း၊ **ပရိဟရဏ-** အဆောင်ဟူ၍လည်းကောင်း ဆိုရသည်။ ထိုအဆောင်ကို သွားလေရာ နေလေရာသို့ အမြဲမပြတ်ဆောင်ယူ၍ ထားရ၏။ ကင်းကွာ၍ မထားရပေ။ လောကတွင် ရှင်ဘုရင်မင်းများအဖို့ ဓားသန်လျက်သည်အဆောင်ဖြစ်၏။ စစ်မြေပြင်ထွက်သည့် စစ်သူကြီးနှင့် စစ်သားတို့၏ အဆောင်ကား ချပ်ဝတ်(စစ်ဝတ်)တန်ဆာနှင့် လေး, မြား, ဓား, သေနတ်, လက်နက်တို့ပင် ဖြစ်ကြသည်။

ရဟန်းတော်တို့၏ အဆောင်မှာမူ စောင့်ထိန်းမှု ကိုယ်ကျင့်သီလ ဖြစ်၏။ ထိုကိုယ်ကျင့်သီလအဆောင် မရှိလျှင် ရဟန်းတော်တို့၏ ဘဝမှာ လုံခြုံမှု မရှိနိုင်ပေ။ ဘေးရန်အန္တရာယ်နှင့် ကြုံတွေ့ရတတ်၏။ ရဟန်းတော်တို့ အတွက် ထိုသီလအဆောင်အပြင် နောက်ထပ် အဆောင် ၅-ပါးကိုလည်း ဘုရားရှင်ဟောပြထားသေး၏-ဟူ၍ မေတ္တသုတ်အဖွင့် အဋ္ဌကထာတို့၌ ထုတ်ပြထားပါသည်၊

ထိုအဆောင် ၅-ပါးတို့ကား-

၁။ မေတ္တာပွားများ ပို့သခြင်း၊

၂။ ပရိတ်ရွတ်ခြင်း၊

၃။ အသုဘရှုခြင်း၊

၄။ သေခြင်းကို ပွားများခြင်း၊

၅။ သံဝေဂရဖွယ် အကြောင်း ၈-ပါးကို ဆင်ခြင်နှလုံးသွင်းခြင်းတို့ ဖြစ်ကြသည်။

ထိုအဆောင် ၅-ပါးတို့ကို နံနက် ၁-ကြိမ်၊ ညနေ ၁-ကြိမ်အားဖြင့် တစ်နေ့ ၂-ကြိမ် ပြုလုပ်ရမည်ဟူ၍ ဘုရားရှင် ဟောပြတော်မူသည်။ *(သုတ္တနိပါတ် အဋ္ဌကထာ- ၁၊ ၁၇၇၊ ခုဒ္ဒပါဌ အဋ္ဌကထာ -၂၀၁)*

မေတ္တာ ပရိတ္တာ အသုဘာ၊ ကာတဗ္ဗာ မရဏဿတိ။

သံဝေဂ သမာပဇ္ဇနံ့ သာယံ ပါတံ ဒိနေ ဒိနေ။

### ၁။ မေတ္တာပွားများ ပို့သခြင်းအဆောင်

မေတ္တာတရား ပွားများရာ၌ **"သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ ဒုက္ခာ မုစ္စန္တု-** ကြွင်းမဲ့ဥဿုံ အားလုံးကုန်သော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ကြ ပါစေ"ဟူ၍ ဝနဝါသီ တိဿသာမဏေ၏ တိုတိုနဲ့ ထိရောက်သောနည်းဖြင့် ပို့သနိုင်ပါသည်၊ ထို့အပြင် မေတ္တသုတ်လာ **"လုံးစုံ များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ"**စသည့် ၁၁-နည်းဖြင့်လည်း ပွားများနိုင်၏၊ ၎င်းအပြင် ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ **"အရှေ့အရပ်၌ ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန် ခပ်သိမ်း ငြိမ်းကြပါစေ"** စသော အရပ် ၁၀-မျက်နှာ မေတ္တာပို့နည်းဖြင့်လည်း ပို့သနိုင်ပါသည်။ မိမိအာရုံထဲမှာ ထင်လွယ်သည့် နည်းဖြင့် ပို့သရန်ဖြစ်သည်။

ယင်းသို့ လူသားတွေအပေါ်မှာ မေတ္တာပွားများပို့သခြင်းဖြင့် အတူနေပုဂ္ဂိုလ်တို့၏ စိတ်ကို နူးညံ့ပျော့ပျောင်းစေပါသည်။ စိတ်ထားနူးညံ့သွားသဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရ၏။ သီမဋ္ဌကနတ်တို့နှင့် ဂေါစရဂါမ်မှ အစိုးရသူတို့ကို မေတ္တာပို့သခြင်းဖြင့် တရားနှင့်လျော်ညီသော စောင့်ရှောက်မှုကို ခံယူရနိုင်ပါသည်။ အစောင့်အရှောက် ရရှိထားသဖြင့် သူတစ်ပါးတို့ နှောက်ယှက်မှုကိုမခံရတော့ပေ။ ရဟန်းအလုပ်ကို အေးချမ်းစွာ ပြုလုပ်နိုင်ပေသည်။

### ၂။ ပရိတ်ရွတ်ခြင်း အဆောင်

ပရိတ်ရွတ်ခြင်းဟူရာ၌ ပရိတ်ကြီး ၁၁-သုတ်လုံးကို ရွတ်ဆိုရမည်ဟု မဆိုလိုပေ။ မိမိရရှိထားသည့်ပရိတ်ကို ရွတ်ဆိုရုံပင်ဖြစ်သည်။ မင်္ဂလသုတ် ၁-သုတ်ပင် ဖြစ်စေဦးတော့၊ အနက်အဓိပ္ပါယ်ဆင်ခြင်သိရှိပြီး ရွတ်ဆိုပါက အဆောင်ကောင်းပင်ဖြစ်သည်။

သဒ္ဓါတရား ဝီရိယစွမ်းအားဖြင့် စွမ်းနိုင်ပါမူ ပရိတ်ကြီး ၁၁-သုတ်အပြင် တခြားပရိတ်တို့ကိုပါ ရွတ်ဆိုနိုင်ပါသည်။ ထိုပရိတ်တို့မှာ လနတ်သားပရိတ်၊ နေနတ်သားပရိတ်၊ အာဋာနာဋိယပရိတ်စသည်တို့ ဖြစ်ကြ၏၊ အထူးအားဖြင့်မူ မေတ္တသုတ်ပရိတ်၊ ရတနသုတ်ပရိတ်၊ ဓဇဂ္ဂသုတ်ပရိတ်တို့ကို နေ့စဉ်ရွတ်ဆိုထိုက်ပေသည်။ ပရိတ်ရွတ်ခြင်းဖြင့် ဘေးရန် အန္တရာယ် အသွယ်သွယ်တို့ မကျရောက်နိုင်တော့ပေ။ ဘေးရန်အန္တရာယ်ကင်းသဖြင့် ချမ်းသာစွာ နေထိုင်ရလေသည်။ (ဒီ၊ ဋ-၃၊ ၁၅၀)

### ၃။ အသုဘရှုခြင်း အဆောင်

အသုဘရှုခြင်းဟူသည် ဒကာ၊ ဒကာမတွေ ပင့်ဖိတ်လို့ သုသာန်သင်းချိုင်းသို့လိုက်၍ သက်မဲ့အသုဘ အလောင်းကောင်ကိုသာ ရှုရမည်ဟု မဆိုလိုပေ။ မိမိရဲ့ ခန္ဓာကိုယ် သက်ရှိအသုဘကိုလည်း မတင့်တယ် စက်ဆုပ်ရွံရှာဖွယ်အနေဖြင့် ရှုရမည်သာဖြစ်၏။ ယင်းသို့ မိမိရဲ့ ခန္ဓာကိုယ် သက်ရှိအသုဘကို ရှုရာ၌ ဒွတ္တိံသာ-

ကာရ ကမ္မဋ္ဌာန်းဖြစ်သည့် **"အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော"**စသည်ဖြင့် ပါဠိလိုလည်း ရွတ်ဆိုရှုမှတ်နိုင်သည်။

မြန်မာလိုလည်း ရွတ်ဆိုနိုင်ပါ၏၊ ရွတ်ဆိုပုံမှာ "ငါ၏ ကိုယ်မှာ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရည်, အသား, အကြော, အရိုး, ရိုးတွင်းချဉ်ဆီ, အညှို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုပ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်တို့သာ ရှိကုန်သည်တကား"ဟူ၍ ဖြစ်၏။

သက်မဲ့အသုဘ အလောင်းကောင်ကိုမူ သဗ္ဗြိဟ်ကျမ်း ကမ္မဋ္ဌာန်းပိုင်းမှာ လာသည့် **"ဥဒ္ဓုမာတကံ ဝိနီ လကံ ဝိပုဗ္ဗကံ ဝိစ္ဆိဒ္ဒကံ ဝိက္ခာယိတကံ ဝိက္ခိတ္တကံ ဟတဝိက္ခိတ္တကံ"** စသည်ဖြင့် ပွားများနိုင်ပါသည်။ ထို့အပြင် မဟာသတိပဋ္ဌာနသုတ် ပါဠိတော် ကာယာနုပဿနာ သတိပဋ္ဌာန် နဝသိဝထိကအပိုင်း၌လာသည့် အတိုင်း သက်မဲ့အသုဘ အလောင်းကောင်မှ တဆင့် သက်ရှိအသုဘဖြစ်သည့် မိမိခန္ဓာကိုယ်ကို **"အယမ္ပိခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"**ဟူ၍လည်း ရှုမှတ်နိုင်ပါသည်။

ယင်းသို့ သက်ရှိအသုဘခန္ဓာကိုယ်၊ သက်မဲ့အသုဘအလောင်းကောင် ခန္ဓာကိုယ်တို့ကို မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ် အသုဘသညာအနေဖြင့် ရှုထားလျှင် ဝိသဘာဂအာရုံတို့၌ တပ်မက်မှုတဏှာ မဖြစ်တော့ပေ၊ မိမိခန္ဓာကိုယ်ကိုလည်း လွန်လွန်ကဲကဲ တဏှာဖြင့် မတွယ်တာတော့ပေ၊ တရားအလုပ်ကိုသာ အားစိုက်ထုတ်ဖြစ်တော့၏။

သကာယေ ပရကာယေ စ၊ အာသံ ဆိန္ဒေယျ ပဏ္ဍိတော။

အာသံ ဆေတွာ သုခံ သေတိ၊ အာသာယ ပိဋ္ဌိတော ပဇာ။

၄။ သေခြင်းကို ပွားများခြင်း အဆောင်

သေခြင်းကို ပွားများရာ၌ **အဒ္ဓုဝံ မေ ဇီဝိတံ**-ငါ၏ အသက်ရှင်ခြင်းသည် မမြဲပါချေ။ **ဓုဝံ မေ မရဏံ**- ငါ၏ သေခြင်းသည်သာ မြဲလှပေစွတကား၊ **အဝဿံ မယာ မရိတဗ္ဗမေဝ**-ငါသည် မချွတ်ကေန် အမှန်ပင် သေရမှာပါတကား ဟူ၍ ပွားများနိုင်ပါသည်။

ထို့အပြင် ဘုန်းကံကြီးမားသူတွေ၊ အခြံအရံ ပရိသတ်ပေါများသူတွေ၊ ခွန်အားဗလကြီးမားသူတွေ၊ တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်သူတွေ၊ အတတ်ပညာ ကြီးမားသူတွေ၊ ရာထူးအာဏာရှိသူတွေ သေဆုံးကွယ်လွန်သွားသည်ကို ကြည့်၍ **"ဘုန်းကံကြီးမား၊ ခြွေရံများ၍၊ ခွန်အားပြည့်မတ်၊ ဣဒ္ဓိပါဒ်နှင့်၊ အတတ်ပညာ၊ ကြီးမြင့်ပါလည်း၊ သတ္တဝါအားလုံး၊ ကုန်အောင်ချုံး၊ နောက်ဆုံးသေရမည်ပါတကား"** ဟူ၍လည်း သေခြင်းကိုပွားများနိုင်ပါ၏။

ယင်းသို့ သေခြင်းကို ပွားများထားလျှင် မချွတ်ကေန် အမှန်ပင် သေရမှာပါလားဟု ကြံစည်စဉ်းစားမိ၍ မသင့်သော အသက်မွေးဝမ်းကြောင်း အနေသန မိစ္ဆာဇီဝအလုပ်တို့ကို မပြုဖြစ်တော့ချေ၊ ရိုးသားဖြောင့်မတ်သည့် သမ္မာအာဇီဝနည်းဖြင့်သာ အသက်မွေးဝမ်းကြောင်းပြုတော့၏၊ သံဝေဂဉာဏ်ထက်သန်သောကြောင့် တရားအလုပ်တို့မှ နောက်မဆုတ်တော့ပေ။

**၅။ သံဝေဂကို ဆင်ခြင်ပွားများခြင်း အဆောင်**

သံဝေဂရဖွယ်အကြောင်း ၈-ပါးတို့ကို ဆင်ခြင်နှလုံးသွင်းခြင်းဟူရာ၌ သံဝေဂဝတ္ထု ၈-ပါးတို့ကား-

၁။ ပဋိသန္ဓေနေရခြင်း ဆင်းရဲ ဇာတိ၊
၂။ အိုမင်းရင့်ရော်ခြင်းဆင်းရဲ ဇရာ၊
၃။ နာဖျားခြင်းဆင်းရဲ ဗျာဓိ၊
၄။ သေဆုံးကွယ်လွန်ခြင်း မရဏ၊
၈။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော အပါယ်ဆင်းရဲတို့ဖြစ်ကြ၏။

နောက်တစ်မျိုး ရေတွက်ပုံမှာ-

၁။ ပဋိသန္ဓေနေရခြင်း ဆင်းရဲ ဇာတိ၊
၂။ အိုမင်းရင့်ရော်ခြင်းဆင်းရဲ ဇရာ၊
၃။ နာဖျားခြင်းဆင်းရဲ ဗျာဓိ၊
၄။ သေဆုံးကွယ်လွန်ခြင်း မရဏ၊
၅။ အပါယ်ဆင်းရဲဒုက္ခ၊
၆။ အတိတ်ဘဝက ပြုလုပ်ခဲ့သော ဝဋ်ဆင်းရဲ ဒုက္ခ၊
၇။ အနာဂတ်ဘဝ၌ ခံစားရမည့် ဝဋ်ဆင်းရဲ ဒုက္ခ၊
၈။ ပစ္စုပ္ပန်ဘဝ၌ အစာရှာ ရခြင်း အရင်းခံသော ဆင်းရဲဒုက္ခတို့ ဖြစ်ကြ၏၊ ဤ ၈-ပါးကြောင့်ပင် လူဖြစ်ရသည့်ဒုက္ခ ဟူ၍ ပြောဆိုကြ၏။

ဤ၈-ပါးတို့မှာ ထိတ်လန့်ကြောက်ရွံ့ဖွယ် အကြောင်းဖြစ်၍ သံဝေဂဝတ္ထုဟု ခေါ်ရသည်၊ ဤဆင်းရဲ ဒုက္ခ အကြောင်းတရား ၈-ပါးကြောင့် သူသူငါငါ သတ္တဝါတို့မှာ နေ့ရောညပါ ကိုယ်စိတ်ဆင်းရဲ ပူပန်သောက ရောက်နေကြရ၏၊ ထိတ်လန့်ကြောက်ရွံ့ဖြစ်ဖွယ် ဤအကြောင်း ၈-ပါးကို ဆင်ခြင်မိသောအခါ သံဝေဂဉာဏ် ဖြစ်ပေါ်လာ၏၊ ထိုသံဝေဂဉာဏ် အရင်းခံထားလျှင် ကုသိုလ်အလုပ်ကို အားကြိုးထက်သန်စွာ ပြုလုပ်ဖြစ်တော့သည်၊ သံဝေဂဝတ္ထု ၈-ပါးကို မဟာဂန္ဓာရုံဆရာတော်၏ လင်္ကာလေးဖြင့် ဆင်ခြင်နှလုံးသွင်းကြည့်လျှင် သံဝေဂရရှိနိုင်ပါသည်။

**အမိဝမ်းခေါင်း၊ ဆယ်လညောင်းမျှ အောင်းခဲ့ရပေ၊ တည်သန္ဓေနှင့်၊ လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ၊ ခံပြီးမှလည်း၊ များလှပါယ်ရွာ၊ ရောက်ကြရှာ၏၊ အတီတာရှေး ဤဝဋ်ဘေးနှင့်၊ နောင်ရေးနာဂတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရှာရ၊ ထိုဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူငါငါ၊ မသက်သာသည်၊ ရှစ်ဖြာသံဝေ ရကြောင်းတည်း။**



| |
|---|
| ဘုရားဂုဏ်တော်ကို ပွားများသော |
| ပုဂ္ဂိုလ်မှာ လောဘ ဒေါသ မာန |
| ဣဿာ မစ္ဆရိယ-စသော အကုသိုလ် |
| ကိလေသာတွေ နည်း၍နည်း၍သွား၏။ |
| စိတ်အစဉ်လည်း ပို၍ ကြည်လင်လာ |
| ၏။ မြတ်စွာဘုရားရှင်ကို ယုံကြည် |
| အားကိုးသော သဒ္ဓါတရားလည်း |
| ထက်သန်လာ၏။ သာသနာတော်ကို |
| ချစ်လျက် ပြုစုစောင့်ရှောက်လိုသော |
| ဉာဏ်ပညာလည်း ကြီး၍ကြီး၍ လာ |
| ပါသည်။ |

### သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၃-ပါး

ဖော်ပြခဲ့ပြီးသည့် အဆောင် ၅-ပါးတွင် ပါဝင်သော ၁။မေတ္တာ၊ ၂။အသုဘ၊ ၃။မရဏ ဿတိ- အားဖြင့် ဤ ၃-ပါးတို့သည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟူသော အမည်ကိုလည်း ရရှိကြသေး၏။ ဤ ၃-ပါးတို့ကို အလုံးစုံသော ရဟန်းကိစ္စ၌ဖြစ်စေ, အလုံးစုံသော ကမ္မဋ္ဌာန်းအားထုတ်မှု၌ ဖြစ်စေ အလိုရှိအပ်သောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟူ၍ဆိုရ၏၊ ကမ္မဋ္ဌာန်း ၄၀-ထဲမှ ဘယ်ကမ္မဋ္ဌာန်းကိုပဲ အားထုတ်သည် ဖြစ်စေ၊ ဤကမ္မဋ္ဌာန်း ၃-ပါးကိုမူ ရှေးဦးစွာ အားထုတ်အပ်သည်ချည်း ဖြစ်၏။ သို့ဖြစ်ရကား ဤကမ္မဋ္ဌာန်း ၃-ပါးသည် ကမ္မဋ္ဌာန်း အားလုံးတို့၏ အဆောင်လည်း ဖြစ်ရတော့သည်။

(ဝိ ၄- ၂၊ ၂၀)

### စတုရာရက္ခ ဘာဝနာ ၄-ပါး

မေတ္တာ, အသုဘ, မရဏ-ဟူသော သဗ္ဗတ္ထကကမ္မဋ္ဌာန်း ၃-ပါးတွင် ဘုရားဂုဏ်တော်ကို ပွားများခြင်း ဗုဒ္ဓါနုဿတိကို ထည့်လျှင် စတုရာရက္ခဘာဝနာ ၄-ပါး ဖြစ်သွား၏၊ ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏဿတိ-ဟူသော ဤ ၄-ပါးသည် **“ဘုရားအာရုံ၊ မေတ္တာထုံ၍၊ တဖုံကာယ၊ အသုဘနှင့်၊ မရဏဿတိ၊ ဤလေးလီ၊ ကိုယ်စီစိတ်စောင့် တရားတည်း”** ဟူသည်နှင့်အညီ စိတ်ကို မကောင်းသည့် အကုသိုလ်အာရုံဘက်သို့ မသွားအောင် စောင့်ရှောက်တားမြစ်တတ်သောကြောင့် “စတုရာရက္ခဘာဝနာ”မည်၏။

ဤတရား ၄-ပါးတို့သည် မိမိသည် စောင့်အပ် ပွားများအပ်သောတရားဖြစ်သလို မိမိကို ပြန်လည်၍ စောင့်ရှောက်တတ်သော တရားတို့ ဖြစ်ကြ၏၊ ဤစတုရာရက္ခတရား ၄-ပါးတို့ကိုလည်း နေ့စဉ်နေ့တိုင်း မပျက်မကွက် ပွားများရမည့်သာ ဖြစ်၏၊ ထို့ကြောင့် စူဠဝါအဋ္ဌကထာ၌ “ဒိဝသေ ဒိဝသေ သီလာနိ အာဝဇ္ဇေတွာ စတုရာရက္ခံ အဟာပေတွာ ယောနိသော မနသိကာရဗဟုလာ ဝိဟရထ”ဟူ၍ ဩဝါဒစကားအဖြစ် မှာကြားတိုက်တွန်းထားခြင်း ဖြစ်ပေသည်။

ဤ ၄-ပါးတွင် ဗုဒ္ဓါနုဿတိပွားများပုံမှာ **“ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ”**စသည်ဖြင့် ပါဠိလိုလည်း ပွားများနိုင်ပါ၏၊ ရွှေဟင်္သာတောရ ဆရာတော်ဘုရားကြီး၏ **“တို့ဘုရားမူ နတ်လူတို့က ပူဇော်ရ၏။ ဓမ္မဥဿုံ အလုံးစုံကို ကိုယ်တော်မှန်စွာ သိတတ်ပါ၏။ ဝိဇ္ဇာစရဏ ပြည့်စုံလှပြီး စကားကောင်းကို ကိုယ်တော်ဆို၏။ ထိုထို လောက သိတတ်လှ၏။ ဆုံးမထိုက်သူ အတုကင်းလတ် ဆုံးမတတ်၏။ နတ်လူဆရာ သစ္စာသိမြင် ဘုန်းအရှင်သည် ကိုးအင်ဘုရား ဂုဏ်တော်တည်း”** ဟူ၍ မြန်မာလိုလည်း ဆင်ခြင်နိုင်ပါသည်၊ ထို့အပြင် မိမိရရှိထားသည့် “နမော တဿ, ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, သမ္ဗုဒ္ဓေ-ဂါထာ”စသော ဘုရားရှင်၏ တခြားသော ဂုဏ်တော်တို့ဖြင့်လည်း ရွတ်ဆို ပွားနိုင်ပါ၏။

ယင်းသို့ ဘုရားဂုဏ်တော်ကို ပွားများသောပုဂ္ဂိုလ်မှာ လောဘ, ဒေါသ, မာန, ဣဿာ, မစ္ဆရိယ-စသော အကုသိုလ်ကိလေသာတွေ နည်း၍နည်း၍သွား၏၊ စိတ်အစဉ်လည်း ပို၍ ကြည်လင်လာ၏၊ မြတ်စွာဘုရားရှင်ကို ယုံကြည်အားကိုးသော သဒ္ဓါတရားလည်း ထက်သန်လာ၏၊ သာသနာတော်ကိုချစ်လျက် ပြုစုစောင့်ရှောက်လိုသော ဉာဏ်ပညာလည်း ကြီး၍ကြီး၍ လာပါသည်။

ဗုဒ္ဓါနုဿတိ မေတ္တာ စ၊ အသုဘာ မရဏဿတိ။
အတ္တနာ ရက္ခိတဗ္ဗာ စ၊ အတ္တာနံ ရက္ခကာ စ တေ။

ဓမ္မပဒပါဠိတော် ဒါရုသာကဋိကပုတ္တ ဝတ္ထု၌မူ ဘုရားရှင်သည် အဆောင် ၆-ပါးကို ဟောပြတော်မူသည်၊ အဆောင် ၆-ပါး ဟူသော်ကား-

၁။ ဗုဒ္ဓါနုဿတိ- ဘုရားဂုဏ်တော် ပွားများခြင်း၊
၂။ ဓမ္မာနုဿတိ- တရားဂုဏ်တော် ပွားများခြင်း၊
၃။ သံဃာနုဿတိ- သံဃဂုဏ်တော် ပွားများခြင်း၊
၄။ ကာယဂတာသတိ- ခန္ဓာကိုယ်၌ ဒွတ္တိံသသာကာရအားဖြင့် ဖြစ်စေ, သိဝထိကပဗ္ဗ၏ အစွမ်းအားဖြင့် ဖြစ်စေ, စတုဓာတုဝတ္ထာန်၏ အစွမ်းအားဖြင့် ဖြစ်စေ, ရူပစျာန်၏ အစွမ်းအားဖြင့်ဖြစ်စေ ရှုမှတ်ခြင်း၊
၅။ ကရုဏာဘာဝနာ- သတ္တဝါတို့အား မညှင်းဆဲဘဲ သနားခြင်း၊
၆။ မေတ္တာဘာဝနာ- မေတ္တာပွားများ ပို့သခြင်းတို့ ဖြစ်ကြ၏။

ထို ၆-ပါးတို့တွင် တစ်ပါးပါးကို တစ်နေ့လျှင် သုံးကြိမ်ဖြစ်စေ, နှစ်ကြိမ်ဖြစ်စေ, အနည်းဆုံး တစ်ကြိမ်ပဲ ဖြစ်စေ မပျက်စေဘဲ နေ့စဉ်ရက်ဆက် အာသေဝနဖြစ်အောင် ပွားများလျှင် အဆောင်ကိစ္စ ပြီးမြောက်တော့၏၊ ထိုအဆောင်ကို ဆောင်ထားသူမှာ တခြားအဆောင်များနှင့် မန္တာန်ဆေးဝါးတို့ကို ဆောင်ထားစရာ မလိုတော့ပေ။ အဆောင် ၆-ပါးလုံးကို ဆောင်ထားသူ အဖို့မှာမူ အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

(ဓမ္မပဒအဋ္ဌကထာ-၂၊ ၂၈၆)

ဗုဒ္ဓဓမ္မသံဃာစေဝ၊ နိစ္စံ ကာယဂတာသတိ။
ကရုဏာ မေတ္တာဘာဝနာ၊ ဘာဝေတဗ္ဗာ ဒိနေ ဒိနေ။

ဓမ္မပဒ၌ ဟောကြားသော ဤအဆောင် ၆-ပါးထက် မေတ္တသုတ်၌ ဟောကြားသော အဆောင် ၅-ပါးက ပို၍အခြေခံကျ၏။ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဖြစ်သလို စတုရာရက္ခဘာဝနာလည်း ထိုက်၏။ ထို့ကြောင့် မေတ္တသုတ်လာ အဆောင် ၅-ပါးကို နေ့စဉ်ဆောင်ထားထိုက်ပေသည်။ ဤအဆောင် ၅-ပါးကို နေရာဒေသမရွေး သွားလေရာ နေလေရာသို့ ယူဆောင်၍ သွားရပါမည်။ နေ့စဉ် တစ်နေ့ ၂-ကြိမ် ပြုလုပ်ရပါမည်။ ဤသို့သောနည်းဖြင့် ဆောင်၍ထားပါလျှင် အန္တရာယ်ကင်း ဘေးရှင်းတော့၏။ သံဝေဂဉာဏ် အရင်းခံထားသဖြင့် အကုသိုလ်ပါးပြီး ကုသိုလ်တွေလည်း ပွားတော့၏။

၁၃၇၁-ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ-၏ လက်ထက်၌ နှစ် ၄၀-ပြည့်မြောက်သော ရွာမပရိယတ္တိ စာသင်တိုက်ကြီးကို “အဆောင်ငါးပါး ဆောင်၍ထား” ဟူသော ဤဆောင်းပါးဖြင့် ဂုဏ်ပြုပူဇော် အပ်ပါသည်။ ရွာမပရိယတ္တိစာသင်တိုက်ကြီး နှစ်ပေါင်းရာကျော်အောင် တည်တံ့အောင်မြင်ပါစေသော်။

♦ အရှင်နာရဒါဘိဝံသ (လှရတနာ)

◆



# ပဋ္ဌသီခ်ဖြစ်ပါရစေ

ရေနံ့သာဝင်းမောင်

မမျှော်လင့်ဘဲ ဂီတမိတ်ဆွေကောင်းတစ်ယောက်နှင့် ပြန်တွေ့ရသည်။ သူကား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတဝိုင်းတွင် တစ်ချိန်က (Lead guiter) တီးခဲ့သော ကိုသန်းလွင်ဖြစ်သည်။ ကိုသန်းလွင်၏ ရုပ်ရေရူပကာယမှာ ဖြူစင်သန့်ရှင်း၍ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ၊ သွားလာပုံ၊ ပြောပုံဆိုပုံနှင့် စည်းကမ်းရှိပုံမှာ ဂီတသမားတစ်ယောက်၏ ပုံစံနှင့် သိပ်မတူ။ မြန်မာ့ရုပ်မြင်သံကြားပေါ်လာတော့ မြန်မာ့အသံတီးဝိုင်းနှင့် သူ့ရုပ်ပုံလွှာကို မကြာခဏ တီဗွီဖန်သားပြင်ပေါ်တွင် မြန်မာဆန်ဆန် လုံချည်တိုက်ပုံနှင့် ဂီတာတီးသည်ကို တွေ့ရသည်။ ကျွန်တော့် သီချင်းတွေကိုလည်း သူအများကြီးတီးဖူးသည်။ ကျွန်တော်ရေးသော "မြန်မာပြည်သား"သီချင်းကိုပင် သူက ကမ္ဘာသုံးတူရိယာပစ္စည်းများကိုသုံးကာ ပြန်လည်ဆန်းသစ်၍ သူကိုယ်တိုင် (Music arrangement) လုပ်ပြီး (orch estra)တီးဝိုင်းကြီးဖြင့် တီးဖူးသည်။ သို့သော် ထိုသီချင်းကို မြန်မာ့အသံမှ လွှင့်ဖြစ်ခဲ့ဟန်မတူပါ။ ထို့နောက် ကိုသန်းလွင်တစ်ယောက် လုပ်သက်မပြည့်မီ မြန်မာ့အသံမှ အငြိမ်းစားယူသွားသည်ဟု ကြားရသည်မို့ ကျွန်တော်တို့ ထပ်မဆုံဖြစ်ခဲ့တော့။

ဆုံမယ့်ဆုံချင်တော့ သူနေသော တောင်ဥက္ကလာနှင့် ကျွန်တော်နေသော ဒဂုံမြို့သစ် (မြောက်ပိုင်း)သည် ကားမှတ်တိုင် နှစ်မှတ်တိုင်သာပင်ဝေးသည်။ သူနှင့်ပြန်ဆုံသောအခါ ကျွန်တော် သူ့ကို အံ့သြစွာဖြင့် ငေးကြည့်နေမိသည်။ သူကား တီဗွီဖန်သားပြင်ပေါ်တွင် မြန်မာ့အသံတီးဝိုင်းနှင့်အတူ မြင်နေရသော ကိုသန်းလွင်မဟုတ်တော့။ ယခင်ဆံပင်ကို ကြော့နေအောင်ဖီးတတ်သောသူကား ယခု ခေါင်းတုံးဆံပင်ပေါက်နှင့် တည်ငြိမ်အေးချမ်းနေသော ဂီတသမားကောင်းတစ်ယောက်၏အသွင်ကို ဆောင်နေချေပြီ။ အသင့်ချုပ်ပြီးလုံချည် အကျီရောင်းသော ဆိုင်တစ်ဆိုင်လည်း ဖွင့်ထားသည်။ သားသမီးတွေကတော့ နိုင်ငံခြားမှာဟုဆိုသည်။ သူ၏ အပြောင်းအလဲများထဲတွင် ကျွန်တော်အံ့အားသင့်စေသည်မှာ သူကား ဘာသာရေးသမားတစ်ယောက်ဖြစ်နေ၍ သူ့အိမ်တွင် အသံကူးစက်တစ်လုံးနှင့် ဘာသာရေးတိတ်ခွေများကူးကာ ဓမ္မဒါနဖြန့်ဝေပေးနေခြင်းဖြစ်သည်။ ထိုနေ့က ကျွန်တော့်ကို မှတ်မှတ်ရရ ကက်ဆက်တိတ်ခွေတစ်ခွေပေးလိုက်သည်။ "ဖွင့်ပြီးနာစမ်းပါဗျာ ကျွန်တော်တို့လို အနုပညာသမားတွေ၊ သဘင်သည်တွေ၊ ဂီတသမားတွေအတွက် ဟောထားတာ"ဟု ဆိုသဖြင့် ကျွန်တော်လည်း စိတ်ဝင်စားစွာဖြင့် သူပေးလိုက်သော တိတ်ခွေကို ယူခဲ့မိသည်။

သို့သော် ထိုတိတ်ခွေကို ချက်ချင်းမဖွင့်ဖြစ်ခဲ့ပါ၊ ကျွန်တော့်လက်ထဲရောက်ပြီး တစ်နှစ်နှစ်နှစ်လောက်ကြာမှ သတိပြန်ရ၍ ရှာပြီးဖွင့်ကာ ဆရာတော်ဟောသောတရားကို နာမိသည်။ တရားခေါင်းစဉ်မှာ "တောမီးတစ်ကွက်မုဆိုးတစ်သက် သဘင်သည်တစ်ရက်"ဖြစ်ပြီး ပျံလွန်တော်မူသွားပြီဖြစ်သော ဓမ္မဒူတဆရာတော်ကြီး ဟောကြားသည့် တရားခွေဖြစ်သည်။ တရား၏အခြေခံမှာ "တောမီးတစ်ကွက်ရှို့သဖြင့် သတ္တဝါအပေါင်းသေရခြင်း" အကုသိုလ်၊ တောကောင်မုန်သမျှ သတ်ဖြတ်နေသော မုဆိုးတစ်ယောက်၏ တစ်သက်လုပ်သော အကုသိုလ်၊ သဘင်သည်တစ်ယောက်၏ တစ်ရက်တစ်ည သရုပ်ဆောင်ပြသော အကု

သိုလ်သည် အတူတူချည်းပဲဟူသော သဘော ဖြစ်သည်။

ထိုတရားကို ဆက်နာမိသည်နှင့် ကျွန်တော် တုန်လှုပ်သွားသည်၊ ကိုယ်ကလည်း သဘင်သည်နည်းတူ အလုပ်တွေကို လုပ်ခဲ့မိသူ မဟုတ်ပါလား။

ဆရာတော်ဟောသော တရား၏အနှစ်ချုပ်အကြောင်းကား ဘုရားရှင်လက်ထက်တော်တွင် သဘင်သည် ဆရာကြီးများက တပည့်သဘင်သည်ပေါက်စလေးများအား ကြားဖူးနားဝနှင့်ပြော၍ မဟုတ်မမှန် စည်းရုံးသိမ်းသွင်းထားသောစကားတစ်ခုရှိသည်။ ထိုစကားကား "တို့သဘင်သည်တွေဟာ လူတွေကို စိတ်နှလုံးရွှင်ပြုံးအောင် ပျော်ရွှင်အောင် လုပ်ပေးကြသူများဖြစ်၍ ထိုသူတို့သေလျှင် "ပဟာသ"နတ်ပြည်သို့ရောက်သည်ဟု ဆိုလေသည်။ ထိုစကားကို အဟုတ်မှတ်၍ နောက်ပေါက်သဘင်သည်တို့ကား တို့အလုပ်သည် နတ်ပြည်ကိုရောက်နိုင်သည့် အလုပ်ပါလား ဟူ၍ အထင်မှားခဲ့ကြပြီး သူတို့အနုပညာအား ကောင်းသထက်ကောင်း၊ ကျော်သထက်ကျော် အောင် ကြိုးစားကြသည်။ တစ်နေ့သော် ကာဠပုတမည်သော သဘင်သည်မင်းသားကြီးတစ်ယောက် မြတ်စွာဘုရားရှင်၏ ထံမှောက်သွားရောက်လာပြီး "အရှင်ဘုရား တပည့်တော်တို့သဘင်သည်တွေ သေလျှင် ဘယ်ရောက်ပါသနည်း" ဘုရားဟု မေးလျှောက်သည့်အခါ မြတ်စွာဘုရားရှင်က "ငါ့မမေးနဲ့"ဟု ဆို၍ မဖြေဘဲနေသည်၊ ကာဠပုတလည်း မြတ်စွာဘုရား မဖြေမချင်း အထပ်ထပ်မေးရာ လေးကြိမ်တိုင်သို့ရောက်သည့်အခါမှ ဘုရားရှင်လည်း မနေသာ တော့ဘဲ "မင်းတို့သဘင်သည်တွေဟာ လူတွေကို ရာဂ၊ ဒေါသ၊ မောဟတရားပွားသထက်ပွားအောင် စေ့ဆော် နှိုးဆွသူတွေမို့ သေရင် ပဟာသငရဲကိုရောက်ကြတယ်"ဟု ဆိုလေလျှင် ကာဠပုတသဘင်သည်ကြီးမှာ ချုံးပွဲချ ငိုလေတော့သည်။ "ကာဠပုတ အသင် ဘာကြောင့် ဒီလောက်ငိုကြွေးရပါသနည်း"ဟု မြတ်စွာဘုရားက မေးလျှင် ကာဠပုတလည်း "တပည့်တော် ပဟာသငရဲကျတော့မှာမို့ ငိုကြွေးတာတော့မဟုတ်ပါဘုရား၊ တပည့်တော်တို့ သဘင်သည်တွေကို သဘင်ဆရာကြီးတွေက ပဟာသဆိုတာ ငရဲမဟုတ် နတ်ပြည်လို့ အထင်လွဲအောင် စည်းရုံးသိမ်းသွင်းတာကို ခံခဲ့ရပြီး အဟုတ်မှတ်လို့ ကြိုးစားပမ်းစား အားရှိပါးရှိ ကခဲ့ခုန်ခဲ့မိသည်ကို နောင်တရပြီး ငိုကြွေးမိပါသည်ဘုရား"ဟု လျှောက်လေတော့သည်။ ထို့နောက် မြတ်စွာဘုရားရှင်က ပဟာသငရဲ၏အကြောင်းကို ရှင်းလင်းဟောပြရာ၌ ထိုပဟာသငရဲသည် မြေပြင်ကား သံပူမြေပြင်ကြီးဖြစ်၍ မီးကျီခဲကဲ့သို့ ရဲရဲတောက်နေသည်။ ထိုအပေါ်တွင် ဆောက်ထားသော ဇာတ်ခုံသည်လည်း မီးကျီးခဲကဲ့သို့ ရဲရဲနီနေ၏။ ဆိုင်းဝိုင်း၊ နှဲ၊ ဗုံတို့သည်လည်း မီးကျီခဲကဲ့သို့ရဲနေသည်။ ထိုမီးခဲရဲရဲတူရိယာပစ္စည်းများကို တီးသူကတီး၊ ဆိုသူကဆို၊ ကသူက,က၊ ငိုသူကငိုနှင့် ငရဲသက် မကုန်မချင်း ခံရသည်ဟူ၏။

"ရာဂ၊ ဒေါသ၊ မောဟတရား၊
ပွားသထက်ပွားအောင်
ပင့်ဆောင်ဆော်နှိုး၊
အမိုက်မျိုးသည်၊ လူမျိုးတစ်မည်
သဘင်သည်ကား၊



တီးသူမှုတ်သား၊ ကသမားတိုင်း
မခြားခံရ ပဟာသတည်း"

ရာဂ၊ ဒေါသ၊ မောဟရှိနေသောသူများကို ကိလေသာပွားသထက်ပွားရန် လုပ်ဆောင်၍ပေးသော သဘင်သည်များ တစ်နည်းအားဖြင့် အနုပညာသမားတို့၏ အလုပ်သည် အကုသိုလ်အလုပ်တွေဖြစ်မှန်း ထိုတရားကို နာရသောအခါမှ ပို၍ သိရသောအခါ ကျွန်တော့်စိတ်တွေဆောက်တည်ရာမရ တုန်လှုပ်သွားမိသည်။ ကိုသန်းလွင် တစ်ယောက် ထိုတရားတိတ်ခွေကိုမှ ရွေး၍ ကျွန်တော့်အား ဓမ္မလက်ဆောင်အဖြစ် ဘာကြောင့်ပေးရပါသနည်း ဟူသောအဖြေကိုလည်း သိလိုက်ရသည်။ ကျွန်တော်သာမဟုတ် သူနှင့် တစ်ချိန်က လုပ်ဖော်ကိုင်ဖက် ဂီတသမား အတော်များများကိုလည်း ထိုတရားတိပ်ခွေကို ဖြန့်ဝေပေးပြီးပြီဟုဆိုသည်။ ကျွန်တော်လည်း ဖြေရာဖြေကြောင်း ပါလိမ့်နိုးဖြင့် ဆရာတော်ကြီးဟောသော ထိုတရားကို ဆက်၍ နာမိသည်။

ကာဠုဗုတ သဘင်သည်ကြီးလည်း မြတ်စွာဘုရားဟောသော ပဟာသငရဲအကြောင်းကို သိပြီးသည်နှင့် ချက်ချင်း သဘင်သည်အလုပ်ကို စွန့်လွှတ်လိုက်ကာ ရဟန်းဝတ်ခဲ့သည်။ ဘုရားရှင်ဟောသော တရားဓမ္မအတိုင်း ကျင့်ကြံအားထုတ်သဖြင့် နောက်ဆုံး ကာဠုဗုတရဟန္တာတစ်ဆူဖြစ်သွားသည်။ အကုသိုလ်အကြွေးရှိသော်လည်း ကုသိုလ်နှင့်ဆပ်လျှင် ကြေနိုင်သည်ကို သဘောပေါက်မိသဖြင့် ကျွန်တော့်အဖို့ ဖြေသာရာ ရသွားသည်။ ကိုသန်းလွင်က ထိုတရားတိပ်ခွေကို ဓမ္မဒါနပေးခြင်း၏ရည်ရွယ်ချက်မှာ ကိုယ်နှင့် တစ်ချိန်က လုပ်ဖော်ကိုင်ဘက် အနုပညာသည်တို့ အကုသိုလ်ဖြစ်နေမည့်အလုပ်မျိုးအား အချိန်မီစွန့်လွှတ်နိုင်ရန်ဖြစ်ပြီး တရားဘာဝနာဘက်သို့ ကူးပြောင်းစေလိုသည့်ဆန္ဒရှိသောကြောင့်ဖြစ်သည်။ သူကိုယ်တိုင်လည်း ဖြတ်တောက် စွန့်လွှတ်ထားပုံပေါ်သည်။

သို့သော် ကျွန်တော်ကား ဆရာတော်ကြီးပေါင်းစုံဟောသော တရားဓမ္မများကို နာသည်။ ပရိတ်ကြီး၊ ပဋ္ဌာန်းတို့ကို နေ့စဉ်ရွတ်သည်သာရှိပြီး ကျင့်ကြံအားထုတ်မှု နည်းနေသေးသည်ကို ဝန်ခံရပါမည်။ မဟာဗောဓိမြိုင်ဆရာတော်ကြီးဟောသကဲ့သို့ အနာနှင့်အရွတ်သာရှိပြီး၊ အသားမပါ အဆီမရှိသောလူဖြစ်၍နေချေသည်။ ကျွန်တော်တို့ အသက်အရွယ်အရ ပရိသတ်ရှေ့တွင် သီချင်းဆိုသောအလုပ်ကို ပါးနိုင်သမျှပါးအောင်လုပ်နေပြီဖြစ်သော်လည်း သီချင်းကူးသည့်အလုပ်ကိုကား မပြတ်လုပ်နေရဆဲ၊ တွေ့ရဆဲ၊ ရေးရဆဲဖြစ်နေသည်။ သို့သော် ကျွန်တော်သတိထား

မိသည်ကား ယခုအချိန်တွင် ရာဂ၊ ဒေါသ၊ မောဟပွားစေသော သီချင်းထက် တရားဓမ္မနွယ်သော ကုသိုလ်ဖြစ်ဖွယ်သီချင်းများကို အရေးများလာသည်၊ ရေးလျှင်လည်း ငွေရေးကြေးရေးထက် စေတနာနှင့် သဒ္ဓါတရားကို ပို၍ အားညွတ်ပြီးရေးသည် (ယခင်ကလည်း မိဂဓာဝုန်၊ ပုဂံအလိုတော်ပြည့်၊ ကျိုက်ထီးရိုး၊ ရွှေစက်တော်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန်၊ မဟာမြတ်မုနိ၊ ရွှေတိဂုံကိုမြင်ရင်နှင့် ပုဂံဘုရားသီချင်းများ ရေးဖူးသည်။ ယခု လောလောဆယ်ပင် ပြန်ကြားရေးဝန်ကြီးဌာနအတွက် သစ္စာလေးပါးတရားထဲမှ မဂ္ဂသစ္စာကို အသံသွင်းပေးထားသည်။ ရွှေဘိုမင်းသုခ တိုက်တွန်း၍ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး အနှစ်(၄၀)ပြည့် အထိမ်းအမှတ်အတွက် သီချင်းတွေရေးနေသည်၊ ပဋ္ဌာန်းတရားတော်ကြီးအား ဂီတဖြင့် ပူဇော်နိုင်ရန် အားထုတ် နေဆဲဖြစ်သည်။ ကျွန်တော်သည် သီချင်းတွေရေးရာတွင် အကုသိုလ်ဘက်သို့ အစွန်းသိပ်မထွက်တော့ဟု ထင်သည်။

ထိုတရားနာပြီး မကြာမီ အဆိုတော်နှင်းရည်သန့်ထံမှ စာအုပ်တစ်အုပ် လက်ဆောင်ရပြန်သည်။ ထိုစာအုပ်မှာ သီချင်းစာအုပ်ဖြစ်ပြီး ရိုးရိုးသီချင်းစာအုပ်မဟုတ် မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးအား ပူဇော်သော ကထာလင်္ကာ ဓမ္မဂီတများ စာအုပ်ဖြစ်သည်။ သီချင်းအတော်များများမှာ ရွှေတိုင်ညွန့်၊ နန်းတော်ရှေ့ဆရာတင်၊ ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင် ဦးကိုကိုတို့ရေးဖွဲ့သော သီချင်းများဖြစ်သည်။ သီဆိုသူများမှာ တိပိဋက နိကာယသာသနာပြု ဥပဋ္ဌာက အနုပညာအဖွဲ့ဝင်များ ဖြစ်ကြသည်။ ထိုဓမ္မသီချင်း စာအုပ်၏ အဖွင့်၌ မင်းကွန်းဆရာတော်ဘုရားကြီးထံမှ ရုပ်ရှင် ဂီတပညာရှင်များ ဩဝါဒခံယူပွဲတွင် ဆရာတော်ကြီး ဟောသော ဩဝါဒကထာ ပါရှိသည်။

"ပညာရှင်တို့ ဝမ်းသာဖို့ပြောလိုပါတယ်၊ ပဥ္စသိခ်ရဲ့စောင်းချင်းကို ဘုန်းကြီးတို့စာပေထဲမှာရှိတယ်၊ ပဥ္စသိခ်ရဲ့စောင်းချင်းကို မြို့ထဲရွာထဲ ဒီလိုတီးတဲ့ဟာမဟုတ်ဘူး၊ ဘုရားသီတင်းသုံးတဲ့လိုဏ်ဂူထဲမှာ ငြိမ်ပြီးတော့ ပဥ္စသိခ်ဟာ ဘုရားရှေ့မှာ တီးတဲ့ စောင်းချင်းလို သူ့စောင်းချင်းက ကာမသံဟိတာ - ဝတ္ထုကာမနဲ့လည်း စပ်တဲ့ စောင်းချင်းတို့လည်းပါတယ်။ ဓမ္မ ပဟိတာဆိုတာ တရားနဲ့ပတ်သက်တဲ့ စောင်းချင်းတွေလည်း ပါတယ်။ ဖတ်ကြည့်မှ သိပါတယ် - လိုရင်းတော့ ပဥ္စသိခ်ဟာ ဘုရားအား ပူဇော်တဲ့အနေနဲ့ စောင်းချင်းတွေကို သီဆိုပြီး တီးမှုတ်တာ ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ ယနေ့ပူဇော်ဒါနအနေဖြင့် တီးမှုတ်တာဟာ သူတကာ မေးမကြည့်နဲ့ ကိုယ့်ကိုယ်ကို မေးကြည့်၊ ငါတို့ဟာ အဲဒီလို သီဆိုတီးမှုတ်နေရတဲ့အချိန်မှာ စိတ်ထဲဘယ်လိုနေတုန်း၊ ပြန်တွေးကြည့်၊ နောင်တ တစ်ဖန် မပူပန်ရဘဲနဲ့ စိတ်ထဲမှာ ဒီလောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ မပါဝင်ဘဲနဲ့ ရတနာသုံးပါးကို ပူဇော်တဲ့စိတ်တွေပဲ မိမိတို့မှာဖြစ်ပြီးနေတယ်။ အဲဒီပူဇော်တဲ့စိတ်တွေဖြစ်တာကို မြင်သဖြင့် ငါတို့ရဲ့ ကနေ့အလုပ်သည် ကုသိုလ်အလုပ်၊ အနဝဇ္ဇအပြစ်မရှိတဲ့ အလုပ်၊ ကုသိုလ်ဆိုရင် အနဝဇ္ဇသုခဝိပါက လက္ခဏာ အပြစ်မရှိဘဲ သုခတည်းဟူသော ကောင်းကျိုးကို ပေးနိုင်တဲ့ သဘောရှိတယ်။ စာထဲမှာ ဒီလိုလာပါတယ်။

"ဒါကြောင့် ငါတို့ ကနေ့ပြုလုပ်တဲ့ အမှုသည် အနဝဇ္ဇသုခဝိပါက လက္ခဏာရှိတဲ့အမှုဖြစ်၍ မြတ်စွာဘုရားများ ချီးမွမ်းအပ်သော အမှုကို ငါတို့ ယနေ့ ပြုရတယ် စိတ်ထဲအောင်းမေ့ပါ"



ပဥ္စသိခ်စောင်းချင်းကို ဒကာကြီးတွေ ကောင်းကောင်းကြီးတွေ့ရ သိရ ဘုန်းကြီးများ ဟိုတစ်ချိန်က ဟောဒီ ဒကာကြီးတွေအဖွဲ့ကို စာထဲမှာသာ တစ်နေ့ ငါတို့ဆိုတာလဲ ဒီလိုဆိုတဲ့အတွက် မိမိတို့မှာ ပီတိသောမနဿစိတ်တွေ ဓမ္မသိင်္ဂါရ ရသလိုခေါ် တယ်။ ရလဒ်အားဖြင့် သိင်္ဂါရရသ၊ ကာမသိင်္ဂါရသ မဟုတ်ဘူး၊ ဓမ္မသိင်္ဂါရ ရသ၊ ငါတို့ ကနေ့ ဓမ္မသိင်္ဂါရ ရသကို ပိုင်ပိုင်နိုင်နိုင်ကို ခံစားသုံးဆောင်ရတယ်လို့၊ ဒီဓမ္မသိင်္ဂါရရသကို သုံးဆောင်ရတဲ့အတွက် ငါတို့ သည် ဓမ္မနယ်ပယ်ကဖြစ်တဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ဒီတရားကိုး ပါးကို လျင်မြန်စွာ ရရာရကြောင်း အားကောင်းတဲ့ ဥပနိဿယပစ္စည်း စင်စစ် ဖြစ်ပါစေလို့ စိတ်ထဲမှာ အဲဒီလို အောက်မေ့ ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဖို့ရာ ဘုန်းကြီးအခေါ် အနုမောဒနာစကား၊ ဝမ်းမြောက်တဲ့စကား ဘုန်းကြီးဟောကြားအပ် ပါသည်။ ဒါယကာ - ဒါယိကာမအပေါင်း သူတော်ကောင်းတို့ . . . .

"ခင်ဗျားတို့ ပဥ္စသိခ်တွေပေ့ါ ဟုတ်လား . . . "

ဆရာတော်ကြီး၏ သြဝါဒကထာ အနုမောဒနာတရားကို ဖတ်ရသောအခါ ကျွန်တော် တစ်သက်လုံး လုပ်ခဲ့သော ဂီတ အလုပ်အပေါ်၌ ပြေရာပြေကြောင်း ဖြေရာဖြေကြောင်း ရသွားသည့်အပြင် အတိုင်းမသိ ဝမ်းမြောက်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုလည်း ပဥ္စသိခ် ဖြစ်ပါရစေဟု တောင့်တ၍ နေမိပါတော့သည်။

♦ ရေနံ့သာဝင်းမောင်



# စေတနာမှန်သော ကံတရား

မောင်ဆုရှင်(လက်ယက်မ)

စေတနာသည် လူသားတိုင်းပိုင်ဆိုင်သော ကိုယ်ပိုင်တရားဖြစ်၏။ လူမိုက်တွေကလည်းပိုင်ဆိုင်ကြသည်။ လူကောင်းတွေကလည်း ပိုင်ဆိုင်ကြသည်။ ကလေးတွေလည်း ပိုင်ဆိုင်ကြသည်။ လူကြီးတွေလည်း ပိုင်ဆိုင်ကြသည်။ အရွယ်မရွေး၊ ပုဂ္ဂိုလ်မရွေး၊ အသားအရောင်မရွေး၊ ဘာသာမရွေး ပိုင်ဆိုင်ခွင့်ရှိသည်။ စေတနာ၏နယ်ပယ်သည် အလျား/အနံ အထက်အောက်မရှိ ကျယ်ဝန်းလှသည်။ စေတနာဆိုသော စကားလုံးသည် မြန်မာ့လူ့ဘောင်နယ်၌ မသိသူမရှိ၊ အဘိဓမ္မာပါဠိစကားဖြစ်ပေမဲ့ မြန်မာတို့က ကောက်ယူ မွေးစားထားသဖြင့် မြန်မာပြည်သားစစ်စစ်ဖြစ်နေပေပြီ။ သို့သော် စေတနာဟူသော စကား(၃)လုံး၏ သဘောတရားကား ပေါ်လွန်သယောင်နဲ့ မြုပ်ကွယ်နေ၏။ စင်စစ်နောက်ကွယ်မှ စေ့ဆော်တိုက်တွန်းတတ်တဲ့ သဘောကို "စေတနာ"ဟု ခေါ်ဆိုကြသည်သာ။

ကာယကံ၊ ဝစီကံ၊ မနောကံတွေက စေတနာခိုင်းသမျှ သရုပ်ဆောင်ပေးကြရသည်။ စေတနာကောင်းရင် ကာယကံကောင်းတွေဖြစ်၏။ စေတနာမကောင်းရင် ကာယကံဆိုးတွေဖြစ်၏။ ထို့အတူ စေတနာ၏ ကောင်း/ဆိုး လိုက်ပြီး ဝစီကံ ကောင်း/ဆိုးတွေဖြစ်ကြရ၏။ သို့ဆိုသော် စေတနာသည် အကောင်းဖြစ်အောင်လည်း စွမ်းဆောင်နိုင်၏။ အဆိုးဖြစ်အောင်လည်း စွမ်းဆောင်နိုင်၏။ လူအများစုထင်ထားသည်မှာ စေတနာဆိုလျှင် "အကောင်းကြီး"ဟု သတ်မှတ်လိုက်ကြသည်။ စေတနာရှင်၊ စေတနာအသင်း၊ စေတနာဆေးခန်းဟု ဂုဏ်ထူးဆောင်အမည်များပင် ပေးကြသည်။ စေတနာဟူဟော နာမ်တရားသည် သဗ္ဗစိတ္တ သာဓာရဏစာရင်းဝင်ဖြစ်၏။ သဗ္ဗ+စိတ္တ+သာဓာရဏ= စိတ်အားလုံးနှင့် ဆက်ဆံ၏။ ကုသိုလ်နှင့်လည်း ဆက်ဆံ အကုသိုလ်နှင့်လည်းဆက်ဆံသည်။

သို့ဆိုလျှင် ကုသိုလ်စေတနာ အကုသိုလ်စေတနာဟု ဒွိသန္တကဖြစ်သွားသည်။ စေတနာ၏ တွန်းအားကောင်းတွေကြောင့် ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသသည် စာသင်သား ၁၀ မြင်းခြံမြို့နေစဉ်ကပင်လျှင် သာသနာ

စိတ်ဓာတ်၊ သဒ္ဓါစိတ်ဓာတ်တွေ တဖွားဖွားဖြစ်ခဲ့သည်။ ထိုစိတ်ကောင်း စေတနာကောင်းတွေက ငုပ်လျှိုးမနေနိုင်ဘဲ ထပ်ဆင့်ပွင့်ပေါ် လာသဖြင့် (၁၃၃၂)ခုနှစ်တွင် အင်းစိန်ရွာမကျောင်းကို နိုးနိုးရပ်ကွက်ကျောင်းလေးမှ "အင်းစိန်ရွာမမရိယတ္တိစာသင်တိုက်ကြီး"အဖြစ် ဆရာတော်ဦးနန္ဒဝံသနှင့် (၂)ပါးအတူ တည်ထောင်လိုက်ကြသည်။ နေထိုင်နည်းစည်းကမ်း၊ စာပေစည်းကျမ်း၊ အုပ်ချုပ်ရေးစည်းကမ်း၊ ဝိနည်းစည်းကမ်းများ အခြေခိုင်သဖြင့် မြန်မာနိုင်ငံ ပရိယတ္တိလောကတွင် တစ်ဟုန်ထိုး တိုးတက်ခဲ့သည်။ ငယ်,လတ်, ကြီး, ကျော် သာမဏေကျော်နှင့် တိပိဋကစရေတိုင်အောင် အကျော်အမော်များကို မွေးထုတ်ပေးနိုင်သဖြင့် အင်းစိန်ရွာမပရိယတ္တိဉယျာဉ်ကြီးသည် စာပေသင်ကြား စာသင်သား ပျားပိတုန်းများက တရစ်ဝဲဝဲ မခွဲနိုင် မခွာရက် နှစ်သက်စွဲလန်းခဲ့ကြသည်။

မိမိဉယျာဉ်အတွင်းမှ ပန်းများသာ ပွင့်လန်းစေသည်မဟုတ်၊ အခြား သာသနာ့ဉယျာဉ်များမှ ပန်းများလည်းပွင့်လန်းစေရန် စာသင်သားကိုင် သဒ္ဒါလက်ဆောင်၊ သင်္ဂဟလက်ဆောင်၊ ယမိုက်လက်ဆောင်၊ ပဋ္ဌာန်းလက်ဆောင်၊ မာတိကာလက်ဆောင်စသောလက်ဆောင်စာအုပ်များ တစ်နှစ်စာ မေးခွန်းဟောင်းများကိုလည်း အဖြေရေး၍ တစ်နှစ်တစ်အုပ် ရေးထုတ်ပေးခဲ့ပါသည်။ (၁၈-၁၂-၂၀၀၉)နေ့က ရွှေပြည်သာ အမေ့ခြေရာကဖီးအလှူမှ ပင့်သဖြင့် အညာမှဆရာတော်ကြီးများနှင့်အတူ စာရေးသူသည် ဦးပညာဇောတ (ရွှေဘိုမင်းသုခ)၏ အကူအညီဖြင့် ဆရာတော်ဦးတိလောကာဘိဝံသကို ဖူးမြော်ခွင့်ရခဲ့ပါသည်။ အညာမှဆရာတော်က သက်တော်(၇၇)၊ ရွာမဆရာတော်က သက်တော်(၇၁)ဖြစ်သည်။ စာရေးသူတို့ ရောက်ရှိသွားသည်နှင့် ဆရာတော်ဦးတိလောကာဘိဝံသက သိက္ခာဝါကို မေးမြန်းလျှောက်ထားပြီး ဂါရဝပြုသည်။ ကျမ်းပြု စာချအကျော် ဆရာတော်ဖြစ်သော်လည်း မာန်မာနအလျှဉ်းမရှိ၊ တစ်ပါးတည်းသာ ထိုင်လေ့ရှိသောနေရာတွင် အညာကျေးလက်မှ ဆရာတော်ကြီးအား နေရာပေးပြီး ဂါရဝပြုသည်။ စံပြုထိုက်ပါပေ၏။ အလ္လာပ သလ္လာပ စကားများပြောပြီး ကွန်ပျူတာဖြင့် ကျမ်းစာရေးနေသည်ကို သိရ၍ အလိုက်သိစွာပြန်ခဲ့ကြပါသည်။ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော မြန်မာပြန်ကျမ်းစာများ မြန်မာလိုစကားဝါကျ ချောမွေ့အောင် ထပ်မံ ပြန်ပေးရန် လျှောက်ထားသဖြင့် ထပ်ဆင့်မြန်မာပြန် ကျမ်းပြုနေကြောင်းသိရသည်။ ဆရာတော်ကြီးသည် သက်တော် (၇၁)နှစ် ရှိနေသော်လည်း လျှင်မြန်ဖျတ်လတ်စွာ သာသနာအတွက် အလုပ်လုပ်နေဆဲဖြစ်သည်။ နိုင်ငံတော်သံဃာ့နာယကအဖွဲ့တွင်လည်း ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ သာသနာ့ဥဿျောင်ဆရာတော်ကြီး စာသင်တိုက်အဖြစ် တည်ထောင်လိုက်သော "အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး"သည်။ (၁၃၇၂)ခုတွင် စာသင်တိုက်တည်နှစ်(၄၀)သို့ရောက်ခဲ့လေပြီ။ စေတနာမှန်ခဲ့သော ဆရာတော်(၂)ပါး၏ စွမ်းအားကြောင့် "အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်" ဟူသော ကံရိပ် ကံရောင်တို့သည် သာသနာတွင် နေလို လလို ထွန်းပြောင်တိုးတက်နေမည်ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။

♦ မောင်ဆုရှင် (လက်ယက်မ)



# ကျွန်တော်အောင်သွယ် အနှစ်လေးဆယ်

**ရွှေဘိုမင်းသုခ**

ကျွန်တော့်ဘဝ ကျွန်တော့်အကြောင်းကို တရေးရေးဖြင့် တွေးမိလေတိုင်း အားမလို အားမရ ဟန်မကျ တကျ ဝေဒနာတစ်ခု အခုတလော ထူးထူးခြားခြား ခံစားရသည်။

၁၃၃၇ ခုနှစ်၊ ဝါလကင်းလွတ် သီတင်းကျွတ်လသည် ကျွန်တော့်ဘဝ လူရှုံသတ်၍ ဘဝပြောင်းခဲ့ရသည်။ အသွင်ပြောင်းခဲ့ရသည်။ ဘဝပြောင်း အသွင်ပြောင်းတာနှင့် သူငယ်ချင်းများနှင့်အတူသွား၊ အတူစား၊ အတူလာ စသည့် အခွင့်အရေးများပါ လက်လွှတ်ဆုံးရှုံးခဲ့ရတော့သည်။ ကျွန်တော့်ကို လူရှုံသတ် လိုက်တာနှင့် အင်းစိန်၊ ရွာမပရိယတ္တိစာသင်တိုက်တွင် နေရာတစ်ခု လစ်ဟာ ကျန်ခဲ့တော့သည်။

၁၃၇၂ ခုနှစ်ဆိုလျှင် ကျွန်တော့်ဘဝ လူရှုံသတ်ခံရသော နှစ်ပရိစ္ဆေဒမှာ လူ့ဘဝတစ်ခု၏ သက်တမ်းထက် ဝက်ခန့် သုံးဆယ့်ငါးနှစ်တင်းတင်းပြည့်ခဲ့ပြီ။ ပရိယတ္တိစာသင်တိုက်သက်တမ်းသည်လည်း အနှစ်လေးဆယ်တင်းတင်း ပြည့်ခဲ့ရပြီ။ ရွှေရတုခရီးပန်းတိုင်ရောက်ရန် ဆယ်စုနှစ်တစ်ခုသာ လိုတော့သည်။

စာသင်တိုက်တည်ထောင်ပြီး ငါးနှစ်သက်တမ်း ပြေးတတ်စကလေး သူငယ်အရွယ်၊ လောကဓံတရားကို ခံနိုင်စွမ်းမရှိသေးသောအရွယ်၊ အခက်အခဲများ ဗလောင်းဆူစအရွယ်၊ အင်္ဂါကြီးငယ်ကို မသိဝှက်တတ်သောအရွယ်၊ အညစ် အကြေးကို မသုတ်သင်တတ်သေးသောအရွယ်၊ သည်အရွယ်လေးတွင် လူရှုံ သတ်၍ ကျွန်တော့်ဘဝ လူဝတ်အသွင်ပြောင်းခဲ့ရတော့သည်။ လူဝတ်ရှုံ သတ်ခံ

ခဲ့ရတော့သည်။ ဗုဒ္ဓသာသနာတော်၏ အတွင်းလူတင်းပြည့် ပါတီဝင်အဖြစ်မှ ရပ်စဲခံခဲ့ရတော့သည်။

ကျွန်တော်နှင့်အတူ သာသနာပြုဖက် အရှင်တိလောကာဘိဝံသ၊ အရှင်အက်ရာဘိဝံသတို့မှာမူ သာသနာတော်၏ အတွင်းလူတင်းပြည့်ပါတီဝင် အဖြစ် ရပ်တည်နိုင်ခဲ့ကြသည်။ ကျွန်တော့်လိုတော့ လူရုံအသတ်မခံခဲ့ကြရပေ။ ထို အနိဋ္ဌာရုံ ဣဋ္ဌာရုံ ရောပြွမ်းနေသည့် ကျွန်တော့်အတွေးအာရုံများအပေါ် ကျေနပ်နိုင်အောင် ကြိုးစားမိသည်။

ကျွန်တော်တို့ အတူလက်တွဲသာသနာပြုခဲ့ကြစဉ်က ပုံရိပ်ဟောင်းများ၊ ဖြတ်ကျော်ခဲ့ကြရသည့် အဖုအထစ် အခက်အခဲများ၊ ဆာလောင်မွတ်သိပ်မှုများ စသည်ဖြင့် ပြည့်နက်နေခဲ့သည်။

ထိုစဉ်အတိတ်က ကျွန်တော့်ဘဝ၊ လူရုံအသတ်မခံရစဉ်ဘဝက အရှင် ဝိဇယ ဟူသော အမည်နာမတစ်ခု ထင်ရှားခဲ့သည်။

အခုတော့ . . . လူ့လောကဝန်းကျင်အသိုင်းအဝန်းထဲ၊ လောကဓံ အနိဋ္ဌာရုံများအကြား မွန်းကျပ်လှသော ဃရာဝါသ အိမ်ထောင်မှုအကြား၊ ဇနီးသည် နှင့် သမီးသားတို့အကြား၊ မရိုးနိုင်အောင် ခေါ်ဝေါ်ကြသည့် အမည်နာမ အသစ် တစ်ခုပေါ်လာသည်။ သညာဝိပလ္လာသကြောင့်ပေလော၊ မဝေခွဲတတ်တော့ပေ။ အရှင်ဝိဇယ တစ်ဖြစ်လဲ ဝင်းသိန်းဖြစ်လာတော့သည်။ ဗုဒ္ဓဟူးနံတစ်ခုသာ တူတော့ သည်။ ကြွင်းကျန်သည့် အရာဝတ္ထုအားလုံး ခြားနားသွားတော့သည်။ ဝိဇယနှင့် ဝင်းသိန်း၊ ဝင်းသိန်းနှင့် ဝိဇယ ညာသ်ကောက် ကြည့်လျှင် ပုဂ္ဂိုလ်အထည် ကိုယ်ဒြပ် တစ်ခုတည်း ရနိုင်သည်။ သို့ပေမယ့် ဂုဏ်ဒြပ်က မိုးနှင့်မြေ၊ သမုဒ္ဒရာ ဟိုဖက်ကမ်း နှင့် သည်မှာဖက်ကမ်း၊ ကုသိုလ်နှင့် အကုသိုလ်၊ သူတော်ကောင်းတရားနှင့် ဒုစရိုက် တရား လားလားမျှမဆိုင် အဝေးဆုံးတစ်နေရာတိုင် ဝေးကွာခြားနားသွားတော့ သည်။

"ဩော် . . . ဘာလိုလိုနှင့် ရွာမပရိယတ္တိစာသင်တိုက်ကြီးလည်း အနှစ်လေးဆယ်ခရီးတောင် ဆန့်နိုင်ခဲ့ပါပေကော"

အတွေးပုံရိပ်ဟောင်းများက မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း စိတ္တက္ခဏပေါင်းများစွာ ဖြစ်တည်ပျက် နေပါကောလား။

◆

သက္ကရာဇ် ၁၃၃၁ ခု၊ သီတင်းကျွတ်လဆန်း (၁) ရက်နေ့၊ ထိုနေ့ကို အရှင်ဝိဇယ အလွတ်ရနေသည်၊ ဗျည်းသုံးဆယ့်သုံးလုံး၊ အက္ခရာလေးဆယ့် တစ်လုံးကို အလွတ်ရွတ်ဆိုကြည့်သည်က အထစ်အငေါ့ဖြစ်တန်ရာသည်။ ထိုနေ့ကိုတော့ မမေ့နိုင်သေး။

ဆရာအရင်းဖြစ်သူက ရေးပေးလိုက်သော စာအိတ်ငယ်ကို ကိုင်ဆောင်လျှက် ရွာမကျောင်းကို ရောက်ရှိသွားသည်။ ကျောင်းပတ်ဝန်းကျင်တစ်ခုလုံး သစ်ပင်ပန်းမာလ်တို့ဖြင့် အုံ့ဆိုင်းနေသည်။ တိတ်ဆိတ်လှပါဘိ။

ထိုစဉ် မထင်မရှား ရဟန်းငယ်တစ်ပါးနှင့် တွေ့သည်။ ဆရာတော်သီတင်းသုံးရာဌာနကို မေးတော့ ဆွမ်းစားကျောင်းပေါ်တွင်ရှိကြောင်း ညွှန်ပြသည်။

အရှင်ဝိဇယသည် ရွာမဆရာတော်သီတင်းသုံးရာသို့ ရောက်ရှိသွားတော့သည်။ ရဟန်းပရိသတ်ငါးပါးနှင့် လူဒကာ - ဒကာမ ပရိသတ်နှစ်ဆယ်ဝန်းကျင်ခြံရံလျှက် စုဝေးတိုင်ပင်နေကြသော အစည်းအဝေးတစ်ခုကို တွေ့ကြုံလိုက်ရတော့သည်။ လာရင်းကိစ္စကို ခေတ္တခဏ သိုဝှက်ထားလိုက်သည်။ အစည်းအဝေးကျင်းပနေပုံကိုမူ မသိမသာ အကဲခတ်ကြည့်နေလိုက်သည်။

သက်တော် ငါးဆယ်အရွယ်ခန့် ဥပဓိက တည်တည်ကြည်ကြည်၊ ခန့်ညားလှသည်။ ဖူးမြော်ကြည်ညိုရသည်မှာလည်း နှစ်လိုဝမ်းမြောက်ဖွယ် အတိရှိလှသည်။ ဘွဲ့တော်က အရှင်နန္ဒဝံသ။ နှစ်လိုဖွယ်ကောင်းသော အနွယ်တော်ရှိသူဟု အဓိပ္ပါယ်ရသည်။ အရှင်ဝိဇယသည် တရေးရေးဖြင့် အကဲခတ်ကြည့်ရှုဖူးမြော်နေလိုက်တော့သည်။

ဝိနယာဓိကစာမေးပွဲကြီး နှစ်ပတ်လည်အစည်းအဝေးဖြစ်ကြောင်း သိလိုက်ရသည်။ ဝိနယာဓိက စာမေးပွဲ ကြီးဟု ဂုဏ်ထည်ဝါသော အသင်းဖြစ်လင့်ကစား အစည်းအဝေးကျင်းပပုံက ခြောက်ကပ်ကပ်နိုင်လွန်းလှသည်။ ဆွေးနွေးတိုင်ပင် နှီးနှောပုံမှာမူ ပွင့်လင်းထင်သာမြင်သာ ရှိလှသည်။

အစည်းအဝေးပြီးဆုံး၍ ပရိသတ်များ နေရာအသီးသီးသို့ ပြန်ကြလေပြီ။ အရှင်ဝိဇယသည် လာရင်း ကိစ္စကို အကောင်အထည်ဖော်ရန် ပြင်ဆင်လိုက်သည်။ ဆရာအရင်းဖြစ်သူက ဆက်ကပ်လိုက်သော စာတစ်စောင်ကို ဆက်ကပ်လိုက်သည်။

ဆရာတော်ဘုရား -

အခုစာနှင့်အတူလာသော ဝိဇယသည် လိပ်ခေါင်းရောဂါစွဲကပ်နေပါ၍ ၎င်းရောဂါပျောက်ကင်းအောင် ဆေးဝါးကုသလိုပါသောကြောင့် ဆရာတော်ထံ လွှတ်လိုက်ပါသည်။ တပည့်တော်နှင့် ထပ်တူသဘောထား၍ လိုအပ်သည်များကို ကူညီစောင့်ရှောက်ပေးတော်မူပါ။

တပည့် အာစာရ
ပနောင်ကျောင်း၊ နင်းကျမ်းရွာ
ဟင်္သာတခရိုင်။

ရွာမဆရာတော် ဦးနန္ဒဝံသသည် စာကိုအသံထွက်ရွတ်ဖတ်နေ၍ အရှင်ဝိဇယ မှတ်မိနေသည်။ ရွာမ ဆရာတော်သည် အရှင်ဝိဇယအား စိတ်ချမ်းသာစွာ ရောဂါကုသနိုင်ရန် ခွင့်ပြုတော်မူလိုက်သည်။

ဆေးကုသရန် ဆေးဆရာခေါ်ပေးသည်။ ဓာတ်စာကျွေးသည်။ မြေမထိ အုန်းရည်တိုက်သည်။ ရွာမ ကျောင်းအနောက်ဖက်ရှိ ဦးဘသန်း + ဒေါ်လှရှင်တို့ကို ငါးကြင်းသားနှင့် ကင်ပွန်းရွက်၊ ငါးခူဟင်းနှင့် ချဉ်ပေါင်ရွက် သုံးရက်စီချက်ပြုတ်ကပ်စေသည်။

အရှင်ဝိဇယကိုယ်နှိုက်က ထိုစဉ်အခါက အုန်းသီးရောင်းစားနေသည့် အဖြစ်ကို ရှက်တတ်လာတော့သည်။ ရွာမဆရာတော်နှင့် အရှင်ဝိဇယ စိတ်ဓာတ်ရေးရာ ကွာခြားလှသည်။ မိုးနှင့်မြေပမာ ခြားနားလှပေတော့သည်။

ဤနည်းဖြင့် ရောဂါဝေဒနာကို ကုသလာရာ အရှင်ဝိဇယ၏ လိပ်ခေါင်းရောဂါသည် ယူပစ်သလို ပျောက်ကင်းသွားတော့သည်။

တစတစဖြင့် ရွာမဆရာတော် ဦးနန္ဒဝံသနှင့် အရှင်ဝိဇယတို့ ရက်၊ လ ကြာလာသောအခါ သားနှင့်အဖ ပမာ ချစ်ကြည်ရင်းနှီးလာတော့သည်။ အရှင်ဝိဇယနှင့် ရွာမဆရာတော် ဦးနန္ဒဝံသတို့အား လိပ်ခေါင်းရောဂါက ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပေးလိုက်လေတော့သည်။

အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များ၏ ဝင်ခွင့်တောင်းလွှာများထုတ်ပေးခြင်း၊ ဓာတ်ပုံနှစ်ပုံနှင့် ပြန်တင်သွင်းလာသော ဖောင်များကို စနစ်တကျတွဲထားခြင်း၊ မှတ်ပုံတင်အမည် စာရင်းတင်သွင်းခြင်း၊ ဖြေဆိုခွင့်လက်မှတ်များ၊ ဖြေဆိုမည့်သံဃာများထံသို့ စာတိုက်မှ တစ်ဆင့်ပို့ပေးခြင်း စသည့်ကိစ္စများကို အရှင်ဝိဇယကိုယ်တိုင်ကိုယ်ကျ ကူညီဆောင်ရွက်ခွင့်များပါ ရလာတော့သည်။

ဝိနယာဓိက စာမေးပွဲကြီးဖြေဆိုကြစဉ် အောက်ခြေသန့်ရှင်းရေးမှအစ ဆိုင်းဘုတ်တင်ခြင်း၊ စာရေးခြင်း၊ ခုံနံပါတ်တပ်ပေးခြင်း၊ အသင်းစာမေးပွဲဥက္ကဋ္ဌ ဦးစိန်ဘအိမ်တွင် ယာယီသီတင်းသုံးလျှက် ပုစ္ဆာထုတ်ကြသည့် သံဃာတော်များထံသွားရောက်ပြီး လျှို့ဝှက်နံပါတ်တပ်ပေးခြင်း စသော စာမေးပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါမကျန် ကူညီဆောင်ရွက်ပေးခွင့် ရလာလေသည်။

ပုစ္ဆကဆရာတော်များအနေဖြင့် အရှင်တိလောကာဘိဝံသ ဦးဆောင်သော ဆရာတော်များက ဆောင်ရွက်ပေးကြသည်။ ဥက္ကဋ္ဌ ဦးစိန်ဘ ကလည်း ပုစ္ဆကသံဃာတော်များအား ဆွမ်းကပ်လှူသည်။

ဝိနယာဓိက စာမေးပွဲကြီးအောင်ဂေဇက်ထွက်ပေါ်လာသောအခါ ဦးဆောင်ကျင်းပသည့် ရွာမကျောင်းမှ အောင်မြင်ကြသူ သံဃာတစ်ပါးတစ်လေမျှ ပါဝင်မလာသည်ကို တွေ့ရတော့သည်။ စာဖြေသံဃာလည်း တစ်ပါးမှ မရှိ။

ရွာမကျောင်းတွင် သံဃာတော်အပါး သုံးဆယ်ခန့်ရှိသည်။ စား၊ အိပ်၊ ဆွမ်းခံကြွ၊ အိပ်ယာထ၊ ရေမိုးချိုး၊ စကားတသောသောပြော၊ တစ်ကျော့ပြန်ထပ်အိပ်၊ တစ်နေကုန် မိုးချုပ်ခံကြရသည်။ သို့ပေမင့် တရားဟောတော့ ကောင်းကြသည်။

ရွာမကျောင်းကြီးကား ခြောက်ဧကခန့် ကျယ်ဝန်းပါပေသည်။ အဆောက်အဦး ခပ်ညံ့ညံ့၊ အဆောင် အသင့်အတင့်ရှိသည်။ စာချဆရာတော်ကား တစ်ပါးမျှမရှိ။ ဆရာတော် ဦးနန္ဒဝံသသည်သာ သာသနာချစ်စိတ် ပြင်းထန်နေသည်။ ဆရာတော်ဦးနန္ဒဝံသသည် စိတ်တည်ငြိမ်အေးဆေးသည်။ အရာရာသည်းခံစိတ်ရှိသည်။ သည်မျှ အခြေအနေဆိုလျှင် ရဟန်းတို့ဂုဏ်ရည် ပြည့်စုံလှပေပြီ။

စားလိုက်၊ အိပ်လိုက် နေထိုင်သည့် ရဟန်းသံဃာတော်များကိုပင် အစိမ်းအကျက်မရွေး ပစ္စည်းဝတ္ထုများကို ထောက်ပံ့ကူညီပေးတတ်သေးသည်။

တစ်နေ့သ၌ ရွာမဆရာတော် ဦးနန္ဒဝံသနှင့် အရှင်ဝိဇယအပါအဝင် ဒကာ၊ ဒကာမဆယ်ယောက်ခန့် မော်တော်ကားငှားပြီး ရန်ကုန်မြို့တွင်းရှိ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် စသော စေတီတော်များသို့ ဘုရားဖူး ထွက်လာကြရာ ရွှေတိဂုံဘုရားအား ဖူးမြော်ကြည်ညိုကန်တော့စဉ် ရွာမဆရာတော် ဦးနန္ဒဝံသသည် အသင့်အပိုပါလာသော နေကထိုင်တစ်ထည်ကို အရှင်ဝိဇယအား ကိုယ်တိုင်ကိုယ်ကျ ခင်းပေးသည်။ အရှင်ဝိဇယ အံ့ဩတုန်လှုပ်ရချေပြီ။ နောက်ပါ ရဟန်းငယ်တစ်ပါးအပေါ်ပင် လေးစားစွာဆက်ဆံတတ်သည့် ရွာမဆရာတော်ဖြစ်သည်။ ဤအလုပ်မျိုးကို အရှင်ဝိဇယက တာဝန်အပြည့်ထမ်းဆောင်ရမည်။ တပည့်လုပ်ရမည့်အလုပ်မျိုးကိုပင် ဆရာဖြစ်သူက လုပ်ပေးသွားသည်။

အရှင်ဝိဇယသည် ရွာမဆရာတော်ခင်းပေးသော နေကထိုင်ကို ခြေဖမိုးပေါ်တင်၍ ရွှေတိဂုံဘုရားအား ဖူးမြော်ကြည်ညိုသည်။

"မိမိအပေါ် မိဘကဲ့သို့ပြုစုစောင့်ရှောက်ပေးပါသော ရွာမဆရာတော်အား ကျေးဇူးပြန်လည်ဆပ်နိုင်ရပါစေသား။ ရွာမကျောင်းကြီးသည်လည်း နိုင်ငံကျော်ကျောင်းတိုက်ကြီး ဖြစ်ပါစေသား၊ ရွာမဆရာတော်ကြီးအားလည်း နိုင်ငံတော်အစိုးရမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များဖြင့် ဆက်ကပ်ကြည်ညိုပူဇော်ကြပါစေသား" ဟု အရှင်ဝိဇယက ဆုတောင်းပတ္ထနာပြုလိုက်သည်။

ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်ဘုရားဖူးမှအပြန် ရွာမကျောင်းကို ရောက်ရှိချိန်ကား ညနေဆည်းဆာ အချိန်ရှိချေပြီ။ ရွာမဆရာတော်သည် အရှင်ဝိဇယအား သီးသန့်ပင့်ဆောင်ပြီး ဟျားရည်ဖြင့် ရေနွေးကြမ်းကပ်လှူသည်။ အေးအေးလူလူ စကားလက်ဆုံပြောဆိုကြသည်။

အရှင်ဝိဇယသည် ရလာသောအချိန်အခါအခွင့်ကောင်းကို ကောင်းကောင်းအသုံးချနိုင်အောင် ကြိုးစားလိုက်သည်။

"ရွာမကျောင်းကို စာသင်တိုက်ဖြစ်သင့်ကြောင်း၊ ပင်မ ပရိယတ္တိလုပ်ငန်းဖြစ်သော ဝိနယာဓိကအသင်းကြီး ရှိပြီးဖြစ်၍ ပရိယတ္တိနှင့် မစိမ်းပါကြောင်း၊ ကျောင်းတိုက်ကား ဧရိယာပမာဏကလည်း အလွန်ကျယ်ဝန်းပါကြောင်း၊ ဆရာတော် အသက်အရွယ်ကောင်းရှိနေဆဲဖြစ်၍ အောင်မြင်နိုင်ပါကြောင်း" စသည့် မွန်မြတ်သော စကားပလ္လင်ကို လျှောက်တင်လာမိသူကား အရှင်ဝိဇယဖြစ်သည်။

သည်တော့ . . . . ရွာမဆရာတော်က အမိန့်ရှိလာသည် -

"ရွာမကျောင်းသည် နှစ်ပေါင်းတစ်ရာကျော်ကြာမြင့်ပြီဖြစ်ကြောင်း၊ ဆရာတော် ဦးနိဂြောဓ မရှိသည့်နောက်ပိုင်း ဆရာတော် ဦးကေတုက စိုက်ပျိုးရေး ဝါသနာပါကြောင်း၊ ဆရာတော် ဦးကေသဝက ဆေးကုသမှုဝါသနာပါကြောင်း၊ ရွာမကျောင်းကို သုံးပါးဆိုင် အုပ်ချုပ်ကြောင်း၊ ဦးကေသဝ၊ ဦးကေတုတို့လည်း ထိုက်သင့်သော ပရိယတ္တိအမြင်ရှိကြောင်း" စသည်ဆိုလာတော့သည်။

ဆရာတော် ဦးနန္ဒဝံသသည် ရန်ကုန် - ဘုရားဖြူကျောင်းတိုက်၊ ညောင်တုန်း - ရွှေဟင်္သာတိုက်၊ ပခုက္ကူ အလယ်တိုက်၊ မန္တလေးမြို့ရှိစာသင်တိုက်များတွင် ကျမ်းကြီးပေါက် သင်ယူခဲ့သည်။

ဇလွန်မြို့၊ သဖန်းကုန်းဆရာတော် ဦးစန္ဒိမာ၊ ရေကျော်ဆရာတော် ဦးပဏ္ဍဝတို့သည် ဆရာတော် ဦးနန္ဒဝံသနှင့် ပခုက္ကူအလယ်တိုက်တွင် ဆရာတော် နန်၊ ဆရာတော် ဦးကောဏ္ဍည တို့ထံတွင် ပါဠိတော် အဋ္ဌကထာ ဋီကာများကို အတူသင်ယူခဲ့ကြသည်။

ငယ်ဆရာတော် ဦးနိဂြောဓ ပျံလွန်တော်မူသောအခါ ရွာမရပ်ကွက်မှ ရွာမဆရာတော် ဦးနန္ဒဝံသကို ပြန်လည်ပင့်ဆောင်ကြပြီး ရွာမပရိယတ္တိစာသင်တိုက်ဖြစ်အောင် ကြိုးစားကြသည်။ ရွာမပရိယတ္တိစာသင်တိုက်ကား ဖြစ်ပေါ်မလာခဲ့ပေ။

ဆရာတော် ဦးကေသဝနှင့် ဆရာတော် ဦးကေတုတို့က ပရိယတ္တိဝါသနာနည်းကြသည်။ ထို့ကြောင့်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ ဆရာတော် ဦးနန္ဒဝံသက စာသင်သားသံဃာမွေးသည်။ စာသင်တိုက်ဖြစ်ထွန်းအောင် အစွမ်းကုန်ကြိုးစားသည်။ ပရိယတ္တိစာသင်တိုက်ဟူသော ဆိုင်းဘုတ်တောင် ချိတ်ဆွဲခွင့်မရရှိခဲ့ပေ။ ရွာမကျောင်းသည် ဆရာတော် ဦးနိဂြောဓ ပျံလွန်တော်မူသောအခါ ဆရာတော် ဦးကေသဝ၊ ဆရာတော် ဦးကေတု၊ ဆရာတော် ဦးနန္ဒဝံသတို့ သုံးပါးဆိုင် တိသင္ဃိက ဖြစ်လာတော့သည်။ တူညီသော ပရိယတ္တိအမြင်သစ် အမြင်မရှိကြ၍ မအောင်မြင်ခဲ့ပေ။ ဆရာတော် ဦးကေသဝက စာသင်သားများကို ဆေးထောင်းခိုင်းသည်။ ဆရာတော် ဦးကေတုက သစ်ပင် ရေလောင်းခိုင်းသည်။ အချိန်ကြာလာသောအခါ စာသင်သားများ စာသင်လိုစိတ်ပျောက်ကွယ်ကုန်ကြတော့သည်။ ဆရာတော် ဦးနန္ဒဝံသ မွေးမြူလိုက်တိုင်းသော စာသင်သားများ ပရုပ်လုံးလို လုံးပါးပါးခဲ့ကြရတော့သည်။ ဆရာတော်နှစ်ပါးက ဝါသနာပါရာနောက်လိုက်ပြီး စာသင်သားများကို အသုံးချသွားတော့သည်။ တစ်ပါးနှင့်တစ်ပါး ရည်ရွယ်ချက်မတူ အသွင်အပြင်မတူကြ၍ အိမ်သူမဖြစ်ခဲ့ကြပေ။

ဆရာတော် ဦးနန္ဒဝံသသည်လည်း တစ်ပါးနှင့်တစ်ပါး အချင်းချင်း ဆန့်ကျင်ဘက်မလုပ်တော့ပေ။ ဖြစ်သလို ကြုံသလို အလိုက်သင့်သာ သာသနာပြုနိုင်အောင် ကြိုးစားရတော့သည်။

အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိသာသနာပြုအသင်းကြီး တစ်ခုသာ ကျင်းပနိုင်ရန် ရန်ကုန် ပုဇွန်တောင်၊ ဘုရားဖြူဆရာတော်နှင့် တိုင်ပင်ကာ အာဂုံပြန်ဆိုစေခြင်း၊ အာဂုံအောင်မြင်ပြီးသူများအား ရေးဖြေ ဖြေဆိုစေခြင်းတစ်ခု ကိုသာ ပြုလုပ်ပေးနိုင်ခဲ့တော့သည်။

ဝိနယာဓိက သာသနာပြုအသင်းကြီးကို ၁၃၁၇ ခုနှစ်(၁၉၅၄ ခုနှစ်) က စတင်ထူထောင် ကျင်းပခဲ့သည်။ ရွာမဆရာတော် ဦးနန္ဒဝံသအား အင်းစိန်မြို့နယ်ရှိ ဆရာတော်များက အားပေး လိုစိတ် မရှိကြပေ။ "ကျော်ခြင်လို့ ပေါ်ပင်လိုက်တယ်" ဟူသော စကားဖြင့် ထိုးနက် ပြစ်တင်ရှုံ့ချကြတတ်သေးသည်။

သို့ပါသော်လည်း ရွာမဆရာတော် ဦးနန္ဒဝံသသည် ထိုဆရာတော်များ၏ ဝေဖန်ပြစ်တင်ရှုံ့ချမှုကို အလေးအနက်မထားခဲ့ပေ။ လေနှင့်ပြစ်တင်သော လေသည် လေထဲတွင်သာ ပျောက်ကွယ်သွားလိမ့်မည်ဟု သဘောပိုက်ကာ မလျှော့သောဇွဲ၊ လုံ့လဖြင့် စိတ်ရှည်သည်းခံတော်မူလျက် သာသနာပြုခဲ့သည်။

ဝေဖန်မှုကား ဤမျှဖြင့်ပင် ရပ်တန့်မနေခဲ့။ စာဖြေဆိုကြသည့် သံဃာတော်များဖက်မှလည်း "မေးတော့ အခက်ကြီး၊ ပေးတော့ တံမျက်စည်း" ဟု ထပ်မံ ပျက်ရယ်ပြုကြသေးသည်။ ခက်ခက်ခဲခဲ နက်နက်နဲနဲ မေးခွန်းထုတ်လေ့ရှိသော ဝိနယာဓိက စာမေးပွဲကြီး အောင်မြင်သောအခါ ဆုချသောပမာဏသည် အလွန် တန်ဖိုးနည်းပါးလှသော တံမျက်စည်းဖိုးခန့်သာ ရှိသည်ကို ဆိုလိုသည်။

အင်းစိန်မြို့သူ၊ မြို့သား၊ ဒကာ။ ဒကာမတို့သည် သာသနာပြုလိုစိတ် ရှိကြသော ဒကာ၊ ဒကာမများကို စည်းရုံးကြသည်။ အသင်းသူ၊ အသင်းသားအဖြစ် ဖွဲ့စည်းကြသည်။ တစ်လလျှင် တစ်ယောက် ငါးကျပ်နှုန်းစုကာ ရန်ပုံငွေအဖြစ် ထည့်ဝင်ကြသည်။ ရရှိသောငွေကို အစိုးရဘဏ်တွင် အပ်နှံထားကာ ဝိနယာဓိက အသင်းကြီး မပြိုကွဲအောင် ခိုင်ခန့်စွာ တည်ဆောက်နိုင်ကြသည်။

ရန်ကုန်မြို့တွင်းရှိ ပရိယတ္တိကို အားပေးချီးမြှောက်လိုသည့် ဒကာ၊ ဒကာမများကိုစည်းရုံးကာ အောင်ဂေဇက် ထုတ်ပြန်လေတိုင်း စာတိုက်မှတစ်ဆင့် ပေးပို့ကာ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ သာခုခေါ်စေသည်။

ရံဖန်ရံခါတွင် စာမေးပွဲကျင်းပသည့်ရက်အတွင်း ဓမ္မသဘင်ကျင်းပပေးရာ နာကြားမည့်ပရိသတ်မရှိ၍ ဆွမ်းချက်ကြသည့် ဒကာ၊ ဒကာမများကို တရားနာခိုင်းရသည်။

ဝိနယာဓိက စာမေးပွဲကြီးကို နှစ်စဉ်တပို့တွဲလတွင် ကျင်းပသည်။ ရပ်ကွက်သူ ရပ်ကွက်သားတို့က တစ်အိမ်လျှင် စာဖြေသံဃာ ငါးပါးမှ ဆယ်ပါးအထိ ပင့်ဖိတ်ကာ မဟာဒုက်ဆွမ်းသဖွယ် ဆက်ကပ်လှူဒါန်းကြသည်။

ရွာမဆရာတော် ဦးနန္ဒဝံသနှင့် စာသင်ဖက်ဖြစ်ကြသည့် ဇလွန် သဖန်းကုန်းဆရာတော် ဦးစန္ဒိမာ၊ ရေကျော် ဆရာတော် ဦးပဏ္ဍဝ၊ ခြောက်ထပ်ကြီး သိင်္ဂီဦးဆရာတော်တို့က လာရောက်အားပေးကြသည်။

သက္ကရာဇ် ၁၃၁၇ ခုနှစ်တွင် ဇလွန်သဖန်းကုန်းဆရာတော် ဦးစန္ဒိမာက ရှင်အာစာရ၊ ရှင်ကဝိန္ဒတို့ကို ခေါ်ဆောင်လာပြီး ရွာမကျောင်းတွင် သီးသန့်အသင့်ရှိနေသော သံဃာသုံးဆယ်ကျော်နှင့် ပူးပေါင်းကာ စာသင်တိုက်ဖွင့်ခဲ့ဖူးသည်။

ရှင်အာစာရသည် ဝိနယာဓိကစာမေးပွဲတွင် ပထမဂုဏ်ထူးရရှိခဲ့သည်။ အစိုးရ ပထမလတ်တန်းအောင်မြင်သည်အထိ သုံးနှစ်ပညာသင်ယူစေခဲ့သည်။

ရှင်အာစာရသည် တပည့်ဖြစ်သူ အရှင်ဝိဇယအား လိပ်ခေါင်းရောဂါကုသရန် ဆရာတော် ဦးနန္ဒဝံသထံ အပ်နှံသူဖြစ်သည်။ (ယခုအခါ ဟင်္သာတမြို့တွင် ရွှေကြက်ယက်ဆရာတော် ဘဒ္ဒန္တအာစာရဖြစ်လာသည်။)

သက္ကရာဇ် ၁၃၂၀ ပြည့်နှစ်တွင် မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်သို့ ရွှေ့ပြောင်းပြီး ပရိယတ္တိစာပေကို ဆက်လက်သင်ယူသည်။

ထိုစဉ်က ရှင်ဝိဇယ၊ အရှင်တိလောကာဘိဝံသ၊ အရှင်အာစာရ၊ အရှင်အကုံရာဘိဝံသတို့နှင့်အတူ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်၊ ပါဠိပဋ္ဌုကျောင်းတွင် အတူစာသင်ဘက်ဖြစ်ကြသည်။

ဇလွန် သဖန်းကုန်းဆရာတော် ဦးစန္ဒိမာသည် တပည့်များဖြစ်ကြသော ရှင်အာစာရ၊ ရှင်ကဝိန္ဒတို့ ပခုက္ကူကျောင်းသစ်သို့ ရွှေ့ပြောင်းသောအခါ မူလဇာတိဖြစ်သော ဇလွန်၊ သဖန်းကုန်းသို့ ပြန်လည်ကြွသွားခဲ့သည်။ ရွာမကျောင်းသည်လည်း စာသင်တိုက်ဟူ၍ ဟုတ်တိပတ္တိ မရှိတော့ပြီ။

◆

အခြေအနေ အရပ်ရပ်ကို အရှင်ဝိဇယ စဉ်းစားလိုက်သည်။ ရွာမဆရာတော် ပြောပြသည့်စကားများကား လေးနက်မှုရှိကြောင်း သိသာသွားရပြီ။

ရှင်ဝိဇယသည် ရွာမဆရာတော် ဦးနန္ဒဝံသအား ရွာမကျောင်းကို ရွာမပရိယတ္တိစာသင်တိုက် ပြန်လည် ဖြစ်ပေါ်လာရေးကိုသာ အကြိမ်ကြိမ်လျှောက်တင်အားပေးနေတော့သည်။ ပရိယတ္တိအသက်ကို ပြန်သွင်းနေတော့သည်။ ဆရာတော် ဦးနန္ဒဝံသဖက်မှ မိန့်ကြားလာမည့် စကားကိုလည်း ငံ့လင့်နေတော့သည်။

ရွာမဆရာတော် ဦးနန္ဒဝံသသည် အတွေ့အကြုံရှိပြီးဖြစ်သူပီပီ အရှင်ဝိဇယ၏ အကြံပြုလာသော စကားကို လက်ခံနိုင်ဖို့ လေးလေးနက်နက် စဉ်းစားနေတော့သည်။

ဆရာတော် ဦးနန္ဒဝံသသည် အသက်အရွယ်တော်အရ စာချပေးနိုင်မှု အားနည်းနေသည့်အခြေအနေကို အရှင်ဝိဇယ ရိပ်မိသွားသည်။

"သည်လိုဆို ဆရာတော်က ပဓာန နာယက၊ အုပ်ချုပ်ရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး ဆောင်ရွက်ပေးနိုင်လိမ့်မည်။ တပည့်တော်တို့က စာချပေးရုံဆို စာသင်တိုက်ဖြစ်ပြီပေါ့ဘုရား"

အရှင်ဝိဇယ၏ နောက်ဆုံးလျှောက်တင်ချက်ကို ဆရာတော် ဦးနန္ဒဝံသ သဘောကျသွားသည်။ စာသင် တိုက်ဖွင့်မည့် အရိပ်လက္ခဏာပီတိများ ဆရာတော် ဦးနန္ဒဝံသ၏ မျက်နှာတော်ဝယ် ပြုံးရွှင်လျှက်ရှိသည်ကို အရှင်ဝိဇယ တွေ့မြင်လိုက်ရချေပြီ။

အရှင်ဝိဇယသည် တစ်ထိုင်အတွင်း စာသင်တိုက်ဖြစ်နိုင်သည့် အနီးစပ်ဆုံးအကြောင်းများကို အပြန်အလှန်ဝေဖန်သုံးသပ်သည်။ တွေ့ပါပြီ။ အရှင်တိလောကာဘိဝံသ၊ အရှင်အဂ္ဂရာဘိဝံသ၊ အရှင်အာစာရတို့ကို စာချ အဖြစ် ပင့်ရပေတော့မည်။

တွေ့ရပါသော်ငြားလည်း တွေးစရာအာရုံများက တွေးလေ များလေဖြစ်ရချေပြီ။ အရှင်အာစာရက ဆရာတော် ဦးနန္ဒဝံသ၏ တပည့်အရင်းဖြစ်၍ ပြောဖွယ်ရာမရှိပြီ။ အရှင်တိလောကာဘိဝံသနှင့် အရှင်အဂ္ဂရာဘိဝံသ တို့က ဆောင်ရွက်နိုင်မှု ရှိ/မရှိ မသိရသေးချေ။ ဆရာတော် ဦးနန္ဒဝံသ၏တပည့်များ မဟုတ်ကြ၍ စဉ်းစားရပါတော့သည်။

အခြေအနေအရပ်ရပ်ကို အပြန်အလှန်သုံးသပ်သည်။ ခက်ခက်ခဲခဲ နက်နက်နဲနဲရှိလှသော အတွေးအာရုံများကို အရှင်ဝိဇယ အစွမ်းကုန်ကြိုးစားပါတော့သည်။ ဆရာတော် ဦးနန္ဒဝံသအား ထိခြင်းငါးဖြာဖြင့် ဂါရဝပြုလျှက် ပရိယတ္တိအမြင်သစ် စကားဝိုင်းကို ရပ်ဆဲလိုက်ပါတော့သည်။ ထိုနေ့က ထွက်ပေါ်လာသော နေမင်းသည် နှုတ်ဆက်စ ပြုလျှက်ရှိ၏။ အနောက်တူရူမှ လင်းရောင်စုံရောပြွမ်းလျှက် ထိန်လင်းဝေဖြာလျှက်ရှိနေပါတော့သည်။

◆

အရှင်ဝိဇယသည် ဆရာတော် ဦးနန္ဒဝံသထံတွင် ဝိနယာဓိက စာမေးပွဲဆိုင်ရာ လုပ်ငန်းတာဝန်များကို လုပ်ဆောင်ပေးလျှက်ရှိ၏။ ရွာမကျောင်းကို ရွာမပရိယတ္တိစာသင်တိုက်ဖြစ်ပေါ်လာရေးအတွက်လည်း တရေးရေး တွေးတောလျှက် အချိန်နှင့်အမျှ စဉ်းစားနေလေ၏။ ဝိနယာဓိက စာမေးပွဲအောင်သံဃာတော်များ၏ ဘွဲ့အမည်များကို အောင်လက်မှတ်တွင် ရေးသားခြင်း၊ စည်းတံဆိပ်ရိုက်ခြင်း၊ ဒါးပိန်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ကိုယ်စား လက်မှတ် (ဆိုင်း) ထိုးခြင်းစသည်များကို ဆောင်ရွက်လျှက်ရှိ၏။

ဝိနယာဓိက စာမေးပွဲဘွဲ့နှင်းသဘင်ကို တပေါင်းလပြည့်နေ့တွင် ကျင်းပသည်။

ရွာမတောင်ပိုင်းမှ ဦးချစ်ဆွေဦးဆောင်သော ပဒေသာပင်နှစ်ပင်၊ ရွာမအရှေ့အေးသိဒ္ဓိမှ ပဒေသာပင် နှစ်ပင်၊ လျှပ်စစ်စက်ရုံ ဝန်ထမ်းမိသားစုမှ ပဒေသာပင်တစ်ပင်၊ သံမဏိစက်ရုံဝန်ထမ်းမိသားစုမှ ပဒေသာပင်တစ်ပင်

ပို့ပေးကြသည်။ ပဒေသာပင်၏ တန်ဖိုးနည်းများမှုကို သုံးသပ်ပြီး၊ စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဂုဏ်ထူးရှင် တို့အား ခွဲဝေဆုချရသည်။ ကျင်းပသည့်နေ့တွင် ရဟန်းဒါယိကာမကြီး ဒေါ်ရွှေနှင့် ဒေါ်သောင်းမြင့်တို့က ရွှေမိုး၊ ငွေမိုး၊ သကြားလုံးမိုး ရွာကြသည်။

ဤနည်းနှင့်ပင် နှစ်စဉ်နှစ်တိုင်း ဝိနယာဓိက စာမေးပွဲနှင့်ပတ်သက်သောကိစ္စများဆောင်ရွက်ခဲ့ရသည်။

တစ်နေ့၊ ထိုနေ့ကား အရှင်ဝိဇယဘဝတွင် ဘဝသမိုင်းမှတ်တိုင်တစ်ခု စတင်ထူထောင်ဖို့စတင်သောနေ့ တစ်နေ့ဖြစ်သည်။

တိပိဋက စာမေးပွဲဖြေဆိုရန် ဝိနည်းငါးကျမ်းကို ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစွမ်းကုန် ကျက်မှတ်နေသော အရှင်တိလောကာဘိဝံသရှိရာ အောင်ဆန်းမြို့၊ တောရတပ်ဦးကျောင်းသို့ အရှင်ဝိဇယ ရောက်ရှိလာသည်။ နေပူ ကျဲကျဲ ပိတ်ဖျင်စထီးကိုဆောင်းလျှက် အရှင်ဝိဇယ ခန္ဓာကိုယ်တစ်ခုလုံး ချွေးသံရဲရဲ ရာသီဥတုကား ပူပြင်းလှသည်။

အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းသို့ ရောက်ရှိလာသောအခါ အရှင်တိလောကာဘိဝံသ စာကျက်နေသည်။ အနောင့်အယှက်ဖြစ်နိုင်၍ တပ်ဦးကျောင်းဆရာတော် ဦးအာစာရနှင့် အရှင်ဝိဇယ စကားလက်ဆုံ ပြောရင်းစောင့်ဆိုင်းနေတော့သည်။

တပ်ဦးဆရာတော်က ရွာမကျောင်းကို စာသင်တိုက်ဖွင့်မည့်လက္ခဏာကို သိရှိထားနှင့်ပုံရသည်။ တပ်ဦးကျောင်းကိုလည်း စာသင်တိုက်ဖွင့်လိုကြောင်း အရှင်ဝိဇယအား ပြောလာသည်။ စာသင်တိုက်မဖွင့်နိုင်လျှင်လည်း ဝိပဿနာပြရဌာန ဖြစ်လိုကြောင်း၊ တစ်ခုမဟုတ် တစ်ခုဖြစ်လိုကြောင်း ဆွေးနွေးလာသည်။ တောရတပ်ဦးကျောင်းကို အရှင်ဝိဇယအား အပ်နှံလာတော့သည်။ တောရတပ်ဦးဆရာတော်သည် သဒ္ဒါတရားထက်သန်လှပေသည်။

အရှင်ဝိဇယဆန္ဒကား ဝိပဿနာကျောင်းထက် စာသင်တိုက်ကိုသာ အားပေးလိုသည်။ စာသင်တိုက် ဖြစ်တာချင်း တူပေဦးတော့ ရွာမကျောင်းကိုသာ ဘူမိနက်သန်အဖြစ် ရွေးချယ်ထားနှင့်ပေပြီ။

(ရွာမစာသင်တိုက်ဖွင့်ပြီးသောအခါ တောရတပ်ဦးကျောင်းဆရာတော်သည် ရွှေတိဂုံဘုရားအရှေ့ဖက် မိုးကုတ်ဝိပဿနာဌာနချုပ်သို့ မကြာခဏသွားရောက်ပြီး တရားအားထုတ်သည်။ အခုအခါ ဆရာတော် ဦးသဒ္ဓမ္မကိတ္တိသာရလက်ထက်တော်တွင် နိုင်ငံကျော်ရိပ်သာကြီးတစ်ခု ဖြစ်လာတော့သည်။)

အရှင်တိလောကာဘိဝံသ စာကျက်ရာမှ ခေတ္တအနားယူစဉ် အရှင်ဝိဇယသည် အရှင်တိလောကာဘိဝံသ အား ရိုသေစွာဂါရဝပြုလိုက်သည်။ ရှင်သာမဏေဘဝ ငယ်စဉ်ကပင် အရှင်တိလောကာဘိဝံသနှင့် အကျွမ်းတဝင် ရင်းနှီးပြီးသားဖြစ်၍ တစ်ပါးနှင့်တစ်ပါး မစိမ်းတော့ပြီ။ အရှင်တိလောကာဘိဝံသ၏ ပင်ကိုယ်

သဘောက စကားနည်းသည်။ အရှင်ဝိဇယကပင် "ဦးပဥ္စင်း စာတွေလည်းသင်ပြီးပြီ၊ အထက်တန်း ပိဋကတ်စာတွေကို သင်ကြားတတ် မြောက်အောင်မြင်ခဲ့ပြီး၊ အများလေးစားလောက်တဲ့ ဘွဲ့တွေလည်း ရယူခဲ့ပြီးပြီ၊ ရရှိပိုင်ဆိုင်ခဲ့တဲ့ အရည်အချင်းများကို ဇာတိရပ် တောရွာတောင်ကျောင်းသွားရောက်ပြီး ကလေးသူငယ်များကို စာသင်ပေးမယ်လို့ ဆုံးဖြတ်ထားပါသလား၊ ကကြီး ခခွေး အောက်ဆုံးအဆင့် စာတွေသင်ပေးတော့မှာလား၊ ဒါမှမဟုတ် မြင်းခြံမြို့ ကိုးဆောင်တိုက်မှာပြန်ပြီး စာချဘုန်းကြီးလုပ်မှာလား၊ အထက်တန်းစာတွေ သင်ပေးလိုသည့် ဆန္ဒနဲ့တော့ မြင်းခြံကိုးဆောင်ကို မပြန်သင့်တော့ဘူး၊ ဟိုမှာက စာချဆရာတော် (၂၅) ပါးလောက်ရှိနှင့်နေပြီ။ ဦးဇင်းအတွက် မြင်းခြံမှာနေရာရှိမှာ မဟုတ်ဘူး"

အရှင်ဝိဇယကသာ တွတ်တီတွတ်တာ စကားပြောဆိုလျှောက်နေသည်။ အရှင်တိလောကာဘိဝံသကမူ တုတ်တုတ်မှ မလှုပ်လာသေး။ ပင်ကိုယ်က စကားနည်းသော ဓာတ်ခံရှိ၍သာ တော်ပေတော့သည်။

"ဦးပဥ္စင်း တပည့်တော်တို့ အင်းစိန်မြို့မှာ စာသင်တိုက်ရယ်လို့ မယ်မယ်ရရ မရှိသေးဘူး၊ ကြီးကြီးကျယ်ကျယ် လက်ညှိုးထိုးပြလောက်စရာကို မရှိသေးဘူး၊ ရွာမကျောင်းကို စာသင်တိုက်ဖွင့်ပေးရင် ကောင်းမှာပဲ၊ ပြီးတော့ . . . . "

အရှင်ဝိဇယ စကားပင်မဆုံးသေး။ အရှင်တိလောကာဘိဝံသက -

"မင်းပြောတာတော့ ဟုတ်ပါပြီ၊ ရွာမကျောင်းဆရာတော် ဦးနန္ဒဝံသက သဘောထားကြည်ဖြူအုံးမှ၊ ဝါသနာလည်း ပါအုံးမှ၊ အနစ်နာလည်း ခံအုံးမှဖြစ်မှာ၊ လွယ်ပါ့မလားကွ မောင်ဝိဇယရ" ဟု ဆိုလာသည်။

အရှင်တိလောကာဘိဝံသ၏ တိုတိတိ ဘုပြတ်ပြတ်စကားကို အရှင်ဝိဇယ သဘောကျသွားသည်။ ဦးနန္ဒဝံသက သဘောထားကြည်ဖြူအုံးမှ - ဟူသော စကားတစ်လုံးတည်းဖြင့်ပင် ရွာမကျောင်းသည် ဧကန်ဧကေ ပရိယတ္တိစာသင်တိုက် ဖြစ်လာတော့မည်ဟု အရှင်ဝိဇယ ယုံကြည်သွားတော့သည်။ ရွာမကျောင်း ပရိယတ္တိ စာသင်တိုက်ဖြစ်လာတော့မည် ဟူသောအတွေးလုံးများ အရှင်ဝိဇယသန္တာန်ဝယ် ပဲ့တင်ထပ်သွားစေတော့သည်။

အရှင်တိလောကာဘိဝံသ၏ အမေးပုစ္ဆာကို အရှင်ဝိဇယက ကျေကျေ နပ်နပ် ထောက်ခံလိုက်တော့၏။ ဆရာတော် ဦးနန္ဒဝံသ၏ သဘောထားနှင့် သာသနာပြုစိတ်ကို မှတ်ကျောက်တင်ပြလိုက်တော့သည်။

ဆရာတော် ဦးနန္ဒဝံသက စားဝတ်နေရေး ကျန်းမာရေးနှင့် အုပ်ချုပ်ရေးကို အဓိကတာဝန်ယူမည်။ အရှင်တိလောကာဘိဝံသ၊ အရှင်အကုံရာဘိဝံသ စသော နာယကအဖွဲ့က စာသင်စာချ ဦးဆောင်ကြမည်။ ပညာရေးတစ်ခုကိုသာ ဦးဆောင်ကြမည်။

"ဦးပဥ္စင်း တွေဝေမနေနဲ့၊ ဦးပဥ္စင်းဦးဆောင်ရင် ရွာမကျောင်းဟာ အအောင်မြင်ဆုံး စာသင်တိုက်ဖြစ်မှာ"

အရှင်တိလောကာဘိဝံသနှင့် အရှင်ဝိဇယတို့အချင်းချင်း အပြန်အလှန် သဘောတူညီမှု ရရှိကြပြီး အရှင်ဝိဇယသည်လည်း တောရတပ်ဦးကျောင်းမှ ပြန်လည်ထွက်ခွာခဲ့တော့သည်။

မကြာမီ ရွာမပရိယတ္တိစာသင်တိုက်ကြီး ဖြစ်လာတော့မည် - မကြာခင် ရွာမပရိယတ္တိစာသင်တိုက်ကြီး ဖြစ်လာတော့မည် - မကြာမီ . . . ဟူသော အတွေးများဖြင့် အရှင်ဝိဇယ၏ရင်ဝယ် ပြည့်နက်နေပါတော့သည်။

◆

ရွာမကျောင်းကို စာသင်တိုက်ဖွင့်တော့မည် - ဟူသော သတင်းကား တခဏချင်းပင် ပျံ့နှံ့သွားတော့သည်၊ ရန်ကုန်မြို့တွင်းသို့ပါ ပျံ့လွင့်သွားတော့သည်။

တစ်နေ့သ၌ ရွာမကျောင်း ဆွမ်းစားကျောင်းတာဝန်ခံဘုန်းကြီး ဦးသုဇာတနှင့် ဦးဉာဏတို့က စာသင်တိုက် ဖွင့်မည့်အနေအထားကို သိရှိထား၍ အရှင်ဝိဇယကို စာသင်တိုက်မဖွင့်ရန် ပိတ်ပင်လာကြသည်။

"မောင်ဝိဇယ ဒီကျောင်းကို ငါတို့ရောက်တာကြာပြီ၊ ကျောင်းက ဆရာတော် ဦးကေတုနှင့် ဆရာတော် ဦးနန္ဒဝံသတို့က ဒွိသင်္ဃက နှစ်ပါးပိုင်ကွ၊ ဆရာတော်နှစ်ပါးကလည်း တစ်ပါးနှင့်တစ်ပါး သင့်ကြတာမဟုတ်ဘူး။ ဒီအချက် တစ်ချက်နဲ့ကိုပင် စာသင်တိုက်ပျက်မှာ"

ပြောလာသောစကားက စာသင်တိုက်ပျက်ရေးစကား ဖြစ်သည်။ အနှောင့်အယှက်အသွင်ဆောင်နေသည်။ အခြေအနေအရပ်ရပ်ကို အရှင်ဝိဇယ သဘောပေါက်ထားခွင့်ရှိတော့၏။

"အဲဒါ ဘာဖြစ်သေးလဲ ကိုယ်တော်၊ သာရေး နာရေးကြုံလို့ ငါးပါးပင့်ရင် ဆရာတော်နှစ်ပါးက သူတို့အစု သူတို့ယူကြပေါ့၊ ကျန်သုံးပါးက သံဃိက အများသုံး လုပ်လိုက်ပေါ့"

အရှင်ဝိဇယ လျှောက်တင်လာသောစကားကြောင့် ဦးသုဇာတနှင့် ဦးဉာဏတို့ ရှေ့စကားဆက်ရန် မရှိပြီ။

"သည်လိုဆို ငါတို့က ဘာဆက်လုပ်ရတော့မှာလဲ"

"ကိုယ်တော်တို့က လက်ရှိအတိုင်း ဆွမ်းစားကျောင်းတာဝန် ယူကြပေါ့၊ လိုအပ်တာကို ဆရာတော် ဦးနန္ဒဝံသက ညွှန်ကြားမှာပေါ့။ စာသင်သားများက ကိုယ့်စာကိုယ်သင်ကြပေါ့၊ ဒါဆို ပရိယတ္တိလုပ်ငန်း အောင်မြင်တာပဲ"

အရှင်ဝိဇယက ပြတ်သားစွာလျှောက်တင်လိုက်တော့၏။ လက်ရှိသံဃာများက နေ့စဉ်ဆွမ်းစားကျောင်း ပုံမှန်တက်ရောက်ဘုဉ်းပေး၊ စုပေါင်းဘုရား

ဝတ်တက်၊ သည်အချက်ကို လက်ရှိကျောင်းနေသံဃာအားလုံး စိတ်ပါ လက်ပါ ဆောင်ရွက်ကြရမည်ကို အကြံပြုလိုက်တော့၏၊ အကြံပြုချက်အားလုံးကိုပါ လက်ခံကြရတော့၏။

ကျောင်းတိုက်တစ်တိုက်တွင် ပရိယတ္တိ ပဋိပတ္တိတစ်ခုခု လုပ်တော့မည်ဆိုလျှင် စုပေါင်းသဘောတူညီမှု၊ လက်ရှိ ပဓာန နာယကဆရာတော်များ၏ သဘောတူညီမှုကို ဦးစားပေးရမည်။ လာဘ်လာဘကိစ္စသည် အရေးပါသော အခန်းကဏ္ဍဖြစ်လာနိုင်သည်။

၁။ ပဓာန နာယကဆရာတော်ကလည်း "ငါက္ကသရိယ ငါပိုင်သည်" ဟူသောဝါဒကို လက်ကိုင်စွဲထားလျှင် တပည့်များက မည်ရွေ့မည်မျှကောင်းမွန်သော အကြံဉာဏ်များပေးကြစေကာမူ ကျောင်းတိုက်ပျက်စီးနိုင်သည်။

၂။ သို့တည်းမဟုတ် ပဓာန နာယကဆရာတော်က လိုအပ်ချက်ကို ထောက်ပြခိုင်းလာလျှင် တပည့်များက မငဲ့မကွက် ရဲရဲတောက် တင်ပြနိုင်မှုမရှိလျှင်လည်း ကျောင်းတိုက်ပျက်နိုင်သည်။

၃။ သို့တည်းမဟုတ် တပည့်များက ရဲရဲတောက်တင်ပြပါလျှက် ပဓာန နာယကဆရာတော်က အကောင်အထည်မဖော်လျှင် တစ်ဖက်သားအပြစ်ရှိသူတို့ဖက်မှ ကာကွယ်ပေးနေလျှင်လည်း ကျောင်းတိုက်ပျက်စီးနိုင်သည်။

၄။ သို့တည်းမဟုတ် ပဓာန နာယကဆရာတော်ကိုယ်နှိုက်က တပည့်များ၏ သဘောထားကို မလေ့လာ မစူးစမ်းဘဲ ထင်တိုင်းကြဲကာ အဂတိလေးပါး လွှမ်းခြုံကျိန်းစက်နေလျှင်လည်း ကျောင်းတိုက်ပျက်စီးနိုင်သည်။

၅။ အရည်အသွေး မပြည့်စုံသူကို မျောက်ကိုယုံစား ခြုံဆွဲမှားသို့ မတန်မရာ နေရာပေးလွန်း လာလျှင်လည်း ကျောင်းတိုက်ပျက်စီးနိုင်သည်။

၆။ အတူနေတပည့်များ၏သဘောထားနှင့် လုပ်ရပ်၊ လုပ်ငန်း ကျွမ်းကျင်မှု၊ အမြော်အမြင်ကြီးမှုကို အပ်ကျမတ်ကျ စူးစမ်းလေ့လာသင့်သည်။

၇။ ပဓာနနာယကဆရာတော်သည် နောက်ကြောမှ ကြိုးဆွဲခံရသော ရုပ်သေးရုပ် မဖြစ်သင့်ပေ။

၈။ ပဓာနနာယကဆရာတော်လုပ်ပိုင်ခွင့်ရှိသော ပမာဏထက် မကျော်လွန်ဖို့ အထူးသတိချပ် သင့်သည်။

၉။ ပဓာနနာယကဆရာတော်သည် ရှေ့တစ်မျိုး နောက်တစ်မျိုး ကွယ်ရာ တစ်မျိုး မသိနိုးနားပေါင်းများစွာရှိလာလျှင် ကေန်ကျောင်းတိုက်ပျက်ရကိန်း ကြုံရပေမည်။

ထိုထိုအခြေအနေကိုသုံးသပ်ပြီး စာသင်သားတပည့်များ ကျောင်းတိုက်မှ စောစီးစွာထွက်ခွာသင့်သည်။ သို့မဟုတ်ပါမူ ပြဿနာလမ်းကြောင်းတွင် ပါဝင်သွားနိုင်သည်။

ဤသို့သော အခြေအနေအရပ်ရပ်များကို အရှင်ဝိဇယ သဘောပေါက်ထားချေပြီ။

ရွာမကျောင်း ပဓာန နာယကဆရာတော်နှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး အဆင်မပြေကြဟုဆိုလာသော ဦးသုဇာတနှင့် ဦးဉာဏတို့၏စကားကို အပြန်ပြန်စဉ်းစားဆင်ခြင် သုံးသပ်ကြည့်သည်။

တစ်နေ့သ၌ အရှင်ဝိဇယ သည် ရွာမဆရာတော် ဦးကေတုနှင့်အတူ အောင်ဆန်းမြို့ရှိ ဆရာတော်ဦးကေတုနှင့် ဆွေမျိုးတော်စပ်သူ ဒကာ တစ်ဦးအိမ်သို့ လမ်းလျှောက်ရင်း ထွက်ခွာလာခဲ့သည်။

အခွင့်ရသည်နှင့် အရှင်ဝိဇယက "ဆရာတော် ရွာမကျောင်းကို စာသင်တိုက်ဖွင့်မလို့ စိတ်ကူးထားတယ် ဘုရား" ဟု လျှောက်သည်။

ဆရာတော် ဦးကေတုက "ဖွင့်ရင် ကောင်းတာပေါ့ကွ၊ ဒို့က အသက်ကြီးပြီ၊ မောင်ဝိဇယပါတော့ ပိုကောင်းတာပေါ့" ဟု မိန့်ဆိုသည်။ သည်တော့မှ ဦးသုဇာတနှင့် ဦးဉာဏတို့စကားကို အရှင်ဝိဇယ အကောင်းဆုံးမှတ်ချက် ချနိုင်တော့သည်။

"ဆရာတော်က ပဓာန နာယကပေါ့ဘုရား" ဟု အရှင်ဝိဇယက လျှောက်ထားသောအခါ ဆရာတော် ဦးကေတုသည် ပြုံးတော်မူခဲ့သည်ကို ဖူးမြော်တွေ့လိုက်ရပေတော့သည်။

ဆရာတော် ဦးကေတုသည် သဘောထားကောင်းပါ၏။ ရိုးသားပါ၏။ စကားလည်း နည်းပါ၏။ လိုရင်း တိုရှင်းကိုသာ ပြောလေ့ရှိပါ၏။ ဝိနည်းတော်လည်း လေးစားပါ၏။ ကြည်ညိုဖွယ်ရာ ဂုဏ်များလည်း ပြည့်နက်နေပါ၏။

အရှင်ဝိဇယသည် ဤကဲ့သို့သော အခြေခံသဘောတရားများကိုပါ လေ့လာဆောင်ရွက်၏။ ရွာမကျောင်းသည် မကြာမီသောကာလတွင် စာသင်တိုက်ကြီး ဧကန်မုချဖြစ်လာတော့မည်။ အောင်မြင်မှု ဖြစ်ထွန်းလာတော့မည်။ နိုင်ငံကျော်လာလိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်ထားခဲ့လေ၏။ အောင်မြင်မှုရရှိရန်-

၁။ ယုံကြည်မှု အခက်အခဲ

၂။ လုပ်ဆောင်မှု အခက်အခဲ

၃။ စည်းလုံးညီညွတ်မှု အခက်အခဲ စသည်များကို ကျော်ဖြတ်ရစမြဲ ဖြစ်၏။

အရှင်ဝိဇယသည် အားလုံးကို ခြုံငုံသုံးသပ်လျှက် ရွာမကျောင်းတိုက်ကို ပရိယတ္တိစာသင်တိုက်ဖြစ်ပေါ်လာရန် အဓိကမဏ္ဍိုင် အသက်သွေးကြောသဖွယ် ဖြစ်လာမည့် အရှင်တိလောကာဘိဝံသ သီတင်းသုံးရာ အောင်ဆန်းမြို့၊ တောရ တပ်ဦးကျောင်းသို့ မကြာခဏသွားရောက် ဆွေးနွေးသည်။

ဆရာတော်နှစ်ပါး၏ သဘောထားကို ဂဃဏန စေ့စပ်တင်ပြသည်။ အရှင်တိလောကာဘိဝံသကလည်း အရှင်ဝိဇယ ထံမှ သဘောထားမှတ်ချက်ကို ကောင်းစွာလက်ခံရယူခဲ့သည်။

ခြောက်ထပ်ကြီးဘုရားကြီးတိုက်တွင် သီတင်းသုံးလျှက်ရှိသော အရှင်အကုံရထံ အကြောင်းစုံသွားရောက် တင်ပြသည်။ စာသင်တိုက်တည်ထောင်ရာတွင် မရှိမဖြစ်လိုအပ်သော အချက်ကား စည်းကမ်းဥပဒေဖြစ်သည်။ အလွန်အောင်မြင်ကျော်ကြားလျှက်ရှိသော အလုံအောင်မင်္ဂလာစာသင်တိုက်သို့ သွားရောက်ကာ စာသင်တိုက်နှင့် ပတ်သက်သော စည်းကမ်းချက်များကို လေ့လာသည်။ ဂဏဝါစကအဖွဲ့မှ အုပ်ချုပ်ကြောင်းသိခဲ့ရသည်။ အောင်မင်္ဂလာ ဆရာတော်က လိုအပ်ချက်များကို အသေးစိတ်ရှင်းပြသည်။

စာသင်တိုက်နှင့်ပတ်သက်၍ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းအနေဖြင့် ပဓာန နာယကဆရာတော်ကိုယ်တိုင် အုပ်ချုပ်နည်း၊ ဂဏဝါစကအဖွဲ့ အုပ်ချုပ်နည်းဟူ၍ နှစ်မျိုးရှိရာ ရွာမဆရာတော် ဦးနန္ဒဝံသသည် စာသင်တိုက် သက်တမ်းနုနယ်စဉ်တွင် ပဓာန နာယကဆရာတော် အုပ်ချုပ်နည်းကိုသာ လက်ခံကျေနပ်တော်မူခဲ့သည်။

စာသင်တိုက်ဖွင့်ရန် နေ့ရက်ကား နီးသထက် နီးလာချေပြီ။ အရှင်ဝိဇယသည် စာသင်တိုက်နှင့် စပ်လျဉ်း ၍ လိုအပ်သော ကိစ္စအဝဝကို အချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်ရတော့သည်။

အရေးကြီးသောအချက်ကို လေးလေးနက်နက် ကွေးတောဆင်ခြင်ကြည့်ရာ အဖြေကားတွေ့ရပြီ။

အရှင်တိလောကာဘိဝံသ၊ အရှင်အကုံရာဘိဝံသ၊ အရှင်ဝိဇယတို့သည် ဆရာတော် ဦးနန္ဒဝံသ၏ တပည့်လည်း မဟုတ်ကြ။ ဆွေမျိုးသားချင်းလည်း မတော်စပ်ကြ။ ဆရာတူတပည့်လည်းမဟုတ်ကြ။ အရွယ်တော်ချင်းက သားနှင့်အဖလောက်ကွာခြားသည်။ ထိုအချက်သည် အနာဂတ်တွင် အရေးပါလာသော အခန်းဖြစ်နိုင်ကြောင်း ကြိုတင်သုံးသပ်လိုက်သည်။

ပုထုဇဉ်သဘောကားခက်သည်။ အကုသိုလ်ဖြစ်လွယ်သည်။ အပြောင်းလွဲမြန်သည်။ အမှားမြန်သည်။ မကောင်းသည့်ဖက်တွင် အမှားမြန်သွားချေက မူလပရိယတ္တိရည်ရွယ်ချက် ပျက်သွားနိုင်သည်။ အရာဝတ္ထုလက်ထဲ ရောက်သွားသည်နှင့် စိတ်ဓာတ်အသွင် ပြောင်းလွဲသွားတတ်သည်။ ထိုအခြေအနေတွင် အရေးကြီးသော အရာတစ်ခု လိုလာတော့သည်။

အရှင်တိလောကာဘိဝံသ ဦးဆောင်သော စာချအဖွဲ့နှင့် တိုက်ပိုင်ဆရာတော် ဦးနန္ဒဝံသတို့ ဆန့်ကျင်ဖက် ကိစ္စပေါ်ပေါက်လာလျှင် ဝင်ရောက်ထိန်းကျောင်းပေးမည့် ဆရာကောင်းလိုအပ်လာသည်။

အရှင်ဝိဇယသည် အဆိုပါ သဘောတရားကို ဆင်ခြင်သုံးသပ်ပြီး အရှင်တိလောကဘိဝံသနှင့်အရှင်အကုံရာဘိဝံသ၊ အရှင်ဝိဇယတို့၏ ငယ်ဆရာတော်

မြင်းခြံကိုးဆောင်ဆရာတော် ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ်ထံသို့ ဆရာတော် ဦးနန္ဒဝံသကိုယ်တိုင် စာချဘုန်းကြီးတောင်းယူရန် အကြံပြုလိုက်တော့သည်။

အရှင်ဝိဇယ၏ အကြံပြုချက်ကိုလည်း ရွာမဆရာတော် ဦးနန္ဒဝံသက အကောင်းဆုံး၊ အကြံဉာဏ်အဖြစ် လက်ခံတော်မူသည်။ မြင်းခြံကိုးဆောင် ဆရာတော် ဘဒ္ဒန္တသောဘိတမဟာထေရ်ထံသို့ စာတစ်စောင်ရေးသား ပေးပို့တော်မူလိုက်သည်။

◆

အထံတော်သို့
ဘဒ္ဒန္တသောဘိတမဟာထေရ်
ပခုက္ကူကျောင်းသစ်၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့။

၁၃၃၁ ခု၊ တပေါင်းလဆန်း (၈) ရက်

ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်။

တပည့်တော်များ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်ရှိ ရွာမကျောင်းကြီးကို ရွာမ ပရိယတ္တိစာသင်တိုက်အသွင်သို့ ကူးပြောင်းဖွင့်လှစ်လိုပါ၍ ဆရာတော်၏ တပည့်များဖြစ်ကြသော ဦးတိလောက၊ ဦးအင်္ဂိရ၊ ဦးဝိဇယတို့အား စာချဘုန်းကြီးအဖြစ် ချီးမြှင့်ပေးတော်မူပါရန် ရိုသေစွာလျှောက်ထားပါသည်။

ထို့အပြင် စာသင်တိုက်ဖွင့်လှစ်မည့်နေ့တွင်လည်း ဆရာတော်ကိုယ်တိုင် ကြွရောက်၍ လမ်းညွှန်ဩဝါဒ ပေးတော်မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

(တပည့်တော်၏ သဘောထားကိုလည်း စာပြန်ကြားတော်မူပါရန် ထပ်လောင်းလျှောက်ကြားအပ်ပါသည် ဘုရား)

ရိုသေလေးစားစွာဖြင့်
နန္ဒဝံသ
ရွာမကျောင်းကြီး၊ ရွာမအနောက်၊
အင်းစိန်မြို့၊ ရန်ကုန်တိုင်း။

◆

သက္ကရာဇ် ၁၃၃၁ ခုနှစ် အတာသင်္ကြန်ကား နီးကပ်လာချေပြီ။ ရွာမ ကျောင်းဆရာတော် ဦးနန္ဒဝံသသည်လည်း စာသင်တိုက်ဖွင့်လှစ်ရန် လုံးပန်း နေရသည်။ ရပ်ကွက်အတွင်းရှိ ဒုလ္လဘရဟန်း ရှင်သာမဏေဝတ်သူတို့အား သပိတ်၊ သင်္ကန်းစသော ပရိက္ခရာများကို စီစဉ်ဆောင်ရွက်လျှက်ရှိသည်။

သင်္ကြန်ကျသည်နှင့် ရဟန်းခံ ရှင်ပြုပေးခြင်း၊ ပဗ္ဗဇ္ဇာမွေကို ပေးရလေပြီ။ အရှင်ဝိဇယသည်လည်း ဆရာတော်ဦးနန္ဒဝံသ၏ အလိုတော်ကျ သာသနာပြုလျှက် ရှိသည်။ ဒုလ္လဘရဟန်း (၆၈) ပါး၊ ရှင်သာမဏေ (၉၆) ပါးရှိသည်။ ရွာမဆရာတော် ဦးနန္ဒဝံသသည် ရွှေဝါရောင်လွှမ်းလျှက်ရှိသော ရွာမမြေကမ္ဘလာကို ကြည့်ရှုကာ ပြုံးပျော်ပီတိ ဝွမ်းဆီထိလျှက်ရှိနေပေသည်။ စာသင်တိုက်ကြီးဖြစ်လာတော့မည် ဟူသော အတွေးပီတိများ တဖြန်းဖြန်း ထလျှက်ရှိသည်။

ဒုလ္လဘရဟန်းသာမဏာ (၁၆၄) ပါး၊ ကျောင်းရှိသံဃာ (၃၀) ကျော်၊ စုစုပေါင်း (၁၉၄) ပါးကျော် သံဃာတော်များအား စာသင်တိုက်ဖွင့်လာလျှင် မဖြစ်မနေလုပ်ဆောင်လာရတော့မည့် စုပေါင်းဆွမ်းစားကျောင်းတက်ခြင်း၊ စုပေါင်း အိပ်ယာဝင်ခြင်း၊ စုပေါင်းအိပ်ယာထခြင်း၊ ရတနာသုံးပါးနှင့် ဂုဏ်တော်များ ပွားများခြင်း၊ မေတ္တာ ဘာဝနာ ပွားများခြင်း၊ ပစ္စဝေလက္ခဏာဆင်ခြင်း၊ သင်္ကန်းဝတ်ရုံပုံ ညီညွတ်မှုရှိစေခြင်း၊ အပြောအဆို အနေအထိုင် ပသာဒ ဂုဏ်မြောက်အောင် တည်ဆောက်စေခြင်း စသောလုပ်ငန်းများကို စာသင်သားတို့ လုပ်လေ့လုပ်ထရှိသော စည်းကမ်းဥပဒေသအတိုင်း အကြိုလေ့ကျင့်ပေးလျှက် ရှိသည်။

ငါ၏ခန္ဓာကိုယ်သည် အမြဲမရှိ ငါ၏ခန္ဓာကိုယ်သည် ဆင်းရဲဖွယ်အတိရှိ၏။ ငါ၏ခန္ဓာကိုယ်သည် ငါ့အလိုသို့ မလိုက် သေမင်းအလိုသို့ လိုက်ရသည့် ခန္ဓာကိုယ် ချည်းပေတကား - ဟု ဒုလ္လဘရဟန်း သာမဏေတို့အား ဝိပဿနာအသိ ပါဝင်လာ အောင် လေ့ကျင့်ပေးလျှက်ရှိသည်။ အမျှအတမ်းပေးဝေခိုင်းသည်။ မကြာမီ ပေါ်ထွန်း လာတော့မည့် ပရိယတ္တိစာသင်တိုက်ကြီးကို မျက်ဝါးထင်ထင် အာရုံ ထဲတွင် ထင်ရှားလျှက်ရှိ၏။ သာသနာစောင့် နတ်များ၊ ကျောင်းစောင့်နတ်များ၊ ကျောင်းနှင့်မကင်းနိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို အာရုံပြုကာ အမျှ အတမ်းပေးဝေလျှက်ရှိ၏။

အရုဏ်ဆွမ်းဘုဉ်းပေးပြီးသည်နှင့် လောကီခြောက်တန်း၊ ခုနစ်တန်း ကျောင်းသားများအား သဒ္ဒါကြီးသုတ်စဉ် အတ္ထော အက္ခရာသညာတော၊ အဘိဓမ္မာ သင်္ဂဟလာ သမ္ဗာသမ္ဗုဒ္ဓ မတုလံ စသော စာပေများကို အကြိုသင်ကြား ပေးလျှက်ရှိ၏။

စာသင်တိုက်ဖွင့်ရန် တစ်ပတ်အလိုတွင် ရွာမဆရာတော် ဦးနန္ဒဝံသသည် ဇလွန်သဖန်းကုန်းဆရာတော် ဦးစန္ဒိမာ၊ ရေကျော်ဆရာတော် ဦးပဏ္ဍဝံသ စသောဆရာတော်များနှင့် မှော်ဘီမြို့နယ်၊ ရေကျော်ရွာအနီး သိမ်သမုတ် ကြွကြစဉ်

သံဃာတော်များအချင်းချင်း ပရိယတ္တိစာသင်တိုက်ဖွင့်မည့်အကြောင်း သတင်းစကားစုံစမ်းမေးမြန်းကြရာ မှော်ဘီမှ မျက်စိနှစ်ကွင်းအလင်းမရရှာသော ဆရာတော်တစ်ပါးသည် ဗေဒင်အလွန်ကျွမ်းကျင်ကြောင်း အလ္လာပ သလ္လာပ ပြောကြ၏။ ထိုစဉ် ပရိယတ္တိစာသင်တိုက်ဖွင့်ရန် အဓိပတိတပ်လျက်ရှိသော ရွာမဆရာတော် ဦးနန္ဒဝံသသည် သွားရောက်မေးမြန်း၏။

"ယခုအခါ ဗုဒ္ဓဟူးသားဦးဆောင်နေသောကြောင့် နိုင်ငံကျော် စာသင်တိုက်ဖြစ်လာမည်၊ နောက်အခါ ထိုဗုဒ္ဓဟူးသားသည် စာသင်တိုက်ပါဖျက်ပြီး လူဝတ်လဲသွားလိမ့်မည်"ဟု ဟောလိုက်သည်။

◆

မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ အထံတော်မှ ပြန်စာတစ်စောင် ရောက်ရှိလာတော့သည်။

သို့

ဦးနန္ဒဝံသ

ရွာမကျောင်းကြီး၊ ရွာမအနောက်ရပ်ကွက်၊

အင်းစိန်မြို့၊ ရန်ကုန်တိုင်း။

၁၃၃၂ ခု၊ တန်ခူးလပြည့်ကျော် (၃)ရက်

စာပြန်ကြားလိုက်သည်။

တိလောကကား ပရိယတ္တိစွယ်စုံရ၏ သုံးရင်ဖြစ်၏။ အကုံရနှင့် ဝိဇယတို့အား ဂိုဏ်းပြည့်စုံရုံအဖြစ် သုံးလိုကသုံးနိုင်သည်။ စာသင်တိုက်ဖွင့်မည့်ရက်ကို အကြောင်းကြားပါ။ ဆရာတော်ကြွမည်။

မြင်းခြံဆရာတော်ထံမှ ပေးပို့လိုက်သော တိုတိတိစာလေးတစ်စောင်ကို ရွာမဆရာတော်ဦးနန္ဒဝံသသည် အကြိမ်ကြိမ်ဖတ်ရှုလိုက်သည်။ နှိုင်းဖော်ပြစရာ မရှိသော ဥပမာတို့ဖြင့် ကျိတ်မှတ်ကျေးဇူးတင်လျှက်ရှိ၏။

စာသင်တိုက်မဖွင့်မီ တစ်ဆယ့်ငါးရက်အလိုတွင် ရွာမဆရာတော် ဦးနန္ဒဝံသ၏ မိန့်ကြားချက်အတိုင်း အရှင်တိလောကာဘိဝံသ သီတင်းသုံးနိုင်ရန် မေဓာဝံသကျောင်းကြီးအပေါ်ထပ် တောင်ဖက်ခန်းကို အရှင်ဝိဇယ ကိုယ်တိုင် ရှင်းလင်းထားရှိ၏။ အရှင်ဝိဇယအတွက်ကိုမူ ဘုရားခန်းရှေ့တွင် ခုတင်မပါစေဘဲ ညအိပ်ရုံသာအိပ်ပြီး နေ့ဖက်တွင် အိပ်ယာလိပ်သိမ်းဆည်းကာ နေရာပျောက်နေစေလိုက်သည်။

စာသင်တိုက်ဖွင့်ရန် ဆယ်ရက်သာလိုတော့သည်။ စာသင်တိုက် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရန် အရှင်တိလောကာဘိဝံသ၊ အရှင်အကုံရ၊ အရှင်ဝိဇယတို့ သုံးပါးတိုင်ပင် ညှိနှိုင်းကြသည်။ အရှင်သုံးပါးကို ငယ်ရွယ်စဉ် ပရိယတ္တိစာပေသင်ကြားစဉ်က အတွေ့အကြုံများနှင့် ရန်ကုန်ပရိယတ္တိစာသင်တိုက်များ၏ နည်းစနစ်များ ပေါင်းစပ်ကာ ရေးဆွဲကြသည်။

လိုရင်းအချက်ကား စာသင်သားများ အရုဏ်ဆွမ်းဘုန်းပေးပြီးသည်နှင့် အတန်းတိုင်း၊ အတန်းတိုင်း အာဂုံ စာကျက်မှတ်ကြရမည်။ မနက် (၈)နာရီမှစတင်၍ စာဝါလိုက်ကြရမည်။ နေ့ (၁)နာရီစတင်ကာ စာဝါဆက်လက် လိုက်ကြရမည်။

စာသင်သားလက်ခံမည့် စည်းမျဉ်းများကို အခြေပြုမူလတန်း၊ ပထမငယ်တန်း သို့မဟုတ် ပထမလတ်တန်း အဆင့်ရှိ စာသင်သားများကိုသာ လက်ခံကြရမည်။ အတန်းကြီးသော စာသင်သားမျာကိုလက်ခံမိပါက စာသင်တိုက် တည်ကာစအချိန်တွင် ပြဿနာတက်နိုင်သည်။ ဆိုဆုံးမရလည်း ခက်တက်သည်။ ဤအချက်ကို နာယကအဖွဲ့က လိုက်နာကြရမည်။

အခြေခံစည်းမျဉ်းတွင် နေ့ (၁)နာရီ စာဝါစတင်ရခြင်းမှာ အကြောင်းရှိသည်။ အရှင်တိလောကာဘိဝံသ၊ အရှင်အက္ကုရာဘိဝံသ၊ အရှင်ဝိဇယတို့ ငယ်ရွယ်စဉ်မြင်းခြံကိုးဆောင်တိုက်တွင် နေ့ (၁၂)နာရီ ဒိုးကာ၊ ကဆွဲ စသည့်စာဝါများ ပို့ချပေးရာ စာသင်သားများ အိပ်ငိုက်ကြသည်။ ခရီးမတွင် ဖြစ်ခဲ့ဖူးပြီ။ စာသင်သားများနေ့ (၁၂)နာရီအချိန်တွင် အိပ်စက်အနားယူကြရသည်။

စာသင်တိုက်တည်ကာစတွင် လိုအပ်မည့် အချက်အနည်းငယ်လောက်သာ ရေးဆွဲကြသည်။ အရှင်တိလောကာဘိဝံသကို ရွာမကျောင်းသို့ ပင့်ဆောင်ရန် အရှင်ဝိဇယ က ရွာမဆရာတော်အား လျှောက်ထားပြီး အိုးစည်၊ ဒိုးပတ်၊ အက၊ အခုန်နှင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ရန် စိတ်ကူးထားသည်။

အစီအစဉ်ကို ရွာမဆရာတော်အား တင်ပြလျှောက်ထားရာ "ရိုးရိုးလေးသာ ပင့်ခဲ့ကွာ"ဟု မိန့်ကြားလာသော ရွာမဆရာတော်စကားအတိုင်း နေပူပူ ရိုးတံကျဲကျဲအချိန်တွင် ပိတ်ဖျင်ထီးဆောင်းကာ အရှင်တိလောကာဘိဝံသရှိရာ တောရတပ်ဦးကျောင်းသို့ ရောက်ရှိခဲ့သည်။

အရှင်ဝိဇယသည် ရွာမဆရာတော် မိန့်ဆိုလိုက်သည့်အတိုင်း မပြောမဆို မပန်ကြားတော့ဘဲ အိုးစည် ဒိုးပတ်အကအခုန်များနှင့် ပင့်လိုကြောင်း စကားနှပ်ကြောင်း ပေးလိုက်စဉ်မှာပင်အရှင်တိလောကာဘိဝံသက ကန့်ကွက်စကားဆိုလာသည်။ ကိုယ့်ရပ်ကိုယ့်ရွာမဟုတ်၍ အမြင်မတော်ကြောင်း စကားဆိုသည်။ ရိုးရိုးလေးသာ လိုက်ခဲ့မည်ဟု ကတိပြုတော်မူသည်။

အရှင်တိလောကာဘိဝံသအဖို့ အနေအထိုင် ရိုးသားသည်။ စကားနည်းသည်။ ပရိယတ္တိလမ်းကြောင်း ပေါ်မှာမွေ့လျော်နေတတ်သည်။ ပကာသနဖက်သူမဟုတ်ပေ။

အရှင်တိလောကာဘိဝံသနှင့် ရွာမဆရာတော်တို့အကြား သဘောတရားနှီးနွှယ်မှုကား အခက်အခဲ မရှိလှပေ။ အရှင်ဝိဇယအဖို့ တစ်ပါးနှင့်တစ်ပါး ပရိယတ္တိလမ်းကြောင်းပေါ် ရောက်လာအောင် အောင်သွယ် စည်းရုံးနိုင်ခဲ့သည်။

အရှင်တိလောကာဘိဝံသ၏ အသုံးအဆောင်စာအုပ် စာပေ ပရိဘောဂများကို သုံးဘီးကားဖြင့် တင်ဆောင်ကာ ပကာသနမပါ ရိုးရှင်းစွာပင့်ဆောင်ခဲ့သည်။

ညနေဆည်းဆာ ငါးနာရီအချိန်သည် တောက်ပလျှက် အရှင်တိလောကာဘိဝံသ၏ ပရိယတ္တိလုပ်ငန်းစဉ် ခရီးကို ဝမ်းမြောက်ဝမ်းသာ ကြိုလင့်နေပါတော့သည်။

◆

သက္ကရာဇ် ၁၃၃၂ ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်နေ့တွင် မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတနှင့် အင်းစိန်မြို့ရှိ ဆရာတော်များ၊ ဒေသခံ ဒကာဒကာမများ၊ သာသနာရေး အထူးအကြံပေးအရာရှိ သခင်ကျော်ညွန့်၊ စာရေးဆရာအရှင်တိလောကသာရ (ရဝေထွန်း)စသော ဂုဏ်သရေရှိ ပရိသတ်စုံလင်စွာဖြင့် ရွာမကျောင်းအတွင်း ကျက်သရေမင်္ဂလာအပေါင်း ခညောင်းလျှက်ရှိနေတော့သည်။

မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ၏ ဩဝါဒမှာ "တိလောက၊ အကုံရ၊ ဝိဇယတို့ကို ရွာမဆရာတော် ဦးနန္ဒဝံသအား အပ်နှံလိုက်ပါတယ်။ ဦးနန္ဒဝံသ စကားနားထောင်ပြီး သာသနာတော်သုံးရပ်ကို စောင့်ရှောက်ကြ၊ မင်းတို့သုံးပါး အချင်းချင်းညီညွတ်ကြ၊ တိုင်ပင်ဆွေးနွေးကြ၊ တစ်ပါးနှင့် တစ်ပါး စောင့်ရှောက်ကြ"ဟုဖြစ်သည်။

ထို့နောက် သခင်ကျော်ညွန့်ကမူ "ကိုယ်တော်တို့ ရွာမကနေ ရွာထီးဖြစ်အောင်လုပ်ကြ"ဟုလျှောက်ထားသည်။ စာရေးဆရာအရှင်တိလောကသာရ (ရဝေထွန်း)ကလည်း ဗုဒ္ဓ ဓမ္မ လောကစာစောင်တွင် ဆောင်းပါးရေးပြီး ရွာမပရိယတ္တိစာသင်တိုက်ကို ဂုဏ်ပြုသည်။ ပရိယတ္တိစာသင်တိုက်ကို စာသင်စာချ သံဃာ (၃၅)ပါးဖြင့် စတင်ဖွင့်လှစ်လိုက်သည်။

◆

သက္ကရာဇ် ၁၃၃၂ ခုနှစ်၊ ဝါခေါင် - တော်သလင်းမိုးသည် ပြိုင်မြင်းတစ်ကောင်လို အရှိန်အဟုန် ပြင်းထန်စွာ ရွာသွန်းသည်။ စာသင်သားသံဃာများ ဖျားကြ၊ နာကြ ရောဂါဝေဒနာများ ကူးစက်ခံရသည်။ စာဝါကောင်းကောင်း မလိုက်နိုင်ကြပေ။ အရှင်တိလောကာဘိဝံသ စိတ်ဓါတ်ကျဆင်းလာတော့သည်။ တပ်မှူးတစ်ယောက်၏ စွမ်းရည်မြင့်မားသော်လည်း နောက်လိုက်စစ်သည်တော်များ၏ ခန္ဓာကိုယ်နှင့် စိတ်ဓါတ်ကြံ့ခိုင်မှုနည်းလာသော အခါ စိတ်ဓာတ်ရေးရာ ယိုင်နဲ့လာရစမြဲ ဖြစ်တတ်သည်။

"ဝိဇယ၊ စာသင်တိုက် ဖြစ်မှဖြစ်ပါ့မလားကွ၊ အနှောင့်အယှက်လား၊ အတိုက်အခိုက်လား"ဟူသော ပုစ္ဆာတစ်ခုကို အရှင်တိလောကာဘိဝံသ ထုတ်ရတော့သည့် အခြေအနေသို့ရောက်ရချေပြီ။

အရှင်ဝိဇယကမူ စိတ်ဓါတ်မကျ၊ စိတ်ဓါတ်ကျမည့်လက္ခဏာ အသွင်ဆောင်နေသော အရှင်တိလောကာဘိဝံသကို အားပေးလျှက်ရှိ၏။ ရာသီဥတုကြောင့်

ဖြစ်သည်ကို တင်ပြသည်။ အတိုက်အခိုက် အနှောင့်အယှက်ကြောင့် ယူဆလျှင် မြင်းခြံကိုးဆောင်တိုက်နေစဉ်ကလို ညနေ (၆)နာရီ ဘုရားဝတ်ပြုကြစဉ် ပရိတ်ကြီး (၁၁)သုတ်ကို နေ့နံအလိုက် ရွတ်ဖို့အကြံပြုလိုက်သည်။ ကမ္မဝါစာကိုပါ နေ့အလိုက် ရွတ်ဖတ်ဖို့ အကြံပြုလိုက်သေးသည်။ အရှင်ဝိဇယ၏ အကြံဉာဏ်အတိုင်း ရန်ကုန်ရွှေတိဂုံဘုရားဈေးသို့ နေ့နံအလိုက်ပါဝင်သော ပရိတ်စာအုပ်များနှင့် ကမ္မဝါများကို ဝယ်ယူလိုက်တော့သည်။ ညစဉ်ညတိုင်း ရွတ်ဖတ်သရဇ္ဈာယ်ပွားများကြသည်။ မကြာမီအချိန်တွင် စာသင်သားများ ကျန်းမာပကတိ ချမ်းသာစွာရှိကြပါပေတော့သည်။

အရှင်တိလောကာဘိဝံသ၊ အရှင်အက္ကုရာဘိဝံသ၊ အရှင်ဝိဇယတို့သုံးပါးသည် မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ၏ ဩဝါဒအတိုင်း သာသနာပြုကြလျှက်ရှိသည်။ နွေရာသီစာသင်တိုက် ခေတ္တပိတ်ထားစဉ်တွင် အရှင်တို့သုံးပါး၏ ငယ်ဆရာတော်ညောင်ဦးမြို့၊ ကန်ကြီးကုန်းဆရာတော် ဘဒ္ဒန္တတေဇနိယာဘိဝံသ (ဓမ္မာစရိယလေးဘွဲ့ရ)က ပဋ္ဌာန်းစာဝါများ လာရောက် သင်ကြားပေးသည်။

စာသင်သွားစဉ် ဆရာတော် ဘဒ္ဒန္တတေဇနိယာဘိဝံသက "မင်းတို့ စာသင်တိုက်ဝန်းကျင်မှာ အိမ်ကြီး အိမ်ကောင်း တိုက်တာလူနေမှုမရှိဘဲ စာသင်တိုက် အောင်မြင်ပါ့မလား"ဟု မေးခွန်းထုတ်ခံခဲ့ရသည်။

သာသနာပြုစိတ်စွမ်းအားသည် အိမ်ကြီးအိမ်ကောင်း တိုက်တာအဆောက်အဦးကို ကျော်ဖြတ်နိုင်သည်။ မင်းနှင့်ပြည်သူ မဆိုထားဘိ နတ်၊ ဗြဟ္မာများ၏ အလိုဆန္ဒကိုလည်း ကျော်လွှားနိုင်သည်။

အရှင်သုံးပါး တစ်ပြိုင်နက်ပင် ဆရာတော် ဘဒ္ဒန္တတေဇနိယာဘိဝံသကို ခပ်ကြွားကြွားစကားလုံးများဖြင့် သံပြိုင်အဖြေစကား လျှောက်တင်လိုက်သည်။

ရွာမအကျောင်းမှ ရွာမပရိယတ္တိစာသင်တိုက်အသွင်သို့ ကူးပြောင်းလာသည်နှင့်အမျှ နိုင်ငံအဝှမ်း လူသိထင်ရှားဖြစ်လာသည်။ နယ်စုံရပ်စုံ တိုင်းအသီးသီး ပြည်နယ်အရပ်ရပ်မှစာသင်သံဃာများ တစ်စစ်ရောက်လာ တော့သည်။

အခက်အခဲဆုံးကျော်ဖြတ်ရသည့် ပြဿနာတစ်ရပ်သည် သုံးစွဲရေ ဖြစ်လာသည်။ စတီးဘီးကြီးဖြင့် ငင်ယူရသော ရေတွင်းတစ်တွင်းသာ အထင်အရှားရှိသည်။ အစိုးရရေစက်မှ ပေးဝေသော ရေကိုသာ အားကိုးအားထားပြုလာရသည်။ ရွာမဆရာတော်ဦးနန္ဒဝံသသည် ရေလွှတ်ပေးရန် တစ်နေ့ (၁၀)ကြိမ်ထက်မနည်း အစိုးရ ရေတာဝန်ခံများထံ တောင်းဆိုခဲ့သည်။

"ကိုယ်တော်တို့ အားအားရှိ အလုပ်မရှိ ရေချိုးနေကြတာပဲ"ဟု ရေစက်မောင်းသူ၏ ပြစ်တင်မှုအကြိမ်ကြိမ် ခံရသည်။

ရေအခက်အခဲကို ဖြေရှင်းနိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးစားကြရသည်။ ရှင်သာမဏေတစ်ပါး ငွေ ၂၅ ပြားနှုန်း စုစပ်ကြပြီး အစိုးရထီထိုးကြရာ သံဃာ့ဘုန်းကံကြောင့် ထီတစ်သောင်းဆုပေါက်သည်။ ပေါက်လာသော ထီဆုငွေကို

ဆရာတော် (၂)ပါး၊ စာချ (၃)ပါး၊ စာသင်သံဃာများမှ (၇)ပါးက မသုံးစွဲကြတော့ဘဲ ရေတွင်းတူးကြရာ ရေတွင်းရေစက် အစုံအလင်ရရှိသည်။ သံဖြင့် တည်ဆောက်သော ရေကန်ကြီးကို သံမဏိစက်ရုံ ဝန်ထမ်းများက လှူကြသည်။ ဤနည်းနှင့်ပင် ရေကိစ္စချောမွေ့ခဲ့ရသည်။

ဆွမ်းအခက်အခဲကို နေ့ဆွမ်းအတွက် ပြည့်စုံပါသော်လည်း အရုဏ်ဆွမ်း မပြည့်စုံခဲ့။ ပို့ဆွမ်းကို စောင့်ရသည်။ ပို့လာသောဆွမ်း အချိန်နောက်ကျတတ်သည်။ အကြောင်းမညီညွတ်မှုများလာသည်။ ထိုအခါ အညာထွက် ထန်းလျက်၊ ပဲကြော်များဖြင့် ဖြည့်တင်းရသည်။

အရှင်တိလောကာဘိဝံသ ဦးဆောင်သော စာချအဖွဲ့သည် စာဝါနားရက်တွင် တည်ဆောက်ရေးလုပ်ငန်းကိုပါ ဆောင်ရွက်ကြရသည်။ကျောင်းအဝင်ဝ လမ်းသည် ချောမွေ့မှုမရှိလှ။ ခဲများကျောက်ခဲများဖြင့် ပြည့်လျှက်ရှိသည်။ အရှင်တိလောကာဘိဝံသ ဦးဆောင်ပြီး ရှင်သာမဏေများက မြေတူး၊ ရဟန်းတော်များက မြေသယ် စသည်ဖြင့် တည်ဆောက်ကြသည်။

ရွာမအနောက်ရှိ ဆေးဆရာကြီး ဦးထွန်းကြိုင်၏ အကူအညီဖြင့် အကျဉ်းသားများနှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများ လုပ်အားဒါနပေါင်းစုမှုကြောင့် ဖြောင့်မတ်သော ဗဟိုလမ်းမကြီး ဖြစ်လာတော့သည်။

ရွာမအရှေ့ အေးသိဒ္ဓိရပ်ကွက်ရှိ ဦးသီး + ဒေါ်လှအေးမိသားစုမှ ဒေါ့ဂျစ်ကားဖြင့် ဝါးများလာလှူသည်။ ဝါးများခွဲခြမ်းစိတ်ဖြာကာ လမ်းမကြီး မြေသားမြေစိုင်များ ပြိုမကျစေရန် မွမ်းမံရသည်။

အရုဏ်ဆွမ်းကိစ္စကို သိရှိလာသောအခါ အေးသိဒ္ဓိရပ်ကွက်ရှိ သူဌေး ဦးမောင်တင် + ဒေါ်သိန်းမျှင်၊ ဒေါ်သောင်းမြင့်တို့ အကူအညီဖြင့် လစဉ် လပြည့်/လကွယ်နေ့တိုင်း ညနေ (၄)နာရီအချိန်တွင် သံဃာကုန် ဆွမ်းဆန်စိမ်း အလှူခံကြွကြရသည်။

သံဒင်းစုမှ ဒေါ်သိန်းလှ၊ ဦးလှဝင်း + ဒေါ်တင်လှိုင်မိသားစု ဦးဆောင်ပြီး အခြားပတ်ဝန်းကျင် ဒကာ ဒကာမများက ဆွမ်း သင်္ကန်း စသည်များဖြင့် ထောက်ပံ့ကြသည်။ သုဓမ္မဝတီ ရှင်သာမဏေစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုကြစေရာ မင်္ဂလာဦးအောင်မြင့်က ပုစ္ဆာဟောင်းထုတ်ပေး၍ ပြန်လည်ဖြေဆိုခိုင်းခြင်း စသည့်လုပ်ငန်းများ လေ့ကျင့်ပေးသည်။

သုဓမ္မဝတီ စာမေးပွဲကို ရှင်ဝိနယာလင်္ကာရ (ဒဂုံဆိပ်ကမ်း မဟာဝိနယာလင်္ကာရဆရာတော်)၊ ရှင်ဥတ္တမ (အင်းစိန်ရွှေတောင်ပေါ်ကျောင်းဆရာတော်)၊ ရှင်မင်္ဂလတို့သုံးပါးဖြေ၊ သုံးပါးအောင်မြင်သည်။ ရှင်ဝိနယာလင်္ကာရ က ဒုတိယဂုဏ်ထူးရရှိသည်။ မင်္ဂလာဦးအောင်မြင့်က ရှင်ဝိနယာလင်္ကာရ၏ အတ္ထုပ္ပတ္တိကို တောင်းယူကာ ပဒေသာပင်ဆုများဆက်ကပ်သည်။ စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုပေးသည်။

ရှင်ဝိဇယသည် ဗုဒ္ဓ ဓမ္မ လောက စာစောင်တွင် "တရားကိုမြင်မှ ဘုရားကို မြင်သည်။ သိမ်အကြောင်း သိကောင်းစရာ၊ ပညာနှင့် ဓနဥစ္စာ ဘယ်ဟာအဓိက လည်း" စသော ဆောင်းပါးများဖြင့် ရေးသားချီးမြှောက်သည်။ ရွာမပရိယတ္တိ စာသင်တိုက်သည် တစ်နေ့တစ်ခြား တစ်နှစ်ထက်တစ်နှစ် ထူးခြားပေါက်မြောက်စွာ အောင်ပန်းဆင်နိုင်လာခဲ့ပေပြီ။

◆

သက္ကရာဇ် ၁၃၃၇ ခုနှစ်၊ သီတင်းကျွတ်လတွင် အရှင်ဝိဇယသည် အနိဋ္ဌာရုံ ဣဋ္ဌာရုံများ ခြားနားစွာ မဝေခွဲနိုင်တော့ပေ။ ထွေပြားရောယှက် ဝင်စွက်လာသော လောကအာရုံကြားတွင် နစ်မျောနေတော့သည်။ ပကတိ မျက်စေ့ကို မျက်မှန် အစိမ်းတပ်ထားဘိသို့ အာရုံ၏ လှည့်စားမှုကို သတိကင်းပျောက်နေ၍လော၊ မဝေခွဲနိုင်သည်မှာတော့ သေချာသည်။ ဘဝက အနတ္တနယ်တွင် ရှိနေသည်။ ဆန္ဒက အတ္တနယ်ပယ်သို့ ဆွဲငင်နေသည်။ ထိုသဘောကို အရှင်ဝိဇယ မသိရှာ တော့ပေ။ အာရုံများကို မောဟက အနိုင်ယူထားသည်။ ဘဝကပေးသော အဖြူရောင်ကို အတ္တက နီသည်၊ မည်းသည်၊ ညိုသည်ဖြစ်လာသည်။ အမှန်ကို မီးမောင်းထိုးပြသော ဘဝ၏ အနတ္တ နယ်ပယ်ကို အရှင်ဝိဇယ၏ အနုမြူဆန္ဒက အတ္တနယ်ပယ်သို့ ရောက်အောင်ချေမှုန်းပစ်လိုက်တော့သည်။

ဘဝနှင့်ဆန္ဒ မောဟအလွှာကင်းခဲ့စဉ်က အရှင်ဝိဇယ ဉာဏ်သွား ထက်မြက်လှသည်။ ရည်ရွယ်ချက် ကောင်းသည်။ အရှင်တိလောကာဘိဝံသနှင့် ဆရာတော် ဦးနန္ဒဝံသတို့အကြား ပရိယတ္တိမဏ္ဍိုင်တည်ဆောက်ကြနိုင်ရန် အောင်သွယ်ပေးနိုင်သေး၏။ ယခုနှစ် ဝါလကင်းကျွတ်သီတင်းကျွတ်လမှာမူ အရှင်ဝိဇယ၏အသိတရား ပရုပ်လုံးပမာ လုံးပါး ပါးခဲ့ရချေပြီ။ အနတ္တနယ်ဘဝကို အတ္တနယ်ဆန္ဒက အနိုင်ယူသွားချေပြီ။ အရှင်ဝိဇယလူရှုံ သတ်ခံလိုက်ရပေတော့ သည်။

◆

ဩော် - ဘာလိုလိုနဲ့ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် သက်တမ်း အနှစ်လေးဆယ်တောင် ခရီးဆိုက်ပါကောလား။ အနှစ်လေးဆယ်အရွယ်ဟာ နုပျိုသောအရွယ်၊ ခန့်ညားလှသော အရွယ်၊ အရည်အသွေး ပြည့်စုံအားကောင်း သောအရွယ်၊ အမှန်အမှားကို ခြားနားစွာ ဆုံးဖြတ်နိုင်သော အရွယ်ပါလား။

အရှင်ဝိဇယတစ်ဖြစ်လဲ ဦးဝင်းသိန်းသည် အတွေးစများ၊ အတွေးအာရုံ များ၊ နှစ်လေးဆယ်ထဲ ဝေ့ဝဲ လွင့်မျောနေတော့သည်။ တဟုန်ထိုး စီးဆင်းနေသော မြစ်ရေယာဉ်ခဲ့သို့ အတွေးစများ အပြန်အလှန် တလှုပ်လှုပ် ကူးလူးလွင့်မျောနေပါ တော့သည်။ ။

◆ ရွှေဘိုမင်းသုခ

# လေးဆယ်ချိန်ခါ ရောက်လို့လာ

အင်းစိန်　ဒေသ　မြို့ဌာန၏
ရွာမ　မည်ခေါ်　ကျောင်းတော်သာမှာ
ပရိယတ္တိ　ပညာ　သောက်စို့ခဲ့ကာ
စာသင်　ပျိုနု　နောင်သောတုတို့
တိုက်　တာတည်ကာ　နှစ်တွေကြာ၍
နှစ်　နှစ်ခါခါ　တွက်စစ်ပါသော်
လေးဆယ်　သို့တိုင်　လျှောက်လမ်းနိုင်ပြီး
ခရီး　မနွမ်း　ကြိုးပမ်းခါဖြင့်
အ　များသူငါ　ဝမ်းသာရအောင်
ထိမ်း　သိမ်းပြုပြင်　ကျောင်းတွင်းပြင်ကို
အ　ထူးရည်မှတ်　ဆရာမြတ်တို့
မှတ်　တမ်းမှတ်ရာ　ထင်စွာကျန်ဖို့
ပူဇော်　သမှု　စီစဉ်ပြု၍
ပွဲ　သဘင်ကို　နွှဲဆင်ကြပါစို့လေး . . .

♦ **မောင်မြတ်နွယ်(သရက်)**

# သာစဉ်လွမ်းနေ ရွာမမြေ

မဟာကံထူးရှင် (ရွာမသား)



စာရေးသူတို့ ရွာမမြေမှာ ပညာရှိဆရာတော်များက သာသနာအတွက် ပရိယတ္တိကန်ဘောင်ကြီး ခိုင်မာအောင် အုတ်မြစ်ချခဲ့ကြတဲ့အတွက် ပဋိပတ္တိရေကြည်ရေအေးတွေပဋိဝေဓကြောဖူးကြာပွင့်တွေဟာ ထာဝရသင်းပျံ့လျက် အကျော်အမော်ဆရာတော် သံဃာတော်များပါ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါတယ်။

**ရွာမကျောင်းတိုက်နှင့် ရွာမသားကြီးများ**

ရွာမမြေမှ ရွာမပရိယတ္တိစာသင်တိုက်ကြီးဟာ နိုင်ငံတဝှမ်း ကျော်ကြားလျက်ရှိပါတယ်။ ဒီလိုထင်ရှား ကျော်ကြားတာကလည်း ဆရာ တော်ကြီးများရဲ့ လမ်းညွှန်မှုအောက်မှာ ဆရာဒကာ လက်တွဲညီညာခဲ့ကြလို့ ဖြစ်ပါတယ်။ အထူးသဖြင့် သက်တမ်းရှည်ကြာလှပြီဖြစ်တဲ့ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကပရိယတ္တိသာသနာပြု အသင်းကြီးမှာ ရွာမသားကြီးများဖြစ်ကြတဲ့ ဦးသင်းဖေ၊ ဦးထွန်းစိန်၊ ဦးစံသိန်း၊ ဦးမဲ၊ ဦးဘိုးကိုင်း၊ ဦးဘိုးချစ်၊ ဦးသိန်းရွှေ၊ ဦးဘသန်း၊ ဦးပေါကြွယ်၊ ဦးလှရွှေ(သူကြီးဟောင်း)၊ ဦးစိုးအောင်(ရွာမအစိုးရမူလတန်းကျောင်းအုပ်ဆရာကြီး)၊ ဦးသင်း၊ ဦးစိန်ဘ၊ အမျိုးသမီးများဖြစ်ကြတဲ့ ဒေါ်လှရှင်၊ ဒေါ်ရွှေ၊ ဒေါ်တင်လှ၊ ဒေါ်အုန်း-စတာတွေဟာ အင်းစိန်မြို့နယ်ဝန်းကျင် အခြားရပ်ကွက်များမှ အကျိုးတော်ဆောင်များနှင့်အတူ စာမေးပွဲများ နှစ်စဉ်ကျင်းပနိုင်အောင် တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ခဲ့ကြလို့ ဖြစ်ပါတယ်။

ယနေ့ အထက်ဖော်ပြပါ လူကြီးမင်းများ မရှိတော့သော်လည်း အသင်းကြီးရဲ့ မူသဘော အတိုင်း အသစ်အသစ် ပြုပြင်ဖွဲ့စည်းကာ စာမေးပွဲများယနေ့ထက်တိုင် ဆက်လက်ကျင်းပ ပြီးတော့ သာသနာ့ခရီးဆက်လျက် ရှိပါတယ်။ အစကောင်းခဲ့လို့ အနှောင်းသေချာနေတာပဲ ဖြစ်ပါတယ်။

***လမ်းဟောင်းမကောင်း လမ်းသစ်ပြောင်း***

ယခင်က ကျောင်းအဝင်အထွက်လမ်းမ ကြီးဟာ ယခုအတိုင်းမဟုတ်ပါ။ ကျောင်းအတွင်း ဘက်မှ စပြောရလျှင် ယခုသာသနာ၀ံသကျောင်း ဆောင်နှင့် စံတော်ဝင်ကျောင်းဆောင်ကြီးကြား မှာဖြစ်ပါတယ်။ စံတော်ဝင်ကျောင်းဆောင် မဆောက်လုပ်မီ ၄င်းနေရာမှာ ဇရပ်ဟောင်း တစ်ခု ရှိပါတယ်။ ထိုဇရပ်ဟောင်း ပြိုပျက်ပြီး နောက် ဦးသောင်း+ဒေါ်လှရင် (ဆရာတော် ဦးတိလောက၏ ရဟန်းဒါယကာဒါယိကာမ) တို့က "အတုလကျောင်းဆောင်"ကို ဆောက်လုပ်လှူဒါန်း ခဲ့ခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်က စံတော်ဝင်ကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းတဲ့အခါ ထိုအတုလ ကျောင်းဆောင်ကို ကျောင်းဝင်းတောင်ဘက် ပေါက်အနီးမှာ ပြောင်းရွှေ့ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ထိုအတုလကျောင်းဒကာများဟာ ရွာမ အနောက်ရပ်ကွက် မြို့ပတ်လမ်းမှာ နေထိုင်ကြ ပြီးတော့ ရွာမကျောင်းရဲ့ ကျောင်းဝင်းအနောက် ပေါက်(ရွာဘက်ထွက်ရာမုခ်)ကို ၁၃၂၉ (၁. ၁၁. ၁၉၆၇)ခုနှစ်က လှူဒါန်းခဲ့သူများလည်း ဖြစ်ပါတယ်။

အထက်ဖော်ပြပါ ကျောင်းအဝင်လမ်းမ ကြီးဟာ အရှေ့ဘက်ကို တည့်တည့်သွားပြီး နှစ်ကျိပ်ရှစ်ဆူဘုရား တန်းဆောင်းနှင့် ယခု နှစ်ထပ်သိမ်တော်ကြီးကြားမှ ဖြတ်သွားကာ အရှေ့ဘက် ဗောဓိညောင်ပင်ရဲ့မြောက်ဘက် ဘေးကနေ ရှေးယခင် ရွာမအစိုးရမူလတန်း ကျောင်း၊ ယခု အ. လ. က. (၁၀)ကျောင်းဝင်းရဲ့ အလယ်တည့်တည့်ကို ဖြတ်သွားပြီး အရှေ့ ဘက်မှဆင်းလာတဲ့ ဘူတာရုံလမ်းနှင့် သံမဏိ စက်ရုံလမ်းမသို့ ပေါင်းဆုံသွားပါတယ်။

ထိုလမ်းဟောင်းကို ယခုသွားနေသော လမ်းသစ်ဖြစ်လာဖို့ရန် ထိုအချိန်(ပ. ထ. စ အစိုးရအုပ်ချုပ်ရေးကာလ)က ဆရာတော်၏ ဒကာရင်းလည်းဖြစ်၊ ကျောင်းအကျိုးတော် ဆောင်လည်းဖြစ်၊ ဒေသန္တရအုပ်ချုပ်ရေး တာဝန် ခံလည်းဖြစ်တဲ့ ဦးစံသိန်းနှင့် ကျောင်းအကျိုး တော်ဆောင်များ ဆရာတော်များ မူလတန်း ကျောင်းအုပ်ဆရာကြီး ဦးစိုးအောင်တို့ကပါ အရှေ့ဘက် ယခုကျောင်းအဝင်လမ်းအတိုင်း ပြောင်းရွှေလိုက်ရင် ရွှေသာလျောင်းဘုရား ကိုယ်တော်မြတ်ကြီး မျက်နှာစာတော်ဟာ ရွာမ ဘူတာရုံမှအလာလမ်းနှင့် သံမဏိစက်ရုံလမ်း တို့မှ တဖြောင့်တည်း အင်မတန်ကြည်ညိုဖွယ် တင့်တယ်သွားပါမယ်။ စာသင်ကျောင်းအတွက် လည်း ပိုမိုကျယ်ဝန်းပါမယ်လို့ သဘောတူ ညှိနှိုင်းကြပြီး ရွာမလုပ်အားရှင်များ စုပေါင်းကာ ယခုအဝင်လမ်းမကြီးကို တာလမ်းမကြီးအဖြစ် မြေဖို့ပြောင်းရွှေ့ ပြုလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

***ဆေးခန်းအလှူနှင့် တာဝန်တွေယူ***

စာသင်တိုက်တိုးတက်ဖွံ့ဖြိုး သံဃာ တော်များတိုးလာချိန်မှာ ရွာမအနောက် သံမဏိ စက်ရုံဝင်းမှ ဦးသောင်းညွန့်+ဒေါ်အမာတို့က

ဆရာတော်များ၏ခွင့်ပြုချက်ဖြင့် ရွှေသာလျောင်းဘုရားကြီးမျက်နှာစာ မြောက်ဘက်မှာ သံဃာ့ဆေးကုသဆောင်နှင့်ဇရပ်တစ်ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ကြပါတယ်။

ထိုအချိန်က ဆေးခန်းကို ဆေးတပ်မှ အနားယူပြီး သာသနာ့ဘောင်မှာနေတဲ့ (ဆေးဘုန်းဘုန်း) ဦးနန္ဒမာလာက စောင့်ရှောက်မှုတာဝန်ခံယူပြီး ဒေါက်တာအောင်သာထွန်း၊ ဒေါက်တာထွန်းနေအောင် ဒေါက်တာလှမြင့်၊ ဒေါက်တာမတူး၊ ရွာမ အနောက်ကျောင်းလမ်းမှ ဆေးခန်းပိုင်ရှင် ဦးထွန်းကြိုင်၊ မြို့ပတ်လမ်းမှ (ဗ. က. အောင်မြင့် -ဆေး/ငြိမ်း)တို့နှင့် အခြားဆရာဝန်များ၊ တိုင်းရင်းသမားတော်များက အလှည့်ကျအလျဉ်းသင့်သလို အခမဲ့တာဝန်ယူ ကုသပေးခဲ့ကြပါတယ်။

ရွာမအနောက် ဘုရင့်နောင်လမ်း ဦးဘိုကြည်၊ နတ်စင်လမ်း ဒေါက်တာ အောင်ခိုင်ဖေ၊ ကျောင်းလမ်း ဦးထွန်းကြိုင်၊ မြို့ပတ်လမ်း ဗ. က. အောင်မြင့် အိမ်ဆေးခန်းများမှာလည်း ယနေ့ထက်တိုင် သံဃာတော်များ ဖျားနာမှုများကို နေ့ညမရွေး အခမဲ့ ကုသပေးနေတဲ့အတွက် အထူးပင် ဝမ်းမြောက်ဂီတိ ဖြစ်မိပါတယ်။

***လူကြီးနောက်က လူငယ်(ကာလသား/သွီး)များ***

ဝိနယာဓိကသာသနာပြုအသင်းကြီး စတင်ဖွဲ့စည်းပြီးချိန်မှာ ရွာမအကြီးအကဲများက ဆရာတော်များ၏ဆန္ဒအတိုင်း ဆောင်ရွက်ပေးကြသလို ကျောင်းနှင့်ဆက်စပ်နေတဲ့ ရပ်ရွာသာရေး နာရေး အလှူအတန်းကိစ္စများမှာလည်း လူကြီးများထဲမှ ဦးပေါ်ကြွယ်က ကာလသားခေါင်းလုပ်ပြီး သူ့အောက်မှာ ဦးသောင်း၊ ဦးခင်မောင်တို့က ထပ်ဆင့်ဦးဆောင်ကာ လူငယ်အဖွဲ့ကို စီမံအုပ်ချုပ်ဆောင်ရွက်ပေးခဲ့ကြပါတယ်။

စာရေးသူကိုယ်တိုင်ပင် လူကြီးများရဲ့ စီမံပေးမှုအတိုင်း ကျောင်းပိတ်ရက် တနင်္ဂနွေနေ့များမှာ အလှူဖလားကိုင်ပြီး ရွာမကျောင်းမှ ဇီးကုန်းပန်းခြံစု (ယခု ရွှေပြည်သာမြို့သစ်)အထိ အလှူခံထွက်ပေးရပါတယ်။ ပြန်ရောက်လာလျှင်လည်း မမောနိုင်မပန်းနိုင် သူ့ခွက်ကိုယ့်ခွက် အလှူခံရငွေပြိုင်ကြရတာဟာ ငယ်ရွယ်သူဘဝ ပျော်ပင်ပျော်ခဲ့ရပါသေးတယ်။

ဝါဆိုပွဲ၊ ကထိန်ပွဲ၊ တပေါင်းလ ရွှေသာလျောင်းဘုရားကြီးပွဲ၊ ကဆုန်ညောင်ရေသွင်းပွဲ၊ ဝိနယာဓိကစာတော်ပြန်ပွဲများမှာ လူကြီးများက စီမံပေးပြီး ကာလသား/သွီးအဖွဲ့များက ညီညီညွတ်ညွတ် ဆောင်ရွက်ပေးခဲ့ကြသည်မှာ ကျောင်းအတွက်ရောရပ်ရွာအတွက်ပါ အကျိုးရှိခဲ့သလို ပြန်တွေးမိတိုင်းလည်း ပျော်ရွှင်ကြည်နူးဝမ်းသာပီတိ ဖြစ်မိပါတယ်။

ဝိနယာဓိကအကျိုးတော်ဆောင် အမျိုးသွီးများထဲမှ ဒေါ်လှရှင်၊ ဒေါ်အုန်းရင်၊ အမျိုးသားများထဲမှ ဦးသာလှ၊ ဦးချန်ထွန်း၊ ဦးမောင်ကြိုင်၊ ဦးထွန်းရှိန်၊ ဦးကျော်နီ၊ ဦးအောင်ရှိန်၊ ဦးမှတ်၊ ဦးမောင်နှံ၊ ဦးကြာ၊ ဦးလှတင်၊ ဦးရွှေဝ၊ ဦးကျော်သောင်း စတဲ့အဖွဲ့ဝင်များဟာ လိုအပ်သလို အဖွဲ့ခွဲပြီး ချက်ပြုတ်ရေးတာဝန်ကို ဦးဆောင်ယူကြပါ တယ်။ အိုး၊ခွက်၊ပန်းကန်များကိုတော့ ရွာဘုံ ပစ္စည်းအဖြစ် ဦးပေါ်ကြွယ်အိမ်မှာ ထိန်းသိမ်း စောင့်ရှောက်ထားကြပါတယ်။ နောင် ဝိနယာဓိကအသင်း ကြီးထွားလာချိန်မှာတော့ ဆရာတော်ဦးနန္ဒဝံသက ထိန်းသိမ်းပေးထားပါတယ်။ ထိုအချိန်က ဝိနယာဓိကစာဖြေသံဃာတော်များကို အခုလို ရပ်ကွက်များသို့ ကြွရောက်ဆွမ်း ကပ်ခွင့် မပေးခဲ့ပါ။ ဆရာ

တော်များ လူကြီးများ စီမံမှုအောက်မှာ လူငယ် အမျိုးသား/ သမီးအဖွဲ့များက ကျောင်းမှာသာ ချက်ပြုတ်ကာ အပြီး ကပ်ကြရပါတယ်။

ထိုသို့ ဟန်ချက်ညီညီဆောင်ရွက်ခဲ့ပြီး စာဖြေသံဃာအင်အားများလာချိန်၊ စသင် တိုက်ပါ ဖွင့်ပြီးချိန်မှာ ရပ်ရွာထဲမှ အင်းအား ထပ်တိုးပြီ "ပုညကာရီအသင်း"ဟုတည်ထောင်ကာ ကျောင်းအကျိုးအတွက် ဝိုင်းဝန်း ဆောင် ရွက်ပေးခဲ့ကြပါတယ်။ ထိုအသင်းကို ဦးအောင် ရှိန်၊ ဦးစံတင်စတဲ့သူတို့က ဦးဆောင် ကြပါ တယ်။

## *ဇာတိဖွားပေမို့*

စာရေးသူတို့မှာ မိဘများမှစလို့ ရွာမ ဇာတိဖွားများ ဖြစ်ကြပြီး၊ မူလရွာမကျောင်းတိုက် ကို ဆရာတော်သုံးပါး ဆိုင်ချိန်မှစလို့ မှီခဲ့သူများ ဖြစ်ပါတယ်။ ဆရာတော်ဦးကေသဝအနေနဲ့ လက်ရှိမေဓာဝံသကျောင်းဆောင်ကြီး ဖြစ် မြောက်ရေးအတွက် ဆရာတော်ဦးနန္ဒဝံသနှင့် ပူးတွဲ ဦးဆောင်ခဲ့သူဖြစ်ပါတယ်။ ထိုကျောင်းကြီး ဖြစ်မြောက်ရေးအတွက် ထိုအချိန်က နာမည် ကျော်ဓမ္မကထိက အင်းစိန် ဆေးဝင်္ဘာဆရာ တော်ကြီးက လှည့်လည် တရားဟောပေးပြီး အလှူငွေ မတည်ကာ အများကောင်းမှုဖြင့် ပေါင်းစုဆောက်လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဆရာတော် ဦးကေတုအနေနဲ့လည်း ဦးကေသဝ လွန်တော်မူပြီးနောက် ဦးနန္ဒဝံသနှင့်အတူ ကျောင်းတိုက်ကိစ္စအဝဝကို ခွဲဝေတာဝန်ယူခဲ့ ပါတယ်။ စာရေးသူအနေနဲ့ ဆရာများ၏ရှေ့ မှောက် စဉ်ဆက်မပြတ် လိုက်ပါဆောင်ရွက်ရင်း ကြီးပြင်းခဲ့သူဖြစ်ပါတယ်။ ထိုအချိန်က လူငယ် များရဲ့ ပျော်ပွဲရွှင်ပွဲများဟာ ရပ်ရွာဓလေ့အရ ရွှေသာလျောင်းဘုရားကြီးပွဲတော်ပင် ဖြစ်ပါ တယ်။ ဘုရားပွဲတော်မှာလည်း ရှေးယခင်က စပြီး ထိုအချိန်ထိတိုင် နာမည်ကျော် ဦးစိန်အောင် မင်း စတဲ့ ဇာတ်ပွဲ၊ အငြိမ့်ပွဲဆိုင်းပွဲများ သွင်းလေ့ ရှိပါတယ်။ ဘုရားပွဲတော်ရက် နီးလာသည်နှင့် အမျှ လူကြီးများ၊ အဖွဲ့အစည်းဝင်လူကြီးလူငယ် များမှာ တာဝန်တွေများစွာနဲ့ ကြိုတင်လုပ်ဆောင် ကြရသည်မှာ အင်မတန်မှ အားရစရာလည်း ကောင်း၊ ပျော်ရွှင်စရာ လည်းကောင်းလှပါတယ်။

## *သွားလေသူ ဓမ္မာရုံကြီး*

ဆရာတော်ဦးနန္ဒဝံသရဲ့ အမြော် အမြင်ကြီးမားမှုကြောင့် ဝိနယာဓိကအသင်းကြီး နှင့်အတူ သံဃာတော်များ စာဖြေဆွမ်းကပ် နိုင်ရန် ယခုသာသနာဝံသကျောင်းဆောင်နှင့် မေဓာဝံသကျောင်းဆောင်ကြီးတို့ကြားမှာ သစ်ထည်၊သွပ်မိုး၊အောက်ကြမ်းအုတ်ခင်း ဓမ္မာရုံကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ဆရာ တော်ဦးဆောင်မှုဖြင့် အမြန်စုပေါင်း ဆောက် လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဆရာတော်များ စေခိုင်းချက်အရ အထက်ထုတ်တန်းပေါ်မှာ ငြမ်းထိုးပြီး သွပ်မိုးများအောက်ဘက်မှာ အလှူ ရှင်ကမ္ပည်းများကို အပြီးအထိ စာရေးသူ ကိုယ်တိုင် ရေးခဲ့ရပါတယ်။ ဓမ္မာရုံကြီးအတွင်း အရှေ့ထိပ်မှာ သံဃာစင်ပါရှိပြီး၊ အပေါ်ထိပ် မြင့်မိုရ်ပိတ်နဖူးစီးမှာ ထွန်းတောက်နေတဲ့ ရောင်ခြည်နောက်ခံမှာ စာဖြေခုံနှင့် စာဖြေ သံဃာပန်းချီကားကြီးက အလွန်တင့်တယ်လှ ပါတယ်။

ထိုဓမ္မာရုံကြီးထဲမှာ သံဃာတော်များ စာဖြေခြင်း၊ ထိုစဉ်က ကျယ်ဝန်းတဲ့ဆွမ်းစား ဆောင် မရှိသေးတဲ့အတွက် ထိုနေရာမှာဘဲ

ဆွမ်းကပ်ရခြင်း၊ နေ့လည်ပိုင်းမှာ စာဖြေသံယာ၊ စာထောက်စာမဆရာတော်များအတွက် ရေးပူ ရေအေးမှအစ အဖျော်ရည်ကပ်လှူရခြင်းအဆုံး ကိစ္စအားလုံးကို စာရေးသူတို့လူငယ်အဖွဲ့က ဆောင်ရွက်ပေးခဲ့ကြရပါတယ်။

ယခုအချိန်မှာ အခြားကျောင်း၊ တန်ဆောင်းတွေ အသစ်သစ်ပြောင်းလာခဲ့ကြပေမဲ့ မူလအစ ပြည်တည်ခဲ့ရတဲ့ ကျေးဇူးရှင်မွှာရုံကြီးခမြာမှာတော့ ဇရာသဘောဒဏ်ကို ခါးစည်းခံနေရပြီး ဆရာတော်ကြီး ဘဝနတ်နန်း မမြန်းခင်က "အဘိဓဇဂုဏ်ပြုပွဲအပြီး ဝတ္ထုငွေသိန်းတစ်ရာလောက် မ-တည်လိုက်ရင် အများအလှူငွေစုပေါင်းအားနဲ့ဆို ပြန်ပြုပြင်နိုင်တော့မှာပါ"လို့ မိန့်ကြားခဲ့ဘူးပါတယ်။ ဒါပေမဲ့ ကံဆိုးတဲ့မွှာရုံကြီးမှာ "မစွမ်းယင်းကလည်းရှိ၊ ကဇွန်းခင်းကလည်းငြိ"ဆိုသလို အဘိဓဇပွဲအပြီး ဝတ္ထုငွေကလည်း အကျန်နည်းသလို ကျန်သမျှလည်း ဆရာတော်ကြီး၏ ဇာတိရွာတံတားအတွက် အရေးပေါ်ဖြစ်သွားပါ တော့တယ်။ မွှာရုံကြီးကလည်းဟောင်း၊ ကံကလည်းမကောင်း၊ အကြောင်းကလည်းမလှ လေတော့ (၃-၅-၂၀၀၈) နာဂစ်ဘေးဒဏ် အပြေးခံရပြီး မြေခါ ကြေမွ၊ ဇာတ်သိမ်းခဲ့ရ ရှာပါတော့တယ်။

တကယ်တော့ ဝိနယာဓိကသာသနာပြုအသင်းကြီးနှင့်အတူ ပေါ်ပေါက်လာခဲ့တဲ့ မွှာရုံကြီးဟာ ရွှာမပရိယတ္တိ စာသင်တိုက်ရယ်လို့ စတင်ပေါ်ပေါက်လာကတည်းက ယနေ့ ပြိုလဲတဲ့အချိန်ထိ စာဖြေ၊ စာလျှောက်၊ ဆွမ်းကပ်၊ အလှူလုပ်၊ တရားနာ၊ စာချ၊ စာသင်၊ စာအံ၊ စာကျက် သာသနာတော်အတွက် ကျေးဇူးများလှတဲ့မွှာရုံကြီးပါ။ ဆုံးပါးသွားတဲ့ကျေးဇူးရှင် မွှာရုံကြီးတဖြစ်လဲ အသစ်တဖန်ပေါ်လာဦး မည့်မွှာရုံကြီးကို ဘယ်ဆရာ,ဒကာထူးတို့က သဒ္ဓါမြူးလို့ ဆောက်လုပ်ကြဦးမလဲဆိုတာကို မျှော်လင့်ရင်းပဲ အကျိုးမျှော်လို့ နှုးဆော်လိုက်ရပါတော့တယ်။

## *လူငယ်၊ လူလတ်ဆောင်ရွက်ကြ*

ဆယ်စုနှစ်ကျော်ကာလများရောက်လာပြီး ကျောင်းတိုက်တိုးတက်မှု အရှိန်အလွန်မြင့်မားလာခဲ့သလို လူငယ်လုပ်အားပေးအဖွဲ့များလည်း တိုးချဲ့ဖွဲ့စည်းခဲ့ကြပါတယ်။ လစ်လပ်သွားတဲ့လူကြီးများနေရာကို စာရေးသူတို့ ကိုယ်တိုင်ပင် ဂေါပကအဖွဲ့ဝင်အဖြစ်ပါ တိုးချဲ့ယူခဲ့ကြရပါတယ်။ နောက်ပြီး "လူလတ်အဖွဲ့"ကို တိုးချဲ့ဖွဲ့စည်းကာ ဦးကျော်အုန်းလှိုင်က ဥက္ကဋ္ဌ၊ စာရေးသူက အတွင်းရေးမှူးတာဝန်ကို ယူရပြီး ရပ်ရေး၊ ရွာရေး၊ ဘာသာရေးတို့ကို တိုးချဲ့ဆောင်ရွက်ခဲ့ကြပါတယ်။

## *ကောင်းဆိုးနှစ်တန်*

၁၉၇၄/၇၅-ခုနှစ်ကာလအတွင်း ရွှေသာလျောင်းဘုရားပွဲတော်နီးလာချိန်မှာ မဏ္ဍပ်ကြီးအတွက် နှစ်စဉ် ဝါးငှားစရိတ်မြင့်လာတာကို နောက်နှစ်တွေပါသက်သာအောင် ဂေါပကလူငယ်ထဲမှ ဦးသောင်းဦးဆောင်တဲ့ အဖွဲ့ဟာ ကြည့်မြင်တိုင်ဖောင်တန်းဆိပ်မှ တစ်ထောင်ကျော်ပါ ဝါးဖောင်ကို ရွှာမဆိပ်ကမ်းသို့ အသယ်၊ လှိုင်ဆိပ်ကမ်းအရောက်မှာ မိုးမှောင်ကျပြီး ဝါးဖောင်ကြီး မြုပ်မျောသွားပါတော့တယ်။ အဖွဲ့သားများ ပြန်လာကြပေမဲ့ ဦးသောင်းမှာမူ ဝါးဖောင်နောက် မရမက လိုက်သွားပြီး သမွန်တစ်စင်းအကူအညီဖြင့် ဝါးဖောင်ကို ကမ်းကပ်ထားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ "နူရာ

ဝဲစွဲ၊ လဲရာသူခိုးထောင်း”ဆိုသလို မှောင်လည်း မှောင်၊ ချမ်းလည်းချမ်း၊ ခါးဝတ်ပုဆိုး သာပါတဲ့ ဦးသောင်းကို ကမ်းမှာ အသင့်စောင့်နေတဲ့လူနှစ်ယောက်က “ခင်းဗျား ဖောင်ထားပြီး အေးအေးဆေးဆေးပြန်ပါ”လို့ဆိုကာ လှ့ယူထားလိုက်ပါတော့တယ်။

ဦးသောင်းမှာ ည (၁၀)နာရီအချိန်ရွာမ ပြန်ရောက်လာပြီး အကျိုးအကြောင်း သိကြရတဲ့အတွက် “ ဒီကိစ္စဟာ ဘုံဆိုင်ဘုရားရဲပုံငွေ ဖြစ်တာကတစ်ကြောင်း၊ သံသယရှိသူတို့ကဲ့ရဲ့နိုင်တာကတစ်ကြောင်း၊ စေတနာနဲ့ ဆောင်ရွက်သူတို့ကို အသိအမှတ်ပြုသင့်တာကတစ်ကြောင်း၊ လုယက်မှုကြီးဖြစ်တာကတစ်ကြောင်းကြောင့် ဒီအမှုပေါ်မှဖြစ်မယ်”လို့ စာရေးသူကအကြံပြုပြီး ရပ်ကွက်၊ မြို့နယ်ကောင်စီတာဝန်ရှိသူများ၊ ဦးသောင်းနှင့်စာရေးသူတို့အပါ (၁၀)ဦးခန့် လှိုင်မြို့နယ်ရဲစခန်း တာဝန်ကျတပ်ကြပ်ကြီး အောင်မြင့်(ကျားလက်ဝါး)ရဲ့အကူအညီဖြင့် တရားခံကျော်မင်းနှင့် အောင်ဆန်းဆိုသူတို့ကို သက်သေခံပစ္စည်းများနှင့်အတူ နေအိမ်များမှာ ဖမ်းမိခဲ့ပါတယ်။ ဘုရားပွဲတော်အတွက် စေတနာထား၊ သက်သာအောင်ကြိုးစားခဲ့ပေမဲ့ ဖြစ်ရပ်ဆိုးများနှင့်ကြုံရတဲ့အဖြစ်ကတော့ “ကောင်းဆိုးနှစ်တန် လောကဓံ”လို့ပဲ ပြောရတော့မှာပါ။

## *သဒ္ဓါကြီးသူ ရွာမအလှူ*

ရွာမရပ်ကွက်တွေဟာ ရှေးယခင်က ခြံကျယ်၊ အိမ်ကျဲ၊ လူနည်းပြီးတော့ ရိုးရိုးသားသား လယ်ယာလုပ်ကိုင် နေထိုင်ခဲ့ကြပါတယ်။ (ဖ. ဆ. ပ. လ)အစိုးရလက်ထက်မှာ လယ်မြေများသိမ်းပြီး မြောက်ဘက်မှာ သံစက်စက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်လို့ အဲဒီမှာ ဝန်ထမ်းအများစုဖြစ်လာကြပါတယ်။ နောက်တော့ တောင်ကွင်းမှာ ဖွဲ့နုဆီစက်၊ အနောက်ကွင်းမှာ စည်ပင်ကသိမ်းပြီး သဲကျောက်ဒိုင်၊ ဝက်ဒိုင်၊ ငါးဒိုင်များ တည်ဆောက်ထားကြပါတယ်။

ရွာမသူ/သားများဟာ မြန်မာလူမျိုးဗုဒ္ဓဘာသာများပီပီ လူမချမ်းသာပေမဲ့ ဘာသာရေး၊ သာသနာရေးတွေမှာ လက်မနှေးကြပါ၊ သဒ္ဓါမမွဲကြပါ။ စာရေးသူကိုယ်တိုင်ပင် ကံထူးလို့ ဆရာတော်ဦးနန္ဒဝံသစီမံချက်အတိုင်း ဘုရားတန်ဆောင်များပြုပြင်စဉ် ကျောင်းမြောက်ဘက် နံရံတံတိုင်းကွက်၊ ရှေးဟောင်းတန်ဆောင်းကြီးအတွင်း ဘုရားတစ်ဆူ၊ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်းအတွင်း “သုမေဓာ” သားဖြစ်သူက “သုဇာတာ”ဗုဒ္ဓရုပ်ပွါးတော်များကို ပြုပြင်လှူဒါန်းခွင့်ရသလို ထိုတန်ဆောင်းကြီးပြုပြင်ရန်အတွက် ကျပ်တစ်သိန်း၊ အလျဉ်းသင့်သလို လှူဒါန်းခွင့်များ ရရှိခဲ့ပါတယ်။ စာချနာယက အရှင်ဂမ္ဘီရဗုဒ္ဓိကိုလည်း သိမ်ထပ်ပြီးရဟန်းဒါယကာပြုခွင့်ရခဲ့ပါတယ်။

ရွာမသူ / ရွာမသားများထဲမှလည်း တသီးပုဂ္ဂလအလှူရှင်များက ခေမာဝံသ၊ သဒ္ဓါဝံသ၊ မဟာဝံသ၊ ကေတုဝံသ၊ အတုလဝံသ၊ ပုညဝံသ၊ (ယခင်) သီရိဝံသကျောင်းဆောင်၊ သံယာ့ဆေးကုသဆောင်နှင့်ဇရပ် ဦးမောင်မောင်လှ+ ဒေါ်ကြည်တို့မှ (ယခင်အရှေ့ဘက် ဒိုးပျံပုံမှဒ်ဦး)ကို အသီးသီးလှူဒါန်းခဲ့ကြတာကိုလည်း အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

***အမြတ်ဆုံးကျေးဇူးဆပ်***

ဆရာတော်ကြီးဦးနန္ဒဝံသက မိမိကျောင်းခွဲ၊ တပည့်ဖြစ်သူ ဦးသဒ္ဓမ္မကိတ္တိသာရ ဦးစီးတဲ့ အောင်ဆန်းတောရ တပ်ဦးကျောင်း၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အပတ်စဉ်တရားစခန်းတိုင်းမှာ ဩဝါဒခွေကာဆုံးမလေ့ရှိသလို မိမိစာသင်တိုက်ကြီး တန်ဆောင်းအတွင်းမှာလည်း ၁၃၆၀ခုနှစ် တပေါင်းလပြည့်ကျော် ၃-ရက်နေ့မှစလို့ ညစဉ် အချိန်ပိုင်းတရားစခန်းကို မပြတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါတင်မကသေးပဲ မိမိဇာတိရွာမှာ ရိပ်သာတည်ဆောက်ပြီး တပည့်အရှင်ကုဏ္ဍလကို လွှဲအပ်ပြသစေကာ ဒကာ/မ အပေါင်းတို့ကို အကောင်းဆုံး ကျေးဇူး ဆပ်သွားတော်မူခဲ့ပါတယ်။

ဆရာတော် ဦးတိလောကာဘိဝံသကလည်း သံဃာတော်များကို နှစ်စဉ်သုံးရက် တရားစခန်းပြီးမှ တနှစ်တာပညာရေးကို ဖွင့်ပေးသလို နွေရာသီ ရက်များမှာလည်း ၁၃၅၆ခုနှစ်မှစပြီး နှစ်စဉ် သင်္ကြန် (၇)ရက်တရားစခန်းများ ဖွင့်လှစ်ကာ ဒကာ/မအပေါင်းတို့ကို အကောင်းဆုံးကျေးဇူး ဆပ်လျက်ရှိပါတယ်။

***မဟာကံထူးရှင်များ***

စာရေးသူတို့လည်း တရားစခန်းစတင် ဖွင့်လှစ်တဲ့ ၁၃၅၆ (၁၉၉၅)ခုနှစ်မှစလို့ ၂၀၀၃ခုနှစ် ကျန်းမာရေး မချို့မီအထိ နှစ်စဉ်အားထုတ်ခဲ့ပါတယ်။ ရွာမကျောင်းခွဲဖြစ်တဲ့ အောင်ဆန်း မိုးကုတ်မှာလည်းပဲ ယနေ့ထိ စဉ်ဆက်မပြတ် နာကြားအားထုတ်ခွင့် ရရှိနေခြင်းက မိမိတို့ဘဝအတွက် ကံထူးလှပါတယ်။ မိမိနည်းတူ အားထုတ်ခဲ့တဲ့ ဇနီးသည်မှာ (၂၉. ၆. ၀၉)မှာ အနိစ္စရောက်ခဲ့ပါတယ်။ အိမ်မှာတစ်ညအိပ်ပြီး နောက်နေ့ သုသာန်မပို့မီ ရေချိုးပေးတဲ့အခါ ကောင်းကောင်းထိုင်လို့ရသလို ခြေလက်များ ပျော့ပျော့ပြောင်းပြောင်း ရှိနေပါတယ်။ ထိန်ပင် (ရွှေတကော)မှာ (၃)ရက်ထားကာ သင်္ဂြိုဟ်ဖို့ အလောင်းပြင်တဲ့အခါမှာလည်း လူအနေပြုံးနေပြီး အသားအရေများ၊ ခြေလက်များ ကွေးညွှတ်ရတဲ့အထိ ပျော့ပြောင်းပြီး ကိုယ်နံ့လုံးဝ မထွက်တာဟာ ***"ငြီးငြူမရှိ၊ မြဂတိနှင့်၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လှန်ကြောဆွဲ၊ မရှိဘဲနှင့်၊ သေသော်မတောင့်တင်း၊ ပုတ်နံ့ကင်းသည်၊ ကျိုးရင်းဝိပဿနာတန်ခိုးတည်း"***လို့ ဆရာတော်များဟောကြားခဲ့သလို တရားတန်ခိုးနှင့် ကံထူးတာဘဲဖြစ်ပါတယ်။

အချုပ်အနေနဲ့ပြောရမယ်ဆိုရင် ရေခံမြေခံကောင်းတဲ့ ဘူမိနက်သံ မြေအမှန်မှာ အောင်မြင်ကျော်ကြားတဲ့ "ရွာမပရိယတ္တိစာသင်တိုက်ကြီးကို အမှီပြုပြီး ရပ်သူရွာသား ဒကာ/မများအနေနဲ့ နေ့စဉ်ဝတ်မပျက် သံဃာအများကို ဆွမ်းလောင်းလှူပူဇော်ရခြင်း၊ နိုင်ငံကျော်ဓမ္မကထိကများ လာရောက်ဟောကြားတဲ့ တရားတော်တို့ကို နာကြားရခြင်း၊ ဝိပဿနာတရားပွဲများအားထုတ်နိုင်ခြင်းစတဲ့ ပစ္စုပ္ပန်သံသရာ ငြိမ်းအေးချမ်းသာ တရားအရသာ အကျိုးထူးများကို ခံစားရတဲ့အတွက် မဟာကံထူးရှင်အစစ်များ ဖြစ်ပါတော့တယ်လို့ စာသင်တိုက်ကြီးတိုးတက်အောင် အခြေပြုပနှက်စုပေးခဲ့ကြတဲ့ ကျေးဇူးရှင်ရွာမသူ/သား ရှေးဟောင်းလူကြီးများကို ဒိဂုဏ်ပြုမှတ်တမ်းနဲ့ ကန်တော့ပန်းဆင်လိုက်ရပါတော့တယ်ခင်ဗျား။

◆ *မဟာကံထူးရှင်(ရွာမသား)*

# ဆရာကောင်းတပည့် ကျောင်း၏ဂုဏ်

ဆရာ့ရဲ့ခြေတော်ရင်း
ဝပ်စင်းခ ဆည်းကပ်ကာ
အလိမ္မာ ထိုတပည့်။
အသိ-ပညာနှင့်
ဆင်ယင်ကာ ဂုဏ်ပြည့်လွှမ်းသူမို့
ချီးမွမ်းထိုက်၏။

ကျောင်းတိုက်တာ ဝတ်စည်းကမ်း
မပြတ်တမ်းလိုက်နာ
အလိမ္မာထိုတပည့်။
ကျောင်း၏ဂုဏ်ဆင်ကာ မွမ်းသူမို့
ချီးမွမ်းထိုက်၏။

ဥယျာဉ်မှူးထိုဆရာ
ပန်းမာလာ တပည့်ကောင်း။
အပေါင်းညီညာလို့
ရှည်ကြာစွာ စဉ်အဆက်နဲ့
မပျက်တယ် ဝန်တာလမ်းကို
လှမ်းလျှောက်တဲ့ကျောင်း ။

■ လင်းသစ်ဝေ(တန့်ဆည်)



# အမှတ်တရ နေ့ရက်များ

အခဍ္ဍ (Y.T.U-Petro)



အချိန်က ၂၀၀၄-ခုနှစ် ဝန်းကျင်၊ ရွာမ ကျောင်း စာသင်တိုက်၌ ဖြစ်သည်။

ဒေါင်-ဒေါင်-ဒေါင်-အူ-အူး-အူး . . . သံချောင်းခေါက်သံနှင့်အတူ ကပ်၍ပါလာသော စွဲစွဲငင်ငင် အူလိုက်သည့် ခွေးအူသံများကြောင့် ကျွန်ုပ်၏ မျက်လုံးအစုံသည်လည်း လေပြင်း တိုက်၍ ရုတ်တရက်ပွင့်သွားသော တံခါးများ ကဲ့သို့ ဖွင့်ကြည့်မိလျက်သား ဖြစ်သွား၏။ ခြေရင်းဘက်အုတ်နံရံပေါ်မှ နာရီကို လှမ်းကြည့် လိုက်မိရာ မနက် ၄-နာရီကို ညွှန်းနေပြီဖြစ်၏။ သံချောင်းခေါက်သံပြီးဆုံးသွားသော်လည်း ကျောင်းဝင်းအတွင်းရှိ အကောင်(၅၀)ခန့် ရှိသော ခွေးများ၏ အူသံကမပြီးဆုံးနိုင်သေး။ သူတို့၏ (Duty)အပြင် စေတနာနှင့် (Overtime)ပါထက်၍ ထမ်းဆောင်နေသေး၏။ လွန်စွာမှ ကျေးဇူး သိတတ်၍ တာဝန်ကျေပွန် သူများပင်ဖြစ်၏။ ကျွန်ုပ်လည်း အရုဏ်ဆွမ်းအတွက် ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်ရန်အတွက် ဆွမ်းစား ကျောင်း မီးဖိုဆောင်သို့သွားရတော့မည်။

စာသင်တိုက်ဖွင့်ထားသည့် ရာသီဖြစ် သော်လည်း ကျောင်းတိုက်၌ စာသင်သားများ မရှိ။ အကြောင်းအမျိုးမျိုးကြောင့် စာသင်တိုက် ပိတ်ထားသော ကာလဖြစ်လေ၏။ ကျောင်းစောင့် ဘုန်းကြီးငါးပါး ခြောက်ပါးခန့်နှင့် ခပ်နုံနုံခပ်အအ သာမဏေဆယ်ပါးခန့်သာရှိလေ၏။ ထိုအထဲ တွင် ကျွန်ုပ်ရှင်အဂ္ဂလည်း အပါအဝင်ဖြစ်၏။ ကျွန်ုပ်သာမဏေဘဝ ရောက်လာသည်မှာ သိပ်တော့ မထူးဆန်းချေ။ မိဘများက ဝတ္တရား ရှိသည့်အတိုင်း နွေရာသီကျောင်းပိတ်ရက်တွင် စုပေါင်းရှင်ပြုပွဲသို့ သွတ်သွင်းလိုက်ခြင်းဖြင့် သာသနာ့ဘောင်အတွင်း ရောက်ရှိလာ၏။

မိဘများမှာ အစိုးရဝန်ထမ်းများ ဖြစ်သည့်အလျောက် အလှူပေးရန် ငွေပိုငွေလျှံ မရှိရှာကြ၊ မပြည့်စုံသဖြင့် အလှူဖြစ်မြောက် အောင် ဆောင်ရွက်လိုက်ခြင်းပင် ဖြစ်၏။ ထိုအတွက်ကြောင့် ကျွန်ုပ်၏ မိဘများအား လွန်စွာ ကျေးဇူးတင်မိ၏။

ယခုဆိုလျှင် ကျွန်ုပ်မှာ သက်တော် (၁၅)နှစ်နှင့် ဝါတော် တစ်ဝါရရှိနေပြီဖြစ်လေ၏။ ကျွန်ုပ်၌ အခြားသာမဏေများနှင့်မတူ ထူးခြား သော အချက်များစွာရှိလေ၏။ ၎င်းမှာလွန်စွာမှ တည်ကြည်၍ သိက္ခာတော်ရ ဆရာ တော်ကြီး များကဲ့သို့ ဣန္ဒြေကြီးစွာ သွားလာနေထိုင် လေ့ရှိခြင်းပင်ဖြစ်၏။

ကျွန်ုပ်သာမဏေဘဝ၌ အခက်အခဲ အကျပ်အတည်းများစွာဖြင့် ရင်ဆိုင်တွေ့ကြုံခဲ့ ရလေ၏။ သာမဏေစာသင် သားများဘဝသည် ထင်သလောက်မလွယ်, တိမ်မယောင်နှင့်နက်, လွယ်မယောင်နှင့်ခက်, နိမ့်မယောင်နှင့်မြင့်, ရယ်ရမလိုနှင့် ငိုရသော အခြေအနေများဖြင့် ပြည့်နှက်နေပေ၏။

ကျွန်ုပ်တို့ကျောင်းသည် ရွာ၏အလယ် ဗဟိုနီးပါးလောက်တွင် တည်ရှိနေသောကြောင့် ကျောင်း၏ အရပ်မျက်နှာအသီးသီးတို့၌ လူနေ ရပ်ကွက်များ စည်ကားပြည့်နှက်နေပေ၏။ ထို ရပ်ကွက်များအတွင်းသို့ ကျောင်းတိုက်မှ သံဃာ များသည် မိမိတို့အဆင်ပြေသလို အလျဉ်း သင့်သော အိမ်များသို့ ဆွမ်းခံကြွရလေ၏။

သံဃာတစ်ပါးလျှင် အနည်းဆုံး ဆွမ်းခံ အိမ် ဆယ်အိမ်ခန့်ကြွမှ တစ်နပ်စာဆွမ်းအတွက် အဆင်ပြေလေ၏။ ထိုအထဲတွင် ကျွန်ုပ်အဂ္ဂ သည်လည်း ရွာ၏ရှေ့ဘက်သို့ကြွရသော သာမဏေတစ်ပါးပင်ဖြစ်လေ၏။

(၂)

တစ်နေ့သ၌ ကျွန်ုပ်လည်း နေ့စဉ်လုပ်နေကျလုပ်ငန်းများလုပ်ဆောင်ပြီး ကြွေကြီးကြီး တည်ငြိမ်အေးချမ်းစွာဖြင့် ဆွမ်းခံကြွလေ၏။ ထိုနေ့အဖို့သည် ကျွန်ုပ်သာမဏေဘဝတစ်လျှောက်လုံးတွင် မမေ့နိုင်စရာနေ့တစ်နေ့ ဖြစ်ခဲ့လေ၏။

ထိုနေ့က ဆွမ်းခံအိမ် သုံးအိမ်မြောက်ကြွအပြီးတွင် ကျွန်ုပ်၏ ပြဿနာက စတင်လေတော့၏။ အကြောင်းမူ ကား.. ကျွန်ုပ်သည် အခြားရှင်သာမဏေများထက် ပိုလွန်းသော ကြွေကြီးနေခြင်းကြောင့်လည်း ဖြစ်နိုင်၏။

"ဟယ် ..ငါတို့ဆရာတော်လေးကြွလာပြီ၊ ဆရာတော်လေးကို မနေ့ကသားကြီးလာကန်တော့ထားတဲ့ မုန့်ထုပ်ကလေးလောင်းလှူလိုက်နော်"

ဤသည်မှာ ကျွန်ုပ်အား ဒကာမကြီးက မုန့်ထုပ်ကလေး လှူရန်ခုတင်ပေါ်မှလှမ်း၍ သူ၏သမီးငယ်အား သတိပေးလိုက်ခြင်းပင်ဖြစ်၏။ ထိုဒကာမကြီးသည် ကျွန်ုပ်အား လွန်စွာမှ ကြည်ညိုလေးစားပြီး လိုလေသေးမရှိအောင် ပစ္စည်းလေးပါး ထောက်ပံ့နေသူလည်း ဖြစ်၏။

ထိုမုန့်ထုပ်လေးသည် ကျွန်ုပ်အား ဤမျှအထိဒုက္ခပေးလိမ့်မည်ဟု မထင်မိခဲ့။ ထို့ကြောင့် ကျွန်ုပ်လည်း ရှေ့ဆက်ရန် ကျန်ရှိနေသေးသော ဆွမ်းခံအိမ်များသို့ ဆက်လက်ကြွရန်အတွက် လွန်စွာမှလူစည်ကားပြီး ဆိုင်ခန်းများနှင့် ပြည့်နက်နေသော ရွာအရှေ့ဘက် ဘုတာလမ်းအတိုင်း ကြွေကြီးစွာဖြင့် လျှောက်လှမ်းလာစဉ် သပိတ်ကို ပိုက်ထားသော လက်ဖျံတစ်လျှောက်၌ တစက်စက်ဖြင့် နာကျင်မှုဝေဒနာကို စတင်ခံစားရလေ၏။ ကျွန်ုပ်လည်း ကြွေမပျက်အောင် သည်းခံ၍ ဆက်လက်ကြွမြန်းရလေ၏။

သပိတ်အတွင်းမှ ပုရွက်ဆိတ်အနီကောင်များသည် နေအပူရှိန်နှင့် သပိတ်အတွင်းမှ ဆွမ်း၏အပူရှိန်တို့ကြောင့် မုန့်ထုပ်အတွင်းမှ ဖောက်ထွက်လာပြီး သပိတ်မှတစ်ဆင့် အခြားခန္ဓာကိုယ်အနှံ့သို့ ကူးဆက်ကာ ၎င်းတို့၏ ရန်သူဟု သတ်မှတ်၍ ကျွန်ုပ်၏ နူးညံ့သော ခန္ဓာကိုယ်အနှံ့အား အညှိုးကြီးစွာဖြင့် ထိုးနှက်ကိုက်ဆိတ်နေကြပြီ။

ကျွန်ုပ်လည်း အတတ်နိုင်ဆုံးသည်းခံ၍ ဆက်လက်ကြွနေရ၏။ မကြွ၍မဖြစ် ဆွမ်းခံအိမ်မှာ ခုနစ်အိမ်ခန့် ကျန်နေသေး၏။ ထို့အပြင် ဤလမ်းသည် ဆိုင်ခန်းများနှင့် ပြည့်နက်နေပြီး လွန်စွာမှ လူစည်ကားသောနေရာဖြစ်နေ၍ ကျွန်ုပ်၏ ကြွေဝိနည်းသိက္ခာအား လူများတွေ့ရှိပြီး အထင်သေးမည်ကိုထောက်ဆလျက် သည်းခံ၍သာနေရလေ၏။

သို့သော် ကျွန်ုပ်၏ သည်းခံနိုင်မှုစွမ်းအားသည်လည်း ကုန်ဆုံးသွားပြီဖြစ်လေ၏။ ကျွန်ုပ်၏ မျက်လုံးအစုံနှင့် စိတ်ထဲတို့၌ မည်သည့်အရာကိုမှမမြင်တော့။

ကျွန်ုပ်ကိုယ်ခန္ဓာအနှံ့ ဒုက္ခပေးနေသော ပုရွက်ဆိတ်များအား သင်းပိုင်နှင့် ဧကသီများချွတ်ပြီး စိတ်တိုင်းကျ ကုတ်ဖဲ့ခါချချင်စိတ်တဖွားဖွား ပေါ်နေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း နီးစပ်ရာထိုင်ခုံတစ်ခုပေါ်တွင် သပိတ်ကို ပစ်တင်ပြီး ကျွန်ုပ်၏ ပြဿနာများအား စိတ်တိုင်းကျ ဖြေရှင်းရလေတော့၏။

ကျွန်ုပ်၏ ဒုက္ခဝေဒနာများ အနည်းငယ်သက်သာသောအခါမှသာ ကျွန်ုပ်၏ သပိတ်ကလေးကို ခုံတန်းပေါ်မှ ပြန်ကောက်ယူပြီး

ကျောင်းသို့ပြန်မည်ဆုံးဖြတ်လိုက်စဉ် ၎င်းဆိုင်၏ ဆိုင်းဘုတ်ကလေးကို အမှတ်မထင် လှမ်းကြည့်မိလိုက်၏။

"အမျိုးသမီးသီးသန့် ဆံပင်/မိတ်ကပ် အလှပြုပြင်ရေး"

(၃)

အထက်ပါအဖြစ်အပျက်ဖြစ်ပြီး တစ်လခန့်ကြာပြီးနောက် စာချဆရာကျောင်းဘုန်းကြီးက ကျွန်ုပ်အား -

"ဟေ့ . . အဂ္ဂ မနက်ဖြန်မနက် မင်းဆွမ်းစားကြွလိုက်မလား"

"တင်ပါ့ဘုရား လိုက်ပါ့မယ်"

"အေး . . . ဒါဆိုအဆင်ပြေတယ်ဟ၊ ဒီနေ့မှဘာဖြစ်တယ်မသိပါဘူးကွာ ဆွမ်းစားပင့်တဲ့အိမ်က နှစ်အိမ် သုံးအိမ်ဖြစ်နေတယ်ကွ၊ ငါတို့ရဟန်းငါးပါးက ရွာအရှေ့ဘက်က မြို့နယ်မှူးအိမ်ကို ကြွရမှာဆိုတော့ မင်းရယ်၊ ရှင်သောမရယ်၊ ရှင်ဇဝနတို့က ရွာအနောက်ဘက်မြစ်ဘေးက အိမ်ကိုကြွကွာ"

"တင်ပါ့ဘုရား"

"မနက်ဖြန်ကို ဒကာတစ်ယောက် လာပင့်လိမ့်မယ် ကြားလား"

"တင်ပါ့ဘုရား၊ ကြားပါတယ်ဘုရား"

"အေးအေး". . .

ကျောင်းဘုန်းကြီးလည်း ကျွန်ုပ်အား မိန့်ကြားပြီးသည်နက်တစ်ပြိုင်နက် သူ၏ IT ပစ္စည်းများနှင့် ပြည့်နက်နေသော ကျက်သရေခန်းထဲသို့ ကြွသွားပြီဖြစ်လေ၏။ ကျွန်ုပ်လည်း မနက်ဆိုဆွမ်းစားကြွရမည်ဖြစ်သဖြင့် လွန်စွာမှ ပျော်ရွှင်မိလေ၏။

မနက်လင်းသည်နှင့် ကျောင်းသို့ ဒကာတစ်ယောက် လာရောက်၍ ပင့်ဆောင်လေ၏။ ဆွမ်းမှာ နာရေးရက်လည် ဆွမ်းဖြစ်ကြောင်းသိရလေ၏။ ကျွန်ုပ်အပါအဝင် ကိုရင်သုံးပါးလည်း ဒကာနောက်မှ လိုက်ပါခဲ့လေ၏။



ဆယ်ယောက်ခန့်ရှိသော ဒကာ၊ ဒကာမများက

"ဟယ်.. ကိုရင်လေးက အရမ်း ဣန္ဒြေရပြီး တည်တည်ငြိမ်ငြိမ်လေးနဲ့ ကြည်ညိုဖို့ အရမ်းကောင်းတာပဲ၊ တရားလေးတစ်ပုဒ်လောက်ဟောပေးပါဘုရား" ဟု အကြိမ်ကြိမ် လျှောက်တင်နေတော့၏။

"ဗုဒ္ဓေါ"

အခုမှအခက်တွေ့ချေပြီ။

ထိုအထဲတွင် ရှင်သောမနှင့် ရှင်ဇဝန တို့မှာ ကျွန်ုပ်ထက်ငယ်ရွယ်သူများဖြစ်၍ ကျွန်ုပ်၏ ဦးဆောင်မှုနောက်မှ လိုက်ပါရ၏။ ရွာလမ်းအတိုင်းကြွပြီး လွန်စွာမှန်ရွှံ့ဗွက်ထူသော လမ်းအတိုင်း ဖြတ်ကျော်ရ၏။ ထို့နောက် လွန်စွာမှ သေးငယ်သော သစ်သားတံတားရှည်ကလေးကို ဖြတ်ကျော်ပြီး ချောင်းနံဘေးတွင် ရှိသော ခြေတံရှည်ယိုင်နဲ့နဲ့ဝါးအိမ်ကလေးသို့ ကြွရလေ၏။

အိမ်ကလေး၏ အရှေ့ဝါးတိုင်ကလေးများမှာ ချောင်းကမ်းနဖူးတွင်ရှိပြီး ကျန်အနောက်ဝါးတိုင်ကလေးများမှာ ချောင်းတွင်း၌ စိုက်ထူထားခြင်းဖြစ်၏။ မုန့်ဟင်းခါးဆွမ်းဘုဉ်း၍ သီလပေးပြီးချိန်မှာတော့ ကျွန်ုပ်၏ဒုက္ခစတင်တော့၏။

ဆယ်ယောက်ခန့်ရှိသော ဒကာ၊ ဒကာမများက

"ဟယ်. . ကိုရင်လေးက အရမ်း ကြွေ့ရပြီး တည်တည်ငြိမ်ငြိမ်လေးနဲ့ ကြည်ညိုဖို့ အရမ်းကောင်းတာပဲ၊ တရားလေးတစ်ပုဒ် လောက်ဟောပေးပါဘုရား"ဟု အကြိမ်ကြိမ် လျှောက်တင်နေတော့၏။

"ဗုဒ္ဓေါ"

အခုမှအခက်တွေ့ချေပြီ။ ကျွန်ုပ်မှာလည်း ကြွေ့ကြီးစွာဖြင့်သာ နေတတ်ထိုင်တတ်ပြီး တရားမဟောတတ်ပေ။ ဟောလည်းမဟောဖူးချေ။ ဒကာ ဒကာမများကလည်း အလိုက်မသိ။ တရားတစ်ပုဒ်လောက် ဟောခဲ့ပေးပါရန် အထပ်ထပ် လျှောက်ထားနေတော့သည်။

ကျွန်ုပ်လည်း မည်သည့်တရား မည်သို့ ဟောရမည်နည်းဟု အထပ်ထပ်စဉ်းစားနေရင်းဖြင့် ခေါင်းထဲနှင့် ရင်ထဲတို့၌ ပူလောင်ယောက်ယက်ခက်နေပြီ။ နဖူးနှင့်ရင်ဘတ်တို့မှလည်း ချွေးများ ပင်သီး၍လာပြီ။

မတတ်နိုင်တော့ချေ ကျွန်ုပ်လည်း ရောက်တတ်ရာရာတရားဟောတော့မည်ဟု ဆုံးဖြတ်ကာ ခါးကြောဆန့်၍ နောက်ကျောဘက်ထရံကို အနည်းငယ်မှီးလိုက်ရာ

"ဖျောက် . . ဝုန်း . . ဗွမ်း"

"ဟယ် . . ကိုရင်လေးချောင်းထဲပြုတ်ကျသွားပြီ . . လုပ်ကြပါဦး"

မည်သို့မည်ပုံဖြစ်သွားသည်မသိ။ နောက်မှသိရသည်မှာ နောက်ကျောဘက်၌ အကာအရံထရံမရှိဘဲ အဝတ်လိုက်ကာလေးဖြင့် ကာရံထားသည်ကို နောက်မှ သိလိုက်ရတော့၏။ ဒကာဒကာမများက စိုးရိမ်ပူပန်စိတ်ကြီးစွာဖြင့် ဝိုင်းဝန်းဆယ်ယူ၍ ဒဏ်ရာဒဏ်ချက်တစိုးတစိမှ မရရှိပါပဲလျှက် ဗွက်အလူးလူးဖြင့် ကျောင်းတိုက်သို့ ပြန်ရောက်ခဲ့လေ၏။

ကျောင်းသို့ပြန်ရောက်သောအခါ သတင်းကြားရသော တခြားကိုယ်တော်များနှင့် ဒကာဒကာမများက ကရုဏာသက်စွာဖြင့် "ဘယ်လိုဖြစ်ရတာလဲ ကိုရင်အဂ္ဂရယ် ဖြစ်မှဖြစ်ရလေတယ်"ဟု ပြောဆိုနေသူများအား ကျွန်ုပ်က တည်ငြိမ်အေးဆေးစွာဖြင့် . . . .

"အခုလိုဖြစ်သွားတာ ကိုရင်အတွက် အရမ်းကံကောင်းတာ တရားမဟောလိုက်ရတော့ဘူးလေ"

♦ အဂ္ဂ (Y.T.U-Petro)



## မိုးသည်းထဲက ‘ဆွမ်း’

■ လင်းကြက်ရယ်တီတ်၊ တွန်သံဆိတ်တဲ့
အရဏ်မနက်၊ မိုးချုန်းရက်ဝယ်
မိုးသံမစဲ၊ မိုးသဲထဲ၌
သပိတ်ကိုပိုက်၊ တည်ငြိမ်ဂိုက်နဲ့
ခြေလှမ်းညင်သာ၊ လျှောက်လို့လာသည့်
သီချင်ပေစွ ဆွမ်းကိစ္စလား။
■ ဒကာငယ်လှ၊ ဆွမ်းကိစ္စနဲ့
ဤမျှမိုးသည်း၊ မလျှောက်ဘဲလျှင်
လိုရာဝဝ၊ ပြည့်စုံရနိုင်
သို့ရာတိုင်လည်း၊ ဒါနအကျိုး
ငါသယ်ပိုး၍၊ အများသူငါ
ကြည်ညိုသဒ္ဓါ၊ ပွားများနေနိုက်
လှူခံပုဂ္ဂိုလ်၊ သူတို့လိုက
ချီးမြှောက်၍သာ၊ ငါကြွလာသည်
သာသနာကျိုး ရောင်ဝါထွန်းဖို့. . . .။

ဖိုးသူတော်လေး



# အနှစ် ၄၀ ခရီး

ယောနကဖိုးထောင်

ရန်ကုန်တိုင်း အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီးကို ၁၉၇၀-ပြည့်နှစ် ဇွန်လ (၁၄)ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ အစပထမတွင် ဝါးထရံကာ၊ ဝါးကြမ်းခင်း၊ ဓနိမိုး၍ ပရိယတ္တိ စာသင်ကြားမှုကို အစပျိုးခဲ့ရသည်။ ဆရာတော် ဦးနန္ဒဝံသနှင့် အရှင်တိလောကာဘိဝံသတို့ ပူးပေါင်းကာ သာသနာ့မျိုးစေ့ချ စိုက်ပျိုးခဲ့ကြသည်။ အမျိုးဘာသာ ၊ သာသနာရေးအတွက် ခယောင်းလမ်းကို အခက်အခဲမျိုးစုံဖြင့် ဖြတ်သန်းခဲ့ရသည်။ အင်းစိန်အစ ရွာမက ရှေးဆိုရိုးအတိုင်း အင်းစိန်မြို့ကြီး စည်ပင်တိုး တက်ဖွံ့ဖြိုးရေးမှာ ရွာမကအခြေခံပါသည်။ ရွာမသည် အင်းစိန်မြို့၏ ဘူမိနက်သန် မြေမှန်ယာစစ် ဖြစ်သည်။ အင်းစိန်ဆိုသည်မှာ မွန်ဘာသာဖြင့် ဆင်အိုင်ဟူ၍ အဓိပ္ပါယ်ရပါသည်။

ရှေးအခါက ဆင်များကျင်လည် ကျက်စားနေထိုင်ခဲ့သော အရပ်ဒေသ ဖြစ်မည်ဟုထင်သည်။ အရှင်တိလောကာဘိဝံသသည် ရွာမအရှေ့၊ အလယ်၊ အနောက်အရပ်ဒေသများကို အခြေခံ၍ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပြည့်စုံအောင် ကြိုးပမ်းရပါသည်။ မြန်မာနိုင်ငံအရပ်ရပ်မှ စာသင်သားများအတွက် သီတင်းသုံးနေထိုင်ရေး၊ ကျန်းမာရေး ၊ ဆွမ်းကွမ်းကိစ္စဖူလုံရေး၊ သင်္ကန်းဝတ်ရုံများ ပြည့်စုံရေး၊ စသည်တို့ကို အထူးအလေးပေး ဆောင်ရွက်ရသည်။ အရှင်တိလောကာဘိဝံသသည် နေ့ရောညပါစာဝါများကို သင်ကြားရသည်။ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်ဖို့ အစစအရာရာ ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့်ကြိုးပမ်းရပါသည်။ ပရိယတ္တိစာပေသင်ကြားမှု အောင်ပွဲရလဒ်အဖြစ် သာမဏေကျော် ပထမကျော်၊ သာသနဓဇမှာ

စရိယ၊ တိပိဋကဓရ အရှင်သူမြတ်များစွာ ထွက်ပေါ်လာခဲ့သည်။ ထို့ကြောင့် ဒကာ ဒကာမများကလည်း သဒ္ဓါတရား ပေါက်ကာ ကျွန်းတိုင်တူ၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး ကျောင်းများလှူဒါန်းလာကြလေသည်။ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးဂုဏ် သတင်းသည် တိုင်းသိပြည်ကျော်ဖြစ်ခဲ့ရသည်။

၁၉၈၀ ပြည့်နှစ် အလွန်ကာလများ အချိန်တွင် ကျွန်တော် ရွာမပရိယတ္တိစာသင် တိုက် အနီးတွင် ခြံကလေးတစ်ခြံဝယ် ဖြစ်ခဲ့ပါ သည်။ မြေသန့်စင်ခြင်း မင်္ဂလာပြုလုပ်ရန် အရှင် တိလောကာဘိဝံသထံသို့ ကဗျာဆရာကြီး ကိုရင်ဂျမ်း၊ ပန်းချီ ဆရာခမ်းဗိုလ်တို့နှင့် အတူ ရောက်ရှိခဲ့ပါသည်။ ထိုစဉ်က ရွာမစာသင် တိုက်အဝင်ဝသည် ဒုံးပျံကြီးနှစ်စင်း ကောင်းကင် သို့ ပျံတက်တော့မည့်ဟန်အပေါ်တွင် နဂါး နှစ်ကောင်အုပ်မိုး၍ အလယ်ခေါင်တွင် ပဋ္ဌာန်းစက်ဝိုင်းကြီးဖြင့် ခန့်ညားထည်ဝါလှပါ သည်။ အရှင်တိလောကာဘိဝံသကို ပျဉ် ကျောင်းနှစ်ထပ် တစ်ဆောင်ပေါ်တွင် ရိုးရိုး လေး ဖူးတွေ့ကြည်ညို ခွင့်ရခဲ့ပါသည်။ ထိုအချိန်မှ စ၍ ဆရာရင်း၊ ဒကာရင်းအဖြစ် ရောက်ရှိကာ ယနေ့ထက်တိုင် ဆရာတော် အရှင်တိလောကာ ဘိဝံသအား ဝတ်ကြီး ဝတ်ငယ် ပြုစုလျက်ရှိပါ သည်။

ဆရာတော်ထံ မသိနားမလည်သော ဗုဒ္ဓစာပေများကို ကျွန်တော်တပည့်ခံ သင်ကြား လျက်ရှိပါသည်။ အလိမ္မာစာမှာရှိဆိုသလို ဆရာတော်အရှင်တိလောကာဘိဝံသသည် သာသနာ့လူရည်ချွန်လူရည်မွန် ရဟန်းတော် မြတ်များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေး ခဲ့သည်။ ပညာပြည့်ဝနှလုံးလှလာပြီးလျှင် ရွာမပရိယတ္တိ ပဋိပတ္တိကျောင်း‧တိုက်ခွဲပေါင်း များစွာ ထွက်ပေါ်လာခဲ့တော့သည်။ တိုးပွားစည် ပင်လာမှုနှင့်အတူ ပင်မကျောင်းတိုက်ကြီးသည် လည်း သစ်တစ်ပင်ကောင်းသဖြင့် ငှက် တစ် သောင်း ခိုနားနိုင်ခဲ့သည်။

ဆရာတော်ကြိုးစားမှုနှင့်အောင်ပွဲ အဆင့်ဆင့်တို့သည် မိုးထိအောင် လှေကား ထောင်နိုင်ခဲ့ပါသည်။ ဆရာတော် အရှင် တိလောကာဘိဝံသသည် ကျောင်းတိုက်က ခေတ္တကင်းကွာနေရာတွင် ကျွန်တော်တို့လွမ်း တသသ ကျန်ရစ်နေခဲ့သည်။ ကျောင်းတိုက်ကြီး မှာ ရေမထိသောကြာရိုး၊ ကြာစွယ်တို့ပမာ ညိုးနွမ်းလျှလျှဖြစ်နေခဲ့သေးသည်။ ဆရာတော် သည် ပရိယတ္တိသာ တဖက်သတ်စူးစိုက် သင်ကြားနေသည်မဟုတ်ပေ။ ရန်ကုန် မဟာစည် ပဋိပတ္တိတရားအလုပ်ကိုလည်း ကိုယ်တွေ့လေ့ လာ၍ နည်းခံယူကာ တရားအားထုတ် တော်မူသည်။ ခန္ဓာဉာဏ်ရောက် သတိပဋ္ဌာန် ဝိပဿနာတရားများကို မိမိသိမြင်သလို အများ ပြည်သူလူထုကိုလည်း သိရှိစေရန် တရားစခန်းတွေ ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပေပြီ။

ဆရာတော်၏ ထူးခြားသော အောင်မြင် မှုမှာ နွေရာသီယမိုက် ပဋ္ဌာန်းသင်တန်းကြီးကို ဆယ်စုနှစ်များကျော်သည့်တိုင်အောင် ဖွင့်လှစ် ပို့ချသင်ကြားခဲ့သည်။ နိုင်ငံတော်၏ စေတနာ၊ ပြည်သူလူထုမေတ္တာဖြင့် ကျောင်းတိုက်ကြီး၏ ၂၅နှစ်မြောက်ငွေရတုသဘင် စာစောင်ကိုလည်း စာပေမော်ကွန်းတင်အောင် ထုတ်ဝေခဲ့သည်။ နိုင်ငံတော်၏ စေတနာ၊ ပြည်သူလူထု မေတ္တာဖြင့် ကျောင်းတိုက်ကြီးအတွင်းမှ ပျဉ်ကျောင်းဆောင် များကိုဖျက်၍ တိုက်ကျောင်း သံကူကွန်ကရစ် သုံးထပ်ကျောင်းကြီးများ၊ နှစ်ထပ်ကျောင်းဆောင်

များ၊ ဆွမ်းစားကျောင်းဆောင်များ မှိုလိုပေါက်ကာ ပေါ်ထွန်းလာခဲ့သည်။ စာသင်သားတို့ ကျပ်တည်း ကျဉ်းမြောင်းစွာ နေထိုင် စာပေသင်ကြားခဲ့ရာမှ ကျယ်ဝန်းသန့်ရှင်းခန့်ငြားသော အခန်းများဖြင့် စနစ်တကျအဆင့်မြင့်မားစွာ သင်ယူနိုင်လာခဲ့ပါသည်။

ပရိယတ္တိပညာ ဗိသုကာအရှင် သူမြတ်နှစ်ပါးကိုလည်း နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များကိုဆက်ကပ်တော်မူခဲ့လေသည်။ ဘွဲ့တံဆိပ်တော်များရတိုင်း ပင်ဂုဏပူဇာသဘင် စာစောင်စာအုပ်များ ထုတ်ဝေ၍ စာပေကမ္ဘည်းရေးထိုးနိုင်ခဲ့သည်။ စာသင်သား သာမဏေ ရဟန်းများကို ပြင်ပဗဟုသုတ ကြွယ်ဝစေရန် လူပုဂ္ဂိုလ်စာရေးဆရာများကို ခေါ်ယူကာ စာပေဟောပြောပွဲများ ကျင်းပပေးလေ့ရှိသည်။ ထို့အပြင် ရဟန်းခမ္မကထိကအကျော်အမော်တို့ကို ပင့်ဆောင်ကာ တရားပွဲများ နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သည်။ ဆရာတော်အရှင်တိလောကာဘိဝံသသည် ကျေးလက်တောရွာများ စည်ပင်ဖွံ့ဖြိုးစေရန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ပေးသည်။ သာသနာရောင် ထွန်းပြောင်ရေးအတွက် စေတီဟောင်းများကို အသစ်ပြုပြင်ခြင်း၊ ဟောင်းအိုနေသော ဓမ္မာရုံများကို အသစ်ဆောက်လုပ်ပေးခြင်း၊ ရေကြည်ရေသန့် ရစေရန် ရေတွင်းရေကန်များ တူးဖော်ပေးခြင်းစသော ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ပေးသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ် ပေးခဲ့သည်။

ဆရာတော်သည် မိမိ၏ ရွာမပရိယတ္တိ စာသင်တိုက်ကြီးတွင် တိုက်တာအဆောက်အအုံနှင့် ကိုက်ညီစေရန် ရေလောင်းကုဋီအိမ်သာများဆောက်လုပ်ပြီး၊ အုတ်တံတိုင်း နံရံပြုပြင်ကာရံစေခဲ့သည်။ စာသင်တိုက်မုခ်ဦးကြီးကိုလည်း ခိုင်ခံ့လှပစေရန် အသစ်တဖန်ဆောက်လုပ်ခဲ့သည်။ သဘာဝအန္တရာယ်များကြောင့် ပြိုကျပျက်စီးနေသော စေတီပုထိုးများကို အရှည်တည်တံ့စေရန် ခေတ်မီနည်းစနစ်ဖြင့် တည်ဆောက်၍ ထီးတော်တင်လှူ ပူဇော်ခဲ့သည်။ စေတီတော်မြတ်တို့ကို ထုံးသင်္ကန်း၊ ရွှေဆေးသင်္ကန်းများ နှစ်စဉ်နှစ်တိုင်း အမြဲကပ်လှူသည်။ ရှေးဟောင်း ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ကြည်ညိုသပ္ပါယ်စွာ ဖြစ်စေရန် ပြုပြင်၍ တန်ဆောင်းတော်သစ်ကြီး ဆောက်လုပ်နိုင်ခဲ့သည်။

ယိုယွင်းပျက်စီးနေသော နှစ်ကိုးရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ မြတ်စွာဘုရားခြေတော်ရာတို့ကို အသစ်ပြန်လည် မွမ်းမံခဲ့ပြန်သည်။ ကျောက်ဆင်းတုတော်များကို အရှည်ခိုင်ခံ့ရန် ရည်ရွယ်၍ ပင့်ဆောင်ကိုး ကွယ်ထားသည်။ မဟာနန္ဒာကန်တော်မင်္ဂလာကြီးကိုလည်း အုတ်ခင်းကြွေပြားကပ်ကာ ရေသန့်ရှင်းစင်ကြယ်စေရန် ပြုလုပ်ထားသည်။ ကျောင်းတွင်းလမ်းများကိုလည်း ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများခင်း၍ တင့်တောင်းတင့်တယ် ဖြစ်စေခဲ့သည်။ အရိပ်ရပင်များဖြစ်သော ကန့်ကော်၊ ပိတောက်၊ ဇာဒံ၊ ကုက္ကိုများကို ပြန်လည်စိုက်ပျိုးထားသည်။ ဗောဓိညောင်ပင်ကြီးကိုလည်း လှပတင့်တယ် ကြည်ညိုဖွယ်ဖြစ်အောင် တန်ဆောင်းများဖြင့် တန်ဆာဆင်ထားပါသည်။ ပန်းမျိုးအစုံစုံတို့ကိုလည်း ပန်းခြံဥယျာဉ်များပြုလုပ်၍ လှပစွာ တွေ့ မြင်ကြရသည်။

ဆရာတော်သည် ကျောင်းတိုက်ကြီးအတွင်း ကိုယ်ကျန်းမာ စိတ်ချမ်းသာစေရအောင်



ဖန်တီး တည်ဆောက်ထားပါသည်။ ကျောင်းအတွင်း၌ စိတ်အာဟာရဖြစ် ဗုဒ္ဓစာပေကျမ်းစာများအပြင်၊ စွယ်စုံကျမ်း၊ မဂ္ဂဇင်း၊ ဂျာနယ်၊လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ စိတ်ပညာစာအုပ်မျိုးစုံ စာပေဘဏ်တိုက်စာကြည့်တိုက် တစ်ခုကို ဖြည့်ဆည်းတည်ထောင်ထားသည်။ အင်္ဂလိပ် မြန်မာ သုတ ရသ အမျိုးစုံသော စာအုပ်များကိုလည်းတွေ့ရသည်။ အဆင့်မြင့် မဂ္ဂဇင်းများကိုလည်း စုံလင်စွာ ထားရှိသည်။ ဂျာနယ်မျိုးစုံကို လေ့လာတွေ့ရှိရသည်။

ကျောင်းတိုက်အတွင်း ယခင်က လက်နှိပ်စက်များအစား ကွန်ပျူတာများကို ပြောင်းလဲကာ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့သည်။ ဆရာတော် အရှင်တိလောကာဘိဝံသသည် စာသင်စာချကောင်းသလို စာရေးသားရာတွင်လည်း ကောင်းမွန်လှပေသည်။ ဘာသာရေး မဂ္ဂဇင်းစာစောင်များတွင် ပထမဦးစွာရေးသားခဲ့ပြီး တပေါင်းတစည်းဖြစ်အောင် စာအုပ်ထုတ်ဝေထားသော စာအုပ်များလည်း များစွာရှိနေပြီဖြစ်သည်။ ပရိယတ္တိပြဌာန်းစာပို့ချစဉ်၊ မေးခွန်းဟောင်း အဖြေစုံများကိုလည်း ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်အောင်ရေးသားနိုင်စွမ်းရှိပါသည်။ ဆရာတော်သည် အရေးအသား၊ အသင်အပြတွင် တစ်ဖက်ကမ်းခတ် တတ်ကျွမ်းအောင်မြင်မှုရှိသလိုပင် အဟောအပြောများတွင်လည်း ကျွမ်းကျင်လိမ္မာလှပေသည်။ နေ့ထူးရက်မြတ် များတွင် မြန်မာ့ရုပ်မြင်သံကြား၊ MRTV-4 ရုပ်မြင်သံကြား၊ မြန်မာ့အသံတို့တွင် ဟောပြော ဩဝါဒပေးလေ့ရှိပါသည်။

ဆရာတော်သည် မိမိကျန်းမာရေးကိစ္စများကို ဥပက္ခာပြုလျက် အမျိုးဘာသာ၊ သာသနာလူမျိုးအကျိုးထမ်းရွက်လေ့ရှိပါသည်။ သို့ဖြစ်ရာနိုင်ငံတော်မှ ဗဟိုသံဃနာယကတွဲဖက်အကျိုးတော်ဆောင်အဖြစ် ချီးမြှင့်တာဝန်ပေးအပ်ထားပါသည်။ ရွာမကျောင်းတိုက်ကြီး၏ အုပ်ချုပ်ရေးအပြင် လက်အောက်ခံတိုက်ခွဲများ၏ အုပ်ချုပ်ရေးတာဝန်ဝတ္တရားပေါင်းစုံကို ဖြေရှင်းလုပ်ကိုင်ဆောင်ရွက်ပေးနေရပါသည်။ ထို့ပြင် နိုင်ငံတော်ဗဟိုသံဃာ့အထွေထွေ ကိစ္စရပ်များကိုလည်း ပူးတွဲ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဆရာတော်သည်မည်သည့် အခက်အခဲ အကျပ်အတည်းကိုမဆို ခြသေ့်စိတ်ဓာတ် မွေးမြူ၍ ဇွဲလုံ့လဝီရိယထား အမြဲလုပ်ဆောင်တတ်ပါသည်။ ဆရာတော်၏ နှစ်လေးဆယ်ခရီးလမ်းကို ထိုထက်မကကျမ်းတစ်စောင်အဖြစ် ရေးသားမှသာ ပြည့်စုံပြီးမြောက်နိုင်ပါမည်။ ယခုအခါ မိမိလေ့လာတွေ့ရှိသလမျှ ရေးသားပူဇော်ကန်တော့အပ်ပါသတည်း။

♦ ယောနကဖိုးထောင်



# မြန်မာတို့၏ ကျေးရွာရှင်

ဦးကျော်ကျော်သန်း(ရွှေဘို)

တိဘက်မြန်မာအနွယ်ဝင်များဖြစ်ကြသော မြန်တို့သည် မြောက်ဘက်မှ မြန်မာနိုင်ငံအလယ်ပိုင်းသို့ ရောက်ရှိလာကြ၍ (၉)ရာစုခန့်တွင် ပုဂံဧကရာဇ်နိုင်ငံကြီးကို ထူထောင်ခဲ့ကြလေသည်။

ပုဂံနိုင်ငံတော်ကြီးသည် ဧရာဝတီမြစ် သလ္လာဝတီမြစ်ဆုံရာ နေရာဒေသ၏ အောက်ဘက် အနည်းငယ် အကွာအဝေးတွင် တည်ရှိသည်။ ပုဂံနိုင်ငံတော်ကို အရိမဒ္ဒနပူရဟုလည်း ခေါ်ခဲ့ကြ၏၊ ရန်အပေါင်းကို နှိမ်နင်း အောင်မြင်သော မြို့ဟု အဓိပ္ပါယ်ရလေသည်။

မြန်မာရာဇဝင်ကျမ်းများအရ ပုဂံကို သက္ကရာဇ် (၈၄၉)တွင် ပျဉ်ပြားမင်းက စတင်တည်ထောင်ခဲ့သည်ဟုဆိုကြသည်။ ပျဉ်ပြားမင်းမှ အနော်ရထာမင်းတိုင်အောင် ထီးနန်းစိုးစံအုပ်ချုပ်ခဲ့သော မင်းဧကရာဇ်တို့နှင့် ပတ်သက်၍ ခိုင်လုံသော အထောက်အထားများ မရှိကြပါ။ အနော်ရထာမင်းမှစ၍သာ ခိုင်လုံသော ကျောက်စာ၊ မင်စာ အထောက်အထားများကို တွေ့ရလေသည်။

သက္ကရာဇ်(၁၀၄၄) ခုနှစ် ထီးနန်းစိုးစံသော ပုဂံနိုင်ငံတော်၏ မင်းဧကရာဇ် အနော်ရထာလက်ထက်တွင်ပုဂံသည် နယ်မြေ ကျယ်ဝန်းလာခဲ့သည်။ လယ်ယာစိုက်ပျိုးရေးအတွက် အရေးပါသော ဆည်မြောင်းများစွာကို ဆောက်လုပ်ခဲ့သည်။ ပန်းလောင်မြစ်တွင် ကင်းတားဆည်၊ ငနိုင်းသင်ဆည်၊ ပြောင်းပြာဆည်နှင့် ကူမဲဆည်များ၊ ဇော်ဂျီမြစ်တွင် နွားတက်ဆည်၊ ကွမ်းဆေးဆည်နှင့်ဂူတော်ဆည်များကို တည်ဆောက်ခဲ့သည်။ အနော်ရထာသည် ပြည်တွင်းရိက္ခာဖူလုံရေးအတွက် ဆန်စပါးကို အဓိကထား၍စိုက်ပျိုးစေသည်။သီဟိုဠ်မှ ဗုဒ္ဓစာပေ၊ ပိဋကတ်ကျမ်းဂန်များ ပင့်ဆောင်စေခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်းအာသွန်ကြိုးကုတ်ဆောင်ရွက်ခဲ့သည်။ စစ်မက်ရေးရာအတွက် စစ်သည်အင်အား အလုံအလောက် ရရှိစေရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့တို့ကို ဖွဲ့စည်းစေခဲ့သည်။ သို့ဖြင့် အနော်ရထာသည် ပထမမြန်မာနိုင်ငံတော်ကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့လေသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သော အနော်ရထာသည် မြန်မာတို့၏ ကျေးဇူးရှင်ပင် ဖြစ်သည်။ အနန္တကျေးဇူးရှင်ဟုပင် ဆိုထိုက်ပါသည်။

အဘယ်ကြောင့်နည်း။ အနော်ရထာ ကျေးဇူးကြောင့် ထေရဝါဒဗုဒ္ဓသာသနာ ရောင်ဝါနေသို့ သိသိသာသာ ထွန်းလင်းလာခြင်းဖြစ်သည်။ ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံ၌ ထွန်းကားလာသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပေပြီ။ ဘီစီ(၃)ရာစု၊ သရေခေတ္တရာခေတ်ကပင် စတင် ထွန်းကားခဲ့သော်လည်း အနော်ရထာမင်းလက်ထက်တွင် ထင်ရှားသိသာစွာ ထွန်းကားသဖြင့် ကျေးဇူးရှင်ဟု ဆိုခြင်းဖြစ်သည်။ ထိုကျေးဇူးကြောင့် မြန်မာလူမျိုးမှန်သမျှသည် အနှိုင်းမဲ့ဗုဒ္ဓ၏ အေးမြသာယာသော မေတ္တာတော် အရိပ်အာဝါသကို ခိုလှုံဆည်းကပ်ခွင့် ရခဲ့သည်။

မြန်မာနိုင်ငံတွင် မြန်မာလူမျိုးတို့သည် မြန်မာ့ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းတို့ကို ဗုဒ္ဓစာပေမှ အများဆုံးရရှိခဲ့သည်။ ဗုဒ္ဓစာပေသည် မြန်မာ့ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ အသက်ပင်ဖြစ်သည်။ ၄င်းတို့သည်လည်း အနော်ရထာ၏ ကျေးဇူးများပင်ဖြစ်သည်။ အနော်ရထာမင်းလက်ထက် မတိုင်မီခေတ်ကာလက မြန်မာနိုင်ငံတွင် နတ်နဂါးကိုးကွယ်မှု၊ တန္တရ မန္တရ အရည်းကြီးကိုးကွယ်မှုများ ရှိခဲ့သည်။ ဗုဒ္ဓသာသနာတရားတော်များ ရောက်နေပြီဖြစ်သော်လည်း နိုင်ငံအနှံ့ စည်ပင်ထွန်းကားပြန့်ပွားခြင်း မရှိခဲ့သည်သာ။ အနှိုင်းမဲ့ဗုဒ္ဓ၏ စစ်မှန်သော တရားတော်များမှ ငြိမ်းချမ်းမှု အနှစ်သာရများကိုလည်း အကျိုးခံစားရခြင်းမရှိခဲ့ပါ။ ထေရဝါဒ ဗုဒ္ဓသာသနာရောင်ဝါသည် မလင်းတလင်းသာ ရှိခဲ့လေသည်။

တန္တရဝါဒီတို့သည် စုန်းနတ်တို့ကို ကိုးကွယ်ပူဇော်ခြင်း၊ ဂါထာမန္တာန်၊ အင်းအိုင်မန္တရားတို့ကို ရွတ်ဖတ်၍ စုန်း နတ် တစ္ဆေဖိတ်ခေါ်ခြင်းတို့ကိုလည်းပြုလုပ်ကြသည်။ လောကီသုခကိုသော်လည်းကောင်း၊ တဏှာ ကာမကိုသော်လည်းကောင်း၊ တဏှာကာမဖြင့်ပင် ငြိမ်းအောင် ပယ်သတ်ရမည်။ သံသရာနှင့်နိဗ္ဗာန်ကို တစ်သားတည်း ဖြစ်အောင်ပေါင်းစပ်ရမည်။ နှစ်ခုမထားရ စသည့် ဝါဒသစ်များ ထူထောင်ဖြန့်ဝေကြသည်။

ထို့အပြင် ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ် စသည့် အမူအကျင့်ရှိသော အရည်းကြီးတို့၏ သြဇာမှာလည်း ကြီးမားခဲ့သည်။ မင်း၊ မှူးမတ်၊ သူဌေး၊ သူကြွယ်၊ ပြည်သူအပေါင်းတို့မှာ မိမိတို့၏ သားသမီးများ ထိမ်းမြားမင်္ဂလာပြုလုပ်သောအခါ သတို့သမီးအား ညဦးကပင် ဆရာအရည်းကြီးတို့အား ဦးစွာကာမဖြင့် အလုပ်အကျွေးပြုစေပြီး နံနက်လင်း၍ ပြန်လွှတ်လိုက်သောအခါမှသာ လက်ထပ်စေခြင်းဖြစ်သည်။ ဤသို့ စေလွှတ်ခြင်းကိုပင် ပန်းဦးလွှတ်သည်။ ပန်းဦးလျှုသည်ဟုပင် ဆိုကြသည်။

အရည်းကြီးတို့အား မင်းအဆက်ဆက်က ကိုးကွယ်ခဲ့ကြလေရာ မလိုက်နာသူများကို အစဉ်အလာ ဖျက်သူသူဟူ၍ သတ်မှတ်ကာ ကြီးစွာသော မင်းပြစ်မင်းဒဏ် ပေးခဲ့ကြသည်။ အရည်းကြီးတို့၏ အင်အားကြီးမားမှုမှာ အရည်းကြီး သုံးကျိပ်နှင့် တပည့်ခြောက်သောင်း ရှိသည်ဟု ဆိုသည်။

အနော်ရထာသည် ဆင်ခြင်ဉာဏ်ကြီးမား၍ ပါရမီရင့်သန်သော မင်းတစ်ပါးဖြစ်သဖြင့် အရည်းကြီးတို့၏ အယူဝါဒကို သံသယရှိခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ ငြိမ်းအေးချမ်းသာသော တရားအစစ်အမှန် ရှိပေလိမ့်မည်ဟုလည်း မျှော်မှန်းတောင့်တခဲ့သည်။

အရည်းကြီးတို့ကလည်း မိမိတို့ဂိုဏ်း အား မင်းကြီးအား ယုံကြည်လောက်သော ကျမ်း စာများရှိသည်ဟု သက်သေပြရန် လျှို့ဝှက်ကြံ စည်အားထုတ်ခဲ့ကြသည်။ သရေခေတ္တရာ ပြည်အလယ်ရှိ သခွတ်ပင် အခေါင်းအတွင်း၌ မိမိတို့ ရေးသားလိုသည့် ကျမ်းစာများကို ရေး သား၍ သွတ်သွင်းပြီး လျှင် အခွံအသားတို့ကို တစ်သားတည်းဖြစ်အောင် ရွှံ့၊ မြေစေးတို့ဖြင့် သရိုးကိုင်သကဲ့သို့ ပြုလုပ်ထားကြသည်။အချိန် ကာလ ကြာမြင့်သော် မင်းကြီးအား မိမိတို့ကို နတ်တို့က အိပ်မက်ပေးလေဟန်ဖြင့် သရေ ခေတ္တရာသို့ ကျမ်းများကိုသွားရောက်ယူစေရန် မိန့်လေသည်။

အနော်ရထာသည် စစ်အင်္ဂါလေးပါး နှင့်တကွ သရေခေတ္တရာသို့ ထွက်တော်မူပြီး သခွတ်ပင်ကို ဖောက်၍ ဖတ်ရှုစေရာ ယုတ္တိမရှိ သောကြောင့် မီးရှို့ဖျက်စီးခဲ့ကြလေသည်။ ထို အကြောင်းကို ရှင်အရဟံမထေရ် ကြားသိတော် မူ၍ ပုဂံသို့ သာသနာပြုရန် ကြွချီတော်မူလာခဲ့ သည်။

အနော်ရထာသည် ရှင်အရဟံ၏ မိန့်ကြားချက်လမ်းညွှန်မှုအကူအညီကို ရယူကာ ထေရဝါဒဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။ ရွှေဆံတော်၊ မြင်းကပါ၊ လောကနန္ဒာ၊ ရွှေစည်းခုံစေတီများကို တည် တော်မူခဲ့သည်။ အုတ်ခွက်ဘုရားများစွာနှင့် ဗုဒ္ဓဝင်ဇာတ်နိပါတ်တို့ကို မှတ်တမ်းတင်ထား သည့် စဉ့်ကွင်းစာ၊ စဉ့်ကွင်းရုပ်ကြွများစွာကို လည်း ရေးထိုးပူဇော်ခဲ့သည်။

သထုံဘုရင် မနုဟာထံသို့ ပိဋကတ် တော်များကို သွားရောက်မှုဝေ ပင့်ဆောင်စေရာ မချေမင် ပြန်ကြားသဖြင့် သက္ကရာဇ်(၄၁၉)ခုနှစ် တွင် သထုံကို ချီတက်တိုက်ခိုက်သည်။ မွန် ရဟန်းတော် (၁၀၀၀)မြို့သူ မြို့သား(၃၀၀၀၀)၊ သထုံမင်းနှင့် ဆွေတော်မျိုးတော်၊ ပိဋကတ် စာပေတို့ကို ပုဂံသို့ ပင့်ဆောင်လာခဲ့သည်။ "မနုဟာ အပြောဆိုး၍ အနော်ရထာ ဒေါသမိုး သည်" ဟူသော ရာဇဝင်အမည်းစက်အတွင် ခံကာ နိုင်ငံနှင့်လူမျိုးအတွက် ကြိုးပမ်း ဆောင် ရွက်ခဲ့သည်။ မွန်တို့၏ နှလုံးအိမ်တွင် အကြမ်း ဖက်လူဆိုး အမည်တွင်ခဲ့သော်လည်း မြန်မာ တစ်နိုင်ငံလုံးကောင်းစားရေးနှင့် အနာဂတ် သာသနာ စည်ပင်ပြန့်ပွားအောင် အမြော် အမြင်ကြီးစွာ ရည်ဆောင် ကြိုးစားခဲ့သူဖြစ် သည်။ အရည်းကြီးတို့အား လူဝတ်လဲစေခဲ့ သည်။ ပြည်သူတို့၏ မှားယွင်းသော အယူဝါဒ ဟောင်းကို စွန့်စေ၍ သာသနာတော် သန့်စင် စေခဲ့သည်။

အနော်ရထာလက်ထက်တွင် ထေရဝါဒ ဗုဒ္ဓသာသနာ ပိုမိုထွန်းကားသည်။ ထွန်းကားစေ ရန်လည်း ကြိုးပမ်းအားထုတ်ခဲ့သည်။ သာသနာ အဓွန့်ရှည်တည်တံ့စေရန် စွမ်းဆောင်ခဲ့သည်။ ဗုဒ္ဓကို ရည်မှတ်၍ ဆင်းတုတော်များ၊ ဘုရား စေတီများ၊ အုတ်ခွက်ဘုရားများတည်ထား ကိုးကွယ်ခဲ့ကြသည်။ အနော်ရထာ၏ ကျေးဇူး ကြောင့် နိုင်ငံတော် တိုးတက်လာသကဲ့သို့ ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်းလည်း မြင့်မားခဲ့သည်။ အမျိုးဘာသာ၊ သာသနာ၏ အ ကာအရံခြံစည်းရိုး လုံခြုံခိုင်ခန့်ခဲ့ခြင်း ဖြစ်သည်။

ကိုယ့်နိုင်ငံ၊ ကိုယ်လူမျိုး၊ ကိုယ်အမျိုး ဘာသာ၊ သာသနာ၏ အကာအရံခြံစည်းရိုး လုံခြုံခိုင်ခန့်စေရန်ဆောင်ရွက်ရမည့်တာဝန်သည် "ထေရဝါဒဗုဒ္ဓဘာသာဝင်" ဘုရားတပည့်သား ရဟန်းသံဃာများနှင့် မြန်မာလူမျိုးများအားလုံး ၏ တာဝန်သာ ဖြစ်ပေတော့သည်။

♦ ဦးကျော်ကျော်သန်း(ရွှေဘို)





# နာဂစ်မုန်တိုင်းအောက်က အမေတစ်ယောက်

အရှင်ကုဏ္ဍလ(လပွတ္တာ)

ပြန်မလော့မြစ်ရေအလျဉ်သည် ကပ္ပလီပင်လယ်ထဲသို့ တစ်သွင်သွင်စီးဝင်လျက်၊ ပြန်မလော့မြစ်ရဲ့ ကမ်းနှစ်ဘက်စလုံးတွင် ပိုက်ပစ်နေသော လှေများကို မြင်တွေ့နိုင်သည်။ အစုန်အဆန် ခုတ်မောင်းသွားလာနေကြသော လှေမျိုးစုံ၊ မြစ်အလယ်၌ကားငါးသလောက် ဖမ်းပိုက်လှေများ ပိုက်မျှောလျက်ရှိနေပေသည်။ ပြာလဲ့လဲ့မိုးဆောင်းကင်း၌ကား အဖြူရောင်တိမ်တိုက်တို့ ပုံသဏ္ဌာန်မျိုးစုံဖြင့် လွင့်မျောလျက် သဘာဝပတ်ဝန်းကျင်ကား ဘာမှမဖြစ်သလို-- နိုင်ငံတော်၏ ကြည့်ရှုမှု ပြည်တွင်းပြည်ပ အလှူရှင်များ၏ ပံ့ပိုးမှုရလဒ်အဖြစ် ၂၀၀၉ ခုနှစ်မြင်ကွင်းကား ကြည်လင်စပြုလာပါပြီ။

ကုက္ကိုရွာသည် အဒမန်ပင်လယ်ဝမှ မိုင် (၂၀)ခန့်အထက်တွင် တည်ရှိပြီး လပွတ္တာမြို့နှင့်တော့ ခုနစ်မိုင်ခန့်အကွာအဝေးတွင် တည်ရှိလေသည်။ လွှဇာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဘေးမဲ့ ဒီရေတောနှင့် မြစ်လက်တက်တစ်စင်းသာ ခြားလျှက်ရှိသည်။ ပြန်မလော့မြစ်ကမ်းဘေးရွာမို့ အများစုမှာ လယ်သမား၊ ရေလုပ်သားနှင့် ကျပန်းသမားများ ဖြစ်ကြသည်။

ထိုရွာကလေးတွင် ချစ်စရာကလေးငယ်တစ်ယောက်၊ အသားဖြူဖြူ ခန္ဓာကိုယ်သွယ်သွယ်၊ နှာတံစင်းစင်း၊ မျက်လုံးနက်နက်၊ မျက်ခုံးရေးရေးနှင့် သွားလေးတွေ ညီညာလျက်ရှိပြီး သူ့အမေမျက်နှာနှင့် ဆင်သည်၊ ရွာလမ်းပေါ်တွင် တစ်ယောက်တည်း ဆော့ကစားပြေးလွှားနေသည်။ သူ့ကို အားလုံးက သတိပြုမိကြမည်မဟုတ်ပါ။ ကိုဇော်ဆိုသူကတော့ သူ့ကို သတိပြုလျက်ရှိသည်။ ကိုကိုဇော် ခေတ္တရောက်နေတဲ့ အမေဒေါ်သန်းရင် မိုးကာတဲအိမ်ရှေ့ ရောက်လာသော ယင်းကလေးကို ကိုကိုဇော်က

"ဟေ့ သား သားနာမည်ဘယ်လိုခေါ်လဲ"

"ထက်ဦး"

"သားသားအဖေနာမည်ကော ပြောပြပါအုံး"

"ကိုလှစိုး"

"သားသားအမေက ဘယ်သူလဲ"

"မခင်မျိုးဝင်း"

"သား သားအဖေကော အမေကော ရှိလား"

"အဖေတော့ရှိတယ် အမေမရှိတော့ပါဘူး"

"အမေ ဘယ်ရောက်သွားလဲ"

"မုန်တိုင်းနောက်ပါသွားတယ်"

ကလေးမှာ နောက်ဆုံးမေးခွန်းကို ခံစားချက်နဲ့ဖြေရလို့ မျက်ရည်များကျလာကာ တဒင်္ဂအတွင်း မျက်နှာညှိုးသွားရှာသည် "သနားပါတယ် ကလေးရယ် စိတ်မကောင်းပါဘူး"

အတိတ်ကို မြင်ယောင်တမ်းတမိသည်။

x x x

ကိုဇော် ကုက္ကိုရွာမှာ ကလေးဘဝက ကျောင်းတက်ခဲ့ရသည်။ လှဂိုးမြင့်၊ ကျော်စိုးလှိုင်၊ ဇော်နှင့် ခင်မျိုးဝင်းတို့သည် အတန်းတူ သူငယ်ချင်းများဖြစ်ကြသလို တစ်ယောက်နှင့်တစ်ယောက် အရမ်းချစ်ခင်ကြလေသည်။ တစ်ယောက်ကျောင်းပျက်လျှင် တစ်ယောက်က စာကူးပေးကြသည်။ ရှင်းပြပေးကြသည်။ အဲဒီအချိန်တုန်းက တွဲဖက်ကျောင်းလေးမို့ ဖတ်စာအုပ်တွေ လူစုံအောင် မရကြပါ။

တစ်နေ့သောအခါ လှစိုးမြင့်၊ ကျော်စိုးလှိုင်နှင့် ဇော်တို့ ဖတ်စာအုပ်တစ်အုပ်ကို ဟိုဘက်ဆွဲ ဒီဘက်ဆွဲနှင့် အလုပ်ရှုပ်နေကြသည် ဆရာမ စာသင်နေတာကို အာရုံမရောက်ကြ၊ ရှေ့မိန်းကလေးတန်းမှ ခင်မျိုးဝင်းက

"ဟေ့ -ဇော်တို့ ဘာဖြစ်နေကြတာလဲ"

"စာအုပ်မလောက်လို့ပါဟာ ဇော်က အရမ်းဆိုးတယ် သူ့ဘက်ဆွဲယူနေလို့" ကျော်စိုးလှိုင်က လှမ်းပြောသည်။ လှစိုးမြင့်က "နင့်ဆီခေါ်ပြီး အတူတူ ဖတ်ခိုင်းလိုက်ပါဟ - ဟဲဟဲ" ခင်မျိုးဝင်းက " ကဲ-ဒီလာ ဇော် ငါနဲ့ အတူဖတ်မယ်" ခင်မျိုးဝင်း ကူညီပေးလိုက်လို့ စာအုပ်ပြဿနာ ရှင်းသွားသည်။

ခင်မျိုးဝင်းက တခြားကျောင်းသူတွေထက် ရုပ်ရည်သန့်ပြန့်သည်၊ အသားဖြူသည်၊ အရပ်လည်းမြင့်သည်။ ခင်မင်သူပေါသည်။ ဆရာ၊ ဆရာမတွေကလည်း ဦးစားပေးသည် အားလုံးပေါ် ငဲ့ညှာသနားတတ်သူလည်း ဖြစ်သည်။

အရမ်းခင်မင်ကြတဲ့ သူငယ်ချင်း (၄) ယောက်၊ စားလည်း အတူတူ၊ ကျောင်းသွားတက်တော့လည်း အတူတူ၊ ကစားတော့လည်း အတူတူ၊ ကျူရှင်တက်လည်း အတူတူ၊ တွံဘက်ကျောင်းလေးမို့ စာမေးပွဲ ဖြေတဲ့အခါမှာတော့ လှေနဲ့ တစ်နာရီကျော်လောက် လှော်ခတ်ပြီး သွားရတဲ့ ကနောင်ရွာကျောင်းသို့ စာမေးပွဲသွားဖြေကြရသည်။

ဒီလိုနှင့် စာမေးပွဲဖြေဆိုချိန် ရောက်ရှိလို့လာခဲ့ပါပြီ၊ ကျောင်းသားများတော့ လှေခြောက်စီးလောက်နဲ့ သွားကြရမည် သူငယ်ချင်းလေးယောက် လှေမစီးခင်ကတည်းက ကြိုတင်ညှိနှိုင်းကြသည်။ "ခင်မျိုးဝင်း ခုကတည်းက တစ်ခါတည်းပြောထားမယ်၊ ဒို့လေးယောက် တစ်လှေထဲ စီးကြမယ်"

လှစိုးမြင့်က "အေးပါဟာ ငါလဲ တစ်လှေထဲစီးချင်တာ"

ကျော်စိုးလှိုင် " ငါလဲ အဲဒီလို ပြောမလို့"

ဇော်"ဘယ်သူခေါ်ခေါ် တခြားလှေပေါ် မလိုက်ကြနဲ့ ဒါမှ ပျော်ဖို့ကောင်းမှာ၊ လိုက်တဲ့သူ သစ္စာဖောက်" ဒီလိုနဲ့ စာမေးပွဲကြီးပြီးခဲ့ပါပြီ၊ စာမေးပွဲနောက်ဆုံးနေ့ ညနေ နေဝင်ဖြိုးဖျ အချိန်တွင် ကျောင်းသူ ကျောင်းသား တွေတင်၍ ကနောင်ရွာမှ လှေများ ပြန်လည့်ထွက်ခွာလာပါတော့သည်။ ကနောင်ရွာ ချောင်းအတွင်း ကမ်းဘေးဝဲယာ တစ်လျှောက်၌ ခနိပင်၊ လမုပင်များ ပြည့်ကျပ်စွာ ပေါက်ရောက်နေပါသည်။ ခရီးသွားခရီးလာ လှေများ တစ်စီးတစ်လေလောက်သာ တွေ့မြင်ရသည်။ လှေခတ်တဲ့ ဦးဖိုးနီကတော့ လှေကို တစ်ချက်ချင်း မှန်မှန်အားစိုက်၍ ခတ်နေသည် " ကျွိ--ကျွိ---ကျွိ" ခတ်တိုင်မှ မြည်လျက်

စာမေးပွဲနောက်ဆုံးနေမို့လားမသိ သူငယ်ချင်း လေးယောက်ကတော့ မတက်ကြွသလိုမျိုး၊ မှန်ပါသည် စာမေးပွဲပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် ဝေးကွာကြရတော့မည် အထူးသဖြင့် ခင်မျိုးဝင်းဖြစ်သည်၊ သူမက ကုက္ကိုရွာကမှမဟုတ်တာ အစ်မရင်းအိမ်မှာတည်းပြီး ကျောင်းလာတက်နေခြင်းဖြစ်သည်။ ကျန်တဲ့ သုံးယောက်ကတော့ မိဘတွေက ကုက္ကိုရွာမှာနေလို့ ရွာတွင်ပဲ ရှိနေကြမှာဖြစ်သည်။

ဒီကနေတော့ ထူးထူးခြားခြား ဇော်တစ်ယောက် လှေနောက်ပိုင်း ပဲ့ခုံပေါ်မှ ထိုင်လိုက်လာသည်။ တစ်စုံတစ်ရာကို စဉ်းစား၍ ခံစားနေပုံရသည်။ ရုတ်တရက် လှေအလယ်ရေပက်ခုံနားက မခင်မျိုးဝင်းက စကားစသည်။ "ဇော် ဒီနေ့

စာမေးပွဲဖြေရတာ အဆင်ပြေတယ်မဟုတ်လား"
"ပြေပါတယ်" နင်ကော ဖြေနိုင်တယ်မလား"
"ငါလဲဖြေနိုင်တယ်" ဒါနဲ့-ဖေဖေမေမေတို့လာ
ခေါ်လို့ ငါမနက်ဖြန် ရွာပြန်ရတော့မှာ နင်တို့
သုံးယောက်ကို ငါတစ်ခါထဲ နှုတ်ဆက်ထားပါ
တယ်"

ကျော်စိုးလှိုင် " ငါတို့လဲ နှုတ်ဆက်ပါ
တယ် စိတ်မကောင်းပါဘူး" စိတ်မကောင်းကြ
လို့လားမသိ ဇော်နဲ့ လှစိုးမြင့် ဘားမှမပြော
တုဏှိဘော။

ဒီလိုနဲ့သူငယ်ချင်းလေးယောက် တစ်ကွဲ
တစ်နေရာစီဖြစ်သွားကြသည်။ ဇော်ကတော့
ပခုက္ကူမြို့သို့ ရောက်သွားသည်။

ခြောက်နှစ်လောက်အကြာမှာတော့
မခင်မျိုးဝင်း ကုက္ကိုရွာက ကိုလှစိုးဆိုသူနှင့်
မိဘချင်းသဘောတူပေးစား၍ အိမ်ထောင်ကျ
သည်။ မခင်မျိုးဝင်းကား အိမ်ထောင်ရေး
ကံကောင်းသည်လို့ ပြောရမည်၊ ကိုလှစိုးက
ရိုးသားကြိုးစားပြီး လယ်ယာဧက (၅၀)လောက်
ပိုင်သူဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး လင်
ကျင့်ဝတ် မယားကျင့်ဝတ်နှင့်အညီ ကျင့်သုံး
နေထိုင်ကြသောကြောင့် သာယာချမ်းမြေ့သော
ဘဝဟုဆိုနိုင်ပါသည်။ မခင်မျိုးဝင်းကား
ခွင့်လွှတ်သည်းခံတတ်သည်။ နားလည်မှုရှိ
သည်၊ စကားပြောချိုသာသည်၊ "မယားစကား"
ဆိုသလို စကားလုံးလှလှလေးတွေနဲ့ လင်
ယောကျ်ားကို အထူးကျေနပ်နှစ်သိမ့်စေသည်။

သံယောဇဉ်ကြိုးများကလည်း ကြာ
လေလေ တစ်ဦးပေါ်တစ်ဦးက ရစ်ပတ်နှောင်ဖွဲ့
လေလေ ဖြစ်တော့သည်။

တစ်ယောက်မျက်နှာမမြင်ရလျှင် မနေ
နိုင်အောင် ဖြစ်လာကြကာ တစ်ယောက်နှင့်
တစ်ယောက် မခွဲနိုင်မခွာရက် ဖြစ်သွားကြပါ
တော့သည်။

ကိုလှစိုးက စီးပွားရေး အမြင်ကျယ်ပြီး
စီးပွားရေးကြိုးစားရှာသလို မခင်မျိုးဝင်းက
"စီးတဲ့ရေ ဆည်တဲ့ ကန်သင်း" ဆိုတဲ့ စကားပုံကို
ထိမ်းထိမ်းသိမ်းသိမ်းနှင့် ချွေတာစုဆောင်းသည်။
နှစ်ဖက်မိဘဆွေမျိုးတို့ကိုလဲ မခွဲခြားဘဲ ဆက်ဆံ
သည်၊ ဘာသာရေး လူမှုရေး ရပ်ရေးရွာရေးများ
တွင် တက်ကြွစွာ လူအား၊ ငွေအား ထည့်ဝင်
ဆောင်ရွက်သည်။ သာရေးနာရေးတွင်လည်း
မလစ်ဟင်းရအောင် စီမံခန့်ခွဲနိုင်သူဖြစ်လို့
နှစ်ဖက်မိဘဆွေမျိုးတွေက အချစ်ပိုကြသလို
ရွာသူရွာသားတွေကလည်း ခင်ကြသည်။

အိမ်ထောင်သက် (၁၇) နှစ်ရောက်လာ
တဲ့အချိန်မှာတော့ သမီးမိန်းကလေးနှစ်ယောက်
နှင့် သားယောကျ်ားလေးတစ်ယောက်
ထွန်းကားခဲ့ကြသည်။ အရွယ်ရောက်လာတော့
သမီးနှစ်ယောက်ကို လပွတ္တာမြို့၌ ကျောင်းထား
သည်။

မြစ်ဝကျွန်းပေါ်ဒေသကား ချောင်း၊
မြောင်း၊ မြစ်တွေပေါ်များသည်၊ အနီးဆုံးရွာမှ
အလယ်တန်းကျောင်း အထက်တန်းကျောင်း
ရှိလျှင်ပင် ချောင်း၊ မြောင်း၊ မြစ်တွေ တားဆီး
နေသဖြင့် ကျောင်းတက်ဖို့ရန် မလွယ်ကူ၊ အခက်
အခဲဖြစ်ကြရသည်။ ငွေကြေးပြည့်စုံသည့်မိဘ
အမြင်ကျယ်သည့် မိဘတွေသာ သားသမီးများ
ကို မြို့သို့ ပို့၍ ကျောင်းထားကြသည်။

× × ×

ရာသီတွေ နှစ်တွေအလီလီ ပြောင်းလဲ
လာခဲ့တာ အငယ်ဆုံးသား " ထက်ဦး" တောင်
ခြောက်နှစ် သားအရွယ်သို့ ရောက်ရှိလို့လာခဲ့ပါ
ပြီ။

ဦးလှစိုး ဒေါ်ခင်မျိုးဝင်း သွီးကြီး ခင်ဇာခြည်၊ သွီးလတ် သိမ့်သူဇာ သားငယ် မောင်ထက်ဦး မိသားစုငါးယောက်၏ ထမင်းဝိုင်းလေးက မိသားစုတွေစုံလို့ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှသည်။ ဟင်းတွေကတော့ ငါးသလောက်ချက် ဒေသဟင်းလျာ၊ ဝက်သားဟင်း၊ ကန်စွန်းရွက်ပုစွန်ကြော်၊ ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်းနဲ့ ငါးပိရည်တို့ ဖြစ်သည်။ ဂုံမင်း သခွါးသီးနဲ့ ဒညင်းသီးပြုတ်တို့ကို တို့စရာအဖြစ်စီမံထားသည်။ ထမင်းကတော့ ကိုယ်ပိုင်လယ်ကထွက်သည့် ကောက်ကြီးဆန်ကို ချက်ထားသည်။

သွီးကြီးခင်ဇာခြည်က "ဖေဖေဦးချပါတယ်"ဆို၍ ဝက်သားဟင်းကိုဦးလှစိုးပုဂံထဲသို့ ထည့်ပေးလိုက်သည်။ ဦးလှစိုးက "ငါ့သမီးကြီး ဘုန်းကြီးပါစေ အသက်ရှည်ပါစေ အန္တရာယ်ကင်းပါစေ" " ခင်မျိုးရေ ဟော့ ခင်မျိုး ဘာဟင်းချက်လဲ" အိမ်ရှေ့မှ ဖြတ်သွားသော ဒေါ်နိုင်နိုင်ရီက လှမ်းမေးသည် "အစ်မ ငါးသလောက်ဟင်းချက်တယ် ထမင်းစားသွားပါလား" " ထမင်းစားခဲ့ပြီးပြီ ဒီနေ့( UNDP ) စိတ်တူကိုယ်တူ ငွေစုအဖွဲ့ အစည်းအဝေးရှိတယ်။ ရွာလယ်က ဒေါ်စုစုတို့ အိမ်မှာ နေ့လယ်တစ်နာရီ စမယ်လို့ ပြောတယ်"

"ဟုတ်ကဲ့အစ်မ"

စားလက်စထမင်းကို စားနေရင်း" အစ်ကို ဒါနဲ့ စကားမစပ်ပြောရဦးမယ် ဒီနှစ်သားလေးကို ရှင်ပြုပေးချင်တယ်၊ ကျွန်မတို့လဲ ဒီနှစ်စီးပွားရေး အဆင်ပြေတာဆိုတော့ အလှူကြီးပေးဖို့ အကောင်းဆုံးအချိန်လို့ ထင်ပါတယ်" "လုပ်တာပေါ့ မိန်းမရာ ငါလဲ စဉ်းစားထားပါတယ်၊ ယခုစပါးဈေးကျနေတာ၊ စပါးရောင်းပြီးတဲ့အချိန် ကဆုန်လဆန်း လောက်ဆို မကောင်းဘူးလား "

" ကောင်းပါ တယ်တော်"

ထက်ဦး " သားသား ကိုရင်စည်းရတော့မှာ ဟုတ်လား မေမေ"

ဒေါ်ခင်မျိုးဝင်း " ဒါပေါ့ သားသားရယ် သားသားကိုရင်ဝတ်တော့ မေမေဖေဖေတို့ ကုသိုလ်တွေ အများကြီး ရတယ် သားသားရဲ့ ပြီးတော့ သားသား ကိုရင်ဝတ်သွားရင် မေမေဖေဖေတို့ မမတွေက သားသားကို ကန်တော့ရမယ် ရှိခိုးရမယ်"

ထက်ဦး" ဘာဖြစ်လို့ သားသားကို မေမေဖေဖေတို့ မမတို့က ရှိခိုးရမှာလဲ"

---

ရဟန်းသံဃာဆိုတာ မေမေတို့ သမီးတို့ မသိတဲ့ တရားဓမ္မတွေ သိအောင် ပြသပေးတယ် သွန်သင်ဆုံးမပေးတယ်၊ ဒါကြောင့် ရှိခိုးရတယ်၊ ရဟန်းသံဃာတွေဆိုတာ ကျေးဇူးများတဲ့ ပုဂ္ဂိုလ်မြတ်တွေလဲဖြစ်တယ်၊ သံဃာကို ရှိခိုးကိုးကွယ်ရင်....

---

ဒေါ်ခင်မျိုးဝင်း " သင်္ကန်းဝတ်လိုက်တော့ သားသားက မြတ်စွာဘုရားသားတော်လေး ဖြစ်သွားသလို မေမေညစဉ်တိုင်း ပေးတဲ့ ဩကာသထဲမှာပါတဲ့ သံဃာရတနာထဲ ရောက်သွားလို့ပေါ့ သားသားရဲ့"

ထက်ဦး " သားသားသင်္ကန်း ဘယ်နှစ်ရက်လောက် ဝတ်ရမှာလဲ"

ဒေါ်ခင်မျိုးဝင်း "ခုနစ်ရက်လောက်တော့ ဝတ်ပါသားရယ်"

သိမ့်သူဇာ "မေမေ မောင်လေးကို အဲဒီအခါကျရင် မင်းဝတ်မင်းစားတွေနဲ့ ရှင်လောင်းလှည့်ရမှာနော် မောင်လေးက မင်းသားလေး သမီးက မင်းသားလေးရဲ့ အစ်မတော်ပေါ့ တီဗွီဇာတ်လမ်းတွေထဲကလို မင်းသားလေးရဲ့ အစ်မဆိုတော့-- ပျော်လိုက်တာ ဟီဟိနောက်ပြီး ဒိုးပတ်ဝိုင်း အိုးစည်ဝိုင်းတွေလဲ ပါစေချင်တယ်"

ခင်ဇာခြည် " မေမေ သမီးက တစ်ခု စဉ်းစားထားတယ်၊ မောင်လေးရှင်ပြုပွဲမှာ သီလရှင်ဝတ်ရင် ကောင်းမလားလို့. . အဘွား ဒေါ်ညိုစိန် ဘုရားစင်ရှေ့မှာ ဝင်လေထွက်လေ မှတ်တယ်ဆိုလား တရားထိုင်တယ် ဆိုလား သမီးကို လုပ်ခိုင်းတာ မဆိုးဘူး၊ ပြီးတော့ သီလရှင်ဝတ်ရင် သောကနည်းတယ်လို့လဲ ပြောတယ်"

သိမ့်သူဇာ" မေမေသမီးသူငယ်ချင်း အေးကို မနှစ်က ကိုရင်ဝတ်တော့ မဝတ်ခင် ရွာဦးကျောင်းဆရာတော် ဦးကုမာရထံမှ ကျောင်းအိပ်ကျောင်းစားနေပြီး ဘုရားရှိခိုး ပုတီးစိပ် သရဏဂုံပီသအောင် သင်ယူရတယ် ပြောတယ် မောင်လေးလဲ အဲဒီလိုသင်ရမှာလား"

ဒေါ်ခင်မျိုးဝင်း "အေးပေါ့ သမီးလေး ရဟန်းသံဃာဆိုတာ မေမေတို့ သမီးတို့မသိတဲ့ တရားဓမ္မတွေ သိအောင် ပြသပေးတယ် သွန်သင်ဆုံးမပေးတယ်၊ ဒါကြောင့် ရှိခိုးရတယ်၊ ရဟန်းသံဃာတွေဆိုတာ ကျေးဇူးများတဲ့ ပုဂ္ဂိုလ်မြတ်တွေလဲဖြစ်တယ်၊ သံဃာကို ရှိခိုးကိုးကွယ်ရင် ဥစ္စာတွေကြွယ်သလို ကုသိုလ်တွေလဲ အများကြီးရတယ်၊ လူရယ်လို့ဖြစ်လာရင် ကောင်းမှုတစ်ခု နေ့စဉ်ပြုနေရမယ်၊ မြန်မာလူမျိုးတွေရဲ့ ဓလေ့ထုံးစံအရ ကိုရင်မဝတ်ခင် ဘုန်းကြီးကျောင်းကို ပို့ထားရတယ်၊ ကိုရင် ဝတ်တဲ့အခါ အဆင်ပြေတာပေါ့ ဦးရဲ့"

နွေရာသီ ကျောင်းပိတ်ထားလို့ သိမ့်သူဇာနှင့် ခင်ဇာခြည်တို့နှစ်ယောက် ကုက္ကိုရွာသို့ ရောက်နေခြင်း ဖြစ်သည်။ ကျောင်းပြန်ဖွင့်ရင် ခင်ဇာခြည်က (၉)တန်းတက်ရောက်ရမှာဖြစ်ပြီး သိမ့်သူဇာက (၁၀)တန်းအောင်ရင် ပုသိမ် တက္ကသိုလ် သွားရောက်ရမှာဖြစ်သည်။ သားသမီးကို ချစ်တဲ့ မိဘတိုင်းသည် သားသမီးများအား ပညာတတ် မြောက်အောင် သင်ကြားပေးရမှာ ဖြစ်သလို မိဘကိုချစ်တဲ့ သားသမီးတိုင်းကလဲ ဘွဲ့ရအောင် ပညာတတ်အောင် ကြိုးစား၍ သင်ကြားရပါမည်။

ဒီနှစ်သားလေးကို ရှင်ပြုအလှူ လုပ်ရမှာမို့လားမသိ၊ စပါးစည့်ထဲမှာ စပါးတင်းသုံးထောင်ကျော်လောက် ထည့်ထားနိုင်သည်။ တန်ခူးလကုန်လောက်မှာ တက်ဈေးနဲ့ ထုတ်ရောင်းရမည်။ မကြာခင် အလှူလုပ်ရမှာမို့ မိသားစုအားလုံး ပျော်ကြည်နူးနေကြပါတော့သည်။

× × ×

၂. ၅. ၂၀၀၈ ရက်နေ့ နံနက် (၁၁)နာရီ သတင်း၌ မြန်မာ့အသံ ရေဒီယိုမှ မုန်တိုင်းသတင်း အထူးသတိပေးချက်ထုတ်ပြန်လိုက်သည်။ မုန်တိုင်းတွေနှင့် ရင်းနှီးနေသည့် မြစ်ဝကျွန်းပေါ်ဒေသသားများကား စိုးရိမ်မှုမရှိသလို ထိတ်လန့်မှုလည်း မဖြစ်ကြပါ၊ မထိတ်လန့်ကြသလို မကြောက်ကြပါ၊ သာမန်လောက် ထင်နေကြသည်။

ရွာထဲက သန်းစိုးဆိုသည့်ကောင်လေးက " နာဂစ်မုန်တိုင်း တိုက်မယ်တဲ့၊ ဘာနာဂစ်လဲ၊ ငါတို့ကတော့ မဂစ်ဘူး မင်းပြန်ပြီး ကန်ပြစ်မှာ ဟား -ဟား -ဟား "

အောင်လင်းက အားကျမခံ "ငါတို့က ဘယ်တော့မှ မသေဘူးကွ၊ ရေကူးတတ်တယ်၊ ပင်လယ်ထဲတောင် ငါးတန်ငါးကို လှေနဲ့ ထွက်ဖမ်းသေးတာ၊ ပျင်းတောင်ပျင်းသေးတယ်၊ ဘာနှာတစ်လဲ ဟဲ ဟဲဟဲ"

သန်းစိုး " မင်းပြောမှ ငါတောင် နှာစီးချင်လာပြီ နှာတစ်မဟုတ်ဘူး နာဂစ်ပါကွ"

အသက် (၇၅)နှစ်လောက်ရှိပြီဖြစ်တဲ့ အဘွားသေးမျှင်က " ဟေ့ကောင်တွေ နိမိတ်မရှိ နမာမရှိ ဘာတွေ ပြောနေကြတာလဲ ရှိကြီးခိုးပါရဲ့ မပြောကောင်းမဆိုကောင်းတွေ မပြောကြပါနဲ့ တော်ပါတော့"

စိတ်မထင်ရင် တုတ်နဲ့ ပစ်တတ်တဲ့ အဘွားသေးမျှင်မို့ သန်းစိုးတို့အဖွဲ့ လစ်ပြေးကုန်ကြတော့သည်။

ညနေ (၄)နာရီလောက်အချိန်တွင် "ဝေါ ဝေါ ဝေါ" ဆိုတဲ့ အသံနက်ကြီးနဲ့ လေကောမိုးကော ကျလာပါတော့သည်။ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ကျသွားသည်ခါတိုင်း လေတိုက်သလိုမဟုတ်ဘဲ အိမ်တွေ လှုပ်ရမ်းလာသည်၊ သစ်ပင်တွေ "ဖြိုဖြိုဖြစ်ဖြစ်" အသံထွက်၍

---

"ငါတို့က ဘယ်တော့မှ မသေ

ဘူးကွ၊ ရေကူးတတ်တယ်၊

ပင်လယ်ထဲတောင် ငါးတန်ငါး

ကို လှေနဲ့ ထွက်ဖမ်းသေးတာ၊

ပျင်းတောင်ပျင်းသေးတယ်၊

ဘာနှာတစ်လဲ ဟဲ ဟဲဟဲ"

---

သစ်ရွက်သစ်ခက်တွေ အိမ်ထဲစု ပြုကျလာသည်။ လေက စတိုက်ပြီဆိုကတည်းက လုံးဝမရပ် လုံးဝမနား ပို၍ပို၍ ပြင်းထန်လာတော့သည်။ ၃-ပင်×၄-ပင် ပျဉ်းကတိုးသစ်နဲ့ ဆောက်ထားတဲ့ သွပ်မိုးပျဉ်ထောင် နှစ်ထပ်အိမ်အတွင်းမှာတော့ ဦးလှစိုး၊ ဒေါ်ခင်မြိုးဝင်း မသိမ့်သူဇာ မခင်ဇာခြည် မောင်ထက်ဦး သားမိသားဖငါးယောက် တစ်ယောက်ကို တစ်ယောက် ဖက်ထားကြသည်။ မိသားစုအားလုံး တုန်လှုပ်ချောက်ချားနေကြသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ကြောက်လွန်းအားကြီး၍ ကြောင်နေကြသည်။

ဒေါ်ခင်မြိုးဝင်း တတ်သလောက် မှတ်သလောက် ဘုရားစာတွေ ရွတ်ဖတ်နေသည်။

ထက်ဦး " သားသားကြောက်တယ် မေမေ သားသားကြောက်တယ် မေမေ"

ခင်ဇာခြည် " မေမေ သမီးကို ပစ်မထားနဲ့-သမီးအရမ်းကြောက်တယ် သမီးအရမ်းကြောက်တယ် အီး ဟီး-ဟီး"

သိမ့်သူဇာ " အိမ်အမိုးတွေမရှိတော့ဘူး အိမ်ကလဲ ယိုင်လာပြီ သမီးတို့ ဘယ်လိုလုပ်ကြမလဲ မေမေ၊ သမီးအသက်ရှုလို့ မဝတော့ဘူး"

ဒေါ်ခင်မြိုးဝင်း " သမီးလေးသားလေးတို့ မငိုကြနဲ့ မကြောက်ကြနဲ့ မေမေတို့ ဖေဖေတို့ ရှိတယ် ခဏကြာရင်လေတိုက်တာ ရပ်သွားမှာပါ"

ပြောသာပြောနေရသည် ဒေါ်ခင်မြိုးဝင်း ခြေတွေလက်တွေ အသံတွေ တုန်ရီနေတော့သည်။

ညနေ (၆)နာရီလောက် ရောက်တဲ့ အချိန်မှာတော့ လေက ပို၍ အားပြင်းလာပါတော့သည်၊ ရေတွေတအားမြင့်တက်လာပါ



တော့သည်၊ လှိုင်းလုံးကြီးတွေကလဲ အိမ်ကို "တဝုန်းဝုန်း တဒိုင်းဒိုင်း" လာရိုက်လာဆောင့်နေပါတော့သည်။ ရွာထဲမှာ အိမ်တွေပြိုကျကုန်ပါပြီ၊ နေစရာမရှိတဲ့သူတွေ လာစုပြီး ခိုလှုံနေကြပါသည်၊ လူတွေအကုန်လုံး အထုပ်ကိုယ်စီနဲ့ ကြောက်လန့်လွန်းလို့ စကားသံမထွက်နိုင်ဘဲ ငြိမ်သက်နေကြပါသည်။ လေကပြင်းထန်လွန်းလို့ မတ်တပ်ရပ်ရင် ပစ်လဲသည်၊ ကုန်းနေကြဝပ်နေကြရသည်၊ လေတိုက်တဲ့ဘက် မျက်နှာမူမိပါက အသက်ရှူလို့ မရ ရေမွန်းသလို ခံစားမှုဝေဒနာအသစ် အဖြစ် လေမွန်းကြရသည်၊ ကုန်းကုန်းကွကွနဲ့ ခေါင်းပေါ်ပြုတ်ကျလာမယ့် အသက်အန္တရာယ်ကိုလဲ သတိထားနေရသေးသည်။

ကြောက်မက်ဖွယ်အသံတွေပေး၍ ဒီရေလှိုင်းတွေ ထပ်၍ မြင့်တတ်လာပြန်ပါပြီ၊ ရုတ်တရက် အိမ်အကာတွေကို လှိုင်းလုံးတွေ ဆောင့်လိုက်တာ ပွင့်ထွက်ကုန်ပြီး ဗီရိုတွေ အကုန်လဲကုန် ကွဲကုန်လွင့်စဉ် ထွက်ကုန်ပါတော့သည်၊ ရတနာရွှေငွေတွေ မြောက်များစွာ ထည့်သိမ်းထားသော်လည်း ကောက်ယူဖို့ အချိန်မရှိသလို ကောက်ယူချင်စိတ်မရှိကြတော့၊ အဖြစ်အပျက်က မြန်ဆန်းလွန်းလှသည့် လေသံတွေက နားမခံနိုင်အောင် " ဝီးဝီရှီရှီ" မြည်ဟီးပဲ့တင်နေပါတော့သည်။ " ဂျိမ်း-ဒိန်း" မြည်နေတဲ့ မိုးချိန်းသံနှင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုအောက်ရောက်နေသည်။ တစ်ခါမှ မတွေ့ဘူးသည့် အမှောင်ထုမျိုး လျှပ်စီးလျှပ်မှ တစ်စုံတစ်ရကို မပီဝိုးဝါး မြင်လိုက်ရသည့် အခြေအနေဖြစ်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သည့်ပမာ အော်သံ ခေါ်သံ ငိုသံ အကူအညီတောင်းခံသံတွေ ပျက်သံ ပြိုသံ ထိခိုက်သံတွေနဲ့ ပြောင်းဆန်နေပါတော့သည်။

"ပြေးကြရအောင် ဒီအိမ်မှာနေလို့မဖြစ်တော့ဘူး" ဟုဆို၍ ကူးခတ်ပြေးကုန်ကြသည်။ သားမိသားဖ ငါးယောက်သာ ကျန်ရစ်ခဲ့တော့သည်။ ညဉ့်က တဖြည်းဖြည်းနဲ့ နက်လာသည်။ အခြေအနေက ဆိုးဝါးသည်ထက် ဆိုးဝါးလာသည်။ နောက်ဆုံးတွင်တစ်အိမ်လုံး ဘာမှမရှိဖြစ်ကာ ရေထဲမျောနေကြသည်၊ တိုင်လုံးတွေ သစ်ချောင်းတွေ ပျဉ်းပြားတွေ လှိုင်းနဲ့ရောထွေးပြီး ဒုက္ခပေးသည်၊ ဆောင့်ရိုက်ကြသည်၊ အကုန်လုံး ဒဏ်ရာ ဒဏ်ချက်တွေ သွေးထွက်သံယိုတွေ ခံစားနေကြရသည်၊ ဒေါ်ခင်မျိုးဝင်းကတော့ သားလေးကို လက်မလွှတ်ရေထဲမှာ ကူးရင်းခတ်ရင်း အိမ်နောက်ဖေး စပါးစည့်တိုင်တွေကို အသီးသီး ဖက်တွယ်မိသည်။

ကိုလှစိုးက လှမ်းအော်ပြောသည် သဲ့သဲ့သားကြားနိုင်စွမ်းရှိသည် " တိုင်ထိပ်ပေါ် ဖက်တက်နေကြ၊ တိုင်ထိပ်ပေါ်ဖက်တက်နေကြ"

ညဉ့်က တဖြည်းဖြည်းနဲ့ နက်လာသည်။ အခြေအနေက ဆိုးဝါးသည်ထက် ဆိုးဝါးလာသည်။ နောက်ဆုံးတွင် တစ်အိမ်လုံး ဘာမှ မရှိဖြစ်ကာ ရေထဲမျောနေကြသည်၊ တိုင်လုံးတွေ သစ်ချောင်းတွေ ပျဉ်းပြားတွေ လှိုင်းနဲ့ရောထွေးပြီး ဒုက္ခပေးသည်၊ ဆောင့်ရိုက်ကြသည်၊ အကုန်လုံး ဒဏ်ရာ ဒဏ်ချက်တွေ သွေးထွက်သံယိုတွေ ခံစားနေကြရသည်၊ ဒေါ်ခင်မျိုးဝင်းကတော့ သားလေးကို လက်မလွှတ်ရေထဲမှာ ကူးရင်း ခတ်ရင်း…

မိသားစုအားလုံး တိုင်ထိပ်ပေါ်ဖက်တွယ်နေကြရပြီး ပြုတ်မကြအောင် တောင့်ခံထားကြရသည်။ ဒေါ်ခင်မျိုးဝင်းခမျာမှာတော့ လက်တစ်ဖက်က သားလေးကို ပွေ့ချီပြီး ခြေနှစ်ချောင်းဖြင့် တိုင်ကို ညှပ်၍ လက်တစ်ဖက်တည်းဖြင့်သာ ခက်ခက်ခဲခဲ တိုင်ထပ်အရောက်တက်ခဲ့ရလေသည်။

အဖြစ်ကဆိုးလိုက်လေချင်း အောက်က ရေလှိုင်းတွေက မကျ ကျအောင် ပုတ်ချ၊ လေက အရှိန်ပြင်းစွာတိုက်ခတ်ချ၊ မိုးစက်တွေက စူးရှနာကျင်အောင် နှိပ်စက်၊ လျှပ်စီးက ဝင်းခနဲ လက်ခနဲ ကြောက်ဖို့ကောင်းအောင် ပစ်၊ မိုးကလည်း ကြောက်ဖွယ်ကောင်းအောင် ချိမ်း၊ တကယ့်လောက ငရဲခန်း၊ လူတွေ တိရစ္ဆာန်တွေ မသေသေအောင် သတ်နေတဲ့ တကယ့်သေဘေးကြီးဖြစ်သည်။

ဒေါ်ခင်မျိုးဝင်းတစ်ယောက် လက်တစ်ဖက်က သားကို ပွေ့ထားရပြီး ကျန်လက်တစ်ဖက်ဖြင့် အသေအလဲ ဖက်ထားနေရသည်။ ည(၁)နာရီ လောက်ရောက်တော့ ရေကလဲတော်၊ ဗိုက်ထဲမှာလဲ အစာမရှိ ဆိုတော့ တုန်ရီမောဟိုက်၍ အင်အားတွေ ကုန်ခန်းစပြုကာ အကြောတွေ တက်လာပါတော့သည်။

သတိ မရတစ်ချက် ရတစ်ချက်၊ ဒါပေမယ့် လက်ထဲက သားလေးကိုတော့ ပြုတ်ကျမခံနိုင်၊ ဂရုစိုက်သည်၊ သို့သော် မထင်မှတ်ဘဲ လက်ထဲက ကလေးဖြုန်းဆို အောက်ပြုတ်ကျသွားပါတော့သည်။

"အမလေး ကယ်တော်မူကြပါရှင် ကျွန်မသားလေး ပြုတ်ကျသွားလို့ ကျွန်မသားလေး ကယ်တော်မူကြပါ ကယ်တော်မူကြပါ"

မိုးသံ၊ လေသံ လှိုင်းယက်သံကြားမှ သဲ့သဲ့ မပီဝိုးတဝါးကြားလိုက်ရသလို လျှပ်စီးအလက်မှာ မိခင်လက်ထဲတွင် သားမတွေ့ရတော့၍ အောက်ချက်ချင်းခုန်ဆင်းလိုက်၏။ ရေက ကျစပြုနေ၍ သုံးပေကျော်လောက်သာ နက်တော့၏၊ ဟိုစမ်း ဒီစမ်း မမြင်မကန်းနဲ့ ရှာတော့ ကလေးကို အသက်ရှင်လျက် ပြန်ရလိုက်၏ ။ သားဖောနဲ့ မိန်းမဆင်းလိုက်လာမှာ စိုးရိမ်တာနဲ့ ကလေးကို မြှောက်ပြီး " မိန်းမရေ ဒီမှာ မင်းရဲ့သားလေး ဒီမှာ မင်းရဲ့သားလေး" ထပ်ခါတလဲလဲ အော်ပြောကာ လက်တစ်ဖက်က သားကိုကိုင်၍ တိုင်ထိပ်ပေး ပြန်တက်လာခဲ့ပါသည်။

ဒေါ်ခင်မျိုးကား သူ့သားရှာမရဘူး ထင်၍ အောက်ကိုခုန်ချတာ ဦးလှစိုးက မြင်လိုက်ရသည်နှင့် “ မိန်းမရေ မဆင်းနဲ့ မဆင်းနဲ့ သေလိမ့်မယ် သေလိမ့်မယ် ပြန်တက်ခဲ့ ပြန်တက်ခဲ့” သူမကြားပါ မိမိအသက်ထက် တန်ဖိုးထားရမှာက မိမိကိုးလလွယ်ပြီး ဆယ်လတွင် ဖွားခဲ့ရတဲ့ သားသားလေး သေရင် သေပစေတော့ သားကို ရှာမရမချင်း အပေါ်သို့ ပြန်မတက်နိုင်။

“သားလေးရေ သားလေးရေ ဘယ်ဆီများ ရောက်နေသလဲကွယ် သားလေးကို အမေရှာနေတယ်” ပါးစပ်မှ ရွေရွတ်နေသည်။



“ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ” ဆိုသလို ရုတ်ခြည်းကောင်းကင်ပေါ်က မုန်းတိုင်း အားပျော့ လေက အပြောင်း မမျှော်လင့်ဘဲ ရေတွေလှိုင်းတွေ “ဝေါ ဝေါ ဝေါ” အသံကြီးနဲ့ အားကုန်ထိုးကျသွားပါတော့သည်။ ရှင်ကျန်တဲ့ လူတွေ၊ လူသေ တိရစ္ဆာန်သေတွေ၊ လှေ စက်လှေ သစ်သား သစ်ချောင်းတွေ၊ အရာဝတ္ထု တွေ အရှိန်ပြင်းပြင်းနဲ့ ရေစီးထဲ မျောပါ ကုန်တော့သည်။ ကိုလှစိုးကတော့ မိန်းမကို ကယ်တင်ချိန်မရလိုက် ကယ်ရင် ကယ်တဲ့လူပါ သေမှာဖြစ်လို့ တိုင်ထိပ်ပေါ်ကနေဘဲ မှန်း၍ ကြည့်နေပါတော့သည်၊ နောက်တစ်နာရီ အကြာတွင် မုန်တိုင်းပြီးကာ ညဥ့်နက် အမှောင်ထုအောက်တွင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါတော့သည်။ ဦးလှစိုးမှာတော့ အသက်ရှင်သန် လွတ်မြောက် ဖို့ရာနှင့်မိသားစု ဥမကွဲ သိုက်မပျက်ဖို့ရာ တစ်နာရီအလိုမှာ ကံကြမ္မာက ခါးသီးရက်စွာ ခွဲပစ်လိုက်တဲ့အတွက် သောကမျက်ရည် ဝေခဲ့ ရပါတော့သည်၊ ခင်မျိုးဝင်းအတွက် မဖြေဆည် နိုင်အောင် ခံစားရပါတော့တယ်။

ဩော် မိခင်မေတ္တာကား ကြီးမားပါပေ့ ဤကမ္ဘာမြေ၌ မိခင်တစ်ယောက်သည် သား အတွက် အသက်စွန့်၍ နာဂစ်မုန်တိုင်းအောက် ရောက်ခဲ့လေတော့၏။

♦ **အရှင်ကုဏ္ဍလ(လပွတ္တာ)**

# ကြည်ညိုဖွယ်ရာ ရတနာပန်းများကြားမှ ဖြင့်

ဗိုလ်ချုပ်မြေ တင်တင်ဝင်း



လောကတွင် လူမျိုးအသီးသီးနှင့် ၎င်းတို့ အားထားကိုးကွယ်ရာ ဘာသာအသီးသီး အယူဝါဒ အသီးသီးရှိကြရာ လူတိုင်းလူတိုင်း မိမိတို့ ကိုးကွယ်ရာ ဘာသာတရား၏ အခြေခံအကြောင်းအရာများနှင့် ၎င်းဘာသာ၏ အနှစ်သာရတို့ကိုပါ သိရှိထားကြရန် လိုအပ်လှပေသည်။

ထိုနည်းတူစွာ စာရေးသူအပါအဝင် ဗုဒ္ဓဘာသာဝင်မှန်သမျှတိုင်းသည်လည်း ဗုဒ္ဓဘာသာ၏ အခြေခံအကြောင်းအရာဖြစ်သော ကိုးကွယ်ရာ ဘုရားအကြောင်း တရားအကြောင်း သံဃာအကြောင်းနှင့် ကံနှင့်ကံ၏ အကျိုးပေးပုံ သရဏဂုံတည်ပုံ ငါးပါးသီလ ဆောက်တည်ပုံမှအစ အထိုက်အလျောက် သိထားကြရန် လိုအပ်လှပါသည်။

ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာ သုံးပါးဟူ၍လည်းကောင်း၊ သရဏဂုံ သုံးပါးဟူ၍လည်းကောင်း၊ ရတနာမြတ်သုံးပါးဟူ၍လည်းကောင်း တင်စားကာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရားဟူ၍ ပါးစပ်ဖျားမှ မချတမ်းပင် ရွတ်ဆိုကာ ပူဇော်နေကြ၏။

ရှိသေတယ်၊ မြတ်နိုးတယ်၊ ရှိခိုးပူဇော်တယ်ဆိုရာ၌ အမြတ်တနိုးတန်ဘိုးထားစရာမို့ တန်ဘိုးထားကြခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း လူတွေအမြတ်တနိုး တန်ဘိုးထားကြသည့် စိန် ရွှေ၊ ရတနာတို့ကို သုံးနှုန်းသလို ဘုရားရတနာ တရားရတနာ၊ သံဃာရတနာဟု တင်စားခြင်း ဖြစ်၏။

အကယ်စင်စစ် လောကအသုံးအဆောင် စိန်၊ ရွှေ အစရှိသည့် ရတနာတို့ကို အမြတ်တနိုး တန်ဖိုးထားသော်လည်း တစ်ဘဝ၊ တစ်သက်တာအတွက်သာ အသုံးဝင်မည်။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ

တို့သည် တစ်ဘဝအတွက်သာမက ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်မှသည် အေးငြိမ်းသည့်သန္တိသုခ နိဗ္ဗာန်ရသည့်တိုင် ကောင်းကျိုးကိုပေးနိုင်၏။

လေးစားမြတ်နိုး၊ အဖိုးထိုက်တန်
တုမဲ့ဟန်နှင့်၊ မြင်ရန်ခဲလတ်
သူမြတ်တို့သာ၊ သုံးဆောင်ရာ
ရတနာအနက်ငါး ဟူ၍ ရတနာ၏ ဂုဏ်ရည် ရတနာနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာတို့ကို ဤကဲ့သို့ တွေ့ရှိမှတ်သားထားခဲ့၏။

အဖိုးထိုက်တန် တုမဲ့ဟန် ဆိုသည့် စာသားကို စာရေးသူ အလွန်ကို နှစ်သက်မိသည်။ လောကသုံးပါးတွင် ယှဉ်ဖော်ယှဉ်ဖက်မရှိ အတုမရှိသည့်အပြင် နှိုင်းစရာအတူမရှိ၍လည်းကောင်း အတုပြု၍မရနိုင်သည်ဖြစ်၍ အနှိုင်းမဲ့ရတနာဟု ဗုဒ္ဓကို ညွှန်းဆိုကြ၏။

ဗုဒ္ဓဟောကြားခဲ့သည့် အဆုံးအမတရားတော်တို့သည်လည်း လောကသား (ကမ္ဘာသူကမ္ဘာသား) သတ္တဝါအားလုံးတို့၏ ဘဝသံသရာမှ လွတ်မြောက်ကြောင်းဖြစ်သော ဂုဏ်တော် (၆)မျိုးဖြင့် ပြည့်စုံ၍ ဓမ္မရတနာသည်လည်း အနှိုင်းမဲ့ ရတနာပင်ဖြစ်သည်။

ကျေးဇူးတော်ရှင် သံဃာတော်အရှင်မြတ် အစဉ်အဆက်တို့သည်လည်း ဗုဒ္ဓဟောကြားထားခဲ့သည့် အဆုံးအမ တရားတော်များကို နှစ်ပေါင်း (၂၅၀၀)ကျော်သည့်တိုင်အောင် နှုတ်ဆင့်ကမ်းကာ လက်ဆင့်ကမ်းကာ သည်ပိုးထမ်းရွက်တော်မူလာခဲ့ကြ၍ ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါများ၏ လောကီချမ်းသာ လောကုတ္တရာ ချမ်းသာများရရှိကာ နိဗ္ဗာန်ရသည့်တိုင် ကောင်းကျိုးများ ပေးနိုင်သဖြင့် သံဃာရတနာသည်လည်း အနှိုင်းမဲ့ရတနာပင် ဖြစ်ပါသည်။

ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ လောက၌ ဘုရားရှင်ပွင့်တော်မူခြင်းကား သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ဖြစ်၏ဟု မှတ်သားရဖူးပါသည်။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက “ ဗုဒ္ဓပွင့်ပေါ် ကျေးဇူးတော်” ဟူ၍ လင်္ကာစီကာ ပြထားခဲ့၏။

(၁) “ဘုရားရှင်တော်၊ မပွင့်ပေါ် လျှင်
လူတော်အများ၊ စိတ်ကောင်းထားလည်း
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ မသိရ များလှအပြစ်တွေ”

(၂) ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ သိကြရ များလှကျေးဇူးတွေ”
ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို
ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့
အမြတ်ရတနာ၊ သာသနာ၏
နိုင်ရာဝန်ထမ်းကိုယ်စီစွမ်းကြိုးပမ်းကြ
ပါလေ” ဟူ၍

ဆရာတော်ဘုရားကြီးက ဘုရား၊တရား သံဃာ ရတနာမြတ် သုံးပါးကျေးဇူး သိတတ်ဘို့နှင့် ကျေးဇူး ရှိသည့်နှင့်အညီ ကျေးဇူးသိတတ်၊ ဆပ်တတ်သူများအဖြစ်နှင့် မြတ်စွာဘုရား၏ သာသနာတော်ကြီး အရှည်တည်တံ့အောင် မိမိနိုင်ရာဘက်မှ တာဝန်ယူထမ်းရွက်ကြဖို့ကိုပါ မှာကြားလမ်းညွှန်တော်မူခဲ့ခြင်း ဖြစ်သည်။

မြတ်ဗုဒ္ဓသည် သာသနာတော်မြတ်ကြီးကို အရှည်တည်တံ့ပြန့်ပွားရန် သံဃာတော်များ ယနေ့ချိန်ထိ နှစ်ပေါင်း ၂၅၅၄ နှစ်ကြာအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရ၏။

ပထမသင်္ဂါယနာတင်ခဲ့ကြသော အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိတို့မှစ၍ ဆဋ္ဌသင်္ဂါယနာ တင်ခဲ့သည်အထိ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို အာဂုံရွတ်ဖတ် ဆောင်ထားပြီးမှ ပေထက် ကျောက်ထက် စာရွက်ပေါ် အက္ခရာတင်ခဲ့ကြသည်မှာ ရဟန်း၊ သံဃာတော်များသာ ဖြစ်ကြပါသည်။

တိုင်းပြည်အုပ်ချုပ်မင်းလုပ်သော သူတို့၏ အကူအညီလည်းမကင်းပါ များစွာလည်းလိုအပ်ပါသည်။ ပရိယတ္တိ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ရန် သင်္ဂါယနာတင်တော်မူကြသော ရဟန်း ရဟန်းသံဃာတော်များ အန္တရယ်ကင်းရန် ပစ္စည်းလေးပါး ပြည့်စုံစေရန် စောင့်ရှောက် ကာကွယ်၍ ပေးခဲ့ကြ၏။ ရှေးရှေးသော တိုင်းပြည်အုပ်ချုပ်သောမင်းများမှ ယနေ့အထိ စောင့်ရှောက်နေဆဲဖြစ်သည်။ ထိုကြောင့် သာသနာတော်ကြီးအရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိကပုဂ္ဂိုလ်များဖြစ်သည့် ရဟန်းသံဃာတော်များကို လှူဒါန်းထောက်ပံ့မည့်သူမရှိပါက မဖြစ်နိုင်ပါ။ အစိုးရမင်းများနှင့် ဒါယိကာ၊ ဒါယိကာမတို့က အားပေးကူညီပံ့ပိုးမှသာ တိုးတက်ကြီးပွားနိုင်ပါလိမ့်မည်ဟု တင်ပြလိုပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ကာစ စာသင်တိုက်များတွင် စာသင်သား (၅၀)ကျော်မှ (၁၀၀)အတွင်း ရှိကြပြီး အချို့စာသင်တိုက်ကြီးများတွင် (၆၀၀)ကျော် (၇၀၀)အထိရှိကြပြီး ၎င်းအရေအတွက်ထက်ပင် စာသင်သားသံဃာများသော စာသင်တိုက်ကြီးများပင် ရှိနေသည်ကို တွေ့ခဲ့ ရပါသည်။

ဤမျှများသော စာသင်သားတို့အတွက် စားဝတ်နေရေး၊ ပညာသင်ကြားပေးရေး၊ ကျန်းမာရေးစောင့်ရှောက်ပေးရမှု အပါအဝင် အခက်အခဲအကြပ်အတည်းများကို အပြင်လောက လူ့ဘဝတွင် မိသားစု(၇)ယောက်လောက် ဝန်းကျင်သာရှိသော မိသားစု၏ စားဝတ်နေရေး၊ ပညာသင်ရေး ကျန်းမာရေးအတွက် ကုန်ကျမှုပမာဏနှင့်သာ နှိုင်းယှဉ်၍ကြည့်မည်ဆိုက စာသင်တိုက်ကြီးတစ်တိုက်၏ ကြုံတွေ့ရမည့် အခက်အခဲသေးငယ်လိမ့်မည် မဟုတ်ဟု တွေးမိသည်။

ဘယ်လိုပင်ခက်ခဲစေကာမူ ဆရာနှင့်ဒကာ စေတနာတူစွာထား၍ သာသနာတော်အရှည်တည်တံ့စေရေး မျှော်တွေးကာ ဖူးပေါင်း၍ စားဝတ်နေရေးဖြည့်ဆည်းပေး၍ ပရိယတ္တိစာပေများကို သင်ကြားပေးရုံမျှမက ဝိနည်းစည်းကမ်းတွေကိုပါ လိုက်နာကြစေပြီး ဝိပဿနာ ဘာဝနာတရားတွေကိုပါ ရှုမှတ်ပွားများနေကြသည်ကို ကြည်ညိုစွာ ဖူးတွေ့ရပါသည်။

ခုရနှစ်ဖြာစလုံးကို ကြိုးစားထမ်းရွက်နေကြရသော စာသင်သား သံဃာလေးများနှင့် ရှင်သာမဏေငယ်လေးများသည် များသောအားဖြင့် မြို့နေသူ၊ မြို့ကြီးသားများ၏ သားလေးများမဟုတ်ကြဘဲ ကျေးလက်တောရွာများမှ ဆင်းရဲသားမိသားစုများမှ မွေးဖွားသူတောသားလူငယ်လေးများသာဖြစ်ကြ၍ ဆင်းရဲနွမ်းပါးရှာကြပါသည်။

တောရွာများမှ မြို့သို့လာ၍ စာသင်ကြရသူများဖြစ်၍ မိဝေး၊ ဖဝေး ဆွေမျိုးဝေး ဒေသဝေးမှ လာပြီး နေကြရသူလေးများဖြစ်၍တကြောင်း မိဘများမှာလည်း တောနေလူတန်းစားဆင်းရဲသား မိသားစုများ ဖြစ်နေကြသည်ကတကြောင်းမို့ ထောက်ပံ့ကူညီမှုအရ နည်းကြရပြီး ယခုအခါ အချို့ရှင်သာမဏေငယ်လေးများကို ဂရုစိုက်၍ လှူဒါန်းမည့်သူ မရှိသလောက်ရှားပါးနေသည်ကို တွေ့မြင်နေကြရပါသည်။

ရေရှားရာ၌ မိုးများရွာစေချင်နေမိသည် ဆင်းရဲနွမ်းပါး၍ ဆွမ်း၊ ကွမ်း ကိစ္စမှစ၍ စာအုပ်စာတမ်း၊ ရရှိရေးတို့မှ အစချို့တဲ့နေရှာသော ရှင်သာမဏေငယ်လေးများ ဘဝမြင့်တင်ပေးစေချင်နေမိသည်။

ရေများရာ ရွာချသာမိုးကဲ့သို့ အဟောသိကံ ဖြစ်မသွားဘဲ သာသနာတော်ကြီး အရှည်တည်တံ့အောင် ချီးမြှောက်ထောက်ပံ့သောကုသိုလ်ထူးကို ရရှိကြမည်မှာ မလွဲဧကန်အမှန်ပင် ဖြစ်ပါသည်။

စာရေးသူမှာကော ဒီလိုသဒ္ဓါတရားမျိုး ရှိပြီး တကယ်ရော ချီးမြှောက်ထောက်ပံ့ရဲ့လား ဟု မေးလာပါက အမေးခံနိုင်ပါသည်။

အနာဂတ်သာသနာတော်ကြီးကို လက်ဆင့်ကမ်းပြီးတာဝန်ယူကာ သည်ပိုးထမ်းဆောင်ကြမည့် သာသနာ့အာဇာနည်လောင်းလျာလေးများဟု ခံယူနှလုံးသွင်းကာ စွမ်းနိုင်သမျှ ကြိုးစား၍လှူဒါန်းပါသည်ဟုဖြေပါမည်။

စာရေးသူသားသမီး(၆)ယောက်ရှိရာ သား(၃)ယောက်ပါသော်လည်း ရှင်သာမဏေကြာကြာဝတ်လိုသည့် သားတစ်ယောက်မှမပါခဲ့သလို ဒုလ္လဘရဟန်းကိုပင် (၁၀)ရက်ပြည့်အောင် ဝတ်လိုသော သားလည်းတစ်ယောက်မှမပါခဲ့ပဲ မြန်မြန်လူဝတ်လဲကာပြန်လာကြသည်။

ဟိုးယခင်စာရေးသူကိုယ်တိုင်ကလည်း ငယ်ရွယ်ခဲ့သည့် အလျောက်ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးနှင့်ဘာ သာသာသနာ၏ ကျေးဇူးကို သိတတ်မှုအားနည်းခဲ့ခြင်းကြောင့်လည်းတကြောင်းပါဝင်မည်ထင်သည်။

ယခုကဲ့သို့သော အသိတရားမျိုးယခင်အခါများကရှိခဲ့ပါကသား တစ်ယောက်ယောက်ကို သာသနာ့ဘောင်ရောက်အောင် တိုက်တွန်းဖြစ်မည်ထင်သည် ဗုဒ္ဓဘာသာဝင်အမျိုးသမီး (၁၀၀) မှာ သာသနာ့အကျိုးသည်ပိုးမည့် ရှင်သာမဏေတစ်ပါး၊ရဟန်းတစ်ပါးနှုန်း မွေးဖွားပေးနိုင်ခြင်းမရှိပါ၊ ဤအထဲတွင်စာရေးသူလည်း ပါဝင်နေ၏။

သို့ဖြစ်၍ကြာကြာနေလေ ရှားရှားပြီးလာလေဖြစ်သည့် ရှားပါးလှသည့်သာမဏေလေးများနှင့်ရဟန်းတော်များကို တန်ဖိုးထားမိနေခြင်းဖြစ်နေပါသည်။

အလျဉ်းသင့်၍ ဣန္ဒြေကို စောင့်စည်းပြီး ဆွမ်းခံရန်ကြွလာသည့် ရှင်သာမဏေငယ်လေး တစ်ပါးကို အမှတ်မထင် ဖူးမြင်မိရာမှ ကြည်ညိုသည့် သဒ္ဓါစိတ်ဖြင့် ပင့်ဖိတ်၍ ဆွမ်းလောင်းလှူမိရာမှ သမဏာနဥ္စဒဿန မင်္ဂလာဖြစ်သွားပြီး အခြားဘာသာဝင်အဖြစ်မှ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်သူ သာသနာ့သမိုင်းဝင် ဥပါသကာ သာသနာ့ဒါယကာကြီး ဘဝသို့ ရောက်ရှိသွားသော လေးမည်ရ သီရိဓမ္မာသောကမင်းကြီးအကြောင်း တစေ့တစောင်း တင်ပြလိုပါသည်။

သာမဏေငယ်လေးကတော့ (၇)နှစ်သာရှိသေးတဲ့ နိဂြောဓသာမဏေငယ်လေးပါ။ ၎င်း၏ (ဥပဇ္ဈာယ်)ဆရာဖြစ်တဲ့ ဝရုဏရဟန္တာအရှင်မြတ်ကြီးက “ရဟန်းဆိုတာ ငြိမ်သက်သော ဣန္ဒြေရှိရမယ် မိမိ၏ရှေ့ကို (၄)တောင်ထက်ပိုပြီး မကြည့်ရဘူး မျက်လွှာကိုလည်း ချထားရပါမယ်။ မိမိအား မြင်သူများမှာ မကြည်ညိုသေးသော ပုဂ္ဂိုလ်ဖြစ်ပါက ကြည်ညိုဖွယ်ဖြစ်အောင် ကြည်ညိုပြီးသား ပုဂ္ဂိုလ်များ မြင်ပါကလည်း ကြည်ညိုသည်ထက် ကြည်ညိုအောင် ဣန္ဒြေကို စောင့်စည်းပြီး ဣရိယာပုထ်(၄)ပါးစလုံး ကြည်ညိုဘွယ်ဖြစ်အောင် နေထိုင်တတ်ဖို့ သင်ကြားထားသည်ဆို၏။

ဆရာ့ဆုံးမစကားကို ဦးထိပ်မှာပန်ဆင်ပြီး ဣန္ဒြေကို စောင့်စည်းပြီးကြွလာသည့် နိဂြောဓသာမဏေလေးကို မြင်ကာမျှဖြင့် ဖူးမျှော်မဝနိုင်ပဲ ကြည်ညိုလှသဖြင့် နန်းတော်တွင်းသို့ အပင့်ခိုင်းရာ အမှတ်သတိကိုခြေလှမ်းတိုင်း မလွတ်တဲကြွနေတော်မူသဖြင့် ဆန္ဒစောလွန်းသော ဘုရင်ကြီးအဖို့ စောင့်ရတာကြာသည်ဟုထင်နေတော့၏။

နန်းတွင်းသို့ ရောက်လာသည့်အခါတွင် အရှင်ဘုရားနှင့်သင့်လျော်သောနေရာတွင် သီတင်းသုံးရန်လျှောက်ထားရာ ရဟန်းနှင့်သင့်လျော်သောနေရာသည် ရာဇပလ္လင်သာဖြစ်သည့်အလျောက် နိဂြောဓသာမဏေငယ်လေးက ရာဇပလ္လင်ပေါ်တွင် သီတင်းသုံးတော့သည်။

မကြုံစဖူးထူးကဲစွာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အံ့ဩဘနန်းကြက်သီးဖြန်းဖြန်းထကာ လက်အုပ်ချီမိုးရှိခိုးကာ ဘယ်သူ၏ သားတော်ပါလဲ ဘွဲ့အမည်ဘယ်လိုခေါ်ပါသလဲ ဘယ်အယူဝါဒအရှိပါသလဲဟု မေးလျှောက်လေရာ ဗုဒ္ဓ၏သားတော်ဖြစ်ပြီး ဘွဲ့အမည်မှာ နိဂြောဓသာမဏေဖြစ်ကြောင်းနှင့် သစ္စာဝါဒမှန်ကန်သော အယူကိုယူကြောင်း ဖြေကြားတော်မူလိုက်ပါသည်။

ၡင်းနောက်ဆွမ်းကပ်လျှုရာ မိမိအတွက် အလှူမခံသေးဘဲ ၎င်း၏ ဆရာနှင့်အတူနေရဟန်းသံဃာအဆင့်ဆင့်တို့ကို ပါလှူစေပြီးမှမိမိအတွက် အလှူခံတော်မူပြီး နိဂြောဓသာမဏေငယ်လေးမှ အပ္ပမာဒေါအမတံပဒံ ပမာဒေါမစ္စုနောပဒံ ဟူသော ဂါထာလေးနှစ်ပုဒ်ကို ဟောရုံမျှဖြင့် အသောကမင်းကြီး၏ ဒိဋ္ဌိတက္ကတွန်းတို့ကို ကိုးကွယ်သော ဘဝမှအပြောင်းလဲကြီး ပြောင်းလဲသွားကာ သာသနာပြုမင်းအဖြစ်ခံယူလိုက်တော့သည်။

၎င်းမင်းကြီးကို မယ်တော် ဓမ္မာမင်းသမီးက ကိုယ်ဝန်ဆောင်ထားရစဉ်ကတည်းက ထူးခြားသော ချင်ခြင်းများ တပ်မက်သည်ကို အကျယ်မရေးလိုတော့ပါ။ အဓိကကတော့ ဇမ္ဗူဒိပ်ကျွန်း၏ အထက်ရော အောက်ပါ တစ်ယူဇနာထိ အာဏာစက်ပျံ့နှံ့မည့်မင်းဖြစ်ပြီး နေတစ်ပါးလတစ်ပါးကဲ့သို့ ထွန်းလင်းမည့်မင်းတစ်ပါးလည်းဖြစ်မည် ဒိဋ္ဌိတက္ကထွန်း တွေကိုဖြိုခွင်းကာသာသနာရောင် ထွန်းပြောင်စေမည်ဖြစ်ကြောင်း မင်းဆရာ ဇီဝကက ဟောကိန်းထုတ်ခဲ့၏။

ထူးခြားသော ချင်ခြင်းများတပ်ကာ မွေးဖွားလာခဲ့သော သားရတနာဖြစ်၍ စိုးရိမ်စရာဘာမှမရှိသောအဓိပ္ပာယ်ဖြင့် အသောကဟူသော ဘွဲ့အမည်ချီးမြှင့်တော်မူခဲ့သည်။ နိဂြောဓ သာမဏေလေးနှင့် မတွေ့ရသေးခင်က သူ၏ညီနောင် (၉၉) ယောက်ကို သတ်ဖြတ်မင်းလုပ်ပြီး တိုင်းနိုင်ငံချဲ့ထွင်ကာ စစ်ပွဲတွေ တရစပ်ဆင်နွှဲအောင်ပွဲခံနေသဖြင့်နေ့စဉ်လူပေါင်းများစွာကို သတ်ဖြတ်နေသော ကြောင့်ရက်စက်ကြမ်းကြုတ်သော မင်းစဏ္ဍာသောက ဟူ၍အမည်တွင်ခဲ့၏။

ယင်းနောက် နိဂြောဓသာမဏေငယ်လေးနှင့်တွေ့ပြီးကြည်ညိုသည့် သဒ္ဓါစိတ်ဖြစ်ပွားရာမှ အစပြု၍ဘဝတစ်ခုလုံးကိုပြောင်းလဲပြစ်လိုက်ကာရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိနားလည်လာခြင်း ကောင်းမှုပြုမှ ကောင်းကျိုးရမည်ဖြစ်ပြီး မကောင်းမှုတွေပြုပါက မကောင်းကျိုးတွေကိုသာ ရရှိခံစားကြရမှာဖြစ်သည်။ ကံနှင့်ကံ၏အကျိုးတို့ကို သိနားလည်လာသည့် အခါမှာ ဓမ္မာသောက မင်းကြီးရယ်လို့ ဘွဲ့အမည်ဟော်ကို ရရှိခဲ့ပြန်ပါတော့သည်။

◆ ဗိုလ်ချုပ်မြေ-တင်တင်ဝင်း

# နန္ဒာရေညို ခံရာရွှေဘို

## မြန်မာ့မြေကို



ရန်ကုန်မြို့ပေါ် မေမပျော်ဘူး
ရွှေခေါ်ဘိုဆက် ကိုယ်မြို့ဘက်သို့
တ လျက်လွမ်းကာ ဆွေးမိပါရဲ့
တွေးကာမချိ မျိုးသဟာမိတို့
အိုဘိနာရ အနိစ္စကြောင့်
ဝေးစွမြေမှာ နေရပါလည်း

ဣစ္ဆာသယ ကုန်းတော်လှမှ
လောကမာရဇိန် မြတ်မုနိန်နှင့်
ရှိန်ဝါရောင်ညီး ကျောင်းကြီးမှာပျော်
ဆရာတော်နှင့် ဖူးမြော်မဝ ရွှေချက်ကျနှင့်
နာမသမိုက် ပိဋကတ်တိုက်ဝယ်
သိုက်မြိုက်ရွှင်ပြုံး သီတင်းသုံးသည့်
နောင်ဘုန်းညီဘွား ထေရ်ရှင်များပြင်

မြင့်မားကျက်သရေ သင်တန်းမြေမှ
များထွေဂုဏ်ပေါင်း ရန်ခညောင်းသည့်
အရှင်ကောင်း ကုသလ မြတ်ထေရနှင့်
စာချလာပွား သံဃာများပြင်
တွက်ပြားရေစစ် ကျောင်းခွန်ရှစ်မှ
ရှင်ချစ်မြတ်ဘုရား သားတော်များကို
ညွတ်တွားဦးချ ဆယ်ဖြာသ၏။

သိဃ်ကျက်သရေ တက်ဖြိုးဝေသည်
အောင်မြေကျော့ကျော့ ကုန်းမော့မော့နှင့်
ဘိုးတော့်ကောင်းမှု တည်ထားပြုသည့်
ဇမ္ဗူဆီမီး ခြောက်ရောင်ငြိုးမျှ
ဂူကြီးသခင် ရွှေလင်းပင်နှင့်
ရွှေခြသေ့်မွေ စ၍ရေသော်
ရွှေစေတီကြီး အသီးသီးမှ
ထိန်ညီးရောင်လျှန်း ရွှေရောင်တန်းကို
မျှော်မှန်း၍သာ ဦးခိုက်ပါသည်
စိတ်မှန်း၍သာ ဖူးလိုက်ပါသည်
မွေးဌာနီမှ ဝေးသောကြောင့်

မိတ်ပေါင်းကလျာ မျိုးသဟာကို
ကျန်းမာရွှင်လန်း မေတ္တာဖြန်းသည်
ဘေးမသန်းရန်မခ အေးစေကြောင်း ။

■ ခင်သဇင်မြိုင် (ရွှေဘို)

# ဤသင်တန်းမျိုး မျှော်မိသည်

**ရွှေတိုက်စိုး**



ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၏ သိမ်ရေစက်ချအလှူမင်္ဂလာအထိမ်းအမှတ်ထုတ်ဝေသည့် မဂ္ဂဇင်းအတွက် စာမူများ ပေးပို့ရန် ရွှာမပရိယတ္တိစာသင်တိုက်အတွင်းသို့ ကျွန်တော်ရောက်ခဲ့သည်။ မဂ္ဂဇင်းအယ်ဒီတာ ဖြစ်သူ စာရေးဆရာ ရွှေဘိုမင်းသုခ (အရှင်ပညာဇောတ)အား သိမ်အောက်ထပ် အဆောင်၌ တွေ့ရသည်၊ စာမူပေးရင်းစကား စပြောကြရာ ဆရာရွှေဘိုမင်းသုခက ရွှာမပရိယတ္တိစာသင်တိုက် နှစ်(၄၀)ပြည့်အထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်၍ ယင်းမဂ္ဂဇင်းအတွက် လည်း စာမူပေးပို့ရန်ပြောသည်။ ၂၀၀၇-ခုနှစ် တွင် ရွှာမပရိယတ္တိစာသင်တိုက်မှ ထုတ်ဝေခဲ့ပြီးဖြစ်သော အဘိဓေဂုဏ်ရည်မဂ္ဂဇင်းကြီး တွင် စာသင်တိုက်ကြီး၏ အကြောင်းအရာစုံကို ရှုထောင့်အစုံမှ ရေးသားခဲ့ကြပြီးဖြစ်သောကြောင့် ရေးစရာမကျန်တော့ကြောင်း ပြောလိုက်သည်၊ ဆရာရွှေဘိုမင်းသုခ-က ဒကာကြီးက ရွှာမသားပဲ ကိုယ့်အမှတ်တရ ဖြစ်ခဲ့ရတဲ့ အကြောင်းအရာဝတ္ထုကို ရေးပေါ့-ဟု ပြော၏၊ ကျွန်တော်လည်း ပြန်ထွက်လာရာ၌ ကျောင်းတိုက်ဝင်းအတွင်းရှိ ရွှေသာလျောင်း ဘုရားကြီးကိုဝင်၍ဦးချသည်၊ ထိုစဉ် ကျောင်း စိမ်းဝတ်ထားသော ကလေးငယ်နှစ်ယောက် ဘုရားရှေ့တွင် ပြေးလာဆော့ကစားနေသည်ကို တွေ့ရသည်။ ကျောင်းမတက်မီ ကစားနေ ခြင်းဖြစ်ဟန်တူသည်။ သူတို့နှစ်ယောက်ကို ကြည့်၍ ကျွန်တော်ငယ်စဉ်က တက်ရောက်ခဲ့သော

ရွာမပရိယတ္တိစာသင်တိုက်၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ပြန်လည်သတိရမိလေသည်။

ကျွန်တော် ပဥ္စမတန်းစာမေးပွဲ ဖြေဆိုပြီးသည့် ၁၉၈၆ခုနှစ် နွေရာသီတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို စတင်တက်ရောက်ခဲ့သည်၊ ရွာမပရိယတ္တိစာသင်တိုက်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို အငယ်တန်း အလယ်တန်း အကြီးတန်းဟုသုံးမျိုးခွဲထားပြီး စတက်လျှင်အငယ်တန်းမှ စတက်ရသည်၊ အငယ်တန်းအောင်မြင်ပြီးမှ နောက်တစ်နှစ် တွင် အလတ်တန်းတက်ရသည်၊ အလတ်တန်းအောင်မြင်မှ အကြီးတန်း ဆက်တက်နိုင်ပြီး အကြီးတန်းအောင်မြင်ပြီးလျှင် နောက်နှစ်များ၌ ယင်းအကြီးတန်းကိုပင် ပြန် လည်တက်ရောက်သင်ယူနိုင်သည်၊ အချို့မှာ သင်တန်းတက်ရသည်ကိုပျော်သဖြင့် အကြီး တန်းအောင်မြင်ပြီးသော်လည်း နောက်နှစ်များ၌ အကြီးတန်းကို ပင်ထပ်မံတက်ရောက်ကြသည်။

အငယ်တန်း (အခြေပြုတန်း)၌ ဗုဒ္ဓဝင်ကို ပြည့်ပြည့်စုံစုံသင်ရသည်၊ ဘုရားအလောင်းသေတကေတုနတ်သားအား ဘုရားဖြစ်ချိန်တန်ပါပြီဟု နတ်ပြဟ္မာအပေါင်းက တောင်းပန်မှုကြောင့် နတ်ပြည်မှ စုတေပြီး မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်လေသည်မှစ၍ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီး ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်များကို ခွဲဝေရယူကြသည်အထိဖြစ်သည်။ ပြီးနောက် ဂုဏ်တော်များ၏ ပါဠိနှင့်အနက် ဘုရားရှိခိုး အမျိုးမျိုးနှင့် မေတ္တာပို့အမျှဝေတို့အား အရေး အဖတ်အလွတ်ရသည်အထိ ကျက်မှတ်သင်ယူကြရသည်။ ယင်းကို ယဉ်ကျေးမှုသင်ရိုးဟု ခေါ်သည်။

အလတ်တန်းတွင်မူ အငယ်တန်းမှ ယဉ်ကျေးမှုသင်ရိုးကိုလည်း ထပ်မံသင်ယူရသည်။ မြန်မာစာသင်ရိုးကိုလည်း သင်ယူရသည်။ မြန်မာစာသင်ရိုးတွင် ရှင်မဟာရဋ္ဌသာရဆုံးမစာ ရှင်မဟာသီလဝံသ ဆုံးမစာ ကံတော်မင်ကျောင်းဆရာတော်ဆုံးမစာ စသည့် ဆုံးမစာ ရှည်ကြီးများနှင့် လောကနီတိ ကိုသင်ရသည်။ လောကနီတိကို ပါဠိနှင့်အနက် နှစ်မျိုးတွဲ၍ ကျက်မှတ်ရသဖြင့် ခက်ခဲလေ သည်။

အကြီးတန်းတွင် ယဉ်ကျေးမှုသင်ရိုး မြန်မာစာသင်ရိုးတို့ကို ထပ်မံသင်ယူရပြန်သေးသည်။ ထို့အပြင် ခက်ခဲပါသည်ဆိုသော မြန်မာစာသင်ရိုး၏ အဆတစ်ရာခက်ခဲသည့် အဘိဓမ္မာအကျဉ်းကို သင်ယူရသည်။ အဘိဓမ္မာအကျဉ်းသင်ရိုးအား "ပရမတ် သဂြိုဟ်တတ်မြောက်လိုလူဗိုလ်တောင်းပန်ဘိ၊ သဂြိုဟ်ဉာဏ်လောက် အမြန်ရောက် သံပေါက်ဆိုပိမ့်ဘိ" ဟုအစချီသော သံပေါက်ကဗျာများဖြင့် သင်ကြရသည်။ သာမန်သင်ကြားရခက်ခဲသော အဘိဓမ္မာစာပေအား "စိတ် စေတသိက် ရုပ် နိဗ္ဗာန်လေးရပ်ပရမတ်။ သိပယ်ဆိုက်ပွား လေးပါးကိစ္စ အမှန်ရမှချပရမတ်"ဟူသည့် မှတ်ရလွယ်သော သံပေါက်များဖြင့် သင်ကြားရသောကြောင့် ခက်ခဲနက်နဲသော အဘိဓမ္မာကို အကျဉ်းနည်းဖြင့် သင်ယူတတ်မြောက်ခဲ့ကြရသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ရိုးညွှန်းတန်းစာအုပ်အား သာသနာရေးဝန်ကြီး ဌာနမှထုတ်ဝေပြီး သင်တန်းမှ အခမဲ့ပေးဝေသည်။ သင်တန်းအား ရွာမပရိယတ္တိစာသင်တိုက်ရှိဓမ္မာရုံ (ယခုဖျက်သိမ်းပြီး)တွင် သွားရောက်အပ်နှံကြရသည်။ နွေရာသီစာသင်ကျောင်းများစာမေးပွဲဖြေအပြီး တစ်ပတ်ခန့်အကြာတွင် သင်

တန်းကို ဖွင့်လှစ်လေ့ရှိသည်။ သင်တန်းအပ်နှံခြင်း သင်တန်းတက်ရောက်ခြင်းတို့အတွက် မည်သည့်ငွေကြေးမှ ပေးသွင်းရခြင်းမရှိပေ။

သင်ကြားပေးသည့် ဆရာတော်များမှာလည်း ပရိယတ္တိစာချဆရာတော်များပင် ဖြစ်သည်။ သင်ကြားပြသမှုကောင်းမွန်ပြီး စိတ်ရှည်သည်းခံသည့်ဆရာတော်များသာ သင်ကြားပေးကြသဖြင့် သင်တန်းသား သင်တန်းသူအားလုံးသည် ဆရာများကို ကြည်ညိုရှိသေကြသည်။ သင်တန်းမှာ နှစ်လခန့်ကြာမြင့်သော်လည်း သင်တန်းမပြီးဆုံးမီ ထွက်သွားသော သင်တန်းသားဟူ၍ မရှိသလောက်ပင်။

အငယ်တန်းကို ဓမ္မာရုံအတွင်း၌လည်းကောင်း၊ အလတ်တန်းကို မဓာဝံသကျောင်းဆောင်အောက်ထပ်၌လည်းကောင်း အကြီးတန်းကို နှစ်ကျိပ်ရှစ်ဆူဘုရားတန်ဆောင်း (ယခုဖျက်သိမ်း ပြုပြင်ပြီး)၌လည်းကောင်း သင်ကြားရသည်။ သင်တန်းချိန်မှာ နံနက်(၇) နာရီမှ(၁၁)နာရီအထိ သင်၍ ထမင်းစားချိန်တစ်နာရီးပေးကာ နေ့လည်(၁၂)နာရီမှ ညနေ(၄)နာရီအထိ တစ်နေကုန်သင်ရသည်။ သင်တန်းမစမီ ဘုရားရှိခိုးစေပြီး ယခင်နေ့က သင်ပြီးဖြစ်သော စာများကို တစ်ဦးချင်း အံစေသည်။ ညနေ သင်တန်းလွှတ်ချိန်၌လည်း ဘုရားရှိခိုးအမျှဝေ ပြီးမှ သင်တန်းလွှတ်သည်။ သင်တန်းပိတ်ရက်မရှိချေ။ ယင်းသို့သင်ရသော်လည်း ကျွန်တော်တို့ ပျော်ကြသည်။ ထမင်းစားချိန်(၁)နာရီတွင် အိမ်သို့ အပြေးပြန်၍ ထမင်းအမြန်စားသည်။ ပြီးလျှင် ဘုရားကြား၌ ထန်းနို့စစ်တိုက်တန်း ကစားရန်ဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူဘုရားဘေး တစ်ဝဂ္ဂဘုရားဘေးနှင့် ကျောင်းအဝင်မုခ်ဦးဘေးတို့တွင် ထန်းပင်များရှိသည်။ ယင်းထန်းပင်များမှ ခြောက်၍ကြွေကျသော ထန်းနို့ချောင်းမည်းမည်းရှည်ရှည်များကို ထမင်းစားလွှတ်သည်နှင့် အလုအယက်ပြေးကောက်စုဆောင်းရ၏။ ထန်းနို့ချောင်းများကို အပိုင်းပိုင်းချိုး၍ တစ်ဦးနှင့်တစ်ဦး ပစ်ပေါက်ကာ စစ်တိုက်ကြခြင်းဖြစ်သည်။ ထန်းနို့ချောင်း သည် ခြောက်သည့်အခါ ပွ၍ ဖွာသောကြောင့် ပစ်ပေါက်လျှင် နာကျင်ဒဏ်ရာရခြင်းမရှိချေ။ ထန်းနို့စစ်တိုက်ရာတွင် တစ်ဘက်နှင့် တစ်ဘက် အုပ်စုခွဲ၍ ကစားကြခြင်းဖြစ်သော ကြောင့် ဘုရားများနှင့် ကျောင်းဆောင်များ ကြားတွင် ပြေးကြ၊ လွှားကြ၊ ပစ်ကြ၊ ပေါက်ကြဖြင့် အလွန်ပျော်ဖို့ကောင်းလေသည်။ တစ်ခါတစ်ရံ ကျောင်းဆောင်များကိုသွား ရောက်ထိမှန်၍ အတွင်း ဦးပဉ္စင်းတစ်ပါးပါးမှ ဟေ့ ဘယ်ကောင်တွေလဲ ဟုဆိုကာ ထွက်လာလျှင် မိမိတို့လက်ထဲရှိ ထန်းနို့ချောင်းများ အလျှင်အမြန်ပစ်ချကာ မိမိနှင့်မဆိုင်သလို ပုံဖမ်းနေကြရသည်။ ဆရာတော်အား သွားရောက်တိုင်ကြားပါက အရိုက်ခံရနိုင်၍ ဖြစ်သည်။ ထိုသို့ကစားရသည်ကို ပျော်သဖြင့် တစ်ခါတစ်ရံ အိမ်သို့ပင် ထမင်းပြန်၍ မစားပေ။ ဆွမ်းစားကျောင်းဆောင်သို့သွားကာ မိမိနှင့်ရင်းနှီးသော ဦးပဉ္စင်းများထံမှ ဆွမ်းကျန် တောင်းစားပြီး ကစားလေ့ရှိသည်။

ထို့အပြင် ယဉ်ကျေးမှုသင်တန်း တက်ရောက်ရာ၌ နှစ်သက်ဖွယ်အချက်တစ်ခုလည်း ရှိသေးသည်။ နေ့စဉ်နီးပါးခန့် အစားအသောက်လာရောက် လှူဒါန်းသူများလည်း ရှိကြသည်။ သင်တန်းသား သင်တန်းသူများအား အအေး၊ သကြားလုံးနှင့် မုန့်ပဲသားရေစာများ ကုသိုလ်ပြုလာရောက်လှူဒါန်းကြသဖြင့် မုန့်ဝယ်စားရန် ပင်မလိုအပ်ချေ။ ကျောင်း၌

အလှူအတန်းရှသည့်အခါတွင်လည်း သင်တန်းသားများကိုစနစ်တကျ သွားရောက်စားသောက်စေသည်။ ယင်းကဲ့သို့ အစားလည်းကျွေး၊ ပညာလည်းပေးသော သင်တန်းမျိုးယနေ့ခေတ်အခါသမယတွင် တွေ့ရှိရန် ခဲယဉ်းသွားပြီးဖြစ်သည်။

သင်တန်းတာဝန်ခံဆရာတော်များမှာလည်း အသင်အပြအလွန်တော်၏၊ အလွတ်ကျက်မှတ်စေခြင်းသာမဟုတ်ဘဲ သဘောပေါက်နားလည်သည်အထိ သင်ကြား ပေးနိုင်ကြသည်၊ ဓာတ်ကြီးလေးပါးအကြောင်း သင်ကြားပေးသည့်သင်တန်းသားတစ်ယောက် အားမြေဖြူတစ်ချောင်းကို ဓာတ်ကြီးလေးပါးသရုပ်ခွဲပြပါဟု မေးလိုက်သည်နှင့် သင်တန်းသားမှ မြေဖြူသည် မြေကြီးဖြင့် ပြုလုပ်သဖြင့်ပထဝီဓာတ်၊ ရေဖြင့် ရောနှောရသဖြင့် အာပေါဓာတ်၊ နေပူလှန်းရသဖြင့် တေဇောဓာတ်၊ လေသလပ်အခြောက်ခံ ရသဖြင့် ဝါယောဓာတ်တို့ပါဝင်ကြောင်း မိမိ ကိုယ်ပိုင်ထိုးထွင်း ဉာဏ်ဖြင့် ဖြေဆိုနိုင်သည်အထိ သင်ကြားပေးကြသည်။ သင်တန်းဆရာတော်များသာမကရံဖန်ရံခါတွင် ကျောင်းထိုင်ပဓာနနာယက ဆရာတော် ဦးနန္ဒဝံသမှလည်းကောင်း၊ တိုက်အုပ်ဆရာတော် ဦးတိလောကာဘိဝံသမှလည်းကောင်း ဝင်ရောက်သွန်သင်ပြသပေးလေ့ရှိသည်။

မှတ်မိသေးသည် ဆရာတော်အရှင်တိလောကာဘိဝံသသည် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်တွင် ဒုတိယပါမောက္ခချုပ်တာဝန်ဖြင့်ကမ္ဘာအေးကုန်းမြေ၌ သွားရောက်တာဝန်ထမ်းဆောင်နေရာမှ ရွာမပရိယတ္တိစာသင်တိုက်သို့ပြန်လည်ကြွရောက်သီတင်းသုံးသည့်အချိန်ကလည်း ကျွန်တော်တို့ယဉ်ကျေးမှုသင်တန်းသားများပါသွားရောက် ပင့်ဆောင်ကြရသည်။ ဆရာတော်အား ပင့်ဆောင်သည့်လမ်းတစ်လျှောက်၌

ဦးတိလောကဘိသံသမထေရ်အရှင်
သာသနာရေးအား ပေးခုံမင်
ရှေ့ဆက်လုပ်ငန်း ရှင်လန်းကြည်လင်
အောင်မြင်ရေး ဆုတောင်းပေးစေချင်

စသည့် သံပေါက်ကဗျာကို တစ်လမ်းလုံး ရွတ်ဆို၍ ပင့်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ မိမိတို့ရပ်ရွာမှ ပညာတတ်ဆရာတော်ကြီးအား မိမိတို့ရပ်ရွာကို ပြန်လည်ပင့်ဆောင်ခွင့်ရသဖြင့် ဝမ်းသာပီတိဖြစ်စွာ မမောနိုင်မပန်းနိုင်ရွတ်ဆိုလာခဲ့ကြသည်။

သင်တန်းသားများသည် ရွာမပရိယတ္တိစာသင်တိုက် အခါကြီးရက်ကြီးများ၊ သာသနာ့အာဇာနည်ပူဇော်ပွဲကြီးများတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။ သီတင်းကျွတ်လပြည့်နေ့၌ ဘုရားများတွင် ဆီမီးထွန်းညှိနိုင်ရန် တန်းများ ဆီမီးခွက်များ လုပ်ဆောင်ပေးရသည်။ ကဆုန်ညောင်ရေသွန်းပွဲတွင်လည်း ကျောင်းတိုက်အတွင်း၌ ဗောဓိပင်၌ ရေဖြည့်ပေးခြင်း၊ ညစောင့် အိပ်ခြင်းတို့ကို ပြုလုပ်ရသည်။ ဗောဓိပင်နှင့် အဝင်လမ်းတစ် လျှောက်၌ လျှပ်စစ်မီးရောင်စုံများကို တစ်ညလုံး ထွန်းညှိပူဇော်ထားသဖြင့် မပျောက်ပျက်စေရန် ညစောင့်အိပ်ရခြင်းဖြစ်သည်။ ကဆုန် ညောင်ရေသွန်းပွဲတစ်ခု၌ မှတ်မှတ်ရရ တစ်ခု တွေ့ခဲ့ရသည်။

ယင်းညတွင် ကျွန်တော်တို့ အကြီးတန်းမှ သင်တန်းသား(၅)ဦးမှာ ဗောဓိပင်ကို စောင့်အိပ်ရန် တာဝန်ကျသည်။ ည(၁၀)နာရီကျော်ခန့်အထိ ညောင်ရေသွန်းလောင်းသူများတစ်ဖွဲ့ဖွဲ့လာကြပြီး၊ ည(၁၂)နာရီခန့်တွင် လူသူ

ကင်းရှင်းသွားသည်။ ကျွန်တော်တို့လည်း ဝေယျာဝစ္စလုပ်ဆောင်ပေးရသဖြင့် ပင်ပန်းပြီး ညောင်ပင်ရှေ့၌ခင်းထားသော ဖျာကြမ်းပေါ်တွင် ပက်လက်လှန်၍လှဲနေကြသည်။ ထိုအချိန်တွင် သက်တော် ၄၀-ခန့်ရှိ ဦးပဥ္စင်းတစ်ပါး ရောက်လာကြပြီး ၄င်းသယ်ဆောင်လာသည့် သပိတ်အတွင်းမှ ရေဖြင့်သွန်းလောင်းသည်။ ကျောင်းတိုက်အတွင်းမှ ကိုယ်တော်တစ်ပါး လူသူကင်းရှင်းချိန် စောင့်၍ညောင်ရေသွန်းသည်ဟုတွေးမိသည်။ ပြီးတော့ သူ့ရေနှင့် သူလာခြင်းဖြစ်၍ ရေဖြည့် ပေးရန်မလိုအပ်သောကြောင့် ကြည့်နေလိုက်သည်။ ဦးပဥ္စင်းသည် သပိတ်အတွင်းမှ ရေဖြင့် ညောင်ပင်ပတ်လည် သွန်းလောင်းနေပြီး ကျွန်တော်



တို့ရှေ့အရောက်တွင် သပိတ်အတွင်းမှ ရေများကို ကုန်စင်အောင် သွန်းလောင်းချလိုက်သည်။ ပြီးနောက် ကျွန်တော်တို့ဘက်သို့ လှည့်ကာ သပိတ်အတွင်း လက်နှိုက်လိုက်သည်။ လက်ပြန်ထုတ်လိုက်သည့်အခါလက် အတွင်း၌ ငွေစက္ကူများ အထပ်လိုက်ပါလာပြီး ကျွန်တော်တို့အပေါ်သို့ ကြပက်လိုက်သည်။ ကျွန်တော်တို့လည်း အားရဝမ်းသာ အလုအယက် ကောက်ယူကြသည်။ ငွေများကောက် ယူပြီး၍ လှည့်ကြည့်သည့်အခါ ဦးပဥ္စင်းကို မတွေ့ရတော့ချေ။ ဗောဓိပင်နှင့်အဝင်လမ်း တစ်လျှောက်မှာလည်း လူသူကင်းရှင်းပြီး မီးများထိန်လင်းနေသဖြင့် ဦးပဥ္စင်း လမ်းလျှောက်သွားလျှင် မြင်နိုင်ဖို့ရှိသည်။ ထို့အပြင် ရေများသွန်ချလိုက်သောသပိတ်အတွင်းမှ ငွေစက္ကူများ နှိုက်ယူခြင်းမှာလည်း ထူးဆန်းသောကြောင့် မှတ်မှတ်ရရအကြောင်းအရာလေး တစ်ခုအဖြစ် စွဲကျန်ခဲ့ရပါသည်။

သင်တန်းကာလ ပြီးဆုံးသည့်အခါ စာမေးပွဲဖြေဆိုကြရသည်။ အငယ်တန်းနှင့် အလတ်တန်းကို ရွှာမပရိယတ္တိစာသင်တိုက်အတွင်း၌သာ စောင့်ကြပ်ဖြေဆိုစေပြီး အကြီးတန်းကိုမူ အ-မ-က(၂၄)ကျောင်း (ယခု အ-လ-က (၁၀)ကျောင်း)တွင် ဖြေဆိုစေသည်။ ဦးပဥ္စင်းများမှ စာမေးပွဲခန်းစောင့်ကြပ်ပေးကြသည်။ စာမေးပွဲဖြေဆိုပြီးတစ်ပတ်ခန့် အကြာတွင် အောင်စာရင်းထုတ်ပြန်ပြီး အောင်လက်မှတ်ပေးအပ်သည်။ အောင်လက်မှတ်များ၌ ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဦးနန္ဒဝံသမှ လက်မှတ်ရေးထိုး၍ပေးအပ်သည်။ သို့ရာတွင် ကျွန်တော် နောက်ဆုံးတက်ရောက်ခဲ့ရသော ၁၉၉၀-ခုနှစ်

အကြီးတန်းသင်တန်း(ယင်းသင်တန်းသည်လည်း နောက်ဆုံးဖွင့်လှစ်သောသင်တန်းဖြစ်သည်) အောင်လက်မှတ်များတွင်မူ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အရှင်ကုန္ဒာစာရကလက်မှတ်ရေးထိုးပေးထားသည်ကို တွေ့ရသည်။

အောင်လက်မှတ်ပေးအပ်ပွဲမှာလည်း အလွန်ဝမ်းမြောက်ကြည်နူးဖွယ်ကောင်းသည်။ ကျောင်းတိုက်မှပေးအပ်မည့်ဆုပစ္စည်းများကို အောင်လက်မှတ်နှင့်အတူပူးတွဲ၍ပေးသည်။ ဆုပစ္စည်းများဆို သည်မှာလည်းအခြားမဟုတ်။ စာအုပ်၊ဘောပင်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး စသည်တို့ဖြစ်သည်။ ဆရာတော်များမှ မိမိအားလာရောက် လှူဒါန်းထားသည့် အသုံးအဆောင်ပစ္စည်းများကို သင်တန်းသားများအတွက် ဆုအဖြစ်ပြန်စွန့်ကြခြင်းသာဖြစ်သည်။ သို့ရာ၌ တစ်နှစ်တွင်မူ အကြီးတန်း သုံးဘာသာ အောင်သူများမှ ဂုဏ်ထူးပါသူများကို တစ်ဘာသာလျှင် ၂၅/- နှုန်းဖြင့် လစဉ် တိုက်အုပ်ဆရာတော်ထံသွားရောက်ထုတ်ယူစေသည်။ ဆုငွေထုတ်ယူရန် ကဒ်ပြားတစ်ခု ထုတ်ပေးထားပြီး၊ ယင်းကဒ်ပြားဖြင့် ဆုငွေသွားရောက် ထုတ်ယူစေသည်။ ဆုငွေကို ခြောက်လတိတိ ပေးခဲ့သည်။

အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဆွမ်းစားကျောင်းဆောင်၌ ကျင်းပလေ့ရှိသည်။ သင်တန်း သားသင်တန်းသူများ၊ မိဘဆွေမျိုးများ၊ အလှူရှင်များ၊ မုဒိတာပွားအားပေးကြသူများတက် ရောက်ကြသည်။ ကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်၊ တိုက်အုပ်၊ တိုက်ကြပ်နှင့် စာချဆရာတော်များလည်း ကြွရောက်ကြသည်။ ပရိသတ်အင်အားမှာ များပြားလှပြီး ပရိသတ်အလယ်တွင် စကြံလမ်းဖောက်လုပ်ထားသည်။ အောင်လက်မှတ်ယူရန် အမည်ခေါ်ခံရလျှင် စကြံလမ်းအတိုင်း အရှေ့သို့သွား၍ အောင်လက်မှတ်နှင့်ဆုပစ္စည်းကို ယူရသည်။ အောင်လက်မှတ်ကို လက်နှစ်ဖက်ဆန့်ထားသည့်အပေါ်၌ အပြားလိုက်တင်ပြီး၊ ယင်းအောင်လက်မှတ်ပေါ်မှ ဆုပစ္စည်းများကို တင်ပေးလိုက်သည်။ ပြီးနောက် စကြံလမ်းအတိုင်း လျှောက်ပြန်လာသည့်အခါ ဘေးဝဲယာ တစ်ဘက်တစ်ချက်ရှိ အလှူရှင် ပရိတ်သတ်များမှ ငွေများ၊ ပစ္စည်းများကို ဝိုင်းဝန်းပေးအပ်ကြသည် (မန္တိုင်းကောင်းနိုင်းကောင်း သိမ်ဆင်းလောင်းသည်နှင့်အလားသဏ္ဌာန်တူသည်)။ ယင်းအတွက် ရရှိသည့် ဆုပစ္စည်းများမှာ လက်နှင့် တစ်ပွေ့တစ်ပိုက်ပင်။ မည်မျှဝမ်းသာကြည်နူးဖွယ်ရာဖြစ်သည်ကို တွေးဆကြည့်နိုင်ပေသည်။

ယခုအခါတွင် အထက်ပါရွာမပရိယတ္တိစာသင်တိုက်၏ ဗုဒ္ဓဘာသာယဉ်ကျေး မှုသင်တန်းများ ပျောက်ကွယ်ခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခု နီးပါးကြာမြင့်ခဲ့ပြီဖြစ်သည်။ ယနေ့ခေတ်လူငယ်များအတွင်း၌ ဩကာသပင် အဆုံးထိ မရွတ်နိုင်ကြတော့လေရာ၊ လောကီအတွင်း ချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် ဆုံးမစာများ၊ လောကနီတိများကိုလည်းကောင်း၊ လောကုတ္တရာကိုနားလည်ရေးအတွက် အဘိဓမ္မာပညာကိုလည်းကောင်း သင်ကြား ပြသပေးနိုင်သည့် ဤလိုသင်တန်းမျိုး လိုအပ်နေပေသည်။ ရွာမပရိယတ္တိစာသင်တိုက်၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကဲ့သို့သော ဘာသာရေး၊ လောကီရေးနှင့် လောကုတ္တရာရေးကို ဟန်ချက်ညီပြည့်စုံစွာ သင်ကြားပေးနိုင်သော

သင်တန်းမျိုး ပို၍ လိုအပ်နေပေသည်။

စာသင်ကျောင်းအချို့နှင့် အသင်းအဖွဲ့အချို့တွင် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်သည်ကို မြင်ရသော်လည်း ဘုရားရှိခိုးနှင့် သာမန်အခြေခံမျှသာသင်ကြားပေးနိုင်ကြသည်။ ရွှာမပရိယတ္တိစာသင်တိုက်သင်တန်းကဲ့သို့ ဗုဒ္ဓဘာသာကို ပြည့်ပြည့်စုံစုံ သဘောပေါက်နားလည်သည်အထိ သင်ကြားပေးနိုင်ကြခြင်းမရှိချေ။ ပြီးခဲ့သည့် နွေရာသီတွင် စောဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်းတွင်ရှိသော အနန္တဂုဏ်ရည်ကျောင်းတိုက်၏နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲသို့ရောက်ရှိခဲ့သည်။ ကျောင်းထိုင်ဆရာတော် ဦးယောသိတမှ သင်တန်းဆင်းပွဲတွင် စာရေးဆရာလယ်တွင်းသား စောချစ်ကို ဖိတ်ကြားဟောပြောပေးရန် မေတ္တာရပ်ခံသဖြင့် ဆရာလယ်တွင်းသား စောချစ်ကို ဖိတ်ကြားပို့ဆောင်ပေးရခြင်း ဖြစ်သည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ(၃၀၀) နီးပါးခန့်တွေ့ရသဖြင့် ဝမ်းမြောက်မိသည်။ ယင်းသင်တန်းတွင် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းစာအုပ် များကို အခမဲ့ပေးဝေခြင်း၊ အစားအသောက် ကျွေးမွေးခြင်း အခြားရပ်ကွက်မှ လာရသူများကို ကားဖြင့်ကြိုပို့ပြုလုပ်ပေးခြင်းတို့ကို စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်ကြောင်း သိရသဖြင့် ဝမ်းမြောက်စွာ သာဓုခေါ်မိသည်။ အနန္တဂုဏ်ရည်ကျောင်းတိုက်၏အနီးဝန်းကျင်တွင် ဘာသာခြားအများစုနေထိုင်ကြ၍ ယင်းကဲ့သို့ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်းတန်းကို အောင်မြင်စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းအား ဝမ်းမြောက်ဂုဏ်ယူမိသကဲ့သို့ ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ ယဉ်ကျေးမှုသင်တန်းများကို လည်း ပြန်လည်လွမ်းဆွတ်တမ်းတမိလေသည်။

ယနေ့တွင်မူ ရွှာမပရိယတ္တိစာသင်တိုက်၏ ယဉ်ကျေးမှုသင်တန်းများကို ဦးဆောင်ကြပ်မတ်ခဲ့သော ကျောင်းထိုင် ပဓါန နာယကဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တနန္ဒဝံသမှာမူ ဘဝနတ်ထံပျံလွန်ခဲ့လေပြီ။ သင်တန်းပို့ချခဲ့ကြသော ဆရာတော်အသီးသီးမှာလည်း အခြားမြို့၊ ရွာ၊ ကျောင်းတိုက်အသီးသီး၌ ပရိယတ္တိ လုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နေကြသဖြင့် ယဉ်ကျေးမှုသင်တန်းလေးများကို အားလုံးမေ့ပျောက်သလောက်ပင် ဖြစ်နေကြလေသည်။ ကျန်ရစ်ခဲ့ကြသော ကျွန်တော်တို့သင်တန်းသား သင်တန်းသူများမှာမူ မိမိတို့၏ သားသမီးများနှင့် မျိုးဆက်သစ်လူငယ်များအား မိမိတို့ကဲ့သို့ အခြေခံဗုဒ္ဓဘာသာကို ပြည့်စုံ နားလည်စွာ သင်ကြားတတ်မြောက်စေနိုင်သော ရွှာမပရိယတ္တိစာသင်တိုက်၏ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းမျိုးကို မျှော်လင့်တမ်းတလျက်ရှိနေပါကြောင်း။

♦ ရွှေတိုက်စိုး

# ဇိနသာသနံ စိရံတိဋ္ဌတု

- အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်ကြီးထဲမှာ
  'ရွှေ'ပင်ကြီးတစ်ပင်က
  "သုတ္တန်" ပန်းပွင့်တွေ ပွင့်ပြလေ့ရှိတယ်။
- အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီးထဲမှာ
  'ငွေ' ပင်ကြီးတစ်ပင်က
  "ဝိနည်း" ပန်းပွင့်တွေ ပွင့်ပြလေ့ရှိတယ်။
- အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်ကြီးထဲမှာ
  'ပတ္တမြား'ပင်ကြီးတစ်ပင်က
  "အဘိဓမ္မာ" ပန်းပွင့်တွေ ပွင့်ပြလေ့ရှိတယ်။
- အနှစ် (၄၀) အတွင်းမှာ
  ပန်းပွင့်တွေ. . . .
  ပန်းပွင့်တွေ. . . .
  ပန်းပွင့်တွေ. . . .
  ပန်းပွင့်တွေ. . . .
  ပန်းပွင့်တွေ. . . .
  နှစ်စဉ်နှစ်တိုင်း အပွင့်ရေ (၈,၄၀၀၀) လောက်တော့
  ဖူးမြဲ,ပွင့်မြဲ,လန်းဆန်းမြဲ။
- ရေလောင်းပေါင်းသင်ပေးနေကြသူတွေအပြောကတော့
  ဒီအပင်ကြီး " သုံးပင်" - အနှစ် (၅၀၀၀) သက်တမ်းရှည်ဖို့က
  ကိုယ်ကျင့်ခတ်မြေဩဇာ (၂၂၇) အိတ်လိုအပ်တာ အမှန်ပါ
  ပဲတဲ့။ ။

**စိုးနိုင်(မန္တလေးတက္ကသိုလ်)**

# သာသနာနှင့် စာပေအလင်္ကာ

ညွန့်ဟံ (ကြူတော)



"သာသနာ"ဆိုသည့် ဝေါဟာရကို မြတ်စွာဘုရား၏ အဆုံးအမဟု နားလည်ထားကြပြီး ဖြစ်၏။ အင်္ဂလိပ်ဘာသာစကား Teaching, Dispensation ဟု ဆိုပါသည်။ သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာသည် အခြေခံကျကြောင်း ခံယူသိမှတ်ကြပါ၏၊ Study of Pitakas-ဟူ၍ ဖွင့်ဆိုပေသည်။ ပိဋကသည် Buddhist Scriptures ဖြစ်၍ ပိဋကသုံးပုံသည် Three repositories of Buddhist scriptures ဟူ၍ဖွင့်ဆိုမှုတွေ့ရပါသည်။ ဘာသာ သာသနာကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် နိုင်ငံတကာသို့ ထိုး ဖောက်သည့်ကာလဝယ် မှတ်သားစရာလည်း ဖြစ်၏။

"သာသနာနှစ် သာသနာပ သာသနာပိုင်သာသနာပြု သာသနာလျှောက် သာသနာဝင် စသည့် ဝေါဟာရများကလည်း တွင်ကျယ်သောဝေါဟာရများ ဖြစ်ပါ၏။ သာသနာ့ဝန်ထမ်းကို သာသနာ၏ တာဝန်ကို ထမ်းဆောင်ကြသော ရဟန်းသာမဏေစသည်ဖြင့် ဖွင့်ဆိုပေသည်၊ ပရိယတ္တိသာသနာကို ပြန့်ပွားစည်ပင်အောင် ဆောင်ရွက်ကြသူများဖြစ်၍ ရှိသေလေးစား ခြင်းဖြစ်ရသည်၊ သာသနာ၏ အရင်းအမြစ်သည် ပရိယတ္တိဖြစ်ရလေသည်၊ ရှင်သန်ဖွံ့ဖြိုးမှုက ပဓာနကျပေရာ ယင်းတို့၏ လုံ့လဝီရိယ ဉာဏ်ပညာစွမ်းပကားသည် ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ရှိကြောင်း တွေ့ကြရပေသည်။

စာရေးသူတို့ မိဘဘိုးဘွားများသည် ဘုန်းကြီးကျောင်းပညာရေးစနစ်ဖြင့် ကြီးပြင်းခဲ့ရ၏၊ စာရေးသူကိုယ်တိုင် ဘုန်းတော်ကြီးကျောင်းတွင် ကာလအတန်ကြာနေထိုင်ခဲ့ဖူးရာ ပရိယတ္တိစာပေ၏ သဘောသဘာဝနှင့် နက်နဲမှုအားထုတ်ရမှုကို ကျွမ်းဝင်ရ၏၊ ပရိယတ္တိစာပေလေ့လာလိုက်စားကြသော စာသင်သားများကို ယှုခုလည်း တတ်စွမ်းသမျှ အထောက်အပံ့ပြုခွင့်ရပေသည်။ ကျေးဇူးလည်းကြီးလှပါ၏။

အခါအခွင့်သင့်သဖြင့် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ နှစ်လေးဆယ်ပြည့်အထိမ်းအမှတ်စာမူရေးသားခွင့်ရပေရာ ပရိယတ္တိသာသနာအတွက် နှစ်လေးဆယ်

ခရီးအတွင်း သာသနာတော်၏ ရေသောက်မြစ်များလည်း စီးဆင်းရှင်သန်မှုအရေးအတွက်နှင့် အရည်အချင်းပြည့်ဝမှု သာသနာတော်၏ မျိုးဆက်များအလျှဉ်မပြတ်ရှိမှုကို ချင့်တွက်မိပေရာအားရဖွယ်ဖြစ်ရပါ၏၊ ထေရဝါဒသာသနာကို ချီးမြှောက်မှုဂုဏ်ရည်လည်း ဖြစ်ရပါ၏။

နှစ်လေးဆယ်သည် ဆယ်စုနှစ်လေးခု ဖြစ်ပေသည်၊ မျိုးဆက်တစ်ခုသည် ယေဘုယျအားဖြင့် နှစ်နှစ်ဆယ်ဖြစ်ပေရာ မျိုးဆက်နှစ်ဆက်ကာလ ဖြစ်ပါသည်။ လူ့လောကနှင့် ထင်ဟပ်စရာလည်းရှိ၏၊ ကျွမ်းဝင်သော စကားတစ်ခုရှိပေသည်။ Life begins at forty ဟူ၍ဖြစ်လေသည်။ လူ့ဘဝသည် အသက်လေးဆယ် အရွယ်မှ စတင်သည်ဟု ဆိုပါသည်၊ သို့ရာတွင် အသက်လေးဆယ် အရွယ်ရှိသူ လူသားတစ်ယောက်သည် စီးပွားရေး ကျန်းမာရေး အတန် အသင့်ခိုင်မာပြီး အတွေ့အကြုံ ကြွယ်ဝပေသည်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ရှေ့အဖို့၌ မည်သို့ခရီးဆက်ရမည်ကို နားလည်ပြီး လမ်းစရပြီး ဖြစ်ပေမည်။

ပရိယတ္တိစာသင်တိုက်တစ်ခု အနေဖြင့် နှစ်လေးဆယ်ခရီးသည် ရင့်ကျက်ချိန်ဖြစ်၏၊ စာချ စာသင်များ၏ ကြိုးပမ်းမှု၊ လိုအပ်ချက်၊ အနာဂတ်အတွက် ပျိုးထောင်ရမည့်သဘောကို နားလည်ကာ တည်တည်ငြိမ်ငြိမ်ရှိနေပေပြီ၊ ခိုင်မာသော သာသနာ၊ အစွန့်ရှည်တည်တံ့မှုကို ဖော်ဆောင်ရာ၌ စာပေပို့ချသင်ကြားနာယူ လက်ခံခြင်း၌ ချောမွေ့ပြီဟုဆိုချင်၏၊ ဆရာကောင်း good teacher ဆရာမှန် right teacher ဆရာမွန် noble teacher တို့သည် ပရိယတ္တိစာပေပြန့်ပွားရေးကို နည်းလမ်းမှန်သော ဗဟုသုတ၊ ဗုဒ္ဓမြတ်စွာ၏ နှုတ် ခပါဌ်တော် အဆုံးအမတို့ မယိမ်းမယိုင်အောင် ဆောင်ကြဉ်းနိုင်ကြပြီဟု ကောက်ချက်ချချင်၏။

ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ပရိယတ္တိသည် တစ်ချိန်က နှုတ်ခပါဌ် အာဂုံဆောင်ခြင်း Oral System သာ ဖြစ်ခဲ့သည်၏။ စတုတ္ထသံဂါယနာတင်သည့်အခါ ပေထက်အက္ခရာတင်၏။ ပဉ္စမသံဂါယနာတင်ချိန်တွင် ကျောက်ထက်အက္ခရာတင်ပြီးလေပြီ၊ ဆဋ္ဌမသင်္ဂါယနာခေတ်တွင် ပုံနှိပ်စာ ယခုတော့ CD-ROMခေတ် ရောက်ပါပြီ၊ ပြန့်ပွားဖို့လေ့လာဖို့ လွယ်ကူ၏၊ ခေတ်သစ်စက်မှုသိပ္ပံလောက၏ အကျိုးဆက်ကို လွယ်လင့်တကူ ဆောင်ကြဉ်းနိုင်လေပြီ။

တစ်ချိန်က အမျိုးဘာသာ သာသနာ အရေးအရာသည် ဘုန်းတော်ကြီးကျောင်း ပရိယတ္တိစာပေကို အားထားရ၏၊ မြန်မာ့ယဉ်ကျေးမှုအစုစုသည် ဗုဒ္ဓဘာသာမှ ဆင်းသက်ပေသည်။ အစဉ်ယဉ်ကျေးမှုကို ပရိယတ္တိစာပေက ထိန်ကျောင်းပေး၏။ ထိုအခါ လက်စွမ်းလက်စရှိသော ဆရာတော်တို့သည် လင်္ကာစာပေများဖြင့် ဖွဲ့ဆိုပေသည်၊ နားဝင်လွယ်စေခြင်း ဖြစ်၏၊ ပျို့၊ကဗျာ၊ တေးထပ်၊ တောလား၊ မော်ကွန်း၊ မေတ္တာစာ၊ ရတုစသည်တို့ ထွက်ပေါ်လာကြ၏၊ ခေတ်၏ ထင်ဟပ်ချက်၊ လူသားတို့ကို ပြုပြင်လိုစိတ် စေတနာလည်း ပါဝင်၏။ အရင်းခံဖြစ်သော ဗုဒ္ဓမြတ်စွာ၏ ဒေသနာကို မွမ်းမံ ခြယ်သမှုလည်း ဖြစ်လေသည်။

အလင်္ကာပါဠိဂါထာတစ်ပုဒ်ရှိ၏၊ စလေဦးပုညက ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် ကိုးကားခဲ့၏

ကမလံ က,မလံ ကတ္တုံ၊
ဝနဒေါ ဝနဒေါမွရုံ။
သုကတော သုကတော လောကံ၊
သဟိတံ သ,ဟိတံ ကရံ-ဟူ၍ ဖြစ်ပါ၏

အဆိုပါဂါထာကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်က အလင်္ကာနိဿယ၌ တွင် အနက်ဖွင့်ဆိုခဲ့ဖူးပါ၏။

ကာလံ-ကြာသည်၊ ကံ-ရေကို၊ အလံ-ကတ္တုံ- တန်ဆာဆင်ခြင်းငှာ၊ ဟောတိ- ဖြစ်၏။ အဝနဒေါ- မိုးသည်၊ အမ္ဗရံ- ကောင်းကင်ကို၊ အလံကတ္တုံ- တန်ဆာဆင်ခြင်းငှာ၊ ဟောတိ- ဖြစ်၏၊ သဟိတံ- ပြည့်စုံသော၊ ဟိတံ- အစီးအပွားကို၊ ကရုံ-ပြုတော်မူတတ်သော၊ သုဂတော- ကောင်းသောစကား ကိုဆိုတော်မူတတ်သော၊ သသုဂတော- ထိုမြတ်စွာဘုရားသည်၊ လောကံ- လောကကို၊ အလံ ကတ္တုံ-တန်ဆာဆင်ခြင်းငှာ၊ ဟောတိ-ဖြစ်၏။- ဟူ၍ ဖြစ်၏။

လောကကို တန်ဆာဆင်သော ကောင်းကျိုးပြုသော မြတ်စွာဘုရား၏ ဒေသနာ ပရိယတ္တိစည်ပင်ဖွံ့ဖြိုးစေမှုတွင် စာသင်တိုက်ကြီးများ၏ ကျေးဇူးကြီးမားပါ၏၊ ဆွမ်းကွမ်း ဝေယျာဝစ္စအရေးက ပြည့်စုံဖို့မလွယ်ကူလှ၊ အနယ်နယ်အရပ်ရပ်မှ စာသင်သားများအဖို့လည်း ခက်ခက်ခဲခဲ ပညာရှာရ၏၊ ဗဟုသုတရယူရ၏၊ လက်ဆင့်ကမ်းရ၏၊ နှုတ်ဆင့်ကမ်းရ၏၊ မည်သည့်ကိစ္စမျှ အလွယ်တကူ ချောချောမောမော မဖြစ်ပါ၊ Nothing is free in the world လောကကြီးတွင် အလကားရတာဘာမျှမရှိဟုဆိုသည့်အတိုင်း လုံ့လဝီရိယနှင့် ဉာဏ်ပညာသည် ပဓာနကျပေသည်။

လောကီလောကုတ္တရာရေး လောကရေး၊ ဓမ္မရေး၊ ရာဇရေးတို့ဘက် အကျိုးဝင်သော ပရိယတ္တိနယ်ပယ်သည် ကျယ်ဝန်း၏၊ သမိုင်းကြောင်းရှည်လျား၏၊ ပုဂံခေတ်ဦး အနော်ရထာ ဘုရင်လက်ထက် ပါဠိကျမ်းဂန် များရောက်ရှိသည့်အချိန်မှစ၍ ပါဠိဘာသာကို အားသွန် ခွန်စိုက်လေ့လာကြသည်၊ သထုံမှရရှိသော ကျမ်းဂန်များဖြင့်သာ တင်းတိမ်ခြင်းမရှိ ပါဠိဘာသာ ထွန်းကားသည့် သီဟိုဠ်နှင့် ကူးလူးဆက်ဆံ၏၊ ပုဂံခေတ်တွင် ပါဠိ၏အငွေ့အသက်ကား ကြီးမားလှ၏၊ ထမင်းချက်၊ ထင်းခွေ၊ ရေခပ် အမျိုးသမီးများပင် ပါဠိဘာသာကိုနားလည် ပြောဆိုကြသည်ဟု အဆိုရှိ၏၊ ထိုခေတ်တွင် လေ့လာရုံသက်သက် မဟုတ်၊ ကျမ်းပြုစုသူတွေ ကြွယ်ဝပေ၏။

စာရင်းအရ ပါဠိဘာသာသက်သက် ဖြင့် ပြုစုသော ကျမ်း၂၄၂-ကျမ်းရှိရာ မြန်မာများ ပြုစုသည့်ကျမ်း ၁၂၇-ကျမ်းပါဝင်ပေသည်။ အထူးသဖြင့် မြန်မာတို့သည် သဒ္ဒါကျမ်းဘက်မှာ ကျွမ်းကျင်လေသည်၊ သီဟိုဠ်တိုင်အောင် ကျော်စောပေရာ၊ သီဟိုဠ်မှ သဒ္ဒါကျမ်းတတ် ရဟန်းများ စာပြိုင်ဖို့လာသည်တွင် လက်မြှောက်ခဲ့ရကြောင်း ကျစွာမင်းလက်ထက်တွင် ဖြစ်ကြောင်း သိရှိရပေသည်။ ဘုရားဟောမူရင်း ပိဋကတ်တော်များအပြင် အဋ္ဌကထာ၊ ဋီကာ အစရှိသော ဂန္ထန္တရတို့၌ မြန်မာတို့ မပြုစုသော ကျမ်းမရှိပေ။

ကောက်ယူရရှိသော စာရင်းအရ သီပေါဘုရင်အထိ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်ဖြင့် နိဿည်းကျမ်းပေါင်း ၅၅၅- ကျမ်းရှိသည်ဟုဆို၏၊ မြန်မာဘာသာပြန် နိဿယခေတ်အလျောက် တိုးတက်လာသည် ဟု ဆိုရပေမည်။

ထူးခြားသည်မှာ ပရိယတ္တိစာပေကို အခြေခံ၍အလင်္ကာမြောက်သောစာပေများစွာ ထွန်းကားခြင်း ဖြစ်ပေ၏၊ ခေတ်ကို ပညာပေးခြင်း၊

ခံစားမှုပေးခြင်း၊ အသိပေးခြင်း၌ ထိရောက်၏၊ ယခုခေတ်အမြင်ဖြင့်ပြောရပါက ဂန္ထဝင်ပျို့ကဗျာများဟု ဆိုချင်၏၊ မှတ်တမ်းမှတ်ရာကောင်းများဖြစ်၏။

ဘုရားဟောဒေသနာလာ အကြောင်းအရာများကို ဖွဲ့ဆိုသော ပျို့ကဗျာလင်္ကာများကို ရဟန်းစာဆိုတို့သာမကဘဲ လူပုဂ္ဂိုလ်တို့လည်း ဖွဲ့ဆိုကြ၏၊ ကျွန်တော်တို့သည် ကျောင်းသင်စာပေသာမက ပြင်ပဗဟုသုတအဖြစ် ယင်းစာပေများစွာကို အထိအတွေ့ရှိခဲ့ဖူး၏၊ ကောက်ကာငင်ကာ တင်ပြရပါက ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အုန်းညို၊ ရှင်တေဇောသာရ၊ ရှင်အဂ္ဂသမာဓိ၊ ရှင်ဥတ္တမကျော်တို့ခေတ်မှ မန်လည်ဆရာတော်တို့ခေတ်အထိ ဖြစ်ပါ၏၊ လောကီရေးနှင့်နွယ်သော အကြောင်းအရာများစွာသည် ဇာတကများကို အခြေခံ၍ ပျို့ကဗျာရေးဖွဲ့ပေသည်။

စာပေအလင်္ကာမြောက်မှုလည်းရှိလှ၏။ အတ္ထာလင်္ကာရသဒ္ဒါလင်္ကာရပြည့်စုံ၏၊ ဝစနာလင်္ကာရကောင်းမွန်သကဲ့သို့ သောတာလင်္ကာရ အရထိမိပေသည်။ အဆိုပါ မူရင်းဘုရားဟောပါဠိကို အခြေခံ၍ အလင်္ကာစာပေအဖြစ်ဖွဲ့ဆိုသော စာပေလက်ရာများတွင် ဆုတောင်းခန်းပျို့၊ ပါရမီတော်ခန်းပျို့၊ စတုဓမ္မသာရကိုးခန်းပျို့၊ ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့၊ သံဝရပျို့၊ ရွှေဟင်္သာမင်းပျို့၊ ဂါထာခြောက်ဆယ်ပျို့၊ နေမိဘုံခန်းပျို့၊ နေမိငရဲခန်းပျို့၊ သုဝဏ္ဏသျှံပျို့၊ ရှင်ဥတ္တမကျော်တောလား စသည်တို့မှ ကုသပျို့၊ ဥမ္မာဒန္တီပျို့၊ နေမိရကန်၊ မဟာသုတသောမပျို့၊ ဘလ္လာတိယပျို့၊ မဃဒေဝလင်္ကာသစ် စသည်တို့ဖြစ်၏၊ ကဗျာရော စကားပြေပါ အကျုံးဝင်၏၊ ခေတ်ကို ပညာပေးခြင်း၌ ထိမိစေရန်ဖြစ်သည်ဟု ဆိုချင်၏၊ ဗုဒ္ဓစာပေကို အခြေခံလျက် မြန်မာစာပေလည်း ဖွံ့ဖြိုးတိုးတက်လာပေသည်။

ယင်းသို့ ပရိယတ္တိစာပေနယ်ပယ်ခွဲထွင်လာသည်မှာ အလွယ်တကူတော့မဟုတ်၊ စတင်တီထွင်သူတို့ ရေးသားသူတို့ ဝေဖန်ပြစ်တင်မှုခံရ၏။ "သားချင်းကဗျာ"များဟုကင်ပွန်းတပ်ခြင်းခံခဲ့ရ၏၊ စိတ်ပျက်လက်ပျက်ဖြစ်ရသည့်ကြားက သာသနာ့အကျိုးအတွက် ဆောင်ကြဉ်းခဲ့ကြသည်၊ အခုတော့မြန်မာဂန္ထဝင်စာပေအစုအဖွဲ့ဝင်အလင်္ကာစာပေဖြစ်နေ ပါပြီ၊ ယင်းသို့ အလင်္ကာမြောက်အောင်ဖွဲ့ဆိုမှု သည် အကျိုးများကြောင်းလည်းတွေ့ရ၏။ အဘယ်ကြောင့် ဤသို့ရေးဖွဲ့ကြပါသနည်း ဆိုသည့်မေးခွန်းအတွက် အဖြေရှိပြီးဖြစ်၏။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အရှင်ပဏ္ဍိတထေရ်ရေးသားစီရင်ခဲ့သော မြန်မာအလင်္ကာကျမ်းထဲက နိဒါန်းစကားကို ညွှန်းချင်ပါသည်။

"စာအရေးအသားတွင်သာ အလင်္ကာဂုဏ် အလင်္ကာအရသာရှိသည်မဟုတ်၊ စကားအပြော အဟောတို့၌လည်း စကားအဆင်တန်ဆာ အလင်္ကာ၊ စကားအရသာ အလင်္ကာပါရှိအောင် ပြောဟောလျှင် အလင်္ကာဂုဏ်၊ အလင်္ကာရ အရသာပါရှိသဖြင့် တန်ဖိုးရှိသော အဟောအပြော ဖြစ်တော့သည်၊ အလင်္ကာပါရှိသော အဟောအပြောသည်သာလျှင် နားကြားသူတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်သည်၊ အာရုံသို့ညွှတ်စေနိုင်သည်၊ ဟောပြောသူတို့၏ အလိုသို့ လိုက်စေနိုင်သည် ဟုဆိုခဲ့၏။

ပရိယတ္တိစာပေကို အခြေခံ၍ ရဟန်းတော်များ ဓမ္မကထိကများ အလင်္ကာမြောက်

သောအဖွဲ့အဆိုများဖြင့် ဟောပြောပါက ပိုမို နားစွဲလာရကြောင်း တွေ့ရပါ၏၊ ရှင်းလင်း၏၊ ပြေပြစ်၏၊ ဗုဒ္ဓ၏ အဆုံးအမကို အာရုံပြုရင်း လေးနက်သည့်အသိတရားကို ရယူနိုင်သည်။ ဆက်လက်ပွားများခွင့် လမ်းစကို ဖော်ထုတ်ပေးရာလည်းကျ၏၊ ထို့ကြောင့် ရေးသားမှု ပြောဆိုမှုတို့၌ အလင်္ကာကို ဥပေက္ခာပြု လျစ်လျူရှု၍မရ၊ လေ့ကျက်ရသည်ဟု ထပ်ဆင့် ဆိုမိန့်ခဲ့ပေသည်။ သို့ရာတွင် စနစ်တကျ တတ်မြောက်ဖို့လို၏၊ နာယူသူတို့ ကွက်ကွက်ကွင်းကွင်း သိမြင်နားလည်ကာ အရသာပေါ်လွင်စေရေးမှာ ရေးသားဖန်တီးသည့် စာပေသည် အပြစ်ဒေါသကင်းဖို့ လို၏။

သို့ဖြစ်ရာ မြန်မာအလင်္ကာကျမ်းသည် ပရိယတ္တိစာပေအတွက်ရော မြန်မာစာပေအတွက်ပါ လေ့လာဖွယ်ဖြစ်လာရသည်။ ဒေါသသင့်သော စာပေကို ခေတ်အဆက်ဆက် ရှုတ်ချကြ၏၊ အပြစ်တင်ကြ၏၊ လက်မခံနိုင်ကြ၊ အပြစ်ကင်းသော အလင်္ကာစာပေသည်သာ ကျေးဇူးကြီး၏၊ ထို့ကြောင့် ပဒဒေါသ၊ ဝါကျဒေါသ၊ ဝါကျတ္တဒေါသအကြောင်းကို နားလည်ရ၏၊ ဂုဏ်ဆယ်ပါးအကျုံးဝင်သော သဒ္ဒါလင်္ကာအကြောင်းကို ကျွမ်းကျင်နှံ့စပ်ရ၏၊ အတ္ထာလင်္ကာရအမျိုးမျိုး၏ သဘောသဘာဝကို ရေလည်စေရ၏၊ ရသ၏ သဘောသဘာဝကို သိမြင်ပါမှ ခံစားမှုအတွက် ရည်ရွယ်ချက်အထမြောက်ပေသည်။

ဥပမာအလင်္ကာတစ်ခုကို ဖော်ပြချင်ပါ၏၊ မန်လည်ဆရာတော်၏ "မဃဒေဝလင်္ကာသစ်" ထဲက အရေးအဖွဲ့ဖြစ်ပေသည်။

"မင်းမှာသစ္စာ၊ လူမှာကတိ၊ ဆိုရိုးရှိတိုင်း၊ မြဲဘိဘယ်ခါ၊ မချွတ်ရာဘူး၊ သစ္စာနှင့် ကြံ့ ရေစီးတုံဟု၊ လူ့ဘုံဆိုမူ၊ ဥဒါန်းပြုရှင့်၊ အကုသိုလ်မှာ၊ မုသာဝါဒ၊ ကုသိုလ်မှာကား၊ သစ္စာဝါစာ၊ လေးဆုံးသာတည့်။ သစ္စာဖောက်လှန်မတော်မှန်က၊ ဘေးဒဏ်ရောက်ကာ ပျက်တတ်စွာ၏၊ သစ္စာနှုတ်သီး၊ မန္တာန်ကြီးက၊ သေပြီးသော်မှ ရှင်ပြန်ရ၏"။

သစ္စာတရား၊ သစ္စာ၏ဂုဏ်ကို ယဉ်ကျေးဖွယ်ရာ ဖွဲ့ဆိုသဖြင့် အလင်္ကာလည်း မြောက်၊ ဂုဏ်လည်းရောက်ပေ၏။

ထပ်ဆင့် ပုံစံတစ်ခုတင်ပြချင်ပါသေးသည်၊ ကျေးဇူးရှင် စံကျောင်းဆရာတော်၏ မေတ္တာ၏ ကောင်းကျိုးပြလင်္ကာ ဖြစ်ပေသည်၊ အင်္ဂုတ္တရနိကာယ်လာ အကြောင်းအရာကို ခေတ်ကာလအခြေအနေနှင့် လျော်ညီစွာ သင့်မြတ်ဖွယ်နားလည်လွယ်အောင် ရှင်းလင်းလွယ်ကူအောင် ဖွဲ့ဆိုမှု ဖြစ်၏။

"ချမ်းသာအိပ်စက်၊ ချမ်းသာလျက်နိုး၊ အိပ်မက်ဆိုးကင်း၊ စောင့်ခြင်းနတ်များ၊ လူသားလည်းချစ်၊ နတ်လည်း ချစ်လျက်၊ လက်နက်ဆိပ်မီး၊ ပြီးသည်တစ်ဖြာ၊ မျက်နှာရွှင်ကြည်၊ တည်ကြည်နှလုံး၊ သေဆုံးမတွေ၊ သေလျှင်ပြဟ္မာ၊ ဖြစ်တတ်စွာသည်၊ မေတ္တာအကျိုး၊ ဆယ့်တစ်မျိုး"

ပရိယတ္တိသာသနာ၊ ကြိုးပမ်းမှုစွမ်းအင်၊ လေ့ကျင့်သင်ကြားမှု ခေတ်အလျောက် အလင်္ကာ မြောက်စာပေသဘော လက္ခဏာတို့ကို ဆက်စပ်ပြခြင်းဖြစ်ပါ၏၊ နည်း မှီစရာများကားထွေပြားပေသည်။ မဆုံးနိုင်သော သုတပညာများလည်း ဖြစ်ပေသည်။

♦ ညွန့်ဟုံ(ကြူတော)



# မြတ်သာသနာ

* မြန်တိုင်းဇမ္ဗူ ချမ်းမြေ့ဖြူသား
ညီတူစိတ်ဝမ်း သဒ္ဓါလွှမ်းလိမ့်
မြတ်ပန်းတော်ဝင် ရှိခြိမ့်မည် ။
* အလှူရေစက် မြစ္စာဖက်လျက်
အားတက်ရွှင်လန်း ကျောင်းသင်္ကန်းနှင့်
စောင်းတန်းလီလီ ကုသိုလ်ရည်ခဲ့
ဝေစည်ဖြိုးမောက် ဘုန်းလျှံတောက်စွာ
မိုးသောက်တခွင် မြတ်နိုးကြင်သည်
စည်ပင်ဖွံ့ဖြိုးနေခြိမ့် ။
* ဗျောစည်သံလွှမ်း အံ့မခန်းနိုင်
မြစမ်းရေကြည် အေးမြသည်သို့
တာရည်ခိုင်မြဲ ဂယက်ဝဲဝယ်
စွန့်ကြဲပေးလှူ မြတ်နိဗ္ဗာန်မူ
များလူခပင်း မွေ့ပျော်ခြင်းဖြင့်
ကောင်းခြင်းဖြာဖြာ တည်စေသော် ။



တက္ကသိုလ်သွယ်လတ်

၁၃၇၀-ပြည့်နှစ်၊ ဟေမန်ဆောင်းရဲ့ မြူနှင်းတို့ ဝေဆာနေသော နေ့ တစ်နေ့။

မန္တလေးမြို့၊ အောင်ချမ်းသာ ပရိယတ္တိကျောင်းမှ ဆွမ်းခံတန်းကြီးသည် မြူနှင်းများကို တိုးဝှေ့ကာ မန်းမြို့ထဲတွင် ထိုထိုဤဤ လှမ်းကြွနေ၏။ ထိုအထဲတွင် ရွာမရိယတ္တိ၌ နှစ်နှစ်တိတိ ပညာသင်ဖူးသူ မိမိလည်းပါဝင်လေသည်။ ဆွမ်းခံနေစဉ် တစ်နေရာတွင် နေအိမ်တစ်အိမ်မှ အသံဝန်းတစ်စုံသည် မိမိနားထဲသို့ တံခါးမခေါက်ပဲ ဝင်လာ၏။ တခြားသူများအဖို့ ထူးခြားမည် မဟုတ်သော်လည်း မိမိအဖို့တော့တော်တော်ကို ထူးခြားသည်။ ပင်ကိုယ်ကသတိရတတ်သူ မိမိကို ပြန်လာချင်အောင် ခေါ်ဆောင်နေဘိ သကဲ့သို့တည်း။

အဆိုပါအသံမှာ မည်သူ၏ အသံဖြစ်လိမ့်မည်ဟု ထင်သနည်း။

တစ်ခြားမဟုတ်ပါ။ ဆရာတော် ဦးတိလောကာဘိဝံသ၏ ပရိတ်တရားသံပင်ဖြစ်ပါသည်။ ထိုအိမ်သည် ဆရာတော်၏ ပရိတ်တရားကို ခွေမှတဆင့် နာယူကာ ဓမ္မဿဝနကုသိုလ်ယူနေ၏။ မိမိမှာမူ မိမိဆရာ၏အသံကို ကြားရလို့ ရွာမကို သတိရမဆုံးဖြစ်နေမိသည်။ သတိရမှုသည် အပေါ်ယံတင်မဟုတ်ဘဲ မျက်ကြည်လွှာပေါ်တွင် ထင်ဟပ်လာသည်အထိ သတိရမိခြင်းဖြစ်သည်။ ရွာမတွင်ပညာရည်နို့ သောက်စို့ခဲ့စဉ် အတိတ်ပုံရိပ်ဟောင်းများကိုလည်း ရုပ်ရှင်ပိတ်သားထက်တွင် ကြည့်ရှုရသကဲ့သို့ တစ်ကွက်ပြီးတစ်ကွက် မြင်ယောင်နေမိပါတော့သည်။ ရွာမပရိယတ္တိ၌ ပညာသင်ခဲ့စဉ်က နှစ်စတွင် သုံးရက်တရားအားထုတ်ခဲ့ရသည်။ ခြင်း၊ တောင်းများသည် အနားကွပ်မှသာ ပို၍တင့်တယ် ခိုင်ခံ့ဘိသကဲ့သို့ ပရိယတ်ကိုလည်း ပဋိပတ်ဖြင့် အနားကွပ်မှသာ တင့်တယ်ခိုင်ခံမည်မဟုတ်ပါလော . . . .




ဆရာတော်သည် ဤသဘောတရားကို ကောင်းစွာသိရှိထားသောကြောင့် သောတုဇနတပည့်များကို တရားအားထုတ်စေခြင်းဖြစ် လိမ့်မည်ဟု မိမိယူဆမိသည်။ အာရုံဆွမ်း မဘုန်းပေးမှီတွင်လည်း "လမ်းမှားမလျှောက်၊လမ်းပျောက်မနေ၊ ကြိုးစားချေ မသွေပန်းတိုင်ရောက်"စသော ကရုဏာရောင်လွှမ်းသည့် ဩဝါဒသစ်သီးများကိုလည်း အလျဉ်းသင့်သလို ကျွေးလေ့ရှိပါသည်။ ထို့အပြင် "အရှင်ဘုရားတို့ မိမိရဲ့ပစ္စည်းလေးပါးဒကာ၊ ဒကာမများကို လက်ဖျောက်တစ်ချက်တီးချိန်လေး မေတ္တာပို့မယ်ဆိုရင် အရှင်ဘုရားတို့ကို (၁) မေတ္တာစျာန်မှ မကင်းဆိတ်သူဟုသော်လည်းကောင်း၊ (၂)ဘုရားရှင်ရဲ့ သွန် - သင်ညွှန်ကြားမှုကို လိုက်နာပြုကျင့်သူဟုသော်

လည်းကောင်း၊ (၃)ဘုရားရှင်ရဲ့ အဆုံးအမကို လိုက်နာသူ ဟုသော်လည်းကောင်း၊ (၄) တိုင်းသူပြည်သားတို့ရဲ့ ဆွမ်းကို အချည်းနှီး အလဟဿမ ဖြစ်အောင် သုံးဆောင်သူဟုလည်းကောင်း ခေါ်ဆိုထိုက်တယ်လို့ ဘုရားရှင်က အင်္ဂုတ္တိုရ်ကေကနိပါတ်မှာ ဟောထားတယ်" ဟူသော ညသြဝါဒကိုမူ မကြာခဏ မိန့်ခြွေလေ့ရှိပါသည်။ ထိုမျှမကသေး "အချိန်ကိုအလဟဿ မဖြစ်စေနဲ့ အချိန်ကိုအကျိုးရှိရှိအသုံးချ၊ လမ်းသွားရင်းပဲ ဖြစ်စေ၊ ရေချိုးရင်းပဲဖြစ်စေ၊ ကုဋီတက်ရင်းပဲဖြစ်စေ၊ ဆွမ်းခံသွားရင်းပဲဖြစ်စေ၊ မိမိကျက်မှတ်ထားတဲ့စာကို တစ်ပိုဒ်ပဲပြီးပြီး အောက်မေ့နေရတယ်။ ပြန်နေရတယ်။ ဒီဆွမ်းစားကျောင်းတက်တဲ့အခါမှာလည်း နောက်လူတွေကိုစောင့်ရင်း ဂုဏ်တော်ပွားရင်ပွား သို့မဟုတ် မေတ္တာပို့ရင်ပို့ စာပြန်ရင်ပြန် အဲဒီလို အကျိုးရှိအောင် အသုံးချတတ်ရမယ်" အစချီသော နံနက်ခင်းသြဝါဒများကို တစ်ခန်းပြီးတစ်ခန်း ပြန်လည်ကြားယောင် နေမိတော့သည်။ ဘာလိုလိုနဲ့ရွာမ ပရိယတ္တိစာသင်တိုက်ကြီးကို ခွဲခွါခဲ့တာ သုံးနှစ်သုံးမိုးတောင် ကြာညောင်းခဲ့ချေပြီ။ ဒီကာလယန္တရားတစ်ခုအတွင်း ဆရာတော်ကို တစ်ခါမှ ဖူးတွေ့ခွင့်မရခဲ့၊ သြဝါဒများလည်း တစ်လုံးတစ်ပါဒတောင် နာကြားခွင့်မရခဲ့ပါ။ ဒီနေ့မှာကား ဆရာတော်၏အသံကို သုံးနှစ်အတွင်း ပထမဆုံး နာကြားခွင့်ရခြင်း ဖြစ်ပါသည်။ ငါနောက်နှစ်ကျရင် ရွာမကိုပြောင်းလို့ရရင် ပြောင်းမယ်၊ မန္တလေးမှာ အပျော်အပျက်တွေများတယ်၊ ငါ့စိတ်ကို ငါမနိုင်ဘူး၊ ရွာမမှာ အင်္ဂလိပ်စာပါ သင်ကြားပေးနေပြီလို့ကြားတယ်။ နောက်ပြီး ဆရာတော်ရဲ့ မရိုးနိုင်သော သြဝါဒများလည်း နာချင်သေးတယ်။ ပြောင်းမယ်ကွာ၊ပြောင်းမယ်-ဟု သန္နိဋ္ဌာန်ချကာ အနာဂတ်အတွက် စိတ်ကူးယဉ်အိပ်မက်များ မက်နေခဲ့သည်။ ရက်သတ္တတစ်ပတ်ခန့်ကြာသော် သွားအတုတပ်ရန် စစ်ကိုင်းသီတဂူ ဆေးရုံသို့ ခပ်စောစောသွားခဲ့သည်။ ထိုနေ့က (၂၀-၁၂-၂၀၀၈) သကျသီဟ သီလရှင်စာသင်တိုက်၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲ နှင့်တိုက်ဆိုင်နေလေသည်။ ရွာမ၌နေဖူးသော ကိုရင်တစ်ပါး၏ အသိပေးမှုကြောင့်သိရသည်။ ဆရာတော်နှင့် စာချဘုန်းကြီးများ ရောက်နေမှာ အသေအချာပဲဟုတွက်ကာ သွားခဲ့သည်။ ကျောင်းရောက်တော့ မိမိတွက်ဆသည့်အတိုင်း ဆရာတော်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ခဲ့ရပါသည်။ မန္တလေးမှာနေသည့် သုံးနှစ်အတွင်း ထိုနေ့သည် ဆရာတော်ကို ပထမဆုံးပြန်လည် ဖူးမြင်ခွင့်ရသည့် နေ့ထူးနေ့မြတ်လေးပင် ဖြစ်ပါသည်။ ၎င်းနောက်စာချဘုန်းကြီး ဦးကဥ္စနနှင့် ဦးဣန္ဒာစာရတို့ကိုလည်း ကန်တော့ခဲ့သည်။ ဘုန်းကြီး ဦးဣန္ဒာစာရက မိမိကို ရွာမသို့ ပြန်လာရန် ဆရာတော့်အထံ ခွင့်ပန်လျှောက်ကြားလေသည်။ ဆရာတော်ခွင့်ပြုပြီးသည်နှင့် ချက်ချင်းပင် ဝမ်းမြောက်ခြင်း ပီတိအဟုန်သည် ဆူနာမီလှိုင်းများကဲ့သို့ တဝုန်းဝုန်း၊ နဂိုကမှ ပြန်လာချင် နေသောမိမိသည်ရေစက်တုန်းရေတွင်းထဲကျဆိုသလို အရမ်းကိုပျော်မိသည်။ အပျော်ဆုံးသုံးနေ့တွင် တစ်နေ့ထပ်တိုးပစ်လိုက် ချင်သည်။ မိမိဘဝတွင် စိတ်ကူးယဉ်အိပ်မက်များ အကြိမ်ကြိမ်မက်ခဲ့ဖူးသည်။ ထိုတွင် ရွာမ၌ တစ်ဖန်ပညာသင်လိုခြင်းသည် အဓိကအခန်းတစ်ရပ်က ပါဝင်ခဲ့သည်။ ယနေ့မှာမူ ထိုအိပ်မက်တစ်ခု တကယ်ဖြစ်လာတော့မည်ဟု ကြည်နူးမိသည်။ ထိုကြည်နူးမှုကလည်း မူလပျော်ဝင်နေသော စိတ်နုနုလေးကို အချိုပေါ်သကာ လောင်းပေးလိုက်ပြန်သည်။ အဲဒီနေ့မနက်

ပိုင်းတွင် မှတ်မှတ်ရရ ဆောင်းနှန်းသခင်မ၏ မြူနှင်းပွင့်တို့သည် ကောင်းကင်ကြီးတစ်ခုလုံးကို ဝါဂွမ်းများသဖွယ်အုပ်မိုးထားလေသည်။ ဘယ်ကိုပဲကြည့်ကြည့် နှင်းပွင့်တို့ အလှချင်းပြိုင်နေ၏။ နေမင်းသည် နှင်းပွင့်များ၏ ပိတ်ဆို့ကာဆီးမှုကြောင့် သူ၏အနွေးဓါတ်ရောင်နီများကို ကမ္ဘာပေါ်သို့ ပစ်ချခွင့်မရသည့်အတွက် မျက်နှာငယ်နေရှာသည်။ သကျခီတာမှ ပြန်လာခဲ့ပြီး သီတဂူဆေးရုံတွင် သွားတပ်ပြီးနောက် စစ်ကိုင်းတောင်ပေါ်သို့ တက်ခဲ့သည်။ ဆွမ်းဦးပုညရှင်စေတီကို ဖူးမြော်ပြီးနောက် ထိုနေရာမှ ဟိုး . . . . . အောက်ပြည်ရန်ကုန် ရွှာမစာသင်တိုက်ကြီးရှိရာသို့ စစ်ကိုင်းတံတားနှစ်စင်းကို ခန့်ကျော်ကာ လှမ်းမျှော်ကြည့်ခဲ့သေးသည်။ မိမိ၏ဝမ်းမြောက်မှုသည်ကား ဤမျှလောက်အောင်ပါတည်း။ ရွှာမသို့ပြန်လာသောနေ့၌မန်းမြေတွင် ဖြစ်ပျက်ခဲ့ သမျှ အပျော်ကျူးစိတ်၊ ပျင်းရိစိတ်နှင့် ယုံကြည်မှုကင်းမဲ့တတ်သော စိတ်ရိုင်းများကို ဘူတာရုံအမှိုက်ပုံးထဲသို့ ပစ်ထည့်ခဲ့သည်။ ဤကဲ့သို့ ကိုယ်အတွင်းမှ မကောင်းစိတ်များကိုဖယ်၊ ကောင်းစိတ်များကိုဆယ်ပြီး မိခင်ရွှာမ ပရိယတ္တိသို့ မီးရထားကြီး ပျော်ပျော်စီးကာ ပြန်လာခဲ့သည်။ ယခုမှာမူ မိမိတစ်ယောက် ရွှာမပရိယတ္တိ စာသင်တိုက်ကြီးထဲတွင် ဆရာတော် တည်းဟူသော လိုတရပဒေသာပင်ကြီးအောက် ၌ နားခိုကာပညာဝတ်ရည်များကို စုပ်သောက်ရင်း ကျေနပ်စရာကောင်းသော ဘဝတစ်ခုကို ပိုင်ဆိုင်နေပါပြီ။ ဤနေရာ၌တရားစစ်သူကြီး အရှင်သာရိပုတ္တရာ၏ ဓမ္မဝစနတစ်စိတ်တစ်ဒေသကို အကြောင်းသင့်၍ တင်ပြပါဦးအံ့။ ငါ့ရှင်တို့ အကြင်ဆရာကိုမှီခို၍ မိမိမှာ-

(၁) အကုသိုလ်ဓမ္မတွေ လျော့ပါးပြီး ကုသိုလ်ဓမ္မတွေ တိုးပွားနေမယ်၊

(၂) ပစ္စည်း လေးပါးလည်းအခက်အခဲမရှိ လွယ်လွယ်ကူကူ ရရှိသုံးဆောင်နိုင်မယ်၊

(၃) ရဟန်းတရားကိုလည်း ပွားများအားထုတ်နိုင်မယ်ဆိုရင် ထိုဆရာ့အနားမှာပဲ တစ်သက်လုံးနေရမယ်။ တစ်ခြားသို့ပြောင်းမသွားသင့်၊ အကယ်၍တစ်စုံတစ်ရာအပြစ်ကြောင့် ဆရာက မိမိကို နှင်ထုတ်ခဲ့ရင်တောင် ကျေကျေလည်လည်တောင်းပန်ပြီး နေရမယ်။ -ဟုမိန့်တော်မူခဲ့သည်။ မှတ်သားစရာ အလွန်ကောင်းသည်။ ယခု မိမိနှင့်တကွ ဘဝတူစာသင်သားများလည်း ဆရာတော်၏ မေတ္တာရိပ်အောက်တွင် နားခိုကြရင်း

(၁) ကုသိုလ်တွေလည်း တိုးပွားနေသည်။

(၂) ပစ္စည်းလေးပါးလည်း လိုလေသေးမရှိ ပြည့်စုံသည်။

(၃) တရားဘာဝနာများလည်း အားထုတ်ခွင့်ရသည်။

(၄) ပညာများလည်း လဆန်းပက္ခလကဲ့သို့ တိုးပွားနေသည်။ ထို့အပြင်

(၅) အဖိုးမဖြတ်နိုင်သော ဩဝါဒများလည်း နာယူမှတ်သား ခွင့်ရနေပြီမဟုတ်ပါလော. . . . .

သည်ထက်ကောင်းသောနေရာ အဘယ်မှာ ရှိချိမ့်မည်နည်း။ ဤကဲ့သို့ လိုချင်တာတွေ အားလုံးရနိုင်သော သည်ရွှာမမြေကို ဘယ်တော့မှ နှုတ်မဆက်ချင်တော့ပါဟု နိဂုံးချုပ်ရင်း တိုက်တာကြီး၏ နှစ်လေးဆယ်ပြည့် ရွှေခရီးကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုပူဇော်လိုက်ရပါတော့သတည်း . . . . ။

♦ မင်းဝီရ



# ယောမြို့ကော်သွား တောလား

ကိုယော၊ဘောဂဗေဒ

စာရေးဆရာ ဆရာမြသန်းတင့်၏ 'ပုံတောင် ပုံညာသွား တောလား' ကို အမှတ်ရသည်။ စာရေးဆရာ ဆရာဝန် ဒေါက်တာ သက်လွင်၏ 'လွမ်းဖွယ်တွေ ပေါပါတဲ့ တို့ယောမြေ' ကို မြင်ယောင်လာမိသည်။ ပုံတောင် ပုံညာနှင့်ယောသည်ခွဲ၍မရ၊ 'လူသားအစ ပုံတောင်က' ဟူသော ဂန္ထဝင်ပုံတောင်တောင်တန်း မြင့်ကြီးနှင့်အလားတူ ပုံညာတောင်တန်းမြင့်ကြီး တို့သည် တောင်၊ မြောက်အရှည်မိုင် (၁၀၀) ကျော်စီရှိကြကာ ပင်လယ်ရေမျက်နှာပြင်



အထက် အမြင့်ပေ (၃၀၀၀) ကျော်စီ မြင့်မားကြသည်။ ထိုတောင်တန်း ကြီးတို့ရပ်ဝန်း၏ အနောက်ဘက်တွင် အမြင့်ပေ (၇၀၀၀)ကျော် ချင်းတောင်တန်းတည်ရှိနေသည်။ မှိုင်းညို့ညို့ စိမ်းစိုညိုမှောင်လျက် တည်ရှိနေသော ပုံတောင်ပုံညာတောင်တန်းကြီးတို့နှင့် တောင်စဉ် အသွယ်သွယ်တွင် နိုင်ငံ့အဖိုးတန် ရတနာ ကျွန်း၊ပိတောက်၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်း၊ သင်းဝင် အစရှိသည့် သစ်မျိုးစုံရောပြွမ်း ပေါက်ရောက်ကြသည်။ လျှိုမြောင် ချိုင့်ဝှမ်းပေါ်များသလောက် တောင်ကျချောင်း တို့ကလည်း များလှသည်။တောတောင် ကလည်း ထူထပ်၊ သစ်တော ဝါးတော ကြိမ်တော ကြီးများကလည်း ပေါများသည်မို့ မြေပြန့်ဒေသ များနှင့် ဆက်သွယ်သွားလာရေး ခက်ခဲရသည့်အတွက် ကြောင့် ရှေးယခင်အခါများ ကဆိုလျှင်ဖွံ့ဖြိုးမှုနောက်ကျ ခဲ့ရသောဒေသ တစ်ခုဖြစ်ခဲ့ရသည်။

ကူးလူးဆက်ဆံမှုနည်းပါးခဲ့ရသဖြင့်လည်း အထင် အတွေး အကြားတို့အားဖြင့်သာ အဝေးမှနေ၍ 'ယောပြည် ယောနယ်' ကို အမျိုးမျိုးဝေဖန်ခဲ့ကြသည်။ သည်အထဲ လွတ်လပ်ရေးရပြီးခါစ တောတောင်ထူထပ်သော ပုံတောင်ပုံညာတောင်တန်းကြီးတို့ကို ခိုလှုံအခွင့်ကောင်းယူကာ သူတစ်ပိုလ်ငါတစ်မင်း ကြီးစိုး ချယ်လှယ်ခဲ့ကြသည့် သောင်းကျန်းသူတို့ကြောင့်လည်း မြေပြန့်ဒေသများနှင့် အဆက်အသွယ်ပြတ်တောက် သလိုဖြစ်ခဲ့ရသည်။ မသွားရဲ မလာရဲ ဖြစ်ကြရလျှက် ယောဒေသသည် ခေတ်နောက်ကျကျန်ရစ်ခဲ့ရသလိုမျိုး ဖြစ်ခဲ့ရသည်ဟု ဆိုရမည်ပင် ဖြစ်လေသည်။

တပ်မတော်မှ အောင်မာယစစ်ဆင်ရေးလုပ်ကာ သောင်းကျန်းသူ အလံနီကွန်မြူနစ်တို့အား အမြစ်ပြတ် ချေမှုန်းနိုင်ခဲ့သည့်နောက် (၁၉၇၃-၇၄) ခုနှစ်မှစတင်ပြီး ယောနယ်မြေဒေသကြီးတစ်ခုလုံးသည် ယနေ့တိုင်အောင် အဖြူရောင်နယ်မြေစစ်စစ်ဖြစ်လာခဲ့ရသည်။ အေးချမ်းသာယာသောနယ်မြေ ဖြစ်ခဲ့ရသည်။ ယခုအခါ ဝယ် ရှေးရှေးအခါက'ယော' မဟုတ်တော့၊ ဖွံ့ဖြိုးသော ယော၊ တိုးတက်နေသော ယောဖြစ်ခဲ့ရပြီ၊ မော်ဒန် ယော ဖြစ်လာခဲ့လေပြီ။

ကျွန်တော်သည်ကား ယောသား စစ်စစ်ဖြစ်၏။ ပုံတောင် ပုံညာနှင့် ယောဒေသ အကြောင်းအား ဂ ဃ န ဏ မသိရှိကြသေးသူတို့အတွက် တစ်ထိုင်တည်းနှင့် လိပ်ပတ်လည်အောင် အတိုဆုံးနည်းဖြင့် ကျွန်တော်ပြောပြချင်မိသည်။ အုတ်အရောရော ကျောက်အရောရောမဖြစ်စေချင်၊ ခရီးသွား၍ သိစေချင်သည်။

ပြောပါရစေ-

'တစ်ရာ့တစ်ပါး လူမျိုးပြားသား မှတ်သားသစ်သစ် ခုနစ်မြန်မာ တလိုင်းမှာလေး ရှမ်းရေးသုံးဆယ် သချာသွယ်ပြ ခြောက်ဆယ်ကုလား သချာထားသည် ဖြစ်ပွားသုတ ဖြိုးဖြိုးတည်း--'ဟု လူမျိုး (၁၀၁) ပါးရှိကြောင်းကို သိကြမည်ထင်ပါသည်။

မြန်မာ (၇) မျိုး၊ မွန် (၄) မျိုး၊ ရှမ်းလူမျိုး (၃၀)၊ ကုလားလူမျိုး (၆၀) ဟု ဆိုသည်။ ယင်းတို့အနက် ဗမာ (မြန်မာ) လူမျိုး (၇) မျိုးတွင် - ဗမာ၊ ပျူ၊ တောင်သူတောင်သား၊ ကမ်းယံ၊ ယော၊ ရခိုင်၊ ထားဝယ် တို့ ပါဝင်သည်။ ယင်းတွင် 'ယော' ဆိုသော ရှေးဗမာ (မြန်မာ) တို့နေထိုင်ရှင်သန်ရာ ဘူမိနက်သန် နေရာမှန်အဖြစ်ကုန်းဘောင်ခေတ်အလယ်ပိုင်းမှ အစပြုကာ မြန်မာပြည်တွင်းက 'ယောနကတိုင်း' ဟူ၍ သီးခြားအမည်တွင်စေသော ယောပြည်နယ်သည်ကား ပုံတောင် ပုံညာဒေသဖြစ်ပါ၏။ ထိုပုံတောင် ပုံညာဒေသတွင် အဓိက ယောမြို့သုံးမြို့ရှိသည်။ ဂန့်ဂေါ(ကံ့ကော်)မြို့၊ ထီးလင်းမြို့၊ ဆောမြို့ဟူ၍ ရှိကာ တောင်ဘက်ကျသော ဆောမြို့နယ်အား တောင်ယောနယ်၊ အလယ်ပိုင်းကျသောထီးလင်းနယ်အား အလယ်ယောနယ်နှင့် မြောက်ဘက်ကျသည့် ဂန့်ဂေါမြို့နယ်အား မြောက်ယောနယ်ဟူ၍ ဒေသခံယောတို့က ပြောကြသည်။

အဆိုပါမြို့နယ်သုံးမြို့နယ်အား ပြည်ထဲရေးဝန်ကြီးဌာန၏အမိန့်အမှတ် ၁/၂၇၊ အထ (၂) ဖြင့် (၁၉၉၆)ခုနှစ်တွင် ခရိုင်ကြီးတစ်ခုအဖြစ် စတင်ဖွဲ့စည်းပေးခဲ့သည်။ မကွေးတိုင်းအတွင်း ပါဝင်တည်ရှိနေပြီး မကွေးတိုင်း၏ အနောက်မြောက်အစွန်း စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်တို့နှင့် နယ်နိမိတ်ခြင်းဆက်စပ်တည်ရှိသော ခရိုင်

ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အရှေ့ဘက်တွင် ပုံတောင်တောင်တန်းနှင့် အနောက်ဘက်ရှိ ချင်းရိုးမတောင်တန်းတို့ အကြားဝယ် တောင်မှ မြောက် ရှည်မျောမျောသဏ္ဌာန် တည်ရှိနေသည်။ ခရိုင်တစ်ခုလုံး၏အကျယ်အဝန်းမှာ (၂၁၅၃. ၉၅၆)စတုရန်းမိုင် ရှိလေသည်။ ကျေးရွာအုပ်စု ပေါင်း (၂၀၅) ရှိပြီး ကျေးရွာပေါင်း (၃၂၅) ရှပါဝင်သည်။ ဂန့်ဂေါ (ကံ့ကော်) မြို့သည် ယောဒေသတွင် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး၊ လူနေအများဆုံးဖြစ်ရကား ခရိုင်မြို့ကြီးအဖြစ် သတ်မှတ်ခဲ့၏။ ထို့ကြောင့် ဂန့်ဂေါ (ကံ့ကော်) မြို့အား ပုံတောင် ပုံညာ ရပ်ဝန်း၊ ယောတို့ဒေသ၊ ယောဌာနီ၏မြို့တော် 'ယောမြို့တော်' ဟု ခေါ်ဝေါ်ခဲ့ကြပေ၏။

ယောဒေသဆိုသည်နှင့် စကားသံခပ်ဝဲဝဲဖြင့် ယောသူယောသားရှေးမြန်မာတို့ နေထိုင်ရာ ဂန့်ဂေါမြို့ (ကံ့ကော်မြို့) ခေါ် ယောမြို့တော်သွားတောလားကား ယေဘုယျအားဖြင့် မြင့်သောတောင်တန်းတောင်စွယ် စိမ့်စမ်း ရေတံခွန် လျှိုမြောင်တို့၏ ပကတိမူလသဘာဝမှာ အလွန်ပင်သာယာလှပဆန်းသလောက် ခရီးက လန်းရှင်ရသည်။ ကြည်နူးကျေနပ်ရသည်။ အမြင့်ပေ (၃၀၀၀) ကျော်စီရှိကြသော ပုံတောင်နှင့် ပုံညာတောင်တန်းကြီး တို့ကိုကျော်ဖြတ်ရင်း ရံဖန်ရံခါ တိမ်ညွန့်တို့ကိုစားရ သက်တံ့ပေါ်မှာ ရောက်ရ တောင်ခိုးဝေဝေမြူခြေဆိုင်းဆိုင်း နှင်းသင်တိုင်းခြုံလျက် လှချင်တိုင်းလှနေသည့် ခရီးလည်းဖြစ်ရပါပေသည်ဟု အပြောများလှသည်။

ဤသို့ဤနှယ်ပြောကြ ချီးမွမ်းခန်းဖွင့်ကြသလို တောတောင်အတက် အဆင်းလမ်းတို့က အတက်ရှည် အဆင်းရှည် အနည်းငယ်လည်းမတ်သည်မို့ တောင်နံရံနှင့်ချောက်ကမ်းပါးနက်တို့ကြား အသဲ (အသည်း) တယားယား၊ ကြောက်ခမန်းလိလိရှိလှသည်။ ပုံတောင်ပုံညာနှင့် ယောမြို့တော်သွားတောလားကား စိုးတထိတ်ထိတ်ရှိရလွန်းလှချေသည်ဟုလည်း ဆိုကြသေးလေသည်အထိ ဖြစ်ရလေသည်။

ယောမြို့တော်သို့ မြေပြန့်ဒေသမှလာလျှင် အဓိကအားဖြင့် ခရီးလမ်းသုံးသွယ်ရှိသည်။

အဓိကအနေဖြင့် အသွားအလာအများဆုံးလမ်းကား မန္တလေး-မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းဖြစ်၏။ သုံးရာသီလမ်း၊ အမြဲတမ်းလမ်း၊ ကတ္တရာလမ်းဖြစ်ပါ၏။ ပုလဲ-ဂန့်ဂေါလမ်းဟုသိကြ၏။

ဒုတိယလမ်းမှာ ဗြိတိသျှတို့ခေတ်က ဖောက်လုပ်ခဲ့သော ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းဖြစ်၏။ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေလမ်းဖြစ်၏။ မိုးရာသီတွင် ယောနယ်ဒေသအပိုင်းသည် သွား၍မရချေ။ (ယခုအခါ ပခုက္ကူ-ပေါက်-ကျောက်ထု-ထီလင်း-ဂန့်ဂေါလမ်း မြေလမ်းအားဖြင့်လည်း ဆောင်းနှင့် နွေရာသီတွင် သွားလာနေကြသည်ကို သိရသေးသည်။)

တတိယလမ်းကား ပခုက္ကူ-ကျော-ဂန့်ဂေါ-ကလေး မီးရထားလမ်းပင်ဖြစ်၏။ နာမည်ကျော် ပုံညာတောင် ဥမင်ရှိ၏။ တပ်မတော်အစိုးရလက်ထက်ကျမှ အဆိုပါရထားလမ်းအား စတင်ဖောက်လုပ်ပြီးစီး အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ခြင်းလည်း ဖြစ်ပါသည်။

ထိုလမ်းသုံးသွယ်တွင် ခရီးသွားတို့ အများဆုံးအသုံးပြုကြသည့်လမ်းမှာ မန္တလေး-မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း။ ရာသီမရွေးသွားလာ၍ ရသောလမ်းကိုသာ အားထားကြ၏။ ပုံတောင်ပုံညာသွားတောလားအဖြစ် လူသိများလှလေသည့် ခရီးလမ်းလည်းဖြစ်ပေသည်။



ယောမြို့တော်သွားတောလားကို စတင်ကြပါစို့-

မန္တလေးမြို့မှ ခရီးစတင်ထွက်ခွါသည်တွင် မန္တလေး၊ စစ်ကိုင်း၊ မုံရွာအထိ လမ်းခရီးကား အထူးပြောစရာမလို၊ ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်)တံတားကြီးကိုဖြတ်၊ စစ်ကိုင်းတိုင်းပုလဲမြို့နယ်တို့ကို ရောက်သည်။ ပခုက္ကူဘက်မှလာသော မော်တော်ကားလမ်းနှင့် ပုလဲမြို့တွင် ဆုံသည်။ ပခုက္ကူဘက်မှပုလဲမြို့ကိုဆိုလျှင် မိုင်(၆၀)ခန့် ဝေးသည်။ ကားငယ်ဖြင့်ဆိုပါက (၂)နာရီသာသာခန့်သာ မောင်းနှင်ရပြီး ပုလဲမြို့ကထွက်သည်ဆိုလျှင် ပင် ပုံတောင် တောင်တန်းကြီးကို မှိုင်းပြာပြာမြင်လာရလေပြီ။

ပုလဲ-ဂန့်ဂေါ (၈၆)မိုင်ရှိ နာမည်ကျော် လမ်းခရီးကား စခဲ့ပြီ။ မုံရွာ-ဂန့်ဂေါလမ်းကား (၁၁၃)မိုင်ရှည်သည်။ (၁၉၆၂)ခုနှစ်က စတင်ဖောက်လုပ်ခဲ့၏။ လမ်းအကျယ်(၁၂)ပေ၊ မြေပခုံးအထိ အကျယ်(၁၈)ပေ ရှိ၏။ လမ်းမကြီးဘေးဝဲယာတို့တွင် ဂျုံအထူးအထွက်တိုးနယ်မြေ၊ ဂျုံစိုက်ခင်းများက တစ်မျှော်တစ်ခေါ်၊ မြစိမ်းရောင် ကမ္ဗလာခင်းထားသည့်နှယ်ရှိချေ၏။ မြန်မာ့သမိုင်းတွင် နာမည်ကျော် " ကင်းဝန်မင်းကြီး " ၏ " မင်းတိုင်ပင် " ရွာကြီးကို တွေ့ရ၏။ ထိုမှအနောက်စူးစူးသို့ထွက်သည်၊ ဂျုံခင်းကြီးများကိုရှုရင်း " ဝမ်းဘဲချိုင့် " ရွာအနီးမှ စတင်ကာ တောင်ပေါ်ကိုတက်ရပြီး၊ တောင်စွယ်အငူထိပ်၌ "လွမ်းစေတီ " လေးကိုတွေ့ရသည်။ သားတကွဲ မယားတကွဲနှင့် ရဲဘက်လုပ်သားကြီးများ လမ်းလုပ်ငန်းကြီးပမ်းထမ်းဆောင်ရင်း အုပ်တစ်ချပ်၊ ရေတစ်မှုတ်၊ သဲတစ်ဆုပ်စီနှင့် သည်လွမ်းစေတီလေးကို တည်ခဲ့ကြသည်။ တောပန်းတောင်ပန်းရနံ့နှင့် ဆည်းလည်းသံလေးတွေ တလွင်လွင်နှင့် ဖြစ်နေလေသည်။ အမှန်တကယ် လွမ်းစရာကောင်းလှပါဘိ။

(၅၅)မိုင်စခန်းကိုရောက်လာသည်။ ပုလဲမြို့မှ ထိုစခန်းအထိ (၂၅)မိုင်ခန့်ဝေးသည်။ ခရီးမကောင်းလှ၍ (၂) နာရီခန့်မောင်းခဲ့ရသည်၊ တဖြည်းဖြည်းနှင့် ပုံတောင် တောင်တန်းကြီးက မြင့်၍ မြင့်၍သွားသည်။ (၁၀)မိုင်ခန့်မောင်းသောအခါ တောင်ကြားထဲက "ခင်အေး" ဆိုသော ရွာကလေးသို့ရောက်လာသည်။ ထိုရွာကလေးမှာ တစ်ချိန်က ကွန်မြူနစ် အလံနီများဌာနချုပ်ဖြစ်ခဲ့ဖူးသည်။ ယခုတော့ မြို့ပြလေးပမာဖြစ်နေပြီး သစ်ထုတ်လုပ်သူတို့ ပုဂ္ဂလိက ရေနံတွင်းတူး ဖော်ကြသူတို့ နှင့်စည်ကားနေလေ၏။ မုံရွာမြို့မှ ခင်အေးရွာသို့ (၆၃)မိုင်ခန့်ကွာဝေးလေသည်။

မကြာမီ ပုံတောင် တောင်တန်းကြီး၏ အမြင့်ဆုံးအပိုင်းကို ရောက်လာသည်။ တိုင်းကြီးနှစ်တိုင်း၏ နယ်ခြားလည်းဖြစ်သော တောင်ထိပ်ကိုရောက်လာသည်။ ပင်လယ်ရေပြင်ထက် အမြင့်ပေသည်(၃၅၇၆)ပေရှိကြောင်းမှတ်ရသည်။ စာရေးဆရာ ဆရာဝန်ဒေါက်တာ သက်လွင်နှင့်အဖွဲ့ တည်ဆောက်လှူဒါန်းသော ဗုဒ္ဓခြေတော်ရာကို ဖူးတွေ့နိုင်သည်။ အမေ

ရေယဉ် (အမေရေယဉ်)နတ်နန်းလည်းရှိသည်။ သည်တောင်ထိပ်သို့ တက်လာခဲ့ရာအပိုင်းကား စစ်ကိုင်းတိုင်း။ ယခုဆက်လက်၍ထွက်ခွာရမည့် အပိုင်းကားမကွေးတိုင်းဖြစ်သည်။ နယ်ခြားနယ်နိမိတ်လည်းဖြစ်လေသည်။

ပုံတောင်တောင်ထိပ်မှ အနောက်ဘက်သို့ဆင်းခဲ့ပြီ။ အဆင်းရှည်ကြီးဖြစ်၏။ လမ်းဌာနက ဆောင်ရွက်ထားရှိသော သတိပေးဆိုင်းဘုတ်လေးများကို ခပ်စိတ်စိတ်တွေ့လာရ၏။ အမျိုးစုံ အောင်ရေးသားထား၏။ "အဆင်းရှည်"၊ "ဂီယာကြီးဖြင့် မောင်းနှင်ပါ"၊ "သတိ"၊ "ဖြေးဖြေး"၊ "ဟွန်းတီးပါ"၊ "မြင်ကွင်းမရှိ" စသည်တို့ဖြစ်ကြလေ၏။

"ဗိုလ်မှူးတင်မြင့်ကွေ့" ဆိုသည်ကို တွေ့ရလေသည်။ (၁၉၆၂) ခုနှစ်လောက်က ပုလဲဂန့်ဂေါ မော်တော်ကားလမ်းဖောက် လုပ်ရာတွင် ယန္တရားတပ်မှ အသက်ဆုံးရှုံးခဲ့ရသူ ဗိုလ်မှူးတင်မြင့်အား ရည်ညွှန်းခေါ်ဆိုနေကြခြင်းနှင့် ဘယ်ဘက်ရှိတောင်နံရံပေါ်၌ အမည်နှင့် ကိုယ်ပိုင်နံပါတ်ပါ ကမ္ပည်းကျောက်ပြားကို မြင်ရသည်။

ပုံတောင်တောင်ထိပ်မှ "ကျော" ဆိုသောမြို့ပြဆန်ဆန်ရွာကြီးကို ရောက်လာခဲ့တော့ မိုင်အားဖြင့် (၈)မိုင်သာကွာဝေးသော်လည်း အချိန်(၂) နာရီခန့်မောင်းနှင်ခဲ့ရသည်ကို မှတ်သားမိပါ၏။ ကျေးရွာသို့ အဝင်လမ်းသည် အရှေ့မှအနောက်သို့ တစ်ဆက်တည်းဖြစ်၏။ ကျောရွာသည်ကား ပုံတောင်နှင့် ပုံညာတောင်တန်းမြင့်ကြီးတို့အကြားတွင်ရှိ၏။ မြေပြန့်ဒေသမှ အမြင့်ပေ(၃၀၀၀)ကျော်ရှိ ပုံတောင်ကြီးကို မောနေအောင် တက်ခဲ့ရပြီးတော့ ဆင်းခဲ့ရရင်း ကျေးရွာကြီးကိုရောက်ရ၏။ မကွေးတိုင်း ယောဒေသ ဂန့်ဂေါခရိုင်အတွင်းပါဝင်၏။ ပုံတောင်တောင်တန်းမြင့်ကြီးကိုတက်ခဲ့ ဆင်းခဲ့ရသကဲ့သို့ နောက်ထပ် ပုံညာတောင်တန်းမြင့်ကြီးအားတက်ရ ဆင်းရဦးမည်ဖြစ်၏ ထို့ကြောင့် ကားကြီး၊ ကားငယ်တို့အတွက် အင်ဂျင်ကို အနားပေး အေးစေရင်း ဆီ၊ ရေ၊ လေ၊ ဝိုင်၊ ဘရိတ်တို့ကို စစ်ဆေးကြည့်ရှုကြရာ ရွာကြီးလည်းဖြစ်ချေ၏။

အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ မီးရထားဌာန၊ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည် ဆိုင်၊ ကုန်စုံဆိုင်တို့နှင့် ရွာလယ်ဈေးတန်းသည် စည်ကားနေ၏။ သစ်လုံးတင်ကားကြီးများကိုလည်းတွေ့ရ၏။ တစ်ချိန်က ကျောရွာကလေးကား ချောင်ကျလှပြီးအလံနီ၊ကွန်မြူနစ်တို့ ကြီးစိုးခဲ့ရာလည်း ဖြစ်၏။ ယခုတော့ဖြင့် မြို့ပြအသွင်ကိုဆောင်နေခဲ့ရပြီ။ တယ်လီဖုန်းဆက်သွယ်ရေးစခန်းနှင့်။ ဂြိုလ်တုစလောင်းနှင့်။ ဗွီဒီယိုရုံနှင့်ဖြစ်နေလေပြီ။ တောင်တန်းကြီးနှစ်ခုအကြား ကျောဒေသလေးတွင် ကျောအပါအဝင်ကျေးရွာ (၁၆)ရွာရှိပြီး ထိုရွာတို့၏ ဆုံမှတ်အဖြစ်နှင့် စည်ကားနေလေ၏။ ပုလဲမြို့မှ (၄၇)မိုင်အကွာတွင် တည်ရှိပေ၏။

ကျေးရွာ၏ အရှေ့ဘက်ထိပ် ထုံးဖြူဖြူရွာဦးစေတီမှနေ၍လာခဲ့ရာ ပုံတောင်ကြီးကို ပြန်ကြည့်သော် ကျောရွာ၏အရှေ့မြောက် ယွန်းယွန်း တောင်တန်းမြင့်ဝယ် "ပစ္စယာစေတီ" အမည်ရထုံးဖြူဖြူစေတီလေးကိုမြင် ရသည်။ ထိုပစ္စယာတောင်ထိပ်နှင့် ပစ္စယာစေတီတဝိုက်တို့တွင် ထင်းရှူးပင်များပေါက်ရောက်လျက်ရှိသည်ဟု သိရသည်။ တောင်ထိပ်မှနေ၍ကြည့်သော် ရာသီဥတုသာယာကြည်လင်

နေခဲ့ပါက အရှေ့ဘက်တွင် ချင်းတွင်း မြစ်ကြီးကို မြင်နိုင်သည်။ အရှေ့တောင်ယွန်းယွန်းတွင် ဧရာဝတီမြစ်ကြီးနှင့် ပုပ္ပါးတောင်ကြီးကို လှမ်းမြင်ရသည် ဟုသိရသည်။ ထိုတောင်ထိပ်၏ အရှေ့မြောက်ခပ်လှမ်းလှမ်းတွင်မူကား နာမည်ကျော် အလောင်းတော်ကဿပနယ်မြေလည်း ဖြစ်၊ အမျိုးသားသဘာဝဘေးမဲ့ဥယျာဉ်နယ်မြေလည်း ဖြစ်လေသည်။

ကျောရွာမှအနောက်ဘက် ပုံညာတောင်တန်းကြီးကို ဆက်လက်ခရီးနှင်ခဲ့သည်။ နာမည်ကျော် အတက်ရှည် အဆင်းရှည် "ကျောက်ထရံကွေ့" ကိုတွေ့ရသည်။ ကားကြီး ကားငယ်တို့ တိမ်းမှောက်ခဲ့ တိမ်းမှောက်တတ်ရာလည်းဖြစ်သည်။ သတိထား မောင်းနှင်ကြရသည့် နေရာလည်းဖြစ်သည်။

ပုညာတောင်ထိပ်ရောက်လုနီးဝယ် စမ်းရေတို့ဖြာကျနေသည့် စမ်းရေထွက်တစ်ခုကို မြင်ရသည်။ အုတ် ကန်ငယ်တစ်ခုပြုလုပ်ကာ ဝါးရေတလျှောက်ဖြင့် ရေသွယ်ထားသည်ကို တွေ့ရသည်။ ပုံညာတောင်ထိပ်အပိုင်း တွင် " VIEW POINT " ရှုခင်းသာ ဘန်ဂလိုလေး တစ်ခု ရှိနေသည်။ အစိုးရလမ်းဌာနက ဆောက်လုပ်ထား သည်ဟုသိရသည်။ ကားလမ်းပေါ်မှ ဆင်းကာ သဘာဝပတ်ဝန်းကျင်အလှကို ခံစားနိုင်သည်။ တိမ်စိုင်ဖြူဖြူတွေ တိမ်လိပ်တွေ တိမ်မျှင်တန်းတွေကရွှေ့လျားလာနေသည်။ ငွေနှင်းမြူမှုန်တို့က တိုက်ခတ်ကာနေသဖြင့် ခန္ဓာကိုယ်သည် တသိမ့်သိမ့်နှင့်ရှိရသည်။ အေးမြလှသောလေကိုရှူရသည်။ တိမ်တွေ နှင်းမြူတွေပြေးလွှားနေသည့်ကြားက ကျောရွာလေးကို မြင်ရလိုက် ပျောက်ကွယ်သွားလိုက်နှင့် ဖြစ်သည်။ ရစ်ခွေစီးဆင်းနေသည့် ကျောချောင်းလေးတစ်လျှောက် ချောင်းလေးကို အမှီပြု၍ တည်ထားကြသော ရွာငယ်လေးများကို အုပ်စုလိုက် အုပ်စုလိုက်တွေ့ ရသည်။ " အမြင့်က ကြည့်တော့ ရှုခင်းကပိုလှသည် " ဆိုသော စကားက အင်မတန်မှန်သည်။ " လှလိုက်တာ . . . သာယာလိုက်တာ. . . မမေ့နိုင်စရာပါပဲလေ. . . " ဟူ၍ တမ်းတချီးမွမ်းကြရသည်သာ ဖြစ် လေသည်။

ပုံညာတောင်ထိပ် (၃၂၅၀')ပေ အမြင့်ကိုကျော်ကာ အနောက်ဘက်သို့ ဆင်းခဲ့ကြသည်။ တောရိပ်တောင်ရိပ် သစ်ပင်ကြီးတွေ အရိပ်ကကြီးသည်။ ဆောင်းရာသီဆိုလျှင်ဖြင့် နှင်းကျသံတဖြောက်ဖြောက်နှင့် ကတ္တရာလမ်းတို့က နှင်းရေတို့ဖြင့် ရွှဲနစ်နေသလို ဖြစ်ရသည်။ သည်လိုအခါမျိုးများတွင် လက်ဝဲသုန္ဒရအမတ်ကြီး၏ " ဓူဝံမပေါ်၊ မမျှော်ပါရ၊ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အံ့သြ၊ ကြံတိုင်းမောစွ၊ ဘယ်တောဘယ်မြိုင်မသိနိုင်ခဲ့. . . " ဟူသောရတုကို သတိရမိသည်၊ နှင်းထုဖြင့်ပျောက်နေသော လမ်းကို အမြဲတမ်း သတိစိတ်မှာထားရှိလျက် တအိအိနှင့် ဆင်းရတက်ရ မောင်းနှင်ကြရလေသည်။

ပုံညာတော်ကြီး၏ အနောက်ဘက်သို့ အဆင်းခရီးတွင် နာမည်ကျော် " ကျစ်ပြိုကွေ့ " ဆိုတာရှိသည် ကျစ်ပြိုကွေ့အနီး သစ်လုံးတင်ကားကြီးများ၊ အရပ်ကုန်တင်ကားကြီးများနှင့် ခရီးသယ်တင်ကားကြီးများတို့ တိမ်းမှောက်တတ်သည်။ အသက်ဆုံးရှုံးကြရသည်များလည်း ရှိသည်။ " ဒုက္ခကွေ့ " ဟုတစ်ချို့က ခေါ်ကြသေးသည်။ လူသူရပ်ရွာတို့နှင့်ကလည်း အလှမ်းကွာဝေးလှကာ ညှိမှိုင်းသော တောအုပ်ကြီးထဲ

မှာမို့ တစ်စုံတစ်ခုဖြစ်ပြီပော့ဆိုလျှင် ကူကယ်မည့်သူတို့က လွယ်လွယ်နှင့်မြန်မြန်ဆန်ဆန် ရောက်မလာနိုင်ခြင်းကြောင့်လည်း အမည်ပေးကြခြင်း ဖြစ်တန်ရာသည်။တဖြည်းဖြည်းနှင့် အနောက်ဘက် ပုံညာတောင်ခြေကိုရောက်ရှိခဲ့ရလေသည်။

တောင်ခြေရှိ စင်းစယ်ရွာ၊ ရေပုတ်ရွာတို့ကိုလွန်သော် ရေမျက်နီရွာကြီးသို့ ရောက်လာခဲ့သည်။ ရေမျက်နီရွာကြီးသည် ကျောရွာကဲ့သို့ ပင်စည်ကား၍ ရဲစခန်း၊ တွဲဖက်အထက်တန်းကျောင်း၊ ဆေးခန်း၊ ဘူတာရုံနှင့်ဖြစ်သည်။ ရေမျက်နီရွာ အလွန်ကုန်းမြင့်တစ်နေရာတွင် " ထီးလင်းမြို့ " သို့ လမ်းခွဲဟူသော ဆိုင်းဘုတ်၌ လမ်းညွှန်အမှတ်အသားနှင့် အကွာအဝေးမိုင်တို့ကို ရေးသားထားသည်ကိုမြင်ခဲ့ရလျက် ဂန့်ဂေါမြို့ရှိရာ ဘက်သို့သာဆက်လက် ခရီးနှင်ခဲ့ကြသည်။

ပုံညာတောင်စဉ်တန်းတို့အား ကျော်ရင်း ဖြတ်ရင်း၊ သစ်တောဝါးတောကြီးများ ကို မြင်ရရင်း " တကုန်းဆင်း သက်၊ တကုန်းတက်၍၊ မြိုင်နက်သာမော၊ စုံတကြောဝယ်၊ တစ်တောထွက်ဝင်၊ တစ်တောင်မြင်နှင့်၊ တစ်ပင်ရိပ်နား၊ တစ်ပင်သွားသော်. . . " ဟူသည့် ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ တောလားသရုပ်ဖော်အဖွဲ့ကို သတိရလာမိပြန်သည်။ သည်တောင်စဉ်တန်းအသွယ်သွယ်တို့ဝယ် ရာသီအလျောက် အင်ကြင်းဝေချိန် ပိတောက်ဝေချိန်ဆိုလျှင် ပန်းအကြွေကတ္တရာလမ်းဝယ် မော်တော်ကားစီးရသည်မှာ ရှုမငြီးပန်းခင်းလမ်းဖြစ်ရသည်။ စွဲငြိဘွယ်ရာ မြင်ကွင်းကားလှမှလှ။ ကြည့်၍မဝ ရှု၍မဝ တကယ့်သဘာဝအလှတရားပါပေ။ သည်ပန်းတွေက မွှေးလွန်းလှသည်။ လေသင်းတိုင်းမွှေး၊ တောကြီးတောင်ကြီးကို အကြာကြီးဖြတ်သန်းမောင်းနှင်ရချိန်ကာလ နာရီများစွာမွှေးနေရသည်။ တောခြေမြိုင်အစပ် ရွာငယ်လေးတွေမှာလည်းမွှေး၊ မြို့တွင်းသို့တိုင်အောင် ပျံ့လျှောက် ကြိုင်သင်းရနံ့တွေပေးစေ မွှေးစေလေသည်။

လမ်းမကြီးဘေးတစ်ဖက်တစ်ချက် သစ်ပင်အမြင့်ကြီးများတွင် သစ်ခွပန်းပင်တွေကို မြင်နေရသည်။ သဇင်ပန်းပင်တွေကိုမြင်ကြရသည်။ ညောင်လယ်၊ ခေါင်းတုံရွာတို့ကို ဖြတ်သန်းခဲ့သည်။ ရွာများကို ဖြတ်ကျော်ရင်း လမ်းဘေးနေရာတို့တွင် သစ်ကွင်းကျယ်ကြီးများကိုမြင်ခဲ့ရသည်။ လမ်းတစ်လျှောက် မကြာမကြာ သစ်လုံးပုံကြီးများကား တောင်ပုံရာပုံဆိုသကဲ့သို့ ကြောက်ခမန်းလိလိမြင်ရ၊ အားပါးတရလည်းစိတ်မှာဖြစ်ရ ထူးခြားလှသောမြင်ကွင်းများပါပေ။ ဤတွင်ပုံညာတောင်တန်းကြီး၏ တောင်မြင့်ကြီး တစ်ခုဖြစ်သော " စကျင်းတောင် " ခေါ် နတ်တောင်မြင့် တောင်ချွန်းကြီးက ညို့ညို့မှိုင်းမှိုင်းမှောင်မှောင်ကြီးဖြစ်ဘိသည်။ ထိုတောင်ကြီးအနီးက " မဲသစ်ထုတ်လုပ်ရေးစခန်း " ကြီးတွင် သစ်လုံးတင်ကရိန်းကားကြီးများ၊ ဘူဒိုဇာကားကြီးများ၊ သစ်လုံးတင်ကားကြီးများတို့ကို အများကြီးတွေ့ခဲ့ရသည်။ ဝန်ထမ်းတွေ အလုပ်သမားတွေကလည်း မနည်းမနော၊ နိုင်ငံတော်ကြီးအတွက် အားရစရာမြင်ကွင်းပါပေ။

ကားလမ်းတလျှောက် ဟိုတစ်စုသည် တစ်စုသစ်လုံးပုံကြီးများကို မြင်ရရင်း လယ်မ၊ ပြည့်ဝရွာတို့ကို ကျော်လွန်လာခဲ့သည်။ နွားသိုးတောင်တန်းအား တောင်မှမြောက်သို့ အလျားလိုက် ဖောက်လုပ်ထားသော မော်တော်ကား

လမ်းမှာ ကားလေးတရိပ်ရိပ် ပြေးနေသည်။ တစ်နေရာအရောက် ဂျစ်ကားလေးကို ချိုးကွေ့လိုက်သည်နှင့် နွားသိုးတောင်ပေါ်မှ ယောမြို့တော်ဖြစ်သော ဂန့်ဂေါမြို့(ကုံကော်မြို့)အား ဘွားခနဲ တွေ့လိုက်ရသည်။

ဂျစ်ကားလေးကိုရပ်ခါ နွားသိုးတောင်ပေါ်မှ ယောမြို့တော်၏အလှကို ကြည့်ရသည်။ လေယာဉ်ကွင်း ဟောင်းရှည်ကြီးနှင့် ရွှေပြည်ဆိပ်ဦးစေတီကို မြင်ရဖူးရသည်။ မောရဝတီ တစ်ဖြစ်လဲ မြစ်သာမြစ်ကား အရှေ့မှ အနောက်သို့ ကွေ့ပတ်ကာစီးဆင်းနေသည်။ ဤမှာဘက် အရှေ့ " ဂန့်ဂေါ " ကိုကျော်လွန်ကာ "အနောက် ဂန့်ဂေါ " ကိုမျှော်ကြည့်တော့ အင်းဝခေတ်က တည်ထားခဲ့သည့် " စွယ်တော်ရှင် "စေတီထူးကို မြင်နိုင်သည်။ နောက်ခံအဝေးမှာတော့ အနောက်ရိုးမတောင်တန်းကြီးမှ ချင်းတောင် တန်းမြင့်ကြီးကို အတိုင်းသား မြင်တွေ့နေရပေသည်။ သည်သို့နှယ်မြင်ကွင်း ရှုခင်းအား လျှပ်တပြက်မြင်ရသော်လည်း ဘဝတစ်သက်မေ့ရက်နိုင်ကြမည်မထင်။ ယောမြို့တော်ကတော့ မြစ်သာမြစ်ဝှမ်းလွင်ပြင်ဝယ် အစဉ်ထာဝရ လှပစွဲမက်စရာ ကြည်နူးစရာ၊ ချမ်းမြေ့စရာ၊ ချစ်စရာ အနေအထားလေးနှင့် တည်ရှိနေမှာပင် ဖြစ်ပေသည်။

" ကုံကော်မြို့ " ဆိုသည့် အလွန်သိင်္ဂါရ ဆန်သော အမည်လေးနှင့် ယောမြို့တော်ကား စိတ်ဝင်စားဘွယ်ရာ ကောင်းလှသည်။ ရှေးရှေးက " မောရဝတီ " တစ်ဖြစ်လဲ " မြစ်သာ " ဆိုသည့် မြစ်ကလည်းတစ်မူထူးသည်။ မြန်မာပြည်ရှိမြစ်များစွာအနက် တောင်မှမြောက်အရပ်သို့ ပြောင်းပြန်စီးဆင်းသောမြစ်ကား မြစ်သာမြစ်။ ချင်းတောင်တန်းကြီး၏ တောင်ပိုင်းတွင် မြစ်ဖျားခံကာစီးဆင်းရင်း ချင်းရိုးမတောင်တန်းကြီး၏မြောက်ဘက်ပိုင်း တံခါး ဝ " ကလေးဝ " မြို့အနီးတွင် ချင်းတွင်းမြစ်နှင့်ပေါင်းဆုံကာသွားသည်။ ဂမ္ဘီရဆန်သော မြစ်ဟုဆိုကြသည်။ ထိုကြောင့်လားမပြောတတ်၊ အလယ်မှဖြတ်သန်းစီးဆင်းနေသည်ကား နှစ်ပေါင်းများစွာ. . . များစွာကြာရှည်ခဲ့လှ ပြီ၊ အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါ (အရှေ့ကုံကော်၊ အနောက်ကုံကော်) ဖြစ်ခဲ့ရသည်။ အရှည်(၇၄၉)ပေရှိ ကြိုးတံတားနှင့် ဆက်သွယ်ထားသည်။ နံနက်အရုဏ်ဦးနှင့် အိပ်တန်းပြန်ငှက်တို့၏ ဆည်းဆာချိန်တို့တွင် ဤကြိုး တံတားပေါ်မှ ရှုရမြင်ရသောယောမြို့တော်၏ ရှုမျှော်ခင်းကား လှဘဲလှလွန်းလှသည် ဟု ခရီးဝေးကလာကြ၊ ရောက်ကြသူတို့က အပြောများလှသည်။

ယခုယောမြို့တော်အမည်ရ ဂန့်ဂေါမြို့ကား ရှေးရှေးကာလတုန်းက " ကုံကော် " ဟု စတင်ခေါ်တွင်ခဲ့၏။ ဒေသိယသမိုင်းနှင့် အစဉ်အလာယုံကြည်ချက်အရ သုနာပရန္တမဟာတံတိုင်း၊ မြန်မာပြည်တွင်းက " ယောနကတိုင်း" အဖြစ် မြတ်စွာဘုရားသခင်ဗျာဒိတ်တော်အရ သိုက်ဝင်ဒေသကို ချန်ထားဦး၊ သေချာရေရာသော ရာဇဝင်ရှိသည်၊ သမိုင်းရှိသည်။ ပုဂံပြည့်ရှင် နရသီဟပတေ့မင်း ထီးနန်းစိုးစံချိန်ကာလက စတင်ခဲ့သည့်မြို့လေး ဖြစ်ရသည်။ မြို့ရွာတည်ထောင်ရန် မြေနေရာရွေးသည့်အခါ အလွန်ကြီးမားလှသော အပွင့်တို့နှင့်ဝေနေသည့် ကုံကော်ပင်ကြီးတစ်ပင်ကို တွေ့ရှိအစွဲပြုကာ ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး လက်ထက်တွင်မူ ရှေးကကုံကော်ဟု

ခေါ်ခဲ့ခြင်းမှ “ ကန့်ဂေါ် ” ဟူ၍ပြောင်းလဲလာချေ၏။ နယ်ချဲ့ဗြိတိသျှတို့အုပ်စိုးသောအခါ အင်္ဂလိပ်စာအရေးအသား “ GANGAW ”ဟူသည့်စာလုံးပေါင်းအသံထွက်ကြောင့်ပင်လျှင် “ဂန့်ဂေါ ” ဖြစ်လာခဲ့ရလေ၏။ ဒေသခံတို့အနေနှင့်မူ ကံ့ကော် ဟူသော မြန်မာပီသသည့် အမျိုးချစ်အမည်နာမလေးကိုပင် နှစ်သက်စွဲလန်းကာ နန်းဟန်ပန်းဟန်ဆန် ဂုဏ်ယူတန်ဖိုးထားလျက် မြတ်မြတ်နိုးနိုးနှင့်နှုတ်ကျိုးကာ “ ကံ့ကော်မြို့ ” ဟုခေါ်ဝေါ် နေကြဆဲလည်းဖြစ် လေသည်။

ဂန့်ဂေါမြို့ (ကံ့ကော်မြို့)သည်ကား ခရိုင်မြို့ကြီးဖြစ်သည်နှင့်ဘော်လျော်ညီစွာခရိုင်ရုံး၊ ဌာနဆိုင်ရာအဆောက်အဦးများ၊ ခရိုင်ဂေါက်ကွင်း၊ ဘောလုံးကွင်း၊ ဘူတာရုံ၊ တိုးချဲ့ဆေးရုံကြီး၊ စည်ပင်သာယာဈေး တည်းခိုခန်း၊ ချင်းပြည်နယ် ဟားခါးမြို့ မင်းတပ်မြို့သွားကားဂိတ်၊ အဝေးပြေးကားဂိတ်၊ ပြည်သူ့တပ်မတော် တပ်ရင်းတပ်ဖွဲ့၊ ပြည်သူ့ရဲတပ်ဖွဲ့၊ လွတ်လပ်ရေးကျောက်တိုင်၊ ကျက်သရေတော်ဆောင် သာသနာ့ဗိမာန်တော်ကြီး ဘုန်းတော်ကြီးကျောင်းများ၊ မုံလယ်တောရဓမ္မရိပ်သာ၊ အထက်တန်းကျောင်းကြီး၊ မြို့နယ်ခန်းမကြီး အသီးသီး စုံလင်စွာရှိသည်။

ယောမြို့တော်ကား မြစ်သာမြစ်ဝှမ်းလွင်ပြင်ဝယ် ဆန်စပါး၊ မြေပဲအမျိုးမျိုး၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ပြောင်း၊ ဝါ စုံလင်စွာ စိုက်ပျိုးထွက်ရှိသည်။ ရေခံမြေခံ စမုံမြေစာ ကောင်းလှသော နယ်မြေဖြစ်သည်။ ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့မှ “ ထောပတ်ပဲ ” အကောင်းဆုံးဆုရမြို့နယ်တစ်ခုဖြစ်သည်။ သဘာဝတောတောင်တို့မှ သစ်သီး သစ်ဥတို့ကလည်း ပေါကြွယ်စွာ ထွက်ရှိသည်။ စားရေး ရိက္ခာစုံလင်စွာအပြင်



မြန်မာ့ရိုးရာလည်းဖြစ်၊ ဇာတိမာန်လည်း ဖြစ်၊ ဝံသာနုစေတ်က မြန်ပြည်လူထုအတွက် မျိုးချစ်စိတ်တို့ နိုးကြားရှင်သန်စေရန် ဂန္ဓဝင်အထိမ်းအမှတ်လည်းဖြစ်သော “ဂန့်ဂေါစပါယ်ရှယ်” ယောလုံချည်တီထွင် ပေါ်ထွက်ခဲ့ရာ မူလဇစ်မြစ်လည်း ဖြစ်သည့်မြို့ကားဂန့် ဂေါမြို့ဖြစ်သည်။

နိုင်ငံ့အဖိုးတန်ရတနာ သစ်တောကြီးမှ ထွက်ရှိသော ဂန့်ဂေါဒေသ ကျွန်းနှင့် ပိတောက်သည် ကမ္ဘာမှာနာ မည်ကျော်သည်။ ပြည်ပမှ နိုင်ငံခြားငွေ “ ဒေါ်လာ ” တွေအများကြီးရှာဖွေပေးသောမြို့လည်းဖြစ်သည်။ ထိုမျှ မကသေး ရှားစေး၊ အင်တွဲ၊ ပွဲ့လျက်၊ ပျားရည်၊ ပျားဖယောင်း အစရှိသော သဘာဝသစ်တောထွက် ပစ္စည်းများတို့ကလည်း ပေါများစွာရရှိသေးလေသည်။

ယောမြို့တော်ဆီသို့ခရီးလမ်းတလျှောက် “ သမင်ကတောက်၊ ချေကဟောက်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုး ဝေနှင့် ”. . . ဆိုထားသလိုတောသဘာဝ တောအလှကို တွေ့ရသည်။ ဖိုးခေါင်ငှက်လေး၏အသံ၊ ဥသြငှက်ငယ်၏လွမ်းတေးတို့ကား အထူးဖော်ပြစရာလိုမည်မထင်တော့ပေ။

သည်တောသည်တောင် သစ်ပင်တောင်တန်းသည်လမ်းသည်ခရီးကိုဖြင့် အတန်တန်အလီလီကျော်ဖြတ်ခဲ့ဖူးပြီ၊ မြိုင်ကြီးတောအလယ်ခြေလျှင်ခရီးဖြင့်တစ်နည်း၊ သစ်လုံးတင်

ကားကြီးများပေါ်ဝယ်တစ်သွယ်၊ အရပ်ဘက်၊ ကုန်တင်ကားကြီးများကို အားကိုး၍တစ်ဖုံ၊ ကားငယ်ဂျစ်ကား၊ မာဇဒါဂျစ်၊ ဟိုင်းလပ်တို့ဖြင့်တစ်မျိုး၊ တိုးတက် လာသောသည်ဘက်ခေတ် ဘီအမ်မှန်လုံ ယာဉ်တို့ဖြင့် လည်းကောင်း အကြောင်းအမျိုးမျိုးတို့ဖြင့် သွားခဲ့၊ လာခဲ့များခဲ့လှပြီ၊ သည်ဌာနေမှာ နိုင်ငံဝန်ထမ်းဘဝတာဝန်ထမ်းခဲ့ရဖူး၏၊ တစ်ခေတ်တစ်ခါက " ဒါကိုတာ" ကိုစီး၊ " တွင် အော်တာ " ကိုစီးလျက် ဝေဟင်ခရီးဖြင့်လည်းမနည်းလှ။ ယောတို့ဒေသက ယောမြို့တော်ခရီး နည်းအဖုံဖုံစုံခဲ့ လှပြီ။

ဘဝက စုံခဲ့ပြီ၊ သည်ပုံတောင် ပုံညာတောင်တန်းကြီးတွေနှင့် ယောမြို့တော်ခရီးကိုဖြင့် မငြီးငွေ့၊ အမှန်အားဖြင့် မန္တလေးမြို့ကြီးမှ မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်းသည် (၂၀၀) မိုင်ခန့်ကွာဝေးသည်၊ ခရီးသွားကြာမြင့်ချိန် (၁၈)နာရီရှိသည်၊ သည်မိုင်မျှလောက်ကို ခဏတာ ကလေးနှင့် ရောက်နိုင်ဘွယ်ရာရှိသည်ဟု လွယ်လွယ်သဘော တွေးဆနိုင်သည်။ ထိုခရီးကား ပုံတောင်ပုံညာတောင်တန်းမြင့် ကြီးတို့နှင့် ယင်းတောင်တန်းကြီးတို့၏ တောင်စဉ် အသွယ်သွယ်တို့ကို ကျော်ဖြတ်ရသည့်ခရီးမို့ ကြန့်ကြာရသည်၊ (၈၆) မိုင်ခရီးကို တစ်နာရီလျှင် (၈)မိုင်နှုန်းမျှသာ ခရီးတွင်လေသည်၊ သည်သို့ဆိုလျှင် မလွယ်ကူသော ခရီးအဖြစ် သိလောက်ပြီ ထင်ပါသည်။

ဩော် . . . . . . မည်ကဲ့သို့ပင်ရှိစေ၊ ဆိုစေတော့ . .

လူမျိုးတစ်ရာ့တစ်ပါးမှ ရှေးဗမာ (မြန်မာ) ဖြစ်သော " ယော " တို့နေထိုင်ရာ ယောတို့ပြည်နယ် ယောမြို့တော်ကား တရုတ်၊ ကုလား (အိန္ဒိယ)လူမျိုးတို့ မရှိသလောက်ရှားပါးသည်၊ ဗုဒ္ဓဘာသာဝင်က အများဆုံးဖြစ်ပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်သူ တိုင်းရင်းသား အချို့သာရှိသည်။ မြန်မာစစ်စစ်တို့နေထိုင်ရာမြို့ဟူ၍လည်း ပြော၍ရသည်။

ပုဂံခေတ်က "ကံ့ကော်" ဆိုသည့် သိင်္ဂါရဆန်သောအမည်လေးနှင့်မြို့။ "ကံ့ကော်"ဟူသည့် တနင်္လာနာမ် နှစ်ထပ်ကိန်းသောမြို့၊ တောင်မှမြောက်အရပ်သို့စီးဆင်းနေလေသော မောရဝတီ တစ်ဖြစ်လဲ သာယာလှပစွာစီးဆင်းနေပုံကိုအစွဲပြုကာ "မြစ်သာမြစ်" ရှိရာမြို့။ နှစ်ပရိစ္ဆေဒများစွာကပင် မြစ်သာမြစ်က အလယ်မှ ဖြတ်သန်းစီးဆင်းခဲ့လေသဖြင့် အသဲ (သည်း) နှလုံးပမာ စွယ်တော်ရွက်အလား"အရှေ့ဂန့်ဂေါ-အနောက်ဂန့်ဂေါ" ဖြစ်သွားခဲ့ရသည့်မြို့၊ နှလုံးသားမြို့၊ နှစ်ကိုယ်တူမြို့၊ သာယာလှပလွန်းသည့်မြို့. . . မြို့ဂန့်ဂေါမြို့။

ယောနယ်တို့၏မြို့တော် "ယောမြို့တော်" အားရောက်ဖူးသူတို့ရှိကြသည်၊ မရောက်ဖူးသေးသူတို့ရှိလည်းကြသည်၊ ရောက်ခဲ့ဖူးကြသူတို့က ပြောကြသည်၊ ပုံတောင်ပုံညာတောင်တန်းက လွမ်းအောင်ဖန်သည်ဟုလည်း ပြောကြသည်၊ ရှေးက ကံ့ကော်မြို့ခေါ် ယခုဂန့်ဂေါမြို့ . . "ယောမြို့တော်" က အံ့ဩရလောက်အောင် ဆွဲဆောင်မှုရှိသည်ဟုလည်း ဆိုကြသည်၊ လွမ်းမောဖွယ်ရာမြို့ဟူ၍လည်း ဆိုကြသေးသည် ။

အမှန်တကယ်လည်း "ယောမြို့တော်သွားတောလား"ကတော့ ဘယ်တော့မှ ရိုးသွားလိမ့်မည်မဟုတ်. . ဟူ၍သာ ကျွန်တော်ဆိုလိုက်ချင်ပါတော့သည်။

ယောမြို့တော်ဆီသို့ တစ်ခါတစ်ခေါက်တော့ဖြင့် ရောက်ဖူးအောင်စွမ်းဆောင်နိုင်ကြပါစေ။

အနန္တော အနန္တငါးပါးဦးထိပ်ထားလျက် -

♦ ကိုယော (ဘောဂဗေဒ)

# သာခုခေါ်နိုင်ပါစေ

မိခင်တိုင်းသည် ရင်သွေးဟူသည့် သားသမီးများအပေါ် ကောင်းမြတ်စေလိုသော စေတနာဆန္ဒများသည် လောက၌ မှန်သောသစ္စာပင် ဖြစ်သည်။ သားသမီးအပေါင်းတို့သည် ထိုဆန္ဒအတိုင်းကောင်းမြတ်ခြင်းသို့ ရောက်ကြမည်ဆိုပါမူ မိခင်တို့၏ ရင်တွင်း၌ အဆုံးမရှိပင် သာခုအကြိမ်ကြိမ်ခေါ်နေမည်မှာ အမှန်ပင်ဖြစ်သည်။

မြေလတ်ကျော်လင်းဦး



စိုးထိုက်သည် ရန်ကုန်-လှော်ကား မြို့ပတ်ရထားဖြင့် စီးနင်းလိုက်ပါလာရာ ဝသန္တ မိုးရာသီဖြစ်ခြင်းကြောင့် ဆင်းမည့် သာစုကန် ဘူတာအရောက်တွင် မိုးကသဲကြီးမဲကြီး အစွမ်း ကုန်ရွာချလိုက်သည်။ အတူပြန်လာသည့် ခရီး သည်များ ရပ်ကွက်အသီးသီးသို့ပြန်သွားကြ သော်လည်း စိုးထိုက်တစ်ယောက် ဘူတာမှထိုင် ခုံတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့၏။

သူသည် မွေးရပ်မြေဖြစ်သည့် ရွှေပြည် သာ ( )ရပ်ကွက်မှ ကျောခိုင်းထွက်ခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပြီဖြစ်သည်။ ရပ်ကွက် ထဲသို့ဝင်ရမှာကို စိုးရွံ့နေသည်။ သူ့စိတ်က သူ့ကိုခြောက်လှန့်နေ၏။ လွမ်းမော တသစွာဖြင့် စိမ်းညို့ညို့ရပ်ကွက် ကလေးဆီသို့ အဝေးကပင် ရီဝေစွာဖြင့် ငေးမောကြည့်နေမိသည်။ ရပ်ကွက် ကလေးသည် သူရှိစဉ်အခါကနှင့်မတူပဲ အစစ အရာရာ တိုးတက်ပြောင်းလဲနေပေပြီ။

စိုးထိုက်သည် နောင်တများစွာ ရင်ဝယ် ပိုက်လျက် ဇာတိရပ်ကွက်ကလေးသို့ ပြန်လာခဲ့ သည်။ လူအများစုနှင့် သူသိပ်ချစ်သော အမေ သည်သူ့ကို ခွင့်လွှတ်ကျေအေးကြမည်လား။ သူ့မှာတွေးရင်း ရင်မောလာရသည်။ ရင်ထဲမှ လှိုက်၍လှိုက်၍ တက်လာသော ဝမ်းနည်းမှု များကိုချုပ်တီးအောင့်အီးထား၍ ရတော့ဟန် မတူ။ မျက်ဝန်းအစုံမှ မျက်ရည်စများက သူ၏ ပါးပြင်ပေါ်သို့ အဆက်မပြတ် လိမ့်ဆင်းလာကြ ပြန်သည်။ သူအားပါးတရ ရှိုက်ဖို ငိုချလိုက် သည်။

" အမေရယ်. . . သားမိုက်ကို ခွင့် မလွှတ်ပါနဲ့"

မောဟိုက်နွမ်းနယ်စွာဖြင့် ခန္ဓာကိုယ်၌ ချွေးဒီးဒီးကျနေ၏။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး များပေါ်သို့ စီးကျလာသောချွေးဥများ မျက် ရည်စများကို ပန်းပေါ်မှ တဘက်နွမ်းကလေးဖြင့် သုတ်လိုက်သည်။

ညကိုးနာရီကျော်နေပြီ ဖြစ်သည်။

ဒေါ်နှင်းဝေသည် သားစိုးထိုက်ပြန် အလာကို စောင့်မျှော်နေ၏။ သားလေးကြိုက် တတ်သည့် ကြက်သား ဆီပြန်ချက်ထားသည်။ သားဖြစ်သူနှင့်အတူ ညနေစာထမင်းလက်ဆုံစား ရမည့်အရေးကိုတွေးလျက် ဒေါ်နှင်းဝေတစ် ယောက် ကြည်နူးကျေနပ်နေပါသည်။ သားဖြစ် သူ စိုးထိုက်သည် ယခုအထိပြန်မလာသေးပါ။ ဒေါ်နှင်းဝေသည် ဆာလောင်မှုကို ကြိတ်မှိတ် ခံစားနေရရှာသည်။

ခင်ပွန်းဖြစ်သူ ဦးညီမြကွယ်လွန်ချိန်မှ စ၍ ဖတဆိုးသားလေး စိုးထိုက်ကို ဒေါ်နှင်းဝေ တစ်ယောက် အတိုးချအချစ်တွေ ပိုခဲ့ပါသည်။ စိုးထိုက်က ဒါကို အခွင့်ကောင်းယူ၍ ဆိုးသည်။ ဒေါ်နှင်းဝေ အပြစ်ဟူ၍မမြင် လေသံမာမာ နှင့်မပြောရက်။ မိမိသားလေး စိတ်ငြိုငြင်မှု မဖြစ်



စေလို၊ သို့သော် စိုးထိုက် ဆိုးသည်ဆိုသော သတင်းက တစ်ရပ်ကွက်လုံးသိကြသည်။

" အမေရေ . . . အမေ "

စိုးထိုက်သည် ဒေါ်နှင်းဝေကို ခေါ်ပြီး အိမ်ပေါ်သို့ ဒယီးဒယိုင်နှင့် တက်လာသည်။ ဒေါ်နှင်းဝေ စိုးထိုက်ကိုကြည့်၍ သက်ပြင်း မောတို့ကိုချသည်။

" စိုးထိုက်၊ မင်းကိုမေမေ ဘယ်လို ပြောထားလဲ "

" အဟဲ၊ နည်းနည်းလေးပါ အမေရယ်၊ လမ်းထိပ်က သူငယ်ချင်း တိုးနီတို့၊ ငွေဩတို့နဲ့ သွားပြီးဆုံလို့ပါ။ သက်သက်တော့မဟုတ်ပါဘူး၊ တိုးနီတို့အိမ်ရွှေ့ပြောင်းဖို့လုပ်အားပေးမှာ အမောပြေအဖြစ် အပျော်သောက်ကြ စားကြတာပါ . . "

" ကဲပါ . . ဒီတစ်ခါတော့ ရှိပါစေ။ နောက်ကို မသောက်ရတော့ဘူးနော် "

" ဟုတ်ကဲ့ပါ . . . အမေရယ်။ အမေ မကြိုက်တာ နောက်ဘာမှ မလုပ်တော့ပါဘူး"

အာလေးလျှာလေးနှင့် ပြောလိုက်သော စိုးထိုက်၏ အပြောစကားတို့ကြောင့် ဒေါ်နှင်းဝေ တစ်ယောက် ကျေနပ်သွားရပြန်သည်။

မိခင်ဖြစ်သူ ဒေါ်နှင်းဝေသည် ခင်ပွန်း ဖြစ်သူရှိစဉ် အချိန်မှစ၍ 'နဝရတ်ဈေး'တွင် ကုန်ခြောက်ဆိုင်ကလေးဖွင့်ပြီး ဈေးရောင်းခဲ့ သည်။ ခင်ပွန်းဖြစ်သူ ဦးညိုမြဆုံးပါးသွားခဲ့သော် လည်း လောကဓံတရားကိုမမှု၊ ဦးညိုမြ စုဆောင်းပေးသွားသော ရွှေတိုရွှေစများကို မပျောက်အောင်လည်း ထိန်းသိမ်းနိုင်ခဲ့သည်။ ဖတဆိုး စိုးထိုက်အား ဆယ်တန်းနှစ်ရောက် သည့်တိုင် ပညာရေးကို ကြိုးစားထားပေးသော် လည်း လူပေါင်းမှား၍ ဆယ်တန်းစာမေးပွဲကျကာ နောင်နှစ်တွင် ပြန်တက်ခိုင်း၍မရတော့ပါ။

မိခင်ဖြစ်သူ ဒေါ်နှင်းဝေသည် သားဖြစ် သူအား ကလေကချေ ဖြစ်မည်စိုးရိမ်၍ ရွှေပြည် သာ စက်မှုဇုန်တွင် ရရာအလုပ် ရှာဖွေခိုင်းပြီး အလုပ်ဆင်းခိုင်း၏။ အလုပ်ရှိသည် မဆင်းတစ် ရက် ဆင်းတစ်ရက်နှင့် သူငယ်ချင်း အပေါင်း အသင်းများနှင့် ဖဲရိုက်၊ ကြက်တိုက် စတဲ့ လောင်း ကစားများနှင့်သာ မွေ့လျော်ချင်သည်။

" ဟာ . . ကျွန် . . ကျွန်တော် ထမင်း မစားသေးဘူး။ အမေ့ကို ပြောစရာရှိတယ် အရေးသိပ်ကြီးတယ် အမေ "

"ဘာများလဲ သားရယ်၊ မေမေထမင်း ဆာလှပြီ "

"ကျွန်တော့်ကို ပိုက်ဆံနှစ်သောင်း လောက်ပေးပါ အမေ "

" အလို နှစ်သောင်းကြီးများတောင် ဘာလုပ်မလို့လဲ စိုးထိုက်ရယ် "

" မနက်ဖြန် ဟိုဘက်ရပ်ကွက် တန်း ကျော်ခြင်းဝိုင်းမှာ ကြေးများများနဲ့ ကစားချင်လို့ပါ။ ပြီးတော့လဲ ကြက်ဝိုင်းလောင်းဖို့ ချိန်းခဲ့တယ် "

" အို . . . စဉ်းစဉ်းစားစားလဲပြောပါဦး စိုးထိုက်ရယ်. . လောင်းကစားဆိုရင် ဘာ လောင်းကစားကိုမှ မေမေ အားမပေးဘူး။ ဒီငွေ နှစ်သောင်းပေးရအောင်လဲ ငါ့မှာမရှိဘူး။ ပစ္စည်း တွေ အကုန်ရင်းထားတယ် . . "

ဒေါ်နှင်းဝေ ပြောစကားကြောင့် စိုးထိုက် တွေဝေသွားသည်။ သို့သော် အပေါင်းအသင်း များနှင့် ချိန်းထားခဲ့ပြီ

" အမေ့မှာ ပိုက်ဆံမရှိဘူးဆိုရင် အဖေ ရှိစဉ်တုန်းက ကျွန်တော့်ကို ဆင်ထားတဲ့ ရွှေဆွဲ ကြိုးကို ခဏပေးပါ။ အပေါင်ဆိုင်သွားပေါင် မယ် . . "

" ဒါအတွက်ကိုတော့ မင်းကို မေမေ အလိုမလိုက်နိုင်ဘူး စိုးထိုက် "

" ရတယ် အမေမပေးလဲ ကျွန်တော်က ရအောင်ယူမှာပဲ "

မူးယစ်စေသော ယမကာအရှိန်က စိုးထိုက်၏ အသိဉာဏ်နှင့် အသိတရားတို့ကို အမှောင်ကျသွားစေသည်။

" အမေ . . ကျွန်တော့်ကို သေတ္တာသော့ပေး . . "

" ဘာကိစ္စပေးရမှာလဲ . . မပေးနိုင်ဘူး"

" မပေးရင်လဲ . . သေတ္တာကို ဖျက်မယ်ဗျာ . . "

စိုးထိုက်တစ်ယောက် အိမ်အောက်တွင် အသင့်ရှိနေသော ထင်းခွဲပုဆိန်ကို သွားယူကာ ရွှေဆွဲကြိုး ထည့်ထားသော သေတ္တာကို ထုရိုက်ဖွင့်တော့၏။ မိခင်ဒေါ်နှင်းဝေ သားဖြစ်သူအား လိုက်ဆွဲသော်လည်း စိုးထိုက်က မိခင်ဖြစ်သူအား တွန်းထုတ်ပစ်လိုက်သည်။ အရှိန်လွန်၍ ပက်လက်လန်ကျသွားရာ ထမင်းစားပွဲဝိုင်းပေါ်ကျပြီး ထမင်းပန်းကန်ကွဲကာ နောက်စေ့တွင် ရှထိသွား၏။ မိခင်မှာ ဒဏ်ရာမှ နာလွန်းသဖြင့် . .

" အမလေး . . . လာကြပါဦးတော် "

ဒေါ်နှင်းဝေ အော်သံကြောင့် တစ်ဖက်အိမ်မှ ညီမဖြစ်သူ ဒေါ်မြမေနှင့် အိမ်နီးနားချင်းတို့ အိမ်ပေါ် ရောက်လာကြ၏။ သို့သော်လည်း သားဆိုးသားမိုက် စိုးထိုက်မှာ လက်ထဲတွင် ရွှေဆွဲကြိုးနှင့် အိမ်နောက်ဖက်မှ ခုန်ဆင်းကာ လမ်းမဘက်ဆီသို့ ထွက်ပြေးလေတော့သည်။ ဒေါ်နှင်းဝေ၏ ခေါင်းမှ သွေးထွက်လွန်နေ၍ ညီမဖြစ်သူနှင့် အိမ်နီးနားချင်းမိတ်ဆွေများက ရပ်ကွက်ဆေးခန်းတစ်ခုသို့ ပို့ကြရလေသည်။

စိုးထိုက်တစ်ယောက် သာစုကန်ဘူတာထိုင်ခုံတစ်နေရာတွင် မိခင်ပေါ်၌ ဆိုးသွမ်းခဲ့သည့် အတိတ်၏ အမည်းစက်ကြီး စွန်းထင်းခဲ့သည်များကို ပြန်လည်စဉ်းစားရင်း . . .

" ဟေ့လူ . . ဘူတိုင်ထိုင်ခုံပေါ်မှာ မအိပ်ရဘူးဆိုတာ မသိဘူးလား။ ညဆယ်နာရီထိုးတော့မယ် ခင်များပြန်မယ့်လမ်းကို ပြန်ပေတော့ . . "

" ဟုတ် . . ဟုတ်ကဲ့ခင်ဗျာ . . . "

စိုးထိုက်သည် တစ်ချိန်က မိမိနေထိုင်ရာ ရပ်ကွက်တွင်းသို့ မိခင်အားတွေ့လိုဇောဖြင့် သွက်သွက်ကလေး လမ်းလျှောက်လာခဲ့သည်။ မိခင်နှင့်အတူ နေထိုင်ခဲ့သော အိမ်ရှေ့ရောက်သော် အိမ်ရှေ့ဝင်းတံခါးနှင့် အိမ်ကို သော့ခတ်ထားသည်ကို တွေ့လိုက်ရ၏။ တစ်ဖက်အိမ်မှ အဒေါ်ဖြစ်သူ ဒေါ်မြမေအား လှမ်းခေါ်လိုက်သည်။

" ဒေါ်လေးမြမေ . . ဒေါ်လေးမြမေ . . "

" ဘယ်သူခေါ်တာလဲ . . . ဟေ . . . " " ကျွန် . . . ကျွန်တော် ဒေါ်လေးတူ စိုးထိုက်လေ . . "

ဒေါ်နှင်းဝေ၏ညီမ ဒေါ်မြမေသည် တူဖြစ်သူစိုးထိုက်အား ယနေ့တိုင် သူ့အစ်မတစ်ယောက် စိုးထိုက်စိတ်နှင့်သေရသည်ဟု မကြေနိုင်၊ မချမ်းနိုင်ဖြစ်နေသည်မှာ အမှန်ပင် . .

" ဒီမှာ . . . စိုးထိုက် နင့်ကို ခဏပဲ စကားပြောနိုင်မယ် . . နင့်ကိုလည်း မမြင်ချင် မတွေ့ချင်တော့ဘူး . . . "

" အမေ . . အမေ ဘယ်သွားလဲဟင် . . "

" ဘာပြောတယ်၊ စိုးထိုက် နင့်မှာ အမေဆိုတာတွေ ရှိသေးလို့လား . . . "

ဒေါ်မြမေ၏ စကားသံတို့က သူ၏နားထဲသို့ သံရည်ပူနှင့် လောင်းထည့်လိုက်သလို



ပင် နာကျင်ခံခက်စေသည်။ သူ့မှာပြန်လည်ချေပ ပြာဆိုနိုင်သည့် စကားလုံးတို့မရှိတော့ပြီ။ သူ့ဘဝစာမျက်နှာတွင် ထင်ကျန်စွန်းရစ်ခဲ့သော အမည်းစက်ကြီးတစ်ခုကြောင့် သူ့ဘဝ၏ ပိုင်ဆိုင်မှု အရာအားလုံးတို့ ဆုံးရှုံးကွယ်ပျောက်ခဲ့ရပြီဖြစ်သည်။ ပြစ်တင်ဝေဖန်ပြောဆိုသမျှတို့ကို ခါးစည်းအောင့်အီး၍ ခံစားရင်း ရင်ထဲတွင် ကြေကွဲဝမ်းနည်းစွာ ချုံးပွဲချငိုကြွေးရုံကလွဲ၍ ဘာများ တတ်နိုင်မည်နည်း။

"အမေ ဘယ်သွားလဲဆိုတာ. . . ကျွန်တော့ကိုပြောပါ. . . "

"မင်းအမေ. . မင်းထောင်ကျလို့နှစ်လ အကြာမှာ မင်းစိတ်နဲ့ဆုံးသွားပြီ။ ခုမှ တွေ့ချင် သပဆိုရင် သင်္ချိုင်းမှာသွားတွေ့တော့ . . စိုးထိုက်။ မင်းလို ကောင်မျိုးနဲ့ အချိန်ကြာကြာ စကားမပြောနိုင် ဘူး. . . '

"ဗျာဒေါ်လေး. . အမေဆုံးပြီဟုတ်လား" သူအထိတ်တလန့်နှင့် အံ့သြတကြီး ရေရွတ်သည်။ ဒေါ်မြမေသည်စကားကို ဤတွင် အဆုံးသတ်လိုက်ပြီး အိမ်တံခါးပိတ်၍ အိမ်ပေါ်သို့ ပြန်တက်သွားတော့သည်။

မိမိအိမ်သော့ခတ် တံခါးပိတ်ထား၍ လှေကားထက်ဝရန်တာတွင် မိခင်မရှိတော့ပြီဟူသော မပြောပြနိုင်တဲ့နောင်တတို့နှင့်အတူ သောကပူဆွေးမှုဝေဒနာများနှင့် မအိပ်နိုင်တော့ဘဲ တစ်ညလုံး ခံစားနေရတော့သည်။

နံနက်ဝေလီဝေလင်း အာရုဏ်တက်အချိန်တွင် မိခင်မြေမြှပ်ထားရာ သင်္ချိုင်းမြေဆီသို့ လျှောက်လှမ်းလာခဲ့၏။ ဒေါ်နှင်းဝေ အသက် (၅၂)နှစ်ဟု မှုန်ရိုရိုးဝါး မြင်တွေ့လိုက်ရသည့်အတွက် စိုးထိုက်တစ်ယောက် မိခင်အားလက်အုပ်ချီကာ ကန်တော့နေရှာသည်။ သူ၏ ပါးစပ်မှလည်း အသံထွက်ခါ မျက်ဝန်းအိမ်မှ စီးဆင်းလာသော မျက်ရည်တို့နှင့်အတူ. . .

" သားပြန်လာပြီ အမေရယ်. . . သားမိုက်ကို ခွင့်မလွှတ်ပါနဲ့။ ကြီးမားမြင့်မြတ်တဲ့ အမေ့မေတ္တာ၊ အမေ့စေတနာ၊ အမေ့ကျေးဇူးတရားတွေကို မိုက်မှားစော်ကားမိလို့ မုန်းတီးပစ်ပယ်ခံဘဝကို ရောက်နေရပါပြီအမေရယ်။ သားကိုယ်တိုင်လဲ ပြင်လို့မရတဲ့ အမှားအတွက် ကျွန်တော့်ကိုယ်ကို ခွင့်မလွှတ်ဘူး အမေ။ ဥပဒေကပေးတဲ့ပြစ်ဒဏ်က ပြီးဆုံးခဲ့ပေမယ့် အမေ့မေတ္တာ၊ အမေ့စေတနာ၊ အမေ့ကျေးဇူးတွေကို ပြစ်မှားမိတဲ့ အပြစ်ဒဏ်က ကျေလွတ်အောင် ကျွန်တော်ဘယ်လို ဆပ်ရမှာလဲ အမေရယ်။ ကျွန်တော့် နောင်တတွေက နှောင်းခဲ့ပါပြီ။ ဒါပေမယ့် အမေ. . အမေ ဖြစ်စေချင်တဲ့ လူကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားရင်း သားမိုက်ပြစ်မှားမိသမျှ ကျေလွတ်အောင် ကြိုးစားသွားမယ်လို့ တမလွန်က အမေ့ကို ကတိပေးပါတယ် အမေရယ်. . . "

မိခင်မြေပုံကို ကန်တော့ပြီးအပြန်တွင် မိခင်ရှိစဉ်က ကိုးကွယ်ဆည်းကပ်ခဲ့သော တောရကျောင်းဆရာတော်ထံ ဝင်လိုက်သည်။

" ဒကာလေးက ဘယ်သူလဲကွယ်. . . "

" တပည့်တော် ဒေါ်နှင်းဝေရဲ့ သားပါ ဘုရား. . "

" အိမ်း. . အိမ်း မှတ်မိပြီ. . ဟိုလွန်ခဲ့တဲ့ သုံးနှစ်လောက်က ကြက်တိုက်လောင်းကစားဝိုင်းမှာ လူသတ်မှုနဲ့ ထောင်ကျသွားတဲ့ လူဆိုးလေးပဲ။ အင်းပေါ့လေ လူဆိုတာက မသိခြင်း အဝိဇ္ဇာ အကုသိုလ် အမှောင်ကြောင့် အမှားလမ်းလိုက်မိနေကြတာမဟုတ်လား။ အမှားကို အမှားမှန်းလဲသိအောင် ကိုယ်တိုင်ကြိုးစားကျင့်ကြံရတယ်။ အနန္တော အနန္တငါးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ရဲ့ ဆုံးမဩဝါဒတွေကို မြေဝယ်မကျ လက်တွေ့နာခံယူမှ လူသူတော်ကောင်းဖြစ်တယ်။ မကောင်းမှု ဒုစရိုက်များဖြစ်တယ်ဆိုတာ. . ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးလို့ဆိုတဲ့ ဒုစရိုက်ဆယ်ပါးကို မသိကြလို့၊ တချို့လဲ သိလျက်နဲ့လက်တွေ့မကျင့်ကြံ၊ ကံကံ၏အကျိုးပေးတရားတွေကို မယုံကြည်ကြလို့ နေ့စဉ်ဒုစရိုက်မှုတွေ နိုင်ငံနှင့်အဝှမ်း၊ ကမ္ဘာနှင့်ဝှမ်း ဖြစ်ပေါ်နေကြတာပေါ့. . . "

အတိတ်က လူဆိုးလေးဟု ရပ်ကွက်ထဲတွင် စာရင်းဝင်ခဲ့သော စိုးထိုက်သည် မိခင်၏ မေတ္တာ၊ စေတနာ၊ ကျေဇူးတရားတွေကို မိုက်ရိုင်းစော်ကားမိပြီး နောင်တများစွာနှင့်အတူ သောကမီးလျှံတွေဝေနေသော အချိန်တွင် တောရဆရာတော်ကြီး၏ ဆုံးမဩဝါဒများပေးမှုကြောင့်. . .

" ဆရာတော်ဘုရား တပည့်တော် အမှားကို အမှားမှန်းလဲ သိပါပြီ။ မိခင်အပေါ် မိုက်ရိုင်းစော်ကားမိသည့် အပြစ်လည်း မည်မျှကြီးမားကြောင်း သဘောပေါက်ပါပြီ။ ငမိုက်သား တပည့်တော်ကို သနားကရုဏာနဲ့ ခွင့်လွှတ်တော်မူပါဘုရား။ လူမှန်းသိတတ်စက ခုချိန်ထိ ဆန်ကုန်မြေလေး အဖြစ်နဲ့ မိုက်မှားကျူးလွန်ခဲ့သမျှ ကယ်တင်သောအားဖြင့် တပည့်တော်ကို သက်န်းဝတ်ခွင့်ပြုတော်မူပါဘုရား။ ကျူးလွန်ခဲ့သမျှပြေပျောက်ဖို့ သနားသဖြင့် ကယ်တော်မူပါ ဆရာတော်ဘုရား။ "

အေးငြိမ်းသော ဆရာတော်ဘုရားကြီး၏ ကရုဏာအသံတော်သည် စိုးထိုက်၏ ရင်ထဲသို့ ဝေ့ဝင်လာသည်။ မေတ္တာငွေ့တွေ့ထိ ခံစားရသော သူ့နှစ်လုံးသားသည် အေးမြငြိမ်းအေးလျှက် ခွန်အားတို့ ဖြစ်လာသည်ဟု မှတ်ထင်ခံစားလိုက်သည်။ အမေ့မျက်နှာကို ဖျတ်ခနဲ မြင်ယောင်သည်။ ကျူးလွန်မိသော အညစ်အကြေးမှ ကျေတန်သလို သက်န်းဝတ်ရန် လျှောက်လိုက်ခြင်း ဖြစ်ပေသည်။

" အိမ်း. . . ဒုက္ခကို ဒုက္ခမှန်းသိလို့ အားကိုးရာအစစ် တရားကို သတိရတယ်လေ။ သာဓု-သာဓု-သာဓု ဒကာလေးကို သက်န်းဝတ်ပေးပါတော့မယ်. . . "

တစ်ခဏမှာပင် သောကပရိဒေဝတို့မှ အေးငြိမ်းသောခံစားမှုဖြင့် စိုးထိုက်သည် ရိုကျိုးစွာဖြင့် ဆရာတော်ဘုရားအား ဦးချကန်တော့လိုက်သည်။ သူ၏ခိုင်မာသော ရည်ရွယ်ဆုံးဖြတ်ချက်နှင့်အတူ ပေ့ါပါးလန်းဆန်းလာသည်။ တမလွန်မှအမေသည် စိုးထိုက်အဖြစ်ကိုသိလျှင် အဘယ်မျှ သာဓုအကြိမ်ပေါင်းများစွာ ခေါ်နေမည်ကို မှန်းဆရုံဖြင့် စိုးထိုက်၏ စိတ်အလျင်သည် ပို၍ရွှင်လန်းတက်ကြွနေပါတော့သည်။

♦ မြေလတ်ကျော်လင်းဦး



# မွေးကျေးဖူးကိုတော်လှန်သူ

မောင်ကြည်သာ(မုံရွာ)

တန်ခိုးအဘိညာဉ်အရာမှာ ဧတဒဂ်ရတော်မူသည့် ရဟန္တာကြီးပင်လျှင် ရှေးရှေးဘဝက မွေးကျေးဖူးကို တော်လှန်ပစ်မှား စော်ကားရက်စက်ခဲ့သည့်တစ်ခုသော ဘဝက အပရာပရိယကံကြောင့် ခိုးသားငါးရာ၏ အရိုက် အနှက်ဒဏ်ကိုခံလိုက်ရပြီး ပရိနိဗ္ဗာန်ပြုတော်မူရှာသည်။ ကံကြွေး ၊ ဝဋ်ကြွေးများ အလွန်ကြောက်စရာကောင်းကြောင်း သိသာကြရန် ဤဆောင်းပါးကို ရေးသားလိုက်ပါသည်။

ဟိုးရှေးရှေးအခါက ကလျာဏမိတ္တ ပီသသည့်သူငယ်ချင်းနှစ်ဦးရှိခဲ့သည်။ တစ်ဦးက သူဌေးသား သရဒနှင့် တစ်ဦးကသူဌေးသား သီရိဝဍ္ဎနတို့ ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် အနောမဒဿီ မြတ်စွာဘုရားထံတော်တွင် ဗျာဒိတ်ခံတော်မူကြသည်။ အနောမဒဿီမြတ်စွာဘုရားကလည်း အနာဂတံသဉာဏ်တော်ဖြင့် ကြည့်တော်မူ၍ ပြည့်စုံလုံလောက်သော ဥပနိဿယ အကြောင်းတို့ကိုမြင်တော်မူပြီး ဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူမည့် ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါတွင် အဂ္ဂသာဝကအဖြစ် လက်ယာတော်ရံနှင့်လက်ဝဲတော်ရံ အဖြစ်ရရှိတော်မူရန်ဗျာဒိတ်ခံယူတော်မူစေသည်။ အနောမဒဿီထံတော်မှ နိယတဗျာဒိတ်ပန်းကိုဆင်မြန်းခဲ့ကြပြီး တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းအားထုတ်ခဲ့ကြပြီး ဂေါတမမြတ်စွာ ဘုရားထံတော်တွင် လက်ယာရံနှင့် လက်ဝဲရံများ ဖြစ်တော်မူကြသည်။

လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုး အဘိညာဉ်အရာမှာ ဧတဒဂ်ရတော်မူသည်။ လက်ဝဲတော်ရံ အရှင်မဟာ



မောဂ္ဂလာန်သည် တန်ခိုးအဘိညာဉ်အရာတွင် မည်မျှပြည့်စုံသလဲဆိုလျှင် အခါတစ်ပါးမှာ သိကြားမင်း၏ ဝေဇယန္တပြာသာဒ်ကို ခြေမတော်နှင့် ညှပ်၍ သွက်သွက်ခါအောင် တုန်လှုပ်စေခဲ့သည်။ တစ်ခါကလည်း မြတ်စွာဘုရားကိုပြစ်မှား သတ်ဖြတ်လိုသည့် နန္ဒောပနန္ဒနဂါးမင်းကို အပြစ်ကြီးစွာဖြစ်သော ကျောင်းသားကို ဆရာက ဆုံးမသကဲ့သို့ အမျိုးမျိုးညဥ်းဆဲဆုံးမတော်မူခဲ့သည်။ ငရဲပြည်နှင့်နတ်ပြည်တို့ကို လူးလာတုံ့ခေါက်ကြွရောက်တော်မူနိုင်ခဲ့သည်။

လက်ယာရံ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာကြီးကတော့ ပရိနိဗ္ဗာန်စံယူကာနီး မိခင်ကြီးကို သောတာပန် အရိယာဖြစ်အောင် မွေးကျေးဇူးဆပ်တော်မူခဲ့သည်။ သူငယ်ချင်းဖြစ်သည့် လက်ဝဲတော်ရံရှင်မဟာမောဂ္ဂလာန် က မွေးကျေးဇူးကို တော်လှန်ပြစ်မှားစော်ကားရက်စက်ခဲ့သည့် တစ်ခုသောကံကြွေး ဝဋ်ကြွေးများကြောင့် ရဟန္တာကြီးဖြစ်လင့်ကစား ဖွတ်ဖွတ်ညက်ညက်ကြေအောင် အရိုက်အနှက်ခံပြီးမှ ပရိနိဗ္ဗာန်ပြုတော်မူရှာရသည်။

အကြောင်းကား ဤသို့တည်း။ ဟိုးရှေးယခင်အခါက ရှင်မဟာမောဂ္ဂလာန်အလောင်းသည် မျက်မမြင် မိဘနှစ်ပါးကို ခစားလုပ်ကျွေးနေရှာသည်။ ယုတ်မာဆိုးဝါးသည့် ရှင်မောဂ္ဂလာန်အလောင်း၏မယားဖြစ်သူက ယောက်ျားဖြစ်သူကို မနာလိုငြူစူတဆူတည်း ဆူနေတော့သည်။ မယားဖြစ်သူက လင်ဖြစ်သူအား အရေးဆိုလာပါတော့သည်။ "မိဘကိုပစ်မလား၊ ကျွန်မကိုပစ်မလား"ဟုမေးသည့်အခါ လင်ဖြစ်သူက "မင့်ကိုချစ်လွန်းလို့ မပြစ်နိုင် ပါဘူးကွယ်" ဟုပြန်ပြောသည်။ မိခင်ဖခင်တွေက မျက်မမြင်ဒုက္ခိတတွေဖြစ်နေလို့လည်း ပစ်ထားလို့မဖြစ်ပါဘူး- ဟုပြန်ပြောသည်။ မယားဖြစ်သူက ဒီလိုဆိုရင်မိခင်ဖခင်ကို တောထဲခေါ်သွားပြီး နှစ်ယောက်စလုံးကို ရိုက်သတ်လိုက်ပေါ့ ဟု တိုက်တွန်းပါတော့သည်။ မိဘတွေ အနေနှင့် ကြည့်လျှင်သူတို့၏သားကို ကိုးလလွယ် ဆယ်လမှ ဖွားရသည့်သား ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က နို့ချိုတိုက်ကျွေး၍ မွေးခဲ့ရသည့်သားဖြစ်၏။ သူတို့သားမှ သူတို့သား သူတို့၏ရင်ခွင်ထဲမှ ဆွဲထုတ်ပြီး အသည်း နုတ်သလိုနုတ်ယူသွားသည့် သူ၏ချွေးမကို မုန်းတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

မိန်းမဖြစ်သူကလင်ဖြစ်သူကို နေ့လည်းတိုးတိုး တိုးတိုး ညလည်းတိုးတိုးတိုးတိုး အမျိုးမျိုးသော ပရိယာယ်ဖြင့်ချော့တစ်ခါချောက် တစ်လှည့် ပူ၍တစ်မျိုး၊ မူ၍တစ်မျိုး မာယာအမျိုးမျိုးဖြင့်ပြောဖန်များသော အခါလင်ဖြစ်သူက ခေါင်းညိတ်လိုက်တော့သည်။ ပြောဖန်များမယားစကားအောင်-ဆိုသော စကားရှိခဲ့သည်။ ရှင်မဟာမောဂ္ဂလာန် အလောင်းသည် မယားစကားကို

နားဝင်ပြီး မိဘနှစ်ပါးကို ဥပါယ်တံမျဉ်နှင့် လှည်းပေါ်သို့တင်၍ တောထဲသို့ ခေါ်ဆောင်သွားတော့သည်။ မိဘများကလည်း ချွေးမမပါဘဲ သားနှင့်လွတ်လွတ်လပ်လပ် အတူသွားကြရ၍ ပျော်ရွှင်နေကြပါတော့သည်။

တော်ထဲသို့ရောက်သောအခါ သားဖြစ်သူက"အဖေတို့ အမေတို့ရေ ခိုးပြတွေ လာနေကြပြီဗျ" ဟုကြောက် လန့်သည့်အသွင် ဖြင့်ဆင်းပြေးသည်။ မိဘနှစ်ပါးလည်း ထိတ် ထိတ်ပြာပြာနှင့် ဟိုစမ်းစမ်း ဒီစမ်းစမ်းဖြင့် ချမ်းသာပေးကြပါမောင်တို့ရယ်၊ဒုက္ခိတအဘိုး အို အဘွားအိုတွေမို့ပစ္စည်းဆိုလို့ မှ မပါပါဘူး" ဟု တောင်းပန်ကြသည်။ လှည်းပေါ် ကဆင်းပြေးသောသားဖြစ်သူက ဓားပြအဖြစ် ဟန်ပန်လေသံဖြင့် ပြောင်းပြီး တဖြောင်းဖြောင်း နေနေအောင် မိဘနှစ်ပါးကို ရိုက်ပါတော့သည်။ နဖူးပေါက်ခေါင်းကွဲပြီးသွေးတွေ ယိုစီးကျလာပါ တော့သည်။ "ချမ်းသာပေးကြပါမောင်တို့ရယ် သေခါနီးပြီဖြစ်တဲ့ အဘိုးကြီးနဲ့ အဘွားကြီး ပါကွယ်၊ အမယ်လေး နာလှပါပြီးကြောက်လှပါပြီ။" ဟုမိခင်ကြီးကတောင်းပန်ရှာတယ်။ ဖခင်အိုကြီးက "ရှင်မရေ သိပ်ပြီးငိုမနေပါနှင့်ကွယ် သားလေးထွက်လာလျှင် သူပါ အရိုက်ခံနေရပါဦးမယ်" ဟုပြောသည့်အခါ အမယ်ကြီးက ကြိတ်မှိတ်ပြီးငို ပါတော့သည်။ အဘွားကြီးက "သားကလေးရေ အဖေတို့ အမေတို့ ဒုက္ခိတကြီး တွေမို့သေပျော်ပါပြီ သေချင်ကြပါပြီ အဖေတို့ နားမလာနဲ့ လွတ်အောင်သာပြေးပါကွယ်၊ ငါးသားကလေး အန္တရာယ်ကင်းပါစေ" လို့အော်ပြီး ပြောပါတော့သည်။ ချွေးမမိုက် ကြောင့် လူယုတ်မာဖြစ်ရသောသားမှာ မကြည့်ရက် မမြင်ရက်တော့ပဲ ချုံထဲပြေးပြီး ကြိတ်ငိုပါတော့သည်။

ထိုဝဋ်ကြွေးများကြောင့် နောက်ဆုံးဘဝအဂ္ဂသာဝက ဖြစ်တော်မူတဲ့ အခါမှာ

တစ်နေ့တော့တိတ္ထိဆရာကြီးများက အသပြာတစ်ထောင်ပေးငှားထားသည့်လူဆိုးကြီး သမဏဂုတ္တိ က အရှင်မဟာမောဂ္ဂလာန်ကို ခြေရာခံပြီး တပည့်ပေါင်း ငါးရာနှင့် ရိုက်နှက်သတ်ဖြတ်ရအောင် လိုက်ရှာကြသည်။ တန်ခိုးအဘိညာဉ်နှင့် ကောင်းကင်ထက်ကို ကြွပြီးရှောင်ရှားတော်မူသည်။ ခြောက်ရက်မြောက်သည့်နေ့တွင် ရှောင်နေ၍ မဖြစ်တော့ ဘဝဟောင်းက အကုသိုလ်ကံကြွေးကို ပြေး၍ လွတ်မည်မဟုတ်။ ထို့အတွက်ကြောင့် လူငါးရာ တို့၏အရိုက်အနှက်ကိုခံတော်မူလိုက်ရသည်။

ရှင်မောဂ္ဂလာန်သည် သတိရ၍ "ငါသည်မြတ်စွာဘုရားကို ဖူးတွေ့ပြီးမှ ပရိနိဗ္ဗာန် ဝင်စံမည်ဟု ကြံစည်တော်မူပြီးမှုန့်မှုန့်ညက်ညက်ကြေနေသော ကိုယ်ခန္ဓာကို အဘိညာဉ်ဖြင့်ဖွဲ့စည်းရစ်နှောင်၍ ခိုင်မတ်အောင်ပြု လိုက်သည်။ ထို့နောက်ကောင်းကင်ခရီးဖြင့် မြတ်ဘုရားထံတော်မှောက်သို့ ရောက်ရှိသွားလေသည်။

မြတ်စွာဘုရားကို ပရိနိဗ္ဗာန်ပြုမည့်အကြောင်းလျှောက်ထားသည်။

"ချစ်သား အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုမည်နည်း" ဟုမေးသောအခါ ကာလသိဂိလိတောင်နံပါး ကာဠသီလာ ကျောက်ဖြာပေါ်မှာ ပရိနိဗ္ဗာန်ပြုမည် ဖြစ်ကြောင်း လျှောက်ထားတော်မူပြီး ကောင်းကင်သို့တက်ကာ တရားဟောတော်မူပါသည်။ တရားဟောပြီးမှ ကာဠသီလာကျောက်ဖြာသို့ပြန်၍ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

♦ မောင်ကြည်သာ(မုံရွာ)



# မြတ်သောအရှင်

မဟာသတိပါ ဆရာ- နမာမိအခါခါနဲ့
စုံဆယ်ဖြာဦးနှိမ်ချလို့ရယ်၊ ညွှတ်ပျကော်ရော်၊

တော်လည်းတော် ကျော်လည်းကျော်ပါပေရဲ့။
မဟာထေရ်ဆရာအရှင်က–သဒ္ဒါကြည်လင်စေနာထူးရယ်နဲ့ ၊
သာသနာအညွှန့်သာဖူးတွေလည်း မွေးထုတ်ခဲ့ရှာ။

ပရိယတ် ပဋိပတ်စုံနှစ်ဖြာ–နာသုံးနာရင်မှာထားပါလို့
ထပ်မနား၊ ခါခါသင်လည်း–ငယ်နုစဉ် ဉာဏ်မယှဉ်ခိုက်ဟာမို့၊
မိုက်သွေးတွင် ဘဝင်မကျပေဟု– တသွင်သွင်မျက်ရည်စတွေနဲ့
ချွေချခါ ရှာပြန်လှချင်ရဲ့ မရှင်ပြဆရာ့ကျောင်းတော်။

ဇမ္ဗူပေါ်လူတော်ဖြစ်စေဖို့– တစ်ချက်ကယ်ဘယ်မညိုးလေဘူး
သင်ရိုးကုန်အဟုန်မြှင့်ပါလို့ – ဂုဏ်ဝင့်ခဲ့တပည့်များစွာ။

နှစ်ပေါင်းလေးဆယ်ကြာ – ခုချိန်ခါ ပညာရင့်ပြီမို့
ပွဲလယ်တင့်တပည့်မှာ – သာသနာလက်ဆင့်ကမ်းလျက် ရွှင်လန်းကြည်စွာ။

အသိရယ်သာ – ပီတိတွေဖြာဖြာဝေလို့
ရှာမမြေသာစခန်းဆီသို့ – ဝန္ဒနာကန်တော့ပန်းရယ်နဲ့
ရည်မှန်းကာ ဆရာအရှင်ရဲ့ ဂန္ထဝင်ဂုဏ်အထူးကို
ညွှတ်နူးစွာ ရင်မှာပိုက်လို့ရယ် ဦးခိုက်ပါကြောင်း။

■ ဒေါအးဆုမွန်

# ကျေးဇူးတော်ရှင်



ကုသလဝတီ (သကျမိတ္တာ)

**'နှစ်လေးဆယ်ပြည့်ပွဲ 'တဲ့ - - - -**

နှစ်လေးဆယ်ဟု ဆိုရသော်လည်း အင်းစိန် ရွာမကျောင်းတိုက်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်ခန့်ကပင် တည်ရှိနေခဲ့သည်-ဟု သိရပါသည်။

သို့သော် 'ပရိယတ်, ပဋိပတ်စွယ်စုံရ ရွာမပရိယတ္တိစာသင်တိုက်'ဟု ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်လေးဆယ်မျှသာ ရှိပါသေးသည်၊ နှစ်လေးဆယ်အတွင်း ပထမဆယ်စုနှစ်ကျော်ကပင် ရန်ကုန်မြို့အတွင်း သံဃာအများဆုံး ကျောင်းတိုက် အဖြစ်သို့ ရောက်ရှိခဲ့ပါသည်၊ နိုင်ငံကျော်, ပထမကျော်, တိပိဋကစသော ဘွဲ့ထူးဂုဏ်ထူးများလည်း နှစ်စဉ်လိုလို ထွက်ပေါ်လျက်ရှိပါသည်၊ ဤသည်တို့၏ အခြေခံ အရင်းအကျဆုံး ကျေးဇူးရှင်မှာ **ဆရာတော် အရှင်တိလောကာဘိဝံသ (အင်းစိန်)**ဟု အမည်တော်ရှိသော စာရေးသူတို့၏ ဆရာသခင် ကျေးဇူးရှင်သာ ဖြစ်ပါသည်။

ဆရာတော်သည် တစ်နိုင်ငံလုံးရှိ သံဃာတော်များအတွက် ပညာရေးမှာ အားအကိုးရဆုံး ဆရာတော်တစ်ပါးဖြစ်

သည်ကို စာရေးသူ ဖော်ပြစရာလိုမည် မထင်၊ အားလုံးအသိပင် ဖြစ်ပါသည်၊ ဤနေရာ၌ တင်ပြလိုသည်မှာ ဆရာတော်သည် စာရေးသူတို့လို ပရိယတ္တိပညာအရာ အစာငတ်၊ ရေငတ်ဘဝ ရောက်နေသူများအား လောကအလယ် လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကယ်တင်စောင့်ရှောက် ပေးတော်မူခဲ့သည့် အကြောင်းပင် ဖြစ်ပါသည်။

စာရေးသူ အသက် ၁၅-နှစ် ပထမလတ်တန်းအောင်ပြီး ပထမကြီးတန်းပင်လယ်ကို လက်ပစ်ကူးဖို့ ကြံစည်နေချိန် ကျေးဇူးရှင် ဆရာသခင်နှင့် တွေ့ခဲ့ရပါသည်၊ စာရေးသူအပါအဝင် သီလရှင်ဆရာလေး အပါး ၃၀-ခန့်ရှိသည့် ပထမကြီးတန်းသင်ရိုး ယမိုက်, ပဋ္ဌာန်းစာဝါအတွက် ဆရာသမားများက ဆရာတော်ကို ပင့်ပေးခဲ့ပါသည်။ ၁၃၄၇-ခုနှစ်က ဖြစ်ပါသည်၊ ဆရာတော်ကို စတင်တွေ့သည်မှစ၍ စာရေးသူတို့ တပည့်အားလုံးက 'ဘုန်းဘုန်းကြီး' ဟု ခေါ်ခဲ့ကြပါသည်၊ ဘုန်းဘုန်းကြီးသည် စာရေးသူတို့ကျောင်းသို့ တစ်ပတ်လျှင် နှစ်ရက်ကြွကာ စာချပေးတော်မူခဲ့ ပါသည်၊ ထိုအချိန်မှစ၍ စာရေးသူတို့ဘဝ ပြောင်းလဲလာခဲ့ပါသည်။

စာရေးသူတို့ ကြားဖူးသည်၊ ပထမကြီးတန်းသည် စာအများကြီးဖြစ်၍ တော်ရုံနှင့် မအောင်နိုင်၊ လေး, ငါးနှစ် ဖြေတာတောင် မအောင်နိုင်ဘူး-စသည့် သတင်းတွေကြောင့် **'တို့လည်း ပထမကြီးတန်းမှာ ဘယ်နှစ်နှစ် နေရမလဲ'**ဟု စဉ်းစားမိကြပါသည်။

ဘုန်းဘုန်းကြီးသည်-

**မြန်မြန်တတ်သောနည်း၊**

**လွယ်လွယ်တတ်သောနည်း၊**

**အရေးအဖတ်မှစ၍ ခေတ်မီသောနည်း**

စသည်တို့ဖြင့် စိတ်ဝင်စားစရာကောင်းအောင် သင်ပေးလိုက်သဖြင့် စာရေးသူတို့၏ သမားရိုးကျအသိကို လုံးဝပြောင်းလဲပေးလိုက်ပါသည်၊ ဘုန်းဘုန်းကြီးသည် စာရေးသူတို့အား ယမိုက်, ပဋ္ဌာန်းစာဝါများသာ မဟုတ်၊ သဒ္ဒါ, သင်္ဂြိုဟ်ဆိုင်ရာများကိုလည်း ပို့ချပေးတော်မူခဲ့ပါသည်၊ အလင်္ကာ, ဆန်းတို့ကိုလည်း နားလည်အောင် ပို့ချပေး တော်မူပါသည်၊ အဘိဓာန်ဂါထာများကိုလည်း တစ်ပတ်စာ ကျက်ရန် ပိုင်းခြားပေးတော်မူပါသည်၊ ဘုန်းဘုန်းကြီးသည် စာရေးသူတို့အား နှစ်ချင်းပေါက် ဖြေဆိုနိုင်အောင် သင်ပေးပါသည်၊ နှစ်မနားဘဲ နှစ်ချင်းပေါက် ဖြေဆိုဖို့လည်း မိန့်ကြားပါသည်။

သို့သော် စာရေးသူတို့ကျောင်းတိုက်တွင် ပထမကြီးတန်းရောက်လျှင် စာများ၍ တစ်နှစ်နားကာ စာကျက်ရမည်ဆိုသော စည်းကမ်းကြောင့် စာရေးသူတို့လည်း တစ်နှစ်နားကာ ဘုန်းဘုန်းကြီးထံမှာ စာတက်, ဘုန်းဘုန်းကြီး ကျက်ခိုင်းသည့်အတိုင်း ရအောင်ကျက်ရင်း (၁၃၄၈- ခုနှစ်) စာမေးပွဲတွင် ပထမကြီးတန်းကို အခက်ခဲမရှိ အောင်မြင်ခဲ့ပါသည်။

အမှန်အတိုင်းဝန်ခံရလျှင် စာရေးသူတို့ စာသင်သားယ်ဘဝမှာ စနစ်တကျ ကြိုးစားရကောင်းမှန်း မသိခဲ့ပါ၊ သဒ္ဒါ, သင်္ဂြိုဟ်အဓိပ္ပာယ်ဆိုင်ရာများကိုလည်း ဆရာများက ပြောပြသော်လည်း စိတ်မဝင်စားခဲ့ပါ၊ ပါဠိ, အနက်ရလျှင် ဇအောင်မှတ်ရတာပဲဟု ပေါ့ပေါ့တန်တန် တွေးကာ ပါဠိ, အနက်လောက်သာ အဓိကထား ကျက်မှတ်ခဲ့ပါသည်၊ ပထမငယ်တန်း, ပထမလတ်တန်း စာမေးပွဲ ဖြေဆိုခဲ့စဉ် အောင်မှတ်ဇ ပြီလား ကိုယ့်ဘာသာကို တွက်ကြည့်၊ အောင်မှတ်ရပြီဆိုလျှင် စာကို ဆက်မစဉ်းစားတော့၊ ကိုယ်ကျက်ထား, ရ-ထားသည့် စာကလည်း အောင်မှတ်ရရုံသာ ဖြစ်ပါသည်။

ပထမကြီးတန်းရောက်ပြီး ဘုန်းဘုန်းကြီးနဲ့ တွေ့မှ စနစ်တကျ စာလုပ်ရမှန်း သိလာကြပါသည်၊ ပထမကြီးတန်းကို ဘုန်းဘုန်းကြီး၏ လမ်းညွှန်ချက်အတိုင်း စနစ်တကျ အားကြိုးမာန်တက် ကြိုးစားခဲ့၍သာ ရည်မှန်းချက်အတိုင်း အောင်မြင်မှု ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် ပထမကြီးတန်းအောင်ပြီး ဓမ္မာစရိယတန်းရောက်တော့လည်း စာရေးသူတို့ရဲ့ အရည်အချင်းအရ ဓမ္မာစရိယတန်းမှာ ဘယ်လိုအခက်အခဲများ တွေ့မည်ဆိုတာ စာရှုသူတို့ ခန့်မှန်းမိလောက်ပါသည်။

စာရေးသူတို့သည် ဓမ္မာစရိယတန်း စာဝါများကို ဗဟန်း ဝိသုဒ္ဓါရုံ တိပိဋက ယောဆရာတော်ထံမှာ တက်ကြရပါသည်၊ ဆရာတော်ချပေးသည့် ဝါကျများကို တစ်လုံးမကျန် ရအောင်ကျက်ပြီး ဓမ္မာစရိယစာမေးပွဲကို ဝင်ဖြေခဲ့ပါသည်၊ ဘာမှ မရေးတတ်ခဲ့ပါ။ နှစ်နှစ်မြောက် စာမေးပွဲဖြေချိန်မှာတော့ ကမ္ဘာအေးလိုဏ်ဂူကြီးသည် အေးစိမ့်နေသော်လည်း စာရေးသူရင်မှာ ပူလောင်နေခဲ့ပါသည်၊ မေးခွန်းစာရွက်ကိုကိုင်ကာ 'ငါ ဘာလုပ်ရမလဲ၊ ဒီအတိုင်းဆိုရင် ဓမ္မာစရိယ ဘယ်တော့မှ အောင်မှာ မဟုတ်ဘူး၊ ဒီစာတွေ နားလည်အောင် ဘယ်လိုလုပ်ရမလဲ' ဟု မိမိဘာသာ မိမိ မေးမိပါသည်၊ စာမေးပွဲဖြေချိန်ပြီးသောအခါ စာရေးသူတို့ သူငယ်ချင်းနှစ်ယောက် ဘုန်းဘုန်းကြီးအထံသို့ အပြေးသွားကြကာ စာနားလည်အောင် ရှင်းပြပေးဖို့ လျှောက်ထားကြပါသည်၊ ( ထိုစဉ်က ဘုန်းဘုန်းကြီးက ကမ္ဘာအေး သာသနာ့ တက္ကသိုလ်၌ အဘိဓမ္မာပါမောက္ခတာဝန်ဖြင့် သီတင်းသုံးနေစဉ် ဖြစ်ပါသည်။)



ထိုအခါ ဘုန်းဘုန်းကြီးက 'ဘယ် နံပါတ်ကို နားမလည်တာလဲ နားမလည်တဲ့ နံပါတ်ကို ဘုန်းဘုန်းကြီး ရှင်းပြမယ်' ဟု ပြောပါသည်၊ စာရေးသူတို့က ' တစ်ကနေ တစ်ဆယ်အထိ ရှင်းပြပေးပါဘုရား' လို့ လျှောက်ထားမိပါသည်၊ ဘုန်းဘုန်းကြီးလည်း စာရေးသူတို့ စကားကြောင့် တော်တော်စိတ်ညစ်သွားပုံရပါသည်၊ အဲဒီလိုဆိုရင် အချိန်နည်းနည်းလေးနဲ့ ရှင်းပြလို့ မရကြောင်း ပြောပါသည်၊ ဒါကိုပဲ စာရေးသူတို့က 'ငါတို့ကို ဘုန်းဘုန်းကြီးက ရှင်းပြမပေးချင်လို့ပဲ' ဟု ထင်ကာ ကျောင်းပြန်ရောက်တော့ ဝမ်းနည်းပက်လက် ငိုကြွေးမိကြပါသည်၊ နောက်တော့မှ ဘုန်းဘုန်းကြီးက စာချတန်းဆိုတာ-

**သဒ္ဒါအခြေခံက အဓိကကျကြောင်း၊**

**နည်းစနစ်မှန်ဖို့လိုကြောင်း၊**

**အချိန်နည်းနည်းလေးနဲ့ ဖြတ်ပြောလို့ မရကြောင်း-**

စသည် စသည်တို့ကို ရှင်းပြပါသည်၊ ဒီတော့မှ စာရေးသူတို့လည်း 'ဘုန်းဘုန်းကြီး

ဘုရား တပည့်တော်တို့ကို သနားသောအားဖြင့် သဒ္ဒါအခြေခံက စပြီး လိုအပ်တာတွေကို သင်ပေးပါဘုရား၊ ဘယ်လောက်ပဲကြာကြာ အခြေခံက စပြီး နားလည်အောင် သင်ပါ့မယ် ဘုရား' ဟု လျှောက်ထားကြပါသည်၊ ဘုန်းဘုန်းကြီးက စာရေးသူတို့ ကျောင်းသို့ တစ်ပတ် နှစ်ရက်ကြွကာ အခြေခံမှ စ၍ သင်ပေးခဲ့ပါသည်။

သဒ္ဒါ, ရူပသိဒ္ဓိ ဆိုင်ရာများကို ဘုန်းဘုန်းကြီးက အဓိပ္ပာယ်များကိုဖယ်၊ ရုပ်ပြီးပုံ သီးသန့် (ရူပသိဒ္ဓိအတိုင်း) ပါဠိလို မှတ်စုထုတ်ကာ သင်ပေးပါသည်၊ ထိုစနစ်သည် ယခု **'သဒ္ဒါလက်ဆောင်ကျမ်း'** စာအုပ် မူရင်းပင် ဖြစ်ပါသည်၊ သဒ္ဒါလက် ဆောင်ကျမ်းသည် မြန်မာလို ဖြစ်ပြီး စာရေးသူတို့ သင်ခဲ့စဉ်က ပါဠိသွားအတိုင်း ဖြစ်ပါသည် ယင်း သဒ္ဒါလက်ဆောင် ကျမ်းအစအဆုံးကို စာရေးသူတို့ သုံးခေါက်လောက်ပေါက်အောင် သင်ခဲ့ရပါသည်၊ ထိုအချိန်မှစ၍ သဒ္ဒါအခြေခံ တော်တော် လုံလောက်သွားပါသည်။

**' သဒ္ဒါတတ်မှ၊ စာတတ်လှ၊ အတ္ထ အမှန်သိ'**

ဟူသော အဆိုအတိုင်း သဒ္ဒါတတ်ခြင်း၏ အကျိုးကို လက်တွေ့ သိလာရပါသည်၊ ရုပ်ပြီးဆိုင်ရာ, ဝိဂြိုဟ်ဆိုင်ရာ, လိင်, ဂိုဏ်း, ကာရန်ဆိုင်ရာ စသည်တို့၌ ကျွမ်းကျင်သွားပါသည်၊ သဒ္ဒါ၏ အရသာကို ကောင်းကောင်းခံစားရပါသည်၊

အာဘော်ဖော်ပုံ အကျဉ်းချုပ် နည်းစနစ်များ, ဝါကျကိုင်ပုံ, ကျမ်းတက်ပုံကစပြီး အလွယ်ဆုံး အကျဉ်းဆုံး နည်းများ ဖြင့် စာရေးသူတို့အားသင်ပေးပါသည်၊ သို့ဖြင့် စာရေးသူလည်း ဓမ္မာစရိယတန်းကို မကြောက်မရွံ့ လွယ်လွယ်ကူကူ ဖြတ် ကျော်နိုင်ခဲ့ပါသည်၊ နောက်ပိုင်း ကံမကောင်းချင်တော့ ဘုန်းဘုန်းကြီးနှင့် နှစ်နှစ်ကျော်လောက် ကင်းကွာသွားရပါသည်၊ သို့သော်လည်း ဘုန်းဘုန်းကြီးထံမှ အခြေခံရပြီးဖြစ်၍ သီလက္ခန်စာဝါကို ဆရာဦးစံသင်းလှိုင်, ပါရာဇိကဏ်စာဝါကို မန္တလေး မစိုးရိမ် ဆရာတော်တို့ထံမှာ အလွယ်တကူပင် နည်းယူသင်ကြားနိုင်ခဲ့ပါသည်။

ဤသို့ စာဝါများ အခက်အခဲမရှိ လိုက်နိုင်ခြင်းမှာ ဘုန်းဘုန်းကြီး၏ အခြေခံနည်းစနစ်များကြောင့် ဖြစ်ပါသည်၊ စာရေးသူတို့ တွေ့ကြုံခံစားရသည့် နည်းတူ စာသင်သား သီလရှင်လေးများအားလုံး တွေ့ ကြုံရမည်သာ ဖြစ်ပါသည်၊ သီလရှင် စာသင်သား အများစုသည် ပထမကြီးတန်းအောင်၍ ဓမ္မာစရိယတန်း ရောက်လျှင် စာဝါများကို နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများ၌ လိုက်ကြရပါသည်၊ သဘာဝချင်း မတူကြသောကြောင့် စာဝါလိုက်သည့်အခါ နားမလည်သည်ကိုလည်း ရဲရဲတင်းတင်း မေးမြန်းခွင့် မရ၊ အခြေခံချင်းကလည်းကွာခြား၊ စည်းမျဉ်းသင်တဲ့ ညဝါများကိုလည်း ညအချိန်မတော်ဖြစ်၍ လိုက်ခွင့် မရ၊ နေ့အချိန်ချသော စာဝါကြီးများကိုသာ လိုက်ကြရသည့်အတွက် ဓမ္မာစရိယရေယဉ်ကြောမှာ မျောချင်တိုင်းမျော နေကြရပါသည်။

ထို့ကြောင့် ဘုန်းဘုန်းကြီးသည် စာရေးသူအား လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဖို့ တာဝန်ပေးခဲ့ပါသည်၊ စာရေးသူကလည်း ခြေတော်စုံဦးခိုက်ကာ ကျေကျေနပ်နပ် ပေးအပ်သောတာဝန်ကို လက်ခံခဲ့ပါသည်၊ စာရေးသူ ကျမ်းပြီးသည့် နှစ်မှာပင် ပထမကြီးတန်း အောင်သည့် ညီမငယ်တို့အား ဓမ္မာစရိယအခြေခံ စည်းမျဉ်း

များ, သဒ္ဒါဆိုင်ရာများကို ပြန်လည် ပို့ချပေးနိုင်ခဲ့ပါသည်၊ ဤသည်မှာ ဘုန်းဘုန်းကြီး၏ ကျေးဇူးပင်ဖြစ်ပါသည်။

ဘုန်းဘုန်းကြီးက ' **သီလရှင်ပညာရေး တိုးတက်စေချင်တယ်၊ သေသေချာချာ ကြိုးစားပါ'** ဟု စာရေးသူတို့အား မကြာခဏ မိန့်ကြားတော်မူခဲ့ပါသည်၊ ဘုန်းဘုန်းကြီးသည် စာရေးသူတို့ကိုသာ မဟုတ်၊ ရန်ကုန်မြို့ရှိ သီလရှင်ကျောင်းတိုက် အများစု၏ ပညာရေးကိုလည်း အားပေးကူညီခဲ့ပါသည်။

ဘုန်းဘုန်းကြီးသည် စာရေးသူတို့အား ဓမ္မာစရိယတန်းစာဝါများသာမက အဘိဓမ္မာ ဘာသာဆိုင်ရာများကိုလည်း ကျကျနန ပို့ချပေးတော်မူခဲ့ပါသည်၊ မှတ်မိပါသေးသည် အဘိဓမ္မာလက်ဆောင်ကျမ်း စာအုပ် မထုတ်မီကပင် ယခု အဘိဓမ္မာ လက်ဆောင်ကျမ်းလာ နည်းစနစ်များဖြင့် အဘိဓမ္မာသင်ကြားပို့ချနည်းများကို စနစ်တကျ လမ်းညွှန် ပို့ချပေးခဲ့ပါသေးသည်။

ညဝါဘာသာများဖြစ်သည့် မာတိကာ ဓာတုကထာ၊ ယမိုက် ပဋ္ဌာန်းစာဝါများကိုလည်း ပြန်လည် ပို့ချပေးနိုင်သော အဆင့်ရောက်အောင် သင်ကြားပေးတော်မူခဲ့ပါသည်၊ ဘုန်းဘုန်းကြီး၏ နည်းစနစ်များ ကောင်းပုံကို စာရေးသူ အထူးတင်ပြဖို့ လိုမည် မထင်ပါ၊ အနည်းဆုံး ဘုန်းဘုန်းကြီး၏ နွေရာသီ ယမိုက် ပဋ္ဌာန်းသင်တန်းကြီးကိုတော့ စာချ, စာသင် အတော်များများ တက်ရောက်သင်ကြား ဖူးကြပါလိမ့်မည်။

ဘုန်းဘုန်းကြီးသည် စာရေးသူတို့အား အသိပညာ, အတတ်ပညာတွေလည်း ပေးခဲ့ပါသည်၊ သင်ကြားပုံ နည်းစနစ်တွေလည်း ပေးခဲ့ပါသည်၊ တပည့်တွေအပေါ် ထားရမည့် မေတ္တာတရားတွေကိုလည်း အတုယူဖွယ် ကိုယ်တိုင် ပြသခဲ့ပါသည်၊ ကိုယ်တိုင်တတ်မြောက်ရုံမျှဖြင့် အကျိုးမရှိ၊ ပြန်လည်အသုံးချနိုင်မှ, သူတစ်ပါးကို ပြန်လည်ပို့ချနိုင်မှ အကျိုးရှိကြောင်း မကြာခဏ ဆုံးမတော်မူတတ်ပါသည်။

**'တတ်မြောက်ရုံထက်၊ စွမ်းဆောင်ချက်၊ လှမ်းတက်နိုင်ပါစေ'**

ဟူသော နီတိလေးမှာ ဘုန်းဘုန်းကြီး၏ ဩဝါဒပင် ဖြစ်ပါသည်၊ စာရေးသူတို့၏ စိတ်ဓာတ်နှင့် လုပ်ရပ်ကို လမ်းမှန် အောင်, အမျိုးသမီးများဖြစ်သော်လည်း သာသနာအတွက် စွမ်းဆောင်နိုင်သော အမျိုးသမီးများဖြစ်အောင် လမ်းညွှန်ပေးတော်မူခဲ့ပါသည်။

ဘုန်းဘုန်းကြီး၏ ကျေးဇူးတော်များကြောင့်ပင် စာရေးသူတို့သည် စာသင်တိုက်တစ်တိုက်ကို ရဲရဲဝံ့ဝံ့ တည်ထောင်နိုင်ခဲ့ပါသည်၊ စာရေးသူတို့၏ စာသင်တိုက်ကို **'သကျဓီတာ'** ဟု အမည်တပ်ရန်လည်း ဘုန်းဘုန်းကြီးက ညွှန်ပြပေးခဲ့ပါသည်၊ သကျဓီတာတွင် စာရေးသူတို့ကိုယ်တိုင် အခြေပြုမူလတန်းမှစ၍ ဓမ္မာစရိယတန်းတိုင်အောင် ဘုန်းဘုန်းကြီး၏ နည်းစနစ်အတိုင်း သင်ကြားပေးနိုင်ခဲ့ကြသဖြင့် အံ့ဩ လောက်အောင် အောင်မြင်မှု ရခဲ့ပါသည်၊ အဘိဓမ္မာလက်ဆောင်, သုတ်နက်လက်ဆောင်, သဒ္ဒါလက်ဆောင် ဤသုံးအုပ်ကို မူလတန်းမှစကာ သင်ကြားပေး၍ အထက်တန်းများရောက်သည်အထိ သင်ကြားပေးခဲ့ပါသည်၊ ညဝါဘာသာများအားလုံးကိုလည်း လက်ဆောင်

ကျမ်း များဖြင့်ပင် အချိန်တိုတိုဖြင့် သင်ကြားပေး နိုင်ခဲ့ပါသည်၊

ဆန်းလက်ဆောင်ကျမ်းဆိုလျှင် တစ်ပတ်ခန့် အချိန်တိုတိုဖြင့်ပင် ဆန်းဘာသာကို နားလည်စေသော နည်းဖြစ်ပါသည်၊ သကျမီတာ၏ ပညာရေးစနစ်သည် ဘုန်းဘုန်းကြီး၏ ပညာရေး စနစ်သာဖြစ်ပါသည်၊ ထို့ကြောင့်ပင် သကျမီတာသည် သာသနာလောကအလယ် လူတစ်လုံး သူတစ်လုံး ဖြစ်လာရခြင်း ဖြစ်ပါသည်။

စာရေးသူတို့အတွက် ဘုန်းဘုန်းကြီး၏ ကျေးဇူးတော်ဂုဏ်များသည် ရေးသားဖော်ထုတ်၍ မကုန်နိုင်အောင်ပင် ဖြစ်ပါသည်။

ယခု စာရေးသူတင်ပြခဲ့သော ဆရာသခင်ကျေးဇူးရှင် ဘုန်းဘုန်းကြီး၏ ကျေးဇူးဂုဏ်များသည် အနည်းငယ်မျှပင် ရှိပါသေးသည်၊ ကုန်စင်အောင် ဖော်မပြနိုင်သည်ကို ခွင့်လွှတ်သည်း ခံတော်မူကြပါရန် တောင်းပန်အပ်ပါသည်။

ထို့အပြင် ဆရာသခင် ကျေးဇူးရှင်ကြောင့် လောကအလယ် လူတစ်လုံး သူတစ်လုံး ဖြစ်နေကြရသည့် သကျမီတာ တပည့်တို့သည် ဆရာ့ဂုဏ်ကို အာရုံပြုကာ ဆရာသခင်၏ အလွန်အလွန် ကောင်းမွန်သော နည်းစနစ်များ မပျောက်ပျက်ရန် ထိန်းသိမ်းပို့ချ သွားကြပါမည်၊ ဆက်လက်ပြန့်ပွားအောင်လည်း တပည့်စဉ်ဆက် အသက်ထက်ဆုံး သင်ကြား ပို့ချသွားကြပါမည်၊ ဤသို့သော မွန်မြတ်သည့် လုပ်ငန်းများဖြင့် ဆရာ့ကျေးဇူး, သာသနာ့ ကျေးဇူးများကို စွမ်းနိုင်သမျှ တုံ့ပြန်ကျေးဇူးဆပ်ခွင့် ရယူဆည်းပူးသွားကြမည် ဖြစ်ပါသည်။

ဆက်လက်၍ အားလုံးသော တပည့်စဉ်ဆက်များနှင့် ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့ကို လျှောက်ထား တိုက်တွန်းလိုသည်မှာ စာရေးသူတို့ မှီခိုအားထား ပညာသင်ကြားခဲ့ရာ ဤရွာမပရိယတ္တိစာသင်တိုက်ကြီးသည် ယခုဆိုလျှင် နှစ် ၄၀-တင်းတင်း ပြည့်ပါပြီ၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်, အင်းစိန် ရွာမ ဆရာတော်, အင်းစိန်ရွာမ ဗုဒ္ဓစာပေ နည်းစနစ်များသည်လည်း ဆယ်စုနှစ် လေးခုတိုင်အောင် မြန်မာနိုင်ငံ သာသနာ့သမိုင်းမှာ အထင်ကရ သမိုင်း မှတ်တိုင်များစွာ အောင်လံလွှင့်ထူ မော်ကွန်း တင်နိုင်ခဲ့ပါပြီ၊ ဤဆယ်စုနှစ် လေးခုမှစ၍ နောက်လာမည့် ရွှေရတုစသော ဆယ်စုနှစ်ပေါင်းများစွာ, ရာစုနှစ်ပေါင်းများစွာ အင်းစိန်ရွာမဆရာတော်၏ စာပေနည်းစနစ်များ ဆက်လက်အောင်လံထူ မော်ကွန်းတင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောက်ရွက်ကြပါစို့ဟု လေးနက်စွာ လျှောက်ထား တိုက်တွန်းလိုက်ပါတော့သတည်း။

♦ **ကုသလဝတီ(သကျမီတာ)**





အခန်း(၁)

"ဗျို့--- ကိုစံဖြိုး-- ကိုစံဖြိုးရေ--- ဆရာတော်ကြီးကို ဒီအတိုင်း ကြည်နေလို့ မရတော့ဘူး--ရောဂါရင့်လာပြီ၊ ဟို ဟို ဟို အထူးကုဆေးရုံကြီးကို အမြန်တင်မှ တော်ကြာတစ်ခုခု ဖြစ်နေရင်---"

" ကိုစံဖြိုးပြောတာ မမှားပါဘူး--- ဒါပေမယ့် ကျွန်တော်တို့မြို့မှာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ရှိနေတယ်လေဗျာ--- အဲဒါ--အဲဒါ"

"အိုဗျာ-- ခင်ဗျား ပြောတာ ကျွန်တော် လုံးဝလုံးဝ စိတ်မဝင်စားဘူး-- ကျုပ်တို့ဆရာတော်ကြီး ကျန်းမာလာဖို့က သိပ်အရေးကြီးနေပြီ၊ ဆရာတော်ကြီးက ဘာဆိုဘာမှမမိန့်ပေမဲ့ သားတပည့်ဒါယကာ ဒါယိကာမတွေက သိတတ်နေရမယ်ပေါ့ဗျာ-- မဟုတ်ဘူးလား-"

"အေးလေ--ဒါဆိုလဲ ကိုဘဦးသဘောပဲ ပေါ့ဗျာ"

ဆရာတော်ကြီး၏ အနီးကပ် ကြီးကြပ်မှုပေးနေသော မူရင်းဒါယကာနှစ်ဦးဖြစ်သော ဦးစံဖြိုးနှင့် ဦးဘဦးတို့နှစ်ဦး ဆေးရုံရွေးနေကြသည်။ သောကအပူမီးတောက်လောင်နေကြသည်။ ဆရာတော်ကြီး၏ ဆွေမျိုးညီအစ်ကိုမောင်နှမများကလည်း အထက်ပါဒါယကာ (၂)ဦးအား အားအထားရဆုံးပုဂ္ဂိုလ်များ ဖြစ်နေသဖြင့် သူတို့၏ ကောင်းနိုးရာရာ စီမံဆောင်ရွက်မှုများကို လိုက်နာကြရသူများဖြစ်ကြသည်။

ဆရာတော်ကြီးသည် သွေးတိုးရောဂါနှင့် နှလုံးရောဂါရှိနေ၍ သင့်တော်ရာဆေးရုံ၊ ဆေးခန်းသို့ မကြာမကြာ ဆေးဝါးကုသခံနေရသူ ဖြစ်သည်။ သာယာကုန်းကျေးရွာလေးသည် လယ်ယာထွက်ကုန်တွေပြည့်စုံ၍ ပစ္စည်းအတော်အတန်ကြွယ်ဝသူများလေသည်။

ဆရာတော်ကြီးသည် သာယာကုန်းပရိယတ္တိစာသင်တိုက်ကြီးကို စတင်တည်ထောင်လာခဲ့သည့် ဆယ်စုနှစ်ပေါင်းက မနည်းတော့၊ စာသင်သံဃာတော်အပါး(၁၀၀) ကျော်ရှိနေ၍ ရွာနီးချုပ်စပ်ကျေးရွာများက ကြည်ညိုလေးစားကြသည့် ဆရာတော်ကြီးတစ်ပါးပင် ဖြစ်ချေသည်။

ဆရာတော်ကြီး ဦးဇဝနသည် စာပေပရိယတ္တိအားဖြင့် (၃)ဘွဲ့ယူထားသဖြင့် တပည့်သာဝကများ ပေါ်များလှပေသည်။ ဤသည့်အထဲမှ ဦးစံဖြိုးနှင့် ဦးဘဦးတို့သည် ဆရာတော်ကြီး၏ စိတ်တူကိုယ်တူသဘောတစ်ခုတည်း ဖြစ်နေကြသဖြင့် အစစအရာရာ သူတို့နှစ်ယောက်အား တိုင်ပင်ဆွေးနွေးလုပ် ဆောင်လာသည့်နှစ်ပေါင်း (၂၀)ကျော်လာခဲ့ပြီ ဖြစ်သည်။

နောက်ဆုံးတွင် ဦးစံဖြိုးက အသိရှိရှိ ဖြင့်လျှော့ပေးကာ ဦးဘဦး စီမံကွပ်ကဲမှုကို လိုက်လိုက်လျောလျော လုပ်ကိုင်ပေးရပါတော့သည်။ ဆရာတော်ကြီးအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသနေသည်မှာ (၂)လကျော် (၃)လနီးပါး ဖြစ်နေပြီ ဖြစ်၍ ဆေးဝါးကောင်းများဖြင့် ကုသမှုကြောင့် သက်သာရုံပဲရှိနေသည်။

"ဩော်--- ကိုဘဦး-- ကိုဘဦး-- ငါ့ရဲ့ စေတနာ၊ မေတ္တာတွေကို သဘောပေါက်နားမလည်သေဘဲကိုး---ဟင်း--ဟင်း--ဟင်း--

အခန်း(၂)

တစ်နေ့ဥပုသ်နေ့ဖြစ်၍ "သာယာကုန်းပရိယတ္တိစာသင်တိုက်ကြီး"တွင် ဥပုသ်သည်များနှင့် အခြားသော ဧည့်ပရိသတ်များ ကျောင်းကြီးပေါ်တွင် ပြည့်နှက်နေသည်။ တိုက်အုပ်ဆရာတော်ကြီးဖြစ်သူ ဦးသုမနက သီလပေးတရားတော်များချီးမြှင့်ပြီး အမျှအတန်းပေးဝေနေစဉ်

အတွင်း တရားပေးရာပလ္လင်ပေါ်မှ ခေါင်းမူး၍ ထိုးလဲကျလာမည့် အခြေအနေကို သိကြသည့် တပည့်သာဝကများ ပျာယီပျာယာဖြစ်နေသကဲ့သို့ ပို၍ပို၍ စိုးရိမ်ပူပန်မှုအများဆုံးရှိနေသူများမှာ ဦးစံဖြိုး နှင့် ဦးဘဦးတို့ပင်တည်း။

ဥပုသ်သည်များနှင့် တပည့်အပေါင်းတို့က ဆရာတော်ဦးသုမနကို အသာချ၍ လွတ်နေသော ခုတင်တစ်လုံးပေါ်သို့ ပွေ့ချီသယ်သွားကြသည်။ ကိုရင်လေးများနှင့် ဒါယကာ ဒါယိကာမများက ခြေဆုပ်လက်နယ် ပြုသူကပြု ဆေးကိစ္စကို စီမံဆောင်ရွက်သူက ဆောင်ရွက် တာဝန်ခွဲဝေယူကြရပေတော့သည်။ ဤမြင်ကွင်းကို မြင်ရသိရသဖြင့် သက်ပြင်းကြီးများ တဟင်းဟင်းချနေသူများမှာ ဦးစံဖြိုးနှင့် ဦးဘဦး တို့ပင်တည်း။

မူလကျောင်းထိုင်ဆရာတော်ကြီး ဦးဇဝနမှာ ကျန်းမာရေးလုံးဝမကောင်းသေး၍ အထူးကုဆေးရုံကြီးမှ မဆင်းရသေး၊ ယခုတိုက်အုပ်ဆရာတော် ဦးသုမနက အရေးပေါ်ကိစ္စဖြစ်လာသဖြင့် စိတ်များ ကရောက်ကယက်ဖြစ်နေကြသည်၊ ဤအခြေအနေကို စောင့်ကြည့်



နေကြသူများမှာ ဦးစံဖြိုးနှင့် ဦးဘဦးတို့ ဖြစ်ချေသည်။

ယခုအခါတွင်တော့ ဦးဘဦးတစ်ယောက် မည်သို့မည်ပုံ ဆရာကြီးလုပ် စီမံကွပ်ကဲမှု မည်သို့မည်ပုံလုပ်ဆောင်မှုတို့ကို စောင့်ကြည့်နေကြစဉ် ဦးဘဦးတစ်ယောက် လတ်တလော အရေးပေါ်စကား ဆိုလာပါတော့သည်။

“ကဲ ကဲ-- ကိုစံဖြိုးရေ-- အခြေအနေမကောင်းလို့---နောက်တစ်ပါးကလည်း အရေးပေါ်ဖြစ်လာပြီ၊ ခင်ဗျားသဘောက ဘယ်လိုလဲပြောပါဦးဗျာ-- ကျုပ်တော့ ဦးနှောက်အရမ်းခြောက်နေပြီ၊ ဟင်း--ဟင်း--”

“သြော် ကိုဘဦးရယ်-- ကျုပ်တို့မြို့မှာ ဇီဝိတဒါန သံဃာ့အထူးကုဆေးရုံကြီးရှိလျက်နဲ့ တစ်ခြားဆေးရုံဆေးခန်းကို သွားပို့ဖို့ လိုသေးလို့လားဗျာ--- အစကတည်းက ကျွန်တော့်စိတ်ထဲမှာ ဒီအတိုင်းရှိနေပြီးသား--- ထားပါတော့ဗျာ--- ကျွန်တော်ကိုယ်တိုင် သံဃာ့ဆေးရုံကြီးကို ဦးဆောင်ပို့ပေးမယ်--- ကျောင်းဝေယျာဝစ္စအားလုံးကို ခင်ဗျားပဲ အားလုံးစီစဉ်ဆောင်ရွက်ထား-- ဟုတ်လား---”

“ဟုတ်ကဲ့--ဟုတ်ကဲ့--ကိုစံဖြိုး--စိတ်ချ--စိတ်ချ---”

ဦးစံဖြိုးသည် သူတို့မြို့နယ်ထဲရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလျင်အမြန်ပို့ဆောင်ရေးများပြင်ဆင်ရတော့သည်။ ဦးစံဖြိုး၏ မိတ်ဆွေများနှင့် ကိုရင်လေးများက လိုအပ်သည်များကို ကူညီပံ့ပိုးမှုကြောင့် တစ်နာရီပိုင်းအတွင်း သံဃာ့ဆေးရုံတင်ပို့ပေးမှုကြောင့် အဆင်ပြေပြေ ဖြစ်သွားတော့သည်။

ရက်ပိုင်းအတွင်း ဆရာတော် ဦးသုမန ကျန်းမာရေးကောင်းစပြုလာသည်၊ ဆေးရုံကြီးရှိ

အလှည့်ကျသမားတော်ဆရာဝန်ကြီး၊ ဆရာဝန်များ ဆရာမများက အချိန်ပြည့် သံဃာတော်များအား နွေးထွေးစွာ စေတနာ မေတ္တာထားကုသပေးမှုကြောင့်ဆရာတော်ဦးသုမန အဆိုပါဆေးရုံကြီးမှ ဆင်းလာနိုင်ပြီဖြစ်သည်။

ဆရာတော်ကြီးဦးဇဝနသည် ဦးသုမနကဲ့သို့ပင် ရောဂါတူဖြစ်နေကြသဖြင့် တပည့်တပန်းများက တအံ့တသြ ဖြစ်နေကြသည်၊ ဆရာနှော်နှစ်ပါး ကွာခြားမှုရှိသည်က ဦးဇဝနက ငယ်ဖြူဖြစ်ပြီး ဦးသုမနက တော ထွက်ဖြစ်ခြင်းသာကွာသည်။ သက်တော် မတိမ်းမယိမ်းရှိနေ၍ ဦးဇဝနက ဦးသုမနထက် ဝါတော်ကြီးသည်၊ ဦးသုမနက (၁)ဘွဲ့သာ ရထားသူဖြစ်သည်။

ဆရာတော် ဦးသုမနသည် ကျောင်းထိုင်ဆရာတော်ကြီးရှိရာ အထူးကုဆေးရုံကြီးသို့ ကိုယ်တိုင်ကြွရောက်၍ ဆရာတော်ကြီးအား ဦးသုံးကြိမ်ချကန်တော့ပြီး မိမိ၏ ကျေးဇူးရှင်ဆရာတော်ကြီးအား ရှိသေဝပ်တွားလျက် အခြေအနေအားလုံးကို အကဲခတ်ကြည့်ရှုလိုက်ရာ ဆရာတော်ကြီးသည် မိမိ၏ အမှားများကို နောင်တရနေလေသည့်ပုံရိပ်သဏ္ဍာန်များ ဖော်ညွှန်းပြသနေပုံကို သိရှိခွင့်ရရှိခဲ့သည်။

"ဆရာတော်--- နေကောင်းတယ်နော်--"

"မှန်ပါ့ဘုရား-- တပည့်တော် နေကောင်းနေပါပြီ၊ တပည့်တော်လည်း တစ်ပတ်လောက် ဇီဝိတဒါနသံဃဆေးရုံကြီးကို အရေးပေါ် တက်လိုက်ရတယ်၊ ခုတော့ သူတို့စေတနာ၊ သူတို့မေတ္တာတွေ နွေးထွေးမှုတွေကြောင့် တော်တော်နေကောင်းသွားပါပြီးဘုရား၊ ဒါဟာလည်း မြတ်ဗုဒ္ဓတန်ခိုးတော်အနန္တနဲ့ ဆရာတော်ကြီး ရဲ့ ကျေးဇူးတွေကြောင့်ပဲ ဖြစ်ပါတယ်ဘုရား--"

"ဆရာတော်ရယ် တပည့်တော်ရဲ့ စိတ်ဆန္ဒတရားတွေထဲမှာ အခမဲ့ဇီဝိတဒါနအလုပ်ဟာ လွန်စွာသေးသိမ်ပြီး ခရီးမရောက်ဘူး၊ အချိန်တွေလည်း အတော်ကြာမယ်ထင်ခဲ့တာ၊ ဝတ္တုနဲ့လုပ်ရတဲ့ အလုပ်က ပိုပြီးခရီးရောက်တယ်ဆိုတာ သိရက်ကယ်နဲ့ အခုလို ဆေးရုံကြီးပေါ်မှာ တပည့်တော်ရဲ့ ရောဂါဟာ ဆရာတော်ထက်ပိုကြီးနေတယ် ထင်ပါရဲ့--- ဟင်း--- ဟင်း--- တကယ်တော့ တကယ်တော့--- တပည့်တော်ရဲ့ အတ္တစိတ်ကြောင့် အရာရာကို အထင်သေးခဲ့တာဘုရား၊ အခုတော့ နားလည်ပါပြီ ကောင်းကောင်းကြီး သဘောပေါက်နေပါပြီ အခမဲ့ဇီဝိတဒါနကုသိုလ်ဟာ လူရောစိတ်ပါ ပိုပြီးခရီးရောက်တယ်ဆိုတာ--- ခရီးရောက်နေတယ်ဆိုတာ---"

"မှန်ပါ့ဘုရား---မှန်ပါ့ဘုရား---"

ဆရာတော်ကြီး ဦးဇဝနသည် ရင်တွင်းစကားများ နှုတ်မှ မိန့်ကြားရင်း မျက်ဝန်းအိမ်မှ မျက်ရည်များကျမတတ် ခံစားနေရသော ပုံရိပ်ကို တွေ့လိုက်ရသည့် ဆရာတော် ဦးသုမနမှာ မိမိအနေဖြင့် မျက်ရည်မကျစေရန် တော်တော်ပင် ထိန်းထားလိုက်ရပေသည်။ မိမိ၏ ရင်တွင်းစေတနာ၊ မေတ္တာအရ ဆရာတော်ကြီး ယခင်ပုံမှန်အတိုင်း ရောဂါအမြန်သက်သာပျောက်ကင်းပြီး တပည့်သာဝကများနှင့် ဘာသာအကျိုးသာသနာအကျိုး အလျှင်အမြန် ထမ်းဆောင်နိုင်ပါစေဟု ဆုတောင်းရင်း ရှိခိုးဦးချပြီး ဆရာတော်ကြီး ဦးဇဝနထံပါးမှ မိမိကျောင်းတော်ဆီသို့ အတွေးများစွာဖြင့် တစ်လှမ်းချင်းတစ်လှမ်းချင်း ကြွမြန်းလာခဲ့ရပေတော့သတည်း။

♦ မောင်ယဉ်ဦး(ဓနုဖြူ)

♠ ♠ ♠

# မျိုးမိလေသော ပန်းတစ်ပင်

မင်းသက်မှူး(စစ်ကိုင်း)



စာကလေး တစ်စောင်. . .

ဝါသဝဆိုသော တပည့်လေးထံမှ မထင်မှတ်ဘဲ ရောက်လာခြင်းဖြစ်သည်။ နေ့ဆွမ်းစားပြီး အခန်းထဲ အနားယူရင်း (၁)နာရီ စာဝါပို့ချရန် စာကြည့်နေရာက စာအုပ်ကိုချကာ စာကလေးကို ဖွင့်၍ဖတ်မိသည်။

ဦးဇင်းဘုရား. . .

**[ တပည့်တော် ဝါသဝပါဘုရား၊ ဝါသဝ-လို့ သိလိုက်တာနဲ့ တပည့်တော်အပေါ် အံ့ဩခြင်းတွေ၊ ရွံမုန်းခြင်းတွေ ဖြစ်နေပါ လိမ့်မယ်။ ဒီလိုဖြစ်အောင်လည်း တပည့်တော်က လုပ်ခဲ့တာကိုး။ တပည့်တော်အပေါ် စာဝါပို့ချချိန်ကလွဲရင် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆက်ဆံတတ်လို့ ဆရာလို၊ အစ်ကိုကြီးလို၊ သူငယ်ချင်းလို ချစ်ခင်မိရပါတယ်။ အသက်ချင်း ကလည်း ဆယ်နှစ် လောက်ပဲ ကွာဟတာမဟုတ်လား။ အရွယ် ငယ်ပေမယ့် ပညာမငယ်လို့ စာချဆရာ ဦးဇင်းကို လေးစားချစ်ခင်မိခဲ့ပါတယ်။ တပည့်တော်က အစကောင်းခဲ့ပေမယ့် အနှောင်း မကောင်းခဲ့သူပါ။ ]**

ဝါသဝ. . .

တစ်ခါက ဝါသဝ၊ အစကောင်းခဲ့သော ဝါသဝ။

ကျောင်းတိုက်သို့ ရောက်စကတည်းက အများနှင့်မတူ၍ သတိထားမိခဲ့သည်။ အသက် က (၁၄)နှစ်ခန့်၊ ဖြူဖြူသွယ်သွယ်နှင့် မျက်နှာက ရွှင်ကြည်သည်။ ဉာဏ်ကလေးက ကောင်းသလို စာလည်းကြိုးစားတတ်သည်။ သွက်သွက် လက်လက်ရှိသည်။ သပ်သပ်ရပ်ရပ် နေတတ်သည်။ ဗုဒ္ဓဟူးသားဖြစ်၍လားမသိ။ စကား ကတော့ ပေါသည်။ မည်သူကနာမည်ပြောင် စ၍ခေါ်လိုက်သည် မသိ။ " ဝါယော" တဲ့၊ "ဝါသပိန် " တဲ့။

စာတော်သူကို ဆရာသမားတို့ ချစ်ခင် အရေးပေး အလေးထားကြသလို သူကလည်း ဝါသဝကို မေတ္တာပိုမိသည်။ ချို့တဲ့၍ကရုဏာ ပိုမိသည်။ သူ့တပည့်တွေထဲမှာ ဝါသဝက အတော်ဆုံး။ ချမ်းချမ်းသာသာ ပညာသင်ယူနိုင် ဖို့ စာအုပ်စာတမ်းကအစ သက်န်းအဆုံး အားလုံးပြည့်စုံအောင် ဖြည့်စွမ်းပေးခဲ့သည်။ အပတ်စဉ်စာမေးပွဲ၊ တိုက်စမ်းစာမေးပွဲ၊ အစိုးရ စာမေးပွဲတွေမှာ အဆင့်မြင့် အောင်မြင်ခဲ့သည်။

ပထမလတ်တန်းအရောက် အရွယ်က လူပျိုပေါက်လာတော့ စိတ်ကလေးက ကစားလာတော့သည်။ အစကောင်းခဲ့သော ဝါသဝသည်. . .

(၁) ဖော်မမင်၊
ပျော်သဘင် မျက်ကွယ်ပြု။
စာမပြန်၊ စာမအံ၊ စာသံတိတ်၊
အိပ်နဲ့ ညီပု။

(၂) စိတ်က ထွေ၊
ကိစ္စတွေ နည်းစေကွဲ့။
အလကားနေပါလို့ စကားတွေ
ဖောင်ဖောင်ပြော၊
မင်း မပေါ်နဲ့။

ဦးဇင်းရဲ့ ဆုံးမကဗျာလေး မှတ်မိပါသေးတယ်။ ဘဝနဲ့ရင်းပြီး နားလည်ရတာမို့ ပိုပြီးမှတ်မိနေပါတယ်။

ဝါသဝက ချစ်သူခင်သူများသည်။ များသလောက် အဖော်မင်သည်။ အဖော်တွေထဲမှာ ကောင်းသူပါသလို၊ မကောင်းသူလည်းပါလာသည်။ ဝါသဝက အဖော်ကောင်းလျှင် ငရဲပြည်ပင် လိုက်မည့်သူ။ ကဗျာအနု ဝတ္ထုအလှလေးတွေ ဖတ်တတ်လာသလို ဇာတ်ပွဲတွေကိုလည်း ကန်ထရိုက်ဆွဲထားသလို မပြတ်အမြဲလိုလို ကြည့်တတ်လာသည်။ ဘယ်နေ့ ဘယ်နေရာ ဘယ်ဇာတ်ရှိသည်ကို စုံစမ်း၍ ကြည့်တတ်လာသည်။ သံဃာစစ်မည်ဟု ကြားလျှင် ငြိမ်နေ တတ်သည်။

စာဝါတွေလည်း လိုက်သည်ဆိုရုံမျှသာ။ ယခင်ကလို လန်းဆန်းတက်ကြွခြင်း မရှိ။ ဦးဆောင်နိုင်စွမ်းလည်း မရှိတော့။ ငိုင်ငေးတွေဝေနေတတ်သည်။ စာအံကျောင်းတက်ရာတွင် စာအုပ်ထဲမှာ ဝတ္ထုစာအုပ်ညှပ်ကာ ဖတ်တတ်သည်။ စာမေးပွဲမှာလည်း အောင်မှတ်ရရုံ အောင်ရုံသာ။ အကြောင်းပြချက် အထွေထွေ ဆင်ခြေအတန်တန်နှင့် ရှာပြန်တတ်လာသည်။ စာဝါချိန်ပြီးသည်နှင့်အပြင်ရောက်နေတတ်သည်။ ရင်ခုန်ကဗျာလေးတွေ ရေးတတ်လာသည်။ မိန်းကလေးတွေကို မထိတထိ စ-တတ်လာသည်။ စာပေးတတ်လာသည်။

အပြင်မထွက်ဖြစ်လျှင် ကျောင်းတွင်းမှာ အုပ်စုဖွဲ့ ချောင်ကျကျမှာ စကားပေါနေတတ်သည်။ ခေါင်းဆောင်သူက ဝါသဝ။ သည်အကြောင်းစုံကို သူ့တပည့်လေးတွေက လာအသိပေး၍သိရသည်။ သူက သတိပေးဆုံးမသည်။ ဝါသဝသည် ခံမပြော၊ နားမထောင်။ သူကလည်း ဝါသဝကို အချိန်မရွေး ဂရုမစိုက်နိုင်။ အောက် အတန်းငယ်လေးများကို စာချပေးရင်း စာချတန်း လုပ်နေရသည်။ ဝါသဝ ကျောင်းစည်းကမ်း မလိုက်နာသည်ကို ကြားနေရသော်လည်း မမြင်မတွေ့ရ၍ အရေးယူခြင်း မရှိသေး။

သီတင်းကျွတ်ရက် ညအချိန်မတော် ရှောင်တခင် သံဃာစစ်စဉ် အပြင်ရောက်နေသော ဝါသဝ ပထမအကြိမ် အရေးယူခံရသည်။ ကံကောင်းတတ်သော ဝါသဝ ကံမကောင်းနိုင်တော့။ မကောင်းကံတွေ ပြုနေသော ဝါသဝ ကံမကောင်းနိုင်တော့ပါ။ ကံမကောင်းခြင်းတွေက အုပ်စုဖွဲ့ ရောက်လာလေရော့သလားမသိ။ နောက်တစ်ကြိမ် အရေးယူခံရပြန်သည်။ သုံးကြိမ်မြောက်လျှင် တိုက်က ထွက်ရတော့မည်။ မည်သူက မည်မျှ သတိပေးပေး ကာယကံရှင်က မပြုပြင်လျှင် ဘာမျှမတတ်နိုင်။

သူ စာချတန်းအပြီး ရဟန်းသကျသီဟ စာမေးပွဲဝင်နိုင်ဖို့ အထက်မြန်မာပြည် နာမည်ကြီး မြို့တော်ကြီးရှိ ကျောင်းတိုက်တစ်တိုက်သို့ ပြောင်းရွှေ့ခဲ့သည်။ ဝါသဝကိုလည်း လိမ္မာဖို့ မှာကြားခဲ့သည်။ သူမရှိတော့ ဝါသဝ ပိုဆိုးလာသည်ဟု သူငယ်ချင်းတွေက စာရေးအသိပေး၍ ကြားရသည်။ ခြိုခုန်ဖူးသည့် ဉာဉ်ရှိသော ဝါသဝ

နောက်တစ်ကြိမ် စည်းကမ်းဖောက်ဖျက်၍ တိုက်က ထွက်ရသည်ဟုလည်း ကြားရသည်။

ကိုယ်ပျိုးခဲ့သောပန်း အငုံအဖူးဘဝမှာပဲ နွမ်းခဲ့ရလေပြီ. . . . .

တပည့်တော် ကျောင်းက ထွက်ရတော့မှ နေစရာ ကျောင်းလျှောက်ရတာ မလွယ်မှန်း သိရတော့တယ်။

အသက်ကလည်း ကြီးပြီကိုး၊ စာသင်တိုက်တွေက ကိုရင်ငယ်လေးတွေကိုပဲ လက်ခံချင်ကြတာ။ နောက်ပြီး နောက်ကြောင်းကလည်း မကောင်းတော့ လက်မခံရဲတာလည်း ပါတာပေါ့။ သူငယ်ချင်းတွေကလည်း အာမခံပေးပြီး လျှောက်မပေးရဲကြဘူး။ ဒီတော့ မိခင်တိုက်မကြီးရဲ့ အေးမြတဲ့အရိပ်ကို လွမ်းဆွတ်လာမိပါတယ်။ အတောင်မစုံဘဲ သိုက်မြုံက ထွက်ခဲ့တော့ အပျံခက်ပြီပေါ့။ မိခင်တိုက်မကြီးရဲ့ စားဝတ်နေရေး၊ ပညာရေး မပူပင်ရတာတွေ တမ်းတလာမိတယ်။ ကျောင်းလျှောက်လို့ မရတဲ့ အဆုံး ရွာပြန် ဆရာဘုန်းကြီးဆီသွား အာမခံတွေ အထပ်ထပ်ပေးပြီး ဘုန်းကြီးရဲ့ မိတ်ဆွေကျောင်းတိုက် ရောက်ခဲ့ရပါတယ်။ မိခင်တိုက်မကြီးနဲ့မခြား အားလုံးပြည့်စုံပါတယ်။ မြို့နယ်စာမေးပွဲ၊ အစိုးရ စာမေးပွဲတွေမှာ ထိပ်ဆုံးက အောင်မြင်နေတဲ့ ကျောင်းတိုက်ကြီးပါ။ တပည့်တော်အဖို့ မိခင်တိုက်မကြီးမှာနေရသလိုပါပဲ။ နေရာသစ် ဘဝသစ်မှာ စိတ်သစ်နဲ့ ပြန်စရပါတယ်။ စွဲနေပြီဖြစ်တဲ့ မကောင်းစရိုက်တွေ ခက်ခက်ခဲခဲ ခွာချရပါတယ်။

အလုပ်နဲ့သက်သေပြရတော့ ယုံကြည်မှုတွေ ရလာပါတယ်။ ယုံကြည်မှုတည်ဆောက်ရတာ ခက်ခဲမှန်း သိလာပါတယ်။ တပည့်တော် ဆိုးမိုက်တာတွေဟာ အပေါင်းအသင်း မကောင်းလို့ဆိုပြီး လုံးလုံးအပြစ်မတင်ပါဘူး။ တပည့်တော်ကိုယ်တိုင်ကိုက ပျက်စီးချင်တဲ့ ဗီဇပါလာလို့ ပျက်စီးရတာပါ။

ဦးဇင်းရဲ့ ဆုံးမကဗျာလေး နားလည်လိုက်ပါပြီ။ ကဗျာလေးကို နားစွဲပြီး ကြိုးစားလို့ အထိုက်အလျောက် အောင်မြင်မှုတွေ ရနေပါပြီ မိခင်တိုက်မကြီးဆီလာချင်ပေမယ့် အပြစ်ရှိသူမို့ မဝံ့မရဲဖြစ်ရပါတယ်။

ပြစ်ဒဏ်ခတ်တဲ့အနေနဲ့ ဦးဇင်း ဖြစ်စေချင်တဲ့ အောင်မြင်မှုတွေရနိုင်ဖို့ ကြိုးစားနေပါတယ်။ အခု တပည့်တော် စာချတန်း (၂)ကျမ်း ပြီးသွားပြီ။ ကျန်တဲ့ကျမ်းလည်း ကောင်းကောင်း အောင်မြင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ဦးဇင်း စိတ်ဒုက္ခရောက်အောင် ပြုခဲ့တဲ့အတွက် ခွင့်လွှတ်တော်မူပါလို့ မဝံ့မရဲ တောင်းပန်တယ်ဘုရား။ တစ်ခါက ဝါသဝလို မမိုက်မဲတော့ဘဲ လိမ္မာဖို့ ကြိုးစားနေပါတယ်ဘုရား။

တပည့်

ဝါသဝ

မေတ္တာရောင်ပြန်ဟပ်သည်ကို သူယုံကြည်လိုက်ပြီ။ ကိုယ်တွေ့မို့ ပို၍ယုံကြည်လိုက်ပါပြီ။ ဩော်. . . ပျိုးမိလေသော ပန်းတစ်ပင် ပန်းတွေဝေနေပြီကော. . . နောင်လည်း ပွင့်လန်းဝေဆာဦးမည့် အဖူးအငုံတွေနှင့်. . စာဝါသံချောင်း ခေါက်လေပြီ. . . သူ့ထံစာဝါလိုက်သံဃာတွေ လာတော့မည်. . . သည်တပည့်တွေထဲမှာ ဝါသဝလို တပည့်တွေ ဘယ်လောက်ပါဦးမည်နည်းမသိ. . . မသိနိုင်၊ သို့သော် စေတနာသန်သန် မေတ္တာမှန်မှန်ဖြင့် ပြုစုပျိုးထောင်ရဦးမည်။ ပြီးတော့ ဝါသဝ အကြောင်းကိုလည်း သူတို့ကို ပြောပြရဦးမည်။

**♦ မင်းသက်မှူး (စစ်ကိုင်း)**

# သားသမီးများသို့

- ဒီဘက်ကယူလို့ ဟိုဘက်ပို့တော့
  ဒီဘက်မှာတော့ မသိသာ၊
  ဟိုဘက်မှာတော့မပြည့်ရှာ
  ပို့သူမှာသာ အဒိန္နာတဲ့။
  ကုသိုလ်ရတော့ တစ်ပဲသား
  ငရဲသွားမှာက တစ်ပိဿာ
  ဆရာများက မှာခဲ့တယ်
  ရသူများက တပြုံးပြုံး
  ပို့သူကတော့ အရှုံးကြီးရှုံး
  ကိုယ်ပြုသမျှကံ ကိုယ်သာခံရမှာ
  အမှန်ပြင်ကြစို့။

**ဆရာ ဦးဘို**




ဝဲဩဃ
ထန်လှိုင်
လူသားအားလုံးသည် လောက ပင်လယ်ကြီးကို
ကူးခတ်နေကြရသည်။ တစ်ချို့ က လက်ပစ်ကူးသည်။ တစ်ချို့က
ပက်လက်ကူး သည်။ တစ်ချို့က လိပ်ပြာကူး ကူးသည်။ တစ်ချို့

ကလည်း ကိုယ်ကိုဖော့၍ ရေစုန်မျှောသည်။ အားလုံး၏ ရည်ရွယ်ချက်မှာ တစ်ဖက်ကမ်းသို့ ရောက်ရှိရန်ဖြစ်သည်။ သို့သော် လောကမြစ်ပြင်ကျယ်ကြီးမှ လွတ်မြောက်ပြီး တစ်ဖက်ကမ်းသို့ ရောက်ရှိရန်ကား လွယ်ကူသော အလုပ်မဟုတ်ပေ။ ထိုသို့ တစ်ဖက်ကမ်းသို့ ရောက်ရှိရန် ကူးခတ်ရင်း အားလုံးလိုလို လောကသမုဒ္ဒရာ၏ ဝဲဩဃထဲတွင် စုန်းစုန်းမြုပ်ကုန်ကြသည်သာ များ၏။ ထိုသို့ တစ်ဖက်ကမ်းသို့ ကူးခတ်ရာ၌ မိမိကိုယ်ကိုသာ မိမိအားကိုးကြရသည်။ မည်သူ့ကိုမျှ ကယ်မရန်အားကိုးဖို့ မလွယ်ချေ။ မည်သူကမျှလည်း ကယ်၍မရစကောင်းပါ။ အားလုံး လောကသမုဒ္ဒရာထဲတွင် ကူးခတ်နေရသူများ ဖြစ်၍ ကယ်တင်ရှင်ဆိုသည် ဘယ်မှာရှိနိုင်ပါမည်နည်း။

တစ်ချို့ကလည်း လောကပင်လယ်ကြီး အတွင်း ရန်ဖြစ်ကြ၏။ ထို့ကြောင့် အချင်းချင်း ရေထဲကိုနစ်ကြသည်။ နစ်သူကလည်း လောကပင်လယ်ကြီးအတွင်းနစ်၍ သေသည်။ နှစ်သူမှာလည်း လောကပင်လယ်ထဲမှာပင် တစ်နေ့တွင် နစ်သေရမည်မလွဲချေ။ ကိုယ်လည်း မုချနစ်မြုပ်ရမည်မှန်း သိလျက်နှင့် သူများကို နှစ်ချင်သူများမှာ အလွန်အံ့ဩဖွယ်ကောင်း၏။ ထို့ပြင် လောကပင်လယ်တွင် ကူးခတ်ရင်းက သူကလည်း အသာစီးရပြီး ရှေ့ရောက်ရန် အတွက် ကြိုးစားသည်။ ငါကလည်း အသာစီးရပြီး ရှေ့ရောက်ရန်အတွက် ကြိုးစားသည်။ သူသူ ငါငါ အပြိုင်ကြလိုက်ကြသေးသည်။ ရှေ့ရောက်ပြီး အသာစီးရသူရော၊ နောက်မှာ ကျန်သူရော လောကပင်လယ်၏ ဝဲဩဃကြီးတွင် မလွဲမသွေ နစ်သေကြရမည်ကိုသိသော်လည်း အသာစီးရရန် ပြိုင်မြဲပြိုင်နေကြသည်။ လောကပင်လယ်ပြင်ကြီးကို ကူးခတ်ရင်း အာသာပြေလိမ့်နိုးဖြင့် ဝဲဩဃထဲမှ ရေကိုသောက်၏။ ရေက ဆားငန်ရေဖြစ်သဖြင့် သောက်လေသောက်လေ ဝတ်မပြေဖြစ်ကြရသည်။ ထို့ကြောင့် ဝဲဩဃကြီးအတွင်း နစ်မြုပ် မသေခင် နောက်ဆုံးအချိန်ထိ သောက်ကြသော်လည်း သေသာသေသွားသည် အာသာပြေ သည်ဟူ၍မရှိ။

ဝဲဩဃများသည် သတ္တဝါများအား ဝဋ္ဋဒုက္ခပင်လယ်မှ နိဗ္ဗာန်တည်းဟူသော သောင်ကမ်းထက်သို့ စွမ်းနိုင်သော အင်အားများကို ကုန်ခန်းအောင်လုပ်ပြီး ၃၁ ဘုံတည်းဟူသော ဘဝရေအလျဉ်၌ ထက်အောက်စုန်ချည် ဆန်ချည်ဖြင့်မျောနေအောင်လုပ်၏။ သတ္တဝါများသည် တစ်ဘဝမှ တစ်ဘဝသို့ မျောနေရခြင်းကိုလည်းကောင်း၊ မိမိဖြစ်ရာ ဘဝသည် မည်မျှအောက်တန်းကျစေကာမူ တပင်တပန်း ကူးခတ်နေရသည့် ဒုက္ခများကိုလည်းကောင်း အလှအပများအဖြစ် ထင်ရအောင် အာသဝ တရားများက ဖန်တီးထားခြင်းဖြစ်သည်။ အာသဝကြောင့် ဘဝပင်လယ်ပြင်တွင် တစ်ယောက်နှင့်တစ်ယောက် အပြိုင်ကူးနေရသည်ကို မောရပန်းရမှန်းမသိ ဖြစ်နေကြသည်။ ခါးလောက်အောင် ငန်ကျိသော ပင်လယ်ရေကို သကာများကဲ့သို့ ထင်မှတ်နေကြသည်။ အချိန်မရွေး နစ်မြုပ်အောင် ဝါးမြိုနိုင်သည့် လှိုင်းလုံးကြီး များပေါ်၌ မျောပါနေရသည်ကို ဖဲမွေ့ရာရွှေ ကော်ဇောပေါ်၌ နေရသကဲ့သို့ ထင်မှတ်နေကြသည်။ မိမိတို့ကိုယ်တိုင် ဘဝပင်လယ် ဝဲဩဃကြီးများကို ကျော်လွှားလွန်မြောက်၍ နိဗ္ဗာန်တည်းဟူသော သောင်ကမ်းကို တက်လှမ်းနိုင်ရန် ခိုင်ခန့်သည့် ဖောင်ကို တည်ဆောက်ရပေမည်။ ထိုဖောင်ကား မဂ္ဂင်ဖောင်ပင်ဖြစ်တော့သည်။ ♦ ထန်လှိုင်

# ဥယျာဉ်မှူးသို့ ဦးညွှတ်ခြင်း

■ မေတ္တာပန်းခင်း၊ ဥယျာဉ်တွင်းမှ
ဖူးရင်းငုံအာ၊ ပွင့်ဝတ်လွှာကို
လိုရာစားသုံး ၊ခြေကန်ရုံးသည့်
ပိတုန်းပျားရိုင်း၊ ပမာနှိုင်း၍
တံတိုင်းမကာ၊ ဂုဏ်မပါဘဲ
များစွာမေတ္တာ၊ စေတနာနှင့်
ရောက်လာခိုနား၊ တပည့်များအား
တတ်ပြားပညာ၊ မချန်ပါဘဲ
ထုတ်ကာသင်ရင်း၊ ဥယျာဉ်တွင်းမှ
ငုံ့ရင်းတသွယ်၊ တချို့ဝယ်မူ
စိတ်နှယ်မော့မော့၊ ရင်ကိုကော့၍
ကျော့ကျော့ထွက်သွား၊ တပည့်များအား
စိတ်ကား ရွှင်ပြုံး၊ ပီတိဖုံးလျက်
အမုန်းဝေးကွာ၊ ဥယျာဉ်သာမှ
မေတ္တာပင်နန်း၊ သစ္စာပန်းများ
စိမ်းလန်းဖို့ရေး၊ ပေါင်းသင်ပေး၍
မနှေးရေလောင်း၊ ပန်းပွင့်ကောင်းတို့
သိန်းသောင်းများစွာ၊ ဖူးဝေဆာရန်
ရင်မှာဖွဲ့သန်၊ ဥယျာဉ်ခြံက
အမှန်တင့်ထူး၊ ဥယျာဉ်မှူးအား
ချီးကျူးဦးညွှတ် မိသတည်း။ ။

**ဇေအားမာန်**

# ဥယျာဉ်မှူးရဲ့ ပီတိ

နွေ အခါ
နေသာသာမှာ ပွင့်ဖူးကြတဲ့
ရောင်စုံပန်းလေးတွေ။
မိုး အခါ
မိုးရေကြားမှာ ပွင့်ဖူးကြတဲ့
ရောင်စုံပန်းကလေးတွေ။
ဆောင်းအခါ နှင်းပြာကြားမှာ ပွင့်ဖူးကြတဲ့
ရောင်စုံပန်းကလေးတွေ
စသဖြင့် . . . စသဖြင့်
ရာသီအစုံ ဥတုအစုံမှာ
လောကကိုအလှဆင်ပေးကြတဲ့
ရောင်စုံပန်းကလေးတွေကို ကြည့်ပြီး
ဘာပီတိမျှ မဖြစ်ခဲ့ရပေမယ့်
အနာဂတ်သာသနာ
နောင်အခါမှာ ဖွံ့ဖြိုးစွင့်သန်
ကြီးရင့်ရှင်သန်စွာနဲ့
တစ်ခေတ်ဆန်းပြီး
အသွင်မတူ တစ်မူထူးဆန်း
ပွင့်လန်းလာမယ့်
ရောင်စုံပန်းကလေးတွေကို ကြည့်ပြီး
ပီတိအထုံ လေဟုန်စီးပြီး
မိန်းမောနေတာ
ဥယျာဉ်မှူးတွေပါ . . . ။



**ဖိုးသာစည်**(ရွှေယင်းမာ)



# ကြားနာခဲ့ဖူးပါသည်

ရွှေမသားလေး(ယာဉ်မောင်း)

ကျွန်တော်သည် အနန္တကျေးဇူးတော်ရှင် အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် မဟာနာယက ဆရာတော်ထံတွင် ခိုလှုံခွင့် ဆည်းကပ်ခွင့် ကိစ္စကြီးငယ်များ ဆောင်ရွက်ပေးခွင့်များ ရရှိခဲ့သည်။

အခါအားလျော်စွာ ဆုံးမဩဝါဒစကားများလည်း ကြားနာမှတ်သားခွင့် ရရှိခဲ့သည်၊ အချို့ ဆုံးမဩဝါဒများသည် ကျွန်တော်ဘဝတစ်သက်တာတွင် မမေ့နိုင်လောက်အောင် အသည်း သံမှိုစွဲနှက်ထားသလို ခံစားရသည်၊ ဆရာတော်ဘုရားက ဩဝါဒပေးလျှင် ထိထိမိမိ ရှိအောင် ပေးလေ့ရှိသည်။

"ဒကာတော် မည်သူမဆို အန္တရာယ်ကင်းဖို့ ပထမ၊ ရည်မှန်းချက်အောင်မြင်ဖို့က ဒုတိယကွ"

အဆိုပါ ဩဝါဒကို ကျွန်တော် လေးလေးနက်နက် စဉ်စားဆင်ခြင် သုံးသပ်ကြည့်သည်။ သွေးထွက်အောင် မှန်သည်ဟု ဆိုရပေမည်၊ အန္တရာယ် မကင်းလျှင် ရည်မှန်းချက် ပန်းတိုင် မရောက်နိုင်ဟု နားလည်သဘော ပေါက်သွားတော့သည်။

ပန်းတိုင်ကို ဟန်ချက်ညီညီ ဖြတ်သန်းသွားလာနိုင်ဖို့ ပထမ အန္တရာယ်ကင်းဖို့လိုသည်-ဟူသော အချက်ကို ထပ်မံ ဆင်ခြင်ကြည့်သည်။ ဤအချက်ကို သာဓကဆောင်၍ ပြရလျှင် ဤသို့ဖြစ်သည်-

ဘုရားရှင်လက်ထက်တော်အခါက-

ရဟန်းတော်များ လူသူမနီး တောကြီးထဲတွင် လောကမှ ထွက်မြောက်ကြောင်း ဝိပဿနာတရား ကြိုးစားအားထုတ်နေကြသည်၊ ရဟန်းတော်များ၏ ခံယူချက်မှာ "ငါတို့သည် လောကမှ လွတ်မြောက်ကြောင်း လောကုတ္တရာဘက် ကူးနေသူများဖြစ်၍ လောကီနယ်အလုပ်များဖြစ်သည့် ပရိတ် မေတ္တာ ရွတ်ဖတ်ပို့သမှု၊

ဂါထာ မန္တန်များ ရွတ်ပွားမှု လုပ်စရာမလို"ဟု ယူဆကြသည်။

တောထဲတွင် ကျင်လည်ကျက် စားနေကြသော မကောင်းဆိုးဝါး မိစ္ဆာများက စွမ်းနိုင်သည့်ဘက်က ရဟန်းတော်များအား ဝိပဿနာတရား အားမထုတ်နိုင်အောင် ဒုက္ခပေးကြတော့သည်။

ရဟန်းတော်များသည် အန္တရာယ်မကင်း ဖြစ်ကြရတော့သည်။ အန္တရာယ် မကင်းသဖြင့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် လောကလွတ်မြောက်ကြောင်း လောကုတ္တရာဝိပဿနာတရား အားမထုတ်နိုင် ဖြစ်ကြရသည်။

သက်ရှိသတ္တဝါတိုင်း ပတ်ဝန်းကျင်လောကနှင့် မကင်းနိုင်ကြ၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်နေကြသည်။ ပတ်ဝန်းကျင် အန္တရာယ်ပေးမှုကို ခံကြရတော့သည်။ သို့ဖြင့် ရဟန်းတော်များ တရားမရကြကုန်။

ဤကဲ့သို့သော အခြေအနေကို တင်ပြလျှောက်ထားရန် ဘုရားရှင်သီတင်းသုံးရာသို့ ရဟန်းတော်များ ရောက်ရှိကြသည်။ မြတ်စွာဘုရားက ရဟန်းတော်များအား မိမိလိုအပ်သော ပန်းတိုင်ရောက်ရှိဖို့ အန္တရာယ်ကင်း ဖို့လိုကြောင်း အန္တရာယ်ကင်းစေမည့် ပရိတ်မေတ္တာဘာဝနာများ ဂါထာမန္တန်များ ရွတ်ဖတ်သရဇ္ဈာယ်ကြကာ အမျှအတမ်း ပေးဝေဖို့လိုကြောင်း မိန့်ကြားပြီး မူလဘူတ အရပ်ဌာနသို့ပြန်ကြွကြပြီး ဆက်လက်အားထုတ်ကြရန် ဆုံးမတော်မူခဲ့သည်၊

ရဟန်းတော်များသည် ဘုရားရှင်ညွှန်ပြသည့်အတိုင်း တောအရပ်သို့ ပြန်ကြွကာ မေတ္တာပို့ အမျှဝေစသည့် အန္တရာယ်ကင်းဝေးကြောင်း အလုပ်ကို ပထမဦးစွာပြုလုပ်ပြီး ဝိပဿနာတရား အားထုတ်တော်မူကြရာ မကောင်းဆိုးဝါး မိစ္ဆာများ၏ ချစ်ခင်မှုကို ရကြတော့သည်။ ရဟန်းတော်များကို ကူညီစောင့်ရှောက်ပေးကြတော့သည်။

ဆက်လက်၍ ဝိပဿနာတရား အားထုတ်တော်မူကြရာ မကြာမီ ပတ်ဝန်းကျင်လောကနှင့် လိုက်လျောညီထွေမှု ရရှိကြပြီး ရည်မှန်းချက် ပန်းတိုင်ဖြစ်သော အရဟတ္တမဂ်အရဟတ္တဖိုလ် ဆုထူးကို အသီးသီး လက်ဝယ်ပိုင်ပိုင် ရရှိသွားတော်မူကြလေသည်။

ထို့ကြောင့် ကျွန်တော်တို့ လူသားများသည်လည်း အရဟတ္တမဂ် အရဟတ္တဖိုလ်ပန်းတိုင် မဆွတ်ကိုင်နိုင်ကြစေကာမူ လောကီပန်းတိုင် ရောက်ရှိရေး ပထမအန္တရာယ်ကင်းရန် အတုယူကြရပေမည်၊ ပရိတ်မေတ္တာပွားများခြင်း, ဂုဏ်တော်ပွားများခြင်း, ဂါထာမန္တန်ရွတ်ဖတ်ခြင်းများ ပြုလုပ်သင့်သည်။

ကျွန်တော်သည်လည်း မော်တော်ကားဖြင့် သွားလိုသည့် ခရီးပန်းတိုင် အရပ်ဒေသကို ကောင်းမွန် ချောမွေ့စွာ ရောက်ရှိရေး အန္တရာယ်ကင်းရန် ပရိတ်ရွတ်ခြင်းစသော ကောင်းမှုကို ပထမပြုလုပ်လေ့ရှိသည်။ သွားလိုသည့် ခရီးစဉ်တွင် စံချိန်စံညွှန်းနှင့်အညီ ချောမွေ့မြန်ဆန်စွာ ရောက်လေ့ရှိသည်။ ဤသည်မှာ ဆရာတော်ဘုရား၏ လမ်းညွှန်ချက် ဩဝါဒကို လိုက်နာကျင့်သုံးသောကြောင့် ဖြစ်ပါသည်။

ထိုသို့သွားရာ၌လည်း ဦးတည်ချက်မလွဲဖို့ အရေးကြီးသည်။ သွားရောက်လိုသည့် ပန်းတိုင်ကို ဦးတည်ချက်မလွဲရန် ဆရာတော်ဘုရားက ဤသို့ ဩဝါဒပေးပါသည်။



"ဒကာတော် အရေးကြီးတဲ့ အချက်ကျန်သေးတယ်- အဲဒါ ဆောင်ပုဒ်လေး လုပ်ထားတယ် မှတ်သားထားပါ- လမ်းမှား မလျှောက်၊ လမ်းပျောက်မနေ၊ ကြိုးစားချေ၊ မသွေ ပန်းတိုင်ရောက်-တဲ့"

မိမိသွားလိုသည့် ပန်းတိုင် ရောက်ရှိဖို့ရာ လမ်းမှားကို မရွေးချယ်မိဖို့ အရေးကြီးတယ်။ လမ်းမှားကို ရွေးချယ်မိလျှင် ခရီးမရောက်နိုင်၊ ခရီးမပေါက်နိုင် ဖြစ်တတ်ကြောင်း မိန့်ကြားတော်မူပါသည်။

ကျွန်တော်သည် ဆရာတော်ဘုရား၏ ဩဝါဒကို ဆက်လက်တွေးတော ဆင်ခြင်ကြည့်မိသည်-

၁။ တွယ်တာတပ်မက်မှု လောဘကြောင့်လည်း လမ်းမှား လျှောက်မိတတ်သည်၊ လမ်းပျောက်သွားတတ်သည်။

၂။ စိတ်ဆိုး မာန်ဆိုး စိတ်ထိခိုက်မှု စိတ်ဆင်းရဲမှုဒေါသကြောင့်လည်း လမ်းမှား လျှောက်မိတတ်ကြသည်။ လမ်းပျောက်သွားတတ်ကြသည်။

၃။ ဘယ်သွားလို့ သွားရမှန်း မသိမှု, တွေဝေမှု, မဝေခွဲနိုင်မှု မောဟကြောင့်လည်း လမ်းမှားလျှောက်မိတတ်ကြသည်၊ လမ်းပျောက်သွားတတ်ကြသည်။

ဆိုလိုသည်မှာ မတော်မတရား ဝိသမလောဘ, ဒေါသ, မောဟကြောင့် လမ်းပျောက်သွားတတ်ပုံကို တရေးရေး တွေးထင်လာမိပါသည်။

အဆိုပါ လမ်းမှား မလျှောက်မိဖို့ လမ်းမပျောက်ဖို့ ကြိုးကြိုးစားစား ဆက်လက်လျှောက်ဖို့ လိုအပ်ပါသည်။ လမ်းမှန် ကမ်းမှန် နည်းမှန်ဖို့ ဆရာကောင်း သမားကောင်း ရှိရမည့်အပြင် မိမိတို့ကလည်း ဗဟုသုတ အထိုက်အလျောက်ရှိဖို့ လိုပါသည်။

ဆရာကောင်းထံ နည်းခံပြီး ဗုဒ္ဓရှင်တော်မြတ်၏ လမ်းစဉ်အတိုင်း (မဇ္ဈိမပဋိပဒါ လမ်းစဉ်အတိုင်း)

၁။ လမ်းမှားမလျှောက်မိစေရန် သိမြင်, တွေးခေါ် ယူဆမှု မှန်ကန်ရပါမည်။

၂။ လမ်းမပျောက်စေရန် ကိုယ်နှုတ်စောင့်စည်းရပါမည်။

၃။ မြန် ကောင်း သက်သာစွာ ခရီးပေါက်နိုင်ရန် တည်တည်ငြိမ်ငြိမ် သတိထားပြီး ကြိုးကြိုးစားစား လျှောက်လှမ်းရပါမည်။

ကျွန်တော်တို့သည် ဆရာတော်ဘုရား၏ ဩဝါဒကို လက်ကိုင်ကျင့်သုံးနိုင်လျှင် ကျွန်တော်တို့ လျှောက် လှမ်းသည့် ပန်းတိုင်ကို မလွဲဧကန် ရောက်မည်ဟု ဆိုကြရပါမည်။

ကျွန်တော်အား ပေးလိုက်သော ဆရာတော်ဘုရား၏ ဩဝါဒတော်များသည် လောကမှ လွတ်မြောက်ကြောင်းအတွက်သာ အရေးပါသော သော့ချက် မဟုတ်၊ လောကီအတွင်း ကျင်လည်ကျက်စား နေကြသည့် လူသားများစွာတို့ အတွက်ပါ အရေးပါလှသည်။

အဆိုပါ နည်းစနစ်များကို အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် အပါအဝင် ပရိယတ္တိဗဟိုဌာနများ လက်ကိုင်ကျင့်သုံးကြသောကြောင့် ပရိယတ္တိသာသနာ ယနေ့တိုင် အောင်မြင်စွာ ရပ်တည်နေနိုင်ကြခြင်း ဖြစ်သည်။

နောင်ခေတ်ပေါ်ထွန်းလာမည့် သာသနာ့ဥယျာဉ်မှူးများလည်း ဤစံနှုန်းကို အတုယူကြရပေမည်၊ ဤစံနှုန်းဖြင့်ပင် ဗုဒ္ဓ၏ အဆုံးအမတရားတော်များ ရပ်တည်လာသည်မှာ နှစ်ပေါင်း ၂၅၀၀-ကျော်ခဲ့ပေပြီ။

ကျွန်တော်တို့ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီးသည်ပင် ဆရာတော်ဘုရား၏ ဩဝါဒစံနှုန်း အတိုင်း ပန်းတိုင်ကို ဟန်ချက်ညီညီ ဖြတ်သန်းလာခဲ့ရာ နှစ်လေးဆယ်ခရီးသို့ တိုင်ခဲ့ပေပြီ။ နှစ်လေးဆယ်အတွင်း အအောင်မြင်ဆုံး ပရိယတ္တိစာသင်တိုက်ကြီး တစ်တိုက်အပါအဝင် ရပ်တည်နေဆဲဖြစ်သည်။

ထို့ပြင်သာမက ကျွန်တော်တို့ စာသင်တိုက်ကြီးသည်-

၁။ သင့်တင့်လျောက်ပတ်သည့် ပဋိရူပဒေသဝါသ အရပ်ဖြစ်ခဲ့ခြင်း၊

၂။ ပရိယတ္တိကို ဖြန့်ဖြူးပို့ချသည့် စာချဆရာတော်များနှင့် သင်ယူသူတပည့် ပရိသတ်တို့အချင်းချင်း နားလည်ယုံကြည်မှု ရှိရှိဖြင့် နည်းမှန်လမ်းမှန် စွမ်းဆောင်ချက်ကောင်းခြင်း၊

၃။ ပရိယတ္တိသာသနာကို အစွမ်းကုန် သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းထောက်ပံ့ကြသည့် ဒကာ ဒကာမများ တည်ရှိနေခြင်းဟူသော ဒေါက်သုံးဒေါက်ခိုင်မာစွာ ရပ်တည်လာခဲ့၍ အသီးအပွင့် အောင်မြင်မှုများစုံလင်စွာဖြင့် ပြည်တွင်းပြည်ပ ဂုဏ်သင်းပြန့်လျက်ရှိသည်။

မိခင် စာသင်တိုက်ကြီးမှ ပညာရည်နို့သောက်စို့ပြီး ပြည်နယ်နှင့်တိုင်း အသီးသီးတွင် နိုင်ရာတာဝန် ကျေပွန်စွာ ဦးဆောင်နေကြသည့် သာသနာ့အာဇာနည်များ များစွာပေါ်ထွန်းလျက်ရှိသည်ကို တွေ့ရပေမည်။

လွန်တော်မူသွားပြီးဖြစ်သော ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသနှင့် လက်ရှိမဟာနာယကဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသတို့၏ ဦးဆောင်မှုကောင်းသောကြောင့်ဟု ဆိုနိုင်ပါသည်။

အောင်မြင်မှုရလဒ်များကို သုံးသပ်လျှင် ကျွန်တော်အား အနီးကပ်ဩဝါဒပေးလေ့ရှိသည့် မဟာနာယက ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ၏ ဩဝါဒအခြေခံကောင်းကို စနစ်တကျ လေ့လာဆန်းစစ်ကြည့်သောအခါ ကျွန်တော်တင်ပြခဲ့သော အဖြေရလဒ်ကောင်းများ ပေါ်ထွန်းလာ၍ ကြားနာခဲ့ဖူးသည့် ဆရာ့ဩဝါဒ တယ်စွမ်းပေတကားဟု ဥဒါန်းကျူးလျက် ရှိပါတော့သည်။

♦ **ရွာမသားလေး**(ယာဉ်မောင်း)



# တစ်ခါတုန်းက ကိုရင်

ခင်ဘုန်းမြင့်

ဆရာတော်သည် ကျောင်းရှေ့တွင် သရက် ပိန္နဲ မာလကာ စသည့် စိမ်းစိမ်းစိုစိုနှင့် စီရရီပေါက်ရှိနေသော အပင်များကိုကြည့်၍ ကျောင်းစင်္ကြံလမ်းအတွင်း လူးလာခေါက်ပြန် စင်္ကြံလမ်းလျှောက်နေသည်မှာ၊ အချိန်ကြာ မြင့်ချေပြီ။ စက်နာရီဖြင့်ကြည့်လျှင်ပင် အချိန် တစ်နာရီကျော်ရှိပေသည်။ သို့သော် ဆရာ တော် စိတ်ထဲတွင် ဘဝင်မကျ ဖြစ်နေသည်မှာ နှစ်ကြာမြင့်လှချေပြီ။ ယခုလည်း ဆရာတော် စိတ်နှင့် ခန္ဓာကိုယ်မကပ်၊ မိမိသာမဏေ စာသင် သား ဘဝမှ ယခုရဟန်းဘဝ နှစ်(၄၀)စွန်းစွန်းပင် ကျော်ခဲ့ပြီ။ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့များပင် အတော်အတန် ရရှိပြီးဖြစ်သည်။ ထိုဘွဲ့များနှင့် အတူ မိမိဖြတ်သန်းလာခဲ့ရသမျှ အတွေ့အကြုံ များ အသုံးချပြီး ဓမ္မဒူတ ဓမ္မဒါန ဓမ္မပူဇာခရီးကို ပင့်လျှောက်ထားသမျှ ရက်အားလပ်မရှိ ကြွ ရောက်ဟောကြားလျက်ရှိနေရသည်။ ထိုလုပ် ငန်းတွေကြောင့်လည်း မိမိစိတ်ထည်းတွင် ခံစား နေရသည်ကို စင်္ကြံလမ်းလျှောက်ရင်း တွေးနေရ သည်။ စိမ်းစိမ်းစိုစို အပင်များကိုကြည့်၍ စဉ်းစားနေရသည်။ ရက်ကိုလစား လကိုနှစ်ချိ၍ အချိန်ကကြာခဲ့ပါပြီ။ အနှစ်သုံးဆယ်ကျော် ကြာခဲ့ပါပြီ။

"ဒကာမကြီး ... ဒကာမကြီးတို့ အိမ်ကို... ဆွမ်းခံကြွပါရစေ... ဆွမ်းအလှူ ခံပါတယ်"

"ကိုရင်က... ရွာဦးကျောင်းကပါ..."

"တင်ပါ့ဘုရား... ကိုရင်လေး... ဘွဲ့နာမည်... ဘယ်လိုခေါ်ပါသလဲဘုရား"

"ကိုရင်ဘွဲ့က... ရှင်ဩဘာသလို့ ခေါ်ပါတယ်... ဒကာမကြီး"

"တပည့်တော်မ... ကိုရင့်ကို ကြည်ညို ပါတယ်ဘုရား... မနက်ဖြန်ကစ..."

"တပည့်တော်မ... အိမ်ကို... ဆွမ်း ခံကြွတော်မူပါဘုရား..."

"သာဓုပါ ဒကာမကြီး... ကိုရင်... မနက်ဖြန်ကစ... ဆွမ်းခံကြွပါ့မယ်..."

"တင်ပါ့ဘုရား ကြွတော်မူပါဘုရား"

ကိုရင်ဩဘာသ ဆွမ်းအလှူခံရာ ဆွမ်း ဒကာမကြီး အမေကြည်နှင့် အပြန်အလှန်ပြော ဆိုကြသည်များ ဖြစ်သည်။ ကိုရင်ဩဘာသ သည် တောင်ပေါ်ဒေသမှဖြစ်သည်။ မွေးချင်း

"သာဓု . . သာဓု . . သာဓုပါ ဒကာမကြီး . . ကိုရင်ကြိုးစားပါ့မယ်. . တကယ်လို့ . . ကိုရင်ဓမ္မကထိကကြီးဖြစ်ရင် . . ဒကာမကြီးကို . . တရားဟောကြားပါ့မယ် . . တဲ့။"

"ဝမ်းသာလိုက်တာ . . ကိုရင်ရယ် . . တပည့်တော်မမှာ အဲဒီလို သားမျိုးလေးတွေ မွေးချင်တာ . . သားသုံးယောက်တောင် မွေးပါရဲ့။ ဘုန်းကြီးဝတ်လိုတဲ့ သား တစ်ယောက်မှ မပါဘူး။ တပည့်တော်မ သားအရွယ် ရဟန်းသာမဏေများ ဖူးတွေ့ရလေတိုင်း ငါ့သားလေးများ . . ဖြစ်လိုက်ပါတော့လားလို့ . . ချဥ်ခြင်းဝေဒနာနဲ့ ခဏ. . ခဏ ဆုတောင်းနေရတယ်ဘုရား . . "

ကိုရင်ဩဘာသက . . မျက်လွှာချ၍ "စာစကား . . တရားစကား . . ပြောပြမယ် ဒကာမကြီး . . မိမိ စိတ်ဆန္ဒ ပြင်းပြမှုရှိက ထိုအရာကို ကြိုးစားမှု လုံ့လပြုက အောင်မြင်ပါတယ်။ ဒကာမကြီး . . ကိုရင်လည်း ကြိုးစားပါမယ် . . ကတိပေးပါတယ် . . " စကားချွန်းချွန်လို့ပြောကြားလေ၏။ "ကျေးဇူးကြီးလှပါတယ်။ ကိုရင် . . ကိုရင့်ပညာရေးအတွက် အခက်အခဲရှိရင် တပည့်တော်မကိုပြောပါ . . အလှူခံပါ . . တတ်နိုင်သမျှ ဖြည့်စွမ်းပါ့မယ် . . "

"သာဓု . . သာဓု . . သာဓု. . . ဒကာမကြီး"

ကြာတော့ကြာခဲ့ပါပြီ။ ကိုရင်ဩဘာသ မြို့တက် စာဝါလိုက်နေသည်မှာ သုံးဝါပင်ကျော်လွန်ခဲ့ချေပြီ။ ထို့အတူ ကိုရင်ဩဘာသသည် လည်း အရွယ်ကြီးပြင်းလာလို့ အသက်(၁၈)နှစ်ပင် ကျော်ခဲ့လေပြီ။ မိမိဖြတ်သန်းတက်ရောက် သင်ကြားခဲ့ရသော စာမေးပွဲမှန်သမျှ အောင်မြင်

လေးယောက်အနက် ဒုတိယမြောက်သား ဖြစ်သည်။ ကိုရင်ဩဘာသ ရှစ်နှစ်သားအရွယ်တွင် မိဘနှစ်ပါးရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြကုန်သည်။ ဆရာတော်ဘကြီး ဘုန်းကြီးကျောင်းတွင် သာမဏေဝတ်၍ ပရိယတ္တိစာပေကို သင်ကြားရသည်။ ဆရာတော်က ဉာဏ်ရည်ထက်မြက်သွက်လက်မှုရှိသော ကိုရင်ဩဘာသကို စာတတ်ပေတတ် ပညာတတ်ဖြစ်စေချင်သည်။ ရှေ့ရေးကို ချင့်မြော်တွေးကာ ရင်းနှီးမှုရှိသော မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ ရွာဦးကျောင်း ဆရာတော်အထံသို့ အပ်နှံကာ ပညာသင်ကြားစေခဲ့သည်။ သို့အတွက် ကိုရင်ဩဘာသအမေကြည်တို့အိမ်ဝိုင်းအပြင် တစ်ခြားအိမ်သို့ပါ ဆွမ်းအလှူခံရခြင်းဖြစ်သည်။

နောက်တစ်နေ့ကိုရင်ဩဘာသ ဆွမ်းခံချိန် အမေကြည်အိမ် ဆွမ်းခံဝင်၏။ ဆွမ်းအလှူရှင် အမေကြည်က မိမိတို့အိမ်သားများ စားသောက်ရန်ချက်ပြုတ်အပ်သည့် ဆွမ်း၊ ဆွမ်းဟင်းဦးဦးဖျားဖျားများကို သီးခြားဖယ်ထား၍ နေ့စဥ်လောင်းလှူ၏။ ကိုရင်ဩဘာသသည် နေ့စဥ်ဆွမ်းခံဝင်ကြွ၏။ ဤသို့ ကာလကြာလာသည်နှင့်အမျှ ဆွမ်းဒကာမ ကြီး အမေကြည်နှင့် ကိုရင်ဩဘာသတို့ မိခင်ကြီးနှင့်သားသဖွယ် သံယောဇဥ်တွယ်လာကြပေတော့သည်။

တစ်နေ့ အမေကြည်က "ကိုရင်လေး . . စာတွေ ဘာတွေကော လိုက်နိုင်ရဲ့လား" စာကြိုးစားနော် . . ကိုရင်လေးကို တပည့်တော်မ လောင်းလှူရတဲ့ ဆွမ်း . . အကျိုးကြောင့် ကိုရင်လေး တစ်နေ့အကျော်အမော် ဆရာတော်တစ်ပါးဖြစ်ပါစေ . . ကိုယ့်ဆရာတော် ဟောတဲ့ တရားကို နာကြားပါရစေဘုရား. . လို့ တပည့်တော်မ နေ့တိုင်း ဆုတောင်းပါတယ်ဘုရား . . "

ခဲ့သည်။ သည်နှစ် စာဝါတတ်သင်ကြားမှု အောင်မြင်လျှင် ရန်ကုန် အင်းစိန် ရွာမပရိယတ္တိစာသင် တိုက်ကြီးသို့ ပြောင်းရွှေ့တက်ရောက်သင်ကြားရမည်ဖြစ်သည်။ မပြောင်း၍မဖြစ်၊ ကိုရင်ဩဇာသတို့ ရွာဦးကျောင်းဆရာတော်၏ စီမံမှု ဖြစ်သည်။ ဒါက ကိစ္စမရှိ ကိုရင်ဩဇာသ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်မည့်လမ်း၏ အစပင်ဖြစ်သည် မဟုတ်ပါလား။

ခက်သည်။ ဆွမ်းဒကာမကြီး အမေကြည်ပင်။ အမေကြည်သည် ကိုရင်ဩဇာသကို နေ့စဉ်ဝတ်မပျက်၊ ဆွမ်းလောင်းလှူလျက်ရှိသည်။ ဒကာမကြီးနေထိုင်မကောင်းဖြစ်လျှင်ပင် သားသမီးများကို သူ့ကိုယ်စားဆွမ်းလောင်းလှူစေသည်။ ပြီး သားသမီးများကို ဆုံးမစကားပြောဆိုသည်။ သာမဏေရဟန်းတို့သည် မြတ်စွာဘုရား၏ သားတော် များအဖြစ် ဘဝကိုခံယူထားကြသူများဖြစ်သည်။ ဗုဒ္ဓဟောကြားတော်မူသော ဝိနည်းတော်များနှင့် အညီ ဆရာသမားများ၏ သွန်သင်ညွှန်ပြသင်ကြားမှုများကို လိုက်နာခံယူကျင့်ကြံနေထိုင်ပြီး နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီ၊ အမိအဖ ညီအစ်ကို မောင်နှမများတို့ ဝေးကွာတဲ့အရပ်ဒေသသို့ လာရောက်ပြီး ဗုဒ္ဓရဲ့တရားတော်တွေကို လက်ဆင့်ကမ်း သယ်ဆောင်ယူ တာဝန်ကျေနေကြသူများဖြစ်ကြသည်။ သူတို့တွေကြောင့် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ ကြာရှည်နေရသည်။ ထို့ကြောင့် သာမဏေ ရဟန်းတော်တွေ စာသင်သားတွေကို ကိုယ့်သားကိုယ့်တူ ကိုယ့်ညီအစ်ကို မောင်နှမတွေလို နွေးထွေးစွာ စောင့်ရှောက်ကြပါဟု အမေကြည် တဖွဖွ ဆုံးမတာတွေကို ကိုရင်ဩဇာသ ကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားသိခဲ့ရသည်။ ကိုရင်ဩဇာသရဲ့ ရင်ထဲမယ် ဖော်မပြနိုင်သည့် ကြည်နူးဝမ်းသာစေခဲ့တဲ့ ဝေဒနာလမ်း တစ်ခု စွဲငြိစေခဲ့သည်။ ဒါကတော့ ဆွမ်းဒကာမကြီး အမေကြည်၏ သာသနာ့တာဝန်ထမ်းဆောင်နေသည့် ရဟန်းသာမဏေတွေအပေါ် ထားရှိတဲ့ သဒ္ဓါတရားကိုပါပဲ။

❖ ❖ ❖

ကိုရင်(သာမဏေ)ဘဝက ရဟန်းဘဝသို့ ကူးပြောင်းခဲ့သော ဦးပဋ္ဌင်းဩဇာသသည် ပင် ရန်ကုန်မြို့ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီးတွင် ပညာရည်နို့သောက်စို့ခဲ့ရသည်မှာ ကာလမည်၍ မည်မျှရှိသည်ကို လက်ချိုးရေတွက်လျှင် လက်ဆယ်ချောင်းပင်ပြည့်တော့မည်။ စာမေးပွဲတွေ အဆင့်ဆင့်အောင်မြင်ခဲ့သည်။ ရွာမပရိယတ္တိစာသင်တိုက်တွင် စာချ-စာပြ တာဝန်ကို ယူနေရသည်။ ကျေးဇူးတွေ တတ်နိုင်သမျှ ပေးဆပ်ပေဦးမည်။ တစ်ဘက်ကလည်း မိမိရှေ့ရေးအတွက် မိမိဝါသနာပါသည့် စာရေးသားခြင်း ကျမ်းပြုစုခြင်းကလည်း လုပ်နေရသေးသည်။ သည်အလုပ်တွေနှင့်ပင် အချိန်ကုန်လွယ်နေသည်။ မိမိလက်ရှိအခြေအနေမျိုး ရောက်အောင် ကိုရင်ဘဝတုန်းက ဆွမ်းဒကာမကြီး အမေကြည်တို့ မိသားစုကို သည်ရက်တွေမှာ အထူးသတိတရရှိနေသည်။ သတိသာရနေသည် ရွာဦးကျောင်းက ထွက်လာပြီး သည်နေ့ကစ ယနေ့တိုင် တစ်ခေါက်တလေမှ မရောက်ဖြစ်ခဲ့။ ကျန်းမာချမ်းသာစွာရှိကြပါစေလို့ မေတ္တာပို့ ခြင်းသာပြုလုပ်နိုင်သည်။ ဘဝအကျိုးပေး အခြေအနေရပေါ့ အမေကြည်တို့ မိသားစုမှမဟုတ်၊ အလှူရှင်အပေါင်းတို့ကိုပါ

ဆုတောင်း မေတ္တာပို့နေသည်မှာ ရွာမစာသင်တိုက်သို့ စတင်ရောက်ရှိသည့်အချိန်ကပင် ဖြစ်ခဲ့ပါ၏။

❖ ❖ ❖

ဆရာတော် ဘဒ္ဒန္တသြဘာသသည် အင်းစိန်ရွာမစာသင်တိုက်ခွဲတစ်ခုဖြစ်သည့် ရတနာမဟာမြိုင်ကျောင်းတွင် ပဓာနနာယက ဆရာတော်အဖြစ် ကျောင်းထိုင်ခဲ့သည်မှာ ငါးဝါပင်ရောက်ခဲ့ပေပြီ။ ကျောင်းဧရိယာသည် ၁. ၆၈ ဧက ကျယ်ဝန်းပြီး သီးပင်စားပင်များ စိမ်းစိုအုံ့ဆိုင်းလျက်ရှိချေ၏။ အင်းစိန်ရွာမ စာသင်တိုက်ကြီး၏ ဆရာတော်ကြီး စီမံခန့်ခွဲမှုဖြင့် ဤရတနာမဟာမြိုင်ကျောင်း ပရိယတ္တိ စာသင်တိုက်ကို ထူထောင်ရခြင်းဖြစ်သည်။ ဆရာတော် ဘဒ္ဒန္တ သြဘာသသည် နေ့စာဝါ ညစာဝါတို့ဖြင့် စာသင်သား သာမဏေရဟန်း အပါး ၅၀ ကျော်တို့ကိုလည်း သွန်သင်ညွှန်ပြ ဆိုဆုံးမလျက်ရှိချေ၏။ သာမဏေငယ်ကလေး တစ်ပါး နာမကျန်းဖြစ်နေသည်ကို နွေးထွေးစွာ ပြုစုရင်း၊ ဆရာတော် ငယ်စဉ် ကိုရင်ဘဝကို အမှတ်ရမိတော့သည်။ ရွာဦးကျောင်းမှာ နေတုန်းက ဆွမ်းဒကာမကြီး အမေကြည် မိမိကို သားတစ်ယောက်နှင့်မခြား စေတနာသဒ္ဓါ တရားကြီးမားပုံကို ပြန်လည်မြင်ယောင်မိသည်။ မိမိနှင့်သာသနာအပေါ် ဆွမ်းဒါယိကာမ တစ်ယောက်အနေဖြင့် တာဝန်ကျေခဲ့သော်လည်း ဆွမ်းဒကာအပေါ် မိမိတာဝန်မကျေခဲ့သည့်အတွက် မိမိကိုယ်မိမိအပြစ်တင်နေမိသည်။ ငယ်ကအကြောင်းတွေ တွေးတောရင်း မိမိစကြံလျှောက်နေသည်မှာ (၁)နာရီကျော် ပေရှော့မည်။ ကိုရင်ဘဝက ဆွမ်းဒကာမကြီး အမေကြည်ပြောသော စကားသံကို မိမိနားထည်းတွင် အလုံးစုံ ပြန်ကြားနေရသည်။ ပထမဦးဆုံးဆွမ်းအလှူခံရန်ကစ၍ အမေကြည်အိမ် ခြံဝင်းဝင်တော့ ဆွမ်းဒကာမကြီး အမေကြည်က -

"ကိုရင်လေး ဘွဲ့မည်တော် ဘယ်လိုခေါ်ပါသလဲဘုရား"

"တပည့်တော်မကိုရင့်ကို ကြည်ညို ပါတယ်ဘုရား"

"မနက်ဖြန်ကစ တပည့်တော်မအိမ်ကို ဆွမ်းခံကြွတော်မူပါဘုရား"

"ကိုရင်လေး စာတွေဘာတွေကော လိုက်နိုင်ရဲ့လား။ စာကြိုးစားနော် သားလေးတွေ ဖြစ်စေချင်တယ် . . ကိုရင်လေးကို တပည့်တော်မလောင်းလှူရတဲ့ ဆွမ်းအကျိုးကြောင့် ကိုရင်လေး အကျော်အမော် ဆရာတော်တစ်ပါး ဖြစ်ပါစေလို့ တပည့်တော်မ နေ့တိုင်း ဆုတောင်း ပါတယ်ဘုရား . . ကိုယ့်ဆရာတော် ဟောကြားတဲ့ တရားကို နာကြားပါရစေဘုရား"တဲ့



သည်တုန်းက ကိုရင်ကတိပေးဖူးသည်။ သာစု သုံးကြိမ်ခေါ် ဆိုပြီး ဓမ္မကထိကကြီးဖြစ်ရင် ဒကာမကြီးကို တရားဟောမည်ဟု ပေးခဲ့သည့် ကတိ၊ သည်ကတိကို ဆရာတော်စကြီ လျှောက် ရင်း အပြန်ပြန်အလှန်လှန် တွေးနေ၏။ တစ်ခုခုတော့လုပ်မှ ဖြစ်မည်။ ဆုံးဖြတ်မှုဖြစ် မည်ဟု မိမိကိုယ် မိမိပြောနေမိ၏။

❖ ❖ ❖

အဘွားကြည် ရွာဘုန်းကြီး(ဆရာတော်) အခေါ်ရှိသည်ဆို၍ ကပ္ပိယဦးမြ လာခေါ်သဖြင့် ကြိုးတန်းပေါ်မှ တဘက် (မျက်နှာသုတ်ပဝါ)ကို ပခုံးပေါ်တင် မြေးမလေးကိုတွဲ၍ တောင်ဝှေး တစ်ဘက်ဖြင့် တုန်ယင်ချည့်နဲ့စွာ ရွာဦးဆရာ တော်ကျောင်းသို့ လိုက်ပါလာခဲ့၏။ ကျောင်း ပေါ်တွင် ရွာဦးကျောင်းဆရာတော်နှင့် အာဂန္တု ဘုန်းကြီးနှစ်ပါးကို ဖူးတွေ့ရသဖြင့် ရိုသေစွာဦးချ ကန်တော့ပြီး

"ဆရာတော်ဘုရား အခေါ်ရှိလို့ တပည့် တော်မ ရောက်ပါပြီဘုရား"ဟု အမေကြည် လျှောက်ထားလေသော် ဧည့်တုန်းကြီး (အာဂန္တု)က

"ဒကာမကြီး ကျန်းမာပါရဲ့လား . . ဘုန်းကြီးကိုကော မှတ်မိပါရဲ့လား" ဧည့်ဘုန်း ကြီးက မေးသာမေးရသည် အဘွားကြည် (အမေကြည်)ကို ကိုယ်တော်မမှတ်မိချင်၊ ကြည့်ပါဦး၊ အမေကြည် မျက်စိခွဲထားလို့ မျက်မှန် ပါဝါ ထူထူကြီးအောက်က အဘွားကြည်ရဲ့ မျက်နှာမှာ ဇရာ၏ အရေးအကြောင်းတွေ နက်မှောင် ပျော့ပျောင်းလှသည့် အဘွားကြည် ၏ ဆံပင်၊ ခုတော့ ဦးခေါင်းပေါ်မှာ ဆွတ်ဆွတ် ဖြူလို့ လိပ်ခွံဘီးလေးပတ်ကာ ကြက်စုသီးလေး ပမာ အထုံးကလေးနှင့် သာရှိတော့သည်။

ညိုညိုခံ့ခံ့ ခန္ဓာကိုယ်သည်လည်း အရိုးပေါ် အရေတွဲ လောင်းနဲ့ လျော့ရိလျော့ရဲနှင့် ဇရာ၏ ဖြတ်သန်း မှုတွေပြည့်နေပေပြီ။ မိမိကိုရင်ဘဝနှင့် စာသင်ဖက် သူငယ်ချင်းတောင် ရွာဦးကျောင်း ဆရာတော် ဖြစ်နေချေပြီ။ ရွာဦးကျောင်းဆရာ တော်က အခေါ်ရှိသည့် အမေကြည်ခေါ် အဘွားကြည်ဟု ဆို၍သာ အမေကြည်နုပျို စဉ်က ရုပ်ရည်ကို မှန်းဆဖြည့်စွက်ကြည့်၍ အသက် (၈၀)ကျော်ပြီဖြစ်သော တစ်ရွာလုံးက အဘွားကြည် ဟုခေါ်ကြသော အမေကြည်မှန်း သိရတော့သည်၊ တရားသဘောပင် မဟုတ်ပါလား။

"တင်ပါ့ဘုရား . . တပည့်တော်မ မျက်စိကလည်းသိပ်မကောင်း မှတ်ဉာဏ်တွေ ကလည်း ထုံထိုင်းနေလို့ မမှတ်မိတာ ခွင့်လွှတ် တော်မူပါဘုရား"

အဘွားကြည် မမှတ်မိတာ ဖြစ်နိုင်ပါ သည်။ မိမိသည်ပင်လျှင် ရတနာမဟာမြိုင် ကျောင်းထိုင်ဆရာတော်ဖြစ်နေပေပြီ။ နှစ်တွေ မနည်းတော့သည် မဟုတ်ပါလား။

ဒကာမကြီး . . ဘုန်းကြီး . . ဒကာမ ကြီးအိမ်မှာ . . ဆွမ်းခံကြွခဲ့ရတဲ့ . . ကိုရင် သြဘာသပါ . . ဓမ္မကထိကဖြစ်ရင် ဒကာမကြီးကို တရားဟောပါ့မယ်လို့ . . ကတိ ပေးခဲ့တဲ့ . . ကိုရင်လေ၊ ခုတော့ ဘုန်းကြီး ပေါ့ . . "

"ကိုရင်လေးသြဘာသ . . ကိုရင် သြဘာသ . . တပည့်တော်မ မှတ်မိပါပြီ ဘုရား . . ကိုရင် အဲ ဆရာတော်ဘယ်အရပ်က ကြွလာပါလဲဘုရား . . တပည့်တော်မ ဝမ်းသာ လိုက်တာကို ၫင် . . အဲ . . ဆရာတော် မြို့ ကျောင်းစာသင်သွားမယ် ဆိုကတည်းက ပျောက်သွားလိုက်တာ ဟင့် . . ဟင့် . . ဟီး . . ဟီး"

ပြောပြောဆိုဆို အဘွားကြည် ဝမ်းနည်းစွာ ချုံးပွဲချငိုကြွေးလေတော့သည်။ မိမိသည်ပင်လျှင် ကျောင်းထိုင် ဆရာတော်ဖြစ်လင့်ကစား မျက်ရည်ဝိုင်းမိပါသေးသည်။ အဘွားကြည်တစ်ချိန်က ဆွမ်းဒကာမကြီးဆိုသော်လည်း မိမိအပေါ် သားတစ်ယောက်နှင့်မခြားဂရုစိုက်ခဲ့၏။ ဗုဒ္ဓသာသနာတော်ကို ရိုသေလေးစားစွာ နိုင်သမျှ အထောက်အပံ့ရှိစေခဲ့သူ အဘွားကြည်ပင် ဖြစ်ပါ၏။ သို့သော်လည်း မိခင်ကြီး ခံစားမှုကိုတော့ ဆရာတော် ခံစားမိပါ၏။ စိတ်ကိုတင်း၍

"ကဲ ဒကာမကြီး ဝမ်းမနည်းနေပါနဲ့ ဝမ်းသာပါ . . ဘုန်းကြီးက ဒကာမကြီးကို မိခင်ကြီးအရာထားပါတယ် . . အခု ဘုန်းကြီးက ရန်ကုန်မြို့မှာကျောင်းထိုင်ပါတ ယ်။ ဒကာမကြီးကို ရန်ကုန်က ဘုရားတွေ ဖူးမြော်စေချင်လို့ လာခေါ်တာပါ။ ပြီးတော့ ဘုန်းကြီးစာပေသင်ကြားခဲ့ရတဲ့ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးက အနှစ်(၄၀)ရှိပြီ။ အနှစ်(၄၀)ခရီးမော်ကွန်းတင် အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပမှာ၊ အဲဒီမှာ တရားပွဲတွေရှိတယ် . . ဟောပြောပွဲတွေရှိတယ် . . . ပြီးတော့ . . . ဘုန်းကြီးကတိအတိုင်း ဒကာမကြီးကို ဘုန်းကြီးတရားဟောရဦးမယ် . . ဒကာမကြီး ဆုတောင်းပြည့်ပါပြီ . . ရန်ကုန်မှာ ဒကာမကြီး ပျော်သလောက်နေ အားလုံးကို ဘုန်းကြီးတာဝန်ထား. . ရန်ကုန်ဘုရားဖူးလိုက်ခဲ့ပါ . . နော်"ဟု ဆရာတော်က မိခင်ကြီးသဖွယ် ရင်တွင်းမှ စေတနာ ကရုဏာစကား ပြောလေ၏။ ရွာဦးကျောင်းဆရာတော်နှင့် အဖော်ပါလာသော အာဂန္တုကိုယ်တော်တို့ သားနှင့်မိခင်ပမာ ပြောဆိုနေကြသည်များကို ဝမ်းသာကြည်နူးပြီး အံ့သြစွာ မင်တက်နေမိကြသည်။

"တပည့်တော်မ . . . ဘယ်လို လျှောက်ထားရမှန်းတောင် မသိတော့ပါဘူးဘုရား. . . တပည့်တော်မ . . ဝမ်းနည်း . . ဝမ်းသာဖြစ်ရပါတယ်ဘုရား . . . သားတစ်ယောက် အမေ့ဆီပြန်လာတယ်လို့ . . အားတက်ရပါတယ်ဘုရား . . "

"ကဲ . . အဲ . . ဒါဆိုလည်း ဘုန်းကြီးမနက်ဖြန် ရန်ကုန်ပြန်ကြွမယ် . . ရန်ကုန်လိုက်ဖို့ ဒကာမကြီး . . အဆင်သင့်သာလုပ်ထားပေရော့ . . ဘယ်သူလိုက်လိုက် ဘယ်နှစ်ယောက်လိုက်လိုက် ဘုန်းကြီးတာဝန်ယူပါတယ် ဒကာမကြီး . . လိုက်ဖို့ အခုကစ ပြင်ဆင်ပေတော့"

"တင်ပါ့ဘုရား . . တပည့်တော်မ . . ဦးတင်ကန်တော့ပါတယ်ဘုရား"

အဘွားကြည် ဆရာတော်တို့ကို ဦးချကန်တော့လို့ပြီး ရွာဦးကျောင်းပေါ်မှ မြေမလေးကို တွဲ၍ တုန်ယင်ချိနဲ့စွာ ဝမ်းနည်းဝမ်းသာများစွာဖြင့် ကျောင်းလှေကားအတိုင်း တရွေ့ရွေ့ဆင်းသက် သွားလေသောအခါ ဆရာတော်ဘဒ္ဒန္တသြဘာသ၏ ရင်တွင်းမှ နှစ်ရှည်လများခံစားနေရသည့် မွန်းကျပ်မှုများကို သက်ပြင်းရှည်ချလို့ အားရရွှင်လန်းစွာ သူငယ်ချင်း ရွာဦးကျောင်းဆရာတော်ကို ပြုံးရွှင်စွာ နှုတ်ဆက်ပြီး နားနေဆောင် (တည်းခိုဆောင်)သို့ တစ်ခါ တုန်းက ကိုရင်ဘဝ ခြေလှမ်းမျိုးဖြင့် လှမ်းရွှေ့လှမ်းရွှေ့သာ ပေါ့ပါးစွာ ကြွသွားလေတော့သည်။

♦ ခင်ဘုန်းမြင့်



# မျော်များ

မောင်ပန်းဝေ (ညောင်တုန်း)

အလုပ်မှ ပင်စင်ယူလိုက်သည့်အချိန်
လေထဲမှာလမ်းလျှောက်ရသလိုမျိုး၏ရင်ထဲမှာ ဟာတာတာကြီးဖြင့်
အမျိုးအမည် မသိသော ဝေဒနာတစ်ခုကို ခံစားမိလေသည်. . . .
လောကသုံးပါးစလုံးတွင် ရေ-မြေ-လေ-မီး ဓါတ်ကြီးလေးပါးနှင့်အညီ

အမျှရှိနေသော်လည်း ကျွန်တော့်အဖို့တွင် ပုံမှန်ဖြစ်နေခဲ့သော လောကကြီးအပေါ် တစ်ခါတစ်ခါ စိတ်တိုင်းမကျဖြစ်ခဲ့မိသည်။ တစ်နေ့ စာရေးသားရန် အကြောင်းစဉ်းစားနေချိန် ဈေးမှဈေးဝယ်ပြီး ပြန်လာသော ဇနီးသည်၏ ငြီးတွားမှု ငွေအကြေပြဿနာကို အစပြု၍. . . ခေါင်းထဲတွင် ဝတ္ထုရေးရန် အကြောင်းဖန်လာခဲ့တော့သည်။

ကျွန်တော်သည် စာဖတ်ခြင်း၊ စာရေးခြင်း၊ ပန်းချီဆွဲခြင်းများကို ဝါသနာအလျှောက်တွေးခေါ်ရေးမှတ်ခြင်းဖြင့် အချိန်ကုန်စေခဲ့တော့သည် ပတ်ဝန်းကျင်၏မြင်သမျှ ကြားသမျှတွေသည် လူမှုတောတွင် ခံစားရသူ စံစားရသူများရှိသော်လည်း အပူးအအေး အနိမ့်အမြင့်မှာ အနည်းအများအလိုက် တူညီမှုမရှိကြပါ။ ကြည့်နေရာမတူ အချိန်ကာလမတူကြသော်လည်း ယနေ့လူသားအားလုံး၏ ခံစားကြပုံခြင်း တူညီနေကြသော အချက်တစ်ချက်တော့ ရှိနေပေသည်။ ထိုအချက်သည်ကား ငွေ အကြေ ကိစ္စပင်တည်း။ ငွေ အကြေ တကယ်ရှိခြင်း မရှိခြင်း ရှားခြင်း မရှားခြင်း ဟူသောအချက်မှာ ရိုးရိုးလေးနှင့် ဆန်းနေတော့သည်။

နေရာအမျိုးမျိုးမှာ အကြောင်းအမျိုးမျိုးကြောင့် ပုံစံအမျိုးမျိုးနှင့် ငွေအကြေကိစ္စများကို ခက်ခဲမှု၊ လွယ်ကူမှု၊ ရှိုင်းပင်းမှု၊ သိတတ်မှု၊ နားလည်မှု၊ စာနာမှု၊ တင်းမာမှု၊ ခံပြင်းမှု ထိုထိုသော အမှုတို့သည် အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် နေ့စဉ်နှင့်အမျှ ထိတွေ့ခံစားကြရသည့် ငွေအကြေနှင့် ပတ်သက်သော အကြောင်းများကို စာပေသမားတို့၏ ဝါသနာအတိုင်း ဗဟုသုတအလို့ငှာ ရေးသားလိုက်ရပေသည်။

ချမ်းသာကြီးစတိုး

ဆိုင်ကလေးကမကျဉ်းမကျယ် သိပ်ထည်ထည်ဝါဝါကြီးတော့ မဟုတ်ပါ။ ဆင်းရဲသား လက်လုပ် လက်စား ဝန်ထမ်းမိသားစုများဖြင့် ရောင်းအားဝယ်အား စည်းကားနေမြဲပါ။ ဤဆိုင်တွင် သိကြား နို့ဆီ ကိတ်ခြောက် ကော်ဖီမစ်ထုပ် အအေးပုလင်းစုံ ဆေးပစ္စည်း အချိုရည်ကပ် နိုင်ငံခြားအရက်နှင့် စီးကရက်မျိုးစုံ လူသုံးကုန်ပစ္စည်းများ အချိန်အခါမရွေး ရနိုင်သော ဆိုင်ကလေးပါ။

' ဒီကအန်တီက သကြားလုံး အထုပ်ကြီး(၃)ထုပ်၊ စီးကရက်(၄)တောင့်၊ တစ်ရှူးလိပ် အန်တီရဲ့ပစ္စည်း စာရင်းဘောက်ချာရပါပြီ”။ ထိုအခါ ရွှေကိုင်းမျက်မှန်တပ် အမျိုးသမီးကြီးက ဘောက်ချာစာရွက်ပါ ကုန်ပစ္စည်းစာရင်း ကြည့်ကာ ကျသင့် ငွေများ ပေးချေလိုက်တော့သည်။

“ဟုတ်ကဲ့ပါရှင်ကျေးဇူးတင်ပါတယ်၊ အန်တီကို ခုနစ်ရာ ပြန်အမ်းရမယ်. . ဆိုတော့၊ အန်တီ သုံးရာရှိရင်ပေးပါလား ဒီကတစ်ထောင်တန်ယူပါ ”

' ဘယ်ရှိမလဲဟဲ့ . . '

' နှစ်ရာတန်ရော '

' မရှိပါဘူးဟယ် ဈေးဝယ်လို့လဲ ကုန်နေပါပြီ. . . '

' ဒါဆိုရင် သုံးရာဘိုးလောက် နောက်ထပ်ကြည့်ပါအုန်း '

' ဩော် အေးဟယ် . . . ညည်းတို့မလဲ အကြေမရှိဘူး အကြေမရှိလို့ပါ. . နဲ့၊ ငါ့မလဲ ဒီတစ်မနက်လုံး အကြေမရှိလို့ ထပ်ယူလိုက်ရတာ ဒီမှာကျတော့လည်း လာပြန်ပြီ '

' ဟုတ်ကဲ့ ဒါဆိုလဲ ခဏလေး စောင့်ပါနော် '

' ခက်တာပဲအေ . . '

' ဟိုနောက်က အစ်ကိုက ဘာများယူဦးမလဲ '

' ကိတ်မုန့်တစ်လုံးပေးပါ '

' ဟုတ်ကဲ့ ရပါပြီ၊ နှစ်ရာ ပါရှင် '

ကိတ်မုန့်ဝယ်သူမှာ ကျသင့်ငွေကိုရှင်းပြီး ဆိုင်မှထွက်ခွာသွားတော့သည်။

' ဩော် အန်တီ ပိုက်ဆံရပါပြီ '

' အေး အေး . . . '

ဆိုင်ဝန်ထမ်း အမျိုးသမီးရဲ့လှမ်းပေးသော ငါးရာတန် တစ်ရွက်နှင့်နှစ်ရာတန်တစ်ရွက် ပေါင်း ခုနှစ်ရာကို လက်မှ ကိုင်ပြီး ဆိုင်မှ ထွက်ခဲ့တော့သည်။

ဆိုင်ရှေ့တစ်ဖက်ကားလမ်းအကူး . . .

' အကြွေရှိပါတယ် ဒေါ်ဒေါ်ရယ် သူတို့သုံးနေကြ လက်သုံးစကားတွေပါ၊ တကယ်လို့ နောက်ပစ္စည်း တစ်မျိုးဝယ်ဖြစ်ခဲ့ရင် သူတို့ ဆိုင်အတွက် ငွေအမောင့် တိုးတာပေါ့ '

' ဟုတ်ပ့ါကွယ် အန်တီက ဘယ်ရမလဲ ဒီလောက်ဆိုင်ကြီး ရောင်းဝယ်နေပြီး ငွေနှစ်ရာ သုံးရာပြန်မအမ်းနိုင်ဘူးဆိုတာရှိမလားကွယ်။'

' လူတွေကိုယ်က ဖြစ်နေကြတာဗျာ၊ ကားစီးလဲ ကားပေါ်မှာမို့ ငါးဆယ်လမ်းခရီးကို တစ်ရာ မပေးလိုက်နဲ့ . . . ဆင်းမယ့် မှတ်တိုင် မရောက်ခင် အမ်းဖို့ ကြိုတင်ပြောထား ပေမယ့် အကြွေမရှိဘူးဆိုပြီး ပြန်အမ်းရမယ့် ငါးဆယ်ကို ပြန်မအမ်းတော့ဘူး တစ်ယောက်ကို ငါးဆယ်နဲ့ လူဆယ်ယောက်လောက်ဆို သူတို့ အတွက် ထမင်းဖိုး တိုးတာပေ့ါလေ '

' အေး၊ ကိုယ်ချင်းစာမှု မရှိတော့ပါဘူးကွယ် . . အန်တီပြောမယ် အန်တီဆို လှက်ရည်ဆိုင် ဖွင့်တယ်လေ . . '

' ဟုတ်ကဲ့ . . '

' ခုဝယ်လာတဲ့သကြားလုံးက ငါးရာတန်၊ နှစ်ရာတန်ပေးလို့ ပြန်အမ်းမဲ့ အကြွေအစား ခုဝယ်လာတဲ့ သကြားလုံးလေးတွေ ပြန်ပေးလိုက်တော့ အကြွေမရှိလို့ပါ . . ဘာယူဦးမလဲ ဆိုတာတွေမေးနေစရာမလို တော့ဘူးပေ့ါကွယ်၊ ဟော . . နှစ်ဦးနှစ်ဖက် ပြေလည်မသွားဘူး လား နော် . . '

' ဗျာ . . '

မောဟိုက်သွားတဲ့ သက်ပြင်းရှိုက်သံ တစ်ချက်နဲ့အတူ အရာရာကို သုံးသပ်ကြည့်တော့ အကြွေပြဿနာကို သကြားလုံးလေးတွေနဲ့ အစားထိုးကုစားလိုက်တဲ့ အတတ်ပညာကို ကျွန်တော် အံ့ဩချီးကျူး မိတော့သည်။



မျှော်လင့်မထားသည့် မရှိခြင်း၏ ဟိုမှာဘက်ကမ်းတွင် မရှားခြင်း၏ ရှင်သန်မှုတစ်ခုက ဘယ်အထိတည်မြဲနိုင်မလဲ မရှိခြင်းဆိုသည်မှာလဲ အဘယ်မျှလောက် တင်းခံနိုင်ပါမည်နည်း၊

ဘစ်ကားစီး၍ အကြွေပြန်မရသောနေ့ရက်များ . .

ဈေးဆိုင်တွင် ပစ္စည်းတစ်မျိုးဝယ်၍ အကြွေမရှိခြင်းကြောင့် . . နောက်တစ်မျိုး ထပ်ဝယ်ရသည့် နေ့ရက်များ . .

ရေအိမ်သာတက်၍ အကြွေမရှိခြင်းကြောင့် ဆေးလိပ်၊ စီးကရက်များ ပြန်ရသောနေ့ရက်များ . .

လက်ဖက်ရည်သောက်၍ အကြွေမရှိခြင်းကြောင့် သကြားလုံးလေးတွေ ပြန်ရသောနေ့ရက်များ . .

စာတိုက်တွင် စာထည့်၍ အကြွေမရှိခြင်းကြောင့် တံဆိပ်ခေါင်းပြန်ရသောနေ့ရက်များ . . ၊ အကြွေမရှိလို့ ပါဆိုသည့် စကားလုံးတစ်လုံးတည်းဖြင့် . . အချို့အချို့သော နေရာ၊ ဆိုင်၊ ဈေးများတွင် လုပ်စားနေကြပုံများကို သာရင်မောစွာ ဖြတ်သန်းခံစားခဲ့ရသည့် နေ့ရက်များကို ရေတွက်ရင်း လူမှုကိစ္စများ၏ လိုအပ်ချက်များကသာ ပြည့်လျှံဖောင်းကားလာတော့သည် . .

ကျွန်တော်၏ခေါင်းထဲသို့ ထိုအကြွေပြဿနာကို ဘဲဥအစရှာမရသည့် အတွေးတစဝင်ရောက်နေချိန် စဉ်းစားရင်း စဉ်းစားရင်းဖြင့် တိမ်မယောင်နှင့်နက် လွယ်မယောင်နှင့်ခက်ချေပြီတည်း။ ချောမွေ့လွယ်ကူစွာ လွတ်မြောက်နိုင်ရန်အတွက် စဉ်းစားကြည့်သည် သို့သော် စဉ်းစား၍ မရနိုင်လောက်အောင် စိတ်တွေရှုပ်ထွေး နောက်ကျိလာချင်ပြီ၊ ဒါပေသည့် ကျွန်တော်နားလည်သဘောပေါက်သလောက်တော့ အကြွေသည် မရှိတော့ မရှိပါ၊ သို့သော် ရှားလဲမရှားသေးပါ။

အမှန်တော့ မည်သူ့ကိုမှ အပြစ်မဆိုသာပါ . .

မမြင်နိုင်သောကြိုး ဒါမှမဟုတ် မြင်နိုင်သော်လည်း ဖယ်ရှားမရနိုင်သော ကြိုးများသည် သို့သောကြိုးများ ရစ်ပတ်နှောင်ဖွဲ့လာသည့်အခါ ပြေးလမ်းပိတ်ဆို့မှုကို လွယ်ကူစွာ လွတ်မြောက်ရန် ကြိုးစားရင်း . . ၊ ထိုထိုသော အကျဉ်းအကျပ်များနှင့်အတူ အကြွေဆိုသောကိစ္စနှင့်မူ မည်သူ့ကိုမှ အပြစ်မဆိုသာပါ . . ၊ အမှန်အကန်မဟုတ်သော အကြံအဖန်ပဲ ဖြစ်ရပေမည်။

တွေးရင်းတွေးရင်း စိတ်တွေပို၍ရှုပ်လာသည်။ အဖြေက တလူလူတစ်လွင့်လွင့် ချေလှမ်းများက မလှမ်းချင်လှမ်းချင် လှမ်းနေဆဲ . . ၊ ဒါပေသည့် မရှိတော့မရှိတာအမှန်၊ ရှားသလားဆိုသော်လည်း မရှားသေးတာလဲ အမှန် . . ၊ ဘာတဲ့ . . . မရှိမရှား၊ အယ်ဒီတာခင်ဗျာ . . မရှားပဲနှင့် မရှိသော သည်ပြဿနာကို ဝတ္ထု၏ ခေါင်းစဉ်အဖြစ် ရေးသားခွင့်ပြုပါရန် . .

**♦ မောင်ပန်းဝေ (ညောင်တုန်း)**



# သစ်နက်ရေ

ဦးစိန်လှိုင် (မဟာဝိဇ္ဇာ)



ရှေးအခါက ရသေ့ရဟန်းပြုသူတို့သည် လျှော်တေသင်္ကန်း၊ သစ်သားသုံးခွ၊ ရေကယားနှင့် ထမ်းပိုး၊ သစ်နက်ရေတို့ကို ဆောင်ယူရလေသည်။ လျှော်တေသင်္ကန်းမှာ သစ်ခွံမှ ထုတ်ယူရသော လျှော်ကို ထုတေပြီး ချုပ်စပ်ဝတ်ရုံရသော သင်္ကန်းဖြစ်၏။ သစ်သား သုံးခွဟူသည်ကား ကယားတင်စရာ တုတ် ချောင်းသုံးခွ ဖြစ်သည်။ ခြေသုံးချောင်းရှိသော ကလပ်ဟုလည်းဆိုနိုင်သည်။ ရေကယားနှင့် တကွ အသုံးအဆောင်များကို ချိတ်စွပ်ထားသော ထမ်းပိုးကိုလည်းဆောင်ရလေသည်။ နောက်အသုံးအဆောင် တစ်မျိုးကား ' သစ်နက် ရေ' ပင် ဖြစ်သည်။

သစ်နက်ရေဟူသည်ကား ကြောင်မျိုး နွယ်ဝင် 'ကျားသစ်' အုပ်စုမှ အနက်ရောင်ရှိသော သားရဲတစ်မျိုး၏ အရေပင် ဖြစ်သည်။ သစ်နက်ဆိုသော သားကောင်ကို မြန်မာ အဘိဓာန် အကျဉ်းချုပ်က 'အနက်ရောင်ရှိသော ကျားသစ် တစ်မျိုး' ဟု အဓိပ္ပာယ်ဖွင့်သည် (အတွဲ-၄၊ စာ-၂၁၇) မြန်မာ့စွယ်စုံကျမ်းတွင်

"အိန္ဒိယနိုင်ငံတွင် တစ်ကိုယ်လုံး မည်းမှောင်၍ အရေပေါ်တွင် အနက်ကွက်ရေးရေးသာ ထင်သော ကျားနက်ခေါ် ကျားသစ်နက် တစ်မျိုးလည်း ရှိသေးသည်။ ကျားသစ်နက်၏ ကိလေသာနည်းပါးမှုကို တင်စား၍ ကျားသစ်နက်၏ အရေ (သစ်နက်ရေ)ကို ဟိန္ဒူယောဂီတို့ အမြတ်တနိုး ဆောင်ကြသည်။" (အတွဲ-၂၊ စာ-၈) ဟုတွေ့ရသည်။ စာရေးသူကြားဖူးနားဝ ရှိထားသည်မှာ သစ်နက်သားကောင်မျိုးသည် ကိလေသာ စိတ်လွန်စွာ နည်းပါး၍ တစ်သက်တွင် တစ်သားသာ ပေါက်ဖွားသည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် သစ်နက်သားကောင်များ ဦးရေ

> *အကျင့်မြတ်ကို ကျင့်ကြကုန်သော ရဟန်း၊ ရသေ့၊ ယောဂီတို့သည် ကိလေသာစိတ် ထိန်းသိမ်းနိုင်မည့် အထောက်အကူအဖြစ် 'သစ်နက် ရေ'ကို ခင်းထိုင်ကာ တရားကျင့်ကြသည်။*

လွန်စွာ နည်းပါးလာကာ ကြာလျှင် မျိုးတုံး သွားနိုင်သည်ဟုဆိုသည်။ "ဦးသိန်းလှိုင်၏" ခေတ်ဟောင်းမြန်မာ့သမိုင်း သုတေသန အဘိဓာန်တွင် သစ်နက်ရေကို

"စည်းကမ်းရှိ၍ တဏှာရာဂ အလွန်နည်းပါးသော ကျား၊ ကျားသစ်တို့နှင့် မျိုးတူသော အနက်ရောင် သတ္တဝါ၏ အရေခွံ " (စာ-၁၈၉)

ဟုဖွင့်ဆိုထားသည်ကို တွေ့ရသည်။ အကျင့်မြတ်ကို ကျင့်ကြကုန်သော ရဟန်း၊ ရသေ့၊ ယောဂီတို့သည် ကိလေသာစိတ် ထိန်းသိမ်းနိုင်မည့် အထောက်အကူအဖြစ် 'သစ်နက်ရေ'ကို ခင်းထိုင်ကာ တရားကျင့်ကြသည်ဟု ဆိုပါသည်။ ထို့ပြင် သစ်နက်ရေသည် လွန်စွာ နူးညံ့သည်ဟုလည်း ဆိုပါသည်။

အင်္ဂလိပ်အဘိဓာန်တွင် ကျားသစ်ငါးမျိုးတွေ့ရသည်။ cheetah, jaguar, leopard, panther, puma ဟူ၍ တွေ့ရသည်။ ယင်းကျားသစ်ငါးမျိုးကို အင်္ဂလိပ်အဘိဓာန် Oxford Advanced Learner's Dictionary (OALD)နှင့် **တက်တိုးမြန်မာအဘိဓာန်၊ ရာပြည့်မြန်မာအဘိဓာန်**တို့၏ ဖွင့်ဆိုချက်များကို ဖော်ပြပါမည်။

**cheetah**

-အနက်ကွက်များရှိပြီး အပြေးမြန်သော ကြောင်မျိုးနွယ်ဝင်သားကောင် (OALD)

- သစ်နက်၊ ကျားသစ်တစ်မျိုး (တက်တိုး)
- အာဖရိကကျားသစ် (ရာပြည့်)

**Jaguar**

- ဝါညိုရောင်ပေါ်တွင် အနက်စင်းများရှိသော ကြောင်မျိုးနွယ်ဝင်သားကောင်ကြီး၊ အာဖရိကတိုက် အလယ်ပိုင်းတွင် နေထိုင်သည်။ [OALD]
- တောင်အမေရိကကျားသစ် (တက်တိုး)
- တောင်အမေရိကနှင့် အလယ်ပိုင်းအမေရိကရှိ ကျားသစ်၊ ဂျာဂွားကျားသစ် (ရာပြည့်)

**Leopard**

- ဝါညိုရောင်ပေါ်တွင် အနက်ကွက်များရှိသော ကြောင်မျိုးနွယ်ဝင်သားကောင်ကြီး၊ အာရှတိုက်တောင်ပိုင်းနှင့် အာဖရိကတို့တွင် နေထိုင်သည်။ (OALD)
- ကျားသစ် (တက်တိုး)
- ကျားသစ် (ရာပြည့်)

## Panther

- ကျားသစ်နက်၊ ကြောင်မျိုးနွယ်ဝင်သားကောင်ကြီး၊ puma နှင့်တူသည် (OALD)
- ကျားသစ်တစ်မျိုး (တက်တိုး)
- ကျားသစ်နက် (US) ပူမားခေါ် တောင်ခြင်္သေ့ (ရာပြည့်)

## Puma

- အမေရိကန်တောင်ခြင်္သေ့ဟူလည်း ခေါ်၍ ဝါညိုရောင်သို့မဟုတ် မီးခိုးရောင်အမွေးရှိသည့် ကြောင်မျိုးနွယ်ဝင်သားကောင်ကြီး [OALD]
- သစ်ကြောင်တစ်မျိုး (တက်တိုး)
- အမေရိကန် တောင်ခြင်္သေ့ (ရာပြည့်)

ယင်းသို့ဆိုလျှင် ကျားသစ်မျိုးနွယ်ဝင်ငါးမျိုးသော သားကောင်များမှ cheetah သည် သစ်နက် သို့မဟုတ် သစ်ကျုတ်ပင် ဖြစ်ပေသည်။ မြန်မာအဘိဓာန်အဆို၊ မြန်မာ့စွယ်စုံကျမ်းအဆိုတို့နှင့်လည်း ညီပေသည်။ စာရေးသူအနေဖြင့် Jungle Book ခေါ် မောဂ္ဂလိ၏ တောဟေဝန်ဇာတ်ကားမှ မောဂ္ဂလိတောတွင်းသားလေးကို ထိန်းကျောင်းနေသော သစ်နက်အကောင်ကြီးကို မြင်ယောင်မိပါသည်။ ကြောင်မျိုးနွယ်ဝင် ခြင်္သေ့၊ ကျား၊ ကျားသစ်စသည့် သားကောင်များ၏ ခြေလက်တို့သည် လူတို့၏ ခြေလက်တို့ကဲ့သို့ ငါးမြွာရှိသည်။ ခြေဖဝါးရှိသည်။ သစ်နက်သည်လည်း ဤသို့ဤနှယ်ပင်ဖြစ်ရပါမည်။ သို့သော်

"အဇိနစမ္မခေါ်သော ခွာနှင့် တကွသော သားကောင်အရေသည်လည်း ရသေ့အသုံးအဆောင် တစ်မျိုးပင် ဖြစ်၏"

ဟူသော အဆိုကို မဟာဗုဒ္ဓဝင် ပထမတွဲ (ပထမပိုင်း) အနုဒီပနီအခန်း၌ တွေ့ရပါ၏။ ရေးသားသူမှာ ဉာဏ်ပညာအရာတွင် လွန်စွာကြီးမားတော်မူလှသော မင်းကွန်းတိပိဋကဓရဆရာတော်အရှင် ဝိစိတ္တသာရာဘိဝံသမထေရ် ဖြစ်ရကား မဟာဗုဒ္ဓဝင်လာအဆိုကို တင်ပြပါမည်။

အဇိနစမ္မဟူသည် ပါဠိစကား၊ ယင်းအဇိနစမ္မကို ရှေးဆရာတော်များက 'သစ်နက်ရေ' ဟူ၍ ညီညွတ်စွာ မြန်မာပြန်ဆိုတော်မူကြသည်။ ယင်းသို့ပြန် ဆိုသည့် အတွက် တစ်ကောင်လုံး အသွေးအရောင်မည်းနက်သော သားကောင်ကို 'သစ်နက်' ခေါ်သည် ဟုပင်ယူမှတ်ကြလေသည်။ မဂဓအဘိဓာန်ဂါထာ အမှတ် ၆၁၁ ၌ " သဒ္ဒူလောဒီပိနိရိတော" ဟူ၍ ကျားသစ်ကို သဒ္ဒူလ၊ ဒီပိနှစ်မျိုးပြသည်။ အဇိနဟု မဆိုပေ။ အမရကောသ အဘိဓာန်တွင် အဇိနသဒ္ဒါကို သားရေဟောသောကြောင့် စမ္မနှင့် ပရိယာယ်တူလေသည်။ အဇိနပါဠိကို ရှေးဆရာကြီးများက 'သစ်နက်' ဟု မြန်မာပြန်ဆိုခဲ့ရာ မည်းနက်သော အသွေးအရောင်ရှိသော သစ်သားကောင်မျိုး ရှိသည် ဟုဆိုရာရောက်ပါသည်။ မဂဓအဘိဓာန်တွင်မူ အသွေးအရောင် ခွဲခြားမပြဘဲ သစ်သတ္တဝါဟူသမျှကို ဒီပိဟုလည်းကောင်း သဒ္ဒူလဟုလည်းကောင်း ဆိုသည်။ အဇိနမှာ စမ္မနှင့် ပရိယာယ်တူ၍ အရေဟောပါဠိဖြစ်သည်။

တွံတေးဆရာတော်၏ ‘ပရိတ်ကြီးပါဠိတော်နိဿျတွင် ” စက္ကာ၊ ဟတ္ထိ၊ အဿ၊ မိဂ၊ ဂေါဏ၊ ကုက္ကုရ၊ အဟိဝိစ္ဆိက၊ မဏိသပ္ပ၊ ဒီပိ၊ အစ္ဆ၊ တရစ္ဆ၊ သူကရ၊ မဟိံသ” ကို နိဿျပြုရာ၌ ဒီပိကို ‘ကြမ်းသောသစ်’ဟု တွေ့ရသည်။ အဋ္ဌသာလိနီစသော အဋ္ဌကထာတို့၌ သစ်နက်ရေကို “ပုန်းညက်ပန်း” အခင်းအဆင်းအရောင်နှင့် တူသော ခွာနှင့် တကွသော သစ်နက်ရေ ” ဟု မြန်မာပြန်ဆိုထားကြသည်။

ဤတွင် “သခုရံ=ခွာနှင့်တကွသော” ဟူသည့် အဆိုမှာ စာရေးသူတို့ သိရှိထားသော ကြောင်မျိုးနွယ်ဝင် သားကောင်ကြီးများနှင့် ခြားနားသွားပါတော့သည်။ “ပုန်းညက်ပန်း အခင်းအဆင်း အရောင်နှင့်တူသော” စကားတွင် ပုန်းညက်ပန်းအခင်းကို ဥပမာပေးထား၏။ ယင်းဥပမာတွင် အဆင်းအရောင်ဟူသည်ကို ပြလိုသလော။ နူးညံ့သိမ်မွေ့ခြင်း၌တူ သည်ကိုပြလိုသလောဟု တွေးတောဆင်ခြင်ရန်ရှိပေသည်။



ဤအချက်ကို မင်းကွန်းဆရာတော်ကြီးက ရှင်းပြထားပါသည်။

ပုန်းညက်ပန်းသည် စင်စစ်အားဖြင့် အခြားပန်းများထက်ပို၍ နူးညံ့သိမ့်မွေ့ခြင်း မရှိသည်ကို အများသိပြီး ဖြစ်သည်။ ထို့ကြောင့် နူးညံ့သိမ့်မွေ့ပုံချင်းတူသည်ကို ပြလိုသည့် ဥပမာ မဟုတ်နိုင်ပေ။ အသွေးအရောင်ချင်း တူသည်ကို ပြလိုသော ဥပမာဖြစ်ရာသည်ဟု ဆရာတော်ကြီးက ယူဆသည်။ ထိုသို့ ယူဆပါက အနှိုင်းခံ ပစ္စည်းဝတ္ထု သည် ‘သစ်နက်’ မဟုတ်နိုင်တော့ကြောင်း ဆိုပါသည်။ မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီးကမူ ‘သစ်ပြောက်ရေ’ ဟုဆိုပါသည်။ “ပုန်းညက်ပန်းအခင်းနှင့် တူသော ” ဟူသည်မှာ သစ်နက်ရေ၏ အသွေးအရောင်ကို ပြဆိုသော ဥပမာ မဟုတ်။ ယခုကာလ အများ သိနေကြသော သစ်ပြောက်ရေကိုလည်း ရသေ့ရဟန်းများ သုံးအပ်သည်ဟု ပြလိုသော ကြောင့် ‘သစ်ပြောက်’ကို ခိုင်းနှိုင်းဖော်ပြသော ဥပမာ ဖြစ်သည် ဟုဆိုတော်မူပါသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားဖွားမြင်တော်မူသောအခါ သုဒ္ဓါဝါသဘုံသား ရဟန္တာဗြဟ္မာကြီးများ လက်မှ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့က နူးညံ့လှ၍ အတွေ့အထိ ကောင်းလှသော ထိုသားကောင်အထူး၏ အရေ (သစ်နက်ရေ) ဖြင့် ခံယူကြောင်း ဇာတ်အဋ္ဌကထာတို့၌ ပြဆိုသည်။ ယင်းသို့သော အကြောင်းများ ကြောင့် အဇိနစမ္မသည် လက်သည်းခြေသည်းရှိသော ကျားမျိုးသစ်မျိုး၊ ကြောင်မျိုးမဟုတ်ပေ။ သခုရံ-ခွာနှင့် တကွသော ဟူသော ဝိသေသနအရ ကျွဲ၊ နွား၊ ဆင်၊ မြင်းများကဲ့သို့ ခွာရှိသော သတ္တဝါ၏ အရေသာ ဖြစ်သည်။ ထိုအရေမှာ ပုန်းညက်ပန်းအခင်း၏ အဆင်းနှင့်

တူသည်။ အတွေ့အထိမှာလည်း အလွန်နူးညံ့သိမ်မွေ့သည်။ ဤသတ္တဝါမျိုးသည် ဇော်မည်သော သားကောင်ကဲ့သို့ ဟိမဝန္တာအရပ်သို့မဟုတ် ၎င်းနှင့် နီးသော အရပ်များ၌ ရှိသော သားကောင်အထူးဖြစ်သည်။ ဤသားကောင်၏အရေသည် အဆင်းလှပသိမ်မွေ့၍ ရရှိရန်အလွန်ခဲယဉ်းသည်။ ရှားပါးသဖြင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့သဖြင့်လည်းကောင်း၊ ဤသားကောင်အရေကို လူတို့ အမြတ်တနိုးပြု၍ "မင်္ဂလာရှိသောအရေ" ဟု သမုတ်ကြလေသည်။

အရှင်မဟာသီလဝံသဆရာတော်သည် ဆုတောင်းခန်းပျို့ ပိုဒ်ရေ ၈၅-၌

"ပွင့်ကြီးခမြက်၊ ပုန်းညက်သဖွယ်၊ ပန်းပြောက်ခြယ်သို့၊ သပွာယ်လှစွာ၊ ခြေသည်းမွှာတိ၊ အရာမပျက်၊ သစ်နက်အရေ၊ ဆောင်စနေ ကို ၊ ပြေပြေပြစ်ပြစ်၊ ခေါက်စနစ်လျက်"

ဟုစပ်ဆိုတော်မူရာ "ခွာနှင့်တကွ"ဟု အနက်မပြန်ဘဲ "ခြေသည်းမွှာ" ဟု စပ်ဆိုတော်မူသည့်အတွက် ကြောင်မျိုးနွယ်ဝင် သစ်နက်သားကောင်ဟု ယူနိုင်ပါသည်၊ သို့သော် မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာ၊ ပဉ္စမပိုင်း၊ နိက္ခမခန်း၊ ပိုဒ်ရေ ၄၁၇ ၌

"သစ်နက်ကျင့်နေ၊ ဥပဒေကို၊ သက်သေပြုရောင်း၊ အကြောင်းတမျဉ်၊ နိမိတ်ယှဉ်၍၊ အစဉ်မပြတ်၊ စွဲမှတ်နလုံး၊ ကျင့်သုံးဖြစ်စေ၊ နည်းယူထွေဖြင့်၊ သေသေချာချာ၊ ခွာနှင့်တကွ ၊ လှပချောပြေ၊ ထိုသားရေကို ၊ အခြေမပျက်၊ ပစုံးထက်၌၊ ဆောင်ချက်မမှား၊ တရားမဖည်၊ မြဲဆောက်တည်လျက်"

ဟုဖွဲ့ဆိုထားပေရာ သစ်နက်ရေ ရရှိသော သားကောင်မှာ ခွာရှိသော ဇော်ကဲ့သို့ သားကောင်၊ အနက်ရောင် အသွေးအမွေးရှိသော သားကောင်ဟု ဆိုတော်မူပါသည်။

မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ ၅ တွင် ဇော်ကို -

"သမင်မျိုးတွင် မည်းနက်သော သမင်မျိုး၊ တောဆိတ်နက်"

ဟုဖွင့်ဆိုထားသည်၊ ဦးမြတ်ကျော်၏ မြန်မာစာ၊ မြန်မာမှု၊ ပါဠိအဘိဓာန် သစ်တွင် ဇော်ကို -

"ဇော်မိဂ - ဇော် မည်သောသား၊ တောဆိတ်နက်" ဟုတွေ့ရသည်။

ဦးသိန်းလှိုင်၏ "ခေတ်ဟောင်း မြန်မာ့သမိုင်း" သုတေသနအဘိဓာန်တွင် -

"အမွေးအလွန်နု၍ အိန္ဒိယမြောက်ပိုင်းတွင် ကျက်စားသော သားကောင်၊ တောဆိတ်"

ဟု တွေ့ရသည်။ ဤသို့ဆိုလျှင် သစ်နက်ရေ အသုံးခံ သားကောင်သည် ခွာနှင့်တကွသော ဇော်ပင်လော၊ သို့တည်း မဟုတ် ခြေသည်းမွှာနှင့်တကွသော သစ်နက်ပင်လော။ တောင်ဆိတ်နက်၊ သစ်နက် နှစ်မျိုးကွဲပြားနေသည်ကို တွေ့ရသည်။ စာရေးသူအနေနှင့် ကတော့ လွန်ခဲ့သော နှစ်ပေါင်း ၅၀-ကျော်ကာလ တက္ကသိုလ်ဝင်တန်းဖြေစဉ်က အလွတ်ကျက်မှတ်ခဲ့၍ ယခုတိုင်လည်း အလွတ်ရနေသေးသော ဦးပုည၏ ဝိဇယ ပြဇာတ်မှ

"တမရီလို ဇော်လို၊ ကိုယ်ခပ်ဖိုင့်ဖိုင့်ရှိုဝိုင့်ဝိုင့်နှင့်၊ ဝနိုင့်ကျက်သရေ၊ မြက်ခင်းလှဲလှဲ၊ နင်းတွဲ့တွဲ့မှာ၊ သင်းဖွဲ့လို့နေကြတယ်"

ဟူသော လင်္ကာသွားကို ရွတ်ဆိုလိုက်မိပါတော့သည်။

◆ ဦးစိန်လှိုင် (မဟာဝိဇ္ဇာ)

# မတည်ကိန်း

• ငါ

သုသာန် နေ့တိုင်းရောက်တယ်
ငါသေလို့ ငါလိုက်ပို့တာ
အကြိမ် တစ်ရာတောင်မကဘူး။

• မကပ် သတိ

အမှတ် မရှိတဲ့ ဒီစိတ်
ခဲတစ်ရာ မှန်ဖူးတာတောင်
အမှတ်မရှိတဲ့ ဒီစိတ်
သေတာပဲ ကောင်းတယ်။

• အခါခါ သေဖူးလို့

ပျဉ်ဖိုးရိပ်မိလာတယ်
ဒါပေမယ့်
ငါ သေလိုက် ရှင်လိုက်...။



■ ကိုလွှမ်းနိုင်






ကျွန်တော်ဟာ မှူခင်းရှုထောင့်ဂျာနယ်နဲ့ မှူခင်းမြင်ကွင်းဂျာနယ်၊ ဂျာနယ်နှစ်စောင်အပြင်၊ မှူခင်းရှုထောင့် ရသစုံမဂ္ဂဇင်းကိုပါ တာဝန်ခံ အယ်ဒီတာအဖြစ် (၁၁)နှစ်ကျော်၊ တာဝန်ယူ ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံအရ လူလိမ်လူ ညာတွေရဲ့ မှူခင်းမျိုးစုံအဖုံဖုံ၊ တွေ့မြင်သိရှိ နေရလို့ ကြုံတဲ့လူတိုင်းကို အလိမ်အညာမခံ ကြရအောင် ပြောပြနေခဲ့ပါတယ်။ စာပေဟော ပြောပွဲအချို့မှာလည်း ဟောပြောနေခဲ့ပါတယ်။ ဆောင်းပါးရေးပြီးလည်း သတိပေးနေခဲ့ပါတယ်။

အလိမ်အညာခံရသူအများစုဟာ၊ အမှုမဲ့အမှတ်မဲ့ကြောင့် အလိမ်အညာခံကြရ သူများရှိသလို တစ်ဖက်က မက်လုံးပေးမှုအပေါ် လိုချင်လောဘဇောကြောင့် တဏှာသည်ရဲ့ မြှုံးထဲ မှာ ငါးမိခံရသည့်နှယ် အလိမ်အညာခံရသူများ လည်း ရှိပါတယ်။

လိမ်ညာမှုအမျိုးမျိုးရှိတဲ့အနက်၊ အမှုမဲ့ အမှတ်မဲ့ကြောင့် အလိမ်အညာခံကြရသူ အချို့ကို တင်ပြလိုက်ပါတယ်။

လက်ဝတ်ရတနာ၊ စိန်ရွှေတွေ ဝတ်ဆင် ထားသူတွေ အလိမ်အညာခံကြရတာက များသောအားဖြင့် မှူခင်းဗဟုသုတ နည်းပါးလွန်း သူများဖြစ်ကြပါသည်။

ဘုရားရင်ပြင်ပေါ်မှာ၊ ကားမှတ်တိုင်မှာ၊ ပန်းခြံတွေမှာ၊ တိရစ္ဆာန်ရုံလိုနေရာမျိုးမှာ၊ အဖော်မဲ့နေပါက အနားသို့လာရောက်ကာ

"မင်းဟန်းချိန်းနဲ့ လက်စွပ်က မင်းအတွက် အန္တရာယ်ရှိတယ်၊ ချွတ်ပြီး လက်ကိုင်ပဝါထဲ ထည့်ထားပါ"လို့ပြောဆိုပြီး သူ့လက်ကိုင်ပဝါကို ဖြန့်ပေးခဲ့တယ်။ အဖော်မဲ့နေသူက ယောင်ချာချာ နဲ့ အဟုတ်မှတ်ပြီး လက်ကိုင်ပဝါထဲထည့်ပေး လိုက်တော့ လာမိတ်ဖွဲ့သူက ရွှေတွေကို လက် ကိုင်ပဝါနဲ့စုထုပ်ပြီး ပြန်ပေးခဲ့တယ်။ ခဏကြာလို့ ဖွင့်ကြည့်လိုက်တော့ ကျောက်ခဲတွေဖြစ် နေပါတော့တယ်။ မျက်လှည့်လက်လှည့်နည်းနဲ့ လိမ်သွားတာပါ။

အဲဒီလိမ်ညာနည်းနဲ့ နေရာတော်တော် များများမှာ လိမ်ညာနေကြပါတယ်။ အသစ် နောက်လိမ်ညာနည်း ကတော့ လူရှုပ်တဲ့နေရာ တွေမှာ ငွေစက္ကူထောင်တန်၊ ငါးရာတန်၊ အသစ် တွေကို အုပ်လိုက်ကိုင်ထားတာကို မြင်ရင် ကထိန်သီးချင်လို့ပါ၊ ဘုန်းကြီးကို ကပ်လှူချင် လို့ပါ၊ သုံးသောင်းလောက် လဲပေးပါလို့ ချဉ်းကပ် လာတတ်ကြပါတယ်။ လှူဖို့ဆိုတော့၊ အားနာ ပါးနာနဲ့ အသစ်နဲ့အဟောင်း လဲပေးပါတယ်။ အသစ်သုံးသောင်းပေးလိုက်တယ်။ အဟောင်းရ လို့ရေတွက်နေတုန်းမှာပဲ၊ ငွေလဲသူက ကားပေါ် ပြေးတက်လိုက်ပါသွားပါတော့တယ်။ အဟောင်း က သုံးသောင်းမပြည့်ဘဲ နှစ်သောင်းပဲ ရလိုက် တယ်။ အသားလွတ် တစ်သောင်းအလိမ်ခံ လိုက်ရပါတယ်။

နောက်လိမ်ညာနည်းတစ်မျိုးကတော့ ခြိမ်းခြောက်ပြီး၊ လိမ်ညာနည်းပဲဖြစ်ပါတယ်။ အဲဒီလိမ်ညာနည်းကို ခေတ်ပညာတတ်တွေနဲ့ စာပေနယ်မှလူတွေလည်း ခံခဲ့ရပါတယ်။

သာဓကတစ်ရပ်ကို တင်ပြရရင်၊ လွယ်အိတ်လွယ်လာသူဖြစ်စေ၊ အတက်ချိကေ့စ် ကို ဆွဲလာသူဖြစ်စေ၊ လူရွယ်နှစ်ယောက် သုံးယောက်က ခပ်တည်တည်နဲ့ "ခင်ဗျားကို စစ်မေးစရာရှိတယ်၊ ဟိုနားခဏလိုက်ခဲ့ပါ"လို့ ပြောပြီး ခေါ်ကြလေ့ရှိပါတယ်။ ရဲလိုလို၊ ထောက် လှမ်းရေးလိုလိုဟန်နဲ့၊ တိုက်ခန်းလှေကားတက် မှာ ဖြစ်စေ၊ လူပြတ် ချောင်ကျတဲ့ နေရာမှာ ဖြစ်စေ ခေါ်သွားလေ့ရှိကြပါတယ်။

အဲဒီနေရာကိုရောက်တဲ့အခါ ဟိုမေး ဒီမေး မေးပြီး လွယ်အိတ်ကို သွန်မှောက်ရှာဖွေ ကြပါတယ်။ အတက်ချိကေ့စ်ကို ဖွင့်ရှာကြပါ တယ်။ ပြီးတော့မှ ဘာမှမတွေ့ဘူး၊ မထူးဘူး ဆိုပြီး ပြန်လွှတ်လိုက်ပါတယ်။ လမ်းပေါ်ရောက် လို့ အိတ်ကို ပြန်စစ်ဆေးကြည့်လိုက်တော့ အိတ်ထဲမှာပါတဲ့ငွေတွေကို ယူထားလိုက်တာ သိရတော့တယ်။ ဒါပေမဲ့ သူ့ကို ခေါ်စစ်မေးတဲ့ သူတွေက ကြက်ပျောက်ငှက်ပျောက်ဖြစ်သွားပြီ။

မှုခင်းဗဟုသုတနည်းပါးသူတွေ မကြာ ခဏခံကြရတဲ့ လိမ်ညာနည်းပါ။ ဝန်ထမ်း အယောင်ဆောင်သူဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ၊ စစ်ဆေးစရာရှိလို့ခေါ်တယ်ဆိုရင် နီးစပ်ရာ

> *ကျွန်တော် နယ်ကလာတာပါ၊ ဘုရားစုံ ဖူးချင်လို့ လမ်းပြအဖြစ်ကူညီပါ။ တက္ကစီငှားသွားပါ့မယ်၊ ညှော်ခံကျွေးမွေးပါ့မယ်၊ အကုန်အကျ စရိတ်တာဝန်ယူပါတယ်*

ရယကရုံးတွေ၊ ရဲစခန်းတွေမှာသာ အစစ်ခံမယ်လို့ ပြောပြီး ငြင်းဆန်သင့်ကြပါတယ်။

ကိုယ်ကရိုးသားရင် ဘယ်သူ့မျှ ကြောက်နေစရာမလိုပါဘူး။ ကိုယ်က မှန်တာလုပ်နေရင် တာဝန်ရှိသူတွေ ရှေ့မှာ အချိန်မရွေး စစ်မေးခံနိုင်ပါတယ်။

ကျွန်တော့်သူငယ်ချင်း မဂ္ဂဇင်းအယ်ဒီတာချုပ်တစ်ယောက်ကို အဲဒီနည်းနဲ့ လိမ်ညာဖို့ကြိုးစားလို့ ကျွန်တော်က သူ့ကို အထက်မှာဖော်ပြခဲ့တဲ့နည်းကို ပေးလိုက်ပါတယ်။ ကျွန်တော့်သူငယ်ချင်းက အဲဒီအယောင်ဆောင်လူလိမ်လူညာတွေကို "လာ - နီးစပ်ရာရဲစခန်းသွားမယ်"လို့လည်းပြောလိုက်ရော သကောင့်သားတွေ နောက်ဆုတ်ရှောင်ရှားသွားကြပါတော့တယ်။

**"အရချောင်ရင် အချောင်ခံရတတ်တယ်"**ဆိုတဲ့စကားကို ကျွန်တော် မကြာခဏပြောလေ့ရှိသလို၊ ရေးသားလေ့လည်းရှိပါတယ်၊ ဟောပြောလေ့လည်း ရှိပါတယ်။

အထူးသဖြင့် အချောင်ရလိုသူတွေဟာ လောဘဇောရမ္မက်ဇောကြောင့်၊ အလိမ်အညာခံကြရတာ များပါတယ်။ အသက်ကြီးသူ အမျိုးသမီးကြီးတွေ ပိုပြီးခံကြရပါတယ်။

သကြားနဲ့နို့ဆီ၊ ဈေးပေါပေါနဲ့ရမယ် အခုချက်ချင်းဝယ်မှရမယ်လို့ပြောပြီး ပါလာတဲ့ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်တွေကို တန်ဖိုးဖြတ်ငွေပေးချေစေတယ်။ ခဏစောင့်နေပါပြောပြီး လစ်ထွက်ပြေးသွားကြပါတော့တယ်။ တချို့ကြတော့ သကြားအစား၊ ဆားတွေဖြစ်နေပါတော့တယ်။ ပဲဆီအစား စားအုန်းဆီတွေဖြစ်နေပါတော့တယ်။

အချောင်လိုချင်လို့၊ အချောင်ခံရတဲ့နည်းတစ်နည်းကတော့ ရွှေထုပ်ချလိမ်နည်းပါ။ ရွှေတုကို ချပြီး အဝယ်ဘောက်ချာပြေစာနဲ့ မက်လုံးပေး လိမ်ညာကြတာပါ။ ငါးသိန်းတန်ဆွဲကြိုးပါ၊ အစ်မလက်ကောက်နဲ့ လဲခဲ့ပါ၊ အစ်မလည်း တစ်ဝက်ဆိုင်ပါတယ်၊ ဘာညာကွိကွလုပ်ပြီး ရွှေလက်ကောက်အစစ်ကို ယူသွားတာပါ။ ငါ့လက်ကောက်က တစ်သိန်းပဲတန်တာ လဲလိုက်မယ်ဆိုပြီး အချောင်ရလိုစိတ်နဲ့ လဲလိုက်တာ ကိုယ့်လက်ထဲမှာ ဘာမှတန်ဖိုးမရှိတဲ့ ရွှေအတုပဲကျန်ခဲ့ပါတော့တယ်။

ဒီလိမ်နည်းက ရိုးနေပါပြီ၊ အဲဒီရိုးနေတဲ့လိမ်နည်းက တစ်ချိန်က တောသူတောင်သားတွေခံရတာပါ။ အခုတော့ မြို့ကြီးသားတွေခံနေရပါပြီ။ မကြာခင်က ရွှေတိဂုံဘုရားအနောက်မုခ်ဝန်းကျင်နဲ့ ပြည်သူ့ရင်ပြင်တစ်ဝိုက်မှာ ရွှေထုပ်ချလိမ်ညာမှုတွေ (၂၅)သိန်းကျော်ဖိုးခံလိုက်ရလို့ ရဲတပ်ဖွဲ့က အသွင်ယူဖမ်းဆီး လိုက်တာ ရွှေတုချ လိမ်ညာသူကို ဖမ်းမိလိုက်ပါတယ်။ အဲဒီလူလိမ်ဟာ နယ်မြို့နယ်လေးထဲက လူလိမ်ဖြစ်နေပါတယ်။

အဲဒီလိုပါ၊ တောသားဟန် နယ်ကလာသူဟန်နဲ့ လိမ်ညာသူတွေပေါ်လာပါတယ်။ ရွှေတွဲလဲ၊ ငွေတွဲလဲနဲ့ စတိုင်လ်အပြည့်ဖြစ်ပေမဲ့၊ မသွားတတ်မလာတတ်ဟန်ဆောင်ထားပါတယ်။ လက်ထဲမှာလည်း ပိုက်ဆံအိတ် အကြီးကြီးကို ကိုင်ထားပြီး သားကောင်ကိုရှာပါတယ်။ သူ့သားကောင်က သူ့လို ရွှေငွေပါသူ အသက်ကြီးငယ်မရွေး ဖြစ်ရပါတယ်။

"ကျွန်တော် နယ်ကလာတာပါ၊ ဘုရားစုံဖူးချင်လို့ လမ်းပြအဖြစ်ကူညီပါ။ တက္ကစီငှားသွားပါ့မယ်၊ ဧည့်ခံကျွေးမွေးပါ့မယ်၊ အကုန်အကျ

စရိတ်တာဝန်ယူပါတယ်” လို့ ခဲယယနဲ့ အကူအညီတောင်းခံလေ့ရှိပါတယ်။ ငါတော့ တောသား လူအ,ကို ဘုရားစုံပို့ရင်း ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝတော့မှာပဲလို့ အချောင်စားလိုစိတ်နဲ့ လိုက်ပို့ခဲ့ကြပါတယ်။ တောသားဟန်ဆောင်ထားသူကလည်း နေ့လယ်စာဖြစ်စေ၊ ညနေစာဖြစ်စေ၊ ကျွေးပါရစေလို့ တောင်းပန်ပြီး၊ စားသောက်ဆိုင်တစ်ဆိုင်ဆိုင်ထဲမှာ ဧည့်ခံပါတယ်။ သောက်လို့ကောင်း၊ စားလို့ကောင်းနေဆဲမှာပဲ ခေါင်းကငိုက်ကျပြီး အိပ်ပျော်သွားပါတော့တယ်။ စားပွဲထိုးတွေက လာနှိုးပါလေမှ သတိရလာလို့ ကြည့်လိုက်တော့ တောသားဟန်ဆောင်ထားသူဟာ သူ့အနားမှာ မရှိတော့ပါဘူး။ ဒါပေမဲ့ သူ့မှာပါတဲ့ ရွှေငွေတွေအားလုံးဟာ သူ့ဆီမှာ လုံးဝမရှိတော့ပါဘူး။ ကျောချမှ ဓားပြမှန်း သိလိုက်ရပါတော့တယ်။

အချောင်စားချင်လို့ ခံလိုက်ရတာပါ၊ နှစ်မှုသုံးမှုဆက်ဖြစ်လို့ ရဲတပ်ဖွဲ့က အသွင်ယူပြီး ဖမ်းဆီးလိုက်တာ အဲဒီလူလိမ်လူညာကို ဖမ်းဆီးရမိခဲ့ပါတယ်။ နယ်ကလူပါ၊ မြို့ကြီးသားတွေ ခံလိုက်ရတဲ့ဖြစ်ရပ်မှန်ပါ။

ဟိတ်ဟန်တွေထုတ်ပြီး စတိုင်ကြီးတစ်ခွဲသားနဲ့ လိမ်ညာနည်းတွေလည်း ရှိပါသေးတယ်။ နိုင်ငံခြားသားတွေနဲ့ ပေါင်းပြီး ဟိုတယ်မှာ၊ ကုမ္ပဏီရုံးခန်းတွေဖွင့် လိမ်ညာနေကြတာပါ။

တစ်ဦးကို အစုရှယ်ယာ၊ သိန်း (၁၂၀) ကျော်ထည့်စေပြီး၊ မက်လုံးပေးထားပါတယ်။ သူလိုအစုရှယ်ယာဝင် (၅)ဦးကို စည်းရုံးပေးရင် သူထည့်ထားတဲ့အစုရှယ်ယာ သိန်း(၁၂၀)ကျော် ပြန်ရမယ်လို့ စည်းရုံးသိမ်းသွင်းခိုင်းပါတယ်။ အဲဒီမက်လုံးကြောင့် အချို့အိမ်ပြောင် ခြံပြောင် ဖြစ်ကုန်ကြပါတယ်။

ကျွန်တော့်ဆီကို ဖုန်းနဲ့တစ်မျိုး၊ လူကိုယ်တိုင်တစ်ဖုံ နည်းမျိုးစုံနဲ့ သတင်းပေးကြပါတယ်။ လောဘတဏှာကြောင့် ခံကြရတာပါ။

လောဘတဏှာကြောင့် ခံကြရတဲ့အထဲမှာ “ဓာတ်ကျတယ်၊ ဓာတ်စီးတယ်”ဆိုပြီး လိမ်ညာကြတဲ့ ဘိုးတော်လိမ်၊ မယ်တော်လိမ်တွေ ရှိနေကြပါတယ်။

တစ်ခါက “ရေခဲမယ်တော် အမေကြည်” ဆိုရင် ဟိုးလေးတကျော်ဖြစ်ခဲ့ပါတယ်။သူမက စည်ကားလှတဲ့ ရွာကြီးတစ်ရွာကိုဝင်ပြီး ဓာတ်ကျလို့ အထက်ကအမိန့်အရ ရောက်လာရတာပါ။ ပဋ္ဌာန်းဆက်ရှိသူတွေမှန်ရင် ကြီးပွားချမ်းသာရမယ်လို့ပြောပြီး၊ သူ့ငွေတွေနဲ့ အလှူဒါနတွေ လုပ်ပြပါတယ်။ ရွာသူရွာသားတွေ အထင်ကြီးလာအောင် ဖြီးလုံးဖြန်းလုံးတွေလုပ်ပြပါတယ်။

ပေါင် (၂၀၀)ရှိတဲ့ ရေခဲတုံးပေါ်မှာ တင်ပျဉ်ခွေထိုင်ကာ ခါးဆန့်ပြီး မျက်စိစုံမှိတ်၊ ကသိုဏ်းကျင့်ဟန် လုပ်ပြတယ်။ ရွာသူရွာသားတွေက အံ့အားသင့်၊ အထင်ကြီးလေးစား၊ သူ့ကို ရှိခိုးကန်တော့ကြတယ်။ ရေခဲတုံးက အရည်ပျော်ကျတော့ ရေခဲတွေကို အလုအယက် ဝင်ယူကြတယ်။ ရေခဲရေကို ဆံပင်နဲ့သပ်သူကသပ်၊ မျက်စဉ်းခတ် သူကခတ်၊ ရေသန့်ဘူးနဲ့ခံသူကခံ၊ အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြတယ်။

“သားတို့ သမီးတို့ထဲက ငွေငါးသောင်းနဲ့ အထက်ရှိသူတွေ အမေကြည်ဆီကိုလာအပ်ကြ (၇)ဆတိုးစေရမယ်။ (၃)သိန်းအပ်သူက (၂၁)သိန်းရစေရမယ်။ နောက်ကျရင်တော့ အမေကြည်မကယ်နိုင်ဘူး”လို့ သတင်းလွှင့်လိုက်တာ၊ အလုအယက်လာပေးအပ်ကြတယ်။ ငွေငါးသောင်းမပြည့်သူတွေက အမေကြည်ကို ငိုယိုတောင်းပန်ပြီးပေးအပ်တာကို အမေကြည်က လုံးဝလက်မခံဘူး။

သိန်းရာကျော်လည်း ရရော (၇)ဆတိုး အောင်၊ ဘုရားမှာအောင်မြေနင်းမယ်ဆိုပြီး အမေကြည်ထွက်သွားတာ လုံးဝပြန်မလာတော့ ဘူး။ ဒီတော့မှ ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားကြ ရတယ်။

သက်ဆိုင်ရာရဲစခန်းမှူးက "အမှောင် လောဘဖုံးကွယ်နေလို့ အမှန်ကိုမမြင်ကြရ တာပါ။ ရေခဲတုံးပေါ်ထိုင်နိုင်တာဟာ ဘာမှ မခက်ဘူး။ ဒုတ်၊ ထော၊ ကန့်၊ ဟင်း၊ အအေးပီးခြင်းလို့ အဆိုရှိတယ်။ ဒုတ်ဆိုတာ၊ ဒုတ္တာ၊ ထောဆိုတာ ထောပတ်၊ ကန့်ဆိုတာ ကန့်ခြေထောက်၊ ဟင်းဆိုတာ၊ ဟင်းရိုင်း၊ အဲဒီလေးမျိုးကို ပေါင်းစပ်ရောသမမွှေပြီး တင်ပါးမှာ လိမ်းကျံထားရင် ဘယ်ရေခဲတုံးပေါ်ပဲ ထိုင်ထိုင် မအေးတော့ဘူး။ ရိုးသားနားမလည် သူတွေ ခံကြရတာပါ။ မှုခင်းဂျာနယ်တွေကို ဖတ် ကြရင် ဒီလိုလိမ်ညာမှုဘေးက ကင်းဝေးကြရတာ ပေါ့ဗျာ"လို့ ရှင်းပြလိုက်ပါလေမှ သဘောပေါက် သွားကြပါတယ်။

ရာဇဝတ်ဘေးပြေးမလွတ်ဆိုသလိုပဲ၊ အသက်(၅၀)အရွယ် ရေခဲမယ်တော် အမေကြည် ကို ဖမ်းဆီးရမိ အပြစ်ပေးလိုက်နိုင်ပါတယ်။ နောက်ပိုင်းမှာ ရေခဲဘိုးတော်အဘလှော်တို့ အဘကျော်တို့တောင် ပေါ်လာလို့ ဖမ်းဆီး အရေးယူခဲ့ ကြရပါတယ်။

"ဓာတ်စီးတယ်" ဆိုပြီး၊ အမျိုးသမီး တွေကို ရင်ငွေ့လှုံခိုင်း၊ စိတ်ရိုင်းဝင်ကာ၊ ကာမ ဘီလူးစီးတဲ့ ဘိုးတော်တု၊ ဘိုးတော်လိမ်တွေ လည်း အများကြီးရှိခဲ့ပါတယ်။

လိမ်ညာနေကြသူတွေဟာ ရွှေငွေတွေ ကိုယူနေသူတွေရှိသလို ကာမကို လိမ်ညာယူနေ သူတွေလည်း ရှိနေပါတယ်။

ဘယ်နေရာမှာတော့ လခကောင်း ကောင်းရမယ်လို့ မက်လုံးပေးပြီး ဖြားယောင်း သွေးဆောင်ကြပါတယ်။ နောက်မှ ရောင်းစား ပစ်ကြတာပါ။ ပြည့်တန်ဆာခေါင်းလက်ထဲ ရောက် သွားကြရပါတယ်။ တချို့လည်း ရှက်လို့ ငြိမ်ခံနေကြရတယ်။ မထူးဇာတ်ခင်းသူတွေ လည်း ရှိကြပါတယ်။ အချို့လည်း အမြှောင် မယားဖြစ်ကြရပါတယ်။

သမီးရည်းစားထားသူ မိန်းကလေးတွေ ကို ရည်းစားကချိန်းခိုင်းလို့ဆိုပြီး အောင်သွယ် ယောက်ျားက လိမ်ညာခေါ်သွား မယားတရား ကျင့်ကြံလေ့ရှိကြတာလည်း မကြာခဏ ဖြစ်ပွား နေပါတယ်။ သမီးရှင်တွေ မိန်းမပျိုလေးတွေ သတိထားသင့်ကြပါတယ်။

ဒါကြောင့် အလိမ်အညာမခံကြစေရေး အတွက် လူတိုင်း သတိရှိကြပါ။ ပြောတိုင်းမယုံ ကြပါနဲ့။ လူစိမ်းက ခြိမ်းခြောက်တိုင်း မကြောက် ကြပါနဲ့။ လိုချင်လောဘမကြီးကြပါနဲ့။ အရ ချောင်ရင် အချောင်ခံကြရမှာ သေချာပါတယ်။

အထူးသဖြင့် မိန်းကလေးတွေအနေနဲ့ ကိုယ့်မိဘ မောင်ဖွားအရင်းမှလွဲပြီး တစ်ဖက်သား (သူစိမ်းဖြစ်စေ၊ ဆွေမျိုးဝမ်းကွဲဖြစ်စေ)ဘယ်သူ့ ကိုမှ ယုံကြည်ကိုးစားမှု မပြုကြပါနဲ့။ ဆိတ်ကွယ် ရာမှာ အတူမနေကြနဲ့လို့သာ အတွေ့အကြုံတွေ အရ စေတနာထားပြီး သတိပေးရေးသားလိုက် ပါတယ်။

♦ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)



# အေးမြခြင်း

- လူ့ဘုံဝလေ့ ကြုံလာတွေ့လျက်
  အငွေ့အသက် တွေ့ထိဖက်တွယ်
  ဖြန့်ကျက်နလုံး လောကထုံးခွင်
  မြတ်ဆုံးနိဗ္ဗာန် ရည်စိတ်သန်ခဲ့
  အမှန်အသိရှိစေချင် ။
- လောဘစရိုက် မောဟမိုက်ဝေ
  ပျော်မိုက်နေမှု ယနေ့ခုဝယ်
  ကြည့်ရှုဆန်းစစ် မေတ္တာနှစ်လို
  အားသစ်မည်သား မြတ်တရားဖြင့်
  ပိုင်းခြားသွယ်ဖြာ ၊ အေးရိပ်သာထဲ
  ရင်မှာမြဲနေ စွမ်းလောက်ပေသည်
  များထွေပေါ်ကြွယ် ရှိစေချင် ။
- မေတ္တာသည်သာ အေးမြရာတည့်
  ကြည်သာရွှင်ပြုံး စံတစ်နှုန်းသို့
  သီကုံးကဗျာ ရေးဖွဲ့ပါသည်
  ပြည်ရွာချမ်းမြေ့နိုင်စေသော် ။

သဉ္ဇာမြင့်ယဉ်

# သဘောချင်းနှောလိုက်လေ . . . ဘိုးသူတော်ရယ်




တစ်ခါက ဘိုးသူတော်တစ်ပါးသည် ရွာစဉ်လှည့်လည်၍ ဆွမ်းဆန်ခံထွက်ခဲ့ရာ မိုးချုပ်၍ အချိန်လင့် သွားသဖြင့် မိမိကျောင်းသို့ပြန်ရန် အခက်အခဲနှင့်ကြုံလေတော့သည်။ ထိုအခါ ဘိုးသူတော်သည် ၎င်းဆွမ်းခံ လှည့်လည်ရာ လမ်းခရီးအနီးရှိ အခြားဘိုးသူတော်ကျောင်း တစ်ကျောင်းသို့ ဝင်ရောက်ကာ ၎င်းအား ကျောင်း၌ တစ်ညဥ့်တည်းခိုခွင့်ပြုပါရန် ခွင့်တောင်းခံခဲ့လေသည်။

ထိုကျောင်းတွင် သီတင်းသုံးလျက်ရှိသော ကျောင်းထိုင်ဘိုးသူတော်က အာဂန္တုဘိုးသူတော်အား အကယ်၍ ၎င်းအား မိမိကျောင်းတွင် တည်းခိုခွင့်ပြုရပါက အစဉ်အလာတစ်ခု ရှိကြောင်း၊ ၎င်းမှာ အာဂန္တုတည်းခိုပြီး နောက်နေ့နံနက်တွင် အာဂန္တုကျောင်းမှ ပြန်လည်မထွက်ခွါမီ၊ ကျောင်းထိုင်ဘိုးသူတော်က အမေးပုစ္ဆာမေး၍ ပညာစမ်းရလေ့ ရှိကြောင်း၊ ထိုအမေးပုစ္ဆာကို အာဂန္တုက မှန်ကန်စွာဖြေကြားရကြောင်း အစဉ်အလာကို ပြောကြားခဲ့သည်။

အာဂန္တုဘိုးသူတော်သည် ကျောင်းထိုင်ဘိုးသူတော်၏ အစဉ်အလာအရ အမေးပုစ္ဆာမေးမြန်းခြင်းဖြင့် ပညာစမ်းခြင်းကို မှန်ကန်ပြေလည်စွာ ဖြေကြားပါမည်ဟု ကတိပြုသဖြင့် အာဂန္တုဘိုးသူတော်အား၊ ကျောင်းတွင် တစ်ညဥ့်တာ တည်းခိုခွင့်ပြုလေသည်။

အာဂန္တုဘိုးသူတော်မှာ ညဥ့်၌ တည်းခိုရေးအခက်အခဲကြောင့်သာ အမေးပုစ္ဆာ မေးမြန်း၍ ပညာစမ်းခြင်းကို မှန်ကန်စွာ ဖြေပါမည်ဟု

ကတိပြုခဲ့ရသော်လည်း အမေးပုစ္ဆာကို မည်သို့ ဖြေရမည်၊ မည်ကဲ့သို့သော အမေးပုစ္ဆာများ ဖြစ်မည်နည်း . . . စသည် စသည်ဖြင့် ရင်တွင်း၌ ဗလောင်ဆူကာ အကျိတ်အခဲဖြစ်လျက် ရှိနေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် လူဝတ်ကြောင်ကို ငြီးငွေ့၍သာ ဘိုးသူတော်ဝတ်ခဲ့ရသော်လည်း၊ စာပေ ဗဟုသုတ မကြွယ်ဝလှ။ သို့ဖြစ်၍ အာဂန္တုဘိုးသူတော်မှာ တစ်ညဥ့်ယံလုံး ကောင်းစွာပင် အိပ်စက်၍ မပျော်ရှိခဲ့သည်။

အမေးပုစ္ဆာမေး၍ ပညာစမ်းမည့် ကျောင်းထိုင်ဘိုးသူတော်သည်လည်း၊ အာဂန္တုဘိုးသူတော်နည်းတူ စာပေဗဟုသုတ မကြွယ်ဝ၊ ဗိန်မသာလိန်မသာဖြစ်သည်။ သို့ဖြစ်၍ နံနက်လင်းခဲ့သော် အာဂန္တုဘိုးသူတော်အား မည်သည့် မေးခွန်းမေး၍ ပညာစမ်းရမည်၊ မိမိမေးမြန်းသည်ကို အာဂန္တုဖြေကြားသည့်အဖြေမှာ မှန်၊ မမှန် မည်ကဲ့သို့ သိရှိနိုင်မည် စသည် တစ်ညဥ့်ပတ်လုံး အကြံအိုက်လျက်ရှိခဲ့သည်။

နောက်နေ့နံနက်၌ အာဂန္တုဘိုးသူတော် ကျောင်းမှ ပြန်လည်မထွက်ခွာမီ၊ ကျောင်းထိုင်ဘိုးသူတော်က အာဂန္တုအား အမေးပုစ္ဆာတစ်ခု မေး၍ ပညာစမ်းခဲ့သည်။ ၎င်းအမေးပုစ္ဆာမှာ ကျောင်းထိုင်ဘိုးသူတော်က ကျောင်းရှေ့မြေတလင်း၌ သစ်ခက်တစ်ခက်ဖြင့် မြေကြီးကိုခြစ်ကာ ဝလုံးသဏ္ဌာန် စာလုံးတစ်လုံးရေးပြ၍ ၎င်း၏ အဓိပ္ပာယ်ကို ဖြေကြားရန် အာဂန္တုအား ပြောကြားခဲ့သည်။ ကျောင်းထိုင်ဘိုးသူတော်မှာ ဟန်ကြီးတစ်ခွဲသားဖြင့် မေးသာမေးရသည်၊ မိမိမေးသည့် အမေးပုစ္ဆာ၏အဖြေကို ကောင်းစွာ မသိချေ။



အာဂန္တုဘိုးသူတော်က ဒီဝိုင်းဝိုင်းအရာသည် မည်သည့်အရာဖြစ်နိုင်သနည်းဟု စဉ်းစားသည်။ ကျောင်းထိုင် ဘိုးသူတော်လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမှာမဟုတ်နိုင်ရာ၊ ယမန်နေ့က မိမိအား ဒီလိုဝိုင်းဝိုင်းအချပ်ကြီးမျိုးဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်ကို ပြန်လည်သတိရခဲ့သည်။ သို့ဖြစ်၍ အာဂန္တုဘိုးသူတော်က ၎င်းဝိုင်းဝိုင်းကြီးမှာ တပည့်တော်ကို ကျွေးလိုက်တဲ့ မုန့်လေပွေကြီးဟု ထင်မိထင်ရာ ရမ်းတုတ် မှန်းတုတ်ဖြင့် စိတ်ကူးတည့်ရာ ဖြေကြားခဲ့လေသည်။

ထိုအခါ မည်သည့်အရာမေး၍ မည်သည့်အဖြေကို ဖြေမည်ကို မသိသည့် ကျောင်းထိုင်ဘိုးသူတော်က အာဂန္တုဘိုးသူတော်အား ပြန်ကြားပြောဆိုလိုက်သည်မှာ "သဘောချင်းနှောလိုက်လေ . . . ဘိုးသူတော်ရယ်" . . . ဟု ပြန်ကြားခဲ့လေသတည်း။ ။

[သဘောချင်းနှောသည်ဆိုသည်မှာ စိတ်သဘောထားချင်းတိုက်ဆိုင်သည်ကို အရပ်သုံးစကားအရ ပြောဆိုခြင်းဖြစ်ပါသည်။ စာရေးသူ]

◆ မောင်ညွန့်လှိုင်



# လက်ဖူးရယ်ကြာပဒုံနဲ့



‘ပရိဘောဂ’ရယ်နဲ့
‘ဥဒ္ဒိဿ’ပတ္တနာပြုပါလို့
‘ဓာတု’တဲ့မြတ်စေတီ။
မြတ်ဘုရားကိုဖြင့်
ကိုယ်စားရည် ပူဇော်ခြင်းပေပ
ဝပ်စင်းကာ ညွတ်နူးလို့
လက်ဖူးရယ်ကြာပဒုံနဲ့
ဓါတ်အာရုံ မနောဓာတ်
ဆည်းကပ်ယုံကြည်။

‘ရင်ပြင်’မှာ ပုတီးစိတ်ပါလို့
‘တန်ဆောင်းရိပ်’မှာသတိကပ်
‘သိမှတ်’ကော ဉာဏ်အလ္လာနဲ့
‘၃၂’ကေဋ္ဌာစုအဝေးကိုဖြင့်
ရှုတွေးလို့ သက်သေတည်
‘ထွက်လေ’ချီပါတဲ့ အမြတ်စခန်း
‘ဝင်လေ’သိပါတဲ ဓာတ်ကမ္မဋ္ဌာန်း။
စေတီရင်းမှာလ
ဝပ်စင်းကာ မျှားသတ္တဝါတို့
တရားရှာ ကိုယ်မှာတွေ့ရင်ပ
ပွားဘာဝနာ လိုရာပြည့်အောင်လို့
ချမ်းမြေ့ကာ ဉာဏ်အဆင့်နဲ့
ကျင့်လိုက်ကြစမ်း။ ။

■ ခင်သစ်မြိုင်



# ကဏ္ဍကမြင်းနှင့် ကဏ္ဍကနတ်

မစိုးရိမ်စာသင်သား



(က)

လုမ္ဗိနီဥယျာဉ်တော်အတွင်း၌ ဘုရားလောင်း ဖွားတော်မူရာအခါ၌ပင်လျှင် ရာဟုလ မာတာ မင်းသမီး၊ အာနန္ဒာ၊ ဆန္န၊ ကာဠုဒါယီအမတ်၊ ကဏ္ဍကမြင်းမင်း၊ မဟာဗောဓိပင်၊ လေးလုံးကုန်သော ရွှေအိုးတို့သည်လည်းအတူတကွ မွေးဖွားလာကြကုန်၏။ ဖြစ်ပေါ်လာကြ ကုန်၏။

(ဗုဒ္ဓဝံ၊ ၅၊ ၃၂၂)

ဤခုနစ်ခုတို့တွင် ရှေ့ငါးခုတို့သည် ဘုရားလောင်း၏ ကံနှင့်စပ်သော ထိုထို ပုဂ္ဂိုလ် တို့၏ကံကြောင့် မွေးဖွားလာကြရသည်။ နောက်နှစ်ခုတို့သည် ဘုရားလောင်း၏ ကံဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဥတု၊ ထို ဥတုကြောင့် ဖြစ်ပေါ်လာကြသည်။ အဓိပ္ပါယ် အချုပ်မှာ ကဏ္ဍကမြင်းမင်း၌ ဘုရားလောင်းနှင့် စပ်သော ကုသိုလ်ကံဟောင်းပါရှိနေသည် ဟူ၍ဖြစ်၏။

ဘုရားလောင်းသည် ပြာသာဒ်အပြင်မှ ဆင်းတော်မူပြီး ကဏ္ဍကမြင်း၏ အနီးသို့ သွားရောက်၏။ "ချစ်သားကဏ္ဍက သင်သည် ယခုညတစ်ညလုံး ကူးမြောက်ပါစေလော့။ ငါသည် သင့်ကိုမှီ၍ ဘုရားဖြစ်၍ ပြဟ္မာနတ် လူတို့နှင့် တကွသော သတ္တဝါအပေါင်းကို ကူးမြောက်စေအံ့" ဟုပြောပြ၏။ ထိုသို့ပြောပြပြီးလျှင် ကဏ္ဍကမြင်း၏ ကျောပေါ်သို့ခုန်၍တက်လိုက်၏။ (ဗုဒ္ဓဝံ၊ ၄၊ ၃၃၀)

အဓိပ္ပါယ်ချုပ်မှာ ဘုရား လောင်းနှင့်စပ်သော ကုသိုလ်ကံဟောင်း ပါရှိနေခြင်းကြောင့် ကဏ္ဍကမြင်းသည် ဘုရားလောင်း၏ ပြောပြချက်တို့ကို သေချာစွာ သိနေသည်ဟူ၍ ဖြစ်၏။

ထိုအခါ ဘုရားလောင်းကဆန္နကို "ဆန္န ငါ၏ စကားဖြင့် မိဘတို့အား ရောဂါမရှိခြင်း သတင်း စကားကို လျှောက်တင်ပါ"ဟု မိန့်မှာ၍ ဆန္နကို ပြန်လွှတ်လိုက်၏။ ထို့ကြောင့် ဆန္နသည် ဘုရားလောင်းကို ရှိခိုး၍ လက်ျာရစ်ကိုပြုသည် ရှိသော် ဘုရားလောင်းသည် ဖဲခွာသွားတော်မူ၏။ ကဏ္ဍကမြင်းသည် ဆန္နနှင့်အတူ တိုင်ပင်ပြောဆိုနေသော ဘုရားလောင်း၏ စကားကို နားထောင်လျက် ရပ်၍ကြည့်နေ၏။ " ယခု ငါ၏ အရှင်သခင်ကို နောက်ထပ် တစ်ဖန် မြင်ရခြင်း မရှိပြီ" ဟု နှလုံးသွင်း၍ ကဏ္ဍကမြင်း၏ မြင်နိုင်ရာ လမ်းကြောင်းကို ဘုရားလောင်း လွန်သွားသည်ရှိသော် ခွဲခွာခြင်းဆင်းရဲကို သည်းခံနိုင်စွမ်း မရှိတော့သောကြောင့် ကွဲသောနှလုံးဖြင့် (နှလုံးကွဲခြင်းဖြင့်) ကဏ္ဍကမြင်းသည် သေလေတော့၏။ (ထို့နောက် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်ဟူ၍ ဖြစ်လေ၏။ ဖြစ်စဉ်အကျယ်ကို အလိုရှိလျှင် ဝိမာနဝတ္ထုအဋ္ဌကထာမှာ ယူပါလေ။ (ဗုဒ္ဓဝံ၊ ၄၊ ၃၃၃)

ဤနေရာတွင်အယူဝါဒကွဲပြားနေကြသည်။ ကဏ္ဍကမြင်း၏ နှလုံးကွဲခြင်းသည် ခွဲခွာရခြင်း ဆင်းရဲကို သည်းခံနိုင်စွမ်းမရှိတော့သောကြောင့်ဟုဆိုရကား သောက၊ ဒေါသ၊ ဒေါမနဿကြောင့် နှလုံးကွဲရသည်ဟု ယူဆကြ၏။ သောက၊ ဒေါသ၊ ဒေါမနဿကြောင့်သေရလျှင် ကဏ္ဍကမြင်းသည် နတ်ပြည်သို့ မရောက်နိုင်ပေ။ အဋ္ဌသာလိနီအဋ္ဌကထာ၌ " မှန်၏။ များသောအားဖြင့် သတ္တဝါတို့သည် တဏှာကြောင့် ပြိတ္တာဘုံသို့ ရောက်ကြကုန်၏။ ဒေါသကြောင့် ဒေါသနှင့်တူသော ငရဲဘုံသို့ ရောက်ကြကုန်၏။(ဒေါသသည် ကြမ်းတမ်း၏၊ ငရဲသည် ကြမ်းတမ်း၏၊ ဤသို့တူသည်။) မောဟကြောင့် အမြဲတမ်းတွေဝေနေရသော တိရစ္ဆာန်မျိုးသို့ ရောက်ကြကုန်၏။"ဟု ဖွင့်ဆိုထား၏။ ထို့ကြောင့် သောက၊ ဒေါသ၊ ဒေါမနဿကြောင့် သေရရှာသော ကဏ္ဍကမြင်းသည် ငရဲဘုံသို့သာ ရောက်ရမည်ဟုဆိုလိုသည်။ သို့သော် ဗုဒ္ဓဝံသအဋ္ဌကထာက နတ်ပြည်သို့ ရောက်သွားကြောင်း ဖွင့်ဆိုထားပေသည်။ ဤသို့လျှင် ဗုဒ္ဓဝံသအဋ္ဌကထာနှင့် အဋ္ဌသာလိနီအဋ္ဌကထာတို့ အယူဝါဒကွဲပြားနေကြသည်ဟု ယူဆကြသည်။ သို့ရာတွင်ကဏ္ဍကမြင်း၏ နှလုံးကွဲရခြင်းသည် သောက၊ ဒေါသ၊ ဒေါမနဿကြောင့် နှလုံးကွဲရခြင်း ဟုတ်/မဟုတ်ကို စိစစ်ကြည့်ရန် လိုပေသေးသည်။ ဆိုလိုသည်မှာ ဒေါသမူမရဏာသန္နဇောဖြစ်၍ သေရလျှင် အကုသိုလ်ကံ၊ အကုသိုလ် ကမ္မနိမိတ်၊ အကုသိုလ်ဂတိနိမိတ် ထင်မည်သာ ဖြစ်၏။ ငရဲသို့ ရောက်ရမည်သာတည်း။ ပီတိပြဋ္ဌာန်းသော မဟာကုသိုလ် မရဏာသန္နဇောဖြစ်၍ သေရလျှင် ကုသိုလ်ကံ၊ ကုသိုလ်ကမ္မနိမိတ်၊ ကုသိုလ်

ဂတိနိမိတ် ထင်မည်သာ ဖြစ်၏။ နတ်ပြည်သို့ရောက်ရမည်သာတည်း။ စင်စစ်အားဖြင့် ကဏ္ဍကမြင်းသည် ပီတိပြဋ္ဌာန်းသော မဟာကုသိုလ်မရဏာသန္နဇောဖြစ်၍ ကုသိုလ်ကံဆိုင်ရာ အာရုံတစ်ခုခုကို အာရုံပြု၍ သေလွန်ခဲ့ရခြင်းသာဖြစ်ပေသည်။ ကဏ္ဍကမြင်း၏ နှလုံးကွဲရခြင်းသည် ဒေါသကြောင့်ဟု ဟုတ်နိုင်ပါ၏။ သို့သော် ၎င်းဒေါသမူစိတ်အစဉ်သည် မရဏာသန္န ဇောအဖြစ်သို့တိုင်အောင် ဆက်လက်၍ မဖြစ်တော့ဘဲ ရှေးအခါက ဖြစ်ခဲ့ဖူးသော ပီတိစိတ်အစဉ်၏ အာရုံများက အားကြီး၍ ထင်လာခြင်းကြောင့် ပီတိပြဋ္ဌာန်းသော မဟာကုသိုလ်စိတ်အစဉ်သည်သာလျှင် မရဏာသန္နဇောအဖြစ်ဖြင့် ဖြစ်ပြီး စုတိကျကာ ဤမြင်းဘဝမှ ရွေ့လျောပြီး နတ်ပြည်သို့ ကပ်ရောက်သွားလေသည်။ စိတ်သည် အလွန်လျင်မြန်၏။ မျက်တောင်တစ်ခတ်စာကာလအတွင်းမှာပင် အကြိမ်ပေါင်း ကုဋေတစ်သိန်းကျော် ဖြစ်နိုင်၏။ ထိုကုဋေတစ်သိန်းကျော်အတွင်းမှာ ဝီထိပေါင်းများစွာ ဖြစ်ပေါ်လာနိုင်သည်။ အာရုံပေါင်းများစွာ ထင်နိုင်သည်။ ထို့အပြင် ဝိမာန ဝတ္ထုပါဠိတော်ဖြင့် ထင်ရှားစေဦးအံ့။

(ခ)

၁၁၈၅။ ကျွန်ုပ်ကဏ္ဍကသည် သာကီဝင် မင်းမျိုးတို့၏ မြို့တော် ကပိလဝတ္ထု၌ ဖြစ်ခဲ့၏။ ကျွန်ုပ် ကဏ္ဍကသည် သုဒ္ဓေါဒနမင်း၏ သား တော်နှင့်အချိန်တူ မွေးဖွားခဲ့၏။

၁၁၈၆၊ ၁၁၈၇။ ထိုသားတော်သည် ညလယ်အခါ၌ ဗောဓိဉာဏ်အလို့ငှာ တောထွက်တော်မူခဲ့၏။ ထိုသားတော်သည် နူးညံ့ကုန်သော၊ အနီရောင်တောက်ပသော လက်သည်းရှိကုန်သော လက်တို့ဖြင့် ကျွန်ုပ်၏ ကိုယ်နှင့် ပေါင်တို့ကို ပုတ်ခတ်ပွတ်သတ်၍ "အဆွေ ကဏ္ဍက ငါ့ကို ဆောင်ပို့ပေးပါ"ဟုလည်း ပြောပြခဲ့၏။ "ငါသည် မြတ်သောဗောဓိဉာဏ်သို့ ရောက်သည်ရှိသော် သတ္တဝါအပေါင်းကို သံသရာမှ ကူးမြောက်စေပါအံ့" ဟုလည်း ပြောပြခဲ့၏။

၁၁၈၈။ ကျွန်ုပ်ကဏ္ဍကသည် ထိုစကားကိုကြားနေရစဉ် ပြန့်ပြောသော (ကြီးထွားသော) ရွှင်လန်းစိတ်ဖြစ်ခဲ့၏။ တက်ကြွသော စိတ်ဖြစ်ခဲ့၏။ ဝမ်းသာသောစိတ် ဖြစ်ခဲ့၏။ (ဦးခေါင်းကို ရှေးရှုခဲ့၏။)

၁၁၈၉။ ကျွန်ုပ်ကဏ္ဍက၏ သဘောကိုသိပြီးလျှင် ကျွန်ုပ်ကိုယ်ပေါ်သို့ တက်ပြီးသော များသောအခြံအရံရှိသော၊ ယောကျ်ားမြတ်ဖြစ်သော သာကီဝင်မင်းသားကို ကျွန်ုပ်ကဏ္ဍကသည် တက်ကြွသောစိတ် ရှိသည်ဖြစ်၍ ဝမ်းမြောက်သောစိတ် ရှိသည် ဖြစ်၍ ပို့ဆောင်ပေးခဲ့၏။

၁၁၉၀။ နေထွက်ချိန်တွင် သူတစ်ပါးတို့၏ နိုင်ငံအတွင်းသို့ရောက်ပြီးလျှင် ကျွန်ုပ်ကဏ္ဍကနှင့် ဆန္နတို့ကို စွန့်လွှတ်ပြီး ထိုသားတော်သည် ငဲ့ကွက်ခြင်းကင်းသည်ဖြစ်၍ ဖဲခွာသွားလေတော့၏။

၁၁၉၁။ ကျွန်ုပ်ကဏ္ဍကသည် ထိုသားတော်၏ နီမြန်းသောခြေသည်းရှိကုန်သော ခြေတို့ကို လျှာဖြင့်လျက်ပေးခဲ့၏။ ထွက်ခွါ၍ ဖဲသွားနေသော ထိုသားတော်ကို ငိုလျက်ကြည့်နေခဲ့၏။

၁၁၉၂။ ကျွန်ုပ်ကဏ္ဍကသည် ကျက်သရေရှိသော ထိုသာကီဝင်သားတော်ကို မမြင်ရခြင်းကြောင့် အနာရောဂါ (ခွဲခွာရခြင်းဆင်းရဲ)ကို ရရှိခဲ့၏။ (ထို့ကြောင့်) လျင်မြန်စွာသေရ

ခြင်းသည် ဖြစ်ခဲ့ရ၏။

၁၃၉၃။ ထိုကုသိုလ်ကံ၏ အာနုဘော်ကြောင့်သာလျှင် ဤနတ်ဗိမာန်၌ နေရ၏။ တာဝတိံသာ နတ်ဘုံတွင် နတ်၌ ဖြစ်သော ကာမဂုဏ်အားလုံးနှင့် ပြည့်စုံသည် ဖြစ်ရ၏။

၁၃၉၄။ ကွန်ုပ်ကဏ္ဍကအား ထိုသားတော်၏ ဗောဓိဉာဏ်အလို့ငှာ ချစ်သား ကူးမြောက်စေပါလော။ အဆွေ ငါ့ကို ဆောင်ပို့ပေးပါဟူသော စကားသံကို ကြားရ၍ ဝမ်းမြောက်သော အကြင်စိတ်အစဉ်သည် ဖြစ်ပေါ်ခဲ့၏။ ထိုစိတ်အစဉ်နှင့်ယှဉ်တွဲ၍ ဖြစ်ခဲ့သော ကုသလမူလ(အမောဟ) ကြောင့် ကွန်ုပ်ကဏ္ဍကသည် အသဝက္ခယသို့ရောက်လတ္တံ့။

၁၃၉၅။ ထိုအခါက ကဏ္ဍကမြင်းဖြစ်ခဲ့၍ ယခုအခါကဏ္ဍကနတ်ဖြစ်နေသူ ကွန်ုပ်ကဏ္ဍကသည် မြတ်စွာဘုရားလောင်းလျာသည် ကွန်ုပ်အပေါ်ပြုအပ်ခဲ့ဖူးသော ကျေးဇူးကိုသိတတ်သည် ဖြစ်၍ မြတ်စွာဘုရား လောင်းလျာသည် ကွန်ုပ်ပေါ် ပြုအပ်ခဲ့ဖူးသော ကျေးဇူးကို ထင်ရှားအောင်ပြုတတ်သည်ဖြစ်၍ ယခုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့ပြီး မြတ်စွာဘုရား၏ စကားတော်ကို နာကြားရရ၍ ဓမ္မစက္ခု (သောတာပတ္တိမဂ်) ကို သုတ်သင်ခဲ့ပြီ။

(ဝိမာနဝတ္ထုပါဠိတော်၊ စာ-၁၀၉၊ ၁၁၁)

ဤပါဠိတော်တို့၏ အဓိပ္ပါယ်အချုပ်မှာ ကဏ္ဍကမြင်း၏ သေရခြင်းသည် ဒေါသမူ မရဏာသန္နဇောစိတ် အစဉ်ဖြစ်၍သေရခြင်းမဟုတ်ဟု ဆိုလို၏။ ထို့ကြောင့်ငရဲသို့ မရောက်ပေ။ ပီတိပြဋ္ဌာန်းသော မဟာကုသိုလ် ဇောစိတ်အစဉ်ဖြစ်၍ သေရ၏ ဟုဆိုလိုသည်။ ထို့ကြောင့် နတ်ပြည်သို့ရောက်ရလေ၏။ (ဝိမာနဝတ္ထုအဋ္ဌကထာကို ရှာမတွေ့၍ ၎င်း၏ ဖွင့်ပြချက်တို့ကို မတင်ပြနိုင်ပါ။) ဤနေရာတွင် ဒုစရိုက်မှုနှင့် အကုသိုလ်စိတ်အစဉ်၊ သုစရိုက်မှုနှင့် ကုသိုလ်စိတ် အစဉ်အားလျော်စွာ ကံနှင့်အကျိုးတို့၏ ပြည့်စုံခြင်း (၅)မျိုးတို့ကို သတိပြုသင့်သည်။

(ဂ)

၁။ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို အားထုတ်သောခဏ၌ ကြိုးပမ်းသော အချင်းအရာ၊ တိုက်တွန်း စေခိုင်းသော အခြင်းအရာအားဖြင့် ထင်ရှားသော စေတနာတရားနှင့် ပြည့်စုံခြင်းကို အာယူဟနသမင်္ဂီတာ ဟုခေါ်၏။

၂။ ၎င်းကိုပင် စေတနာသမင်္ဂီတာဟုခေါ်၏။( ဤနှစ်ခုသည် နာမည်သာကွဲ၏။)

၃။ သတ္တဝါတို့သည် အရဟတ္တဖိုလ်သို့ မရောက်သေးသမျှကာလပတ်လုံး ရှေးဘဝရှေးကာလတို့၌ ဆည်းပူးအပ်သော အကျိုးပေးခြင်းငှာ ထိုက်သောကံနှင့် ပြည့်စုံသူများချည်းသာ ဖြစ်ကြကုန်၏။ဤသို့သော သတ္တဝါတို့၏ ထိုသို့သော ကံမျိုးနှင့် ပြည့်စုံခြင်းကို ကမ္မသမင်္ဂီတာ ဟုခေါ်၏။

၄။ ထိုကံမျိုးကြောင့် ကံအားလျော်စွာ အကျိုးတရားစုသည် ဖြစ်ပေါ်လာ၏။ ဤသို့အကျိုးပေးသော ခဏ၌ ဝိပါကသမင်္ဂီတာ ဟုခေါ်၏။ ကံ၏ရင့်ကျက်ခြင်းသဘောနှင့် ပြည့်စုံခြင်းဟု ဆိုလိုသည်။

၅။ သတ္တဝါတို့သည် အရဟတ္တဖိုလ်သို့မရောက်သေးသမျှကာလပတ်လုံး ထိုထိုဘဝမှ ရွေ့လျောပြီးလျှင် ထိုထိုဘဝ၌ ဖြစ်ကြရကုန်၏။ ငရဲဘုံ၌ ဖြစ်လတ္တံ့သူဖြစ်အံ့၊ မီးလျှံ ငရဲအိုး (ကြေးအိုးကြီးများ ဟုဆိုထားသည်၊) အစရှိကုန်သော ကပ်၍ထင်သောအခြင်းအရာတို့ဖြင့် ကံအားလျော်စွာ ငရဲလောကသည် ထင်၏။ အမိ

ဝမ်းသို့ရောက်လတ္တံ့သူဖြစ်အံ့ အမိ၏ဝမ်းတိုက်သည် ကပ်၍ထင်၏။ နတ်ပြည် ဗြဟ္မာပြည်၌ ဖြစ်လတ္တံ့သည် ဖြစ်အံ့၊ ပဒေသာပင်ဗိမာန် အစရှိကုန်သော ကပ်၍ထင်သောအခြင်းအရာတို့ဖြင့် နတ်လောက ဗြဟ္မာလောကသည် ကပ်၍ထင်၏။ ဤသို့လျှင် ကံကြောင့်ဖြစ်ရလတ္တံ့သောအကျိုး၏၊ အကြောင်းတရားအနေဖြင့် ကံအားလျော်စွာ ကပ်၍ထင်လာသောအာရုံနှင့် ပြည့်စုံခြင်းကို ဥပဋ္ဌာနသမင်္ဂီတာဟု ခေါ်၏။ ဖြစ်ရလတ္တံ့သော အကျိုးတရား( ပဋိသန္ဓေတရားစု)၏ အကြောင်းအနေဖြင့် ကံအားလျော်စွာ ကပ်၍ထင်လာသော အာရုံမှ ကင်းလွတ်သည်ဟူ၍ လုံးဝ မရှိကောင်း၊ ဤသမင်္ဂီတာ ပြည့်စုံခြင်း ငါးမျိုးတို့တွင် ဤဥပဋ္ဌာန သမင်္ဂီတာသည် တုန်လှုပ်တတ်၏။ ကြွင်းလေးခုတို့သည်ကား မတုန်လှုပ်တတ်ကုန်။ မှန်၏၊ ငရဲအာရုံသည် ကပ်၍ထင်ထိုက်ပါကုန်သော်လည်း နတ်ပြည် အာရုံသည် ကပ်၍ ထင်နိုင်၏။ နတ်ပြည် အာရုံသည် ကပ်၍ ထင်ထိုက်ပါသော်လည်း ငရဲအာရုံသည် ကပ်၍ထင်နိုင်၏၊ လူ့ပြည် အာရုံသည် ကပ်၍ထင်ထိုက်ပါသော်လည်း တိရစ္ဆာန်မျိုးအာရုံသည် ကပ်၍ ထင်နိုင်၏။ တိရစ္ဆာန်မျိုးအာရုံသည် ကပ်၍ထင်ထိုက်ပါသော်လည်း လူ့ပြည်အာရုံသည် ကပ်၍ထင်နိုင်၏။ ဥပမာဝတ္ထုကို ထုတ်ဆောင်၍ ပြရလျှင် သောဏမထေရ်၏ ဖခင်အား ငရဲအာရုံ ထင်လာပြီးမှ နတ်ပြည်အာရုံထင်လာ ပုံကိုပြအပ်၏။ (အဋ္ဌကထာမှာတော့ အကျယ်ပါရှိ၏) ဤသို့လျှင် ဥပဋ္ဌာနသမင်္ဂီတာသည် တုန်လှုပ်တတ်၏။ အပြောင်းအလဲဖြစ်တတ်၏။ ဤငါးမျိုးတို့တွင် ဤအာယူဟနသမင်္ဂီတာ (ဝါ) စေတနာသမင်္ဂီတာနှင့် ကမ္မသမင်္ဂီတာသည် ကာယဒွစရိုက်အစရှိကုန်သော အကုသိုလ်ကံ ကာယသုစရိုက်အစရှိကုန်သော ကုသိုလ်ကံတို့နှင့်ပြည့်စုံခြင်းမည်၏။

(မ။ဋ္ဌ၊ ၃၊ ၈၇-၈၉၊ အဘိ။ဋ္ဌ၊ ၂၊ ၄၁၉-၄၂၀)

အဓိပ္ပါယ်အချုပ်မှာ တစ်နေ့တစ် နေ့ဟုဆိုအပ်သော နံနက် ၆-နာရီအချိန်မှ ညနေ ၆-နာရီအချိန် အတွင်းကို သတ်မှတ်ပိုင်းခြား၍ ဆင်ခြင်ပြီးလျှင် တစ်နေ့တစ်နေ့မှာ အာယူဟန အရ(စေတနာအရ) စေတနာသဘောပါရှိသော အကုသိုလ်များ(သို့မဟုတ်) ကုသိုလ်များ မရေတွက်နိုင်အောင် ဖြစ်ပေါ်၍ရရှိ နေကြမည်။ ထိုတွင် ကမ္မအရ (အကျိုးမပေးနိုင်သော အကုသိုလ်ငယ် ကုသိုလ်ငယ်များလည်း ပါရှိနေကြမည်။ ယင်းတို့ကို လွှတ်ထားပြီး) အကျိုးပေးထိုက်သော ကံတို့ကို ကြည့်လျှင်လည်း မရေတွက်နိုင်အောင် များပြားစွာ ရှိနေကြဦးမည်။ ထိုတွင် ဥပဋ္ဌာနအရ (သေခါနီးအခါ၌ ထင်နိုင်ကုန်သော ကံတို့လည်း ပါရှိနေကြမည်။ ယင်းတို့ကို လွှတ်ထားပြီး) သေချာပေါက်အကျိုးပေးနိုင်သော အခွင့်သာမှုအားဖြင့် အကြီးမားဆုံးသော ကံတစ်ခုတည်းသာ ကပ်၍ထင်လာမည်။ ထိုကံအလျောက် ဝိပါကအရ ဘဝသစ်အကျိုးကို ရရှိမည်ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ဥပဋ္ဌာနသမင်္ဂီတာအရ အကောင်းအာရုံများ ထပ်၍ထင်နိုင်အောင် ဥပဋ္ဌာနအမည်ရသော သတိတရားဖြင့် ထိုထိုကောင်းမှုအာရုံတို့ကို များများကြီးအာရုံပြု၍ ဆင်ခြင်ထားနိုင်ပါမူ အလွန်ကောင်းလှပေလိမ့်မည်။ အာစိဏ္ဏကံအရ လေ့ကျင့်ခန်း အဆင့်သို့တိုးတက် ရောက်ရှိလာပြီးလျှင် သေခါနီးကာလတွင် အခွင့်သာမှု အပြည့်အဝဖြင့် ထင်လာကြပေလိမ့်မည်။ ဆိုလိုသည်မှာ ကဏ္ဍကမြင်းအား သောက ဒေါသ

ဒေါမနဿပြဋ္ဌာန်းသော အကုသိုလ်စေတနာ အကုသိုလ်ကံရှိနေပါသော်လည်း ၎င်းသည် ဥပဋ္ဌာန သမင်္ဂီတာအဆင့်သို့မရောက်နိုင်ဘဲ ရှိနေခြင်း မျိုးသာဖြစ်သည်၊ ထို့ကြောင့် ဝိပါက အရ ၎င်းအကုသိုလ်ကံ၏ ရင့်ကျက်ခြင်းသဘော အားဖြင့် မရင့်ကျက်နိုင်သည်သာဖြစ်၍ ကဏ္ဍကမြင်းသည် သေလွန်ရပြီးနောက် ငရဲသို့ မရောက်ရဘဲ နတ်ပြည်သို့ ရောက်သွားရသည် ဟု ဆိုလိုပါသည်။ ဤနေရာတွင် ကံတို့၏ အခွင့်သာမှုအကြောင်း ရိပ်မိနိုင်ရုံမျှကိုလည်း ဆက်လက်တင်ပြ ပေးလိုက်ပါဦးမည်။

(ဃ)

၁။ ကဏ္ဍကမြင်းမှာ ရှေးရှေးဘဝတို့ တုန်းကဘုရားလောင်းနှင့် ဆက်စပ် ၍ ဖြစ်ခဲ့ကုန်သော ကုသိုလ်ကံများပါရှိကြသည်။ ယခုဘဝ တွင်လည်း ဘုရားလောင်းနှင့် မခွဲခွာရသေးမီ ကာလအထိ ပီတိပြဋ္ဌာန်းသော မဟာကုသိုလ်ကံ များဖြစ်ရှိနေခဲ့ကြသည်။

၂။ ခွဲခွာရခြင်း ဆင်းရဲဖြစ်နေခိုက်အတွင်း၌မူ ဒေါသဇောများ ဖြစ်ပေါ်နေကြပါသည်။

၃။ ထိုဒေါသမူဇောများ၏ နောက်ပိုင်းတွင်လည်း အပရာပရိယ ဝေဒနီယကံနှင့် အာစိဏ္ဏကံအနေဖြင့် ပါရှိနေခဲ့ ကြကုန်သော ကုသိုလ်ကံတို့၏ အစွမ်းဖြင့် မရဏာသန္နကုသိုလ်ဇောများဖြစ်ပေါ်လာကြသည်။

၄။ ဘုရားလောင်းနှင့်ပတ်သက်၍ လိုက်ပါပို့ဆောင်ပေးရသည့်ကုသိုလ်များအတွက် သမ္မာဒိဋ္ဌိပြဋ္ဌာန်းသော မနောကံကုသိုလ်များ ဖြစ်ပေါ်ခဲ့ကြသည်။ သေခါနီးမရဏာသန္နဇောတိုင်အောင် သမ္မာဒိဋ္ဌိမပြတ်ဘဲ ရှိနေခဲ့ခြင်းပင်ဖြစ်သည်။ (မ၊ ဋ္ဌ၊ ၃၊ ၁၈၁-၁၈၅)

သို့ဖြစ်၍ အမှတ်(၁။ ၃။ ၄။)အရ ကုသိုလ်ကံတို့က အခွင့်သာမှုအားကြီးနေခြင်းကြောင့် အမှတ် (၂)အရ အကုသိုလ်ကံသည် အကျိုးပေးခွင့်မရှိတော့ဘဲ ငုပ်ကွယ်သွားရလေတော့၏။ ဤလေးချက်တို့တွင် လေးချက်စလုံး အကုသိုလ်များချည်းဖြစ်လျှင် အခွင့်သာမှုအားအကြီးဆုံး အကုသိုလ်ကံဖြစ်၍ သေချာပေါက် ဥပဋ္ဌာနသမင်္ဂီတာအတွက် အာရုံထင်လာမည်ဖြစ်သည်။ အပါယ်ကျ ရောက်မည်မှာလည်း အလွန်သေချာလှပေမည်။ ထို့အတူ လေးချက်စလုံးကုသိုလ်များချည်း ဖြစ်လျှင် အခွင့် သာမှုအားအကြီးဆုံး ကုသိုလ်ကံဖြစ်၍ သေချာပေါက် ဥပဋ္ဌာနသမင်္ဂီတာအတွက် အာရုံထင် လာမည်ဖြစ်သည်။ သုဂတိဘုံသို့ ရောက်ရမည်မှာလည်း အလွန်သေချာလှပေမည်။ သာမန် အခွင့်သာမှုအရမှာမူ အမှတ်(၃) အရ နောက်ပိုင်း ကာလတစ်လျှောက်မှာ ကုသိုလ်ကံများချည်း ဖြစ်နေစေနိုင်လျှင်လည်း ကောင်း၊ အမှတ်(၄)အရ ကံနှင့် ကံ၏အကျိုး ဆိုင်ရာတို့ကို မှန်ကန်စွာ သိမြင်နိုင်သော သမ္မာဒိဋ္ဌိရှိနေလျှင်လည်းကောင်း အခွင့်သာမှု အရ အားကြီးသော ကုသိုလ်ကံအဖြစ်ဖြင့် ဥပဋ္ဌာန သမင်္ဂီတာအတွက် ဖြစ်လာနိုင်စရာ ရှိပေမည်။ ပုထုဇဉ်မှန်သမျှသည် အမိုက်ချည်း ဖြစ်၍ အကုသိုလ်ရရှိကြမည်ချည်း ဖြစ်ပါသော်လည်း အကုသိုလ်ရရှိ နေသည်ကို အကုသိုလ်ရ ရှိနေသည်ဟု သိမြင်တတ်အောင် ဆင်ခြင်နိုင်သည် ဖြစ်၍ ထိုသို့ရရှိနေသော အကုသိုလ် နောက်ပိုင်း ကာလတွေမှာ ကုသိုလ်တွေ ရရှိအောင် အားထုတ်နိုင်ကြလျှင် အကျိုးများပေလိမ့်မည်။

♦ **မစိုးရိမ်စာသင်သား**

# ကျွန်ုပ်အချစ်ဆုံးသာသနာနှင့်
# ဆဋ္ဌသင်္ဂါယနာ



မအူပင်တင်ရွှေ

မြတ်စွာဘုရားရှင်၏ တတိယသာဝက အရှင်မဟာကဿပမထေရ်နှင့် တပည့်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ထေရဝါဒ သာသနာတော်သည် မြတ်ဗုဒ္ဓပါဝစန= မုခပါဠိ= စကားတော်= တရားတော်များ မကွယ်မပျောက် ထွန်းတောက်ထင်ရှားရှိနေခဲ့သော် မဂ်ဖိုလ်နိဗ္ဗာန်ရရန်အကြောင်း အကျင့်ကောင်းအကျင့် မြတ် ပဋိပတ်သည် အကျိုးသက်ရောက် စောင့်ရှောက်နိုင်မည်ဖြစ်သည်။ ပဋိပတ်အကျင့်မြတ်၌ တည်၍ ဖြစ်ပျက်ဖောက်ပြန် ရုပ်နှင့်နာမ်ကို အမှန်သိမြင် ပညာရှင်သည် ယောဂလေးဖြာ ကုန်ရာအမှန် မြတ်နိဗ္ဗာန်မှ နစ်မြောပျက်သုဉ်း ဆုံးရှုံးခြင်း မရှိနိုင်ဟူသော အင်္ဂုတ္တရ အဋ္ဌကထာ ပါဠိလာရှိသည်နှင့်အညီ ပရိယတ္တိသာသနာ တော်ကို မပျောက်မကွယ်အောင် စောင့်ရှောက်ထားသော် ပဋိပတ္တိသာသနာတော်ကိုလည်း စောင့်ရှောက်ထားပြီးဖြစ်၍ ယောဂလေးတန် ကုန်ရာအမှန် မြတ်နိဗ္ဗာန်ဟူသော ပဋိဝေဓ သာသနာတော်သည်လည်း မကွယ်မပျောက် ထွန်းတောက်နေမည်သာ ဖြစ်ပါသည်။ သို့ကြောင့်လည်း ကျွန်ုပ်အချစ်ဆုံး သာသနာတော်သည် ရွှေရည်စစ်စစ် ထေရဝါဒသာသနာ တော်ပင် ဖြစ်ပါသသည်။

မြန်မာနိုင်ငံရောက် ထေရဝါဒသာသ နာတော်၏ ဖြစ်စဉ်မှာလည်း အလွန်ထူးခြားဆန်းကြယ်အံ့ဩဖွယ် ကြည်ညိုဖွယ်ကောင်းလှသဖြင့် အနည်းငယ် ဖော်ပြလိုပါသည်။ သာသ နာနှစ် (၂၃၅)ခုနှစ်တွင် မဇ္ဈိမဒေသ အိန္ဒိယပြည်တွင် အသောကမင်းကြီးလက်ထက် အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးပြု၍ တတိယသင်္ဂါယနာ တင်ခဲ့ကြပြီးနောက် ကိုးတိုင်းကိုးဌာသို့ သာသနာပြုရဟန်းတော်များ ငါးပါးစီ စေလွှတ်စဉ်ကပင် မြန်မာနိုင်ငံအောက်ပိုင်း သထုံဟုခေါ်သော ( သုဝဏ္ဏ

ဘူမိ) အရပ်သည်လည်း ဌာနတစ်ခုအဖြစ် ပါဝင်ခဲ့ပါသည်။ ဤကဲ့သို့ ရဟန္တာအရှင် မြတ်တို့၏ သာသနာပြုရာဌာနဟု သတ်မှတ်မှုခံရခြင်းသည် မြန်မာပြည်နှင့်တကွ အရှေ့တောင်အာရှတစ်ခုလုံး အတွက် ကြီးမားသော လာဘ်ကြီးမာသော ကံကောင်းခြင်းဟု ဆိုရပါမည်။

အရှင်သောဏနှင့် အရှင်ဥတ္တရတို့ခေါင်းဆောင်သော သာသနာပြုအရှင်မြတ် ငါးပါးတို့သည် (သုဝဏ္ဏဘူမိ) သထုံပြည်၌ သာသနာတော် အခြေချ၍ ဟောပြောပြသဆုံးမလာခဲ့ရာ ထူးခြားစွာ အောင်မြင်မှုများရကြပါသည်။

ထိုအချိန်မှစ၍ နောက်တွင် စာပေနှင့်တကွ အသိပညာလူမှုရေး နိုင်ငံရေး ယဉ်ကျေးမှု အနုပညာအတတ်ပညာတို့ပါ စုံလင်စွာ ကျယ်ကျယ်ပြန့်ပြန့် မြင့်မြင့်မားမား တိုးတက်၍ လာခဲ့ရာမှ သာသနာနှစ်(၁၆၀၀)ခန့်သို့ တိုင်အောင်ပင် ရောက်ရှိလာခဲ့ပါသည်။

သုဝဏ္ဏဘူမိ သာသနာတော်မြင့်မားစွာ တည်ရှိနေရာမှ တဖြည်းဖြည်း ညှိုးနွမ်းလာခဲ့ရာ- အရှင်မဟ္မဒဿီ= ရှင်အရဟံအမှူးပြုသော ရဟန်းတော်ငါးပါးတို့သည် ပုဂံတွင် သာသနာပြုခဲ့ကြရာမှ သာသနာနှစ် (၁၆၀၁)ခုနှစ်၊ မြန်မာသက္ကရာဇ် (၄၁၉)ခုနှစ်တွင် သထုံမှ ပိဋကတ်တော်အစုံ (၃၀)နှင့် ဓာတ်တော်များ သီလဝန္တ ရဟန်းတော် များစွာတို့ကို ပင့်ဆောင်တော်မူခဲ့ကြပါသည်။ ရှင်အရဟံမထေရ်မြတ်၏ ညွှန်ကြားမှုဖြင့် အနော်ရထာဘုရင်မင်းမြတ်သည် သီဟိုဠ်ဘုရင် မင်းမြတ်ထံမှ ပိဋကတ်တော် တစ်စုံ ရခဲ့သည်၊ သထုံပိဋကတ်တော်များနှင့် သီဟိုဠ်ပိဋကတ် တော်တို့ကို တိုက်ဆိုင်တည်းဖြတ်ပြီး ပုဂံပြည်တွင် ပရိယတ္တိသာသနာတော်ကို စတင်တည်ထောင်တော်မူခဲ့ပါသည်။

၄င်းပြင် အနော်ရထာဘုရင်မင်းမြတ် အမိန့်တော်ဖြင့် အကျင့်ပျက် အရည်းကြီးရဟန်းတို့ကို ဖယ်ရှား၍အရှင်အရဟံ ယူဆောင်ခဲ့သော စစ်မှန်သည့်ထေရဝါဒသာသနာတော်ကို အစားသွင်းလိုက်ရာ သန့်စင်သော ထေရဝါဒသာသနာတော် တည်တံ့၍ ထူးခြားသော ပြောင်းလဲမှုကြီး ဖြစ်ခဲ့ပါသည်။ အနော်ရထာမင်း လက်ထက်တွင် ပြုပြင်ပြောင်းလဲခဲ့သော အခြေအနေကို ကျန်စစ်မင်းကြီးလက်ထက်တွင်လည်း ဆက်လက် ထိန်းသိမ်း၍ အရှိန်တိုးမြင့်ထားတော်မူခဲ့ပါသည်။ ထို့ကြောင့် ပုဂံ၌ အရှင်ရဟံ၊ အနော်ရထာမင်းနှင့် ကျန်စစ်မင်းကြီး သုံးဦးသားတို့ ကြိုးပမ်းခဲ့သော သာသနာတော်သည် အရှိန်အဟုန်ဖြင့် ကောင်းစွာတိုးတက်လာခဲ့ရာ ယနေ့တိုင် ဖူးတွေ့နေရသော သာသနာတော် ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သုံးဦးတို့ကို ဖယ်ထားပါက မြန်မာပြည်၌ ထေရဝါဒသာသနာပင် မရှိနိုင်တော့ပြီ၊ မြန်မာပြည်သားတို့၏ ဘဝသည် လည်း သူတော်ကောင်းပညာရှိများ လေးစားလောက်စရာ ကျန်တော့မည် မဟုတ်ပါ။ တွေးဝံ့စရာမရှိအောင်ပင် ဖြစ်ရပါတော့မည်။

ဤဆရာဒကာသုံးဦးကား မြန်မာနိုင်ငံရောက် ထေရဝါဒသာသနာတော်၏ ကျေးဇူးရှင်ကြီးများပင် ဖြစ်ပါသည်။

ဤနေရာတွင် ထေရဝါဒသာသနာပြု ရဟန္တာအရှင်မြတ်ကြီးများကိုလည်း ထုတ်ဖော်ပူဇော်လိုပါသည်။

(၁)အရှင်အနုရုဒ္ဓါမထေရ်သည် မဟာသက္ကရာဇ်(၁၀၅)ခုနှစ်တွင် သုဝဏ္ဏဘူမိသို့ ကြွရောက်လာပြီး ဆံတော်ရှင် သာသာနာကို အစပျိုးတော်မူခဲ့သည်။ (ဆံတော်အရှင်သာသနာ)

(၂) အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ပရိယတ္တိသာသနာ ပြန်လည်ပွင့်လင်းခြင်း အစ အေဒီ-၄ရာစုတွင် ပိဋကတ်သုံးပုံကို သီဟိုဠ်(သီရိလင်္ကာ)မှ မြန်မာနိုင်ငံသို့ ပင့်ဆောင်ပေးခဲ့သည်။

(၃) အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် သာသနာ ၂၃၅-ခုနှစ်တွင် တတိယသင်္ဂါယနာကို အကြီးအမှူးပြု၍ တင်တော်မူခဲ့သည်။

(၄) အရှင်ဥတ္တရမထေရ်သည် သာသနာ ၂၃၇-ခုနှစ်တွင် သုဝဏ္ဏဘူမိသို့ ကြွလာတော်မူပြီး သုဝဏ္ဏဘူမိ သာသနာကို ပြန်လည်ဖော်ထုတ်တော်မူခဲ့သည်။

(၅) အရှင်မဟာကဿပမထေရ်သည် ပရိယတ္တိသာသနာ၏အစ အကြီးအမှူးပြုသော မဟာထေရ်ဖြစ်၍ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်တွင် ပထမသင်္ဂါယနာတင်တော်မူခဲ့သည်။

(၆) အရှင်သောဏမထေရ်သည် သာသနာ ၂၃၇-ခုနှစ်တွင် သုဝဏ္ဏဘူမိသို့ကြွရောက်တော်မူလာပြီး သုဝဏ္ဏဘူမိသာသနာတော်ကို ပြန်လည် ဖော်ထုတ်တော်မူခဲ့သည်။

(၇) အရှင်အာနန္ဒာမထေရ်သည် ဇေတဝင်ငါးတန်ရ သာသနဓမ္မဘဏ္ဍာဂါရိကဖြစ်၍ ပထမသင်္ဂါယနာတင်တွင် ဝိဿဇ္ဇကအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

(၈) အရှင်အရဟံမထေရ်သည် သာသနာ ၁၀၅၆-တွင် ထေရဝါဒသာသနာတော်ကို ပုဂံမှတစ်ဆင့် မြန်မာပြည်တစ်ဝန်းလုံးသို့ ပျံ့နှံ့စေခဲ့သည်။

(၉) အရှင်ဂဝမ္ပတိသည် မဟာသက္ကရာဇ်(၁၁၁)ခုတွင် ဗုဒ္ဓမြတ်စွာအား သုဝဏ္ဏဘူမိသို့ ပင့်ဆောင်တော်မူခဲ့သည်။

ထေရဝါဒသာသနာတော်သမိုင်းအရ သင်္ဂါယနာ (သံဂါယနာ) ၆-ကြိမ်တင်ခဲ့ရာ အိန္ဒိယ မဇ္ဈိမဒေသမှာ (၃)ကြိမ်၊ သီဟိုဠ် (သီရိလင်္ကာမှာ) တစ်ကြိမ်၊ မြန်မာနိုင်ငံမှာ (၂)ကြိမ်ဖြစ်ပါသည်။ ဒုတိယသင်္ဂါယတင်အပြီး ဝဇ္ဇီတိုင်းသား ရဟန်းတော်တစ်သောင်းတို့ ကောသမ္ဗီပြည်မှာ တင်သည့် " စင်ပြိုင် မဟာသံဃိကသင်္ဂါယနာ" နှင့်ပါဆိုလျှင် သင်္ဂါယနာ (၇)ကြိမ် တင်ပြီးပြီဟု ဆိုနိုင်ပါသည်။

"သံဂါယနာအသွယ်သွယ် ကြည်ညိုဖွယ်"ကိုလည်း ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်းမှ ကူးယူဖော်ပြလိုက်ပါသည်။

၁။ ပထမသံဂါယနာ

မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ (၄၈၃ဘီစီ)တွင် ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်ဝင်စံတော်မူပြီး သုံးလအကြာ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက်ထက် သုဘဒ္ဒရဟန်းကဲ့သို့ သာသနာညစ်နွမ်းစေမည့် အယူလွဲသူတို့အန္တရာယ်မှ ကာကွယ်ရန်အလို့ငှာ ဝေဘာရတောင်ယံ သတ္တပါဏိလိုဏ်ဂူ၌ ရှင်မဟာကဿပမထေရ်အမှူးပြု၍ အရှင်ဥပါလိ အရှင်အာနန္ဒာမထေရ်တို့အားအမေးအဖြေပြုကား ရဟန္တာ (၅၀၀)နှင့် ၇-လတိုင်တိုင် စုပေါင်းရွတ်ဆိုပြီး ပထမသံဂါယနာတင်တော်မူသည်။

၂။ ဒုတိယသံဂါယနာ

သာသနာနှစ် (၁၀၀)၊ (၃၈၃ဘီစီ)တွင် ဝေသာလီပြည် ကာလာသောကမင်းလက်ထက် အဓမ္မ တရား(၁၀)ပါး အယူမှားများကို ကွယ်စိမ့်သောငှာ ဝါဠုကာရုံကျောင်းတော်ကြီး၌ သဗ္ဗကာမိမထေရ် အရှင်ရေဝတ အရှင်မဟာယသ စသည့် ရဟန္တာမထေရ်ကြီး (၈)ပါး အမှူးထား-၍ အာဂုံဆောင်ရဟန္တာ (၇၀၀)နှင့် ရှစ်လတိုင်တိုင်

စုပေါင်းရွတ်ဆိုကာ ဒုတိယအကြိမ် သံဂါယနာ တင်တော်မူသည်။

၃။ တတိယသံဂါယနာ

သာသနာ ၂၃၅၊ (၂၄၇ဘီစီ)တွင် ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီး လက် ထက် ရန်းအတုအယောင်များ အန္တရာယ် အညစ်အကြေးမှ သန့်စင်စိမ့်သောငှာ အရှင် မောဂ္ဂလိပုတ္တတိဿ ထေရ်အမှူးပြုသော ရဟန္တာတစ်သောင်း သံဃာတော်ခြောက် သောင်းကျော်တို့သည် အသောကာရုံကျောင်း တော်ကြီး၌ ကိုးလတိုင် တိုင် စုပေါင်းရွတ်ဆို၍ တတိယအကြိမ် သံဂါယ နာတင်တော်မူခဲ့ကြ လေသည်။ ကိုးတိုင်း ကိုးဌာန သို့ "ဓမ္မဒူတခေါ် သာသနာ့စေတမန်များ စေလွှတ်တော်မူသည်။

၄။ စတုတ္ထသံဂါယနာ

သာသနာနှစ် ၄၅၀ (၃၃ဘီစီ)တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ဝဋ္ဋဂါမဏိ မင်းလက် ထက် ယခင်ခေတ်အဆက်ဆက် ပိဋကတ်တော် ကို နှုတ်ဖြင့် အာဂုံဆောင်ခဲ့ရာမှ "ပေထက်အက္ခ ရာ တင်စိမ့်သောငှာ အရှင်ဓမ္မရက္ခိတ အမှူးပြု သော ရဟန္တာ ၅၀၀ ကြပ်မတ်၍ မလယဇနပုဒ် အာလောက လိုဏ်ဂူ၌စုပေါင်းရေးခြင်း ရွတ်ဆို ခြင်းတို့ဖြင့် စတုတ္ထအကြိမ် သံဂါယနာတင် တော်မူသည်။

၅။ ပဉ္စမသံဂါယနာ

သာသနာ ၂၄၁၅၊ ကောဇာသက္ကရာဇ် ၁၂၃၂၊ (အေဒီ ၁၈၇၁)မှစ၍ ၁၁-နှစ်တိုင်တိုင် မြန်မာနိုင်ငံ မင်းတုန်းမင်းလက်ထက် ရတနာပုံ မန္တလေး နေပြည်တော်တွင် ပိဋကတ်တော်များ သန့်စင်တည်တန့်ခိုင်မာစိမ့်သောငှာ ရဟန်း ပညာရှိ လူပညာရှိတို့ အဆင့်ဆင့် ကြပ်မတ်စိစစ် ကာ "ကျောက်ထက် အက္ခရာ"တင်စေခဲ့ လေသည်။ မဟာဓမ္မရာဇာဓိ ရာဇဂုရုဆရာ တော်ကြီးများအမှူးပြုသော သံဃာတော် (၂၄၀၀) တို့ စိစစ်မေးဖြေ၍ သီဟာသနပလ္လင် တော်ရှေ့၌ ပဉ္စမ အကြိမ် သံဂါယနာတင်တော် မူသည်။

၆။ ဆဋ္ဌသံဂါယနာ

သာသနာနှစ် ၂၄၉၈၊ ကောဇာသက္က ရာဇ် ၁၃၁၆-မှ ၁၃၁၈ (အေဒီ ၁၉၅၄မှ ၁၉၅၆) မြန်မာ နိုင်ငံ ရန်ကုန်မြို့တော် ဆဋ္ဌသင်္ဂီတိ မဟာ ပါသာဏဂုဟာ ကျောက်လိုဏ်ဂူတော်ကြီးတွင် ပိဋကတ်တော်များ သန့်ရှင်းစင်ကြယ်၍ ကမ္ဘာ အရပ်ရပ်သို့ ပိုမိုပြန့်နှံ့ကာ အစွန့်ရှည်ကြာ စိမ့်သောငှာ ညောင်ရမ်းဆရာတော်ဘုရား နောက်တွင် မစိုးရိမ်ဆရာတော်ဘုရားတို့က သံဃနာယကပြုပြီး မဟာစည်ဆရာတော်က မေး၍ မင်းကွန်းတိပိဋကဆရာတော်က ဖြေဆို တော်မူကာ မြန်မာနိုင်ငံ ထိုင်းနိုင်ငံ ကမ်ပူးချား နိုင်ငံ လောနိုင်ငံ သီရိလင်္ကာနိုင်ငံစသော ထေရဝါဒနိုင်ငံ ငါးနိုင်ငံမှ သံဃာတော်များအပါ အဝင် သံဃာတော်ပေါင်း ၂၆၀၇-ပါးတို့နှင့် ဆဋ္ဌသံဂါယနာ တင်တော်မူသည်။

ဝံသဒီပနီကျမ်းအလိုအရ အနော်ရထာ ဘုရင်မင်းမြတ်နှင့် ရှင်အရဟံမထေရ်တို့ တွေ့ကြ ပြီး မြန်မာနိုင်ငံ တဝှမ်းလုံးသို့ ထေရဝါဒ သာသနာ တော် လွှမ်းမိုးခဲ့သည်မှာ (၁၅၅၁-၂၅၅၁)တွင် နှစ်ပေါင်း တစ်ထောင်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံအပေါ် အလွန်ကျေးဇူးများ လှသော မွန်မြတ်သန့်စင်လာသော ထေရဝါဒ သာသနာတော်အား အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက် တည်ထောင်သည့်နှစ်ပေါင်း (၄၀) ပြည့် ပတ္တမြားရတုမင်္ဂလာအခါတော်တွင် ရှိသေလေးမြတ် သိမှတ်ပူဇော်အပ်ပါသည်။

♦ မအုပ်တင်ရွှေ

# ကြည်ညိုဖွယ်ဂုဏ်



မာမက (သုတေသီ)

ရဟန်းအဖြစ်ကို စတင်ခံယူသောအခါ ရှေးဦးစွာ ဥပဇ္ဈာယ်ယူမှုပြုရပါသည်၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ-အရှင် မြတ်ဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်ပါဘုရားဟူ၍ ဥပဇ္ဈာယ်အဖြစ်ကို တောင်းပန်လျှောက်ထားရပါသည်၊ တစ်ဖန် ရဟန်းဖြစ်ပြီးနောက်၌လည်း နိဿည်း ဆရာအဖြစ် တောင်းပန်လျှောက်ထားရာ၌ အာစရိယော မေ ဘန္တေ ဟောဟိ-အရှင်မြတ် ဘုရားတပည့်တော်၏ နိဿယည်း ဆရာ ဖြစ်ပါဘုရားဟူ၍ တောင်းပန်လျှောက်ထားရပါသည်၊ ဤသို့ ဥပဇ္ဈာယ်ဆရာအဖြစ်, နိဿည်းဆရာအဖြစ် တောင်းပန်လျှောက်ထားရာ၌ ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာတို့က ပါသာဒိကေန သမ္ပာဒေထ-ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်သော ကိုယ်အမူအရာ, နှုတ်အမူအရာအားဖြင့် သီလ, သမာဓိ, ပညာ ဟူသော သိက္ခာ ၃-ရပ် အကျင့်မြတ် ပြည့်စုံနိုင်ပါစေဟူ၍ ပြန်၍ မိန့်ဆိုတော်မူ ကြရပါသည်။

ဤအချက်ကို ကြည့်ခြင်းဖြင့် ရဟန်းသံဃာတော်များသည် ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်သော ကိုယ်အမူအရာ, နှုတ်အမူအရာများ ရှိတော်မူကြရန် အလွန်အရေးကြီးကြောင်းသိသာနိုင်ပါသည်၊ ယနေ့ မြန်မာနိုင်ငံရှိ ရဟန်းသံဃာတော်များတွင် ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်သည့် ကိုယ်အမူအရာ, နှုတ်အမူအရာရှိသော ရဟန်း သံဃာ အမြောက်အများရှိပါသည်၊ ထိုတွင် အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသလည်း အပါအဝင် ဖြစ်ပါသည်၊ ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)တွင် ဒုတိယနာယကချုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်နေချိန်က ဆရာတော် အား စတင် သိကျွမ်းခဲ့ပါသည်။

ထိုအချိန်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် နာယကချုပ်အဖြစ် ဘဒ္ဒန္တတိလောက (ကျိုက်ဝိုင်း)

ဆရာတော်က စတင်တာဝန်ယူထားပြီး ဘဒ္ဒန္တတိလောကာဘိဝံသ(ရွာမ) ဆရာတော်က ဒုတိယ နာယကချုပ်အဖြစ် တာဝန်ယူခဲ့သည်၊ တက္ကသိုလ်ကြီး စတင်ဖွင့်လှစ်ချိန်ဖြစ်ပြီး မကြာမီ နာယကချုပ်ဖြစ်သော ဘဒ္ဒန္တတိလောက (ကျိုက်ဝိုင်း) ဆရာတော်က တာဝန်မှ နုတ်ထွက်သွားသဖြင့် ဒုတိယနာယကချုပ်ဖြစ်သော ဘဒ္ဒန္တတိလောကာဘိဝံသ(ရွာမ)ဆရာတော်က နာယကချုပ်ဖြစ်ရန် လက်တစ်ကမ်းမျှသာ လိုသော အချိန် ဖြစ်ပါသည်၊ ထိုအချိန်အတွင်း **အင်းစိန်** ရွာမပရိယတ္တိစာသင်တိုက်တွင် အရှုပ်**အထွေး** ဖြစ်ပေါ်လာသဖြင့် ဆရာတော်မှာ မနေသာတော့ဘဲ တက္ကသိုလ်ကြီးတာဝန်မှ နုတ်ထွက်ပြီး စာသင်တိုက်သို့ ပြန်တော့ မည်ဟူသော သတင်းထွက်ပေါ်လာသည်။

ထိုအခါ ဆရာတော်ကို နာယကချုပ်အဖြစ် မြင်လိုသော စာရေးသူက ဆရာတော်အား ထွက်ခွာသွားခြင်း မပြုရန် အတန်တန်ပင် တောင်းပန်လျှောက်ထားပါသည်၊ စာရေးသူက စိတ်လှုပ်ရှားစွာဖြင့် အတန်တန်လျှောက်ထားသော်လည်း ဆရာတော်က စိတ်လှုပ်ရှားမှု မရှိဘဲ ပကတိတည်ငြိမ်သော အမူအရာဖြင့် "နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံ တက္ကသိုလ်ကြီးမှ ထွက်ခွာ၍ စာသင်တိုက်သို့ ပြန်ခွင့်ပြုရန် လျှောက်ထားရာ၌လည်း ဆရာတော်ကြီးများက အတန်တန် အကြိမ်ကြိမ် ပင်တားကြပါကြောင်း နောက်ဆုံးတွင် တပည့်တော်စာသင်တိုက် မပြန်လျှင် စာသင်တိုက် ပျက်ရမည့် အခြေအနေရှိပါကြောင်း လျှောက်ထားသောအခါကျမှ ဆရာတော်ကြီးများလည်း မတတ်သာတော့ဘဲ တက္ကသိုလ်ကြီးမှ ထွက်ခွင့်ပြုခဲ့ပါကြောင်း"မိန့်ကြားပါသည်၊ စာရေးသူလည်း မည်သို့မျှ ဆက်လက်လျှောက်ထားနိုင်မှု မရှိတော့ဘဲ နှုတ်ဆိတ်သွားရပါတော့သည်။

ဆရာတော်အား မည်သို့မျှ ပြန်၍ လျှောက်ထားနိုင်မှုမရှိသော်လည်း ဆရာတော် မိန့်ကြားသော ကိုယ်အမူအရာ, နှုတ်အမူအရာ အရ ဆရာတော်အား လေးစားကြည်ညိုလိုက်ရပါသည်၊ အထူးသဖြင့် တက္ကသိုလ်ကြီး၏ နာယကချုပ် (ပါမောက္ခချုပ်)ဟူသော ဂုဏ်ပုဒ်မှာ သေးငယ်သောဂုဏ်ပုဒ် မဟုတ်ပါ၊ လောကအလယ် အလွန်ကြီးကျယ်သော ဂုဏ်ပုဒ်ဖြစ်ပါသည်၊ သို့သော် ဆရာတော်သည် မိမိပြုစုပျိုးထောင်ခဲ့သော စာသင်တိုက် မပျက်ရေးအတွက် ကြီးမားသောဂုဏ်ပုဒ်ကြီးကိုပင် မငဲ့ကွက်ဘဲ စွန့်လွှတ်တော်မူနိုင်သည်ကို တွေးမိသောအခါ ဆရာတော်အား ပို၍ပင်ကြည်ညိုလေးစား ရပြန်ပါသည်၊ ဆရာတော်သည် တက္ကသိုလ်ကြီးမှ ထွက်ခွါပြီး ပျက်စီး ပြိုကွဲ ဖရိုဖရဲ ဖြစ်နေသော စာသင်တိုက်ကို ပြန်လည်ပြုစုပျိုးထောင်တော်မူခဲ့ရာ သာသနာ့နယ်ပယ်တွင် ရွာမ ပရိယတ္တိစာသင်တိုက်ဟူ၍ ထင်ရှားသော စာသင်တိုက်ကြီးအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ပြန်သည်။

ဆရာတော်သည် နိုင်ငံတော်ပရိယတ္တိ တက္ကသိုလ်ကြီးမှ ထွက်ခွါသွားတော်မူပြီးနောက် စာရေးသူလည်း ဆရာတော်နှင့် အဆက်ပြတ်ခဲ့ရာ စာရေးသူ ပင်စင်ယူပြီးနောက်ပိုင်း၌ ဆရာတော်သည် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိတော်မူကြောင်း ကြားသိရသဖြင့် ဝမ်းသာမိပါသည်၊ ဝိနည်းတရားတော်နှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်သော ဆရာတော်ဖြစ်ကြောင်းလည်း ကြားသိရပါသည်၊ သို့ရာ

တွင် မီးပင်လယ်ဗွေတွင် ပွင့်သော ပဒုမာကြာကဲ့သို့ အခက်အခဲတွေ့ နိုင်သည်ဟု တွေးမိပါသည်၊ နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများသည် ၁၅-ပါးစီ ၃-ဖွဲ့ခွဲကာ ၄-လစီအလှည့်ကျ ရုံးထိုင်၍ သာသနာရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက် တော်မူကြခြင်းဖြစ်သည်၊ ဝါတွင်း ရုံးထိုင်သောအဖွဲ့ဆိုလျှင် ၁၆-လ အနားရပြီး ကျန် ၂-ဖွဲ့ကသာ ၄-လစီအလှည့်ကျရုံးထိုင်၍ ဆောင်ရွက်ရသည်။

ဤသို့ ၄-လ အလှည့်ကျ ရုံးထိုင် ဆောင်ရွက်ရခြင်းဖြစ်၍ သာသနာရေးကိစ္စတစ်ရပ်ကို ဆောင်ရွက်ရာ၌ အစအလယ်အဆုံး ခြုံငုံသိရှိဆောင်ရွက်နိုင်ရန် အခက်အခဲရှိသည်၊ အဘယ့်ကြောင့်ဆိုသော် အချို့ကိစ္စများမှာ အလွန် ရှည်ဝေးပြီး ရှုပ်ထွေး၍သက်ဆိုင်ရာ တင်ပြမှုအပေါ်ဆောင်ရွက်ရသောကြောင့်ဖြစ်သည်၊ တစ်နေ့တွင် ကျောင်းဆိုင်ရာ အဆုံးအဖြတ်စာအုပ်တွင် အမှာစာထည့်သွင်း ဖော်ပြနိုင်ရန် ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသတို့ထံ ရောက်ရှိခဲ့ပါသည်၊ အမှူးသည်ဆရာတော်တစ်ပါးက ထိုဆရာတော်ထံ ကားငှား၍သွားမည်ဆို၍ ကားကြုံလိုက်သွားခြင်း ဖြစ်ပါသည်၊ အမှူးသည် ဆရာတော်က လျှောက်ထားစာထည့်ထားသောစာအိတ်ကြီးတစ်အိတ်ကို ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသအား ဆက်ကပ်၍ လိုရာလျှောက်ထားပြီးနောက် စာရေးသူက ဆရာတော်အားအမှာစာ ရေးပေးရန် လျှောက်ထားသောအခါ ဆရာတော်က မအားလပ်ကြောင်း မိန့်ကြားပါသည်၊ ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသထံ ရောက်သောအခါ အမှူးသည်ဆရာတော်က ရှေ့နည်းအတိုင်း စာအိတ်ကြီးတစ်အိတ်ကို ဆက်ကပ်သောအခါ ဆရာတော်က အတွင်းမှစာအိတ်ငယ်တစ်ခုကို နှိုက်ထုတ်ပြီး အမှူးသည်ဆရာတော်အား ပြန်ပေးလိုက်ပြီးစာကို ထုတ်ယူ၍ ဖတ်ရှုပါသည်၊ ၎င်းနောက် စာရေးသူက ကျောင်းဆိုင်ရာအဆုံးအဖြတ်စာအုပ်အတွက်အမှာစာရေးပေးတော်မူရန် လျှောက်ထားသောအခါ ဆရာတော်က အသာတကြည်လက်ခံတော်မူပြီး အမှာစာရေးပေးတော်မူခဲ့သည်။

ကျောင်းဆိုင်ရာ အဆုံးအဖြတ် စာအုပ်ထွက်လာပြီးနောက် ဆရာတော်အား စာအုပ်များကို သွားရောက် ဆက်ကပ်သောအခါ ဆရာတော်က မဟာနာယကအဖွဲ့မှ နုတ်ထွက်ရန်စာတင်ခဲ့ကြောင်း ဆရာတော်များက သက်တမ်းကုန်ဆုံးသည်အထိ ဆောင်ရွက်ပေးရန် ပြောကြသဖြင့် ဆက်လက်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း မိန့်ကြားပါသည်၊ စာရေးသူကဆရာတော်နာမည်ကောင်းလျက်ရှိပါကြောင်းလျှောက်ထားခဲ့ပါသည်၊ ဤတွင်လည်း မဟာနာယကအဖြစ်ကို လိုလားသောဆရာတော်များတွင် ဆရာတော်က မဟာနာယကအဖြစ်မှ နုတ်ထွက်ရန် စာတင်ကြောင်း မိန့်ကြား ပြန်သဖြင့်-

ဝ မုမာပိ န စ ထဒ္ဓေါ၊
ဒက္ခိဏော န စ နဋ္ဌဝေါ။
တေဇဿီ န စ နက္ခန္တော၊
ကတ္တာပိ န စ ဝိမှယော။

ပညာရှိသူတော်ကောင်းတို့ ကျင့်သုံးလေ့ရှိသည့် စွမ်းအားပြည့် ခန္ဓာကိုယ်ရှိပါသော်လည်း မခက်ထန် မကြမ်းတမ်းပါ၊ လိမ္မာကျွမ်းကျင်သော်လည်း မကောက်ကျစ် မစဉ်းလဲပါ၊ ဘုန်းကံကြီးသော်လည်း သည်းမခံနိုင်သူမဟုတ်ပါ၊ ပြုလုပ်ဆောင်ရွက်တတ်သူ ဖြစ်သော်လည်း ကြွားဝါခြင်းမရှိပါဟူသော ပညာရှိ

သူတော်ကောင်းအင်္ဂါနှင့် ပြည့်စုံသောဆရာတော်ဖြစ်ကြောင်း စိတ်ထဲတွင် အတွေးဝင်ပြီး ထပ်မံကြည်ညိုခဲ့ရပြန်ပါသည်။

အထူးမှာ စာရေးသူသည် သာသနာရေးဦးစီးဌာသို့ မရောက်မီ ရွာမအရှေ့ရှိ ယန္တရားအလုပ်ရုံတွင် အမှုထမ်းစဉ်က ရွာမအရှေ့ရပ်ကွက်တွင်နေခဲ့ရာ အနောက်ရွာမရှိ ရွာမပရိယတ္တိစာသင်တိုက်၌ ပွဲလမ်းသဘင် ကျင်းပပြုလုပ်ရာ၌ ရောက်ဖူးသည်၊ သာသနိကအဆောက်အအုံများ စည်ကားမှုမရှိသေးသော်လည်း ယခု ဆရာတော်ထံ အမှာစာယူရန်ရောက်ရှိသောအခါ သာသနိကအဆောက်အအုံများ တိုးတက်စည်ကားလျက်ရှိသည်ကိုတွေ့ရသောအခါ အံ့ဩမှုဖြစ်ခဲ့ရသည်၊ ဆရာတော်၏ ဘုန်းကံကြီးမားမှုကိုလည်း အသိအမှတ်ပြုခဲ့ ရသည်၊ သို့ရာတွင် ဆရာတော်၏ ကိုယ်နှုတ်အမူအရာမှာ ပြောင်းလဲမှု မရှိဘဲ တည်ငြိမ်အေးချမ်းသော ကိုယ် နှုတ်အမူအရာသာရှိသည်ကို တွေ့ရှိရသည်၊ အမှန်အားဖြင့် ဆရာတော်သည်-

၁။ ဒက္ခ-တရားနှင့်အညီ ပစ္စည်းရှေး၌ လိမ္မာသော ဉာဏ်ပညာရှိခြင်း၊

၂။ သံ ဝိဘဇ္ဇ-ရလာသောပစ္စည်းများကို သီလအကျင့်ရှိသူတို့အား ခွဲဝေပေးလှူခြင်း၊

၃။ အဟာသ-ဉစ္စာပစ္စည်းများစွာရသော်လည်း ပျော်ပါးမော်ကြွား ဝမ်းသာမှု အမူအရာ မရှိခြင်း၊

၄။ အ ဗျယ- ပစ္စည်းဉစ္စာများ တိမ်းပါးပျက်စီးသော်လည်း ဝမ်းနည်းပူဆွေးမှုရှိမည့် ပုဂ္ဂိုလ်မဟုတ်ခြင်း- ဟူသော ဣန္ဒြိယဇာတ်တော်လာ သာခုနရတရား ၄-ပါးနှင့်ညီသော ဆရာတော်ဖြစ်ကြောင်း ထင်ရှားသည်၊ ၎င်းအပြင်-

၁။ အနာလသောကာမဘောဂီ- ဇွဲလုံ့လရှိသောလူ၊

၂။ သညာတပဗ္ဗဇိတ- ကိုယ်နှုတ်စောင့်စည်းသော ရဟန်း၊

၃။ နိသမ္မကာရီရာဇာ- စူးစမ်းဆင်ခြင်ပြုလေ့ရှိသော မင်း၊

၄။ အကောဓ ပဏ္ဍိတ- အမျက်မာန်မရှိသော ပညာရှင်-

ဟူသော ဥမ္မာဒန္တီဇာတ်လာ သာခုနရတရားနှင့်လည်း ပြည့်စုံသော ဆရာတော်ဖြစ်ကြောင်း ထင်ရှားသည်။

၎င်းအပြင်-

၁။ ချစ်ခင်နှစ်လိုဖွယ်သော ကိုယ်အမူအရာရှိခြင်း၊

၂။ ချစ်ခင်နှစ်လိုဖွယ်သော နှုတ်အမူအရာရှိခြင်း၊

၃။ ချစ်ခင်နှစ်လိုဖွယ်သော စိတ်စေတနာရှိခြင်း၊

၄။ ချစ်ခင်နှစ်လိုဖွယ်မျှတသော ဝေဖန်မှုရှိခြင်း၊

၅။ ချစ်ခင်နှစ်လိုဖွယ် ကိုယ်ကျင့်တရားရှိခြင်း၊

၆။ ချစ်ခင်နှစ်လိုဖွယ် လိုက်လျောတတ်မှုရှိခြင်း-ဟူသော ဥပရိပဏ္ဏာသပါဠိတော်လာ၊ သာရဏီယတရား ၆-ပါးနှင့်လည်း ပြည့်စုံသော ဆရာတော်ဖြစ်၍ ကြည်ညိုဖွယ် ဂုဏ်ဆောင်သော ဆရာတော်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

♦ မာမက (သုတေသီ)


“တုံ-နှောင်-နှိုင်း”
“တူ-တတူ-တူ-တူ၊တူ-တတူ-တူ-တူ. . . .”
“ဒင်--ဒင်---ဒင်---ဒင်---ဒင်---ဒင်”
“ဟဲ့-စိုးမောင် မထသေးဘူးလား
ခြောက်နာရီထိုးနေပြီ”
ယင်းတေးသံသာသုံးခုလုံး ကျုပ်နားထဲသို့
အစီအစဉ်တကျဝင်လာတယ်။
ရာသီတွေနေ့ရက်တွေသာ အလီလီပြောင်းသွားမယ်။
2010

ဒီသံစည်သုံးခုကတော့ ပြောင်းမသွားဘူး။လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်ကတည်းက ကြားလာရတာဆိုတော့၊ ဒီသံစည်သုံးခုမကြားရတဲ့နေ့ဆိုရင် ကျုပ်တစ်ခုခုလိုနေသလို ခံစားရတယ်။

ကျုပ်နေတာက ရွာမအနောက်ရပ်ကွက်၊ ကျောင်းလမ်းထဲမှာပါ။ ကျုပ်အိမ်ရဲ့အနီးနားမှာ ရွာမပရိယတ္တိစာသင်တိုက် ကြီးရှိတယ်။ ကျောင်းတိုက်ကြီးထဲကသံစုံနာရီကြီးက တစ်နာရီ တစ်ခါမြည်တယ်။ နာရီထိုးသံကို လော်စပီကာနဲ့ဂျိုင်းထားတော့ ကျောင်းတိုက်ထဲကသာ မကဘူး ရပ်ကွက်ထဲကပါကြားရတာပေါ့၊ တစ်ခြား နာရီတွေထိုးတာက ကျုပ်နဲ့မဆိုင်ဘူး။ ညနေခြောက်နာရီထိုးရင်သာ ကျုပ်နဲ့ဆိုင်တာ။ ညနေခြောက်နာရီထိုးသံကြားတာနဲ့ ကျုပ်မိန်းမက ကျုပ်ကိုအော်နှိုးတော့တာပဲ။ ဒါကြောင့် ဒီသံစည်သုံးခုက တစ်ပြိုင်နက်တည်း ကြားနေရတာပေါ့။

ညနေခြောက်နာရီမှာ နှိုးတယ်ဆိုလို့ အလကားအိပ်နေတယ်လို့တော့မထင်လိုက်ပါနဲ့။ ကျုပ်က နေ့ပိုင်းအိပ်ပြီး ညပိုင်း အလုပ်ဆင်းရတယ်။ ကျုပ်အလုပ်ကစက်ရုံမှာ ညစောင့်အလုပ်ပါ။ အင်းစိန် ကမ်းနားမှာရှိတဲ့အရက်ချက်စက်ရုံတစ်ခုမှာ ညစောင့်အလုပ်ဆိုတော့ ည(၇)နာရီကနေ နောက်တစ်နေ့နံနက်(၇)နာရီအထိ အလုပ် ဆင်းရတယ်၊ ညနေ(၆)နာရီ အိပ်ရာကထပြီး ရေမိုးချိုး၊ ထမင်းစားသောက်ပြီးထွက်ရင် စက်ရုံကို ည(၇) နာရီ အတိရောက်တယ်။ ဒါကြောင့် မိန်းမက ညနေ(၆)နာရီထိုးသံကြားတာနဲ့ ကျုပ်ကိုတစ်ခါတည်း အော်နှိုးတော့တာပဲ။

ကျုပ်စဉ်းစားကြည့်တယ်။ ဒီလိုရွာမပရိယတ္တိက နာရီထိုးသံမကြားရရင် ကျုပ်ကို ဘယ်လို နှိုးမလဲဆိုတာ။ ကျုပ်အိမ်မှာက အသံ



“ ရွာမပရိယတ္တိကျောင်းမှာ
ဒီသံစုံနာရီကြီး တပ်ပြီးကတည်းက၊
ကျုပ်မိန်းမကကျုပ်ကို
ညနေခြောက်နာရီထိုးတာနဲ့
နှိုးရတဲ့အလုပ်ကို ရသွားတာ။ ”

မြည်တဲ့နာရီတစ်လုံးမှ မရှိဘူး။ နာရီဆိုလို့ ကျုပ်လက်မှာပတ်ထားတဲ့ လက်ပတ်နာရီ တစ်လုံးပဲ ရှိတာ။ အဲဒီနာရီကလည်း ရပ်တစ်ခါ ပျက်တစ်လှည့်နဲ့တစ်ခါမှအချိန်မှန်တယ်မရှိဘူး။

ရွာမပရိယတ္တိကျောင်းမှာ ဒီသံစုံနာရီ ကြီးတပ်ပြီးကတည်းက၊ ကျုပ်မိန်းမကကျုပ်ကို ညနေခြောက်နာရီထိုးတာနဲ့ နှိုးရတဲ့အလုပ်ကို ရသွားတာ။ အရင်ကဆို သူနှိုးစရာတောင် မလို ဘူး။ ကျုပ်ဘာသာကျုပ်နှိုးတာပေါ့။ ဘာလို့လဲ ဆိုတော့ရွာမပရိယတ္တိရဲ့ ညနေခြောက်နာရီထိုး သံကို ကျုပ်အရမ်းသဘောကျတယ်။ အဲဒီ အချိန်တုန်းကလဲ ရွာမပရိယတ္တိမှာ ညနေ ခြောက်နာရီ၊ နံနက်ငါးနာရီ၊ နံနက် ဆယ့်တစ် နာရီ ဒီသုံးချိန်ကိုပဲ နာရီထိုးတာ။ နာရီထိုးတယ် ဆိုလို့စက်နာရီမဟုတ်ဘူး။ တုံးမောင်းထိုးတာကို ပြောတာ။ နံနက်အရုဏ်ဆွမ်းစားချိန် ငါးနာရီနဲ့ နေ့ဆွမ်းစားချိန်ဆယ့်တစ်နာရမှာ ကုလားတက် ခေါက်တယ်၊ တုံးမောင်းထိုးတယ်။

''တောက် - တောက် - တောက် - တောက်-------"

"တုံ- တုံ- တုံ- တုံ-တုံ-------"

ဒီအသံကနှစ်ခုက ကျုပ်အတွက် အထူး အဆန်းမဟုတ်ဘူး။ ဘုန်းကြီးကျောင်းတော် တော်များများမှာ ကြားဖူးနေကျလေ။ ကုလား တက်ကတော့ ဘုန်းကြီးကျောင်းတိုင်းမှာ ရှိတာ များတယ်။ တုံးမောင်းကတော့ တစ်ချို့ ကျောင်း ကြီးတွေလောက်သာရှိတာ။ ရွာတွေ မှာတော့ တစ်ရွာကို အနည်းဆုံးတစ်ကျောင်းလောက် တော့ရှိတယ်။ ရွာသူရွာသားတွေရဲ့ တစ်နေ့တာ လုပ်ငန်းခွင်ဝင်ဖို့ ရွာဦးကျောင်းက တုံးမောင်း သံက နှိုးစက်တစ်ခုပါပဲ။

ဒီတော့ကျုပ်တို့လို မြန်မာလူမျိုးတွေ အတွက်က တုံးမောင်းသံကအဆန်း တစ်ခု မဟုတ်ဘူးလို့ဆိုပါတော့။ ဒါပေမဲ့ ရွာမပရိယတ္တိ ရဲ့ညနေခြောက်နာရီတုံးမောင်းသံက နည်းနည်း ထူးဆန်းတယ်။ ညနေခြောက်နာရီ တုံးမောင်း ထိုးတယ်ဆိုတာက သံဃာတွေစာဝါတက်ဖို့ အချက်ပေးတာပါ။ တုံးမောင်းထိုးလိုက်တာနဲ့ ကျောင်းဆောင်အသီးသီးက သံဃာတွေထွက် လာပြီး စာဝါတက်ဖို့သတ်မှတ်ထားတဲ့ကျောင်း ဆောင်မှာစုဝေးကြရသည်။ အဲဒီညနေခြောက် နာရီမှာထိုးတဲ့တုံးမောင်းသံက ထူးဆ<sup></sup>န်းတယ် ဆိုတာဒီလိုဗျ။

"တုံး"၊"နောင်"၊ ဒိုင်း"

"တုံ"၊"နောင်"၊"ဒိုင်း"

သစ်သားတုံးမောင်းတစ်ခုကိုထိုးတာ ဘယ့်နှယ်"တုံ နောင် ဒိုင်း"မြည်ရတယ်လို့ မတွေးလိုက်ပါနဲ့။ တုံးမောင်းကတော့ မြန်မာ ပြည်ဘယ်အရပ်ရပ်ကတုံးမောင်းထိုးထိုး။ "တုံ"လို့ပဲ မြည်မှာပါ။ ဒါက တုံးမောင်းရဲ့ ပုံသေ ပဲလေ။ အခု ရွာမပရိယတ္တိ ကတုံးမောင်းက လည်း"တုံ"လို့ပဲမည်ပါတယ်။ နောက်ကလိုက် လာတဲ့ "နောင်"ဆိုတာက ကြေးစည်ထိုးတာပါ။ ပြီးတော့မှ စည်ကြီးကို "ဒိုင်း"ကနဲရိုက်လိုက် တော့"တုံ-နောင်-ဒိုင်း"ဖြစ်သွားတာပေါ့။

ဒါနဲ့ ကျုပ်တစ်ရက်မှာ ကျောင်းဝင်းထဲ သွားကြည့်တယ်၊ တုန်းမောင်းကြီးကို အတုလ ဝံသကျောင်းဆောင် (ယခုဖျက်သိမ်းပြီး သုံးထပ် ကျောင်းဆောင်ကြီး ဆောက်လုပ်ထား၏) အောက်မှာ တွေ့ရတယ်၊ လူတစ်ဖက်ခန့် ရှိတဲ့ တုံးမောင်းကြီးကို တွဲလောင်းဆွဲထားတာ ဦးဇင်း တစ်ပါးက သစ်သားထိုးတံနဲ့ ဆောင့်ထိုးလိုက်ရင် "တုံ"ကနဲမြည်တာပေါ့၊ တုံးမောင်းက အသား

ကောင်း လုံးပတ်ကြီးတော့ အသံပိုကျယ်တာကိုး၊ ဒါပေမဲ့ သူ့ထက်ကြီးတဲ့ တုံးမောင်းကို ကျုပ် မြင်ဖူးတယ်။ ဟာမစ်တစ်နားက မဟာစည်ရိပ် သာမှာ တုံးမောင်းကြီးက လူနှစ်ဖက်ကျော်ခန့် ရှိတော့ လက်နဲ့ တုံးမောင်းမထိုးနိုင်ဘူး။ ထိုးတံ တုတ်ကြီးကို ကြိုးနဲ့တွဲလောင်းဆွဲထားပြီး လွှဲတဲ့ အရှိန်နဲ့တိုက်ပြီး ထိုးရတယ်။ မြည်လိုက်တာက လည်း မြေကြီးတောင် တုန်တယ်။ ထားပါတော့ "နောင်-ဒိုင်း"အသံထွက်တဲ့နေရာကို သွားကြည့် တယ်၊ အတုလဝံသကျောင်းဆောင်အနီးမှာရှိ တဲ့ ဓမ္မာရုံ(ယခုဖျက်သိမ်းပြီး) အထဲမှာတွေ့ရ တယ်။ ကြေးစည်ဝိုင်းဝိုင်းကြီးက ထမင်းစားစားပွဲ ခုံ လောက်ရှိမယ်၊ အဲဒီ ကြေးစည်ကြီးကိုလည်း ဦးဇင်းတစ်ပါးက သစ်သားထိုးတံနဲ့ ထိုးတော့ "နောင်"ကနဲမြည်တာပေါ့။ ကြေးစည်ကြီးကို ဓမ္မာရုံ ထုတ်တန်းမှာ တွဲလောင်းဆွဲထားတာ၊ ကြေးစည်နဲ့မလှမ်းမကမ်းမှာ စည်ကြီးကို ချိတ် ထားတယ်၊ စည်ကြီးကလည်း မျက်နှာပြင် အကျယ်လေးပေလောက်ရှိမယ်ထင်တယ်၊ ဦးဇင်းတစ်ပါးက သက်န်းဟောင်း တစ်ထည်ကို လိမ်ကျစ်ထားတဲ့အဝတ်လိပ်နဲ့ အောက်ကနေ စည်မျက်နှာပြင်ကို လှမ်းရိုက်တာ၊ "ဒိုင်း"ကနဲ မြည်တာပေါ့၊ ဒီတော့ စည်တီးတာမဟုတ် တော့ဘူး စည်ရိုက်တယ် ခေါ်မှာပေါ့။ ဒါကြောင့် ဘောလည်လား၊ ပတ်ပျိုးလား၊ သီချင်းလား မသိဘူး။ "သုံးချက်စည်တော် ရိုက်ဆော်ညှင်း တယ်လေး" လို့ဆိုတာကိုး ။

တုံးမောင်းကြီးထိုးတော့ တုံဆိုတဲ့ အသံ က အသံရှည်ဆွဲတယ်၊ ကြေးစည်ထိုးသံက လည်း "နောင်"ဆိုတာ အသံရှည်ဆွဲတယ်၊ ဒီလို အသံမတူတဲ့ အဲသည်ရှည်နှစ်ခုမြည်ပြီးမှ "ဒိုင်း" ဆိုပြီးအသံတို အသံပြတ်နဲ့ ပိတ်လိုက်တော့ နားထောင်ရတဲ့ သူ့အတွက် သံစဉ်တစ်ခုကို ပြည့်စုံ ပြီးပြတ်သွားစေတယ်၊ ဂီတကို နားလည် လို့မဟုတ်ဘူး၊ ရသကို နားလည်းကြည့်တာ၊ ဥပမာ "ရုပ်ရှင်ဇာတ်ကားတစ်ခုမှာ လူဆိုးက ဇာတ်လိုက်ကို မတရားအနိုင်ကျင့် နှိပ်စက်တယ် ဆိုပါစို့၊ ဇာတ်လမ်းတစ်လျှောက်လုံးမှာ လူဆိုးက အနိုင်ကျင့် ဇာတ်လိုက်က မခံနိုင်တဲ့အဆုံး တခြားမှာ ပညာတွေသွားသင်ရပြီး လူဆိုးကို လက်စားချေဖို့ ပြန်အလာ"အဲဒီအချိန်မှာ မီးပြတ် သွားပြီး ဇာတ်ကားဆက်မကြည့်ရတော့ရင် ဘယ်လိုနေမလဲ၊ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်ကျန်မနေဘူးလား၊ ဇာတ်လိုက် လူဆိုးကို အနိုင်ရပြီး ဇာတ်သိမ်းလိုက်မှသာ ဇာတ်လမ်း တစ်ခု ပြည့်စုံပြီးပြတ်သွားပြီး ပရိသတ်ရင်ထဲ မှာလည်း ရှင်းသွားတာပေါ့။ အဲဒီလိုပဲ "တုံ"နဲ့ "နောင်"ဆိုတဲ့ လိုက်သံ လွင်သံတွေကို "ဒိုင်း" ဆိုပြီး အဆုံးသတ်လိုက်တော့ ရင်ထဲမှာ ရှင်း သွားရောပေါ့ဗျာ။ ကျုပ်အဓိက ပြောချင်တာ ကလည်း အဲ့ဒီစည်ကြီးတီး အဲ--- ရိုက်တာ ကိုပဲ စည်သံနဲ့ နာရီထိုးတာကို ရှေးမြန်မာဘုရင် လက်ထက်က သုံးခဲ့တာရယ်၊ ဘုရင်ထီးနန်း စိုက်တဲ့ မင်းနေပြည်တော်မှာသာ အသုံးပြုတာ ဖြစ်ကြောင်း စာအုပ်တွေထဲမှာ ကျုပ်ဖတ်ရ တယ်။ မန္တလေး ရတနာပုံနန်းတော်ကြီးထဲမှာ လည်း ပဟိုရ်စည်ကြီးတွေကို တွေ့ဖူးတယ်။ နန်းတော်ရဲ့ ပဟိုရ်စည်ကနေ တစ်နာရီ တစ်ခါ၊ စည်တီးပေးတဲ့အတွက် မြို့တော်သူမြို့တော် သားတွေက အချိန်ကို သိကြရတယ်၊ ဒါကြောင့် ဟိုရတုတစ်ခုထဲမှာ"ရွှေပဟိုရ်စည်သံများကိုလည်း မကြားရကြာချေပြီ" လို့ ထည့်စပ်ထားတာပေါ့။

ဆိုလိုချင်တာက အချိန်နာရီကိုသိဖို့ စည်သံကို နားထောင်ခဲ့ကြတာ၊ ရှေးမြန်မာ



ဘုရင်တွေခေတ်ကပါ၊ ဒီနေ့ခေတ် နာရီတွေ ဈေးပေါသေးပေါ ဖြစ်နေတဲ့အချိန်တွေမှာ စည်သံဆိုတာမကြားရတော့ဘူး။ မြန်မာပြည်ကို အင်္ဂလိပ်သိမ်းပိုက် စဉ်ကတည်းက ထီးသုဉ်းနန်း သုဉ်းသကဲ့သို့ စည်သံလည်း ဆိတ်သုဉ်းခဲ့ရတာ ဒီနေ့ခေတ်လူငယ်တွေဆိုရင် ပဟိုရ်စည်သံကို ကြားဖူးဖို့ဝေးစွ မြင်ဖူးဖို့ပင် ခဲယဉ်းတယ်၊ အချို့ဆိုရင် ဆိုင်းဝိုင်းထဲက ပတ်မကြီးနဲ့စည်ကို မကွဲဘူး၊ ဒီလိုမြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ် ပဟိုရ်စည်တိမ်မြုပ်ပျောက်ကွယ်နေချိန်မှာ ရွှာမပရိယတ္တိစာသင်တိုက်ကြီးက ညနေ(၆)နာရီကို စည်ရိုက်သံပေးတော့ မြန်မာ့သွေး မြန်မာ့မာန်တွေက ကျက်သီးတဖြန်းဖြန်းထစေတာပေါ့။

ပြီးတော့ ကျုပ်ကိုယ်တိုင်ကလည်း ရှေးမြန်မာ့ဟန်အတိုင်းပဲလေ. . .၊ ညနေ (၆)နာရီမှာ စည်သံ"ဒိုင်း"ကနဲကြားတာနဲ့ အိပ်ရာကနိုးပြီး ညအလုပ်ဆင်းဖို့ ပြင်ရတော့တာပဲ၊ ကျုပ်ကို အလုပ်အချိန်မှန်ဆင်းနိုင်ဖို့ သတိပေးတဲ့ ပဟိုရ်စည်သံပေါ့ဗျာ၊ ဘယ်အခုလိုမိန်းမက အော်နှိုးစရာတောင်မလိုဘူး၊ အိပ်ရာကနိုးတာနဲ့ ချက်ချင်းမထသေးဘူး၊ တုံးမောင်းအဖွင့် ကြေးစည်အလယ် စည်သံအဆုံး "တုံ" "နောင်" "ဒိုင်း" ဆိုတဲ့သံစဉ်တွေကို နားအရသာခံပြီး နားထောင်လေ့ရှိတယ်။

ဒါပေမယ့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ အခြေအနေအချိန်အခါနဲ့ လျော်ညီစွာပဲ ရွှာမပရိယတ္တိစာသင်တိုက်ကြီး ပြောင်းလဲလာတယ်၊ ကျောင်းဆောင်အသစ်ကြီးတွေ တစ်ဆောင်ပြီး တစ်ဆောင် ပေါ်ထွက်လာတယ်၊ ခေတ်မီနည်းပညာနဲ့ အသုံးအဆောင်တွေလည်း ပြည့်စုံလာတယ်၊ အချိန်အတွက်လည်း သံစုံနာရီကို အသံချဲ့စက်နဲ့ဂျိုင်းပြီး လော်စပီကာနဲ့ တစ်နာရီတစ်ခါမြည်လာတယ်၊ စာသင်သံဃာတွေလည်း များလာပြီး ရွှာမပရိယတ္တိစာသင်တိုက်ဆိုတာ နိုင်ငံကျော်စာသင်တိုက်ကြီး ဖြစ်လာခဲ့တယ်။

ရုပ်ပိုင်းဆိုင်ရာနဲ့ ပညာပိုင်းဆိုင်ရာမှာ ခမ်းနားထည်ဝါလာတဲ့အတွက် "တုံ" "နောင်" "ဒိုင်း" ဆိုတဲ့ လွမ်းမောဖွယ် မြန်မာ့ယဉ်ကျေးမှု တစ်ခုကို စွန့်လွှတ်လိုက်ရတယ်၊ နန်းမူနန်းဟန်နဲ့ မြန်မာ့ပဟိုရ်စည်သံကြီးလည်း တိတ်ဆိတ်သွားခဲ့ရတယ်။

ရွှာမပရိယတ္တိစာသင်တိုက်ထဲကို ရောက်တိုင်း သုံးထပ်ကျောင်းဆောင်ကြီးတွေ ဆွမ်းစာဆောင်ကြီးနဲ့ လှပတဲ့နှစ်ထပ်ကျောင်းဆောင်ကြီးတွေကို မြင်ရတိုင်း ပရိယတ္တိစာပေကို သင်ကြားပို့ချနေတဲ့ အရှင်မြတ်တွေအတွက် အလွန်ဝမ်းသာ ပီတိဖြစ်ရပါတယ်။ နှုတ်ကလည်း သာဓုခေါ်မိတယ်။

ဒါပေမယ့် ကျုပ်ရင်ထဲမှာ "တုံ" "နောင်" "ဒိုင်း" ကြီးကို လွမ်းနေတုန်းပါပဲခင်ဗျား . . . . .။

♦ စိုးမောင်မောင်

♠♠♠

# ထို့နောက်

ငါမင်းကို စတွေ့တဲ့အခါ
ငါ့ရင်ထဲမှာ ပထမဆုံးဖြစ်ပေါ်ခဲ့တာက အချစ် ...။

ငါ့အချစ်တွေနဲ့ မင်းကို လွှမ်းမိုးမိတဲ့အခါ
ငါ့ရင်ထဲမှာ ဒုတိယဖြစ်ပေါ်ခဲ့တာက ပိုင်ဆိုင်ခြင်း။

ငါနဲ့မင်း
ဘဝတစ်ခုကို တည်ဆောက်ခဲ့ကြ
ငါက မင်းကို သိပ်ချစ်
မင်းကလည်း ငါ့ကိုသိပ်ချစ်
သမီးလေးတစ်ယောက်ဖွားမြင်
ပျော်စရာ ကမ္ဘာလေးတစ်ခုပေါ့ ...။

ငါ့ရင်ထဲမှာ
လုံးဝ လုံးဝ မတွေးထားခဲ့တာတစ်ခုရှိခဲ့တယ်
အဲဒါကတော့ ... ကွဲကွာခြင်းဆိုတဲ့ဝေါဟာရ
ဒီဝေါဟာရ အသစ်စက်စက်က
ငါ့ကို အထီးကျန်စေခဲ့
မရဏသေမင်း ...မင်းကိုခေါ်ဆောင်သွား
ငါ ဘာမှမလုပ်နိုင်ခဲ့ ကာကွယ်မှုလည်းမပေးနိုင်ခဲ့ဘူး
ငုတ်တုတ် လက်ပစ်ကြည့်နေခဲ့ရတယ်။

အခုတော့ ငါ့ရင်ထဲမှာ
"ကွဲကွာခြင်း"ဆိုတဲ့ ဝေါဟာရကို ကာကွယ်ဖို့
အမြဲ ...အသိ... သတိ...

■ ကျော်ရဲဝေ




မနုဿလူ့ဘုံလောကတွင် မကြုံဆုံခဲ့ကြဘူးသော အံ့ဖွယ်ထူးဆန်းသည့် အတွေ့အကြုံ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို ဖြစ်ရပ်ဆန်းဟု သတ်မှတ်လက်ခံကြရမည်သာ ဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံခဲ့ရခြင်းကိုတော့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းဟု ခေါ်ဝေါ်အသိအမှတ်ပြုကြရမည်သာဖြစ်ပါ၏။ လူတိုင်းလူတိုင်းတော့ တွေ့ဆုံ ကြုံဖူးကြမည်မထင်ပေ။ သို့သော် စာရေးသူကဲ့သို့ပင် ကြုံဆုံဖူးသူများလည်း ရှိကောင်းရှိကြပေမည်၊ ပြော၍ မယုံ။ ကြုံဖူးသူသာလျှင် လက်ခံယုံကြည်နိုင်မည် ဖြစ်ပါ၏။ အချိန်ကာလသည်ကား ၁၉၅၇-ခုနှစ် ကုန်လုနီးပြည်တွင်း၌ ရောင်စုံသောင်းကျန်းမှုများ အင်အားကောင်းဆဲ ဖြစ်၏။ စာရေးသူ ခြေမြန်တပ်ရင်း (၀၁) အထူးတပ်ဟုခေါ်ဆိုနေကြသော တပ်တွင် တပ်စိတ်မှူးအဆင့် တပ်ကြပ်အဆင့်ဖြင့် စစ်မှုထမ်းဆောင်နေစဉ် မိမိတပ်သည် အခြေစိုက်သေနတ်ကိုင် ခြေလျင်တပ်များနှင့် မတူပါချေ။ စစ်တိုက်ရန်အတွက် တိုက်ပွဲဝင်ရန်အတွက်သာလျှင် အထူးဖွဲ့စည်းထားသော ခြေမြန်တပ်ရင်းများထဲမှ တပ်ရင်း တစ်ရင်း ဖြစ်ပါ၏။ မိုးအခါ စစ်ဆင်ရေးထွက်ရပါပြီ။ ရွှေဝသန်စစ်ဆင်ရေးခေါ် ယမထာစစ် ဆင်ရေးပင် ဖြစ်ပါ၏။ စစ်ကြောင်းလှုပ်ရှားရမည့် နယ်မြေသည်ကား ဇရိယာသတ်မှတ်ပေး ထားချက်ကတော့ အရှေ့ဘက်သံလွင်မြစ် အနောက်ဘက် စစ်တောင်းမြစ်ဖြစ်၏။ ထိုတာဝန် ယူရသော မိမိတပ်ရင်းသည် ရံခါရံခါဆိုသလို စစ်ကြောင်းနှစ်ကြောင်းခွဲ၍ သော်လည်းကောင်း တစ်ကြောင်းတည်း ပေါင်း၍သော်လည်းကောင်း အခြေအနေအရ စစ်ရေးလှုပ်ရှားမှုဖြင့် ရန်သူများကိုရှာဖွေ တိုက်ခိုက်ချေမှုန်းလျက်ရှိပါ၏၏။ စစ်ကြောင်းသည် သံလွင်မြစ်၏ အရှေ့ဘက်ခြမ်းသို့ ကူးရမည်ဖြစ်သည်။ စစ်ကြောင်းတစ်ကြောင်းလုံး အရှေ့ဘက်ခြမ်းသို့ ချောမောရန်ကင်းစွာ ကူးဖြတ်နိုင်ရန်အတွက် ရှေ့ပြေးအသေခံတပ်သားရှစ်ယောက်

ကို စစ်ကြောင်းတပ်ရင်းမှူးမှ ခွဲမှူးစုမှူးများအပါ အဝင် ရွေးချယ်တော့၏။ ရွေးခြယ်ခံ စွမ်းရည် ရှင်သည် အထူးစစ်ရေးကွန်မန်ဒို အော်စီကယ် သင်တန်းတက်ထားသူဖြစ်ရမည် အိမ်ထောင် မရှိသည့် လူပျိုလူလွတ်ဖြစ်ရမည်။ အကယ်၍ အရှေ့ဘက်ခြမ်းတွင် ရန်သူများရှိနေခဲ့ပါက အသေခံကြရမည့် အသေခံတပ်သား ဖြစ်ပါ၏။ စာရေး သူသည် အားကောင်းမောင်းသန် ၂၃- နှစ်သို့ ရောက်နေသောအရွယ် အထူးသင်တန်း တက် ထားသူဆိုတော့ နံပါတ်(၁) ပထမဆုံးရွေး ခြယ်ခံရပါတော့၏။ နောက်ထပ် အရည်အချင်း ပြည့်မီသူ ဒုတပ်ကြပ်တစ်ဦးနှင့် တပ်သားခြောက် ဦးကို ရွေးခြယ်လိုက်ပြီးပါပြီ၊ အသေခံတပ်သား ရွေးခြယ်ခြင်းဟု မဆိုပါ။ အထူးတပ်သား ရွေးချယ် ခြင်း ဟုဆိုပါ၏။ တပ်ခွဲမှူးမှ ညွှန်ကြား အမိန့်ပေး ပါ၏။ ရဲဘော်တို့ စစ်ကြောင်းကြီး တစ်ကြောင်း တည်း၌ မြောက်မြားစွာရှိသော ရဲဘော်တွေထဲ မှာမှ "ရဲဘော်တို့အထူးတပ်သားများ အဖြစ် ရွေးချယ်ခံရတာကို ဂုဏ်ယူကြပါ၊ ရဲဘော်တို့ သင်ကြားတတ်မြောက်ခဲ့ကြသော အထူးသင် တန်း၏ စစ်ရေးစွမ်းရည်ကို ထုတ်ဖော်အသုံး ပြုခွင့်ရကြလို့ ဝမ်းမြောက်ဂုဏ် ယူစရာတစ်ခု လည်းဖြစ်ကြောင်း ရဲဘော်တို့ သံလွင်မြစ် အရှေ့ ဘက်ခြမ်းကမ်းကို တက်ရောက်မိလျှင် တပ်စိတ် မှူးနှင့် ရဲဘော်သုံးယောက်သည် မြစ်၏ အပေါ် ဘက် ကိုက် (၈၀၀) ကျော်၌ နေရာယူထားရန် ဖြစ်တယ်။ ဒုစိတ်မှူး နှင့် ရဲဘော်သုံးကတော့ မြစ်၏ အောက်ဘက် ကိုက်(၈၀၀)ကျော်တွင် နေရာယူထားကြရန် ဖြစ်တယ်။ ရဲဘော်တို့ ရှင်းကြလား"၊ "ရှင်းပါတယ်"၊ ခွဲမှူးမှ "ဆက်လုပ်" ဟုအမိန့်ပေးသဖြင့် ခွဲမှူးအား အလေးပြု၏။ ရိုသေခြင်းအဓိပ္ပာယ် ခွဲမှူးမှ ပြန်၍ အလေးပြုပါ

၏။ လေးစားခြင်းအဓိပ္ပါယ်တည်း။ အထူး တပ်သား တပ်စိပ်သည် သံလွင်မြစ်အရှေ့ဘက် ခြမ်းသို့ ကူးခတ်ကျော်ဖြတ်ရန် အသင့်ပြုလုပ် ထားသည့် တစ်ယောက်ကူး ဝါးနှစ်လုံးဖောင်ကို ကိုယ်စီကိုယ်ငှ ထမ်းယူကြပြီးလျှင် မြစ်၏အ ထက် ကိုက်(၈၀၀)မျှ တက်သွားကြပြီးလျှင် ရှစ် ဦးလုံးတစ်ပြိုင်နက်တည်း သံလွင်မြစ်အရှေ့ဘက် ခြမ်းသို့ ကူးကျော်ဖြတ်ခြင်း စစ်ရေးတာဝန် အထူး ကို စတင်လှုပ်ရှား ကျော်ဖြတ်ခြင်း ပြုကြရပါ တော့၏။ ကံကောင်းထောက်မ၍အသေခံ တပ် သားတွေ မဖြစ်ခဲ့ကြဘဲ အထူးတပ်သားများ အဖြစ်သို့ ခံယူရရှိခဲ့ကြပြီ ဖြစ်ပါ၏။ အကြောင်း ကား သံလွင်အရှေ့ဘက်ခြမ်း၌ ရန်သူများမရှိခဲ့ ကြခြင်းပင်၊ ကမ်းပေါ် သို့တက်ကြကာ သတ်မှတ် ထားသည့် ကိုက်(၈၀၀)နေရာ၌ ကင်းစောင့် နေကြပါ၏။ နေ့လယ် တစ်နာရီအချိန်၌ သံလွင် မြစ်အနောက်ခြမ်းရှိ စစ်ကြောင်း စခန်းချထား သော သောင်ခုံအကျယ်တစ်နေရာသို့ စစ်ရဟတ် တစ်စင်း ကောင်းကင်ပြင်မှ ကျဆင်းရောက်ရှိ လာပါတော့၏။ သိပ်မကြာလှပါ၊ စစ်ရဟတ် သည် ကောင်းကင်သို့ ပျံတက်ကာ မိုးတိမ်လွှာ ထဲတွင် ပျောက်ကွယ်သွားပါ၏။ အနောက် ဘက်ကမ်းမှ အရှေ့ဘက်ခြမ်းသို့ သုံးယောက်စီ လေးယောက်စီး ရော်ဘာလေထိုး လှေငယ်များ ကို အသုံးပြု၍လည်းကောင်း ဝါဖောင်များ ပြုလုပ်လျက်လည်းကောင်း စစ်ကြောင်းကြီး ကူးဖြတ်ခြင်းပြုနေပါပြီတကား၊ သံလွင်မြစ်ဖျား တစ်နေရာဖြစ်၍ ရေစီးသန်လှပေသည်။ လမ်းပြ ဖထီးပြောချက်အရ အောက်တစ် မိုင်ခန့်တွင် ကျောက်ဆောင်ကျောက်ဆွယ်များ ထူပြောလှ သည့် မြစ်ရေတံခါးဝဲကြီး ရှိပေသည်။ ဂျပန်ခေတ် တွင် ဂျပန်စစ်သားများ ဝါးဖောင်ဖွဲ့၍ ကူးဖြတ်

ကြရာ ထိုရေတံခါးဝဲထဲသို့ ကျရောက်သွားကာ များစွာ သေကျေပျက်စီးခဲ့ကြောင်း ထိုနေရာသည်ယခုတိုင် မသာတံခါးဟု ခေါ်စမှတ်ပြုသည်ဟု သိခဲ့ရပါ၏။ သံလွင်အရှေ့ဘက်ခြမ်း စစ်ရေးလှုပ်ရှားရခြင်းသည် လွန်စွာပင်ပန်းလှ၏၊ အကြောင်းကား တောင်စဉ်အထပ်ထပ်ကိုပင် ပန်းစွာတက်ကျော်ဆင်းနေရခြင်းဖြစ်ပါ၏။ သုံးရက်မြောက်နေ့တွင် မြန်မာနိုင်နှင့် ယိုးဒယားနိုင်ငံတို့ နှစ်နိုင်ငံစပ်ကြား နယ်နိမိတ်အစဖြစ်သော သောင်ရင်းမြစ်ကမ်းသို့ ရောက်ပါ၏။ သောင်းရင်းမြစ်ကို အရှေ့ဘက်သို့ ကူးဖြတ်ကျော်လိုက်လျှင် ယိုးဒယားနယ်မြေထဲသို့ ရောက်သွားမည်ဖြစ်၏။ ထိုနယ်မြေတစ်ဝိုက်အား ရှင်းလင်းပြီးသောအခါ စစ်ကြောင်းနောက်ကြောင်းသို့ ပြန်လှည့်ခွင့်ရပါ၏။ အပြန်ခရီးတောတွင်း တစ်နေရာသို့ ရောက်သော် ရိက္ခာပြတ်သောအဖြစ်နှင့်ကြုံရပါတော့၏၊ကောင်းကင်မှ လေယာဉ်ဖြင့် ရိက္ခာချပေးရန် မဖြစ်နိုင်သော ရာသီဉတုဆိုးက လေယာဉ် ပျံသန်းခွင့်မရအောင် ဖုံးလွှမ်းထားခြင်းခံရပါသောကြောင့် စစ်ကြောင်းကြီး တစ်ကြောင်းလုံး ရိက္ခာပြတ်၍ ထမင်းငတ်ကြရပါ၏။ အမည်မသိသော ထိုတောအုပ်ကြီးအလယ်၌ပင် မောင်နှင့်မည်းမည်း ခရီးဆက်သွားခြင်းမပြုတော့ဘဲ ဖြစ်သလို အိပ်စက်ရပ်နားကြပါတော့၏။ တစ်နေ့တာလုံး ခရီးပန်းလာသည်ကတစ်ကြောင်း ထမင်းအာဟာရငတ်သည်ကတစ်ကြောင်းမို့ အိပ်လှဲချလိုက်ရာ အိပ်ပျော်သွားပါလေတော့၏။ တစ်စုံတစ်ဉီး၏ လှုပ်ခါနှိုးခြင်းခံရသဖြင့် အိပ်ရာမှနိုးလာခဲ့ပြီး စာရေးသူ၏ အနီးကပ်ဘေး၌ အိပ်နေသော သူငယ်ချင်းတပ်ကြပ်ရဲမောင်ကို အကဲခတ်လိုက်၏။ ရဲမောင်သည်ကား နှစ်နှစ်ခြိုက်ခြိုက် အပ်မောကျနေဆဲပင်။ ထူးတော့ထူးနေ၏ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိ၏။ မောင်နှင့်မည်းမည်း တောအုပ်ကြီးအလယ်၌ မှုန်ရေးရေးလူသွားလမ်းလေး တစ်ကြောင်းကို အမှတ်မထင်မြင်၏။ မလှမ်းမကမ်းမှ အိမ်တစ်အိမ်မှ မီးထွန်းထားသည်ဟု ထင်ရသော မီးအလင်းရောင်တစ်ခုကို မြင်နေရသဖြင့် မိမိရေဘူး၌ အသင့်ပါခဲ့သော ရေဖြင့် ပလုတ်ကျင်းမျက်နှာသစ်လိုက်ကာ မိမိကိုင်ဆောင်သော ကာဘိုင်သေနတ်ကို အိပ်ယာဘေးမှ ဆွဲယူကာ ထိုမီးရောင်ရှိရာသို့ စူးစမ်းလိုသော စိတ်ဖြင့်ထွက်ခဲ့ပါ၏။ ကိုက်(၅၀၀)အကွာ၌ တကယ်ပင်ရှိနေသော ဝါးအိမ်ငယ်လေးတစ်လုံးထဲတွင် လေးလက်မပတ်လည်ရှိသော ရေနံဆီမီးခွက်ကြီးကို မီးထွန်းထား၏။ အိမ်ပေါ်၌ ရုပ်ရည်ချင်းခွဲမရအောင် တူသော အသက် ၃၀/၃၅ ရှိမည်ဟု ခန့်မှန်းရသောအမျိုးသမီးနှစ်ယောက်ကို တွေ့ဆုံရပါ၏။ ညီအစ်မပင် ဖြစ်နိုင်ချေရှိပါ၏။ ခန္ဓာအပေါ်ပိုင်း၌ အတွင်းခံဘော်လီ အပြင်ခံအင်္ကျီ ဝတ်ထားခြင်းမရှိဘဲ ထမီအမည်းကိုပင် ရင်ရှားလျက် ဆင်တူဝတ်ထားကြပါ၏။ ကရင်ပြည်နယ်၏ အပျို

---

ကျေးဇူးအများကြီးတင်ပါတယ်
အနော်တို့ရယ်
ဒီကျွန်တဲ့ထမင်းကြမ်းနဲ့
ငါးရံ့ ကင်တစ်ကောင်ကို
ထမင်းမစားရသေးတဲ့
သူငယ်ချင်းတစ်ယောက်ကို
ကျွေးချင်တယ်၊
အနော်တို့ ခွင့်ပြုရင်ပေါ့နော်

---

မဟုတ်သူ မိန်းမတို့ နေလေ့နေထရှိကြသည်ကို အမြင်ရိုးနေ၍ မထူးဆန်းလှပါချေ၊ အကြီးဖြစ်သူ ဟုထင်ရသူက "အိမ်ပေါ်ကို တက်လာလေ မောင်လေး"ဟု ဖော်ရွေစွာ ဖိတ်လာသောကြောင့် စာရေးသူလည်း ဝါးလှေကားသုံးဆင့်ကို ကျော်နင်းခါ ဝါးအိမ်ပေါ်သို့ ရောက်သွားတော့၏။ စာရှုသူက စူးစမ်းလိုက်မိ၏ သည်အိမ်မှာ အနော်တို့ နှစ်ယောက်ထဲနေလားလို့ပေါ့ သွက်သွက်လက်လက်ရှိသော အနော်ကပင် ဟုတ်တယ်မောင်လေး အနော်တို့ညီအစ်မက ဘဝကံဆိုးတယ်လေ ငယ်ငယ်ရွယ်ရွယ်တွေနဲ့ မုဆိုးမလေးတွေ ဖြစ်နေရတယ်ဟု ဖြေကြားပါ၏၊ ဤသို့စကားကြားရတော့ ကရုဏာသက်သွားမိသယောင်ယောင် ဖြစ်ရ၏။ စာရေးသူက တရားချလိုက်ပါသေး၏။ အကြောင်းတရားပေါ့ အနော်တို့ရယ်၊ လူ့ဘဝဆိုတာ ကံကြမ္မာက အပြီးစီရင်ချက်ချပြီးသားဆိုတော့ ကံကြမ္မာကြိုးဆွဲရာ ဘဝက လိုက်နေရတယ်ဟုတ်လား၊ အနော်တို့ ကျွန်တော်တို့က ဘာတတ်နိုင်ကြမှာလဲဗျာ-- ဟုတ်ဘူးလား အနော်က မောင်လေးက စကားတတ်ဟု ဆိုလာ၏။ မရှက်သုံးပါး ဆိုစကားရှိ၏ ကြိုက်မရှက် ငိုက်မရှက် တော်မရှက်နိုင် ဗိုက်ထဲမှ ပိုမျိုး(၈၀)ကလည်း တဂွီဂွီတဂွီဂွီ အာဟာရ ဆာလောင်မွတ်သိပ်မှုကြောင့် ဆန္ဒပြ သောင်းကျန်းဆူပူနေကြသည်ဖြစ်လို့ မရှက်နိုင်တော့ပါ၊ အနော် ထမင်းကြမ်းကျန်ရင် ကျွေးပါတော့ ဟု တောင်းမိလျက်သား ဖြစ်သွားတော့၏။ အနော်သည် ကရင်စကားဖြင့် အစ်မဖြစ်ပါ၏။ အနော်သည် စကားပြန်ပြောခြင်းမရှိဘဲ မီးဖိုချောင်ထဲသို့ ထဝင်သွားပါတော့၏။ မကြာလှပါချေ၊ ဆန်ခြောက်ဘူးဝင် ဒန်အိုးတစ်လုံးကို မယူလာပြီးလျှင် ဒန်အိုး အဖုံးပေါ်၌ သစ်သားပြားကို ထွင်းထားသော သစ်သားပန်းကန် တစ်နည်း ကရင်လို လော်ခေါ ခေါ်၏။ တစ်ချပ်ပါလာသည်။ နောက်ပြီး စာရေးသူတက်ခဲ့သော လှေကားတည့်တည့် ခေါင်မိုးမှ ဝါးညှပ်ဖြင့် ငါးခူတစ်ကောင် ငါးရံ့တစ်ကောင် ကင်ထားသည့် ငါးကင်ကို ယူပေးပြီး စာရေးသူအား လှမ်းပေးရင်း အားမနာနဲ့နော် . မောင်လေး ဝအောင်စားနော် ဟု ဆိုသဖြင့် စာရေးသူ ထမင်းအိုးကို ဖွင့်လိုက်ပြီး အိုးတစ်ခြမ်းမျှရှိသော ထမင်းကြမ်းကို သစ်သားပန်းကန်ထဲသို့ လက်ဖြင့် နှိုက်ထည့်လိုက်ပြီး ငါးခူကင်တစ်ကောင် ကုန်သွားအောင် တဝကြီး အားရပါးရ စားလိုက်တော့၏။ အိုးထဲမှ ထမင်းကြမ်းတစ်ဝက်သည် တစ်ဝက်ကျန်နေသေး၏။ငါးရံ့ကင် တစ်ကောင်လည်း ကျန်ရှိသေး၏။ အနော်က အုန်းမှုတ်ခွက်ကို ဝါးရိုးဖောက်တပ်ထားသော ခွက်ဖြင့် သောက်ရေအိုးမှ ရေကို ခပ်ပြီး ကမ်းပေးပါ၏။ စာရေးသူလှမ်းယူပြီး ရေသောက်လက်ဆေးလိုက်ပြီးလျှင် ကျေးဇူးအများကြီးတင်ပါတယ် အနော်တို့ရယ် ဒီကျန်တဲ့ ထမင်းကြမ်းနဲ့ ငါးရံ့ကင်တစ်ကောင်ကို ထမင်းမစားရသေးတဲ့ သူငယ်ချင်းတစ်ယောက်ကို ကျွေးချင်တယ်၊ အနော်တို့ ခွင့်ပြုရင်ပေါ့နော် . . . အစ်မကြီးဖြစ်မည်ဟု ထင်ရသော သွက်လက်သည့် အနော်ကပင် မောင်လေးသူငယ်ချင်းကို သွားခေါ်လိုက်လေဟု ခွင့်ပြုချက်ရသဖြင့် စာရေးသူလည်း မြန်စွာပင် အိပ်ယာသို့ ပြန်ခဲ့ပြီး သူငယ်ချင်း တပ်ကြပ် ရဲမောင် အိပ်မောကျနေသည်ကို လှုပ်ခါ နှိုးလိုက်၏။ သူငယ်ချင်းရဲမောင်က နိုးနိုးချင်း ဘာလဲ ရွှေမွန် ဟု မေး၏။ မင်းမျက်နှာသစ်လိုက်ကွာ မင်းကို ငါထမင်းလိုက်ကျွေးမယ် ငါးရံ့ကင်နဲ့ကွ မြိန်မှမြိန် ကောင်းမှကောင်းပဲ သူငယ်ချင်း ရွှေမွန် မင်းရူးသွားပြီလား မဖြစ်

နိုင်တာပဲ ရွာမရှိ အိမ်မရှိတဲ့ တောကြီးမျက်မည်း ထဲမှာ မဖြစ်နိုင်စရာကွာ ရဲမောင်သည် ပြောပြော ဆိုဆိုပင် ရေဘူးထဲမှ ရေဖြင့် မျက်နှာသစ်ရင်း ပြော၏။ ရွှေမွှန် ရွှေမွှန် မင်းကို တံတားလေးပို့ ရတော့ မယ်ထင်တယ်ဟု ထပ်ဆိုပြန်ပါ၏။ တံတားလေးသည် ရန်ကုန်မြို့တွင် စိတ္တဇအရူး များကို ကုသသော အရူးကု ဆေးရုံဖြစ်၏။ သူငယ်ချင်းများက စာရေးသူ မွန်ပြည်နယ် မော်လမြိုင်မြို့ သားဖြစ်၍ ခင်မင်မှုဖြင့် ရွှေမွှန်ဟု အမည်ကျော်ခဲ့ ရပါ၏။ အမှန်တော့ စာရေးသူ မှာ အဖေက ရှမ်း ကရင်စပ်ဖြစ်သည်။ အမေက ဗမာအမျိုးသမီးစစ် ဖြစ်ပါ၏။ အမေ၏ အဖိုး ဖြစ်သူတို့သည် ရတနာပုံပျက်ချိန်၌ ဝေးလံသော ကရင်ပြည်နယ်ထဲသို့ တိမ်းရှောင်လာခဲ့သော ရတနာပုံမှ စစ်သူကြီးတစ်ဦးဖြစ်ကြောင်း အမေ က ပြောပြ၍ သိခွင့်ရခဲ့ပါ၏။ စာရေးသူလည်း ကံမကောင်းသူ တစ်ယောက်ပင် ဖြစ်၏။ ဖခင် အား ဖြူလား မည်းလား သိခွင့် မြင်တွေ့ခွင့် မရရှိခဲ့သော ဖတဆိုး မုဆိုးမသား ဖြစ်ခဲ့ပါ၏။ သူငယ်ချင်းရဲမောင် ပြောမှယုံ ကြုံဖူးမှ သိမယ်၊ မင်းကို ငါလက်တွေ့ထမင်းကြမ်းလိုက်ကျွေးမယ် မဝေးဘူးကွ၊ ရှေ့ကိုက်(၅၀၀)လောက်မှာ သူငယ် ချင်း၊ ငါလက်တွေ့စားပြီးလို့ မင်းကို လာခေါ်တာ ကွ၊ မယုံရင်ငါ့ဗိုက်ကို စမ်းကြည့်ကွာ၊ ရဲမောင် သည် စာရေးသူ၏ ဗိုက်ကို စမ်းကြည့်ပြီး မယုံရ ခက် ယုံတစ်ဝက်ဖြင့် ထ၍လိုက်လာခဲ့ပါ၏။ နှစ် ယောက်သား ကိုက် (၅၀၀) ရောက်သောအခါ အိမ်ကို ရှာ၍မတွေ့တော့ပါ။ ဟိုမှသည်မှ ကျေနပ်အောင် နှစ်ယောက်သားလိုက်လံရှာဖွေ သော်လည်း မတွေ့တော့ပါ။ ရဲမောင် မင်းမစား ထိုက်ဘူးထင်တယ်သူငယ်ချင်း၊ အေးပါကွာ မင်း စားရတာကို ပဲ ငါဝမ်းသာပါတယ်။ ကဲ လာပြန် အိပ်ကြပါစို့ကွာ ဟု ရဲမောင်က ခေါ်ဆောင်၍ နှစ်ဦးသား ပြန်အိပ်လိုက်ကြသည်။ ဖြစ်ပျက် တွေ့ ဆုံခဲ့ရသမျှတွေကို အိပ်ယာထဲသို့ ရောက်သည့် တိုင် စမြုံ့ပြန်ကာ စဉ်းစားနေမိပါ၏။ တစ်ချိန် လုံး စကားပြောခြင်းမရှိသော ညီမဖြစ်သူသည် ဆွံ့အနေရှာသလား အတွေးပေါင်းများ သံသ ရာလည်နေရာမှ အိပ်ပျော်သွားပါ၏၊ မိုးလင်း သောအခါ စစ်ကြောင်းချီရန် ပြင်ရလေတော့၏။ မိနစ် (၂၀)အချိန်ရသောကြောင့် မကျေနပ်နိုင် သော ညကနေရာသို့ သွားရောက်ရှာလေ သည်။ ကိုက်(၅၀၀)အကွာအဝေး တောအုပ်ဆီ သို့ တွေ့ ပါပြီ၊ သေသေချာချာပင် တွေ့ရပါပြီ၊ ညသန်ခေါင်ယံအချိန်က မိမိထမင်းကြမ်း တက် စားခဲ့သော ဝါးအိမ်ကားမဟုတ်ပါချေ၊ ဂျပန်ခေတ်က ပျက်စီးသွားပြီဖြစ်သော ရွာပျက်တစ်ခု၏ သချိုင်း ဟောင်းပျက်ကြီးတစ်ခုပင် ဖြစ်၏။ နှစ်ပရိစ္ဆေဒ ကြာလှပြီထင့်၊ သစ်ဝါးများပင် ပိုးထိုးချစား လောက်ကိုက်၍ ပျက်စီးနေကြပြီဖြစ်လေသည်။ စာရေးသူ ရိပ်စားလိုက်မိပါပြီ ပါးစပ်မှလည်း အသံထွက်အောင် ပြောလိုက်ပါ၏။ အနော်တို့ သန်ခေါင်ယံက ငါးခူငါးရံ့ကင်နှင့် ထမင်းကြမ်း တစ်နပ်ကို မောင်လေးအမြဲသတိရ နေပါ့မယ်။ မောင်လေးပြုပြီးသမျှသော ကုသိုလ်အဖို့ကို အနော်တို့ကို အမျှပေးဝေပါ၏။ အမျှ အမျှ အမျှ ယူကြပါ မောင်လေးစစ်ဆင်ရေး တာဝန် အတွက် ခရီးဆက်ရတော့မယ် ခွင့်ပြုကြနော်ဟု ပြောဆို နှုတ်ဆက်ကာ ပြန်ခဲ့တော့၏ စစ် ကြောင်းသည် စတင်ချီတက်နေပါပြီ ဤ တကယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဆန်းကို ကြုံဖူး သူသာ လက်ခံကြမည်ဖြစ်ပါ၏။ စာရှုသူများ အနေဖြင့် ဖြစ်နိုင်မဖြစ်နိုင် ဆုံးဖြတ်ချက်ပေး နိုင်ကြပါစေလို့ . . . ♦ **ဗုဒ္ဓသာဝက** (ရာမညမြေ)

# အမြင်သစ်



ကိုယ်လူတို့
ကမ္ဘာကြီး လည်ပတ်နေတယ်
တစ်ကိုယ်စာလေးမှာ တွယ်ကပ်မနေကြနဲ့
မျက်တောင်ခတ်လိုက်ရင်
မျက်ခြေပြတ်ကျန်နေလိမ့်မယ်။

လာကြ
လတ်ဆတ်တဲ့ (၂၁)မှာ
အက္ခရာ အသစ်တွေနဲ့
နားတွေကို တိုက်ချွတ်
မျက်နှာသစ်လိုက်ကြရအောင်…။

■ မောင်ကြင်သူ(စစ်ကိုင်း)

# ထိုင်ဝမ်မှ အိတ်ဖွင့်ပေးစာ

**တက္ကသိုလ်မောင်ကိုရင်**



တပည့်တော် ရှိသေစွာဖြင့် စာရေးလျှောက်ထား အပ်ပါသည်ဘုရား . . . . .

ရွှာမပရိယတ္တိစာသင်တိုက် နှစ်လေး ဆယ်ပြည့် အထိမ်းအမှတ်စာစောင် ထုတ်ဝေမည်ဟု ရဟန်း ဒါယိကာမ မမော်မော်အေးထံမှ သတင်းစကားကြားရ၍ ဝမ်းမြောက်စွာနှင့် ဤဆောင်းပါး "ဆရာတော်သို့ အိတ်ဖွင့် ပေးစာ" ကို ရေးသားပေးပို့လိုက်ပါသည်ဘုရား။

ရှေးဦးစွာ ဆရာတော်ဘုရားနှင့်အတူ တပည့်ဒါယကာ ဒါယိကာမအားလုံး ကျန်းမာ ရွှင်လန်း ချမ်းမြေ့ပါစေကြောင်းနှင့် ရွှာမပရိယတ္တိ စာသင်တိုက်နှစ်(၄၀)မှသည် အနှစ်ရာ ထောင်တိုင်အောင် ရွှာမပရိယတ္တိသာသနာ ထာဝရတည်တံ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်ဘုရား။

ဆရာတော်ထံ စာမရေးဖြစ်၊ ဖုန်းမဆက် ဖြစ်သည်မှာ ကြာပြီဖြစ်သော်လည်း တပည့်တော် နိုင်ငံခြား ထွက်ခါနီး လာရောက်ကန်တော့ စဉ်က ဆရာတော်မိန့်မှာခဲ့သော ဩဝါဒကိုမူ အမြဲထာဝရ လိုက်နာလျက်ပါဘုရား၊ နိုင်ငံရပ် ခြားသာသနာပြုတယ်ဆိုတာလွယ်တဲ့ကိစ္စ တော့မဟုတ်ဘူး။ တပည့်ကို အထူးမှာကြားလို တာက အမြဲသတိရှိနေဖို့ပါပဲ။ သတိရှိနေဖို့ ဆိုသည်မှာ မမေ့မလျော့ဘဲ ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို အမြဲအားထုတ်နေဖို့ပါ၊ မတူညီတဲ့ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ အစားအစာ၊ လူမျိုးတွေကြားမှာ နေထိုင် သာသနာပြုရမှာဆိုတော့ သည်းခံစိတ်ရှည်မှု ခန္တီနှင့်

ပြည့်စုံရမယ်။ လူတိုင်းအပေါ်မှာ ချစ်ခင်လေးစားမှု မေတ္တာနှင့် ပြည့်စုံရမယ်၊ သူတစ်ပါးရဲ့ဘာသာ ယဉ်ကျေးမှုကို မထိပါးမပုတ်ခတ်ဘဲ ကိုယ် ဘာသာယဉ်ကျေးမှုကို သူတို့တွေနားလည် လက်ခံလာအောင် ကြိုးစားအားထုတ်မှု ဝီရိယ နှင့် ပြည့်စုံရမယ်။ ဘက်လိုက်မှုမရှိဘဲ သမာ သမတ်ကျ မျှတမှု ဉာဏ် ပညာနှင့်ပြည့်စုံရမယ်။ သင့်တင့်မျှတအောင် နှလုံးသွင်းတတ်မှု ယောနိ သောမနသိကာရနှင့် ပြည့်စုံရမယ်၊ အဲဒါ သာသနာပြုစိတ်ဓာတ်ပဲ။ သာသနာပြုစိတ်ဓာတ် ရှိနေသူဟာ ဘယ်နေ ရာမှာနေနေ အစစအဆင် ပြေအောင်မြင်တိုး တက်နေမှာပဲ၊ အဲဒီသာသနာ ပြုစိတ်ဓာတ်ကို ဘယ်တော့မှ မယုတ်လျော့စေ နဲ့ဟု သာသနာ ပြုနည်းဩဝါဒကို မေတ္တာ ကရုဏာ စေတနာရှေ့ထား၍ မိန့်ကြားတော်မူခဲ့ ပါ၏။ ထိုသာ သနာပြုနည်းဩဝါဒကို တပည့်တော် ထာဝရ လိုက်နာကျင့်သုံးခဲ့သော အကျိုးကျေးဇူးကြောင့်ပင် တပည့်တော်သည် ထိုင်ဝမ်နိုင်ငံမှာ (၇)နှစ် ကြာ နေထိုင်သီတင်းသုံး ခဲ့သော်လည်း တစ်စုံတစ်ရာ ပြဿနာမကြုံရဘဲ အေးချမ်းစွာနဲ့ သာသနာပြုနိုင်ခဲ့ပါသည်ဘုရား။

တပည့်တော်နှင့် ရွာမပရိယတ္တိစာသင် တိုက် ဆက်နွယ်ပတ်သက်မှု နောက်ကြောင်းကို အနည်းငယ် လျှောက်ထားပါရစေဘုရား။ မိမိ သည် (၁၉၈၇)နှစ်၊ ပထမကြီးတန်းရောက်မှ ဤ ကျောင်းတိုက်သို့ ပြောင်းရွှေ့ရောက်ရှိလာသော တပည့်တစ်ယောက် ဖြစ်ပါ၏။ ထိုစဉ်က ပထမကြီးတန်းအောင်မြင်ရန် လွန်စွာမှ ခက်ခဲ လွန်းလှပါ၏။ အချို့ဆိုလျှင် ခြောက်နှစ်ကြာ အောင်ပင် ဖြေဆိုကြရ၏။ ထိုမျှခက်ခဲလှသော စာမေးပွဲ ကို နှစ်ချင်းပေါက် အောင်မြင်ချင်သော ဆန္ဒကြောင့် မိမိယုံကြည်ရာ ဤရွာမပရိယတ္တိ စာသင်တိုက်သို့ ပြောင်းရွှေ့လာခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့် ယုံကြည်ရသနည်းဆိုသော်

မိမိသည် ယခင်ကပင် ဆရာတော်ပို့ချသော နွေရာသီယမိုက်ပဋ္ဌာန်း ညဝါသင်တန်းကို (၃)နှစ်ဆက်တိုက် တက်ရောက်သင်ကြားဖူးသူ ဖြစ်ပါ၏။ ထို့ကြောင့် ဆရာတော်၏ ထင်ပေါ် ကျော်ကြားမှု၊ ပိဋကတ် ကျွမ်းကျင်မှု၊ စာအရေး အသား ကောင်းမွန်မှု၊ စာအသင်အပြကောင်းမှု၊ တပည့်များကို နားလည်သဘော ပေါက်အောင် ရှင်းပြနိုင်မှု စသောဂုဏ်သတင်းကြောင့် စာသင် သားတိုင်းက ဆရာတော်ကို လူကိုယ်တိုင် မဖူး မြော်ဖူးသော်လည်း ရင်းနှီးသိကျွမ်းနေပြီး ဖြစ် ကြပါ၏။ ထိုစဉ်က မိမိတက် ရောက်သင်ကြားခဲ့ သော အဘိဓမ္မာညဝါ သင်တန်းသည် ရွာမပရိ ယတ္တိစာသင်တိုက် အတွင်း၌ ဖွင့်လှစ်ခဲ့ခြင်း မဟုတ်၊ ရွှေတိဂုံဘုရား အရှေ့ဘက် မုခ်၌ရှိသော မင်္ဂလာဗျူဟာ အသင်းတိုက်၌ ဖွင့်လှစ်သင်ကြား ခဲ့ခြင်းဖြစ်ပါ၏။ ထိုစဉ်က သင်တန်းတက် ရောက်လာကြသော သင်တန်း သားသံဃာ တော်တို့ များပြားလွန်းလှသောကြောင့် သံဃာ တော်တို့အတွက် အပေါ်ထပ် အောက်ထပ်နှင့် သီလရှင်များအတွက် ဘေးချင်း ကပ်လျက် အဆောင် (၃)နေရာခွဲပြီး သင်ကြရ၏။ (၃) နေရာတွင် တစ်နေရာသာလျှင် ဆရာတော်ကို တိုက်ရိုက်ဖူးတွေ့ရ၏။ ကျန်နေရာများကမူ ဆရာတော်ရဲ့ စာအုပ်ကိုကြည့်ပြီး ဆရာတော်ရဲ့ အသံကို နားထောင်ကာ သင်ယူကြရခြင်း ဖြစ်ပါ၏။ ဤမျှများပြားလှသော စာသင် သားတို့အား စိတ်ပါဝင်စားအောင် နားလည် သဘော ပေါက်အောင် သင်ကြားပြသရသော အလုပ်ကား မလွယ်ကူလှပေ၊ လူတစ် ရာလျှင် တစ်ယောက် စွမ်းဆောင်နိုင်ခဲသော ထိုသို့ခက်ခဲ သော အလုပ်ကို ဆရာတော်ကား စွမ်းဆောင် နိုင်ခဲ့ပြီတည်း၊ ထို့ထက်ပို၍ကား ထိုစဉ်မှစ၍ (၁၀)စု နှစ်ကျော်ကာလတိုင်အောင် နွေရာသီ ကျောင်းပိတ်တိုင်း မပျက်မကွက် ရွာမစာသင်

တိုက်တွင် နှစ်စဉ် အဘိဓမ္မာညဝါ သင်တန်းများ ကို ဆက်လက် ဖွင့်လှစ်သင်ကြား ပေးနေခြင်းပင် ဖြစ်ပါ၏။

အလွန်တရာခက်ခဲလှသည့် ပထမကြီး တန်းကို အောင်မြင်လိုသော မိမိသည် စည်း ကမ်းအလွန် တင်းကျပ်၍ အစားအသောက် အနေအထိုင် ဆင်းရဲသော ဤရွှာမပရိယတ္တိ ကျောင်းတိုက်ကို ရွေးချယ်ကာ ရောက်ရှိလာ ခဲ့ပေပြီ၊ နှစ်ချင်းပေါက် အောင်မြင်လိုသော ဆန္ဒ ရည်ရွယ်ချက်တို့နှင့် သာတည်း။ အစားအ သောက် အနေအထိုင်ဆင်းရဲသော ဆိုသည့် ထို စကားကို အနည်းငယ်ရှင်းပြဖို့ လိုမည် ထင်ပါ၏။ ထိုစဉ်က ရွှာမစာသင်တိုက်သည် ယခုကဲ့သို့ အရာရာပြည့်စုံလှသည်မဟုတ်။ သံဃာ(၄၀၀) ကျော်ရှိ၍ စည်းကမ်းတင်းကျပ်မှုကိုကား ပြောဖွယ်လိုမည်မထင်။ အနေအထိုင်နှင့် ပတ် သက်၍ သာဓကတစ်ခုကို ပြန်လည်ပြောပြ လိုပါ၏။ ရန်ကုန် မန္တလေး နာမည်ကြီး စာသင် တိုက်များသို့ ရောက်ဖူးသော သူငယ်ချင်း တစ် ယောက်၏ မှတ်ချက်စကားလေးတစ်ခုပင် ဖြစ် ပါသည်။ တစ်နေ့ ရွှာမစာသင်တိုက်သို့ အလည် အပတ် ရောက်လာသော သူငယ်ချင်းက ဤသို့ ဆိုခဲ့ဖူး၏။ ရွှာမစာသင်တိုက်နှင့် ရွှာမဆရာ တော်မှာ နာမည်ကျော်ကြားလှ၍ လာရောက် လည်ပတ်ချင်သည်မှာ ကြာပါပြီ။ အကြောင်း မညီညွတ်၍ မရောက်ဖြစ်ခဲ့ပေ။

ယခုမှသာ လာရောက်လည် ပတ်နိုင် တော့သည်။ သို့သော် အထင်နှင့်အမြင် ကွာခြား လွန်းလှသည်။ နာမည်ကြီးစာသင်တိုက်တိုင်း သည် နာမည်ကြီးသလိုခမ်းနားထည်ဝါ ကြ၏။ ရွှာမ စာသင်တိုက်မှာမူ ဤသို့မဟုတ်ပြီ။နာမည် ကြီးသော်လည်း အနေဆင်းရဲလှ၏။ "ဟု ကရု ဏာစကားကို ဆိုခဲ့ဘူးပါသည်။ သို့သော် ထိုသူငယ်ချင်းဖြစ်သူ သတိပြုမိသည်မှာ "ဤ ရွှာမပရိယတ္တိ စာသင်တိုက်သည် အနေစုပ် သော်လည်း ရွှေထုပ်သည့်မြပဝါဖြစ် ကြောင်း" ပင် ဖြစ်ပါသည်။ ယခုအခါတွင်မူ ရွှာမပရိယတ္တိ စာသင်တိုက် ကြီးသည်ဂုဏ်နှင့် ဒြပ်လိုက်ဖက် ညီခဲ့ပေပြီ။ ထင်ရှားကျော်ကြားသလို ခမ်းနား ထည်ဝါခဲ့ပေပြီ။ ရေမြင့်၍ ကြာလည်း မြင့်ခဲ့ပြီ ဖြစ်ကြောင်း အဆိုပါ သူငယ်ချင်းအား ပြောပြ ချင်လှပါ၏။ အကြောင်းသင့်လျှင် ထပ်မံ လာလည်ပါရန် ဖိတ်ခေါ်ချင်လွန်းလှပါ၏။

နှစ်ချင်းပေါက် အောင်မြင်လိုသော မိမိ အတွက် စိန်ခေါ်မှုအသစ်တစ်ခု ထပ်မံကြုံ တွေ့ရပြန်ပါ၏။ၾငင်းမှာအခြားမဟုတ်ပေ၊ ပထမ ပြန်စာမေးပွဲပညာရေး စနစ်ဟောင်းမှ စနစ်သစ် သို့ ပြောင်းလဲလိုက်ခြင်းပါတည်း။ ထို့ကြောင့် ယခင်က ပထမကြီးတန်းတွင် ဖြေဆိုရသော ဘာသာ(၅)ခုရှိရာမှ စနစ်သစ်တွင် (၇)ဘာသာ အထိတိုးလာခြင်းပါတည်း။ " ဘာသာရပ်များ သော်လည်း စိတ်ပျက်စရာမလို။ ကြိုးစားလျှင် ဘာမဆိုဖြစ်နိုင်ကြောင်း ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ" ဟု ဆရာတော်ကိုယ်တိုင် အားပေးစကားဆိုခဲ့ပါ၏။ ထိုကဲ့သို့ ဆရာတော် ၏ အားပေးမှု၊ မိမိကိုယ်တိုင် မဆုတ်မနစ် မလျှော့သော ဇွဲလုံ့လတို့ဖြင့် ကြိုးစားအားထုတ်မှု တို့ကြောင့် မိမိသည် ရွှာမပရိယတ္တိစာသင်တိုက် သို့ ရောက်သောနှစ်မှာပင် ဘာသာရပ်များပြား ၍ခက်ခဲသည်ဆိုသော ပထမကြီးတန်းကို နှစ် ချင်းပေါက် အောင်မြင်ခဲ့ပေပြီ။ ဝမ်းမြောက် ဝမ်းသာဖြစ်ရသည်မှာ အထူးပြောဖွယ်လို မည်မထင်၊ ပီတိမျက်ရည် လည်မိသည်အထိပင် ဖြစ်ပါ၏။ ဤသင်တန်းကို ကြားသိကြသော မိမိ၏ သူငယ်ချင်းအများအပြားပင် နာမည် ကျော်သလောက် ပညာသင်နည်းစနစ် အလွန် တရာတော်သော ဤရွှာမပရိယတ္တိစာသင် တိုက်သို့ ပြောင်းရွှေ့ ရောက်လာခဲ့ပေပြီ။ မိမိကို

အားကျ၍ ပြောင်းရွှေ့လာကြသော သူငယ်ချင်းများသည်လည်း နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်သာတည်း။ဤသည်တို့မှာ အခြားကြောင့်မဟုတ်ပေ။ ပန်းသတင်းလေညှင်းဆောင် ဆိုသလို ရွာမပရိယတ္တိကျောင်းကြီး၏ ကောင်းသတင်းအရပ်ရပ်သည် တိုင်းပြည်ရွာအနှံ့သို့တိုင် သတင်းပြန့်ခဲ့ခြင်းကြောင့် မဟုတ်ပါလော။

မိမိသည် မိခင်ကျောင်းတိုက်ကို မခွဲခွါလိုသော်လည်း ဆက်ရန်ရှိသော ပညာရေးရည်မှန်းချက် ပန်းတိုင်အတွက် ကျောခိုင်းထွက်ခွါ အဝေးသို့ ပညာရှာထွက်ခဲ့ရပေပြီ။ ရွာမပရိယတ္တိကျောင်းတော်ကြီးတွင် (၂)နှစ်တာမျှသာ ပညာရင်နို့ သောက်စို့ခဲ့ရသော်လည်း မိမိနှလုံးသား၌မူ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပညာသင်ယူခဲ့သည့် ငယ်မွေးခြံပေါက်ပမာ စိတ်ဝယ်အစဉ်စွဲထင်လျက်ရှိပါသည်။ ဤသည်မှာ အခြားကြောင့်မဟုတ်၊ ဆရာတော်နှင့်တကွ ဆရာအားလုံး၏ တပည့်များအပေါ် ထားသော မေတ္တာ ကရုဏာစေတနာတို့ကြောင့်ပါတည်း။ ဆရာတော်၏ လမ်းညွှန်မှုဖြင့် ပညာရှာခရီးထွက်ခဲ့ရရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ M.A ဘွဲ့ပြီးသည်အထိ (၉)နှစ်၊ ထိုမှသည် မဟာသန္တိသုခကျောင်းတော်ကြီး၌ နိုင်ငံခြားသာသနာပြု သင်တန်း(၃)နှစ်၊ ထိုမှတဖန် ထိုင်ဝမ်နိုင်ငံသို့ နိုင်ငံခြားသာသနာပြု ခရီးစတင်ခဲ့ရပါသည်။ ထိုင်ဝမ်သည် တရုတ်နိုင်ငံဖြစ်သည်နှင့်အညီ မိမိသင်ယူခဲ့သော ပါဠိစာ၊ အင်္ဂလိပ်စာသည် သာသနာပြုရာ၌ရာနှုန်းပြည့် အထောက်အကူ မဖြစ်ခဲ့ပေ၊ ထိုကြောင့် တရုတ်ဘုန်းတော်ကြီးများ ဖွင့်လှစ်ထားသော တက္ကသိုလ်သို့ တက်ရောက်၍ တရုတ်စာနှင့် တရုတ်စကားတို့ကို ကျွမ်းကျင်စေရန်အတွက် M.A တန်းသို့ တဖန်တက် ရောက်သင်ယူခဲ့ရပြန်ပါ၏။ တရုတ်စာကို (၆)နှစ်ကြာ သင်ယူခဲ့ပြီးနောက် ဘွဲ့လည်း ရခဲ့ပေပြီ၊ ယခုအခါ ထိုင်ဝမ်နိုင်ငံ၊ ကျုံးလိမြို့၌ ထိုင်ဝမ်ဆရာတော် ဦးနန္ဒဝံသ၊ ဦးပညာဇောတတို့၏ ဩဝါဒကိုခံယူလျက် ရတနာဝါသကျောင်းသစ်ကို (၁၆-၈-၂၀၀၉)နေ့တွင် ဖွင့်ပွဲအခမ်းအနားပြုလုပ်ပြီး စတင် သာသနာပြုလျက်ရှိပါကြောင်း ဆရာတော်အနေနဲ့ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားနိုင်စေရန် တပည့်တော် ရိုသေစွာဖြင့် အသိပေးလျှောက် ထားရခြင်းပါဘုရား။

(၂၀၀၃)ခုနှစ်။ ဖေဖော်ဝါရီလတွင် မိမိနှင့်အတူ ထိုင်ဝမ်နိုင်ငံမှ မဟာယာနသီလရှင် (သူတို့အခေါ် ရဟန်းမ) (၂)ပါး၊ ဒါယိကာ ဒါယိကာမ(၁၅)ယောက်ပါဝင်သော ဘုရားဖူးအဖွဲ့သည် မြန်မာနိုင်ငံသို့ ဘုရားဖူးအလည်အပတ်ခရီးရောက်လာရင်း သံဃာအပါး(၅၀၀၀) ဆွမ်းကပ်ချင်ကြောင်း၊ အစစစီစဉ်ပေးစေလိုကြောင်း လျှောက်ထားလာကြပါသည်။ မိမိအတွေးထဲတွင် ပထမဆုံးပေါ်လာသည်ကအခြားမဟုတ်၊ မိမိတစ်ချိန်က ပညာသင်ကြားခဲ့ရာ မိခင်ကျောင်းတော်ကြီးဖြစ်သော ဤရွာမပရိယတ္တိစာသင်တိုက် အပါအဝင် သံဃာတော်များသောကျောင်းတို့ကို ရွေးချယ်၍ ဆွမ်းကပ်ရန် စီစဉ်ခဲ့ရပါသည်။ ရန်ကုန်မြို့၌ ရွာမပရိယတ္တိစာသင်တိုက်တွင် သံဃာ(၁၀၀၀)၊ မန္တလေးမြို့၌ အမရပူရ မဟာဂန္ဓာရုံကျောင်းတွင် သံဃာ (၁၀၀၀)၊မစိုးရိမ်တိုက်သစ်၊ တိုက်ဟောင်းကျောင်း တိုက်နှစ်ခုပေါင်းတွင် သံဃာ(၃၀၀၀)၊ အားလုံး (၅၀၀၀)ဆွမ်းကပ်လှူဒါန်းခဲ့ကြပါသည်ဘုရား။

ဤမျှများပြားလှသော သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းရသော ထိုင်ဝမ်ဒါယိကာ ဒါယိကာမများ တပည့်တော်အား ဤသို့ပြောပြလာကြပါသည်ဘုရား။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအရာ မယှဉ်သာအောင် အလွန်တရာ ထွန်းကားမှုကို လည်းကောင်း၊ သံဃာတော်များ၏ ကြည်ညိုဖွယ်ရာ သမဏသာရုပ္ပဂုဏ်၊ ငြိမ်သက်တည်ကြည်မှု သန္တိန္ဒြိယဂုဏ်၊ ဣန္ဒြေတို့ကို စောင့်ထိန်းခြင်း ဣန္ဒြိယသံဝရဂုဏ်တို့ဖြင့် ဆွမ်းခံကြွလာကြသော သံဃာတော် အရှင်မြတ်တို့အား ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလောင်းလှူရသော ဒါနကုသိုလ် ပီတိဇောအတိုင်းအဆသည် နှိုင်းတုလို့မရအောင် ကြီးမားလှကြောင်းကိုလည်းကောင်း၊ ဂုဏ်ယူဝင့်ကြွားစွာ ရင်ဖွင့်လာကြပါသည်ဘုရား၊ ဥပမာဆိုရသော် ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်က ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလောင်းရသလိုမျိုး မုဒိတာပွား ခံစားရပါကြောင်း ထပ်လောင်း ပြောပြလာကြပါသည် ဘုရား။

ဤနေရာ၌ အနည်းငယ်ထပ်မံရှင်းပြဖို့ လိုမည်ထင်ပါသည်၊ မဟာယာနဗုဒ္ဓဘာသာနှင့် မဟာယာန သံဃာ့ဘောင်တွင် ဆွမ်းခံကြွမှု၊ ဆွမ်းလောင်းမှုအစဉ်အလာမရှိကြတော့ပေ။ သာသနာ့ဦးဆောင် သံဃာတော်တို့၏ အရေအတွက်မှာလည်း ကွာခြားလွန်းလှ၏။ ထိုင်ဝမ်နိုင်ငံတွင် ရဟန်းရော သီလရှင် အားလုံး စုစုပေါင်း ရေတွက်လျှင်သော်မှ သံဃာအပါး (၁၀၀၀၀)ဝန်းကျင်သာရှိကြပါ၏။ သာသနာထွန်းကားလှပါသော ထေရဝါဒနိုင်ငံများဖြစ်ကြသည့် သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား နိုင်ငံတွင်သော်မှလည်း သံဃာတော်အရေတွက်ကိုကြည့်လျှင် ရဟန်းရော သီလရှင်ပါ စုပေါင်းရေတွင်လျှင်သော်မှ အလွန်ဆုံး (၅၀၀၀)ဝန်းကျင်သာရှိကြပါ၏။ ယခုသူတို့ကိုယ်တိုင် မြန်မာနိုင်ငံ၌ ဖူးတွေ့မြင်နေရသည်က ကြည်ညိုဖွယ်ရာများပြားလှသော သံဃာတော်များ၊ သီလရှင်များ စေတီပုထိုးများပင် ဖြစ်ပါသည်။ ဤသည်ကိုကြည့်၍ သူတို့အားလုံး သဘောပေါက်နားလည်ကြသည်ကား ကမ္ဘာပေါ်တွင် ဆင်းရဲသည့်နိုင်ငံ စာရင်းဝင်နေသော မြန်မာနိုင်ငံသည် ထေရဝါဒသာသနာ အထွန်းကားဆုံးနိုင်ငံဖြစ်ကြောင်းကိုလည်းကောင်း၊ ပဌမသံဃာယနာနှင့် ဆဋ္ဌသံဃာယနာ (၂)ကြိမ်လုံး မြန်မာနိုင်ငံ၌ ဆင်ယင်ကျင်းပခဲ့သောကြောင့် ထေရဝါဒနိုင်ငံများတွင် ထေရဝါဒသာသနာ ဦးဆောင်နိုင်ငံဖြစ်ကြောင်းကိုလည်းကောင်း၊ Guinness World Records ၌ တိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ သည် ကမ္ဘာပေါ်တွင် စာမျက်နှာ အရေအတွက် အများဆုံး နှစ်သောင်းကျော်ကို အလွတ်ရွတ်ဆို အာဂုံဆောင်နိုင်သူအဖြစ် မှတ်တမ်းတင်ထားခြင်းကို ကြည့်ပြီး မြန်မာသံဃာတော်များ၏ ပိဋကတ်ကျွမ်းကျင်မှုနှင့် ဉာဏ်ပညာထက်မြက်မှုကို လည်းကောင်း၊ သံသရာမှထွက်မြောက်ရာလမ်းဖြစ်သော ဝိပဿနာအကြောင်းကို သိလိုလျှင် မြန်မာနိုင်ငံသို့ သွားရောက်လေ့လာရမည်ဟု ပြောစမှတ်တွင်သည်ထိ အကျင့်သိက္ခာ ဝိပဿနာ အရာတွင် ကမ္ဘာက လေးစားလောက်အောင် ပြိုင်ဘက်ကင်းစွာ ရှေ့တန်းရောက်နေသည်ကိုလည်းကောင်း၊ ခမ်းနားထည်ဝါသော စေတီပုထိုးများ၊ ကျောင်းတိုက်များကို ကြည့်ပြီး၊ နိုင်ငံဆင်းရဲသော်လည်း ပြည်သူလူထု၏ မေတ္တာစေတနာ သဒ္ဓါတရားထက်သန်ကြောင်းကို လည်းကောင်း ချီးကျူး ထောမနာပြုလျှက် လေးစားကြည်ညိုဂါရဝ ပြုခဲ့ကြပါသည် ဘုရား၊ ဤသည်ကိုကြည့်ပြီး ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနှင့်ပတ်သက်လာလျှင် မြန်မာနိုင်ငံသည် ကမ္ဘာကို စိန်ခေါ်နိုင်ဆဲဖြစ်ကြောင်း၊ အစစသာလွန်ဆဲဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားဖွယ်ရာသာကေတတစ်ခုအဖြစ် တင်ပြလျှောက်ထားခြင်းပါဘုရား။

ရွာမပရိယတ္တိ သာသနာအကြောင်း ထပ်လောင်းတင်ပြရသော် ဤကဲ့သို့ နိုင်ငံခြားမှ လာရောက်လှူဒါန်းခြင်းကို ထိုင်ဝမ်နိုင်ငံမှ လာရောက်လှူဒါန်းခြင်းသည် ပထမဆုံးအကြိမ် မဟုတ်၊ အခြားသော နိုင်ငံများကလည်း ယခု ကဲ့သို့ မကြာခဏ လာရောက်လှူဒါန်းလေ့ ရှိကြောင်း သိရှိရ၍ အမိရွာမပရိယတ္တိ စာသင် တိုက်ကြီးအတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူ ဝင့်ကြွားမိပါသည်ဘုရား။ ဤသည်ကို ကြည့် လျှင် ရွာမပရိယတ္တိကျောင်းတော်ကြီး၏ ဂုဏ်သ တင်းသည် ပြည်တွင်း၌သာမက ပြည်ပ၌ပါ သင်း ပျံ့မွှေးကြိုင် ရနံ့လှိုင်လျက်ရှိပါကြောင်း သာဓက ကောင်းတစ်ခုပင်မဟုတ်ပါလော။ ပြည်ပရောက် တပည့်များကလည်း ထပ်တူထပ်မျှ မုဒိတာ ပွားမိပါကြောင်း သတင်းကောင်းပါးလျှောက် ထားအပ်ပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ရွာမပရိယတ္တိသာ သနာအတွက် တပည့်တော်အနေနဲ့ ဆရာ တော်ကို အကြံပေး လျှောက်ထားခွင့် ပြုစေချင်ပါ သည်ဘုရား။ မိကျောင်းမင်း ဲရေခင်းပြသည်၊ နွား ရှေ့ထွန်းကျူးသည် ဟုကားမထင်စေလိုပါ ဘုရား။ အကြံပြုလိုသည်ကတော့ အခြားမဟုတ် ပါ။

ရွာမပရိယတ္တိသာသနာပြန့်ပွားရေးကို ပြည်တွင်းမှာသာ ရပ်တန့်မနေစေဘဲ ပြည်ပသို့ တိုင် တိုးတက် ထွန်းကားပြန့်ပွားစေရန်အတွက် ရှေ့တစ်လှမ်းတိုး၍ ကြိုးစားသင့်သည်ဟု ထင်ပါ ကြောင်း အကြံပြုတင်ပြအပ်သည်ဘုရား။ ပထမအနေနဲ့ နိုင်ငံခြားသာသနာပြုအတွက် အဖွဲ့တစ်ခုကို ဖွဲ့စည်းပြီး ရန်ပုံငွေ ရှာဖွေရန်ပါ ဘုရား၊ ဒုတိယအနေနဲ့ ပညာထူးချွန်သော သံဃာတော်များကို ရွေးချယ်ပြီး နိုင်ငံခြားသို့ ပညာသင်စေလွှတ်ရန်ပါဘုရား၊ ပညာပြည့်စုံ လာတဲ့အခါ အချို့သံဃာတော်တို့ကို မိခင် ကျောင်းတိုက်သို့ ပြန်လည်ခေါ်ယူပြီး နိုင်ငံခြား မှာ သင်ယူခဲ့သော ပညာရပ်များကို ပြန်လည် ဖြန့်ဝေသင်ကြားပေးရန်ပါဘုရား။ ဤသို့ပြုလုပ်ရ ခြင်းကြောင့် နိုင်ငံရပ်ခြားသွားမှ သင်ယူတတ် မြောက်နိုင်သော ပညာရပ်များကို အခြားသော သံဃာတော်များလည်း ပြည်တွင်းမှာပင် လွယ်လင့်တကူ သင်ယူခွင့်ရကြပါလိမ့်မည် ဘုရား။ နိုင်ငံခြားတွင် ရောက်ရှိနေထိုင် သာသနာ ပြုနေသော သံဃာတော်များကိုလည်း လိုအပ် လာလျှင် အဆိုပါအဖွဲ့အစည်းမှ ကူညီထောက်ပံ့ ပေးရန်ပါဘုရား၊ ဥပမာ နိုင်ငံရပ်ခြားတွင် ဘုရားတည် ကျောင်းဆောက်ရန်ကိစ္စ ပေါ်ပေါက် လာသောအခါ လိုအပ်သော သစ်သားကနုတ် ပန်း၊ စကျင်ကျောက်ဆင်းတုဘုရား၊ မြန်မာ့ လက်ရာပန်းချီကား စသည့် မြန်မာနိုင်ငံတွင်း မှာသာရနိုင်သော လိုအပ်ရာမှန်သမျှကို မြန်မာ နိုင်ငံဘက်မှ ကူညီဆောင်ရွက်ရန်ပါ ဘုရား၊ ဤသို့ဆိုလျှင် ရွာမပရိယတ္တိသာသနာ အရောင် အဝါသည် ပြည်တွင်းမှာသာမက ပြည်ပသို့တိုင် တိုးတက်ပြန့်ပွား ထွန်းလင်း တောက်ပလာမည် ဟု ယုံကြည်ပါကြောင်း အကြံပြုလျှောက်ထား အပ်ပါသည်ဘုရား။

တပည့်တော်တို့ကဲ့သို့ ပြည်ပရောက် နေကြသော တပည့်ဒါယကာ ဒါယိကာမ အားလုံးကလည်း ရွာမရိယတ္တိ သာသနာ အတွက် ဝမ်းမြောက်ဝမ်းသာ ပညာပါရမီ ဆည်းပူးလျှက် လှူဒါန်းထောက်ပံ့နိုင်မည် ဖြစ်ပါ ကြောင်း ရှိသေလေးစားစွာ အကြံပြု လျှောက် ထားရင်း တပည့်တော်ရဲ့ စာကို ဤနေရာမှာပဲ နိဂုံးချုပ်အပ်ပါတယ်ဘုရား။ ။

ဆရာတော်လည်း ကျန်းမာ ချမ်းသာ ဘေးရန်ကွာ၍ သာသနာပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်ပါဘုရား။

**♦ တပည့် တက္ကသိုလ်မောင်ကိုရင်**

လမိုက်ည၏ မှောင်မိုက်မှုနှင့်အတူ ပတ်ဝန်းကျင်တောတောင်ကြီးတစ်ခုလုံး တိတ်ဆိတ်စွာ အိပ်မောကျနေ၏။ တစ်ခါတစ်ရံမှ ငှက်ဆိုး၊ ပုရစ်၊ ချေ(ဂျီ)စသော သားကောင်လေးများ၏ အသံဗလံများထွက်ပေါ်လာလေ ၏။ သို့သော် ညည်းတွားသံလိုလို



သက်ပြင်း ရှိုက်သံလိုလို အသေအချာတော့ မသဲကွဲ၊ ငယ်ကျွန်ကြီးတစ်ယောက် အိပ် မပျော်သေးသဖြင့် အသံလာရာသို့ နားစွန့် နေလေ၏။ တစ်ခါတစ်ရံ အသံသည် ကွဲပြားစွာ ကြားရ၏။ တစ်ခါတစ်ရံ မကြားရ၊ စူးစိုက်စွာ နားထောင်နေမိ၏။ သြော်. . . . "သစ်ခက် ချိုးသံ သစ်ခက် ချိုးသံ" ဟု ကြားရပြီးနောက် သက်ပြင်းရှည် လေရှိုက်သံနှင့်အတူ ငြိမ်သက် သွားပြန်၏။

တကယ်တော့ သည်အသံသည် အမတ် ကြီးနေသော တဲဘက်က ဖြစ်သည်။ သိလိုဇော ဖြင့် ပြန်မအိပ်သေးဘဲ ဆက်လက် နားစွင့်နေ ပြန်၏။ "ဘာမှ မဖြစ်ပါဘူး" ဟု အသံများထပ်၍ ပေါ်လာပြန်သည်။ ညဥ့်နက် လေသည် ညင် သာစွာတိုက်ခတ်နေ၏။ ပူပန်မှု ကင်းသူများမှာ ဖြင့် ပိုပြီး နှစ်ခြိုက်စွာ အိပ်ပျော်စေသည်။ အိပ် မပျော်သူကတော့ အမတ်ကြီး ဖြစ်လေ၏။ "အရိပ် အရိပ်. . . ဟူး. . . " ဟူသော လေမှုတ်သံနှင့်အတူ ငြိမ်သက်သွားပြန်လေ သည်။

ငယ်ကျွန်ကြီးသည် အိပ်ချင်စိတ်များ ဖြစ်ပေါ်လာရန် ဆက်လက် နားမထောင်တော့ ဘဲ၊ တဲလေထဲသို့ ပြန်၍ အိပ်လေတော့သည်။

အခါတစ်ပါးဝယ် ဘုရင်ကြီးသည် တိုင်းတစ်ပါးမှ လာရောက်တိုက်ခိုက်လေသော် စစ်ရှုံးသဖြင့် မိဘုရားနှင့်တကွ ငယ်ကျွန်အမတ် ကြီးတို့ကို ခေါ်ဆောင်၍ အသက်ဘေးလွတ် မြောက်ရာ တောတောင်များဆီသို့ ထွက်ခဲ့ကြ သည်။ သည်အခါတွင် မိဖုရားကြီးဝမ်းမှာ သန္ဓေသားတည်၍ ပါလာခဲ့၏။ တောထဲတွင် တဲငယ်လေးများဆောက်ရန်အလို့ငှာ တော တောင်များဆီသို့ လိုအပ်ချက်များ အရှာထွက်

ကြ၏။ နေ့စဉ်နှင့်အမျှ နှစ်ယောက်သား သွားကြ သောအခါ တဲတွင်ကျန်နေခဲ့သော မိဖုရားနှင့် အမတ်တို့သည် "ကြောင်မရှိ ကြွက်မြူး" ပွဲလန့်တုံး ဖျာခင်း" ဖို့ရန် အခွင့်အလမ်းရလေ သည်။ နှစ်ဦးသား လိင်ကိစ္စဖောက်ပြန်နေကြ တော့သည်။ သည်အရာကို မင်းကြီးနှင့် ငယ် ကျွန်တို့မသိကြ။ မသိသော်လည်း သူတို့စိတ်ကို သူတို့မယုံ မိဖုရားကြီးသည် အမတ်ကြီးနှင့် နှစ်ဦးသား တိုးတိုးတိတ်တိတ် တိုင်ပင်ကြလေ သည်။ "အမတ်ကြီး. . . မင်းကြီးသိသွားလျှင် သင်နှင့်ငါသည် အသက်ပင် ကျန်မှာမဟုတ်၊



သည်တော့ ငါအကြံပေးမည်၊ ငါပြောသည့် အတိုင်းသာ မဆိုင်းမတွ ပြုလုပ်လော့" "မင်းကြီး ကို ဦးခေါင်းဆေး ရေမိုးချိုးရန် အကြောင်းပြုပြီး ရေဆိပ်သို့ ခေါ်ဆောင်ပြီးလျှင် ရေချိုးသည်နှင့် တစ်ပြိုင်နက် ဆံပင်ကို ဆွဲ၍ လည်ပင်းမှစ၍ အပိုင်းပိုင်း ခုတ်ဖြတ်သတ်လော့" ဟု အကြံ အစည် ပေးလေ၏။ အမတ်ကြီးသည် ခိုင်းသည့် အတိုင်း ချွတ်ယွင်းလှစ်ဟာမှု မရှိအောင် အစီ အစဉ်ဆွဲ အကွက်ချပြီးလျှင် မင်းကြီးထံ သွား၍ " ဘုရင်မင်းကြီး. . . အရှင်မင်းကြီး ဦးခေါင်း ဆေးရေချိုးဖို့ရန် သံတော်ဦးတင်ရပါသည် ဘုရား. . . ဤကျွန်တော်မျိုး မင်းကြီးနှင့်အတူ လိုက်လာပြီး လိုအပ်သည့်ကိစ္စအဝဝကို ပြုလုပ် ပေးပါမည်" "ဟေ့ . . . ကောင်းသားပဲ၊ ငါလဲ ရေချိုးချင်နေတာ ကြာပြီ ။ ကဲ ကဲ . . . . မင်းလုပ်စရာရှိတာ သွားလုပ်တော့၊ ပြီးတာနဲ့ သွားကြတာပေါ့"

ခဏကြာတော့ အမတ်ကြီးပြန်ရောက် လာပြီးလျှင် "ရေချိုးဖို့ရန် အချိန်ကျရောက်ပါပြီ ဘုရား"ဟု လျှောက်လေ၏။ မင်းကြီးနှင့် အမတ်တို့သည် ရေကန်သို့ ထွက်ခွာသွားကြ လေ၏။ သူတို့သွားသော ပုံရိပ်ကို အဝေးမှ မြင်လိုက်ရသော ငယ်ကျွန်ကြီးသည် မယောင် မလည်နှင့် နောက်ရောင်ခံလိုက်လာပြီးလျှင် ရေကန်အနီးရှိ ခြုံပုတ်၌ ပုန်းကွယ်၍ ချောင်း မြောင်းကြည့်ရှုနေ၏။ ။

"ပွဲကစပြီ။ မင်းကြီးသည် အဝတ်အစား များကို ချွတ်၍ ရေကန်အတွင်းသို့ ဆင်းကာ ရေချိုးတော့သည်။ အမတ်ကြီးသည် သံလျက်ကို ဝှက်လျက် မင်းကြီးအနားသို့ တိုးကပ်ရန် ဆံပင် လျှော်ပေးမည်ဟန်ဖြင့် ဆံတုံးကို အမိအရ ဆုတ်ကိုင်ပြီးလျှင် အသင့်ယူဆောင်လာသော သံလျက်ဖြင့် အပိုင်းပိုင်း ခုတ်ဖြတ်ပြီး အဝတ် အစားများနှင့်တကွ သဲပြင်သို့ မြှုပ်လေတော့၏။ ထိုမြင်ကွင်းကို မြင်ရသော ငယ်ကျွန်သည် ကြောက်အားကြီးစွာဖြင့် ခြုံအတွင်းမှ ထွက်ပြေး လေတော့၏။ သစ်ခက်လှုပ်သံများသည်လည်း ထွက်ပေါ်လာလေ၏။ အမတ်ကြီးသည် သစ် ခက်လှုပ်ခြင်း၏ အကြောင်းကို စုံစမ်းသော် အကြောင်းရှာမရ။ တိရစ္ဆာန်တစ်ကောင် ထွက် ပြေးတာပဲ ဖြစ်နေလိမ့်မည်ဟု အတွေးဝင်ကာ သံသယ ကင်းကင်းနှင့် ပြန်လာလျှင် ငယ်ကျွန် ကြီး ပြန်ရောက်မလာသောကြောင့် စိတ်ထဲတွင် စိုးရိမ်စိတ်ဝင်လာလေသည်။ ငယ်ကျွန်ကြီးလည်း ငါသည် သည်အတိုင်းပြန်လာလျှင် ငါ့အသက် သေလိမ့်မည်။ သူကန်းအသွင်ဖြင့် ပြန်လာမှ သင့်တော်မည်ဟု အကြံရပြီး သူကန်းသဏ္ဍာန် အသွင်ဖြင့် ပြန်လာလေ၏။ အမတ်ကြီးသည် ငယ်ကျွန်ကြီးကို တွေ့သည်နှင့် " ဟဲ့. . ငယ် ကျွန်ကြီး သင်ဘယ်ကပြန်လာတာလဲ။ ဘုရင် မင်းကြီး ကျွန်တော်မျိုး တောကပြန်လာတာပါဟု ပရိယာယ်ကြွယ်ဝစွာ မင်းကြီးအမှတ်ဖြင့် လှည့်စားလိုက်လေ၏။ သင်ဘယ်လိုဖြစ်လာ တာလဲ။ သစ်သီးရှာစဉ် မိုးရွာသဖြင့် သစ်ပင်ရိပ်သို့ ပြေးဝင်လာ၍မိုးခိုနေ၏။ ခန္ဓာကိုယ်မှ ရေစက် ရေပေါက်များသည် တောင်ပို့အတွင်းသို့ ကျစဉ် မြွေဟောက်သည် ထွက်၍ အဆိုးမှုတ်ထုတ်လိုက် သဖြင့် မျက်စိနှစ်ကွင်း အလင်းမရတော့ပါ ဘုရား။ "ဩော် . . . ငယ်ကျွန်ကြီးဘာမှ မသိရှာပါလား အမတ်ကြီး တကယ်ယုံသွားပြီး ငယ်ကျွန်ကြီး ဘာမှမပူနှင့် ငါကိုယ်တိုင် သစ်သီး ရှာ၍ သင့်ကို ပြုစုစောင့်ရှောက်မည်။

အန္တရာယ်မှ ငြိမ်းပြီလို့ ထင်ခဲ့မိသည်။ မိဖုရားကြီးသည် မင်းကြီးနှင့် ပေါင်းဖော်ခဲ့စဉ်က

သန္ဓေသားသည် မွေးဖွားလာလေ၏။ ငယ်ကျွန်ကြီးသည် အချိန်ခါကောင်းကို စောင့်၍ မင်းကြီး၏ ဖြစ်ရပ်ကို ဖော်ထုတ်ရန် အချိန်တိုင်း ကြံစည်နေလေ၏။ သားတော်လေးသည် တဖြည်းဖြည်း ကြီးရင့်လာသောအခါ မင်းကြီး၏ဖြစ်ရပ်အကြောင်းစုံကိုပြော၍ မင်းကြီး၏ အလောင်းမြှုပ်ထားရာနေရာကို ပြသလေ၏။ မင်းသားလေး ယုံသွားသည့်အတွက် မင်းသားအား ဓားလှံလေးစသော အတတ်များကို သင်ကြား ပြသပြီးလျှင် အချိန်အခါကောင်းစောင့်ပြီး သုတ်သင်လော-ဟု တိုက်တွန်းလေ၏။

အမတ်ကြီးသည် အချိန်ကြာလာသည်နှင့်အမျှ ညစဉ် ညစဉ် သစ်ကိုင်းလှုပ်သည့် အသံကို ပြန်သတိရလျက် အစားအသောက်များပျက်လာခြင်းတို့ကြောင့် အသားအရေမမှန်ဖျော့တော့ဝါဝင်းလျက် ခန္ဓာကိုယ် ပိန်းချုံးလာလေ၏။

ဩော်. . . ငါ့လိုပဲ လူတိုင်းလူတိုင်းသည် ပေါ့ပေါ့တန်တန် တွက်ခဲ့မိကြလိမ့်မည်။ သေးငယ်သော ကိစ္စမှန်သမျှဖြစ်စေ၊ ကြီးလေသော ကိစ္စမှန်သမျှဖြစ်စေ ပြီးပြီးရော လုပ်ချင်သည့်အလေ့ကြောင့် လုပ်သလို ဖြစ်မလာသောအခါ လောကကြီးက မတရားဘူး လုပ်လေခြင်း၊ ရက်စက်လိုက်လေခြင်း စသည်ဖြင့် လောကနှင့်ပတ်ဝန်းကျင်ကို အပြစ်တင်ကြတော့သည်။ သဘာဝတစ်ခု အလေ့အထတစ်ခုကို ဖြစ်နေပြီအရိုးစွဲနေသည်။ တကယ်တော့ မိမိကိုယ်နှိုက်ကဖြစ်သလို သတိမထားဘဲ လုပ်ခဲ့မိတာကိုတော့ပြန်မကြည့်တတ်ကြပေ။ မြေပွေးကို အကောင်သေးငယ်သည့်အမှတ်ဖြင့် မလေးမစားလုပ်မိခြင်းကြောင့် အသက်ဆုံးရှုံးရတတ်သည်။ သည်အခါမှ နောင်တသည် နောင်မှ ရတတ်သည်။ ဆေးမမီတော့။ ရောဂါမကပ်ရောက်မှီ၊ ကြိုတင်ကာကွယ်ခြင်းဖြင့် အကောင်းဆုံး ကုသခြင်းဖြစ်၏ဟု ဆိုရိုးစကားတွေလည်း အများကြီးရှိလေ၏။ မဖြစ်မီ မလုပ်ခင် မည်သည့်ကိစ္စမပြုအကောင်းမရချင်နေပါစေ အန္တရာယ်မဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားရမည်ဟု ညည်းတွားလျက် မိုးလင်းခဲ့လေတော့သည်။ မင်းသားလေးသည် အကြောင်းစုံကို သိရှိပြီးလျှင် အမတ်ကြီးကို သူ၏ အဖေ ဘုရင်မင်းကြီးကို သတ်သကဲ့ သို့ ရေချိုးနေစဉ် သံလျက်ဖြင့် အပိုင်းပိုင်းခုတ်ဖြတ်ပြီးလျှင် သဲသောင်ပြင်သို့ မြှုပ်လေတော့၏။

တကယ်တော့ လက်ရှိအချိန်တွင် ပျော်ရွှင်မှု စိတ်ချမ်းသာမှုကို ဦးစားပေးပြီး လုပ်ခဲ့မိခြင်း၊ မိမိလုပ်ခဲ့သည့် အလုပ်ကို အမှတ်တမဲ့နှင့်မထေမဲ့မြင် ပြုမိခြင်း၊ အများမသိဟု မှတ်ထင်မိခြင်းတို့ကြောင့် မိမိလုပ်ရပ်သည် အရိပ်တစ္ဆေသဖွယ် ခြောက်လှန့်ခံရပြီးလျှင် ပျော်ရွှင်မှု၏အဆုံး နိဂုံးမှာ မျက်ရည်များဖြင့် အသက်ပါပေးဆပ်ရတော့သတည်း။

♦ ပုလဲ - နန္ဒသူ

# ဆရာ့ဩဝါဒ

ကုမာရ(သီတလ)



ကဆုန် နယုန်ဆွေ့ဆွေ့ခုန် ဟူသော စကားအတိုင်းပင် ပူပြင်းလှတဲ့ နယုန်လရဲ့ နေအပူနှင့်အတူ ပြိုင်၍ပူနေသည့် အပူက ပထမပြန်စာမေးပွဲ၏ အလတ်တန်းအောင်ဇာက်ကို စောင့်မျှော်နေသူ အရှင်၏ရင်ထဲက အပူတွေပင်။ ပထမလတ်တန်း ကိုကျရှုံးခဲ့ရသည့်နှစ်ပေါင်းကလည်းမနည်းတော့ပြီ။ ဟော--ဒီနှစ်ထွက်လာခဲ့တဲ့ အောင်ဇာက်မှာလည်း ပါမလာ။ မထူးတော့ပါဘူး၊ ဒီသာသနာငါနဲ့မထိုက်တန်တာ ၊ ငါနဲ့မထိုက်တန်တဲ့သာသနာမှာ နေလို့ကတော့ ငါ့အတွက်ဘာမှအကျိုးထူးမှာ မဟုတ်ဘူး။ ဒီတော့ ငါလူထွက်တာကပဲ ကောင်းလိမ့်မည်ဟု ဆုံးဖြတ်ချက်ချခဲ့၏ ။ ထိုကဲ့သို့သော အချိန်တို့၌ " ခက်ခဲသော အတားအဆီးကို ကျော်ဖြတ်ပါ ပိုမိုကြီးမားသောအောင်မြင်မှုသည် သင့်အတွက် ဖြစ်လာပါလိမ့်မည် " စသော ပညာရှိတို့၏ အဆိုအမိန့်များလည်း စဉ်းစားတွေးခေါ်၍ မိမိကိုယ်မိမိ အားပေးပါ၏ ။ သို့သော်အားက တက်မလာဘဲ ကျသထက်ကျသွား၏။

အတန်းတူသူငယ်ချင်းများကလာ၍ အားပေးစကားများပြောကြားကြပါသော်လည်း ထိုသူငယ်ချင်းများပြောသွားသော စကားများမှာ မိမိ၏နားထဲသို့မရောက်၊ သူတို့တစ်တွေဘာတွေ ပြောသွားသလဲကို မသိလိုက် ။ သိတာကတော့ တစ်ခုတည်းပင်ငါဘယ်တော့ လူထွက်ရရင် ကောင်းမလဲ။ ငါလူထွက်တော့ မိဘတွေက

ခွင့်ပြုပါမလား။ မိဘတွေက ခွင့်မပြုမှာ ကတော့ အမှန်ပင် ။ သူတို့ခွင့်မပြုလည်း ငါ့ရဲ့ စိတ်ကိုတော့ တားလို့ရမှာမဟုတ်ဘူး။ ထိုကဲ့သို့သော အတွေးပေါင်းများစွာဖြင့် လူထွက်ရန် ဆုံးဖြတ်ချက်ချခဲ့၏ ။

ထိုအရှင်၏ အကြောင်းကို စာချဆရာတော် သိရှိသွားသောအခါ အရှင့်ကိုခေါ်၍ ဆုံးမဩဝါဒစကားများပေးလေ၏။ ငါ့ရှင် သင်လူထွက်ချင်တယ်ဆိုတဲ့အကြောင်းက စာမေးပွဲကျတဲ့ အကြောင်းတစ်ချက်တည်းပဲလား။ အခြားအကြောင်းတွေရော ရှိသေးသလား။ မှန်ပါဘုရားတပည့်တော်လူထွက် ချင်တယ်ဆိုတာ အဲဒီစာမေးပွဲကျတယ်ဆိုတဲ့ အကြောင်းတစ်ချက်တည်းပါဘုရား။ တပည့်တော်က သူများတွေလို ဉာဏ်ကလည်း မကောင်းဘူးဘုရား။ တပည့်တော် ကိုယ့်ကိုယ်ကိုလည်း အားမရဘူးဘုရား။ စာတစ်ပုဒ် တစ်ပုဒ်ဆိုရင်လည်း အကြာကြီးကျက်မှရတာဘုရား။ အခုဆို ပထမလတ်တန်းကို ကျတာ နှစ်ပေါင်း မနည်းတော့ဘူးဘုရား။ အဲ့ဒါကြောင့် တပည့်တော်လို ထုံထိုင်း ဖျင်းအတဲ့လူ ဒီသာသနာမှာရှိလည်း ဘာမှအကျိုးကျေးဇူးများမှာလည်းမဟုတ်ဘူးဘုရား။ သာသနာမှာအမှိုက်ရှုပ်တာပဲ အဖတ်တင်လိမ့်မယ်ဘုရား။ ဒါကြောင့် တပည့်တော်ကို ထွက်ခွင့် ပြုပါဘုရား။ အဲဒီအခါ စာချဆရာတော်က ငါ့ရှင် ဉာဏ်ထိုင်းတယ် ဉာဏ်မကောင်းဘူးဆိုတာက ဘုရားလက်ထက်က စူဠပန္ထကမထေရ်ကို မမှီသေးပါဘူး။ အဲဒီ စူဠပန်မထေရ်က ဂါထာတစ်ပုဒ်ကို ကျက်လိုက်တာ လေးလတောင် ကြာသွားတယ်။ ဂါထာက ရမလာဘူး ။ သူ့ရဲ့အစ်ကို မဟာပန္ထကဆိုတာ ရှိတယ် ။ အေး အဲ့ဒီအကို မဟာပန်က သူ့ညီ စူဠပန်ဂါထာလေး တစ်ပုဒ်ကိုလေးလကျက်တာ

"မြတ်စွာဘုရား တပည့်တော်ကို
နောင်တော် မဟာပန်က
ဉာဏ်ထိုင်းလွန်းလို့ သာသနာမှာ
ကြီးပွားတိုးတက်မယ့်သူမဟုတ်ဘူးဆိုပြီး
နှင်ထုတ်လိုက်လို့
လူထွက်ခြင်းငှာ
သွားမလို့ပါဘုရား"

တောင်မရရင် တော့၊ ဒီထက်မြင့်တဲ့ ရဟန်းကိစ္စကို ဘယ်မှာ တတ်နိုင်တော့မှာလည်း၊ ဒီတော့ မင်း ဒီသာသ နာနဲ့မထိုက်တန်ဘူး ။ မင်းနဲ့ မထိုက်တန်တဲ့ သာသနာမှာ နေလို့ကတော့ အလကားပဲ။ ဒါပေမယ့် စူဠပန်ကမသွားပါဘူး။ ဘယ်သွားမလဲ၊ သူကသာသနာတော်ကို သဒ္ဓါတရားရှိရှိနဲ့ ဝင်လာတာကိုး ။ စူဠပန်ကို နှင်ထုတ်တဲ့နေ့မှာပဲ ဆေးဆရာ ဇီဝက-က သူ့ရဲ့သရက်ဥယျာဉ်မှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားနှင့် တကွ ရဟန်းတော်တွေကို သူ့ရဲ့အိမ်မှာ ဆွမ်းကပ်ဖို့ ဆွမ်းစားလာပင့်တယ်။ မဟာပန်က ဆွမ်းညွှန် ရဟန်းဆိုတော့ မဟာပန်ဆီ သွားပြီးတော့ အရှင်ဘုရား ဒီသရက် ဥယျာဉ်မှာ သီတင်းသုံးတဲ့ သံဃာဘယ်နှစ်ပါးရှိပါသလဲဘုရားလို့ လျှောက်တယ်။ ဒကာကြီး ဒီသရက်ဥယျာဉ်မှာ သီတင်းသုံးတဲ့ သံဃာငါးရာရှိတယ်။ ဒါပေမယ့် အဲဒီငါးရာထဲမှာ စူဠပန်ဆိုတဲ့ ရဟန်းက ဉာဏ်မကောင်းဘူး၊ ထုံထိုင်းဖျင်းအတယ်။ သူကို

ပင့်လည်း သင့် အတွက် ဘာမှအကျိုးထူးမှာ မဟုတ်ဘူး။ အဲ့ဒီစူဠပန်ကိုတော့ ချန်ထားပြီး ကျန်တဲ့ ရဟန်းတော်တွေကို ပင့်သွားလို့ ပြောလိုက်တယ် ။

အဲ့ဒီ အချိန်မှာ မြတ်စွာဘုရားက တစ်လောကလုံးကို သဗ္ဗညုတဉာဏ်ကွန်ယက်နဲ့ ဖြန့်ကြက်ပြီး ကြည့်တဲ့အချိန် ဘုရားရှင်ရဲ့ ဉာဏ်တော်ထဲမှာ စူဠပန်ကိုသွားတွေ့တယ်။ ဒါနဲ့ ဘုရားက စူဠပန်မရောက်ခင် အရင်ကြွသွားပြီး တံခါးမုခ်ဦး ကနေသွားစောင့်နေတယ်။ ရှင်စူဠပန် လာတဲ့အခါ ဘုရားရှင်ကို တွေ့တာနဲ့ ဘုရားနား ချဉ်းကပ်ပြီးတော့ - ရှိခိုးကာအသာလေး ထိုင်နေတယ်။ အဲဒီအခါ ဘုရားရှင်က စူဠပန်ကို ချစ်သား အစောကြီးအချိန်မှာ သင်ဘယ်အရပ်ကိုများသွားမလို့တုန်းလို့ မေးတော်မူတယ်။ စူဠပန်က " မြတ်စွာဘုရား တပည့်တော်ကို နောင်တော် မဟာပန်က ဉာဏ်ထိုင်းလွန်းလို့ သာသနာမှာ ကြီးပွားတိုးတက်မယ့်သူမဟုတ်ဘူးဆိုပြီး နှင်ထုတ်လိုက်လို့ လူထွက်ခြင်းငှာ သွားမလို့ပါဘုရား"လို့ လျှောက်လိုက်တယ် ။

ဟဲ့ စူဠပန် သင့်ရဲ့ရဟန်းအဖြစ်မည်သည်ကား ငါဘုရား၏အထံ၌ ဖြစ်သည် မဟုတ်လော။ သင့်ရဲ့နောင်တော်နှင်ထုတ်သော် ငါဘုရားထံအဘယ်ကြောင့် မလာဘဲနေသနည်း။ လာလှည့်လူထွက်ခြင်းဖြင့် သင့်အတွက် အဘယ်အကျိုးရှိအံ့နည်း။ ငါဘုရား၏အထံ၌ နေရလတ့်ဟုမိန့်တော်မူ၍ စက်လက္ခဏာအစုံဖြင့်ရေးမှတ်အပ်သော အပြင်ရှိသောလက်တော်ဖြင့် စူဠပန်ရဲ့ ခေါင်းကို သုံးသပ်ပြီး တန်ခိုးတော်ဖြင့် ဖန်ဆင်းထားတဲ့ ဖြူစင်တဲ့အဝတ်စပိုင်းလေးကို ပေးပြီးမြူကိုဆောင်တဲ့အဝတ် မြူကိုဆောင်တဲ့ အဝတ်လို့ ဆုပ်နယ်ပြီး ဒီနေရာမှာပဲ နေရစ်လော့

ဟု မှာကြားပြီးရဟန်းအပေါင်းခြံရံပြီး ဇီဝကရဲ့ အိမ်ကို ဆွမ်းစားကြွသွားတော်မူတယ်။

စူဠပန်ကလည်း ဘုရားကပေးခဲ့တဲ့ အဝတ်ပိုင်းလေးကို ဆုပ်နယ်နေစဉ်ပဲ အဲဒီ အဝတ်ပိုင်းလေးဟာ လက်ကထွက်တဲ့ ချွေးစေးတွေနဲ့ ရောပြီးတော့ ပွတ်ချေပါများလာတော့ ညစ်နွမ်းလာတယ်။ အဲဒီအဝတ်ပိုင်းလေး ညစ်နွမ်းလာတာကို ကြည့်ပြီးတော့ ဉာဏ်က ခန္ဓာပေါ်ရောက်ပြီး သင်္ခါရတရားတွေရဲ့ မမြဲတဲ့ သဘော ကုန်ခြင်းပျက်ခြင်းသဘောတွေကို ရှုဆင်ခြင် ပြီးဝိပဿနာပွားလိုက်တာ မြတ်စွာဘုရား ဆွမ်းစားသွားတဲ့ အချိန်ကာလလေး အတွင်းမှာပဲ အာသဝေါတရားကုန်ခန်းပြီး ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားတယ်။

ငါ့ရှင်ဒီနေရာမှာ စူဠပန်ကိုကြည့် ဂါထာလေး တစ်ဂါထာ ကျက်တာတောင် လေးလကြာသွားတယ်။ ဂါထာကရမလာဘူး။ ဒါပေမယ့် ဘုရားနဲ့လည်းတွေလိုက်ရော အချိန်ကာလ အတိုလေးအတွင်းမှာပဲ ဂါထာထက် အဆင့်မြင့်တဲ့ ရဟန္တာတောင် ဖြစ်သွားတယ် ။ ဒီလိုဖြစ်ရခြင်းအကြောင်းရင်းကို ကြည့်မယ်ဆိုရင် ရှင်စူဠပန်ဟာ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုရယ်၊ ကိုယ်နဲ့သင့်တင့်လျောက်ပတ်တဲ့ နေရာဒေသမှာ နေရတာရယ်၊ ဘုရားတည်း ဟူသောသူတော်ကောင်းပုဂ္ဂိုလ်ကို မှီဝဲဆည်း ကပ်ရတာရယ်၊ မိမိရဲ့စိတ်ထားကောင်းမွန် စွာထားတတ်တာရယ်ဆိုတဲ့ ဒီအချက်လေးချက်က သူရဲ့ သန္တာန်မှာညီညွတ်နေတယ်။ ရှင်စူဠပန်ဟာ တစ်ခုသောဘဝက ပြည့်ရှင်မင်းဖြစ်ပြီး မြို့ကို လက်ယာရစ် လှည့်လည်တဲ့ အခါ နဖူးကထွက်လာတဲ့ချွေးတွေကို စင်ကြယ်တဲ့အဝတ်ဖြင့် နဖူးကို

သုတ်လိုက်ပြီး အဝတ်ဖြူ လေးညစ်နွမ်းသွားတာကိုကြည့်ပြီး စဉ်းစား ဆင်ခြင်တယ်။ ဤခန္ဓာကိုယ်ကိုမှီပြီးတော့ ဖြူစင်တဲ့အဝတ်ပိုင်းလေးတောင် စင်ကြယ်တဲ့ သဘောကိုစွန့်ပြီး ညစ်နွမ်းသွားသေးတယ်။ ထိုအတူ ငါ့ရဲ့ခန္ဓာကိုယ်မှာ ရှိတဲ့ သင်္ခါရတရားတွေဟာလည်း အမြဲမရှိဘူးဆိုလို့ အနိစ္စ သညာကို သူပွားခဲ့ဖူးတယ်။ အဲဒီပွားများခဲ့ဖူးတဲ့ ၊ ရှေးကပြုခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုဆိုတဲ့ အကြောင်းအထောက်အပံ့ကြောင့် စူဠပန်ဟာ ဒီဘဝမှာပဲ ရဇောဟရဏ ကမ္မဋ္ဌာန်းနဲ့ ရဟန္တာ ဖြစ်ရတယ်။ ဒါဟာဆိုရင် စူဠပန်ရဲ့ ရှေးကောင်းမှု ပြည့်စုံတာပဲ။

ဘုရားသာသနာတော်တည်းဟူသော သာသနာတွင်းမှာ ရဟန်းလာဖြစ်နေရတဲ့ အတွက် သင့်တင့်လျောက်ပတ်တဲ့ နေရာမှာလည်း နေရတယ် ။ အဲဒီသင့်တင့်လျောက်ပတ်တဲ့နေရာမှာပဲ ဘုရားတည်းဟူသော သူတော်ကောင်းအမှီနဲ့ပြည့်စုံတယ်။ အဲဒီအချက်သုံးချက်နဲ့ပြည့်စုံပြီးတော့ "အတ္တသမ္မာပဏိဓိ" ဆိုတဲ့ မိမိရဲ့စိတ်ကို ကောင်းစွာမထားနိုင်ခဲ့ဘူး။ အသင့်အတင့် နှလုံးမသွင်းနိုင်ခဲ့ဘူးဆိုရင် ရှင်စူဠပန်ဟာ ရဟန္တာတည်းဟူသော အထွတ်အထိပ်သို့မရောက်နိုင်ဘူး။ ဟော. . စူဠပန်ဟာ ဘုရားကပေးတဲ့နည်းနာနိဿယကို ယူပြီးတော့ မိမိရဲ့ လူထွက်မယ်ဆိုတဲ့စိတ်ကို ကောင်းစွာထိန်းပြီး ကြိုးစားအားထုတ်လိုက်တာ ရဟန္တာတောင် ဖြစ်သွားတယ် ။

ငါ့ရှင်လဲ ယ္ခုရဟန်းဘဝကိုရတယ်ဆိုတာ ရှေးဘဝက ကောင်းမှုဆိုတဲ့ " ပုဗ္ဗေ စ ကတပုညတာ " ကြောင့်ပဲ။ ဒီရဟန်းဘဝမှာပဲ ကောင်းမြတ်တဲ့ အကျင့်တွေကို ကျင့်သုံးပြီးနေတာဟာ သာသနာတော်ထွန်းကားရာတည်း



ဟူသော ပတိရူပဒေသဝါသမှာပဲ နေထိုင်ရတာမဟုတ်လား။ ငါ့ရှင်ရဲ့ပတ်ဝန်းကျင်မှာ သီတင်းသုံးဖော်ကောင်းတွေ၊ ဆရာသမားကောင်းတွေဟာ သပ္ပုရိသူပနိဿယတွေပဲ ငါ့ရှင်။ အဲဒီအချက် သုံးချက်နဲ့ပြည့်စုံနေတဲ့ ငါ့ရှင်ဟာ အတ္တသမ္မာပဏိဓိဆိုတဲ့ မိမိရဲ့စိတ်ကို ကောင်းတဲ့ဘက်မှာ တည့်တည့်မတ်မတ် ကလေးထားပြီးတော့ ကြိုးစားအားထုတ်လိုက် မယ်ဆိုရင် ငါ့ရှင်အတွက် ယခုအလတ်တန်းတင် မကဘူး၊ အကြီးတန်း၊ သာသနဓဇဓမ္မာစရိယ ဆိုတဲ့ ဘွဲ့တံဆိပ်တွေဟာ ငါ့ရှင်ရဲ့ လက်တစ် ကမ်းမှာ ရှိတာပါ။ ကြိုးစားအားထုတ်လိုက်စမ်းပါ ငါ့ရှင်။

ဆရာ၏ဩဝါဒစကားကို ကြားပြီးသော အခါ ထိုအရှင်သည် "ဩ-ဟုတ်သားပဲ ငါလည်း ရှင်စူဠပန်လို မဖြစ်တောင်မှ သာသနဓဇဓမ္မာစရိယ-ဆိုတဲ့ဘွဲ့ကိုတော့ရသင့်တယ်။ ရအောင်လည်း ငါကြိုးစားပြီးယူမယ်"ဟု စိတ်ကိုဆုံးဖြတ်ချက်ချကာ ဂန္ထဓုရ ဝိပဿနာဓုရ ဟူသော ဓုရနှစ်ဖြာသာသနာကို ထမ်းဆောင်လျက် ထိုအရှင်သည်သာသနာတော်၌ပင် ပျော်မွေ့နေလေတော့၏ ။

♦ ကုမာရ (သီတလ)

# သံသရာရောင်းကုန်...



ဘဝကိုပခုံးနဲ့ ကျုံးယူရင်း
သံသရာအတွက် နေရာတစ်ခုစာ
ရရှိဖို့ထိုးခဲ့ လက်မှတ်
ဘယ်လောက်များလေထဲ ပြွတ်ကျပ်နေပြီလဲ။
ဖြစ်တည်လာတဲ့ဇာတ်လမ်းထဲမှာ
ဖြစ်ပျက်ပြနေရတဲ့ ငါ့အခန်း
ဇာတ်ရုံလား ဈေးသည်လား ။
ဒီလိုနဲ့
နေ့ရယ် ၊ ညရယ် ၊ ငါရယ်
သုံးပွင့်ဆိုင်ရင်နှီးလာခဲ့ကြတာ
ငါ့ဓါတ်ပုံ တွေတောင်ငါ မဟုတ်တော့သလိုပဲ
ဒါတောင်
မသိခြင်းငါးပါးရဲ့စက်ဝန်းထဲ
တဝဲလည်လည်နဲ့
ငါ့ကိုယ်ငါ အရောင်းမြှင့်တင်နေတုန်း ....။

■ ဒီမွန်း



# ခရီးသည်

- ပိုးအဝေးမှာ ရှည်လျားစွာတည့်
  မကွာခရီး အတ္တမီးနှင့်
  တောကြီးမျက်မဲ မှောင်မိုက်ကဲဘိ
  ညှိုးဆွဲလေစွ ထင်ကရသာ။
- မမောမပမ်း ခရီးကြမ်းလည်း
  လျှောက်လှမ်းသမှု နေ့စဉ်ပြုခဲ့
  ကြည့်ရှုမြော်မြင်၊ သမ္မဇဉ်တွယ်
  အားအင်ကုန်ခန်း ဇရာနွမ်းလိမ့်
  ကြည့်စမ်းပါဦး ခရီးသည် ။
- အရွယ်သုံးပါး ခန္ဓာများဖြစ်
  စွမ်းအားထက်မြက် ဗုဒ္ဓမြွက်ဆို
  များတွက်ဦးဆောင် ဤလူ့ဘောင်ဝယ်
  ကွေ့ရှောင်မရ တဒင်္ဂသာ
  အတ္တခရီး ကိုယ်ထီးထီးနှင့်
  ဖန်တီးသရုပ် ညွှန်းဆိုထုတ်သည်
  သိုးပုပ်ခန္ဓာမမြဲတကား ။ ။

သန္တာမြရီ

# မြင်းခိုက်ရဦးသို့ --- ဦးခိုက်တမ်းချင်း

မြတ်လွမ်းနောင်
(ပုတီးကုန်း)



အမေ --

အမေ့သားကို ခွဲခွာသွားပြီးသံသရာ ခရီးရှည်ထွက်သွားတာဒီနေ့ဆိုရင် ၆-နှစ်နှင့် (၉)လ ရှိသွားပြီ အမေရယ်။ သေသွားသူကြာရင်မေ့ဆိုတဲ့ စကားရှိပေမဲ့ သားကတော့ အမေ့ကို ဒီနေ့အထိ သတိရတမ်းတနေဆဲပါအမေ။ ဘုရားစင်မှာ ချိတ်ထားတဲ့အမေ့ဓာတ်ပုံရယ်၊ အမေ စိတ်နေကျ ဆင်စွယ်စိတ်ပုတီးလေးရယ်၊ ဘီရိုထဲမှာ လျှော်ဖွပ်ပြီးတရိုတသေ သိမ်းထား တဲ့ အမေ့-ယောဂီ တဘက်လေးရယ်တို့ကို မြင်မိတိုင်း အမေ့ကို သားရင်ထဲက လွမ်းဆွတ်အောက်မေ့နေမိပါတယ်။

ခုဆို သားက နဝမတန်းရောက်ပြီ၊ နဝမတန်းမှာတောင် သားက ဉာဏ်ကောင်းပြီး စာတော်လို့(A )ခန်းရတယ်။ သားလေး နဝမတန်း ရောက်ပြီဆိုတော့ မိဘနှစ်ပါးဖြစ်တဲ့ ကျွန်တော်တို့က သားလေးကို တစ်ယောက်ထဲမို့ ပညာထူးချွန်စေချင်တယ်။ ထွန်းထွန်းပေါက်ပေါက်ရှိစေချင်တဲ့ မိဘစေတနာတွေနဲ့ ကျူရှင်ကောင်းကောင်း ထားပေးပါတယ်။ ကျူရှင်က တစ်လ နှစ်သောင်းခွဲပေးရပါတယ်။ နဝမတန်းဟာ ဒသမတန်းအခြေခံမို့ သားလေးကို ဆယ်တန်း နှစ်ချင်းပေါက်အောင်စေချင်တဲ့ မိဘစေတနာတွေနဲ့ မိဘနှစ်ပါးဖြစ်တဲ့ ကျွန်တော်တို့ လင်မယားက အစစအရာရာ ချိုးခြံ အင်တေ်ခံပြီး ပညာရေးအတွက် လိုလေသေးမရှိ ထားပေးပါတယ်။

နဝမတန်းရောက်လာမှ သားကပိုလို ချင်လာတယ်။ အသက်ကလည်း (၁၅)နှစ်ထဲ ရောက်လာတယ်။ လူပျိုလည်း မဖြစ်တဖြစ်ဆိုတော့ ကျောင်းစာထက်အလှအပကို ပိုမက်မောလာတယ်။ မျက်နှာသစ်ကရင်၊ ဂျယ်ထောင်ဖို့ ခေါင်းလိမ်းဆီ၊ အရပ်ရှည်ဖို့ အပီတန်စတဲ့ ပစ္စည်းတွေကို ကျောင်းစာထက် စိတ်ဝင်စားလာတယ်။ ဟိုတလောကလည်း ကျောင်းမှာ သူ့သူငယ်ချင်းတွေစီးတဲ့ စကောဖိနပ် ခုနစ်ထောင်တန် စီးချင်တယ်လို့ သူ့အမေကို ပူဆာတယ်။

သားရယ် တစ်နေ့တစ်နေ့ စားဖို့ သောက်ဖို့ ဝယ်ချမ်းနေ့ရတဲ့-ကုန်ကျစရိတ်တွေနဲ့ သားကို နေ့စဉ် မုန့်ဖိုးပေးနိုင်အောင် အမေ စက်ချုပ်ပြီး မနည်းရုန်းကန်ရှာဖွေနေရတာ သားအသိပဲ၊ သားလိုချင်တဲ့ ခုနစ်ထောင်တန် စကောဖိနပ် အမေဘယ်လိုလုပ်ပြီး ဝယ်ပေးနိုင်မလဲ သားရယ်၊ သားရေ ဖိနပ်နှစ်ထောင်တန်လောက်

အမေ့သားအပေါ် မှာထားခဲ့တဲ့ ကြီးမားတဲ့မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာတွေနဲ့ ကျေးဇူးတရားတွေကို ငယ်ငယ်တုန်းက နားမလည်ခဲ့ပေမဲ့ ခုလို မိဘနေရာ ရောက်လာတော့ အမေ့မေတ္တာ၊ အမေ့ ကရုဏာ၊ အမေ့စေတနာ၊ အမေ့ကျေးဇူးတရားတွေကို တစိမ့်စိမ့်တွေးကြည့်ရင်း သားနားလည်ခဲ့ပါပြီ အမေ. ..။

ကျွန်တော့်မှာ သားလေး တစ်ယောက်ရှိတယ်။ တစ်ဦးတည်းသော သားလေးမို့ အဖေရော၊ အမေရော မျိုထားမတတ် ချစ်ကြပါတယ်၊ မိဘနှစ်ပါး ဖြစ်တဲ့ ကျွန်တော်တို့ လင်မယားနှစ်ယောက်က သားမွေးတုန်းက ခက်ခက်ခဲခဲ မွေးထားရတာကြောင့် အစစအရာရာ ဂရုစိုက်၊ အလိုလိုက်၊ ဖူးဖူးမှုတ်ချစ်နေလို့ သားက မိဘအပေါ် အမြဲတမ်းနွဲ့ဆိုး ဆိုးတယ်။ အဝတ်အစားအလှအပ မက်မောတယ်။ အစားအသောက်ဆိုလည်း ဂျီး(ချေး) များတယ်။ သူလိုတာ မရရင် စိတ်ကောက်ပြီး ဆန္ဒပြတတ်တယ်။

“ ....................

သားရေဖိနပ်တော့မစီးဘူးဗျာ၊
စကောဖိနပ်မစီးရရင်
မုန့်ဖိုးလည်းမယူတော့ဘူး၊
ထမင်းလည်းမစားဘူး၊
ကျောင်းကိုဖိနပ်မပါဘဲ
ဒီအတိုင်းသွားမယ်လို့
သူ့အမေကို
အကျပ်ကိုင်တယ် အမေ . . .

.................... ”

စီးပါလား သားရယ်"လို့ မိန်းမက ဆိုတော့

သားက "သားရေဖိနပ်တော့မစီးဘူးဗျာ၊ စကောဖိနပ်မစီးရရင် မုန့်ဖိုးလည်းမယူတော့ဘူး၊ ထမင်းလည်းမစားဘူး၊ ကျောင်းကိုဖိနပ်မပါဘဲ ဒီအတိုင်းသွားမယ်လို့" သူ့အမေကို အကျပ်ကိုင်တယ် အမေ။

သားကျောင်းကပြန်လာတော့ မိန်းမက သူ့သားကို ချော့မော့ပြီး သားကြိုက်တဲ့ကြက်သားဟင်း ထမင်းခွံ့ကျွေးတယ်၊ ခွံ့ကျွေးပေမယ့် သားကလုံးဝမစားဘဲ ပါးစပ်ပိတ်ပြီး ခေါင်းငုံ့နေတယ်။ ဘယ်လိုချော့ကျွေးကျွေး သားက သူ့ပါးစပ်ကို လက်နဲ့ပိတ်ပြီး ခေါင်းအတင်းရမ်းနေလို့ အမေထမင်းခွံ့ကျွေးရင်းနဲ့ မျက်ရည်ကျခဲ့တယ်။ သားက သူလိုချင်တာမရမချင်း အဲလိုမျိုးဆန္ဒပြပြီး မိဘကိုအကြပ်ကိုင်တတ်တယ် အမေ။ သားထမင်းမစားဘဲ ကျူရှင်ထွက်အသွားမှာ လင်မယားနှစ်ယောက် တိုင်ပင်ပြီး ရှိတဲ့လက်စွပ် သွားပေါင်ကာ သားလိုချင်တဲ့ ဖိနပ်ဝယ်ပေးလိုက်တော့မှ ကျေနပ်သွားတယ် အမေ. . .။

သား ကျွန်တော့်အပေါ် ဆိုးတဲ့ဒဏ်တွေ မျက်ရည်ကျလောက်အောင် ခံစားရတော့မှ နောင်တရမိတယ်။ အမေ့ပေါ် ကျွန်တော်ငယ်ငယ်က ဆိုးခဲ့တာတွေ မျက်ရည်ကျမိတယ်။ ရန်ကုန်ကို အလုပ်လုပ်ဖို့ အမေ့အစ်ကိုဝမ်းကွဲ ဘကြီးသိန်း အိမ်လာခဲ့ကြတယ်၊ ဘကြီးအိမ်ရောက်တော့ အမေက ဆရာမတစ်ဦးအိမ်မှာ ကလေးထိန်းအလုပ်လုပ်ရတယ်၊ ကျွန်တော်ကတော့အသက်(၁၈)နှစ်မပြည့်သေးတဲ့အတွက် အစိုးရအလုပ်မခန့်သေးဘူး။ အဲဒါကြောင့် ဘကြီးသိန်းက ကျောင်းပြန်တက်ခိုင်းတယ်၊ ပြီးတော့ ဘကြီးသိန်းရယ်၊ အမေရယ်၊ ကျွန်တော်ရယ် ရွာပြန်ခဲ့ကြတယ်။ ရွာရောက်တော့ ဘကြီး



သိန်းက အမေ့ညီမတွေဖြစ်တဲ့ ဒွေးကြီး ဖုန်းခင်၊ ဦးသာရင်၊ ဒွေးလေးမထွေးလှ၊ ဦးချက်ကြီး၊ ဦးလေးဦးဉာဏ်ထွန်း၊ ဒေါ်တင်အေးတို့ မိသားစုနဲ့ ကျွန်တော့်ကို ကျောင်းပြန်ထားဖို့ တိုင်ပင်တဲ့အခါ ရွာကအမျိုးတွေက ကျွန်တော့်ကို ကြည့်ပြီး "ခွေးကြီးမှ လက်ပေးသင်သလို" ဖြစ်နေမှာပေါ့ကွာလို့ ကန့်ကွက်စကားပြောကြတယ်။ ကျွန်တော်ကလည်း လူပျိုပေါက်အရွယ်ရောက်နေပြီမို့ ကျောင်းပြန်နေရမှာ ရှက်တောင်ရှက်တယ်၊ ရှက်တာကြောင့် အမေ့ကို ကျွန်တော် ကျောင်းပြန်မနေချင်ဘူး၊ ရွာမှာပဲ ဒွေးကြီးတို့နဲ့ နေတော့မယ်ပြောတော့၊ အမေက ကျွန်တော့ကို ငိုပြီးပြောတယ်။

"အမေ စာမတတ်ခဲ့လို့ ဘဝမှာ ဘယ်လောက်အောက်ကျခဲ့တယ်ဆိုတာ သားအသိပါပဲကွယ်။ သေစာရှင်စာတောင် အမေမဖတ်တတ်ခဲ့လို့ သားနဲ့အမေ့ဘဝ နေ့စဉ် စားသောက်ဖို့ ဝမ်းရေးအတွက် အမေ သူများအိမ်မှာ မိုးလင်းမိုးချုပ် နေပူမရှောင်မိုးရွာမရှောင် သူများခိုင်းသမျှ စေသမျှ ပင်ပင်ပန်းပန်းလုပ်ခဲ့ရတာ သားအမြင်

ပဲ မဟုတ်လား၊ သားလေးကို အမေလိုမဖြစ်စေချင်လို့ ပညာတတ်ကြီး ဖြစ်စေချင်တဲ့အမေ့ ဆန္ဒအမေ့စေတနာတွေကို နားလည်ပါ သားရယ်။ ပြီးတော့လည်း သားအဖေမသေခင်က သူ့သားကို ပညာတတ်ကြီးဖြစ်အောင် ကျောင်းထားပေးပါလို့ အမေ့ကို တဖွဖွ မှာသွားခဲ့တယ်လေ. . .၊ ဒါကြောင့် အဖေနဲ့အမေ့ဆန္ဒကို ဖြည့်ပါ သားလေးရယ်" ။

အမေ ကျွန်တော်ကို အမျိုးမျိုး နားချပြောလို့ မရတဲ့အဆုံး ပြည်မှာနေတဲ့ ကျွန်တော့် အဖေ့ညီဘဒွေးလေး ဦးလှထွန်းကို သွားခေါ်လာပါတယ်။ ဘဒွေးလေး ရွာလိုက်လာပြီး ကျွန်တော့်ကို ကျောင်းပြန်နေဖို့ တိုက်တွန်းဆုံးမတယ်။ ကျွန်တော်က ဘဒွေးလေးကို ချစ်လည်းချစ်၊ ကြောက်လည်း ကြောက်တာမို့ ဘဒွေးလေး စကားနာထောင်ပြီး "ကျွန်တော် ကျောင်းပြန်နေပါတော့မယ် အမရယ်" လို့ ပြောတော့မှ အမေနဲ့ ဘကြီးသိန်းတို့ စိတ်ချမ်းသာပြီး ရန်ကုန်ပြန်သွားကြတယ်လေ။

ကျွန်တော် ခုလို ပညာတတ်ဘွဲ့ရတစ်ယောက်အဖြစ်နဲ့ နိုင်ငံ့ဝန်ထမ်းရင်း ဘဝကို တည်တည်ငြိမ်ငြိမ်နဲ့ ပင်ပင်ပန်းပန်း မရှာဖွေရဘဲ သက်သောင့်သက်သာစွာ ဖြတ်သန်းနေရတဲ့ အခါ ငယ်ငယ်က ကျောင်းမနေချင်တဲ့သားကို အမေမျက်ရည်ကျလောက်အောင် သောက၊ ဒုက္ခတွေရင်စီးခံပြီး ကျောင်းထားပေးခဲ့တဲ့ အမေ့ ကျေးဇူးတရားတွေကြောင့်ပါလားဆိုပြီး သားအမေ့ကို ခုချိန်မှာ တမ်းတရင်း အရမ်းကျေးဇူးတင်မိပါတယ် အမေ. . .။

ဒါကြောင့်လည်း ညစဉ် အိပ်ယာဝင်ခါနီးတိုင်း အနန္တောအနန္တငါးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ရှိသေမှန်းဆ ရှိခိုးအိပ်ပါတယ်။ အမေနဲ့ အဖေ့ကျေးဇူးတရားတွေကိုလည်း အမြဲသတိရ ကန်တော့နေမိပါတယ် အမေ။

အမေ သားအပေါ်ထားတဲ့ကြီးမားလှတဲ့ မေတ္တာတရားနဲ့ ကျေးဇူးတရားတွေကို ကဗျာလင်္ကာ၊ စာဖွဲ့ပြမယ်ဆိုရင်တောင် သမုဒ်မင်ရေ ခြယ်လို့ မေရုကို စုတ်တံထားကာ မိုးတစ်ဆုံး မြေတစ်ဆုံး ကျောင်သင်ပုန်းလုပ်ပြီး ရေးဖွဲ့ပြစေ အုံးတော့ ဆုံးမယ်မထင်ဘူး အမေရယ်. . .။

သားမမေ့သေးဘူးအမေ. . .

ကျွန်တော်လေးနှစ်သားအရွယ်မှာ အဖေ ပန်းနာရင်ကြပ် နာတာရှည်ရောဂါနဲ့ ဆုံးတော့ အမေ့မှာ ရှိတဲ့ လက်ဝတ်လက်စားတွေလည်းပြောင်၊ အိမ်မှာရှိတဲ့ ပစ္စည်းပစ္စယတွေလည်း ပေါင်နှံ ရောင်းချဆေးကုရလို့ အိမ်မှာ စားအိုး စားခွက်ပဲ ကျန်တော့တယ်။ သားတစ်ယောက်နဲ့ အကြွေးပတ်လည်ဝိုင်းပြီး ကျန်ရစ်ခဲ့တဲ့ မုဆိုးမအမေဟာ သောကအပူလုံးကြွပြီး လောကမှာ လူလုံးမလှတဲ့ ဘဝမို့ ယူကြုံးမရ ဖြစ်ခဲ့ပေမယ့် အဖေမဲ့သွားတဲ့ ကျွန်တော့်ကို တင်းတင်း ဖက်ကာ ရှိုက်သံတွေဝေနေတဲ့ ကျွန်တော့်ကို "သား အတွက်အဖေ မရှိတော့ပေမယ့် အမေရှိတယ်၊ ဘာမှ အားမငယ်နဲ့ သား" လို့ အံ့ကြိတ်ပြီး အမေ အားပေးခဲ့တယ်လေ . . .။

အမေဟာ အဖေသေတော့ မုဆိုးမဆိုပေမယ့် အသက်(၃၀)အရွယ်ပဲ ရှိသေးတော့ နုတုန်း ပျိုတုန်းအရွယ်ရှိတုန်းပဲလေ။ တစ်ပင်လဲလို့ တစ်ပင်ထူမယ်ဆိုရင် ထူနိုင်ပေမယ့် "သားကို ပထွေးနှိပ်စက်မှာ၊ ပထွေးရိုက်မှာ၊ ညှိုညင်မှာ၊ မျက်နှာငယ်မှာ" တွေးပြီး မုဆိုးမဘဝနဲ့ သားကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် အမေ့ဘဝ အနစ်နာခံ အပင်ပန်းခံ၊ ဆင်းရဲခံပြီး အမေပျိုးထောင်ပေးခဲ့တယ်လေ. . .။

"အမေဈေးရောင်းရင်းစုထားတဲ့
စုဘူးလေးထုတ်ပြပြီး
ဘွဲ့နှင်းသဘင်တက် ယူစေခဲ့ပြီး
အမေကိုယ်တိုင် လိုက်ပါ၍
ပီတိအပြုံးနဲ့
အားပေးခဲ့တယ်လေ...."

ရွာမှာအမေနဲ့ကျွန်တော်အတူနေစဉ် ကျွန်တော်(၁၄)နှစ်သားအထိ တောလုပ်တောကိုင်ဖြစ်တဲ့ မြက်ထမ်း၊ ကောက်ရိတ်၊ ပျိုးနုတ်၊ စပါးသယ်တဲ့အလုပ်မျိုးတွေ တစ်ခါမှ အမေမခိုင်းဘဲ ရွာဦးကျောင်းဆရာတော်ဆီမှာ ဘုန်းကြီးကျောင်းသားအဖြစ်နဲ့ရော၊ ကိုရင်ဘဝနဲ့ပါ လောကုတ္တရာစာပေပညာသင်ကြားစေခဲ့ပါသည်။

အမေကတော့နွေဆိုရင် စပါးအငှားရွက်၊ သစ်ပင်တကာတက်ပြီး ဟင်းရွက်ခူးရောင်း၊ ထင်းတောတက်၊ ဝါးတောတက်၊ ကောက်စိုက်၊ မျှစ်ချိုးစတဲ့အလုပ်တွေ ဆက်နေအောင် ပင်ပင်ပန်းပန်းလုပ်ပြီး ကျွန်တော့်ကို ကျွေးမွေးပြုစုပြီး လူလားမြောက်စေခဲ့တယ်လေ. . . . ။

ရွာမှထွက်ခဲ့ပြီး မြို့ကိုရောက်တော့လည်း သားအလုပ်မရခင်၊ ကျောင်းနေစဉ်ကာလအတွင်းတွင် အခန်းကျဉ်းကျဉ်းလေးတစ်ခုမှာ သားမိနှစ်ယောက် ငှားနေရင်း အမေက နံနက်ဆိုအသုပ်ရောင်း၊ နေ့လယ်မှာ ကျောင်းဈေးထွက်၊ ညနေမှာ ဘီးမုန့်လုပ်ပြီး သားကို ကျောင်းထားပေးခဲ့တယ်လေ။

ကျွန်တော်ရှစ်တန်းအောင်ပြီး ကိုးတန်းအရောက်မှာ မီးရထားအလုပ်ရုံမှာ အလုပ်ရတယ်။ ကျွန်တော်ကအလုပ်တစ်ဖက်နဲ့ ကိုးတန်းကို လူငယ်ရေးရာ ညကျောင်းတက်တယ်။ ကျွန်တော်ကိုးတန်းအောင်တော့ အလုပ်ကနေခွင့်ရတဲ့ မီးရထားလိုင်းခန်းလေးကို သားမိနှစ်ယောက်ပြောင်းနေကြတယ်။ ဒီလိုနဲ့ လူငယ်ရေးရာညကျောင်းကနေ ကျွန်တော်ဆယ်တန်းအောင်တော့ လုပ်သားများ ကောလိပ်ကိုဆက်တက်ခဲ့တယ်။ ကျွန်တော်ဘွဲ့ရတော့ ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ဖို့ ငွေအကုန်မခံနိုင်တာကြောင့် အဝေးရောက်ပဲယူတော့မယ်ဆိုတော့ အမေက လက်မခံဘဲ အမေဈေးရောင်းရင်းစုထားတဲ့ စုဘူးလေးထုတ်ပြပြီး ဘွဲ့နှင်းသဘင်တက်ယူစေခဲ့ပြီး အမေကိုယ်တိုင် လိုက်ပါ၍ ပီတိအပြုံး နဲ့ အားပေးခဲ့တယ်လေ. . . . ။

ကျွန်တော်ဘွဲ့ရပြီး အသက်(၃၇)နှစ်အရွယ်မှာ အိမ်ထောင်ကျခဲ့တယ်။ ကျွန်တော်အိမ်ထောင်ကျပြီး (၂)နှစ်အကြာမှာ သားလေးကို မွေးတယ်၊ သားလေးမွေးလာတော့ တစ်အိမ်လုံးက ဝိုင်းချစ်ကြတယ်။ အမေလည်း သူ့မြေးလေးကို သိပ်ချစ်တာပေါ့။ သားလေးမွေးပြီးနောက်ပိုင်း အိမ်စရိတ်တွေကများလာ၊ ကျွန်တော့်ဝင်ငွေနဲ့မမျှတာကြောင့် ညဘက်မှာဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ ဝင်လုပ်ရပါတယ်။ ကျွန်တော့်ဇနီးသည်ကလည်း တစ်ဖက်တစ်လမ်းက စက်ချုပ်နေလို့ တော်သေးတာပေါ့၊ အဲဒီလိုမိသားစုအဆင်ပြေရေး ပြေးလွှားရှုန်းကန်ရင်းနဲ့ အားတဲ့အချိန်မှာလည်း သားနဲ့ပဲ အချိန်ကုန်တာမို့ အမေ့ကို ဥပေက္ခာပြုသလို ဖြစ်မိခဲ့ပါတယ်။

တစ်နေ့ အိပ်ယာအထ အမေမထနိုင်လို့ လှမ်းခေါ်မှ ကျွန်တော်သွားကြည့်တော့ အမေ လေဖြတ်သွားကြောင်းသိရပါတယ်၊ အမေခြေ တစ်ဖက် လက်တစ်ဖက် လေဖြတ်သွားတယ်။ အိပ်ယာထဲက မထနိုင်တော့ဘူး၊ အမေ့ကို အိမ်ရှေ့ခန်းမှ အိမ်ထဲအခန်းပြောင်းပြီး ချေးပါသေးပေါက်အတွက် ပျဉ်ပြားအပေါက်ဖောက်ကာ အိမ်သာခွက်ထားပေးရတယ်။ အမေ(၄)လလုံးလုံး အိပ်ယာထဲမှာနေခဲ့ရတယ်။ အမေအိပ်ယာထဲက မထနိုင်တဲ့အတွက်အမေ့သေးဂရု ချေးဂရုတို့ အမေ့ကို ရေပတ်တိုက်ပေးတာတို့၊ အမေ့သေးဝတ်၊ ချေးဝတ်လျှော်တာတို့ အမေ့ကို ဆေးတိုက်တာတို့၊ ထမင်းခွံ့ကျွေးတာတို့ ကျွန်တော်ပဲ ပြုစုလုပ်ကျွေးခွင့်ရခဲ့ပါတယ်။ အမေ စားချင်တဲ့အစာ၊ အမေသက်သာအောင် ဆေးဝါးအမျိုးမျိုးနဲ့ ကျွေးမွေးပြုစု ကုသပေးပေမယ့် ၂၆-၁-၂၀၀၃၊ စနေနေ့ ည၁၂-ရီ ၃၅-မိနစ်အချိန်မှာ အမေ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပါတယ်။

အမေ့ကျေးဇူးတရားတွေက ဆပ်မကုန်အောင်များပြားလှပါတယ်။ အမေ့ကျေးဇူးတရားတွေကို အားရအောင်၊ ကျေနပ်အောင် ဆပ်ခွင့်မရလိုက်သည့်အတွက် နောင်တတရားတွေနဲ့အတူကြေကွဲဝမ်းနည်းနေမိပါတယ်အမေ. . ။

သား အခုတော့ အမေ့မေတ္တာနဲ့ ကျေးဇူးတရားတွေကို အစဉ်အောက်မေ့သတိရပြီး ညအိပ်ယာဝင်တိုင်း ဘုရားမှာ ဆီမီး၊ ပန်း၊ ရေချမ်း အမြဲတန်း ကပ်လှူပူဇော် ဘုရားရှိခိုးပြီးတိုင်း သားပြုသမျှ ကုသိုလ် အစုစုကို အမေရောက်ရာမြင့်မြတ်တဲ့ဘုံဌာနက သာဓုခေါ်နိုင်ပါစေလို့ ဆုတောင်းနေမိပါတယ်။

နောက်ပြီး အမေ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ အဖေခေါင်းချခဲ့တဲ့ မြေ၊ အမေ နေခဲ့တဲ့ အမေ့ရွာ၊ ကျွန်တော်မွေးခဲ့တဲ့ ပုတီးကုန်းမြို့ ညောင်ဝန်းရွာမှာ "လူငယ် ပန်းဥယျာဉ်"ဆိုတဲ့ စာကြည့်တိုက်လေး ရွာက ကျောင်းထိုင်ဆရာတော်ရယ်၊ သူငယ်ချင်းတွေရယ် စုပေါင်းအားနဲ့ ဖွင့်နိုင်ခဲ့ပါပြီအမေ။

စာမတတ်ခဲ့တဲ့ အမေ့အတွက် နောင်ဘဝအဆက်ဆက်မှာ ပညာအလင်းရစေဖို့ ရည်မှန်းပြီး အမေ့နာမည်နဲ့ စာအုပ် စာပေအများကြီး သားလှူပေးခဲ့ပါတယ်။ ဒါ့အပြင် အမေနှင့် ပတ်သက်တဲ့ စာပေပြိုင်ပွဲတွေမှာလည်း အမေ့ဘဝကောက်ကြောင်းနဲ့ အနှိုင်းမဲ့ အမေ့မေတ္တာတရားတွေနဲ့ ကျေးဇူးတရားတွေကို သား အစဉ်ထာဝရ မြတ်နိုးဦးခိုက်ပြီး သားရဲ့ ကြေကွဲလွမ်းဆွတ်မှု မျက်ရည်တွေနဲ့အတူခံစား ရေးဖွဲ့ အမေ့ဂုဏ်ကို ကဗျာ၊ ဝတ္ထုတွေနဲ့ ဖော်ကျူး ကျေးဇူးဆပ်မိတိုင်း သားဆုတွေ ရခဲ့ပါတယ်။ အမေသေပေမယ့် အမေ့မေတ္တာတရားတွေက သားအပေါ် နွေးထွေးနေဆဲ၊ လွှမ်းခြုံထားဆဲဆိုတာ သားယုံကြည်နေမိပါတယ်။

ဒါကြောင့် အမေ့ မေတ္တာတရားနဲ့ ကျေးဇူးတရားတွေကို သား ကလောင်စွမ်းအားနဲ့ ရေးဖွဲ့ ဖော်ကျူးနေတာကို တမလွန်ကအမေ ကြားစေ၊ သိစေ၊ မြင်စေနိုင်တဲ့ တန်ခိုးတစ်စုံတစ်ရာသာ ရှိမယ်ဆိုရင် အဲဒီအရာဟာ သား အလိုချင်ဆုံး ဆုတစ်ခုပါ အမေရယ် . . . ။

♦ မြတ်လွမ်းနောင်(ပုတီးကုန်း)





# မရဏာမင်းနှင့် စစ်ခင်းခြင်း

ကိုကြူး(ကချင်းတပ်)

တစ်လောကလုံး ပိန်းပိတ်မှောင်မဲနေသည်။ နေ့လယ်ကတည်းက သဲကြီးမဲကြီးရွာ၍ ကောင်းတုန်းပင်၊ တစ်ခါတစ်ခါမှ မိုးချိန်းသံ နှင့်အတူ ထွက်ပေါ်လာသော လျှပ်စီးလက် ရောင်တို့သည် ဝင်းခနဲလက်ခနဲနှင့် ကြက်သီး မွေးညင်းများထလောက်အောင် ရင်ထိတ်မိသည်။

ကျွန်ုပ်သည် ရေးလက်စ တရားဆောင်းပါးကို အဆုံးသတ်ရန် အနည်းငယ်မျှသာ လိုတော့သည်။ ရင်ထဲတွင် ချမ်းစိမ့်စိမ့် ဖြစ်လာ၍ အနွေးထည်ဝတ်လျှင် ကောင်းလေမလားဟု စဉ်းစားနေမိသည်၊ အနွေးထည်ယူပြီးသည်နှင့် နေမကောင်းဖြစ်နေသော အမေအိုကြီးကို ဆေးတိုက်ရဦးမည်၊ အအိပ်ကြမ်းသည့် သားငယ်လေးကိုလည်း စောင်လွှမ်းခြုံပေးဖို့ ရှိသည်၊ ကလေးအမေကတော့ အလုပ်ကိစ္စများနှင့် တစ်နေကုန် ပင်ပန်းခဲ့၍ ယခု လောက်ဆို အိပ်မောကျနေ လောက်ပြီထင့်၊ မနက်ဖြန်ဆိုလျှင် ရောင်းရေး ဝယ်တာကိစ္စများမှ အကြွေးငွေတွေလိုက်ကောက်ပြီး ပေးစရာ ရှိတာပေး၊ ငွေပို့စရာ ရှိတာပို့နှင့် အလုပ်ရှုပ်ရဦးမည်၊ တတိယနှစ်ရောက်နေသည့် သမီးကြီးထံသို့လည်း ငွေပို့ရန်ရှိပြန်သည်။ သည်နှစ် နွေရာသီ၌ ဒုတိယသားကို ရှင်ပြုပေးရန်ရှိသဖြင့် လုပ်ငန်းများ အစီအရီ တသီတတန်းကြီး ဆောင်ရွက်ပေးရဦးတော့မည်။

ဤသို့လျှင်ကျွန်ုပ်သည် တမျှော်တခေါ် စဉ်းစားပြီး အစီအစဉ်တွေ ရေးဆွဲချမှတ်နေမိသည်။ ထိုစဉ် အိမ်ရှေ့တံခါးမကြီးမှ တံခါးခေါက်သံ ရုတ်တရက် ကြားလိုက်ရသည်။ အချိန်မတော် ဘယ်သူများပါလိမ့်၊ ကျွန်ုပ် စူးစမ်းနားစွင့်နေ၍ မပြီးသေး၊ တံခါးခေါက်သံ ခပ်ပြင်းပြင်းအဆက်မပြတ် ထပ်မံကြားလာရပြန်သည်။ တံခါးခေါက်သံက တဒုန်းဒုန်းနှင့် တစ်အိမ်လုံး လှုပ်ခါသွားအောင် ထပ်ကာထပ်ကာ ကြားလာ၍ ကျွန်ုပ်မှာ မနေသာတော့၊ ကမန်းကတန်း ရုတ်ချည်းထဖွင့်မိလိုက်သော အခါ 'ဟိုက်'ဟူသော အာမေဍိတ်သံ လွှတ်ခနဲ ထွက်သွားမိတော့သည်၊ လုံးဝဆို လုံးဝ မမျှော် လင့်မိသော အထူးဧည့်သည်တော်ကြီး ဖြစ်နေသည်ကို တွေ့ရသည်။

ထိုပုဂ္ဂိုလ်ကြီးက သူနှင့်တပါတည်း ယခုချက်ချင်းလိုက်ရန် ကျွန်ုပ်လက်ကို ဆွဲ၍ အရေးတကြီး အတင်းခေါ်နေလေသည်၊ ကျွန်ုပ်က နေပါဦး လုပ်စရာတွေ တပုံတခေါင်းကြီး ရှိနေ၍ လုပ်ပြီးမှ လိုက်နိုင်မည်၊ ကျွန်တော် မရှိလျှင် မဖြစ်သည့်ကိစ္စ၊ ကျွန်တော်ကိုယ်တိုင် လုပ်မှပြီးမည့် ကိစ္စများ၊ အကြောင်းစုံစုံလင်လင် ပြောပြလိုက်ပါသည်။ သို့သော် သူက လက်မခံ အတင်းအကြပ်ပင် ခေါ်နေသောကြောင့် ကျွန်ုပ်သည် ယခုလောလောဆယ် ဆောင်ရွက်ရမည့် လုပ်စရာရှိသည်များကိုသာ လုပ်မည်ဆိုသော်လည်း မရဖြစ်နေသည်၊ ကျွန်ုပ်တွင် ရေးလက်စ ဆောင်းပါးကို အဆုံးသတ်ရေးချင်နေ သေး၏၊ အမေအိုကို ဆေးတိုက်ပြီးလျှင် သားငယ်ကိုလည်း စောင်လွှမ်းခြုံပေးချင်သည်၊ ယုတ်စွအဆုံး မိသားစုအားလုံးကို အကြောင်းစုံ ပြောပြပြီး နှုတ်ဆက်ချင်နေသည်။

အထူးဧည့်သည်တော်ကြီးက စိတ်မရှည်တော့သည့်ဟန်ဖြင့် ကျွန်ုပ်အား အိမ်အပြင်ဘက်သို့ ဆွဲထုတ်တော့သည်။ အဟုန်ပြင်းစွာရွာနေသောမိုးသည် ဝုန်းဝုန်း ဒိုင်းဒိုင်းနှင့် တရကြမ်း ရွာချလျက် ရှိသေး၍ ထီးနှင့် အနွေးထည်ယူရန် ကျွန်ုပ်ဟန်ပြင်လိုက်သည်။ အမှတ်မထင် ကိုင်မိလာသော ဘော့လ်ပင်ကိုလည်း ပြန်ထားရန် ဖြစ်သည်၊ သို့သော် သူက ခွင့်မပြု၊ ကျွန်ုပ်လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားသည်၊ ပွင့်နေသည့် အိမ်တံခါးကို ပြန်စေ့မည်ပြုစဉ် အတော့်ကိုဆိုးသည့် ထိုပုဂ္ဂိုလ်ကြီးသည် ဂျွန်ုပ်လက်ကို ဆွဲဆောင့် လိုက်ပြန်သည်။

ကျွန်ုပ်သည်းမခံနိုင်တော့ ထောင်းကနဲ ဒေါသအကြီးအကျယ်ထွက်လာပြီး၊ ထိုသူအား ထိုးကြိတ်ရန်ဟန်ပြင်လိုက်သေးသည်၊ ထိုသူက မမှုဟန်ဖြင့် ကျွန်ုပ်အား စူးရှသော မျက်လုံးအစုံတို့ဖြင့် စေ့စေ့ကြည့်နေသည်။ ကျွန်ုပ် လက်လျှော့လိုက်ရသည်။ အမှန်ဆိုလျှင် ၎င်းသူအား ကျွန်ုပ်မယှဉ်နိုင်ပါ၊ လူကောင်က ခပ်ထွားထွား ခွန်အားဗလလည်း အလွန်ကြီးမားသည်မို့ သူနှင့် ယှဉ်လျှင် ကျွန်ုပ်သည် ပိစိကွေးလေး၊ ကျွန်ုပ် တောင်းပန်ရတော့သည်၊ အမျိုးမျိုးသော အကြောင်းပြချက်များ စုံလင်စွာဖြင့် အသနားခံရတော့သည်။ ထိုသူ့ခေါင်း သွက်သွက်ခါ ရမ်းပြနေသည်၊ ကျွန်ုပ်တွင် ရှိသမျှ စည်းစိမ် ဥစ္စာ ရွှေငွေအကုန်ပေးမည်၊ ကျွန်ုပ်မိသားစု အတွက် မရှိမဖြစ်သည့် ကိုယ်ပိုင်အိမ်ကိုပင် အဆစ်ထည့်ပေးဦးမည်ပြောသော်လည်း မရ၊ အတော်ပင် ခေါင်းမာသူဖြစ်နေသည်။ မထူးတော့သည့် နောက်ဆုံး ကျွန်ုပ်ထွက်ပြေး ပုန်းရှောင်ရန် ဟန်ပြင်လိုက်သောအခါ ကျွန်ုပ် လည်ကုပ်ကို သန်မာလှသော သူ့လက်ကြီးနှင့် ဇိကုတ်ထားသည်။

ကျွန်ုပ်မည်သို့မျှ မတတ်နိုင်တော့ ရှိသမျှ အင်အားများဖြင့် ရှုန်းရင်းကန်ရင်း အမေ့အား အသံကုန်ဟစ်၍ လှမ်းအော်ပြီး အကူအညီ တောင်းလိုက်ရတော့သည်။

"အမေရေ ကျွန်တော့ကို ကယ်ပါဦး၊ ကယ်ပါဦးအမေရေ၊ ကျွန်တော့ကို ကယ်ပါဦး၊"

"ဟဲ့ သားမောင်ရဲသူ ဘာဖြစ်နေတာလဲ ဒီမှာ အမေခေါ်နေတယ်၊ မောင်ရဲသူ. . ၊ မောင်ရဲသူ . . "

ကျွန်ုပ်သတိရလာသောအခါ ကျွန်ုပ် လက်တစ်ဖက်ကို ဆွဲလှုပ်ရင်း အမေ၏ ကြင်နာတတ်သော မျက်လုံးအစုံတို့ဖြင့် သနားကရုဏာသက်စွာ ရီဝေရီဝေကြည့်နေသည်။ ကျန်လက် တစ်ဖက်ကိုမူ ကျွန်ုပ်ဇနီးဖြစ်သူက ဆုပ်ကိုင်

လျက် စိုးရိမ်ကြီးစွာ ကြည့်နေသည်ကို တွေ့ရသည်၊ ကျွန်ုပ် အိပ်မက်ဆိုးတွေ မက်နေပါရော့လား၊ အမလေးတော်ပါသေးရဲ့ ကျွန်ုပ် ရင်တွေ တုန်နေသည်ကိုသိသော ဇနီးသည်က ရေးကြီးသုတ်ပျာဖြင့် ရေအေးအေးလေး ပြေးခပ်ပြီး တိုက်သောအခါမှ ကျွန်ုပ် ကောင်းစွာ သတိရလာချေပြီ၊ ကျွန်ုပ် နားလည်လိုက်ပါပြီ၊ ဤတွင် ကျွန်ုရေးလက်စ ဓမ္မဆောင်းပါးကို လှမ်းယူကြည့်မိသည်၊ အမေကလည်း လိုက်ကြည့်သည်။

"မရဏမင်းနှင့် စစ်ခင်းခြင်း"

အမေက ခပ်ရေးရေးလေးပြုံးနေသည်။

"အမေ့သားက သေမင်းကို အံတုပြီး သည်လိုနည်းနှင့် စစ်ခင်းမလို့ကိုး၊ မဖြစ်နိုင်ဘူးသား၊ လုံးဝ မဖြစ်နိုင်ဘူး၊ သည်နည်းအတိုင်းသာဆိုရင် အမေ့ကို အကူအညီမတောင်းနဲ့၊ အမေတတ်နိုင်ဘူး၊ ဗုဒ္ဓမြတ်စွာဘုရားတရားသာလျှင် ကယ်နိုင်လိမ့်မယ်၊ ကဲကဲ ဒီမှာခဏထိုင်ဦး သားနားလည်အောင် အမေ သိသမျှတရားနည်းလမ်းများကို ပြောပြမယ်"

"လောကမှာ ရှိရှိသမျှ သတ္တဝါတိုင်း တစ်နေ့ကျ သေရမှာချည်းပဲ၊ ဘယ်သူမှ မလွတ်ကင်းနိုင်ဘူး။ သေပြီးရင်ဘယ်ဘဝရောက်မည် ဘယ်လိုရောဂါနဲ့ ဘယ်နေရာမှာ ဘယ်လိုနည်းနဲ့ သေရမယ်ဆိုတာလည်း ကြိုတင်မခန့်မှန်းနိုင်ကြဘူး။ သေမင်းက ဒီကောင်လေးငယ်သေးတယ်ဆင်းရဲရှာတယ်၊ သနားပါတယ်ဆိုပြီး မခေါ်ဘဲမနေဘူး အချိန် တန်ရင် အချိန်မရွေးခေါ်နိုင်တယ်၊ အဲဒီလို ခေါ်လာတဲ့အခါ ငါ့မှာ ရွှေရှိတယ်၊ ငွေရှိတယ်၊ ရာထူးရှိတယ်၊ ငါက လူမင်း နတ်မင်း၊ ပြဟ္မာ မင်းဆိုပြီး မာန်မာနကြီး နေလို့လည်းမရဘူး၊ ခေါ်မှာပဲ"

"တစ်ချို့ကထင်နေကြသေးတယ်၊ ငါက မကောင်းတာဘာမှမလုပ်ဘူး။ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို အမြဲလုပ်နေတဲ့သူ တစ်ယောက်သေမင်းက ငါ့ကို သက်ညှာပေးမယ် ကြည့်ပေးမယ်ပေါ့။ တစ်ချို့ကတော့ ဒီလို မဟုတ်ပြန်ဘူး ဒီကောင်သေမင်း လာစမ်းပါစေ ဆေးဆရာ၊ ဒေါက်တာ၊ သမားတော်၊ ပါရဂူ၊ ပါမောက္ခတွေက သူတို့မှာရှိတဲ့ အစွမ်းအာနိ သင်အထက်ဆုံး ပဋိဇီဝဆေးတွေနဲ့ ကာကွယ် ကုသကြမယ်၊ စစ်ဗိုလ်ချုပ်ကြီး၊ စစ်ဦးစီးချုပ်၊ စစ်သေနာပတိ၊ စစ်သူရဲကောင်းကြီးတွေကလည်း သူတို့ရဲ့ စစ်သည်စစ်သားတွေအများ အပြားကို မြင်းတပ် ဆင်တပ်ကြီးတွေသုံးပြီး ခုခေတ်ဆိုရင် ကြည်းတပ် ရေတပ် လေတပ်တွေမှာ နောက်ဆုံးပေါ် ခေတ်မီ လှပြီဆိုတဲ့ လက်နက်ဆန်း (ဈူးကလီးယားဓာတုဇီဝလက်နက်) စတာတွေသုံးပြီး ကာကွယ် ကြမယ် စောင့်ရှောက်ကြမယ်၊ တိုက်ခိုက်ကြမယ်၊ အဲ--တန်ခိုးဣဒ္ဓိပါဒ်အမျိုးမျိုးပြနိုင်တဲ့ ပုဂ္ဂိုလ်တွေကလည်း သေမင်းမမြင်အောင် မြေလျှိုးမိုးပျံပြီး ရှောင်ပုန်းနေမယ်၊ ဒီလိုမဟုတ်လည်း သူတို့စွမ်းသမျှ အစွမ်းဆုံးတန်ခိုးကို အသုံးပြုပြီး သေမင်းကို အန်တုပြီး အပြိုင်တိုက်မယ်ပေါ့၊ ဒီလို ဆိုရင်တောင် မနိုင်နိုင်ပါဘူး၊ "

"အဲဒီလိုဆိုတော့ ဘယ်လိုလုပ်ကြမလဲ၊ သေမင်းကို ဘယ်လိုနည်းနဲ့ရင်ဆိုင်ကြမလဲ၊ အမေပြောပြီးပါပေါ့လားကွယ်။ ဗုဒ္ဓမြတ်စွာ ဘုရား တရားတော်သာလျှင် ကယ်တင်နိုင်လိမ့်မယ်ဆိုတာ အမေ့သားကြီး မှတ်မိပါရဲ့လား ယုံရောယုံရဲ့လား၊ မယုံမရှိနဲ့ မောင်ရဲ့သူ အမေပြောပြမယ်၊ လောကသုံးပါးမှာ တို့ဗုဒ္ဓမြတ်စွာဘုရားက ဘုန်းတန်ခိုးအကြီးဆုံး အမြင့်မြတ်ဆုံး မဟုတ်လား၊ သည်လိုသော ဗုဒ္ဓမြတ်စွာဘုရား

တောင်မှ လောကသဘာဝတရားကို မလွန်ဆန်နိုင်လို့ ပရိနိဗ္ဗာန်ပြုခဲ့ရသေးတယ်၊ ဒါပေမယ့် သေမင်းကို ရင်ဆိုင်တွေ့တဲ့သူတိုင်း ကြောက်တဲ့သူရှိသလို မကြောက်တဲ့သူတွေလည်း ရှိကြတယ်၊ မကြောက်တတ်တဲ့သူတွေက ဘယ်သူတွေလဲ၊ ဘာကြောင့်မကြောက်ကြတာလဲ၊ အမေ့သားကြီး သိချင်လိမ့်မယ်၊"

"လူတိုင်းလူတိုင်း သေရဲတဲ့အားကို တစ်ခုရှိထားကြရမယ်၊ ဗုဒ္ဓဘာသာမှာ သေမင်းကိုတောင် မကြောက်တဲ့နည်းတွေ ရှိတယ်၊ လူသားစားပေါရိသာဒက မဟာသုတသောမမင်းကို ဘာကြောင့်သေရမှာမကြောက်သလဲလို့ မေးတော့ ငါ့မှာ ကုသိုလ်တွေအများကြီးလုပ်ခဲ့ပြီ၊ မိဘဆွေမျိုး မိတ်သင်္ဂဟတွေကိုလည်း ပြုစုလုပ်ကျွေးခဲ့ပြီ၊ ရဟန်းသူတော်သူမြတ်တို့ကိုလည်း လှူဒါန်းပေးကမ်းခဲ့ဖူးလှပြီ၊ ဒါတွေဟာ ငါသွားရမယ့် တမလွန်ခရီးအတွက် ရှင်းလင်းသုတ်သင်ပြီးဖြစ်တယ်၊ ဒီလိုကုသိုလ်တွေ ရှိထားတဲ့အတွက် ငါမကြောက်ဘူးတဲ့၊"

"ဒီလိုဆိုတော့ တို့တွေလည်း ဒါန သီလ ဘာဝနာတစ်ခုခုနဲ့ သေနိုင်အောင် ကြိုတင်စီစဉ်ပြုလုပ်ထားရင် မကောင်းပေဘူးလား၊ တစ်ချို့ကျတော့ သရဏဂုံသုံးပါကို အားကိုးအားထားပြုကြတယ်၊ အဲ့ဒီလိုနည်းကောင်း တစ်ခုခုနဲ့ ပိုင်ပိုင်နိုင်နိုင်လုပ်ထားရင် ဘယ်သို့သော မရဏမင်းကိုမှ မကြောက်တော့ဘူး၊ ကြောက်စရာလည်းမလိုတော့ဘူး၊ အချိန်မရွေးလာလှည့်စမ်းပါ၊ တစ်ရာ တစ်ထောင် သေရမှာတောင် ကြောက်စိတ်မဖြစ်နိုင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သေပြီးရင် ဒီ့ထက်သာတဲ့နေရာ ရောက်မှာမို့လို့၊ ဒါပေမဲ့ ပြောခဲ့တဲ့နည်းတွေထဲက ဘာတစ်ခုမျှ ရေရေလည်လည် မပိုင်ထားရင်တော့ သေရမှာကြောက်တဲ့သူ ဖြစ်တော့မပေါ့"

"ဗုဒ္ဓသာသနာအတွက် တိတ္ထိကျေးကုလားတွေကို အပြတ်အနိုင်တိုက်နိုင်ခဲ့တဲ့ ဒုဋ္ဌဂါမဏိမင်းကြီးဟာ ရောဂါဖိစီးပြီး သေခါနီးမှာ အားကိုးရာမမြင်လို့ သေရမှာအလွန် ကြောက်နေရရှာတယ်၊ ဒါပေမဲ့ မင်းကြီးနှင့် စစ်ပွဲအတူနွှဲခဲ့တဲ့ အဘယစစ်သူကြီးက တန်ခိုးကြီး သောရဟန္တာအဖြစ်နဲ့ကြွရောက်လာပြီး မင်းကြီးပြုလုပ်ခဲ့ဖူးသော ဒါနကုသိုလ်ကောင်းမှု အစုစုကို သတိကပ်စေတဲ့အချိန်မှာ မင်းကြီးဟာ ဝမ်းသာပီတိတွေဖြစ်ပြီး သိပ်ကို အားရကျေနပ်တဲ့စိတ်နဲ့ နတ်ရွာစံ ကံကုန်တော့ တုသိတာနတ်ပြည်ရောက်သွားခဲ့ရဖူးတယ်"

"သေခါနီးကာလ ဂိတ်ဝင်ခါနီးမှာ ကြိုစည် ပြောဆို ပြုလုပ်တဲ့ကံကို (အာသန္နကံ-အနီးကပ်အလုပ်)လို့ ခေါ်တယ်၊ သေခါနီးကာလဆိုတာ ကိုယ်အားနှုတ်အားတွေ လျော့ပါးနေတဲ့အတွက် ကာယကံမှု ဝစီကံမှုထက် မနောကံမှုကိုသာ အများဆုံးလုပ်နိုင်ခွင့် ရှိတော့တယ်ဆိုတာကိုလည်း သတိပြုကြရမယ်၊ မနောကံအလုပ် စိတ်ထဲက နှလုံးသွင်းဆင်ခြင် မှုကိုသာ အများဆုံးအားထား မှီခိုရပေလိမ့်မယ်၊ ဒါကြောင့် သေခါနီးဆိုတာ များများကြီး အလုပ် မလုပ်နိုင်တော့ဘူး၊ လုပ်သလောက်ဟာလေး တိတိကျကျ မိမိရရရှိဖို့ သိပ်ကိုအရေးကြီးတယ်၊'

"တစ်သက်လုံး ကုသိုလ်ကောင်းမှုတွေ ဘယ်လောက်ပဲ လုပ်ထားထား သေခါနီးမှ (အယောနိသောမနသိကာရ)ခေါ်တဲ့မသင့်မတင့်တဲ့အာရုံကလေး စိတ်ကူးကလေးတစ်ချက် ဝင်သွားမိရင် နောက်ဘဝ အဆိုးအကောင်းကို သူကပဲ အဆုံးအဖြတ်ပေး သွားတတ်တယ်၊ တစ်သက်

လုံးလုပ်ထားတဲ့ ကုသိုလ်တွေကလုပ်ပြီး မေ့မေ့ ပျောက်ပျောက် ဖြစ်နေရင် သေခါနီး စိတ်ကူးထဲ မှာ ဝင်မလာနိုင်ဘူး၊ အကျိုးပေးစရာရှိရင်လည်း နောက်မှ အကျိုးပေးမှာ၊ လောလောဆယ် ကတော့ သေခါနီးမှ ကပ်ပြီးဝင်လာတဲ့ အဆိုး ကလေးက အကျိုး ပေးသွားတယ်၊"

"ဒါကြောင့် မိမိပြုလုပ်ခဲ့တဲ့ကုသိုလ်ကို ပြန်လည်ပြီး အထပ်ထပ်ဆင်ခြင်ရမယ်ဆိုပြီး သီလာနုဿတိ စာဂါနုဿတိစသည်ဖြင့် ဟော တော်မူထားတယ်၊ အဲဒီတော့ ဥပမာလေး ပြော ကြစို့ရဲ့။ ရှေးက သင်္ဘောသားခုနစ်ရာပါတဲ့ ကုန် သည်သင်္ဘောကြီး ပင်လယ်ထဲမှာ လေမုန်တိုင်း မိပြီး နစ်မြုပ်လုဆဲဆဲ ဖြစ်နေချိန်မှာ အခြား သင်္ဘောသားတွေက သေရမှာကြောက်ပြီး ရောက်ယက်ခတ်နေကြပေမဲ့ တစ်ယောက် သော ဥပသကာက ထူးခြားစွာ တည်တည်ငြိမ် ငြိမ်ရှိနေတယ်၊ သတိထားကြည့်မိတဲ့ သင်္ဘော သားများက(အို --မိတ်ဆွေ ခုလို သေဘေးကြီးနဲ့ နီးကပ်နေတဲ့အချိန် သင့်မှာ အဘယ်ကြောင့် မကြောက်မရွံ့ အေးဆေးစွာ နေနိုင်ပါသလဲ) လို့ မေးကြလို့ ဥပသကာက ခပ်အေးအေးပဲ ပြန်ဖြေ တယ်"

"ပြောရတာပေါ့ မိတ်ဆွေတို့ ခုလိုဘေး အန္တရာယ်ကြုံလာတဲ့အခါ ကြောက်နေလို့ အကြောင်းမထူးဘူး၊ ငါ့မှာ အားကိုးစရာ ဘာရှိ လဲဆိုတာကို ပထမစဉ်းစားလိုက်ပါတယ်၊ စဉ်းစားတော့ ကျွန်ုပ်သင်္ဘောဆင်းတဲ့နေ့မှာပင် ရဟန်းသံဃာများအား အလှူဒါနပြုပြီး (သရဏဂုံ သုံးပါးနှင့် ငါးပါးသီလ)ကို ဆောက် တည်ခဲ့ပါ တယ်၊ ကျွန်ုပ် ဆောက်တည်ခဲ့တဲ့ သရဏဂုံ သီလဟာ တစ်စုံတရာညစ်နွမ်းခြင်း မရှိ၊ ပြည့် စုံစင်ကြယ်လျက်ပဲ ရှိနေပါသေးတယ်၊ ကျွန်ုပ်ဟာ ဒီသရဏဂုံသုံးပါးနှင့် ငါးပါးသီလကိုပဲ ဆင်ခြင် နှလုံးသွင်းနေသောကြောင့် ကြောက်ရွံ့စိတ် အလျဉ်းဝင်မလာကြတော့ပါလို့" ဖြေလိုက် တယ်၊ အတုယူစရာမကောင်းပေဘူးလား၊ သရဏဂုံနှင့်သီလငါးပါး ဆောက်တည်ခဲ့ရသော အကျိုးကြောင့် တစ်ယောက်မကျန် တာဝတိံသာ နတ်ပြည်မှာ ရေဗိမာန်အသီးသီးနဲ့ ပျော်ရွှင် ချမ်းမြေ့စွာ ခံစားစံစားရပေတယ်၊"

"သည့်ထက်ကောင်းတဲ့ အကောင်း တကာ့ အကောင်းဆုံးနည်းကတော့ သမထ ဝိပဿနာဘာဝနာကို အဓိသီလ အဓိစိတ္တ အဓိ ပညာတွေနဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင် ရှစ်ပါး လမ်းစဉ်အတိုင်း စွမ်းစွမ်းတမံ ကျင့်ကြံ အားထုတ်မယ်ဆိုရင် နိဗ္ဗာန်တရားတော်မြတ် ကြီးကို အမိအရ တိတိပပ ရယူနိုင်တဲ့အခါ သားကြီးမောင်ရဲ့သူရေ သေမင်းဆိုတာ ဝေလာ ဝေး မြင်ချင်လို့တောင်မှ မမြင်ရတော့ဘူးကွဲ့ သိလား"

အမေသည် အိုကြီးအိုမနှင့် နေမကောင်း ဖြစ်နေသည့်ကြားထဲမှ တရားဓမ္မများကို အား ပါးတရဟောပြနေသည်ကို တွေ့မြင်ခဲ့ရသော ကျွန်ုပ်သည် ရင်ဝယ်ခံစားမှုတစ်ခု အမှတ် မထင်ဖြစ်ပေါ်လာပြီး တားမနိုင် ဆီးမရ ကျလာ သည့်မျက်ရည်များဖြင့် အမေအိုကြီးအား ဦးအကြိမ်ကြိမ် ချနေမိပါတော့သည်။

♦ ကိုကြူး (ကျိုင်းတုံ)

# ပုဏ္ဏမာသီ

မောင်မောင်ကြီး(လှိုင်နယ်မြေ)

ဟိမဝန္တာတောင်ခြေနှင့် ဆက်စပ်လျက်ရှိသော တောင်စွယ် တောင်ရိုးတို့တွင် "ပုပ္ဖာဒါမ" တောင်တန်းသည် မြေပြန့်နှင့်ဆက်စပ်လျက်ရှိသော တောင်စွယ်တစ်ခုဖြစ်သည်။ မြောက်ဖက်၌ ရှိသော ဟိမန္တာတောင်ကြီး၏ အရိပ်အောက်တွင် တည်ရှိသော တောင်စွယ်တစ်ခုဖြစ်၍ ရာသီဥတုမှာ အပူအအေးမျှသကဲ့သို့ ရှိလေသည်။





တောင်တန်း၏ပတ်ဝန်းကျင် တစ်ဝိုက်ရှိ တောတန်းကြီးကား စိမ်းလန်းသော သစ်ပင်များဖြင့် ပုဖ္ဖာဒါမတောင်တန်းကြီးကို တန်ဆာဆင်သကဲ့သို့ ထင်မြင်ရလေသည်။ တောတန်းကြီး၏ တစ်ဖက်တွင် မောရမြိုင်ဟုခေါ်သော ဥဒေါင်းငှက်တို့ပျော်မြူးရာ တောအုပ်တစ်ခုသည် ကဿပ မြတ်စွာဘုရား လက်ထက်တော်ကပင် သူတော်စင် ဈာန်ရှင်ရသေ့ကြီးများ၏ သီတင်းသုံးရာ နေရာဟောင်းကြီး ဖြစ်ကြောင်းသိရလေသည်။

ဂေါတမဘုရားရှင်ပွင့်တော်မူပြီး နောက်မှာ ထိုမောရမြိုင်တောအုပ်တွင် ဗုဒ္ဓသာသနာ့ဝန်ထမ်း ရသေ့ ရဟန်းများ သီတင်းသုံးနေထိုင်ကြလေသည်။ ထိုသူတော်သူမြတ်ကြီးတို့၏ ဒေသတွင် နတ်သိကြားများ ဖန်ဆင်း၍ထားသကဲ့သို့ ပုပ္ဖာသဝခေါ် ကျောက်စမ်းရေအိုင်ကြီးသည် သူမြတ်ကြီးတို့၏ ဗိမာန်ကို လွန်စွာသာယာကြည်နူးဖွယ် ဖြစ်ချေသည်။

ပုဖ္ဖာဒါမ တောင်တန်းကြီးမှ စီးဆင်းလာသော ရေတံခွန်နှင့် စမ်းချောင်းငယ်တို့သည် ထိုရေအိုင်ကြီး ထဲသို့ ကျဆင်း၍ ထိုမှတစ်ဆင့် စမ်းရေတို့သည် တောတန်းကြီးကို ဖြတ်လျှက် "ကုရုမြစ်" ငယ်ထဲသို့ စီးဆင်း ကြလေသည်။

ကျောက်စမ်းရေအိုင်ကြီး၏ ကမ်းထိပ်သစ်ပင်ကြီးအရိပ်တွင် သီတင်းသုံးဖော် ရသေ့ကြီးနှစ်ပါးတို့၏ တရားဆွေးနွေးသံမှာ စမ်းကျရေသံလေးများနှင့် ရောနှောလျက် တစ်ချက် တစ်ချက်တွင် အားပါးတရ သာဓုခေါ်သံတို့ကို ပီပြင်စွာ ကြားနိုင်ပါသည်။

"နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ဂဟော၊ နတ္ထိ မောဟသမံ ဇာလံ၊ နတ္ထိ တဏှာသမာ မဟာနဒီ"

အို---- တပည့် ရာဂနှင့်တူသော မီးသည်မရှိ။ ဖမ်းယူရာ၌ ဒေါသနှင့်တူသော သတ္တဝါသည် မရှိ။ "မောဟနှင့်တူသော ပိုက်ကွန်သည်မရှိ။ တဏှာနှင့်တူသောမြစ်သည်မရှိ။ သတိမူပြီလား"

"မှန်ပါဘုရား"

"သာဓု. . . သာဓု. . . စာဓု"

"အေး. . . ငါ့တပည့်မှာ ရှေးအခါက သူဌေးအဖြစ်နဲ့ နေခဲ့ဖူးပြီ။ ထိုနောက် နေပြည်တော်မှ ရွာဇနပုဒ် သို့ ပြောင်းရွှေ့ပြီး အလွန်ဆင်းရဲပင်ပန်းတဲ့ သူဆင်းရဲဘဝကိုလည်း ရောက်ခဲ့ရပြီ။ ထိုဆင်းရဲသားဘဝမှ ယခုဆိုလျှင် သူတော်စင်တို့ရဲ့ ချမ်းသာသုခအစစ်ကြီး၏ အရသာကို အားပါးတရ ခံစားနေရပြီ။ အဲ --ခုချိန်မှာတော့ ဟိုစဉ်ကလို သောကတွေ၊ဒေါမနဿတွေမရှိတော့သဖြင့် စိတ်နှလုံး မအေးချမ်းလားတပည့်။

" မှန်ပါ၊အလွန်အေးချမ်းလှပါတယ်ဘုရား"

"အေး---အဲဒါသတိပြုမိလျှင် တပည့်လမ်းမှန်ရောက်ပြီ။ရှေးရှေးသူဌေးဘဝက ခံစားစံစားခဲ့ရတဲ့ စည်းစိမ်အမျိုးမျိုးဟာ ကာမသုခကာမဂုဏ်ချမ်းသာမဟုတ်လား၊ အခုခံစားနေရတာက ဈာနသုခ ဈာန်စည်းစိမ်ပီတိ ရသာဖြစ်တယ်။

"မှန်ပါဘုရား၊ ကာမသုခနဲ့ ဈာနသုခဟာ တစ်လမ်းစီဖြစ်ပြီး ကာမသုခ ကာမဂုဏ်စည်းစိမ်မျိုးကို စိတ်ကူးထဲပင် မထည့်တော့ပါဘုရား"

"အေး---ဟုတ်ပြီ သို့သော် ဒီဈာနသုခခေါ်တဲ့ ပီတိအရသာကလေးကို မက်မောပြီး ဒီအဆင့်မှာပဲ မျောနေလို့ မဖြစ်သေးဘူး။ မဂ်

ဖိုလ် သုခခေါ်တဲ့ အရိယာစည်းစိမ်မျိုးကို ရအောင် အဲဒီသုခကိုလည်း ပယ်ထုတ်ရဦးမယ်။ သုခကိုလည်း ပယ်ထုတ်ပစ်ရ ဦးမယ်။ ဈာန်ချမ်းသာမှုနဲ့ တင်းတိမ်နေလျှင် မတော်သေးဘူး၊ အနုသယ မောဟခေါ်တဲ့ မသိစိတ်မောဟကို သတိပြုနေရသေးတယ်။ အဲဒီမောဟဝင်လာလျှင် ဈာန်သုခလဲ ပျက်စီးတတ်တယ်"

"မှန်ပါတယ်ဘုရား၊ အလွန်တရာ မှန်လှပါတယ်၊တပည့်တော်အဖို့မှာ ဈာန်တရား အားထုတ်နေစဉ်ပင် သံယောဇဉ်ဖြစ်တဲ့ သမီးငယ်အတွက် တစ်ဖက်က နောက်ဆံ တင်းတင်းလာတတ်ပါတယ်ဘုရား"

"အေး---ဒါဘဲ၊ ဒါကို ဆရာပြောတာပေါ့။ သို့သော်တပည့်ရဲ့ ရင်သွေး သမီးထွေးမှာ ကလေးအရွယ်က စပြီး သူတော်ကောင်းတွေကြားမှာ ကြီးပြင်းလာရတာကြောင့် သာမန်ရွာနေ လူ့ဝလေ့ ဘာသာ ဝါသနာနဲ့တော့ လုံးဝတူမယ်မဟုတ်တော့ဘူးလို့ ယုံကြည်တယ်"

"မှန်ပါဘုရား---သမီးလေး "ပုဏ္ဏမာသီ"ဟာ ဖန်ရည်စွန်းသော အဝတ်နှင့်ငယ်စဉ် ကပင် နေလာခဲ့ရလို့ ယခုအခါမှာတော့ ထေရီမကြီးလိုပင် သီလ သိက္ခာနဲ့ ဣန္ဒြေမှာ လွန်စွာ ကြည်လင်နေပုံ ရနေပါတယ်ဘုရား"

"မှန်တယ် . . . တပည့်၊ ရာဂမီးနဲ့ ဝေးသောသူဟာ အေးချမ်းသာယာမြဲမမှတာပေါ့။ ခုနက ဆရာရွတ်ဆိုပြတဲ့ ဓမ္မပဒပါဠိတော်အတိုင်း မှတ်ထားပေါ့ ၊ ဝတ်ကြောင်နဲ့နေကြတဲ့ ရပ်ရွာဓလေ့မှာ ရာဂအခိုးအငွေ့တွေ ရစ်ဝိုင်းနေတော့ ဣန္ဒြေ မသန့်ရှင်းကြဘူး၊ တစ်ဦးက တစ်ဦးကို ရာဂမျက်လုံးနဲ့ကြည့်ပြီး ရာဂစိတ်တွေ မွှန်ထူနေကြတယ်။

မြို့ကြီးရွာကြီးမှာ ပိုမိုရာဂထူပြောကြတယ်။ သူတို့ဣန္ဒြေဟာ သူတို့ မျက်လုံးမှာလာပြီးထင်နေတယ် မျက်လုံးကိုကြည့်လျှင် ပညာမျက်စိရှိသူတိုင်း ဣန္ဒြေကို အကဲခတ်နိုင်ကြတယ်။ ကာမသုခ ငြိမ်းအေးနေသူတို့ရဲ့ မျက်လုံးဟာ ရာဂအငွေ့သန်းခြင်းမရှိ ပကတိကြည်လင်တောက်ပနေတယ်။ သမီးလေး ပုဏ္ဏမာသီမှာ အရွယ်ကလေးရင့်လာသည်နှင့်အမျှ သီလ၊သမာဓိများလဲ ရင့်လာကြတယ်။ အကျင့်သိက္ခာကိုလည်း ပိုပြီးကြိုးစားလာတာ တွေ့ရတယ်။

"မှန်ပါတယ်ဘုရား၊ တပည့်တော်ကိုယ်တိုင်ပင် သူတော်ကောင်းပုဂ္ဂိုလ်မြတ်တို့၏ အရိပ်အာဝါသအောက်ကို ရောက်ခဲ့ရပြီး နောက် ရှေးအထက်ထက်က ပင်ပန်းဆင်းရဲစွာ ခံစားခဲ့ရတဲ့ သောကပီဠနဲ့ ဒုက္ခတွေပျောက်ကင်းပြီး လွန်စွာ အေးချမ်းသာယာနေပါပြီ။ ဤမျှလောက် ဆိတ်ငြိမ်သာယာတဲ့ သူမြတ်ကြီးတို့၏ အရိပ်ကို ခိုလှုံရတာ တပည့်တော်၏ ဘဝကုသိုလ်ထူးကြီးလို့ပဲ မှတ်ယူမိပါတယ်ဘုရား"



"အေး. . . ဆက်လက်ပြီး အားထုတ်နိုင်လျှင် ယခု ချမ်းသာခြင်းထက် အဆများစွာ ချမ်းသာတဲ့ မဂ်ဖိုလ် ချမ်းသာသုခကြီးကို ရလိမ့်မယ်"။ သာဓု. . . သာဓု. . . သာဓု။

ဤကဲ့သို့ တရားရှင် သူတော်စင် ကြီးနှစ်ဦးတို့၏ တီးတိုးဆွေးနွေးနေကြသော တရားသံကလေးများ ရပ်စဲသွားသော အချိန်ကား ညနေစောင်းအချိန်ဖြစ်၍ တောအုပ်အတွင်းမှ သာယာသောဥဒေါင်းငှက်တို့၏ တွန်မြူးသံကလေးများကို ကြားနိုင်ပါသည်။

သူတော်ကောင်းကြီးများနှင့်တကွ နှစ်ပရိစ္ဆေဒကြာရှည်စွာ နေထိုင်ခဲ့ကြသော ဥဒေါင်းငှက်တို့မှာ ရသေ့သူမြတ်တို့၏ ကျောင်းသခ်ိန်းတဝိုက်တွင် ပျော်ပိုက်စွာ နေထိုင်လေ့ရှိကြသည်။ တောရိပ်တောင်ရိပ်များကို အမှီပြုပြီး ဥမှပေါက်ဖွားလျက် အစဉ်အဆက် သဘာဝအလျောက် ကြီးပြင်းသည့်တိုင်အောင် ပျော်ပိုက်စွာ နေထိုင်ခဲ့ကြသော ငှက်သတ္တဝါလေးများမှာ သူတော်သူမြတ်ကြီးများကဲ့သို့ပင် ဤတောဤတောင်တွင် မိမိတို့ဘဝကို နှစ်သက်မြတ်နိုးသကဲ့သို့ ရှိလေသည်။

လောဘ၊ဒေါသ၊ မောဟတည်းဟူသော ဆူး၊ ချုံပိတ်ပေါင်းသောင်းပြောင်းနွယ် ရစ်ကာ ကာမဂုဏ်တောကြီးဖြစ်သော လူဝတ်ကြောင်တို့၏ မြို့ရွာဒေသသည် ကာမသုခ အညီအဟောက်တို့ဖြင့် ထင်သလောက် ပျော်မြူး နေကြသော ရာဂဘီလူးကြီးတို့၏ စည်းစိမ်ခံရာ ဒေသဖြစ်သည်ဟု ဆိုပါသည်။

အာရုဏ်ငါးပါးတည်းဟူသော ကာမဂုဏ်စည်းစိမ်ကို အမြဲမပြတ် နှစ်သက်စွာ ခံစားနေကြသော လူသားတို့သည် မိမိတို့ စိတ်သာယာပျော်ပါးမှုအတွက် တစ်ပါးသော သတ္တဝါတို့၏ အသက်ကို ရက်စက်စွာ သတ်ဖြတ်သုတ်သင်ရန် အလိုရှိကြကုန်၏။ သက်ရှိသတ္တဝါအချင်းချင်း အပေါ်၌ ကိုယ်ချင်းမစာ ညှာတာမှုကင်းကွာလျက် ဝေးစွာသော တောတောင်ဒေသတို့တွင် သဘာဝပျော်မြူးစွာ နေထိုင်ကြသော တောသတ္တဝါများကို လေးမြား လက်နက်တို့ဖြင့် ပစ်ခတ်သတ် ဖြတ်လေ့ရှိကြကုန်သည်။

တစ်နေ့တွင် ကုလမုဒ္ဒမြို့မှ နယ်စားကြီး ဒေဝဂုတ္တသည် တောကျွမ်းသော မုဆိုးကြီးများနှင့်အတူ တောကစား ထွက်၍လာရာတောနက်ရာသို့ ရောက်ကြသဖြင့် လူစုကွဲပြီးလျှင် မြို့စားကြီးသည် မုဆိုးကြီးတစ်ဦးနှင့် လက်ပါးစေ တစ်ယောက်အပါအဝင်(၃)ဦးသား ခြေဦးတည့်ရာသို့လာခဲ့ကြလေသည်။ ထိုအချိန်ကား နေမင်းသည် အနောက်တောင်ရိုး၏ ထိပ်သို့ရောက်ရှိနေပြီဖြစ်ပြီး နေဝင်ချိန်နီး၍ နေလေသည်။ ထိုအချိန်တွင် မောရမြိုင်မှ ဥဒေါင်းငှက်တို့၏ တွန်သံကို သာယာကြည်နူးဖွယ်ကြားရသဖြင့် တောမုဆိုးသည် တောဓလေ့ကို ကျွမ်းကျင်သူဖြစ်ရကား ရေအိုင် မြစ်ချောင်း နီးကပ်နေခြင်းကို သိပြီးလျှင် ရှေ့သို့ခရီးဆက်လက်ထွက်ခွာကြလေသည်။

မကြာမီပင် ပုပ္ဖာသဝ ရေအိုင်ကြီးအနီးသို့ရောက်ကြရာ ဥဒေါင်းငှက်အချို့ ရေအိုင်တွင် ပျော်မြူးနေကြသည်ကို ဒေဝဂုတ္တ မြို့စားကြီးသည် လေးညှို့ကို တင်မည်ဟု မြားကိုထုတ်လိုက်ရာ မုဆိုးက လျှင်မြန်စွာ လက်ဖြင့် တားဆီးလျှက် "မြို့စားမင်း ဟိုမှာရသေ့တစ်ပါးထိုင်နေပါတယ်၊ သူတော်သူမြတ်ကို ထိလျှင် အပြစ်ကြီးပါတယ်" ဟု ပြောသဖြင့် ခေတ္တရပ်နေရာမှ မြားကို မြားအိမ်သို့ ပြန်သွင်းပြီး ရှေ့သို့ဆက်သွားရာ ဥဒေါင်းငှက်များ ထွက်ပျံသွားပြီးနောက်

ရေကန်ကြီးအနီးတွင် ကသိုဏ်းကို အာရုံပြု၍နေသော "ပုဏ္ဏမာသီ" ရသေ့မကလေး အနီးသို့ ရောက်ကြလေ၏။ ထိုခဏတွင် တောကစားလာသူ(၃)ဦးတို့သည် ရေစပ်ကျောက်တုံးကြီးတစ်ခုပေါ်တွင် အနောက်ဖက်မှ နေဝန်း၏ ရောင်ခြည်ဖြင့် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် လွန်စွာ တင့်တယ်သော ပုဏ္ဏမာသီကို အံ့ဩစွာ ငေးမောရပ်တန့်၍ ကြည့်နေကြသည်။

ပုဏ္ဏမာသီမှာ နေ့စဉ် ကျင့်ဝတ်ဖြစ်သော ရေကသိုဏ်းကိုသာ အာရုံပြုနေသောကြောင့် အနီးသို့ ရောက်လာသောသူများကို မသိမမြင်သကဲ့သို့ ရှိလေသည်။ ထိုအခိုက်တွင် မြို့စားကြီးသည် အနီးရှိကျောက်ခဲကြီး တစ်လုံးကို ကောက်ယူပြီးလျှင် ရေအိုင်ထဲသို့ ပစ်ချလိုက်လေသည်။ ရေပွက်များ လှုပ်ရှားမှုနှင့်တကွ ရေတွင်ကျောက်ခဲကျသံတို့ကြောင့် ကသိုဏ်းအာရုံပျက်သွားသော ပုဏ္ဏမာသီသည် မကြုံဖူးသောအသွင်၊ မမြင်ဖူးသော သဏ္ဌာန်၊ မကြုံစည်ဖူးသော ရုပ်လက္ခဏာတို့ ဖြင့်ရှေ့ မှောက်ကို ရောက်လာသော ဝတ်ကြောင်နှင့်လူသား (၃)ဦးကို တွေ့ဆုံရာ အံ့အားသင့်စွာ ငေးမောနေမိလေသည်။

ထိုအချိန်တွင် ပုဏ္ဏမာသီ၏ ဣန္ဒြေမှာ တစ်စုံတစ်ရာ တုန်လှုပ်ချောက်ခြားခြင်းမရှိသည့် အပြင် မိမိ၏လုပ်ငန်း ကသိုဏ်းခွင်ကို မဆင်မခြင် ဖျက်ဆီးသောသူအား ဒေါသစိတ်လုံးဝမထားသော လက္ခဏာဖြင့် "ဒါယကာတို့ အဘယ်ကိစ္စအလို့ငှာ ရောက်လာကြသလဲ" ဟု ရဲဝံ့စွာ မေးမြန်းလိုက်လေသည်။

ပကတိဣန္ဒြေဖြင့် မြို့စား၏ ရုပ်လက္ခဏာကို အကဲခတ်ရင်း မေးမြန်းရာ မြို့စားသည် ရုတ်တရက် ဖြေကြားခြင်းမပြုဘဲ ပြုံးစိစိမျက်နှာထားဖြင့် ပုဏ္ဏမာသီကို ငေးစိုက်ကြည့် နေစဉ် မှုဆိုးနှင့် လက်ပါးစေတို့သည် မြို့စား၏ အမူအယာကို ကြောင်၍ကြည့်နေကြသည်။ ခဏမျှကြာပြီးနောက် "လူသူမနီးတဲ့ တောတောင်ထဲမှာ နှမငယ်ကဲ့သို့ သစ်ခေါက်ဆိုး အဝတ်နှင့် နေကြတဲ့ ရသေ့မတွေ တော်တော်များများရှိပါသလား" ဟု မြို့စား၏မေးမြန်းသံကို ကြားရလေသည်။ ရသေ့မကလေးမှာ မိမိ၏ မေးမြန်းချက်ကို မဖြေကြား၊ သူတစ်ရာမေးသော မြို့စား၏ စိတ်သဘောထားကို အကဲခတ်လျက် ထိုအမေးကို မဖြေသေးဘဲ စဉ်းစားနေစဉ် မြို့စားသည် ပုဏ္ဏမာသီ၏ အနီးသို့ ကပ်လာပြီးလျှင် ရုတ်တရက် ရသေ့မကလေး၏ လက်နှစ်ဖက်ကို ဆွဲကိုင်ပြီး "နှမငယ်. . . ဧည့်သည်တစ်ဦးက အထူးသိလို၍ မေးတာကို အဖြေပေးဖို့ သင့်ပါတယ် ဘယ်လိုလဲ" ဟု ပြောရင်း ပုဏ္ဏမာသီ ထိုင်နေသော ကျောက်တုံး၏ဘေး ကျောက်စွန်းတစ်ဖက်ပေါ်တွင် ထိုင်လိုက်လေသည်။

ပုဏ္ဏမာသီမှာ မြို့စား၏ ထူးခြားသော အပြောအဆိုနှင့်အမူအရာတို့ကိုမြင်မှ မိမိမှာ ရန်သူနှင့် ပက်ပင်းကြုံနေပြီဖြစ်ကြောင်း ကောင်းစွာ သိရှာလေသည်။ သာမန်ဝတ်ကြောင်နှင့်နေသော မြို့ကြီးရွာကြီးသူကလေး တစ်ဦးသာဖြစ်ပါမူ ထိုအချိန်တွင် အသည်းနှလုံး ဆတ်ဆတ်ခုန်၍ လူမိသော တောယုန်ကဲ့သို့ ကြောက်ဒူးတုန်၍ နေပေလိမ့်မည်။ သို့သော် ရသေ့မလေးမှာ သူတော်ကောင်းတရားကို အချိန်ရှိသမျှ ပွားများနေသူတစ်ဦး ဖြစ်ခြင်းကြောင့် ကာမဂုဏ်သားတို့၏ ကြီးမားသော အပြစ်တို့ကို ဆင်ခြင်မိပြီးလျှင် ဤကဲ့သို့ မှားယွင်းသော ပြောဆိုပြုမူချက်များအတွက် မြို့စားအား သနားကရုဏာစိတ် ပွားများမိလေသည်။

မြို့စားသည်ပုဏ္ဏမာသီ၏ အတွင်းစိတ်သဘောထားကို လုံးဝမသိသဖြင့် မိမိ၏ ပြုမူချက်ကား ထိရောက်လေပြီ။ ယုံကြည်သဖြင့် ပုဏ္ဏမာသီ၏ လက်ကို အတင်းဆွဲပြီးလျှင် ရေကန်၏ တစ်ဖက်စမ်းချောင်းကလေးရှိရာသို့ ခေါ်ဆောင်သွားလေသည်။ ထို့နောက် မုဆိုးနှင့် လက်ပါးစေတို့ကို လှမ်းခေါ်ပြီးလျှင် ဆက်လက်ထွက်ခွာသွားရာ တဖြေးဖြေး နေရောင်ပျောက်ကွယ်၍ အရှေ့တောင်ထိပ်မှ လမင်း၏ အရောင်သည် တောတဝိုက်မှာ အလင်းရောင် ကျရောက်လျက်ရှိလေသည်။

"ဒါယကာ. . . အသင်သည် ကာမအမှောင်အတိ ဖုံးလွှမ်းနေသော အရပ်ဒေသမှ လာရောက်သူ ဖြစ်သည်။ ပုဏ္ဏမာသီကား အလင်းရောင်အောက်တွင် အမြဲထိုင်နေသူဖြစ်၍ ပုဏ္ဏမာသီသည် ဆန့်ကျင်ဘက် ဖြစ်နေသည်။ အမှောင်အတွင်းမှာ ပြုလုပ်သော အမှုကိစ္စမှန်သမျှသည် ဘယ်နည်းနှင့်မျှ အမှန်တရားမဖြစ်နိုင်ပါ။ အမှားနှင့်အမှန်ကို အလင်းတွင်



ကြည့်မြင်မှသာလျှင် ခွဲခြားသိနိုင်ပါသည်-ဟု ပြောပြသော ရသေ့မကလေး၏ စကားကို လမ်းခရီးအကြားမှာပင် သွားနေရင်း ကြားရပါသည်။ မြို့စားသည် ထိုကဲ့သို့ ပြောသော စကားသံကို ကြားလျှက်ပင် ခြေလှမ်းမပျက် ခရီးဆက်လက် သွားနေရင်း. . . ။

"နှမငယ်. . . . ကျွန်ုပ်ကား ဘုရင်ချီးမြှောက်သော မြို့စားမင်းသား တစ်ယောက်ဖြစ်တယ်၊ ဉာဏ်ပညာ သေးငယ်သူမဟုတ်ပါ။ လောကရဲ့ ဓမ္မတာသဘာဝကို နောကျေ အောင်သိရှိပြီးသော ယောကျာ်းတစ်ဦး ဖြစ်တယ်ဆိုတာ နှမငယ်သတိပြုပါ"ဟုပြောရင်း ပုဏ္ဏမာသီ ၏ လက်ကို မိမိ၏ လက်မောင်းရင်း အောက်သို့ ဆွဲငင်၍ ခရီးဆက်လက်သွားနေပါသည်။

မြို့စား၏နောက်ပါ အဖော်နှစ်ဦးတို့မှာ မနီးမဝေးမှ လိုက်ပါလာကြသဖြင့် တစ်ညနေအတွင်း၌ ဖြစ်ပျက်ခဲ့သော မှုခင်းကလေးကို အကဲခတ်ရင်း လိုက်ပါခဲ့ကြလေသည်။ ထိုနောက်ပါနှစ်ယောက်၏ အမြင်မှာ ရသေ့မငယ်သည် မြို့စား၏ ရဲရင့်စွာ ဆွဲခေါ်ရာသို့ ရုန်းကန်ငြင်းပယ် ဖယ်ရှားခြင်းမရှိသောကြောင့် ချာန်လျောသော ရသေ့မငယ်တစ်ဦးဟူ၍သာ ထင်မြင်ကြပေလိမ့်မည်။

လူသူမနီးလှသော တောအုပ်ကြီးအလယ်တွင် ဇာတ်လမ်းသဖွယ် ပါဝင်ဆင်နွှဲကြသော လူသားလေးဦးတို့သည် မိမိတို့ စိတ်ကူးအတိုင်း ထင်မြင်ရာအသီးသီး စိတ်ကူးလျက်လာခဲ့ကြရာ တစ်ခါတစ်ခါတွင် အသံတိတ်ဆိတ်၍ တစ်ချက်တစ်ချက်တွင် အသံထွက်ပေါ်လာသည်ကို ကြားနိုင်ပေသည်။ မကြာမီပင် လရောင်လင်းသော တောင်ကုန်းကလေး တစ်ခုသို့ရောက်ကြသဖြင့် ခေတ္တရပ်နားကြလေသည်။

ထိုနေရာတွင်မြို့စားသည် ရသေ့မငယ်၏ အပါးမှာ ထိုင်လျက် ပုဏ္ဏမာသီ၏ အလွန်ကြည်လင်သန့်ရှင်း အပြစ်ကင်းသော မျက်နှာပေါ်သို့ သီတဂူလမင်း၏ အရောင်ဟပ်လျက် နေသည်ကို ငေးကြည့်ရင်း တောတွင်းမှာ ကြီးပြင်းပါလျက် ယမင်းရုပ် သူဇာကဲ့သို့ သန့်ရှုပါရုံ၏ သည်မျှလောက် တင့်တယ်နေသည်မှာ အံ့ဖွယ်တစ်ရပ်ဖြစ်သည်ဟု အောက်မေ့လေသည်။

ထိုအချိန်မှာပင် ဥဒေါင်းငှက်တွန်သံကို ရုတ်တရက် ကြားလိုက်သဖြင့် ပုဏ္ဏမာသီမှာ ဤနေရာကား မိမိ၏ ဒေသပိုင်နက်နေရာ ဖြစ်နေကြောင်းကို သတိပြုမိပြီးလျှင် ရန်သူ၏ လက်တွင်းသို့ သက်ဆင်းရောက်ရှိနေသော မိမိ၏ ခန္ဓာကိုယ်မှာ လုံးဝ အပြစ်ကင်းစင်လျက် ရှိနေခြင်းမှာ ကျေးဇူးရှင်ဖခင်နှင့်ဂုရုကြီးတို့၏ မေတ္တာတန်ခိုးဖြစ်ကြောင်း လက်အုပ်ချီ တိုင်ကြားနေရှာသည်။

"အို. . . နှမငယ်၊အကျွန်ုပ်အပေါ်၌ မေတ္တာသက်ဝင် ချစ်ခင်ရမည့်အစား အဘယ့်ကြောင့်ကြောက်အားပိုနေရသလဲ"

"ဒါယကာ. . ပုဏ္ဏမာသီမှာ ကြောက်ခြင်း၊ လန့်ခြင်း၊ ယခုထက်တိုင် ကင်းစင်လျက်ရှိနေပါတယ်"

"ဩော်. . . ဒါဖြင့်တောတောင်စောင့်နတ်များကို တိုင်တည်နေတာက ဘာကြောင့်လဲ"

"တောတောင်စောင့်နတ်များကို တိုင်တည်သည် မဟုတ်ပါ။ ကျန်ရစ်ခဲ့သော ကျေးဇူးရှင်သူမြတ်ကြီးများကို ကန်တော့ခြင်းသာ ဖြစ်ပါတယ်"

"ဒါဖြင့် အကျွန်ုပ်အပေါ်မှာ မေတ္တာမျှနိုင်ပြီပေါ့" ဟု စိတ်အားတက်ကြွစွာပြောပြရာ

"ဒါယကာပြောသောစကားတို့ကို နားမလည်အောင်ဖြစ်နေပါတယ်။ ပုဏ္ဏမာသီသည် အချိန်ရှိသမျှ သတ္တဝါအားလုံးကို မေတ္တာမျှလျှက်ရှိပါတယ်. . . "

"အို . . . အဲဒီသတ္တဝါတွေပို့သတဲ့ မေတ္တာမျိုးကိုဆိုလိုတာ မဟုတ်ဘူး၊ သီးခြားအချစ်မျိုးကို ပြောနေတာပါ" ဟု ရှေ့သို့အနည်းငယ်တိုး၍ ပြောသဖြင့်. . . . ။

"ဒါယကာ ဘာတွေပြောနေပြန်သလဲ၊ မေတ္တာစစ်ဆိုတာ ပေမတဏှာအချစ်မျိုး မဟုတ်ပါဘူး၊ ဒါယကာ ယူဆချက် မှားနေပြီ၊ ဝန်လေးတဲ့ဝစီကံမှုတွေကို မပြုပါနဲ့၊ ကိလေသာမှ ကင်းစင်အောင် အားထုတ်နေသူများမှာ ပေမတဏှာ အချစ်မျိုး ဆိတ်သုဉ်းနေပါတယ်" ဟုပြောရာ မြို့စားသည် ပုဏ္ဏမာသီ၏ မျက်နှာကို အထူး အံ့သြစွာ စူးစိုက်ကြည့်ရှုရင်း. . . ။

"နှမငယ် . . . အကျွန်ုပ်ကဲ့သို့ ဂုဏ်သိက္ခာဉာဏ်ပညာကြီးမားသူကို မြို့မှာနေကြတဲ့ မြို့ကြီးသူတွေပင် အလျှင်အမြန် ညွတ်ခ၍ ဆွဲဆောင်ရာပါနေကြ ဖြစ်ပါလျက် နှမငယ်ကဲ့သို့ တောတွင်းသူတစ်ဦးက ယခုလို တူးတူးခါးခါး ပြင်းပယ်နေသည်မှာ အံ့ဖွယ်ကြီးတစ်ရပ် ဖြစ်နေပါတယ်"

"ဒါယကာ၊မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ "ခုဒ္ဒကပါဠိတော်"ကို နားထောင်ပါ။

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ
သုဒ္ဓဿ ပေါသဿ အနင်္ဂနဿ
တမေဝ ဗာလံ ပစ္စေတိ ပါပံ
သုခုမောရ ဇောပဋိဝါတံဝ ခိတ္တော။
(ကောကသုနခလုဒ္ဒကဝတ္ထု)

အဲဒီလိုဟောတော်မူတယ်။

"အကြင်လူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာကင်းစင်သော ပုဂ္ဂိုလ်အား ပြစ်မှား၏။ လေညာသို့လွင့်အပ်သော သိမ်မွေ့သော မြူမှုန်သည် ထိုပစ်လွင့်သောသူသို့သာ ပြန်ကျလာဘိသကဲ့သို့ မကောင်းမှုသည် ထိုပြုမှားသူအားသာ ရှေ့ရှု ပြန်ကျလာ၏"

မြတ်စွာဘုရားရှင်သည် ဤကဲ့သို့ဟောကြားသဖြင့် ဘုရားစကားကို ယုံကြည်သင့်ပါတယ်ဟု ပြောပြရာမြို့စားသည် ဣန္ဒြေပြောင်းလဲလာသကဲ့သို့ နေရာကို ပြင်၍ ထိုင်ပြီးလျှင် ရသေ့မယ်နှင့် မျက်နှာ ချင်းဆိုင်ကာ

"နှမယ်ပြောပြချက်ကို ဆင်ခြင်မိပါတယ်၊ သို့သော်အကျွန်ုပ် ဆွဲဆောင်ခေါ်ငင်ရာသို့ နှမယ်မငြင်းဆန်ဘဲ ဒီထိအောင်လိုက်ပါလာသည်မှာ အဘယ်ကြောင့်ပါလဲ" ဟု မေးပြန်သဖြင့်

"ဒါယကာ လက်တွင်အနာမရှိလျှင် အဆိပ်ကိုကိုင်ဆောင်နိုင်ပါသည်။ အဆိပ်သည် အနာမရှိသော လက်သို့အစဉ်မလိုက် (အဆိပ်မဖြစ်) ထိုကဲ့သို့ပင် စေတနာမဖြစ်နိုင်ပါ" ဟု ပြောပြလေသည်။

ထိုခဏတွင် မနီးမဝေးတွင် ထိုင်လျက်ရှိကြသော မုဆိုးနှင့်နောက်ပါတို့သည် ရသေ့ယ်မ၏စကားကို ကြားသဖြင့် သူတော်ကောင်းမ တစ်ဦးအပေါ်တွင် မိမိတို့အထင်မှားခြင်းကို ဝမ်းနည်းဟန်ဖြင့် တိတ်ဆိတ်စွာနေကြလေသည်။

မြို့စားသည် ရသေ့မယ်၏ ထက်မြက်သော ဉာဏ်ပညာနှင့်တကွ တည်ကြည်သော ဣန္ဒြေသိက္ခာတို့ကို တဖြည်းဖြည်း တွေ့မြင်သိရှိလာခြင်းကြောင့် ပုဏ္ဏမာသီအပေါ်တွင် များယွင်းသော တဏှာချစ်စိတ်အရှိန်များသည် အလိုလိုပင် အားကုန်သကဲ့သို့ ဖြစ်လာပြီးလျှင် ဝန်းချတောင်းပန်လိုသော စိတ်များ သက်ဝင်၍ လာလေသည်။

ထိုခဏတွင် မြို့စားသည် ပုဏ္ဏမာသီ၏ မျက်နှာကိုကြည့်လျက် နှမယ် အကျွန်ုပ်သည် နှမယ်၏ လွန်စွာ ကြည်လင်တောက်ပတဲ့ မျက်ဝန်းအစုံကို အထူးပင်အံ့သြနေမိပါတယ်။ အကျွန်ုပ်တွေ့ကြုံခဲ့ဖူးသော ကုမာရီတို့၏ မျက်လုံးများမှာ နှမယ်နှင့်မတူကြပါ။ အကျွန်ုပ်ကိုယ်တိုင် နှမယ်၏ မျက်နှာကို ကြည့်လိုက်တိုင်း ကြည်ညိုသဒ္ဓါစိတ်နှင့် ကိုင်းညွတ်လိုသော စိတ်များ အလိုလို ပေါ်ပေါက်လာပါတယ်။ နှမယ် ဟောပြောသော တရားစကားများကို ကြားရပြန်သဖြင့် နှမယ်၏ မျက်နှာထား ဣန္ဒြေသိက္ခာတို့ကို ပို၍ပို၍ပင် ကြည်ညိုလာပါတယ်။ နှမယ်၏ ထူးခြားသော မျက်လုံး၏ အစွမ်းကို ချီးမွမ်းမိပါတယ်။

"ဒါယကာယခုပြောသောစကားတို့မှာ ဘုရားဟောဒေသနာတို့နှင့် ကိုက်ညီပါတယ်။ ပုဏ္ဏမာသီ၏ သန့်ရှင်းသောစိတ်၏ သာဓကမှာ မျက်လုံးပါပဲ။ အသက်ရှိသောလူ၏ ရုပ်ခန္ဓာမှာ မျက်လုံးအစုံသည် ဦးဆောင်အဓိပတိပင် ဖြစ်ပါတယ်။ "စက္ခုငါးပါး" တွင် မံသစက္ခုဆိုတာ စက္ခုဝိညာဉ်ကို ခေါ်ပါတယ်။ ပညာစက္ခု ဆိုသည်မှာလည်း ဉာဏ်အမြော်အမြင်ဆိုကိုလိုပါတယ်။ ဓမ္မစက္ခုဆိုတာ ဘုရားဒေသနာတော်များ ဖြစ်ပါတယ်။ ဒိဗ္ဗစက္ခုဆိုတာ နတ်တို့ အသိအမြင်ကိုခေါ်ပါတယ်။ ဗုဒ္ဓစက္ခုဆိုတာ သဗ္ဗညုတဉာဏ်တော်ကို ခေါ်ပါတယ်။ အဲဒီလို စက္ခုငါးပါးတွင် လူတို့၏ မံသစက္ခုခေါ်တဲ့ စက္ခုဝိညာဉ်ဆိုတာ မနောဓာတ်ကို ဆိုလိုတာပဲ၊ စိတ်စေတနာ

တို့၏ အမူအရာသည် မျက်လုံးမှာ ထင်ထင်ရှားရှား လက္ခဏာပေါ်လာတတ်ပါတယ်။ ဒါကြောင့် အာရုံငါးပါးတွင်လဲ စက္ခု အာရုံမှာ အစွမ်းရှိသမျှ စုံလင်စွာပါရှိကြောင်း သိနိုင်ပါတယ်။

စိတ်အမူအယာ မှန်သမျှ မျက်လုံးမှာ စုဝေးနေကြပါတယ်။ နှုတ်အမူအယာနှင့် ကိုယ်အမူအယာတို့မှာ ပရိယာယ်ပြု၍ ဟန်ဆောင်ဖုံးကွယ်နိုင်ကြသော်လည်း မျက်လုံးမှာ ပေါ်လွင်ထင်ရှားနေတဲ့ စိတ်အမူအယာကို ဖုံးဖိကွယ်ကာထားလို့ မရပါဘူး။ ဟန်ဆောင်၍ မဖြစ်နိုင်အောင် မျက်လုံးမှာ ထင်ရှားပေါ်လွင်နေတဲ့ လက္ခဏာက ပြနေပြီး ဖြစ်ပါတယ်။

"အကျွန်ုပ် မှားမိသမျှ နှမငယ်ကို ဝန်ချတောင်းပန်ပါပြီ။ သူတော်ကောင်းတို့ ဟောကြားသော တရားထူးကို အကျွန်ုပ် ယခုလိုတောတောင်ကြီးရောက်မှ စိတ်ဝင်စားစွာ နာကြားမိကြောင်း ဝန်ခံပါတယ်။ မြို့စားကြီး တစ်ဦးဖြစ်ပါလျက် မြို့ထဲရွာထဲမှာရှိကြတဲ့ သာသနာ့ဝန်ထမ်းရဟန်းသံဃာတို့ရဲ့ ဟောသံပြောသံ တရားဒေသနာသံတွေကို အကြိမ်များစွာ ကြားခဲ့ရသော်လည်း နားတွင်သာကြား၍ နှမငယ်ပြောသော မနောအကြည်သို့ မရောက်ခဲ့ရဘူး၊ ဒါကြောင့် အကျွန်ုပ် အမှားကို ဝန်ခံပြီး နှမငယ် နေရာသို့ အရောက်ပြန်ပို့ ပါရစေ" ဟုပြောပြီးလျှင် နေရာမှ ထ၍ တရွေ့ရွေ့ လာလမ်းသို့ ပြန်ခဲ့ကြပါသည်။

ပုဏ္ဏမာသီမှာ ကျေနပ်စွာပင် အတူပြန်လာရင်း လမ်းခရီးတွင် "ဒါယကာ အခုဟောပြသော တရားတို့မှာ မိမိစိတ်ကူးဖြင့် ထင်ရာမြင်ရာကို ဟောပြနေခြင်းမဟုတ်ပါ။ မြတ်စွာဘုရားဟောကြားပြီး တရားများကို ကျေးဇူးရှင် မဟာဂုရုကြီးများမှ တဆင့်ကြားခဲ့ရ၍ ဟောပြခြင်းဖြစ်ပါတယ်။

"ကျေးဇူးကြီးလှတယ် နှမငယ် နောင်အခါတွင် နှမငယ်တို့ ဒေသဖြစ်တဲ့ ဤတော ဤတောင်ရှိ ဥဒေါင်းငှက်များနှင့်တကွ တောသတ္တဝါများကို ဘေးမဲ့ပေးပြီးကြောင်း တောမုဆိုးများကို ကြေငြာလိုက်ပါ့မယ်" ဟု ပြောသဖြင့် ပုဏ္ဏမာသီက သာဓုခေါ်ပြီးလျှင်"

"ဒါယကာ သတ္တဝါမှန်သမျှတို့မှာ မိမိတို့အသက်ကို မသေစေလိုသဖြင့် ဒဏ်မှန်သမျှကို လွန်စွာကြောက်၍ ရှောင်လိုကြပါတယ်။ သတ္တဝါတစ်ဦးဖြစ်သော ဒါယကာသည် ကိုယ်ချင်းစာတရားဖြင့် သတ္တဝါမှန်သမျှကို သတ်ဖြတ်ခြင်းမှ ရှောင်စေလိုပါတယ်" ဗုဒ္ဓမြတ်စွာဘုရားရှင်က

သဗ္ဗေတသန္တိ ဒဏ္ဍဿ၊
သဗ္ဗေဘာယန္တိမစ္စုနော။
အတ္တာနံ ဥပမံကတွာ၊
နဟာနေယျ န ဃာတယေ။

ဤသို့ဟောတော်မူခဲ့ရာတွင် "အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ် မညှင်းဆဲရာ ဟု ဆိုပါတယ်ဟု (ခုဒ္ဒကနိကာယ်-ဒဏ္ဍဝဂ်တဗ္ဂဠိယဝတ္ထု)မှ ပြောကြားရာ မြို့စားမှာ တရားတော်ကို လွန်စွာနှစ်သက်သဖြင့် သာဓုခေါ်ပြီးလျှင် ခရီးဆက်ခဲ့ကြရာ ပုဏ္ဏမာသီ၏ နေရပ်ရင်းသို့ ရောက်ကြပြီးလျှင် ထိုညဦးအဖို့တွင် သင့်လျော်ရာတွင် နေထိုင် ကြပြီးနောက် မိမိတို့ အရပ်ဒေသသို့ ပြန်ကြလေသည်။

♦ မောင်မောင်ကြီး(လှိုင်နယ်မြေ)

# အမြိုက်ဆေး



* ဘဝလမ်းသွယ် အမြစ်တွယ်မင့်
ရင်ဝယ်ခိုလှုံ တစ်နေ့ကုန်ရ
မွေ့ထုံရှက်ဖွင့် စောင့်ကြိုလင့်ခဲ့
ကြီးမြင့်ထွင့်ရှုခေါင် အာကာဘောင်ဝယ်
ပြာရောင်တစ်ချို့ ရှိပြီထင့် ။

* လောကညကို တွယ်ဖက်လိုင့်
ရင်ဖိုမောရ တင်ရှုန်းမြနေ
အလှဆင်ရင် သမ္မဇဉ်ဖြင့်
လန်းရွှင်သဒ္ဒါ တည်ပြီထင့် ။

* ကြမ္မာရဟာတ် ရစ်တွယ်ဖက်နှောင်
ဆုံးဖြတ်စီစဉ် တရားမြင်လျက်
မဂ္ဂင်မြိုက်ဆေး ရင်မှာအေးစွ
နွေးထွေးပီပြင် စိတ်ဘဝင်ဝယ်
သန့်စင်လွှန်းလှ ရှိတကား ။ ။

မောင်ယဉ်ဆွေ

# ဖူးပွင့်များစွာ အညာတစ်ခက်



သောင်းတင်သွေး
(မော်ကျွန်း)

'ဗုဒ္ဓမြတ်စွာ သာသနာတော်'ဟူ၍ လွယ်လင့်တကူဖြစ်ပေါ် ရရှိလာခြင်းမဟုတ်ပါပေ" လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဘဝများစွာ သံသရာတစ်လျှောက်လုံး-ဒါနအစ ရှိသော ပါရမီတော်များ ဖြည့်ကျင့်ခဲ့ရပါသည်။ ထိုအခါမှ 'ဒုက္ခ သစ္စာ'- 'သမုဒယသစ္စာ' 'နိရောဓသစ္စာ' 'မဂ္ဂသစ္စာ' ဟူသော သစ္စာလေးပါးမြတ်တရားကို ရှာဖွေရရှိကာ ဗုဒ္ဓဘုရားရှင်ဟူ၍ ဖြစ်လာရပါသည်။

ဘုရားဖြစ်ပြီးနောက် မိမိသိမြင်ရရှိသကဲ့သို့ ဝေနေယျတို့အား သိမြင်ရရှိစေလိုသော မေတ္တာတော်ဖြင့် 'ငါးဦးအစု' ဖြစ်သော ပဉ္စဝဂ္ဂီတို့ကို သံသရာဝဋ်မှ လွတ်ရန်(သစ္စာဟူသော) အမှန်တရားနှင့် ထိုသစ္စာသိရန်-(မဂ္ဂင်) အလုပ်လမ်းစဉ်ကို ဟောတော် မူပါသည်။ မြတ်စွာဘုရားရှင် ဟောတော်မူ သော(ဓမ္မစက္ကပဝတ္တန) ဓမ္မစကြာတရားတော်ကြောင့် 'အရှင်ကောဏ္ဍည'နှင့် တကွ နတ်ဗြဟ္မာပေါင်းများစွာ ကျွတ်တမ်းဝင်စေလျက် သာသနာတော်ဝါဒကို သုံးဆယ့်ဆစ်ဘုံလုံး သိအောင် ကြေငြာတော်မူလိုက်ပါသည်။

ပဉ္စဝဂ္ဂီနှင့် နတ်ဗြဟ္မာတို့ကဲ့သို့ ပရိယတ်ဟူသော သဘောပေါက်နားလည် အောင်သင်ယူ၍ ပဋိပတ်ဟူသော လုပ်ငန်းခွင်သို့ဝင်ပြီးလျှင် ထိုလုပ်ငန်းကြောင့်ရလာမည့်-'ပဋိဝေဓ' ဟူသော အကျိုးတရားကိုရရှိ ခံစားနိုင်ကြရန် ဖြစ်ပေသည်။

" ယောစ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။ စတ္တာရိအရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။ အရိယံ စ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။"

"အကြင်သူသည် မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော်ကိုလည်းကောင်း။ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည် ဆင်းရဲအမှန် "ဒုက္ခသစ္စာ" ဆင်းရဲခြင်း၏ အကြောင်းရင်းမှန် ' သမုဒယ သစ္စာ' ဆင်းရဲလွန်မြောက်ရာအမှန် 'နိရောဓ သစ္စာ' ဆင်းရဲငြိမ်းရာ (နိဗ္ဗာန်)သို့ရောက် ကြောင်းအမှန် ( အင်္ဂါရှစ်ပါးဖြင့်မြတ်သော) 'မဂ္ဂသစ္စာ' ဟူသော အရိယသစ္စာလေးပါးတို့ကို ကောင်းစွာ (မဂ်ပညာဖြင့်) မြင်နိုင်၏။

(ဓမ္မပဒ - ဗုဒ္ဓဝဂ်)

လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ သည် ဘုရားရှင်နှင့်တကွ ရတနာမြတ်သုံး ပါးတို့ အား ကိုးကွယ်ဆည်းကပ်ကာ ကျင့်ကြံ အား ထုတ်ပါကရရှိကုန်သော အကျိုးတရားများပင် တည်း။ မိမိတို့၏ သဒ္ဓါ၊ သီလ၊ ဉာဏ်၊ ဝီရိယ အားလျော်စွာ ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးများ ဒိဋ္ဌဓမ္မရရှိကုန်သော သာဓကများလည်း ရှိပါပေ သည်။

ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လူနတ်ဗြဟ္မာ ဝေနေယျာတို့၏ အကျိုးတရား တိုးပွားချမ်းသာရေးကိုသာ အစဉ်ရှေးရှုတော် မူသော မဟာကရုဏာရှင်ကြီး ဖြစ်ပါပေသည်။ ထို့ကြောင့်လည်း(၄၅)ဝါ ပတ်လုံး နေ့ည-မနား သာသနာပြုလုပ်ငန်းဖြင့်သာ အချိန်ကိုအသုံးပြုခဲ့ ပါသည်။ တပည့်သားရဟန်း သံဃာတော်တို့ အားလည်း "ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ" ဟူသော သာသနာ တော်သုံးရပ်ချ မှတ်ကာ- သာသနာပြုစေခဲ့ပါသည်။ ဘုရားရှင်ကိုယ်တော် မြတ်ကြီး ပရိနိဗ္ဗာန်ပြုပြီးနောက် ယနေ့တိုင် အောင် နှစ်ပေါင်း 'နှစ်ထောင့် ငါးရာကျော်' လွန် သည်ထိ တည်တံ့ထွန်း တောက်နိုင်ခြင်းမှာ- မဇ္ဈိမ ပဋိပဒါလမ်းစဉ်ဖြင့် ဓမ္မဒိဋ္ဌာန်ကျကာ ကျင့် ကြံအားထုတ်သူတိုင်း (အယုတ်၊ အလတ်၊ အမြတ်) မရွေး အကျိုးတရားရရှိခြင်း။ သာသာနာတော်မြတ်ကြီး မကွယ်မပျောက် အောင် သာသနာ့အမွေခံ အရှင်သူမြတ်တို့မှ ထိန်းသိမ်းစောင့်ရှောက် လာခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုပင်လျှင် ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးမှု ဖြစ်ပါသည်။ "မြန်မာ့ ယဉ်ကျေးမှုအစ ဗုဒ္ဓဘာသာက"ဟုပင် အဆို ရှိပါသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် မြန်မာ နိုင်ငံတော်သည် ဗုဒ္ဓသာသနာအထွန်းကားဆုံး နိုင်ငံ အဖြစ်တည်ရှိနေပေသည်။ ဗုဒ္ဓဘာသာ နှင့် ဗုဒ္ဓဘာသာဝင်' ဟူသောအဓိပ္ပါယ်ကို (သေချာ သဲကွဲအောင်မသိသေးသူများ အတွက်သာ) အနည်းငယ် ရှင်းလိုပါသည်။ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်-ပိုင်းခြားသိမြင်၍ သုံးဆယ့်တစ်ဘုံသား ဝေနေယျ အပေါင်းတို့ ကိုလည်း ဟောကြားမိန့်ခြွေ-သိစေတော်မူ၍ "ဗုဒ္ဓ" မည်ပါသည်။

ဗုဒ္ဓ ဟောကြားသောတရားတော် များကို (ဗုဒ္ဓဝါဒ) "ဗုဒ္ဓဘာသာ" မည်ပါသည်။ မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော် ကိုလည်းကောင်း။ တပည့်သားသံဃာတော် တို့ကို လည်း ကောင်း ကိုးကွယ်ဆည်းကပ်၍ ယုံကြည်သဒ္ဓါ ဖြင့် လိုက်နာကျင့်သုံးတို့သည် "ဗုဒ္ဓဘာသာဝင်" မည်ပါပေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် သာသနာ ရောင်ဝါထွန်းကားသည့်အလျောက် ဗုဒ္ဓ သာသနာတော်မြတ်ကြီး မမှိန်မပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ကြကုန်သော သာသနာ့ အဆောက်အအုံ(သို့) မြတ်ဌာနပေါင်း များစွာ လည်းရှိပါသည်။

ထိုအထဲ၌ ကျွန်ုပ်တို့၏ အင်းစိန်မြို့နယ် ရွာမရပ်ကွက်ရှိ စာသင်တိုက်ကြီးလည်း အထင် ကရ နေရာတွင်ပါဝင်ပေသည်။ ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ဂုဏ်သတင်းသည်လည်း လေသင့်ရာမွှေး၍ နေရောင်ပမာ တောက်ပ ဝင့်ထည်နေပေသည်။

နှစ်ပေါင်းလေးဆယ်တိုင် သာသနာ တာဝန်ကို ထမ်းရွက်တော်မူခဲ့ကြသော ဆရာ တော် အရှင်သူမြတ် အဆက်ဆက်တို့၏ ပရဟိတ စိတ်ထားမြတ်တို့ကို အထူးပြောဖွယ် မရှိပါပြီ။ တင်စားစရာမရှိပါပြီ။သံဃာ့ဂုဏ်(၉)ပါး ဖြင့်ပြည့်စုံတော်မူပါသည်ဟု နှစ်(၄၀)ကာလ-က သက်သေအထူးပြုပါလေသည်။

ကျွန်ုပ်သည် ရွာမပရိယတ္တိစာသင်တိုက် နှစ်လေးဆယ်ပြည့် အထိမ်းအမှတ်မဂ္ဂဇင်း စာစောင်ထုတ်ရန် စာမူဖိတ်ခေါ်လွှာ ရရှိသော အခါ ရေးမည်ဟူ၍ ဆုံးဖြတ်လိုက်ပါသည်။ တကယ်တမ်းရေးသောအခါတွင် သုံးညတိုင် တိုင် စာရေးစားပွဲထိုင်သော်လည်း တစ်လုံး တစ်ပါဒမျှ ရေးမရခဲ့ပါပေ-

ဝတ္ထုတိုပေါင်း ၄၀-ကျော်နှင့် ကဗျာပုဒ် ရေ ၁၀၀-ကျော် ရေးသားခဲ့၍ စာမျက်နှာပေါ် ရောက်ရှိပြီးပါပြီ။ 'တစ်ကြိမ်တစ်ခါမျှ ထိုသို့ မဖြစ်ဖူးပါပေ-။" " ငါ ဘာဖြစ်တာလဲ" ဘာ ကြောင့် ရေးလို့မရတာလဲ ကျွန်ုပ်ကိုယ် ကျွန်ုပ် မေးခွန်းထုတ်စဉ်းစားရပါသည်။ အဖြေကား ရှင်းပါသည်။ ပရိယတ္တိနှင့် သက်ဆိုင်သော အကြောင်းတရားရေးမည်ဖြစ်ပြီး။ ဗုဒ္ဓသာသနာ တော်နှင့်သက်ဆိုင်၍ တင့်တင့်တယ်တယ် နားလည်ထားမှု မရှိခြင်းကြောင့်ပင်။

ထို့ကြောင့် ကျွန်ုပ်ခေါင်းထဲ သိမ်ငယ် စိတ်ကလေးဝင်သွားခြင်း ဖြစ်ပါလိမ့်မည်။ သို့သော်လည်း ငါရေးသောစာသည် သိရှိပြီး တော်မူသော သံဃာတော်အရှင်သူမြတ်တို့ အတွက်မဟုတ်၊ လူပညာရှိသူတော်ကောင်း တို့ဖတ်ရန်မဟုတ် ငါ့လောက်မှ မသိသူများ ရှိကောင်းရှိလိမ့်မည်။ ထိုသူများအတွက် ရေးရမည်" ဟုတွေးတောဆုံးဖြတ်ကာရေးလိုက် ရခြင်းပင် ဖြစ်ပါသည်။

စင်စစ်မူ စာသင်တိုက်တစ်တိုက် ဖြစ် လာဖို့ တိုးတတ်လာဖို့ဆိုသည်မှာ မလွယ် ကူလှ ပါ။ သို့သော်လည်း ရွာမပရိယတ္တိစာသင် တိုက်ကြီး အနေဖြင့်နှစ်ပေါင်း ၄၀-တိုင်အောင် တိုးတတ်အောင်မြင်စွာ ရပ်တည်လာနိုင်ခြင်း အား ကျွန်ုပ်၏ နုငယ်သေးကွေးသော ဉာဏ် လေးဖြင့် ချီးကျူးခြင်းကား မစွမ်းသာပါပေ။ သို့သော်လည်း ကျွန်ုပ်၏ စွမ်းသမျှ ဉာဏ်က လေးဖြင့် တင်စားလိုက်ပါသည်။

ရွာမပရိယတ္တိစာသင်တိုက် ဟူသော အခက်အညှာမှ ယှက်ဖြာထွန်းတောက်လာ သော သာသနာ့ရတနာ အဖူး အပွင့် အသီး များကားနေရာဒေသ အရပ်ရပ်တွင် လန်းဆန်း နေပါပြီ။ သင်းထုံမွှေးပျံ့နေပါပြီ။ ချိုမြနေချေပြီ ဖြစ်ပါသည်။

ဆက်၍ ဆက်ကာ ထွန်းတောက်လာဦး မည့် သာသနာ့အမွေခံမျိုးဆက်သစ်များနှင့် လက်ရှိသာသနာ့ ဝန်ထမ်းအရှင်သူမြတ်တို့ အား မကြောင့်မကျ သာသနာပြုနိုင်ရန် ပစ္စည်း လေးပါး ဒါယကာအဖြစ်ခံယူကာ ကျွန်ုပ်နှင့် အတူ လူပုဂ္ဂိုလ်တို့က ထောက်ပံ့လှူဒါန်းကြ ပါစို့ဟူ၍ နှစ် ၄၀-ပြည့်အထိမ်းအမှတ်အဖြစ် နှိုးဆော် ရေးသားလိုက်ရပါတော့သည်။

♦ သောင်းတင်သွေး(မော်ကျွန်း)

# ကျေးဇူးရှင်မြတ်ဆရာ



**မြတ်** မြတ်ပညာကို ရှာဖွေရာ
ဆရာကောင်းရှိဖို့ရာ
တွေ့ပါပြီကွဲ့ မြန်မနှေး
အင်းစိန်ရွာမလေး ။

**ဆ** ဆရာသမားသင်ကြားတာ
တို့လိုက်နာရမှာ
မလိုက်နာရင်ရဘို့ဝေး
အောင်ပန်းတွေနဲ့အလှမ်းဝေး။

**ရာ** ရာသီကောင်းတုန်း ပန်းစိုက်ပါ
ဒါမှပန်းလှမှာ
ပိုးမွှားရန်တွေဖျက်မည့်ဘေး
မင်းကာကွယ်ရမည်လေး ။

**ဦး** ဦးဆောင်လို့သာ ကြိုးစားပါ
မင်းရဲ့အတွက်ပါ
ဆင်ခြင်ခါ သတိထား
မင်းသိရမှာကား

**တိ** တိတိကျကျလုပ်ဆောင်ပါ
အောင်ပန်းဆင်ရမှာ
ဒါမှမြန်မနှေး တိုးတက်ရမည်လေး ။

**လော** လောကကြီးကို အလှဆင်ပါ
ဒါမှ တိုးတက်မှာ
ကြိုးစားကြည့်ပါ မောင်ရင်လေး
အောင်ပန်းရမည်လေး ။

**က** က ကြီး ခခွေး စသင်တာ
တို့ရဲ့မြတ်ဆရာ
စေတနာမှာ လွန်ထူးခြား
မြင့်မြတ်ပါတဲ့ ဆရာတော်တစ်ပါး ။



■ ကိုအေးချမ်း



# သာသနာ့ဝန်ထမ်း ရှင်ရဟန်း ဟူသည်

အရှင်သုစိတ္တသာရ(မုတ်ကျွန်းရတနာ)

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်ကိုရတော်မူသည့်အချိန်မှစ၍ သာသနာတော်မြတ်ကြီးကိုတည်ထောင်ဖန်ဆင်းရာ၌ အဂ္ဂသာဝက၊ မဟာသာဝက၊ စသော တပည့်သာဝကများစွာတို့ကို ပြုစုပျိုးထောင်၍ 'သံဃာရတနာ'တည်းဟူသော အဖွဲ့အစည်းကြီးကို ဖွဲ့စည်းတော်မူကာ ဆရာတပည့် လက်တွဲညီညီဖြင့် ဝေနေယျများစွာ သတ္တဝါအပေါင်းတို့အား သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှလွတ်မြောက်စေလျက် နိဗ္ဗာန်တည်းဟူသော 'သန္တိသုခ' အမြိုက်ချမ်းသာစစ်ကို ရောက်အောင်ပို့ဆောင်ပေးတော်မူခဲ့ပေသည်။ တပည့်သာဝကဖြစ်တော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်များကလည်း မြတ်ဘုရား၏ အလိုတော်အတိုင်း "ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ" ဟူသော သာသနာသုံးရပ်ကို အားသွန်ခွန်စိုက်ကြိုးစား ထမ်းဆောင်တော်မူခဲ့ကြသည်။ ထို့ကြောင့်လည်း မြတ်ဘုရားပေးအပ်တော်မူသော သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူတော်ကြကုန်သော သံဃာတော်များကို 'သာသနာ့ ဝန်ထမ်း ရှင်ရဟန်းများ'ဟုခေါ်ဝေါ်သမုတ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာသည် မိမိကိုယ်တော်တိုင် 'လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း" သော ကာလပတ်လုံး၌ လူသာမန်တို့ပြုနိုင်ခဲသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီးမှ ရရှိတော်မူ

ခဲ့သော "သမ္မာသမ္ဗုဒ္ဓဘုရား"အဖြစ်သည် သတ္တလောက၌ ထာဝစဉ်ပွင့်ထွန်းနေနိုင်ရန်မှာ မဖြစ်နိုင်မှန်း သိတော်မူသည့်အားလျော်စွာ ခန္ဓာရှိသူတို့၏ ဓမ္မတာသဘောအရ မိမိ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက်တွင် မိမိ တည်ထောင်တော်မူခဲ့သော သာသနာတော်မြတ်ကြီးအား နောင်လာနောက်သား သတ္တဝါ အများတို့ မှီခိုအားထားရာ ဖြစ်နိုင်စေရန်အတွက် မိမိ၏ တပည့်သာဝက ဖြစ်တော်မူကြကုန်သော သံဃာတော်တို့အား " သာသနာတော်မြတ်ကြီးကို အရှည်ခန့်၍ တည်တန့်အောင် စွမ်းဆောင်ရစ်ကြကုန်လော့။ လက်ဆင့်ကမ်း၍ အစဉ်အဆက် သာသနာပြုကြကုန်လော့" ဟု ယုံကြည်စိတ်ချစွာဖြင့် သာသနာကိစ္စအဝဝကို လွှဲအပ်တော်မူ၍ သက်တော်ရှစ်ဆယ် ဝါတော်လေးဆယ့်ငါးဝါ၌ ပရိနိဗ္ဗာန် စံဝင်တော်မူသွားခဲ့သည်။

မြတ်စွာဘုရား၏ အလိုတော်ကို သိတော်မူကြကုန်သော တပည့်သာဝက မထေရ်မြတ်ကြီးများကလည်း သာသနာတော်သုံးရပ်ကို အမြဲခိုင်ခံ့အောင် ကြိုးစားစွမ်းဆောင်တော်မူခဲ့ကြသည်။ အထူးသဖြင့် သာသနာတော် အရှည်ခံ့၍ တည်တံ့နိုင်စေရန် သာသနာတော်၏အသက်ဖြစ်သော သုတ်, ဝိနည်း, အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံတို့ကို နှုတ်ငုံအာဂုံ ဆောင်တော်မူ၍လည်းကောင်း ပေထက် အက္ခရာ တင်တော်မူ၍လည်းကောင်း သံဂါယနာကိုပင် 'ခြောက်ကြိမ်တိုင်တိုင်' တင်၍ ဆရာအစဉ်အဆက် လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြသည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၂၅၅၃) ခုနှစ်သို့ပင်တိုင်ခဲ့ပြီ ဖြစ်သည်။ ထိုကဲ့သို့ပင် သာသနာ့တာဝန်များကို ပခုံးပြောင်း တာဝန်အဖြစ် အမွေဆက်ခံ ထမ်းဆောင်ကြရမည့် မျက်မှောက်ခေတ် မိမိတို့ ရှင်ရဟန်းများသည်လည်း သာသနာတော်ကို နောင်ကာလများစွာတိုင်အောင် ဆက်လက်တည်တံ့နိုင်ရေး အတွက် ရှေးက မထေရ်ကြီးများ၏ လုပ်ဆောင်ချက်များကို အတုယူကာ နည်းမှန်, လမ်းမှန် စနစ်မှန်မှန်ဖြင့် ကျင့်ကြံအားထုတ်ဖို့ လိုအပ်ပေသည်။

သာသနာတော် တည်တံ့ပြန့်ပွားစေရန် ဆောင်ရွက်ရာတွင် သာသနာတော်အား ကြည်ညိုမှီခိုလိုသူ များပြားစွာ ရှိနေဖို့လိုသည်။ ထိုကဲ့သို့ လူသားတို့ သာသနာတော်ကို ကြည်ညိုမှီခို အလေးထားနိုင်စေရန်မှာ သာသနာပြု လုပ်ငန်းများကို ဦးဆောင်, ဦးရွက်ပြုနေကြရသော သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၌ လူတို့ကြည်ညိုလေးစား တန်ဖိုးထားနိုင်လောက်သော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံရန် လွန်စွာအရေးကြီးပေသည်။ "ပုဂ္ဂိုလ်ခင်မှ တရားမင်" ဆိုသကဲ့သို့ သာသနာတော်၏တာဝန်ကို ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များသည် လေးစားကြည်ညိုဖွယ်ရာ အသွင်ကိုဆောင်ပါမှ သာသနာတော်အားလည်း ကြည်ညိုအလေးထားသူ ပေါ်များပေလိမ့်မည်ဖြစ်သည်။ သို့သော် ရှင်ရဟန်းအချို့သည် ထိုအချက်ကို အလေးမမူကြဘဲ မြတ်ဘုရား ပညတ်တော်မူခဲ့သော ဝိနည်းတော်နှင့် မလျော်ညီသော မအပ်စပ်သော အားထုတ်မှုများကို ပေါ်ပေါ်ထင်ထင် ပြုလုပ်လာကြသည်ကို တွေ့မြင်လာရပေသည်။ ထိုသို့ပြုလုပ်ရာတွင် "ကိုယ်မကောင်းတာလုပ်လျှင်ကိုယ်သာ ခံရသည်"ဆိုသော်လည်း မိမိ၏ မဆင်မခြင်မှုသည် "သူတစ်ပါး မကောင်းမှုကြောင့် အများကိုပါ ထိခိုက်နစ်နာစေလိမ့်မည်" ဖြစ်သည်။ ငါးခုံးမ

တစ်ကောင် ကြောင့် တစ်လှေလုံးပုပ်'ဆိုသကဲ့သို့ မဖြစ်ရလေအောင် မိမိ၏ ပယောဂကြောင့် မိမိ၏ ကျောင်းတိုက် သံဃာထုကြီးတစ်ရပ်လုံးနှင့် သာသနာတော်ကို ထိခိုက်စေမည့် အပြုအမူမျိုးကို အထူးအလေးထား ရှောင်ရှားသင့်ပေသည်။ "စပါးကိုဖျက်တာ စပါးထဲကပိုး၊ ဝါးကိုဖျက်တာ ဝါးထဲကပိုး" ဆိုသကဲ့သို့ပင် သာသနာတော်ကို ဖျက်ဆီးရာမှာ 'သာသနာတွင်းလူ(ဝါ) သာသနာတွင်းပိုး'က ပို၍ကြောက်စရာ ကောင်းသည်ကို သတိပြုမိကြဖို့ လိုပါသည်။ မူလသာသနာတော် ပွင့်ထွန်းခဲ့ရာ မဇ္ဈိမဒေသ ဗုဒ္ဓသာသနာတော်၏ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး သာသနာတော်နောက်ပိုင်း၌ သာသနာတော်ကို ဖျက်ဆီးလိုသော မိစ္ဆာအယူရှိသူတို့သည် သာသနာတော်တွင်းသို့ ဝင်ရောက်၍ မိမိတို့၏ အယူဝါဒနှင့် ဗုဒ္ဓအယူဝါဒကို ရောနှော ဖျက်ဆီးခဲ့ကြသဖြင့် အဘိဓမ္မာ၌လည်းကောင်း၊ ဝိနည်းတော်များ၌လည်းကောင်း အငြင်းပွားမှုများဖြစ်ပေါ်လာပြီး ဂိုဏ်းများအစိတ်စိတ်အမွှာမွှာ ကွဲခဲ့ရသည်။

ထို့အပြင် ရဟန်းတော်များသည် သာသနာတော်၏ အသက်ဖြစ်သော ပရိယတ္တိတို့ကို သင်ယူခြင်းထက် လာဘ်လာဘအလို့ငှာ အင်းအိုင် ၊ လက်ဖွဲ့၊ ဂါထာမန္တရား စသော ဂန္ဓာရီအတတ်ပညာများကို လိုက်စားခြင်းကြောင့် ပရိယတ်၌ ဆုတ်ယုတ်ခဲ့ရသည်။ အဆိုးဆုံးမှာ သုရာမေရယသိက္ခာပုဒ်ကို ကျူးလွန်မှုများ ရှိလာခဲ့ခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာရဟန်းများ အဘက်ဘက်မှ ဆုတ်ယုတ်ပျက်စီးလာခြင်းကို အခွင့်ကောင်းယူ၍ ဘာသာခြားတို့သည် ဗုဒ္ဓဘာသာရဟန်းများနှင့် ဝါဒပြိုင်ရန် စိန်ခေါ်ကြလေတော့သည်။ ထိုဝါဒပြိုင်ပွဲများတွင် ရဟန်းတို့မှာ သုရာယစ်မူးခြင်းအပြင် ပရိယတ္တိစာပေကိုလည်း ကောင်းစွာမတတ်ကြသဖြင့် ကြက်ကြီးလည်လိမ်ခံရဘိသကဲ့သို့ မပြောနိုင်မဆိုနိုင် အရှုံးနှင့်သာရင်ဆိုင်ကြရတော့သည်။ ထိုအခါ လူတို့သည် ဗုဒ္ဓဘာသာရဟန်းတို့အပေါ်၌ အထင် အမြင်သေးလာရုံမျှသာမက ဘာသာတရားကိုပါ စွန့်လွှတ်သွားကြတော့သည်။ "နူရာ ဝဲစွဲ လဲရာသူခိုးထောင်း" ဆိုသကဲ့သို့ ဗုဒ္ဓဘာသာ ရဟန်းတို့မှာ အရှိန်အဝါ ကျလာသည်သာမက တိုင်းပြည်အုပ်ချုပ်သော မင်းများမှာလည်း ဗုဒ္ဓဘာသာဝင်မင်းများမဟုတ်တော့ဘဲ မိစ္ဆာအယူရှိသော မင်းတို့ အုပ်စိုးလာကြသည်ဖြစ်၍ မိစ္ဆာဝါဒီတို့၏ နိုင်ထက်စီးနင်း ရက်စက်စွာ သတ်ဖြတ်သုတ်သင်ခြင်းကို ခံရပြန်သဖြင့် ရဟန်းသံဃာများ ဆိတ်သုဉ်းသွားပြီး မဇ္ဈိမဒေသ အိန္ဒိယ ဗုဒ္ဓသာသနာမှာ စောစီးစွာ နိဂုံးချုပ်ခဲ့ရလေတော့သည်။

သို့သော်လည်း ကံကောင်းထောက်မစွာဖြင့် ဗုဒ္ဓသာသနာတော်ပြန့်ပွား ရောက်ရှိခဲ့သော သီရိလင်္ကာ၊ မြန်မာ၊ ယိုးဒယား စသော ထေရဝါဒနိုင်ငံများ တရုတ်၊ ကိုးရီးယား၊ ဂျပန် စသော မဟာယာနဝါဒ နိုင်ငံများမှ ဗုဒ္ဓသာသနာတော်ကို စွမ်းစွမ်းတမံ ထိမ်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြ၍သာ သာသနာတော်မှာ ယခုတိုင် မြဲမြဲနိုင်ခံ့စွာ ရပ်တည်နိုင်ခဲ့ရခြင်း ဖြစ်ပေသည်။ ယခုကာလရောက်မှ မူလမဇ္ဈိမဒေသသို့ သာသနာကို ပြန်လည်ပေးပို့ရသည့် အခြေသို့ ဆိုက်ရောက်ခဲ့ရသည်။ ဤကဲ့သို့သော အတိတ်သာသနာသမိုင်း၏ ဖြစ်ရပ်ဆိုးများကို ကြည့်၍ နမူနာယူ၍ မိမိတို့လက်ထက်မှသည် နောင်အနာဂတ်ကာလတိုင်အောင် ထိုအမှားမျိုး၊

ထိုဖြစ်ရပ်ဆိုးမျိုးများ ထပ်မံဖြစ်ပေါ်မလာစေရန် သတိကြီးစွာ ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ ရှင်ရဟန်းတို့င်း၏ သမိုင်းပေးတာဝန်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း အမြော်အမြင် ကြီးမားတော်မူကြသော ဆရာတော် သံဃာတော်များနှင့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များတို့သည် စာသင်တိုက်ကြီးများတည်ထောင်၍ သာသနာ့ဝန်ထမ်း ရှင်ကောင်း၊ ရဟန်းကောင်းများကို မွေးထုတ်ပေးလျက်ရှိသည်။

ရှင်ရဟန်းတို့သည် သာသနာ့ဝန်ထမ်းကောင်းများ ဖြစ်လာနိုင်စေရန်မှာ စာပေကျမ်းဂန်တတ်ရုံမျှဖြင့်လည်း မပြီးသေးပါ။ အဓိကအလေးထား စောင့်ရှောက်ရမည်မှာ ကိုယ်ကျင့်တရားပင် ဖြစ်သည်။ ကိုယ်ကျင့်သီလဟူသည် ရှင်ရဟန်းတို့၏ အသက်ပင်ဖြစ်သည်။ သာသနာတွင်းနေပါလျက် အကျင့်သီလပျက်ခဲ့လျှင် လူနတ်တို့ကလည်း မကြိုက် မိမိအတွက်လည်း မင်္ဂဖိုလ်မရ၊ မိမိကိုမှီ၍ ပစ္စည်းလေးပါး လှူဒါန်းကြသော ဒါယကာ၊ ဒါယိကာမတို့မှာလည်း အကျိုးမများ၊ သာသနာတော်ကြီး၏ အသရေကိုလည်း ညှိုးနွမ်းစေမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ် စာမျက်နှာ-၃၂၇၊ စာပိုဒ် ၄၂၅-၌ "ဂန္ထဝိပဿနာ၊ နှစ်ဖြာခွရ၊ မလုံ့လဘဲ၊ ကိစ္စမနည်း၊ အလိုသည်း၍၊ အရည်းမပီ၊ အလဇ္ဇီဖြင့်၊ ဒုဿီကျင့်ဆန်း၊ ရှင်ပေါက်ပန်းတို့၊ ရဟန်းတမင့်၊ တဝင့်ဝင့်နှင့်၊ မင်းကျင့်စိုးကျင့်၊ လူကျင့်ကျင့်က၊ ပျောက်လွင့်သီတင်း၊ သီလကင်း၍၊ ကိုယ်တွင်းယုတ်မာ၊ ပါပိစ္ဆာဖြင့်၊ တဏှာအထည်း၊ လောဘသည်း၍၊ ပစ္စည်းလက်သတ်၊ အပ်မအပ်ကို၊ ရသမျှကို၊ ပြိတ္တာမျိုးစေ့၊ တပွေပွေနှင့်၊ တပြွေ့ခင်မက်၊ တစ်သက်သက်တည့်"ဟူ၍လည်းကောင်း ရဟန်းရဟန်း၊ မည်ပြဋ္ဌာန်းလျှက်၊ ရဟန်းဟူလစ်၊ ခေါ်ရာဖြစ်ရုံ စနစ်ခေါက်ချိုး၊ သလင်းပိုးလျှက်၊ ချုပ်ရိုးခန်းခန်း၊ ဖန်ရည်စွန်းသား၊ သင်္ကန်းဝါဝါ၊ ဦးပြီးကာဖြင့်၊ ပညာကင်းပ၊ ဒုစ္စာရနှင့်၊ သီလမဲ့မိုး၊ အတွင်းဆိုးကား၊ အကျိုးတစ်စိ၊ ဘယ်မှာရှိလိမ့်၊ မော်မိမော်မန်း၊ နေကာဆန်းဖြင့်၊ ရဟန်းကျင့်ဝတ်၊ တစ်ပါးချွတ်က၊ လူနတ်မကြိုက်၊ ကဲ့ရဲ့ထိုက်၏ ဟူ၍ ဒေသနာတော်အလာအတိုင်း သတိပေးဆုံးမထားခဲ့ပေသည်။

အကျင့်သီလ ပျက်စီးလျှင် လူတို့အရှိအသေ ကင်းကြမည်သာဖြစ်သည်။ ရှင်ရဟန်းဖြစ်ပါလျက် လူကျင့်ကျင့်လျှင် လူတို့က "ငါတို့နဲ့ဘာများထူးလို့လဲ"ဟု ဘယ်သူကမျှ ကြည်ညိုကြတော့မည် မဟုတ်ပေ။ လူတို့သည် ရှင်ရဟန်းတို့အား မိမိတို့ထက် အကျင့်သီလစင်ကြယ်ခြင်းကြောင့်သာ ကြည်ညိုလေးစားကြခြင်းဖြစ်သည်။ သင်္ကန်း ဝတ်ထားရုံဖြင့် ကြည်ညိုလိမ့်မည် မဟုတ်ပါ။ အနောက်တိုင်းသား ဘာသာခြားတစ်ယောက်က ပြောဖူးပါသည်။ "ဗုဒ္ဓဘာသာဘုန်းကြီးတွေဟာ ကျင့်ကြံအားထုတ်တာတွေကို အသာထား မိန်းမမယူ ညစာမစားဘဲ နေနိုင်သည်ကိုပင် သူလေးစားကြည်ညိုမိသည်" ဟု ဖွင့်ဟပြောခဲ့သည်ဆို၏။ ဤသည်ကို ထောက်ရှု၍ ရှင်ရဟန်းတို့၏ ဂုဏ်ကျက် သရေကို မြှင့်တင်ပေးနိုင်တာ ကိုယ်ကျင့်သီလပင် ဖြစ်သည်။ ထို့အပြင် ရှင်ရဟန်းတို့သည် မိမိကို မွေးထုတ်ပေးခဲ့သော ကျေးဇူးရှင် အမိအဘတို့၏ "အကန်တော့ခံ သားဖြစ်သည်" တုမနိုင်းသာအောင် ကျေးဇူးတရား အလွန်ကြီးမားလှစွာသော အမိအဘတို့၏ ပူဇော်ရှိခိုးခြင်းကိုခံရသော သားဖြစ်သူမှာ သီလမစင်ကြယ်ခဲ့လျှင် မည်မျှ

အပြစ်ကြီးလိမ့်မည်ထင်ပါသနည်း။ "အမိအဘတို့ ရှိခိုးသော လက်ဆယ်ချောင်းသည် မိမိတို့အတွက် လှံဆယ်ချောင်းထက် ကြောက်စရာကောင်းသည်" ထိုမျှမကသေးပါ မိမိတို့အား နေ့စဉ်ရှိခိုးပူဇော်နေကြသော ဒါယကာ၊ ဒါယိကာမများတို့တွင်လည်း အမိအရွယ် အဖအရွယ် သာမက အဘိုးအရွယ် အဘွားအရွယ်များလည်း ပါပေသည်။ မိမိတို့ ရှင်ရဟန်းများအား ဘုရားသားတော်"သီလဝန္တပုဂ္ဂိုလ်"များအဖြစ် တရိုတသေ ရှိခိုးဦးချနေခြင်းဖြစ်သည်။ အကယ်၍ မိမိတို့မှာ "ဒုဿီလ"များဖြစ်နေပါက တွေးကြည့်ရုံမျှဖြင့် ကြက်သီးထဖွယ်ရာပင် ကောင်းသည်။ ထိုအချက်ကို သတိမမူဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆဖြင့် သာသနာ့ဘောင်တွင် စင်ကြယ်အောင် မနေနိုင်ခဲ့လျှင် "ဒယ်အိုးထဲတွင် ပူမှာစိုး၍ ခုန်ချကာမှ မီးပုံထဲ လုံးလုံးကျ" ဆိုသကဲ့သို့ လူဝတ်ကြောင်ဘဝ အပြစ်များမှာ စိုး၍ ရှင်ရဟန်းဝတ်ကာမှ "ငရဲလုံးလုံးကျ"ရသည့် ကိန်းမျိုးဆိုက်ခဲ့လျှင်တော့ လွန်စွာရင်နာဖို့ကောင်းပေသည်။

ထိုအဖြစ်မျိုးသို့ မရောက်ရလေအောင် မြတ်ဘုရား ချမှတ်ပေးတော်မူသော ဝိနည်းတော်အတိုင်း ကျင့်ကြံ နေထိုင်ကြပါမူ မိမိတို့တွင် သီလစင်ကြယ်သည်၏အဖြစ်ကြောင့် မြတ်ဘုရား၏ သာသနာတော်သည်လည်း ကြီးပွားနိုင်၏ မိမိတို့အတွက်လည်း "သံသရာဝဋ်"မှ ကျွတ်လွတ်နိုင်၏၊ မိမိတို့ကိုမှီ၍ ကုသိုလ်ပြုကြကုန်သော ဒါယကာ ဒါယိကာမတို့မှာလည်း ကုသိုလ်တိုးပွား အကျိုးများနိုင်မည် ဖြစ်၏။ ဤကဲ့သို့ ရှင်ရဟန်းတို့သည် သာသနာတော်အရှည်ခံ၍ တည်တံ့ခိုင်မြဲကြောင်းဖြစ်သော ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓ

| |
|---|
| သတိမမူဘဲ မေ့မေ့လျော့လျော့ |
| ပေါ့ပေါ့ဆဆဖြင့် သာသနာ့ |
| ဘောင်တွင် စင်ကြယ်အောင် |
| မနေနိုင်ခဲ့လျှင် "ဒယ်အိုးထဲ |
| တွင် ပူမှာစိုး၍ ခုန်ချကာမှ |
| မီးပုံထဲ လုံးလုံးကျ" ဆိုသကဲ့ |
| သို့ လူဝတ်ကြောင်ဘဝ အပြစ် |
| များမှာ စိုး၍ ရှင်ရဟန်းဝတ် |
| ကာမှ "ငရဲလုံးလုံးကျ"ရသည့် |
| ကိန်းမျိုးဆိုက်ခဲ့လျှင်တော့ ... |

သာသနာ တည်းဟူသော သာသနာသုံးရပ်အကျင့်မြတ်တို့ဖြင့် သာသနာ့ဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါမှ " သာသနာ့ ဝန်ထမ်းကောင်း" များ ပီသမည်ဖြစ်သည်။ သို့မှသာလျှင် "သံဃာအား ဘုရားယုံခဲ့သည်" ဆိုခဲ့သည့်အတိုင်း တပည့်သာဝကဖြစ်ကြကုန်သော သံဃာတော်အပေါင်းတို့အား မြတ်ဘုရားယုံကြည်စွာ အပ်နှံထားတော်မူခဲ့သော သာသနာတော်မြတ်ကြီးမှာလည်း နောင်နှစ်ပေါင်းရာထောင်ချီသည့် ကာလများစွာတိုင်အောင် မညှိုးမမှိန်ဖြင့် ထာဝစဉ်ထွန်း ပြောင်လျက်ရှိနေဦးမည် ဖြစ်ပေသတည်း။

♦ **အရှင်သုစိတ္တသာရ (မှတ်ကျွန်းရတနာ)**



# မတူကြပေမယ့် တူကြပါသည်

- ဆရာဆိုတဲ့ စာနှစ်လုံး
  တစ်ကမ္ဘာလုံး လွှမ်းကာနေ။
- နှစ်တွေကြာလည်း
  သစ်ဝေဆာ ဂုဏ်မညှိုးပါဘူး
  တန်ဖိုးရှိပေ။
- ဆရာ,အာစရိယ, တီးချာ (teacher) ရယ်ဟု
  သီးခြားအခေါ် ဘာသာမတူကြပေမယ့်
  မူဘဝဟန် ဆရာ့စိတ်ထားမှာတော့
  အလှဖိတ်ကြွားမေတ္တာထုံဝေ
  ချစ်စရာဂုဏ်တွေက အတူတူပဲ။
- တပည့်တို့ ဘဝလမ်းမှာလ
  အသိမချို့ အလှလွှမ်းကာပို့
  ပန်းနှယ်မွှေးစေ ဖော်ဆောင်ကျူးပါသည့်
  ကျေးဇူးရှင်ပဲ။ ။



**ဝင်းသစ်ထွန်း-ကန့်ဘလူ**





# ယုံကြည်မှု သီအိုရီ

တိုက်ချွန်း(လှိုင်သာယာ)

ကျွန်တော်အပါအဝင် အားလုံးသော လူသားတို့သည် ‘မနုဿတ္တ ဘာဝေါ ဒုလ္လဘော’ ဆိုတဲ့ လူအဖြစ်ကို ရရှိနေကြပါသည်။ လူအဖြစ်, လူ့ဘဝရဲ့ တန်ဖိုးကိုတော့ ကျွန်တော်ယခင်က မသိခဲ့တာအမှန်ပင် ဖြစ်ပါသည်။ သာသနာဘောင်သို့ ရောက်၍ ဗုဒ္ဓစာပေတွေကို လေ့လာသင်ကြားမှတ်သားရလိုက်တဲ့အခါတွင် လူသားတစ်ယောက်ရဲ့ ခဲယဉ်းလှသည့်အဖြစ်ကို သိရှိလိုက်ရပါတော့သည်။ လူအဖြစ်၏ ခဲယဉ်းလှပုံကို ဥပမာတွေနဲ့ ဘယ်လိုပြသလဲဆိုရင် ‘လူပြည်မှာ အပ်တစ်စင်းထောင်ထားလိုက်, ပြီးတော့ ဗြဟ္မာပြည်မှ အပ်စင်းကို ပစ်ချလိုက်ပါ’ လူ့ပြည်နှင့် ဗြဟ္မပြည်ဟာ မည်မျှပင် ဝေးကွာပါသော်လည်း ဒီအပ်နှစ်စင်းရဲ့ ထိပ်နှစ်ခုဟာ ထိကောင်းထိလိမ့်မည်၊ လွယ်ကူကောင်း လွယ်ကူလိမ့်မည်။ ဒါပေ မယ့် လူတစ်ယောက်ဖြစ်ဖို့ကတော့ သည့်ထက် မက ပိုပြီးခဲယဉ်းပါသည်။

ယနေ့ ခဲယဉ်းလှပါတယ်ဆိုသော လူ့ဘဝကို ရရှိနေကြတဲ့ လူသားတိုင်း လူသား တိုင်း ဘယ်အရာတွေကို ယုံကြည်ပြီး ဘယ်ဟာ တွေကို ကိုးကွယ်ကြမလဲ . . .။ ကျွန်တော်တို့ ဗုဒ္ဓဘာသာအများစုဟာ ရတနာသုံးပါးနှင့် ကံ . . . ကံ၏ အကျိုးတရားတွေကို ယုံကြည်ထားကြတယ်။ တစ်ချို့ကျပြန်တော့လည်း ယုံကြည်မှုအားနည်းကြတယ်။ အားနည်းလာသည်နှင့်အမျှ ဘိုးတော်၊ ဘွားတော်တွေ၊ ဗေဒင်၊ ယတြာတွေ၊ ရက်ရာဇာ၊ ပြဿဒါး စသော ဗြဟ္မကဘက်မှာ အားကိုးလာကြ၊ ကိုးကွယ်လာကြတာတွေကို တွေ့မြင်နေရပါတယ်။ သူတို့ရဲ့စိတ်ထဲမှာ စီးပွားရေး တက်လာရင် နတ်မလို့၊ စီးပွားရေး

ကျတဲ့အခါ ဘိုးတော်၊ ဘွားတော်၊ နတ်တွေကို မပူဇော်၊ မပသလို့ဆိုတဲ့ မဟုတ် မဟတ် အတွေးတွေ ဝင်ရောက်လာကြတော့တယ်။ ဒီလိုနဲ့ဘဲ မိမိတို့ကိုးကွယ်နေတဲ့ ဘာသာအယူဝါဒဘက်မှာ မသိမသာ အားနည်းလာကြတယ်။ အားနည်းလာသည်နှင့်အညီ အရာရာတွင် ဉာဏ်ယှဉ်မှုပါ အားနည်းလာတော့တယ်။ မိမိတို့ဉာဏ်မယှဉ်နိုင်မှုတို့ကြောင့် တစ်ချို့ဆိုလျှင် အတိတ်က ဒါနတရားတွေ အားကောင်းခဲ့လို့ ယခုဘဝမှာ ချမ်းသာတယ် . . . ဒါနတရား အားနည်းတွေကျတော့ ယခုဘဝမှာ ဆင်းရဲနေကြရတယ်။ ဒီလို ကံ . . . ကံ၏ အကျိုးတရားတွေ နားမလည်ဘဲ မိမိတို့ရဲ့ မိရိုးဖလာ အိမ်တွင်းနတ်၊ အပြင်နတ် စသော နတ်တွေကို ပူဇော်လို့ မပသနိုင်လို့ စီးပွားရေးကောင်းတယ် . . . မကောင်းဘူးရယ်လို့ ယူဆနေကြတုန်းပဲ။ မိရိုးဖလာနှင့် ပတ်သက်ပြီးတော့ ကောင်းသော မိရိုးဖလာတွေကို အတုယူပြီး မကောင်းသော မိရိုးဖလာတွေဆိုရင်တော့ ပယ်ဖျက်သင့်ပါတယ်။

ဒီအကြောင်းအရာတွေကို ပြန်ဆန်းစစ်ကြည့်မယ်ဆိုရင် -

မိမိတို့က ရတနာသုံးပါး၊ ကံ . . . ကံ၏အကျိုးတရားတွေကို စွဲစွဲမြဲမြဲ ယုံကြည်မယ်ဆိုရင် ကျွန်တော် အပါအဝင် အားလုံးသော ဗုဒ္ဓဘာသာဝင်တွေ သိပြီးသည့်အတိုင်း ဘုရားရှင်သည် လောကသားတို့၏ အတ္ထာယ၊ ဟိတာယ၊ သုခာယ အလို့ငှာ ပွင့်တော်မူလာခြင်း ဖြစ်၏။ ထို့အတူ တရားတော်၊ သံဃာတော် ဆိုတဲ့ ရတနာတွေကိုလည်း မိမိတို့က ယုံကြည်မှုရှိစွာ ကိုးကွယ်မယ်၊ ဆည်းကပ်မယ်ဆိုရင် မိမိတို့ အပေါ် ရတနာသုံးပါးက မကြည့်ရှုဘဲ မနေပါဘူး။

ရတနာသုံးပါးက ပြန်လည်ကြည့်ရှုတာနဲ့ပတ်သက်ပြီး သာဓကတစ်ခုပြမယ်ဆိုရင် စူဠဝါပါဠိတော်မှာ ဘုရားရှင်ပွင့်တော်မူသောအခါက အနာထပိဏ်သူဌေးသည် ဗာရာဏသီသူဌေးအိမ်သို့ အလည်သွားရာ ဗာရာဏသီအိမ်တွင် ယာဂုဆွမ်းစသော လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို စီမံချက်ပြုတ်နေသည်ကိုတွေ့၍ မေးရာ မနက်ဖြန် နံနက်၌ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်မည့်အကြောင်း ပြောပြရာ ဘုရားရှင်ဟု ကြားသိလိုက်ရသော အချိန်မှစ ဖူးတွေ့လိုစိတ်တွေ တဖိတ်ဖိတ် ယိုစိမ့်လာပါတော့၏။ ထိုအခါ အချိန်အားဖြင့် ညအချိန်ခါဖြစ်၍ မှောင်မဲနေပါသော်လည်း မြတ်စွာဘုရား၏အပေါ်၌ ယုံကြည်မှုသဒ္ဓါတရားတွေကို ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း စသောအရာတို့က တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ အမြန်ခြေလျင်ခရီးနှင်လာတော့၏။ လမ်းခရီးတစ်လျှောက်တွင် ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီးသွားရာ ခန္ဓာကိုယ်မှ ဖြာထွက်လာသော အရောင်များသည် ညအမှောင်ခရီးဟာ မှောင်တယ်လို့ မထင်ရဘဲ လမင်းကြီးသာနေသလို လမ်းတစ်လျှောက်လုံး သာယာဖြောင့်ဖြူးနေတော့၏။

သုသာန်သို့ ရောက်သောအခါတွင် သုသာန်စောင့်နတ်တွေကလည်း တံခါးတွေကို ဖွင့်ပေးကြရ၏။ နတ်တွေက တံခါးဖွင့်ပေးရခြင်းအကြောင်းမှာ အနာထပိဏ်သူဌေး၏ နှလုံးအိမ်ထဲတွင် ဘုရားရှင်၏ ဂုဏ်တော် များကို ထုံးမွှမ်းထားသောကြောင့်သာ ဖြစ်ကြောင်း ထင်ရှားပါတယ်။ ဘိုးတော်တွေ၊ ဘွားတော်တွေ

ကို အာရုံပြု နေမယ်ဆိုရင် ခန္ဓာကိုယ်မှ အရောင်များထွက်ဖို့ နေနေသာ အမှောင်လမ်းမှာ ခလုတ်တိုက်၍ မှောက်လဲရန်သာရှိ၏။ ဒီလိုနဲ့ အနာထပိဏ်သူဌေးဟာ သုသာန်ကိုဖြတ် တစ်နေရာအရောက်တွင် အရာတစ်ခုနှင့် တိုက်မိ၍ ကြည့်ရာ လူသေကောင်ဖြစ်သည်ကို တွေ့ရ၏။ ဒါတွေကို ကြည့်ခြင်းဖြင့် အရင်တုန်းက လူတွေသေရင် ယခုခေတ်ကာလလို့ မြေမြှုပ် သဂြိုဟ်ခြင်း၊ မီးသွင်းစက် ထည့်ခြင်းမရှိဘဲ သင်္ချိုင်းကုန်းတွင် စွန့်ပစ်ထားသည်ကို မှန်းဆသိနိုင်ပါသည်။

အနာထပိဏ်သူဌေးလည်း လူသေအလောင်းကိုမြင်၍ ကြောက်ခြင်း၊ တုန်လှုပ်ခြင်းများ ဖြစ်ပေါ်လာရာ ပွားဆဲဂုဏ်တော်လည်း ပြတ်တောက်၍ ခန္ဓာကိုယ်မှ အရောင်ပင် ထွက်မလာတော့ပေ။ ထိုအချိန်တွင် အနာထပိဏ်သူဌေးသည် ချက်ချင်း ဘုရားရှင်၏ဂုဏ်တွေကို ထပ်မံအာရုံပြုလိုက်ပြန်ရာ အရောင်များ ပြန်ထွက်လာပြီး ဇေတဝန်ကျောင်းတော်သို့ အရောက်ခရီးနှင်ခဲ့တော့၏။ ဆိုလိုချင်တာကတော့ ရတနာသုံးပါးကို ယုံကြည်မှု၊ ဆည်းကပ်မှု စစ်မှန်လျှင် ရတနာသုံးပါးက ' ကတညူ ကတဝေဒီ' မင်္ဂလာအတိုင်း အပြန်အလှန် ကျေးဇူးပြုနေသည်မှာ မလွဲပါပေ။

ရတနာသုံးပါးကို ကိုးကွယ်တာနှင့်ပန်သက်ပြီး ဘေးဒုက္ခမရောက်ရပုံကို လှိုင်သာယာမြို့က ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုကို ထပ်မံဖော်ပြချင်ပါသေးတယ်။ လှိုင်သာယာမြို့နယ်၊ (၁၃) ရပ်ကွက်၊ သခင်မြလမ်းနေ၊ ကလေးနှစ်ယောက်ရဲ့မိခင် မဝိုင်းဆိုသော မိန်းကလေးတစ်ယောက်ရှိပါတယ်။ မဝိုင်းဟာ သူ့ဖခင်ရဲ့ ဆုံးမဩဝါဒ၊ တရားသဘောတွေကို သိနားလည်လာပြီး ပြုလုပ်နိုင်သမျှ ဘုရားရှိခိုးခြင်း၊ ဆွမ်းတော်ကပ်ခြင်း၊ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို တတ်စွမ်းသလောက် ပြုလုပ်ပါ၏။ အချိန်ရလျှင်ရသလို တရားအားထုတ်ခြင်းတို့ကိုပါ ပြုလုပ်လေ့ရှိပါ၏။

တစ်နေ့ကျတော့ မဝိုင်းဟာ အတိတ်ကဝဋ်ကြွေးဘဲ ဆိုရမလား . . . လည်ပင်းတွင် အကြိတ်လုံးတွေ့လို့ ဆေးရုံပြ၊ ဓာတ်မှန် ရိုက်ကြည့်ရာ ကင်ဆာအကြိတ်ဖြစ်နိုင်တယ် ဆိုပြီး နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်ကုသခဲ့ရပါတယ်။ ဒီလိုနဲ့ ကျန်းကျန်းမာမာနှင့် နေလာရာ တစ်နှစ်လောက်အကြာတွင် လည်ပင်း၌ နာကျင်မှုဖြစ် လာပြန်၍ ဓာတ်မှန် ရိုက်ကြည့်ပြန်ရာ ကင်ဆာ အကြိတ်လုံးသုံးလေးလုံး စီတန်းနေသည်ကို တွေ့ရပါ၏။ ထိုတွင် ဆရာဝန်မက အကြိတ်လုံး တွေကို ခွဲထုတ်ရမည်ဖြစ်ကြောင်း၊ ငွေကတော့ (၁၀)

“

*မြတ်စွာဘုရား တပည့်တော်မသည်*
*ရတနာသုံးပါးမှတစ်ပါး*
*အခြားကိုးကွယ်ရာ မရှိပါ။*
*တပည့်မသည် ဘုရားရှင်အား*
*သက်ရှိထင်ရှားဘုရှင်ကဲ့သို့*
*ဆည်းကပ်ကိုးကွယ်ခဲ့ပါသည်။*
*ဤမှန်သော သစ္စာစကားကြောင့်*
*တပည့်မ ခံစားနေရသော ဝေဒနာသည်*
*သက်သာ ပျောက်ကင်းပါစေ . . .*

”

သိန်းလောက် ကုန်ကျမည်ဖြစ်ကြောင်း တတ်နိုင်သလားဟု မေး၏။ မဝိုင်းတို့မိသားစုဟာ ငွေရေးကြေးရေး မပြည့်စုံသော်လည်း စားနိုင်သောက်နိုင်ဆိုရုံသာရှိ၏။ ဒါပေမယ့် လောကမှာ ငွေထက်အသက်ဟာ ပဓာနဖြစ်ကြောင်း၊ ငွေဆိုတာကျန်းမာရေးကောင်းလျှင် အချိန်မရွေး ရှာဖွေလို့ရကြောင်းတွေကို မဝိုင်းက သဘောပေါက်ထားသူပီပီ ဆရာမကို တတ်နိုင်ကြောင်း ပြန်ပြောလိုက်ရ၏။ ဆရာမကလည်း ဘယ်နေ့ဘယ်ရက်ခွဲစိပ်ရန် ရက်ချိန်းပေးလိုက်၏။

မဝိုင်းတို့မိသားစုလည်း ဆေးရုံက ပြန်လာပြီးအိမ်အရောက်တွင် မဝိုင်းသည် ခေါင်းအေးအေးထားပြီး မိမိပြုလုပ်နေကျ ဘုရား ရှိခိုးစသော ကုသိုလ်ကောင်းမှုတို့ကို ယခင်ကထက်ပိုပြီး ပြုလုပ်လာ၏။ ပြုလုပ်လာသည်နှင့် အညီသစ္စာအဓိဋ္ဌာန်လည်း ပြုလုပ်လာ၏။ မဝိုင်းရဲ့အဓိဋ္ဌာန်ပုံက ဘုရားစင်ရှေ့တွင် သေချာ ထိုင်ပြီး မြတ်စွာဘုရား ပုံတော်၌ ဂုဏ်တော်သွင်း အာရုံပြုရင် 'မြတ်စွာဘုရား တပည့်တော်မသည် ရတနာသုံးပါးမှတစ်ပါး အခြားကိုးကွယ်ရာ မရှိပါ။ တပည့်မသည် ဘုရားရှင်အား သက်ရှိထင်ရှားဘုရှင်ကဲ့သို့ ဆည်းကပ်ကိုးကွယ်ခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် တပည့်မခံစားနေရသော ဝေဒနာသည် သက်သာ ပျောက်ကင်းပါစေ' ဟု သစ္စာအဓိဋ္ဌာန် ပြုခဲ့သည်။

သစ္စာအဓိဋ္ဌာန် ပြုသည့် ညမှာပင် အိပ်မက်မြင်မက်တော့၏။ 'အိပ်မက်ထဲတွင် ဝေဒနာခံစားနေရ၍ အိပ်ယာထက်တွင် လဲလျောင်းနေသော မဝိုင်းကို အုန်းပွဲ ငှက်ပျောပွဲကိုယ်စီနှင့် ဘိုးတော်လိုလို၊ ဘာလိုလို ပုဂ္ဂိုလ်သုံးလေးယောက်က 'ဟော့ . . . ကလေးမနင့်ရောဂါကို ငါတို့ကုသပေးမယ်' လို့ ပြောကြ၏။

ထိုအခါတွင် သူမက 'သင်တို့ကုစရာမလို ငါတို့ဘုရားရှိတယ်'လို့ မြင်မက်ကာ အိပ်ယာမှ နိုးလာ၏။ မနက်မိုးလင်းတော့ မိဘတွေကို အိပ်မက်အကြောင်းကို ပြောပြလိုက်လေ၏။ ဒီလိုနဲ့ဘဲ ရက်ချိန်းရောက်တဲ့နေ့မှာ မခွဲစိတ်မီ ဓာတ်မှန်ရိုက်သောအခါ ယခင်က စီတန်းနေပါတယ်ဆိုသော အကြိတ်လုံးတွေ တစ်လုံးမှ မတွေ့ရတော့ပေ။ မယုံမကြည်နှင့် ထပ်မံရိုက်ပြန်တော့လည်း ထူးခြားစွာ မတွေ့ရသောအခါမှ ငွေ (၁၀) သိန်းလောက် ကုန်ကျခြင်းဒုက္ခမှ ကင်းဝေးရတဲ့အကြောင်းကို အခြေအနေ လာမေးသူများကို ဝမ်းမြောက်ဝမ်းသာ ပြောပြနေ၏။ သူမအပါအဝင် သူမ၏ မိသားစုတစ်စု လုံးလည်း ရတနာသုံးပါးအပေါ်မှာ ပိုမိုယုံကြည် သွားလေတော့၏။

အထက်ပါ ဖြစ်ရပ်ကိုကြည့်ခြင်းဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အားလုံးဟာ မိမိတို့ကိုးကွယ်မှု မမှားစေဖို့ ကိုးကွယ်မှုများက မိစ္ဆာဒိဋ္ဌိဘဝသို့ ရောက်သွားနိုင်ကြောင်းကို အထက်ပါဖြစ်ရပ်များက သက်သေခံလျက် ရှိနေပါတော့သတည်း။

♦ **တိုက်ချွန်း**
လှိုင်သာယာ




ရဟန်းဘဝ ပန်းတိုင်
ဥယျာဉ်မှူး
(ရန်ကင်းတောင်ဆရာတော်)

"ဟဲ့-ကောင်လေး၊ အခုချိန် လိုင်းပြောင်းလို့ရသေးတယ်၊ မင်းတို့ စာချဘုန်းကြီးဘဝ မဟုတ်ဘူး၊ အလွန်တော်တာ"

"ငါလည်း မင်းလိုပဲ အစမှာ စာချသေးတယ်၊ မအောင်မြင်ဘူး၊ ဒကာ,ဒကာမအသိလည်း မရှိဘူး၊ ကြာတော့ ရှားပါးလာတယ်၊ နောက် ဓမ္မကထိကလိုင်း ကူးလိုက်တယ်၊

ဓမ္မကထိကလိုင်းကျတော့ စာချဘုန်းကြီးဘဝနဲ့စာရင် မဆိုးဘူး၊ ဒကာ, ဒကာမအသိပေါ လာတယ်။ အစစ အဆင်ပြေလာတယ်။ ဒါပေမဲ့ ဒီလိုင်းကလည်း ငါစဉ်းစားကြည့်တာ အခု ငါက ပိုက်ဆံကို လိုက်ရှာနေရတာ၊ ပိုက်ဆံရှိရာကို သွားနေရတာ၊ ကားနဲ့ရော, ရထားနဲ့ရော တောရွာများဆိုရင် လှည်းနဲ့ပါ ဖုံတလုံးလုံး အကုန်သွားရတာ၊ ဒီနည်းလည်း မဟုတ်သေးဘူးဆိုပြီး လိုင်းထပ်ပြောင်းခဲ့တယ်၊ အခု မင်းသိတဲ့အတိုင်းပဲ ဒီလိုင်းက အတော်မှန်တာကွ၊ ပိုက်ဆံက ငါရှိရာကို လာနေတာ၊ ကောင်လေး အချိန်ရှိသေးတယ် ပြောင်းခဲ့တော့"

စာရေးသူ ဓမ္မာစရိယအောင်၍ စာချဘုန်းကြီးဖြစ်ခါစ အသက် ၂၆-နှစ်အရွယ်လောက်မှာ ပေဒင်ယတြာ အစုံဟောပြောနေသည့် ဘုန်းကြီးတစ်ပါးက စာရေးသူကို ကြုံ, ကြုံသလို ပေဒင်နက္ခတ်လိုင်း ပြောင်းလာဖို့ ပြောကြားသော စကားလုံးများဖြစ်ပါသည်။

ထို့ပြင် ဆရာလိုနေသည့် စာချဆရာတော်တစ်ပါးကလည်း ပြောဖူးသည်၊ "ဦးဇင်းတို့ စာသင်တိုက်တော့ မသိဘူး၊ တပည့်တော်တို့ စာသင်တိုက်တော့ စာချဘုန်းကြီးတွေ အစစရှားပါးတယ်။ တပည့်တော်သာ တစ်ဘက်ကလည်း ဒီပေဒင်နက္ခလေးတတ်ထားလို့ အခြားဘုန်းကြီးတွေနဲ့စာရင် တော်သေးတယ်-လို့ ပြောရမှာပဲ"။

နောက်ပြီး ဓမ္မကထိကဆရာတော်တစ်ပါးက သူ-ငယ်တဲ့အရွယ်တုန်းက ကားမြန်မြန်စီးရတဲ့နည်းကတော့ အဟောအပြောလိုင်းကူးမှပဲ-လို့ စိတ်ကူးမိခဲ့ဖူးတဲ့အကြောင်း ပြောသွားတာကို ကြားရဖူးသည်။

နောက်တစ်ဖန် စာရေးသူ၏ ရဟန်းမိခင်များက စာရေးသူကို "အရှင်ဘုရား ဘယ်များကြွဦးမှာလဲ၊ ဘယ်မှ မကြွနဲ့တော့၊ ဒီမှာတင် ဒီလောက်ဘုန်းကြီးနေတာ ရဟန်းဘဝ ပြည့်စုံပြီ၊ တော်ပြီ ဘယ်နေရာမှ မကြွလေနဲ့"လို့ ပြောဖူးသည်။

အထက်ပါ စကားရပ်များသည် ကိုယ့်အမြင်, ကိုယ့်အတွေးနှင့် စာရေးသူအပေါ် စေတနာအမှန်ဖြင့် ပြောကြခြင်းသာ ဖြစ်သည်။ သို့သော် ထိုစကားရပ်များနှင့်ပတ်သက်ပြီး ခေါင်းထဲတွင် မေးခွန်းတွေတသီကြီး ပေါ်လာသည်။

- ✱ ရဟန်းဝဘာပန်းတိုင်ကား ဘုန်းကြီးရန်လား။
- ✱ ရဟန်းဘဝပန်းတိုင်ကား ကားစီးရန်လား။
- ✱ ရဟန်းဘဝပန်းတိုင်ကား ဟန်းဖုန်းကိုင်၍ လူမှုရေးတွေ ဆောင်ရွက်ရန်လား။
- ✱ ရဟန်းဘဝပန်းတိုင်ကား ထင်ပေါ်ကျော်စောရန်လား။
- ✱ ရဟန်းဘဝပန်းတိုင်ကား အများ၏အရိုအသေအလေးအစား ခံယူရန်လား။

ယနေ့ခေတ်ရဟန်းငယ်လေးများ စဉ်းစားရပေမည်။

မျက်မှောက်သိပ္ပံခေတ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြတ်ဗုဒ္ဓသာသနာတော်သည် သိပ္ပံ၏ ကောင်းကျိုး/ ဆိုးကျိုး နှစ်ခုစလုံးနှင့် ရင်ဆိုင်နေရပြီး ပျောက်ကွယ်သွားနိုင်လောက်အောင် အလူးအလဲ ခံနေရရှာပေသည်။

ယနေ့ခေတ် သိပ္ပံဘာသာရပ်သည် မြတ်ဗုဒ္ဓအဆုံးအမတော်များ အထူးအားဖြင့် အဘိဓမ္မာတရားတော်များအတွက် မှန်ကန်ကြောင်း ထောက်ခံပြောကြား အတည်ပြုပေးနေသည်။ အခြားတစ်ဘက်ကလည်း သာသနာကို ရေရှည်တည်တံ့အောင် လက်ဆင့်ကမ်း ပရိယတ္တိ, ပဋိပတ္တိများကို သင်ယူလေ့လာနေကြသော စာသင်သားငယ်လေး များအကြားမှာ နီဝရဏတရားများကို တိုးပွားစေသည့် ဖျော်ဖြေရေးနားကြပ်ကက်စက်လေးများလို့ခေါ်သည့် MP.3, MP.4 -များ တားမရလောက်အောင် ဝင်ရောက်ထိုးဖောက်နေရာယူနေကြပေသည်။

သို့ဖြင့် စာသင်သားငယ်လေးများသည် ဆရာသမားထံ သင်္ကန်းစတောင်းစဉ်က သုံးကြိမ်တိုင်တိုင် ဝန်ခံပြောကြားခဲ့သည့် "ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ"- ဟူသော မူလရည်ရွယ်ချက်ကို မေ့လာကြပေပြီ။

သူတို့လေးတွေသည် မူရင်းပန်းတိုင်ပျောက်ပြီး တလွဲပန်းတိုင်ကို အားကျလာကြပေသည်။ ခေတ်မီသည့် သိပ္ပံပစ္စည်းများ ကိုင်ဆောင်သည့် ဘုန်းကြီးများကို အားကျလာပေသည်။ နာမည်ကြီးဆရာတော်များကို အားကျလာပေသည်။ ဖြတ်လမ်းနည်းဖြင့် ဘုန်းကြီးချင်လာကြပေသည်။

ကားအကောင်းများစီး၍ ငွေရှင်လာဘ်ရှင်သော ဗေဒင်, နက္ခတ်ပညာရှင်ဘုန်းကြီး



များကို အားကျလာပေသည်။ စာသင်သားလူငယ်လေးများ၏ သန္တာန်မှာ ဘုန်းကြီးဘဝ၏ ပန်းတိုင်သည် တန်ခိုးကြီးရမည်၊ ဘုန်းကြီးရမည်၊ ကိုယ်ပိုင်ကျောင်းရှိရမည်၊ လာဘ်လာဘ ပေါများရမည်၊ နိုင်ငံခြားသွားနိုင်ရမည်၊ ကားစီးနိုင်ရမည်၊ တီဗွီဂြိုဟ်တုစလောင်း ရှိရမည်၊ ဤသည်တို့ကား လူငယ်စာသင်သားအများစုမှာ ကိန်းအောင်းနေသော ပန်းတိုင်များ ဖြစ်ကြသည်။

မျက်မှောက်လူငယ်များ ကျောင်းထိုင်ဘုန်းကြီးဖြစ်ပြီဆိုလျှင် ပထမဆုံးသော ရည်ရွယ်ချက်ကား တီဗွီစလောင်း ရှိဖို့ကြိုးစားကြသည်။ ထို့နောက် ကျောင်းကြီးကြီးဆောက်ကြသည်။ ပညာရေးအဆောက်အအုံထက် ကျောင်းအဆောက်အအုံကို ဦးစားပေးကြသည်။

ရပ်ရွာကလေးများ ဘာသာရေး အခြေခံရရှိလာရန် လူငယ်များ ဘာသာရေးထဲ စိတ်ဝင်စားလာရန် လူကြီးများ ရုပ်/နာမ်ကွဲပြား၍ တရားရှုမှတ်ပွားများတက်လာရန် မည်သို့ဆောင်ရွက်မည်၊ မည်သို့ စည်းရုံးမည်၊ မည်သို့ ဟောပြောမည်- တို့ကား ရှေ့ဆုံးက ပေါ်မလာသောကြောင့် ကျောင်းထိုင်ဘုန်းကြီးများ တကယ်လုပ်ရမည့် အလုပ်ရေးကိစ္စများသည် ကွယ်ပျောက်လုနီးနီး ရှိနေကြသည်။

စာသင်သားလူငယ်လေးများသည် ယနေ့ ထိပ်ဆုံးက အထက်တန်းကျကျ သာသနာပြုနေသူ အစစ်အမှန်ကို ကြည့်တတ်ကြရပေမည်။ သာသနာ့ ဘောင်ရောက်လာခြင်းကိုက အခြေခံအားဖြင့် ရောင့်ရဲဖို့၊ အလိုနည်းဖို့ ဖြစ်သည်။ ရောင့်ရဲခြင်း၊ အလိုနည်းရခြင်းသည် ဘုန်းကြီးရဟန်းများ၏ အမြဲတမ်းရှိနေရမည့် ဥစ္စာပစ္စည်းဖြစ်သည်။ ထို၏ ဆန့်ကျင်ဘက် မရောင့်ရဲနိုင်ခြင်း၊ အလိုကြီးခြင်းသည် ရဟန်းတို့နှင့် မပတ်သက်ရသော ပစ္စည်း ဖြစ်သည်။

ရောင့်ရဲခြင်း၊ အလိုနည်းခြင်းသည် ချမ်းသာခြင်း၏ အကြောင်း၊ ငြိမ်းချမ်းခြင်း၏ အကြောင်းဖြစ်သည်။ မရောင့်ရဲခြင်း၊ အလိုကြီးခြင်းသည် မချမ်းသာခြင်း၏ အကြောင်း၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်သည်။ သူတော်ကောင်းတို့သည် ငြိမ်းချမ်းရာလမ်းကြောင်းကိုသာ လျှောက်ကြသည်။ သူတော်ကောင်းများသည် ကိုယ်ကျင့်သီလ, သမာဓိ, ပညာကြောင့် ဖြစ်ပေါ်လာသော လာဘ်, ပူဇော်သက္ကာရ, ကျော်စောမှုတို့ အပေါ် မတပ်မက်, မသာယာတတ်ပေ၊ လောကတွင် လိုချင်မှုဖြင့် ရှာကြံ၍ ရလာသော ပစ္စည်းနှင့် မလိုချင်၍ မရှာကြံရဘဲ ရလာသောပစ္စည်း နှစ်ခု တန်ဖိုးချင်း ကွာဟသလို စင်ကြယ်ခြင်း, သုံးဆောင်ရာ၌ အကျိုးအာနိသင်ဖြစ်ထွန်းခြင်းလည်း ကွာဟပေသည်။ သူတော်ကောင်းများသည် ပစ္စည်းလေးပါးနှင့်ပတ်သက်၍ ပေါ့ပါးသောစိတ်ရှိ၏၊ လေးလံမှု ကင်းရှင်း၏၊ ကြောင့်ကြဗျာပါဒ နည်းပါး၏။ ဖြစ်လာအောင်, တိုးပွားလာအောင် မကြိုးစား၊ သူ့အလိုလိုဖြစ်ပေါ်လာသော ပစ္စည်းဥစ္စာ အပေါ်မှာလည်း မငြိကပ်မတွယ်တာ၊ အသုံးသာပြု၍ မစွဲလမ်း၊ ထို့ကြောင့် သူတော်ကောင်းများသည် ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ငြိမ်းချမ်းသော စိတ်ရှိ၏။ တည်ကြည်သောစိတ်ရှိ၏။ မျက်မှောက်တွင် ကိုယ့်သပိတ်ကိုယ်ပိုက်ပြီး ပရိယတ်ပဋိပတ်တို့ဘက်သာ ကြောင့်ကြစိုက်လုပ်ဆောင်နေကြသော ဘုန်းတော်ကြီးများလည်း ထင်ရှားရှိနေပါ၏။ ထိုဘုန်းတော်ကြီးများသည် သပိတ်ပိုက်၍ ဘုရားအမှူးရှိသော အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလန်, အရှင်မဟာကဿပအစရှိသော ရှေးအရိယာသူတော်ကောင်းများ လမ်းစဉ်ကိုသာ လျှောက်လှမ်းနေသောကြောင့် -

၁။ ပစ္စည်းလေးပါးပေါ်များရန်မလို၊

၂။ ဒကာ, ဒကာမပေါ်များရန်မလို၊

၃။ တပည့်၊ ဒကာ, ဒကာမများ၏ ရှိသေမှု၊ ပူဇော်မှုများအပေါ် ကြောင့်ကြစိုက်ရန် မလို၊

၄။ နာမည်ကြီးထင်ရှားရန်မလို၊

၅။ ဘဝသမိုင်းမှတ်တိုင်ထူစရာမလို၊

အားလုံးအပေါ် ရောင့်ရဲနိုင်မှု အလိုနည်းမှု အပြည့်ရှိသောကြောင့် ငြိမ်းချမ်းမှုအပြည့်ရကြလေသည်သာ။

ယနေ့ခေတ် စာသင်သားငယ်များသည် ထိုကဲ့သို့သော ဆရာသမားများကို အားကျရမည်၊ ကျေနပ်ရမည်။ ထိုပုဂ္ဂိုလ်ကြီးများသည်သာ ရဟန်းဘဝပန်းတိုင်အမှန်သို့ ရောက်နေကြသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် သာသနာ အစစ်အမှန်ပြုနေကြသူများ ဖြစ်ကြသည်။

သာသနာကို ဆက်ထိန်းသိမ်းမည့် စာသင်ပျိုရဟန်းငယ်တို့ ပန်းတိုင်အမှန်ကို စဉ်းစား အားကျနိုင်ကြပါစေ။

♦ ဥယျာဉ်မှူး (ရန်ကင်းတောင်ဆရာတော်)

# စေတနာဘက်ကို နည်းနည်းလှည့်ပါဦး

အုပ်စိုး(အညာမြေ)

တဏှာဆိုတာ
သေရာထိခံစားလို့ရပါတယ်
စေတနာဆိုတာ
မသေချာဘူးဆရာရေ။
(တပည့်ရေးဟု တပည့်ကို ပြောလိုရင်း
ဖြစ်သည်)
(စေတနာ )ရေလာတုန်းခံထားတာဟာ
အဆင်ပြေဆုံးပါပဲ ။
စေတနာ ရေမလာဘူးဆိုရင်တော့
ငွေမသပြာနဲ့ရင်းတောင်မှ
စေတနာ မဖက်ဘဲ
ငွေအသပြာမက်တဲ့
ပညာရေးပဲ ရမယ်နော်
ဒီတော့
တဏှာအတွက်နဲ့
အချိန်မကုန်စေဘဲ
စေတနာ ဘက်ကိုလဲ
နည်းနည်းလေးတော့
လှည့်ပါဦးကွယ် ။

အထက်ပါ ကဗျာစာသားများသည် စာရေးသူ၊ ဓမ္မာစရိယတန်းရောက်စနှစ်၌ စာချ ဘုန်းကြီးက စာဝါချရင်း ဆုံးမခဲ့သည့် ကဗျာလေး ဖြစ်ပါသည်။ သူပေးလိုက်သည့် စာများကိုမိမိတို့ စာသင်သားများက မကျက်၊ သင်ခဲ့ပြီးသော စာ များကိုလည်း မရတော့၍ ဆုံးမပြောဆိုခြင်းဖြစ် လေသည် ။

သောတုဇန နောင်တော်ညီတော် အပေါင်းတို့။ မိမိတို့သည် ဘဝါဘဝ အဆက် ဆက်က တဏှာအတွက် အတတ်တွေလည်း ယူခဲ့ကြဖူးပါပြီ။ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို လည်း ခံစားခဲ့ရဖူးပါပြီ။ အကယ်၍ ဒီဘဝ ဒီခန္ဓာနဲ့ တစ်မဂ်တစ်ဖိုလ်မရသေးဘဲ နောက် ဘဝကူးရဦးမယ်ဆိုရင်လည်း၊ နောက်ဘဝမှာ လည်း တဏှာအတွက်အတတ်တွေသင်၊ တဏှာတွေကိုလည်း ခံစားရပေလိမ့်ဦးမည် ။ တဏှာဆိုတာ ခန္ဓာကိုယ်ကြီးသေဆုံးချုပ်ငြိမ်းရာ အရဟတ္တဖိုလ်ဆိုက် အမြိုက်နိဗ္ဗာန်သို့ မရောက် မချင်း ခံစားလို့ရပါသည် ။

သောတုဇန အပေါင်းတို့အနေဖြင့် ယခု အခါမြတ်စွာဘုရားသာသနာနှင့် ကြုံကြိုက်ခိုက် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပရိယတ္တိဓမ္မတွေကို သင်ယူခွင့်ကြုံခိုက်-ကိလေသာကုန်ခန်းကြောင်း၊ ကိလေသာနည်းပါးကြောင်း ပရိယတ္တိဓမ္မတွေကို ပရိယတ္တိဝန်ဆောင်ဖြစ်တော်မူသော ဆရာစာချဘုန်းကြီးများက စေတနာပါပါနှင့် ပို့ချပေးခိုက်-စာသင်သားတို့သည် "ခြေသုတ်ပုဆိုး မြွေစွယ်ကြိုးသို့" ရိုရိုသေသေ လေးလေးစားစားဖြင့် ကြိုးစားအားထုတ်သင်ယူသင့်သည်။ စာချဆရာများသည် မိမိ၏တပည့်တပန်းများကို မိမိတတ်ထားသမျှအသိပညာ၊ အတတ်ပညာတွေကို အလုံးစုံတတ်မြောက်စေ လိုသည်။ မိမိ၏တပည့်များကို တတ်မြောက်ကျွမ်းကျင်စေလိုသော မေတ္တာ၊ စေတနာအား အလွန်ကြီးမားကြလေသည်။ စာပေသင်ကြားပို့ချလျှင် အားလုံးတတ်မြောက်စေလိုသည်။ တပည့်သားအားလုံး၏ အတတ်ပညာပြည့်ဝစုံလင်သည်ကိုသာ အမြဲမြင်လိုကြားလိုသောဆန္ဒရှိကြသည်။ စေတနာရှေ့ထားသင်ကြားပေးတော်မူကြလေသည်။ လောကမှာ လူတွေပြောရိုးစကားတစ်ခွန်း ရှိပါတယ်။ "စေတနာသည် လူတိုင်းနှင့်မတန်ပါ" ဟူသော စကားပုံတည်း။ ထိုစကားသည် အချို့လူတွေအတွက်မှန်လျှင်မှန်လိမ့်မည်။ စာချဘုန်းကြီးများအဖို့ လုံးဝမှန်ကန်သော အသုံးအနှုန်း စကားပုံတစ်ခုဖြစ်လိမ့်မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် စာချဆရာတော်များသည် မိမိတပည့်ကိုစာချရာ၌ "ဦးတိသ်တို့၊ ဦးတိက္ခတို့၊ ကိုရင်သုမနတို့ ကတော့ စာလည်းတော်တယ်, ကြိုးလည်း ကြိုးစားတယ်, ငါ့စကားလည်း နားထောင်တယ်၊ သူတို့ကတော့

ဆရာတို့သည် တစ်ခါတစ်ရံ၌
တပည့်တို့ကို
ဤရဟန်းငယ်တို့သည်
အရှက် မရှိကုန်၊
အကြောက်အလန့် မရှိကုန်၊
စာပေ ပရိယတ်ကို မသင်ကြားဘဲ
လှည့်လည်ကုန်၏၊
ထိုရဟန်းငယ်တို့ကို နှင်ထုတ်ကြ

ငါ့စေတနာနဲ့ထိုက်တန်တယ်။ သူတို့ကိုသာ ငါစာချပေးမယ်။ ဦးဒတ္တတို့, ကိုရင်ရေဝတတို့ ကတော့ စာလည်းမတော်ဘူး, ငါ့စကားလည်း နားမထောင်ဘူး။ သူတို့ကို ငါစာမချဘူး၊ ငါ့စေတနာနှင့်မတန်" ဟု နှလုံးသွင်း၍ စာမချပေ။ စာချဖို့တပည့်တွေ ရှေ့ရောက်ပြီဆိုတာနဲ့ မိမိမှာရှိတဲ့အတတ် ပညာ-အသိပညာတွေကို တပည့်သားအားလုံး အပေါ်၌ ပုံအပ်ပေးပြီးသား၊ တပည့်အားလုံး အပေါ်၌ စေတနာသည်လည်း တန်းတူညီမျှထား သောကြောင့်ဖြစ်လေသည်။ ဘယ်သူကတော့တတ်စေ၊ ဘယ်ဝါကတော့ မတတ်စေဟု ခွဲခြား၍ မသင်ပေးချေ။ မိုးရွာသည့်အခါ လှန်ထားသည့်အိုးနှင့် မှောက်ထားတဲ့အိုးကဲ့သို့ စာသင်သားနေဖြင့်လည်း စာချဆရာက စေတနာ သဒ္ဓါ တရား ထက်သန်စွာဖြင့် သင်ကြားပို့ချပေးခိုက် ကြိုးစားသင်ယူသူက တတ်မြောက်မည်။ ကြိုးစား မသင်ယူသူကတော့ တတ်မြောက်မည်မဟုတ်ပေ။ ဤသို့ တပည့်များ၏ သင်ယူမှုအပေါ် မူတည်ပြီး တော်/

မတော် ကွဲပြားသွားလေသည်။ ဆရာ့စေတနာက တန်းတူပင်ဖြစ်လေသည်။ တခါတရံဆရာများသည် စာချရင်း တပည့်တို့ကို အားမလိုအားမရဖြစ်သည့်အခါ ရိုက်မယ်၊ ဆိုမယ်၊ ဆဲမယ် ရှိတတ်လေသည်။ ထိုသို့ဖြစ်လျှင် တပည့်များသည် ဘုန်းကြီးက ဒေါသ အရမ်းကြီးတာပဲ စသဖြင့် ပြောတတ်ကြလေသည်။ အမှန်တော့ ဒေါသကြီးခြင်းမဟုတ် စေတနာအားကြီးခြင်း ဖြစ်လေသည်။ မိမိပို့ချသော ဘာသာရပ်အတွက် ပြဋ္ဌာန်းစာကျက်ဖို့ ပေးလိုက်သည့်စာကို တပည့်များက မရ၍ စိတ်ကသိကအောက် ဖြစ်ခြင်းဖြစ်လေသည်။ မှန်ပေသည်- စာသင်သားတို့အနေဖြင့် ဘာသာရပ်တခုကို သင်ယူတော့မည်ဆိုလျှင် ထိုဘာသာရပ်အတွက် ပြဋ္ဌာန်းတဲ့စာတွေကိုရနေမှ ဆရာကသင်ကြားသည့်အခါ လွယ်ကူစွာ နားလည်၊ တတ်မြောက်မည်ဖြစ်လေသည်။ ဥပမာ - သဒ္ဒါရုပ်တွက်ရာ၌ ပုရိသောကို ပုရိသ-တည် သိဝိဘတ်သက်၊ သိဝိဘတ်ကိုသြပြု၊ သ-ခွင်း၊ ချေ, ကပ် ပုရိသောပြီး၏-ဟုဆိုရာ၌ သိဝိဘတ်သက်တဲ့သုတ်၊ သိဝိဘတ်ကို သြပြု သောသုတ်-ခွင်းသောသုတ်၊ ချေ သောသုတ်၊ ကပ်သောသုတ် ဤသုတ်တွေရဲ့ သုတ်နက်ဆိုရင်း အဓိပ္ပါယ်ကိုမှ မရလျှင်မည်သို့မျှ နားလည်မည် မဟုတ်ပေ ။ ယမိုက် ပဋ္ဌာန်းတို့၌လည်း ထိုနည်းတူ ဝါရတစ်ခုကို ချတော့မည်ဆိုလျှင် ထိုဝါရ၏ ဝိဘင်း, အရကောက်, ဆိုရိုးကို ရထားမှသာလျှင် ဆရာပြောသည့်အခါ နားလည်မည် ဖြစ်သည်။ ထိုသို့ ဆရာများသည် မိမိပို့ချသည့် ဘာသာရပ်ကို တပည့်များအား နားလည်စေချင်သော စေတနာအားကြီးသော ကြောင့် မိမိပေးလိုက်သော စာမရသည့်အခါ ဆိုခြင်း , ဆဲခြင်း, ရိုက်မိခြင်းကို ဒေါသကြီးသည်ဟု မဆိုသင့်ချေ။ အဘယ်ကြောင့်ဆိုသော် အရှင်မဟာဗုဒ္ဓဃောသအရှင်မြတ်က အဋ္ဌသာလိနီ အဋ္ဌကထာ (နှာ- ၁၄၃) ၌ဖရုသဝါစာ အဖွင့်ဝယ် "ဆရာတို့သည် တစ်ခါတစ်ရံ၌ တပည့်တို့ကို-ဤရဟန်းငယ်တို့သည် အရှက်မရှိကုန်၊ အကြောက်အလန့် မရှိကုန်၊ စာပေပရိယတ်ကို မသင်ကြားဘဲ လှည့်လည်ကုန်၏၊ ထိုရဟန်းငယ်တို့ကို နှင်ထုတ်ကြ" ဟုပြောဆိုသော်လည်း ဆရာတို့၏စိတ်၌ ထိုတပည့်ရဟန်းတို့၏ ပရိယတ် ပဋိပတ်နှင့် ပြည့်စုံစေလိုသော နူးညံ့သော စိတ်စေတနာရှိသည့်အတွက် ဖရုသဝါစာ မဖြစ်ဟုဆိုသည်။ ထိုသို့ စိတ်စေတနာနူးညံ့သည့်အတွက် ဖရုသဝါစာ မဖြစ်ဟုဆိုလျှင် ဒေါသဟုလည်းမဆိုထိုက်ပါ။ အဘယ်ကြောင့်ဆိုသော် " ပါဏာဗျာပါ ဖရုသာ ဖြစ်လာဒေါသကြောင့် " ဟူသောနိယံအတိုင်း ဖရုသဝါစာသည် ဒေါသကြောင့် ဖြစ်ရချေ၏။ ထိုသို့ စိတ်စေတနာနူးညံ့သဖြင့် ဆိုဆဲပြောဆို၍ ဆရာတို့အားဖရုသဝါစာမဖြစ်လျှင် ဒေါသလည်း ဆရာတို့သန္တာန်မှာ ဖြစ်မည်မဟုတ်ချေ။ မိမိက တတ်စေချင် ရစေချင်လို့ကျက်ခိုင်းတဲ့စာကို မကျက်ဘဲ တပည့်တွေကမိမိရဲ့စေတနာကို ဥပေက္ခာပြုတဲ့အခါ ခံစားရတဲ့ဆရာ့ခံစားချက်ကိုနားမလည်းဘူးဆိုရင် စာသင်သားတို့ အနေဖြင့် မိမိကိုယ်တိုင် တစ်ဦးတစ်ယောက်အပေါ်မှာ စေတနာထားပြီး သင်ပေးကြည့်ပါ ။ ကိစ္စတစ်ခုခုကိုစေတနာအပြည့်ဝထားပြီး ဆောင်ရွက်ပေးကြည့်ပါ။ မိမိစေတနာထားဆောင်ရွက်ပေးသူက မိမိရဲ့စေတနာတွေကို ဥပေက္ခာပြုသွားတဲ့အခါ အဲဒီခံစားချက်ကို စာသင်သားတို့နားလည်လာပါလိမ့်မယ်။ ဤကြီးမားလှသည့် ဆရာ့ စေတနာတွေကို ငဲ့သောအားဖြင့် စာသင်

သားတို့သည် ကျောင်းဖွင့်ချိန်မှစ၍ စာမေးပွဲမဖြေခင် စာသင်ချိန်ကာလအတွင်း ဆရာများက အားကြိုးမာန်တက် စေတနာပါပါနှင့် သင်ပေးခိုက် မိမိတို့အနေဖြင့် ကြိုးကြိုးစားစားသင်ယူသင့်သည်။ ကျောင်းပိတ်ချိန်ရောက်မှ , ဆရာမရှိတော့တဲ့အချိန်ရောက်မှ ဆရာဆီမှာ စာတွေသင်ချင်ပါတယ်ဆိုလည်း သင်ယူခွင့်ရတော့မည်မဟုတ်ပေ။ ဒါကြောင့် စေတနာ ရေလာတုန်း ခံထားတာဟာ အဆင်ပြေဆုံးပါပဲ ။ " စေတနာရေမလာဘူးဆိုရင်တော့ ၊ ငွေအသပြာနဲ့ ရင်းတောင်မှ စေတနာမဖက်တဲ့ ငွေအသပြာ မက်တဲ့ ပညာရေးပဲရမယ်နော် " ဤစာပိုက်လေးကို အနည်းငယ်ချဲ့ရေးပြပါဦးမည် ၊ ဥပမာ-မိမိတို့အနေဖြင့် အင်္ဂလိပ်စကားပြောသင်တန်းတက်မယ်ဆိုပါစို့ -သင်တန်းကြေးငွေက သုံးလငါးထောင်အပြတ် အင်္ဂလိပ်စကားပြော အတတ်ဆိုရင် ထိုသင်တန်းက မိမိတို့ကို သုံးလအတွင်း ငါးထောင်နဲ့တန်တဲ့ အင်္ဂလိပ်စကားပြောကိုပဲ တတ် အောင်သင်ပေးပါလိမ့်မည် ။ အင်္ဂလိပ်သဒ္ဒါကို တတ်အောင်သင်ပေးလိမ့်မည် မဟုတ်။ အင်္ဂလိပ်သဒ္ဒါတတ်ချင်လျှင် တခြားအင်္ဂလိပ်သဒ္ဒါသင်တန်းကို အခကြေးငွေပေးတတ်ရပါလိမ့်မည်။ အဲဒါငွေနဲ့ရင်းမှရတဲ့ စေတနာမဖက်တဲ့ ငွေ အသပြာမက်တဲ့ ပညာရေးပါ။ စာချဆရာတော်များက ဤသို့ မဟုတ်ချေ၊ အနယ်နယ်အရပ်ရပ်ကလာပြီး ပညာသင်ယူကြတဲ့ စာသင်သားတွေ ဆီမှ အခကြေးငွေမယူ လစာမယူဘဲ သင်ပေးလေသည်။ ဆရာများသည် စေတနာအရလည်းကောင်း, ဝါသနာအရလည်းကောင်း, တပည့်များအပေါ် အနစ်နာခံကာ, ကရုဏာကြီးမားစွာဖြင့် စာပေကို ပို့ချပေးလေသည်။ ဤသို့ပို့ချပေးသည့် စာချဆရာများသည် စေတနာ, ဝါသနာ အနစ်နာ , ကရုဏာဟူသော " နာ " ပေါင်းများစွာသော ဂုဏ်တို့အပြင် " အသံနာ" ခြင်းဟူသော ဂုဏ်ကိုပါ ပိုင်ဆိုင်ရလေတော့သည် ။ မှန်ပေသည် -ဆရာတို့သည် တပည့်များ နားလည်စေဖို့ , ရွတ်နိုင်ဖို့ ,ဆိုနိုင်ဖို့ မိမိကရှေးဦးစွာ အသံနာအောင်ရွတ်ပြ ဆိုပြကြလေသည်။ ကြာလျှင် အသံကုန်တဲ့ ရောဂါတောင်ဖြစ်မှာ စိုးရိမ်မိတော့သည်။ ဤသို့ကြီးမားလှတဲ့ဆရာ့စေတနာမေတ္တာတွေ ကို စာသင်သားတို့သည် ပြန်ပြီး ငဲ့ကြည့်ဖို့ သင့်ပါသည်။

ထိုကြောင့်စာသင်သားတို့သည်

**နံနက်နှင့်ညနေခင်း၊**

**ပျင်းတယ်လို့စာမအံ၊**

**နေ့လယ်မှာဗိုက်တော်တင်းတယ်၊**

**စဉ်းလို့အိပ်ပြန်၊**

**ညဦးနှင့်သန်းခေါင်ယံ ၊**

**စာအံသံမကြား၊**

**နံနက်တိုင်း သပိတ်ကိုင်တောင်းတယ် ၊**

**ကောင်းနိုင်ရဲ့လား။**

ဆိုတဲ့ရှေးဆရာတို့ ရေးစပ်ခဲ့တဲ့ကဗျာထဲကလိုမဖြစ်ရအောင် အအိပ်၊ အစား၊ အပျော်အပါးတွေနဲ့ အချိန်မကုန်စေဘဲ ကြီးမားတဲ့ ဆရာစေတနာဘက်ကို ငဲ့ရင်း လှည့်ကြည့်ရင်း " ဆရာကောင်းတပည့် ပန်းကောင်း ပန်နိုင်အောင် ကြိုးစားကြပါစို့" လို့ တိုက်တွန်းလျက် နိဂုံးချုပ်အပ်ပါသည်။

*(တပည့်သည် ဆရာသမားတို့၏စေတနာကို ဥပေက္ခာပြုမိသည့်အခါများရှိခဲ့ပါ၏။ ထိုအပြစ်များအား ဝန်ချတောင်းပန်ရင်း ဆရာသမားတို့အား ဤဆောင်းပါးဖြင့်ပူဇော်အပ်ပါသည်။)*

♦ အုပ်စိုး(အညာမြေ)



# ဘဝသရုပ်ဖော်

● ဘဝ • • • တဲ့
နှစ်လုံးထဲဆိုပေမယ့် ဘောင်းဘီက ခပ်ကြပ်ကြပ်ရယ်။
လောဘဒေါသ မောဟတွေနဲ့
တဖျစ်ဖျစ် တောက်လောင်နေခဲ့တယ်။
မစွမ်းပေမဲ့ စွမ်းနေတဲ့လူတွေ
စွမ်းပေမဲ့ မစွမ်းတဲ့လူတွေ
ကမ္ဘာကြီးဟာ ဆိုနေကျသီချင်းကို ငြီးလို့။
● ရေခန်းငါးလေးတွေရဲ့ အဖြစ်သနစ်ကို
နေမင်းကြီး မသိလေရော့သလား
အရှေ့မှ အနောက် • • • အနောက်မှ အရှေ့ • • •
ထုံးစံအတိုင်း လမ်းသလားလို့။
● ရွာကြီးတစ်ရွာဖြစ်သွားရာတဲ့ ကမ္ဘာကြီးရေ
တိုးတက်လာတာလား
တိုးတက်လာတာလား
ဒဏ်ရာတွေတဒင်းကြမ်းနေတဲ့ မြေပြင်
မာယာတွေတိမ်တောက်နေတဲ့ ကောင်းကင်
ဒုက္ခတွေတောထနေတဲ့ မြစ်တစ်စင်း
ဆင်းရဲခြင်းဟာ  အနာသိပေမယ့် ဆေးမရှိတဲ့ရောဂါ
လွတ်လပ်ခြင်းဟာ ဝါးလုံးခေါင်းထဲက လမင်း
ချမ်းသာခြင်းတွေ လက်ညှိုးညွှန်ရာဟာ အမုန်တရား
အသက်ငယ်နေတုန်း တရားခွေဖွင့်ပြရုံနဲ့
ဒီသံသရာက လွတ်မြောက်နိုင်ပါ့မလား
သေရင် ပြီးပြီဆိုတာ မပြီးသေးဘူး။
● ဘဝ • • • တဲ့
နှစ်လုံးထဲဆိုပေမယ့် ဘောင်းဘီက ခပ်ကြပ်ကြပ်ရယ်။ ။

မိုးဟိန်းထက်

# 2008 SEPTEMBER 24

ရွှေဘိုခင်ခင်ကြီး





ဒီနေ့ည ဖေ့ဖေ့ကို လေယာဉ်ကွင်းသွားကြိုရမည်။ ဖေဖေ ပြင်ဦးလွင်သို့ ကုမ္ပဏီကိစ္စဖြင့်သွားတာ (၃)ရက်ရှိပြီ။ ဖေဖေက ဌာနဆိုင်ရာမှ အငြိမ်းစားယူပြီးသော်လည်း ကျန်းမာရေးကောင်းသောကြောင့် ကုမ္ပဏီ(၃)ခုတွင် အကြံပေးအရာရှိအဖြစ်နှင့်လည်းကောင်း အစိုးရဌာနကြီးတစ်ခုတွင်လည်း အကြံပေး အရာရှိအဖြစ် နှင့်လည်းကောင်း တိုင်းပြည်တာဝန်များကို ဆက်လက်ထမ်းဆောင်နေဆဲဖြစ်သည်။ မနက်ဖြန် ကျွန်မ၏သမီးကြီး (ဖေ့ဖေ့မြေး အကြီး)ကို ရန်ကုန်ဆေးရုံကြီးတွင် MRI ရိုက်ရန်ရှိ၍ အမှီ ပြန်လာရန် ဖေဖေစီစဉ်ခဲ့ခြင်းဖြစ်သည်။

ဒါကြောင့် ဒီနေညနေ လေယာဉ်ဖြင့် ပြန်လာမည်ဖြစ်ကြောင်းကို နံနက်စောစောကပင် ကျွန်မထံ ဖုန်းဆက်ပြောပြီး လာကြိုရန် မှာသည်။ကျွန်မသမီး အငယ်ကို (၅)နာရီတွင် ကျောင်းကြိုရမည်ဖြစ်ပြီး (၆)နာရီလောက်မှာ ဖေ့ဖေ့ကို သွားကြိုရမည် ဖြစ်၍ ရေချိုးရန် ရေချိုးခန်းအတွင်းသို့ ဝင်လိုက်သည်။

ရေချိုးခန်းမှအထွက် ဖုန်းမြည်သံကြားလိုက်သည်။ ကေန္တ ဖေဖေ မန္တလေးလေဆိပ်မှ လေယာဉ်ပေါ် တက်ခါနီး ထပ်ဆက်တာဘဲ ဖြစ်မည် အထင်နှင့် ဖုန်းကိုကောက်ကိုင်လိုက်ရာ

"အစ်မ ကျွန်တော် အောင်ကျော်ဦးပါ"တဲ့

ကိုအောင်ကျော်ဦးဆိုတာ ဖေဖေတို့ကုမ္ပဏီက GM တစ်ဦးပါ။ တစ်ရုံးလုံးက သူ့ကို "အဘ"ဟု နောက်ပြောင်ခေါ်ကြသည်။

"ဩ်. . . အဘလား၊ ပြောပါ

ဘာလဲ. . . ဖေဖေက ကျွန်မဆီဖုန်းဆက်မရလို့ အဘကို ခိုင်းတာလား"

" မဟုတ်ဘူး အစ်မ မနှင်းက ဆက်ခိုင်းလို့ပါ၊ ဆရာကြီးပြင်ဦးလွင်က အဆင်းမှာ ကားအက်ဆီးဒင့်ဖြစ်လို့ ပြင်ဦးလွင် ဆေးရုံမှာ ရောက်နေတယ်လို့ Dr. ခင်ထွေးမော်ရဲ့ ခင်ပွန်းကိုအောင်သူရဦးဆီက ဖုန်းလာတယ်၊ စိတ်တော့မပူပါနဲ့ ခေါင်းနဲနဲတော့ထိသွားတယ်။ အခုခွဲခန်းထဲမှာခေါင်းကို ချုပ်နေပြီတဲ့။ ဆရာကြီးက သတိလုံးဝမလစ်ဘူးတဲ့။ မခင်ထွေးမော်ကိုလည်း အိမ်ကို အကြောင်းမကြားဘို့ မှာတယ်တဲ့။ ကျနော်တို့က အကြောင်းကြားသင့်တယ် ထင်လို့ပြောတာပါ"

ကျွန်မခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုဖြစ်သွားတယ် သွေးထွက်သံယိုဖြစ်နေတဲ့ ဖေ့ဖေ့ကို ဆွေမရှိ မျိုးမရှိ နေရာမျိုးမှာ ဘယ်သူက ဂရုစိုက်ပြီး လုပ်ပေးမှာလဲ ငါဒီနေ့ည ကားနဲ့ လိုက်သွားရင်တောင် မနက်ဖြန် နေ့ခင်းလောက်မှရောက်မှာ။ ဒီကြားထဲ ဘယ်သူစောင့်ရှောက်မှာလဲ စသည်ဖြင့် အတွေးပေါင်းမြောက်မြားစွာနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ကြောင်နေမိတယ်။

ပထမဆုံးသတိရလိုက်တာက အကိုလိုတစ်မျိုး၊ ခင်ပွန်းသည်လိုတစ်မျိုး အားကိုးရတဲ့ ကျမရဲ့ခင်ပွန်းသည်ပါ။ ကျွန်မရဲ့ခင်ပွန်းက သင်္ဘောသားတစ်ယောက်ဖြစ်ပြီး သင်္ဘောပေါ်က ဆင်းလာတာ မကြာသေးဘူး အခု 2nd Mate စာမေးပွဲဖြေဖို့ ကျောင်းတက်နေတာ။ ကျောင်းက ညနေ(၅)နာရီမှ ဆင်းမှာ။ နာရီကိုကြည့်လိုက်တော့ (၄း၀၅)နာရီရှိနေပြီ။ ချက်ချင်းဖုန်းခေါ်ပြီး

"ကိုကိုရေ ဖေဖေ ကားအက်ဆီးဒင့်ဖြစ်လို့ ပြင်ဦးလွင်ဆေးရုံပေါ် ရောက်နေတယ် အဲဒါ ဒီနေ့ညနေ (၅)နာရီထွက်မဲ့ ကားနဲ့ ညီမလေးလိုက်သွားမယ်" လို့ ပြောတော့ ခင်ပွန်းသည်က စဉ်းစားပြီး

"ညီမလေးက မနက်ဖြန်သမီးကြီးကို MRI သွားရိုက်ရဦးမှာလေ။ ပြီးတော့အိမ်မှာက အသက်(၉၀)ကျော် ကြီးဒေါ်ကြီး (၂)ယောက်ကလည်းရှိသေးတယ်။ ညီမလေးလိုက်လို့ မဖြစ်ဘူး။ ကိုကို လိုက်သွားမယ်။ ကိုကို့ အတွက် ဝတ်စုံ(၂)စုံလောက် ထည့်ပြီး အခုလာခေါ်၊ ပြီးရင်ကားဂိတ်ကိုတန်းသွားမယ်၊ ညီမလေးက ကားဂိတ်ကို ဖုန်းဆက်ပြီး လက်မှတ်စီစဉ်လိုက်"

ဒါနဲ့ကျွန်မလည်း ကပျာကယာ အဝတ်အစားလဲပြီး ခင်ပွန်းသည်အတွက် အဝတ်(၂)စုံကို ခရီးဆောင်အိတ်အသေးလေး တစ်လုံးထဲ ထည့်ပြီး သူ့ကျောင်းရှိရာ စမ်းချောင်းသို့

ဒုန်းစိုင်းပြီးမောင်းသွားခဲ့တယ်။ ကျွန်မတို့နေတာက စော်ဘွားကြီးကုန်းဆိုတော့ မြန်မြန်မောင်းမှပဲ။ ကားမောင်းရင်းအဘဆီ ဖုန်းဆက်ပြီး ကားလက်မှတ် စိစဉ်ပေးဖို့ လှမ်းပြောရသေးတယ်။

ခင်ပွန်းသည်ကို ကားဂိတ်ကို လိုက်ပို့နေစဉ် ကားပေါ်မှာ ဖေဖေ့ရဲ့ အစ်ကိုအရင်းမန္တလေးမှာရှိတဲ့ "ဘဘသန်း"ဆီကို ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောတော့ ဘဘသန်းက--

"မောင်ဘုန်းလိုက်မယ်ဆိုရင် မနက်ဖြန်ကားဂိတ်မှာ ဘဘ လာကြိုနေမယ်။ ပြီးမှဘဘရဲ့ကားနဲ့ ပြင်ဦးလွင်ကို သွားကြတာပေါ့။

ညကျတော့ ဘဘသန်းဆီက ဖုန်းလာတယ်။ လူနာအခြေအနေသိဖို့အတွက် ပြင်ဦးလွင်မှာ ရှိတဲ့ ရေနံမိသားစုများထံ ဖုန်းဆက်ပြီး သွားကြည့်ခိုင်းပြီး လိုအပ်တာကူညီပေးဖို့မှာထားတယ်တဲ့။ ကုမ္ပဏီက M.D ကိုပြည့်ဖြိုးအောင်(ကိုဖြိုး)ကလည်း မန္တလေးရုံးခွဲက G.M ကိုခင်ဇော်ဦးကို ချက်ချင်းလိုက်ခိုင်းလိုက်လို့ လိုက်သွားပြီလို့ သိရတယ်။

ကံကောင်းတာတစ်ခုက ပြင်ဦးလွင်မှာ ဖေဖေ့ရဲ့ သမီးလို ဖြစ်နေတဲ့ သားတပည့် Dr. ခင်ထွေးမော်တို့ ဇနီးမောင်နှံက ဆေးရုံမှာ အချိန်ပြည့် ပြုစုပေးနေတယ်ဆိုတာ သိလိုက်ရလို့ တော်တော်စိတ်အေးသွားရတယ်။ မခင်ထွေးမော်-ဆီ ဖုန်းဆက်လိုက်တော့

"ဆရာကြီးခေါင်းက ဒဏ်ရာကို ချုပ်ပြီးသွားပါပြီ။ ထုံဆေးက မန္တလေးအထိ ဆင်းဝယ်ရမှာမို့ ဆရာကြီးက သူ့ခေါင်းက သွေးတွေအရမ်းထွက်နေလို့ ထုံဆေးသွားဝယ်နေရင် သွေးထွက်လွန်သွားမှာ စိုးလို့ ဒီအတိုင်းဘဲချုပ်ပေးပါဆိုလို့ ခေါင်းကို ရေခဲလောင်းပြီး ချုပ်လိုက်ရတယ်။ ပြီးတော့ဆရာကြီးက အစ်မကို အလုပ်ကိစ္စ မပြီးသေးလို့ ပြင်ဦးလွင်မှာ နှစ်ရက် သုံးရက် ကြာဦးမယ်လို့ဘဲ ပြောခိုင်းတာ။ ဒါပေမယ့် ခေါင်းကိုထိသွားတာဆိုတော့ ကျွန်မတို့ အကြောင်းမကြားဘဲ မနေရဲလို့ မနှင်းဆီကို ဖုန်းဆက်ပြီး အစ်မကိုတော့ မနှင်းတို့ပဲ ကြည့်ပြောလိုက်ပါဆိုပြီး ဆက်လိုက်ရတာပါ"

ဩော်. . . မိဘမေတ္တာများ ကြီးမားလှပါဘိ။ သေမင်းနဲ့ စစ်ခင်းနေတဲ့ အချိန်မှာတောင် သမီးဖြစ်သူကို သောက မပေးချင်တဲ့ ဖေဖေပါ။ ဘာပဲဖြစ်ဖြစ် ဖေဖေက ဘာသာရေးကိုင်းရှိုင်းလွန်းသူမို့ ဒုက္ခမရောက်နိုင်ဘူး ဆိုတာ ကျွန်မ အကြွင်းမဲ့ ယုံပါတယ်။

အဲ့ဒီနေ့ညတစ်ညလုံး ကျွန်မတို့သားအမိ (၃)ယောက်လုံး လုံးဝအိပ်မပျော်ကြဘူး။ ကျွန်မသမီးအကြီးက တင်ပါးဆုံရိုင့်မှာ အရည်အိတ်တည်နေလို့ မထိုင်နိုင်ဘူး။ အိပ်ယာထဲမှာပဲလှဲနေရတယ်။ သူကလည်းသူ့အဘိုးသတင်း ကြားကတည်းက တရှုံ့ရှုံ့ငိုနေတော့တာဘဲ။ သူကမွေးကတည်းက အဘိုးအဘွားလက်ထဲမှာပဲ အချိန်ပြည့် နေခဲ့ရသူလေ။ ကျွန်မသမီးအငယ်ကလည်း ကျောင်းကပြန်လာပြီး ညနေစာမစားနိုင်တော့ဘူး။ သူက အဘိုးရဲ့ အသည်းကျော်ပါ။

မနက်လင်းတော့ ကျွန်မခင်ပွန်းဆီက ဖုန်းလာပါတယ်။ သူ့ကိုမန္တလေးကားဂိတ်မှာ ဘဘသန်း စောင့်ခေါ်သွားပြီး ပြင်ဦးလွင်ကို တက်သွားကြပြီတဲ့။ ကျွန်မဆီကို နာရီဝက်တစ်ကြိမ် ဖုန်းဆက်ရန် မှာလိုက်ရသေးတယ်။ ကျွန်မခင်ပွန်း ပြင်ဦးလွင်ကိုရောက်တော့မှ ကျွန်မအဖေရဲ့ အခြေအနေအမှန်ကို သိလိုက်ရတော့တယ်။ ညာဖက်နဖူးက ကွဲရှတင်မကဘူး ပွင့်ထွက်သွားတာတဲ့၊ မျက်နှာကြီးတစ်ခုလုံးလည်း ဖူးယောင်ကိုင်းပြီး ပါးစပ်ကောင်းကောင်း

မဟုနိုင်လို့ အရည်ဘဲ တိုက်နေရတာတဲ့။ ညာဘက်ခြေထောက်လည်း ကျိုးသွားလို့ ကျောက်ပတ်တီး ကိုင်ထားရတယ်တဲ့။ ဘယ်ဘက်လက်ကလည်း လှုံးဝမလှုပ်နိုင်ဘူးတဲ့။

ဒါတွေကိုသိလိုက်ရတော့ ကျွန်မ ဘယ်လိုမှ စိတ်မချနိုင်တော့ပါဘူး။ ခေါင်းက ဘယ်အတိုင်းအတာထိ ထိခိုက်သွားလဲဆိုတာ ပြင်ဦးလွင် မှာ CT.Scan မရှိတော့ ဘယ်လိုမှ မသိနိုင်ပါ ဘူး။ နောက်ပြီးဆွေမျိုးသားချင်း လုံးဝမရှိတဲ့ အရပ်ဒေသမှာ ဆေးရုံတက်ဖို့ဆိုတာ လုံးဝ မလွယ်တဲ့ ကိစ္စလေ။

ဒါကြောင့် "ဘဘသန်း ဖေဖေ့ကို ဖြစ်တဲ့နည်းနဲ့ ရန်ကုန်ကို ပြန်ပို့ပေးပါ။ လေယာဉ်နဲ့ခေါ်လို့ရရင်ရ ၊မရရင် လူနာတင်ယာဉ်ငှားပြီး ချက်ချင်းခေါ်လာပေးပါ။ ဖေဖေ့ရဲ့အခြေအနေဆိုးဆိုးကောင်းကောင်း သမီးရဲ့ မျက်စိရှေ့ မှာဘဲ ဆေးကုချင်ပါတယ်။ ဖြစ်အောင်စီစဉ်ပေးပါ"။

"အေး . . ဘဘဘလဲ ညီညီ့ကို မြင်လိုက်ရတော့ အနီးဆုံး မန္တလေးအထိ ခေါ်သွားပြီး CT.Scan ဆွဲဖို့ စဉ်းစားထားတယ်။ ဒါပေမဲ့ ပြန်ခေါ်လာမဲ့ အတူတူတော့ သမီးဆီဘဲ ပြန်ခေါ်လာမှာပါ"

ကုမ္ပဏီက M.D ကိုဖြိုးကလည်း "ဆရာကြီးကို ရန်ကုန်ကို ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံး ပြန်ခေါ်လာပါ"လို့ ကိုခင်ဇော်ဦးကို လှမ်းပြီး အမိန့်ပေးထားတယ်လို့ သိရတယ်။ ကိုခင်ဇော်ဦးကလည်း ဆေးရုံရွှေ့ဖို့အတွက် အစွမ်းကုန် လုပ်ပေးပါတယ်။ ဘက်ပေါင်းစုံကနေ ဆေးရုံရွှေ့ခွင့်ရဖို့အတွက် ကြိုးပမ်းကြတာ တစ်နေ့နဲ့ နေ့တစ်ဝက်ကြာသွားတယ်။ Sept(၁၆) ရက်နေ့ နေ့လည်(၁၂)နာရီကျမှ ရွှေ့ခွင့် ရခဲ့တယ်။ အဲဒီနေ့ညနေ လေယာဉ်က (၄း၁၅)မှာ ထွက်မှာ ဆိုတော့ လက်မှတ်ရဖို့မလွယ်တော့ပါ။ ဒါပေမယ့် ဖေဖေက နေရာတိုင်းမှာ တပည့်သား မြေး တွေရှိနေလေတော့ မန္တလေးက ဆေးကုမ္ပဏီ တစ်ခုမှာရှိနေတဲ့ Dr.အောင်နိုင်သန်းကလည်း ဖေဖေ့သတင်းကြားလို့ ပြင်ဦးလွင်ကို လိုက်လာတော့ သူ့အကူအညီနဲ့ အဲဒီနေ့ ညနေလေယဉ်နဲ့ ဖေဖေ့အတွက်ထိုင်ခုံ (၂) ခုံ၊ ကျွန်မခင်ပွန်း အတွက် (၁)ခုံ ချက်ချင်းစီစဉ် ပေးပြီး လူနာတင်ယာဉ်ကို လေယာဉ်အဝထိ မောင်းခွင့်ရအောင်အထိ ကူညီပေးခဲ့တယ်။

ကိုဖြိုးကလည်း ရန်ကုန်လေဆိပ်မှာ လူနာတင်ယာဉ်ကို လေယာဉ်နားအထိ မောင်းခွင့်ရအောင်ကြိုးစားထားပေးလို့ အဘနဲ့ လူနာတင်ယာဉ်က လေဆိပ်မှာ ရောက်နှင့်နေပါပြီ။

" အစ်မ ကျွန်တော် ကိုအောင်ကျော်ဦးကို ဆရာကြီးကိစ္စတွေအားလုံး အသေးစိတ်စီစဉ်ပေးဖို့မှာထားပါတယ်။ လိုအပ်တာမှန်သမျှ ကိုအောင်ကျော်ဦး အားလုံးလုပ်ပေးပါလိမ့်မယ်။ ဆရာကြီးကို ဘယ်ဆေးရုံ တင်ချင်လဲ၊ ဘယ်ဆရာဝန်တွေနဲ့ပြချင်လဲ ကျွန်တော်အားလုံးစီစဉ်ပေးမယ် "

" ကျွန်မတော့ ထူပူနေပြီ၊ဘယ်ဆေးရုံ ဘယ်ဆရာဝန်ကောင်းတယ်ဆိုတာလဲ မသိပါဘူးရှင်၊ ကိုဖြိုး ကောင်းသလိုသာ စီစဉ်ပေးပါတော့၊ ကျွန်မကတော့ ဖေဖေ့အတွက် အားလုံးကို အကောင်းဆုံးဖြစ်အောင်ပဲ လုပ်ပေးချင်ပါတယ် "

ကျွန်မမှာ အဖေတစ်ခု သမီးတစ်ခုဘဝ မို့အားကိုးစရာ မောင်နှမလည်းမရှိတော့ အခုလို ကိစ္စကြီးငယ် ဖြစ်လာချိန်မှာအရပ်ကူပါ လူ ဝိုင်းပါပေ့ါ။ အဲဒီနေ့ညနေ(၆း၀၀)နာရီလောက်မှာ အဘတို့ ရုံးအဖွဲ့နဲ့အတူ လူနာတင်ယာဉ်ခေါ်ပြီး

လေယာဉ်ကွင်းမှာ အဆင်သင့် စောင့်နေကြတယ်။ လေယာဉ်ဆိုက်ပြီး ခရီးသည်အားလုံး ကုန်ပြီဆိုမှ ဖေဖေ့ကိုထမ်းစင်နှင့် ချလာခဲ့တယ်။

အို . ဖေဖေရယ် မမြင်ရက်စရာပါလား။ ညာဘက်နဖူး၊ မျက်စိ၊ ပါးတခြမ်းလုံးပတ်တီး အဖွေးသားနဲ့ မျက်နှာတခုလုံးလဲ ညိုမည်းစွဲပြီး ယောင်ကိုင်းနေတာဘဲ၊ ညာခြေထောက်ကလဲ ကျောက်ပတ်တီးကြီးနဲ့၊ ဘယ်လက်ကလည်း မလှုပ်နိုင်လို့ ကြိုးသိုင်းထားရတယ်။ ကျမရင်ထဲမှာ နေဆယ်စင်းတပြိုင်နက်ထွက်နေသလို ခံစားရတယ်။

ဖေဖေ့ကို လူနာတင်ယာဉ်ပေါ် တင်ပြီး ကိုဖြိုးစီစဉ်ပေးထားတဲ့အတိုင်း နာမည်ကြီး ပုဂ္ဂလိကဆေးရုံကြီးကို ရောက်ခဲ့ကြတယ်။ ဆေးရုံအဝမှာ ကိုဖြိုးနဲ့ ဇနီးမနှင်း ၊ GM ကိုကြည်လွင်ဦးနဲ့ ရုံးဝန်ထမ်း အတော်များများကို တွေ့လိုက်ရတယ်။

ဆေးရုံကို ရောက်ရောက်ချင်း ဦးနှောက်နဲ့အာရုံကြော ဆရာဝန်ကြီး Dr.မိုးသူဆိုသူမှာ သူ့အခန်းထဲတွင် လူနာကြည့် နေရာမှ ထလာပြီး ဖေဖေ့ကိုလာကြည့်ပေးတယ်။ ပြီးတော့ CT Scan ဆွဲကြည့်တော့ ဦးနှောက်ထဲတွင် သွေးယိုစိမ့်မှု မရှိဆိုတာသိလိုက်ရပြီ။ CT Scan မှ အဖြေများထဲတွင် ညာမျက်ခုံးရိုးကျိုးခြင်း၊ ဘယ်ဘက်ညှပ်ရိုးကျိုးခြင်း၊ ညာဖက်ဒူးခေါင်း ဂုံညှင်းရိုးကွဲခြင်း၊ ညာဖက်မျက်စိမှာလည်း ပေါက်ထွက်မတတ် အပြင်သို့ထွက်နေခြင်း များကို တွေ့ရပါသည်။ ဦးနှောက်ကို မထိဘူး ဆိုတော့ Dr. မိုးသူ ပြန်သွားပါပြီ။ ဒုတိယ အရိုးအထူးကုဆရာဝန်ကြီး Dr.ကျော်စိုး ရောက်လာသည်။

"ခေါင်းအတွက် စိတ်ပူစရာမလိုတော့ဘူးဆိုတော့ မျက်စိကအရေးကြီးတယ်။ မျက်စိဆရာဝန်ကို ချက်ချင်းခေါ်ပါ။ ဒီဆေးခန်းမှာ လောလောဆယ်ရှိမနေရင် ရှိနေတဲ့ ဆေးခန်းက ဆရာဝန်ကို သွားခေါ်ပါ။ ကျွန်တော့်အပိုင်းက ဘယ်အချိန်မှ လုပ်လုပ်ရတယ်၊ မျက်စိကိုသာ အရင်လုပ်ပါ" လို့ တာဝန်ကျဆရာဝန်ကို မှာကြားပြီး ပြန်သွားပါတယ်။

ခဏနေတော့ ဖေဖေ့အကြံပေးလုပ်နေတဲ့ ငါးစာတောင့်စက်ရုံက ကိုဇော်လင်းတို့ ရောက်လာကြတယ်။ ပြီးတော့ ဖေဖေ့ရဲ့ သားသမီးတွေလို ဖြစ်နေတဲ့ မမလှဲ့ နဲ့ ကိုပါပူး၊ ဦးဝင်းဆောင်နဲ့ အန်တီချိုတို့ မိသားစုတွေလည်း ရောက်လာကြလို့ ပြင်ပလူနာ ဌာနမှာ ဖေဖေ့ ညည့်သည်တွေနဲ့ ပြည့်သွားတော့တယ်။

တတိယရောက်လာတာက အထွေထွေရောဂါကု သမားတော်ကြီး Dr.သက်ဝင်းပါ။ ဆီးချိုသွေးချို သွေးတိုး စသည်ဖြင့် လိုအပ်တာတွေ စစ်ဆေးဖို့နဲ့ ECG ဆွဲဖို့တွေ မှာကြားသွားပါတယ်။ မျက်စိဆရာဝန်တွေက လောလောဆယ် ဒီဆေးရုံမှာ မရှိဘူး။

"အဘရေ ဘယ်လိုလုပ်ကြမလဲ၊ မျက်စိဆရာဝန်က ဘယ်သူ့ကိုပင့်မလဲ" တိုင်ပင် ကြတော့ အခြားသော ဆေးခန်းတစ်ခုခုက ဆရာဝန်ကို သွားပင့်မယ်ဆိုပြီး အဘထွက်သွားတယ်။ ပြန်လာတော့ ရွှေဘုံသာလမ်းက ဆေးခန်းတစ်ခုမှ အငြိမ်းစား ဆရာဝန်ကြီးတစ်ဦးပါလာတယ်။ ဆရာဝန်ကြီးက ဖေဖေ့မျက်စိကို စစ်ဆေးပြီး ဆေးတွေ ပေးသွားတယ်။

နောက်နေ့တွေမှာလည်း ဆရာဝန်ကြီးတွေ တစ်ယောက်ပြီးတစ်ယောက် လာကြည့်

ကြတယ်။ အဲဒီဆေးရုံ ကြီးမှာဘဲ ဒူးခေါင်းခွဲမယ် ပေါ့။ အဲဒီဆေးရုံကြီးက နေရာထိုင်ရတာ အလွန် အဆင်ပြေတယ်လေ။ ဒါကြောင့် ဒီဆေးရုံမှာဘဲ ခွဲချင်တယ်လေ။ Ortho ဆရာဝန်ကြီးကလည်း ဒီဆေးရုံမှာဘဲ ခွဲပေးမယ်ပေါ့။ အဲဒီနေ့က Ortho ဆရာဝန်ကြီးကို ကျွန်မက

"ဆရာကြီး ဖေဖေ့မျက်ခုံးရိုးက ကျိုးပြီး အထဲကို အကြီးကြီးချိုင့်ဝင်နေတာကိုရော ဘယ်လို လုပ်ပေးမှာလဲ" လို့ မေးလိုက်တယ်

"၄၅ ရက်ပြည့်ရင် သူ့အလိုလို ဆက်သွားလိမ့်မယ်၊ ပြဿနာ မရှိဘူး"

တစ်ခါ Neuro ဆရာဝန်ကြီး လာတော့လည်း အဲဒီအတိုင်းဘဲ ထပ်မေးလို့ အဲဒီအတိုင်းဘဲ ဖြေသွားခဲ့တယ်။ ကျွန်မတို့က ဆေးပညာကို နားမလည်ကြတော့ ဒီထက်ပိုပြီးလည်း မမေးတတ်ကြဘူးလေ။

ဒီလိုနဲ့ ခွဲစိတ်ဖို့ ရက်ရွေးကြတဲ့အခါ ပြဿနာ ဖြစ်ပါလေရော။ အထွေထွေသမားတော်က ဒီဆေးရုံမှာခွဲစိတ်ဖို့ ကန့်ကွက်ပါတယ်တဲ့။ Police Case ဖြစ်တဲ့အတွက် အပြင် ဆေးရုံမှာ ခွဲစိတ်ခွင့် မရှိပါတဲ့။ ရန်ကုန်ဆေးရုံကြီးကို ပြောင်းရမည်တဲ့။

ကျွန်မလည်း Dr.သက်ဝင်း Round တဲ့ အချိန်မှာ ပြောကြည့်ပါတယ်။ လုံးဝလက်မခံပါဘူး။ "ရန်ကုန် ဆေးရုံကြီးက ICU လည်း ရှိတယ်တဲ့။ တစုံတခုဖြစ်ခဲ့ရင် ပစ္စည်းကိရိယာလည်း စုံတယ်။ အပြင် ဆေးရုံမှာထက် လုံးဝ စိတ်ချရတဲ့ နေရာမို့ ပြောင်းခိုင်းတာပါ" တဲ့။

"အဘရေ ဆေးရုံပြောင်းခိုင်းနေပြီ၊ ဆေးရုံကြီးက နေရာထိုင်ခင်း ကောင်းကောင်းရဖို့ မလွယ်ဘူး၊ ဘယ်လို လုပ်ကြမလဲ"

"အစ်မ မပြောင်းလို့ မရဘူးလား၊ ပြောကြည့်ပါဦး"

" ကျွန်မပြောကြည့်ပြီးပြီ မရဘူး၊ ဖေဖေ့ရဲ့ Male Nurse ကိုသိန်းကျော်က ပြောတယ်၊ ဆရာသက်က စာအုပ်ကြီးတဲ့၊ ပြောလို့ ရမှာ မဟုတ်ဘူးလို့ပြောတယ် သူတို့ Officially ဆို တော့လည်း Officially ကြတာပေါ့"

"အစ်မ ဆေးရုံကြီးမှာ အခန်းရဘို့ ကိုဖြိုးကိုဘဲ အကူအညီတောင်းကြည့်ပါ၊ ကိုဖြိုး လုပ်ပေးရင် ရနိုင်ပါတယ်" လို့ ပြောလို့ ကိုဖြိုးဆီကို အားနာနာနဲ့ဘဲ ဖုန်းဆက်ရပြန်တယ်။

"ကိုဖြိုးရေ အစ်မပါ၊ အခု ဆရာကြီးကို ဆေးရုံကြီး အတင်းရွှေ့ခိုင်းနေတယ်၊ ဟိုမှာက နေရာထိုင်ခင်း ပြဿနာရှိတယ်၊ ကူညီပါ အုန်းနော်"

အဲဒီနေ့မှာဘဲ ငါးစာတောင့် စက်ရုံက M.D အန်ကယ်ကြီး ဦးသန်းလွင်ကလည်း ဖေဖေ့ကိုလာကြည့်တယ်။ အန်ကယ်ကြီးရဲ့ ညီ ကိုဇော်လင်းကလည်း ဖေဖေရောက်တဲ့ညက ချက်ချင်းရောက်လာသလို နောက်ရက်တွေမှာလည်း အားတဲ့အချိန်တိုင်း လိုအပ်တာ မှန်သမျှ ကူညီဖြည့်ဆည်း ပေးကြတယ်။ဆေးရုံကြီးမှာ အခန်းရဖို့ ကိုဖြိုးကလည်း အစွမ်းကုန်ကြိုးပမ်းနေသလို ကိုဇော်လင်းကလည်း "အစ်မ ဒီဆေးရုံအုပ်ကြီးက ကိုအေးစိုးရဲ့ အစ်မဝမ်းကွဲပါ၊ ကိုအေးစိုးကို အကူအညီတောင်းလိုက်မယ်" ဆိုပြီး ကိုအေးစိုးကို လှမ်းခေါ်ပြီး ဆေးရုံအုပ်ကြီးဆီကို သွားပြောပေးကြတယ်။ကိုအေးစိုးက "ကျွန်တော်က ကျွန်တော့်အမျိုးတွေကို ဘာကိစ္စနဲ့မှ ပတ်သက်ချင်တာမဟုတ်ဘူး ဆရာကြီးက စေတနာ ဆရာကြီးမို့ ကျွန်တော် လိုက်ပြောပေးတာ" လို့ ပြောရှာပါတယ်။

ဪ . . ဖေဖေ့ကို ချစ်ခင်တဲ့သူတွေ အရေးဆို ကူညီမည့်သူတွေ အဆင်သင့်ပါလား၊ ဖေဖေ ကံကောင်းပါတယ်၊ ဒီလိုနဲ့ အကောင်းဆုံးအခန်းကို တက်ရောက်ကုသခွင့် ရခဲ့ပါတယ်။

ဆေးရုံရွှေ့တဲ့နေ့မှာ ကိုဖြိုးတို့ ဇနီးမောင်နှံဟာ ပစ္စည်းတွေ အခန်းထဲမှာ နေရာချပြီးတဲ့အထိ စောင့်ပြီးနေပေးတယ်။ မနှင်းကလည်း မပေါ့မပါးကြီးနဲ့ လိုက်လာပေးရှာတယ်၊ အားလုံးဘဲ ကျေးဇူးတင်စရာ ကောင်းလှပါတယ်။ ပြီးတော့ ညတိုင်း ညအိပ် စောင့်ပေးဖို့အတွက် သူ့ကုမ္ပဏီက GM (၄)ဦးနဲ့ ဆရာဝန်သုံးလေးဦး ကိုလည်း အလှည့်ကျတာဝန်ခွဲဝေပေးသွားတယ်။

ဆေးရုံကြီးရောက်ပြီး (၂)ရက်နေတော့ ဒူးခေါင်းကို ခွဲစိတ်တယ်။ မိုင်နာကေ့စ် ဆိုပေမဲ့လည်း အသက်ကြီးတဲ့ သူဆိုတော့ စိတ်ပူရသေးတာပေါ့။ ဒူးခေါင်းက အောင်မြင်စွာ ခွဲစိတ်ပြီးသွားပြီ။ အထွေထွေ သမားတော်ကြီး Dr.သက်ဝင်းကလည်း ဖေဖေ့ကို အလွန် ဂရုစိုက်ပါတယ်၊ Dr.သက်ဝင်းက ကျွန်မနဲ့ တစ်ကျောင်းတည်းထွက်ပါ၊ ဒါပေမယ့် ကျွန်မထက် (၁၀)နှစ်လောက်ကြီးတာမို့ တစ်ယောက်နဲ့ တစ်ယောက်မသိခဲ့ကြပေမယ့် ကျွန်မအမေကလည်း အဲဒီကျောင်းက အထက်တန်းပြ ဆရာမ တစ်ဦးမို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြညွန့်က ဖေဖေ အခုလိုဖြစ်တယ်လည်းကြားရော ဆရာမကြီး ကိုယ်တိုင် ဆေးရုံကိုလာကြည့်ပြီး Dr. သက်ဝင်းကို သေသေချာချာအပ်နှံ ပေးသွားခဲ့တယ်။

အရင်ပြခဲ့တဲ့ မျက်စိဆရာဝန်က အငြိမ်းစားမို့ ဆေးရုံကြီးကို ခေါ်ခွင့်မရခဲ့ပါဘူး။ ဒါကြောင့် Ortho ဆရာဝန် ကြီးက မျက်စိဆေးရုံကို Officially ခေါ် စာရေးပေးသွားတယ်။

"ကဲ အဘရေ ဒီစာလေးနဲ့ မျက်စိဆရာဝန်သွားပြလိုက်ပါဦး"

အဘချက်ချင်းသွားပြပေးတယ်၊ ပြန်လာတော့ အလွန်ချောမောလှပတဲ့ ဆရာဝန်မလေး Dr. ပွင့်ပါလာတယ်။ မျက်လုံးအရောင်တွေ ကျအောင် ဆေးတွေပေးတယ်၊ နောက်(၄)ရက်နေတော့ တစ်ခေါက်ထပ်သွားပြတယ်။ ဖေဖေက

"ဆရာမ ကျွန်တော့်မျက်လုံးနှစ်ဖက်က (၂)မျိုးဖြစ်နေတယ် တဖက်နဲ့ တဖက် ပုံရိပ်ချင်း ထပ်မနေဘူး"

Dr. ပွင့်က "အန်ကယ့်မျက်စိ ဘာမှ မဖြစ်ပါဘူး၊ ယောင်နေတာတွေ ကျသွားရင် အားလုံး ပုံမှန်ဖြစ်သွားမှာပါ စိတ်မပူပါနဲ့" လို့ ပြောတယ်။ ဆေးရုံကြီးပေါ်မှာ မျက်စိဆရာဝန် (၃)ခါတိတိ ပြပြီး ပြခဲ့တယ်။

ဒူးခေါင်းခွဲစိတ်မှုကလည်း အောင်မြင်သွားပြီဆိုတော့ ချုပ်ရိုးဖြေပြီးရင် ဆင်းရတော့မှာလေ။ ဒါကြောင့် ဒီဆေးရုံကြီးရောက်မှ Nuero ဆရာဝန်ကြီး တစ်ခါမှလာမကြည့်လို့

"အဘရေ Nuero ဆရာဝန်ကြီးကို ဆေးရုံမဆင်းခင် တစ်ခါလောက်ပြချင်သေးတယ် ဒီဆေးရုံရောက်မှ တစ်ခါမှ မလာဘူး။ လူနာတွေ များလို့ မေ့နေတာလားမသိဘူးနော်။ သွားပြပေးပါဦး"

"ဟုတ်ကဲ့ ကျွန်တော်အခုချက်ချင်း သွားပြလိုက်မယ်" ဟု ပြောပြီး ချက်ချင်းသွားပါသည်။ ရန်ကုန် ဆေးရုံကြီးနှင့် ဦးနှောက်နှင့် အာရုံကြောဆေးရုံက လမ်းဘဲခြားတော့ ခဏနေ အဘ ပြန်ရောက်လာပါသည်။

"အစ်မကျွန်တော် ပင့်ခဲ့ပြီ၊ သူ ဆရာကြီး ကို မှတ်မိပါတယ်တဲ့၊ ခဏနေရင် လာခဲ့မယ်လို့ ပြောတယ် လာပါလိမ့်မယ်။ ကျွန်တော် ရုံး ပြန် လိုက်ဦးမယ်၊ ဒီနေ့ နယ် ကိုယ်စားလှယ်တွေနဲ့ တွေ့ရမှာမို့" ဟု ပြောပြီး အဘလဲ ရုံးကိုပြန် သွားပါသည်။ သူတို့ တရုံးလုံးလဲ ဖေဖေ့ကိစ္စ နှင့်အလုပ်ပျက်နေတာ ကြာပြီလေ။

နောက်နေ့နေ့လယ် အဘလာတော့

"အစ်မ မနေ့ကDr.မိုးသူ လာသွားလား"

"ဟင့်အင်းမလာဘူး"

"ဒါဆို ဒီနေ့ထပ်သွားပြီး ပင့်ဦးမယ်ဗျာ။ မပင့်ခင် လက်ဆောင်သွားပြေး ဝယ်လိုက်ဦး မယ်" ဆိုပြီး ဗိုလ်ချုပ်ဈေးဘက်ကို ပြေးပါသည်။ ပြန်လာတော့ လက်ထဲမှာ အရက်ပုလင်းကြီး ပါလာတယ် ကျွန်မက "အဘမော့မလို့ဝယ်လာ တာလား၊ ဘယ်လောက်ပေးရလဲ" လို့

နောက်တော့

"ခုနှစ်သောင်းခွဲတောင် ပေးရတယ် ကျွန်တော်ဒါနဲ့ သွားပင့်မယ်ဗျာ၊ ဒါဆိုလာမှာ သေချာပြီ"။ အဘ. . တစ်ဖက်ဆေးရုံသို့ ကူးသွားပြန်ပါသည်။

"တွေ့ခဲ့လား အဘ"

"တွေ့ခဲ့တယ်"

"ပေးခဲ့လား ပုလင်းကြီး"

"ပေးခဲ့တယ်၊ ဒီနေ့လာမယ်လို့ ပြော တယ်၊ သေသေချာချာကို ပင့်ခဲ့ပါတယ်"

ဒါပေမယ့် ဆေးရုံမှာ စုစုပေါင်း(၁၅) ရက်နေခဲ့ပြီး ချုပ်ရိုးဖြေလို့ ဆင်းသာလာခဲ့ရတယ် သူကတော့ လုံးဝ ပေါ်မလာခဲ့ပါဘူး။

ကျွန်မဖေဖေဟာ မိတ်ဆွေအပေါင်း အ သင်းတပည့် သားမြေးအလွန်ပေါများတယ် လေ။ သူ့ပတ်ဝန်းကျင်မှာ စေတနာဆရာကြီး ရယ်လို့ ချစ်ခင်လေးစားသူတွေ ဝိုင်းနေတော့ အခုလို ဖြစ်တယ်လဲ ကြားရော အနယ်နယ် အရပ်ရပ် ဌာနအသီးသီးမှာ ရောက်နေကြတဲ့ တပည့်တွေ၊ မိတ်ဆွေ သူငယ်ချင်းတွေ သတင်း လာမေးကြတာ နေ့စဉ် အခန်းလုံးအပြည့်ပါဘဲ။ ဒီအထဲမှာ ဖေဖေ့ တပည့် ကိုဇော်ဝင်းက ဒေသ ကောလိပ်ခေတ်တုံးက နိုင်ငံရေး သိပ္ပံ သင်ခဲ့တဲ့ ဆရာဆိုတော့ အခု ဖေဖေ့ကို ကုသပေးနေတဲ့ ဆရာဝန်ကြီးတွေ အားလုံး သူစာသင်ခဲ့ဖူးတော့ ဖေဖေ့ကို သေချာ ရရှုစိုက်ပေးဖို့ လိုက်အပ်ပေး တယ်။ပြီးတော့ ဖေဖေ့သူငယ်ချင်း ကျူရှင် ဆရာ ကြီးတစ်ယောက် ကလည်း Ortho ဆရာဝန်ကြီး ရဲ့ အိမ်ကို (၂)ခေါက်တိတိ သွားအပ်ပေးတယ်။ Ortho ဆရာဝန်ကြီးက ချုပ်ရိုးလာဖြေရင်း "ဆရာကြီးကို လာအပ်တဲ့သူတွေ တော်တော်



များနေပြီ" လို့တောင် ပြောယူရတဲ့ အထိပါပဲ။ ဖေဖေဟာ ဘုရားတရား လုပ်လွှန်းတာရယ် တပည့်တွေအပေါ် စေတနာအပြည့်နဲ့ စောင့်ရှောက်ကူညီခဲ့တာတွေ ကြောင့် အားလုံးချော မွေ့ခဲ့တာနေမှာ။

Oct; လလည်မှာ ဆေးရုံကဆင်းခဲ့ရပါတယ်။ Dr. ပွင့်က "ဆေးရုံကဆင်းတဲ့ နေ့ကျရင် မျက်စိဆေးရုံကိုဝင်ခဲ့ပေးပါ။ ကိရိယာနဲ့လည်း ကြည့်ချင်သေးတယ်။ ကျွန်မတို့ရဲ့ ပါမောက္ခနဲ့လည်း ပြစေချင်သေးတယ်" ပြောလို့ မျက်စိဆေးရုံကို ဝင်ကြရတယ်။

ဖေဖေက "ဆရာမ ကျွန်တော့်မျက်စိက ပုံရိပ်(၂)မျိုးဖြစ်နေတုန်းဘဲ" လို့ ထပ်ပြောပြန်တယ်၊ ဒီတော့လဲ အရင်တခါပြောသလို "အယောင်တွေကျသွားရင် ပုံမှန် ပြန်ဖြစ်သွားပါလိမ့်မယ်" တဲ့။

ဒီလိုနဲ့ အိမ်ရောက်တော့ဆေးတွေ ဆက်သောက်တယ်။ ပုံမှန်ရက်ချိန်းရောက်တိုင်း သက်ဆိုင်ရာ ဆရာဝန်တွေထိုင်တဲ့ အပြင် ဆေးခန်းတွေမှာ ဆက်ပြခဲ့တယ်။ တစ်လခွဲလောက် (Nov: လကုန်)မှာ မျက်နှာတခုလုံး ယောင်နေတာတွေဟာ ပုံမှန်နီးပါး ဖြစ်သွားပါပြီ ဒါပေမယ့် ညာဖက်ပါးကတော့ ယောင်နေတုန်းပါဘဲ၊ ဒါကြောင့် Ortho ဆရာဝန်ကြီးကို ပြန်ပြောတော့

"ဒီအပိုင်းက ကျနော်နဲ့ မဆိုင်ဘူး မျက်စိကြောင့်ဖြစ်လိမ့်မယ် မျက်စိဆရာဝန်ကို ပြန်ပြလိုက်ပါ"

နောက်နေ့မှာ မျက်စိဆေးရုံကို ထပ်သွားကြတယ်။

"ဆရာမ ပုံရိပ်(၂)မျိုးဖြစ်နေတုန်းဘဲ၊ ညာဘက်ပါးကလည်း ယောင်နေတုန်းဘဲ" လို့ ပြောတော့ မျက်စိကို ပြန်ကြည့်ကြတယ်၊ ပြီးမှ

"အနက်ကယ် ကျမတို့ရဲ့ မျက်စိအပိုင်းက ဘာမှ မဖြစ်ပါဘူး နှာခေါင်းရိုး ကျိုးသွားလို့ဖြစ်လိမ့်မယ်၊ နား နှာခေါင်း ဆရာဝန်ကြီး Dr.မျိုးဆီ သွားလိုက်ပါ" လို့ ညွှန်းပြန်တယ်

ဒါနဲ့ အချိန်ဆွဲမနေတော့ဘဲ နား၊ နှာခေါင်း ဆရာဝန်ကြီးထိုင်တဲ့ ဆေးခန်းကို ချက်ချင်းသွားပြကြတယ်၊ ဆရာဝန်ကြီးက မျက်နှာတခုလုံးနဲ့ ဦးခေါင်းကို CT Scan နဲ့ အသေးစိတ် ထပ်ရိုက်တယ်။ အဖြေရွေးပြီတဲ့နေ့ အဲဒီ ဆရာဝန်ကြီးထံ ပြန်သွားတော့ အမလေး အဖြေက ကြက်သီးထစရာပါလား ဦးခေါင်းခွံ အက်ကွဲနေတဲ့ အက်ကြောင်းကြီးက ဦးနှောက်ပွင့်ထွက်ဖို့ 2cm လောက်ဘဲ လိုပါတော့တယ်။ ကံကောင်းလို့တဲ့ မဟုတ်ရင် ဦးနှောက်တွေပါ အပြင်ထွက်လာခဲ့မှာတဲ့လေ။ နောက်အဖြေ တခုကတော့ ညာဖက်က Eye ball ကို ထမ်းထားတဲ့ အရိုးဟာ ကျိုးသွားတဲ့ အချိန်မှာ Eye ball ဟာနောက်သို့ ကျွံပြီး အောက်သို့ နိမ့်ဆင်းသွားတယ် အခုတော့ အဲဒီ အရိုးဟာ ပြန်ဆက်သွားပြီ ဒါကြောင့် Eye ball နိမ့်ဆင်းသွားလို့ ပုံရိပ်(၂)မျိုး ဖြစ်နေတာကိုး၊ ပြဿနာရဲ့ဇာစ်မြစ်က ပေါ်လာပြီ။ ဒါနဲ့ဆရာဝန်ကြီးက "နှာခေါင်းလဲ မကျိုးဘူး၊ ကျွန်တော့်အပိုင်းက ဘာမှ မဖြစ်ဘူး၊ ဒါက ပလတ်စတစ်ဆာဂျရီနဲ့ဘဲ ဆိုင်တော့တယ် ဒါကြောင့် Dr. လွင်မောင်ဆီသွားပါ" လို့ Refer လုပ်လိုက်တယ်။

နောက်နေ့မှာ ပလပ်စတစ် ဆာဂျရီလို့ ခေါ်တဲ့ မျက်နှာ၊ မေးရိုးနဲ့ ခံတွင်းပြုပြင်မှုဆိုင်ရာ ခွဲစိတ်ဆရာဝန်ကြီး Dr. လွင်မောင်ဆီ သွားပြကြတယ်။ ဆရာဝန်ကြီးက လူနာရဲ့ ဆေးမှတ်တမ်းတွေ အားလုံး ကြည့်ပြီးသည်နှင့်

"ခင်ဗျားတို့ ဘာလို့ အခုမှလာကြတာလဲ?"

သူ့မေးခွန်းကို ရုတ်တရက် ဘာဖြေရမှန်းမသိဘူး၊ နားမလည်ဘူး နောက်မှကျွန်မက ဖြစ်ကြောင်းကုန်စင် ပြောပြတော့

"တောက် ! ဒီကောင် မိုးသူ တော်တော် အသုံးမကျတဲ့ကောင်၊ မျက်ခုံးရိုးကြီး ကျိုးပြီး ချိုင့်ဝင်နေတာ တင်းတင်းကြီး ဖြစ်နေရဲ့သားနဲ့ ပါးရိုးတွေပါ ကျိုးနိုင်တယ်ဆိုတာ ဘာလို့ မသိရတာလဲ၊ ပါးရိုးဆိုတာ ကြွက်ဥခွံ သာသာဘဲရှိတာ အလွန်မာတဲ့ မျက်ခုံးရိုးတောင် ကျိုးသွားသေးတာဘဲ ပါးရိုးကျိုးနိုင်တယ်ဆိုတာ ဆရာဝန်တိုင်း သိကိုသိရမှာ မိုးသူဆိုတာ ကျွန်တော် စာသင်ခဲ့တဲ့ တပည့်ပါ။ စာသင်တုန်းက ဒါတွေ ထည့်သင်ထားတာ အခုမှတော့ ဘာမှ လုပ်လို့ မရတော့ဘူး Eye ball တခုလုံးဟာ ပါးရိုး ကျိုးသွားတဲ့အချိန်မှာ နိမ့်ဆင်းသွားတယ်၊ အထဲကိုလည်း ကျွံဝင်သွားတယ် အခု ပါးရိုးတွေဟာ သူ့အလိုလို ပြန်ဆက်သွားပြီး Eye ball ပတ်လည်မှာရှိတဲ့အဆီတွေ ကြွက်သားတွေကို ကုတ်ထားလိုက်သလို ဖြစ်သွားပြီ။ ဒီလိုဖြစ်ရပ်မျိုးဟာ ဒဏ်ရာရပြီး (၂)ပတ်အတွင်းမှာ ပြုပြင် ခွဲစိတ်ရတာ အခုတော့(၂)လကျော်နေပြီ၊ ဘာမှလုပ်လို့ မရတော့ဘူး။ အချိန်တွေလွန်သွားပြီ။ စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျားရဲ့ ကုသိုလ်ကံပဲပေါ့၊ မိုးသူဆိုတဲ့ကောင်က ဘာမဟုတ်တဲ့ သွားကျိုးတာလေးတောင် ကျွန်တော်ဆီ လွှတ်တတ်တာဗျာ၊ အခုတော့ ခင်ဗျားတော်တော် ကံဆိုးတာပဲဗျာ" လို့ ခံပြင်းသံကြီးနှင့် ပြောလိုက်ပါတော့တယ်။

ကျွန်မဖေဖေဟာ ဘာစကားကိုမှ မပြောနိုင်တော့ပါဘူး ကျွန်မတစ်သက်မှာ ဖေဖေ စိတ်ဓာတ်ကျတာ တစ်ခါမှမတွေ့ဖူးခဲ့ပါဘူး ဖေဖေဟာ အလွန်စိတ်ဓာတ် ကြံ့ခိုင်သူလည်း ဖြစ်တယ် တရားသဘောကိုလည်း ကောင်းကောင်း နားလည်တယ် သည်းခံခွင့်လွှတ်စိတ်လည်းရှိတယ်။ ဒီလို တရားနဲ့နေတဲ့ လူတစ်ယောက်ဟာ သေမင်းနဲ့ စစ်ခင်းနေတုန်းကတောင် မတုန်လှုပ်ဘဲ သတ္တိရှိရှိရင်ဆိုင်ခဲ့သူတစ်ယောက်ပါ။ ပြင်ဦးလွင်မှာ နဖူးချုပ်စဉ်က ထုံဆေးမပါဘဲ ရေခဲရေလောင်းပြီး ချုပ်တုန်းက တစ်ချက်မှ မတွန့်ခဲ့လို့ ဆရာဝန်မကြီးကတောင် "နာလား" လို့ မေးယူရတဲ့ အထိပါဘဲ။

အပြန်လမ်းမှာ ကျွန်မရယ်၊ ဖေဖေရယ်၊ ကျွန်မခင်ပွန်းရယ် စကားတစ်ခွန်းမှ မပြောနိုင်ကြတော့ဘဲ အတွေးကိုယ်စီနဲ့ ငြိမ်သက်နေကြတယ် အိမ်ရောက်တော့ ဖေဖေဘာမှ မစားတော့ဘဲ အိပ်ယာထဲ တန်းဝင်သွားခဲ့တယ်။ ကျွန်မလည်း ကျွန်မရဲ့ အိပ်ခန်းထဲဝင်ပြီး ခုတင်ပေါ်မှာ ငုတ်တုပ်ထိုင်ပြီး ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေတယ်၊ ဖေဖေ့ကိုလည်း ဘယ်လို စကားလုံးမျိုးနဲ့ နှစ်သိမ့်ရမှန်းမသိအောင် ဖြစ်နေတယ်။ ကျွန်မရဲ့ခင်ပွန်းက ကျွန်မပခုံးကို ဆုပ်ကိုင်ပြီး

"ညီမလေး သိပ်စိတ်မကောင်းဖြစ်သွားလား၊ ညီမလေး ဘာလုပ်ချင်လဲ၊ အခုလို ဖြစ်သွားတော့ ထိုင်ပြီးသောကရောက်နေမယ့် အစား နည်းလမ်းရှာကြည့်ရင် ကောင်းမယ်၊ ကိုအောင်ကျော်ဦးတို့၊ ကိုဖြိုးတို့နဲ့တိုင်ပင်ပြီး ဦးနှောက်များများနဲ့ စဉ်းစားကြရအောင်"

ကျွန်မချက်ချင်း အဘဆီ ဖုန်းကောက်ဆက်လိုက်တယ် ည(၈း၃၀)နာရီ ရှိနေပြီ။

"အဘ အခုအားလား၊ အားရင် ကိုဖြိုးဆီ ကျွန်မသွားချင်တယ်၊ အဘကိုဝင်ခေါ်မယ်၊

အဆင်သင့် စောင့်နေပါ" ပြောပြီး ချက်ချင်း ထွက်ခဲ့ကြတယ်။

အဘကို ဝင်ခေါ်ပြီး ကိုဖြိုးဆီသွားကြတယ်။ ကိုဖြိုးဆီရောက်တော့ ည(၉း၃၀)နာရီ ရှိနေပြီ။ အကျိုးအကြောင်း ပြောပြတော့ ကိုဖြိုးတို့လည်း စိတ်မကောင်းကြဘူး။ ကိုဖြိုးက

"အစ်မ ဆရာဝန်တစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်အရ အတည်မယူပါနဲ့ဦး၊ မနက်ဖြန်ကျရင် ကျွန်တော်တို့နဲ့ ရင်းနှီးတဲ့ အထွေထွေရောဂါကု သမားတော်ကြီးတစ်ယောက်ဆီ သွားပြီး တိုင်ပင်ကြည့်ရအောင်။ တကယ်လို့ မြန်မာပြည်မှာ ခွဲစိတ်ပြုပြင်လို့ မရရင် ဆရာကြီးကို နိုင်ငံခြားခေါ်သွားပြီး ကုကြတာပေါ့" လို့ အားပေးတယ်။

မနက်ကျတော့ မနှင်း၊ အဘတို့နဲ့အတူ ကျွန်မတို့ ဇနီးမောင်နှံဟာ ရန်ကုန်ဆေးရုံကြီးက အထွေထွေကုသမားတော်ကြီး Dr.ဝင်း ထံ သွားပြီး ဖြစ်ကြောင်းကုန်စင် ပြောပြတော့ Dr. ဝင်း ကလည်း Dr. လွင်မောင် ကဲ့သို့ပဲ ပြောပါတယ်။ ဒါပေမယ့် Dr.ဝင်း က ကျမတို့ကို မေးခွန်းတစ်ခု ထူးထူးခြားခြား မေးလိုက်ပါတယ်။

" Neuro ဆရာဝန်ကြီး ဘာလို့လာ မကြည့်တာလဲဆိုတာ ခင်ဗျားတို့ ဘယ်လိုထင်သလဲ "တဲ့ ကျွန်မဘာမှမဖြေတတ်တော့ပါ။ "ဘယ်လိုထင်သလဲ " တဲ့။ ဘယ်လိုမှကို မထင်တတ်တော့ပါ။

" ကျွန်မတို့ မသိပါဘူးရှင် " လို့ပဲပြောပြီး ထွက်လာခဲ့တယ်။

လှေကားနားရောက်တော့ ကျွန်မ ခင်ပွန်း က

" ညီမလေး-နေဦး ဒီဆေးရုံကို ရောက်နေမှတော့ Ortho ဆရာဝန်ကြီးကို ဒီအကြောင်းတွေ ပြောပြသင့်တယ်။ ဆေးရုံတက်တုန်းကလည်း သူ့ WARD မှာတက်ခဲ့ရတာဆိုတော့ သူသိသင့်တယ်။ လာ. . သွားရအောင် " ဆိုပြီး Dr. ကျော်စိုး အခန်းရှိရာကို ဦးတည်လိုက်ကြတယ်။

ရုံးခန်းထဲမှာ Dr. ကျော်စိုးနဲ့အတူ သူ့လက်ထောက် Dr. ဟန် ကိုလည်း တွေ့ရတယ်။ မနှင်းတို့က ဆေးကုမ္ပဏီဆိုတော့ ဆရာဝန်ကြီးတွေနဲ့ ရင်းနှီးပြီးသားဖြစ်သလို ကျမကိုလည်း Dr. ကျော်စိုးက ကောင်းကောင်း မှတ်မိနေပါတယ်။

" လာ. ဘာကိစ္စလဲ " တဲ့။ ကျွန်မ က မဆိုင်းမတွပြောပြလိုက်တော့တယ်။ ကျွန်မပြောတာတွေ ကိုသေချာနားထောင်ပြီး ကျွန်မစကားဆုံးကာနီးမှာ Dr. ကျော်စိုးရဲ့မျက်နှာတစ်ခုလုံး မည်းလာတာကို တွေ့ရတယ်။ ကျွန်မစကားလည်းဆုံးရော ပြောလိုက်တဲ့စကားတစ်ခွန်းဟာ ကျွန်မနဲ့ အတူပါလာတဲ့ မနှင်း၊ အဘ၊ ကျမရဲ့ ခင်ပွန်း အားလုံး မထင်မှတ်ထားတဲ့စကားကို ကြားလိုက် ကြရတယ်။

" Sorry ဘဲဗျာ၊ ကျနော် Refer မလုပ်မိတာပါ၊ ကျနော့်အပြစ်ပါ " တဲ့ ပြီးတော့

" ပလပ်စတစ် ဆာဂျရီ ဘယ်သူနဲ့ပြတာလဲ? "

" Dr.လွင်မောင်ပါ "

" ဒါဆို မ/ဥက္ကလာမှာ အလွန်တော်တဲ့ ဆရာဝန်ကြီးတစ်ယောက်ရှိတယ်။ အဲဒီ ဆရာဝန်ကြီးဟာ သူများမလုပ်နိုင်ခဲ့တဲ့ Case တွေ သူလုပ်နိုင်ခဲ့တယ်။ ကျွန်တော် စာရေးပေးလိုက်မယ် " ဆိုပြီး စာတစ်စောင် ရေးပေးတယ်။

ကျွန်မလည်း ဆန္ဒတွေ အရမ်း စောနေတာကြောင့် မြို့ထဲကနေ မ/ဥက္ကလာကို တန်းပြီးသွားမယ်လို့ ဆုံးဖြတ်ပြီး ကားကို မ/ဥက္ကလာဘက်သို့ ဦးတည်လိုက်တယ်။ အိမ်ကိုလဲဖုန်းလှမ်းဆက်ပြီး " ဖေဖေ သမီးအခု ဝင်ခေါ်မယ်။ အဆင်သင့်လုပ်ထားပါ " လို့လှမ်းပြော လိုက်တယ်။

ဆရာဝန်ကြီးက ဖေဖေ့ဓာတ်ရာ တွေကိုကြည့်ပြီး " ကျွန်တော်က အသက် (၇၄)နှစ်ရှိပြီ။ မျက်စိကလည်း မှုန်နေတော့ ခွဲစိတ်မှုကို ကိုယ်တိုင်မလုပ်တော့ဘဲ ကျွန်တော့်သားနဲ့လွှဲထားတာကြာပြီ။ဘယ်လ်ဂျီယံကကျွန်တော့်မိတ်ဆွေဆရာဝန်ကြီး နောက်လထဲမှာ မြန်မာပြည်ကိုလာပြီး စစ်ဆေးရုံက ဓာတ်ရာရလူနာတွေကိုခွဲစိတ်ဖို့ရှိတယ်။ အဲဒီဆရာဝန်ကြီးနဲ့ ပြပေးမယ်။

ဆရာဝန်ကြီးရဲ့ ပြောပြချက်အရ ကျွန်မတို့မှာ အားတက်ခဲ့ရပါတယ်။ ကျွန်မရဲ့ဖေဖေဟာ လူကကျန်းမာလျက်နဲ့ စိတ်မချမ်းသာရတဲ့ဘဝမျိုးကို ရောက်သွားတာဆိုတော့ အခုလိုမျှော်လင့်ချက်ရောင်ခြည်လေးဖြစ်ရတော့ ဝမ်းသာတာပေါ့။ ဖေဖေဟာ ဒီမျက်လုံးနဲ့ ဦးနှောက်ကို အသုံးပြုပြီး တိုင်းပြည်နဲ့လူမျိုး ယနေ့အထိအလုပ်အကျွေးပြုနေဆဲ ပညာရှင်တစ်ဦး-ဆိုတော့ ဖေဖေ့အတွက် တကိုယ်လုံးမှာ မျက်စိကအရေးကြီးဆုံးဘဲလေ။ ခြေထောက် မသန်တာကမှ ဂျိုင်းထောက် (သို့) တုတ်ကောက် အားကိုးပြီး အလုပ်ထိုင်လုပ်လို့ရသေးတယ်လေ။

ဒီလိုနဲ့ ဘယ်လ်ဂျီယံက ဆရာဝန်ကြီးရောက်လာခဲ့ပါပြီ။ ကျွန်မတို့ကို ဖုန်းဆက်ခေါ်လို့ သွားပြကြတော့ လူနာရဲ့ History ကိုကြည့်ပြီး အဲဒီနိုင်ငံခြားသားကြီးဟာလည်း ခေါင်းခါပြခဲ့ပါတယ်။ နဖူးကချုပ်ထားတဲ့ဓာတ်ရာ၊ မျက်ခုံးရိုးကျိုးနေတဲ့ဒဏ်ရာတွေကိုသာ လုပအောင်၊ ကြည့်ကောင်းအောင် ပြုပြင်ပေးနိုင်ပေမယ့် Eye-ball ကိုတော့ မူလအနေအထားကို ရောက်အောင် ပြန်ဆွဲတင်လို့မရတော့ပါတဲ့။ " Very Sorry " တဲ့။

ဒီတော့ ကျွန်မတို့မှာ ဘာပြောစရာရှိတော့လဲ။ အိမ်ပြန်ရုံပဲရှိတော့တာပေါ့။ အသက် (၇၂)နှစ် ရှိပြီဖြစ်တဲ့ ဖေဖေဟာ ခေါင်းကိုက်ဖျားနာတောင် ကြီးကြီးကျယ်ကျယ် တစ်ခါမှ မဖြစ်ဖူးခဲ့သူပါ။ ကျန်းမာလွန်းလို့ ယနေ့ထက်တိုင် သူတတ်ထားတဲ့ပညာနဲ့ တိုင်းပြည်ကို အလုပ်အကျွေးပြုနေဆဲ ပညာရှင်ကြီး တစ်ယောက်ပါ။ အခုလို မမျှော်လင့်တဲ့ ပေါ့ဆမှုလေး တစ်ခုကြောင့် အသက်ရှင်လျက် ဘဝသေသလိုဖြစ်သွားတဲ့အခါမှာ. . .

ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရမှာလား။

တစ်စုံတစ်ယောက်ကိုဘဲ အပြစ်တင်ရမှာလား၊ တစ်ခုခု မှားသွားတာတော့ သေချာတယ်။

မှတ်ချက်။ ။ကျွန်မ၏ဖခင်ကြီး Accident ဖြစ်စဉ်က မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ခဲ့ကြသော ပြင်ဦးလွင်မြို့မှ ကိုအောင်သူရဦး နှင့် ဇနီး Dr.ခင်ထွေးမော်၊ မန္တလေးမြို့မှ ဘဘသန်း နှင့် အန်တီမွှေး၊ ကိုခင်ဇော်ဦး၊ Fortune Int; LTD မှ အောင်ခိုင်သန်း၊Myint Myat Agrochemical Enterprise Ltd မှ MD ကိုပြည့်ဖြိုးအောင်နှင့်ဇနီး၊ ထူးသစ်ငါးစာတောင့် စက်ရုံမှ အန်ကယ်ကြီး ဦးသန်းလွင်နှင့် ကိုဇော်လင်း၊ Dr.အောင်ကျော်ဦး နှင့် MYA Travel and Tour မှ ကိုမြင့်ကြည်နှင့်ဇနီး လဲ့လဲ့ဝင်းတို့အား ဤဆောင်ပါးဖြင့် ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

♦ ရွှေဘိုခင်ခင်ကြီး



တက္ကသိုလ်ဌေးဝင်း

ရွှာမပရိယတ္တိစာသင်တိုက်တွင် ကျွန်တော် မဟာထေရာဝံသကျောင်းရေစက်ချပွဲတွင် ဒုလ္လဘရဟန်းဝတ်ခွင့်ရမည်ဖြစ်သောကြောင့် ပျော်သွားသည်။ နံနက်စောစောတွင် ဆရာတော်ကြီး ဦးနန္ဒဝံသက ဆံချ၊ သိမ်ထဲတွင် ကမ္မဝါဥတ် -၍ သာသနာ့ဘောင်သို့ ကူးပြောင်းပြီး ဦးပညာဇောတဟု နာမည်ပေးသည်။ ပဌမနေ့ဖြစ်၍ဆွေမျိုးများနှင့် နံနက်ပိုင်း အလှူပွဲတွင် နှုတ်ဆက်ပြီး နေ့လည်ပိုင်း၌ နားနေလိုက်သည်။ ညပိုင်းတွင် ကျောင်းတွင်နေရမည့် စည်းကမ်းနှင့် ကျက်မှတ်ရမည့်စာကို ဦးပဇင်းဦးဩဘာသက ပြောပြသည်။ ညဘက် တွင် သိမ်ကျောင်း၌ ယောဂီများနှင့်တရားထိုင်ရန်ဖြစ်သည်။ လူဝတ်နှင့်လည်း ရွှာမကျောင်းသင်္ကြန်တရားခုနစ်ရက် စခန်းတွင် တရားထိုင်ဖူးသည်။ ယခင်အခြား တရာစခန်းတွင်လည်း လူဝတ်ဖြင့် ထိုင်ခဲ့ဖူးသည်။ ယခု ပဇင်းဘဝဖြင့် တရားထိုင်ရ မည်ဖြစ်သောကြောင့် ပို၍ကုသိုလ်ရမည်ဟု စိတ်ထဲတွင်မှတ်ကာ ပျော်မိပါသည်။ နောက် တစ်နေ့နံနက်ခင်း နေရောင်နွေးနွေးအောက်၌ ဦးပဇင်းဦးဩဘာက ဆွမ်းစားကျောင်းကိုယ်တော်ထံ ခေါ်သွားသည်။ သဗ္ဗဇယမင်္ဂလာဂါထာကို ဦးခေမိန္ဒာစာရက ချပေး၍ လိုက်ကျက်သည်။ ဦးပဇင်းက တခြားကိုယ်တော်နှင့် စကားပြောရင်းချပေးရာ ကျက်၍ မရသောကြောင့် တိုက်သို့ပြန်လာပြီး ကျက်မှတ်ရင်းနဲ့ သုံးလေးရက် ကုန်သွားသည်။ ကျောင်း၌ စာသင်သံဃာများသည် နံနက်တွင် မေဓာဝံသ



ကျောင်းနှင့် ခပ်လှမ်းလှမ်း ဇရပ်အိုလေး၌ စာချ စာအံနေသည်ကို စာကျက်ရင်းမှ လှမ်းကြည့်၍ ဂုဏ်ယူ အားကျစိတ်နှင့်အတူ ပီတိ ဖြစ်မိသည်။ သံဃာတော်များ စာအံပြီးသောအခါ တိတ်ဆိတ်သွားသော ဇရပ်အိုလေးကို ငေးကြည့်၍ မိမိကျက်နေသော ဂါထာကို မမှတ်မိသောကြောင့် အားမရဖြစ်မိသည်။ ထိုသို့ ဖြစ်သည်ကို ရွာမဆရာတော်ကြီး ဦးနန္ဒဝံသက သိသည့်အလား ကျက်သရေခန်းမှ ထွက်လာ ကာ ဂါထာဆိုရသလောက်ကို ဟုပြောကာ ကျောင်းစဉ်အတိုင်း စင်္ကြံမှ အတူလျှောက်၍ သံဃာများကို ပြကာ သူကျိန်းစက်ရာကျောင်းသို့ ခေါ်သွားပြီးနှစ်သိမ့်သည်။

ညနေတွင် မိမိနေထိုင်ရာ ကျောင်းသို့ ပြန်လာ၍ ရေချိုး သင်္ကန်းပြင်ဝတ်ကာ ကမ္မဋ္ဌာန်းထိုင်ရန် သိမ်ကျောင်းသို့ထွက်ခဲ့သည်။ သိမ်ကျောင်း၌ ဦးဝိသိဋ္ဌက တရားပြပေးသည်။ ပါပသ္မိံ ရမတိ မနော-လူတွေသည် မကောင်းမှု၌ မွေ့လျော်၏ဟု နှလုံးသွင်းကာ အာနာပါနသတိဖြင့် ဝင်လေနှင့်ထွက်လေကို မှတ်သည် ညဦးပြီး၍ နေထိုင်ရာကျောင်းသို့ ပြန်သည်။ မဟာထေရဝံသတိုက်ကျောင်းသို့ ရောက်သောအခါ ကိုရင်လေးတွေ စာအုပ်ကိုယ်စီနှင့် စာကျက်နေသည်ကို တွေ့၍ စိတ်ရွှင်လန်းသွားသည်။ မိမိတို့ ဆောက်လုပ်သောကျောင်းတွင် ယခုလို စိတ်အနှောင့်အယှက်ကင်းစွာဖြင့် စာကျက်နေသောကိုရင်လေးများသည် လွန်စွာကျက်သရေရှိသဖြင့် စိတ်ထဲတွင် ဝမ်းသာသွားသည်။

ကိုရင်လေးများနှင့် ရောက်တတ်ရာရာ စကားပြော-၍ ညအိပ်ချိန်ဝင်အိပ်သည်။ ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက် နိစ္စဓုဝ ဤအလုပ်ကို သာလုပ်၏။ ပါပသ္မိံ ရမတိ မနော-ဟု နှုတ်မှ တတွတ်တွတ် ရွတ်ကာ ရေနွေးကျိုလိုက်သည်။ တံမြက်စည်းလှည်းလိုက်သည်။ စာဖတ်ချိန်တန် စာဖတ်လိုက်သည်။ အလှူပွဲရှိလျှင် ဆွမ်းစားသွားလိုက်သည့် အလုပ်ဖြင့် မွေ့လျော်နေလိုက်သည်။ ရက်ကြာလာသောအခါ စိတ်သည် စာပေထဲတွင်မွေ့လျော်လာ၏။ အိမ်မှလှူသော ဝတ္ထုငွေဖြင့် လမ်းဘေး၌ချရောင်းသော စာအုပ်ပါးပါးကလေးများကို ဝယ်ဖတ်သည်။

စာဖတ်အရှိန်တက်လာ၏။ လောကီနှင့် လောကုတ္တရာစာပေများကို ရှာဖွေဖတ်သည်။ ပါဠိကို ခက်ဆစ်လိုရေးထားသော စာအုပ်များဖြစ်ပါသည်။ စာချကိုယ်တော်လေးများကလည်း ဆွမ်းစားသွားရင်းအချိန်၌ စာပေစကားများ ပြော၍ လမ်းကြောင်းပေးပါသည်။ ဤသို့ဖြင့် နေ့အချိန်စာဖတ် ညအချိန် ကမ္မဋ္ဌာန်းထိုင်၍ တရားဖြင့်သာ မွေ့လျော်ပျော်ပိုက်လာပါ၏။

တခါတရံ ညနေပိုင်း ဆရာတော်ကြီး ဦးနန္ဒဝံသ စင်္ကြံလျှောက်သည့်အခါ ဆရာတော်ကို အနီးမှတွဲပေးရင်း လျှောက်သည့်အခါ တပည့်အား "ကိုယ်တော် ညဘက်အချိန်မှာ

ဘာလုပ်သလဲ ငါ့ကို ပြောပြ”ဟုမေးတတ်သည်။ ထိုသို့အခါမျိုးတွင် “တပည့်တော် သိမ်ကျောင်းတွင် တရားထိုင်ပါသည်။ တရားပြီးလျှင် ယောဂီများနှင့် တရားဆွေးနွေးပါသည်။” ဟု စကြိုန်လျှောက်ရင်း လျှောက်ထားရသည်။ ဆရာတော်ကြီးက ဘာမှ မပြော၊ ဆိတ်ဆိတ်နေ၍ ကျိန်းစက်ရာကျောင်းသို့ ပြန်ကြွပါသည်။ လောက၌အမှန်စကားကို ပြောလိုက်ရခြင်းသည် အရသာရှိ၏ဟုကြားဖူး၏။ ငါ၏ ကုသိုလ်ကောင်းမှုကို ဆရာတော်ကြီး အသိအမှတ်ပြုသွားပြီဟု ပီတိဖြစ်၍ ကျန်ခဲ့ပါသည်။ ညအချိန်တွင် စာဖတ် တရားဆွေးနွေးရင်းနှင့် အေးချမ်းသာယာသော ညပိုင်းတွေကို ကုန်လွန်စေသည်။ သီတင်းကျွတ်လျှင် ဘုရားမီးပူဇော်သည်။ ဆောင်းတွင် လသာဆောင်မှာ နေ၍ ကြယ် လ နက္ခတ်တွေကို ကိုရင်လေးတွေနှင့် တွက်ကြည့်သည်။ နက္ခတ်အကြောင်းကို ကိုရင် လေးတွေနှင့် ရောက်တတ်ရာရာ ပြောကြသည်။ စကားပြောရသည်မှာ ပျော်စရာကောင်းပါသည်။

မဟာထေရာဝံသကျောင်း သီလပေးသည့်အခန်းနေရာမှထိုင်ရင်း တံခါးပေါက်အပြင်ဘက်မှ ပိတောက်ပင်နှင့် အင်ကြင်းပင်တန်းလေး ကို ငေးကြည့်ကာ စဉ်းစားမိသည်။ စက်တင်ဘာ (၂၆)ရက် ၂၀၀၄-ခုနှစ် ကျောင်းရေစက်ချပွဲက သင်္ကန်းဝတ်ခဲ့ရာ ယခု ဒီဇင်ဘာလတွင် သုံးလပြည့်တော့မည်၊ သိမ်ကျောင်း၌ တရားအားထုတ်ခဲ့သည်မှာ သုံးလခန့်ကြာသည်ဖြစ်၍ ကိုယ်စိတ် နှစ်ပါးအေးချမ်းမှုကိုလည်း ခံစားရပြီဖြစ်သည်။ ယခုကမ္ဘဋ္ဌာနာစရိယ ဆရာတော် ဦးဝိသိဋ္ဌက ခုနှစ်ရက်တရားစခန်းပွဲ လုပ်မည်ဖြစ်၍ ယောဂီများ နှင့်အတူလိုက်၍ တရားအားထုတ်ရန် ဆုံးဖြတ်လိုက်သည်။

ရတနာမြိုင်တရားစခန်း၊ တောင်ဒဂုံသို့ လိုက်ပါရန် စာရင်းပေးလိုက်သည်။ သင်္ကန်းအိပ်ယာလိပ် အချိုရည်တို့ကို လွယ်အိတ် ကြွပ်ကြွပ်အိတ်ဆွဲခြင်းထဲတွင် ထည့်ပြီး ထုပ်ပိုးပြင်ဆင်ထားလိုက်သည်။ ပြီးနောက် ဆရာတော်ကြီးထံ ခွင့်ပန်၍ ဆရာတော်ကြီးက ခွင့်ပြုသဖြင့် လိုက်ဖို့ရန် သေချာသွားသည်။ ကျောင်း၌ ဦးပဇင်းကို လာတွေ့သော ဆွေမျိုးများကိုလည်း အသိပေးလိုက်သည်။ အစစအရာရာ ပြင်ဆင်ပြီးသွားပြီး ဖြစ်သည်။ ညဘက် ကျိန်းစက်ရာ ခုတင်ပေါ်မှ မိုးပေါ်မှာ ဖြတ်သန်းပျံသွားသော လေယာဉ်ပျံကြီးကိုကြည့်ကာ အိပ်ချလိုက်သည်။

နောက်တစ်နေ့ ဆွမ်းကိစ္စပြီးသော အချိန် နေ့လယ်တွင် ရွာမကျောင်းမှနေ၍ ယောဂီများနှင့်အတူ သင်္ကန်းထုပ်သယ်ကာ ရတနာမြိုင်ကျောင်းသို့ ကုန်တင်ကားနောက်ခန်းမှ လိုက်ခဲ့ရာ ညနေ ၄-နာရီတွင် တရားရိပ်သာကျောင်းသို့ ရောက်သည်။

လယ်ကွင်းထဲတွင် အိပ်ဆောင်၌ အိပ်ယာပြင်ပြီးနောက် အေးချမ်းသော ညအချိန်ကို ဘုရားရှိခိုး တရားနာ၍ ပြီးသွားသည်။

၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာ ၂၆-ရက်နေ့ နံနက်ပိုင်း အရုဏ်တက်ချိန် လေးနာရီ ဘုရားရှိခိုး ခေတ္တ တရားထိုင်ပြီး ဆွမ်းစားသည်။ ပြီးသောအခါ အိပ်ယာသိမ်း၍ တရားအားထုတ်ရာ ဓမ္မဆောင်သို့ ကူးလာပြီး သတ်မှတ်နေရာ၌ ထိုင်သည်။

ဆရာတော်ဦးဝိသိဋ္ဌက တရားဟောပလ္လင်ထက်မှ ယောဂီအားလုံးကို တရားမှတ်ရန် ဩဝါဒပေး၍ ပလ္လင်ပေါ်မှ ဆင်းသွားသည်။ မျက်စိကို မှိတ်ကာ ဝင်လေထွက်လေကို သတိကပ်၍ မှတ်စိတ်ဖြင့် ရှုရှိုက်လိုက်သည်။ ထိုစဉ်

ထိုင်နေရာ နေရာသည် သိမ့်ခနဲဖြစ်သွားကြောင်း သတိပြုမိသည်။

မျက်စိကို မှိတ်ထားရာမှ အသာဖွင့်၍ စက္ကူခြွေကို ချပြီး ကြည့်မိသည်။

တစ်သက်တွင် တခါတွေ့ရသော မြင်ကွင်း ဖြစ်သည်။

ဤမြင်ကွင်းကိုအမိပ္ပာယ်မဖော်တတ်သောကြောင့် နိုင်ငံတော်ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ပဌမတွဲ (ပထမပိုင်း)တွင် တိပိဋကဓရ ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ပြုစုသော စာပုဒ်ဖြင့် ဆရာတော်ကြီး၏ ကျေးဇူးတော် အနန္တကို ဦးခိုက်ပူဇော်ရင်း မှတ်သားဖော်ပြလိုက်ပါသည်။

"အသီးသီး အရင်းခံသဘောဖြစ်သည့် ကိစ္စလက္ခဏာတို့နှင့်တကွ ပါရမီဆယ်ပါး ဤတရားတို့ကို သုံးသပ်ဆင်ခြင်တော်မူသော အလောင်းတော်သုမေဓာရှင်ရသေ့၏ ပါရမီပဝိစယဉာဏ်ပညာ တန်ခိုးအစွမ်းကြောင့် စကြဝဠာပေါင်း တစ်သောင်း အရေအတွက်ရှိ သော ဤမဟာပထဝီမြေကြီးသည် ဝဲဘက်သို့ ယိမ်း၍လည်းကောင်း ယာဘက်သို့ယိမ်း၍ လည်းကောင်း၊ ရှေ့သို့တိုး၍လည်းကောင်း၊ အောက်သို့သက်၍လည်းကောင်း၊ အထက်သို့ တက်၍လည်းကောင်း ဤခြောက်ပါးသော အချင်းအရာဖြင့် ပြင်းစွာတုန်လှုပ်လေ၏။ ပဲ့တင်မြည်ဟည်းကြီးစွာသော အသံကိုလည်း ပြုလေသည်။ ကြံညှစ်သမားတို့လက်ဖြင့် နှိပ်အပ်သော ကြံကြိတ်စက်ယန္တရားကဲ့သို့လည်းကောင်း၊ ဆီစက်၌ လည်၍နေသော စက်ဝန်းကဲ့သို့လည်းကောင်း ဤမဟာပထဝီမြေကြီးသည် ထက်ဝန်းကျင် လည်၍လည်၍ လှုပ်လေသည်"

အထက်ပါ စာပိုဒ်ပါ အဓိပ္ပာယ်အတိုင်း ပင် မိမိ၏ ဉာဏ်မျက်စိတွင် မြေကြီးသည် အချိုးကျကျ လှုပ်ခါလည်ပတ်နေသည်ကို တွေ့ရပါသည်။ နားထဲ၌လည်း တဟီဟီအော်မြည်နေသော ပဲတင်သံကိုလည်း ကြားရပါသည်။ ကျေးဇူးတော်ရှင် တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ရှင်းလင်းရေးသားပြသသော တရားတော်များ၏ မြူမှုန်မျှလောက်သော တစ်စိတ်တစ်ပိုင်းအား နားလည်သဘောပေါက်သွားပါသည်။ ဤသို့ နားလည်သဘောပေါက်၍ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်လာပါသည်။ ဤသို့ အသိဉာဏ်ရရှိခြင်းသည် ရွာမဆရာတော်ကြီး ဦးနန္ဒဝံသ၏ ကျေးဇူးတော်ကို အမှီပြု၍ သူတော်ကောင်းအမှီရ၍ ဖြစ်ပါသည်။ ဤအကြောင်းကြောင်းများကြောင့် ရွာမဆရာတော် ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသွားသည့် တိုင် ဆရာတော်ဘုရားကြီးရှိနေသည့်ပမာ အစဉ်သတိရအောက်မေ့လျက် ရှိပါသည်။ ဆူနာမီရေလှိုင်း၏ ပြင်းထန်မှုသည် ရေမြေတောတောင်၊ လူ၊ တိရစ္ဆာန်တို့ကို ပျက်စီးစေနိုင်သော်လည်း မိမိ၏ ဗုဒ္ဓသာသနာအပေါ် ယုံကြည်သော စိတ်ဓာတ်ကိုမူ ဖျက်ဆီးနိုင်မည် မထင်တော့ပါ။

♦ တက္ကသိုလ်ငွေဝင်း





# သောတုဇန စာသင်သားဘဝ

## အရှင်ခေမာစာရ

တစ်စိတ်တစ်ဒေသလောက်
တင်ပြပါရစေ
ဝဿန်ကာလ တွေ့ကြုံရလို့
စာသင်ကာလ ပြောပြပါအုံး၊
မိုးကရွာ ဒို့ဘဝမှာ ဖိနပ်မပါ ထီးမရှိ
တစ်နည်းထပ်ကြည့်
ပေတရာမှာ အဖြေရှာတော့
ဝမ်းအရေး ဆွမ်းလေးရဖို့အတွက်
အိမ်စဉ်တက်
ဖြစ်ပြန်တဲ့အချက်ကတော့
ဟင်းကလည်း မကျက်သေး
ရတက်မအေးတာကတော့
ဆွမ်းအတွက် တစ်ခန်းဆက်ရမှာဖြင့်
ပုစွန်ငါးပိအလွန်ရှား
လက်ဖက်ခြောက်ကျပြန်တော့လည်း
မရှိသလောက်
သားဟင်းကျတော့ အစဉ်ဝေး
များမကြာမကြာ တွေ့ရတာကတော့
အရွက်သီး တစ်ချက်ငြီးစရာ
အမြဲရှုရတာကတော့ ပဲပြုပ်
ပဲပြုပ်ကျပြန်တော့လည်း ဆီမပါ

စာသင်သားတို့ဘဝ ရတက်မအေးလိုက်ပုံက
ဗုဒ္ဓကပေးလိုက်တဲ့ ပတ္တ(ခေါ်) သပိတ်လေးနဲ့
ကြိတ်တွေးကာ သာသနာအတွက်ပေမို့
စိတ်အေးကာ စာကိုကျက်ရတယ်
(ဩော်) ---- ခက်လှတယ်လေး. . . .။

အမည်မသိစာဆိုဖြစ်သည့် အထက်ပါကဗျာလေးသည် ငယ်စဉ်အခါ ကိုရင်လေးဘဝက စာသင်တိုက်မှာ နေစဉ် နှစ်သက်သဖြင့် ရေးမှတ်ထားမိခြင်းဖြစ်ပါသည်။ ကဗျာ၏အဓိပ္ပာယ်သည် ပေါ်လွင်လျက် ထိမိလှပါသည်။ စာသင်သားဘဝသည် အများနှင့် နေရသောကြောင့် ဆင်းရဲလှပါသည်။ စာသင်သားဘဝကို ရင်ဆိုင်ကြရသူတိုင်း အစားအသောက် အနေအထိုင်တို့သည် ချမ်းသာမှုမရှိပေ။ ကျောင်းတိုက်၏ တစ်သွေးတစ်မိန့် ဆိုသော ဩဝါဒများကို နာကြားရကာ စည်းကမ်းများသည် အများနည်းတူ ချမှတ်ထားသည့်အတွက် မိမိအဖို့ မကိုက်ညီသော်လည်း အထူးလေးစားစွာ လိုက်နာရသဖြင့် ကျပ်တည်းစွာ နေထိုင်ကြရပါသည်။ ဆိုလိုသည်မှာ အနေဆင်းရဲ အစားဆင်းရဲသော စာသင်သားဘဝပင် ဖြစ်ပါသည်။

### စာသင်သားဘဝ ဒုက္ခမသေးလှ

နေရတာ ဖျာတစ်ချပ်စာ၊ စားရေးက အစားဆင်းရဲကာ အဆင်မပြေလှ၊ အများနှင့် နေရတာကြောင့် ဤကဲ့သို့ ဒုက္ခကိုခံရခြင်း၊ ပညာရေးကြောင့် အစစအရာရာ သည်းခံရခြင်း၊ ဘဝအတွက် တိုက်ပွဲဝင်ရခြင်းဆိုသော စိတ်အသိများကိန်းအောင်းကာ တစ်နှစ်တာကာလ အောင်မြင်မှုတွေ ရရှိအောင်ကြိုးစားကြရသည်။ အောင်မြင်သော နှစ်တွေရှိခဲ့တာတွေလည်း ရှိခဲ့ရသလို ကျဆုံးခြင်းတွေလည်း ရှိခဲ့ဖူးကြ၏။ ထို့အတွက် ဝမ်းနည်းခြင်းတွေ ကြေကွဲခြင်းတွေနှင့် အတူ စာသင်သားဘဝရင်ဆိုင်ကြရသည်သာတည်း။ အမှန်တွေးသော် စာသင်သားဘဝ၏ ဒုက္ခသည် မအေးလှပါ။ စာလုပ်သော စာကြိုးစားသော အပေါင်းအသင်းကလျာဏမိတ္တနှင့် တွေ့လျှင် တော်သေး၏။ စာမလုပ်သော စာမကြိုးစားသော အပေါင်းအသင်းနှင့် တွေ့လျှင် စာသင်တိုက်သို့ လာသော ရည်ရွယ်ချက် ခံယူချက်တို့သည် လမ်းစပျောက်လျက် လမ်းလွဲကာ လမ်းမှားသို့ ရောက်သွားလေ၏။

### ကျေနပ်နှစ်သက်နေသော မိဘဆရာသမားများ

စာသင်သားဘဝသည် အပေါင်းအသင်း ကလျာဏမိတ္တနှင့် တွေ့လျှင် ကိုယ်ရည်ရွယ်သော ကိုယ်ဖြစ်ချင်သော ပန်းတိုင်သို့ အရောက်လှမ်းမှသာ ခရီးပေါက်မည် ဖြစ်သည်။ လမ်းကြောင်းတည့်လျက် အမှန်လမ်းသို့ ရောက်မည်သာတည်း။ ဆရာမိဘဆွေမျိုးညာတိတို့၏ အလယ်တင့်တယ်သော ဂုဏ်ယူနိုင်သော အောင်မြင်မှုတွေကို ရရှိအောင် ဖန်တီးပေးနိုင်သောကြောင့် ဆရာမိဘစသည်တို့ မျက်နှာပန်းလှကြလျက် ရှိကြပါ၏။ အချို့ဆရာသမားများသည် တပည့်တို့၏ အောင်မြင်မှုတွေကို ကျေနပ်ရှုံသာမက လောကအလယ် တင့်တယ်ရလေအောင် ဂုဏ်ပြုပွဲများလည်း ကျင်းပပေး၏။ ကျောင်းထိုင်ဘုန်းကြီးများသည် သာရေးကိစ္စ နာရေးကိစ္စများ၌ အချင်းချင်းတွေ့ဆုံကြသည့် အခါ ကိုယ့်တပည့်၏ အောင်မြင်မှုအကြောင်းတွေကို ချီးမွမ်းခန်းဖွင့်ကာ ချီးကျူးထောပနာပြုကြသည်။ မူလဥပဇ္ဈာယ်ဆရာများသည် ကြည်နူးပီတိဖြစ်ကြလျက် မိဘဆွေမျိုးညာတိများသည်လည်း ပျော်မဆုံး မော်မဆုံးဖြင့် ဂုဏ်ယူကြရသည်သာတည်း။

### စာသင်သားဘဝ၏ အဓိကအင်္ဂါသုံးချက်

**၁။ ခရီးမများရဘူး၊**

**၂။ ဘုန်းမကြီးရဘူး၊**

**၃။ ကျန်းမာရေးကောင်းရမည်။**

အထက်ပါသုံးချက်ကို စာရေးသူ စာသင်သားဘဝတွင် စာချဘုန်းကြီးတစ်ပါး၏ ဩဝါဒတစ်တွင် မှတ်သားဖူးပါ၏။ စာသင်သားသည် တစ်နှစ်တာစာသင်ချိန်အတွင်း မဖြစ်မနေသွားရသော မိဘဆရာသမားကိစ္စမှ တစ်ပါး ခရီးမသွားရပါပေ။ ထိုကိစ္စတွင် သွားပါက (၇)ရက်သာ သွားရ၏။ ကြာရှည်မသွားရ၊ ခရီးသွားသော် သွားခြင်းကြောင့် စာတက် စာကျက်မှုများ ပျက်ကွက်၏။ ထို့မျှမက ပြင်ပအာရုံများနှောက်ယှက်လာခြင်းကြောင့် စိတ်၏ တွေဝေမှုများ၊ အာရုံပျက်ပြယ်မှုများစသည်ဖြစ်တတ်ပါ၏။ စာပြန်ကျက်ရန် သမာဓိများ ပြန်လည်တည်ဆောက်ရခြင်းသည် အချိန်ပေးရပြန်သည်။ စာတက်မှုများ ပျက်ကွက်သည့်အတွက်ကြောင့်လည်း မှတ်စုများရေးသားမှု နောက်ကျခြင်းများ

ဖြစ်ရပါသည်။ ထို့ကြောင့် စာသင်သားများ ခရီးမများရခြင်း ဖြစ်ပါသည်။

စာသင်သားသည် ဘုန်းမကြီးရပေ။ ဘုန်းကြီးခြင်းကြောင့် ဒါယကာ ဒါယိကာမများတို့နှင့် ဆက်ဆံပြောဆိုရခြင်း၊ အလှူများသွားရခြင်းတို့ကြောင့် စာပေသင်ရာ၌ သမာဓိပျက်ပြား၏။ မိမိ၏ စာသင်ကြားမှုအပေါ် အာရုံစိုက်မှုနည်းပါးလာရ၏။ အများအမြင် စာသင်သားဘဝ ဘုန်းကြီးခြင်းသည် ကောင်းသည်ဟု ထင်ရသော်လည်း မကောင်းပေ။ မည်သည့်အရာပင်ဖြစ်စေ မပြည့်စုံသော အခြေအနေသည် တစ်ဘက်ကို ဇောက်ချမလုပ်ဘဲ လှေနံနှစ်ဘက် နင်းခြင်းမျိုး ဖြစ်တတ်၏။ တစ်ခုတည်းကိုသာ အလေးပေးလုပ်ဆောင်မှ ရသည်ကို သဘောပေါက်ထားပြီး ဖိဖိစီးစီး ဆောင်ရွက်ပါမှ အောင်မြင်မည် ဖြစ်ပါသည်။

စာသင်သားဘဝသည် ကျန်းမာရေးကောင်းရမည်။ အများနှင့်တန်းတူရည်တူ ကြိုးစားလုပ်ဆောင်ရာ၌ အများနည်းတူ ဆောင်ရွက်ခွင့်ရအောင် ကျင့်သုံးမှုသည် အထူးအရေးပါလှပါ၏။ ကျန်းမာရေးသည် "အာရောဂျ ပရမာ လာဘာ" ဟူသော ဗုဒ္ဓစကားတော်နှင့်အညီ ကျန်းမာရေးသည် မွန်မြတ်သော လာဘ်တစ်ပါးပင် ဖြစ်ပါသည်။ လောက၌ မည်မျှသော စည်းစိမ်ဥစ္စာပညာ ရာထူးဌာနများ ပြည့်ဝကြပါစေ။ ကျန်းမာရေးမကောင်းပါက ထိုအရာတို့သည် အချည်းနှီးသာ ဟု မှတ်ထင်ကြပေလိမ့်မည်။ ထို့ကြောင့် ပညာသင်ကြားရသော စာသင်သားဘဝတွင် ကျန်းမာရေးသည် အရေးကြီးသည်မဟုတ်ပါလော။ ကျန်းမာရေးကောင်းပါမှ ဖွဲလုလ္လကို အရင်းခံကာ ဉာဏ်ယှဉ်လျက် ပညာရေးကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## စာသင်နည်း(စာကျက်နည်း)

သုစိပုဘာ ဝိလိသိဓာ အကွရာစွဲသုံး ဤရှစ်လုံးကို သိကုံးပန်းသွင် နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု အခြေပြုတို့ ဥဇုဘူတ လုံ့လပြင်းစွာ သူထက်ငါဟု နှုတ်မှာရွရွ ကြိုးပမ်းကလျှင် သိပ္ပကျေးဇူး အထူးသိမြင် ပညာရှင်ဟု မထင်မပေါ် မကျော်ဇောဘဲ တီမှာလွဲအံ့ အရဲကြီးကုတ်ကြက်ရဲသုတ်သို့ ----------။

၁။ သုဏေယျ- ကြားနာရာ၏။
၂။ စိန္တေယျ- ကြံစည်ရာ၏။
၃။ ပုစ္ဆေယျ- မေးမြန်းရာ၏။
၄။ ဘာသေယျ- ပြောဆိုရာ၏။
၅။ ဝိစာရေယျ- စိစစ်ရာ၏။
၆။ လိခေယျ- ရေးမှတ်ရာ၏။
၇။ သိက္ခေယျ- လေ့ကျင့်ရာ၏။
၈။ ဓာရေယျ- နှုတ်ငုံဆောင်ရာ၏။

ဤကဲ့သို့ အရှင်မဟာရဋ္ဌသာရ ဆုံးမစာအတိုင်း စာကို လေ့လာမှတ်သားသင်ကြားသော် စာသည် မရဘဲ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။ စာပေကို သင်ကြားတတ်မြောက်ကာ မိမိ၏လို ရာပန်းတိုင်သို့ ရောက်နိုင်မည် ဖြစ်ပါသည်။

## စိတ်ဓာတ် စည်းကမ်း ပညာ

စာသင်ရာတွင် စိတ်ဓာတ်ရှိဖို့ လိုအပ်၏ စာသင်ကြားလိုစိတ် တတ်မြောက်လို ရယူလိုသော စိတ်ဓာတ်တွေ ရှိမှသာလျှင် မိမိသင်ကြားသော စာပေကို ရနိုင်မည် ဖြစ်သည်။ စာထဲတွင် စိတ်ဝင်စားမှု ရှင်သန်နေသော စိတ်ဓာတ်မရှိလျှင် စာပေသင်ကြားရာမှာ အချည်းနှီးပင် ဖြစ်ပါသည်။ တစ်ချို့စာသင်သားများကို တွေ့ဖူးပါသည်။ စာသင်တိုက်သို့ လာ၏။ စာသင်ချင်စိတ် စာလုပ်

ချင်စိတ်မရှိပေ။ မလွဲသာမရှောင်သာဘဲ စာသင်ရသလို ဖြစ်နေသည်ကို တွေ့ရ၏။ အများအမြင်မှာတော့ စာသင်သား၊ စာသင်သားအများစုမှာ စာသင်နေခြင်း စာကြိုးစားခြင်းကို အားမကျ၊ အတုမယူတတ်၊ ကုန်ကုန်ပြောရလျှင် စာသင်လိုသော သဒ္ဓါတရား လုံးလုံးမရှိ၊ စာသင်နေသော ပုဂ္ဂိုလ်များ အနှောက်အယှက်ပေးနေသလိုပင် ဖြစ်နေသည်ကို တွေ့ရသည်။ စာချသော စာချဆရာတော်များ ထိုတစ်ပါးကြောင့် စာသင်ရခြင်းကို စိတ်ဒုက္ခခံစားရသည်။ စာသင်တိုက်တွင် စာလုပ်ချင်စာသင်ချင်သော စာသင်သားများသာ ရှိသင့်သည့်အတွက် စာသင်လိုသော စိတ်ဓာတ်သည် အမှန်ရှိသင့်ပါသည်။

စာသင်တိုက်တွင် စည်းကမ်းသည် အများလိုက်နာနိုင်သော စည်းကမ်းများက ပိုများပါသည်။ မလိုက်နိုင်သော စည်းကမ်းဟူ၍ မရှိပေ။ တစ်ချို့စာသင်သားများသည် ပညာရေးတော်သော်လည်း အပေါင်းအသင်းမကောင်းသဖြင့် စည်းကမ်းဖောက်ဖျက်သော စာသင်သားအဖြစ်သို့ ရောက်သွား၏။ ထိုအခါ ကျောင်းတိုက်မှ အရေးမယူချင်သော်လည်း အရေးယူရသည့် အခြေအနေသို့ ရောက်ရပြန်သည်။ စာသင်နှစ်တစ်နှစ်ပျက်သွားကာ ပညာရေးနောက်ကျရပြန်သည်။ ဘဝအတွက် စည်းကမ်းမလိုက်နာသည့်အတွက်တာကြောင့် ပညာရေးနောက်ကျရပြန်သည်။ ထိုအဖြစ်မျိုးကို စာသင်သားများသည် အဖြစ်မခံသင့်ပေ။ ထို့ကြောင့် စာသင်သားသည် စည်းကမ်းကို အထူးလိုက်နာဖို့လည်း လိုအပ်လှ၏။

ပညာသင်ကြားသော အရွယ်တွင် ပညာကိုသာ အဓိကသင်ကြားရန်ဖြစ်၏။ ပညာတတ်ပါမှ ပညာအဆင့်အတန်းမြင့်ပါမှ ဘဝသည် မြင့်မားမည် ဖြစ်သည်။ အရာရာမှာ ပညာသည်သာ ဘဝအထက်တန်းသို့ ရောက်ကာ မျက်နှာပန်းလှသည့် ဘဝကို ဖန်တီးပေးတတ်၏၊ ပညာရှိမှသာ ဘဝအလယ်မှာ တင့်တယ်လှပါသည်။ ပညာသင်ချိန်တွင် ပညာကို ရှာဖွေကြသူတိုင်း ပညာ၏ အောင်ပန်းသည် မလွဲမသွေ ရရှိသည်သာတည်း။ ပညာမြင့်မှ လူမျိုးမြင့်သည်ကို မမေ့အပ်ပေ။ "လောကတွင် ဂုဏ်ရှိသောသူကိုသာ သူတွေက မြင်တတ်ကြ၏"ဟူသော စကားအတိုင်း ငယ်ရွယ်သော ပညာသင်ချိန်တွင် ပညာကို ရရှိအပ်သော ဂုဏ်ကိုသာ ပဓာနထားလျက် သင်ကြားသင့်ပါသည်။ သို့မှသာ မိမိအတွက် ပညာရေးကြောင့် ဘဝပန်းတိုင် ရောက်မည် ဖြစ်ပေသည်။

## ဆရာတော်၏ ဩဝါဒ

စာရေးသူတို့ နေစဉ်က ၁၃၅၇-ခုနှစ်က ဖြစ်သည်။ ထိုအချိန်တွင် စာသင်သား (၄၀၀)နီးပါး ရှိသည်။ ယခု ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ(ထိုစဉ် တိုက်အုပ်ဆရာတော်)ကိုယ်တော်တိုင် စာသင်သားများကို စီမံအုပ်ချုပ်သည်။ စာချတန်းအတွက် အခြေခံများ ရရှိအောင် ရူပသိဒ္ဓိကို ပို့ချသည်။ စာရေးသူတို့ စာချတန်းအတွက် အခြေခံနည်းစနစ်ကောင်းများကို ရရှိပါသည်။ တော်သည့် တပည့်တို့အား ပညာရေးနှင့် ပတ်သက်၍ မှတ်သားစရာ ဩဝါဒကို အမြဲပေးလေ့ရှိပါသည်။ ထိုတွင် ဟင်းစားပေး စာသင်နည်း၊ ကွန်ပစ်သော စာသင်နည်းများလည်း ပါဝင်၏။ ခေတ်နည်းစနစ်များကိုလည်း အမြဲဗဟုသုတရရှိအောင် ပြောပြလေ့ရှိသည်။ ဆရာတော်၏ ဩဝါဒကို ဤသို့ မှတ်သားဖူး၏။

"အရှင်ဘုရားများ ပညာသင်ယူသည့် အခါမှာ ရှေ့ပညာရှိတွေရဲ့ နည်းနာနိဿယတွေ အဆုံးအမတွေ ခံယူကျင့်သုံးလိုက်နာရမှာပဲ၊ ပညာကို ဂရုတစိုက်သင်ယူပြီး မိမိဘဝ မိမိ တိုးတက်ရာတိုးတက်ကြောင်းတွေကို ကြံစည်တွေး တောကြိုးစားတတ်ရမယ်။ ဘဝမှာ အမြဲတမ်း နောက်ကျမကျန်ရစ်စေနဲ့။ စာပေအမြင် အမြဲ ရှိစေရမယ်။"

**စာသင်သားဘဝ အချိန်**

စာရေးသူသည် ၂၀၀၆-ခုနှစ်၊ နွေရာသီ ယမိုက်ပဋ္ဌာန်းသင်တန်း(အင်းစိန်၊ ရွာမပရိယတ္တိ) တွင် သင်တန်းတက်ရောက်ဖူးပါ၏။ စာသင် သား၏ ဘဝအချိန်ကို မည်သို့ကျင့်သုံးသည်ကို ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ကြီးက သင်တန်းသားများအား ဤသို့မိန့်ကြားဖူးလေ၏။

"မောင်ရင်တို့ စာသင်သားဘဝကို ဘယ်လိုအချိန်မျိုးနဲ့ အဆုံးသတ်မလဲ၊ တပည့် တော်(ဆရာတော်)၏ ဘဝတစ်စိတ်တစ်ဒေသ ကို ကြည့်ခြင်းအားဖြင့် ဆရာတော်ဘယ်လို အချိန်တွေကို အသုံးချခဲ့သလဲဆိုတာ သိရှိနိုင် ပါတယ်။ နောက်ပြီး မောင်ရင်တို့အနေဖြင့် သမ္မာ သမ္ဗုဒ္ဓမတုလ်၊ သေဠ် တိလောကမဟိတ်-တွေ နဲ့ အချိန်ကုန်ကာ ကျေနပ်တော်မမူပါနဲ့ဘုရား။ ရှေ့ဆက်ပြီး သိစရာတွေများစွာ ကျန်နေသေး တယ်ဆိုတာ မမေ့ကြပါနဲ့ဘုရား"

**အချိန်နှင့်အမျှ အောင်မြင်နေဆဲ**

အချိန်သည် ရက်လနှစ်တွေပြောင်းကာ ပြောင်းလဲလျက်ရှိပါသည်။ ထိုအချိန်ထဲတွင် အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် လည်း အချိန်နှင့်အမျှ အောင်မြင်လျက်ရှိနေဆဲ ပင်။အချိန်တွေပြောင်းလဲနေသောကြောင့်လည်း နှစ်(၄၀)ခရီးသို့ တိုင်ရောက်ခဲ့ရပေသည်။ ထို ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ နှစ်(၄၀)ခရီးထဲ တွင် စာရေးသူသည်လည်း ဘဝရည်မှန်းချက် ဘဝပန်းတိုင်ကို ဖြည့်ဆည်းပူးခဲ့ဖူးသော စာသင် သားဘဝ ဖြစ်ခဲ့ရပါသည်။ ကျေးဇူးရှင်ဆရာ သမားများ၏ လောင်းရိပ်အောက်ဝယ် ပညာရင် နို့ သောက်စို့ဖူးသောကြောင့် ဘဝအသိဉာဏ် စာပေအသိဉာဏ်များ ရင့်သန်စေခဲ့သည်။ ထိုမှ တဖန် သာသနာတော်အတွက် တစ်ဒေါင့်တစ် နေရာမှ သာသနာ့ဥယျာဉ်မှူးသဖွယ် သာသနာ့ မျိုးဆက်သစ်ကလေးများကို အားသစ်လောင်း ပေးစေခဲ့သော ဆရာတစ်ပါးလည်း ဖြစ်ခဲ့ရပါ သည်။ စာရေးသူတို့သည် ကိုရင် ရဟန်းဖြစ် သော စာသင်သားဘဝ၊ ထိုမှတစ်ဆင့် စာချဘုန်း ကြီးဘဝဖြင့် အချိန်နှင့်အမျှ သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ----

ဆန္ဒမွန်ဖြင့်

နှစ်လေးဆယ်ခရီးကို ကြိုဆိုလျက်

ရွာမနွယ်ဖွား

♦ **အရှင်ခေမာစာရ**(ဓမ္မာစရိယ၊ ဘီအေ)





## အမေ

အမေဆိုတာ
အရာရာကို သာသာယာယာ
အခါခါလည်း ခွင့်လွှတ်နိုင်တယ် ။
အမေဆိုတာ
အကြင်နာအပြုံး အညင်သာဆုံးနဲ့
အစဉ်သာနှလုံးလှသူလည်းဖြစ်တယ် ။
အမေဆိုတာ
လက်ဘချိုတေး ရွှင်စရာပေးလို့
ရင်မှာနွေးနွေး နှစ်သိမ့်နိုင်သူလည်းဖြစ်တယ် ။
အမေဆိုတာ
သာယာငြိမ့်ညောင်း ဘဝကျောင်းရဲ့
ကျောင်းအုပ်ကြီးလည်း ဖြစ်တယ် ။
အမေဆိုတာ
ဘဝပန်းတိုင် လျှောက်လှမ်းနိုင်အောင်
လမ်းပြဆောင်တဲ့ မာလိန်မှူးကြီးလည်းဖြစ်တယ် ။
နွေမှာမပူ၊ မိုးမှာမစို၊ ဆောင်းမှာမအေး
အမြဲတွေးကာ လုံခြုံရေးအတွက်
နွေးနွေးထွေးထွေး အေးအေးမြေ့မြေ့
ထွေးပေးတာလည်း အမေပါပဲ ။
အမေ့ကျေးဇူး မြင့်မိုရ်ဦးကို
ရည်စူးမာန်လျော့ သားကန်တော့သည်
မသေ့ ကျန်းမာပါစေသတည်း ။ ။

ရွှာမမြေမှ သောတဇန မောင်ပညာ



# တိမ်ရောင်ခြယ် ပုဂံဝယ် ကွယ်ပါနဲ့လေး

**ကမ္ဘာလှည့်တင်တင်စိန်**

ပုဂံမြို့ ရှေးဟောင်းနှစ်ပေါင်း ၁၀၀၀ ကျော်က မြန်မာများ၏ ဂုဏ်ယူဖွယ်ရာ ရှေးဟောင်းဘုရားများစွာကို မရေနိုင်မတွက်နိုင် အနော်ရထာမင်းတရားကြီးမှ အစပြုထားခဲ့ပါသည်။ ယနေ့ထက်တိုင် ဖူးတွေ့နိုင်ပါသည်။

ရှေးဘုရားများကို အသစ်မပြုလုပ်သင့်ပါ။ ပြုပြင်မွမ်းမံသင့်ပါသည်။ အသစ်ပြုလုပ်ခြင်းကြောင့် ပုဂံပြည်ကြီး၏ ရှေးဟောင်းလက်ရာများ ပျောက်သွားပါသည်။

ခေတ်သစ်ပုဂံကိုမူ ရှေးဟောင်းပုဂံဟု မဆိုထားဘိပါ။ ရှေးဟောင်းအရသာ ပျောက်သည်ဟု နိုင်ငံများစွာကို ရောက်စဉ်တွင် ဝေဖန်သံကြားရပါသည်။ နယူးယောက်နေသူ ERIN HASONOFF ဒေါက်တာဘွဲ့ကို မြန်မာနိုင်ငံ ရှေးဟောင်းရုပ်ကြွင်းဖြင့် တင်ထားသူ မြန်မာ့ယဉ်ကျေးမှုကိုသာ အဓိကထားသူ ရှေးဟောင်းဌာမှ သုတေသီ(Anthropologist)က ဖော်ပြသည်မှာ ပုံတောင်ပုံညာဒေသကို ဝိသေသပြုသူပါဟူ၏။

ရှေးကဘုရားတည်ခဲ့သူတွေမှာ မှတ်တမ်းများတွင် ပျောက်နေပါသည်။ ယခု ဘုရားပြင်သူသာ တွေ့ရှိရပါသည်ဟူသော နိုင်ငံခြားဝေဖန်မှုတစ်ခုကိုလည်း ဖော်ပြလိုပါသည်။

စာရေးသူသည် ပုဂံကိုများစွာ ချစ်မြတ်နိုးတန်ဖိုးထားပါသည်။ ပုဂံသူ၊ ပုဂံသားများ ရိုးသားကြပါသည်။ အလွန်ချစ်စရာ ကောင်းကြပါသည်။ အပြုအမူများမှာ အခြားဒေသနေသူများနှင့် လုံးဝမတူပါဟု ထင်ရပါသည်။

စာရေးသူမှာ ရှေးဟောင်း သုတေသီ မင်းဘူးဦးအောင်ကြိုင်နှင့် အိမ်ချင်းနီးပါသည်။ အလွန်မှ ဗဟုသုတကြွယ်သော ဗဟုသုတဟင်းလေးအိုးကြီးပါ။ ဦးအောင်ကြိုင်နှင့် သူ၏ဇနီး မိသားတစ်စုမှာ ဗဟုသုတ ရှာဖွေစုဆောင်းတတ်ကြပါသည်။ အလွန်တော်ကြပါသည်။ မပြုမပြင်သော ဘုရားပုဂံမြို့တွင် မရှိသလောက်ဖြစ်နေပါသည်ဟု ရှေးဟောင်းသုတေသနဌာန ဒုတိယညွှန်ချုပ်(ငြိမ်း) ဦးအောင်ကြိုင်က ပြောပြပါသည်။

စာရေးသူထံတွင် နိုင်ငံခြားမှ မိတ်ဆွေများ ရောက်လာပါက "မြတ်ပုဂံဟိုတယ်" တွင် အခမဲ့ ထားရပါသည်။ ထမင်းကျွေးရပါသည်။ လိုက်ပို့ပေးရပါသည်။ မြတ်ပုဂံဟိုတယ် အရှုံးကြီးရှုံးနေသည်မှာ နှစ်ပေါင်းများစွာ ဖြစ်နေပါသည်။ သို့သော် ကုန်သွယ်ခွန် (BUSINESS TAX) ကို ပေးရပါသည်။ အမြတ်ခွန်မှာ တောင်းနေပါသည်။ ပေးနိုင်သမျှ ပေးထားပါပြီး မပေးနိုင်သေးသော အရှုံးခွန်ကို ပြရပါမည်။ ဧည့်သည်မလာ၊ ငွေဗလာဖြစ်ကာ ရန်ကုန်အိမ်မှ စိုက်ထုတ်ကာ လစဉ်လတိုင်း ပို့ပေးနေရပါသည်။

ဟိုတယ်ဆို၍ အထင်မကြီးပါနှင့်။ နိုင်ငံခြားသားများလာလျှင် ၅ ဒေါ်လာမှ စ,ဆစ်ပါသည်။ စာရေးသူတို့ နိုင်ငံခြားတိုင်းပြည်များ ဂျပန်ပင်ရောက်လျှင် တစ်ည ဒေါ်လာ ၁၅၀ ပေးရသည်။

ပါရီ လန်ဒန်၊ ရောမ မြို့များတွင် တစ်ည အပေါဆုံး ဒေါ်လာ ၂၀၀ကျော် ပေးမှ ညအိပ်ရပါသည်။ အရှက်မရှိ သူတို့နိုင်ငံမှ လာပါက ၅ ဒေါ်လာ/ ၁၀ဒေါ်လာ ဟု ပြောဝံ့ကြပါသည်။ ပုဂံသည် လာသူတိုင်းအား ဆွဲဆောင်မှုရှိပါသည်။

ဦးအောင်ကြိုင်လိုက်လံပို့သော မနုဟာဘုရားကြီး၏ နောက်တွင်ရှိသော ရှေးဟောင်းလောကချမ်းသာ ဘုရား၏အတွင်းမှ "လောကပါလာစ" နတ်မင်းကြီး၏ပုံကို တွေ့ဖူးခဲ့ရပါသည်။ ထူးဆန်းပါသည်။

ရှေးဟောင်းအိန္ဒိယနိုင်ငံရှိ ဟိန္ဒူများ၏ လက်ရာကဲ့သို့သော နတ်ရုပ်ကြီးကို တွေ့ခဲ့ရပါသည်။ များစွာ အံ့သြမိပါသည်။

ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းမြို့ဖြစ်သော ကျောက်တော်မြို့နှင့် မြောက်ဦးမြို့တို့တွင် ရှေးယဉ်ကျေးမှုများကို ကိုးသောင်းဘုရား ရှစ်သောင်းဘုရားတို့တွင် တွေ့မြင်နိုင်ပါသည်။

ရှေးဟိန္ဒူရုပ်ပမာ ရုပ်ပုံများစွာ ရှိပါသည်။ ရှေးဘုရားများ ပေါ်များကြလင့်ကစား ပြုပြင်ခြင်းကို နိုင်ငံတကာက မကြိုက်ကြပါ။ မနှစ်မြို့ကြပါ။ ဝေဖန်သံများ ကြားရပါသည်။

အင်ဒိုနီးရှားရှိ ဘရိုးဘူဒါဘုရားကြီး၊ ကမ္ဘောဒီးယားနိုင်ငံရှိ အင်္ဂါဝပ်ဘုရားကြီး၊ ထိုင်းလင်း ယိုးဒယားနိုင်ငံရှိ အာယုဒယဘုရားများ၊ လာအိုနိုင်ငံမြောက်ပိုင်းရှိ ရှေးဟောင်းဒေသများ၊ ဗီယက်နမ် မြောက်ပိုင်းရှိ ရှေးဟောင်းဒေသများ၊ အိန္ဒိယနိုင်ငံရှိ ရှေးဟောင်းနေရာဒေသများအားလုံးကို လုံးဝ အသစ်မပြုပြင်ထားပါ။ ပကတိမူလအတိုင်း တွေ့မြင်ဖူးမြော်ခဲ့ရပါသည်။ ထူးဆန်းပါသည်။ ရှေးဘုရားများကို ရှေးမူမပျက် ကမ္ဘာ့မှတ်တမ်းဝင်စေပါသည်။

ဥရောပရှိ ရောမနိုင်ငံကြီးနှင့် အင်္ဂလန်ရှိ ရှေးဟောင်းဒေသများ၊ ဂျာမနီနိုင်ငံရှေးဟောင်းနေရာများ၊ ဘဲလ်ဂျီယံရှိ ရှေးဒေသများ၊ ပြင်သစ်နိုင်ငံရှိ ဘာဆိုင်းနန်းတော်ကြီးများအား ထိန်းသိမ်းမှုသာ ပြုလုပ်ကြပါသည်။ အသစ်တစ်ဖန်ပြုလုပ်ထားခြင်း လုံးဝမရှိပါ။ ရှေးမူမပျက်လက်ရာများဖြင့် ထိန်းသိမ်းထားကာ နိုင်ငံတကာ TOURIST ATTRACTION ခရီးသည်များအား ဆွဲဆောင်မှုများစွာ ရှိနေပါသည်။ နိုင်ငံတကာ ဝင်ငွေကောင်းပါသည်။

ရှေးဟောင်းနေရာများကို တူရကီနိုင်ငံ၊ ဂရိနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ အီရန်နိုင်ငံ၊ အီဂျစ်နိုင်ငံ တို့မှာ အလွန်ပင် တန်ဖိုးထားထိန်းသိမ်းပါသည်။ သို့သော် တကယ်တမ်းလှပနေသော ရှေးဟောင်းသမိုင်းဝင် ပုဂံကို မမီပါ။

ပုဂံမြို့ကြီးကို မပြုမပြင်ဘဲထားကာ နိုင်ငံတကာမှ အထင်ကြီးစေမည့် မြို့ကြီးတစ်မြို့အဖြစ်



ရပ်တည်စေရန် ဖန်တီးကြပါဟု တိုက်တွန်းပါသည်။ မွမ်းမံပေးရန်သာ လိုအပ်ပါသည်။ အသစ်တစ်ဖန် ပြန်လည်ပြုပြင်နေခြင်းကို နိုင်ငံတကာမှ လာ၍ လေ့လာသူများမှာ လက်ခံခြင်း လုံးဝမရှိပါကြောင်း တွေ့သိရပါသည်။ သမိုင်းဝင်နေရာများကို ပြုပြင်ခြင်း မပြုလုပ်ရန်နှင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းသာ လုပ်သင့်ကြောင်း စာရေးသူ တင်ပြအပ်ပါသည်။

လာကြည့်သူများ လေ့လာသူများမှာ ရှေးအုတ်ပုံများကိုသာ သဘောကျကြပါသည်။

ဂျော်ဒန်နိုင်ငံကို ရောက်စဉ်တွင် ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းမှလွဲ၍ အခြားဝင်ငွေ လုံးဝမရှိ ရှေးရှေးကပင် ခရစ်တော်မွေးဖွားရာ ဘတ်တလီဟမ်မြို့နှင့် ခရစ်တော်နေထိုင်ခဲ့သော ဂျော်ဒန်နိုင်ငံ၏ ဂျေရုစလင်မြို့ကြီးများနှင့် ရှေးရှေးက သဲကန္တာရဒေသရှိ သဲတောင်ကြီးများကို ထွင်းထားသော ဖိစနီးဒေသ၊ ပင်လယ်သေဒေသများတွင် နိုင်ငံခြားခရီးသည်များ၏ ဝင်ငွေတစ်ခုတည်းဖြင့်သာ တစ်နိုင်ငံလုံး လည်ပတ်ကာ ချမ်းသာသော ဘုရင်ဟူစိန် အုပ်ချုပ်ခဲ့ဖူးပါသည်။ ယခုအခါတွင် ဟူစိန်ဘုရင်၏ အနီးကပ် သက်တော်စောင့်အကြံပေး အင်္ဂလန်သားအား ခေါ်ယူအကြံတောင်းခံရာမှ ထိုသူ၏သမီးနှင့် လက်ဆက်ခဲ့ရာ အင်္ဂလိပ်အမျိုးသမီးသည် ဘုရင်၏မိဖုရား ဖြစ်ခဲ့ပါသည်။ ထိုဟူစိန်ဘုရင်နှင့် အင်္ဂလိပ်စစ်စစ် မိဖုရားတို့မှ မွေးဖွားသော သားမှာ ထီးနန်းဆက်ခံ အုပ်ချုပ်လျက်ရှိနေပါသည်။ ကုန်းတွင်းနိုင်ငံ(Land Locked)ပင်လယ်ထွက်ပေါက် မရှိသောနိုင်ငံ၏ တိုးရစ်ခေါ် နိုင်ငံတကာမှလာသော ခရီးသည်များထံမှရရှိသော ဝင်ငွေမှာ ထိပ်တန်းမှ ဖြစ်နေပါကြောင်း အထောက်အထားနှင့် သိရှိခဲ့ပါသည်။

နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့တွင် ပင်လယ်ထွက်ပေါက်မရှိပါ။ ဆီးနှင်းဖုံးလွှမ်းနေသော ဟိမဝန္တာတောင်တန်းကြီးကို စိုးပိုင်နေပါသည်။ သို့သော် နိုင်ငံခြား လည်ပတ်လာသူများထံမှ ဝင်ငွေရရှိမှုကောင်းနေပါသည်။နိုင်ငံခြားသားများ (Tourist)များအား ယဉ်ကျေးစွာ ဆက်ဆံပါသည်။ ထိုသူတို့ထံမှ ဝန်ဆောင်မှုမှ ရသောငွေများဖြင့် လှည့်ပတ်နေရသော နိုင်ငံတော်ဝင်ငွေများကို သတိကြီးစွာဖြင့် ဆက်ဆံကာ ပျူငှာစွာ ရယူကြသည်။

ယခု ၂၀၀၉-ခုနှစ်၊ ဩဂုတ်လတွင် M.A.I (Myanmar Airways International) လေယာဉ်ပျံလက်မှတ်ကို ဝယ်ပါသည်။ စာရေးသူ နိုင်ငံခြားသွားပါက ကိုယ့်နိုင်ငံပိုင် လေကြောင်း စီးလေ့ရှိပါသည်။

လေယာဉ်ပျံကွင်း ရောက်ပါသည်။ အခါတိုင်း မြန်မာလေကြောင်းလိုင်း အနက်ပြာပေါ် အဝါရောင်မြင်းပျံလိုလို တံဆိပ်ကြီးကို စောင့်မျှော်ရှာပါသည်။ စာရေးသူမေးပါသည်။

ယခုပင်ဆိုက်နေသော (Dohar) ဒိုဟာ လေကြောင်းဖြင့် သွားရမည်ဟု ပြောပါသည်။ M.A.I ကိုမေးပါသည်။

လေယာဉ်ပျံကို ဘူတန်နိုင်ငံမှ ငှားပြီး ပြေးဆွဲနေရကြောင်း ရှင်းပြကြပါသည်။ ရင်ထဲသိမ့်ခနဲ ခံစားလိုက်ပါသည်။ မြန်မာနိုင်ငံလေကြောင်းမှာ ဟိမဝန္တာတောင်တွင်းမှ ဘူတန်နိုင်ငံ လေကြောင်းလိုင်းကို ငှားရမ်းအသုံးအစွဲပြုနေပါကြောင်း ကြားသိရ၍ စိတ်မကောင်းဖြစ်မိပါသည်။

ဘူတန် တိုင်းရင်းသားဝတ်စုံနှင့် လေယာဉ်မယ် လှလှလေးနှစ်ဦးမှာ သူတို့နိုင်ငံလေကြောင်းဖြစ်ကြောင်း သက်သေပြနေပြန်သည်။ ဘူတန်သူပျိုဖြူ ချောနှစ်ဦးကိုပါ ငှားရမ်း၍ လေယာဉ်ပျံနှင့်တကွ လေယာဉ်မယ်လေးနှစ်ဦးပါ ပါလာကြောင်း ကြားသိလိုက်ရပါသည်။

မြန်မာနိုင်ငံသည် အာရှတိုက်တွင် အလှဆုံးနိုင်ငံ လူမျိုးစုနွယ်ဝင် ၁၆၀ ခန့် နေထိုင်ကြောင်း သာယာသော ရာသီဥတုရှိကြောင်း၊ ဆီးနှင်းဖုံးလွှမ်းသောတောင်များနှင့် သဲဖြူလွလွရှိသော ကမ်းခြေပေါင်းများစွာရှိကြောင်း၊ အမေရိကန်နိုင်ငံ တက်ကဆက်ပြည်နယ်သူ မြန်မာကိုချစ်သော BRENDA DAVIDSON SHADDOX က ပြောပါသည်။

ဘရင်ဒါဒေဗစ်ဆင်ရှားဒေါ့မှာ မြန်မာနိုင်ငံသို့ ၁၂ နှစ်လုံးလုံး တစ်နှစ်ကို နှစ်ခါ၊ သုံးခါလာပါသည်။ တိုင်းရင်းသားဝတ်စုံများနှင့် ဓာတ်ပုံရိုက်ကာ အမေရိကတွင် ၂၀၀၂ ခုနှစ်မှ စတင်၍ ဓာတ်ပုံပြပွဲ ဝတ်စုံပြပွဲတို့ဖြင့် မြန်မာပြည်၏ သာယာသော အလှဖြင့် လူမျိုးစုနွယ်ဝင်များအား ချစ်မြတ်နိုးသဖြင့် ပြပွဲများကျင်းပနေပါသည်။ နာတောင်တန်း၊ ထရုံလူမျိုးစု လူပုလေး



ထံသို့လည်းကောင်း တစ်နိုင်ငံလုံးအနှံ့ သွားပါသည်။ တောင်ဘက်ဆုံး စလုံဒေသပါ အမေရိကာနိုင်ငံ၊ တက္ကဆက်ဒေသ၊ ကိုပါခရစ်တီး (Corpis-criste) တက္ကသိုလ်ပြတိုက်တွင် သကြံန်အကြိုနေ့တွင် စတင်ဖွင့်လှစ်ကာ ၄ လကြာ ဩဂုတ်လအထိ ပြပွဲကို ဖွဲ့နှင့် ကျင်းပခဲ့ဖူးပါသည်။ မြန်မာ့အလှကို ငွေကြေးမယူ အခမဲ့ ပြပွဲများစွာ ကျင်းပပေးပါသည်။

အမေရိကရှိ မြန်မာသံရုံးနှင့် ပူးပေါင်းကာ ဂျော့တောင်းတက္ကသိုလ် (Georgetown University) တွင် အသွယ်သွယ်သော မြန်မာအလှဓာတ်ပုံပြပွဲ ကျင်းပခဲ့ဖူးပါသည်။

ယခုစက်တင်ဘာနှင့် အောက်တိုဘာလတွင် မြန်မာအလှဖော်ကျူးသော ဓာတ်ပုံပြပွဲကို တက်ကဆက်ပြည်နယ် တက္ကသိုလ်ကြီးတစ်ခုတွင် စည်ကားသိုက်မြိုက်စွာ ပြခဲ့ပါသည်။ ဝေးလံသော နေရာကို နီးစေသည်။ (FAR

PLACES CLOSE) ဟူသော ခေါင်းစဉ်ဖြင့် (Sept 2 to Oct 11 2009)ပြပွဲ ကျင်းပခဲ့ပါသည်။ University of Texas San Antonio Texas တွင် မြန်မာတော်ပုံပြပွဲကို အခမဲ့ ကျင်းပပေးခဲ့ပါသည်။

မြန်မာနိုင်ငံသို့ အခါခါလာသော ဘရင်ဒါမှာ မြန်မာကို ချစ်လွန်း၍ မြန်မာကို ကမ္ဘာသိစေရန် ဖန်တီးပေးပါသည်။ မြန်မာနိုင်ငံတွင်းရှိ မိမိတို့၏ ဝတ်စုံဖြင့် ထုံးတမ်းစဉ်လာကို ထိန်းပေးသော တိုင်းရင်းသားလူမျိုးစုများကို အခြားမည်သည့် နိုင်ငံတွင် ဤမျှစုံအောင် မတွေ့ဖူးကြောင်း သူရှင်းပြဖူးပါသည်။ မြန်မာနိုင်ငံကို များစွာ အထင် ကြီးပါသည်။ဒေါ်ဘရင်ဒါ၏ မဟာရည်ရွယ်ချက် မှာ ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံတော်ဝင်ငွေများစွာ တိုးပွားရရှိစေရန် ဖန်တီးပေး လိုသော ဆန္ဒကို စာရေးသူအား ပြောပြပါ သည်။ မြန်မာနိုင်ငံပေါ် စေတနာဖြူစင်ကာ တိုးတက်စေလိုပါသည်။

ပုဂံကဲ့သို့၊ မြောက်ဦးကဲ့သို့၊ တောင်ကြီး မွေတော် ကက္ကူကဲ့သို့၊ မော်ဇာမြို့၊ ရွှေပျူယဉ်ကျေးမှု ပြဒါးလင်းဂူနှင့် စစ်ကိုင်းမုံရွာ အလောင်းတော်ကဿပဒေသများမှာ ကမ္ဘာတွင် မြန်မာမှတစ်ပါး အခြားမရှိဟု ဆိုထားသော ဒေါ်ဘရင်ဒါ၏ ကောက်ချက်မှာ များစွာအားရဖွယ်ရာဖြစ်နေပါသည်။ မြန်မာနိုင်ငံမြန်မာလူမျိုးများကို အလွန်မှ အထင်ကြီးပါသည်။

ဘရင်ဒါ၏ မွန်မြတ်သော မဟာမေတ္တာ စေတနာကား တစ်နိုင်လုံး ဆိုက်ကားဆရာ၊ မြင်းလှည်းဆရာမှ အစပြု၍ မီးရထား၊ လေယာဉ်ပျံ၊ ဘတ်စ်ကားလိုင်းများ ဈေးသည်များ ဟိုတယ်များနှင့် တက္ကစီဆရာများအားလုံး အဆင်ပြေ သာယာဝပြောသော မြန်မာနိုင်ငံကြီးကို မြင်တွေ့လိုခြင်း ဆန္ဒပါ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား ထပ်မံအသစ်ပြုလုပ်ခြင်းမှ ရပ်တန်းက ရပ်ပါရန် စာရေးသူ အနူးအညွတ် တောင်းပန် မေတ္တာရပ်ခံပါ၏။

စာရေးသူ၏ ရှေးဟောင်းသမိုင်း ကျောက်စာသုတေသီ ဆရာကြီး ဗိုလ်မှူးဘရှင်မှာ ရှေးရှေးကပင် ဘုရားတည်သူများက လယ်၊ ကျေးကျွန်နှင့်တကွ ဘုရားကိုလှူကာ သူတို့၏ ဘုရားများကို မထိစေရန် ကျိန်စာတိုက်ခဲ့သည်ဟု ကျောက်စာတွင် ပါဝင်ကြောင်း ဆိုပါသည်။

မြန်မာနိုင်ငံတွင် ရှားပါးကာကျောက်စာများကို မှိုင်းခံစက္ကူဖြင့် ကူးယူကာ ရှေးမှုမပျက် ဖော်ပြလေ့ရှိသော ဆရာကြီးဦးဘရှင်(ဗိုလ်မှူး) တစ်ဦးကိုသာ စာရေးသူတွေ့ဖူးပါသည်။ ဆရာကြီး ဗိုလ်မှူးဘရှင်ကို အလွန်ကြည်ညိုကာ လေးစားမိပါသည်။ ကျောက်စာကို သူမတူအောင် လေ့လာကာ ထူးချွန်ပြောင်မြောက်လှပါသည်။

စာရေးသူမဟာဝိဇ္ဇာတွဲ ယူစဉ်က ဆရာများတွင် ပုဂံခေတ်ကျောက်စာကို အထူးစိတ်ဝင်စားသော ကျောက်စာ ပါရဂူ ဗိုလ်မှူးဘရှင်ကို ကျေးဇူးတင်မိပါသည်။ ဖခင်သဖွယ် ကူညီစောင့်ရှောက်ခဲ့သော ပါမောက္ခ/ဒုဝန်ကြီး/ဝန်ကြီး ဆရာကြီး ဦးတင်အုန်းအား အထူးရိုသေလေးစားကာ ဖခင်သဖွယ်အားထားမိပါသည်။ မဟာဝိဇ္ဇာစာတမ်းကို စစ်ဆေးပေးသော ပါမောက္ခ (ချစ်ဒုက္ခ) ဦးဘညွန့် အား သဘောကောင်း၍ စိတ်ထား ဖြူစင်ကာ ဆရာပီသသော ပါမောက္ခများကို အထူးကျေးဇူးတင်မိပါသည်။

ကျောက်စာများလေ့လာရာတွင် သူတို့၏ ဘုရားများကိုထိပါက ငရဲလားပါစေဟု ဖော်ပြပါရှိပါကြောင်း သတိပြုမိပါသည်။ ကျောက်



စာအားလုံးတွင် ကျိန်စာများပါရှိနေကြောင်း သတိပြု၊ သတိထားမိပါသည်။ ပုဂံ ရှေး ဟောင်း ကျောက်စာများကို လေ့လာပါက မည်သည့် ဘုရားကိုမျှ ထိပါးခြင်း၊ ပြုပြင်ခြင်း၊ ဖန်တီးခြင်းများ လုပ်ဝံ့ကြမည်မဟုတ်ပါ။

မြန်မာ၏အလှကို ကမ္ဘာသိစေရန် သဘာဝနှင့် ဘရင်ဒါမှ ဖော်ကျူးပေးပါသည်။ စာရေးသူမှာ မြတ်ဗုဒ္ဓ၏ စိတ်ကို ပြုပြင်သော မှန်မြတ်သည့် ဝိပဿနာဖြင့် ကမ္ဘာကိုလွှမ်းစေရန် သဲတစ်ပွင့်အနေဖြင့် ကြိုးစားနေပါသည်။ မြန်မာစိတ္တသုခဖြင့် ကမ္ဘာကြီး၏ ဒုက္ခကို ဖြေရှင်းရန် စာရေးသူ ကြိုးစားပါမည်။

ဂုရုကြီး ဂိုအင်ကါအား သာသနာပြုရာ တွင် ယခုမျက်မှောက်ခေတ် ဗုဒ္ဓမြတ်စွာ၏ ဒေသနာများကို ရှင်းလင်းပြသခြင်း၊ ကမ္ဘာ အရပ်ရပ်တွင် ဝိပဿနာကျောင်းများစွာ ဖွင့်ထား ခြင်း။ အိန္ဒိယနိုင်ငံရှိ ထောင်များတွင် ဝိပဿနာ ဖြင့် လူမှုရေး ပြုပြင်ခြင်း၊ အီရန်နိုင်ငံ၊ အီရပ်နိုင်ငံ တို့တွင် ကျန်းမာရေးကောင်းစေရန် တရားပြသခြင်းများ ပြုလုပ်နေပါသည်။ ဆရာကြီး ဦးဘခင်၏ နည်းကို ဖော်ကျူးကာ ဆရာသမား ကို ထာဝရ ရိုသေလေးစားသော ဂုရုကြီး ဂိုအင်ကါမှာ မြန်မာနိုင်ငံမှ ဤကမ္ဘာကို လွှမ်းမိုး စေနိုင်ခဲ့ပါသည်။ စာရေးသူများစွာ သာဓုခေါ်ပါ သည်။

ဂုရုကြီး ဂိုအင်ကါ မြန်မာသားကောင်း ရတနာတစ်ပါး ဖြစ်ပါသည်။ စိတ္တသုခဖြင့် ကမ္ဘာကိုလွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်မြတ်ကြီးဖြစ် ပါသည်။ ကမ္ဘာတွင် ထူးခြားသောတစ်ဦးတည်း သော အာဇာနည်ကြီးပါ။

ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ကျန်းမာချမ်းသာ လန်းဖြာကာ စိတ္တသုခဖြင့် နေနိုင်ကြပါစေသော်။

**♦ ကမ္ဘာလှည့် တင်တင်စိန်**

မဟာသဒ္ဓမ္မဇောတိကဓဇ



## ရောင်ခြည်ဦး

ဖြန့်မိုးဝေစည် ကမ္ဘာတည်အောင်
ကြာရှည်ထွန်းပြန့် လေတစ်သန့်ဝယ်
ခန့်ခန့်ထည်ထည် ဘဝနယ်၌
ဂုဏ်ကြွယ်တင့်လှပေလိမ့်မည် ။

သာသနာရောင် ထွန်းလင်းပြောင်အံ့
လူ့ဘောင်ဝန်းကျင် သမုဒ်ပြင်ဝန်း
ကြည်လင်မှုပေး စဉ်မျှော်တွေးခဲ့
ငြိမ်းအေးချမ်းသာ သံသရာထဲ
ကြမ္မာရဟာတ် ကျင်လည်တတ်စွာ
သုံးသပ်ဆင်ခြင်ပေလိမ့်မည် ။

ဗုဒ္ဓမြတ်စွာ ဟောမိန့်နာခဲ့
သင်္ခါရနယ် အဝန်းကျယ်မင့်
ကျင့်ဖွယ်လီလီ မနသီက
ဖြစ်တည်မှုရှု အာရုံပြုလျက်
စက္ကူ[illegible]ရား မှတ်ယူပွားသည်
စွမ်းအားအစဉ်တင့်လိမ့်တကား ။ ။

(နှစ်လေးဆယ်သို့)

ထွန်းမြရီ



# အဖြူရောင်နှလုံးသားပိုင်ရှင်

အောင်မြင့်သောင်း(ဘူမိဗေဒ)



ရပ်ကွက်ထဲမှာ ပုရှည်ဆို လူတိုင်းသိကြသည်။ ပုရှည်က အလုပ်မည်မည်ရရမရှိ။ အလုပ်ရှိလည်း သူ့ကိုသိပ်ပြီး မသုံးချင်ကြ။ ဘာကြောင့်လဲဆိုတော့ ပုရှည်ရဲ့ညာဘက်ခြေထောက်တစ်ဘက်က သာမန်လူတွေလို မဟုတ်ဘဲ သိမ်ပြီးနိမ့်နေသည်။ မွေးရာပါ မသန်မစွမ်းတစ်ယောက်မို့ ပုရှည်မှာ အများတကာနှင့် ရင်ပေါင်တန်းပြီး အလုပ်မလုပ်နိုင်။ သူလမ်းလျှောက်လျှင် ထော့နင်းထော့နင်း ဖြစ်သည်။

ကလေးတွေက ပိုရှည်ဆို ကြောက်ကြသည်။ ပုရှည်လာတာ မြင်လျှင် ကလေးတွေ ထွက်ပြေးကြသည်။

‘ ဦးပုရှည်ကြီးလာနေပြီ ပြေးကြဟေ့ ’

ပုရှည်မှာ မိဘနှစ်ပါးမရှိတော့။ အစ်မလုပ်သူနှင့် အတူနေသည်။ အစ်မက ရှိစုမဲ့စုနှင့် ပုရှည်ကို အိမ်ပေါ်မှာ တင်ကျွေးထားခြင်းဖြစ်သည်။ ပုရှည်အစ်မက ကလေး (၅)ယောက်ရှိသည်။ ပထမအိမ်ထောင်နှင့်က (၂)ယောက်။ လက်ရှိအိမ်ထောင်နှင့်က (၃)ယောက်။

ပုရှည်ယောက်ဖက ဗေဒင်ဆရာယောင်ယောင်၊ ပယောဂဆရာ ယောင်ယောင်။ အထူးသဖြင့် မိန်းမလုပ်စာထိုင်စားနေခြင်းဖြစ်သည်။ အရင်အိမ်ထောင်နှင့်ရသည့် တူမအကြီးဆုံးက မအေလုပ်သူနှင့်လက်ရည်တစ်ပြင်တည်း ဈေးရောင်းကျွေးနေ၍သာ အားလုံးထမင်း နပ်မှန်နေခြင်းဖြစ်သည်။ ဒီတော့ ပုရှည်တစ်ယောက် အစ်မနှင့် တူမလုပ်စာ အဆင်သင့် စားရတာ မျိုမကျ။ သူ့ဘဝသူလည်းဘဝင်မကျ။

ဒီကြားထဲ အလုပ်မရှိတာချင်းအတူတူ ပုရှည်ယောက်ဖက ပုရှည်ကို သိပ်မကြည်ဖြူ။ ပုရှည်ကို ကျွေး၊ ကျွေးပြန်ပြီ။ မွေး မွေးပြန်ပြီ။ ကြာတော့ ပုရှည်နှင့်ကြိမ်ဖန်များစွာ စကားများကြသည်။ သူ့ယောက်ဖနှင့် ပုရှည် စကားများလျှင် အဲဒီနေ့ ထမင်းငတ်တဲ့နေ့ပဲ။ ယောက်ဖက ပုရှည်ဆို မကြာခဏ အိမ်ပေါ်မှ နှင်ချတတ်သည်။ စကားများလျှင် ပုရှည်အရှုံးချည်း။ အစ်မလုပ်သူက ပုရှည်ဘက်က မပါ။

‘ ပုရှည်ရယ်၊ ငါတော့ စိတ်ညစ်ပါတယ်ဟယ် ’

‘ နင်ကိုက ပြဿနာ မီးထွန်းရှာနေတာ’

‘ သူဘာပြောပြော နင်ပြန်မပြောနဲ့ပေါ့’

‘ သည်းခံပြီးနေရင်ပြီးတာပဲ ’

‘ငါ့ယောကျ်ားမကြည်ဖြူရင် နင်ဘယ်လိုဆက်နေမလဲ ’

‘ သူ မှန်မှန်မှားမှား မသိဟန်ဆောင်နေပေါ့ ’

‘ ဒီခေတ်ကြီးထဲမှာ ထမင်းနပ်မှန်အောင်စားရဖို့က လွယ်တာမှတ်လို့ ’

ဒီလိုနှင့် ပုရှည်၊ အစ်မအိမ်မှ ဆင်းခဲ့သည်။ ဒီတစ်သက် ပုရှည်အိမ် မပြန်တော့ဟု စိတ်ပိုင်းဖြတ်ထားသည်။ ရပ်ကွက်ထဲမှာ ကြုံရာအိပ်၊ ကျရာစားနေလိုက်သည်။ ဘဝပေးအခြေအနေအရ ရပ်ကွက်ထဲက သာရေးနာရေး အိမ်တွေသွားကာ ဝိုင်းကူလုပ်ပေးသည်။ထင်းခွဲပေးသည်။ နိုင်သလောက် ရေခပ်ပေးသည်။ မုန့်ဟင်းခါးချက်ဖို့ မီးဖိုပေးသည်။ ညလုံးပေါက် သစ်သားယောက်မ တစ်ချောင်းနှင့် မွှေနှောက်ပေးသည်။

လိုအပ်လျှင် လိုအပ်သလို ထင်းမီးထိုးပေးသည်။ သူများမလုပ်ချင်သည့် အိုးတိုက် ပန်းကန်ဆေး အောက်ခြေသိမ်းလုပ်ပေးသည်။ ကြတော့ ပိုက်ဆံမရတဲ့နေရာ ပုရှည်မပါလျှင်မပြီးဖြစ်လာသည်။ ပုရှည်က ဘာခိုင်းခိုင်း အကုန်လုပ်သည်။ နာရေး ဖိတ်စာဝေပေးရမလား၊

မင်္ဂလာဖိတ်စာကမ်းပေးရမလား၊ ညဘက်မျို့ ဟစ်ပေးရမလား ဟစ်ပေးရဲ့၊ ပဒေသာပင် ဆင်ပေးရမလား ဆင်ပေးရဲ့။ အိုးခွက်ပန်းကန်ငှားပေးရမလား ငှားပေးရဲ့၊ ဘုန်းကြီးသွား လျှောက်ပေးရမလား လျှောက်ပေးရဲ့၊ ရပ်ကွက်ရုံးပြေးပေးရမလား ပြေးပေးရဲ့။ အားလုံးပုရှည်မှ ပုရှည်။

ပုရှည်ကို အားအကိုးရဆုံး အလုပ်က မသာရေချိုးတဲ့နေရာမှာ ဖြစ်သည်။ ရပ်ကွက်ထဲ ဘယ်သူသေသေ ကာယကံရှင်တွေ ကျေနပ်လို့ကတော့ ပုရှည်ရေချိုးပေးပြီးသား၊ ရေချိုးပေးတဲ့ နေရာမှာ ပုရှည်က စေတနာပါသည်။ မသာကို တောင် ချေး(ဂျီး) တွန်းပေးသည် . . . တဲ့။ ပုရှည်ဆို အဲဒီနေရာမှာ ဆရာတစ်ဆူအဖြစ် အားလုံးက သတ်မှတ်ထားကြသည်။

ပုရှည်ကလည်း လူသေပြီဟေ့ . . ဆို သူ့အရင်ကိုင်ရမှ။ တစ်ယောက်ယောက်ကများ သူ့အလျှင်လုပ်ကိုင်နေပြီဆို ပုရှည်မျက်နှာ မသာယာတော့။ ဟိုလိုလို ဒီလိုလိုနှင့် ရှောင်ထွက်သွားတတ်သည်။ ကိုပုရှည် လက်ထဲအပ်လိုက်ပြီနော်၊ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေတော့သာပြော၊ ပုရှည်တို့ လက်စွမ်းပြပြီမှတ်။

မသာကို အင်္ကျီဆင်ပေးတာတို့၊ မသာအတွက် သနပ်ခါးသွေးတာတို့၊ သနပ်ခါးမကြိုက်တဲ့ မသာကို မိတ်ကပ်ခြယ်ပေးတာတို့၊ တခုတ်တရဖြင့် ပန်းခွေဆင်တဲ့ နေရာမှာ လည်း ပုရှည်က နာမည်ကြီး။ သူ့ဘာသာဝါးခွဲ၊ သူ့ဘာသာ ဝါးသပ်၊ သူ့ဘာသာ ပန်းလိုက်ဝယ်၊ ကုန်ကျစရိတ်ချပေးလျှင် ချပေးသလောက် ပုရှည်တို့က လှအောင်ဆင်ပြီးသား။

အဲဒီလိုနာမည်ရလာတော့ ရပ်ကွက်ထဲမှာ ပုရှည် အနေ အစားချောင်လည်လာသည်။ ဘယ်အလှူအိမ် တက်စားစား၊ ဘယ်အသုဘအိမ်တက်အိပ်အိပ် ပုရှည်ဆို နေရာတစ်နေရာ ရပြီးသား။ ရပ်ကွက် ဥက္ကဋ္ဌတောင် ပုရှည်လောက် မျက်နှာသိပ်မပွင့်။ အသုဘအိမ်တွေမှာ ဖဲဝိုင်းရှိတိုင်း ပုရှည်သာ အကောက်ကောက်ပေးရသည်။

ထိုအခါ အိမ်ရှင်တွေက ပုရှည်ခိုင်းတာ လုပ်ပေးရတော့သည် တော်ကြာ ရေနွေးတစ်အိုး၊ တော်ကြာ ဆေးလိပ်တစ်စည်း၊ တော်ကြာ ကွမ်းအစ်တစ်လုံး၊ ဘယ်လိုဖြစ်ဖြစ် (ရ)ရက်လည်ပြီဆို ပုရှည်အကောက်ဘက်က သိသိသာသာ စုမိကာမိပြီးသား။ ပုရှည်က သူများအကောက်ကောက်ပေးတဲ့သူတွေလို ပိုက်ဆံလည်းမခိုး၊ ဖဲဝိုင်းမှာ ထိုးသားလည်းပြန်မလုပ် အကောက်သက်သက်မှ တကယ့်အကောက်သက်သက်။ နာရေးရှင်တွေစိတ်ချရလောက်အောင် ညလုံးပေါက်မငိုက်ဘဲ စနစ်တကျ အလုပ်လုပ်ပေးတတ်သူ။

ပုရှည်မှာ လိုအပ်တာက မနက်စာ တစ်နပ်နဲ့ညစာတစ်နပ်၊ ပြီးတော့ ကျောတစ်နေရာစာ အိပ်စက်ဖို့။ အဲဒါတွေပြည့်စုံနေရင် ပုရှည်ဘဝက လုံလောက်ပြီ။ ပုရှည်က လူသေတွေကိုင်နေပေမယ့် တခြားသူတွေလို အရက်သမားမဟုတ်။ဆေးလိပ်ပင် မသောက်တတ်။ ဘဝကံနည်းလို့ ဒုက္ခိတဖြစ်နေပေမယ့် ပုရှည်မှာ လေးစားလောက်တဲ့ အရည်အချင်းတွေရှိသည်။

ဒါကို တစ်ရပ်ကွက်လုံးအသိ။

❖ ❖ ❖

အခုနောက်ပိုင်း သာရေးနာရေးတွေမှာ ပုရှည်ကို အတွေ့နည်းလာသည်။ အစကတော့ သိပ်သတိမထားမိကြ။ နောက်တော့ တော်တော်များများ သိသွားကြသည်။ ပုရှည် အလုပ်လုပ်နေပြီ. . . တဲ့။ ပုရှည် ဘာကြောင့်အလုပ်

ရှာရသလဲ။ အဲဒီမေးခွန်းက တော်တော် စိတ်ဝင်စားစရာကောင်းသည်။ ရပ်ကွက်ထဲမှာ ပုံမှန်နေနေရ၊စားနေရ၊အိပ်နေရလျှင်ပြီးပြီဟု ကြွေးကြော်ထားသော ပုရှည်။ခုတော့ အလုပ်နှင့် အကိုင်နှင့်။

ပုရှည် အလုပ်က အထည်ချုပ်တစ်ခုမှ နေ့စောင့်ဝန်ထမ်း. . တဲ့။ သူနှင့်လိုက်ဖက် ညီသည့်အလုပ်ကို ပုရှည် ရှာဖွေနိုင်ခဲ့ခြင်းဖြစ်သည်။ အလုပ်ရှိပြီဆိုတော့ ပုရှည် နေဖို့စဉ်းစားရပြီ။ စားဖို့သောက်ဖို့ ချက်ဖို့ပြုတ်ဖို့ နေရာလိုလာသည်။အရင်လို သာရေးနာရေးတွေ အချိန်ပြည့် မသွားနိုင်တော့၍ တသီးတသန့် ခိုနားစရာ မလွဲမသွေ ရှိမှဖြစ်မည်ဟု ပုရှည်သိထားသည်။ ဒီတော့ ရပ်မိရပ်ဖ ဦးမြအိမ်သွား၍ ကင်းတဲမှာ စောင့်ခွင့်ပြုရန်ပြောသည်။

လမ်းထဲမှာ အများအကျိုး ဆောင်ရွက် ပေးတတ်သော ပုရှည်၏ သမိုင်းကြောင်း ကောင်းမှုကြောင့် ချက်ချင်းပင် ဦးမြက ပုရှည်ကို ကင်းသမားခန့်လိုက်သည်။ပုရှည်ကိုခန့်တော့ စောင့်နေကျကင်းသမား အလုပ်ပြုတ်သည်။ ထိုကင်းသမားက မောင်ပိုဖြစ်သည်။မောင်ပိုက ပုရှည်ကိုမကျေနပ်။ အရက်တွေ အလွန်အကျွံ သောက်ကာ ပုရှည်ကင်းစောင့်သည့် ပထမဆုံး ညမှာ ကင်းတဲကိုခဲနှင့်ပစ်သည်။

ဒါကို ဦးမြသိတော့ အရက်သမား မောင်ပိုကို ရပ်ကွက်ရုံးခေါ်၍ ခံဝန်လက်မှတ်ထိုးခိုင်းလိုက်သည်။ပြီးတော့ ပုရှည်ကို ကျေနပ်လောက်အောင် တောင်းပန်စေသည်။ ပုရှည်က ဘာမှထွေလီကာလီမပြော။ ပုရှည် ပြောတာ တစ်ခုပဲရှိသည်။

" ငါ့ကိုခွင့်လွှတ်ပါ မောင်ပိုရာ၊ ငါ နေစရာ မရှိလို့ ခုလိုဖြစ်ရတာပါ "

တောင်းပန်ခိုင်းသည်က မောင်ပိုကို။ တောင်းပန်နေတာက ပုရှည်။ ဦးမြနှင့်တကွ ရုံးထဲကလူတွေဝိုင်းရယ်ကြသည်။ ပုရှည်က ဒီလောက်ရိုးသည့်လူ။ ပုရှည်ဘက်က ရပ်တည်ဖြေရှင်းပေးသည့် ဦးမြပင် ဒေါပွရသည်အထိ။ ရပ်ကွက်သူ ရပ်ကွက်သားတွေက ကင်းတဲမှာ အရက်မူး၍ အိပ်ပျော်နေတတ်သော ၊အရက်မူးမူးနှင့် သံချောင်းအရေအတွက် မှန်အောင် မခေါက်တတ်သော ကင်းသမား မောင်ပိုကို မကြိုက်တာကြာခဲ့ပြီ။ နောက်ထပ်ကင်းသမား အသစ်ရှာမရသေး၍သာ မောင်ပိုကို မေ့ထားခဲ့ခြင်းဖြစ်သည်။

ခုလိုပုရှည် ကင်းသမားလုပ်တော့ အားလုံး လိုက်လှဲဝမ်းသာနေကြသည်။ ပုရှည်က ရည်ရွယ်ချက်ကြီးကြီးမားမား ရှိလို့တော့မဟုတ်။တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်သဘောဖြင့် ကင်းစောင့်ခဲ့ခြင်းဖြစ်သည်။ပထမနေစရာရမည်။ဒုတိယလခ ရမည်။ နေ့ဘက်ဆင်းသော အလုပ်နှင့် ညဘက်စောင့်သော အလုပ်(၂)ခု၏ ရရှိမည့် ဝင်ငွေကို တွက်ကာ စိတ်ကူးနှင့်ပင် ကြည်နူးနေခဲ့သည်။

အကြောင်းမှာရပ်ကွက်ထဲက "လုံးတင်" ကို ပုရှည်ကြိုက်နေသောကြောင့်ဖြစ်သည်။ပုရှည် လုံးတင်ကိုပိုးပန်းနေတာကြာပြီဆို၏။လုံးတင် ကပုရှည်ပေးသမျှယူသည်။ ပုရှည်ကျွေးသမျှ စားသည်။ လုံးတင်မှာ ကလေးတစ်ယောက် အမေမုဆိုးမဖြစ်သည်။ လုံးတင်ယောကျ်ား ဆုံးသွားတာ (၅)နှစ်လောက်ရှိပြီ။လုံးတင်က ပဲပြုတ်ရောင်းသည်။ သူ့သားက ငထွန်း။ အသက်က (၇)နှစ်သာသာ။ နှစ်တန်းကျောင်းသား။

မုဆိုးမလည်းဖြစ် အားကိုးလည်း မရှိတာမို့ ပုရှည်ပိုးပန်းနေတာကို ဥပက္ခာပြုရာမှ တဖြည်းဖြည်း ရင်ဖိုသလိုဖြစ်လာသည်။ ကြာ

တော့ အရိုးခံသက်သက်ပုရှည်ကို လုံးတင် သာယာသလိုရှိလာသည်။ ပုရှည်က ဒုက္ခိတ လုံးတင်က မုဆိုးမ။ လုံးတင်က နာမည်နှင့်လိုက် အောင် လုံးနေ၊ ဝဖိုးနေသည်။ ဒါပေမယ့် အသား ကတော့ မဲပြာပြာရှိလှသည်။ ပုရှည် အပြောက လုံးတင်မှာ ပါးချိုင့်ပါသည်ဆို၏။ လုံးတင် ဘယ် လောက်ပြုံးပြုံး အဲဒီပါးချိုင့်က ပြန်ပေါ်မလာ တော့။ အကြောင်းက မျက်နှာပြည့်နေ၍ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ်လုံးတင်ကို ပုရှည်ချစ် သည်။ လုံးတင်ကို ချစ်သော အချစ်တွေကြောင့် ပုရှည် တစ်ခါမှမလုပ်ဖူးခဲ့သော နေ့-ည အလုပ် တွေလုပ်နေခြင်းဖြစ်သည်။သူဝါသနာပါသော သာရေး နာရေး အလုပ်တွေနှင့် သူ့ကိုအားကိုး တကြီးရှိလှသော ပတ်ဝန်းကျင်တွေကိုတောင် ဥပက္ခာပြုနိုင်လောက်သည်အထိ လုံးတင်ကသူ့ ကိုစွဲလမ်းစေသည်။လုံးတင်အတွက်ဆို ပုရှည် ဘာပဲ လုပ်ရလုပ်ရ လုပ်တော့မည်ဟု အဆုံးစွန် စိတ်ကူးထားသည်။ သူ့ဘဝမှာ လူဖြစ်လာ ကတည်းက လုံးတင်လောက် လှမ်းမိုးနိုင်သူ မရှိခဲ့ ဟု ပုရှည်ရင်မှာ ကိန်းဝပ်လျက်ရှိသည်။



" ပင်ပန်းလိုက်တာ ကိုပုရှည်ရယ် "

" ဒီလောက်လည်းမဟုတ်သေးပါဘူး "

"အလုပ်လေးဘာလေး တစ်ရက် တစ် လေ နားပါဦးလား "

" မလုပ်ပါနဲ့ လုံးတင်ရယ် "

" ဘာဖြစ်လို့လဲ ကိုပုရှည်ရဲ့"

" လစာတွေဖြတ်ခံနေရလို့ လုံးတင်နဲ့ နီးမယ့်ရက် ဝေးနေဦးမယ် "

" ဒီလောက်လည်း မဟုတ်ပါဘူး ကိုပုရှည်ရဲ့ "

" ဘယ်က မဟုတ်ရမှာလဲ "

" အို ကိုပုရှည်ကလဲ "

" လုံးတင်နဲ့ကိုယ် ဘယ်လို အကြောင်း ပြချက်နဲ့မှ အဝေးမခံနိုင်တော့ဘူး "

"အဲဒီလောက်တောင်ပဲလား ရှင်ရယ်"

" အဲဒီထက်တောင် ပိုသေးတယ် "

ပုရှည်မှာ လူကသာ မသန်မစွမ်း။စကား လုံးတွေက အတော်ကလေးမြင့်မားလျက် ဆွဲ ဆောင်ရည်ရှိလှသည်။ လုံးတင် ပုရှည်ကို ဤမျှ လောက် ပြောတတ်ဆိုတတ်လိမ့်မည်ဟု ထင် မထားမိခဲ့။

' မဝေးရပါဘူး ကိုပုရှည်ရယ်၊ ကျွန်မ ကတိ ပေးပါတယ်၊ ရှင်ကျန်းမာရေးသာ ဂရုစိုက်ပါ'

လုံးတင်၏ ကရုဏာစွက်သည့် စကားသံ လေးတွေက ပုရှည်အတွက် အားဆေးအခွက် ပေါင်းများစွာမက တန်ဖိုးရှိလှသည်။

" ကျေးဇူးတင်ပါတယ် လုံးတင်ရယ်၊ ကိုယ့်ကို နားလည်မှုစာနာမှုပေးတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ် "

ပုရှည် လုံးတင်မျက်ဝန်းကို စိုက်ကြည့်၍ ပြောလိုက်သည့် လှိုက်လှဲပျူငှာသော ခွန်းဆင့်

စကား ကြားရသူတွေတောင် ရင်ခုန်ရပါ တကား။

❖ ❖ ❖

ပုရှည် နေ့ဘက် အလုပ်ဆင်းနေပေမယ့် ညဘက်လုံခြုံရေး ကင်းတဲမှာ ရှိတော့ ရပ်ကွက်ထဲက လူတွေ အတိုင်းအတာ တစ်ခုထိ စိတ်ချမ်းသာကြသည်။ အရေးအကြောင်းဆို ပုရှည်ကို ပြေးခေါ်၍ အကူအညီတောင်းတတ်ကြသည်။ ပုရှည်က တော်ရုံတန်ရုံတော့ ပြေးလွှား လုပ်ကိုင်ပေးလိုက်သည်။ ဒါပေမယ့် အရင်လို လျှောလျှော ရှုရှုတော့မဟုတ်။

" ကျွန်တော့်ကို ခိုင်းချင်ရင် ဦးမြကို သွားပြော "

ဦးမြဆိုတာက ရပ်ကွက်ထဲမှာ ဩဇာ ညောင်းသူဖြစ်သည်။ အတော်များများ ကိစ္စတွေမှာ ဦးမြက ဖြူချင်လျှင် ဖြူကြရသည်။ ဦးမြက မဲချင်လျှင်မဲကြရသည်။ ဘယ်သူ့အရေး ကိစ္စဖြစ်ဖြစ် ဦးမြက ထိပ်ဆုံးမှ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ပေးတတ်သည်။ ငွေကြေးစိုက် ထုတ်လှူဒါန်းရမည့်ကိစ္စတွေမှာလည်း ဦးမြက လက်နှေးနေတတ်သူ မဟုတ်။

အထူးသဖြင့် ဦးမြကို ရိုသေကြသူတွေ အလွန်များသည်။ ဦးမြကလည်း စာပေနှံ့စပ်သလို ဗဟုသုတလည်း ကြွယ်ဝ ပြည့်စုံလှသည်။ သမထနှင့် ဝိပဿနာအကြောင်း ဦးမြက ရှင်းရှင်းလင်းလင်းနားလည်အောင် ပြောပြနိုင်သလို သူကိုယ်တိုင်လည်း တရားကို အပတ်တကုတ် ကြိုးစားအားထုတ်သူ ဖြစ်သည်။ တော်ရုံတန်ရုံလူက ဦးမြနှင့်ယှဉ်၍ စကား မပြောရဲ။

ဦးမြခွင့်ပြုမှ ပုရှည်ကို ခိုင်းလို့ရတော့မည်ဆိုတော့ တော်ရုံကိစ္စဖြင့် ပုရှည်ထံ မသွား

ရှင်လူသေတွေ ရေမချိုးနဲ့တော့နော်...၊ အတော်ကြာ ပုရှည် လုံးတင့် စကားကို နားထဲက မထွက်၊ ကြိမ်ဖန်များစွာပဲ့တင်ထပ်ကြားယောင် နေမိသည်။ သူ့ဝါသနာ အလုပ်ကို လုံးတင် သားလေးက မကြိုက်သလို၊ လုံးတင်လည်း နှစ်မြို့ဟန်မပြ။ သို့နှယ် ဆိုတော့...

ရောက်တော့ပါ။ ရှိတဲ့လူ၊ ကြုံတဲ့လူကိုသာ ခိုင်းနေကြရတော့သည်။ ပုရှည်သည် အခ ကြေးငွေနှင့် ကင်းစောင့်နေသော အလုပ်သမား တစ်ယောက်ဖြစ်သွား၍လည်း ဟိုတုန်းကလို သူ့ကိုယ်သူမပိုင်တော့။ သူ့ကို ရပ်ကွက်မီးကင်းမှ ပိုင်းသွားပြီ။ လူမှုရေးအလုပ်တွေက ကိုယ်လုပ်ချင်လည်း ထွက်လုပ်လို့ဖြစ်သလို ကိုယ်မလုပ်ချင်လည်း ထွက်မလုပ်လို့ဖြစ်သည်။

ခုတော့ တာဝန်ဆိုတာကြီးက ပုရှည် ရင်မှာ သံမှိုနှက်ထားသလို စွဲစွဲမြဲမြဲ ဖြစ်နေသည်။ ဦးမြက လမ်းထဲနှင့် ကင်းတဲဝန်းကျင်အနီးအနားမှ ကိစ္စတွေဆိုလျှင်တော့ ပုရှည်ကို ခဏတဖြုတ် လိုက်သွားစေပြီး အတန်ငယ်လှမ်းလျှင် မလွှတ်တော့ပါ။ ထို့ကြောင့် ပုရှည် အရင်လို ရပ်ကွက်ထဲမှာ သဟဇာတသိပ်မဖြစ်ဘဲ အတန်ငယ်ကင်းကွာသလို ရှိနေခဲ့ပါသည်။ ပုရှည်အလွန်ဝါသနာပါသော လူမှုရေးအလုပ်များနှင့် ဦးဦးဖျားဖျား

လုပ်ချင်သော မသာရေချိုးခြင်းအလုပ်ကို စွန့်လွှတ်ရတော့မည်။ မစွန့်လွှတ်လို့လဲမဖြစ်။

' ကိုပုရှည် ရှင့်ကို ကျွန်မသား ထွန်းက ကြောက်နေတယ် '

' ဘာဖြစ်လို့တဲ့ လဲ'

' ဦးပုရှည်က အလောင်းတွေ ရေချိုးတာတဲ့ '

' ဟင် '

' အဲဒါ သား အဲဒီလူကြီး လာတာ မကြိုက်ဘူးတဲ့ '

' ဟာ ဒုက္ခပါပဲ '

' အဲဒီတော့ ရှင်လူသေတွေ ရေမချိုးနဲ့တော့နော်. . .၊ အတော်ကြာ ပုရှည် လုံးတင့် စကားကို နားထဲက မထွက်၊ ကြိမ်ဖန်များစွာ ပဲ့တင်ထပ် ကြားယောင်နေမိသည်။ သူ့ဝါသနာ အလုပ်ကို လုံးတင် သားလေးက မကြိုက်သလို၊ လုံးတင်လည်း နှစ်မြို့ဟန်မပြ။ သို့နှယ်ဆိုတော့ နာရေးကိစ္စဘယ်က လာခေါ်ခေါ် 'ဦးမြက မလွှတ်ဘူး' ဟူ၍သာ ခေါင်းလွှဲလူမိုက်မွေးရတော့သည်။ ကြာတော့ ပုရှည်အလုပ်ကို ရပ်ကွက်ထဲက လူတချို့ ပုခုံးပြောင်း တာဝန်လွှဲယူသွားကြသည်။

သို့မှသာ ပုရှည်စိတ်အေးရတော့သည်။ ကိုရွှေပုရှည်စိတ်ထဲမှာတော့

' လုံးတင်နဲ့ ဝေးရရင် အခက် ' ဟု စိုးရိမ်နေမိတာတစ်ခုတည်း။

❖ ❖ ❖

ပုရှည် လုံးတင်နှင့် ကြိုက်ပြီး (၁)နှစ် လောက်ကြာတော့ လူကြီးစုံရာနှင့် စေ့စပ်ကြောင်းလမ်းသည်။ ရပ်ကွက်ထဲမှာ ပုရှည်နှင့် လုံးတင်တို့ စေ့စပ်ကြောင်းလမ်းပွဲက အတော် စည်စည်ကားကားရှိလှသည်။ ပုရှည်တစ်ယောက် ခြေထောက်ကလေး ထောက်ဆထောက်ဆနှင့် စေ့စပ်ပွဲလာ ဧည့်သည်တွေကို အားရဝမ်းသာ နှုတ်ဆက်ပြုံးပြနေသည်။

' ကြွကြွပါခင်ဗျာ၊ ကြွကြွပါ '

' သောက်ကြပါခင်ဗျာ၊ သောက်ကြပါ'

ကော်ဖီမစ်(ရှယ်) တစ်ယောက်တစ်ခွက်၊ စမူစာတစ်ယောက် တစ်ခုစီနှင့် ဧည့်ခံလိုက်တာ ပုရှည်တို့ လောက်ပင်မလောက်။ ပုရှည် စုထားတဲ့ လစာငွေလေးတွေ ပြောင်သွားသည်အထိ အားရပါးရ ဧည့်ခံလိုက်သည်။ ပုရှည်ရဲ့ စေ့စပ်ပွဲက စေ့စပ်ပွဲနှင့်မတူဘဲ အလှူလုပ်တာနဲ့ သွားတူသည်။ ကော်ဖီမစ်နှင့် စမူစာ တစ်ယောက်တစ်ခုမို့သာပဲ။ နို့မဟုတ်လျှင် သိပ်မလွယ်တော့ ၊ တစ်ယောက်တစ်ယောက် နှင့် လာလိုက်ကြတဲ့ ပုရှည်ရဲ့ ပရိသတ်တွေက နည်းနည်းနောနော မဟုတ်။

မင်္ဂလာဆောင်လျှင်တော့ ဘယ်လိုနေမည်မသိ။ သြချလောက်အောင် စည်ကားလှသည်မို့ အိမ်ရှင်ဖြစ်သည့် လုံးတင်ပင် မျက်လုံးပြူးမျက်ဆံပြူးဖြစ်ရသည်။ သူမ အိမ်ကလေး စေ့စပ်ပွဲလာ ပရိတ်သတ်တွေများလှတာမို့ ကျိုးကျသွားလျှင် အခက်ဟု စိုးရိမ်စိတ်ဝင်နေသောကြောင့် ဖြစ်သည်။ ထင်မှတ်ထားတာထက်ပို၍ အဆမတန် ကုန်ကျစရိတ်များက သောကရောက်လျှက် ရှိသော်လည်း ပုရှည်တစ်ယောက် လုံးတင် လုံးဝမသိစေရ။

မပူရှည်ကို ဟန်လုပ်၍ ဖုံးကွယ်နိုင်ခဲ့သည်။ ပုရှည်ကား စေ့စပ်ပွဲပြီး နောက်တစ်နေ့မှာ လုံးတင်အတွက် ပါတိတ်ဝမ်းဆက် တစ်စုံနှင့် ထွန်းအတွက် ဂျင်းဝမ်းဆက် တစ်စုံစီ ဝယ်ပေးလိုက်သေးသည်။ လိုသည့်ငွေကို အထည်ချုပ်

စက်ရုံထဲမှ အတိုးနဲ့ဆွဲ၍ ဝယ်ပေးခဲ့ခြင်း ဖြစ်သည်။ ဒါကို ပုရှည်ကလွဲ၍ မည်သူမှ မသိ။ ပုရှည်မှာ လုံးတင်တို့ သားအမိကိုသာ အဝတ်အစားတွေ ဝယ်ပေးနေသော်လည်း သူ့မှာတော့ အကျႌနှင့် ပုဆိုးပင် လုံလောက်အောင် ရှိသည် မဟုတ်ပေ။

လုံးတင်ကို သွားတွေ့လျှင် သူ့အလုပ်က ဂျူတီဝင်သည့် ယူနီဖောင်းလေး ဝတ်သွားလေ့ရှိသည်။ ဒါကလည်း အကြောင်းရှိသည်။ သူ့မှာ အကျႌအဝတ်အစား ချို့တဲ့တာ လုံးတင် မရိပ်မိစေရန်နှင့် သူ့လုပ်ငန်းဝင်ယူနီဖောင်းကို လုံးတင်လေး အထင်ကြီးစေရန် ရည်ရွယ်သည်။ လုံးတင်ကလည်း စာတတ်တာမဟုတ်။ ကကြီးခကွေးတောင် သားတော်မောင် ငထွန်းအော်ဆို အော်ကျက်နေ၍ ကြားဖူးခြင်းဖြစ်သည်။ ဘယ်လို နေလို့၊ ဘယ်လိုထိုင်ပြီး၊ ဘယ်လိုရေးရမည်မသိတဲ့ လုံးတင်လေ။

'ကိုပုရှည် ရှင့်လက်မောင်းက ဘာစာတွေလဲ'

'အဲဒါ ကိုယ့်ရာထူးလေ'

ပုရှည်က အလုပ်ချိန် တာဝန်ထမ်းဆောင်သည့် သူ့ယူနီဖောင်းမှ 'လုံခြုံရေး' ဟု စာရေးထားတာကို လုံးတင်အား ကြွားလိုက်ခြင်းဖြစ်သည်။

'ဟယ်၊ ကိုပုရှည်က ရာထူးတွေ ဘာတွေရှိတယ်ပေါ့'

'ရှိတာပေါ့ လုံးတင်ရဲ့'

'ဟုတ်လား'

'ဂိတ်မှာ ကိုယ်က အဓိက စစ်ဆေးရေးမှူးဆိုပါတော့'

'ဩော်'



'ကိုယ်သာ ဂိတ်ပိတ်ထားလိုက်ရင် စက်ရုံထဲကလူတွေ တစ်ယောက်မှ အပြင်ထွက်လို့ မရတော့ဘူး'

'အဲလိုတော့ မလုပ်ပါနဲ့ ကိုပုရှည်ရယ်'

'အမြဲတမ်းတော့ မဟုတ်ပါဘူး၊ တစ်ခါတလေ ပညာပေးရုံပါ'

အမှန်တော့ လုံခြုံရေးဆိုတာ ဂိတ်မှာ အဓိက စောင့်ကြပ်ရခြင်းဖြစ်သည်။ ကား အဝင်အထွက်ရှိလျှင် တံခါးပြေးဖွင့်လိုက်၊ လူအဝင်အထွက်ရှိလျှင် ဂိတ်ပတ်စစ်ဆေးလိုက်၊ အလုပ်လွှတ်လျှင် ဝန်ထမ်းတွေကို စမ်းသပ်ရှာဖွေလိုက်၊ အလုပ်ချိန်မှာ တံခါးပိတ်ထားလိုက်။ ဒါလုံခြုံရေး ဝန်ထမ်းတစ်ယောက်ရဲ့ အဓိက ပုံမှန်လုပ်ရမယ့် အလုပ်။

လုံးတင်ကိုတော့ ပုရှည် ဒီလိုရှင်းပြမထား။ သူ့ကိုယ်သူ အလုပ်မှာ 'စစ်ဆေးရေးမှူး' ဟု အထင်ကြီးအောင် ရှင်းပြထားသည်။ ဘယ်လိုဖြစ်ဖြစ် ပုရှည်ပြောသမျှ ယုံ၍ ပုရှည်ကို အထင်ကြီးတာ လုံးတင်တစ်ယောက်တည်းရယ်။

❖ ❖ ❖

ပုရှည်တို့ စေ့စပ်တာ ၄၊ ၅ လကျော်ပြီ၊ လက်မထပ်ရသေး။ ပုရှည်အခက်တွေ့နေသည်။ လုံးတင်နှင့် အဆင်ပြေသော်လည်း လုံးတင်သားငထွန်းကို လုံးဝစည်းရုံးလို့မရ။ ဒီကောင် ပုရှည်ကို မြင်တာနှင့် 'ကြောက်တယ်၊ ကြောက်တယ်' ဟုအော်ဟစ်ငိုယိုနေသောကြောင့်ဖြစ်သည်။ ပုရှည် နည်းပေါင်းစုံသုံးသည်။ လုံးတင်မှတစ်ဆင့် ငထွန်းအတွက် လိုအပ်တာတွေ အကုန်ဝယ်ပေးသည်။ မုန့်တွေ အကုန်ဝယ်ကျွေးသည်။ ငထွန်းဆိုသည်မှာ ပုရှည်ကိုယ်တိုင်ပေးလျှင် မယူ၊ ပုရှည်ကိုယ်တိုင် ကျွေးလျှင် မစား။

ဘာပဲဖြစ်ဖြစ် သူ့အမေက တစ်ဆင့်ပေးရကျွေးရသည်။ ဒါပေမယ့် ပုရှည်သာ ပိုက်ဆံကုန်သွားသည်။ လိုရာရောက်မလာ။ ပုရှည်လားဆို ခါးခါးသီးသီး။

'သားအတွက် ကစားစရာတွေ ဝယ်ပေးလိုက်တာ ဦးပုရှည်လေ သားရဲ့ '

' အမေရယ်၊ သား အဲဒီလူကြီးကို အရမ်း ကြောက်တယ် '

' ဘာဖြစ်လို့လဲ သားရဲ့၊ မနက်ကတောင် သားအတွက် မုန့်တွေဝယ်ထည့်ပေးလိုက်သေးတယ် '

' သား သူငယ်ချင်းတွေက ဦးပုရှည်ကြီးမှာ လူသေကောင်ဓာတ်တွေ ကူးစက်နေတယ် တဲ့ '

' မဟုတ်က ဟုတ်က သားရယ် '

' ဘယ်က မဟုတ်ရမှာလဲ အမေရဲ့၊ ဦးပုရှည်ကြီးက လူသေကောင်တွေနဲ့ အမြဲတမ်းရေအတူချိုးတာတဲ့ '

' မဟုတ်တာ '

' သိပ် ဟုတ်တာပေါ့ အမေရယ်၊ သားသူငယ်ချင်းကိုယ်တိုင်မြင့်ခဲ့တာ '

' ဘယ်မှာတုန်း '

' သား သူငယ်ချင်း ဦးလေးဆုံးတော့ သူ့မျက်စိရှေ့မှာတင် ဦးလေးအသေကောင်ကြီးနဲ့ ပယ်ပယ်နယ်နယ် ရေချိုးနေတာတဲ့၊ ပြောရင်း သားတောင်ကြက်သီးထလာပြီ '

'သူ့လက်ကြီးက ကြမ်းကြမ်းတမ်းတမ်းနဲ့ ကြောက်စရာကြီးတဲ့၊ ပြီးတော့ ဘယ်အသုဘမဆို အဲဒီလက်ကြီးနဲ့ သနပ်ခါးတွေ ဖွေးနေအောင် သေသေချာချာလိမ်းပေးသေးတာတဲ့ '

' သားရယ် '

' မေမေ အဲဒီလူကြီးလက်နဲ့ မထိအောင်နေနော် သားသားကြောက်တယ် '

ကလေးအတွေးနှင့် ပြောနေသောစကားတွေက မှန်သင့်သလောက်မှန်သည်။ ကိုပုရှည်ဆိုတာ ရပ်ကွက်ထဲမှာ မသာကိုယ်စားလှယ်အဖြစ် ကင်ပွန်းတပ်ခံရသူ။ ဘယ်သူသေသေ၊ လူရာနှုန်းပြည့်နီးပါး ကိုပုရှည်လက်နှင့်မကင်း။ ထို့ကြောင့် ကိုပုရှည်ကို မြင်တိုင်း ကလေးတွေက ကြားဖူးနားဝနှင့်ပင် ထိတ်လန့်နေကြခြင်းပဲ ဖြစ်သည်။ လိပ်ပြာငယ်သည့် ငထွန်းက ပတ်ဝန်းကျင်အကြားစကားနှင့်ပင် ကိုပုရှည်ကို ဘယ်လိုမှ ကြည်ညိုမလာခဲ့ပါ။

တစ်နေ့ ပုရှည်နှင့် လုံးတင်တို့ သားအမိရုပ်ရှင်ကြည့်ဖို့ချိန်းသည်။ လုံးတင်က ငထွန်းနှင့် ကိုပုရှည်တို့ ရင်းနီးမှုရအောင် ရည်ရွယ်ချင်းဖြစ်

သည်။ ထွေန်းတစ်ယောက် မျက်လုံးကလေး ပေကလပ်၊ ပေကလပ်နှင့် ပုရှည်ကို မရဲတရဲ ကြည့်ကာ ထိတ်ထိတ်လန့်လန့်နှင့် လိုက်ပါလာခြင်းဖြစ်သည်။ စိတ်ထဲလုံးဝ ဝင်စားလှသည် မဟုတ်။ နဝဒေး ရုံရှေ့ရောက်တော့ ကားလမ်းကူးကြသည်။ ပုရှည်က လုံးတင်လက်ကို တစ်ဘက်၊ ထွေန်းလက်ကို တစ်ဘက်ကိုင်ကာ လမ်းကူးပေးဖို့ ပြင်လိုက်ခြင်း ဖြစ်သည်။

အဲဒီမှာ ပြဿနာတက်တော့သည်။ ထွေန်းက ပုရှည်လက်ကြီးနှင့် သူ့လက်ကိုလည်း လာကိုင်ရော လန့်ပြီးထွက်ပြေးသွားတော့သည်။ ကားလမ်းကို တဟုန်ထိုး ဖြတ်အပြေး ခရီးသည်တင် Taxi တစ်စီးနှင့် ခလုတ်တိုက်ပြီး လဲကျသွားသည်။ ပုရှည်ကော လုံးတင်ပါ မျက်လုံးတွေပြာဝေသွားကြသည်။ ထွေန်း ဘာဖြစ်သွားသည် မသိ။ သတိလစ်သွားတာတော့ သေချာသည်။ လူတွေလည်း ဝိုင်းအုံလာကြပြီ။

အချိန်နှင့်တစ်ပြေးညီ နီးစပ်ရာ ဆေးခန်းပြေးကြသည်။ Taxi သမားကလည်း လန့်ဖျပ်ကာ ပြာယာခတ်လျက် အကုန်လိုက်လုပ်ပေးသည်။ ကုန်ကျစရိတ်ခံရုံမက ပုရှည်ကို ထွေန်း၏ ဖခင် အမှတ်ဖြင့် တလေးတစားဆက်ဆံလျက် လက်ထဲ ငွေနှစ်သောင်း အတင်း ထည့်ပေးထားလိုက်သည်။ ပြီးတော့ ပုရှည်နှင့် လုံးတင်ကို ထိုင်ပြီးပဲ ရှိခိုးတော့မလိုလို ထွက်ပဲပြေးတော့မလိုလို။

အမှန်တော့ ကားသမား အမှားမဟုတ်ပါ။ ပုရှည်လက်ကိုလန့်၍ရုတ်တရက် ကားလမ်းကို ဖြတ်အပြေး၊ ဘရိတ်ဆောင့်အုပ်လိုက်သောအသံနှင့်ကားကို အရှိန်ဖြင့် ဝင်ခလုတ်၏တိုက်လိုက်သော အရှိန်ကြောင့် ကတ္တရာလမ်းပေါ်ပုံလျက် သတိလစ်လဲကျသွားခြင်း ဖြစ်သည်။ ဆရာဝန်က အကြောက်လွန်သွား၍ ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် စိုးရိမ်စရာ မရှိတော့ကြောင်း စစ်ဆေးပေးခဲ့ပါသည်။

ဒီတော့မှ Taxi သမား၊ ပုရှည်နှင့် လုံးတင်ပါ စိတ်အေးသွားခဲ့ရပါသည်။ သို့မဟုတ် လျှင် ခက်ပေဦးတော့မည်။

❖ ❖ ❖

ကားတိုက်ခံရတာ ဘာထိခိုက်ဒဏ်ရာမှ မရရှိခဲ့သော်လည်း ထွေန်းတစ်ယောက် နောက်ရက်မှ စ၍ အိပ်ရာထဲက မထတော့ပါ။ ပါးစပ်မှလည်း ကယောင်ကတမ်း အော်ဟစ်နေတာ ကြားရသည်။

" သားကြောက်တယ် အမေရဲ့ "

" ဦးပုရှည်ကြီးကို ခေါ်မလာပါနဲ့ "

" မေမေ ဦးပုရှည်ကြီး လက်ကြီးက ကြောက်စရာကြီး "

" လူသေကောင်တွေကို ဦးပုရှည် ခေါ်လာနေပြီ "

" တံခါးပိတ်ထားပေးပါ အမေရယ်၊ သားကြောက်လို့ပါ "

ကိုပုရှည်နှင့် ပတ်သတ်၍ သားဖြစ်သူ ထွေန်းတစ်ယောက် ကယောင်ချောက်ချားဖြစ်နေမှန်း လုံးတင် သေချာသိသွားသည်။ ပုရှည်လည်း မျက်နှာမကောင်း။ ထွေန်းဆိုတဲ့ ကလေး။ ဒီကလေးကြောင့် ပုရှည် အသည်းကွဲရတော့မည်။ ထရမလို ထိုင်ရမလိုနှင့် ပူစပ်ပူလောင်ဖြစ်နေသည့် ပုရှည်။ သူဘာလုပ်ရမည် သေချာမသိတော့။ ပုရှည်ရဲ့ အိပ်မက်တွေ မှုန်ဝါးလျက် ရှိချေပြီ။ ဒီတစ်ခါ လုံးတင်လည်း လာရောက်၍ နှစ်သိမ့်မပေးတော့။

လုံးတင်လည်း ပုရှည်ကိုသနားသည်။ ပြောမပြတတ်အောင်လည်း အားနာသည်။ အဆိုးရွားဆုံးကတော့ ပုရှည်ကို သနားချစ်ဖြင့် ချစ်မိသွားခြင်းပဲ ဖြစ်သည်။ သို့သော် ဘယ်လောက် ချစ်တယ်ပြောပြော လုံးတင်အရွယ်က ရှူးရှူးမိုက်မိုက် အရွယ်မဟုတ်။ အိမ်ထောင်ကျပြီး၍ မုဆိုးမဘဝပင် ခံယူထားရသည့်အနေအထား ရှိခဲ့ပြီ။ သူမဘဝမှာ ထွေန်းဖအေ ဆုံးပြီးကတည်းက ဘာခံစားချက်မှ ရေရေရာရာ မရှိတော့တာ အမှန်ပါပဲ။

ဒါကို ပုရှည်ဆိုသည့် ဖွတ်တရွတ်လူအကြီးက အကြိမ်ကြိမ် လာရောက်နှိုးဆွခဲ့တာ။ ကျောက်ဆောင်ကျောက်သားသော်မှ ရေစက်ကျပါများတော့ ပဲ့ပါသွားတတ်တာမဟုတ်လား။ လုံးတင်မှာက သွေးနဲ့ကိုယ် သားနဲ့ကိုယ်။ ကိုပုရှည်က ဘဝမလှပေမယ့် စိတ်ထားဖြူစင်လွန်းလှသည်။ ကိုယ်အင်္ဂါ အစုံအလင်နှင့် မသန်မစွမ်းဖြစ်နေတာကလွဲလျှင် လုံးတင်အပေါ် သူမတူအောင်ကောင်းခဲ့သည်။ ရပ်ထဲရွာထဲက ဘယ်လိုပဲပြောပြော ကိုပုရှည်ဆိုတာ ဘာဆိုဘာမှမသိတော့လောက်အောင် သူမကို အကောင်းဆုံး ချစ်ခင်စွဲမက်လျက် အရာအားလုံး ပေးဆပ်နိုင်ခဲ့သူ။

သို့တိုင်လျက် သားတော်မောင် ထွေန်းက ကိုပုရှည်ဆို ဘယ်လိုမှ လက်မခံနိုင်ခဲ့သည်မို့ လုံးတင် လက်မှိုင်ချရပြီ။ ဖတဆိုးလေး ထွေန်း၊ လုံးတင်သာအမိ၊ လုံးတင်သာ အဖ။ မွေးကင်းစကပင် မအေကိုတစ်ခါမှ ဒုက္ခမပေးဘူးတဲ့ကလေး။ လုံးတင် ပဲပြုပ်ရောင်းထွက်သည့် မနက်တိုင်း အိပ်ရာထဲမှာ အိပ်စက်ကျန်ရစ်ရှာသည့်ကလေး။ မအေမပြန်မချင်း ချီးလူးလူး သေးလူးလူး အိပ်ရာထဲမှာသာ လူးလိမ့်နေခဲ့သည့် ကလေး။ မအေကို ကလေးတန်မဲ့ သိတတ်စွာ မငိုမဆူပဲ တခစ်ခစ်နှင့် ဆီးကြိုပြုံးပြသည့် ကလေး။

အနေအထိုင် ချို့တဲ့ဆင်းရဲပေမယ့် မအေထိတ်လန့်အောင် တစ်ခါမှ ကြီးကြီးမားမား နာဖျားခြင်းမရှိခဲ့တဲ့ ကလေး။ ဤကလေးက လုံးတင်ရဲ့ အိပ်ပျော်နေသော နှလုံးသားကို ဆွဲကိုင်လှုပ်နိုင်စွမ်းရှိသော ကိုပုရှည်ဆိုသည့် သနားစဖွယ် အားငယ်နေရှာသည့် လူတစ်ယောက်ကြောင့် အိပ်ရာထဲ ဘုန်းဘုန်းလဲရှာပြီ။ မည်သို့ဆိုစေ လုံးတင် ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်ပြီ။ သားအတွက် ခွင့်လွှတ်ပါတော့ ကိုပုရှည်-ဟုသာ. . .။

❖ ❖ ❖

ပုရှည် အရက်တွေ မသောက်စဖူး သောက်လာသည်။ ဘယ်လောက်သောက်လာသလဲဆို ကင်းတဲပေါ် တောင်တက်လို့ မရသည်အထိ။ ရပ်ကွက်ထဲမှ အကြောင်းသိ တွေက ပုရှည်အဖြစ်ကို စိတ်မကောင်းကြ။ စာနာနားလည်ပေးကြသည်။ အချို့ကတော့ အမျိုးမျိုး ဝေဖန်ပြောဆိုကြသည်။ ဦးမြ ထွက်လာမှ အားလုံးပုရှည်ကို ကင်းတဲပေါ် ဝိုင်း၍ ဆွဲတင်ပေးကြသည်။ ပုဆိုးကျွတ် ဘာကျွတ်နှင့် ရုပ်ပျက်ဆင်းပျက်။ လူမှန်းသူမှန်း မသိအောင် မူးနေသည့် ပုရှည်။ ပုရှည်သတင်းက ရပ်ကွက်ထဲ ပြန့်သွားသည်။

" ပုရှည်ကတော့ ဇာတိပြပြီ။ "

ဦးမြ ပုရှည်ကို အပြစ်တင်နေပြီ။

" ဒီအတိုင်းဆို ပုရှည်ကို ကင်းတဲမှာ ထားလို့မဖြစ်တော့ဘူး "

ဦးမြ တစ်ယောက် ခေါင်းတခါခါ လည်း တခါခါနှင့် ကင်းတဲမှ ထွက်ခွာသွားခဲ့ပြီ။ ဦးမြ မရှိမှ ကျန်တဲ့လူတွေက တစ်ယောက်တစ်မျိုး စခန်းထနေကြသည်။

" ပုရှည်ကလည်း ယောကျ်ားမပီသ လိုက်တာဟာ "

" ဒီတစ်ယောက် မရလည်း နောက်တစ်ယောက်ပေါ့ "

" နင့်အတွက်တော့ ဟုတ်တာပေါ့၊ သူက ဒုက္ခိတလေ၊ လုံးတင်ကို ရှားရှားပါးပါး ချစ်ခွင့်ရခဲ့တာ "

" လုံးတင်လည်း အပြစ်ပြောလို့ မရဘူးလေ "

" သူ့သား ငထွန်းက ပုရှည်ဆို လိပ်ပြာလန့်နေတဲ့ဟာ "

" ဘာပဲဖြစ်ဖြစ်ကွာ၊ ပုရှည်ကို လုံးတင် မရက်စက်သင့်ဘူး "

" အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ"

" ဒီ ကိစ္စမှာ လုံးတင်ဆုံးဖြတ်တာ မှန်တယ် "

မည်သို့ပင် ဝေဖန်ပြောဆိုသော်လည်း အချိန်တန်လျှင် အိမ်ပြန်ကြသည်သာ။ မနက်လင်းတော့ ပုရှည်တစ်ယောက် ကင်းတဲပေါ်မှာ ရှိမနေပါ။ အလုပ်သွားဆင်းသည်ဘဲ ထင်ကြသည်။ ညဘက်ရောက်တော့လည်း ကင်းတဲသို့ ပြန်မလာ။ လုံးတင် မေးတော့လည်းမသိ။ ရပ်ကွက်ထဲက နာရေးအိမ်တစ်အိမ်ကိုလည်း ခြေဦးမလှည့်။ စုံစမ်းကြည့်တော့လည်း ပုရှည်သတင်း အစအနပင် မကြားရ။

ဒီလိုနှင့် တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်။ (၇) ရက်မြောက်အောင် ပုရှည်ပြန်မလာတော့ ဦးမြက ပုရှည်နေရာကို ကင်းသမားအဟောင်း မောင်ပိုအား ပြန်ခန့် လိုက်ရတော့သည်။ ပျောက်ခြင်းမလှ ပျောက်သွားသော ပုရှည်။ သူ့ကို တစ်ရပ်ကွက်လုံးက တသသ ရှိနေကြသည်။ ဒီထဲမှာ လုံးတင်က အဆိုးဆုံး။ ကိုပုရှည် သူ့ကြောင့် စိတ်ထိခိုက်ပြီး ထွက်သွား တာကြောင့် ကြေကွဲဆို့နစ်မဆုံး ရှိသည်။

ချစ်စွာသော စာရှုသူ။

ညာဘက် ခြေထောက်တစ်ဘက် သိမ်လျက် နိမ့်နေသော လမ်းလျှောက်လျှင် ထော့နင်းထော့နင်း ဖြစ်နေသော ပုရှည်ဟု ခေါ်တွင်သည့် အသက်(၃၅)နှစ်အရွယ် လူတစ်ယောက်ကို တွေ့လျှင် စာရေးသူ ကျွန်တော့်ထံ အမြန်ဆုံး အကြောင်းကြားစေလိုပါသည်။

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

လုံးတင်ဆိုသော မုဆိုးမလေးသည် လည်းကောင်း၊ ကျွန်တော်တို့ ရပ်ကွက်သူ ရပ်ကွက်သားတွေသည်လည်းကောင်း ပုရှည်ဆိုသော အဖြူရောင်နှလုံးသားပိုင်ရှင် လူတစ်ယောက်ကို အပူတပြင်း အလိုရှိနေသောကြောင့် ဖြစ်ပါသည်။ ။

♦ အောင်မြင့်သောင်း(ဘူမိဗေဒ)


ဝေမွန်လင်း

တစ်ချိန်တစ်ခါက ကမာရွတ် ဆင်မလိုက် ဆိုလျှင် ရန်ကုန်မြို့တွင်း အထင်အရှား ဝက်ကောင်ရေအများဆုံးသတ်ဖြတ်ပြီး အသားထုတ်လုပ်ရာအရပ်ဖြစ်သည်။ လူသိများခဲ့ဖူးပါသည်။ ဤသို့နှယ် ကျွန်တော်နေထိုင်ရာအရပ်သည်လည်း ဆင်မလိုက်ပြီးလျှင် ဒုတိယနေရာတွင် ရှိနေပါသည်ဆိုလျှင် မှားအံ့မထင်။

ကျွန်တော်တို့ရပ်ကွက်ကလေးသည် တရုတ် ကုလား ဗမာ ရောထွေးယှက်တင် စုပေါင်းနေထိုင်ရာအရပ်လည်း ဖြစ်ပါ၏။ ဝက်မွေးသူ ဆိတ်မွေးသူ နွားမွေးမြူသူနှင့် ရာသီပေါ်သီးနှံစိုက်ပျိုးစားသောက်ကြသူများက အများဆုံး။

ငယ်စဉ်ကလေးဘဝက လူကြီးမိဘများက ဆိုဆုံးမရခက်သော ကလေးများကို ပြောမရဆိုမရဖြစ်လာပြီဆိုလျှင် ဝက်ထိုးသမား "အကွီး" ကို ပြသပြီး ခြောက်လှန့်လေ့ရှိ၏။

အကွီးဆိုသည့်အသံကြားလိုက်သည်နှင့် ကလေးများအဖို့ မီးကို ရေနှင့်သတ်လိုက်ဘိသကဲ့သို့ ငြိမ်ကျသွားကြသည်။ တုတ်တုတ်မျှမလှုပ်ရဲကြ။

အကွီးဆိုသူ၏ ရုပ်အသွင်ကို ယခုတိုင် မျက်စိထဲမြင်ယောင်နေမိပါသေးသည်။

တုတ်ခိုင်သော ခန္ဓာကိုယ် အစဉ်အမြဲ အဝတ်ဗလာကျင်းလျက် စစ်ဘောင်းဘီတိုဝတ်ပြီး ခုံဖိနပ်အမြီးပြတ်ကို စီးကာ အရက်နံ့တထောင်းထောင်းထနေသော လေးထောင့်ကျကျ မျက်နှာတွင် အဆီပျံနေသော ရုပ်သွင်ကို ကလေးများ ကြောက်ကြသည်မှာ တကယ်တော့ မဆန်းလှ၊ ကလေးများတွေလျှင် မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်တတ်ပြီး တံတွေးကို ဖြစ်ကနဲထွေးကာ ခြောက်လှန့်တတ်တာ သူ့အကျင့်၊ ကလေးများက ကြောက်လန့်တကြား ဖင်အသားနီလန်အောင် ပြေကြပြီဆိုလျှင် အကွီးအတော်သဘောတွေသည်။

အကွီးပိုင်ဝက်ခြံကြီးသည် ပေလေးရာကျော် ပတ်လည်လောက် ရှိမည်ထင်ပါသည်။ ဝက်ကောင်ရေ ရှစ်ဆယ်တစ်ရာ 'အထက်' အမြဲတမ်းရှိနေတတ်ပါသည်။ ပေါ်ပြီးသားဝက်များ ရေနွေးဖျောရန် မိုးပြဒယ်လေးလုံးနှင့် မီးဖိုများ အဆီချက်ရန် မိုးပြဒယ်နှင့် မီးဖိုကြီးက ရှစ်လုံးခန့်။

တနေ့တာသတ်တော့မည့် ဝက်များကို သပ်သပ်ခွဲထုတ်ထားသည်။ လိုအပ်သောအလေးချိန်အနေအထား မရောက်သေးသောဝက်များကို ဝက်ခြံသပ်သပ် မျိုးဖောက် သားခွဲရောင်းချသော ဝက်များကို တသီးတခြား အလုပ်သမားနှစ်ဆယ်ခန့်နှင့် အကြီးအကျယ်လုပ်ကိုင်နေသော လုပ်ငန်း သူ၏ခြံဝန်းကျင်တဝိုက် ဝက်၏ အညစ်အကြေးအနံ့အသက်များ ဝက်စော်များ သွေးညှီနံ့များက ဝန်းကျင်တဝိုက် လွှမ်းခြုံရစ်သိုင်းလျက် နံစော်ညစ်ပတ်နေသည်။

အကွီးဆိုတာက အင်းတံငါလုပ်ငန်းမှ တစ်ပွဲစားလိုလူမျိုး ဝက်တစ်ကောင်၏ အလျားအဆစ်အပေါက် နှုတ်သီးအနေအထားကို ကြည့်ပြီး အချိန်ဘယ်ရွေ့ဘယ်မျှရှိသည်။ ဘယ်နှလလောက်မွေးလိုက်လျှင် အချိန်ဘယ်လောက်အထိထွက်နိုင်သည်-ဆိုသည်မျိုးကို လက်တန်းပြောနိုင်သည်က သူ၏ ထူးခြားသော အရည်အချင်းကျွမ်းကျင်မှု၊

ဝက်မွေးမြူကြတာချင်းအတူတူဖြစ်ကြပါလျက် အကွီးကို ဆရာတင်ကြရသည်။ တချို့ကသူတို့မွေးမြူထားသော ဝက်များ၏အနေအထားကို အကွီးကိုခေါ်ပြပြီး အကြံဉာဏ်

တောင်းခံရသည်။ သည်နေရာမှာ အကွီး လိုက်ကြည့်ပြီး ဆက်မမွေးနဲ့ ဒီကောင် ဒီကောင်တွေ ရှင်းပစ်လိုက်လို့ လက်ညှိုးညွှန်ပြီဆိုလျှင် ရှင်းပစ်လိုက်၊ ဆက်မမွေးလေနှင့်၊ ဆက်မွေးလို့ကတော့ အသားလည်းမတိုး အချိန်လည်း မတိုး၊ မောရုံသာအဖတ်တင်သည်။

ဒါကြောင့်လည်း ဝက်မွေးလိုသူများက ဝက်ဝယ်တော့မည်ဆိုလျှင် အကွီးကို ပင့်ဖိတ်ခေါ်ဆောင်သွားရသည်။ ရန်ကုန်မြို့နှင့်မနီးမဝေးနယ်မြို့များသို့လည်း ဝက်အရှာထွက်ရသည်။ ဝယ်ယူသည့်ဝက်အပေါ် တစ်ကောင်ကို ဘယ်ရွှေ့ဘယ်မျှ သတ်မှတ်ချက်ထား၍ အကွီးကို ဉာဏ်ပူဇော်ခပေးကြရလေသည်။ အကွီးက ဝက်ဝယ်ယူဖို့ ခေါ်တိုင်းလိုက်သည်တော့မဟုတ်။ အကောင်အရေအတွက် များများဝယ်မှသာ လိုက်ပါဆောင်ရွက်ပေးတတ်သည်။ ခေါ်ယူသွားသူများဘက်ကလည်း အကွီး၏ စားရေးသောက်ရေးကို လိုလေသေးမရှိအောင် ဒကာခံ တာဝန်ယူ ပြုစုရလေသည်။ အကွီး၏ အရှိန်အဝါက အဲသလောက်ကြီးမားတာ။



တချို့ကျပြန်တော့လည်း အကွီးကို ကျော်ပြီး လုပ်ချင်ကြသည်။ ဝက်ဝယ်တာ အကွီးပါမှလား၊ မင်းတို့နားမျက်စိမပါဘူးလား၊ ကိုယ့်ဘာသာကို စိတ်ကြိုက်ဝယ်ပြီးမွေး၊ ဘာဖြစ်သေးလဲဆိုသော အချိုးမျိုးဖြင့်ကိုယ့်သဘောနှင့် ကိုယ်လုပ်သူများ နောင်တရသွားပါလိမ့်မည်။ ခွက်ခွက်လံအောင်မရှုံးရင် အကွီးကို ပြောချင်တိုင်းပြောကြ၊ တချို့ဆို မွေးသာမွေးရသည်၊ အသားမတိုး အလေးချိန်တိုးမလာ။ အချို့ဆို ဝက်နာကျဖြစ်ကုန်ကြရတာနဲ့ဆိုတော့ အကွီး၏ လက်နှင့် ထိမှသာ ရွှေဖြစ်သလိုမျိုးပဲ့။

အကွီး၏ သြဇာသက်ရောက်မှုကို မည်သူမှ ကျော်မလုပ်ရဲကြ၊ ကျွန်တော်တို့အရပ်ထဲတွင် အကွီးသည် အတန်ငယ်ကြွယ်သည်ဆိုသည်ထက် ပိုသည်ဟုဆိုရမည်ထင်ပါသည်။

ကုန်တင်လော်လီကား နယ်ရန်ကုန်ပြေးဆွဲနေတာချည်းသုံးစီးရှိသည်။ မြို့တွင်ကုန်တိုက်ဖို့ ဝက်သားပို့ဖို့ ဒေါ့ဂျစ်ကားနှစ်စီးရှိသည်။

ဇနီးမယားနှစ်ယောက်ကိုလည်း ဇနီးကြီးအတွက် လင့်ရိုဗာ စစ်စိမ်းရောင်တစ်စီး၊ ဒုတိယဇနီးအတွက် ဝီလီဂျစ်တစ်စီး၊ ဇနီးနှစ်ယောက်မှ ပေါက်ဖွားလာသော သားသမီးကိုးယောက်ကို လုပ်ငန်းတာဝန်အသီးသီး ခွဲဝေသတ်မှတ်ပေးထားသည်။ ကားလိုက်သူလိုက် ပေါ်ပြီးသားဝက်သားများကို ရန်ကုန်ဈေးကွက်အတွင်းပို့သူပို့ ဝက်သား ဈေးထွက်ရောင်းသူရောင်းနှင့် ထောင့်စေ့အောင်ခိုင်းထားပြီး ဝင်ငွေကို စိစစ်ကာ သိမ်းဆည်းစုဆောင်းသည်။

ဇနီးနှစ်ယောက်ကလည်း ညီမအရင်းများသဖွယ် တစ်ဦးပေါ်တစ်ဦးကြင်နာညှာတာကြလေသည်။ အဖက်ဖက်ကငွေကြေးပြည့်စုံသူ

များ ဖြစ်ကြ၍လည်း နယ်အနှံ့မရောက်သေးဖူးသည့် မဖူးဖူးသည့် ဘုရားမရှိသလောက် . . . ။

လှူသည်တန်းသည် သူတို့ကပဲ ဦးစီးဦးဆောင်ပြုကာ ရပ်ကွက်တွင်းမှ ဆင်းရဲနွမ်းပါးသူများ၏ ကလေးများကိုစုပေါင်းရှင်ပြုပေးလေ့ရှိသည်။ အကွီးနှင့်ကတော့ ပြဒါးတစ်လမ်း သံတစ်လမ်းသာပ. . . . ။

အကွီး၏ တစ်သက်တာဘဝတစ်လျှောက်လုံး အင်္ကျီဝတ်တာကို မမြင်ဖူးခဲ့ပေ။ ကာကီဘောင်းဘီတိုတစ်ထည် ခုံဖိနပ်တစ်ရံစီးပြီး အမျိုးအစားကောင်း စပို့ရှပ်တစ်ထည် ပခုံးပေါ်တင်လိုက်ပြီဆိုသည့်နှင့် အလှူအတန်း သာရေးနာရေး သွားလာဖို့ လုံလောက်နေပြီ. . . အဆင်သင့်ပြင်ဆင်ထားသည်ဟုပင် ဆိုရလေမည်။

အကွီးဝတ်လည်းမဝတ် ဖိမ်လည်းမခံ၊ ငွေသည်လောက်ရှာနေတာ ဘာအတွက်ရယ်ကြောင့်မှန်းမစဉ်းစားတတ်အောင်ပင်။

သူ့အတွက် ချက်အရက်တစ်လုံး ပေါ်တုံးပေါ်ဆဲဝက်တွေထဲမှ သူကြိုက်ရာလျှာဆိုလျှာ အူဆိုအူ အသည်းဆိုအသည်း ပေါင်သားဆိုပေါင်သား. . . စသဖြင့် လိုရာကို မှာ၍ မျက်စိအောက်တွင်ပင် ပဲငံပြာရည် ဆားတို့ဖြင့် ပြုပ်ပြီး ငရုတ်ဆီအချဉ်ရည်ဖြင့် တို့ကာ မြည်းခြင်းဖြင့် ကျေနပ်နှစ်သိမ့်နေလေသည်။

အကွီး၏ လက်သုံးစကားက-

***"မင်းတို့ကောင်တွေ မတီလို့ အခုတတ် အခုပေါ်မှ အာချိုလီးတာကွ"***(မင်းတို့ကောင်တွေ မသိလို့ အခုသတ် အခုပေါ်မှ အချိုလေးတာကွ) ဆိုပြီး အရက်တစ်ခွက်ချင်းကို ၂၄-နာရီပတ်လည် သောက်နေကြ. . သည်သို့ အရက်ထိုင်သောက်ပြီးဝက်ဖျက်ရာကို ကြည့်နေတတ်သလို



ဝက်ပေါ်နေသူများဘက်လည်း အလွတ်မပေး၊ ဝက်ထိုးသမားက ဝက်၏လက်ပြင် ချိုင်းသားအောက်မှ ချိန်ဆပြီး စွပ်ခနဲ ထိုးချလိုက်ပြီး ပြန်နှုတ်လိုက်လျှင် ဝက်သည် နာကျင်စွာ ကျယ်ကျယ်လောင်လောင် အော်ဟစ်ပြီး သုံးလေးလှမ်းမျှ ကြောက်လန့်တကြားပြေးကာ ဘိုင်းခနဲကားခနဲ့ လဲကျသွားတတ်သည်။ ဒီသို့မဟုတ်ပါဘဲ အသက်ပြင်းလှသည့်ဝက်မျိုးဆိုလျှင်တော့ အရက်သောက်နေရင်းမှ ထိုင်ရာမထ လက်တစ်ကမ်းတွင် ထားရှိသောမှိန်းကို လှည့်ကြည့်စရာမလိုဘဲ ဆွဲယူပြီး လှမ်းပစ်တတ်သည်။ အကွီးမှိန်းချက်နှင့် တွေ့လို့ကတော့ မည်မျှပင်အသက်ပြင်းပါစေ . . အကွီးကိုင် မှိန်းအောက်တွင် အသက်ပျောက်ရသည်မှာ ဓမ္မတာ၊. . .

ညစဉ်ညတိုင်း ၁၀-နာရီကျော်ကျော် ခန့်မှစပြီး ဝက်အော်သံများသည် နံနက်မိုးလင်းအရုဏ်လာခါနီးအထိ သံတိုသံရှည်အော်ဟစ်ကာ ဆူညံနေတတ်သည်မှာ သည်အရပ်နေသူတို့အဖို့ မဆန်းတော့၊

အသက်အရွယ်အားဖြင့်လည်း ရလာပြီ၊ စီးပွားရေးအရ စုဆောင်းမိနေပြီမို့ ဇနီးမယားနှစ်ယောက်က အကွီးကို တိုင်ပင်ဆွေးနွေးကြသည်။

တစ်ခြားစီးပွားရေးလုပ်ငန်း ပြောင်းလုပ်ဖို့ အကုသိုလ်အလုပ်ဖြင့် တစ်သက်လုံးမလုပ်ကိုင်ဖို့ အကုသိုလ်ကင်းသော အလုပ်ကို လုပ်ကိုင် စေချင်ကြသည်။

ခက်တာက အကုသိုလ် ကုသိုလ်ဆိုသည်ကိုလည်း အကွီးက နားမလည်၊ သိလည်း မသိချင်၊ သိလည်းမသိ၊ သိဖို့မလိုဟု သူထင်သည်၊

***"အိ . . . ဘာမှလာမပြူနဲ့ . . ဘာကုဆိုလီး၊ မော်တော်ကားပီးလား၊ ပိဆံပီးလား . . ဝကီလေးတွေ အိကုန်လုံး ကုစိုက ထိမင်းကျွေး မိလား. . . ကဲ. . ပြူး"***

ဆိုလိုတာက မင်းဘာမှလာမပြောနဲ့၊ ဘာကုသိုလ်လဲ၊ မော်တော်ကားပေးလား၊ ပိုက်ဆံပေးလား၊ ဝ-ကလေးတွေ အကုန်လုံး ကုသိုလ်က ထမင်းလာကျွေးမှာလား၊ ကဲ ပြော. . . ဆိုသော အဓိပ္ပါယ်ဖြင့် အမြဲပြန်မေးလေ့မေးထရှိသော အကွီးအပေါ် ဇနီးမယားနှစ်ယောက်စလုံး လက်လျှော့ရလေသည်။

အဲ. . . သာရေးနာရေး ကျောင်းဆောက်၊ ဇရပ်ဆောက်ဖို့ အသင်းအပင်း အဖွဲ့အစည်းများ အလှူခံလို့ကတော့ အကွီးတို့ ဘယ်တော့မှ လက်မနှေး၊ မငြင်း၊ အကုန်ထည့်သည်။ ပြောရလျှင် ယုံချင်မှ ယုံလိမ့်မည်။ အများသူငါထည့်တာထက် သူက ပိုထည့်သည်။ တစ်ခုပဲရှိသည်။ ကြော်ငြာသင်ပုန်းတွင်တော့ သူ့အမည် ထိပ်ဆုံးမှမထားလျှင် အကွီး နောက်ဘယ်တော့မှ မထည့်၊ မလှူ၊ ဒါအကွီးရဲ့မူဝါဒ၊

ကျွန်တော်မှတ်မိသလောက်သော အရွယ်တွင် အကွီးတစ်ယောက် နေထိုင်မကောင်းဖြစ်သည်။ အသက်အရွယ်ကလည်း ရလာ၊ အရွယ်ကလည်း ကျလာဆိုတော့၊ ကျန်းမာရေးချွတ်ယွင်းစပြုလာသည်၊ တရှောင်ရှောင် ဖြစ်လာသည်။ သို့သော် စိတ်နှင့်မာန်ကတော့ မကျ. . . မချ. . ၊ သည်တစ်ခေါက် နေမကောင်းဖြစ်သည်က အိပ်ရာထဲဘုန်းဘုန်းလဲတော့သည်။ ခါတိုင်း နေထိုင်မကောင်းဖြစ်ပါက တစ်ရက်နှစ်ရက် အလွန်ဆုံး ကြာလှတစ်ပတ်ပေါ့ . . .

ဟိုခေတ်ဟိုအခါက ငွေကြေးကလည်း ပြည့်စုံတတ်နိုင်သူဆိုတော့၊ ရန်ကုန်မြို့မှ အကောင်းဆုံးသမားတော်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဘသန်းတို့ ဒေါက်တာကြည်ပေါ်တို့လို သမားတော်ကြီးများဖြင့် ကုသပါသော်လည်း အခြေအနေက တိုးတက်မလာ၊. . . တဖြည်းဖြည်းဆုတ်ယုတ်လာသည်။ နောက်ဆုံးကြားသိရသည်မှာ ဆရာဝန်ကြီးများက လက်လျှော့လိုက်ရပြီတဲ့၊ . . .

အကွီးတစ်ယောက် နှီးဖျာကြမ်း တစ်ချပ်ပေါ်တွင် လူးလှိမ့်အော်ဟစ်နေသည်။ လူနာဆိုတော့ ညည်းသံဟုထင်ကြလိမ့်မည်မဟုတ်. . . ၊ အော်ဟစ်သံ. . . သေချာအောင်ပြောရလျှင် ဝက်တစ်ကောင်အော်သံကဲ့သို့. .

သူလူးလိမ့်ရာဖျာကြမ်းကို ရေဆွတ်ဆွတ်ပေးရသည်။ အေးသည့်နေရာဘက်ကို ချားရဟတ်လှည့်သကဲ့သို့ ပတ်လည်လှည့်ပြီး အော်ဟစ်နေသံက တွေမြင်ရသူတို့အဖို့ စိတ်မချမ်းမြေ့ဖွယ်၊

တစ်ခါတစ်ရံ မျက်လုံးကြီးပြူးလျက် ဝက်ခြံထဲ လက်ညှိုးထိုးကာ တကွီကွီ အော်ဟစ်ရင်းပြသတတ်သည်။ ဘာကို ဆိုလိုမှန်းမသိ၊

များ ဖြစ်ကြ၍လည်း နယ်အန္တမရောက်သေးဖူး သည့် မဖူးဖူးသည့် ဘုရားမရှိသလောက် . . . ။

လျှသည်တန်းသည် သူတို့ကပဲ ဦးစီးဦး ဆောင်ပြုကာ ရပ်ကွက်တွင်းမှ ဆင်းရဲနွမ်းပါးသူ များ၏ ကလေးများကိုစုပေါင်းရှင်ပြုပေးလေ့ရှိ သည်။ အကွီးနှင့်ကတော့ ပြဒါးတစ်လမ်း သံတစ်လမ်းသာပ. . . . ။

အကွီး၏ တစ်သက်တာဘဝတစ် လျှောက်လုံး အင်္ကျီဝတ်တာကို မမြင်ဖူးခဲ့ပေ။ ကာကီဘောင်းဘီတိုတစ်ထည် ခုံဖိနပ်တစ်ရံ စီးပြီး အမျိုးအစားကောင်း စပို့ရှပ်တစ်ထည် ပခုံး ပေါ်တင်လိုက်ပြီဆိုသည့်နှင့် အလှူအတန်း သာ ရေးနာရေး သွားလာဖို့ လုံလောက်နေပြီ. . . အဆင်သင့်ပြင်ဆင်ထားသည်ဟုပင် ဆိုရလေ မည်။

အကွီးဝတ်လည်းမဝတ် ဇိမ်လည်းမခံ၊ ငွေသည်လောက်ရှာနေတာ ဘာအတွက်ရယ် ကြောင့်မှန်းမစဉ်းစားတတ်အောင်ပင်။

သူ့အတွက် ချက်အရက်တစ်လုံး ပေါ် တုံးပေါ်ဆဲဝက်တွေထဲမှ သူကြိုက်ရာလျှာဆိုလျှာ အူဆိုအူ အသည်းဆိုအသည်း ပေါင်သားဆို ပေါင်သား. . . စသဖြင့် လိုရာကို မှာ၍ မျက်စိ အောက်တွင်ပင် ပဲငံပြာရည် ဆားတို့ဖြင့် ပြုပ်ပြီး ငရုတ်ဆီအချဉ်ရည်ဖြင့် တို့ကာ မြည်းခြင်းဖြင့် ကျေနပ်နှစ်သိမ့်နေလေသည်။

အကွီး၏ လက်သုံးစကားက-

***“မင်းတို့ကောင်တွေ မတိလို့ အခုတတ် အခုပေါ်မှ အာချိုလီးတာကွ”***(မင်းတို့ကောင်တွေ မသိလို့ အခုသတ် အခုပေါ်မှ အချိုလေးတာကွ) ဆိုပြီး အရက်တစ်ခွက်ချင်းကို ၂၄-နာရီပတ် လည် သောက်နေကြ. . သည်သို့ အရက်ထိုင် သောက်ပြီးဝက်ဖျက်ရာကို ကြည့်နေတတ်သလို



ဝက်ပေါ်နေသူများဘက်လည်း အလွတ်မပေး၊ ဝက်ထိုးသမားက ဝက်၏လက်ပြင် ချိုင်းသား အောက်မှ ချိန်ဆပြီး စွပ်ခနဲ ထိုးချလိုက်ပြီး ပြန် နှုတ်လိုက်လျှင် ဝက်သည် နာကျင်စွာ ကျယ် ကျယ်လောင်လောင် အော်ဟစ်ပြီး သုံးလေးလှမ်း မျှ ကြောက်လန့်တကြားပြေးကာ ဘိုင်းခနဲ ကားခနဲ့ လဲကျသွားတတ်သည်။ ဒီသို့မဟုတ် ပါဘဲ အသက်ပြင်းလှသည့်ဝက်မျိုးဆိုလျှင်တော့ အရက်သောက်နေရင်းမှ ထိုင်ရာမထ လက်တစ် ကမ်းတွင် ထားရှိသောမှိန်းကို လှည့်ကြည့်စရာ မလိုဘဲ ဆွဲယူပြီး လှမ်းပစ်တတ်သည်။ အကွီး မှိန်းချက်နှင့် တွေ့လို့ကတော့ မည်မျှပင်အသက် ပြင်းပါစေ .. အကွီးကိုင် မှိန်းအောက်တွင် အသက်ပျောက်ရသည်မှာ ဓမ္မတာ၊. . .

ညစဉ်ညတိုင်း ၁၀-နာရီကျော်ကျော် ခန့် မှစပြီး ဝက်အော်သံများသည် နံနက်မိုးလင်း အရုဏ်လာခါနီးအထိ သံတိုသံရှည်အော်ဟစ် ကာ ဆူညံနေတတ်သည်မှာ သည်အရပ်နေသူ တို့အဖို့ မဆန်းတော့၊

အသက်အရွယ်အားဖြင့်လည်း ရလာပြီ၊ စီးပွားရေးအရ စုဆောင်းမိနေပြီမို့ ဇနီးမယားနှစ်ယောက်က အကွီးကို တိုင်ပင်ဆွေးနွေးကြသည်။

တစ်ခြားစီးပွားရေးလုပ်ငန်း ပြောင်းလုပ်ဖို့ အကုသိုလ်အလုပ်ဖြင့် တစ်သက်လုံးမလုပ်ကိုင်ဖို့ အကုသိုလ်ကင်းသော အလုပ်ကို လုပ်ကိုင် စေချင်ကြသည်။

ခက်တာက အကုသိုလ် ကုသိုလ်ဆိုသည်ကိုလည်း အကွီးက နားမလည်၊ သိလည်း မသိချင်၊ သိလည်းမသိ၊ သိဖို့မလိုဟု သူထင်သည်၊

***"အိး . . . ဘာမှလာမပြူနဲ့ . . ဘာကုဆိုလီး၊ မော်တော်ကားပီးလား၊ ပိဆံပီးလား . . ဝကီလေးတွေ အီကုန်လုံး ကုစိုက ထိမင်းကျွေး မီလား. . . ကဲ . . ပြူ"***

ဆိုလိုတာက မင်းဘာမှလာမပြောနဲ့၊ ဘာကုသိုလ်လဲ၊ မော်တော်ကားပေးလား၊ ပိုက်ဆံပေးလား၊ ဝ-ကလေးတွေ အကုန်လုံး ကုသိုလ်က ထမင်းလာကျွေးမှာလား၊ ကဲ ပြော. . . ဆိုသော အဓိပ္ပါယ်ဖြင့် အမြဲပြန်မေးလေ့မေးထရှိသော အကွီးအပေါ် ဇနီးမယားနှစ်ယောက်စလုံး လက်လျှော့ရလေသည်။

အဲ. . . သာရေးနာရေး ကျောင်းဆောက်၊ ဇရပ်ဆောက်ဖို့ အသင်းအပင်း အဖွဲ့အစည်းများ အလှူခံလို့ကတော့ အကွီးတို့ ဘယ်တော့မှ လက်မနှေး၊ မငြင်း၊ အကုန်ထည့်သည်။ ပြောရလျှင် ယုံချင်မှ ယုံလိမ့်မည်။ အများသူငါထည့်တာထက် သူက ပိုထည့်သည်။ တစ်ခုပဲရှိသည်။ ကြော်ငြာသင်ပုန်းတွင်တော့ သူ့အမည် ထိပ်ဆုံးမှမထားလျှင် အကွီး နောက်ဘယ်တော့မှ မထည့်၊ မလှူ။ ဒါအကွီးရဲ့မူဝါဒ၊

ကျွန်တော်မှတ်မိလောက်သော အရွယ်တွင် အကွီးတစ်ယောက် နေထိုင်မကောင်းဖြစ်သည်။ အသက်အရွယ်ကလည်း ရလာ၊ အရွယ်ကလည်း ကျလာဆိုတော့၊ ကျန်းမာရေးချွတ်ယွင်းစပြုလာသည်၊ တရှောင်ရှောင် ဖြစ်လာသည်။ သို့သော် စိတ်နှင့်မာန်ကတော့ မကျ. . . မချ. . ၊ သည်တစ်ခေါက် နေမကောင်းဖြစ်သည်က အိပ်ရာထဲဘုန်းဘုန်းလဲတော့သည်။ ခါတိုင်း နေထိုင်မကောင်းဖြစ်ပါက တစ်ရက်နှစ်ရက် အလွန်ဆုံး ကြာလှတစ်ပတ်ပေါ့ . . .

ဟိုခေတ်ဟိုအခါက ငွေကြေးကလည်း ပြည့်စုံတတ်နိုင်သူဆိုတော့၊ ရန်ကုန်မြို့မှ အကောင်းဆုံးသမားတော်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဘသန်းတို့ ဒေါက်တာကြည်ပေါ်တို့လို သမားတော်ကြီးများဖြင့် ကုသပါသော်လည်း အခြေအနေက တိုးတက်မလာ၊. . . တဖြည်းဖြည်းဆုတ်ယုတ်လာသည်။ နောက်ဆုံးကြားသိရသည်မှာ ဆရာဝန်ကြီးများက လက်လျှော့လိုက်ရပြီတဲ့၊ . . .

အကွီးတစ်ယောက် နှီးဖျာကြမ်း တစ်ချပ်ပေါ်တွင် လူးလှိမ့်အော်ဟစ်နေသည်။ လူနာဆိုတော့ ညည်းသံဟုထင်ကြလိမ့်မည်မဟုတ်. . . ၊ အော်ဟစ်သံ. . . သေချာအောင်ပြောရလျှင် ဝက်တစ်ကောင်အော်သံကဲ့သို့. .

သူလူးလိမ့်ရာဖျာကြမ်းကို ရေဆွတ်ဆွတ်ပေးရသည်။ အေးသည့်နေရာဘက်ကို ချားရဟတ်လှည့်သကဲ့သို့ ပတ်လည်လှည့်ပြီး အော်ဟစ်နေသံက တွေ့မြင်ရသူတို့အဖို့ စိတ်မချမ်းမြေ့ဖွယ်၊

တစ်ခါတစ်ရံ မျက်လုံးကြီးပြူးလျက် ဝက်ခြံထဲ လက်ညှိုးထိုးကာ တကွီကွီ အော်ဟစ်ရင်း ပြသတတ်သည်။ ဘာကို ဆိုလိုမှန်းမသိ၊

အကွီး ဘာကို ဆိုလိုသည်ကို ဒုတိယ ဇနီးဒေါ်ရှုဝါ သဘောပေါက်နားလည်သော်လည်း သူ့အထက်က မယားကြီး ဒေါ်ကြင်ယုံကို ပြောမထွက်. . . ဒေါ်ကြင်ယုံဘက်က မွေးထားသော သားသမီးများ စိတ်ခုသွားမှာကို စဉ်းစားဆင်ခြင်ရလေသည်။ နောက်ဆုံးတော့ ဒေါ်ကြင်ယုံကို တီးတိုးကပ်ကာ ပြောရလေသည်။

"ရှုဝါရယ် ဟုတ်ပ့ါမလား နင်ပြောတာ ဟုတ်နိုင်ပ့ါမလားလို့"

အကွီးတစ်ယောက်အဖို့မူ ငရဲသို့ ဖြတ်လမ်းမှ အရောက်လှမ်းနေမှန်း ဒေါ်ရှုဝါ သိနေပြီ၊

"ဟုတ်ကို ဟုတ်တယ်၊ မကြီးကြင်ယုံ . . . နင်မယုံရင်စောင့်ကြည့် နားထောင် ငါမေးကြည့် ပြမယ်၊"

ဒေါ်ရှုဝါပြောစကားကို မယုံမရဲဖြင့်၊ အကွီးကို ကြည့်နေလိုက်ကြသည်။

ယောက်ျား. . . အကွီး၊ နင်ဗွက်ထဲ ဆင်းချင်လို့လား၊ ဟုတ်တယ်ဆိုရင် ငါတို့ကို လက်ညှိုးထိုးပြ၊ ကျယ်ကျယ်ရယ်ပြ၊ ကြားတယ် မဟုတ်လားယောက်ျား၊ "

ဒေါ်ရှုဝါပြောစကားပင် ဆုံးအောင် မစောင့် ချက်ချင်း လက်ညှိုးထိုးပြပြီး အာခြစ်ကာ အော်ဟစ်ရယ်ပြလိုက်သည်မှာ ကမ္ဘာပျက်တော့ မည့်အတိုင်း သူ့ကို ဝိုင်းဝန်းကြည့်ရှုနေကြသော ဇနီးသားသမီးများ မျက်ရည်တောက်တောက်ကျကြသည်။ ရှက်လည်းရှက်ကြသည်။ ဒါပေမယ့် မတတ်နိုင် ဖခင်ကြီး၏ ဆန္ဒကို လိုက်လျောဖို့ သာရှိတော့သည်။

"ဟိုကောင်အငယ်နှစ်ယောက်၊ အတယ့်ကို ပွေ့ပြီးချီကြ၊ မွှေးမွှေး နင်က အတယ့်အောက်က ဖျာကိုယူပြီး ခြံထဲဆင်းခဲ့"

အစ်ကိုကြီးဖြစ်သူ အန်းကူက စီစဉ်ညွှန်ကြားသည်၊ နှစ်မိပေါက်ဖွား မောင်နှမများ တသွေမတိမ်း လိုက်နာဆောင်ရွက်ပေးကြသည်။

ပထမဝက်ခြံအလွတ်ကလေးတစ်ခုထဲမှာ ဖျာကြမ်းကို ခင်းစေသည်။ ချီမလာသော အကွီးကို ဖျာပေါ်သို့ ညင်သာစွာ ချပေးလိုက်သည်။ အကွီး၏ မျက်လုံးများက အားယူပြီး ဘေးဘယ်ညာ လှည့်ပတ်ကြည့်ရှုပြီး အားရ ဝမ်းသာ ရုပ်သွင်သို့ ရုတ်ချည်း ပြောင်းလဲသွားသည်။

တအောင့်လောက်အကြာမှာတော့ ဖျာပေါ်မှ နှစ်ပတ်သုံးပတ် ပတ်ချာလည် လှည့်ပတ်ပြီး ကုန်းထကာ လေးဘက်ထောက်လျက် ဝက်ခြံပြင်ပရှိ ဗွက်နွံထဲအပြေးဝင်ကာ ဗွက်လူးလိုက်သည်မှာ ဝက်တစ်ကောင်အတိုင်း။

မျက်နှာတစ်ခုလုံး မြင်မကောင်းအောင် ဗွက်နွံတွေ ပေပွနေပါ၏။တစ်ချက်တစ်ချက် ဝက်လို အော်မြည်သံပြုပြီး ဝက်စာခွက်ထဲမှ ရေများကို စုပ်ယူလိုက် ဝက်စာဖတ်များကို လျှာနှင့် လျက်လိုက်နှင့် အတော်ပျော်မြူးလန်းဆန်းနေပုံရသည်။ လူတစ်ယောက်၏ အသိစိတ် ကွယ်ပျောက်သွားပြီး တိရစ္ဆာန်တစ်ကောင်ပမာ. . ၊

ဒီသတင်းက တစ်ရပ်ကွက်လုံး ဟိုးလေးတကျော်ကျော် ဖြစ်သွားပါ၏၊ အကွီး၏ ဝက်ခြံဘေးပတ်လည်တွင် ပရိသတ်စည်ကားနေပါသည်။ သတင်းအကြားနှင့် လာကြည့်သူများ အဖို့ သံဝေဂရသူရ ထိတ်လန့်တုန်လှုပ်သူ တုန်လှုပ်နှင့် . . .

သည်လိုနှင့် ဝက်ခြံထဲတွင် နှစ်ရက်ခန့် စိတ်ထင်တိုင်း ကြပြီးသည်နောက် သူအင်မတန် ခုံမင်တွယ်တာ ပျော်မွေ့ခဲ့သော နေရာဟောင်း

ကိုစွန့်ကာ ဘဝတစ်ပါးသို့ ပြောင်းသွားပါတော့သည်။

အကွီး၏ မယားနှစ်ယောက်မှာလည်း အကွီးကွယ်လွန်သွားပြီးလေးလလောက်အကြာမှာတော့ ပထမဇနီး ဒေါ်ကြင်ယုံက ဦးဆောင်ကာ နှစ်မိပေါက်သားသမီးများကို ထိုက်သင့်သောအမွေများအညီအမျှခွဲဝေပေးလိုက်သည်။

အကွီးအကုသိုလ်ကြီးစွာ ရှာဖွေပေးခဲ့သော ပစ္စည်းဥစ္စာ တချို့တဝက်ကို ရောင်းချပြီး ဒုတိယဇနီး ရှုဝါနှင့် တိုင်ပင်ကာ ဇရပ်တွေ ဆောက်ကြသည်။ တန်ဆောင်းတွေလှူကြသည်။ ဘုရားတွေပြုပြင်သည်။ လှူဒါန်းမှုအစုစုအတွက် အကွီးကို ရည်စူးပြီး ရေစက်ချအမျှ ပေးဝေသည်။ ကျွတ်ရာလွတ်ရာဘုံဘဝမှာ ခံစားစေလိုသော စေတနာတရားဖြင့်. . . ကျွတ်ပါစေ လွတ်ပါစေပေါ့. . .

အံ့ ဩ စ ရာ ကော င်း လှ သ ည် က ဒေါ်ကြင်ယုံရော ဒေါ်ရှုဝါပါ ဘယ်သားသမီးအိမ်ကိုမှ မမှီခိုတော့ဘဲ လူဝတ်ကြောင်ဘဝကို စွန့်ကာ ဒေါ်ကြင်ယုံက သထုံမြသပိတ်တောင်ခြေသို့လည်းကောင်း ဒေါ်ရှုဝါက တွံတေး ဇောင်းတော်ချုပ်အရပ်၌လည်းကောင်း ရာသက်ပန်ယောဂီဝတ်သွားခြင်းပင်းဖြစ်ပါ၏။

တကယ်ဆိုတော့ သူမတို့နှစ်ဦး သည် ဘဝ, သည်အခြေအနေရောက်စေဖို့အတွက် အကွီးကိုယ်တိုင်က တရားပြသွားခဲ့ပြီးမဟုတ်ပါလား၊. . .

သံသရာဝဋ်ဆင်းရဲ၏ ကြောက်လန့်စရာကောင်းပုံကို မျက်မြင်ကိုယ်တွေ့ ဘဝသင်ခန်းစာ ရလိုက်သည်မို့ ထိတ်လန့်တုန်လှုပ်မိကြသည်။ ဘဝ၏လွတ်မြောက်ရာလွတ်မြောက်ကြောင်း



ငြိမ်းချမ်းရာငြိမ်းချမ်းကြောင်းကို ရှေးရှုလျက်. . . တရားရှိသောသူ တရားသိ၏၊တရားသိသောသူမှာ တရားရှိလေသည်ဟုပင် ဆိုလိုက်ချင်ပါတော့သည်။

♦ ဝေမွန်လင်း

# ဝဋ်နာကံနာ

သူငယ်ချင်း
ငါတို့ဘာသာ သာသနာတွင်
မဟာဗုဒ္ဓ ဟောဖော်ပြသည့်
ဆုံးမကထာ ရှိနေပါလျက်. . .။
နေရာတကာ လူတကာနှင့်
ဘာသာကြောင်းပြ လောဘနောက်ခံ
ဖောက်ပြန်နှိုးနှော မင်းလိုက်လျှောခဲ့
ဒေါသအကြံ မောဟဉာဏ်ဖြင့်
အမှန်ကွယ်ပျောက် ဦးဖွနောက်မှာ
ဒူးထောက်ခယ မျှော်တစောင့်မော
မောဟတဏှာ သောကဖြာ၍
ဘာသာဗေဒ ထိတိုင်းရှခဲ့
ကဲ. . . . . သူငယ်ချင်း
မင်းခင်းသည့်လမ်း အဝိဇ္ဇာလွှမ်း၍
မဂ်လမ်းကွယ်ပျောက် အဆိပ်တောက်မို့
လျှောက်လျှောက်သမျှ နောက်ကောက်ကျရင်း
ဒုက္ခသစ္စာ မြဲနေတာကို
အားနာပါးနာ ပြောရပါလျှင်
ဝဋ်နာကံနာပေါ့ သူငယ်ချင်း။

မောင်ဆောင်းခ



# လှိုင်သာယာမှာသာတဲ့လ

(သို့မဟုတ်)

## ပဒံပရိယတ္တိစာသင်တိုက်ကြီး၏ ဗိသုကာ “ဆရာတော် ဦးဇောတိက”

ပဓာနမဟာနယက
ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်က “နေ”
တိုက်အုပ် ဆရာတော်
ဘဒ္ဒန္တတိလောကာဘိဝံသက “လ”
သုံးရပ်သာသနာ
ရှိန်ဝါရောင်ဂုဏ်ရည်ရွှန်းအောင်
ညွှန်းဖွဲ့ကာ အလင်းငှ ထွန်းတဲ့အလှ ။ ။

အင်းပေါင်းသားကနီအောင်ချို

### အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

အထက်ပါ ဆိုင်းဘုတ်ကို ကျောင်းဝင်ဝ မုခ်ဦးတွင် ခံ့ညားထည်ဝါစွာ တွေ့မြင်ရ၏။ ချမ်းမြအေးငြိမ်းခြင်းကို ဖော်ဆောင်၏။ ကျက်သရေ မင်္ဂလာအတိနှင့်လည်း ပြည့်စုံ၏။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် လက်တွေ့မြင်ကွင်းတွင် ဂုဏ်ယူမဆုံးနိုင်ဖြစ်ရပါ၏။ ဤအဆောက်အအုံ ဤတိုက်တာသည် အမျိုး၊ ဘာသာ၊ သာသနာတော်အကျိုးအတွက် အကြီးမားဆုံး၊ အကျယ်ပြန့်ဆုံးသည်ပိုးဆောင်ရွက် အလုပ်အကျွေးပြုနေသည်မှာ အမှန်ပင်ဖြစ်၏။ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကြီး နေပမာ လပမာ ရှည်ကြာခိုင်ခံ့၊ မြဲမြန်တည်တံ့စေရန် ရည်သန်ဆောင်ရွက်တော်မူနေကြသော ဆရာတော် ထေရ်ရှင်မြတ်နှစ်ပါးမှာ နေပမာ လပမာ ထင်ရှားပါ၏ဟု ခိုင်းနှိုင်းလိုပါ၏။ ထို့မျှမက “နေနှင့်လနှင့် နှစ်ပါးပြိုင် သိကြားကိုယ်တိုင်မတဲ့ အင်းစိန်ရွာမ” ဟု ဆိုလိုက်သော် ဆိုထိုက်ပါပေ၏။ ဆိုလိုက်သည့်စကား မှားအံ့ မထင်ပါချေ။ တာဝတိံသာ မိုးဒေဝါ နတ်သိကြားသော်မှ လူ့ပြည်ဆရာတော်များ၏ သာသနာအတွက် တခဲနက် ကြိုးပမ်းမှု ဖွဲ့ဝီရိယကို အသိမှတ်မပြုဘဲ မနေ နိုင်အောင် ဖြစ်ကြရပါ၏။

ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ် "အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၏ မဟာနာယကချုပ်၊ နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ပခုက္ကူ မဟာဝိသုတရာမိက ဂဏမဟာဝိနာယက၊ အင်းစိန်သုဓမ္မာ မဟာပဝါရဏာဂိုဏ်းချုပ်ဆရာတော်"က အချိန်ကို အနိုင်ယူကြရန် အလုပ်လုပ် နေကြရန် စာသင်တိုက်တစ်တိုက်လုံးကို ဤသို့ ဩဝါဒစကား မြွက်ကြားတော်မူခဲ့ပါသည်။

"အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သည် အချိန်နှင့်တပြေးညီ တာဝန်ကိုယ်စီဖြင့် သာသနာတော်အတွက် အလုပ်လုပ်နေသည်။ အလုပ်လုပ်နေသောသူကို အချိန်က မဝါးမျိုနိုင်။ အလုပ် မလုပ်သောသူကိုသာ အချိန်ရဲ့ ဝါးမျိုခြင်းကို ခံရနိုင်သည်။ ပြီးဆုံးခဲ့သော (၃၇)နှစ်တာတွင် မိမိတို့ရွာမပရိယတ္တိစာသင်တိုက်ရှိ စာချ၊ စာသင်များ တာဝန်ကိုယ်စီဖြင့် အချိန်ကို တန်ဖိုးရှိရှိ အသုံးချ၍ အနိုင်ယူခဲ့ကြသည်။ ကျန်ရှိနေသည့် အချိန်များကိုလည်း ပြီးခဲ့သော (၃၇)နှစ်တာမျိုးထက် ပို၍ အလုပ်လုပ်ပြီး ဆက်လက် အနိုင်ယူသွားဖို့ တိုက်တွန်းလိုက်ပါသည်"။

ဆရာတော် ဦးနန္ဒဝံသသည် ၁၃၃၂-ခုနှစ်တွင် အခြေခံစာဝါများနှင့် ဝိနည်း၊ ပိဋကတ်တော်များကို သင်ကြား၍ "ရွာမပရိယတ္တိစာသင်တိုက်"ကြီး၏သမိုင်း ပထမစာမျက်နှာကို နိဒါန်းပျိုးခဲ့ပါသည်။ စာသင် သံဃာ (၅၀၀)ကျော်တို့၏ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ အထက်ပါ ဆရာတော်ဘုရား၏ ဩဝါဒစကားတော်မှာ ၁၃၃၂-ခုနှစ်မှ ၁၃၆၉-ခုနှစ်အထိ ပညာရေး လှုပ်ရှားမှု အောင်မြင်မှုများစွာတို့ကို ပြန်လှန်သုံးသပ်၍ ဆထက်ထမ်းပိုး ပိုမို၍ ဖွံ့လုံ့လဝီရိယထား ကြိုးစားသွားကြရန် ရည်ရွယ် မိန့်တော်မူဟန် ရှိပါသည်။ အမိတက္ကသိုလ် "အင်းစိန်ရွာမပရိ ယတ္တိစာသင်တိုက်ကြီး"မှ ဤသို့ ဤနှယ် မွေးထုတ်ပေးခဲ့ပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒနှင့် ပထမကျော်၊ ပထမ၊ ဒုတိယ၊ တတိယ . . စသည့် ဂုဏ်ထူးရ တပည့်များ သာမဏေကျော်ဘွဲ့ရ တပည့်များ၊ ဓမ္မာစရိယ ဘွဲ့ရတပည့်များ၊ သက္ယသီဟ ဓမ္မာစရိယဘွဲ့ရ တပည့်များ၊ စေတီယင်္ဂဏ ဓမ္မာစရိယဘွဲ့ရ တပည့်များ . . စသည် စသည်ဖြင့် အောင်မြင်မှုများစွာ များစွာကို မှုလိုပေါက်အောင် မွေးထုတ်ပေးခဲ့ပါ၏။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အသက်မှာ ဗုဒ္ဓ၏ စာပေပိဋကများသာ ဖြစ်ပါ၏။ နှစ်ပေါင်း (၂၅၀၀)ကျော် ခေတ်အမျိုးမျိုး၊ စနစ်အဖုံဖုံ၊ အခက်အခဲအတန်တန်ကြားမှ သံဃာတော်အရှင်မြတ်များသည် ပိဋကတ်စာပေတို့ကို ဆင်းရဲပင်ပန်းကြီးစွာ နှုတ်တံ့အရကျက် အာဂုံဆောင်ကာ အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့ကြသည်။ ထို့ကြောင့် ယနေ့တိုင် မပျောက်

“

အကျင့်ကောင်း၊ စရိုက်ကောင်း၊
စိတ်ကောင်းစိတ်မြတ်ထားရှိနိုင်မှုသည်
ဘဝတိုက်ပွဲအောင်နိုင်ရေးအတွက်
လက်နက်ကောင်းများမဟုတ်ပါလော။

”

မပျက် ဆက်လက်ရှင်သန်နေသည်မှာ စာသင်တိုက်ကြီးများမှ စာချစာသင် သံဃတော်အရှင်မြတ်များ၏ ကျေးဇူးမျှသာ မဟုတ်ပါလော။

ယနေ့ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ သာသနာတော်ကြီး တည်တံ့ ခိုင်မြဲစည်ပင်၊ ရှင်သန် စေရန်လည်းကောင်း၊ ညစ်နွမ်း၊ ပျက်ပြယ်၊ ပျောက်ကွယ်၊ တိမ်မြုပ် မသွားစေရန်လည်းကောင်း ဒေါင်ဒေါင်မြည် သာသနာ့အာဇာနည်များကို တာဝန်ကျေပြွန်စွာ မွေးထုတ်ပေးနေပါသည်။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးမှ အောင်မြင်မှုသတင်းရနံ့များသည် လယ်ကွင်းကို ဖြတ်၍ ရိုးမကို ကျော်၍ မြန်မာတစ်ပြည်လုံး ပြန့်နှံ့ခဲ့လေပြီတကား။ ချီးကျူးဩဘာလက်ခုပ်သံများမှာလည်း ဝေဟင်ယံမိုးနဘသို့ တိုင်ခဲ့လေပြီ။ မိခင်တက္ကသိုလ်မှ မိခင်၏ မေတ္တာစေတနာကို ခံယူကာ နယ်အနှံ့နှံ့ ဒေသအသီးသီးတွင် စာသင်တိုက် ခွဲများ တည်ထောင်ကြကာ မိခင်ပါရမီကို ဖြည့်ဆည်းနေကြသည်မှာ ကျောင်းတိုက်ပေါင်း (၂၀၀)မျှပင် ကျော်လွန်ခဲ့ပြီ ဖြစ်ပါသည်။ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဥယျာဉ်နန်းမှ ပွင့်သော ပန်းတိုင်းလန်း၍ လန်းသောပန်းတိုင်း မွေးလျက်ရှိနေပါ၏။

ဤတွင် မိဘနှစ်ပါး (ဦးနန္ဒဝံသ၊ ဦးတိလောက) ဆရာတော်များနှစ်ပါး၏ "ဘမျိုးဘိုးတူ"၊ "ဆရာတူတပည့်"၊ "ဆရာကောင်းတပည့် ပန်းကောင်းပန်"သည့် ဆရာတော် တစ်ပါးကို လေးစားကြည်ညိုစွာ ဖူးတွေ့ခွင့်ရရှိ ခဲ့ပါသည်။ လေးနက်သော အမြော်အမြင်၊ ရှင်သန်သော ဗွဲဝီရိယနှင့် အရာရာကို သည်းခံနိုင်စွမ်းသော ဆရာတော်တစ်ပါးပင်။ အရှင်မြတ်၏ ဘွဲ့တော်မှာ "ဦးဇောတိက"ဟူ၍ ဖြစ်ပါ သည်။ ဆရာတော်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အတွင်းပဒံရပ်ကွက် တစ်နေရာတွင် "ပဒံပရိယတ္တိစာသင်တိုက်"ကို ထူးခြားစွာ အောင်မြင်အောင် တည်ထောင်နိုင် ခဲ့သော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

## မိခင်တက္ကသိုလ်တွင် ပညာရင်နို့သောက်စို့ခဲ့စဉ်က

၁၃၄၉-ခုနှစ် နယုန်လပြည့်နေ့တွင် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ် "အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး" သို့ ဦးဇောတိက ရောက်ရှိခဲ့ပါသည်။ ဦးဇောတိက အမြဲမပြတ်တဖွဖွ ပြောလေ့ရှိသော စကားမှာ "ဘဝတစ်လျှောက် စာသင်ခဲ့ရသမျှ ကျောင်းတိုင်း၊ စာသင်တိုက်တိုင်းတွင် ဆရာတော် ဆရာကောင်းချည်း တွေ့ရတာမို့ သိပ်ကံကောင်းတာပဲ"ဟူ၍ ဖြစ်ပါ၏။ ဆရာတို့သည် စာကိုလည်းသင်၏။ ဘဝကိုလည်းပြင်၏။ ဘဝဒဿနကိုလည်း ညွှန်း၏။ စာနာတတ်ခြင်း၊ သည်းခံနိုင်ခြင်း၊ အများအကျိုးသည်ပိုးခြင်း . . စသော စိတ်ကောင်းရှိမှုဟူသော လူမှုနယ်ပယ် အကြားရှိ အမှန်တရားကို ညွှန်းပြဟန် ရှိပါသည်။ အကျင့်ကောင်း၊ စရိုက်ကောင်း၊ စိတ်ကောင်းစိတ်မြတ် ထားရှိနိုင်မှုသည် ဘဝတိုက်ပွဲအောင်နိုင်ရေးအတွက် လက်နက်ကောင်းများ မဟုတ်ပါလော။

"ဗောဓိဝံသ" ကျောင်းဆောင်ကလေးလည်း ဦးဇောတိကအတွက် ပထမဦးဆုံး စံပျော်ရာ ကျောင်းတော်သာ လေးဖြစ်ခဲ့ပါ၏။ ဘဝနိဒါန်းအတွက် မမေ့နိုင်သော မှတ်တမ်းဟူ၍ ပြောလိုကပြောနိုင်ပါ၏။ တစ်နှစ်မျှအကြာ "သုခဝံသ"သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။

ကျောင်းဘုန်းကြီး (အဆောင်မှူး) အဖြစ် တာဝန် ထမ်းဆောင်ရပါ၏။ မိမိအတွက် ကျောင်းအတွက် ဂုဏ်သိက္ခာ၊ သာသနာတော်မျက်နှာ မထိခိုက်စေရန် အမြဲ လုံ့လပြုတော်မူပါ၏။ ခြေလှမ်းတိုင်းကိုလည်း တန်ဖိုးရှိစေပါ၏။ မိမိတစ်ဦးတိုးတက်မှုကို ဖော်ဆောင်ခြင်းသည် မိမိ ဝန်းကျင်အားလုံးနှင့် လောကကို အလှဆင်သည်သာဖြစ်ပါ၏။ မကောင်းမှုဖြင့် မိမိကိုယ်တိုင် ညှိုးနွမ်းစေခြင်းသည် မိမိလည်ပင်းကို ကိုယ်တိုင် ကွင်းတပ်ပေးလိုက်ခြင်းသာ။ "မိမိကိုယ်ကို သနားလျှင်မကောင်းမှုမှ ရှောင်ကြဉ်ကြ" ဟူသော အဆုံးအမ ကို နားဝယ်စွဲ၍ အမြဲ မကောင်းမှုကိုရှောင်၏။ ကောင်းမှုကိုဆောင်၏။ စိတ်ကိုဖြူအောင်ထား၏။ သွားမှု၊ လာမှု၊ နေမှုထိုင်မှု အမြဲဂရုပြုနေသဖြင့် ဆရာသမားတို့ မျက်မှောက်တွင် မဲ့တစ်ပေါက်မျှ စွန်းထင်းခြင်းမရှိခဲ့ချေ။ ထင်ယောင်ထင်မှား ဖြစ်ခဲ့ငြားလည်း တဒင်္ဂမျှသာ။ အချိန်က အမှန်တရားကို ဖော်ထုတ်ပါ၏။ ထို့ကြောင့်ပင် ကျောင်းဘုန်းကြီးများအဖွဲ့တွင် "အတွင်းရေးမှူး"အဖြစ် ဆောင်ရွက်၏။ ဦးဇောတိကသည် အပြော အဆိုသွက်၏။ အလိုက်သိ၏။ အကင်းပါး၏။ တာဝန်ကျေ၏။ စိတ်ချ၍ ပေးအပ်လာသော တာဝန်တစ်ခုကို ပြီးဆုံးအောင်မြင်သည် အထိ တိတိကျကျလုပ်ဆောင်တတ်၏။ ပဓာန နာယကဆရာတော် ဘုရားကြီးနှင့် တိုက်အုပ် ဆရာတော်ဘုရားတို့ စိတ်ချယုံကြည်အားကိုးခြင်းနှင့် သံယောဇဉ်အဖြစ်ရဆုံး တပည့်များထဲတွင် ဦးဇောတိကသည် ထိပ်ဆုံးနေရာက ရှိမည်ဟုထင်မိပါ၏။

တပေါင်းလပြည့်ကျော် (၃)ရက်မှာ ဦးနန္ဒဝံသဆရာတော်ဘုရား၏ မွေးနေ့ဖြစ်



ပါသည်။ "ပဒံကျေးရွာ"သည် ဆရာတော်ဘုရားကြီးရွှေချက်တော်သိုရာ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်ပါ၏။ ဇာတိချက်ကြွေမွေးရပ်မြေ မဟာပဒံတွင် မွေးနေ့ပွဲ ခြိမ့်ခြိမ့်သဲသဲကျင်းပ ပြုလုပ်၍ ဆရာတော်ဘုရားကို ကျေးဇူးဆပ်လိုခြင်းတွင် ကျေးဇူးဆပ်ခွင့်ကို ရရှိခဲ့ပါသည်။ ၁၃၆၄- ခုနှစ်မှစ၍ တပေါင်းလပြည့်ကျော် (၃)ရက်နေ့တိုင်း "မွေးနေ့ပွဲ" ပြုလုပ်ခဲ့ပါသည်။ ၁၃၆၈-ခုနှစ်ထိ (၅)နှစ် တိုင်တိုင် ပြုလုပ်နိုင်ခဲ့ပါသည်။ ၁၃၆၉ ခုနှစ်တွင် အထူးတလည် ကြီးစားပြုလုပ်ရန် စိတ်ကူးလျာထားချက် များနှင့် ပီတိဖြစ်လျက်ရှိသော ဦးဇောတိကသည် မှန်းချက်နှင့်နှမ်းထွက်မကိုက်ခဲ့ပါချေ။ အဘယ်ကြောင့် ကြိုတင် မကြေညာဘဲလျက် သူချစ်၍ သံယောဇဉ်ကြီးသော မွေးရပ်မြေပဒံကျေးရွာကလေး၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် နှင့် စာချ စာသင်သံဃာတော်များကို လမ်းခွဲကာ ဘဝနတ်ထံပျံလွန်တော်မူပါလေ၏။ ၁၃၆၉-

ခုနှစ် တပို့တွဲ လပြည့်ကျော် (၈)ရက်၊ သောကြာနေ့ည (၁၁)နာရီ (၂၅)မိနစ်အချိန်တွင် ဖြစ်ပါ၏။ ဤရက်၊ ဤနေ့၊ ဤအချိန်ကို မည်သူတစ်စုံတစ်ဦးမှ မေ့နိုင်မည်မဟုတ်ပါ။ ဩော် . . . ရွှေတောင်ကြီး ပြိုခဲ့ပြီ မဟုတ်ပါလား။

## အတွင်းပဒံကျေးရွာသို့ ဦးဇောတိက ရောက်ရှိရခြင်းအကြောင်းရင်း

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ မဟာနာယကချုပ် သက်တော်ရှည် ဆရာတော်ဘုရား ဘဒ္ဒန္တနန္ဒဝံသ မထေရ်မြတ်သည် မိမိရွာ၏ သာသနာရေးစိတ်တိုင်းမကျ။ စပ်စပ်စားစား စွမ်းစွမ်းတမံ စွမ်းဆောင်နိုင် သော မိမိ၏တပည့်များထဲမှ တစ်ပါးပါးအား မိမိရွာတွင် ရွာဘုန်းကြီးအဖြစ်ထားရှိရန် စိတ်ကူးရှိ၏။ မိမိအနီးတွင် အစစအရာရာစိတ်ချရသူ။ "စိုက်ကြည့် အလိုက်သိသူ"။ အရည်အချင်းနှင့် ပြည့်ဝသူစသော အရည်အချင်းကောင်း ရှိသူကို ဆရာတော်၏ မျက်လုံးထဲတွင် တိတ်တဆိတ် အမှတ်ပေးနေမည်ဖြစ်ပါသည်။ လက်ရုံးတစ်ဆူ ချွင်းချက်မရှိ စေဒကတက်ရန်မရှိသော ဦးဇောတိကသည် "ပဒံကျေးရွာ ရွာဦးဘုန်းကြီးကျောင်း" မဲပေါက်ခဲ့ပါချေ၏။

၁၃၅၈-ခုနှစ် နယုန်လဆန်း (၉)ရက် စနေနေ့ (၂၅-၅-၁၉၉၆) တွင် အမိတက္ကသိုလ် အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်ကြီးအား ဝမ်းနည်းစွာ ခွဲခွာကျောခိုင်း၍ မိမိတာဝန်ထမ်းဆောင်ရမည့် သာသနာသစ် နေရာအသစ်တွင် ဘုန်းကြီးအသစ် သမိုင်းအသစ်ဖြင့် ထမ်းဆောင်ရန်ဟူ၍ ဝမ်းမြောက်ဝမ်းသာ ရင်ခုန်စွာဖြင့် လှိုင်သာယာမြို့နယ် အတွင်းပဒံကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။ ဒေသခံကြို့ဆိုလျက်ရှိကြသည့် ရှင်၊ လူ၊ ရဟန်းပရိသတ်များနှင့် ကားအစီး (၃၀)ဖြင့် လိုက်ပါပို့သည့် လူဦးရေ (၂၀၀)ကျော်တို့မှာ ပဒံကျေးရွာကို လူပင်လယ်ကြီးဖြင့် ဖုံးကွယ်လိုက်ပါသည်။ ဦးဇောတိက အနေဖြင့် ပီတိတစိမ့်စိမ့် ဂုဏ်ယူမဆုံးဖြစ်နေရသည်မှာ မိမိချစ်ခင်လေးစားကြည်ညိုရပါသော တိုက်အုပ်ဆရာတော်ဘုရားကြီး "ဦးတိလောကာဘိဝံသ" ကိုယ်တိုင် အားရရွှင်ပြုံးသော မျက်နှာတော် ဖြင့် ကျက်သရေ ရှိနေပုံကို ယနေ့တိုင် မြင်ယောင်ဆဲဖြစ်နေမည်ဖြစ်ပါ၏။ ကားခေါင်းထဲမှ လိုက်ပါလျက် မိမိတပည့်အတွက် ဝမ်းမြောက်ဂုဏ်ယူနေဟန် ပေါ်လွင်နေပါ၏။

## ပဒံရွာ သမိုင်းအကျဉ်း

ရှေးကာလအချိန်တစ်ချိန်က ပဒံဖြစ်မည့်ကျေးရွာ ဤနေရာ၌ ပျားအုံများလို တန်းစီလျက် အုံဖွဲ့နေသည်ကို အစွဲပြု၍ "ပျားတန်းရွာ"ဟု ပြောစမှတ်ပြုခဲ့ကြ၏။ ကာလရွေ့လျားလာရာ "ပဒံ"ဟူ၍ ဖြစ်လာ၏။ ပန်းလှိုင်မြစ်ကို အခြေခံကာ မြစ်ကမ်းအနီးရှိရွာကို "အပြင်ပဒံ"ဟူ၍ လည်းကောင်း၊ မြောက်ဘက်အတွင်းပိုင်းကျသော ရွာကို "အတွင်း ပဒံ"ဟူ၍ ခွဲခြားသတ်မှတ်ခေါ်ဝေါ်သမှုပြုကြ၏။

ရှေးခေတ်ထိုအချိန်က ထိုနေရာသည် အစွန်အဖျားဖြစ်နေခြင်း၊ လူအရောက်အပေါက်နည်းခြင်းတို့ကြောင့် ရွာတစ်ရွာကို တစ်နေ့လျှင် ဓားပြ (၃)ကြိမ်တိုက်သည်ဟု ဆို၏။ တစ်ချိန်တစ်ခါက ထန်းတပင်မြို့နယ်ဖြစ်ပြီး "တက်သစ်" အပိုင် ဖြစ်၏။ တက်သစ်အပိုင်၌ လူဆိုးသူခိုး ပေါသဖြင့် "ပဒံတက်သစ် ကျောက်မပစ်နဲ့ ပစ်သာ

ပစ်လေ မအိပ်လေနဲ့၊ အိပ်သာ အိပ်လေ မပျော်လေနဲ့" ဟု အဆိုရှိခဲ့၏။ ငါးရာထွက်နေသော လှေ ခေတ္တရပ်နားရန် ကျောက်ကို ရောက်သည့် နေရာ၌ ရေအောက်ရှိ မြေတွင် နေရာမရွေ့သွားရန် အနေအထားမှာ ကျောက်ချခြင်း ဖြစ်၏။ အိပ်ပျော်သွားလျှင် တွေ့သည့်မည်သည့် ပစ္စည်းကိုမဆိုလုယူမည်။ သို့မဟုတ် အသက်ကိုပင် စိုးရိမ်ရသည်။

အတွင်းပဒံကျေးရွာမှ ရှေ့မီနောက်မီ လူကြီးများက လွမ်းမောစွာ ဂုဏ်ယူလျက် ယနေ့တိုင် "ရွာက-အတွင်းပဒံ၊ ကန်ကြီးက ကိုးကန်၊ ရွာသူကြီးက ဦးရွှေမှန်၊ မင်းဒလင် (ရွာဆော်)က ဦးရွှေရန်"ဟု ပြောဆိုနေကြဆဲ ဖြစ်ပါ၏။ တမ်းတနေဆဲ ဖြစ်ပါ၏။

နှစ်ပေါင်း (၃၀၀)ကျော်ကရွာတည်ခဲ့သော အတွင်းပဒံကျေးရွာ၏ ဘုန်းတော်ကြီးကျောင်းမှာ ယခု "မြစိမ်းရောင် ကိုးနဝင်း" စေတီ၏ အနောက်မြောက်ထောင့် နေရာမှာဟု ဆို၏။ ဒုတိယနေရာ ရွာဦးကျောင်း (ယခု ပဒံပရိယတ္တိစာသင်တိုက်)သို့ ၁၂၈၂ ခုနှစ်ကစ၍ ပြောင်းရွှေ့ခဲ့သည်ဟု သိရ၏။ ပြောင်းရွှေ့သည့် နှစ်မှစ၍ မှတ်မှတ်ရရ ကထိန်ပွဲစတင်ခဲ့၏။ နှစ်စဉ်မပျက် ဆက်လက်ကျင်းပခဲ့ကြ၏။ စခဲ့သည့်နှစ်တွင် ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် မွေးဖွား၏။ ယောကျ်ားလေးအမည်ကို မောင်ထိန်ဟုလည်းကောင်း၊ မိန်းကလေးအမည်ကို မအေးထိန်ဟုလည်းကောင်း စတင်ပြုလုပ်သည့် ကထိန်ကို အစွဲပြုမှည့်ခေါ်ခဲ့ကြ၏။ အမှတ်တရ အမည်ပေးကြ၏။ မောင်ထိန်(ဦးထိန်မှာ) ပဓာနမဟာနာယက ဆရာတော်ဘုရားကြီး ဦးနန္ဒဝံသနှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သည်ဟု သိရပါသည်။ ပဒံရွာဦးကျောင်း (အတွင်းပဒံရပ်ကွက်၏ ပဒံပရိယတ္တိစာသင်တိုက်)နေရာသည် နှစ်သက်တမ်း (၉၀)ခန့် ရှိပြီဟု တွက်ချက်သိရပါသည်။

## ပွက်တောနဲ့တော ဘောန္တော

အစစအရာရာ စိတ်ချခြင်းယုံကြည်ခြင်း အားကိုးခြင်းများစွာနှင့် ဆရာတော်ဘုရား ဇာတိမြေသို့ ရောက်ရှိ နေသော ဦးဇောတိကသည် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန် ကြီးမားသော ဆန္ဒရှိပါ၏။ ကျောင်းဝင်းတစ်ခုလုံး ကြခတ်ဆူးများက တင်းကြမ်းပြည့်နေ၏။ မျှော့နက်မည်းကြီးများက တလှုပ်လှုပ်တရွရွနှင့် စိန်ခေါ်နေကြ၏။ အဆောက်အအုံဟူ၍ ဆွမ်းစားကျောင်းဟောင်းကြီး၊ သိမ်၊ ဓမ္မသီရိ ကျောင်းဟူ၍ အပြေးအလွှားရေတွက်မှသာ "(၃)"ဆောင်သာ ရှိပါ၏။ ၎င်းတို့မှာ ဟောင်းနွမ်းသလောက် ပျက်စီးယိုယွင်းနေပြီ ဖြစ်ပါ၏။ နေစရာကျောင်းမပြည့်စုံ၊ ဆွမ်းမလုံလောက်၊ သက်နီးမရှိ။ ဆေးနတ္ထိ။ သို့ဆိုလျှင် . . . "တောင်ကြီးဖြိုမယ့်ကြံ ခါးကမသန်"ဖြစ်ရပါ၏။ မည်သို့ဖြစ်စေ "ယောကျ်ားတို့ဇွဲ သေခါမှလျှော့"၏။ ဤသို့ဆိုလျှင် "လှေခွက်ချည်းကျန်အလံမလှဲ"သော ဦးဇောတိကမှာ နက်ဖြန်များစွာတို့မှာ အောင်ပွဲ အလီလီကိုဆင့်ကာ ဆက်ကာရနေပြီဖြစ်ပါ၏။

စာသင်တိုက်ဖွင့်လှစ်နေ့ ၁၃၅၈-ခုနှစ် နယုန်လပြည့်၊ စာသင်သား (၁၈)ပါးမျှသာ။ မန်ကျည်းပင်ရိပ်သည် စာသင်ခန်း၊ ကွပ်ပျစ်သည် စာရေးခုံ၊ စာသင်တိုက်အမည်ကို "ပဒံပရိယတ္တိ စာသင်တိုက်"ဟု အမည်ပေး၏။ ပဒံဟူသည် နိဗ္ဗာန်ဟူ၍ အဓိပ္ပါယ်ရှိသည့်အတွက်

"ပဒံပရိယတ္တိစာသင်တိုက်"ဟူ၍ ရွာကိုဂုဏ်ပြုရန်နှင့် မူလဓာတ်ဟောင်းကိုလည်း ရှင်သန်စေရန် ရည်ရွယ်ပါသည်ဟု ဦးဇောတိက အမိန့်ရှိပါသည်။

"အုမ မတောင့်လျှင် သီလမစောင့်နိုင်" သဖြင့် ဆွမ်းဆန်အလှူခံရန် ခရီးနှင်ကြရပါသည်။ ရွှံ့ဗွက်ပေါ်တွင် ခန္ဓာကိုယ်မှာဟိုယိမ်းသည်ယိုင် ဖြစ်နေ၏။ ရွှံ့ဗွက်နစ်လျက်ရှိသောခြေကို "မ"လျက် နုတ်လိုက်စဉ် ကျန်နေသောခြေထောက်ပါလိုက်၍ မြုပ်သွား၏။ "လှုပ်လေမြုပ်လေကိုသာဒုတ်ရေ"ဖြစ်နေပါ၏။ ဤလိုအခြေအနေတွင် ငိုရမည်လော ရီရမည်လေ။ ဩော်. . . ငိုအားထက် ရီအားသန်ခဲ့ရပါပြီ။ ရှေ့ဆက်ရမည့် ခရီးကား ဝေးနေပါသေး၏။ ကျယ်ပြန့်သော ရွှံ့ နွံ ဗွက်တို့ကား စောင့်ကြိုလျက်ပါ။ မည်သို့ဖြစ်စေ "ဗွက်တော နွံတောမှာ ဘောင်ဘွ" မဖြစ်မနေ လုပ်ကြရမှာ မဟုတ်ပါလား။



## သာသနာရေးဘက်ဆောင်ရွက် လှုပ်ရှားခြင်းများ

ဆရာတော် ဘဒ္ဒန္တဇောတိကသည် ၁၉၉၆-ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ မြို့နယ်၊ တိုင်းဝိနည်းဓိုရ်၊ မြို့နယ်သီးခြား ဝိနည်းဓိုရ်၊ မြို့နယ်သံဃဝန်ဆောင်၊ ၁၉၉၆-ခုနှစ်မှ ၂၀၀၆-ခုနှစ်ထိ လှိုင်သာယာမြို့နယ် ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော သာသနာနုဂ္ဂဟမြို့နယ်စာမေးပွဲဖြစ်မြောက်ရေးကော်မတီတွင် တွဲဖက်အတွင်းရေးမှူးအဖြစ်ဖြင့်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှစ၍ ပါဠိပထမပြန်ကြီးကြပ်ရေးအဖွဲ့ဝင်တာဝန်ကိုလည်းကောင်း၊ တစ်ဖန် ၂၀၀၇ ခုနှစ် ရွေးချယ်ပွဲ၌ မြို့နယ်သံဃနာယကအဖွဲ့ဝင်တာဝန်ကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ်တစ်မြို့နယ်လုံး၏ ဗုဒ္ဓဘာသာသင်တန်း၏ ဩဝါဒါစရိယဆရာတော်အဖြစ်ဖြင့် လည်းကောင်း၊ အတွင်းပဒံရပ်ကွက်ရှိ မြစိမ်း ရောင်ကိုးနဝင်းစေတီနှင့် မြအေးကြည်စေတီတော်မြတ်ကြီးတို့တွင် ဩဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ပဒံမြေ ပညာ ဒါန ဩဝါဒါစရိယဆရာတော် အဖြစ်လည်းကောင်း တာဝန်အသီးသီးကို ပေးအပ်ခြင်းခံရပါသည်။

၁၃၆၈-ခုနှစ်တွင် ပဒံပရိယတ္တိစာသင်တိုက်၏ အဂ္ဂိထောင့်တွင် "အားလုံးချမ်းသာရစေတီတော်မြတ်ကြီး"ကို အသစ်တည်ထားအောင်မြင်ခဲ့ပါသည်။ မိမိ၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော တောင်နီကျေးရွာ ရွာဦးကုန်းမြေမြင့်တွင် သမိုင်းဝင်ရှေးဟောင်း "ဆင်များရှင် စေတီတော်မြတ်ကြီး"ကို အသစ်ပြုပြင်မွမ်းမံခြင်း။ ၁၉၉၄-ခုနှစ်၊ မိခင်တက္ကသိုလ် "အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ရှင် ပဓာနမဟာနာယက ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ဘုရား

“ဒကာ့သည်တို့အား တစ်သက်တာ လုပ်ကိုင် စားသောက်နိုင်ရန် စိုက်ပျိုးမှုအခြေခံ၍ရေရှည် အကျိုးဖြစ်ထွန်းစိမ့်သောငှာ ဒေသခံလူများနှင့် စီမံကိန်းချ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါ၏။”

ကြီး ညွှန်ကြားမှုကို ရိုသေစွာခံယူ၍ ပန်းဘဲတန်းမှ ဦးမောင်လေး+ဒေါ်ကျတ်တို့ လှူဒါန်း ကိုးကွယ်ခဲ့သော ရှေးဟောင်းဘုရား ဂန္ဓကုဋီတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ကြည်ညိုဖွယ်ရာဖြစ်အောင် ပြုပြင်မွမ်းမံကာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ပါသည်။

## ပဒ်၏ စ်၊ ထူးခြားသော ပညာအလှူများ

ယနေ့ ပဒ်ပရိယတ္တိစာသင်တိုက် သက်တမ်းသည် (၁၃)နှစ်တင်းတင်းပြည့်ခဲ့ပြီး ဖြစ်သော်လည်း သက်တမ်းတိုသလောက် တိုးတက်မှုအရှိန်မှာအဆမတန်တိုးပွားနေသဖြင့် တွေ့မြင်သူ လူ၊ ရဟန်းတို့လက်ဖျားခါရ၏။ ချီးကျူးပြောဆိုမှုများနားလျှံမခန်းကြားနေရ၏။

ပညာရေးကဏ္ဍတွင် တိုက်အုပ်ဆရာတော် ဦးဆွမ်ပရာဘွမ်သည် ပဓာနနာယက ဘဒ္ဒန္တဇောတိက (မဟာစရိယ) ဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဘုရားအား ဦးထိပ်ထားသြဝါဒစကားကို ကျိုးနွံစွာခံယူ၍ တာဝန်သိသိ သစ္စာရှိရှိဆောင်ရွက်တော်မူပါသည်။ ပညာရေးဌာနနှင့် စီမံအုပ်ချုပ်ရေးအထွေထွေ တာဝန်များနှင့်အတူ တိုက်အုပ် ဆရာတော်ဦးဆွမ်ပရာဘွမ်သည် “ပညာဒါန” သီးသန့်ကျောင်းဆောင် ဆောက်လုပ်လျက် တက္ကသိုလ်ဝင်တန်းကို ကျောင်းသူ/ကျောင်းသား(၁၀၀)ခန့် နှစ်စဉ် သင်ကြားလျက်ရှိပါသည်။ သင်ကြားလို၍ ပြင်ပမှဘွဲ့ရကျွမ်းကျင်ဆရာတို့မှာ အလုအယက်လာနေကြပါသည်။ ဆရာတော်နှစ်ပါး၏ မေတ္တာ၊ စေတနာ၊ အနစ်နာတို့ လေးစားခံယူ အင်တိုက်အားတိုက် ပါရမီဖြည့်နေကြခြင်း ဖြစ်ပါသည်။

နှစ်စဉ်စာသင်စာချသံဃာ (၂၀၀)မျှတို့သည် ပညာသင်နှစ်အစဦးတွင် ရောက်လျှင်ရောက်ချင်း “အင်္ဂလိပ်စာ မသင်မနေရ”မူဖြင့် ကတိဝန်ခံချက်ပြုရပါသည်။ အင်္ဂလိပ်သဒ္ဒါကို ကျနခိုင်လုံအောင် ကျောရိုးထားပြီး နိုင်ငံခြားထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ဆောင်းပါး၊ စာစောင်များကို ဖတ်နိုင်ရန် ရှေ့ရှုပါသည်။ ဦးဆွမ်ပရာဘွမ် ဆရာတော်ကိုယ်တိုင် ကြပ်မတ်၍ စွမ်းစွမ်းတမံ ပညာရေးခြေလှမ်းကြီးများကို ဌွဲ မာန်အပြည့်နှင့် ချီတက်လျက်ရှိပါ၏။ ပြင်ပမှ နာမည်ရ ကျော်ကြားထင်ရှားသော ဆရာ/ ဆရာမများ အလှည့်ကျ လာရောက်သင်ပေးကြ၏။ အင်္ဂလိပ်စကားသည် ကမ္ဘာသုံး စကားဖြစ်သဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှ ကမ္ဘာသို့ ကျယ်ပြန့်စွာ သာသနာပြုနိုင်ရန် ရည်ရွယ်တော်မူခြင်းဖြစ်ပါသည်။ သကြံန်ပြီးစမှစ၍ နှစ်စဉ် “အင်္ဂလိပ်

စကားပြောသင်တန်း"များဖွင့်၏။ အင်္ဂလိပ်စာသည် ကမ္ဘာသုံး စကားဖြစ်သဖြင့် ရေဝေးမြေခြားနိုင်ငံရပ်ခြားတို့တွင် သာသနာတော်ကျယ်ပြန့်စွာပြုတော်မူနိုင်ကြရန် ရည်ရွယ်ချက်ကြီးမားစွာ ချမှတ်ဆောင်ရွက် တော်မူခြင်း ဖြစ်ပါသည်။

ကွန်ပျူတာသင်တန်းတက်ရောက်လိုကြသူ သင်တန်းသား သင်တန်းသူများကို ရှင်၊ လူ၊ ရဟန်း၊ ယောက်ျား၊ မိန်းမ မရွေးအပတ်စဉ် "ဦးဆွမ်ပရာဘွမ်၏ ကွန်ပျူတာခန်းမတွင်" သတ်မှတ်ရက်နေ့များ၌ မပျက်မကွက်စုံစုံလင်လင် ပညာပေးလျက် ရှိနေပါသည်။

## ကျောင်းကြီးဒါယကာ ဆရာဦးအာသာနှင့်ဒေါ်ဂျန်နီ

ပဒ်ပရိယတ္တိစာသင်တိုက်တွင် "မဟာဝေဠုရတနာ ကျောင်းတော်ကြီး"ဟူ၍ သမိုင်းတစ်ခေတ် ကမ္ပည်းတင် ကျန်ရစ်စေမည့်သာသနိကအဆောက်အအုံကြီးတစ်ခုကို ဆရာဦး အာသာ+ဒေါ်ဂျန်နီ . . သမီးကြီး မသည်းနှင်းဦး၊ သမီးလတ် မအိမ့်မျက်သွယ်နှင့် သားထွေး မောင်မိုးမြင့် အာသာ မိသားစုတို့က လွန်မင်းစွာ လိုအပ်နေသော ကွက်လပ်ကို ဖြည့်စွက်လျှ ဒါန်းလိုက်သည့်အတွက် လူသာစုခေါ် နတ်သာစုခေါ် ချီးကျူးမဆုံး ပီတိတပြုံးပြုံးဖြစ်ကြရပါ၏။

လူ့သဘာဝမှာ "ရေများရာမိုးရွာ၏"၊ "မြေနိမ့်ရာလှံစိုက်၏"၊ "မျက်နှာရှိရာဟင်းဖတ်ပါ၏"ဟူသော လောက သဘာဝအဆိုများကို ဆန့်ကျင်လိုက်၏။ ပကာသနကို ရှေ့တန်းမတင်၊ ဂုဏ်ကိုမလိုလား၊ ချီးကျူးမှုမတောင့်တ၊ ဓမ္မဝိဠာန်ကျကျ ဤမဟာကုသိုလ်တော်ကြီးကို ကြီးမားသော အရင်းအနှီးတစ်ခုအဖြစ် မြုပ်နှံလာခဲ့သည်မှာ နှစ်ထောင်း အားရဖွယ်မဟုတ်ပါလော။

ဆရာသည် မိမိတစ်ဦးတည်းဖြင့် ကျောင်းတော်ကြီးကို ပြီးစီးအောင်မြင်စွာ တည်ဆောက်ပြုလုပ်လှူဒါန်းနိုင်သူ ဖြစ်ပါ၏။ မိမိတစ်ယောက်တည်း ကိုယ်ကျိုးသက်သက်အတွက်ကိုအခြေမခံဘဲ နှစ်ဘက်မိဘများနှင့် ဆွေမျိုးညီ ညီမ၊ အစ်ကို နှမတို့အားလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်ဆရာဆရာမတို့အားလည်းကောင်း၊ {Success Language Academy} မှ တပည့် "ချစ်သားချစ်သမီး"တို့အားလည်းကောင်း လမ်းညွှန်စည်းရုံး၏။ ကုသိုလ်အဖို့ကိုဝေငှ၏။ မိမိလျှောက်သောဓမ္မလမ်းပေါ် သို့ ပို့ဆောင်၏။ မိမိချည်းလောဘမကြီးခဲ့ပါ။ ပဋ္ဌာန်းချက်ကြောင့်ကြုံဆုံရသမျှ အားလုံးတို့အား ဒါအတူပြုစေပါသည်။ ရေစက်အတူချစေပါသည်။ အမျှအတူဝေစေပါသည်။ သူတော်သူမြတ်၏ မြင့်မြတ်သော စိတ်ကောင်းရှိမှု၏ အရိပ်လက္ခဏာများသာ ဖြစ်ပါ၏။

မဟာဝေဠုရတနာကျောင်းတော်ကြီးကို ဆောက်လုပ်ရာတွင် ကျောက်သဲ၊ သံ၊ သွပ်၊ သစ်သား . . စသည်များဖြင့် အလုပ်သမားများစွာတို့ဖြင့် နှစ်အတန်ကြာ ကြန့်ကြာလိမ့်မည်ဟု ယူဆထားကြ၏။ ဆရာဦးအာသာ+ဒေါ်ဂျန်နီတို့၏ သာသနာတော်မြတ်အပေါ် စစ်မှန်သော သဒ္ဓါတရားကြောင့် "၇-လ၊ ၁၉-ရက်"ဖြင့် ပြီးစီးအောင်မြင်ခဲ့ပါ၏။ တစ်နေ့လျှင် အလုပ်သမားသုံးဆယ်ကျော်ဖြင့် နေ့မနားညမနား နေပူပူမိုးရွာရွာ ဇွဲနဘဲကြီးစွာ ဆောက်လုပ်ခဲ့ကြပါသည်။ ပဒ်ပရိယတ္တိစာသင်တိုက်၏ ကုန်ကျငွေ စုစုပေါင်း သိန်းနှစ်ထောင်မျှ ရှိပါသည်။

နာဂစ်မုန်တိုင်းကြောင့် သံဃာတော်အားလုံးတို့ သီတင်းသုံးနေသော ကျောင်းဆောင်ကြီး သုံးဆောင်အမိုးတို့မှာ လွန်မင်းစွာပျက်စီး

ဆုံးရှုံးသွားပါသည်။ မဟာဝေဠုရတနာကျောင်းတော် ဆောက်လုပ်ဆဲမှာပင် အလုပ်သမားများ ခွဲဝေကာ အင်တိုက်အားတိုက် ပြင်ဆင်ပြုလုပ်ခဲ့၏။ ရေတွင်း၊ ရေကန်များ လိုအပ်ရာရာတိုင်းတွင် ကောင်းမွန်ပြည့်စုံစေရန် အမိုးအကာ အခင်းများကို အပူတပြင်းတိုးချဲ့ဖြည့်စွက်ဆောင်ရွက်လှူဒါန်းခဲ့ပါသည်။

နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းမှ စားရမဲ့နေရာမဲ့ အဝတ်မဲ့ဒုက္ခသည် မြောက်များစွာတို့ကို အစားအစာ၊ နေရာ၊ အိုးအိမ်၊ အဝတ်အထည်များကို သွားရောက်ပေးပို့ကူညီပံ့ပိုး၏။ ဒုက္ခသည်တို့အား တစ်သက်တာ လုပ်ကိုင်စားသောက်နိုင်ရန် စိုက်ပျိုးမှုအခြေခံ၍ ရေရှည်အကျိုးဖြစ်ထွန်းစိမ့်သောငှာ ဒေသခံလူများနှင့် စီမံကိန်းချ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါ၏။ စေတနာထက်သန်မှု၊ စည်းကမ်းတကျ ဆောင်ရွက်မှု ကိုယ်ကျိုးဖက်မှု လုံးဝမရှိသော ဆရာ၏ လုပ်ရပ်ကြောင့် မပြီးမစီး အောင်မြင်သော အလုပ်ဟူသည် မရှိနိုင်တော့ပါ။

သာသနာပြုဆရာတို့မိသားစုသည် သာသနာတော်အတွက်

"ဆရာတော် ဦးဇောတိက အရေး . . .
တို့အရေး
ပဒ်ပရိယတ္တိစာသင်တိုက်အရေး . . .
တို့အရေး
သာသနာ့အရေး . . . . . . . . . . .
တို့အရေး"ဟူ၍

"အရေးသုံးပါး"ကို အမြဲအလေးထားနေပါသည်။ မိမိကျောင်းမှာ ပညာသင်ကြားပေးလျက် မအားလပ်သည့်ကြားမှ ပဒ်ပရိယတ္တိစာသင်တိုက်သို့ မကြာမကြာရောက်လာတတ်ပါ၏။ တစ်ခါတစ်ခါ မိသားစုပါ၏။ တစ်ခါတစ်ခါ ဒေါ်ဂျန်နီ ပါ၏။ ဇနီးမောင်နှံတို့သည် ဆရာတော်ဘုရားရှေ့မှောက်တွင် ပီတိမျက်နှာနှင့် လှိုက်လှဲသောပျော်ရွှင်မှုနှင့် "ဆရာတော် ဘာလိုပါသေးလဲဘုရား" လိုတာအမိန့်ရှိပါဟု ဇနီးမောင်နှံတို့က တဖွဖွ အလုအယက် လျှောက်ထားကြ၏။ မွန်မြတ်သော စေတနာ၊ သဒ္ဓါတရားပိုမိုလွန်ကဲနေသဖြင့် ဆရာတော်အနေဖြင့် လိုအပ်ချက်တွေရှိနေသော်ငြား ဖွင့်ဟ စကားပြောလိုက်ရန် ဝန်လေးနေဟန်ရှိပါ၏။

ဆရာတော် ဦးဇောတိက ပဒ်မြေ ပဒ်ပရိယတ္တိစာသင်တိုက်တည်ထောင်ခဲ့သည်မှာ (၁၃)နှစ် တင်းတင်းပြည့် ရုံမျှသာရှိသေး၏။ နှစ်စဉ်ဖြေဆိုသမျှ သံဃာတော်များ၏ အောင်ချက်မှာ လှိုင်သာယာမြို့နယ်တွင် ထိပ်ဆုံးကဖြစ်၏။ ကျောင်းတိုက်တာအတွင်း လိုက်လံကြည့်ရှုမည်ဆိုပါက (၁) အားလုံးချမ်းသာရဆုတောင်းပြည့်စေတီတော်မြတ်ကြီး။ (၂) မဟာဝေဠုရတနာကျောင်းတော်။ (၃) သိဒ္ဓိရတနာကျောင်းတော်။ (၄) ဓမ္မသီရိကျောင်းတော်။ (၅) သာသနာ့ ဝိသောဓနီသိမ်တော်။ (၆) ဧည့်ကျောင်းတော်။ (၇) ဇေယျာဘူမိကျောင်းတော်။ (၈) နန်းရတနာကျောင်းတော်။ (၉) ရွှေစံကားဝါကျောင်းတော်။ (၁၀) လှရနာ ဝါဝါဝင်းကျောင်းတော်။ (၁၁) ပညာဒါနဆောင်နှင့် (၁၂) ယခု ပန္နက်ချပြီး မဟာဘောဇနကာရီကျောင်းဆောင် ဟူ၍ပေါ်ထွန်းခဲ့ပြီးဖြစ်ပါ၏။

မဟာဝေဠုရတနာကျောင်းတော်ကြီးကဲ့သို့ တစ်ပုံစံတည်းတွင် သီးသန့် ဘုရားခန်းတွဲထားပါသည်။ နေပြည်တော်မှ ဒုတိယဗိုလ်မှူးကြီး ဦးခင်မောင်ဦးမိသားစုမှ ဦးစီးကာ စုပေါင်းလှူဒါန်းတည်ဆောက်ကြမည် ဖြစ်ပါ၏။ မည်သူမဆို လှူဒါန်းပါဝင်နိုင်သည်ဖြစ်ပါ၏။

ဆရာတော်၏ ဘုန်း၊ ကံ၊ ပါရမီကြောင့် ယခု "မဟာဗောဓနကာရီ ကျောင်းဆောင်" ကြီးသည်လည်း အဆောတလျင် ပြီးစီးအောင်မြင်လိမ့်မည်ဟု ယူဆမျှော်လင့်ထားကြပါ၏။

ဦးဇောတိက ဆရာတော်ဘုရားသည် ပဒံကျေးရွာသို့ရောက်ရှိခဲ့သဖြင့် **ရွာဦးဘုန်းကြီးကျောင်းမှ ပဒံပရိယတ္တိ စာသင်တိုက်ကြီး** ဖြစ်လာပါ၏။ **တက်သစ်ပဒံမှ ပြည်နိဗ္ဗာန်** ဖြစ်လာရ၏။ နေ့ပဋိယတ်၊ ညပရိပတ်တို့ဖြင့် စာကျက်သံ၊ စာချသံတို့နေ့မစဲ ညမစဲ သာသနာ့အောင်ပွဲကြီးနွဲလျက်သာရှိနေပါ၏။ နံနက်အစ အရုဏ်မှ ပင်လျှင် တန်းစီဆွမ်းခံ ကြွလာသော သံဃာတန်း၏ ကျက်သရေ မင်္ဂလာရှိစွာ ဂုဏ်ယူစွာဖြင့် ကြည်နူးချမ်း မြေ့ကြရပါ၏။ ဖူးတွေ့ကြည်ညို ဦးခိုက်ရပါ၏။ ရခဲသော လူ့ဘဝအတွက် တစ်နေ့တာတွင် "တန်ဖိုးရှိခြင်း"များဖြင့် ကုန်လွန်နေရသဖြင့် ဘဝမှာ တန်ဖိုးကြီးမားနေပါ၏။ အတွင်းပဒံရပ်ကွက်နှင့် နီးကပ်သော ရပ်ကွက်များစွာတို့မှာ ပဒံပရိယတ္တိကြောင့် အပါယ်လေးဘုံမှ ကင်းလွတ်၍ နိဗ္ဗာန်ဆီသို့ မုချဧကန်ရောက် ရှိတော့မည်သာဖြစ်ပါ၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး . . ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေရသည်မဟုတ်ပါလော။

သစ်တစ်ပင်ကောင်း၍ ငှက်တစ်သောင်း နားခိုရပါ၏။ ဖိုးလငွေသော်တာလမင်းကြီးသည် တစ်ကမ္ဘာလုံးရှိ သုံးဆယ့်တစ်ဘုံသားတို့အား ကြည်လင်ချမ်းမြေ့ အပူကင်းစင်စေပါသည်။ လှိုင်သာယာ သာသောလ၏ ရောင်ခြည်လှလှချမ်းမြမြကြောင့် လှိုင်သာယာ သာမကခုနစ်ရက်သား လူသားအားလုံး တောင့်တခြင်း၊ ကြောင့်ကြခြင်း၊ စိုးရိမ် ခြင်းကင်း တော်မူကြလျက် သူတော်ကောင်းတရားများကို ကမ္ဘာသို့တိုင် လွှမ်းပတ်တည် နေပါစေသတည်း ဟု ဆန္ဒပြုမိပါသတည်း။

လှိုင်သာယာ၏ လမင်းတစ်ဆူဖြစ်တော်မူသော ဘဒ္ဒန္တဇောတိက ဓမ္မာစရိယ ပဓာန နာယက ဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဘုရားသည် သက်တော်ဝါတော်ရာကျော်ရှည်လျက် ပရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဓဟူသော ဗုဒ္ဓမြတ်စွာ သာသနာတော်သုံးရပ်ကို စိတ်သွားတိုင်း ကိုယ်ပါ၍ စိတ်ချမ်းသာကိုယ် ကျန်းမာလျက် ဆောင်ရွက်နိုင်ပါစေဟူ၍ ခြေဖျားတော်အား နဖူးဖြင့်ထိကာ လက်ဆယ်ဖြာ ဦးခိုက်၍ ဆုတောင်းလိုက်ပါသည်။

## နှလုံးသားဆန္ဒ ပူးဇွှေဟ

လက်တစ်ဖက် ကုန်အောင်ပင် ရေတွက်ခြင်းငှာ မစွမ်းပါဘဲ "နှစ်နှစ်တာမျှ" ရေပွက်ပမာ ခဏတာလေးမှာပင် ဖြိုးကြဲ ဖြိုင်ဖြိုင်ရွာ အလွမ်းမိုးစွေ ဝေဒနာအတွက် အတန်ငယ်သက်သာရခြင်း ဖြစ်စိမ့်သောငှာ အနှုတ်ထိုက်သော သက်တော်ရှည် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ဂုဏ် အထွေးထွေး အနန္တကို မဖြစ်စလောက် အနည်းငယ်သော ဤစာစုဖြင့် ခြယ်မှုန်းလိုက်ခြင်းကို နိဗ္ဗာန်နန်းမှ လက်ကမ်း ကြိုလျက် ကြည်နူးနှစ်သိမ့် ခွင့်လွှတ်နိုင်ပါစေဟု နှိမ်ခြွေ မာန်ချိုးရှိုဦးခိုးလျက် . . . . . ။

◆ အင်းပေါင်းသား ကန်အောင်ချို

# ဘဝသခင် ဖန်ဆင်းရှင်သို့



❁ မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ
မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်
မြတ်နိုးကြင်၊ ငါးအင်ဝတ္တရားနဲ့
မိသားစုဘဝကို၊ လမ်းပြရှေ့ဆောင်
အလင်းရောင်ပေးတဲ့
ကျေးဇူးရှင် အဖေ . . .။

❁ ကျား . . . ဟေ့ . . . ဆို
ခေါ်းကိုဆွဲပြီး၊ ရဲရဲကြီးရှေ့က
ရပ်ပြတဲ့- သတ္တိခဲအဖေ . . .။

❁ သမီးသားကို နှီးဖျား တို့မခံ
မြင်းရံလို့ဆင်စီး၊ ကြီးပွားဖို့ရွယ်စူး
နဖူးကချွေးတွေ၊ ခြေမအပေါ်ကျပေမဲ့
အလေးထားမသုတ်နိုင်ဘဲ
လုပ်ကိုင်ကျွေးရှာတဲ့ အဖေ . . .။

❁ မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်
အတတ်သင်စေ၊ ပေးဝေနှီးရင်း
ထိမ်းမြားနှင်းအပ်၊ မြင့်မြတ်တဲ့စေတနာ
အကြင်နာမေတ္တာတေးနဲ့
အားပေးတတ်တဲ့ အဖေ . . .။

❁ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်
လူဖြစ်သည်မှအစ၊ လူ့ဘဝအဆုံးထိ
အပြုံမပျက်၊ ပုခုံးထက်ချီမ
ယုယပိုက်ထွေး၊ မွေးမြူပေးကာ
ယဉ်ကျေးအောင် သွန်သင်တဲ့
နည်းနာနိဿယတို့၏ အရှင်
"ပုဗ္ဗာစရိယ" မဟာ
"ပုဗ္ဗာဒေဝတာ" နတ်ပြဟ္မာ
လက်ဦးဆရာ အဖေ . . .။

❁ အဇာတသတ်၊ အဖသတ်လဲ
မြင့်မြတ်စိတ်ထားရှိတဲ့
"ဗိမ္ဗိသာရ" အဖေ . . .။

❁ အဖေ . . . အဖေ . . .
အဖေ . . . အဖေ. . . .
ရေ၊ မြေ၊ လေ၊ ကောင်းကင်
အသချေ်၊ အသချာ၊ စကြဝဠာ
အဘယ်အရာနဲ့ပုံခိုင်း
မနှိုင်းအပ်သော
မြတ်လှပေသည့် ဘဝသခင်
ဖန်းဆင်ရှင် အဖေ့ . . . ကို
နေ့နေ့ ညည ရှီးကျိုး
စုံဆယ်ဖြာ ဦးထိပ်မိုးကာ
ရှိခိုးမဝနိုင်တော့ပေ . . .။ ။

♦ **မောင်နန်းထိုက် (တေးကဗျာ)**



# ဝါဒီများနှင့် ဗုဒ္ဓ

ဦးသုမန (ရေကျော်ရွှေမြေ)

လောကဌ် လူအမျိုးမျိုး အယူအဆ အမျိုးမျိုးရှိကြရာ ကိုးကွယ်ဆည်းကပ်သည့် ဘာသာလည်း အမျိုးမျိုးရှိကြသည်။ ထိုသို့ ကိုးကွယ်ဆည်းကပ် ကြရာတွင် ဂေါတမ ဘုရား မပွင့်မီ အခြေအနေနှင့် ဂေါတမဘုရား ပွင့်ပြီး အခြေအနေတို့ကို စာရေးသူ လက်လှမ်းမီသမျှ တင်ပြပါမည်။

ဂေါတမဘုရားမပွင့်မီက ရာဇဂြိုဟ်ပြည် တစ်ဝှမ်းလုံး၌ မိမိတို့ဆိုင်ရာ အယူဝါဒ အမျိုးမျိုး ဖြင့် ထင်ရှားကျော်ကြားလှသော ဆရာကြီး များရှိကြလေသည်။ ထိုဆရာကြီးများ၏ အယူ ဝါဒကို လက်ခံ ကျင့်သုံးသူ တပည့်သာဝက ဒါယကာဒါယိကာမတို့လည်း များစွာရှိလေသည်။

ထိုဆရာကြီးများမှာ ပူရဏကဿပ, မက္ခလိဂေါသာလ, အဇိတကေသကမ္ဗလ, ပကုဓ ကစ္စာယန, နိဂဏ္ဌနာဋပုတ္တ, သဉ္စယဗေလဋ္ဌပုတ္တ တို့ဖြစ်ကြသည်၊ (ပူ, မက်, အဇိ၊ ပကု, နိဂဏ်၊ သဉ္စယ်၊ မှတ်ရန်ဤခြောက်ဖြာ)

ထိုဆရာကြီးများ ထင်ရှားလှသော အယူ ဝါဒတစ်ချို့တို့မှာ -

၁။ ပူရဏကဿပ (အကြိယဝါဒ)

ကောင်းသောအလုပ်, မကောင်းသော အလုပ်နှစ်မျိုးတို့ကို ကိုယ်တိုင်ပြုလုပ်သော်လည်း ပြုလုပ်ရာမရောက်၊ ပြုလုပ်သည်ဟု မဆိုနိုင်၊ သူတစ်ပါးကို ပြုခိုင်းသော်လည်း ပြုလုပ်ရာ မရောက်၊ ပြုလုပ်သည်ဟုမဆိုနိုင်ဟု အယူအဆ ရှိသည်။ ဤဆရာကြီးသည် သတ်မှုစသော မကောင်းမှု၊ ပေးမှုစသော ကောင်းမှုတို့သည် ခန္ဓာကိုယ်ပေါ်မှာသာ ရောက်နိုင်, ထိနိုင်သည်၊ ခန္ဓာကိုယ်တွင်းကအတ္တကို မထိရောက်နိုင်၊ ခန္ဓာ ကိုယ်ကြီးသည် ထင်းတုံးကြီးကဲ့သို့ အလကား အကောင်အထည်ကြီးဖြစ်သည်၊ ထို့ကြောင့် ခန္ဓာကိုယ်တွင်း အတ္တ၌ မထိရောက်နိုင်သော အပြင်အပ အလုပ်ဟူ သမျှသည် ဘာပဲလုပ်လုပ် ပြုလုပ်တုန်းမှာ ပြုလုပ် တယ်ဟုဆိုရသော်လည်း

ပြုလုပ်ပြီးလျှင် ပြီးတော့သည်၊ ကောင်းမှု မကောင်းမှု ဘာမျှ မကျန်ရစ် - ဟု အယူအဆ ရှိလေသည်။

၂။မက္ခလိဂေါသာလ (အဟေတုကဝါဒ)

လောက၌ ညစ်ပေသူ, စင်ကြယ်သူ တို့သည် အကြောင်းအထောက်အပံ့မရှိကုန်ဘဲ ညစ်ပေကြရသည်၊ စင်ကြယ်ကြရသည်ဟု ယူဆသည်။ ဗုဒ္ဓဝါဒ၌ သတ္တဝါတို့ညစ်ပေဖို့ရာ အကုသိုလ်ဒုစရိုက်များရှိ၏။ သတ္တဝါတို့ စင်ကြယ်ဖို့ရာ ကုသိုလ်သုစရိုက်များရှိ၏။ ဤဆရာကြီးသည် သတ္တဝါတို့ညစ်ပေရ, လူဆိုးလူမိုက်ဖြစ်ရတာ ဒုစရိုက်များကြောင့်မဟုတ်၊ သူ့ဘာသာသူ ညစ်ပေရ, လူဆိုး လူမိုက်ဖြစ်ရသည်။ သတ္တဝါတို့စင်ကြယ်ရခြင်း, လူတော်လူကောင်းဖြစ်ရခြင်းမှာလည်း သုစရိုက်တရားများကြောင့်မဟုတ်။ သူ့ဘာသာသူစင်ကြယ်ရသည်။ လူတော်လူကောင်း ဖြစ်ရသည်-ဟု အယူအဆရှိလေသည်။ မည်သူမဆို ကံတရားအတိုင်း မဟုတ်ရဘဲ မဟာကပ် ၈၄-သိန်း သံသရာ၌နေရမည်ဟု အပိုအလိုမရှိ ပိုင်းခြားသတ်မှတ်ကာ ယူဆထားသည်။

၃။ အဇိတကေသကမ္ဗလ (နတ္ထိကဝါဒ)

ပေးကမ်းလှူဒါန်းခြင်းသည် အကျိုးမရှိ။ ယဇ်ကြီး, ယဇ်ငယ် ပူဇော်ရခြင်းသည် အကျိုးမရှိ။ ကောင်းသောကံ, မကောင်းသောကံတို့၏ အကျိုးမရှိ၊မည်သူမဆို တစ်ဘဝသာဖြစ်ရသည်။ ဤလောက အခြားလောကမရှိ။ သတ္တဝါဟု ခေါ်ဆိုအပ်သော ဤခန္ဓာကိုယ်သည် မူလကပင် အမြဲရှိနေသော ဓာတ်ကြီးလေးပါးနှင့် ဣန္ဒြေခြောက်ပါးတို့ စုပေါင်းထားသည်။ သေသောအခါ ထိုဓာတ်ကြီးလေးပါးသည် မူလကခွဲထွက်လာရာ ဓာတ်အစုအဝေးသို့ ပြန်ပေါင်းကြ၏။ ဣန္ဒြေတို့လည်း မူလတည်ရာ ကောင်းကင်သို့ ရွှေ့ပြောင်းကြလေသည်။

ထိုကဲ့သို့ ရွှေ့ပြောင်းသောအခါ "ဤခန္ဓာကိုယ်ကြီးသေပြီ"ဟု ခေါ်ဝေါ်ကြရသည်-ဟု အဇိတဆရာကြီးက ဆိုလိုသည်။ ယခုခေတ် သတ္တဝါတို့အစကို ရှာဖွေနေကြသော အချို့ဆရာတို့၏ အယူဝါဒတို့သည် ဆရာကြီး၏ မိစ္ဆာဝါဒနှင့် ထပ်တူဖြစ်နေသည်။

အမှာ။ ။ပူရဏဆရာသည်အကြောင်းကံကိုပယ်သည်ဟုဆိုသော်လည်း အကျိုးကိုလည်း ပယ်ရာရောက်တော့သည်။အဇိတဆရာသည် အကျိုးကိုပယ်သည်ဟုဆိုသော်လည်း အကြောင်းကံကိုလည်း ပယ်ပြီး ဖြစ်တော့သည်။ မက္ခလိဆရာကြီးသည် ကံ,အကျိုးနှစ်မျိုးလုံးကိုပယ်သည်။ ထို့ကြောင့် ထိုဆရာကြီး သုံးယောက်လုံး ကံ,အကျိုးနှစ်မျိုးလုံးကို ပယ်ခြင်းတူကြလေသည်။

၄။ ပကုဓကစ္စာယန (အကင္ဒုဝါဒ)

ပထဝီကာယ, အာပေါကာယ, တေဇောကာယ, ဝါယောကာယ, သုခ, ဒုက္ခ, ဇီဝ ဟုဆိုအပ်ကုန်သော ကာယ ၇-ပါးတို့သည် သူ့သဘောအတိုင်း အမြဲတည်ရှိသောကြောင့် ဘယ်သူမှပြုပြင်ဖန်ဆင်းရန်မလို။ သူတို့ကလည်း တစ်ခြားသောအရာများကို ဖြစ်အောင်မပြုလုပ် မဖန်တီးပေးနိုင်။ ထိုကာယ ၇-ပါးတို့၌ သတ်နိုင်သူ လည်းမရှိ၊ ကြားသိနိုင်သူလည်းမရှိ၊ ကြားသိရအောင် ပြောဆိုပြုလုပ်တတ်သူ

လည်းမရှိ၊ အကြင်သူသည် ထက်စွာသော သန်လျက်ဖြင့် တစ်စုံတစ်ယောက်၏ဦးခေါင်းကို ဖြတ်သည်ရှိသော် သန်လျက်ဓားသည် ကာယ ၇-ပါးတို့၏အကြားဖြင့် ကာယ ၇-ပါးအပေါင်း ထဲသို့ ကျရောက်သွားခြင်းသာဖြစ်သည်၊ ထိုသို့ သန်လျက်ကျရောက်သည့်အခါ "သတ်တယ်" လို့ အများကသတ်မှတ်ခြင်းသာဖြစ်သည်၊ စင်စစ် ကာယ ၇-ပါးကို မည်သူမျှမဖျက်ဆီးနိုင်၊ မသတ်ဖြတ်နိုင်-ဟု ယူဆလေသည်။

၅။နိဂဏ္ဌနာဋပုတ္တ (စာတုယာမသံဝရဝါဒ)

ကိုယ်, နှုတ်, စိတ်တို့ကို လေးခုသော အကျင့်ဖြင့် စောင့်စည်းရမည်။ အလုံးစုံသော ရေအေးကို အသက်ရှိ သောကြောင့် မသုံးစွဲရ၊ ရေကျက်ကိုသာသုံးစွဲရမည်။ မကောင်းမှုဟူ သမျှကို တားမြစ်သည်။ မကောင်းမှုအားလုံးကို ခါချနိုင်လောက်အောင် ကျင့်ရမည်။ မကောင်းမှု အားလုံးကို အပြည့်အစုံတားမြစ်နိုင်ပြီးလျှင် (ရဟန္တာဖြစ်သကဲ့သို့) ကိစ္စအားလုံးပြီးဆုံးပြီ ဟုယူဆသည်။ ထိုကဲ့သို့သော တရားလေးခုဖြင့် ကိုယ်, နှုတ်, စိတ်တို့ကို စောင့်စည်းအပ်သော ကြောင့် (နိဂဏ္ဌ = သံယောဇဉ်အထုံးအဖွဲ့ မရှိသူ)တို့ကို အပြီးအဆုံးသို့ရောက်သော စိတ်ရှိသူ, နောက်ထပ်စောင့်စည်း စရာမလိုတော့ သူ, တည်တန့်သောစိတ်ရှိသူ-ဟု ဆိုနိုင်လေ တော့သည်။

အမှာ။ ။ ဤဆရာကြီး၏ဝါဒ၌ ရေအေးကို မသုံးဆောင်ကောင်းဟု အယူရှိခြင်း သာ ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်သည်။ မကောင်းမှုတို့ကို ပယ်ရှားတားမြစ်ခြင်းကား ဗုဒ္ဓဝါဒနှင့်အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ထိုဆရာကြီး၏ ဝါဒကို

ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားတို့သည် ကုသိုလ် အကုသိုလ် ကို ဟုတ်တိုင်းမှန်စွာမသိ၊ ငါသည် အမှန် မသိပါဘဲ သူများ မေးလာ သည့်အခါ အရမ်းဖြေမိလိုက်လျှင် ငါ့မှာ မုသားဖြစ်သွားရာ၏

တစ်ချို့ပညာရှင်များကပင် လက်ခံကြလေသည်။ ထိုသို့ လက်ခံလာကြသောကြောင့် ကိုယ်ယုံ ကြည်ရာ ကိုးကွယ်ကြသည့် ဘာသာပေါင်း များစွာတို့တွင် "ဂျိန်းဘာသာ"လည်း ဘာသာ တစ်ခုအဖြစ် ပါဝင်လာခဲ့ရပေသည်။

၆။သဉ္စယဗေလဋ္ဌပုတ္တ (အမရာဝိက္ခေပဝါဒ)

အမရာမည်သော ငါးတစ်မျိုးသည် ငုပ်လိုက်ပေါ်လိုက်နှင့်ပြေးသွားကာ အရှောင် အတိမ်းကောင်းသောကြောင့် ဖမ်း၍မမိနိုင်။ ထိုငါးကဲ့သို့ အယူဝါဒစကားတို့ကို အမျိုးမျိုးပြော ၍ ဖယ်ရှားရှောင်တိမ်းသော အယူဝါဒရှိ သူများ ကို "အမရာဝိက္ခေပိက"ဟု ဆိုသည်။ ထိုအမရာ ဝိက္ခေပဝါဒတို့သည် လေးမျိုးရှိသည်။

လေးမျိုးတို့မှာ -

(က)မုသားကြောက်၍ အမရာဝိက္ခေပဝါဒ ဖြစ်ပုံ -

ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားတို့သည် ကုသိုလ်, အကုသိုလ်ကို ဟုတ်

(ဂ) ပညာရှိတို့စစ်ဆေးမှာကြောက်၍ အမရာဝိက္ခေပဝါဒဖြစ်ပုံ -

ဤလောက၌ တစ်ချို့ရဟန်း ပုဏ္ဏားတို့သည် ကုသိုလ်, အကုသိုလ်ကို ဟုတ်တိုင်း မှန်စွာ မသိ။ ငါသည် အမှန်မသိဘဲ အရမ်းပြောဆိုမိသော် ပညာရှိပုဂ္ဂိုလ်များက ကုသိုလ်လား အကုသိုလ်လား၊ အဘယ်အကြောင်းကြောင့် ကုသိုလ် အကုသိုလ်ဆိုနိုင်သနည်း စသည်ဖြင့် မေးမြန်းကုန်ရာ၏။ ဖြေဆိုမှုအကြောင်းအရာ မပြည့်စုံခဲ့လျှင် ငါ့ကိုသွန်သင်ဆုံးမကုန်ရာ၏။ ပညာရှိတို့အား အပြည့်အဝမချေပနိုင်လျှင် ငါ့မှာ ကိုယ်စိတ်ဆင်းရဲရာ၏။ နတ်ရွာ နိဗ္ဗာန် ဈာန် မဂ် ဖိုလ်တို့၏ အန္တရာယ်ဖြစ်ရာ၏-ဟု ပညာရှိတို့ စစ်ဆေးမည်ကို စိုးရိမ်မိသောကြောင့် ဖယ်ရှားရှောင်လွှဲမှုမျိုးကို ဆိုသည်။

(ဃ) ညံ့ဖျင်းထုံအခြင်းကြောင့် အမရာဝိက္ခေပဝါဒဖြစ်ပုံ -

ဤလောက၌ တစ်ချို့ရဟန်းပုဏ္ဏားတို့သည် ထုံထိုင်း ဖျင်းအကြကုန်၏၊ ဤလောကမှ တစ်ခြားလောက ရှိသလား မရှိဘူးလား၊ ဥပပတ်ပဋိသန္ဓေနေသော နတ်ပြဟ္မာစသူတို့ရှိသလား မရှိဘူးလား။ ကောင်းကံ မကောင်းကံ ရှိသလား မရှိဘူးလား။ သတ္တဝါသေပြီးနောက် ရှိသေးလား မရှိတော့ဘူးလား စသည်ဖြင့်မေးသော် ဤဆရာကြီးလည်း ဖယ်ရှားရှောင်လွှဲ၍ ဖြေဆိုမှုပြုခြင်းကိုပင် ဆိုသည်။

အထက်ဖော်ပြပါ ဆရာကြီးတို့၏ အယူဝါဒတို့သည် သေချာစွာမစဉ်းစားမိပါက မှန်သယောင်ယောင် ရှိသော်လည်း အစွန်းရောက်လွန်းသောဝါဒများ ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်ဘက်

တိုင်းမှန်စွာမသိ။ ငါသည် အမှန်မသိပါဘဲ သူများမေးလာသည့်အခါ အရမ်းဖြေမိလိုက်လျှင် ငါ့မှာ မုသားဖြစ်သွားရာ၏။ ထိုမုသားပြောမိသောကြောင့် ကိုယ်စိတ်ဆင်းရဲရာ၏ ထိုသို့ဖြစ်ခြင်းသည် ငါ့မှာနတ်ရွာ နိဗ္ဗာန် ဈာန် မဂ် ဖိုလ်တို့၏ အန္တရာယ်ဖြစ်ရာ၏-ဟု စဉ်းစားမိလေသည်။ ဤသို့မုသားဖြစ်မှာကို စိုးရွံ့ခြင်းကြောင့် ကုသိုလ်, အကုသိုလ် တစ်စုံတစ်ရာမဖြေဆိုဘဲ ရှောင်လွှဲ၍ နေလေ၏။ ကုသိုလ်လား အကုသိုလ်လား မေးသော် ကုသိုလ် အကုသိုလ်လို့လဲမဖြေ၊ ကုသိုလ် အကုသိုလ်မှတစ်ခြားလားမေးသော် တစ်ခြားလို့လဲမဆိုလို၊ ကုသိုလ် အကုသိုလ်မှ တစ်ခြားမဟုတ်ဘူးလားမေးသော် တစ်ခြားမဟုတ်ဘူးလို့လဲမဆိုလို စသည်ဖြင့် မပြီးနိုင် မပြတ်နိုင် ဖမ်း၍မမိနိုင်အောင် စကားဖြင့် ဖယ်ရှားရှောင်တိမ်းသော ဖြေဆိုမှုဖြစ်သည်။

(ခ)ဥပါဒါန်ကြောက်၍ အမရာဝိက္ခေပဝါဒဖြစ်ပုံ -

ဤလောက၌ တစ်ချို့ရဟန်း ပုဏ္ဏားတို့သည် ကုသိုလ်, အကုသိုလ်ကို ဟုတ်တိုင်း မှန်စွာမသိ။ ငါသည် အမှန်မသိဘဲ အရမ်းဖြေလိုက်လို့မှန်ခဲ့သော် နှစ်သက်မှုဆန္ဒရာဂဖြစ်ရာ၏၊ မမှန်ခဲ့သော် ဒေါသပဋိဃဖြစ်ရာ၏၊ ထိုဆန္ဒရာဂနှင့် ဒေါသပဋိဃတို့သည် ငါ့မှာအစွဲအလမ်းကြီးဖြစ်နေရာ၏၊ ထိုသို့ဖြစ်ခြင်းသည် နတ်ရွာ နိဗ္ဗာန် ဈာန် မဂ် ဖိုလ် တို့၏ အန္တရာယ်ဖြစ်ရာ၏-ဟု စဉ်းစားမိလေသည်။ ဤသို့စွဲလမ်းမှုဖြစ်မှာ စိုးရိမ်မိသောကြောင့် ကုသိုလ် အကုသိုလ် တစ်စုံတစ်ရာမဖြေဘဲ ဖယ်ရှားရှောင်လွှဲမှုမျိုးကို ဆိုသည်။

ဝါဒများ ပါဝင်နေသည်ကို တွေ့ရှိရသည်၊ လောကသားတို့သည် ကိုးကွယ်ရာဆရာမရှိသည့်အလျောက်, မစဉ်းစားမဆင်ခြင်ကြသည့်အလျောက်, မသိ မလိမ္မာတွေဝေမိုက်မဲကြသည့်အလျောက် ထိုတိတ္ထိဆရာကြီးတို့ကို တော်တော်များများ ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။

ဘုရားပွင့်ပြီးရာအခါ၌လည်း ထိုဆရာကြီးများ၏ အယူဝါဒများမှာ နေရာအနှံ့အပြားလွှမ်းမိုးနေရာယူဆဲပင်ဖြစ်သောကြောင့် ထိုဆရာကြီးတို့၏ အယူဝါဒကို လက်ခံကျင့်သုံးလိုက်နာကြသော တပည့်ပေါင်းမြောက်များစွာ ရှိနေကြပေသေးသည်။ သူတို့၏တပည့်များထဲတွင် အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလာန်လောင်းလျာတို့ပင် သဉ္စယဆရာကြီးထံမှာ တပည့်ခံခဲ့ကြရပါသေးသည်။

ဤအကြောင်းများကို စဉ်းစားမိသောအခါ "ဘုရားရှင်သာ ပွင့်တော်မမူလာလျှင် ပွင့်လာသော်လည်း တရားတော်များ မကျန်ရစ်ခဲ့လျှင် လောကလူသားများ ယခုလိုအချိန်အခါ၌ အဘယ်ပုဂ္ဂိုလ်၏ အယူဝါဒရေယဉ်ကြော၌ နစ်မျောနေကြရမည်မသိ"ဟု တွေးတောမိကာ ဗုဒ္ဓတရားတော်များကို သင်ယူသိရှိရခြင်း ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်းတို့ အတွက် လွန်စွာနှစ်သက်ကျေနပ်မိပါသည်။

တိတ္ထိဆရာကြီးများ၏ အချို့အယူဝါဒအမှားများ၊ ထိုဝါဒတို့နှင့် အလားတူသော တစ်ခြားသော ဆရာတို့၏ အယူဝါဒအမှားများကို လက်ခံကျင့်သုံးယုံကြည်ကိုးကွယ်မိခဲ့ပါလျှင် **"နဖူးစွန်းနှင့်၊ ဒူးပွန်းခံကာ၊ ကိုးကွယ်ပါလည်း၊ ဆရာလွဲကာ၊ ငရဲအပါယ်၊ အမြစ်တွယ်၊ ဝင်နွယ်ရှည်လျားရာ"**ဟူသော ဆီးဘန်နီဆရာတော်၏ ဩဝါဒအတိုင်း မိမိကိုးကွယ်ရာ ဆရာလွဲနေပါလျှင် ဘယ်လောက်ပဲ ယုံကြည်ကိုးကွယ်သည်ဖြစ်စေကာမူ ကောင်းကျိုးတစ်စုံတစ်ရာ မခံစားရဘဲ ဆိုးကျိုးများနှင့်သာ ရင်ဆိုင်ကြုံတွေ့ကြရမှာ အမှန်ပင်ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင်သည် ပါရမီပြည့်ဝသည့်ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ တစ်ခြားသောဆရာပုဂ္ဂိုလ်များ၊ ဂိုဏ်းဆရာများလို မိမိ၏အယူဝါဒကို ပေါ်လွင်စေခြင်း, သူတစ်ပါးတို့၏အယူဝါဒတို့ကို ကဲ့ရဲ့ရှုတ်ချခြင်းအမှုတို့ကို အလျင်းမပြုပါပေ၊ ဘုရားရှင်တို့၏ အယူဝါဒအဆုံးအမအတိုင်း လောကသားတို့အပေါ်မှာ

မကောင်းမှုမှန်သမျှကို မပြုလုပ်ခြင်း

ကောင်းမှုမှန်သမျှကို ပြည့်စုံစေခြင်း

မိမိစိတ်ကို သန့်ရှင်းစင်ကြယ်အောင်ထားခြင်း-ဟူသော အယူဝါဒတို့ကိုသာ ဟောဖော်ညွှန်ပြသွန်သင် ဆုံးမပါသည်။



အင်္ဂုတ္တရနိကာယ် ကေသမုတ္တိသုတ်၌လည်း ဆရာများစွာပြောပြ ဟောပြကြသော အယူဝါဒတို့ကို မှားသလား မှန်သလားဟု ယုံမှားသံသယဖြစ်နေကြရရှာသော ကာလာမတို့ကို ဘုရားရှင်က "ကာလာမတို့ တစ်ဆင့်စကားကြားရုံမျှနှင့်, မိဘဘိုးဘွားအစဉ်အဆက်စကားမျှနှင့် , ဤသို့ဖြစ်သတဲ့ဟူသောစကားမျှနှင့် , ပိဋကတ်ကျမ်းစာသင်ပေးကာမျှနှင့်, တွေးတော ကြံဆခြင်းဟူသော အကြောင်းမျှနှင့်, နည်းလမ်းကို ချိန်ဆခြင်း ဟူသော အကြောင်းမျှနှင့် , အကြောင်းအရာကို ကြံဆခြင်းမျှနှင့်, မိမိလက်ခံထားသောအယူအဆနှင့် ကိုက်ညီရုံမျှနှင့် , စကားကို နာယူထိုက်သောပုဂ္ဂိုလ်၏စကားမျှနှင့် , ငါတို့၏ဆရာစကားမျှနှင့် , ဒါတွေဟာ အမှန်တရားတွေပဲ-ဟု မမှတ်ယူလိုက်ကြကုန်လင့်"

"သင်ကာလာမတို့သည် ဒါဟာမကောင်းတဲ့အရာတွေပဲ၊ အပြစ်ရှိတဲ့အရာတွေပဲ၊ ပညာရှိပုဂ္ဂိုလ်တွေ ကဲ့ရဲ့အပ်တဲ့အရာတွေပဲ၊ ဒီမကောင်းတဲ့အရာတွေကို ပြုလုပ်နေမယ်၊ ဒီမကောင်းတဲ့အရာတွေနဲ့ ပြည့်စုံနေမယ် ဆိုလျှင် ဒုက္ခလှလှတွေ့ရမှာ သေချာတယ်-လို့ ကိုယ်တိုင်သိကြရမယ်၊ ဒီမကောင်းမှုတွေကို ပယ်စွန့်ကြရမယ်"

"ဒါဟာ ကောင်းတဲ့အရာတွေပဲ၊ အပြစ်မရှိတဲ့အရာတွေပဲ၊ ပညာရှိပုဂ္ဂိုလ်တွေ ချီးမွမ်းအပ်တဲ့အရာတွေပဲ၊ ဒီကောင်းတဲ့ အရာတွေကို ပြုလုပ်နေမယ်၊ ဒီကောင်းတဲ့အရာတွေနဲ့ ပြည့်စုံနေမယ်ဆိုလျှင် ချမ်းသာသုခအဝဝကို ခံစားရမှာ သေချာတယ်-လို့ ကိုယ်တိုင်သိကြရမယ်၊ ဒီကောင်းတဲ့အရာတွေကို ပြည့်စုံအောင် လုပ်ကြရမယ်"ဟု ဟောဖော်ညွှန်ပြ သွန်သင်ဆုံးမခဲ့ပါသည်။

ဗုဒ္ဓဘုရား၏အယူဝါဒတွေ မှန်ကန်နေမှုကြောင့် တစ်ခြားသော ဆရာများ၏ အယူဝါဒများ မှေးမှိန်ခဲ့ရသည်။ ဗုဒ္ဓဘုရားသည် နေလသဖွယ် ထွန်းလင်းတောက်ပခဲ့သလို ဗုဒ္ဓ၏တရားများလည်း နေရာယူလွှမ်းမိုးနိုင်ခဲ့သည်၊ (သဘာဝအမှန်တရားကို ဖုံးကွယ်၍မရသည့်သဘောပင်ဖြစ်သည်) ထို့ကြောင့် ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက် လာခြင်းသည် လောကသားများအတွက် အယူဝါဒအမှားများကို ပယ်ဖျောက်နိုင်ပြီး အယူဝါဒမှန်များကို လက်ခံကျင့်သုံးခွင့် ကိုးကွယ်ဆည်းကပ်ခွင့် ရဖို့ရန်ဖြစ်ပေသည်။ နတ် လူ ပြဟ္မာ သတ္တဝါများစွာတို့၏ တိုးတက်ကြီးပွား ချမ်းသာဖို့ရန်လည်းဖြစ်သည်။

ကုသိုလ်, ဒါဟာအကုသိုလ် စသည်ဖြင့် အမှန်ကိုအမှန်အတိုင်းပြုလုပ်ဆောင်ရွက်ခွင့် အမှားကို အမှားအတိုင်း ရှောင်ကြဉ်ခွင့်ရကြခြင်း လည်း ဘုရားရှင်ပွင့်ထွန်းလာခြင်းကြောင့်ဖြစ်သည်။ ဘုရားရှင်သည် လောကသားတို့အပေါ်မှာ အလွန်တရာ ကျေးဇူးများလှသည်။ ကျေးဇူးများလှသောဘုရားရှင်ကို ဘုရားရှင်ဟောထားသော တရားတော်အတိုင်း လိုက်နာကျင့်သုံး အားထုတ်နေထိုင်ခြင်းဖြင့် ကျေးဇူးဆပ်ကြရပေမည်။ ကျေးဇူးဆပ်နိုင်သော ပုဂ္ဂိုလ်ဖြစ်အောင်လည်း လိုက်နာကျင့်သုံးသင့်သည်။ ကြိုးစားအားထုတ်သင့်သည်-ဟု ဆန္ဒပြုတိုက်တွန်းရင်း ဤဆောင်းပါးကို အဆုံးသတ်အပ်ပါသည်။

♦ ဦးသုမန (ဇေယျာရွှေမြေ)

လူသည် သတ္တလောကတွင်အသိဉာဏ်အဖွံ့ဖြိုးဆုံးဖြစ်၍ မယဉ်ကျေးသေးသောခေတ်ကာလမှ ယဉ်ကျေးအသိကြွယ်လာသောခေတ်ကာလသို့ တစ်စတစ်စ ယဉ်ကျေးမှုအဆင့်ဆင့် ပြောင်းလဲထွန်းကားလာခဲ့ကြပေသည်။ ထိုသို့ထွန်းကားလာခဲ့သည်များတွင် အခြေခံကျသည့် စကားပြောရန် စကားလုံး (ဘာသာစကား)များကို သတ်မှတ်၍ ရေးခြစ်သင်္ကေတများပြုကာ မှတ်တမ်းတင်ခဲ့ကြသည်။ ဤသို့ မှတ်တမ်းတင်နိုင် ခဲ့ခြင်းကြောင့်၊ အသိဉာဏ်နည်းပါးမှုမှ လွတ်မြောက်ခဲ့ကြရသည်။ မှတ်တမ်းတင် ရေးခြစ်ရာမှ စကားလုံးများအသွင် ကူးပြောင်းခဲ့ကြသည်။ ထိုမှတဆင့် စာအဖြစ်ပြုစုလာကြသည်။

စာရေးသူတို့ ငယ်စဉ်တောင်ကျေးကလေးဘဝက စကားမပီ ဝိုးဝါးအရွယ်ကစလို့ သက်ရွယ်ကြီးရင့် အိုမင်းမစွမ်းသည်အထိ သက်တမ်းတစ်လျှောက် စကားတွေ ပြောကြားရပါပေမည်။ ထိုစကားပြော ပြောကြားတတ်လာအောင် စကားစ-သင်ကြားပေးသူတို့သည် အမေနှင့်အဖေ ဖြစ်သည်။ အမေသည် စကားသင် လက်ဦးဆရာပင် ဖြစ်သည်။

အမေသည် နို့ချိုတိုက်ကျွေးရင်း သားသမီးမျက်နှာကို ကြည့်၍ လက်ကလေးကို ကိုင်ကာ ချိုမိုင်မိုင် ..ချိုမိုင်မိုင်..ဟု သားလက်ကို ဆုပ်ချီဖြန့်ချီလုပ်ပြကာ မေမေဟုလည်းကောင်း ဖေဖေဟုလည်းကောင်း အာဝါးဝါးဟုလည်းကောင်း သင်္ကေတများပြုကာ နားလည်ယဉ်ပါးအောင်သင်ကြား ပေးလေသည်။ ထိုမှတစ်ဆင့် ထမင်းခွံ့ ကျွေးလျှင်လည်း မံမံစားမယ် ..မံမံစားမယ်..ဟု သင်ကြားပေးလေရာ ထိုစကားလုံးများသည် စာထဲမှလာသော စကားလုံးများပင် ဖြစ်ပေသည်။





# စကားထဲက စာ
# စာထဲက စကား

## အောင်မြင့်(သစ်လုပ်ငန်း)





ထိုစကားလုံးများသည် တစ်ချိန်က စကားလုံးအသုံးအနှုန်းတွေ စီရရီ (အဆင်ပြေ) ဖြစ်အောင် စာအဖြစ်ပြောင်းလဲရာမှာ ဝါကျတွေ စနစ်ကျ ထားသို၍ ဆောင်ရွက်ခဲ့ကြရသည်။ စာရေးသူမှတ်သားဖူးသည်မှာ ပြောနေကျ စကားလုံး ရေးနေကျစာပေများသည် ရှေးမြန်မာတို့ နိုင်ငံကိုစတင်တည်ထောင်၍ မိမိတို့ဘာသာစကားကို ပြုစုပျိုးထောင်ကြရာမှ ဝေါဟာရကြွယ်ဝမှုအတွက် ပါဠိ-သက္ကတဘာသာ စကားလုံးတို့မှ မြောက်များစွာ တိုက်ရိုက်သော်လည်းကောင်း၊ ပြုပြင်၍သော်လည်းကောင်း အမျိုးမျိုးယူငင်အသုံးပြုခဲ့ကြသည့် စာပေများဖြစ်သည်ဟု ဆို၏။

ဤသို့ တစ်ခေတ်ပြီး တစ်ခေတ် နှစ်ပေါင်းများစွာ မှတ်တမ်းတင်ပြုလုပ်ခဲ့ကြသဖြင့်၊ မြန်မာစကားလုံးအသုံးနှုန်း အတွေးမြင်နယ်ပယ်တွင် ပါဠိ- သက္ကတဘာသာတို့နှင့် များစွာရင်းနှီးလာခဲ့ကြသည်။ အတွေးအခေါ်မြင့်မား၍စာပေနယ် ကျယ်ပြန့်စေခဲ့သည်။ မြန်မာစာသည် ထင်ရှားစေခဲ့သည်။

ပါဠိစာပေသည် ဗုဒ္ဓဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ ၊နိကာယ်ငါးရပ် ဟူသော ဗုဒ္ဓစာပေအလုံးစုံကို မှတ်တမ်းတင်ထားရှိနိုင်ခဲ့သည်။ ယင်းသို့ မှတ်တမ်းတင်ထားရှိနိုင်ခဲ့သည့်အလျောက် ယုံကြည်ကိုးကွယ်ရာ ဘာသာတရားရှိလာခဲ့ရသည်။ ယဉ်ကျေးမှုပင်ဖြစ်သည်။ လူ့ယဉ်ကျေးမှုများအတွက် ဘာသာတရားဖြင့် အဆုံးအမများရှိလာခဲ့ရသည်။ ယဉ်ကျေးမှုမရှိ ဘာသာတရားမရှိလျှင် လူ့ ဘောင်တိုးတက်မှုများလည်း မရှိနိုင်ပေ။ ထို့ကြောင့် လူတို့သည် ယဉ်ကျေးမှုနှင့်ဘာသာတရားများ ရှိလာစေရေးအတွက် စာပေများကိုထားရှိကာ တိုးတက်မှုကို ဘာသာတရားနှင့် ယဉ်ကျေးမှုတို့က စာပေများမှတစ်ဆင့် ထိန်းသိမ်း စောင့်ရှောက်စေခဲ့သည်။ စကားလုံးများမှတစ်ဆင့် စာပေဖြစ်၍ စာပေမှ ရုပ်ဝတ္ထုပိုင်း ဆိုင်ရာတိုးတက်မှု ဖြစ်စေပြီး ခေတ်မီလူ့အသုံးဆောင် ရုပ်ဝတ္ထုတို့ တိုးတက်ပေါ်ထွန်းလာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ အသိဉာဏ်တို့ ဖွံ့ဖြိုးတိုး တက်လာခဲ့သည်မှာ မျက်မြင်ထင်ရှားလျက် ရှိပေသည်။ စာပေ၏စကားလုံး ကျေးဇူးများပင် ဖြစ်သည်။ မိခင်များက မွေးဖွားလာတဲ့ သားသမီးတို့သည် တဖြည်းဖြည်း ကြီးပြင်းလာကြပြီး ငယ်စဉ်က စာပေသင်ကြားရမှုနှင့်အတူ အသိဉာဏ်ဖွံ့ဖြိုးမှုပေါ်မူတည်၍ စာတတ်ပေတတ် ပညာတတ်၊ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ စာပေဂီတ သုခုမ၊ တရားဟောဓမ္မကထိက၊ သာသနာ့ဝန်ထမ်း၊ စစ်သား၊ စစ်ဗိုလ်၊ စာရေးစာချီ၊ ကုန်သည်၊ လယ်ယာစိုက်ပျိုး၊ စကားပြောကောင်းသူ၊ စကားပြောညံ့သူ၊ စာရေးကောင်းသူ၊ စသဖြင့် ကွဲပြားခြားနားကြလေသည်။

ထိုကွဲပြားခြားနားကြသူများတွင် စာရေးကောင်းသူ၊ စကားပြောကောင်းသူတို့ ပါဝင် ၍၊ စာရေးကောင်းသူတိုင်းစကားပြော မကောင်းကြပါ။ စကားပြောကောင်းသူတိုင်းလည်း စာရေးမကောင်းကြပါ။ စကားအပြောအဟောကောင်း၍စာရေးကောင်းသူများလည်း ရှိကြပေသည်။ စကားများများပြောတိုင်းလည်း စကားပြောကောင်းသူလို့ ပြောမရပါ။ စကားဆိုတာ အတိုင်းအတာ ရှိပါသည်။

စကားအတိုင်းအတာ မရှိဘဲ ပြောနေသော် နားထောင်သူရဲ့စိတ်အခြေအနေကိုမသိ မိမိပြောချင်ရာကို ရေပက်မဝင် ပြောနေခြင်းဖြင့် နားထောင်ရသူအဖို့ အားနာလို့သာနားထောင်ချင် နားထောင်မည်။ သို့မဟုတ် စကားလမ်း



ပိဋကသုံးပုံး နိကယ်ငါးရပ်
ဟူသော ဗုဒ္ဓစာပေများမှ မြတ်စွာ
ဘုရား ဟောကြားတော်မူသော
တရားတော်များသည် မြတ်ဗုဒ္ဓ၏
စကားလုံးတော်များဖြစ်သည်၊
ဗုဒ္ဓသည် စကားပြော အကောင်း
ဆုံးသူ ဖြစ်၏။

ကြောင်းဖြတ်၍လွှဲချင်လွှဲပေမည်။ အချိန်အခါ လိုပေသည်။

ထို့ကြောင့်စကားပြောသူသည် အခြေအနေ အချိန်အခါ ကိုကြည့်၍ မိမိပြောလိုသော စကားကို အတိုင်းအတာနှင့်သာ ပြောကြရပေမည်။ မြတ်ဗုဒ္ဓဟောကြားတော်မူသော ပိဋကဗုဒ္ဓစာပေ ထဲမှ အင်္ဂါငါးပါးနှင့် ညီညွတ်သော စကားကိုသာ ပြောကြားရပေသည်။

ပိဋကသုံးပုံးနိကယ်ငါးရပ်ဟူသော ဗုဒ္ဓစာပေများမှ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များသည် မြတ်ဗုဒ္ဓ၏ စကားလုံးတော်များဖြစ်သည်၊ ဗုဒ္ဓသည် စကားပြော အကောင်းဆုံးပုဂ္ဂိုလ် ဖြစ်၏။

"ရဟန်းဂေါတမသည် လူနတ်ဗြဟ္မာ ရဟန်းတွေ သူ့ထံလာသည့်အခါ လာပါ ကောင်းသော လာခြင်းပါလို့ စကားကို နူးညံ့သိမ်မွေ့စွာ ပြောလေ့ရှိတယ်။ ကျန်းမာချမ်းသာကြရဲ့လား မျှတစွာရှိကြပါရဲ့လား"လို့ ခရီးဦးကြို ပြောလေ့ရှိတယ်"။

"ဘုရားထံလာရောက်ကြသူတွေ ခရီးလမ်းမှာ ကြုံတွေ့ရသမျှ ပင်ပန်းမှုဒဏ်တွေ ပြေပျောက်လျော့ပါးပြီး စကားရေအေး တိုက်ကျွေးမှုကို ခံယူရသဖြင့် ရွှင်လန်းခဲ့ရတယ်။ မြတ်ဗုဒ္ဓရဲ့ မျက်နှာတော်ဟာ တိမ်စင်ကင်းလို့ ထွန်းလင်း တောက်ပအေးမြကြည်လင်လှတဲ့ လပြည့်ဝန်းပမာ ကျက်သရေတော် ရှိလှပါပေတယ်။ မြတ်ဗုဒ္ဓထံလာရသူတွေ ဘာကြောင့် ဒို့တတွေ ဒီကိုလာရပါလိမ့် မှားပြီလို့ နောင်တမရကြပါ။ မြတ်ဗုဒ္ဓရဲ့ တရားစကား နာကြားရလို့ ဝမ်းမြောက်ကြရတဲ့သူတွေကြီးပါပဲ။ ဗုဒ္ဓက စကားပြောရင် အကျိုးရှိတဲ့စကား (တရား)ကိုသာ ပြောကြားတော်မူတယ်။ အကျိုးမဲ့စကား မပြောကြားပါ-ဟု သောဏဒဏ္ဍပုဏ္ဏားက ဆိုချေသည်ကို ဗုဒ္ဓစာပေတွင် ဖတ်ရှုခဲ့ရသည်။

ယင်းသို့ဆိုလျှင် မြတ်ဗုဒ္ဓဟောကြားတော်မူသော အင်္ဂါငါးပါးနှင့် ညီညွတ်တော်မူသော စကားက-

(က) ပြောသင့်သော အချိန်တွင် ပြောဆိုသင့်သော စကား၊
(ခ) မှန်ကန်စွာပြောဆိုသော စကား၊
(ဂ) သိမ်မွေ့စွာပြောဆိုသောစကား၊
(ဃ) အကျိုးစီးပွားနှင့် ဆက်စပ်ပြောဆိုသောစကား
(င) မေတ္တာစိတ်နှင့် ပြောဆိုခြင်း စကားတို့ဖြစ်သည်။

မြတ်ဗုဒ္ဓရဲ့ တရားဟောကြားတော်မူသော တရားစကားလုံးတော်တွေကို သင်္ဂါယနာ ၆-တန် တင်ခဲ့ရာ၊ ပထမ နှုတ်တက်ရွတ်ဆိုခြင်း (သာသနာ ၁-ခု)၊ ဒုတိယ နှုတ်တက်ရွတ်ဆိုခြင်း

(သာသနာနှစ်-၁၀၀)၊ တတိယ နှုတ်တက်ရွတ်ဆိုခြင်း(သာသနာနှစ်-၂၃၅)၊ စတုတ္ထ ပေထက်အက္ခရာတင်ခြင်း (သာသနာနှစ်-၄၅၀)၊ ပဉ္စမ ကျောက်ထက်အက္ခရာတင်ခြင်း (သာသနာနှစ်-၂၄၁၅)၊ ဆဋ္ဌသံဂါယနာ ပုံနှိပ်စာအုပ်(သာသနာနှစ်-၂၄၉၈)တို့ ဆောင်ရွက်ပြီးဖြစ်သည်။ ယင်းသို့နှုတ်တက်အာဂုံမှ ပေထက်အက္ခရာ၊ နောက်ကျောက်ထက်အက္ခရာ၊ (ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးတွေ)၊ ထိုမှတဆင့် စက္ကူပုံနှိပ်စာအုပ်အဖြစ်ပြောင်းလဲခဲ့သည်မှာ စကားထဲက စာတွေဖြစ်သည်။ ယင်း ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟုခေါ်သော သာသနာသုံးရပ်ကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြသည့် ဆရာတော်မထေရ် အရှင်သူမြတ်တွေက ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတွေနဲ့ ကိုက်ညီတဲ့ စာသင်တိုက်၊ ကျောင်းတိုက်တွေ ဖွင့်လှစ်ကြသည်။ စာသင်သား သာမဏေ၊ ရှင်ရဟန်းတွေကို နေ့စာဝါ၊ ညစာဝါတွေပို့ချပြီး စာထဲက စကားလုံးတွေ စကားလုံးထဲက စာတွေသင်ကြား လက်ဆင့်ကမ်းကြကာ၊ မျိုးဆက်သစ်တွေ မွေးထုတ်၊ ဓမ္မကထိကတွေက ပြောကြား ဟောကြားကြလို့ တပည့်ဒါယကာတွေ ကြားသိ နားလည်ခဲ့ရသည်။ ထူးချွန်ပေါက်မြောက်သည့် တိပိဋကအကျော်အမော်တွေ ပေါ်ထွန်းလာခဲ့ကြရသည်။

စာသင်ကျောင်းတွေ သင်တန်းကျောင်းတွေ တက္ကသိုလ်တွေက ဆရာဆရာမများတို့ကလည်း စာထဲက စကားလုံးတွေနဲ့ တပည့်တွေအပေါ် တတ်သိနားလည်လာအောင် သင်ကြားပို့ချပြီး မိမိတို့ ကျွမ်းကျင်ရာဘာသာရပ်တွေနဲ့ တပည့်တွေ အောင်ပန်းဝေခဲ့ကြသည်။

ထို့အတူ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက် ကျောင်းတော်မဟာဆိုသည် စာသင်သားတပည့်များ အသိဉာဏ်ပွားဖို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ စာပေပညာ သင်ကာပေးနေသည်။ မိခင်ပမာ ဖခင်ပမာ ကြင်နာနွေးထွေး ပြုစုကာပေးနေသည်။ စာသင်သားတပည့်များ ဆင်းရဲငြားက ကြီးမားကရုဏာ ရှေးရှုကာ ကူညီပေးသည်။ တပည့်များ ထူးချွန်သွားကလည်း ကြီးမားမေတ္တာထားရှိကာ ကောင်းစွာချီးမြှောက်မှတ်ကျောက်တင်ကာ ထားရှိသည်။ တပည့်အပေါင်း မကောင်းစည်းဖောက် သွေဖီလျှောက်ရင်လည်း ကြီးစွာ ဥပေက္ခာ ရင့်နင့်စွာနဲ့ လိမ္မာယဉ်ကျေး ပြစ်ဒဏ်ပေးလို့ စည်းကမ်းတကျထားရှိရပြန်သည်။ ဒါ့ကြောင့် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ဆိုသည် ဓားသွေးကျောက်ပမာ ကိုယ်သွေးတဲ့ ဓားကို ဓားရောင်ကိုဖွေးအောင် အောက်ခံသွေးလို့ ထက်ခဲ့တဲ့ဓား လက်ခဲ့တဲ့ဓား သွက်ခဲ့တဲ့ဓား ဓားပေါင်းများစွာ ပမာပြု၊ ဤလူ့ရွာ ဗုဒ္ဓသာသနာ အရှည်ခန့်တည်တံ့စေဖို့ စကားထဲကစာ စာထဲကစကားဖြစ်သော မြတ်ဗုဒ္ဓဟောကြားတော်မူသည့် ဗုဒ္ဓစာပေများနှင့်သာ သင်ကြားပို့ချပြီး တိပိဋကအကျော်၊ အတော်၊ အမော် တပည့်များနဲ့ သင်ကြားပြသတဲ့ ဆရာများက လက်တွဲညီညာစွာ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်၏ အနှစ်(၄၀)ခရီးကို မော်ကွန်းတွေထိုးကာ နှစ်ရာထောင်ချီခရီးသို့ ဖြတ်သန်းလျက် ရှိချေပြီဟူ၍ ရေးသားပူဇော် ရပေသည်။

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"

♦ အောင်မြင့် (သစ်လုပ်ငန်း)




# တမာတန်းက လွမ်းတေးတစ်ပုဒ်

**ရေနံ့သာ မောင်ဥညွှ**

ဘဝအသိတွေ ထာဝစဉ်လန်းဆန်းဖို့ မရိုးနိုင်ရာ ပညာပန်းရနံ့တွေ ကြိုင်လှိုင်သည့် ရွှာမပရိယတ္တိပန်းဥယျာဉ်ကြီးထဲသို့ ကျွန်ုပ် ၁၃၆၅-ခု ကဆုန်လဆုတ် (၁၀)ရက် ညနေ ၃-နာရီတွင် စတင်နေထိုင်ခွင့်ရခဲ့သည်။ ကျောင်းတိုက်၏ အရိပ်အာဝါသအောက် ရောက်သည်နှင့် တပြိုင်နက် လွန်ခဲ့သော အနှစ် (၂၀)က ခွဲခွာခဲ့ရသော မိခင်ရင်ခွင်ကို တမ်းတခြင်းနှင့်အတူ အစားရခြင်းဆိုတဲ့ ပီတိလည်း ဖြစ်ခဲ့ရသည်။တောသား ကျွန်ုပ်မှာတော့ ကျီးကန်းတောင်းမှောက်ထားသလို အရာရာ အသစ်အဆန်းဖြစ်လျက် မလွတ်တမ်းငေးကြည့်ခဲ့သည်။ ဖုန်းကိုပြောင်းပြန်ကိုင်ဆက်မိလို့ ရယ်စရာဖြစ်ခဲ့၊ ဘုရားဝတ်တက် ကိုရင်တန်းထဲ ဝင်ထဲဝင်ထိုင်မိလို့ ဦးဇင်းဖြစ်လျက် (၁၀) ပါးသီလယူခဲ့ရသေးသည်။ ယောင်ချာချာ တောသားဘဝ ပြန်တွေးတိုင်းရယ်နေမိပါသေးသည်။

ရွှာကျောင်းမှာနေတုန်းက ဝိုင်းဖွဲ့၍ မလုရုံသာစားခဲ့ကြရသည်။ ယခုဒီလိုမဟုတ် ဆွမ်းစားပုံစနစ်တကျ ရှိရသည်။ ရွှာမှာဆို "ဤသည့်စားဖွယ် " မဆိုရ။ ဒီမှာ မေတ္တာသုတ်ရွတ်။ ဤသည့်စားဖွယ်ဆို မေတ္တာပို့ပြီးမှ စားရသည်။ ကိုယ်အမူအရာ ယဉ်ကျေးအောင် စနစ်တကျသင်ပေးသလို စိတ်ဓာတ် ယဉ်ကျေးအောင်လည်း အဖိတ်နေ့ဘုရားဝတ်တက်ပြီးဖြစ်စေ အရုဏ်ဆွမ်းမစားခင်ဖြစ်စေ လိုအပ်သလို ဆရာတော်နှင့် နာယကစာချ ဆရာများက ဩဝါဒပေးသည်။ ဆရာတော်က " ခေတ်မီတယ်ဆိုတာ ခေတ်ကာလအခြေအနေ ဒေသအခြေအနေဟူသော ကာလ ဒေသနှင့် လိုက်လျောညီထွေ ဖြစ်အောင် ကျင့်သုံးတတ်မှု အံ့ဝင်ခွင်ကျဖြစ်မှုကိုဆိုလိုတယ်။ စာသင်သားက ယနေ့စာသင်သား၊ စနစ်က လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ကျော်က စနစ်ဖြစ်နေလျှင် လူနှင့်မှုမကိုက်ခြင်းကြောင့် အကျိုးဖြစ်ထွန်းသင့်

သလောက် မဖြစ်ထွန်းတတ် ဘူးဟု " ဩဝါဒ အသိချွေထားသည့်အတိုင်း ကိုယ်အမူအရာကို အရိုးဆုံးအယဉ်ကျေးဆုံးနေထိုင်စေပြီး သင်ကြားမှုနှင့် စိတ်ဓာတ်ကိုတော့ ခေတ်နှင့်မီအောင် ဆောင်ရွက်ပေးသည်မှာ ရွာမတိုက်၏ စာကြည့်တိုက်က သက်သေတစ်ခုပင် ဖြစ်သည်။ ကျွန်ုပ်တို့စာသင်သားဘဝ အသိပညာတိုးတက်အောင် ဆရာတော်နှင့်တကွ နာယကဆရာများ၏ဩဝါဒများက အဓိကကျသလို စာကြည့်တိုက်ကလည်းပဓာနဖြစ်ခဲ့သည်။ ယခုဆိုလျှင် အတန်းအလိုက် အင်္ဂလိပ်စာပြဌာန်း၍ လောကဓာတ်အမြင်များ ခေတ်နောက်မကျအောင် ဆောင်ရွက်ပေးထားသည်။ ဆရာတော်၏ သစ်လွင်တောက်ပသော ဩဝါဒလမ်းညွှန်မှုအောက်တွင် အလှဝေဆာနေသော ပန်းရိပ်သာ ပန်းဥယျာဉ်ကြီး ဖြစ်နေဦးမည်မှာ ဧကန် မလွဲပင်။

ကျွန်ုပ်ဒီဘဝဒီအထိရောက်လာရခြင်း၏ မူလဘူတကျေးဇူးရှင်မှာ အမေကြီးဖြစ်သည်။ သက်ကယ် ကျူးတိုးကျဲတဲ ပလတ်စတစ်အတိုအစတို့ဖြင့် အစားထိုးထားသော မိုးမလုံအိမ်ကလေးမှာ ကျွန်ုပ်ဘဝစခဲ့ရသည်။ မိဘမဲ့သားသမီးခြောက်ယောက်အတွက် ယောက်ျားတို့နှင့် ရင်ဘောင်တန်းကာ လုပ်ကျွေးရှာသောအမေကြီး၏ ဒုက္ခသည် ကြီးမားလှ၏။ တရားရိပ်မှာမွေးစက်ချိန်တန်ပေမယ့် ဓနမဲ့အပူတောမှာ သောကတွေထူပြောခဲ့သည်၊ လောကဓံဒဏ်ရာသက်သာလိမ့်နိုးနှင့် အမေကြီးကကျွန်ုပ်ကို ရွာဦးကျောင်းသို့ ပို့ခဲ့သည်။ ဒါဟာကျွန်ုပ်ဘဝအတွက် ဒုတိယအကြိမ်မြောက် ရင်ခွင်နန်းက သွေ့ခွာလှမ်းခဲ့ခြင်းပင်။ နှစ်နှစ်သားအရွယ်မှာ ဖေဖေမေမေတို့သည် သမုသယတောမှာ အယုအယနွှေးချင်ပေမယ့် ဓမ္မတာမင်းက ခွဲကာခွင်းခဲ့ပြီ။ ယခုလည်း အမေကြီးက မေတ္တာရေးမှာ မိခင်ပမာ ပေးနိုင်ပေမဲ့ ဝမ်းရေးအတွက် အလှမ်းမဝေးတဲ့နေရာသို့ ပို့ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ပျော်ပါသည်။ကိုရင်ကျောင်းသား ၅၀-ကျော်ဆိုတော့ ကစားဖော်သူငယ်ချင်း အများကြီးပင်။ မနက်မိုးလင်းလျှင် အာရုံဆွမ်းချိုင့်ဆွဲသူဆွဲ ကျောင်းဝိုင်းသန့်ရှင်းရေးလုပ်သူလုပ်နှင့် ကျေးငှက်တို့၏ နံနက်ခင်းတေးနှင့်အတူ ကိုရင်ကျောင်းသားတို့၏ ပြောဆိုအော်ဟစ်သံတို့သည် တောကျောင်းလေး၏ အလှသရုပ်ကိုပီပြင်စေခဲ့သည်။ မပီပြင်လို့လည်းမရ ဆရာတော်ကကြိမ်ကိုင်ပြီး ကျောင်းပတ်နေသည်။ ဆရာတော်ကြိမ်အောက်မှာ ဟိုတစ်နေ့ကအချောင်ခိုအိပ်နေတဲ့ " မှတ်ကြီး" အပြတ်တီးခံလိုက်ရတာမြင်ကတည်းက ဆရာတော်ကြိမ်ကို ဝေးဝေးရှောင်ခဲ့ရသည်။ ဆရာတော်သည် ညီညွတ်မှုကို လိုလားသည်။ အချောင်ခိုစိတ်ကို ရွံမုန်းသည်။ " ရေသာခိုပြည်အိုမယ်ကွ " ဟုအမြဲပြောလေ့ရှိသည်။ အရုဏ်ဆွမ်းစားပြီး ၉ နာရီအထိ စာကျက်စာပြန်ရသည်။ ၉ နာရီခွဲလျှင်နေ့ဆွမ်းခံထွက်သူထွက် ဆရာတော်ရေချိုးကန်ရေဆွဲလောင်းသူလောင်းနှင့် နေမင်းနှင့်အတူ ကိုရင်ကျောင်းသားတို့၏ ဘဝသည် ရင့်ကျက်လာခဲ့သည်။ ရွေ့လျားနေသော အချိန်တို့နှင့်အတူ တောကျောင်းကလေး၏ လုပ်ဆောင်ချက်ယန္တရားလေးသည် မရပ်နားခဲ့။ ကျွန်ုပ်ကျောင်းသက်(၂)နှစ်မြောက်မှာ အမေကြီးက "တစ်နယ်မပြောင်း သူကောင်းမဖြစ် " ဆိုတာ သိလို့ပေလား . . ဒါမှမဟုတ် ရွာကျောင်းထက်

အစားသောက်ကောင်းတာ စားစေချင် လို့လား တော့မသိ၊ ကျွန်ုပ်ကို ရေနံချောင်းမြို့ ရန်မျိုးအောင်ရိပ်သာသို့ ပို့ခဲ့ပြန်သည်။ ဆရာတော်ဘုရားကြီး၏ ကြီးမားလှသော မေတ္တာရိပ်အောက်မှာ ဆွေမျိုးအခြံအရံမဲ့ တိတ်တဆိတ်ကိုရင်အဖြစ်ကိုရခဲ့သည်။ ထိုနေ့က ဘာရယ်တော့မသိ ကျွန်ုပ်ဝမ်းနည်းမိတာကတော့ အမှန်ပင်။

ကျွန်ုပ်ဘဝမှာ မေတ္တာစစ်နှင့် အနစ်နာခံပြီး ချစ်ခဲ့ကြသော ကျေးဇူးရှင်များသာ မရှိခဲ့ပါလျှင် ဒီဘဝ ဒီအခြေအနေ ဘယ်လိုမှ မရောက်နိုင်။ ထိုများပြားလှသော ပရဟိတသမားတို့၏ ကျေးဇူးကို ကျွန်ုပ်ယခုအချိန် အထိ ပြန်မဆပ်နိုင်သေး။ တစ်နေ့နေ့ဆိုသော အချိန်တို့သည် မိမိဘဝရွှာမပရိယတ္တိ၏ ခြေတော်ရင်း၌ ပညာသင်ရင်း ကုန်မှန်းမသိကုန်ခဲ့သည်။ ကျွန်ုပ်တို့စာသင်သားတို့အတွက် ရွှာမပရိယတ္တိသည် မရိုးနိုင်စရာ အတတ်ပညာတို့ စုံလင်လှသော နေရာတစ်ခုပင်။ ဆရာတော်က " မင်းတို့ သိရုံနှင့်မပြီး တတ်သိသောပညာရပ်အပေါ် လိုက်နာ ကျင့်သုံးဖို့လိုသေးတယ် " ဟုအမိန့်ရှိသည့်အတိုင်း နှစ်စကျောင်းဖွင့်လျှင် စာဝါများ မပို့ချမီ (၃)ရက် ပဋိပတ္တိအကျင့်ကို ကျင့်သုံးစေသည်။ ထို့ကြောင့် ရွှာမတိုက်၏ ကျေးဇူးသည် သောတုဇနအပေါင်းတို့အတွက် အနှိုင်းမဲ့ပင်ဖြစ်သည်။ ရွှာမပရိယတ္တိမှ ပညာနို့ရည်သောက်စို့ပြီး လောကအလယ် ဆရာဂုဏ်တင့်၍တပည့် ဂုဏ်မြင့်နေကြရသည်။ မြန်မာနိုင်ငံမှာ အခက်ခဲဆုံးစာမေးပွဲ ဖြစ်သည့် တိပိဋကစာမေးပွဲအောင်မြင်သော တပည့်များ၊ အဘိဝံသ၊ ဓမ္မာစရိယ၊ BA.MA စသည် အောင်မြင်ကြ၍ ပရိယတ္တိတာဝန် နိုင်နင်းစွာ စွမ်းဆောင်နိုင်သော တပည့်များ အဆက်မပြတ်ပေါ်ပေါက်နေသည်ကို ကြည့်ခြင်းအားဖြင့် ရွှာမပရိယတ္တိစာသင်တိုက်၏ သာသနာအတွက် လုပ်ဆောင်ချက်ကို ချီးကျူးလေးစားထိုက်ပေသည်။

ကျွန်ုပ်ရွှာမပရိယတ္တိစာသင်တိုက်ရောက်စမှ ယခုအချိန်အထိ (၆)နှစ်တာကာလအတွင်းပင် အောင်မြင်မှု အသီးအပွင့်တို့ ဝေဆာနေသည်ကို မရေမတွက်နိုင်ပေ။ အနှစ်(၄၀)ဆိုသောခရီးရှည်သည် ရှည်လျားသော သာသနာ့ခရီးစဉ်ကြီးပင် ဖြစ်သည်။ ထိုကာလအတွင်း ပေါ်ပေါက်ခဲ့သောအောင်မြင်မှု အသီးအပွင့် ပန်းကောင်းတို့ကို ဥယျာဉ်ကြီးပမာ ဖန်တီးခွင့်ရပါလျှင် မြန်မာနိုင်ငံ၏ပန်းမြို့တော်"ပြင်ဦးလွင်" ပင်ရှုံးပေလိမ့်မည်။ ထိုမှ ပေါက်ဖွားလာသော ပန်းကောင်းရတနာတို့သည်ကား တဝီဝီ မီးရောင်တလက်လက် အင်တာနက် မြို့တော်ကြီးများတွင် အချိုပေါ်သကာလောင်း ဆိုသလို ပညာပေါ်ဂုဏ်ရောက်၍ သာသနာ့ဝန်များ ထမ်းဆောင်နေကြရင်း မြို့ကြီးသူ မြို့ကြီးသားတို့၏ ပန်ချင်စရာ လည်ဆွဲရတနာများ ဖြစ်နေကြသည်။

အာဇာနည်တို့ကိုမွေးထုတ်ရာ ရွက်ကြွေတော ရိုးပြတ်တောလေးများမှာတော့ တိတ်ဆိတ်နေလျက်ပင်။ တောကထွက်ပေါ်ခဲ့သော လမင်းသည် မြို့မှာသာနေပြီး တောရွာလေးများမှာတော့ အမှောင်ကျနေသည်။ ဆရာတော်က " ပညာသာလျှင် လူမျိုးသာမည်၊ ပညာချာလျှင် လူမျိုးချာမည် " ဟု အမိန့်ရှိတော်မူသည့်အတိုင်း ပညာ၏ ပင်မဖြစ်သော တောဒေသကရှင်ငယ် ရဟန်းငယ်တို့သည် တောရပ်ကိုပစ် မြို့ကိုချစ်နေကြ၍ မြို့လူထုအတွက် အားတက်ဖွယ်ရာ အသိဉာဏ်ပညာရှင်များ ဖြစ်နေကြ

သည်။ တောကပေါက်ဖွားသော သာသနာပြု နယ်လှည့် ဓမ္မကထိကများသည်လည်း မြို့ရပ်စုံမှာ အားရက်မကြုံ၍ တောဒေသကို ခရီးမဆက်နိုင် အားရက်ကလေး တစ်ပါတ်လောက်ရပြန်တော့ ဝေဟင်ခရီးလေယာဉ်စီးပြီး ပြည်ခြား၍ အသိတရားတွေ ဝေခဲ့ရပြန်သေးသည်။ ဇာနည်တို့၏မွေးရပ်မြေလေးမှာ ကက်ဆက်နှင့် တိတ်ခွေသည် တစ်အိမ်တက် တစ်အိမ်ဆင်း၍ လက်တွဲညီညီ သာသနာပြုနေသော တောလှည့် ဓမ္မကထိက ဖြစ်နေရသည်။

ကျွန်ုပ်မရောက်တာကြာသော မွေးရပ်မြေ တမာတန်းလေးသို့ နွေရာသီကျောင်းပိတ်ရက်တွင် ပြန်ခဲ့သည်။ ရွက်ဝါမြေသက် ရွက်နုထွက်စ တမာတန်းလေးက လေယူရာဘယ်ညာယိမ်း၍ ကျွန်ုပ်ကို ဆီးကြိုနေသလိုပင်။ ရွာဦးကျောင်းအဝင်တွင် အတိတ်က ပျော်ရွှင်ခဲ့ကြရသော ပုံရိပ်တို့သည် ကျွန်ုပ်အတွေးအစဉ်ကို အစဉ်တကျ နေရာယူထားသည်။ခွဲခွာခဲ့သော (၆) နှစ်တာကာလအတွင်း ထိုပုံရိပ်တို့သည် အချိန်နှင့်အတူပြောင်းလဲခဲ့ကြသည်။ မြို့စာသင်တိုက်ရောက်သူရောက် လူထွက်သူထွက်နှင့် ဟိုယခင် ကိုရင်ကျောင်းသား ဆူညံနေသော တောကျောင်းကလေးသည် တိတ်ဆိတ်လွန်းလှသည်။ ကျွန်ုပ်တို့ငယ်စဉ်က ကြိမ်ကိုင်ပြီး ကျောင်းပတ်လှည့်ရှိသော ကျေးဇူးရှင် ဆရာတော်ကြီးသည်ပင် ဆံဖြူ သွားကျိုး မျက်စိမှုန်နှင့် ဇရာနယ်အတွင်း သက်ဆင်းခဲ့ရလေပြီ။"တပည့်တော် ဝိစာရ ပါဘုရား" ဟု လျှောက်ထားတော့မှ ခေါင်းညိမ့်ရှာသည်။ နောက် ဆရာတော်က-

"မောင်ပဥ္စင်းရေ-

မင်းသိတဲ့အတိုင်း ဟိုအရင် တို့ကျောင်းမှာ ကိုရင်ကျောင်းသားပြည့်နေတာပဲ။ အခု မင်းမြင်တဲ့အတိုင်း ငါကလည်းအသက်ကြီးတော့ စာမသင်နိုင်၊ မြို့ပို့ထားတဲ့ တပည့်တွေကလည်း ပြန်မလာ၊ မိဘတွေကလည်း အရွယ်ရောက်တာနဲ့ မြို့ပို့အလုပ်ခိုင်းနဲ့ ကျောင်းသားမရှိလို့ ငါ့မြေး 'ကြည်လင်း' ကိုခေါ်ခေါ်ထားရတာပဲ ကြည့်ပေတော့ မောင်ပဥ္စင်းရေ-" ဟု ဆို့နင့်သောလေသံဖြင့်အမိန့်ရှိရှာသည်။ ဟုတ်ပါသည်။ ကျွန်ုပ်တို့ "က. . ကာ. . ကိ. . ကီ" ဆူညံစွာ အော်ဟစ်ခဲ့သော စာသင်ကျောင်းဆောင်လေးပင် ခြတက်၍ ပျက်စီးစပြုနေပြီ။ ကျောင်း၏ မြောက်ဘက်ကန်ပေါင်ပေါ်တွင် ဟိုယခင်က ငှက်ပျောပင်ကြားတွင် တူတူပုန်းတမ်းကစားခဲ့ကြသည်။ တိတ်ဆိတ်နေသော ကန်ပေါင်ပေါ်အတက်မှာ လေယူရာယိမ်းတဲ့ ငှက်ပျောရွက်လေးများက 'မင်းပြန်လာတာ တစ်ယောက်တည်းလား' ဟုမေးနေသယောင်ပင်။ ကျောင်းအရှေ့ဘက် စေတီရင်ပြင်တွင် ဟိုယခင်က အဖိတ်နေ့တိုင်း သန့်ရှင်းရေးလုပ်ရသည်။ ဘုရားဖူးသူတို့အဖို့ ကြည်နူးစရာလည်း ဖြစ်ခဲ့သည်။ အခုတော့ ထိုရင်ပြင်လေးတွင် ကိုင်းတောကြီးက နေရာယူထားလိုက်လေပြီ။ နွေဦး၏ လေရူးကလည်း ကျောင်းဝင်းထဲကအမှိုက်တို့ကိုဟိုရွှေ့လိုက် သည်ရွှေ့လိုက်နှင့် သရော်နေသလိုပင်။ ဆရာတော်ကပြောသေးသည်။

"မောင်ပဥ္စင်းရေ-

မင်းကို ရေန်ချောင်းပို့ပေးတဲ့ ဦးဇင်းကြီး ဦးစိန်မောင်ရဲ့ "ငါးရက်ဘုရားကျောင်း" မှာနေမယ့်သူ မရှိလို့ ရွာထဲကအရက်သမားသောင်းအေး အရက်ပြတ်ပြီး ကိုရင်ဝတ်နဲ့ ကျောင်းစောင့်နေလေရဲ့။" ဩော်. . ကျွန်ုပ်၏ ကျေးဇူးရှင်ဆရာ၏ ကျောင်းလေးသည် ကိုရင်ကျောင်းထိုင်ဖြစ်ပါပကောလား. . ။ ကြေကွဲစိတ်နှင့်အတူ ကန်ပေါင်ပေါ်ကဆင်းလာခိုက်-

"ဦးဇင်း" ဟုခေါ်သံကြောင့် ကြည့်လိုက်သည်။ သူငယ်ချင်း ကိုရင်လူထွက် "မှတ်ကြီး" ဖြစ်နေသည်။

'ဦးဇင်း. . ဘယ်တုန်းကရောက်လဲ'

'ဒီနေ့မနက် ရောက်တယ်'

'ဦးဇင်းတို့များနေနိုင်လိုက်တာ၊ ကိုယ့်ရွာမဟုတ်တဲ့အတိုင်းဘဲ၊ ဘုန်းကြီးက ကျန်းမာရေးမကောင်းတိုင်း တပည့်တော်ကိုခေါ်တယ်'၊ "ငါနေမကောင်းတဲ့အကြောင်း မြို့က ဦးဇင်းတွေဆီ မဆက်သွယ်နဲ့၊ သူတို့အလုပ်ပျက်လိမ့်မယ်။ ဒီကြားထဲ ငါမရှိရင် ဝါအစဉ်လိုက် နေလိုက နေပါစေ၊ မနေချင်ရင် မင်းတို့ ကျောင်းစောင့်ကြ" တဲ့။ အမုန်းစကားမပါတဲ့ အန္တိုသမားကြီးရဲ့ မေတ္တာစကားကို ဘယ်လို နှလုံးသားမျိုးက ခံနိုင်ရည်ရှိမှာလဲ။ ဆရာတော်စောင့်ရှောက်လို့ လူလားမြောက်ခဲ့ရသော ကျွန်ုပ်ဘဝ၊ ဆရာတော့် ကျေးဇူးကို ဥပေက္ခာပြုထားမိခဲ့သည်။ ရွာမှခွဲခွာခဲ့သော (၆) နှစ်တာကာလအတွင်း ရွာမပရိယတ္တိစာသင်တိုက်ကြီးက သင်ကြားပေးနေသော (၁၂) လရာသီဩဝါဒပန်းတို့ကို ပန်ခွေရင်း အမိမြေ၏ အလှကို တန်ဆာဆင်ဖို့ မေ့လျော့နေခဲ့သည်။ ကြာပန်းအလှသည် ရေကန်ကိုတန်ဆာဆင်ဖို့ ဖြစ်လာသလို အမိရွာမမှ သင်ပေးသော ဘဝအလှများသည် လောကကို တန်ဆာဆင်ဖို့ပင်ဖြစ်သည်။ သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စကားပြောကြတိုင်း "တမာတောက လွမ်းမောဖွယ်ရာများ" ကိုပြောဖြစ်ကြသည်။ အနစ်နာမခံဘဲ ကြွေးကြော်ရုံသာ ကြွေးကြော်ခဲ့ပြီး အသာစံဘဝမှာသာ ကျွန်ုပ်ကျင်လည်ခဲ့သည်။

ဆရာတော်က-

"စီးပွားရေးကျဆင်းလျှင် ဆယ်စုနှစ်လောက် ကြိုးစားလျှင်မီနိုင်သည်။ လူမျိုးရေးကျဆင်းလျှင် ရာစုနှစ်နှင့် ချီ၍ ကြိုးစားသော်လည်း မမီနိုင်" ဟုဩဝါဒအသိတွေ ခွေထားပါလျက် ဘာသာ သာသနာ အသိတွေ ညှိုးငယ်နေသော ကျွန်ုပ်တို့ တောရွာလေးကို ကျွန်ုပ်ကယ်တင်ဖို့သတိမေ့နေခဲ့သည်။ ကျွန်ုပ် သတိမေ့နေသလို သတိမေ့နေကြသော ညီတော်နောင်တော်များ၊ ကျွန်ုပ်တို့ရွာလေးလို အခြားအခြားသော တောရွာလေးများလည်း ရှိကြပေလိမ့်မည်။''သမိုင်းကောင်းကို တာဝန်ကျေပွန်စွာ ဆက်လက်ထိန်းသိမ်းဖို့လိုသည်" ဟု ကျေးဇူးရှင်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနဆရာတော်ဘုရားကြီးက ဩဝါဒမိုးတွေ အခါခါရွာခဲ့သော်လည်း ကြီးမားသောအမိမြေ၏ ဂုဏ်ကျေးဇူးကို ဖုန်တောနှင့် ကတ္တရာ၊ တဲအိမ်နှင့်တိုက်၊ မီးခွက်နှင့်မီးသီး အင်တာနက်ခေတ်ကြီးထဲမှာ နေရင်း မိုက်မဲစွာ နှိုင်းယှဉ်နေခဲ့မိသည်။ ကျွန်ုပ် သမိုင်းကောင်းတာဝန်ကို လက်တွေ့မထမ်းဆောင်ဘဲ ပါးစပ်ပြောနှင့်သာ ကျေနပ်နေခဲ့မိသည်။

ဆရာတော်က-" ဘုရင့်သားလို့ အခြောက်တိုက်ကြွားနေရုံနဲ့ တိုင်းပြည် တာဝန်ကျေမည် မဟုတ် " ဟု တက်ကြွ မာန်ပါသော ဩဝါဒသည် အိပ်ပျော်နေသော အင်တာနက်ခေတ်ကြီးထဲမှ သကျဆွေဖော် ညီတော်တို့ကို တပ်လှန့်နှိုးဆော်နေလေတော့သည်။

♦ ရေနံသာမောင်ဥသြ

# မာနသံသရာ

ငါတတ် ငါကျွမ်း
ပညာစွမ်းဖြင့်
ရောင်လွှမ်းဝင့်ထည်
ဂုဏ်မြင့်ကြွယ်၍
ငါ့ နှယ်လူသား
မယှဉ်ငြားနှင့်
မြင့်မားပြည့်စုံ ပညာဂုဏ်။
မျိုးဂုဏ်မာန
အာရောဂျနှင့်
ရူပ ဥစ္စာ
မှီစွဲကာဖြင့်
ငါ့မှာပြည့်စုံ
လောကီဘုံဝယ်
ညာဏ်ဟုန်မှိုင်းထ တကြွကြွ။
ငါသိ ငါတတ်
ငါသာမြတ်ဟု
ငါရပ်နေရာ
ငါ့ဥစ္စာနှင့်
ပညာမာန
မနှိမ့်ချလျှင်
ဘဝလင်းရောင်
အမြဲမှောင်၍
မာန်ကောင်းပူးသတ် တစ်ခန်းရပ်။

■ လင်းချစ်–တင်းတိမ်ရံ



# လမ်းခင်းတဲ့ ကျောက်ခဲ

## မုန်းဆရာတော်လေး ဦးပညာ

မီး. . မီး အားကောင်းစွာပင် တဟုတ်ဟုတ် လောင်နေလေသည်။ မြေကျင်းတူးထားသည်။ မြေကျင်းထဲကို ထင်းများအစီအရီ ထိုးထားလေသည်။ မြေကျင်းထဲမှ မီးများက အားကောင်းစွာတောက်လောင်နေခြင်းဖြစ်သည်။ မီးများကိုတန်ဖိုးရှိစွာ အသုံးပြုထားလေသည်။ အမဲရောင်လွှမ်းနေသည့် ပီပါကြီးများကို မီးတောက်ပေါ်မှာ စီထားလေသည်။ ဖျစ် ဖျစ် ချဲ . . ဖျစ် ဖျစ် ချဲ၊ မီးအပူချိန်တွေ့ထိမှုကြောင့် အသံများထွက်လာသည်။

ပီပါထဲမှ ကတ္တရာခဲများက မီးအပူရှိန်ကြောင့် အရည်ပျော်လာသည်။ မြေကျင်းထဲက ထိုးထွက်လာသည့် မီးတောက်များကလည်း ပီပါကြီးများကို ဝါးမြိုနေအောင်ပင် အားကောင်းနေတော့သည်။ ပါးကွက်ကြားနှင့် သနပ်ခါး ထူထူလိမ်းထားသည့် လမ်းဖောက်သမလေးများကလည်း လမ်းဘေးမှာချထားသည့် ကျောက်ခဲပုံကြီးမှ ကျောက်ခဲများကို ခေါင်းရွက်ခြင်းထဲ ထည့်ပေးသူကထည့်ပေးကြသည်။ ပုဆိုးဖြင့် ခေါင်းပေါင်းထားကြသည်။ ဦးခေါင်းပေါ် ကျောက်ခဲခြင်းလေးတင်ပြီး လမ်းခင်းရာဆီ ရွက်ပို့သူက ရွက်ပို့ကြသည်။ သံပုံးကြီးမှ သံများကိုလည်း သယ်ပို့နေကြလေသည်။

ပြန့်ကြဲနေသော ကျောက်ခဲများကို ကောက်ပြီး ညီနေအောင်စီသူကစီနေကြသည်။ ကျောက်ခဲကြီးများကြားကို အကြားအလပ် မရှိအောင် သဲ ကျောက်ခဲအသေးများထည့်သူက ထည့်နေကြသည်၊ အလုပ်ဆိုတာ ဂုဏ်ရှိတာ ဖြစ်သည်။ အင်္ကျီလက်ရှည် သနပ်ခါးထူထူလိမ်းထားသည့်ပါးကွက်ကျားနှင့် လမ်းဖောက်သမလေးများကလည်း တဟုတ်ဟုတ် ထတောက်နေသည့် အားကောင်းသည့် မီးတောက်များနှင့် အတူ အားကောင်းစွာပင် အလုပ်လုပ်နေကြလေသည်။

သတိ- ရှေ့ကိုက် ၁၀၀ အကွာတွင် လမ်းပြင်နေသည်၊ အဝါတစ်ရစ် အနီတစ်ရစ် သုတ်ထားသည့် သတိပေးဆိုင်းဘုတ်ဖြင့် ကားလမ်း၏ ဘေးတစ်ချက်ပေါ်တွင် ကာထားလေသည်၊ ဘွတ်ဖိနပ်အရှည်၊ ဘောင်းဘီအရှည် အင်္ကျီလက်ရှည်ဝတ်ထားသည့် လမ်းလုပ်သားကြီးက ကတ္တရာပီပါထဲမှ ကတ္တရာရည်များကို ကတ္တရာထည့်စရာ လက်ဆွဲပုံးထဲ ထည့်လေသည်။ ပြီးလျှင် စီညီစွာ ခင်းထားသည့် ကျောက်ခဲတန်း အ ပေါ် ဟန်ချက်ညီအောင် ရှေ့သွားလိုက် နောက် သွားလိုက်ဖြင့် လောင်းသွန်နေလေသည်။

ကာယအားဖြင့် ထမ်းဆောင်ရသည့် လုပ်သားတွေ ဖြစ်ပေမဲ့လည်း လူသားတွေအတွက် အသုံးဝင်လှသည်။ အမှန်လည်း မိမိစွမ်းဆောင်နိုင်သည့် ကာယအားပဲဖြစ်ဖြစ် ဉာဏအားပဲဖြစ်ဖြစ် လူသားများအသုံးဝင် လူသားများ အကျိုးပြုတဲ့နေရာမှာ သုံးသင့်တာ ဖြစ်လေသည်။ အလုပ်တစ်ခုဆောင်ရွက်ရင် အတွေးအကြံ အထူးမှန်ကန်ရမည်၊ လက်တွေ့အကောင်အထည်ဖော်ရမည်ဖြစ်သည်။ လက်တွေ့ မပါသော စာတွေ့သည် အသက်မဝင်ပေ၊ စာပေ၏ လမ်းညွှန်မှုမပါလျှင်လည်း ခရီးဝေးလေသည်။

ရွှေစည့်သည် -၁-၊ မှန်လုံကားကြီးပေါ်မှ လှမ်းတွေ့ရတာဖြစ်သည်။ လှိုင်သာယာသို့ ခဏကြွလာခြင်း ဖြစ်သည်။ ပေါက်တောဝဘက် စာသင်ဖက်ဖြစ်သူ ကောသလ္လဆီသို့ ခဏဝင်ခဲ့လေသည်။ အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်၌ ပရိယတ္တိစာပေများ သင်ကြားခဲ့စဉ်က စာသင်ဖက်သူငယ်ချင်းများ ဖြစ်လေသည်။ သာဓုတက္ကသိုလ် ၌ B.A ဘွဲ့ဆပ်ကပ်ခံရဖို့ နောက်ဆုံးနှစ် သင်တန်းသား သံဃာဖြစ်လေသည်။ မိမိ သူသီတင်းသုံးရာ နေရာရောက်သွားတော့ မရှိပေ။ စာမေးပွဲ သွားဖြေသည်တဲ့။ ဘေးနားမှ ဦးဇင်းတစ်ပါးကလည်း သံဃာ့ တက္ကသိုလ်ဝင်ခွင့်ဖြေဖို့ စာတွေကျက်နေလေသည်။ ဖွဲ့လုံ့လကို အရင်းတည်ပြီး မနားတမ်း မမောတမ်း ကြိုးစားမှ လိုရာပန်းတိုင်ရောက်မှာ ဖြစ်လေသည်။

ကောသလ္လ စာမေးပွဲဖြေရာမှ ပြန်ရောက်လာသည်။ ဖြေနိုင်လားဆိုတော့ ဖြေနိုင်သည်တဲ့။ အောင်စာရင်းထွက်တော့ သိလိမ့်မည်ဆိုတော့ အောင်ပါတယ်ဟုပင် ပြန်ပြောလေသည်။ မိမိကတော့ စာမေးပွဲ ကံမကောင်းတာများနေသည်။ စာမေးပွဲဆိုတာ ကံနဲ့ဘဲဆိုင်နေလား၊ ကြိုးစားမှုနဲ့ပဲ ဆိုင်နေလား၊ မိမိမှာ ဘာမှန်းညာမှန်းကို ဝေခွဲလို့မရတော့ပေ၊ စာမေးပွဲ မိမိဘွဲ့ ဂေဇတ်ဝိမုတ်ဖြစ်ခဲ့တာ လေးငါးနှစ်ပင် တိုင်ခဲ့ပြီဖြစ်သည်၊ ဂေဇတ်ဝိမုတ်ဖြစ်ပေမဲ့လည်း ကြိုးစားချင်တဲ့ စိတ်နဲ့ အများအတွက် သယ်ပိုးဆောင်ရွက်မည်ဆိုတဲ့ စိတ်ကိုတော့ အမြဲတမ်း မြှင့်တင်ထားပါသည်။

ယခုဝါတွင်းမိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးထဲမှာ ဝါဆိုဝါကပ်ခဲ့တာ အဆင်ပြေရဲ့လား။ အဆင်ပြေပါတယ်။ ဆွမ်းလည်းအဆင်ပြေတယ်။ သီတင်းသုံးရတာ၊ နေရာထိုင်ခင်းလည်း အဆင်ပြေတယ်။ သက်နီးကအစ တာဝန်ရှိသူများရဲ့ စေတနာထား စီစဉ်ပေးမှုကြောင့် တရားကို စိတ်အေး ချမ်းသာစွာအားထုတ်နိုင်ပါတယ်။ တရားထိုင်ရကျိုးတော့နပ်ရဲ့လား။ . . နပ်ပါတယ်။

လူ နတ် သတ္တဝါ ပုဂ္ဂိုလ် မဟုတ်ဘူး ခန္ဓာငါးပါးပဲရှိတယ် ဆိုတာကို ငါသိရတယ်။ လောကကြီး တစ်ခုလုံး နာမ်ရုပ်ပဲရှိတယ် ဆိုတာကို သဲသဲကွဲကွဲ သဘောကျတယ်။ ကိုယ်ကစောင့်ကြည့်လို့ သိရတဲ့ဖြစ်ပျက်ကိုလည်း လောကီဝိပဿနာ မဂ္ဂသစ္စာနဲ့ သဘောကျတယ်။ ကိုယ်ကစောင့်မကြည့်ရဘဲ ရုပ်နာမ်ကလာပြတဲ့ ဖြစ်ပျက်ကိုလည်း လောကီဝိပဿနာ မဂ္ဂသစ္စာနဲ့သဘောကျတယ်။ သာသနာနဲ့ကြုံရကြိုးနပ်အောင် ဆက်လက် ကြိုးစားပါဟု တိုက်တွန်းလေသည်။

ဟုတ်ပါပေသည်။ သာသနာနဲ့ကြုံရ ကျိုးဆိုတာ ရဟန်း ရှင်လူ မည်သို့သောပုဂ္ဂိုလ် မဆို ဝိပဿနာတရားကို ခန္ဓာဉာဏ်ရောက် အောင် ကြိုးစားအားထုတ်ရပေမည်။ နာမ်ပဲ ရုပ်ပဲရှိတာ ဖြစ်ပျက်ကိုနှစ်နှစ်ကာကာ သဘောကျမှ သာသနာနဲ့ကြုံရကြိုးနပ်တာ ဖြစ်လေသည်။ ရဟန်းရှင်လူ မည်သို့သော ပုဂ္ဂိုလ်မဆို ဝိပဿနာတရားကို အားထုတ်ဖြစ် အောင် အားထုတ်ပါလို့ပဲ ဆန္ဒအထူး ပြုလိုက် ပါသည်။

> စာသင်ရခြင်းရည်ရွယ်ချက်ကပင် မိမိ ဘဝမြင့်မားတိုးတက်ဖို့ အမျိုးဘာသာ အမိမြေကို ကာကွယ်ထိန်းသိမ်းဖို့ပင် ဖြစ်ရမှာ ဖြစ်လေသည်။ စံတော်ဝင် ကျောင်းဆောင် အပေါ်ဆုံးထပ်မှာ ကိုယ်ပိုင်စာကျက်ချိန်တွေမှာဆို စာကိုတကြော်ကြော် ကျက်ခဲ့ရ လေသည်။

စကားကောင်းနေစဉ် ဦးပြဟ္မစရိယ ကြီးလည်း ပြန်ရောက်နေတယ်ဟု ပြောလေသည်. . ဟုတ်လား. . သီရိလင်္ကာသို့ ပညာတော်သင် သွားနေခြင်းဖြစ်သည်။ ဒေါက်တာဘွဲ့အတွက် စာတမ်းပြုစုဖို့ ခဏပြန်ကြွ လာခြင်းဖြစ်သည်။ စိတ်ထဲကျေနပ်မိလိုက်ပါသည်။ စာသင်တုန်းက အတူသီတင်းသုံးခဲ့သည့် စာသင်သားများဆိုတော့ ဘွဲ့ထူးဂုဏ်ထူးကြီးတွေ ပိုင်ဆိုင်တော့ ဝမ်းသာရတာဖြစ်လေသည်။ ဘွဲ့ထူးဂုဏ်ထူးနဲ့ ထိုက်တန်သည့် သာသနာ့ အကျိုး အများအကျိုးအတွက် သယ်ပိုးလျှင်တော့ ပို၍ပင်စိတ်ထဲ ကျေနပ်ရပါတော့မည်။

စာသင်ရခြင်းရည်ရွယ်ချက်ကပင် မိမိဘဝမြင့်မားတိုးတက်ဖို့ အမျိုးဘာသာ အမိမြေကို ကာကွယ်ထိန်းသိမ်းဖို့ပင် ဖြစ်ရမှာ ဖြစ်လေသည်။ စံတော်ဝင်ကျောင်းဆောင် အပေါ်ဆုံးထပ်မှာ ကိုယ်ပိုင်စာကျက်ချိန်တွေ မှာဆို စာကိုတကြော်ကြော် ကျက်ခဲ့ရလေသည်။ ဦးပြဟ္မစရိယကြီးကတော့ စာကိုအားရပါးရပင် ခန္ဓာကိုယ်ကြီးကို ယိမ်းထိုးပြီး ကျက်လေသည်။ တစ်ခါတစ်ခါ အဝတ်တွေ တပ်ဆင် ထားသော ကြမ်းတိုက်ဒုတ်တံကြီးဖြင့် ကြမ်းပျဉ်ကို အနှံ့ပင် ကျောင်းဆောင်ကြီးစပ်သွားအောင် ကြမ်းတိုက်လေသည်။

မိမိကတော့ မိမိသီတင်းသုံးခဲ့သည့် မေတ္တာဝံသကျောင်းဆောင် စံတော်ဝင် ကျောင်းဆောင်တို့မှာ သံဃာတော်တို့အား သောက်ရေကိုအားရစရာပင် အားစိုက်လှူ

ဒါန်းခဲ့လေသည်။ ကျောင်းတိုက်ကြီး၏ ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရင်း သေနာသနဝတ်ကိုလည်း ဖြည့်ကျင့်ရလေသည်။ တစ်ခါတစ်ရံ ဥပုသ်နေ့များဆိုလျှင် ကုဋီ အိမ်သာများကိုပါ ဆပ်ပြာမှုန့်အသုံး ပြုပြီး ပြောင်စင်အောင် ဆေးကြောခဲ့လေသည်။ ဝေယျာဝစ္စပြုခြင်းဖြင့် ဣရိယာပုတ်မျှတပြီး ကျန်းမာရေးကိုပါ အထောက်အကူပြုလေသည်။

ကားဦးခေါင်းခန်း၌ စာတမ်းဆိုင်းပုဒ်လေး ရေးထားတာတွေ့ရလေသည်။ " ဘယ်သူမှားမှား ကိုယ်မမှားပါစေနဲ့တဲ့ "ဟုတ်သည်။ သူမကောင်းလို့ ကိုယ်မကောင်းရင် ကိုယ်ပါမကောင်းဖြစ်တော့မည်။ မကောင်း သံသရာလည်တော့မည်။ မိမိကိုယ်ကို မိမိကောင်းအောင်ထိန်းဖို့လည်း လိုသေးသည်။ မှားတဲ့သူရဲ့ အမှားကိုမြင်ပြီး ကိုယ်ပါလိုက်မမှားဖို့ လိုလေသည်။ ရေသာခိုတဲ့စိတ် ရင်ထဲမှာမကိန်းဖို့လည်း လိုသေးသည်။ ရေသာခိုတဲ့စိတ်ဟာ မိမိဘဝကို နိမ့်အောင် နှိမ့်ချသွားမှာဖြစ်လေသည်။

ဥပမာ မိဘအမွေကို မျှော်လင့်နေတဲ့ သားသမီးဟာ မိဘရဲ့အရိုက်အရာကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ မလွယ်ပေ။ စိတ်ကိုက မိဘရဲ့အမွေကို မှီခိုချင်တဲ့စိတ်ပေါ်နေသည်။ မိဘရဲ့ အမွေကိုမျှော်လင့်မနေဘဲ မိဘထက်သာအောင် စီးပွားရေးစွမ်းဆောင်မယ်လို့ ကိုယ်ထူးကိုယ်ချွန်စိတ် ရှိတဲ့ပုဂ္ဂိုလ်သည် မိဘထက် စီးပွားရေးသာအောင် စွမ်းဆောင်နိုင်မှာ ဖြစ်လေသည်။ စိတ်ကတိုးတက်အောင် ကြိုးပွားအောင် ကြံဆနေသောကြောင့်ပင်၊ စိတ်ဓာတ်နှင့် လုပ်ရပ်ပေါ်မူတည်ပြီး အနိမ့်အမြင့်ဆိုတာ ကွဲပြားလာတာဖြစ်လေသည်။

တမာကုန်းမှတ်တိုင်ရောက်တော့ ဆင်းလိုက်လေသည်။ ဝိဇာတမင်္ဂလာရိပ်သာကျောင်း၊ ယခု ဦးကုဏ္ဍလ ဦးစီးပြီး သီတင်းသုံးနေထိုင်လေသည်။ စာသင်စာချဝါသနာပါ၍ စာသင်တိုက်လေးဖွင့်နိုင်အောင် ကြိုးစားနေလေသည်။ ရှေးနှစ်ဆိုဖွင့်ဖြစ်ဖို့များလေသည်။ ကျောင်းဝိုင်းအတွင်း၌ မန်ကျည်းပင်ကြီးအားအုတ်များဖြင့်ကာရံပြီး မပျက်စီးအောင် ထားလေသည်။ ပျံလွန်တော်မူပြီးဖြစ်သည့် ရွာမပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တနန္ဒဝံသမထေရ်၏ ငယ်စဉ်မွေးရပ်မြေ ဖြစ်လေသည်။

ကျောင်းသားဘဝက ဆရာတော်ကြီးကိုယ်တိုင် စိုက်ပျိုးခဲ့တာဖြစ်လေသည်။ ရွာမပရိယတ္တိ စာသင်တိုက် ကြီးသည် ဆရာတော်ကြီး၏ အမြော်အမြင်ကြီးမားမှုကြောင့် ပေါ်ပေါက်လာရသည်။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ၏ မူရင်းသာသနာ ပြုလိုစိတ်ရှိမှုနှင့် ပညာဉာဏ်ထက်မြက်မှုကြောင့် ခန့်ညားတင့်တယ် ထင်ရှားလာရခြင်း ဖြစ်လေသည်။

မွေးရပ်မြေထဲမှာ သာသနာ့နယ်မြေကျောင်းလေးအဖြစ် ရပ်တည်ခဲ့လေသည်။ လူ့ဘဝဆိုတာအများစု အခိုက်အတန့် ခရီးသွားတွေသာဖြစ်ကြလေသည်။ သူတော်ကောင်းနှင့် ပေါင်းဖော်မိ၍ ကုသိုလ်ကောင်းမှု ပြုလုပ်ကြရသည်။ မိမိကိုယ်တိုင် နှလုံးသွင်းမှန်၍ ကုသိုလ်ကောင်းမှု ပြုလုပ်ကြရသည်။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကုသိုလ်ကောင်းမှု ပြုလုပ်သွားနိုင်ဖို့ အရေးကြီးလေသည်။

ရွှေဇည်းသည် - ၁ မှန်လုံကားကြီးပေါ်မှ လှမ်းတွေ့ရသည့် လမ်းလုပ်သမလေးတွေ ခင်း

နေသည့် ကျောက်ခဲလေးသည် သူ၏တာဝန် ထမ်းဆောင်နိုင်ဖို့ နေရာမှန်သို့ ရောက်သွားခြင်း ပင် သူ၏အပေါ်ကို ဆိုက်ကားပဲ သွားသွား၊ ထော်လာဂျီပဲသွားသွား၊ စက်ဘီးပဲသွားသွား၊ လေးဘီးကားပဲသွားသွား၊ ဒိုင်နာပဲသွားသွား၊ မီနီဘတ်ပဲသွားသွား၊ မှန်လုံ ဆလွန်းကားလေး တွေပဲသွားသွား၊ မှန်လုံအဲယားကွန်းကားကြီး တွေပဲသွားသွား၊ ကိုယ်ပိုင်ကားလှလှလေးတွေ ပဲသွားသွား၊ ပါဂျဲရိုးတွေပဲသွားသွား ဘာတစ်ခု မျှမပြောပေ။ သွားသမျှကိုသည်းခံပြီး သယ်ပိုး ရွက်ဆောင်နေလေသည်။

တဖန် သက်ရှိများဆို လျှင် လည်း ကျောင်းသားလေးပဲသွားသွား၊ ကျောင်းသူ လေးပဲသွားသွား၊ ဈေးသည်လေးပဲသွားသွား၊ ရေသည်လေးပဲသွားသွား၊ ကွမ်းယာသည် လေးပဲသွားသွား၊ ကူလီထမ်း လမ်းလုပ်သား လေးပဲသွားသွား၊ ရုံးဝန်ထမ်းလေးပဲသွားသွား၊ ရုပ်ဆိုးအကြီးတန်သူပဲသွားသွား၊ ရုပ်ရည် အတန် အသင့်ရှိသူပဲသွားသွား၊ ရုပ်ဆင်းလှပသူပဲ သွားသွား၊ နွားတို့ ခွေးတို့ တိရစ္ဆာန်တွေပဲ သွားသွား ဘာတစ်ခုမှ မပြောပေ။ သွားသမျှကို သည်းခံပြီး သယ်ပိုးရွက်ဆောင်နေလေသည်။

လမ်းခင်းတဲ့ ကျောက်ခဲလေးသည် သူ၏တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နေ၍လွန်စွာ အသုံးဝင်လှလေသည်။ လူတွေ တန်ဖိုးထားကြသည့် စိန်တွေ ရွှေတွေ ပတ္တမြားတွေက ပိုက်ဆံနှင့်တိုင်းတာသည့် တန်ဖိုးကြီး လှပေမဲ့ ကျောက်ခဲလေးတွေလောက် လူသားတွေကို အကျိုးမပြုပါလား။

မိမိဘဝကိုလည်း အညတရကျောက်ခဲ လမ်းခင်းတဲ့ကျောက်ခဲလေးလို ကျင့်ရမည်

လမ်းခင်းတဲ့ ကျောက်ခဲလေးသည် သူ၏ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နေ၍ လွန်စွာ အသုံးဝင်လှလေသည်။ လူတွေ တန်ဖိုး ထားကြသည့် စိန်တွေ ရွှေတွေ ပတ္တမြား တွေက ပိုက်ဆံနှင့်တိုင်းတာသည့် တန်ဖိုးကြီး လှပေမဲ့ ကျောက်ခဲလေးတွေလောက် လူသားတွေကို အကျိုးမပြုပါလား။



ဖြစ်လေသည်။ တကယ် အနှစ်ချုပ်လိုက်တော့ တန်ဖိုးနည်းတာများတာက အဓိကမဟုတ်ဘဲ လူသားတွေအတွက်အသုံးဝင်မှုက အဓိက ကျလေသည်။ ကျောက်ခဲလေးလို ဖြစ်ချင်ရင် သီးခံနိုင်ရမည်၊ ဒဏ်ခံနိုင်ရမည်။ ငါ့ကိုကျော် သွားတာ သူတို့လိုရာ ခရီး ရောက်ဖို့ပါလား ဆိုတဲ့စိတ်ကို မွေးထားလေသည်။

မိမိဘဝကိုလည်းကျောက်ခဲလေးလို ဖြည့်ကျင့်၍သာသနာအကျိုး အများအကျိုးကို သယ်ပိုးရမည် ဖြစ်ပါတော့သည်။

♦ မှန်းဆရာတော်လေး ဦးပညာ



# အလှူဝန်းရိပ်

● ဗုဒ္ဓနှုတ်မြွက် တရားစက်မှ
ခက်လက်ဝေဆာ ရတနာဖြစ်
ပြည်ရွာချမ်းမြေ့ မွန်မြတ်မွေ့ကြည်
ဆုံတွေ့သည့်လမ်း ပီတိလျှမ်းအောင်
လှုပန်းဆင့်ဆင့် ပွင့်သည့်ခရီး

● ရဟန်းဝိနည်း စောင့်ရှောက်ပြီးရဲ့
ထီးထီးမားမား ကျင့်ကြံပွားယူ
ကြီးမားစဉ်လာ သဒ္ဓါဖြာ၍
ရပ်ရွာပျော်မွေ့ ဘုံဝလေ့ဝယ်
ငွေ့ငွေ့ လှိုင်ခတ် ဇရာရပ်ချိန်း
သုံးသပ်ဆင်ခြင် ခရီးမြင်သည်
အားအင်အပြည့်ရှိသည်သို့ ။

● ဤလှူရွာမှ သံစဉ်မြချို
ဖွင့်စနေခြည် ရောင်စုံညီနှင့်
ချစ်ကြည်ဖွင့်ဆို ပီတိသိုလိမ့်
နေညို လဆမ်း ကဗျာပန်းစေ
ရှင်လန်းပေးဆက် သဒ္ဓါဖက်စေ
စွဲမက်ဘဝင် ရှင်းသန့်စင်စေ
နွယ်ပင်ရစ်ချည် ရင်ပွင့်သီမို့
ချစ်ကြည်တမ်းမောလွန်းလိမ့်တကား ။ ။

မြင့်သဇင်

# ဘီလျံနာသူဌေးကြီး

## ဦးဝိသုတ(ယမိုက်ပဋ္ဌာန်းနည်းပြ)



ရန်ကုန်မြို့၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သည်ကား ယခုနှစ်ဆိုလျှင် အနှစ်(၄၀)ပြည့်၍ ပုလဲရတုသို့ပင် ရောက်ခဲ့လေပြီ။ တစ်စက္ကန့်လျှင် စိတ်ပေါင်းကုဋေ(၁)သိန်းဖြစ်ပျက်သည်ဟု ဗုဒ္ဓဘုရားမိန့်တော်မူခဲ့ရာ အနှစ်(၄၀)အတွင်းမှာ အင်းစိန်ဆရာတော်နှင့် စာချစာသင် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် ပစ္စည်း(၄)ပါး ထောက်ပံ့လှူဒါန်းကြသည့် ဒါယကာ၊ ဒါယိကာမတို့မှာ ကုသိုလ်စိတ်ပေါင်း ဘီလျံပေါင်းများစွာ ပိုင်ဆိုင်ကြသဖြင့် အားရဝမ်းသာဖွယ်ရှိလှ၏။

တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။ တေသံ- ထိုနှစ်လေးဆယ်ပုလဲရတုသို့တိုင် စိတ်ရှည်ဇွဲသန် သည်းညည်းခံ၍ သာသနာပြုတော်မူကြကုန်သော အင်းစိန်ရွာမဆရာတော်ဘုရားကြီးနှင့်တကွ စာချစာသင် ရှင်ရဟန်းများနှင့် ပစ္စည်းလေးဖြာတို့ဖြင့် ထောက်ပံ့လှူဒါန်းကြသည့် ဒကာဒကာမတို့အား၊ ဒိဝါ စ- နေ့အခါ၌လည်းကောင်း၊ ရတ္တော စ- ညဥ့်အခါ ၌လည်းကောင်း၊ သဒါ- အခါခပ်သိမ်း၊ ပုညံ- ကုသိုလ်ကောင်းမှုသည်၊ ပဝဍ္ဎတိ- တစ်နေ့တစ်ခြား တက်နေအလား ဒီရေအလား ကြီးပွားတိုးတက်လေတော့၏။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် နေသံဃာတော်များသည် ပရိယတ္တိစာပေ များကို ရေးသားခြင်းဖြင့် လည်းကောင်း၊ ရွတ်အံကျက်မှတ်ပြန်ဆိုခြင်းဖြင့်လည်းကောင်း၊ စိတ် ဖြင့်ကြံစည်မှတ်သားတွေးတောခြင်းဖြင့် လည်းကောင်းနေ့ရောညပါ ကုသိုလ်တရားများ တိုးပွားနေတော်မူကြသည်။

တစ်စက္ကန့်လျှင် စိတ်သည် ကုဋေတစ်သိန်းဖြစ်ပျက်နေသည်ဖြစ်ရာအနှစ်(၄၀)အတွင်း စက္ကန့်ပေါင်း များစွာရှိသဖြင့် အင်းစိန်ရွာမ သံဃာတော်တို့၏ သန္တာန်၌လည်းကောင်း ကိုး

ကွယ်သူဒကာဒကာမတို့၏ သန္တာန်၌လည်း ကောင်း ဂဏန်းသင်္ချာပြရလျှင် (၁၂၆၁၄၄၀၀၀ ၀၀၀၀၀၀၀၀၀၀၀၀၀) သင်္ချာပေါင်း (၂၃) ဖြစ်ပါ၏။ ဂဏန်း(၁၂)လုံးဖြစ်က ကုဋေတစ်သိန်း၊ ဂဏန်း (၁၃)လုံးဖြစ်က ကုဋေတစ်သန်း၊ ဂဏန်း(၁၄)လုံးဖြစ်က ကုဋေ ဆယ်သန်း ဖြစ်သဖြင့် ယခု အင်းစိန်ရွာမစာသင်တိုက်သည် ကုသိုလ်စိတ္တုပ္ပါဒ်ပေါင်း ဂဏန်းသင်္ချာ(၂၃)လုံး ရရှိပါသဖြင့် မီလျံနာထက်ကျော်ကာ ဘီလျံပေါင်းမြောက်များစွာ ပိုင်ဆိုင်ရရှိလေသည်။

အင်းစိန်ရွာမစာသင်တိုက်သည် ကုသိုလ်စိတ္တုပ္ပါဒ်ပေါင်း ဘီလျံပေါင်းများစွာ ပိုင်ဆိုင်ခဲ့၍ အလွန် ကံကောင်းပါ၏။ အင်းစိန် ဆရာတော်သည် ပရိယတ္တိဘက်၌ ထူးချွန်ကျော်ကြားသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်ကြီးဖြစ်သလို ပဋိပတ္တိအကျင့်သိက္ခာဘက်၌လည်း ဝိနည်းမိုရ်ပုဂ္ဂိုလ်ကြီးဖြစ်သဖြင့် ကိုးကွယ်ဆည်းကပ်သူတပည့်များအတွက် အလွန်ကံကောင်းပါသည်။

နှစ်(၄၀)ပုလဲရတုပွဲ ကျင်းပချိန်၌ ကုသိုလ်စိတ်ပေါင်း ဘီလျံပေါင်းများစွာဖြစ်ပျက်နိုင်ပါ၏။ ကုသိုလ်သည် အနဝဇ္ဇဆိုသည့်အတိုင်း ပစ္စုပ္ပန်ပြုလုပ်ဆဲ ကြံစည်ဆဲအချိန်မှာလည်း အပြစ်ကင်းနေ၏။ သုခဝိပါကဆိုသည့်အတိုင်း ပြောဆိုပြီးကြံစည်ပြီးသည့်နောက် အနာဂတ်အချိန်မှာလည်း ကောင်းကျိုးချမ်းသာရမည် ဖြစ်ပါ၏။

ကုသိုလ်ဆိုတာ
ပြုဆဲမှာ
မှန်စွာပြစ်ကင်းသည်။
ပြုပြီးနောက်မှာ
ကောင်းကျိုးသာ
မှန်စွာဖြစ်စေသည်-

ဆိုသည့်အတိုင်းပင် ဖြစ်သည်။

ကုသိုလ်သည် အဆင့်သုံးဆင့်ရှိ၏။

(၁) မဟာကုသိုလ်အဆင့်၊

(၂) မဟဂ္ဂုတ်ကုသိုလ်အဆင့်၊

(၃)မဂ်ကုသိုလ်အဆင့် တို့ဖြစ်၏။

ထိုအဆင့်သုံးမျိုးတို့တွင် မဟဂ္ဂုတ်ကုသိုလ်သည် ဈာန်ရပုဂ္ဂိုလ်အတွက် ဖြစ်ပြီး မဂ်ကုသိုလ်သည် အရိယာပုဂ္ဂိုလ်တို့အတွက်သာဖြစ်၍ အများဆိုင်မဟာကုသိုလ်ကိုသာ ပဋ္ဌာန်း ပစ္စည်းဆက်သွယ်နည်းဖြင့် ကျေးဇူးတော်ရှင် အင်းစိန်ဆရာတော်ဘုရားကြီးအား ဓမ္မအားလျော်စွာ ပူဇော်ပါမည်။

အင်းစိန် ရွာမစာသင်တိုက်သံဃာတော်များသည် ပရိယတ္တိသာသနာကို အားပေးသော မကွယ်ပျောက်အောင် ကြိုးစားသော သာသနာ့အာဇာနည်များဖြစ်ကြသောကြောင့် သံဃာတော်တို့သန္တာန်၌ မဟာကုသိုလ်စိတ်များ တဖွားဖွား ဖြစ်နေကြသည်။

မဟာကုသိုလ်စိတ်သည် စိတ်သင်္ချာအားဖြင့်(၈)မျိုးရှိသော်လည်း အကျိုးပေးသော ကံအားဖြင့် (၄)မျိုးရှိ၏။

၁။ တိဟိတ်ဥက္ကဋ္ဌမဟာကုသိုလ်ကံ၊

၂။ တိဟိတ်ဩမကမဟာကုသိုလ်ကံ၊

၃။ ဒွိဟိတ်ဥက္ကဋ္ဌမဟာကုသိုလ်ကံ၊

၄။ ဒွိဟိတ်ဩမကမဟာကုသိုလ်ကံ တို့ဖြစ်၏။

တစ်နံပါတ်ကုသိုလ်ကံကြောင့် အာဒိကမ္မိက တိပိဋကဓရ မင်းကွန်းဆရာတော်၊ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော်

အရှင်တိလောကာဘိဝံသ၊ တိပိဋကဓရ ယော ဆရာတော်စသည်တို့ကဲ့သို့ ဘဝအဆင့်မြင့် သော ပုဂ္ဂိုလ်များ ဖြစ်နိုင်သည်။

နှစ်, သုံးကုသိုလ်ကံကြောင့် ရုပ်ရည် အဆင်းပြေပြေပြစ်ပြစ်ရှိနိုင်သော်လည်း အသိ ဉာဏ်ကင်းသော ပုဂ္ဂိုလ်များ ဖြစ်နိုင်၏။

လေးနံပါတ်ကုသိုလ်ကံကြောင့် လူပင် ဖြစ်သော်လည်း မွေးရာပါမျက်စိကန်း၊ နားထိုင်း၊ လူအ၊ လူန၊ စကားမပီ၊ အရူးအနှမ်း၊ နပုံ ပဏ္ဍုတ်စသော လူစင်မမီသော လူညံ့များ ဖြစ်နိုင်သည်။

---

လူဘဝ၌ အထက်တန်းကျကျ

မျက်နှာ ပန်းလှလှ အဆင့်မြင့်မြင့်

အကျိုးပေးလိုသော် မဟာကုသိုလ်

ကိုပင် အားထုတ်ရ၏။

---

အင်းစိန်ဆရာတော်သည် တပည့် အများအား မိမိကဲ့သို့ ဘဝအဆင့်မြင့်သူ ဖြစ်အောင် တစ်နံပါတ် ကုသိုလ်ကို အားထုတ် ကြဖို့အမြဲဆုံးမလေ့ရှိ၏။

ကုသိုလ်အဆင့်(၃)မျိုးတွင် မဟာကု သိုလ်ကို အထင်မသေးသင့်၊ ဈာန်ရပုဂ္ဂိုလ်ဖြစ် လိုသော် မဟာကုသိုလ်ကိုပင် အားထုတ်ရ၏။ အရိယာပုဂ္ဂိုလ်ဖြစ်လိုသော် မဟာကုသိုလ် ကိုပင် အားထုတ်ရ၏။ ဘုရားပစ္စေကဗုဒ္ဓါ ဖြစ်လိုသော် မဟာကုသိုလ်ကိုပင် အားထုတ် ရ၏။ လူဘဝ၌ အထက်တန်းကျကျ မျက်နှာ ပန်းလှလှ အဆင့်မြင့်မြင့် အကျိုးပေးလိုသော် မဟာကုသိုလ်ကိုပင် အားထုတ်ရ၏။

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် ပရိယတ္တိခရီးအနှစ်(၄၀)ပုလဲရတုပွဲမှာ မိမိ တို့တတ်နိုင်သလောက် လှူဒါန်းခြင်းဒါန ကုသိုလ်ဖြင့်လည်း ပူဇော်ကြ၏။ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်း၊ ပြုသင့် သည်ကို ပြုခြင်း၊ ရှောင်သင့်သည်ကို ရှောင်ခြင်း၊ စာရိတ္တသီလ၊ ဝါရိတ္တသီလ ကုသိုလ်ဖြင့်လည်း ပူဇော်ကြ၏။ ဆုံးမစကား နားထောင်ခြင်း၊ သိအောင်ပြုခြင်း၊ သိသဖြင့် ကျင့်ခြင်း၊ ဘာဝနာ ကုသိုလ်ဖြင့်လည်း ပူဇော်ကြ၏။ ပုလဲရတုပွဲ တော်၌ မဟာကုသိုလ်အမျိုးမျိုး ဖြစ်ပေါ် နေကြ၏။ အင်းစိန်ရွာမစာသင်တိုက်သည် မဟာကုသိုလ်ဘီလျံနာသူဌေးကြီး ဖြစ်၏။

မဟာကုသိုလ်သည် သာမညမဟုတ်၊ ဝိသေသဖြစ်၏။ အစွမ်းသတ္တိမရှိသည်မဟုတ်၊ အစွမ်းသတ္တိ ရှိ၏။ သာမန်အစွမ်းရှိသည် မဟုတ်၊ အစွမ်းထက်လှ၏။ မဟာကုသိုလ် သည် ဖြစ်ပေါ်သည့်အခါ မိမိတစ်ဦးတည်း ဖြစ်သည်မဟုတ်။ မိမိဖြစ်လျှင် အတူဖြစ် မိမိ ပျက်လျှင် အတူပျက် မိမိမှီရာကိုပင်မှီ၊ မိမိအာရုံ ပြုရာကိုပင် အာရုံပြုသည့် သူငယ်ချင်း စေတသိက်(၃၈)ပါးနှင့် အတူတကွ ဖြစ်၏။ မဟာကုသိုလ်စိတ်နှင့်တကွ နာမ်တရားပေါင်း (၃၉)ပါးရှိသည်။ ထို(၃၉)ပါးကို နာမကလာပ် တစ်ခုဟုခေါ်သည်။ ထို(၃၉)ပါးတို့သည် အချင်းချင်း အပြန်အလှန် ကူညီနိုင်သော အစွမ်းသတ္တိရှိကြ၏။ ထို့အပြင် အတူဖြစ်နိုင် သော အစွမ်းသတ္တိ ရှိကြ၏။ တစ်ဦးကို တစ်ဦးမှီ သည့် အစွမ်းသတ္တိရှိကြ၏။ ချုပ်ခြင်းသို့ မရောက်သေးဘဲ ထင်ရှားရှိဆဲ သဘော သတ္တိ လည်း ရှိကြ၏။ မချုပ်သေး မကင်းသေးသော အစွမ်းသတ္တိလည်း ရှိကြ၏။

မဟာကုသိုလ်စိတ်သည် အင်းစိန် ရွာမ စာသင်တိုက်နှစ်(၄၀)ပုလဲရတုပွဲ ဆင်နွှဲနေကြသည့် သူတော်ကောင်းသူမြတ်လောင်းတို့၏ ရုပ်နာမ်တရားတို့အား ပုလဲရတုပွဲကြီးမပြီးလျှင် မနေရ၊ မဖြစ်လျှင်မနေရ၊ မအောင်လျှင်မနေရ၊ ပုလဲရတုအပေါ်မှာ ထိပ်ဆုံးက သူနှင့် ပြိုင်ဖက်ယှဉ်ဖက်တုဖက်မရှိ၊ လူလောက တစ်ခုလုံး ကမ္ဘာကြီးတစ်ခုံးလုံး စကြဝဠာကြီး တစ်ခုလုံး ကို အုပ်ချုပ်သော ဘုရင်ကဲ့သို့ ကြီးကဲလွှမ်းမိုး အစိုးရသော အစွမ်းသတ္တိ ရှိသည်။ ထို့အပြင် အင်းစိန်ရွာမ စာသင်တိုက် နှစ်(၄၀) ပြည့် ပုလဲရတုသို့ ကြွရောက်လာသည့် သူတော်ကောင်းတို့၏ ရုပ်နာမ်တရားများကို အရှည်သဖြင့်တည့်တံ့အောင် ကြီးပွားတိုးတက်အောင် ဆောင်ရွက်ပေးနိုင်သော အစွမ်းသတ္တိ ရှိသည်။ ထို့အပြင် ပုလဲရတုသို့ ကြွရောက်လာသည့် သူတော်ကောင်းတို့၏ ရုပ်နာမ်တရားတို့အား သူ့အပိုင်းနှင့်သူ၊ သူ့ဒေသနှင့်သူ အစိုးတရ စောင့်ရှောက်နိုင်သောအစွမ်း သတ္တိရှိ၏။ ထို့အပြင် မဟာကုသိုလ်နာမ်ကလာပ်တစ်စု ၃၉-ပါးအုပ်စု၌ အာရုံနှင့်ဒွါရတွေ့ထိပေးသော ဖဿဆိုသည်ကား ရှိ၏။ သူသည် အစွမ်းသတ္တိရှိ၏။ အင်းစိန်ရွာမစာသင်တိုက် နှစ်(၄၀) ပုလဲရတုသို့ ဆင်နွှဲနေကြသည့် သူတော်ကောင်းတို့ကို ဆွမ်းသင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးဖြင့် ဝဝလင်လင် သုံးဆောင်နိုင်အောင် အလိုရှိသလောက် ကောင်းကောင်းမွန်မွန် သုံးဆောင်နိုင်သော အစွမ်းသတ္တိရှိ၏။ ထို့အပြင် မဟာကုသိုလ်တို့သူငယ်ချင်း ၃၉-ပါးအုပ်စုတွင် ခံစားမှုဝေဒနာပါရှိ၏။ သူသည် စွမ်းအင်သတ္တိနှစ်မျိုးထပ်၍ရှိပြန်၏။ နှစ်(၄၀) ပုလဲရတုသို့ ကြွရောက်လာကြသည့် သူတော်ကောင်းတို့၏ ရုပ်တရားနာမ်တရားတို့ကို ဆိုင်ရာဆိုင်ရာ အုပ်ချုပ်နိုင်သော သတ္တိရှိ၏။ သူသည် ဘယ်အလုပ်ကိုပဲ လုပ်လုပ် ကိုယ်လုပ်တဲ့ အလုပ်ထဲမှာ အာရုံစွဲမြဲနေနိုင်သော အစွမ်းသတ္တိရှိ၏။ နှစ်(၄၀) ပုလဲရတုကြီးနှင့် ပတ်သက်၍ ဘာတစ်ခုမှ စိတ်ဆင်းရဲစရာ မတွေ့ရ။ စိတ်ကိုချမ်းသာစေနိုင်သော အစွမ်းသတ္တိရှိ၏။ထို့အပြင် မဟာကုသိုလ်ချမ်းသာအုပ်စု ၃၉-ပါးတို့တွင် တိုက်အုပ် တိုက်ကြပ် စာချဆရာတော်များနှင့်တူသော စေတနာ စေတသိက်လည်း ပါဝင်၏။ သူသည် စွမ်းအင်သတ္တိနှစ်မျိုးဖြင့် နှစ်(၄၀)ပုလဲရတုပွဲကြီး အောင်အောင်မြင်မြင်ဖြစ်အောင် လုပ်ဆောင်ပေးနေပါ၏။ သူ၏ စွမ်းအင်သတ္တိကြောင့် နှစ်(၄၀) ပုလဲရတုပွဲတော်ကြီးသည် တက်တက်ကြွကြွဖြစ်ကာ အောင်မြင်မှုကို ဖန်တီးပေးနေ၏။ ပုလဲရတုသို့ကြွရောက်လာကြသည့် သူတော်ကောင်းတို့အား ဝဝလင်လင် ပြည့်ပြည့်စုံစုံဖြစ်အောင် ကျွေးမွေးထား၏။ ထို့အပြင် မဟာကုသိုလ်ကိလေသာကင်းအုပ်စု ၃၉-ပါးတို့တွင် ဆရာတော်ဦးဗုဒ်၏ ပိဋကတ်စာပေလေ့လာခြင်းနှင့်တူသော သမ္မာသမာဓိခေါ် ဧကဂ္ဂတာသည် ပါ၏။ သူသည် စွမ်းအင်သတ္တိ ၃-မျိုးဖြင့် နှစ်(၄၀) အင်းစိန်ရွာမ ပုလဲရတုပွဲကြီးကို ကူညီပေးလျက်ရှိ၊ မိမိတို့ ဆိုင်ရာဆိုင်ရာ တာဝန်ကျရာဌာနများ၌ အောင်မြင်အောင် ကြောင့်ကြစိုက်လျက်ရှိ၏။ လိုလေသေးမရှိအောင် ဒေါင့်စေ့ကွက်စေ့ဖြစ်အောင် မျက်ခြေမပြတ်လိုက်လံကြည့်ရှုနေ၏၊ နှစ်(၄၀)ပုလဲရတုကြီး အပီအပြင်အောင်မြင်အောင် လမ်းဆုံးသို့ ရောက်အောင်တက်တက်ကြွကြွ စွမ်းဆောင်ပေး၏။ ထို့အပြင် မဟာကုသိုလ် ငြိမ်းချမ်းရေးအုပ်စု ၃၉-ပါးတို့တွင် အသက်ရှင်မှု၌ အရေး

အကြီးဆုံးသော ဇီဝိတဟူသည် ပါဝင်၏။ သူသည် ပုလဲရတုသို့ ကြွရောက်လာသည့် သူတော်ကောင်းတို့၏ ရုပ်နာမ်တရားတို့ကို အသက်သွင်းနိုင်သော အစွမ်းသတ္တိရှိ၏။ သူမရှိလျှင်ရုပ်နာမ်တရားတို့တခြားစီဖြစ်ကာ အိုးစားကွဲပြီး သေဆုံးခြင်းသို့ ရောက်နိုင်၏။ သူကားအရေးတကြီးလိုအပ်သော စွမ်းအင်သတ္တိတည်း။ ထို့အပြင် မဟာကုသိုလ်အပူငြိမ်း အုပ်စု ၃၉-ပါးတို့တွင် အလုပ်တစ်ခုမပြုလုပ်သေးခင် ကြိုတင်ပြင်ဆင်ရသော ဝိတက်ဟူသည် ရှိ၏။ သူသည် သတ္တိနှစ်ပါးရှိ၏၊ သူသည် ကာယကံ ဝစီကံတို့၏ ရှေ့ဦးစွာ ဖြစ်၏၊ မနေ့က ကြံစည်သည့်အတိုင်း ယနေ့ ပြုလုပ်ကြ၏။ မနေ့က ကြံစည်သည့်အတိုင်း ယနေ့ပြောဆိုကြ၏။ သူသည် ပြုလုပ်ခြင်း ပြောဆိုခြင်းတို့၏ ခေါင်းဆောင်ဖြစ်၏။ ရှေးဦးစွာ ကြံစီ၏။ နောက်မှ ထိုအကြံအစီအတိုင်း အကောင်အထည်ဖော်၏ ပြုလုပ်ပြောဆို၏ ပုလဲရတုကြီး အောင်မြင်အောင် အကြံကောင်းကောင်းပေးကာ ပြုလုပ်စေ၏။ ပြောဆိုစေ၏။ ဟာကွက်မရအောင် နေရာတကာ ကြည့်ရှု၏။ မိမိမြင်သမျှ ကြားသမျှ တွေ့သမျှ ဗဟုသုတများကို ပြောပြပေး၏။ ပုလဲရတုပွဲကြီးဖြောင့် ဖြောင့်တန်းတန်း အောင်မြင်အောင် လမ်းပြပေး၏။ သူသည် အစွမ်းသတ္တိရှိလှ၏။

ထို့အပြင် မဟာကုသိုလ်အပြစ်ကင်း အုပ်စု ၃၉-ဦးတို့တွင် ထပ်ကာထပ်ကာ စဉ်းစားမှု ဝမ်းမြောက် ဝမ်းသာမှုတို့ပါဝင်၏၊ သူတို့နှစ်ဦးသည် ပုလဲရတုကြီးအောင်မြင်စွာ ပြီးမြောက်ရေးအတွက် အရေးကြီး၏။ အောင်မြင်အောင် ပြီးစီးအောင် ဘယ်လိုလုပ်ရမလဲဟု ထပ်ကာထပ်ကာ စဉ်းစား၏။ ထိုပွဲတော်ကြီးနှင့်ပတ်သက်၍ ကျေနပ်နှစ်သက်နေ၏။ အပေါ်မှနေ၍ ဟာကွက်မရှိအောင် ကြည့်ရှုပြောဆိုပေးနေ၏။

ထို့အပြင် မဟာကုသိုလ်သုစရိုက် အုပ်စု၃၉-ပါးတို့တွင် ကျေးဇူးရှင် အင်းစိန်ဆရာတော်ဘုရားကြီးနှင့်တူသော ကြိုးစားအားထုတ်မှု ဝီရိယဟူသည် ရှိ၏။ သူသည် သတ္တိသုံးမျိုးဖြင့် နှစ်(၄၀)ပုလဲရတုပွဲကြီးကို ကျေးဇူးပြုပေ၏။ ပုလဲရတုပွဲကြီးမဖြစ်လျှင်မနေရ၊ ဖြစ်ကိုဖြစ်ရမည်၊ မပြီးစီးမအောင်မြင်လျှင် မနေရ၊ ပြီးစီးအောင်မြင်ရမည်ဟု စကြဝတေးမင်းကြီးပမာ မဖြစ်ဖြစ်အောင် ပြုလုပ်စွမ်းနိုင်သော သတ္တိရှိ၏။ တိုက်အုပ် တိုက်ကြပ် စာချဆရာတော်နှင့် ကျောင်းအုပ်ဘုန်းကြီးများပမာ မိမိဆိုင်ရာ တာဝန်ကျရာ ဌာနအသီးသီးမှာ တာဝန်ကျေအောင် ဆောင်ရွက်ပေး၏။ အကောင်းဆုံးပန်းတိုင်သို့ရောက်အောင် ပို့ဆောင်ပေး၏။

ထို့အပြင် မဟာကုသိုလ် အဖြူအုပ်စု ၃၉-ခုတို့တွင် သာသနာတော်တည်တံ့ ပြန့်ပွားတိုးတက်စေလိုသော သမ္မာဆန္ဒခေါ် ဆန္ဒစေတသိက် ပါဝင်၏၊ သူသည် စွမ်းအင်သတ္တိရှိ၏။ သူ၏သတ္တိကြောင့် ပုလဲရတု ပြီးမြောက်၏။ သူသည် ပုလဲရတုပွဲတော်၏ အစအမွန်ဖြစ်၏။ ဆန္ဒအတိုင်း ကြံရ၏။ဆန္ဒအတိုင်း ပြုလုပ်ရ၏။ ဆန္ဒအတိုင်း ပြောဆိုရ၏။

ထို့ပြင် မဟာကုသိုလ် သုဂတိရောက်ကြောင်း အုပ်စု(၃၉)ဦးတွင် အသိဉာဏ် ပညာဝိဇ္ဇာ-ဟုခေါ်ဆိုအပ်သော အမောဟ-ဟူသည် ရှိ၏၊ သူသည်အစွမ်း သတ္တိ(၄)မျိုးဖြင့် နှစ်(၄၀)ပုလဲရတုပွဲကြီး အောင်အောင်မြင်မြင် ကြီးကြီးကျယ်ကျယ်ဖြစ်အောင် ကျေးဇူးပြု၏။ မယိမ်းမယိုင်ခိုင်မာသော အကြောင်းအဖြစ်ဖြင့်

လည်း ရေသောက်မြစ်ပမာ ကျေးဇူးပြု၏။ သူသည် နှစ်(၄၀) ပုလဲရတုပွဲကြီး အောင်မြင် အောင် ဦးစီးခေါင်းဆောင် ပြု၍ အကြီးအကဲ အဖြစ်ဖြင့်လည်း ပြုလုပ်ပေး၏။ သူသည် တိုက်အုပ် တိုက်ကြပ် စာချဆရာတော်များ ကဲ့သို့ မိမိတို့ တာဝန်အသီးသီးယူ၍ ဆိုင်ရာ ဆိုင်ရာကို အုပ်ချုပ်ပေး၏။ နှစ်(၄၀)ပုလဲရတု အောင်မြင်စွာပြီးဆုံးဘို့ အနေအထားသို့ ရောက်အောင် လမ်းကောင်းလမ်းမှန်အဖြစ်ဖြင့် ကျေးဇူးပြုပေ၏။

ထို့ပြင် မဟာကုသိုလ်ချမ်းသာပေး အုပ်စု(၃၉)ဦးတွင် အလောဘ အဒေါသပါဝင် ၏။ သူတို့နှစ်ဦး သည်စွမ်းအင်သတ္တိရှိ၏။ နှစ်(၄၀) မြောက် ပုလဲရတုသို့ကြွလာသော သူတော် ကောင်းတို့အား အခြေခံအုတ်မြစ်ပမာ ကျေးဇူး ပြု၏။ မေတ္တာရှေ့ထားကာ ပြုလုပ်ဆောင်ရွက်၏။ မလိုချင်ခြင်း ပေးကမ်းလိုခြင်းသဘောသတ္တိ ရှိ၏။

ထို့အပြင် မဟာကုသိုလ်အဆင့်မြင့် အုပ်စု(၃၉)ဦးတွင် စကြဝတေးမင်း၏ တံခါးမှူး ပမာ အကုသိုလ်တရားဆိုးများ ဝင်မလာအောင်၊ ကုသိုလ်တရားများဝင်လာအောင် ကုသိုလ်တံခါး ကိုဖွင့်ပေးတတ်သော သတိ-ဟူသည်ရှိ၏။ သူသည် စွမ်းအင်သတ္တိ(၂)မျိုးရှိသောအကြောင်း တရားတည်း။ အင်းစိန်ရွာမနှစ် (၄၀)ပုလဲရတု ကြွလာ သူတော်ကောင်းတို့အား ဆိုင်ရာဆိုင် ရာ ဌာနအုပ်ပေး၏။ လူနတ်ပြဟ္မာ သုဂတိ ဘဝနှင့် နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင် ပေး၏။

ထို့ပြင်မဟာကုသိုလ် စိတ်ရှည်ဖွဲ့သန် သည်သည်းခံ အုပ်စု(၃၉)ဦးတွင် အကုသိုလ် တရားတို့ကို ရှောင်ကြဉ်တတ်သော ဝိရတီဟူ သည် ပါဝင်၏။ သူသည် လမ်းကောင်း လမ်း မှန်သို့ ရောက်အောင် ပို့ဆောင်ပေးတတ်သော လမ်းပြဖြစ်၏။

မဟာကုသိုလ်အဖြူအုပ်စု (၃၉)ဦးတွင် ကုသလကမ္မပထ မြောက်သော စေတနာ သည် ရှိ၏။ သူသည် နာမ်တရားဖြစ်သော ကြောင့် ဖြစ်ပြီးနောက် ချုပ်သည်ကား မှန်၏။ ဘင်အားဖြင့်ချုပ်သော်လည်း သတ္တိကား ကျန် နေ၏။ သတ္တိထက်လှ၏။ ဒုတိယဘဝမှစ၍ နိဗ္ဗာန်အထိ ကောင်းကျိုးပေးနိုင်၏။ ကမ္ဘာ အနန္တကြာသော်လည်း အကျိုးပေးနိုင်သော အစွမ်းသတ္တိရှိ၏။

မဟာကုသိုလ်ချမ်းသာပေးအုပ်စု (၃၉) ဦး တို့သည် မိမိတို့နှင့်အတူတကွ ဖြစ်ဖော်ဖြစ်ဘက် မှီဖော် မှီဖက် စိတ္တဇရုပ်တို့အား ယှဉ်ဖော်ယှဉ် ဖက်အားဖြင့် ကျေးဇူးမပြုနိုင်ပေ။ မယှဉ်မတွဲ တခွဲတခြားစီအားဖြင့်သာ ကျေးဇူးပြုနိုင်၏။

မဟာကုသိုလ်သုခအုပ်စု (၃၉)ဦးတို့သည် အမှီမရှိ၍ မဖြစ်ပေါ်နိုင်ချေ။ သိဒ္ဓတ္ထမင်းသော် မှ အမှီကောင်းရ၍ ဘုရားဖြစ်ရ၏။ မဟာကု သိုလ်ကား အဘယ်ဆိုဖွယ်ရှိအံ့နည်း၊ အမှီ ကောင်းရှိမှ တိုးတက်မည်သာ။ မဟာကုသိုလ် ကား လူ၏သားမြတ်(၂)လုံးကြားမှာ အချိုင့် ကလေးရှိ၏။ ထို၌ တစ်လက်ဘက်မျှလောက် သော သွေးရှိ၏။ ၎င်းကို ဟဒယဝတ္ထု(အသည်း နှလုံး)ဟုခေါ်သည်။ ၎င်းဟဒယဝတ္ထုရုပ်ကို အမှီပြု၍ အင်းစိန် နှစ်(၄၀)ပုလဲရတု မဟာကု သိုလ်ပွဲတော်ဖြစ်ရ၍ ၎င်းဟဒယဝတ္ထုသည် မဟာကုသိုလ်အား သတ္တိအမျိုးမျိုးဖြင့် စွမ်းအား အမျိုးမျိုးဖြင့် ကျေးဇူးပြုထားသောကြောင့် ယခုလို နှစ်(၄၀) ပုလဲရတုပွဲတော် အောင် အောင်မြင်မြင် ဖြစ်ရ၏။ ပြည့်စုံ အောင်မြင်



စကားမဟုတ်၊ တကယ်ရှိသောအားဖြင့်လည်း ကျေးဇူးပြု၏။ အာရုံနှင့်ကင်းကွာ၍ မဟာကုသိုလ်နာမ်တရားမဖြစ်၊အာရုံနှင့် မကင်းမှု၍သာ ဖြစ်ချေ၏။

မဟာကုသိုလ်ခေါင်းဆောင်သော ၃၉-ယောက်အုပ်စုတို့သည် အရှိန်အဟုန်ပြင်းစွာ ပြေးသွားနေသော ယောက်ျားနှင့်တူ၏။ ဇောဟုလည်းခေါ်၏၊ အဓိပတိတပ်သည်လည်း ရှိ၏။ မတပ်သည်လည်းရှိ၏။ သူသည် အများဆုံး(၇)ကြိမ်စော၏။ ဇော ဇော ဇော ဇော ဇော ဇော ဇော-ဟူ၍ ဖြစ်သည်၊ ဝုဋ္ဌောမနောဒွါရဝဇ္ဇန်းသည် မဟာကုသိုလ်ပထမဇောအား အခြားမရှိ စွမ်းအင်သတ္တိဖြင့်လည်း ကျေးဇူးပြု၏။ ကောင်းစွာ အခြားမဲ့စွမ်းအင်သတ္တိဖြင့်လည်း ကျေးဇူးပြု၏။ အကျိုးတရားတို့၏ အလွန်အားကြီးသော မှီရာလည်း ဖြစ်၏။ မိမိမရှိသည့်နောက်မှ ကျေးဇူးပြုနိုင်၏။ မိမိနှင့် ကင်းကင်းရှင်းရှင်းနေမှ ကျေးဇူးပြုနိုင်၏။

မဟာကုသိုလ်ပထမဇော စသည်အား အခြားမဲ့စွမ်းအင်ဖြင့်လည်းကောင်း၊ ကောင်စွာ အခြားမဲ့စွမ်းအင်ဖြင့်လည်းကောင်း၊ အားကြီးသော မှီရာအားဖြင့်လည်းကောင်း၊ ထပ်တလဲလဲ ဖြစ်ခြင်း စွမ်းအင်သတ္တိဖြင့်လည်းကောင်း၊ မရှိသည့်နောက်မှ အစွမ်းထက်သည့် စွမ်းအင်သတ္တိဖြင့်လည်းကောင်း၊ ကျေးဇူးပြု၏။

မဟာကုသိုလ်အဆုံးဇောသည် တဒါရုံဘဝင် စုတိအား အခြားမဲ့သတ္တိ ကောင်းစွာ အခြားမဲ့သတ္တိ အားကြီးသောမှီရာသတ္တိ မရှိသည့်နောက်မှ အကျိုးပေးသည့်သတ္တိ ကင်းကင်းရှင်းရှင်းနေမှ အကျိုးပေးသည့် သတ္တိဖြင့် ကျေးဇူးပြု၏။

အောင် အမှီခံအဖြစ်ဖြင့်လည်း ကျေးဇူး ပြုပေ၏။ ရုပ်နာမ်နှင့်မတူအောင် တစ် ကွဲတစ်ပြားခြားနားသွားအောင် မယှဉ်သောအားဖြင့်လည်း ကျေးဇူးပြုပေ၏။ မိမိမရှိတော့သည့်နောက် ကျေးဇူးမပြုနိုင်၊ မိမိရှိနေဆဲ ပစ္စုပ္ပန်အခိုက်အတန့်အားဖြင့်သာ ကျေးဇူးပြုနိုင်၏။ မိမိနှင့် ကင်းကင်းရှင်းရှင်း အဆက်အသွယ်ဖြတ်ပြီးနေလျှင် ကျေးဇူးမပြုနိုင်။ မိမိနှင့် မကွေမကွာ မကင်းပြတ်အောင်နေမှသာ ကျေးဇူးပြုနိုင်၏။

ထို့ပြင် မဟာကုသိုလ်အကောင်းဆုံး အုပ်စု(၃၉)ဦးတို့သည် နောက်မှ ဖြစ်ကြသော်လည်း မိမိတို့ထက်ရှေးဦးစွာ အရင်ဖြစ်နှင့်နေသော ရုပ်တရားတို့အား နောက်ဖြစ်သောအားဖြင့်လည်း ကျေးဇူးပြု၏။ မယှဉ်သောအားဖြင့်လည်း ကျေးဇူးပြု၏။ မိမိထင်ရှားရှိခိုက်မှာပင် ကျေးဇူးပြု၏။ မိမနှင့်မကင်းမှု၍သာ ကျေးဇူးပြု၏။

အနှစ်(၄၀)တိုင်တိုင် ရှေးဦးစွာ ဖြစ်နှင့်သောအားဖြင့်လည်း ကျေးဇူးပြု၏။ ယုံတမ်း

ဘဝနတ်ထံပျံလွန်တော်မူသော အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ နန္ဒဝံသ မဟာထေရ်က ပုလဲရတုပွဲတော် မဟာကုသိုလ်အား အားကြီးသော အထောက်အပံ့ကို ဖြစ်စေ၏။

သက်တော်ထင်ရှား ဂေါတမမြတ်စွာဘုရားသည်လည်းကောင်း၊ သင်္ဂါယနာ ၆-တန်တင်ပွဲတွင် ပါဝင်ကြသော ဆရာတော်ကြီးများနှင့် ပိဋကတ်သုံးပုံကျမ်းစာများသည်လည်းကောင်း၊ ယခုထင်ရှားရှိသော ဆရာတော်သံဃာတော်များနှင့် ပိဋကတ်သုံးပုံ ကျမ်းစာများသည်လည်းကောင်း၊ နောင်ပွင့်တော်မူလတ္တံ့ဖြစ်သော မေတ္တေယျဘုရားနှင့် ထိုဘုရားဟောတော်မူအပ်သော ပိဋကတ်သုံးပုံ ကျမ်းစာတို့သည်လည်းကောင်း အင်းစိန် နှစ်(၄၀)ပုလဲရတုပွဲတော်ကြီးဖြစ်မြောက်သည့် မဟာကုသိုလ်အား မည်သည့်ပစ္စည်းအကူအညီမပါဘဲ မိမိအလိုလို ဖြစ်ပေါ်စေနိုင်သော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ထိုမဟာကုသိုလ်များအပြင် အင်းစိန်ဆရာတော်ဘုရားကြီးသည် သာသနာတော်တိုးတက်စည်ပင် ပြန့်ပွားစေရေးအတွက် စာသင်တိုက်များ ရိပ်သာများကိုလည်း တည်ထောင်ပေးထား၏။

**ဆရာတော် တည်ထောင် ပေးသော စာသင်တိုက်နှင့် ရိပ်သာများမှာ -**

၁။ တောင်ဒဂုံ နိကာယ်စာသင်တိုက်၊
၂။ ပဒ်ပရိယတ္တိစာသင်တိုက်၊
၃။ ရွှေညောင်ပင်စာသင်တိုက်၊
၄။ မန္တလေး ရန်ကင်းတောင် လေးကျွန်းမာရ်အောင်စာသင်တိုက်၊
၅။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရတနာမြိုင် သာသနာ့ရိပ်သာ၊
၆။ သကျဓီတာစာသင်တိုက်၊
၇။ ရွာမပဋိယတ္တိမဟာစည်ရိပ်သာတပ်ဦးကျောင်း (တူးချောင်း)
စသည်တို့ဖြစ်၏။

၄င်းတိုက်ခွဲများမှာလည်း မဟာကုသိုလ်များ နေ့စဉ်တိုးပွားလျက် ရှိ၏။ တိုက်ခွဲများ မဟာကုသိုလ် တိုးပွားနေခြင်းသည်လည်း အင်းစိန်ဆရာတော်သာလျှင် အကြောင်းရင်းမူလဖြစ်၏။ အင်းစိန်စာသင်တိုက်သည် နှစ်(၄၀)အတွင်း ဘီလုံများစွာ ပိုင်ဆိုင်၏။ တိုက်ခွဲများပါ ထည့်လျှင် ဘီလုံပေါင်းအသချေ်ျ ဖြစ်နိုင်၏။ ရွှေငွေစသောများသော ဘီလုံများသည် ရေမီးစသော ရန်သူမျိုးငါးပါးနှင့် ဆက်ဆံသဖြင့် ပျက်စီးနိုင်၏။ သာသနာပြု မဟာကုသိုလ်ဘီလုံပေါင်းများစွာသည်ကား မည်သည့် ရန်သူကမျှ ယူခိုးတိုက်ခိုက်၍ မရနိုင်ပေ။

နှစ်(၄၀)ပုလဲရတု အတွင်း ဖြစ်ပေါ်ခဲ့သော မဟာကုသိုလ်ဘီလုံပေါင်းများစွာတို့ကို ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် အနန္တကျေးဇူးရှင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်ဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ပါ၏။ ကျေးဇူးဆပ်ပါ၏။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် သက်တမ်းနှစ်(၄၀)ပုလဲရတုမှသည် နောင်သာသနာ (၅၀၀၀)အတိ တည်တံ့ကြီးပွားစည်ပင်ပါစေသတည်းဟု ဆုတောင်းပတ္ထနာပြုရင်း ဤဆောင်းပါးကို နိဂုံး ချုပ်လိုက်ရပါသတည်း။

◆ ဦးဝိသုတ(ယမိုက်ပဋ္ဌာန်းနည်းပြ)



# ဆရာကောင်းတပည့် ပန်းကောင်းပန်

ဘုန်းပြည့်လျှံ

စက်တင်ဘာလ၏ ရာသီဥတုသည် ယနေ့ အလွန်သာယာလျက်ရှိသည်။ ပူလည်း မပူလွန်း၊ အိုက်လည်းမအိုက်၊ မိုးလည်းမရွာတာ ကြောင့် သွားရသည်မှာ အဆင်ပြေသည်။ သို့သော်လည်း အရွယ်စုံလူတွေ စုန်ချီဆန်ချီ လှုပ်ရှားသွားလာနေသည့်အတွက် မြို့တော် ရန်ကုန်သည် အနံ့အသက်ဂန္ဓာရုံမကောင်းလှ။ ကားသံတွေက တဝီဝီ၊ ရထားသံတွေက တဂျုံး ဂျုံး၊ အားလုံးစည်ညံနေတော့သည်။ သည်ခြား ထဲ ကားစပယ်ယာတွေရဲ့ ပါးစပ်ထဲမှ ဝမ်းစာ အတွက် ခုန်ချလာသော အသံများကလည်း စူးရှလွန်းသည်။ လှိုင်သာယာ လမ်းမကြီးပေါ်မှာ ကတော့ ဟိုင်းလက်ကားငယ်တစ်စီးသည် မြို့ အပြင်သို့ထွက်ရန် ဟန်ပြင်နေ၏။ မြို့တော် ရန်ကုန်ကို ငြီးငွေ့ဟန်တူသည်။ ထိုကားပေါ် တွင် မိမိတို့ဆရာတပည့်နှစ်ယောက် ထန်းတစ် ပင် မြို့နယ်၊ တူးချောင်းရွာသို့ သွားရန် လိုက်ပါ လာခဲ့သည်။ ကားငယ်သည် လှိုင်သာယာ လမ်းမကြီးကို ချစ်သူ၏ပါးပြင်ဟု ထင်မှတ်နေ လားမသိ အားရပါးရ နမ်းရှိုက်ပြီး သူတို့ နားခို ရာ(လှိုင်သာယာ ကားကြီးကွင်း)သို့ သွားလေ တော့သည်။

မိမိတို့ ဆရာတပည့်နှစ်ယောက်လည်း တူးချောင်းသို့ ဆက်သွားရန်ရှိတာကြောင့် တက္ကစီငှားပြီး ဆက်လက်ထွက်ခွာလာခဲ့သည်။ လမ်းဘေးဝဲယာနှစ်ဖက်မှ ကောက်ပင်ပျိုလေးများသည် အစိမ်းရောင်ဝမ်းဆက်ဝတ်ကာ လှပသော ယိမ်းနွဲ့ဟန်အကများဖြင့် မိမိတို့ကို ကြိုဆိုနေသည်ဟု ထင်မှတ်ရသည်။

ကားငယ်သည် ကောက်ပင်ပျိုလေးများကြားတွင် သွားရတာကို ရှက်ကို့ရှက်ကန်းဖြစ်ကာ ခပ်မြန်မြန်သွားနေတော့သည်။

ရွှေ့နား လမ်းယာဘက်တွင် တီဘီရောဂါကုဆေးရုံကြီးက မတ်တတ်ကြီးရပ်ကာ "ရွှေနားမှာ တူးချောင်းရွာရှိတယ်"တဲ့ ခရီးညွှန်နေသည်။

သိပ်မကြာလိုက်ပေ။ ကားငယ်သည် ရွာမပဋိပတ္တိ မဟာစည်သာသနာ့ရိပ်သာဟု အမည်တပ်ထားသော မုခ်ဦးလေးထဲသို့ ဖွဖွလေးနင်းပြီး ဝင်သွားပါတော့သည်။

ဆရာမင်းသုခနှင့်မိမိတို့ တူးချောင်းရွာ ဆရာတော် ဦးဝိနယာစာရကို ကန်တော့ကြသည်။ ဆရာတော်ဦးဝိနယာစာရ၏ အကြောင်းကို ဆရာမင်းသုခက ကြိုတင်ပြောထားသည့်အတွက် သိသင့်သလောက် သိထားပြီးဖြစ်သော်လည်း မျက်နှာချင်းဆိုင် ဖူးတွေ့ရသည့်အခါ ထင်ထားသည်ထက် အဆပေါင်းများစွာ ပိုနေပါသည်။ ဆရာတော်သည် ဥပမိရုပ်ခန့်ညားသလောက် ဣန္ဒြေမှာလည်း အလွန်ငြိမ်သက်လှသည်။ ဆရာတော်၏ ကြည်လင်သော မျက်နှာကို ဖူးတွေ့ရသောအခါ အားရှိသွားသည်။ ဥပမိရုပ်ကောင်းသမျှ ပင်ကိုယ်မေတ္တာတရားများ မျက်နှာတွင် အထင်းသားပေါ်လွင်နေသော ဆရာတော်ကို မြင်ရရုံနှင့် တစ်ဖက်သား စိတ်ချမ်းသာစေနိုင်သော အသွင်ရှိသည်။

ဆရာတော်သည် ၁၉၉၀-ခုနှစ်မှ ၁၉၉၅-ခုနှစ်တိုင်အောင် ရွာမပရိယတ္တိစာသင်တိုက်တွင် ပညာရည်နို့ သောက်စို့ခဲ့သည်။ နွေရာသီ ယမိုက်+ပဋ္ဌာန်း သင်တန်းရက်များတွင် နှိုးဆော်တိုက်တွန်းသူအဖြစ် ဆောင်ရွက်ခဲ့သည်။ မိမိတက်လှမ်းမီသမျှ သင်တန်းရက်များအတွင်း ဝယ် ဦးရာဟုလာ၏ နှိုးဆော်တိုက်တွန်းပုံကို ကြည့်ပြီး တစ်ချိန်ကဆရာတော် ဦးဝိနယာစာရလည်း ဒီလိုလေးပဲ ဖြစ်လိမ့်မည်ဟု မှန်းဆမြင်ယောင်ရင်း စိတ်ထဲတွင် "နှိုးဆော်တိုက်တွန်းသူတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန် ကင်းကြပါစေ၊ လိုရာဆန္ဒပြည့်ဝကြပါစေ"ဟူသော ဆွမ်းကျောင်းထဲမှ ဆွမ်းဘုဉ်းပေးကြစဉ် ဆရာတော် ဦးတိလောကာဘိဝံသနှင့်တကွ တပည့်သံဃပရိသတ်ကြီး၏ အေးမြသော မေတ္တာသံထုကြီးကို ကြား ယောင်မိသဖြင့် စိတ်ထဲတွင်ဆရာတော် ဦးဝိနယာစာရအား ကြည်ညိုလေးစားခြင်း ပီတိအဟုန်များ ညင်ညင်သာသာ ပြန့်နှံ့သွားခဲ့သည်။

ကျမ်းဂန်စာမျက်နှာတစ်ဖက်တွင် ကျက်မှတ်ခဲ့ဖူးသည့် စာတမ်းလေးတွေကိုလည်း အမှတ်ရမိပါသည်။ "ဒါယကာတို့၊ အကြင်သူသည် ကိုယ်တိုင်သာလှူ၏။ ထိုသူသည် ဘဝဆက်တိုင်း ချမ်းသာမည်။ အကြင်သူသည် သူတစ်ပါးကိုသာ လှူရန်တိုက်တွန်း၏။ ထိုသူသည် ဘဝဆက်တိုင်း အခြံအရံများမည်။ အကြင်သူသည် ကိုယ်တိုင်လည်းမလှူ၊ သူတစ်ပါးကိုလည်း မတိုက်တွန်း။ ထိုသူသည် ဘဝဆက်တိုင်း ပုန်းရည်ကိုတောင် ဝမ်းပြည့်အောင် မသောက်ရ။ ကိုးကွယ်ရာမရှိသူ၊ အထောက်အပံ့မရှိသူ ဖြစ်လိမ့်မည်။ အကြင်သူသည် ကိုယ်

တိုင်လည်း လှူ၏၊ သူတစ်ပါးကိုလည်း တိုက်တွန်း၏။ ထိုသူသည် ဘဝတစ်ရာ၊ ဘဝတစ်ထောင်၊ ဘဝတစ်သိန်းတို့ပတ်လုံး စည်းစိမ်ချမ်းသာ၏ပြည့်စုံခြင်း၊ အခြံအရံ၏ ပြည့်စုံခြင်းတို့ကို ရရှိခံစားရလိမ့်မည်။

အဆိုပါ ပုဂ္ဂိုလ်လေးဦးတွင် ဆရာတော်ဦးဝိနယာစာရသည်နောက်ဆုံးပုဂ္ဂိုလ်အမျိုးအစားဖြစ်လိမ့်မည်ဟု မိမိတစ်ထစ်ချ ယုံကြည်မိသည်။ ဆရာတော်သည် ၁၉၉၈-ခုနှစ်တွင် ဘာသန္တရ (အင်္ဂလိပ်စာ)ကို သင်ယူကာ မဟာစည် သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာန်းတရားများ ပွားများအားထုတ်ပြီး မဟာစည် နယ်လှည့်ဓမ္မကထိက သာသနာပြုလုပ်ငန်းကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။ ၁၉၉၈၊ ၁၉၉၉၊ ၂၀၀၀ ပြည့်နှစ်များတွင် သထုံမြို့မူလမင်းကွန်းဇေတဝန်ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် သာသနာပြုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ကာ ၂၀၀၁-ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော်ကြီးများဖြစ်သော ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်မြတ်နှင့် ဘဒ္ဒန္တ တိလောကာဘိဝံသမဟာထေရ်မြတ်တို့ကဆရာတော်ဦးဝိနယာစာရကို ရန်ကုန်တိုင်း၊ ထန်းတစ်ပင်မြို့နယ်၊ တူးချောင်းရွာတွင် သာသနာပြုလုပ်ငန်းများ ထမ်းရွက်စေခဲ့သည်။ ဆရာတော်ဦးဝိနယာစာရသည် တူးချောင်းရွာရှိရိပ်သာနာမည်ကို တူးချောင်းပဋိပတ္တိသာသနာ့ရိပ်သာဟု အမည်မတပ်ပဲ ကျေးဇူးရှင်ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို အစဉ်အမြဲအောက်မေ့ခြင်းအားဖြင့် ရွာမပဋိပတ္တိမဟာစည်သာသနာ့ရိပ်သာဟု အမည်တပ်ထားလေသည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ပြနိုင်ခဲ့သည်။ ဤသို့ ကျေးဇူးရှိသူကို ကျေးဇူးသိတတ်သော ဆရာတော်ဦးဝိနယာစာရသည်



ဘယ်တော့မှ မကြီးပွားနိုင်စရာ အကြောင်းမရှိပေ။ ရာဇဂြိုဟ်မြို့ထဲမှာ ဆွမ်းခံကြွစဉ် ရာဓပုဏ္ဏား၏ တစ်ဇွန်းတည်း လောင်းလှူဖူးသော ကျေးဇူးကိုသိတတ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်ကိုလည်း ပြေး၍ သတိရမိသည်။

ဆရာတော်ဦးဝိနယာစာရသည် ၂၀၀၁-ခုနှစ်တွင် ရဟန်း ၃-ပါး၊ ကိုရင် ၄-ပါးဖြင့် ပရိယတ္တိစာချအလုပ်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၂၀၀၃/၂၀၀၄/၂၀၀၅ ခုနှစ်တွင် ပထမငယ်တန်း ၂-ပါးစီ၊ ၂၀၀၆-ခုနှစ် တွင် ပထမငယ်တန်း ၂-ပါး၊ ပထမလတ်တန်း ၁-ပါး၊ ၂၀၀၇-ခုနှစ်တွင် ဓမ္မာစရိယတန်း(ကျမ်း ပြီး) ၁-ပါး၊ ပထမငယ်တန်း ၂-ပါး၊ ပထမကြီးတန်း ၁-ပါး၊ ၂၀၀၈-ခုနှစ်တွင် ပထမငယ်တန်း ၁-ပါး၊ ၂၀၀၉-ခုနှစ်တွင် ပထမငယ်တန်း ၈-ပါး အားဖြင့် ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ စုစုပေါင်း ၂၃-ပါးအထိ အောင်မြင်ထွန်းပေါက်ခဲ့သည်။ ပဋိပတ္တိဥယျာဉ်

အတွင်းမှ ပရိယတ်အသီးအပွင့်လေးတွေက လည်း အားရပါးရ ပွင့်ပြလိုက်ကြသေးသည်။

ဆရာတော်ဦးဝိနယာစာရသည် ပဋိပတ္တိ လုပ်ငန်းကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရာ တစ်ကြိမ်လျှင် ယောဂီပေါင်း ၂၀၀-မှ ၃၀၀-အထိရှိလာခဲ့သည်။ ယခုနှစ် ၂၀၁၀ တိုင်အောင် တရားအားထုတ်သူ ယောဂီပေါင်း ၁၃၁၇ ဦး တိတိ ရှိလာခဲ့သည်။ ဤသို့ တရားလည်းပြ စာလည်းချရင်း ပရိယတ်မကင်းသော ပဋိပတ် လုပ်ငန်းစဉ်ကို ပူးတွဲ ဆောင်ရွက်လျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ ဆရာတော်ဦးဝိနယာ စာရ၏ စွမ်းဆောင်မှုကြောင့် လူသားများ၏ ရင်ထဲဝယ် ဓမ္မဓာတ်(အငြိမ်းဓာတ်)များ ကိန်းဝပ် သွားခဲ့သည်။ "ကံကောင်းသူများ တရားအား ထုတ်ခွင့် ရကြသည်"ဟူသော ဆုံးမစကားအရ ဆရာတော်၏ လက်အောက်တွင် ကံကောင်း သူပေါင်း ၁၃၁၇-ယောက်တိတိ ရှိသွားခဲ့တာ ဝမ်းမြောက်ဂုဏ်ယူစရာပင်။ ၃၁-ဘုံတွင်



လူဖြစ်ရန် အလွန်ခဲယဉ်းသည်။ လူဖြစ်ပြန်တော့ လည်း တရားအားထုတ်ခွင့်ရရန် အလွန်ခဲယဉ်း သည်။ သို့ကြောင့် စိုးရိမ်ခြင်းသောက ငိုကြွေး ခြင်း ပရိဒေဝဒုက္ခတွေအဖုံဖုံနှင့် စောင်ခြုံ အိပ် နေရတဲ့ ပုထုဇဉ်လူသားတို့အဖို့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးတာ အသာထားဦး တစ်မိနစ် တစ်စက္ကန့်လေးမျှ အဖြစ်အပျက်ကို ရှုမှတ်နိုင်လျှင်ပင် ကျေနပ်စရာကောင်းလှသည်။ အခုရေတွင်းတူး အခုရေကြည်သောက်ခြင်လို့ မရပေ။ ဘယ်အရာမဆို အနည်းနဲ့အများ ဆိုသလို ဒုက္ခခံပြီးမှ သုခကို ရကြတာချည်းဖြစ် သည်။ "ဒုက္ခဿ အနန္တရံ သုခံ" ဟုဆိုသည်။ ထို့ကြောင့် ပူလောင်မှုများစွာ ပေကျံ ညစ်ထေး နေတဲ့ မိမိရဲ့နှလုံးသားကို ဓမ္မတည်းဟူသော ရေစင်ဖြင့် ခဏလောက်ပဲဖြစ်ဖြစ် ဆေးကြော သင့်လှသည်။ မှန်၏။ ဓမ္မသည် ပူလောင်သူကို အေးချမ်းစေ၏။ ရိုင်းစိုင်းသူကို ယဉ်ကျေးစေ၏။ ကြမ်းတမ်းသူကို နူးညံ့စေ၏။ မာကျောသူကို ပျော့ပျောင်းစေ၏။ ဤသို့သော သတ္တိထူးများ ရှိပေ၏။

ဆရာတော် ဦးဝိနယာစာရ၏ ကျေးဇူး ကြောင့် တရားအားထုတ်ဖူးသူပေါင်း ၁၃၇၂-ဦး၊ ဉာဏ်စဉ်နာရသူပေါင်း ၂၁၁-ဦး၊ စုစုပေါင်း ၁၅၂၈-ဦး သာဓု သာဓု သာဓု။ ပန်းသီးစားဖူး သူသည် သူတစ်ပါးကို ပန်းသီးစားစေချင်၏။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်အရသာ ကို ခံစားဖူးသောကြောင့်ပင်။

ဆရာတော် ဦးတိလောကာဘိဝံသ သည် သူခံစားပြီးတဲ့အရသာကို မိမိတပည့် များနှင့် ယောဂီတို့အား ခံစားရလေအောင် နှစ်စဉ်သင်္ကြန်ရက်များတွင် တရားစခန်း ဖွင့်လှစ် ခဲ့သည်။ ဆရာတူ တပည့်ဖြစ်သော ဦးဝိနယာ

စာရသည်လည်း ယောဂီ သူတော်စင်အပေါင်းအား ကမ္မဋ္ဌာန်းတရားများ စွမ်းစွမ်းတမံ ဟောကြားပြသလျက်ရှိသည်။ ပင်ကိုယ်ဓမ္မဓာတ်အခံရှိသူ ဆရာတော်ဦးဝိနယာစာရသည် ငြိမ်သက်သော ဣန္ဒြေတို့ဖြင့် ယောဂီတို့၏ နှလုံးသားကို ဓမ္မရေစင်ဖြင့် နေ့စဉ်ဆေးကြောပေးလျက်ရှိသည်။

မိခင်ရွာမပရိယတ္တိစာသင်တိုက်ကြီး ပရိယတ်ရော ပဋိပတ်ပါ အောင်မြင်နေသကဲ့သို့ ရွာမနွယ်ဖွားဖြစ်သော ဆရာတော်ဦးဝိနယာစာရ၏ ရွာမပဋိပတ္တိမဟာစည်သာသနာ့ရိပ်သာသည်လည်း ရိပ်သာနှင့်မမျှအောင် ပရိယတ်၊ ပဋိပတ် စွယ်စုံအောင်မြင်လျက်ရှိသည်။

"ဟော့ကောင် မောင်ချို၊ ငါ့ကင်မရာယူခဲ့။"

ဆရာမင်းသုခ၏အသံကြောင့် အတွေးစများ ရပ်တန့်သွားခဲ့သည်။ ဆရာမင်းသုခ က တပည့်ရေလို့ခေါ်လျှင် ရေပါ အဆစ်ပါလာမှ ကြိုက်သူဖြစ်သည်။ စိတ်မြန်သည်၊ သွက်လက်သည်၊ အကွက်မြင်သည်။ လာကတည်းက ဆရာတပည့်နှစ်ဦးလုံး ကင်မရာတစ်လုံးစီ ယူခဲ့ကြသည်။ မိမိလည်း ဆရာမင်းသုခအား သူ့ကင်မရာပေးပြီး မိမိကင်မရာဖြင့် တောင်ရိုက်မြောက်ရိုက် လုပ်မလို့ပြင်ဆင်နေချိန် "မင့်ကင်မရာ ဓာတ်ခဲအားရှိလား" "ဟုတ်ကဲ့ဆရာ" ဆရာမင်းသုခကို မိမိကင်မရာထဲမှ ဓာတ်ခဲထုတ်ပေးပြီး မိမိလည်း ယောဂီအဆောင် အပြင်ဘက်ဝရန်တာသို့ ထွက်ပြီး အိမ်ခြေလေးရာကျော်ရှိသော တူးချောင်းရွာလေးကို ငေးမောကြည့်နေမိသည်။ ကျောင်းနှင့်ရွာ ဘေးပတ်ပတ်လည်တွင် စိမ်းစိုနေသော ကောက်ပင်လေးတွေကို ရီဝေစွာ ငေးမောနေစဉ် အရှေ့မြောက်ထောင့်အရပ်မှ အေးမြသော လေညှင်းငယ်သည် ကောက်ပင်ပျိုလေးများ၏ ဆံနွယ်ကို ကြင်နာစွာနမ်းရှိုက်ပြီး မိမိကို ရန့်ဖြင့် ဧည့်ခံလေတော့သည်။

ဆရာမင်းသုခကတော့ ဆရာတော် ဦးဝိနယာစာရနှင့် ယောဂီများကို မှတ်တမ်းတင်ဓာတ်ပုံ များ ရိုက်နေတော့သည်။ သူ၏ရိုက်ပုံမှာ ဝဏ္ဏခွါနီးလိုလို၊ လွင်မိုးလိုလို စတိုင်ကျကျ သေသေချာချာကို ချိန်ရိုက်နေတော့သည်။ အကွက်ကျကျ ချိန်ယူဆသည်။ မျက်စိမှိတ်ပြီး အာရုံတစ်ချက်ယူမည်။ ဘေးစောင်း၊ နံဘေး ဝဲယာ ထောင့်မျိုးစုံ ယူဆနေသည်။ ဆရာမင်းသုခကိုကြည့်ပြီး မိမိတစ်ချက်ပြုံးမိသည်။ ကောက်ပင်ပျိုလေးများနှင့် ခြယ်သထားသော တူးချောင်းရွာ၏အလှသည် လက်ရာမြောက်သော ပန်းချီကားချပ်ကြီးထောင်ထားသည့်အလား၊ တန်ဖိုးရေးထိုးထားခြင်းမရှိသော ပန်းချီကားချပ်အလား ရှုမောမဆုံး။ ချစ်သူ၏ မျက်နှာသစ်ပြီးစအလှလို အလွန်ကြည့်လို့ကောင်းလှသည်။ ကျောင်းဝင်းတွင်းရှိ ပဒုမ္မာကြာပန်းတို့ ဖြင့် ပျော်မြူးနေသော ရေကန်ငယ်ကလည်း မိမိကို ဖျော်ဖြေနေပြန်သည်။ ကန်ဘောင်ပေါ်တွင်လျှောက်ရင်း ပင်ယံထက်မှ ချိုးငှက်ကလေးများ၏ ခွဲကူသံကြောင့် အညာမြေကိုရုတ်တရက် သတိရမိလိုက်သေးသည်။ မိမိ၏ဇာတိအညာမြေတွင် ချိုးကူသံကြားတိုင်း ပင်မြင့်ယံကို မော့ကြည့်မိသည်။ အိပ်ပျော်နေသော သတိရစိတ်တို့သည် တရေးနိုးလာပြီး အညာမြေကို အတင်းလွမ်းခိုင်းနေတော့သည်။ နဂိုက အလွမ်းဓာတ်ခံရှိသူ မိမိကို ချိုးကူသံများက ညှဉ်းဆဲနေသယောင်ယောင်။ အမည်ဖော်မရသည့် ဝေဒနာနုနုလေးကို ဘယ်သူမှမသိအောင် တိတ်တိတ်လေးခံစား

ရင်း ငြိမ်ငြိမ်သက်သက် လက်အုပ်လေးချီ တန်းစီပြီး ဆင်းလာသော ယောဂီများကို အလွမ်းငွေ့ပါတဲ့ မျက်ဝန်းတွေနဲ့ကြည့်ပြီး ရင်ထဲက အလွမ်းဝေဒနာကို ပြန်ရုပ်သိမ်းလိုက်ရသည်။ ဪ. . . မိမိက ကာမအာရုံ ကာမရတိဌာယိဘာဝ၊ ကာမသိင်္ဂါရသများအပေါ် လွှမ်းမိုးနေချိန်တွင် ယောဂီများကမူ ဓမ္မရတိဌာယိဘာဝ၊ ဓမ္မသိင်္ဂါရသဖြင့် အိစက်ညက်ညောနေသည်ကို အမှတ်ရပြီး မိမိကိုယ်ကို ရှက်မိသည်။ ရိပ်သာအတွင်းရှိ အဆောင်ငယ်လေးများသည် အမွှာညီအစ်ကိုများ ထိုင်နေကြသည့်အလား တစ်ပုံစံတည်းဖြစ်နေပေသည်။ ကျောင်းဆောင်ငယ်များ အားလုံးပေါင်းကိုးဆောင်ခန့်ရှိသည်။

သရက်၊ ငှက်ပျော၊ သဘော်မာလကာ စသော စားပင်သီးပင်များကလည်း ရိပ်သာကို အလှတိုးစေပြန်သည်။

တူးချောင်းရွာ၏ အလှသည် မခံစားတတ်သူကို ခံစားတတ်လာအောင်၊ ခံစားတတ်သူကို တဆွေးမြည့်မြည့်ဖြင့် မပြန်ချင်အောင် ဆွဲအားကောင်းလှသည်။ တစ်မနက်လောက် နေလိုက်ရရုံနှင့် အလှတကာတို့ရဲ့ စုစည်းရာ တူးချောင်းရွာလေးကို မိမိရင်ထဲ စွဲလမ်းမှုန်းမသိအောင် စွဲလမ်းသွားခဲ့သည်။ မိမိတို့ ဆရာတပည့်နှစ်ဦး တူးချောင်းရွာတွင်ပဲ နေ့လယ်စာစားပြီး နေ့လယ်ပိုင်းတွင် ပြန်ကာနီး ဆရာတော် ဦးဝိနယာစာရကို ကန်တော့ကြသည်။ ဆရာတော်က ကောင်းသောဆုနှင့်ပြည့်စုံစေဟု ဆုပေးသည်။ မိမိလည်း ဆရာတော်ဦးဝိနယာစာရ၏ ဆုပေးစကားများကို ရိုသေစွာနာယူရင်း တူးချောင်းရွာလေးကို နှုတ်ဆက်ရမှာ အချစ်ဆုံးသူငယ်ချင်းနှင့် ခွဲခွာရသလို ခံစားမိသည်။

ထို့နောက် နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် ကားပေါ်သို့ တက်လိုက်သည်။

အပြန်ကားပေါ်တွင် ကောက်ပင်ပျိုလေးတွေကိုကြည့်ရင်း"လယ်ရှင်သည် အနှံ မထွက်သေးသော ကောက်ပင်လေးများကို တစ်နေ့အနှံထွက်လာလိမ့်မည်ဟု မျှော်လင့်နေသလို၊ ဆရာတော်ဦးဝိနယာစာရသည်လည်း ဉာဏ်စဉ် မတက်သေးသော ယောဂီများကို တစ်နေ့ ဉာဏ်စဉ်တက်လာလိမ့်မည်ဟု မျှော်လင့်နေမှာပဲ။ အနှံထွက်ပြီးသော ကောက်ပင်လေးများကို ကြည့်ကာ လယ်ရှင်သည် ဝမ်းသာသလို၊ ဉာဏ် စဉ်တက်ပြီးသော ယောဂီများကို ကြည့်ပြီး ဆရာတော်ဦးဝိနယာစာရသည် သူ၏ လုပ်ဆောင်ချက်ကို ပီတိအပြုံးများဖြင့် အကျေနပ်ကြီး ကျေနပ်နေမှာပဲဟု ဆရာတော့်အတွက် မိမိရင်ထဲမှ ဝမ်းသာလိုက်လှဲ ခံစားရပုံများကို စာဖွဲ့မပြနိုင်အောင် ရှိနေစဉ်. . . .။

"မောင်ချို. . . စောစောက ဆရာတော် ဦးဝိနယနဲ့ ငါနဲ့ ပြောခဲ့တာတွေကို မှတ်ခဲ့လား"

"ဟုတ်ကဲ့ပါ"

ဒါဆို သူ့ရဲ့ သာသနာပြုပုံလေးကို ငါမရေးတော့ဘူး၊ မင်းဘာသာရေးပေတော့၊ ငါမင်းကို တာဝန်ပေးလိုက်ပြီ။

"ဟုတ်ကဲ့ဆရာ ရေးလိုက်မယ်"

ဆရာမင်းသုခကို မဆိုင်းမတွ အာမဘန္ဓေ ခံထည့်လိုက်သည်။

ဟူး . . . . ငါဘယ်လိုရေးရရင် ကောင်းမလဲ၊ ရေးရမှာကို ဝန်လေးသောစိတ်ဖြင့် ကောက်ပင်ပျိုလေးတွေကိုသာ ပြန်လည်ငေးကြည့်နေ မိတော့သည်။

◆ ဘုန်းပြည့်လွှံ



# ခေါင်းဆောင်ကောင်းပီသသူနှင့် သူ၏အရည်အချင်းတစ်ချို့

## အရှင်သောဘနာလင်္ကာရ

မိမိ အသက် ၉-နှစ်ကျော် ၁၀- နှစ်ထဲ ဝင်ခါစပင် ရွှာမရိယတ္တိစာသင်တိုက်သို့ အငယ်ဆုံး စာသင်သားတစ်ပါးအဖြစ် ရောက်ရှိလာခဲ့တယ်။ အငယ်ဆုံးမို့ လူချစ်လူခင်ပေါတယ်ပဲဆိုရမလား မပြောတတ်။ နေ့စဉ်နှင့်အမျှ မျက်ရည်နဲ့မျက်ခွက်။ ဘာပဲဖြစ်ဖြစ် စာအံကျောင်းသွားလိုက်, စာဝါတက်လိုက်, ညနေစာသင်ပြီးချိန် သူငယ်ချင်းတွေနဲ့ ကျောက်ဒိုးရိုက်လိုက်နဲ့ ကလေးဘဝ အပျော်ကြီးပျော်ခဲ့တာပေါ့။

စာသင်တိုက်ရောက်လာတဲ့ ကိုရင်လေးတွေဟာ ကိုယ်ဇာတိရပ်ရွာမှာ နေတုန်းက နေ့ခင်းဆွမ်းစားပြီး သံဃာတော်တွေ ခဏအနားယူကျိန်းစက်ကြတယ်ဆိုတာ သိမှမသိဘဲ၊ မြို့ရောက်လာမှပဲ သိရတာ။ အကျင့်ကလည်း မရှိတော့ စာချဘုန်းကြီးတွေက ဘယ်လောက်အအိပ်ခိုင်းခိုင်း မအိပ်ပါဘူး။ ပြောတုန်းခဏလေးပဲ အိပ်ချင်ယောင်ဆောင်နေလိုက်တာပေါ့။ လစ်တာနဲ့ ထပြေးပြီး သူငယ်ချင်းတွေနဲ့ ဆော့ကစားကြတာပါပဲ။

တစ်နေ့တော့ ဆရာတော်နဲ့တွေ့လို့ "သတ္တဝါလေးတွေ အိပ်ဆို မအိပ်ဘူး၊ စာကျက်ချိန်ကျငိုက်ပြီ လာ-- ငါ့အခန်းထဲ လိုက်ခဲ့ကြ" ဟုဆိုကာ သူ့ခုတင်ခြေရင်းမှာ အိပ်ခိုင်းပါတော့သည်။ တစ်နာရီထိုး စာအံကျောင်း စာဝါတက်ဖို့ရန် သတိပေးတုန်းခေါက်မှ နှိုးလွှတ်ပါတော့သည်။ နေ့ခင်းဘက်တွေမှာ သူရဲ့ခုတင်ခြေရင်းတွင် သွား အိပ်ရတယ်။ ကလေးရဲ့သဘာဝ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားရင် ခံတွင်းထဲက အာပုပ်ရည်(သွားရည်)တွေက ကျတတ်တာကိုး။

နှီးလွှတ်လိုက်တာနဲ့ ထပြေးတာဆိုတော့ ကြမ်းပြင်မှာကျန်ခဲ့တဲ့ အာပုပ်ရည်တွေကို သုတ်သင်ရမယ့်တာဝန်က အခန်းပိုင်ရှင် "ဆရာတော်"ပဲပေါ့။ ဒါက မိမိအတွက် မမေ့နိုင်စရာတွေထဲက တစ်ချို့ဖြစ်ပါတယ်။

ကိုရင်ငယ်ဘဝက မိမိတို့ ဆရာ့အကြောင်းကို ဂရုမစိုက်တတ်၊ ဆရာဘယ်လိုနာမည်ကြီးကြောင်းကိုလည်း ဘာမှ ဂယနဏ မသိ။ ဆရာဟူ၍သာ သိ၏။ ပုံမှန် အလုပ်လုပ်နေတယ်-ဟုသာနားလည်၏။ အခြားကျောင်းတိုက်နှင့် ဆရာတော်များအကြောင်းလည်း ကောင်းသည်ဆိုးသည်နားမလည်ခဲ့။ မိမိနေထိုင်တဲ့ စာသင်တိုက်တစ်ခုသာ သိတယ်။ "ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ"- ဆိုတဲ့ ဘုရားရှင်ရဲ့ တရားတော်နဲ့အညီ သတ္တဝါတွေရဲ့ အသက်ကို(ငယ်ရာကနေအကြီးဖြစ်လာအောင်၊ နုပျိုခြင်းကနေ အိုမင်းရင့်ရော်လာအောင်) ဇရာ-မရဏတို့က တဖြည်းဖြည်း ဆွဲခေါ်သွားတယ်။ နောက်ပြီး "လောကော သတ္တာနမာစေရော-လောကကြီးသည် သတ္တဝါတို့ရဲ့ ဆရာ"တဲ့။ ဟုတ်ပါတယ်။ ရောက်ခဲ့တဲ့နေရာတွေစုံခဲ့ပြီ။ ပညာသင်ခဲ့တာရော လေ့လာရေးအဖြစ်နဲ့သွားရောက်ခဲ့တာတွေပါဆိုတော့ လောကကြီးက သင်ပေးတဲ့ အတွေ့အကြုံတွေလည်း တော်တော်များများရခဲ့ပေပြီ။ ဒါပေမဲ့ ပြီးပြည့်စုံခြင်းကတော့ ဘယ်တော့မှရှိနိုင်လိမ့်မည်မဟုတ်။ ဘဝသင်ခန်းစာကား ဘဝဆုံးမှပင် အပြီးသတ်ပေတော့မယ်။ မိမိသည်ပင် အချိန်ပြောင်းလဲလာခဲ့တာနှင့်အမျှ အရွယ်နှင့်ပညာ ထိုက်သင့်သလောက် ရလာပြီမို့ စာသင်သားဘဝမှသည် စာချဘဝသို့ ကူးပြောင်း ရောက်ခဲ့ရပါပြီ။

### အချိန်ကို အသုံးချသည့်ဆရာ

ဆရာ့အနီး ပြန်ရောက်လာခွင့်ရပြီး ဆရာရဲ့ အများအကျိုးပြုလုပ်ငန်း တစ်စိတ်တစ်ဒေသနှင့် ကျောင်းတိုက်တာဝန်ကို အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ကျေးဇူးဆပ် ထမ်းဆောင်ရတဲ့အတွက် များစွာဂုဏ်ယူမိတယ်။ ဂုဏ်လည်းတက်တယ်။ ဆရာရဲ့လုပ်ဆောင်ချက် စိတ်နေစိတ်ထားနှင့် သင်ကြားမှုနည်းစနစ်တို့ကို ပိုမိုပြီးသိခွင့်ရလာတယ်။ ဆရာရဲ့ ပညာသင်ကြားပုံစနစ်က "တိုကျဉ်း၊ လိုရင်းမိ" ဟု သုံးသပ်မိပါတယ်။ ဆရာဟာ အချိန်ကို ကုန်သင့်တာထက်ပိုမကုန်စေချင် ကုန်ဆုံးရမည့်အချိန်ကို ထိထိမိမိ အကျိုးရှိရှိ အသုံးချတတ်ရန် သင်ပြတယ်။ အခြေခံလေးတွေကအစပေါ့၊ ကလေးငယ်ဘဝက ကစ္စည်းသဒ္ဒါကြီးသင်စဉ်က "ယဿိန္ဒြိယာနိကို ယဿ+က္ကန္ဒြိယာနိ-ဟုပုဒ်ဖြတ်၍တည်ဟုလည်းကောင်း ပုဗ္ဗမဓာဌ္ဌ တမဿရဲ့ သရေန ဝိယောဇယေဟုသော သုတ်ဖြင့်ဟူ၍လည်းကောင်း"အရှည်ကြီးဆိုကြရတယ်။ ဆရာရဲ့ သင်ပြပုံမှာ "ယဿိန္ဒြိယာနိကို ယဿ+က္ကန္ဒြိယာနိ-ဟုပုဒ်ဖြတ်၊ ပုဗ္ဗမဓာဌ္ဌ-စသောသုတ်ဖြင့်"ဟု အလွယ်တကူဆိုစေပြီး အချိန်ကိုချုံး၍ သင်ပေးတတ်တယ်။ လောကနီတိဆရာက "သိန္နေ- သိပ္ပံ-အတတ်ပညာကို ဖြည်းဖြည်းသင်ရာ၏။"ဆိုပေတယ်။ ဆရာကမူ တစ်နေရာတည်းမှာ အချိန်ဆွဲ၍ ဖြည်းဖြည်း သင်နေသည်ကို သဘောမကျ အချိန်ဆွဲသင်နေသဖြင့် စာသင်သားငြီးငွေ့မည်ကို သဘောပေါက်တယ်။ အချိန်တိုအတွင်းမှာ သင်ရိုးတစ်ခုလုံး ခြုံငုံမိအောင် မြန်မြန်သင်တယ် များများသင်တယ်။ သင်ရိုးပေါက်မှ မမေ့အောင် အခေါက်များစွာ

ထပ်သင်စေတယ်။ "ဗဟုံ စ ဂဏှာတိ၊ လဟုံ စ ဂဏှာတိ၊ ဂဟိတဉ္စဿ နသမ္မုဿတိ-များများ လည်းသင်တယ်။ မြန်မြန်လည်းသင်တယ်။ သင်ပြီးသားကိုလည်း မမေ့ပျောက်စေ"ဆိုတဲ့ ဘုရားရှင်လက်ထက် သမားတော်ကြီးဆရာ ဇီဝကရဲ့ စာသင်ပုံနည်းစနစ်နှင့် ကိုက်ညီသည်ဟု ထင်မိတယ်၊ ဧည့်သည်ဒကာ ဒကာမတွေကိုလည်း အလုပ်ပျက်အချိန်ကုန်ခံ၍ အကြာကြီးစကား မပြော၊ လိုရင်းကိုသာ ပြောပြီး"အေး ကောင်းပြီ" ဟုလည်းကောင်း "ဆရာတော်မှာ လုပ်စရာလေး ရှိသေးလို့"ဟုလည်းကောင်း စကားဖြတ်ပြီး အလုပ်ကို ဆက်လုပ်နေတတ်တယ်။ သည်လို အချိန်ကို ဂရုစိုက်တန်ဖိုးထားတတ်သော ဆရာ ပါ။



> မိမိ စာချဘဝဖြင့်ရှိနေစဉ် ဆရာသမားရဲ့ ဆောင်ရွက်ချက် အချို့ကို သဘောမကျ မနှစ်သက်ပါက မကြိုက်ကြောင်းကို အမူအရာတွေနှင့်လည်းပြခဲ့ဖူးတယ်။ စာပစ်ခဲ့ဖူးတယ်။ ဆရာ့အနီးအနားရှိနေသူမှ တစ်ဆင့်လည်း မကျေနပ်စာပို့ခိုင်းခဲ့ဖူးတယ်။ ဆရာထွက်လာလျှင် တိုက်ရိုက်မြင်စေရန် ကတ်ထူစာရွက်မှာ ရေးပြီး ဆရာရဲ့ ကျောင်းတွင်း ဝင်ပေါက်မှာလည်း ချိတ်ခဲ့ဖူးသည်။

### တပည့်ကိုနားလည်သော ဆရာ

"ယောက္ခမဆိုတာ တစ်ခါကသားမက်ပါပဲ" လို့ ပြောကြသလို "ဆရာဆိုတာလည်း တစ်ခါက တပည့်ပါပဲ"လို့ ဆိုချင်တယ်။ ဒါ့ကြောင့် ဆရာဟာ တပည့်ရဲ့ သဘောသဘာဝနှင့် စိတ်ဓာတ်ကို နားလည်ပေးရတယ်။ "ဆရာဟာ အထက်ကလူပဲ" လို့ဆိုပြီး ငါတကော ကောလိုမရ၊ နိုင်လိုမင်းထက် မပြုသင့်။ တပည့်ကလည်း ဆရာတစ်ယောက်ရဲ့ ဘဝနှင့် လုပ်ပိုင်ခွင့်တွေကိုလည်း လက်ခံပေးရမယ်။ "သူက ဘာမို့လို့လဲ"ဆိုတဲ့ မသင့်လျော်တဲ့ ပေတံ တိုင်းမှုမျိုးမလုပ်သင့်၊ (တစ်ချို့က ဆရာသည် တပည့်ရဲ့အကျိုးကို လိုလားကြောင်း မိမိကိုယ်တိုင်ဆရာဖြစ်လာမှ သိလာကြတော့တယ်။ မိမိ ကိုယ်တိုင် ဖခင်ဖြစ်လာတဲ့အခါမှ (သားကို ချစ်တဲ့ ဖခင်စိတ်ဓာတ်ပေါ်လာမှ) ဖခင်ရဲ့မေတ္တာတန်ဖိုးကို နားလည်လာရတဲ့ အဇာတသတ်မင်းလို ဖြစ်တတ်ကြပါသည်)

မိမိ စာချဘဝဖြင့်ရှိနေစဉ် ဆရာသမားရဲ့ ဆောင်ရွက်ချက်အချို့ကို သဘောမကျမနှစ်သက်ပါက မကြိုက်ကြောင်းကို အမူအရာတွေနှင့်လည်းပြခဲ့ဖူးတယ်။ စာပစ်ခဲ့ဖူးတယ်။ ဆရာ့အနီးအနားရှိနေသူမှတစ်ဆင့်လည်း မကျေနပ်စာပို့ခိုင်းခဲ့ဖူးတယ်။ ဆရာထွက်လာလျှင် တိုက်ရိုက်မြင်စေရန် ကတ်ထူစာရွက်မှာ ရေးပြီး ဆရာရဲ့ ကျောင်းတွင်းဝင်ပေါက်မှာလည်း ချိတ်ခဲ့ဖူးတယ်။ ဆရာအနေဖြင့်လည်း ကျောင်းတိုက်ကြီးပွားရာ အောင်မြင်ကြောင်းကို ဆောင်ရွက်တယ်။ မိမိအနေဖြင့်လည်း အပြုသဘောဖြင့်သာ ဝေဖန်လျက် မကျေနပ်ကြောင်းကို ပြတယ်။ အပျက်သဘောမပါ။ ပကတိရိုးသား ခဲ့တယ်၊ ဆရာကစိတ်မဆိုးသည့်အပြင် သူဘာ့

ကြောင့် ဒီလိုလုပ်ရတယ်ဆိုတာကို အဖွဲ့အစည်းကြားထဲတွင် နားလည်းအောင်ရှင်းပြတတ်တယ်။

လူချင်းမတူကြသလို အမြင်ချင်းတစ်ထပ်တည်းကျဖို့ဆိုတာလည်း မလွယ်ကူလှပါ။ သူကကောင်းတယ်လို့ ထင်ပေမယ့် တစ်ဖက်သားအနေဖြင့် မကောင်းဘူးလို့ ထင်ချင် ထင်နိုင်တယ်။ ဆရာက ဒီသဘောတရားကို လက်ခံထားတယ်။ ဆရာနှင့်တပည့်ဟာ ဘယ်တော့မှ ကင်းကွာလို့မရ။ တပည့်ရှိလို့ ဆရာဆိုတာ ဖြစ်ပေါ်လာရသလို ဆရာရှိလို့လည်း တပည့်ဆိုတာ ဖြစ်ပေါ်လာရစမြဲ။ တစ်ယောက်တည်း နေလျှင် ဘာမှမဖြစ်။ နှစ်ယောက်နေလျှင် အသံထွက်လာမယ်။ ဆရာက ထိုအသံကို ရေးကြီးခွင်ကျယ် မလုပ်တတ်။ ပညာရှိသူတော်ကောင်းပီသစွာ သည်းခံခြင်းဖြင့်သာ နေတတ်တယ်။

နာယကအစည်းအဝေးပွဲတွင်လည်း သူများသည်ဟုထင်ပါက သို့မဟုတ် လိုအပ်ပါက မည်သူမဆို ထောက်ပြနိုင်ကြောင်း အကြံပေးနိုင်ကြောင်းဖိတ်ခေါ်လေ့ရှိတယ်။ မှန်ကန်သောဝေဖန်မှုကိုလည်း လက်ခံတယ်။ မိမိတွေ့ဖူးတဲ့ လူကြီးအချို့မှာ ထိုသို့မဟုတ် ပြောသမျှကိုပဲ နားထောင်နေရတယ်။ ပြန်လှန်အတွန့်တက်တာ မျိုးမကြိုက်။ လူကြီးကို ကလန်ကဆန်လုပ်တယ်။ အာခံတယ်ဟုဆိုကာ အပြစ်ရှာတတ်တယ်။ အငြိုးအတေးလည်း ထားတတ်တယ်။ တစ်ချို့ဆို ကျောင်းတိုက်ကပင် နှင်ထုတ်တတ်တယ်။ "ငါ့ကျောင်းမှာ မင်းလာနေတာ ငါမကြိုက်လည်း မင်းထွက် မင်းမကြိုက်လည်း မင်းထွက်" ဟုပင် ကြားဖူးတယ်။ဆရာသည်ကား နှင်ထုတ်ဖို့ဝေးစွ၊ အပြစ်ရှာခြင်း၊ အငြိုးအတေးထားခြင်းပင်မရှိပါ။ "ဘုရားရှင်နှင့်အရှင်သာရိပုတ္တရာ အရှင်မဟာကဿပစတဲ့ ရဟန္တာ သာဝကကြီးတွေတောင်မှ တပည့်တွေရဲ့ ပြစ်တင်ခြင်းကို ခံရတာပဲ။ တို့ ပုထုဇဉ်တွေမှာ ဒါတွေဘယ်ကင်းနိုင်မလဲ၊" လို့များ ဆရာ့စိတ်ထဲ ရှိနေမလား ဒါမှမဟုတ် "လူလောကထဲနေရင် လူတွေရဲ့ကောင်းသံဆိုးသံတွေ ကြားနေရမှာပဲ" လို့များ ခံယူချက်ထားလေသည်လား ဆိုတာတော့ ဆရာသာလျှင် သိပါလိမ့်မယ်။

### အမြင်ကျယ်၍ခေတ်မီသောဆရာ

တိုက်တာကြီးတစ်ခုကို တည်ထောင် အုပ်ချုပ်သူတို့ဟာ သာမန်အသိပညာနဲ့ အပေါ်ယံ အတွေးအခေါ် သူလိုကိုယ်လို စိတ်ထားရှိရုံမျှဖြင့် အများတကာရဲ့ ယုံကြည်ကိုးစားအလေးထားမှုကို ခံယူနိုင်စွမ်းရှိသူတစ်ယောက် မဖြစ်နိုင်ပါ။ သူတို့ဟာ သာမန်ဘဝက လာသော်လည်း သာမန်ထက်သာလွန်တဲ့ အရည်အချင်းနဲ့ လုပ်ဆောင်နိုင်စွမ်းတွေ ကိန်းအောင်းနေတယ်ဆိုတာ ကာယကံရှင်ကိုယ်တိုင်တို့ပင် သိနိုင်မည်မဟုတ်ပါ။ ကြောင်လက်သည်းပမာ အခြေအနေနှင့် အချိန်အခါအရ ပေါ်ထွက်လာတတ်သည့်သူတို့ရဲ့ သဘာဝစွမ်းရည်တွေကိုသာ ပတ်ဝန်းကျင်က အကဲခတ်ခန့်မှန်းနိုင်ကြမှာပါ။

မိမိတို့ဆရာဟာ ကိုယ်တိုင်စာပေဝါသနာပါသူဖြစ်ရုံမက အနာဂတ်ခေါင်းဆောင်တွေ ဖြစ်လာကြမည့် စာသင်သားတို့အတွက်လည်း အထွေထွေဗဟုသုတရှိစေဖို့ အားလပ်ချိန်တွေမှာ စာပေမျိုးစုံဖတ်ရှုနိုင်စေရန် စာသင်တိုက်ကြီးတွေမှာ မရှိသေးသည့် ခေတ်မီစာကြည့်တိုက်ကြီးကိုလည်း ပညာရှင်တို့ရဲ့ အကူအညီနှင့် စာကြည့်တိုက်မှူးများထားရှိကာ ဖွင့်လှစ်ပေးထားတယ်။

စာအုပ်တိုက်များစွာမှ ထုတ်ဝေသည့် စာအုပ်မျိုးစုံကိုလည်း လစဉ်တိုင်း ဖြည့်သွင်းစေတယ်။

သင်ကြားရေးဆိုင်ရာမှာလည်း အချိန်ကုန်သက်သာစေပြီး ထိရောက်မှုရှိစေနိုင်တဲ့ လက်ဆောင်ကျမ်းဂန်အစုံအလင်နှင့် သက်ဆိုင်ရာအတန်းအလိုက် အဖြေစုံများစွာကိုလည်း စီမံပေးတယ်။ နွေရာသီ ကျောင်းပိတ်ရက်တွေမှာလည်း စာသင်သားများ လည်ပတ်အချိန်ဖြုန်းနေခြင်းများကင်းဝေးပြီး အကျိုးရှိစေဖို့ နွေရာသီသင်တန်းတွေကို နှစ်ပေါင်းများစွာ ဖွင့်လှစ်သင်ကြားပေးခဲ့တယ်။



ဒါတင်မက အနာဂတ်သာသနာ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ထိုသာသနာ့အညွန့်အညှောက်ကလေးများ၏ ပညာအရည်အချင်း ဘက်စုံပြည့်ဝစေဖို့ တတ်သိနားလည်သူတို့ရဲ့ အကူအညီကို ရယူကာ အင်္ဂလိပ်စာကို ပါဠိစာပေနှင့် တွဲဖက်၍ စီမံသင်ကြားစေပါတယ်။ ဆရာရဲ့ အမြင်ကျယ်ပြီး ခေတ်မီမှုကို အရှည်မျှော်တွေးတတ်သူတို့က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နေကြပါပြီ။ သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်သောဆရာရဲ့ သမိုင်းတွင်သည့် လုပ်ဆောင်ချက်တို့ကြောင့် ဤကျောင်းတိုက်ကြီးဖြစ်လာရသလို ကျောင်းတိုက်ကြီးကလည်း ဆရာရဲ့ ဂုဏ်သိက္ခာကို ပိုမို၍အရောင်တင်ပြောင်ဝင်းစေပါတယ်။

အချုပ်ဆိုရသော် ဆရာနှင့်တပည့် တပည့်နှင့်ဆရာ ပီတိတွေ မျှဝေခံစားပြီး မိမိအကျိုးနှင့် လောကသားတို့ရဲ့ကောင်းကျိုးကို အချင်းချင်း ခွင့်လွှတ်နားလည်မှု (Mutual understanding) ကိုယ်ကျိုးစွန့်အနစ်နာခံမှု (Self sacrifice)တွေနဲ့ တည်ဆောက်လျက် လက်ချင်းတွဲ၍ စည်းလုံးစွာ အရှိန်အဟုန် မပျက်ဆောင်ရွက်နေကြမည်ဆိုပါလျှင် ဆရာ အရှင်တို့၏ စွမ်းအားတို့ဖြင့် စီမံဖန်တီးထားသော ဤကျောင်းတိုက်ကြီးသည် အနှစ်(၄၀)ပြည့်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ယခု ကဲ့သို့ပင် တိုးတက်၍ နေပေလိမ့်မယ်။ ဆရာသမားတို့ ရဲ့ ခြေရာကို နင်းနိုင်မည့် အမြင်ကျယ်၍ ခေတ်မီသော သားကောင်းရတနာများ ပေါ်ထွက်လာပါစေလို့ မျှော်လင့်တောင့်တလျက်။ ။

♦ အရှင်သောဘနာလင်္ကာရ



# ပီတိများ

* ပုထုဇဉ်များ လျှောက်လှမ်းသွားဆဲ
ထွေပြားလမ်းသွယ် ရှိကြမယ်လိမ့်
မှီတွယ်နိုလှုံ လောကဘုံမှ
အာရုံဖက်တွယ် ရှိ၏တည်း ။
* ဆယ့်တစ်ပါးမီး လောင်မြိုက်ပြီးနေ
ခါးစီးခံရ မြင်သမျှကို
ရင်မှတားဆီး သည်ခရီးဝယ်
အသီးသီးရှု လူနေမှုတွက်
ယခုနက်ဖန် ရှိ၏တည်း ။
* လူဆိုသည်မှာ ချမ်းမြေ့ရာရှာ
ပညာလုံ့လ ဝီရိယနှင့်
ကြည်မြမနော ဆန္ဒဇောနစ်
လွှင့်မျှောဖြစ်အင် ရှိ၏တည်း။
* နေ့ညမဟူ ပြယုဂ်တူလည်း
ကြည်ဖြူညီမျှ လူ့ဘဝကို
ဆုံးမသွန်သင် အားမာန်ဝင်လိမ့်
လန်းရွှင်ပီတိ သဒ္ဒါသိဖြင့်
မျှော်မိရော်ယမ်း သာသည့်လမ်းမှာ
စိတ်ပန်းဝေဝေ တရားမြေမို့
ကြည်စေနှလုံး ပြည့်ခဲ့တကား ။

မောင်ယဉ်ပန်





# တိုးတက်ခေတ်မီနေသော ရွှာမပရိယတ္တိစာသင်တိုက်ကြီး

**အရှင်စန္ဒောဘာသ(ဝါခင်းတောင်)**

"ကြိုးစားခြင်းကြောင့် အောင်မြင်မှုဆိုတာရရှိစမြဲ" ဟူသော စကားကို သာဓကထုတ်ပြရချေက ယနေ့ တိုးတက်၍ ခေတ်မီနေသော ရွှာပရိယတ္တိစာသင်တိုက်ကြီးကို ထုတ်ပြရပေမည်။

စာရေးသူသည် ၁၃၄၁-ခုနှစ် (၁၉၈၀) ခုနှစ်လောက်က ရွှာမပရိယတ္တိစာသင်တိုက်၌ ဆရာတော်ကြီးများထံတွင် စာပေများသင်ယူခဲ့ဖူးပါသည်။ ရွှာမပရိယတ္တိစာသင်တိုက် စတင်တည်ထောင်သော ခုနှစ်မှာ ၁၃၃၂-ခုနှစ်ဖြစ်သောကြောင့် စာသင်တိုက် တည်ထောင်သည့် နှစ်အရေအတွက်မှာ (၉)နှစ် (၁၀)နှစ်လောက်သာရှိပါသေးသည်။ စာသင်သားသံဃာများအနေနှင့် ၁၀၀-ဝန်းကျင်လောက် ရှိနေသောအချိန်အခါ ဖြစ်ပါသည်။ အဆောက်အအုံကလည်း မပြည့်စုံ၊ ဆွမ်းစားကျောင်းသည်ပင် သစ်သားကျောင်းအသေးစားသာ ဖြစ်ပါသည်။

ဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ် (နိုင်ငံတော်သြဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဆရာတော်ကြီးနှင့် ယခုပဓာန နာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ) ဆရာတော်တို့၏ ကြိုးစားဦးဆောင်အားထုတ်မှုကြောင့် ရွှာမပရိယတ္တိစာသင်တိုက်ကြီးသည် ပညာရေးကဏ္ဍတွင် ယခုရွှေရတု တိပိဋက ဆရာတော်နှင့် ငယ်၊ လတ်၊ ကြီး၊ အတန်းတိုင်းတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ပထမဂုဏ်ထူး၊ ဒုတိယဂုဏ်ထူး၊ တတိယဂုဏ်ထူး သာသနာ့အာဇာနည်အရှင်မြတ်များ ပေါ်ထွက်ရုံမျှမက ကျမ်းစွဲ၊ ကျမ်းပြီး အသီးသီးတို့လည်း နှစ်စဉ်နှစ်တိုင်း ပေါ်ထွန်းလို့ လာခဲ့ပါသည်။

ရွှာမပရိယတ္တိစာသင်တိုက် တည်ထောင်သည့် နှစ်မှစ၍ နှစ် (၄၀)ပြည့်သည့်တိုင်

ပညာရေးကဏ္ဍတွင် တိုးတက်မှုအဟုန်သည် မြန်မာပြည်တလွှားသာမက ကမ္ဘာထိအောင် ကျော်ကြား၍နေပါသည်။

အဆောက်အအုံကဏ္ဍတွင်လည်း စာရေးသူတို့ နေသည့်အချိန်အခါနှင့် လုံးဝ မတူတော့ပေ။ ယခင်အခါများမှာ ကျောင်းဆောင်သေး အဆောက်အအုံလေးများဖြင့်သာ ဆရာတော်ကြီးများသည် ပရိယတ္တိစာပေများကို ပို့ချစွမ်းဆောင်ခဲ့ရသည်ကို တွေ့ရပါသည်။ ဆရာတော်ကြီးများ၏ တစိုက်မတ်မတ် စေတနာ, ဝါသနာ, အနစ်နာ အရင်းခံကာ ပရိယတ္တိသာသနာတော်ကြီးကို နေ့မအား ညမအား ကြိုးစားအားထုတ်ခဲ့ကြသောကြောင့် စာသင်သား သံဃာတော်အပါး (၆၀၀)ကျော် အထိ တိုးတက်လာခြင်း၊ ကျယ်ဝန်းလှသော ကျောင်းဝိုင်းကြီးသည် ယခင်အခါ အဆောက်အအုံအနည်းငယ်မျှသာ ရှိပါသည်။ ယခုအခါ၌ နေရာမလတ် မဟာဂန္ဓဝင်သုံးထပ်ကျောင်းဆောင် မဟာ စံတော်ဝင်သုံးထပ်ကျောင်းဆောင်ကြီးများကဲ့သို့ တိုက်ကျောင်းကြီး မြောက်များစွာတို့သည့် သေသပ်ခန့်ညား ထည်ဝါစွာဖြင့် အုံမခန်းတိုးတက်နေသည်ကို ယနေ့မျက်မှောက်တွင် ရှုမြင်ရလေပြီ။

ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ တိုးတက်ဖွံ့ဖြိုးသော ကဏ္ဍများကို ရေးသားရသော် မကုန်နိုင်ပါ။ စာသင်တိုက်တည်ထောင်သည့်နှစ်မှစ၍ နှစ် (၄၀)ပြည့် အထိမ်းအမှတ်တွင် တိုးတက်သော ပညာရေးကဏ္ဍ၊ အဆောက်အအုံကဏ္ဍကိုသာ အကျဉ်းချုပ်မျှ ရေးသားရပေသည်။

ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ခေတ်မီမှုကို ရေးသားရသော် မြန်မာနိုင်ငံတွင်

ဗုဒ္ဓသာသနာကို ကမ္ဘာသို့ ပျံ့နှံ့စေရေးမှာလည်း အင်္ဂလိပ်စကား မတတ်ပါက သာသနာပြုရေး ကိစ္စတွင် ထင်သလောက် ထိရောက်မှု မရှိနိုင်ပါ။ ဗုဒ္ဓတရားတော်များ ကမ္ဘာသို့ ပျံ့နှံ့ရေး ရဟန်းတော်များ ကမ္ဘာသို့ သာသနာပြုရေးသည် ဘာသန္တရ အင်္ဂလိပ်ဘာသာကို ကျွမ်းကျွမ်းကျင်ကျင်တတ်ပါမှ သာသနာပြုနိုင်ပေမည်။

နာမည်ကြီး စာသင်တိုက်များ မြောက်များစွာ ရှိပေသည်။ မည်သည့်စာသင်တိုက်မျှ စာသင်သားများအတွက် ဆက်သွယ်ရေးကဏ္ဍတွင် ပြည့်စုံအောင် ဆောင်ရွက်ပေးမှု မရှိသလောက် ပင် ဖြစ်ပေသည်။

ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဆရာတော်ကြီးများနှင့် တာဝန်ရှိနာယကများသည် ခေတ်မီတွေးခေါ်မှုဖြင့် တပည့်စာသင်သားများအား ဆက်သွယ်မှုကဏ္ဍကို အခက်ခဲ မရှိရလေအောင် ကျောင်းအဆောင်တိုင်း ကျောင်းအဆောင်တိုင်း၌ တယ်လီဖုန်းလိုင်းများ ဆက်သွယ်ပေးခြင်းသည်လည်း ခေတ်မီသော ရွာမပရိယတ္တိစာသင်တိုက်၏ ပြယုဂ်တစ်ကွက်ဟု ဆိုလိုရခြင်းဖြစ်ပါသည်။

ဘာသန္တရဖြစ်သော အင်္ဂလိပ်စာပေကို ရှေးဆရာတော်ကြီးများသည် တိရစ္ဆာနကထာဟု ဆိုကြသည်။ ရဟန်းတော်များ အင်္ဂလိပ်စာ လေ့လာသင်ကြားသည်ကို မနှစ်သက်သည့်ကားများ၏။ ယနေ့ခေတ်အခါသည်ကား ဂြိုဟ်တုခေတ်၊ ကွန်ပျူတာခေတ်၊ အင်တာနက်ခေတ် ဖြစ်နေပေပြီ။ ကမ္ဘာကြီးသည် ရွာတစ်ရွာမျှ ဖြစ်နေသော အခါသမယတွင် ကမ္ဘာသုံး အင်္ဂလိပ်စာ မတတ်ပါက နိုင်ငံရပ်ခြား သွားရခဲ့သော် အ,အနှင့်မခြား အလားတူပေသည်။

ဗုဒ္ဓသာသနာကို ကမ္ဘာသို့ ပျံ့နှံ့စေရေးမှာလည်း အင်္ဂလိပ်စကား မတတ်ပါက သာသနာပြုရေးကိစ္စတွင် ထင်သလောက် ထိရောက်မှုမရှိနိုင်ပါ။ ဗုဒ္ဓတရားတော်များ ကမ္ဘာသို့ ပျံ့နှံ့ရေး ရဟန်းတော်များ ကမ္ဘာသို့ သာသနာပြုရေးသည် ဘာသန္တရ အင်္ဂလိပ်ဘာသာကို ကျွမ်းကျွမ်းကျင်ကျင်တတ်ပါမှ သာသနာပြုနိုင်ပေမည်။ ဤရှုထောင့်အမျိုးမျိုးကို ကြည့်ရှုကာ ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်နှင့် နာယကဆရာတော်များသည် ခေတ်မီသော တွေးခေါ်မှုများဖြင့် စာသင်တိုက်တိုင်းခွင့်မပြုသော အင်္ဂလိပ်စာပေကို ရွှာမပရိယတ္တိစာသင်တိုက်အနေနှင့် မသင်မနေရ သတ်မှတ်ပေးခြင်းဖြင့် စာသင်သားသံဃာများအတွက် အင်္ဂလိပ်စာ အခြေခံကောင်းများ ရစေသည်။ ဆရာတော်ကြီးများ၏ စေတနာ သဒ္ဓါတရားများကား မွန်မြတ်လှပါ၏။ ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်သည် စာသင်တိုက်ကြီး တိုးတက်အောင်၊ ခေတ်မီအောင် ကြိုးဆောင်လျက် အားထုတ်လာသောကြောင့် ၁၃၃၂-ခုနှစ် နယုန်လမှစတင်၍ ဖွင့်လှစ်ခဲ့သော စာသင်တိုက်ကြီးသည် ၁၃၇၂-ခုနှစ်၊ နယုန်လ အထိ စာသင်တိုက်သက်တမ်းနှစ် (၄၀)တင်းတင်း ပြည့်ခဲ့လေပြီ။ ၎င်းနှစ်(၄၀) ပြည့်ခရီးတွင် တိုးတက်ခေတ်မီသော ရွှာမပရိယတ္တိစာသင် တိုက်ကြီးအဖြစ် မြန်မာပြည်တစ်လွှားတွင် ကျော်ကြားကာ မားမားမတ်မတ် ပေါ်ထွက်ရပ် တည်လျက် ရှိနေပေပြီ။ နောင်-ဆယ်နှစ်ကာလတွင် ရွှာမပရိယတ္တိစာသင်တိုက်ကြီးသည် နှစ်(၅၀)ပြည့် ရွှေရတုခရီးသို့ ရောက်မှာမလွဲ ဧကန် ဖြစ်ပါသည်။ နှစ်(၅၀)ပြည့် အခါသမယတွင် တိုးတက်မှုအတိုင်းအတာ ခေတ်နှင့်အညီ ခေတ်မီမှုအတိုင်းအတာများသည်လည်း သည်ထက်မက စည်ပင်လာရေးကို စာရေးသူအနေနှင့် မျှော်တွေးပီတိ ဖြစ်ရပါသည်။

နိဂုံးချုပ်အနေအားဖြင့် ရေးသားရသော် စာသင်တိုက် တည်ထောင်သည်မှစ၍ ယခုနှစ်(၄၀)ပြည့်အချိန်အထိ တိုးတက်ခေတ်မီမှုအချို့ကို ကြည့်၍ အင်းစိန်မြို့ ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ နှစ်(၄၀)ပြည့်ခရီးတွင် တိုးတက်ခေတ်မီသော ရွှာမပရိယတ္တိစာသင်တိုက်ကြီးဟု ဂုဏ်ပြုတင်စားရေးသားလိုက်ရပေသတည်း။

♦ **အရှင်စန္ဒောဘာသ**(ဝါခင်းတောင်)



# ကုသိုလ်

ရောင်ခြည်ကွန့်မြူး
ရှာဦးက အုန်းမောင်းသံ။

ဆွမ်းချက်ရန်အချက်ပေး
ရှေးမြန်မာ့ဟန်။

ထကြစို့အမြန်
ငှက်ကျေးသံဝေစီလို့။

ကုသိုလ်ကိုရည်မှန်း
"ဆွမ်း....ဆွမ်းတော်ဖျို့။

■ ကျိုက်ထို သန်းအောင်



# ...ကြည့်ခြင်း၏ ကွက်လပ်များ

နီမင်းညို



ကျွန်တော်သည် ကျွန်တော်တို့ ဝန်ကြီးဌာန၏ ဌာနတွင်း ရာထူးတိုးမြှင့်ရေး စာမေးပွဲများတွင် လူတွေ့ စာမေးပွဲများ၌ ဘုတ်အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း, အဖွဲ့ဝင်အဖြစ်လည်းကောင်း အမြဲလိုလို ဆောင်ရွက်ရပါသည်။ အရာရှိငယ်များမှစ၍ အရွေးချယ်ခံတန်းအရာရှိများအထိ လူတွေ့, နှုတ်ဖြေစစ်ဆေးမှုများကို ပြုလုပ်ရ ပါသည်။ အသက်အရွယ်, အဆင့်နှင့် လျော်ညီသော အသိအမြင်, အတွေးခေါ် ဗဟုသုတနှင့် လုပ်ငန်းကျွမ်းကျင်မှု ရှိ/မရှိ စစ်ဆေးရပါသည်။ အထူးသဖြင့် ကမ္ဘာ့အရေး, မြန်မာ့အရေး, စီးပွားရေး, လူမှုရေး, နိုင်ငံရေး စသည်ဖြင့် ကျွန်တော်မေးပါသည်။ တစ်ခါသော် ကျွန်တော် လူတွေ့ မေးမြန်းစစ်ဆေးရမည့်သူများမှာ ဌာနတွင်း လုပ်သက်အတော်အတန်ရပြီး ပြန်တမ်းဝင်အရာရှိဖြစ်ရန် ဖြေဆိုကြမည့် သူများဖြစ်ရာ မေးရမည့် မေးခွန်းများနှင့် ပတ်သက်ပြီး ကျွန်တော်ဆင်ခြင်ကြည့်ရင်း ဘာသာရေးနှင့် ပတ်သက်ပြီး မေးကြည့်ရန် အတွေးဝင်လာခဲ့သည်။ လုပ်သက်လည်း နှစ် ၂၀-ဝန်းကျင်ရှိပြီးသူများဖြစ်ပြီး အသက်အရွယ် ကလည်း ၄၀-ဝန်းကျင်၊ ၄၀-ကျော်များဖြစ်၍ ဘွဲ့ရပြီးသူများလည်းဖြစ်ကြပါသည်။ ဗုဒ္ဓဘာသာဝင်များလည်းဖြစ်သောကြောင့် ဘာသာရေးနှင့်ပတ်သက်ပြီး သားသမီးကို သွန်သင်ဆုံးမ ကြရမည့်သူများ၊ တပည့်တပန်းများကို အသိပညာပေး ညွှန်ပြရမည့်သူများဖြစ်ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်တစ်ယောက်အခြေခံအားဖြင့် သိရမည့် အချက်များလောက်တော့ဖြင့် သိကောင်းရဲ့ ဟူသောအတွေးဖြင့် အောက်ပါမေးခွန်းများကိုကျွန်တော်မေးပါသည်-

ဗုဒ္ဓါနုဿတိဆိုတာဘာလဲ။
၃၁-ဘုံဆိုတာ ဘာဘုံတွေလဲ။
ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်အောင်
ဘာကိုဆောက်တည်ရမလဲ။
ရပ်ပြစ် ၈-ပါးဆိုတာဘာလဲ။
ဝိပ္ပတ္တိတရား ၄-ပါးဆိုတာ ဘာတွေလဲ။
ဗျသနတရား ၅-ပါးဆိုတာ ဘာတွေလဲ။
ဩကာသဆိုတာ ဘာအဓိပ္ပါယ်လဲ။
သာဓုဆိုတာ ဘာအဓိပ္ပါယ်လဲ။
ကံဆိုတာဘာလဲ။

ဖြေဆိုသည့်သူ ၃၀-ဝန်းကျင်ခန့်မေးပြီး ချိန်တွင် ကျွန်တော်အံ့ဩတုန်လှုပ်လာပါသည်၊ ကျွန်တော်ကိုယ်တိုင်လည်း ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ် သိသူ မဟုတ်ပါ။ သို့သော်လည်း ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်သဖြင့် သိသင့်သော အခြေခံ အချက်လောက်တော့ သိအောင်ကျွန်တော် ကြိုးစားပါသည်။ သို့မှသာ ကျွန်တော်၏ ယုံကြည် ကိုးကွယ်ခြင်းသည် အဓိပ္ပါယ်ရှိမည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဖြေဆိုရာတွင် ပါဝင်လာသော တပည့်တစ်ဦးကဆိုလျှင်-

" ဆရာကလည်း ခက်တာတွေ၊ ကပ်သီး ကပ်သတ်တွေပဲ မေးနေတာဘဲ၊ လွယ်တာလည်း မေးပါဦး ဆရာရဲ့" ဟု ရယ်ရွှန်းပတ်ရွှန်းဖြင့် ပြန်ပြောပါသေးသည်။ ကျွန်တော်ကမူ မရယ် နိုင် ဘဲ-

" ဟဲ့- နင်က ဗုဒ္ဓဘာသာဝင်လေ, ဘွဲ့ရ ပြီးတဲ့သူလေ, မကြာခင်ပြန်တမ်းဝင်အရာရှိ ဖြစ်မယ့်သူလေ, ကိုယ်ယုံကြည် ကိုးကွယ်တဲ့ ဘာသာနဲ့ ပတ်သတ်ပြီးကိုယ့်သားသမီးကို သွန်သင်ညွှန်ပြရမယ့်သူ, တပည့်သားမြေး တွေကို အသိပညာပေးဟောပြောဆုံးမရမယ့်သူ,

ငါမေးတာက နင်တို့နေ့တိုင်း
ဘုရားရှိခိုးနေတဲ့ ကန်တော့
ရသော အကျိုးအားကြောင့်
ဆိုပြီးတော့ ဆုတောင်းတဲ့
အထဲမှာ ပါတဲ့ဟာတွေလေ၊
ဒါဆိုရင်နင်ဘာမှ မသိဘဲ မသိတဲ့
ဟာတွေ ဆုတောင်းနေတာ
လား ...

ပြီးတော့ ငါမေးတာက နင်တို့နေ့တိုင်း ဘုရား ရှိခိုးနေတဲ့ ကန်တော့ရသော အကျိုးအား ကြောင့် ဆိုပြီးတော့ ဆုတောင်းတဲ့ အထဲမှာ ပါတဲ့ဟာတွေလေ၊ ဒါဆိုရင်နင်ဘာမှ မသိဘဲ မသိတဲ့ဟာတွေ ဆုတောင်းနေတာလား" ကျွန်တော့်တပည့်မ ဘာမှပြန်မဖြေတော့ပါ၊ မျက်နှာကမူ မအီမလည်ပုံစံပေါက်နေပါသည်၊ နေ့လယ်ခဏနား ထမင်းစားချိန်တွင်မူ ကျွန်တော့်ရုံးအဖွဲ့မှ တပည့်က ကျွန်တော့်အား ပြောပါသည်။

"ဆရာ- ဆရာတော့ အပြင်မှာ နာမည် ကြီးနေတယ်"

"ဘာ နာမည်ကြီးတာတုန်းကွ"

ကျွန်တော့်တပည့်က ပြုံးဖြဲဖြဲနှင့် ကျွန်တော့်ကို ကြည့်ပြီး-

"ဒေါ်တင်အိက ပြောသွားတယ် ဆရာ။ ဝိပ္ပတ္တိတရား ၄-ပါးတဲ့ဟယ်၊ ငါဘယ်မှတ်မိမလဲ။ ဆရာက ကပ်သီးကပ်သတ်ကို မေးတယ်လို့ ပြောသွားတယ်ဆရာရဲ့။တခြားလူတွေကလည်း

ဆရာမေးမှာတွေကို လန့်နေကြတယ်။ သူတို့ကလည်း **တက်ကျမ်း** စာအုပ်ပဲဖတ်ပြီး ကျက်ထားကြတာဆိုတော့ အခုမှ ဗုဒ္ဓဘာသာ စာအုပ်လိုက်ရှာကြတော့လည်း ရှာလို့မတွေ့ဘူး ဖြစ်နေကြတယ်"

ကျွန်တော်သက်ပြင်း တစ်ချက်သာ ချမိပါသည်။ ဘာမှလည်း ပြန်ပြောချင်စိတ် မရှိတော့ပါ။ ကျွန်တော် မေးပြီးသမျှ ဖြေဆိုသူ ၃၀-ဝန်းကျင်ခန့်တွင် ကျွန်တော်မေးသော မေးခွန်းများအနက် **ဩကာသ, သာဓု, ကံ** ဆိုသည်မှာတို့ကိုသာ ၁၅-ဦးခန့် အကြမ်းဖျင်း ဖြေနိုင်ပြီး၊ **ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်အောင် ဘာကို ဆောက်တည်ရမလဲ** ဆိုသည့် မေးခွန်းကို ဖြေဆိုနိုင်သူ ၁၀-ဦးခန့်သာ ရှိပါသည်။ ကျန်မေးခွန်းများကို မဖြေနိုင်ကြပါ။ ကျွန်တော်စိတ်တွင်းမှ အံ့ဩမိသလို စိတ်မကောင်းလည်း ဖြစ်နေပါသည်။ ကျွန်တော် မေးသော မေးခွန်းများ၏ အဖြေမှာ ဗုဒ္ဓဘာသာ၏ အခြေခံမျှသာဖြစ်၍ ကျွန်တော်ပြန်ဖြေရန် လိုမည် မထင်ပါ။ သို့သော်လည်း ကျွန်တော့် တပည့်များကို နောင်သောအခါ အခွင့်ကြုံတိုင်း ကျွန်တော်ပြန်ပြောပြရပါသည်၊ ဖြေပြရပါသည်-

### ဗုဒ္ဓါနုဿတိဆိုတာ ဘာလဲ

ဗုဒ္ဓါနုဿတိသည် သမထကမ္မဋ္ဌာန်း ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော် ၉-ပါးတို့မှာ လူသာမန်တို့၌ တစ်ပါးမျှပင် မရှိနိုင်ပါ။ သို့ဖြစ်၍ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်တို့၌ အာရုံပြုပြီး ဘုရားရှင်ကို ကြည်ညိုခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်၏ အမျိုးဇာတ်အားဖြင့် ပင်ကိုအတိုင်းပင် အလွန်တင့်တယ်တော်မူပုံ၊ ထိုမျှတင့်တယ်သပ္ပါယ်တော်မူသော ကိုယ်တော်ဖြင့် အားလပ်ခွင့်မရအောင် သတ္တဝါများ၏ အကျိုးကို ပရိနိဗ္ဗာန်စံတော်မူချိန်အထိ ဆောင်တော်မူပုံများကို စိတ်၌ ကြည်နူးစွာဖြင့် ဘုရားအာရုံကို ပျောက်ကွယ်မသွားစေဘဲ အဖန်တလဲလဲ စွဲမြဲအာရုံ ယူနေမှုပင် ဖြစ်ပါသည်။

၃၁-ဘုံ

အပါယ် ၄-ဘုံ၊ နတ်ပြည် ၆-ထပ်၊ လူပြည် ၁-ဘုံ၊ ဗြဟ္မာဘုံ ၂၀၊ ပေါင်း ၃၁-ဘုံ ဖြစ်ပါသည်။

### ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်အောင် ဘာကို ဆောက်တည်ရမလဲ

ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်အောင် သရဏဂုံ ၃-ပါး၌ ခံယူဆောက်တည်ရပါမည်။ ဘုရားစစ်, ဘုရားမှန်၊ တရားစစ်, တရားမှန်၊ သံဃာစစ်, သံဃာမှန်တို့ကို ဆည်းကပ်ကိုးကွယ် ယုံကြည်သော သဒ္ဓါဦးဆောင်သော သဒ္ဓါ, ပညာနှစ်ပါးဦးစီးသော မဟာကုသိုလ်စိတ်ကို သရဏဂုံဟုခေါ်ပါသည်၊ ထိုသရဏဂုံ ၃-ပါးမှာ-

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-
ဘုရားမြတ်ကို ကိုးကွယ်ပါ၏၊
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ-
တရားမြတ်ကို ကိုးကွယ်ပါ၏၊
၃။ သံဃံ သရဏံ ဂစ္ဆာမိ-
သံဃာမြတ်ကို ကိုးကွယ်ပါ၏။

### ရပ်ပြစ် ၈-ပါး

မဂ်, ဖိုလ်ရအောင် တရားအားထုတ်ခွင့် မရသောကြောင့် မဂ်, ဖိုလ်မရနိုင်သည့် အပြစ်ရှိသော အရပ် ရှစ်ပါး ဖြစ်ပါသည်။ သုတ်ပါထေယျပါဠိတော်လာအရ ရပ်ပြစ် ၈-ပါးမှာ-

၁။ **ငရဲဘုံ၊**

၂။ **တိရစ္ဆာန်ဘုံ၊**

၃။ **ပြိတ္တာဘုံ၊**

၄။ **ဒီဃာယုနတ်ဘုံ**- ဘုရားပွင့်ဆဲအခါ လွန်စွာအသက်ရှည်၍ ဘုရားရှင်ကို မဖူးတွေ့နိုင်သော ခန္ဓာကိုယ်သာရှိ၍ စိတ်ဝိညာဉ်မရှိသော အသညသတ်ပြဟ္မာများနှင့် စိတ်ဝိညာဉ်သာရှိ၍ ခန္ဓာကိုယ်မရှိသော အရူပပြဟ္မာများ၏ ဘုံ၊

၅။ **ပစ္စန္တရာဇ်**- ဘုရားရှင်နှင့် ရဟန်းတော်များ မရောက်သော အစွန်အဖျားအရပ်ဒေသ၊

၆။ ဘုရားပွင့်ဆဲအခါ မိစ္ဆာဒိဋ္ဌိ အယူရှိသူများနေသော အရပ်၊

၇။ ဘုရားပွင့်ဆဲအခါ တရားကို နားလည်လောက်သော အသိဉာဏ်မရှိသူများနေသော အရပ်၊

၈။ ဘုရား မပွင့်သောအခါ လူဖြစ်ရသူများ။

**ဝိပတ္တိတရား ၄-ပါး**

ဖောက်ပြန်ချွတ်ယွင်းခြင်းကို **ဝိပတ္တိ**ဟု ခေါ်ပါသည်။

၁။ ကာလဝိပတ္တိ- မကောင်းသောအခါကာလ/မင်းဆိုးမင်းညစ်အုပ်ချုပ်သောအခါကာလ၌ လူဖြစ်ရခြင်း၊

၂။ ဂတိဝိပတ္တိ-လားရာဂတိချွတ်ယွင်းခြင်းကြောင့် အပါယ်လေးပါး၌ ဖြစ်ရခြင်း။

၃။ ဥပဓိဝိပတ္တိ-ရုပ်ဆင်းအင်္ဂါချွတ်ယွင်းခြင်း။

၄။ ပယောဂဝိပတ္တိ- ကိုယ်မှုနှုတ်မှုကို **"ပယောဂ"** ဟုဆိုပါသည်။ အသိအလိမ္မာမရှိ၊ သတိ၊ ဝီရိယလည်းမရှိဘဲ ပြုမူပြောဆို၊ ကြံစည်မှုဖြစ်ပါသည်။

**ဗျသနတရား ၅-ပါး**

" **ဗျသန** " ဆိုသည်မှာ ဆုံးရှုံးခြင်း၊ ပျက်ဆီးခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။

၁။ ဉာတိဗျသန-ဆွေးမျိုးများပျက်ဆီးခြင်း။

၂။ ဘောဂဗျသန- စည်းစိမ်ဥစ္စာပျက်ဆီးခြင်း။

၃။ ရောဂဗျသန-အနာရောဂါဖြစ်ခြင်း။

၄။ ဒိဋ္ဌိဗျသန-မိစ္ဆာအယူကို ယူခြင်း။

၅။ သီလဗျသန-သီလပျက်ဆီးခြင်း။

**သြကာသ**

ပါဠိစကားဖြစ်၍ " **အခွင့်** " ဟု အနက်ဖြစ်ပါသည်။ ကန်တော့ပါရစေ၊ ရှိခိုးပါရစေ၊ အခွင့်ပြုတော်မူပါဟု ခွင့်တောင်းခြင်း ဖြစ်ပါသည်။

**သာဓု**

ပြုလုပ်သောဒါန, သီလ, ဘာဝနာစသည့် ကုသိုလ်အားလုံးအတွက် ဝမ်းမြောက်ကြည်နူးစွာ သာဓုခေါ်ဆိုခြင်း ဖြစ်ပါသည်၊ သာဓု၏ အဓိပ္ပါယ်မှာ " **ကောင်းလေစွ** " ဟု ဖြစ်ပါသည်။

**ကံ**

ကံဆိုသည်မှာ " **ကမ္မ** " ပါဠိမှလာသော မြန်မာဝေါဟာရဖြစ်၍ " **ပြုလုပ်မှု** " ဟု အဓိပ္ပါယ်ရပါသည်။ ကံ ၃-ပါးရှိပါသည်-

၁။ ကာယကံ-ကိုယ်ဖြင့်ပြုလုပ်မှု။

၂။ ဝစီကံ-နှုတ်ဖြင့်ပြောဆိုမှု။

၃။ မနောကံ-စိတ်ဖြင့်ကြံစည်မှု။

ကံဆိုရာဝယ် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ နှစ်မျိုးစလုံးပါဝင်ပါသည်။ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ

နှစ်မျိုးစလုံးနှင့် ၎င်းကံတို့၏ အကျိုးတို့ကို သက်ဝင်ယုံကြည်မှ ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်ပါသည်။ အတိတ်ကံကြောင့် လူ့ဘဝ, နတ်ဘဝ, တိရစ္ဆာန်ဘဝစသော ဘဝများကိုရကြပြီး ၎င်းဘဝများ၌ ချမ်းသာမှု ဆင်းရဲမှုတို့ကိုလည်း ခံစားကြရပါသည်။ အတိတ်ကံသည် မူရင်းပဓာနဖြစ်သော်လည်း ဉာဏ်နှင့်ဝီရိယဦးဆောင်သော ပစ္စုပ္ပန်ကံ၏ အထောက်အပံ့ရမှ အများအားဖြင့် အကျိုးပေးလေ့ရှိပါသည်။

အခြေအနေပေး၍ကြုံဆုံသော တပည့်တပန်းများကို ရှင်းပြ၊ ပြောပြရင်း ဗုဒ္ဓစာပေကို အလေ့အလာနည်း၊ အဖတ်အရှုနည်းခြင်းများ အတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်၊ ကျွန်တော်တို့ဗုဒ္ဓဘာသာသည် အခြားဘာသာများနှင့်မတူ ကွဲပြားသော ထင်ထင်ရှားရှား အချက် ၂- ချက်ရှိပါသည်။ အခြားဘာသာဝင်များ၏ အန္တိမရည်မှန်းချက်မှာ **"ကောင်းကင်ဘုံ"** ဖြစ်ပါသည်၊ နတ်ပြည်၊ ဗြဟ္မာပြည်အဆင့်မျှသာ ရှိပါသည်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ၏ အန္တိမရည်မှန်းချက်မှာ ၃၁-ဘုံ၌ မကျင်လည်ရတော့သော **"နိဗ္ဗာန်"** ဖြစ်ပါသည်၊ နိဗ္ဗာန်သည် ဆင်းရဲကြောင်းဖြစ်သော ကိလေသာတရားများနှင့် ဆင်းရဲခြင်းဒုက္ခတရားတို့ ချုပ်ငြိမ်းခြင်းကြောင့် ထာဝရအေးချမ်းခြင်း (သီတိ)၊ ထာဝရငြိမ်းချမ်းခြင်း(သန္တိ)၊ သဘောပင်ဖြစ်ပါသည်၊ တနည်းအားဖြင့် လိုချင်မှုတဏှာမှ လွတ်မြောက်သည့် သဘောတရား (သို့မဟုတ်) ရာဂစသော မီး ၁၁-ပါးတို့မှ ငြိမ်းအေးမှု သဘောတရားကို နိဗ္ဗာန်ဟုခေါ်ပါသည်၊ အခြားမတူ ကွဲပြားသော အချက် ၁-ချက်မှာ အခြားဘာသာများက ၎င်းတို့ဘုရားကိုယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်း လိုက်နာခြင်းဖြင့်လည်းကောင်း၊ ရည်မှန်းချက်ကို ရောက်ရှိနိုင်သည်ဟု ယုံကြည်ကြပြီး ကျွန်တော်တို့ ဗုဒ္ဓဘာသာကမူ ကိုယ်တိုင်ကြိုးစား၊ ကျင့်ကြံ၊ အားထုတ်နိုင်မှ ရည်မှန်းချက်ကို ပေါက်ရောက်နိုင်မည်ဖြစ်ပါသည်။

သို့ကလို ကိုယ်တိုင်အားထုတ်၊ ကြိုးပမ်း၊ ကျင့်ကြံပါမှ ရည်မှန်းချက်သို့ရောက်နိုင်သော ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓဘာသာအခြေခံအကြောင်းမျှကိုပင် အရွယ်ရောက်ပြီး ရင့်ကျက်ပြီး ပညာတတ်၊ ဘွဲ့ရများက မသိကြတော့သောအခါ ကျွန်တော် ဝမ်းနည်းစိုးရိမ်မိပါသည်။ သူများအပြောကောင်း၍ ယုံကြည်သောသဒ္ဓါဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်နေသူများနှင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်နေသည့် သဒ္ဓါဗုဒ္ဓဘာသာဝင်အများစု ဖြစ်နေကြပါသည်၊ ဘုရားစစ်, တရားစစ်, သံဃာစစ်တို့အား ထိထိရောက်ရောက်ယုံကြည်ကိုးကွယ်မှု နည်းပါးကြပါသည်။ ဗုဒ္ဓဘာသာ၌ လေးမြတ်စွာယုံကြည်သော **ပညာဗုဒ္ဓဘာသာဝင်များ** ဖြစ်ကြရန်လိုပါသည်၊ ပညာဗုဒ္ဓဘာသာဝင်ဆိုသည်ကား သက်တော်ထင်ရှားမြတ်စွာဘုရားကို စိတ်၌ ထင်မြင်လာအောင် ယုံကြည်စွာ ကိုးကွယ်သည့် အပြင် ရုပ်ပုံ၊ စေတီတော်များကိုလည်း (ဓာတ်ရှိသည်ဖြစ်စေ/မရှိသည်ဖြစ်စေ) ကျေနပ်လေးမြတ်စွာ ပူဇော်ကိုးကွယ်ကြပါသည်၊ တရားကို ကိုးကွယ်ရာ၌လည်း တရားအစစ်အမှန်၊ ကျမ်းဂန်၊ ပိဋကနှင့် မဂ်ဖိုလ် နိဗ္ဗာန်တရားတို့ကို ယုံကြည်လေးမြတ်စွာ သိရှိကိုးကွယ်ကြပါသည်။ သံဃာကို ကိုးကွယ်ရာ၌လည်း သုပ္ပဋိပန္နတာ စသော ဂုဏ်တို့နှင့် အတန်အသင့်ပြည့်စုံသော ပုထုဇဉ်သံဃာများကိုလည်းကောင်း၊ အမှန်းအတားအားဖြင့် ဉာဏ်နှင့်ယှဉ်သော ပညာဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။

ဗုဒ္ဓဘာသာစာပေကျမ်းဂန်များမှာ ပါဠိဘာသာဖြင့် ရေးသားထားမှု လွှမ်းမိုးသဖြင့်လည်းကောင်း၊ ထိုပါဠိ ဘာသာဖြင့်ပင် ဟောပြော ရွတ်ဖတ်မှုများကြောင့်လည်းကောင်း မြန်မာလိုအဓိပ္ပါယ်မသိဘဲ မိမိနေ့စဉ်ဆုတောင်းသည့် ဆုတောင်းကိုပင် အဓိပ္ပါယ်မသိဘဲ ဆုတောင်းနေကြသလိုဖြစ်နေသည်ဟု တွေ့ရပါသည်။ ဗုဒ္ဓဘာသာဝင်နှင့် ဗုဒ္ဓစာပေကြား၌ အဆက်အစပ်မဲ့ ကွက်လပ်ကြီးဖြစ်နေသည်ဟု မြင်ရပါသည်။ ယခုအခါ မြန်မာပြန်ဆို ရေးသားသော ဗုဒ္ဓစာပေများစွာ ထွက်ပေါ်နေပြီ ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်အများစုမှာ ဖတ်ရှုခွင့်မရခြင်း၊ အချိန်မပေးနိုင်ခြင်းများကြောင့် ဗုဒ္ဓစာပေနှင့် အလှမ်းဝေးနေကြဆဲဖြစ်ရာ သံဃာတော်အရှင်မြတ်များ၏ ဟောကြားမှုမှာ အရေးပါလှသည်ဟု နှလုံးသွင်းမိပါသည်။

တစ်နေ့ ကျွန်တော်တို့ ဌာနတွင်ပြုလုပ်သော ဝါဆိုသင်္ကန်းကပ်ပွဲတွင် ရွာမပရိယတ္တိစာသင်တိုက်မှ ပဓာန နာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက) ကြွရောက်တော်မူ၍၊ သီလပေးပါသည်။ ဆရာတော်ကြီး သီလပေးသည်ကို ပထမဆုံးတွေ့ကြုံရခြင်းလည်းဖြစ်ပါသည်။

"ဘုရားကိုလည်း စိတ်မှာစွဲ အမြဲ ကိုးကွယ်မည်"
"တရားကိုလည်း စိတ်မှာစွဲ အမြဲ ကိုးကွယ်မည်"
"သံဃာကိုလည်း စိတ်မှာစွဲ အမြဲ ကိုးကွယ်မည်"

ကျွန်တော်ခေါင်းထောင်၍ မျက်စိဖွင့်ကာ ဆရာတော်ကြီးကို ဆန်းသစ်သော အံ့ဩမှုဖြင့် ဖူးမျှော်နေမိဆဲ၊

"သူ့အသက်လည်း မသတ်ဘဲ အမြဲ ရှောင်ကြည်မည်"
"သူ့ဥစ္စာလည်း မခိုးဘဲ အမြဲရှောင် ကြည်မည်"
"သူ့အိမ်ယာလည်း မမှားဘဲ အမြဲ ရှောင်ကြည်မည်"
"မုသားကိုလည်း မပြောဘဲ အမြဲ ရှောင်ကြည်မည်"
"သေရည်ကိုလည်း မသောက်ဘဲ အမြဲရှောင်ကြည်မည်"

ဆရာတော်ဘုရားကြီးသည် ရင့်ကျက်၊ တည်ငြိမ်ကြည်ညိုဖွယ်သော ဣန္ဒြေသိက္ခာဖြင့် အပိုအလိုမရှိ လိုရင်းအတိုင်း သီလပေးတော်မူပါသည်။ ဆရာတော်ဘုရားကြီးချပေးသော ငါးပါးသီလကို ခံယူဆောက်တည်ရင်း ရင်၌ကြည်နူးပီတိဖြင့် စိမ့်ဝင်ပျံ့နှံ့နေပါသည်၊ ဆရာတော်ကြီးက ငါးပါးသီလကို မြန်မာပြန် အနက်အဓိပ္ပာယ်ဖြင့် ချပေးသွားပါသည်၊ ကျေနပ်နှစ်သက်ဝမ်းမြောက်သည်မှာ မည်သို့ ပြောရမှန်းမသိပါ၊ ဆရာတော်ဘုရားကြီးအား ထိုခြင်းငါးပါးဖြင့် ကြည်ညိုစွာဝတ်ပြုရင်း ရင်တွင်းဆန္ဒကို ရင်တွင်းမှပင် လျှောက်ထားလိုက်မိပါသည်-

" ကွက်လပ်ဖြည့်ပေးတော်မူပါဘုရား "

သဒ္ဓါကြည်ညိုစွာလက်စုံမိုးလျက်-

◆ နီမင်းညို

**စာညွှန်း-**

၁။အရှင်ဇနကာဘိဝံသ၏ ရတနာ့ဂုဏ်ရည်
၂။ဗုဒ္ဓဘာသာတရားတော် အနှစ်ချုပ်
(အထက်တန်းအဆင့်)
သာသနာရေးဝန်ကြီးဌာန၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ။

# ဘယ်ဟာကောင်းတဲ့ ထမင်းတစ်နပ်



ရေကူးမြတ်လေးနောင်

သမ္မာအာဇီဝမကျသော ထမင်းတစ်နပ်သည် အဘယ်လိုပင်စားကောင်း သောက်ဖွယ်တွေနှင့် စားရပါစေ၊လျှာပေါ်တွင် ခေတ္တမျှသာ အရသာ ရှိပါလိမ့်မည်။ သံသရာအတွက်တော့ မီးလိုပူပါ၏။ လည်ချောင်းတွင်း မျိုမကျ၊ ကိုယ့်လိပ်ပြာကိုယ်မသန့်ဖြစ်ရသည်။ သူတစ်ပါး စိတ်ဆင်းရဲမှ မျက်ရည်ကျမှ စားရသောက်ရမည့် ဘဝသည် ဘယ်မှာ ချမ်းသာသုခ ရှိပါ့မလဲ။ လူတိုင်းတွင် အတ္တစိတ်ရှိကြပါ၏။ သို့သော် သူတစ်ပါးကို မထိခိုက် မနစ်နာစေသော ကာယဉာဏ ဝီရိယစွမ်းအားဖြင့် ကိုယ်ကျိုးရှာမှု ဖြစ်သင့်ပေသည်။

=O=O=O=

မကြာသေးမီရက်ပိုင်းအတွင်းက ဖြစ်ပါသည်။ ရပ်ကွက်ထဲတွင် အတူနေထိုင်ကြသော ဦးခင်အောင်၏ မိခင်ကြီး ဆုံး၍ အသုဘလိုက်ပို့ရင်း သူ့ခြေရင်းအိမ်ရှိ ဌာနတစ်ခုတည်း အတူလုပ်ခဲ့သူ မိတ်ဆွေ ကိုစိုးဝင်းအိမ်ရှေ့သို့ ရောက်ခဲ့ရပြန်သည်။ ကိုစိုးဝင်းအိမ်အား ကိုမြတ်ထွေးတွေ့လိုက်ရ၍ စိတ်မချမ်းသာ ဖြစ်ခဲ့ရပြန်သည်။

"ဟ. . . ဒီအိမ်က ဘယ်လိုဖြစ်သွားတာလဲ။ အိမ်လဲမရှိတော့ဘူး။ မြေကွက်ပဲကျန်တော့တယ်"။

"ကိုမြတ် ကလည်းဗျာ၊ ခင်ဗျားမသိလိုက်ဘူးလား။ မြေချည်းပဲ သိန်းနှစ်ရာနဲ့ တစ်ဆင့် ပြန်ရောင်းလိုက်ပြီလေ။ အိမ်ကိုတော့ သစ်ဟောင်းဝယ်တဲ့သူဌေးကို ဖျက်ပြီး ရောင်းလိုက်တယ်"။

ကိုမြတ်ထွေးနှင့်အတူ အသုဘလိုက်ပို့သော ဆရာဦးထွန်းငြိမ်းက သူသိသမျှ ကိုမြတ်ထွေးအား ပြန်လည်ရှင်းပြနေပါသည်။

"အင်းဗျာ ကျွန်တော်ဒီအိမ်ရှေ့ရောက်တိုင်း စိတ်မကောင်းဖြစ်ရတယ်။ ကိုစိုးဝင်းကို သတိရနေတယ်"

"ကံတရားပေါ့ဗျာ၊ ထိုက်သူစံဆိုသလိုပေါ့၊ အချိန်ကာလကလည်း ရှိသေးတာကိုး၊ ပြီးတော့ ကိုမြတ်က ဒီအိမ်ကို ရသင့်သားနဲ့ မယူရက်တော့ သူများစားဖို့ ဖြစ်သွားတာပေါ့။

ကိုမြတ်ထွေးရဲ့ မိတ်ဆွေ ဆရာဦးထွန်းငြိမ်း ပြောတာ မှန်ပါသည်။ ထိုအိမ်ကို လွန်ခဲ့သော ဆယ်ငါးနှစ်ခန့်က ကိုမြတ်ထွေးထံသို့ အိမ်ရှင် ဦးစိုးဝင်းနှင့် ဒေါ်ရင်ရင်နုတို့ ကိုမြတ်ထွေးထံတွင် ငွေကျပ် နှစ်သိန်းဖြင့် လာပေါင်နှံခဲ့ဖူးပါသည်။ တစ်ကြိမ်တစ်ခါ မဟုတ်၊ အကြိမ်ကြိမ်။ ဒါပေမဲ့ ကိုမြတ်ထွေးဇနီး ရောင်းသော ဈေးဆိုင်မှာလည်း အကြွေးတွေ သောင်းနှင့်ချီ၍ယူထား၏။ ကိုမြတ်ထွေးအပေါင်မခံလိုလျှင် မိတ်ဆွေတစ်ယောက်ယောက်ဆီမှာ ပေါင်ပေးပါဟုဆိုပြန်သည်။ ဝန်ထမ်းလုပ်သက်ဖြင့် တစ်သက်မှာ တစ်ခါသာ ရဖူးသော ဒဂုံမြို့သစ်ရှိ ထိုအိမ်ကလေးအား မတန်မဆဖြင့် ဆုံးပါးသွားမည်စိုး၍ အခြားလဲ ပေါင်မပေး၊ သူလည်း အပေါင်မခံဘဲ လိုအပ်သောငွေကြေးကိုသာ ကိုမြတ်ထွေးက ချေးငှား၏။ သူတို့အိမ်ဂရံစာချုပ်များကိုလည်း အတင်းလာပေးထား၏၊ ကိုမြတ်ထွေးမယူပါဘူး ဟုပြောလည်း မရ။ သူတို့ငွေချေးရလွယ်အောင် ဂရံစာချုပ်များကို ပေးထားခြင်းဖြစ်ပါသည်။

ထိုအချိန်က ဒဂုံမြောက်ပိုင်းရှိ ဦးစိုးဝင်း၏ အိမ်သည် ဆယ်သိန်းခန့်တန်ပါသည်။ ကိုမြတ်ထွေးအပေါင်မခံသောအခါ ဦးစိုးဝင်းတို့ဇနီးမောင်နှံသည် အခြားမှာ ကျပ်နှစ်သိန်းဖြင့် ပေါင်သွား၏။ နှစ်နှစ်ခန့် ကြာသောအခါ အတိုးတွေတက်ပြီး ငွေကျပ်လေးသိန်းခွဲနှင့် ရောင်းချလိုက်ရပါသည်။

တကယ်ဆိုပါမူ ကိုမြတ်ထွေး ထိုအိမ်ကို ကျပ်နှစ်သိန်းဖြင့် အပေါင်ခံနိုင်ပါသည်။ အပြီးဝယ်မည်ဆိုလျှင် ငါးသိန်းပဲပေးပါဟု သူငယ်ချင်းဖြစ်သူဦးစိုးဝင်းက မကြာခဏလာပြော၏။ ဒါပေမဲ့ ကိုမြတ်ထွေးက မစားကောင်းသည့်မလုပ်ကောင်းသည့် ကိစ္စဖြစ်၍လည်းကောင်း၊ သူငယ်ချင်းမိသားစုအခြေပျက်မည်စိုး၍လည်းကောင်း၊ သနားကရုဏာ ကိုယ်ချင်းစာနာစိတ်ဖြင့် အပေါင်မခံ၊ ဝယ်ယူခြင်းမပြုခဲ့ပါပေ။ ယခုတော့ လေးသိန်းခွဲနှင့်ကြေးဖြတ်ဝယ်ယူခဲ့သူမှာ ကျပ်သိန်း နှစ်ရာဖြင့် ရောင်းစားသွားခဲ့ချေပြီ။

=o=o=o=

အချိန်ကာလတို့သည် ဆယ်စုနှစ်တစ်ကြိမ်ပြီးတစ်ကြိမ်ပြောင်းလဲလာခဲ့ပြီ။ကိုမြတ်ထွေး အငြိမ်းစားယူပြီးနောက် အပေါင်းအသင်း သူငယ်ချင်းများက ကုမ္ပဏီတစ်ခုခုတွင် အလုပ်ဝင်လုပ်ရန် တိုက်တွန်းကြ၏။ လာရောက်ခေါ်ငင်ကြ၏။ ကိုမြတ်ထွေး ဘာအလုပ်မျှ မလုပ်တော့ပါ။ ဝါသနာအရ စာဖတ်ခြင်း စာရေးခြင်းကိစ္စကိုသာ အာရုံစိုက်ခဲ့ပါသည်။ တစ်ခါတစ်ရံ ဇနီးသည် တည်ထားသော အိမ်ဆိုင်လေးမှာတော့ သူချက်ပြုတ်နေချိန် ဝင်ရောက်ထိုင်ပေးရ၏။ အငြိမ်းစားဘဝဆိုသည်မှာ ဝင်ငွေနှင့် ထွက်ငွေ မမျှနိုင်ပါ။ ရတာလေးနဲ့ ရောင့်ရဲတင်းတိမ်ရပါသည်။ အချို့မိတ်ဆွေသူငယ်ချင်းများက မိမိတို့ဝင်ငွေနှင့် မလောက်ငှသည်ကို သိကြ၍

"ကိုမြတ်တို့ မမစိမ်းတို့ကလဲဗျာ. . . ဘာမဟုတ်တဲ့ သည်ခြောက်တိခြောက်ချက်အိမ်ဆိုင်လေးဖွင့်ရောင်းနေတယ်။ သူများတွေလို အရက်ဆိုင်တို့ စားသောက်ဆိုင်တို့ ဖွင့်ပါလား။ ခင်ဗျားတို့အိမ်ကလည်း လမ်းဆုံလဲကျ။ ကားဂိတ်တွေနဲ့လဲ နီးတော့ ရောင်းကောင်းမှာ စွန်မှာဗျ၊ ကိုယ်တိုင်မရောင်းချင်ရင်လည်း လူငှားနဲ့ ထားပေါ့။"

" မဖြစ်ပါဘူး သူငယ်ချင်းတို့ရာ ရှိရင်းစွဲပဲကောင်းပါတယ်။"

"ဘာလို့မဖြစ်ရမှာလဲဗျာ၊ ခင်ဗျားတို့နောက်ကျောလမ်းက အရက်ဆိုင်ကိုပဲကြည့်ပါ

လား။ ဘယ်လောက်ကြီးပွားနေပြီလဲ။ ဟိုဘက်က စက်မှုဇုံအနားက ဆိုင်ဆိုရင် တိုက်နဲ့ကားနဲ့ ဖြစ်နေပြီ။ ရေလိုက်မလွဲစမ်းပါနဲ့ ကိုမြတ်ရယ်။"

ကိုမြတ်ထွေး ဘာမျှ အဖြေမပေးခဲ့ပါ။ ငယ်စဉ်ကတည်းက အကုသိုလ်အလုပ်ကို ကြောက်လွန်း၍ အမွေရသော လယ်ယာ အင်းအိုင် အလုပ်တွေကို စွန့်ခဲ့ပြီး မြို့သို့တက်ခါ ဝန်ထမ်းဘဝဖြင့် နှစ်ပေါင်းသုံးဆယ်ကျော် ပျော်မွေ့ခဲ့ပါသည်။ ဝန်ထမ်းသက်တစ်လျှောက် သူများတွေက အကြံအဖန်ဝင်ငွေရသော နေရာဌာနမှာသာလုပ်လိုကြ၏။ မိမိကတော့ သူများ မလုပ်ချင်သည့် ဌာန၊ ဝင်ငွေမရှိသော နေရာများမှာသာ အေးအေးဆေးဆေး ထမင်းကြမ်းယပ်ခတ်၍ စားနေခဲ့သည်။ ဘယ်လောက်သောက ဗျာပါဒတွေ ကင်းလိုက်ပါသလဲလေ. . ။

=o=o=o=

ကျေးဇူးသိ၍ ကျေးဇူးဆပ်ချင်သူ ငယ်စဉ်က ကိုမြတ်ထွေး ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ဖူးသူ တူမဝမ်းကွဲ တစ်ယောက်သူ့အိမ်သို့ ရောက်လာပါသည်။ သူတို့နေထိုင်သော တောင်ဒဂုံတွင် လူစည်ကားလှကြောင်း၊ ဦးလေးအငြိမ်းစားယူပြီကြား၍ သူတို့နှင့်အတူ လာရောက်စီးပွားရေးလုပ်ရန် လာခေါ်ခြင်းဖြစ်ကြောင်း ပြောပါသည်။ မိမိအလုပ်မရှိချိန် အရွယ်ရလာချိန် ကျေးဇူးသိတတ်စွာ လာရောက်ခေါ်သူ တူမငယ် မအုန်းကြင်ကို ကျေးဇူးတင်ပါ၏။ ဒါပေမဲ့ ကိုမြတ်ထွေး ထိုအလုပ်ကို မလုပ်ခဲ့ပါ။ သူတို့အလုပ်က မရှိနွမ်းပါးသူများကို ခေါင်းပုံဖြတ်အလုပ်ဖြစ်ပါသည်။

" အေးဟ. . နင်တို့ လုပ်ငန်းက ဝင်ငွေတော့ဖြောင့်ပါတယ်၊ ဒါပေမဲ့ သမာအာဇီဝ သိပ်မကျဘူး၊ သူများပစ္စည်းတွေ မတန်တဆ ဈေးဖြတ်ပြီး အပေါင်ခံတာကိုး။ မတန်တဆနဲ့ ဆုံးသွားကြတော့ သူတို့ခမျာတွေလဲ နှမြောကြမှာ ပေါ့ တူမရယ်။"

"ဦးလေးမြတ်ကလည်း . . နှမြောရင် ဆုံးမှာစိုးရင် လာမပေါင်ကြနဲ့လေ၊ သူတို့ပစ္စည်း ပြန်ရွေးမယ်ဆိုရင် ကျွန်မက အတိုးနှုန်းကို လျှော့ပေးတာ၊ သူများတွေဆိုရင် ၂၀%နှုန်းယူကြတာ။ ပစ္စည်းမရွေးလို့ ပြန်ထုတ်ရောင်းရပြန်တော့ တခါတလေ အရင်းတောင်မကိုက်တာရှိတယ်၊ ယခု ကျွန်မအိမ်မှာဆိုရင် အောက်ထပ်ကောအပေါ်ထပ်ပါ အပေါင်ပစ္စည်းတွေနဲ့ပြည့်ကျပ်နေလို့ အိမ်ကို ဧည့်သည်လာရင်တောင် အားနာနေရတယ်။

သူပြောပုံကတော့ အားကျစရာပါ၊ စီးပွားရေးသက်သက်သာကြည့်မည်ဆိုလျှင် လုပ်သင့်သောအလုပ်တစ်ခုပင်ဖြစ်ပါသည်။ တူမ မိသားစုမှာ ယခင်က နေထိုင်စရာ အိုးပိုင်အိမ်ပိုင်မရှိ။ ယခုသည်အလုပ် လုပ်ကိုင်ပါမှ တိုက်နှင့် ကားနှင့် အိမ်နှစ်လုံးသုံးလုံးပိုင်ဆိုင်နေပြီ။

" အေးပါ ဦးလေးစဉ်းစားပါဦးမယ်၊ လုပ်ဖြစ်ရင် တူမဆီလာခဲ့ပါမယ်။"

"ဦးလေး လုပ်ဖြစ်အောင် လုပ်ပါနော်၊ ကျွန်မတို့နဲ့အတူလုပ်ချင်လည်းလုပ်ပေါ့။ ဒါမှမဟုတ် ဦးလေးမြတ်အိမ်မှာလုပ်လည်းရပါတယ်။ တဖြည်းဖြည်းလူသိများလာရင် အောင်မြင်မှာပါ၊ ဘာမှမပူပါနဲ့ လိုအပ်သမျှ ကျွန်မကူညီပါ့မယ်။ သမီးတို့ ဦးလေးမြတ်ကို ကြီးပွားစေချင်လို့ပါ။ ကျေးဇူးဆပ်ချင်လို့ပါနော်"

"ကျေးဇူးတင်ပါတယ် တူမရယ်"

ကြီးပွားနိုင်ကြောင်းလမ်းစလည်း တွေ့ ကူညီပံ့ပိုးမယ့်သူလည်း ရှိပါလျက် ထိုအလုပ်ကို

သူ့လွယ်အိတ်မှ ပိုက်ဆံအိတ်ကို ထုတ်ပြီး မရဲတရဲဖွင့်ကြည့်လိုက်ရာ ထိုပိုက်ဆံအိတ်အတွင်းမှ နာရီတစ်လုံး ရွှေလက်ကောက်တစ်ရံ လက်စွပ်တစ်ကွင်း ငွေသားငါးထောင်ကျော်ကို တွေ့လိုက်ရ၍ နောက်ဘက်ကပ်လျက် ဇစ်ဆွဲအိတ်ထဲသို့ ထပ်မံရှာဖွေကြည့်ရာ ကိုမြတ်ထွေး ဝမ်းသာသွားတော့သည်။

လည်း ကိုမြတ်ထွေးမလုပ်ဖြစ်ခဲ့ပါ၊ သူတစ်ပါးအပေါ် ခေါင်းပုံဖြတ် အမြတ်စားရမည့်အလုပ်ဖြစ်သည့်အပြင် ဆင်းရဲနွမ်းပါးသူများ၏ လက်ထဲမှ ထမင်းတစ်နပ်ကို လုမစားချင်ပါ။ ရေနစ်သူကို ဝါးကူ၍မဖိလိုပါ၊ မကြီးမပွားမချမ်းသာလျှင်လည်း နေပါစေတော့၊

ဆောင်းဦးကာလ နေ့တစ်နေ့မှာ ဖြစ်ပါသည်။ ကိုမြတ်ထွေး ပင်စင်ထုတ်ရန် နံနက်(၉)နာရီခန့်တွင် အိမ်မှစထွက်လာခဲ့ပါသည်။ ဒဂုံမြို့သစ်မြောက်ပိုင်း မဟာမြိုင်အိမ်ယာ(ဆိုင်ရှေ့) မှတ်တိုင်မှ ရန်ကုန်မြို့ထဲသို့သွားသည့် (၃၆)ဒိုင်နာကားကို တိုးစီးလာခဲ့ပါသည်။ ပင်းယမှတ်တိုင်တွင် မိမိရှေ့မှ လူငယ်တစ်ယောက်ဆင်းသွား၍ ထိုင်ရန်နေရာရခဲ့သည်။ ရန်ကင်းသို့ရောက်သောအခါ မိမိဘေးတွင်ထိုင်နေသော အမျိုးသမီးနှင့် ကလေးငယ်တစ်ဦး ကျောင်းလွယ်အိတ်၊ ထင်းမင်း ရေဘူးခြင်းများနှင့် မနိုင်မနင်းတိုးဝှေ့ဆင်းသွားလေသည်။ သို့အတွက်နောက်လူထိုင်စေရန် ကိုမြတ်ထွေး ရှေ့ဘက်သို့ရွှေ့ပေးလိုက်၏။ ထိုအခါကျမှ မိမိ၏ ခြေထောက်နှင့် ပစ္စည်းတစ်ခုကို သွားတိုက်မိသဖြင့် လက်ဖြင့်စမ်းကြည့်လိုက်ရာ ပိုက်ဆံအိတ်တစ်အိတ်ဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ အနားရှိသူများကို မေးမြန်းကြည့်သော်လည်း မည်သူမျှ မဟာ၊ သူတို့ဟာမဟုတ်ကြောင်း ခေါင်းခါကြ၏။ ထိုအချိန်ကျမှ ကိုမြတ်ထွေးစဉ်းစားလိုက်မိ၏၊ စောစောက ရန်ကင်းတွင် ဆင်းသွားသော သားအမိ သူ့ကလေးကို ကျောင်းပို့ရန်အလောတကြီး တိုးဝှေ့ဆင်းသွားရသဖြင့် ပိုက်ဆံအိတ်ကျကျန်ခဲ့တာဖြစ်မည်။ မိမိသတိရ၍ကားပေါ်မှ အမြန်ဆင်းကာ တစ်မှတ်တိုင်လမ်းလျှောက်ပြီး ကျောင်းရှေ့ရောက်သော်လည်း ထိုအမျိုးသမီးနှင့်ကလေးကို မတွေ့၊ သို့နှင့် အချိန်တစ်နာရီခန့် ကုန်သွား၏၊ ကျောင်းရှေ့မှာလည်း လူရှင်းနေပြီ။ ကလေးတွေလည်း ကျောင်းထဲရောက်၍စာသင်နေပြီ။ထိုအမျိုးသမီးနှင့်ကလေးမှာ အပြန်လမ်းစရိတ်ပင်ရှိမည်မဟုတ်။ ကိုမြတ်ထွေးစိတ်ပူနေမိသည်။

ကိုမြတ်ထွေး ဘာဆက်လုပ်ရမှန်းမသိ၊ ရဲဌာနသွားအပ်ရမည်လား။ ဒါမှမဟုတ် ကားဂိတ်ရင်းမှာ သွားအပ်ရမည်လား စဉ်းစားရင်း ရန်ကင်းမှ (၃၇)ဘီအမ်ကို တက်စီးလာခဲ့သည်၊ လမ်း(၃၀)မှတ်တိုင်ရောက်သောအခါ ကားပေါ်မှဆင်းလိုက်ပြီး တစ်ဖက်ခြမ်းရှိ ဘဏ်ဘက်သို့ကူးလာခဲ့၏။ ဘဏ်ရှေ့သို့ရောက်သောအခါ လိပ်စာအထောက်အထား တစ်ခုခုများ ရလိုရငြား သူ့လွယ်အိတ်မှ ပိုက်ဆံအိတ်ကို ထုတ်ပြီး မရဲတရဲဖွင့်ကြည့်လိုက်ရာ ထိုပိုက်ဆံအိတ်အတွင်းမှ နာရီတစ်လုံး၊ ရွှေလက်ကောက်တစ်ရံ လက်စွပ်တစ်ကွင်း၊ ငွေသားငါးထောင်ကျော်ကို တွေ့လိုက်ရ၍ နောက်ဖက် ကပ်လျက် ဇစ်ဆွဲအိတ်ထဲသို့ ထပ်မံရှာဖွေကြည့်ရာ ကိုမြတ်ထွေး

ဝမ်းသာသွားတော့သည်။ ယင်းအိတ်ကပ်လေးထဲတွင် အမျိုးသမီးဓာတ်ပုံပါ ဝန်ထမ်းကဒ်တစ်ခု တွေ့လိုက်ရ၍ဖြစ်ပါသည်။ သူသည် ဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်၏။ ကိုမြတ်ထွေးတစ်ယောက် ဘဏ်ရှေ့သို့ရောက်သော်လည်း သူ့ရဲ့ပင်စင်ငွေကို မထုတ်သေး၊ ပန်းဆိုးတန်းသို့သွား၍ ထိုအမျိုးသမီးရုံးမှာ စုံစမ်းကြည့်သည်။ သေချာသောအခါ ထိုရုံး၏ နေ့တာဝန်ခံထံသွား၍ အကျိုးအကြောင်းပြောပြကာ ခေါ်ခိုင်းပါသည်။ ထိုအမျိုးသမီးတာဝန်မှူးရုံးခန်းသို့ ရောက်ရှိလာသောအခါ ဝန်ထန်းကတ်နှင့်တိုက်ကြည့်ပြီး

" ဒေါ်------ဆိုတာ တူမကြီးလား"

"ဟုတ်ပါတယ်၊ ဦးလေး"

"လမ်းမှာ ဘာအခက်အခဲများ ကြုံတွေ့ခဲ့ပါသလဲ"

"ပိုက်ဆံအိတ်ကျပျောက်လို့ အသိတစ်ယောက်ဆီက ကားခတောင်းခဲ့ရပါတယ်။ "

"တူမကြီးရဲ့လက်ကိုင်အိတ်ထဲမှာ ဘာပစ္စည်းတွေများပါသွားပါလဲ၊ မနှမျောဘူးလား"

"နှမြောတာပေါ့ ဦးလေးရယ်၊ အိတ်ထဲမှာနာရီတစ်လုံး၊ လက်စွပ်တစ်ကွင်း၊ ဆွဲကြိုးတစ်ကုံး၊ ငွေသားက ငါးထောင်ကျော် ပါသွားပါတယ်"

"ကဲ ဒါဆိုဟုတ်ပြီ၊ ရော့ ဒီမှာ တူမကြီးရဲ့ ပိုက်ဆံအိတ်၊ ဒါက တူမကြီးရဲ့ ဝန်ထမ်းကတ်၊ ပစ္စည်းတွေအားလုံး စေ့မစေ့ စစ်ဆေးကြည့်ပါ။ ပြည့်တယ်ဆို တူမကြီးလက်ခံရရှိကြောင်းနဲ့ တာဝန်မှူးကြီးကိုလည်း အသိသက်သေအဖြစ် လက်မှတ်ထိုးခိုင်းပေးပါ တူမကြီး"

"ကျေးဇူးတင်လှပါတယ် ဦးလေးရယ်၊ လိပ်စာလည်းပေးခဲ့ပါ။ ပြီးတော့ လက်ဖက်ရည်လည်းသုံးဆောင်သွားပါဦးနော်"

"ဦးရဲ့အမည်ကတော့ ဦးမြတ်ထွေးလို့ ခေါ်ပါတယ်၊ ဒဂုံမြို့သစ်မှာ နေပါတယ်။ လက်ဖက်ရည်လည်း မသောက်တော့ပါဘူး၊ ဦးလေး ပင်စင်လစာ လာထုတ်တာပါ။ ဘဏ်ကို အချိန်မီသွားရမှာမို့ပါ။ သွားပြီနော် တူမကြီး၊"

ကိုမြတ်ထွေးတစ်ယောက် ပြောပြောဆိုဆို ရုံးခန်းအတွင်းမှ ထွက်လာခဲ့ပါသည်။

" ဦးလေး ဦးလေးဦးမြတ်ထွေး၊ ခဏလေးနေပါဦး ဒီငွေငါးထောင်ကို လက်ခံပါနော်။ သမီးရိုရိုသေသေနဲ့ ကန်တော့တာပါ၊ ယူပါနော် ဦးရယ်၊ "

"ဒီငွေတွေ မလိုအပ်ဘူးကွယ် ကျေးဇူးပြုခံချင်လို့လာပေးတာမဟုတ်ပါဘူး၊ ဦး ဒီငွေတွေကော ရွှေထည်ပစ္စည်းတွေကော ဦးရဲ့လက်ထဲကမှ တူမဆီပြန်ရောက်လာတာပဲ တူမရယ်၊ ဘယာမကင်း သောကမကင်းတဲ့ ပစ္စည်းဆိုရင် ဘာမှမယူဘူး မစားဘူးကွဲ့၊ တူမကြီးကန်တော့ချင်ရင် စိတ်ထဲကဖြစ်ဖြစ် ဦးချကန်တော့လို့ပဲ ဖြစ်ဖြစ် ရပါတယ်။ ဦးကို ဒီငွေပေးမယ့်အစား သမီးရဲ့ မိဘများကိုသာ ကန်တော့လိုက်ပါနော်"

"ဩ---ဦးလေးရယ်"

ကိုမြတ်ထွေးကို ငယ်စဉ်က သူ့မိခင်မှ မကြာခဏ ပြောခဲ့သော စကားတစ်ခွန်းရှိခဲ့ဖူး၏။

"သားလေး မင်းက မြို့မှာ ဝန်ထမ်းဘဝနှင့် ပျော်မွေ့နေသူဆိုတော့ အမေမှာချင်တယ်။ အရာရာကို ကိုယ်ချင်းစာနာပါ၊ စေတနာနဲ့ကျွေးတဲ့ထမင်းကို စားပါ။ ဘယာနဲ့ထမင်းကိုမစားပါနဲ့တဲ့"

အမေ့စကားကို အမေမရှိတော့သော်လည်း ကိုမြတ်ထွေး ထာဝရနားဝယ် ကြားလျက်ရှိပါသည်။

♦ ရေကျော်မြတ်လေးနောင်



# ဖြင်အောင်ရှု

လူသတ္တဝါ• • • •
ကံကြမ္မာလျှင်၊ နိမ့်ခါမြင့်လိုက်
ဗေဒါဒိုက်သို့၊ မြုပ်လိုက်တစ်ခါ
ပေါ်လာတစ်လှည့်၊ မျောရခဲ့ရှာ၊ ကံဖွဲ့ချမ်းသာ
သံသရာဒီဝဲ မလွှဲရှောင်လာ။ ။
အမှိုက်ဒိုက်မှာ၊ ကံမွဲပါ၍
ဘယ်ခါမပွင့်၊ ကမ်းဝယ်မြင့်လည်း
ရနံ့လွှင့်ပေး၊ ပုပ်ခါဆွေး။ ။
သွင်တင့်ဗေဒါ၊ မျှောလိုက်ပါရင်း
ခါခါပွင့်နေ၊ လှတင့်ဝေဖြာ
ရေမြေဝဋ္ဋာတွင်၊ အောင်ပွဲဆင်။ ။
ကံတော်မမည်
ဘဲအုပ်သည်ကား၊ ဒီအောင်ပွဲကို
မမြင်လိုကြ၊ တိုတိုနှုတ်သီး
အားကိုးပြီးလျှင်၊ ဖျက်ဆီးယုတ်မာ၊ ကမ်းကုန်ပါ၏။ ။
ရေစီးအလိုက်၊ ကံမွဲလိုက်၍
ရေဥ္ဓဗေဒါ၊ စိုးထိတ်စွာပွင့်
ကမ္ဘာမြေမှာ၊ ပြုံးပန်းဖြာဝေ
ဒီမှာယူပါ သခ်ၤန်းစာ။ ။
ကံ၏အကျိုး
သင်မျှော်ကိုးက၊ မြတ်နိုးသီလ ခံယူကြ။ ။

*ကံကံ၏အကျိုးအစဥ်မျှော်ကိုးလျက်*

**စိန်မြင့်**(မြို့တော်စည်ပင်)



# မြတ်ဗုဒ္ဓသာသနာခွန့်ရှည်ရာ ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ကြပါစို့

**ရဲကိုကိုတင်**

ဗုဒ္ဓသာသနံ -မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ -ဟုဆိုအပ်သော သာသနာတော်မြတ်သုံးရပ်သည်၊ စိရံ-အနှစ်များမြောင်ကာလကြာအောင်၊ တိဋ္ဌတု-အရှည်ခန့်၍ တည်တံ့တော်မူပါစေသတည်း။

ဤမည်သော မြတ်ဗုဒ္ဓသာသနာတော်သည် ဤကမ္ဘာပေါ်ဝယ် လူဦးရေသန်း (၄၀၀) နီးပါးခန့်သော လူသားများစွာတို့ ယုံကြည်လက်ခံကိုးကွယ်လျက်နေကြပေပြီ။

ဗုဒ္ဓဘာသာတွင်ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာဟူ၍ နှစ်မျိုးကွဲပြားလျက်ရှိ၏။မြန်မာနိုင်ငံရှိ မြန်မာလူမျိုးများသည် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသူများ ဖြစ်၏။

ထို့ကြောင့်ထေရဝါဒဗုဒ္ဓသာသနာ၏ တရားဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် လွန်ခဲ့သော သာသနာသက္ကရာဇ်(၂၅၀၀)ကျော်ကာလကပင် ဗုဒ္ဓမြတ်စွာ ဘုရားကိုယ်တော်တိုင်ဆရာမကူဘဲထိုးထွင်း သိမြင်ဟောကြားတော်မူခဲ့သော တရား ဓမ္မ အမွေအနှစ်များ ဖြစ်ကြပါ၏။

ထိုတရား ဓမ္မ အမွေအနှစ်များဖြစ်သော သာသနာတော်သုံးရပ်ကိုကျွန်ုပ်တို့ယုံကြည်ကိုးကွယ်လက်ခံနေကြလျှင် အခွန့်ရှည်စွာ တည်တံ့ ခိုင်မြဲရေးတာဝန်ကြီးမှာလည်း ကျွန်ုပ်တို့ထေရဝါဒဗုဒ္ဓဘာသာဝင်အားလုံးအပေါ် ကျရောက်နေသည့်လုပ်ငန်းစဉ်ကြီးတစ်ရပ်ဟု ဆိုထိုက်လှပေသည်။ ဤတာဝန်ကြီးကိုလည်း သံသရာခရီးဝယ်ဘဝအဆက်ဆက်ပခုံးပြောင်းတာဝန်ယူထိုက်သည်ကို နားလည်လိုက်နာကျင့်သုံးရပေလိမ့်မည်။

ဤသို့ နားလည်ယုံကြည်လက်ခံကြသည်နှင့်အညီ သာသနာတော်(၃)ရပ်အပေါ် သိရှိနားလည်လိုက် ကြရန် အထူးလိုအပ်လှပါသည်။ သို့မှ သာသနာတော်အကျိုးသယ်ပိုးကြရာတွင် ကဏ္ဍအသီးသီးအလိုက် ကိုယ်စီတာဝန်ထမ်းဆောင်နိုင်ကြမည် ဖြစ်ပါသည်။

အဓိကအားဖြင့် ပရိယတ္တိသာသနာတော်ကို သိမှ၊ လုပ်မှ ပရိပတ္တိသာသနာတော်ကို ဆောင်ရွက်နိုင် ပေမည်။ ပရိယတ္တိနှင့် ပဋိပတ္တိ သာသနာတော်နှစ်ရပ်ကို ထမ်းဆောင်ပါမှ ပဋိဝေဓသာသနာတော်ကိုလည်း တစ်ဆက်တည်း ထမ်းဆောင်နိုင်ကြပေမည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်(သုံး)ရပ်ဟူသည် အဘယ်နည်း။

## ပရိယတ္တိသာသနာ

မြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားရာ အချက်အချာနိုင်ငံဖြစ်ကြောင်း ကမ္ဘာက အသိအမှတ်ပြုထားပေသည်။ ဤနိုင်ငံလူဦးရေ (၅၆) သန်း၏ ၉၀% ခန့်မှာ ဗုဒ္ဓဘာသာကိုးကွယ် သူများဖြစ် ကြ၏။ ကျန် ခရာဇ်ယာန်ဘာသာ ၅. ၅၁%၊ အစ္စလာမ်ဘာသာ ၃. ၃ %၊ ဟိန္ဒူဘာသာ ၀. ၇ %၊ ရိုးရာနတ်ကိုးကွယ်သူ ၀. ၅၂ % ၊ တခြားဘာသာ ၀. ၁၂ %ကိုးကွယ်ကြကြောင်း လေ့လာသိရှိရ၏။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဘုန်းတော်ကြီးကျောင်း ၆၃၂၉၇၊ သီလရှင်ကျောင်း ၃၃၆၉ ရဟန်းသံဃာပေါင်း ၂၄၆၆၆၃ ကျော်၊ သာမဏေပေါင်း ၂၉၉၀၇-ပါး စုစုပေါင်း ရဟန်းသံဃာ(သာမဏေအပါအဝင်) ငါးသိန်းကျော်ရှိပြီး ခရစ်ယန်ဘုရားရှိခိုးကျောင်း ၆၃၁၈၊ ဗလီ ၂၇၅၁၊ တရုတ်ဘုံကျောင်း ၁၅၀ကျော်၊ ဟိန္ဒူဘုရားရှိခိုးကျောင်း ၇၈၇ရှိပြီး နိုင်ငံတော် အစိုးရကလည်း ယင်းဘာသာဝင်များအပေါ် နှစ်စဉ်ထောက်ပံ့ကြေးများပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် မြန်မာတို့၏စိတ်ရင်း၊ ဘာသာတရားတို့၏အဆုံးအမ၊ ရိုးရာအစဉ်အလာယဉ်ကျေးမှု တို့ကြောင့် မေတ္တာတရား၊ မေတ္တာစိတ်လွှမ်းပတ်ထားသဖြင့် ပြည်တွင်းပြည်ပမှ ဘာသာရေး ပုဂ္ဂိုလ်များအတွက် မိမိတို့ယုံကြည်ရာ ဘာသာကို လွတ်လပ်စွာယုံကြည်ကိုးကွယ်လျက်ရှိကြ၏။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဩဝါဒခံယူပြီး သာသနာရေးဝန်ကြီးဌာနက ပရိယတ္တိ စာမေးပွဲများကို အောက်ပါအတိုင်း ကျင်းပပေးလျက်ရှိကြောင်း တွေ့ရ၏။

- တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (နှစ်စဉ် ဒီဇင်ဘာ၊ ဇန္နဝါရီ )
- ဓမ္မာစရိယစာမေးပွဲ (နှစ်စဉ် မတ် )
- ပထမပြန်စာမေးပွဲ ( ။ )
- နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲ (နှစ်စဉ် ဇွန်)
- အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ (နှစ်စဉ် ဒီဇင်ဘာ )
- အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ (နှစ်စဉ် မေ )

တို့ကျင်းပလျက်ရှိသည်မှာ ပရိယတ္တိသာသနာထွန်းကားပြန့်ပွားစေခြင်း အလို့ငှာ ကြိုးပမ်းအားထုတ် လျှက်ရှိကြောင်း ထင်ရှားလှတော့၏။

တိပိဋကဓရ ရွေးချယ်ပွဲကို ပထမအကြိမ်အဖြစ် ၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း (၆) ရက်နေ့မှစတင် ကျင်းပလာခဲ့ရာ ယခုအခါ

အကြိမ်(၆၀) ခန့်ရှိခဲ့၏။ အဆင့်အမြင့်ဆုံး တိပိဋကဓရ ဘွဲ့ရဆရာတော် (၁၃) ပါးမှာ-
-၁၃၁၅-ခုနှစ်(ဆဋ္ဌမ)အကြိမ်
 အရှင်ဝိစိတ္တသာရာဘိဝံသ
မင်းကွန်း၊ စစ်ကိုင်း- (၁၉၅၃ ခုနှစ်)
- ၁၃၂၀ ခုနှစ်(၁၂)ကြိမ်- အရှင်နေမိန္ဒ
မဟာဝိသုတာရာမတိုက်၊
ပခုက္ကူမြို့- (၁၉၅၆ ခုနှစ်)
- ၁၃၂၅ ခုနှစ် (၁၆)ကြိမ်
အရှင်ကောသလ္လ
သိမ်ကုန်းကျောင်းတိုက်၊ ပြည်မြို့။ (၁၉၆၃ ခုနှစ်)
- ၁၃၃၅ ခုနှစ် (၂၆) ကြိမ်
အရှင်သုမင်္ဂလာလင်္ကာရ
မဟာဝိသုဒ္ဓါရုံ-ရွှေကျင်တိုက်သစ်၊
ဗဟန်းမြို့နယ်- (၁၉၇၃ ခုနှစ်)
- ၁၃၄၆ ခုနှစ်(၃၇) ကြိမ်-
အရှင်သီရိန္ဒာဘိဝံသ
မဟာဝိသုဒ္ဓါရုံ- ရွှေကျင်တိုက်သစ်၊
ဗဟန်းမြို့နယ်- (၁၉၈၄ ခုနှစ်)
- ၁၃၅၆ ခုနှစ်(၄၇) ကြိမ်
အရှင်ဝါယာမိန္ဒာဘိဝံသ
တိပိဋကနိကာယကျောင်းတိုက်၊
ရန်ကုန်- (၁၉၉၅ ခုနှစ်)
- ၁၃၆၀ ခုနှစ်(၅၂) ကြိမ်
အရှင်ဝံသပါလာလင်္ကာရ
မင်းကွန်း မိုးမိတ်ကုန်းမြေ
တိပိဋကနိကာယကျောင်း၊
စစ်ကိုင်း (၂၀၀၀ ပြည့်)
- ၁၃၆၁ ခုနှစ်(၅၂) ကြိမ်
အရှင်သီလက္ခန္ဓာဘိဝံသ
မင်းကွန်းမိုးမိတ်ကုန်းမြေ
တိပိဋကနိကာယကျောင်း၊
စစ်ကိုင်း (၂၀၀၀ ပြည့်)
- ၁၃၆၂ ခုနှစ် (၅၃) ကြိမ်
အရှင်ဂန္ဓမာလာလင်္ကာရ
တိပိဋကကျောင်း၊ ဒဂုံမြို့နယ်။ (၂၀၀၁ ခုနှစ်)
- ၁၃၆၅ ခုနှစ် (၅၆) ကြိမ်
အရှင်သုန္ဒရ
စွန်းလွန်းဂူဝိပဿနာကျောင်း၊
သယ်န်းကျွန်းမြို့နယ်။ (၂၀၀၄ ခုနှစ်)
- ၁၃၆၅ ခုနှစ် (၅၆) ကြိမ်မြောက်
အရှင်ကန္တပါလ
မင်းကွန်း မိုးမိတ်ကုန်းမြေ
တိပိဋကနိကာယကျောင်း၊
စစ်ကိုင်း (၂၀၀၄ ခုနှစ်)
- ၁၃၇၀ ခုနှစ် (၆၂) ကြိမ်မြောက်
အရှင်အဘိဇာတာလင်္ကာရာဘိဝံသ
မဟာသုဗောဓာရုံစာသင်တိုက်၊
စစ်ကိုင်း (၂၀၀၉ ခုနှစ်)
-

ယနေ့နိုင်ငံတော်အစိုးရသည် သာသနာတော်နှင့် ပတ်သက်၍ ချီးမြှောက်လုပ်ဆောင်ချက်မှာ အံ့မခန်းပင် ဖြစ်၏။ သာသနာတော်ဘွဲ့တံဆိပ်များကို အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့မှသည် သုဓမ္မသိင်္ဂီဘွဲ့ အထိဘွဲ့တံဆိပ် (၂၂)မျိုးကိုလည်း နှစ်စဉ် သာသနာတော်သယ်ပိုးဆောင်ရွက်သူ ရဟန်းသံဃာ၊ လူပုဂ္ဂိုလ် အားလုံးကို ချီးမြှင့်ပေးအပ်လျက်ရှိသည်မှာ ချီးမွမ်းအားကျဖွယ် ဖြစ်ပါ၏။

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ၁၉၈၀-ခုနှစ်တွင် ပရိယတ္တိစာပေသင်ကြားရေးနှင့် စပ်လျဥ်း၍ ပထမအကြိမ်သံဃာ့အစည်းဝေး ဂိုဏ်းပေါင်းစုံမှ မူ(၄)ရပ်ချမှတ်ပြီး ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင် ပရိယတ္တိ

သာသနာ့တက္ကသိုလ်ကြီး (၂) ခုတည်ထောင်နိုင်ခဲ့ပြီ ဖြစ်ပါ၏။

မူကြီး(၄)ရပ်မှာ-

-အကျင့်သိက္ခာ မြင့်မားစေခြင်း

-ပိဋကတ်ကျမ်းစာနှံ့စပ်စေခြင်း

-ပါဠိဘာသာတတ်မြောက်ကျွမ်းကျင်စေခြင်း

-မြန်မာစာပေ အရေးအသား တော်စေခြင်းတို့ပင်ဖြစ်ပါ၏။

ဗုဒ္ဓဘာသာနှင့်ဆက်နွယ်သည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုလည်း တစ်ပြည်လုံးဖွင့်လှစ် သင်ကြားစေခဲ့ရာ မြို့နယ် (၄၈)မြို့နယ်၊ ၁၃၁၃ ကျောင်း၊ ကျောင်းသား/ကျောင်းသူ ၂၂၂၇၄၂ သီလရှင်ကျောင်း ၂၄၊ ပညာသင် ၃၇၀၉-ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါ၏။

၁၉၉၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ၊ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကိုလည်းဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၏။ သာသနာပြုဌာန ၄၈၁- သာသနာပြုရဟန်းတော် ၅၇၉ ပါး၊ သာသနာပြုသီလရှင် ၃၅ ပါးဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီး၌ဖွင့်လှစ်လာခဲ့ရာ ရဟန်းတော် သင်တန်း ၁၇ ကြိမ်၊ သင်တန်းဆင်း ရဟန်းတော် ၁၁၃၆ ပါး၊ သာသနာပြုပုဂ္ဂိုလ်သင်တန်း ၄၅ ကြိမ်၊ သင်တန်းဆင်း ၃၆၄၅ ဖြစ်ကြောင်း တွေ့ရ၏။

ပိဋကတ်ဘာသာပြန်စာတည်းအဖွဲ့က ပိဋကတ်တော်များကို ကမ္ဘာသုံးဖြစ်စေရန် အင်္ဂလိပ်ဘာသာ ပြန်ဆိုစေခဲ့ပါ၏။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်၊ (နိကာယ်ပါးရပ်) ထုတ်ဝေဖြန့်ချီခဲ့သည်။ ဤသည်ကား မြန်မာနိုင်ငံ၏ ပရိယတ္တိသာသနာပြန့်ပွား တည်တံ့ရေး အတွက် အကျဉ်းမျှတည်း-

## ပဋိပတ္တိသာသနာ

ပရိယတ္တိသာသနာကို အခြေခံ၍ မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း ပေါင်းများစွာ သီတင်းသုံး သီလဆောက်တည်လျက် အနယ်နယ်အရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းကို တရားရေအေးတိုက်ကျွေးပြီး နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်ခဲ့သည့် ရဟန္တာပုဂ္ဂိုလ်မြတ်များစွာ ပေါ်ထွန်းလျှက်ရှိပေပြီ။

ရှေးအစဉ်အဆက် ရဟန္တာပုဂ္ဂိုလ်အဖြစ် ကျော်ကြားထင်ရှားသူများစွာရှိပါ၏။ ဥပမာ- မဟာစည်ဆရာတော်-မိုးကုတ်ဝိပဿနာဆရာတော်-ဝေဘူဆရာတော်-စွန်းလွန်းဆရာတော်-တောင်ပုလုဆရာတော်နှင့် တော်ကူးဆရာတော် စသည်များစွာ ရှိကြပေသည်။ ယခုတွင် ပဋိပတ္တိသာသနာတော်အတွက် မြန်မာပြည်အနှံ့သာသနာ့ဝန်ထမ်းများစွာ ရှိနေပြီဖြစ်၏။

## ပဋိဝေဓသာသနာ

အထက်ပါရဟန္တာဟု ထင်ရှားသော ဆရာတော်ကြီးများ၏ ကျင့်ကြံအားထုတ်ခဲ့သည့် တရားဓမ္မများကို နည်းနာယူပြီး စာတတ်ပုဂ္ဂိုလ်များ၊ တရားဟောပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်များစွာ ပေါ်ပေါက်ပြီးယနေ့တိုင် အလုပ်ပေးတရားစခန်းများ ဖွင့်လှစ်၍ သာသနာအကျိုး သယ်ပိုးနေကြသည်မှာ ဂုဏ်ယူမဆုံးရှိကြပါ၏။

တချို့ပုဂ္ဂိုလ်များမှာ ဗုဒ္ဓစာပေနှင့် ပတ်သက်၍ ပါရဂူဘွဲ့ရရှိသည့် ပုဂ္ဂိုလ်ထူးများလည်း ပေါ်ပေါက်လျက် ရှိကြပါ၏။ ဥပမာ- ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရကဲ့သို့ ပုဂ္ဂိုလ်များ ပေါ်ပေါက်လျက်ရှိသည်မှာ ဂုဏ်ယူမဆုံးဖွယ်ဖြစ်၏။ မြန်မာပြည်တွင် သာမက ကမ္ဘာအရပ်ရပ် ဗုဒ္ဓဘာသာတက္ကသိုလ်များ သို့ပင် သွားရောက် တရားဟောပြောနိုင်ခဲ့ကြပေသည်။

ထို့အပြင်မြန်မာပြည်တွင် ရန်ကုန်ရွှေတိဂုံစေတီ၊ မန္တလေးမဟာမြတ်မုနိဘုရား၊ ပဲခူးရွှေမောဓောစေတီကဲ့သို့သော ထင်ရှားသည့်စေတီ၊ ဘုရား၊ ကျောင်း၊ ကန် များစွာ ရှိကြ၏။ ဥပမာ- လှည်းဝင်ရိုးသံ တည်ည် ပုဂံဘုရားပေါင်းဟူ၍ ပုဂံပြည်ရှိဘုရား၊ စေတီများစွာတို့မှာ အံ့မခန်းနိုင်အောင် များပြားလှသဖြင့် ကမ္ဘာကပင် လက်ဖျားခါလောက်အောင် ထင်ရှားကျော်ကြားလှပါ၏။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ စွယ်တော်အစစ်ဖြစ်သည့် စွယ်တော် (လေး)ဆူ နှင့်ပတ်သက်၍ တရုတ်ပြည်၊ သီရိလင်္ကာ၊ အထက်နတ်ပြည်၊ အောက်နဂါးပြည်တွင် တည်ထားကိုးကွယ်သည့် နည်းတူ မြန်မာပြည်တွင်လည်း နိုင်ငံတော် အစိုးရမှ ရန်ကုန်၊ မန္တလေးတို့တွင် စွယ်တော် မြတ်စေတီ ၂ ဆူ တည်ထားကိုးကွယ် ကြပါ၏။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးသည့်နောက် မြတ်ဗုဒ္ဓဟောကြားခဲ့သည့် တရားဒေသနာတော်များ အစွန့်ရှည်စွာ တည်တန့်ခိုင်မြဲရေးအတွက် သင်္ဂါယနာတင်ခဲ့ကြသည်မှာ မြန်မာပြည်တွင် ပဉ္စမနှင့် ဆဋ္ဌမသင်္ဂါယနာ တင်နိုင်ခဲ့သည်မှာ ထူးခြားလှ၏။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတည်တံ့ပြန့်ပွားရေးအတွက် မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ဆောင်ရွက်လာခဲ့သည်မှာ ရေးမကုန် ဖြစ်ပါ၏။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာ အစွန့်ရှည်စွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရာတွင် မြန်မာနိုင်ငံရှိ ထေရဝါဒဗုဒ္ဓဘာသာဝင်အပေါင်းတို့သည်-

- ဗုဒ္ဓမြတ်စွာလောင်းလျာတုံးက
  နောက်ဆုံးအထိ ပါရမီ။
- လူနတ်များစွာ ချမ်းသာရေးမို့
  အသက်ပေးလို့ ဖြည့်ခဲ့သည်။
- ဗုဒ္ဓမြတ်စွာ သာသနာတွက်မို့
  ငါပါအသက် ဆုံးစေမည်။
- နောက်မဆုတ်ပေါင် ခုလိုတွေးလို့
  ကုသိုလ်ရေးမို့ ကြိုးစားမည်
  တို့လည်း ကြိုးစားမည်။

(အမရပူရ-မဟာဂန္ဓာရုံဆရာတော်)

ဟူသောလင်္ကာအတိုင်း ဗုဒ္ဓဘာသာ၏ သူတော်စင်အပေါင်းတို့ ဗုဒ္ဓသာသနာအစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အသက်ပေး၍ ကာကွယ်စောင့်ရှောက်ထိမ်းသိမ်းကြစို့-ဟု

◆ ရဲကိုကိုတင်

# သံသယ သံသရာ သံဝေဂ



ပျောက်သောသူ ရှာလျှင်တွေ့
သေသောသူကြာလျှင်မေ့။

သင်လည်း တစ်နေ့
ရှောင်မကွေ့သာ
ပျော်မွေ့နေရာ၊ ဤကမ္ဘာရွာ
ဝေးရာပြေးမှာ တစ်နေရာ ...။
စွန့်ခွာရေးမှာ အသေချာ ...။

သံသရာတစ်ကွေ့
ကံကြမ္မာမရွေ့
ဓမ္မတာဓလေ့
ရှာလည်းမတွေ့
ကြာလည်းမမေ့
သြော် ...ငါလည်းတစ်နေ့ ...။ ။

■ ကျော်ဇေယျာလှိုင် (စီးပွားရေးတက္ကသိုလ်)



# ရွှာမြန်လမ်းမှာ ဘယ်လိုရှင်ဆိုင်မလဲ

ဖျူဖော်[နို့သာမြ]

“ပန်းသတင်း လေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင်” ဆိုသည့် ဆိုးရိုးစကားလေးကို မိမိသည် ငယ်စဉ်အခါကတည်းက ကြားဖူးခဲ့ပါသည်။ ထိုစဉ်က ဘာရယ်လို့ရေရေလည်လည် မသိခဲ့ပါ။ မိမိသည် ရွှာမပရိယတ္တိစာသင်တိုက်ကြီး၌ နေတော့မှ ဂဃဏန သိလာရပါသည်။ မှန်ပါ၏။ အင်းစိန်မြို့၏ ကျက်သရေဆောင် ရွှာမပရိယတ္တိစာသင်တိုက်တော်ကြီးဟု လူအများ၏ နှုတ်ဖျားက တဖွဖွ ပြောနေကျအတိုင်းပါပဲ၊ ပရိယတ္တိဘက်မှာ ပြည့်စုံရုံတင်မက ပဋိပတ်နှင့်လည်း ပြည့်စုံပါသည်။ ဒါတင်မကသေးပါ ပဓာနနာယကဆရာတော်ဘုရားကြီးသည် ခေတ်မီသည့် အတွေးအမြင်ဖြင့် ပရိယတ်အတန်း အသီးသီးမှာ အင်္ဂလိပ်စာထည့်ပြီး သင်ပေးစေခြင်း၊ ခေတ်မီစာကြည့်တိုက်ဖွင့်လှစ်ပေး ထားခြင်းစသည့် ခေတ်နှင့်လျော်ညီသော ပညာရေးကို စီစဉ်ပေးထားပါသည်။ ထိုကဲ့သို့ အဘက်ဘက်မှ ပြည့်စုံသော စာသင်တိုက်မျိုး မြန်မာနိုင်ငံ၌ လက်ချိုးရေတွက်လို့ရလောက်ရုံပဲ ရှိပါသည်။ ဒီလိုစာသင်တိုက်မျိုးမှာ မိမိနေခွင့်ရသည့်အတွက် အားရကျေနပ်လှပါသည်။ ရွှာမပရိယတ္တိစာသင်တိုက်သို့ရောက်တာ နောက်ကျခဲ့လေခြင်းဟု မိမိကိုယ်ကို ရေရွတ်မိလေ၏။ မိမိငယ်စဉ်အခါ၌ မိဘများသည် မြို့ကြီးများသို့ စာသင်ကြွကြသည့် ရဟန်း သာမဏေများကို နွေရာသီ ပြန်ကြွလာချိန်တွေမှာ ဆွမ်းကပ်ခြင်း၊ အအေးကပ်ခြင်းစသည့် မိမိတို့ တတ်စွမ်းသမျှ ဒါနအဖြာဖြာများကို အိမ်မှာပင့်ဖိတ်၍ လှူဒါန်း ဆက်ကပ်ကြပါသည်။ ထိုရဟန်းသာမဏေ များနှင့်လည်း အာလာပသလ္လာပစကားတွေ ပြောဆိုကြ လျှောက်ထားကြလေသည်။ ရဟန်း သာမဏေများကလည်း မိမိတို့ နေထိုင်ခဲ့ သည့် ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ စည်းကမ်း စည်းစနစ်ရှိပုံ ပဓာနနာယကဆရာတော် ဘုရားကြီး၏ တပည့်များအပေါ်၌ စေတနာ၊ မေတ္တာကရုဏာအပြည့်အဝထားတဲ့ အကြောင်း စာချ နာယကများကလည်း စေတနာ၊ မေတ္တာ၊ ကရုဏာအပြည့်နှင့် စာသင်စာချပေးကြခြင်း စတဲ့ ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ ကောင်း သော သတင်းတွေကို တဖွဖွနဲ့ ပြောပြကြပါ သည်။ ထိုစဉ်အခါကတည်းက ရွှာမပရိယတ္တိ စာသင်တိုက်ကြီး၏ အကြောင်းကို ကြားသိခဲ့ ရသည်။ မိမိသည် အနီးအပါးမှာထိုင်၍နား ထောင်နေရင်း ကောင်းသတင်းတွေ သင်းပြန့် ဝေဆာနေတဲ့ ရွှာမပရိယတ္တိစာသင်တိုက်သို့

နေချင်သော စိတ်တွေဖြစ်ခဲ့မိပါသည်။ မိမိသည် ရှင်သာမဏေပြု၍ ဥပဇ္ဈာယ်ဆရာကို ပြုစုလုပ်ကျွေးရင်း ပရိတ်ကြီး စသည့်ပရိယတ်အခြေခံတွေကို နှစ်နှစ်မျှ ဆည်းပူးခဲ့၍ ဒီနှစ်တော့ သာသနာ့အုတ်မြစ်တစ်နေရာဖြစ်သော ရွာမပရိယတ္တိစာသင်တိုက်ဆီသို့ ငါမရောက်ရောက်အောင်သွားမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ထိုအကြောင်းစုံကိုမိဘများအား ဖွင့်ပြောခဲ့ပါသည်။ မိဘများသည် လက်မခံကြပါ။ အမျိုးမျိုးဖျောင်းဖျတားမြစ်ကြ၏။ ဘယ်မိဘမဆို သားသမီးလေးတွေကို မျက်စိအောက်မှ အပျောက်မခံလိုကြပါဘူး။ ဒါဟာ မိဘများရဲ့ မေတ္တာ စေတနာတွေပါ။ အမျိုးမျိုးတားမြစ်ကြပေမဲ့လည်း ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ကောင်းသော ကျော်စောခြင်းတွေက မိမိ၏ နားထဲမှာ ထပ်ခါထပ်ခါ ကြားယောင်နေမိတာကြောင့် ရွာမပရိယတ္တိစာသင်တိုက်သို့ သွားမည်။ မသွားရလျှင် လူဝတ်လဲမည်ဟု ပြောဆိုလိုက်ရတော့သည်။ ဒီတော့မှပဲ မိဘများသည် လိုက်လျောပါတော့သည်။ ကောင်းမြတ်သော ရနံ့ ချိုမြိန်သော အရသာတွေ ဝေဆာနေတဲ့ ရွာမဉယျာဉ်ကြီးမှာ နေရတော့မည်ဟု တွေးပြီး ပျော်ရွှင်ကြည်နူးမှုတွေ မပြောတတ်လောက်အောင် ဖြစ်ခဲ့မိပါသည်။ ခွဲခွာရမည့်ရက်သို့ ရောက်လာခဲ့သည်။ မျက်စိသူငယ်နားသူငယ်နှင့်မြို့ကြီးပြကြီးဆီသို့ သွားမည့်သားကို ပူပင်သောက မျက်ရည်စမျက်နှာတွေနဲ့ မိမိတို့ တတ်သိ နားလည်သမျှလေးတွေကို မှာကြားကြ၏ ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းများသည်လည်း ထို့အတူပင်၊ ဒီလိုနဲ့ အရာအားလုံးကို ကျောခိုင်းပြီး ထွက်လာခဲ့၏၊ လမ်းခုလတ်တစ်နေရာမှာ တံခါးဝမှစောင့်မျှော်လျက် ကိုရင်သွားတော့နော်. . နောက်နှစ်နွေရာသီပြန်လာခဲ့ပါမျှော်နေမယ်ဟု ပြောလိုက်သော အသံတွေ နားထဲသို့ တိုးဝင်လာ၏၊ မိမိနှင့်သက်ဆိုင်သူ၏ အသံကြောင့် သွားချင်စိတ်တွေ တွန့်ဆုတ်သွားခဲ့ပါသည်။ သံယောဇဉ်အနှောင်အဖွဲ့တွေနဲ့ မိမိလို အဖြစ်အပျက်မျိုး-မြတ်စွာဘုရားလက်ထက်တော်အခါက ဖြစ်ပျက်ခဲ့ဘူးပါသည်။ မြတ်စွာဘုရား ရှင်သည် ညီတော်နန္ဒမင်းသား၏ ရှေ့ရေးအကြောင်းကို သိမြင်တော်မူ၍၊ ထို့ကြောင့်လည်း ညီတော်နန္ဒမင်းသားအား လောကီနယ်ပယ်မှ ဆွဲထုတ်ရန် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူခိုက် သုံးရက်မြောက်သောနေ့၌ နန်းတော်သို့ ဦးတည်လျက် ကြွချီတော်မူလာခဲ့၏၊ ထိုနေ့သည် နန္ဒမင်းသားအတွက် သာကီဝင်မင်းမျိုးတို့၏ အစဉ်အလာအရ-

၁။ အိမ်ရှေ့မင်းဦးသျှောင်ထုံးမင်္ဂလာ၊
၂။ နဖူး၌ ရွှေပြားသင်းကျစ်တော်တပ်ဆင်ခြင်းမင်္ဂလာ၊
၃။ အိမ်ရှေ့စံနန်းတော်အပ်နှင်းပွဲမင်္ဂလာ၊
၄။ လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ၊
၅။ အိမ်ရှေ့စံထီးဖြူတော်စိုက်မင်္ဂလာ

ပြုလုပ်နေသော နေ့ရက်နှင့်အချိန် ဖြစ်သည်။ နန္ဒမင်းသားအတွက် တိုက်ဆိုင်လွန်းလှတဲ့ ထိုနေ့ရက် အချိန်တို့ကို မြတ်စွာဘုရားသည် ဖန်တီးပေးလိုက်ခြင်း ဖြစ်သည်။ ထိုအချိန်မှာပဲ နန်းတော်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူ၏။ ပြန်ကြွတော်မူသောအခါ၌ မိမိ၏ သပိတ်ကို နန္ဒမင်းသား၏ လက်ထဲထည့်ပေးလိုက်၏။ ချစ်ကြောက်ရိုသေရသူလည်းဖြစ် တစ်လောကလုံး၏ ဥက္ကဋ္ဌသရဖူလည်း ဖြစ်တော်မူသည့် နောင်တော်မြတ်ဘုရား၏ ဘယ်လိုရည်ရွယ်ချက်ဖြင့်လည်းမသိ မိမိလက်သို့ပေးလိုက်သော သပိတ်ကို လက်ဝယ်ပိုက်လျက် နောင်တော်

မြတ်စွာဘုရား၏ နောက်တော်ပါးက သပိတ်ကို ပြန်ယူနိုးနိုးဖြင့် ထက်ကြပ်မကွာ လိုက်ပါသွားရလေ၏။ ထိုအခါ မိမိနှင့်လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာပြုရန် စီစဉ်ထားသော ဇနပဒ ကလျာဏီ မင်းသမီးက ပြတင်းပေါက်တံခါးဝမှ ရပ်လျက် အဆောင်၏လမ်းမပေါ် သို့ပင် ရောက်နေပြီ ဖြစ်သော နန္ဒမင်းသားအား "မောင်တော်ဘုရား အမြန်ဆုံးပြန်လာခဲ့ပါ" ဟုဆံပင် ဖိုးရိုးဖားရားနှင့် လှမ်း၍မှာလိုက်၏။ အတွေးများနဲ့ ခြေလှမ်းတွေ လှမ်းနေရတဲ့ နန္ဒမင်းသား၏ နားထဲသို့ မောင်တော်ဘုရား အမြန်ဆုံးပြန်လာခဲ့ပါ ဆိုသည့် အသံလေး နားထဲသို့ တိုးဝင်လာ၏။ အသံလာသည့်ဘတ်သို့ လှည့်၍ ငေးမော ကြည့်လိုက်၏။ နူးညံ့ပျော့ပျောင်း နက်မှောင်သော ဆံနွယ်လေးတွေကို ဖားရားချ၍ မျက်ကွင်း ညို့ညို့လေးထဲမှ ပုလဲရောင် မျက်ရည်စတွေဖြာလျက် ပူဆွေးသောက လွမ်းတသသနဲ့ ငေးမောနေသော ဇနပဒကလျာဏီ၏ အလှ ပန်းနုရောင်သမ်းနေသော နှုတ်ဖျားမှ တဖွဖွ မှာကြားနေတဲ့ အသံလေးတွေ၊ မျက်နှာလွှဲခဲ့ရ ပေမဲ့ ထပ်ခါထပ်ခါ ကြားယောင်နေဆဲ ပေါ်လာနေမြဲဖြစ်သည်။ နန္ဒမင်းသားကိုယ်စား ခံစားကြည့်ရင် သိနိုင်ပါသည်။ မိမိကိုလည်း "သွားတော့နော် နောင်နှစ် ပြန်လာခဲ့ပါ" ဆိုသော အသံလေးသည် လွှမ်းမိုးထား၏။ အရာအားလုံးသည် အမှောင်ကျသွားသလို ထင်ရ၏။ သို့ပေမဲ့လည်း ကောင်းသတင်းတွေ သင်းပြန့်ကြိုင်သင်းလှိုင် နေသော ရွာမ ပရိယတ္တိစာသင်တိုက်မှာ နေရမှာမို့ အရာအားလုံးကို မျက်ကွယ်ပြုခဲ့ရသည်။ စိတ်ထဲမှာတော့ နောင်နှစ် ဆက်ဆက်ပြန်ခဲ့ပါ မယ်ဟု အသံထွက် မပြောပေမယ့် တဖွဖွရေရွတ် နေမိပါသည်။ ဒီလိုနဲ့ပဲ ရွာမပရိယတ္တိစာသင် တိုက်၏ အရိပ်အာဝါသသို့ နေထိုင်ခွင့်ရခဲ့၏။ ကြားရသော ဂုဏ်သတင်းထက် အဆများစွာ သာလွန်နေတာ တွေ့မြင်ရတော့ အားရကျေနပ် ဝမ်းသာမှုတွေ ဖြစ်ခဲ့ပါသည်။ အရှက်ဆွမ်း မဘုဉ်းပေးမီ အချိန်လေးအတွင်းမှာ ပဓာန နာယကဆရာတော် ဘုရားကြီး၏ သွန်သင်ဆုံးမ ဩဝါဒတွေသည် ကြားနာရသူတို့၏ ဘဝ အတွက် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရုံတင် မက သံသရာတစ် လျှောက်လုံးအတွက် အကျိုး များပါသည်။ စာချနာယကတွေ၏ သွန်သင်ညွှန်ပြမှုကလည်း အင်အားချည့်နဲ့နေသူကို အားဆေး ကျွေးလိုက်သလို တက်ကြွရွှင်လန်း၍ ကြိုးစားလိုစိတ်တွေ ဖြစ်ပေါ်လာအောင် တပည့်များ၏ အပေါ်မှာ အဖက်ဖက်မှ ဖေးမမှုတွေ တတ်စွမ်းသမျှ ပေးကြပါသည်။ ဆရာများ၏ သွန်သင်ဆုံးမ ချီးမြှောက်မှုတွေအောက်မှာ မိမိဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အချိန်တွေ ကုန်လွန်လာခဲ့သည်မှာ အစိုးရပထမပြန် စာမေးပွဲကြီးလည်း ကျင်းပပြုလုပ်တော့မည်။

မြတ်စွာဘုရားသည် ညီတော်အာနန္ဒ မင်းသားနှင့်အတူ နိဂြောဓာရုံ ကျောင်းတော်ကြီးသို့ ဝင်ရောက်တော်မူလာ၏။ နန္ဒမင်းသားအား ညီတော်နန္ဒ ရဟန်းပြုမည်လော ဟု မေးတော်မူ၏။ ထိုအခါ နန္ဒမင်းသား၏ စိတ်တွင် နောင်တော်ဘုရားသည် မေးမှမေးရက်ပါပေသည်ဟု စိတ်နှလုံးယူကျုံးမရခံစားရမှာ သေချာပါသည်၊ သို့ရာတွင် သူ၏နှလုံးသားများ ကြေမွသွားစေကာမူ ကြိတ်မှိတ်ခံစားရင်း အမှန်အတိုင်း မလျှောက်ထားဝံ့သဖြင့် ရဟန်းပြုပါမည်ဘုရားဟု ပြန်လည်လျှောက်ထားရှာလေ၏။ နန္ဒမင်းသား ရဟန်းအဖြစ်သို့ ရောက်ရှိလာခဲ့၏။ နန္ဒရဟန်းသည် ဇနပဒကလျာဏီ၏ မှာကြားလိုက်သံကို မိမိ၏ နှလုံးသားအတွင်းမှ ပျောက်သွားအောင်

မတတ်နိုင်ဘဲရှိ၏။ နားထဲ၌ ကြားယောင်လျက်ရှိ၏။ ဤအသံ၊ ဤအသွင်၊ ဤရုပ်၊ ဤဟန်ပန်တွေသည် အချိန်ပြည့် နန္ဒရဟန်း၏ နှလုံးသား၌နေရာအပြည့်တည်လျက် လွှမ်းမိုးထား၏။ ထို့ကြောင့် နန္ဒမင်းသားသည် ရဟန်းဘဝ၌မည်သို့မျှမပျော်မွေ့ခြင်းဖြစ်သည်။ အကြောင်းစုံကို သိတော်မူသော မြတ်စွာဘုရားသည် နန္ဒရဟန်းကို တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားတော်မူ၏။ လမ်းခုလတ် တစ်နေရာမှာ မီးလောင်ခံထားရသော သစ်တုံးပေါ်မှမျောက်အိုမကြီးနှင့် တွေ့သည်။ ထိုမျောက်အိုမကြီးနှင့် ဇနပဒကလျာဏီကို အလှချင်းပြိုင်ခိုင်းစေ၏။ နန္ဒ ရဟန်းသည် နောင်တော်ဘုရားနှိုင်းခိုင်းရက်ပါပေသည်ဟု အံ့ကြိတ်၍သာနေ၏။ တာဝတိံသာမှာ မြတ်ဘုရားကိုလာရောက်ဖူးမြော်နေကြသော နတ်သမီးလေးများနှင့်လည်း ဇနပဒကလျာဏီကို အလှချင်းပြိုင်စေသည်။ ဤအရာ၌ ဇဏပဒကလျာဏီကား နတ်သမီးလေးများအောက် အဆပေါင်းထောင်သောင်းမက ယုတ်နိမ့်သွား၏။ မြတ်စွာဘုရားသည် နတ်သမီးလေးများ၏အပေါ်မှာစိတ်ရောက်နေသော နန္ဒရဟန်း၏ အလိုအဇ္ဈာသယကို သိတော်မူ၍ ညီတော်နန္ဒ နတ်သမီးလေးများကို ရလိုလျှင် တရားအားထုတ်ရမည်၊ တရားအားထုတ်လျှင် ရနိုင်သည်ဟု မိန့်တော်မူခဲ့ခြင်း ဖြစ်သည်။ နန္ဒရဟန်းသည် အစပထမ၌နတ် သမီးလေးများကို ရလို၍ တရားအားထုတ်ခြင်းဖြစ်သော်လည်း သီတင်းသုံးဖော်တို့၏လှောင်ပြောင်မှုတို့ကြောင့် နောက်ဆုံး၌အမှန်တကယ် အားထုတ်ခြင်းအဖြစ်သို့ရောက်ပြီး အာသဝေါကင်းကွာ ရဟန္တာ ဖြစ်သွားခဲ့၏။ ဤနည်းဖြင့် မြတ်စွာဘုရားသည် ညီတော်နန္ဒကို လောကီနယ်ပယ်မှ လောကုတ္တရာတွင်းသို့ ရောက်စေတော်မူပါသည်။ နန္ဒရဟန်းတော်ကား ဘဝ၏ အထွတ်အထိပ်ပန်းတိုင်သို့ရောက်ပါပြီ။ မိမိသည်ကား ပုထုဇဉ်ဘဝအဖြစ်ဖြင့်သာ ရှိသေးပါ၏။ သို့ပေမယ့်လည်း ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်နှင့် စာချဆရာများ၏ သွန်သင် ညွှန်ပြမှုတွေကြောင့် မိမိဖြစ်ချင်တာထက် ဖြစ်သင့်တာကိုဦးစားပေးရမည်ဟု အတွေးအခေါ်တွေ နှလုံးသားထဲမှာ ရှိနေပါသည်။ မိမိသည် သာသနာအတွက် ဘာသာအတွက် တတ်စွမ်းသမျှဆောင်ရွက်ရဦးမည်။ ပရဟိတ လုပ်ငန်းများကိုလည်းပြုလုပ်ရဦးမည်။တစ်ဦး တစ်ယောက်ကိုပဲ ကြည့်မည်လော၊ အများကိုပဲ ကြည့်မည်လော-ဟုကိုယ့်ကိုယ်ကို ပြန်၍ မေးနေသော မေးခွန်းကိုမိမိ၏ ဆရာသမားများ၏ ဆုံးမသွန်သင်ညွှန်ပြမှုတွေအောက်မှာနေပြီး ဘယ်အရာကိုရွေးချယ်သင့်တယ်ဆိုတာ ပန်းသတင်း လေညင်းဆောင် လူသတင်းလူချင်း ဆောင်-ဆိုသောဆိုရိုးစကားကို အစမှာ ဖော်ပြခဲ့ပြီးပါပြီ။အကယ်၍ အတွေးမှား အရွေးမှား သွားမည်ဆိုလျှင် ရွာမပရိယတ္တိဆိုသော သာသနာ့အုပ်မြစ်နေရာဌာနကြီးကို ကောင်းသော ရနံ့လှိုင်ရာရောက်စေမည်လား ဆိုးသော ရနံ့လှိုင်ရာရောက်စေမည်လားဟု မိမိကိုယ်ကိုစဉ်းစားနှိုင်းချိန်၍ ဘဝအတွက် ရွေးချယ်ရပါလိမ့်မည်။ ထို့ကြောင့် ရွာပြန်လမ်းမှာ စောင့်မျှော်နေမည့် မိမိနှင့်သက်ဆိုင်သူကို အစ်ကိုသည်နှမရင်းခြာအပေါ်၌ ချစ်သော အကြည့်, ချိုသာသော သုံးနှုံးဆက်ဆံမှုတွေနဲ့ ရင်ဆိုင်ရလိမ့်မည်ဟု ဆုံးဖြတ်ထားပါ၏။ စာရှုသူရောတိုက်ဆိုင်လျှင် ဘယ်လိုများ ရင်ဆိုင်ချင်ပါသလဲ။

◆ ဇမ္ဗူကော်(နံ့သာမြေ)



# သံဃံသရဏံဂစ္ဆာမိပါဘုရား

ဇော်နောင်

ဗုဒ္ဓ၏ ဓမ္မရောင်ခြည်တို့သည် မဇ္ဈိမဒေသ၌ ညီးမှိန်ကာ၊ မိမိတို့ မြန်မာနိုင်ငံတွင် လာရောက်၍ ထွန်းလင်းခဲ့သည်။ ယင်းမှာ မြန်မာနိုင်ငံသူနိုင်ငံသားတို့အဖို့ အကြီးမားဆုံးသော ကံကောင်းမှုကြီးပင်ဖြစ်၏။ မိမိတို့သည် ရုပ်ဝတ္ထုပစ္စည်း များအနေဖြင့် ချမ်းသာကြွယ်ဝသော အဆင့်အတန်းလွန် နိုင်ငံကြီးများကဲ့သို့ မချမ်းသာဘဲ၊ ယင်းတို့လို လူနေမှုအဆင့်အတန်း မမြင့်မားသည့်အတွက် မိမိတို့ ဝမ်းမနည်းပါ။ မိမိတို့မှာ ဗုဒ္ဓ၏ အဆုံးအမ၊ ဗုဒ္ဓ၏ ဓမ္မရိပ်အောက်၌ နေရသည်ဖြစ်၍ "ယောနိသောမနသိကာရ"အရာရာကို နှလုံးမူတတ်ပြီ။ နေတတ်ထိုင်တတ်ပြီ။ လေညင်းဒဏ်ကိုလည်း မမှု၊ မုန်တိုင်းဒဏ်ကိုလည်း မဖြုံတော့ပြီ။ လောကဓံတရားတို့ကို ရဲရဲရင်ဆိုင်ဝံ့ပြီ။ စင်စစ်လူ့ဘဝဆိုသည်မှာ မိမိတို့၏ ခရီးဆုံးပန်းတိုင်မဟုတ်။ သံသရာကြီးထဲမှ စခန်းထောက်တစ်ခုမျှသာလျှင် ဖြစ်၏။ ထိုစခန်းထောက်၌ မိမိတို့ အသက်ရှင်နေထိုင်ရခြင်းတွင် ချမ်းချမ်းသာသာ နေရသည်ဖြစ်စေ၊ ဆင်းဆင်းရဲရဲ နေရသည်ဖြစ်စေ၊ ယင်းမှာ တဒင်္ဂမျှသာ ဖြစ်၏။ ထို့ကြောင့် မိမိရင်ဆိုင်တွေ့ကြုံရသည့် ချမ်းသာ ဆင်းရဲဆိုသည့် ကိစ္စများမှာလည်း ရေပွက်ပမာ ခဏငယ်မျှသာဖြစ်လေသည်။ အရာအားလုံးသည် ဖြစ်, ပျက်ပင်မဟုတ်လော။

ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံသို့ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် စတင်ရောက်ရှိခဲ့သည်။ ယင်း မတိုင်မီက (ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်)ကြသည့် အရည်းကြီးတို့၏ မိစ္ဆာဒိဋ္ဌိအယူဝါဒသာလျှင် ပုဂံသားတို့ကို

လွှမ်းမိုးခဲ့သည်။ ထိုသို့ရှိရာမှ ရှင်အရဟံ၏ ကျေးဇူးကြောင့် ဗုဒ္ဓဝါဒ, ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိကာ ယင်းမှ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည်။ ယခုမူ မိမိတို့ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းရာအမှန် ဘူမိနက်သံနေရာမှန်ဖြစ်၍ နေပေပြီ။

မိမိတို့မြန်မာနိုင်ငံတွင် ဗုဒ္ဓ၏ ထေရဝါဒ သာသနာတော်ကြီးမှာ တစ်နေ့တစ်ခြား တိုးတက်ပြန့်ပွား၍နေ၏။ ဗုဒ္ဓ၏ ဓမ္မရောင်ခြည် တို့သည် ထိန်ထိန်လင်း၍ ဝင်းပကာနေပေ သည်။ ထိုသို့ဖြစ်ပေါ်ရန်အတွက် ကြီးမားသော ဖွဲ့ လုံ့လ၊ ဝီရိယတို့ဖြင့် ဆောင်ရွက်ခဲ့ကြသော၊ ဆောင်ရွက်လျက်နေကြကုန်သော ပုဂ္ဂိုလ်များ ကား မည်သူတို့ပါနည်း။ ရတနာသုံးပါး၌ တစ်ပါးအဝင်ဖြစ်သည့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များပင် မဟုတ်ပါလော။ ထို့ကြောင့်ပင် မိမိတို့နိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အပေါင်းသည် ၎င်းရဟန်း သံဃာတော်များကို ဦးထိပ်ရွက်ကာ "သံဃံ သရဏံ ဂစ္ဆာမိ" နေခြင်းဖြစ်ပေသည်။

ဗုဒ္ဓသာသနာတော်ကြီး တစ်နေ့တစ်ခြား စည်ပင်သထက်စည်ပင်၊ တိုးတက်သထက်တိုး တက်ပြီး အဓွန့်ရှည်တည်တံ့ရန်အတွက် ဘုရား သားတော် ရဟန်းသံဃာများသည် (ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ)ဟူသော သာသနာ့ တာဝန် ကြီးသုံးရပ်ကို ဦးလည်မသုန် ထမ်းဆောင်ကြ ရ၏။ ၎င်းတွင် ပရိယတ္တိလုပ်ငန်းသည် အခြေခံ အကျဆုံး လုပ်ငန်း ဖြစ်သည်။ ရဟန်းသံဃာ များသည် ရဟန်းဘဝတွင် ဦးစွာပထမအားဖြင့် ဗုဒ္ဓဝါဒ၊ ဗုဒ္ဓအတွေးအခေါ်၊ ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်များကို လေ့လာကျက်မှတ်သင်ယူ ကြရသည်။ ၎င်းတို့ကို လေ့လာသင်ယူတတ် မြောက် သဘောပေါက်ပြီးသောအခါတွင် လက်တွေ့ပိုင်းအနေဖြင့် ကိုယ်တိုင်ကျင့်ကြံ အားထုတ်ရ၏။ စာတွေ့လက်တွေ့ပြီးသော အခါမှ ဝေနေယျသတ္တဝါတို့အား မေတ္တာရှေ့ ထား၍ တရားဟောကြားဆုံးမခြင်းအလုပ်ကို ဆောင်ရွက်တော်မူရသည်။ တရားပြရသည်။ ရဟန်းသံဃာတော်များ၏ ယခုကဲ့သို့ ဆောင် ရွက်တော်မူခြင်းများကြောင့် မိမိတို့နိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး တစ်နေ့တစ် ခြား ပြန့်ပွားပေါက်မြောက် ထွန်းတောက်ထိန် လင်း၍နေခြင်း ဖြစ်ပေသည်။

---

ဗုဒ္ဓ၏ အဘိဓမ္မာ၊ ဗုဒ္ဓ၏ အဆုံးအမ၊ ဗုဒ္ဓ၏ တရားဒေသနာတော်ကို ကိုယ်တိုင်သိရှိ နားလည်သဘောပေါက်ပါမှ တရားကျင့်ကြံ အားထုတ်ခြင်းကို ပြုလုပ်နိုင်မည်ဖြစ်ပြီး၊ စာတွေ့လက်တွေ့ အဖက်ဖက်မှ ပြည့်စုံ သောအခါတွင်မှ ဝေနေယျသတ္တဝါတို့ကို တရားပြခြင်း၊ တရားဟောခြင်းအစရှိသော ထေရဝါဒဗုဒ္ဓသာသနာ တော်ကြီးပြန့်ပွား ရေး၊ အဓွန့်ရှည်ရေးကို ပိုင်ပိုင်နိုင်နိုင်ကြီး လုပ်ကိုင် ဆောင်ရွက်တော်မူနိုင် မည်ဖြစ်ပါ သည်။

---

ဗုဒ္ဓသာသနာတော်ကြီးအစွန့်ရှည် တည်တံ့ရေးနှင့် ပြန့်ပွားတော်မူရေးကိစ္စ၌၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော လုပ်ငန်းစဉ်ကြီး သုံးရပ်သည် မလုပ်မဖြစ်သော အခြေခံလုပ်ငန်း ကြီးများဖြစ်သော်လည်း ယင်း(၃)ရပ်တွင် ပရိယတ္တိလုပ်ငန်းသည် အခြေခံအကျဆုံး အရေးအကြီးဆုံးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓ၏ အဘိဓမ္မာ၊ ဗုဒ္ဓ၏ အဆုံးအမ၊ ဗုဒ္ဓ၏ တရားဒေသနာတော်ကို ကိုယ်တိုင်သိရှိ နားလည်သဘောပေါက်ပါမှ တရားကျင့်ကြံ အားထုတ်ခြင်းကို ပြုလုပ်နိုင်မည်ဖြစ်ပြီး၊ စာတွေ့ လက်တွေ့ အဖက်ဖက်မှ ပြည့်စုံသောအခါတွင်မှ ဝေနေယျသတ္တဝါတို့ကို တရားပြခြင်း၊ တရားဟောခြင်းအစရှိသော ထေရဝါဒဗုဒ္ဓသာသနာ တော်ကြီးပြန့်ပွားရေး၊ အစွန့်ရှည်ရေးကို ပိုင်ပိုင်နိုင်နိုင် ကြီးလုပ်ကိုင် ဆောင်ရွက်တော်မူနိုင် မည်ဖြစ်ပါသည်။ ဤကဲ့သို့ အခြေခံအကျဆုံးနှင့် အရေးအပါဆုံးသော ပရိယတ္တိလုပ်ငန်းကြီးကို ဆောင်ရွက်ကြရာတွင် ထေရ်ကြီးဝါကြီး စာတတ် ပေတတ် ဆရာတော်ကြီးများ အစဉ်အဆက် တည်ထောင်ပေးခဲ့သည့် "ပရိယတ္တိစာသင်တိုက်"များ၏ အခန်းကဏ္ဍမှာ လွန်စွာ အရေးပါပေသည်။ ထိုပရိယတ္တိ စာသင်တိုက်များက ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည်ရေး၊ ပြန့်ပွားရေးလုပ်ငန်းတို့ကို ဆောင်ရွက်ကြမည့် သာသနာ့တာဝန်ကိုထမ်းရွက်ကြမည့် သာသနာ့ဝန်ထမ်း ရဟန်းကောင်းတို့ကို မွေးထုတ်ပေးခဲ့ပေသည်။ အကယ်၍ အခြေအနေအရပ်ရပ်ကြောင့် ရှေးကတည်းက ပရိယတ္တိစာသင်တိုက်များ မပေါ်ပေါက်ခဲ့သော် စာတတ်ပေတတ်၊ ကျမ်းဂန်နှံ့စပ် အရှင်သူမြတ်များ ယခုအခါကဲ့သို့ ပေါ်ပေါက်လာရန် လွန်စွာခဲယဉ်းမည်အမှန်ဖြစ်၏။ ထို့ကြောင့် အမြော်အမြင်ကြီးမားလှစွာဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ပြီး၊ ပရိယတ္တိ စာသင်တိုက်များကို တည်ထောင်ဖွင့်လှစ်ပေးခဲ့တော်မူကုန်သော ဆရာတော် သံဃာတော်ကြီးများ၏ ကျေးဇူးတော်မှာ အလွန်ပင်ကြီးမားလှပေသည်။

မြန်မာနိုင်ငံတစ်ဝှမ်း၌ ပရိယတ္တိ စာသင်တိုက်များစွာရှိကြရာ အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက်သည်လည်း တစ်ခု အပါအဝင်ဖြစ်၏။ ယခု ထိုအင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီးကို တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ (ဆယ်စုနှစ်လေးခု) အနှစ်(၄၀)တိုင်ခဲ့ပြီ။ အလွန်ပင် ဂုဏ်ယူဖွယ်ကောင်းသော ကိစ္စတစ်ရပ်ပင်ဖြစ်ပါ၏။ ယင်းပရိယတ္တိစာသင်တိုက်ကြီး စတင်တည်ထောင် ဖွင့်လှစ်ပေးခဲ့သော ဆရာတော်အဆက်ဆက်များ၊ စီမံအုပ်ချုပ်ခဲ့သော ဆရာတော်များ၊ စာပေပို့ချခြင်း၊ ညစာဝါလိုက်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသော ဆရာတော်များ၊ ဤစာသင်တိုက်၌ ဗုဒ္ဓအဘိဓမ္မာ၊ ဗုဒ္ဓအယူအဆ၊ ဗုဒ္ဓစာပေကျမ်းဂန်များကို အပတ်တကုတ်ကြိုးစားသင်ယူနေကြသော စာသင်သား ရဟန်းသံဃာတော်များ၊ ၎င်းတို့အားလုံးကို မိမိအနေဖြင့် ကြည်ညိုသဒ္ဓါ ရွှင်လန်းစွာ လက်အုပ်ချီမိုး ရှိခိုးကန်တော့အပ်ပါ၏။

"သံဃံသရဏံဂစ္ဆာမိ" ပါအရှင်ဘုရား။

♦ ဇော်နောင်

# သတိပဋ္ဌာန်

လောကနေခြည် အလှစီမင့်
ရာသီစက်ခွင် ဆွတ်မောတွင်လိမ့်
သန့်စင်မျှတ သဘာဝမို့
အားရကျေနပ်ဖြစ်မိသည်။

သတိပဋ္ဌာန် အသိမှန်လျက်
စိတ်သန်ရည်စူး အလှထူးဖြစ်
ကြည်နူးပီတိ ရင်မှာရှိနေ
မျှော်မိရှင်လန်း သာသည့်လမ်းကို
လျှောက်လှမ်းနေကြ ထာဝရတည့်
အလှသရုပ် ထုတ်မိသည်။

သာသနာ့ဝန်ထမ်းကျေပွန်ရှက်
တံခွန်လွင့်လွင့် ပန်ဏာတင်ခဲ့
အားဆင့်လက်ညီ မြင့်မြတ်သီမို့
ရိရိပြုံးပြုံး တော်ဝင်ဆုံးနော့
စီကုံးရေးဖွဲ့ ကဗျာနွဲ့သည်
ညွန်းဖွဲ့ပန်းချီ တင့်လှသည် ။

ဩော်...

နှစ်လေးဆယ်မြောက် ခရီးရောက်ခဲ့
မိုးအောက်မြေပြင် ၊ ကမ္ဘည်းတွင်လိမ့်
ချစ်ခင်မြတ်နိုး သဒ္ဓါတိုးမို့
ကောင်းကျိုးကိုယ်စီ ၊ ဖြည့်ဝေနိုးသား
ဖြစ်တည်မျက်ရှု ၊ ဘဝမြူတေ
ခြေပြုရပ်တည် ၊ မင်္ဂလာမည်သည်
နောင်နှစ်မြဲမြံ တင့်လိမ့်တကား။

( ရွှေမပရိယတ္တိစာသင်တိုက် နှစ်လေးဆယ်သို့ )

■ ကုဋေကုဋာ

# ရှေးဦးပြုရမည့်သာသနာ

## ဟိန်းထက်စိုး

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ဟူသော စကားသည် မြန်မာလူမျိုးဗုဒ္ဓဘာသာတို့၏ နှုတ်ဖျားဝယ် အလွယ်တကူပင် ရောက်ရှိနေပါသည်။ အဓိပ္ပာယ်ကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ အများနှင့်ရောၡ၍ စိရံတိဋ္ဌတု လိုက်ကြသည်။ မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်ဟုပင် ဆိုရမည်လား မပြောတတ်ချေ။

ပါဠိစာသား၏ အဓိပ္ပါယ်က 'ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမ သာသနာတော်မြတ်ကြီး ကာလကြာမြင့်စွာ တည်တံ့ပါစေသတည်း'ဟု ရည်ညွှန်းချက်ထွက်၏။ နှုတ်ကသာ စိရံတိဋ္ဌတုဟု လိုက်ရသည်။ လုပ်ရပ်ကတော့ သာသနာနှင့် ဝိရောဓိဖြစ်နေတတ်ကြသည်။

သာသနာဟူသော ပါဠိစကား၏ အနှစ်ချုပ်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမပင်တည်း။ သာသနာတည်ဖို့ ဟူသည် မြတ်ဗုဒ္ဓ၏ အဆုံးအမအတိုင်း နေထိုင်ကျင့်သုံးဖို့ကို အပြောတခြား၊ အလုပ်တခြားဖြင့် ညာစားသော သာသနာ မဖြစ်ထိုက်ပေ။

သာသနာတည်ဖို့ အခြေခံအုတ်မြစ်သည်ကား ပရိယတ္တိ စာသင်မှုရှိဖို့လိုသည်။ စာချစာသင် မရှိလျှင် စာပေကွယ်ပျောက်မည်။ စာပေကွယ်ပျောက်လျှင် သာသနာကွယ်တာနှင့် အတူတူပင် ဖြစ်သည်။ သာသနာကွယ်ပြီဆိုတာနှင့် လူတို့အကျင့်စရိုက်များကား ကြမ်းတမ်းရက်စက်လာကြမည်။ နိုင်ရာစား သတ္တဝါများအဖြစ် ကြီးနိုင်ငယ်ညှဉ်းသံသရာဖြင့် ဘဝကောင်းဘဝမြတ်ကို မရရှိနိုင်ပေ။

ဘဝကောင်း ဘဝမြတ်ရရှိဖို့အတွက် အကျင့်မြတ်ဖို့လိုသည်။ အကျင့်မြတ်ကျင့်နိုင်ဖို့အတွက် နည်းလိုသည်။ ကျင့်ကြံကြိုးကုတ်အားထုတ်နည်းကား သင်ယူပို့ချမှုမှ လာသည်။ ထို့ကြောင့် ပရိယတ္တိစာပေသင်ကြားမှု မရှိလျှင် သာသနာကွယ်ခြင်းဟု ဆိုရမည်။

ထိုသို့ သာသနာ မကွယ်ရလေအောင် ပရိယတ္တိစာချစာသင်မှုရှိရမည်။ မြန်မာနိုင်ငံဝယ် ပရိယတ္တိစာသင်တိုက် ကြီးများ အတော်များများရှိသည်။ နှစ်စဉ်နှစ်စဉ် ထိုစာသင်တိုက်ကြီးများမှ သာသနာပြု သူတော်ကောင်းများ ပေါ်ထွက်လျက်ရှိသည်။ ထိုအထဲတွင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီးလည်း တစ်တိုက်အပါအဝင်ဖြစ်သည်။

တိုက်တည်တာဘာမျှ မကြာသေးဟု ထင်ရသော်လည်း နှစ်ပေါင်းလေးဆယ်ကြာမြင့်ခဲ့ချေပြီ။ လူ့ဘဝဟာ အသက်လေးဆယ်မှ စ.သည်ဟု ကမ္ဘာတွင် အဆိုရှိခဲ့သော်လည်း မြန်မာတွင်မူ 'လေးဆယ်ကျော်အရွယ် နှောင်းကာမှ သူကြွယ်လောင်းဖြစ်ချင်' ဟူသော စကားဖြင့် ကြည့်သော် အရွယ်ရင့်ပေတော့မည်။

နှစ်ပေါင်းလေးဆယ်အတွင်း အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီးမှ သာသနာပြု

သာသနာပြု ဟူသော စကားသည် နက်ရှိုင်း၏။ လွယ်လွယ်ဖြင့် သူလိုငါလို ဘာသိဘာသာ နေထိုင်ခြင်းသည် သာသနာပြု မဖြစ်နိုင်။ ပရိယတ္တိစာပေ သင်ယူမှုပို့ချမှု ဂန္ထဓုရနှင့် ဝိပဿနာ တရားအားထုတ်မှု ဝိပဿနာဓုရ နှစ်ပါး တစ်ပါးပါးမျှ မရှိသော ပုဂ္ဂိုလ်၏ သန္တာန်ဝယ် မြတ်စွာဘုရားရှင်အလိုတော်ကျ သာသနာ မရှိပေ။

ဒကာ ဒကာမများ အနေဖြင့်လည်း ကြည်ညိုကိုးကွယ်တတ်ဖို့လိုသည်။ ဘုန်းတန်ခိုးကြီးမှ ကိုးကွယ်သူများမှ၊ နှစ်လုံးဂဏန်း၊ သုံးလုံးဂဏန်း ပေးမှ၊ ငွေရေးကြေးရေး ချေငှားမှ စသည်ဖြင့် ကြည်ညိုတတ်ခြင်းသည် လွဲမှားသော သဒ္ဓါတရားပင်ဖြစ်သည်။

ဘုန်းတန်ခိုးလည်းမကြီး၊ ကိုးကွယ်သူလည်းမရှိ ဂဏန်းလည်းမပေး၊ စာချစာသင်ကာ ပရိယတ္တိဝန်ဆောင် နေကြသော ရှင်ငယ်ရဟန်းငယ်များကိုကား ကြည်ညိုကိုးကွယ်ရမှန်း မသိတတ်ကြပေ။ သာသနာတော်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိစာချစာသင် ရှင်ရဟန်းများမှာ အစားအသောက် အနေအထိုင် ဆင်းရဲစွာဖြင့် ကြိုးပမ်းကာ သင်ယူပို့ချနေကြရသည်။

တတ်နိုင်သမျှ ပေးပို့လှူဒါန်းခြင်းဖြင့် သာသနာတော်ကို ပြုကြရာ၏။ ရေသောက်မြစ်မရှိလျှင် ပင်စည် မကြီးထွားနိုင်ပေ။ ပင်စည်မသန်က အရိပ်ခိုနားနေဖို့ကိုကား မလွယ်ကူပေ။

လူပဲဖြစ်ဖြစ်၊ ရှင်ရဟန်းပဲဖြစ်ဖြစ် သာသနာပြု၊ သာသနာပြုဟု အော်ဟစ်နေမည့် အစား မိမိရင်တွင်း အကျင့်သာသနာကို ဖြူစင်မြင့်မြတ်အောင် ရှေးဦးစွာ ပြုလုပ်ကြရမည် ဖြစ်ပါသည်။

သူတော်ကောင်းများ မည်မျှထွက်ရှိခဲ့ပြီ ဆိုတာကို အလုပ်မ်းဝေးနေ၍ မသိခဲ့ရပေမယ့် နည်းနည်းနောနောတော့ ဟုတ်မည်မထင်ပေ။

အချို့က သာသနာပြုဟူသော စကားလုံးကို ခေါင်းစဉ်တပ်၍ ကိုယ်ကျိုးရှာ အတ္တသမားများ ဖြစ်လာကြသည်။ သာသနာဟူသော စကားလုံး၏ အဓိပ္ပါယ်ကို မသိကျိုးကျွံပြုနေကြသည်။ 'ငါ့ကျောင်း ငါထိုင် မခိုင် ကျိုးဟ ' ဟူသော သဘောဖြင့် ငါတကော ကောကာ၊ ထင်သလိုပြုမူနေထိုင်ကျင့်ကြံလာကြသည်။

သက်နှ်းအရေခြုံ၍ ဘဝဖူလုံချမ်းသာရေးအတွက် ရှေ့တန်းတင်လာကြသည်။ ကျောင်းရောင်းကျောင်းဝယ် ကိစ္စ၊ ကားရောင်းကားဝယ်ကိစ္စ၊ မြေရောင်းမြေဝယ်ကိစ္စ စသော လူတို့အကျင့်များကို ကျင့်သုံးလာကြသည်ကို ယနေ့မျက်မှောက်သာသနာဝယ် မတွေ့ချင်မမြင်ချင်အဆုံး၊ စီးပွားရေးနဲ့ နပန်းလုံးလာကြချေပြီ။

ပရိယတ္တိနှင့် ပဋိပတ္တိကို အလေးပေးဆောင်ရွက်သော ကျောင်းတိုက် အနည်းငယ်မှ တစ်ပါး သာသနာတော် မြတ်ကြီးသည် ဆရာဒကာ ပူးပေါင်း၍ ဘောလုံးပွဲလောင်း၊ နှစ်လုံးထီ၊ သုံးလုံးထီထိုးကာ စီးပွားရှာလျက် ရှိကြသည်။

မြတ်စွာဘုရားရှင်၏ အဆုံးအမတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်မှုမပြုနိုင်လျှင် သာသနာတွင် မနေသင့်ထိုက်ပေ။ ဆရာတော်ကြီးတစ်ပါး၏ ဩဝါဒကား မှတ်သားသင့်လှပေသည်။

'သာသနာတော်ကို ပြုကြရာဝယ် သာသနာကိုသာ ကိုယ်ကထမ်းရွက်နိုင်သလောက် ကြိုးစား၍ သယ်ပိုးကြရာ၏ သာသနာက မိမိကို ထမ်းထားရသလို မဖြစ်စေနဲ့' ဟူ၏။

♦ **ဟိန်းထက်စိုး**



# လက်ဆင့်ကမ်းတာဝန်

အရှင်ပညာစရိယ(တန့်ဆည်)

**ဂန္ထဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခု။ (ဓမ္မပဒ၊ ယမကဝဂ်၊ စက္ခုပါလတ္ထေရဝတ္ထု။)**

မြတ်ဗုဒ္ဓသာသနာတော်မှာ ဂန္ထဓုရ (စာပေသင်ကြားပို့ချခြင်းတာဝန်)၊ ဝိပဿနာဓုရ (ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းတာဝန်)ဟူ၍ တာဝန် (၂)မျိုးရှိ၏။ ထိုတွင် မိမိ၏ ပညာဉာဏ်မီသလောက် ဗုဒ္ဓ၏သုံးဖြာပိဋကတ် နှုတ်မြွက်အပ်သော စကားတော်တို့ကို ကျက်မှတ်သင်ယူဆောင်ထားခြင်း၊ အခါမပြတ် အဖန်တလဲလဲ ရွတ်အံ သရဇ္ဈာယ်ခြင်း၊ မိမိသိသမျှ ပြန်လည်ပို့ချပေးခြင်း အစရှိသည်တို့သည် ဂန္ထဓုရမည်၏။

ဂရုဘာရ၊ ဗဟုကိစ္စမရှိဘဲ ပေါ့ပေါ့ပါးပါး အသက်မွေးရသော အစွန်အဖျားကျသော တောကျောင်း၌ တစ်ပါး တည်းကိန်းအောင်းမွေ့လျော်ခံစားပျော်ပိုက် နှစ်ခြိုက်စွာနေ၍ ခန္ဓာကိုယ်အတ္တဘော၏ ဖြစ်-ပျက်ခြင်း သင်္ခါရသဘောတို့ကို ရှုလျက် ဝိပဿနာကမ္မဋ္ဌာန်းတရားအလုပ်ကို အားထုတ်ရင်း အရဟတ္တဖိုလ်တိုင်အောင်သော အကျင့်တို့ကို ကျင့်ခြင်းသည် ဝိပဿနာဓုရမည်၏။ ဤကား- ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာ(၃)ရပ်တွင် ရှေ့သာသနာ (၂)မျိုးနှင့် သဘောသကန် သဏ္ဌာန်အသွားအလားတူပေ၏။ "သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရ"ဟူသော သဘောပင်။

ယင်းတာဝန် (၂)မျိုးအနက် ဃရာဝါသ ဗဟုကိစ္စကြားမှာ ခုံမင်နှစ်ခြိုက်စိတ်လိုက်ပျော်ပါးအလုပ်များနေကြခြင်းကြောင့် နှောင်းနောင်တဖြင့် အသိဝင်ကာ သာသနာကို သဒ္ဓါပီတိ ကြည်ညိုခြင်းရှိသည်ဖြစ်၍ လူ့သွင်ပယ်ဖျက် ရဟန်းဝတ်ကာ နေကြသော ပုဂ္ဂိုလ်တို့သည် အသက်အရွယ်ကြီးလေး စာပေဉာဏ်နှံ့နှေးကြသည့်အတွက် ဂန္ထဓုရကို စိတ်လိုလက်ရ မပြုကျင့်နိုင်ကြတော့။ ဝိပဿနာဓုရကိုသာ ဆရာ့ထံချည်း ခိုမှီးဆည်းကပ် အားထုတ်တတ်ကြတော့၏။ ငယ်ရွယ်နုပျိုစဉ်က ပညာပါရမီကျမ်းမီတတ်သိ ကဝိခေါ်မှတ် အသက်သိက္ခာဂုဏ်ဝါရင့်ကြီး တစ်ချို့သော မထေရ်ကြီးတို့သည်လည်း မိမိတို့တတ်စွမ်းသမျှ စာပေသင်ယူပို့ချပေးကြပြီး အရွယ်တော်အား ထောက်ထားညှာတာ အစိုးမရသောကြောင့် တရားအရိပ် ပီတိစိတ်ဖြင့် တိတ်ဆိတ်ညင်သာ တစ်ပါးတည်း စိတ်ငြိမ်ခြင်းကိုသာ အလိုရှိလာကြတော့၏။

ထိုသို့ ရှေးရှေးမထေရ်ကြီးတို့က ဂန္ထ-ဝိပဿနာ နှစ်ဖြာဓုရကို စွမ်းစွမ်းတမံ အားထုတ်လုပ်ဆောင် သွားကြသည့်အားလျော်စွာ မိမိတို့ကလည်း ဆရာတို့၏ ခြေရာ မကွာထပ်ကြပ်တပ်အပ်လိုက်နာကာ နှစ်ဖြာဓုရကို လုံ့လကြီးကုတ် အားထုတ်သင့်လှပေ၏။ နိုင်ရာဝန်ဖြင့်ကျရောက်ရာ နေရာကနေ ဘာသာ-သာသနာအကျိုးကို ဆောင်ရွက်သင့်ပေ၏။"တာဝန်သိသူမှာ တာဝန်ရှိ၏။ တာဝန်ရှိသူမှာ တာဝန်ပိ၏" တဲ့။ တကယ်တော့ -မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်ကို အလုပ်သဘောအရ ဝတ္တရားအရ ခံယူပြီး လုပ်ဆောင်တတ်ကြသော လူပြိန်းလူနမျာ း၊ ဟန်ကြီး ပန်ကြီးသမားများသည်သာ တာဝန် "ပိ"တတ်ကြ၏။ မညည်းမညူမခိုမကပ် စိတ်ဓာတ်ခိုင်မာစွာ လုပ်ဆောင်တတ်သော တာဝန်သိသူများကတော့ ရှိလာသော တာဝန်ကို မပိအောင် ရဲရင့်ပြတ်သားစွာ လုပ်ဆောင်တတ်ကြ၏။

ဤသို့ပင် သာသနာ့ဒါယကာများနှင့် တာဝန်ရှိမထေရ်ကြီးတို့ တာဝန်သိစွာ လုပ်ဆောင်ခဲ့ကြသော သာသနာ့ ဥယျာဉ်ခေါ်တွင် မည်ထိုက်တဲ့ တိုက်ကြီးတာကြီးတို့ကား ငွါးငွါးစွင့်စွင့် ဝင့်ဝင့်ထည်ထည် အားရဖွယ်ပင် တည်ရှိခဲ့လေပြီ။ ထိုဥယျာဉ်ကြီးများတွင် ပန်းပေါင်းစုံပွင့်ဖူးကာ အညွန့်အဖူးတို့ကလည်း နောက်တွင် ကားကားစွင့်စွင့် တလူလူ လွင့်တက်လျက်။ ထိုပန်းပွင့်များသည် နေရာဒေသပေါင်းစုံသို့ ရနံ့စုံကြိုင်သင်း မွှေးပျံ့လျက်ရှိကြပြီ။ ဘာသာ-သာသနာ ဂုဏ်ဝါအကျိုး စဉ်မည်းဖို့ ဆတိုးထမ်းရွက် မပျက်လက်ကမ်း ကိုယ်စီလှမ်းကြမည်ဆိုလျှင်။

ထို့ကြောင့် ကျမ်းဂန်တတ်သိ ပညာရှိမထေရ်ကြီးတို့သည် အချိန်ရှိခိုက်လုံ့လစိုက်၍ သာသနာ့တံခွန်ကို လွှင့်ထူနိုင်ရန် စာသင်တိုက်ကြီး ရိပ်သာကြီးများကို တည်ထောင်ကာ တော်သော၊ တတ်သော၊ သိသော၊ အမြော်အမြင်ပညာမျက်စိရှိသော တပည့်တပမ်းများကို မွေးထုတ်ပေးကြ၏။ လမ်းမှားမလိုက်အောင် ရင်နှစ်သည်းချာ သားရတနာများအလား ထိန်းသိမ်းပြုပြင်စောင့်ရှောက်ပေးကြ၏။ ပြီးလျှင် ထိုအရည်အချင်းပြည့်မီသော တပည့်တို့အား ထိုတိုက်တာကြီးတို့၌ အဆင့်ဆင့်လွှဲပြောင်း တာဝန်ပေးအပ်ခဲ့ကြ၏။ ဤကား ရှေးဆရာအစဉ်ဆက်တိုင်းလိုလိုပင် ပြုကျင့်ခဲ့ကြသော ဝတ္တရားများတည်း။ ထိုလက်ဆင့်ကမ်း တာဝန်ကို လိုက်နာထိန်းသိမ်းကျင့်သုံး ခံယူဖို့ရာကား မိမိတို့ တပည့်လူငယ်များ၏ တာဝန်ပေတည်း။

တစ်ချို့မထေရ်ကြီးတို့ကား လာဘ်လာဘကို မငဲ့ကွက်ဘဲ စာသင်သားတို့နည်းတူ ချို့တဲ့စွာ နေထိုင် သောက်စားပြီး နာဖျားနှိပ်စက်အိပ်ယာထက်လဲနေသည့်တိုင် ကိုယ်နှင့်အသက်ကို ပဓာနမထား နေ့မအား ညမအား သာသနာတော်အတွက် ကြိုးစားသွားခဲ့ကြ၏။ အသက်ကုန်ဆုံးသည့်တိုင် ဂန္ထဓုရကိုသာ အဓိကဖြည့်ကျင့်ရင်း ဘာသာ သာသနာနှစ်ဖြာပွားတိုးကောင်းကျိုးအတွက် ကျမ်းငယ် ကျမ်းကြီးအသီးသီးကိုလည်း ဖတ်လွယ်မှတ်လွယ် သိလွယ် စိမ့်သောငှာ ရေးသားစီရင်ပြုပြင်တီထွင်ခဲ့ပေသေး၏။ လွန်စွာမှ လေးစားကြည်ညိုအားတက်ဖွယ်ရာပင်။ တစ်ချို့ကျတော့လည်း တာဝန်နှစ်မျိုးလုံးကို ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ သက်ဆုံးတိုင် ထမ်းဆောင်သွားကြ၏။

♦ **အရှင်ပညာစရိယ**(တန့်ဆည်)



# သူရဲကောင်း

## အရှင်ပညာနန္ဒ(ပခုက္ကူ)

သူရဲကောင်းကို ပုဒ်ခွဲသော် သူရဲ-တစ်ပုဒ် + ကောင်း-တစ်ပုဒ်ဖြစ်-၍ သူရဲဆိုသော စကားသည် သူရဟူသော ပါဠိမှလည်းကောင်း ကောင်းဟူသောစကားသည် သုန္ဒရ-ဟူသောပါဠိမှလည်းကောင်း၊ ဆင်းသက်လာဟန်တူ၏။ ထိုသူရပုဒ်ကို ရဲရင့်သူ ရဲစွမ်းသတ္တိရှိသူဟု စာပေတို့၌ဖွင့်ဆိုကြ၏။

ယင်းအဆိုတို့အရ ရဲရင့်သူ ရဲစွမ်းသတ္တိရှိသူကို သူရဲ ဟုခေါ်ဆိုကြ၏။ ထိုသို့ဆိုသဖြင့် မိမိသူတစ်ပါး နှစ်ဦးသားလုံး နစ်နာစေတတ် အကျိုးမဲ့ကိုဖြစ်စေတတ်သော ရဲရင့်ခြင်းတို့ကို သူရဲဟုပင်ခေါ်ဆိုရမည်ဖြစ်သော်လည်း သုန္ဒရဟူသောပါဠိမှဆင်းသက်လာသော ကောင်းဟူသော နောက်ပုဒ်ကိုထောက်ဆလျှင် မကောင်းကျိုးကိုဖြစ်စေတတ်သောရဲရင့်ခြင်း။ မရိုးသားသောရဲရင်းခြင်းမျိုးကို သူရဲဟုမခေါ်ဆိုနိုင်ဘဲ သူမိုက်ဟုသာခေါ်ဆိုရ၍ ကောင်းသောအမှုကိစ္စ၌ ရဲရင့်သူ၊ ရဲစွမ်းသတ္တိရှိသူကိုသာ သူရဲကောင်းဟုခေါ်ဆိုရပါလိမ့်မည်။

ရှင်းပါဦးအံ့ မြန်မာနိုင်ငံ၏ သမိုင်းတွင် ထင်ရှားသောတပင်းရွှေထီး၏ နားထွင်း မင်္ဂလာပွဲအတွက် ဘုရင့်နောင်ကိုယ်တိုင် လက်သည်းကြားတွင် အပ်စိုက်ပြီးတူနှင့်ရိုက်ကာ မတွန့်မဆုတ်သူကိုသာရွေးချယ်၏။ ဗလရဲထင်၏ အလှည့်သို့ရောက်သောအခါ လက်သည်းကြားတွင် အပ်စိုက်၍ တူနှင့်၍ရိုက်သည်တွင် အနည်းငယ်မျက်နှာပျက်သဖြင့် အပယ်ခံလိုက်ရ၏။ ထိုအခါဗလရဲထင်သည် အလွန်ရှက်၍ ဓားမြှောင်ဖြင့် မိမိဝမ်းဗိုက်ကို ခွဲလိုက်၏။ ထွက်ကျလာသော အူစကို ဘုရင့်နောင်ကို ကိုင်စေပြီး၊ ဘုရင့်နောင်က ဗလရဲထင်သည် ရဲစွမ်းသတ္တိရှိသူမဟုတ် မိုက် ရူးရဲဆန်သူသာဖြစ်၏

ဟုမှတ်ချက်ချဖူးကြောင်း လေ့လာမှတ်သားဖူး ပါ၏။ ထို့ကြောင့်ကောင်းသောအမှု၌ ရဲရင့်သူကိုသာ သူရဲကောင်းဟု ခေါ်ဆိုရပါ၏။

## သာသနာ့သူရဲကောင်း

### ပဌမသင်္ဂါယနာခန်း

မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူသဖြင့် ရဟန်းတော်များ ဝမ်းနည်းငိုကြွေးပူဆွေး သောကရောက်နေကြသည်ကို သုဘဒ္ဒ တောထွက်ရဟန်းကြီးက ငါ့ရှင်တို့ မငိုကြွေး ကြပါနှင့် ငါတို့တတွေဟာ ရဟန်းကြီးဂေါတမ လက်အောက်က လွတ်ကြပါပြီ၊ ရဟန်းကြီး ဂေါတမ ရှိစဉ်က ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ဆိုပြီး ပညတ်ချက်တွေက များလှပါဘိ၊ ယခုငါတို့ လုပ်ချင်တာလုပ်လို့ရပါပြီ၊ ငါတို့ မလုပ်ချင်သော အမှုကိစ္စကိုမလုပ်ဘဲ နေလို့ရပါပြီဟုပြောဆို တားမြစ်၏။ ထိုအကြောင်းကို သံဃာတော်တို့၏ အကြီးအမှူးဖြစ်သော ရှင်မဟာကဿပ ကြားသိရ၍ အနာဂတ် သာသနာရေး စိတ်အေးတော်မမူနိုင်ရှာဘဲ သင်္ဂါယနာတင်ရန် အစည်းအဝေးတိုင်ပင်၍ သံဃာရွေးချယ်ခြင်းကိစ္စကို ဆောင်ရွက်ပါတော့၏။

ထိုရွေးချယ်ပြီးသော ရဟန်းတို့တွင် အရှင်အာနန္ဒာမှ ကြွင်းသော ၄၉၉ ပါးတို့သည် ဆဠာဘိညပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇ ရဟန္တာအရှင်မြတ်ကြီးများဖြစ်ကြ၏။ အရှင်အာနန္ဒာ တစ်ပါးတည်းသာ သောတာပန်ဖြစ်၏။

ဤအချက်သည်အလွန်ထူးခြား၏။ အဘယ့်ကြောင့်ဆိုသော် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူချိန်က သာသနာတွင်းဝယ် ရဟန်းများမရေတွက်နိုင်အောင် ပေါများပါ၏။ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံရာ အရပ်သို့ကြွလာကြသောရဟန်းများပင် ၇-သိန်း ရှိ၏။ ထိုမျှလောက်များသော ရဟန်းအပေါင်းတို့တွင် ရဟန္တာအရှင်မြတ်များစွာပင် ရှိပါ၏။ သံဃာယနာတင် အရှင်မြတ်(၅၀၀)လုံး ရဟန္တာကြီးပင်ရွေးချယ်နိုင်ပါ၏။ သို့သော်လည်း သင်္ဂါယနာတင်ရန်အတွက် သောတာပန်သာ ဖြစ်သေးသော အရှင်အာနန္ဒာကို ရွေးချယ်ခဲ့ကြပါ၏။

ထိုအချိန်က အရှင်အာနန္ဒာသည် သောတာပန်မျှသာ ဖြစ်သေးသော်လည်း ဘုရားရှင်ဟောတော်မူပြီးသော တရားမှန်သမျှကို ဆောင်ယူမှတ်သားထားနိုင်သော ပရိယတ္တိပညာရှင် တိပိဋကဓရပုဂ္ဂိုလ်ကြီးဖြစ်သောကြောင့်သာ သင်္ဂါယနာပွဲကို ဆင်နွှဲခွင့်ရခြင်းဖြစ်ပါ၏။

(သင်္ဂါယနာတင်ချိန်၌ အရှင်အာနန္ဒာ ရဟန္တာ ဖြစ်ပါသည်။)

### တတိယသင်္ဂါယနာခန်း

တတိယသင်္ဂါယနာသမိုင်းတွင် သဗ္ဗကာမိစသော မထေရ်ကြီးများသည် ရဟန္တာ အရှင်မြတ်များဖြစ်၍ ဖလသမာပတ္တိသုခဖြင့် ငြိမ်းအေးစွာနေနိုင်ကြသော်လည်း အနာဂတ် သာသနာရေးအတွက် စိတ်မအေးနိုင်ရှာဘဲ ဗြဟ္မာ့ပြည်သို့ကြွ၍ တိဿဗြဟ္မာကြီးကို လူ့ပြည်သို့ဆင်း၍ မြတ်ဗုဒ္ဓ၏ သာသနာကို ချီးမြှောက်စောင့်ရှောက်ပါရန် တောင်းပန်ခဲ့ကြပါ၏။

တိဿဗြဟ္မာကြီးသည် မောဂ္ဂလိပုဏ္ဏား၏ အိမ်၌ပဋိသန္ဓေယူပြီး၍ ဖွားမြင်ခြင်းသို့ ရောက်၏။ ထိုသူငယ်ကို တိဿဟုပင် မှည့်ခေါ်ကြ၏။ သိဂ္ဂဝထေရ်သည် တိဿသူငယ်ကို စောင့်ရှောက်ရန် ဆွမ်း၊ ဆွမ်းဟင်း လောင်းလှူဖို့ဝေးစွ ကန်တော့ဆွမ်းပါဟူသော လောကဝတ်

ပုဏ္ဏားကြီးသည် ရဟန်းတို့သည်
ကန်တော့ဆွမ်းဟူသော လောကဝတ်
စကားမျှကိုပင် ငါတို့ရခဲ့ပါကုန်ပြီဟု
ဝမ်းမြောက် ဝမ်းသာ ချီးမွမ်းပြောဆို
သေး၏။ တစ်စုံတစ်ခုသော ခဲဘွယ်
ဘောဇဉ်ကိုရသော် အဘယ်ဆိုဘွယ်
ရှိပါအံ့ ...

စကားကိုပင်ပြောဆိုခြင်းမရှိသော မောဂ္ဂလိပုဏ္ဏားအိမ်သို့ ၇-နှစ်ပတ်လုံးသည်းခံ၍ ဆွမ်းခံဝင်တော်မူ၏။ ၇-နှစ်ကျော်ကာလ တစ်ရက်သောနေ့တွင်မှ ကန်တော့ဆွမ်းပါဟူသော စကားကိုကြားရ၏။ ထိုနေ့၌အလုပ်ကိစ္စဖြင့် အပြင်မှပြန်လာသော မောဂ္ဂလိပုဏ္ဏားကြီးသည် သိဂ္ဂဝထေရ်ကို မျက်နှာချင်းဆိုင်တွေ့မြင်၍ " အိုရဟန်း ငါတို့အိမ်သို့ ရောက်ခဲ့ကြကုန်ပြီလော။ ငါတို့ အိမ်မှတစ်စုံတစ်ခုကိုရခဲ့ကုန်ပြီလော" ဟုမေး မြန်း၏။ သိဂ္ဂဝထေရ်သည်လည်း " ပုဏ္ဏားကြီး သင်တို့အိမ်သို့ရောက်ခဲ့ပြီးပါကုန်ပြီ။ သင်တို့ အိမ်မှတစ်စုံတစ်ခုကိုရခဲ့ပါကုန်ပြီ " ဟုပြောဆို၏။

ပုဏ္ဏားကြီးသည်အိမ်သို့ရောက်၍သိဂ္ဂဝထေရ်၏စကားဟုတ်, မဟုတ်စုံစမ်းရာ ဘာတစ်ခုမျှလောင်း လှူခြင်းမရှိကြောင်းသိရသဖြင့် နောက်တစ်နေ့ဆွမ်းခံကြွလာသော သိဂ္ဂဝထေရ်ကို အိမ်တကားပေါက်-၌ ပင် " သင်တို့သည် မနေ့ကကျွန်ုပ်တို့ အိမ်မှတစ်စုံတစ်ခု မလောင်းလှူလိုက်ပါပဲ ငါတို့ရခဲ့ပါကုန်ပြီ" ဟုပြောဆိုခဲ့ပါကုန်၏။ သင်တို့အားမဟုတ်မမှန်ကြံစည်၍ ပြောဆိုခြင်းသည် သင့်လျော်ပါမည်လောဟု မေးမြန်းပြောဆို၏။ သိဂ္ဂဝထေရ်က " ငါသည်သင်တို့အိမ်၌ ၇-နှစ်ပတ်လုံး ဆွမ်းခံကြွခဲ့ပါ၏။ ဆွမ်းလောင်းလှူ ဖို့နေနေသာသာ ကန်တော့ဆွမ်းပါဟူသော လောကဝတ်စကားကိုပင်မရခဲ့ပါချေ။ မနေ့ကတော့ ကန်တော့ဆွမ်းပါ-ဟူသော လောကဝတ်စကားကို ရခဲ့ပါကုန်၏။ ထို့ကြောင့်ငါတို့ရခဲ့ပါကုန်ပြီဟု ဆိုခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောဆို၏။

ထိုအချိန်မှစ၍ ပုဏ္ဏားကြီးသည် ရဟန်းတို့သည် ကန်တော့ဆွမ်းဟူသော လောကဝတ်စကား မျှကိုပင် ငါတို့ရခဲ့ပါကုန်ပြီဟု ဝမ်းမြောက်ဝမ်းသာချီးမွမ်းပြောဆိုသေး၏။ တစ်စုံတစ်ခုသော ခဲဘွယ်ဘောဇဉ်ကိုရသော် အဘယ်ဆိုဘွယ်ရှိပါအံ့ဟု စဉ်းစားကြည်ညိုမိလေ၏။ ထိုနေ့မှစ၍ သိဂ္ဂဝထေရ်အားဆွမ်း ခဲဘွယ်တို့ကို ဆက်ကပ်လှူ၍ မိမိတို့၏ ဆရာအဖြစ်ကိုးကွယ်ထား၏။

အချိန်တို့သည် နေ့ကိုလစား လအားနှစ်မျိုဆိုသကဲ့သို့ တရွေ့ရွေ့ကုန်ဆုံးခြင်းသို့ရောက်ကြကုန်၏။ တိဿလုလင်သည်ပင် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်၍ ဗေဒင်သုံးပုံတို့ကိုပါရဂူပေါက်တတ် မြောက်ခဲ့လေပြီ သိဂ္ဂဝထေရ်သည် ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ တိဿလုလင်ကို ရှင်သာမဏေပြုပေး၍ စဏ္ဍဝဇ္ဇီထေရ်၏အထံသို့ ပရိယတ္တိဓမ္မများသင်ကြားရန်စေလွှတ်လိုက်၏။ ရဟန်းဖြစ်ချိန်၌ကား ပိဋကတ်သုံးပုံကို ဆောင်ယူမှတ်သားနိုင်သော တိပိဋကဓရ ဖြစ်လာ၏။ ရဟန္တာ၏အဖြစ်သို့လည်းရောက်၏။ များစွာကုန်သော ရဟန်းတို့အားလည်း ဓမ္မဝိနယကိုပို့ချ၏။

ထိုအချိန်က ဇမ္ဗူဒီပတွင် ဘုန်းတန်ခိုးအလွန်ကြီးသော အသောကမင်းကြီးသည် သာသနာကို ချီးမြှောက်ထောက်ပံ့ရာ၌ သာသနာသမိုင်းတွင် စံထားလောက်သော ပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့် တိတ္ထိတို့သည် လာဘသက္ကာရအကျိုးငှာ ဒေါင်း ယောင်ဆောင်သော ကျီးငှက်ပမာ သင်္ကန်းတို့ကို ကိုယ်တိုင် ဝတ်ရုံ၍ ရဟန်းအသွင်ဆောင်လာကြ၏။ မိမိတို့၏ အယူဝါဒ အဓမ္မဝိနယကိုလည်း ဟောပြောပို့ချကုန်၏။ ရဟန်းကောင်းတို့က ဓမ္မဝိနယအားဖြင့် ဟောပြောပို့ချကုန်၏။ ရဟန်းကောင်းတို့က ဓမ္မဝိနယဖြင့်လည်းကောင်း၊ မြတ်စွာဘုရား၏ အဆုံးအမဖြင့်လည်းကောင်း ဆုံးမကြကုန်သော်လည်း လိုက်နာမှုမရှိဘဲ သာသနာတော်များတွင် အညစ်အကြေးခလုတ်ဆူးညောင့်သဖွယ် ဖြစ်စေကြကုန်၏။ ရဟန်းအသွင်ဆောင်တိတ္ထိတို့သည် အဓမ္မလမ်းစဉ်ဖြင့် ကျင့်ကြကုန်၏။ ထို့ကြောင့်ပင် ရဟန်းကောင်းတို့သည် တိတ္ထိတို့နှင့်အတူ ဥပုသ်ကံစသည်တို့ကို မပြုလုပ်ကြကုန်။

အသောကမင်းကြီးသည် အမတ်တစ်ယောက်ကိုကျောင်းသို့စေရန်လွှတ်၍ ထိုဖြစ်ပေါ်နေသောအဓိကရုဏ်းကိုငြိမ်းစေပြီး ဥပုသ်ကံစသည်ကိုပြုစေ၏။ အမတ်သည်ကျောင်းသို့ရောက်၍ဥပုသ်ကံစသည်တို့ပြုကြပါရန် လျှောက်ထား၏။ ရဟန်းကောင်းတို့က ငါတို့သည် မိစ္ဆာအယူရှိကုန်သောရဟန်းတု တတ္ထိတို့နှင့် ဥပုသ်ကံမပြုကြကုန်ပါဟု ပြောဆိုသဖြင့် အမတ်ကြီးသည် မထေရ်ကြီးမှစ၍ သံလျက်ဖြင့် ဦးကောင်းတို့ကို ဖြတ်လေ၏။ ထိုသတင်းကို မင်းကြီးကြားသိရလျှင် အလွန် ထိတ်လန့်တုန်လှုပ်သဖြင့် မောဂ္ဂလိပုတ္တတိဿထံသို့ ချဉ်းကပ်၍ အရှင်ဘုရား တပည့်တော်သည် အမတ်တစ်ယောက်ကျောင်းသို့ စေလွှတ်၍ ဖြစ်ပေါ်နေသောအဓိကရုဏ်းကို ငြိမ်းစေပြီး ဥပုသ်ကံပြုစေပါ၏။ အမတ်သည် ကျောင်းသို့ရောက်၍ ထိုမျှလောက်သော ရဟန်းတို့ကို သတ်ဖြတ်ခဲ့ပါ၏။ ဤမကောင်းမှု အကုသိုလ်ကံသည် အဘယ်သူ့အားဖြစ်ပါ သနည်းဟုမေးလျှောက်၏။ မောဂ္ဂလိပုတ္တတိဿမထေရ်က မင်းကြီး မုဆိုးတစ်ယောက်သည် မိမိဖမ်း၍ သင်ပေးထားသော တယ်ခါ-ကို ချင်းတစ်ခုဖြင့် တောထဲယူသွား၍ ချုံအနီး၌ ထားပြီးလျှင် တွန်အောင်လုပ်၏။ (တယ်ခါ ဟူသည် တစ်ခြားခါတို့ ဤနေရာအရပ်သို့ ရောက်လာအောင် မျှားခေါ်သော ခါတည်း)။ ထိုခါ၏တွန်သံကြောင့် ရောက်လာသော ခါအပေါင်းကို နှိပ်စက်ညှဉ်းပမ်းသတ်ဖြတ်၏။ ထိုအကုသိုလ်ကံသည် တယ်ခါ၏ထံသို့မကျရောက် မုဆိုးထံသို့ကျရောက်ရာ၏။ အဘယ့်ကြောင့် ဆိုသော် တယ်ခါသည် မိမိ၏ အဆင်းကြောင့် လည်းကောင်း၊ အသံကြောင်းလည်းကောင်း ရောက်လာကုန်သော ခါအပေါင်းတို့ကို မုဆိုးသည် ချည်ဖွဲ့ပါစေ၊ ညှဉ်းဆဲသတ်ဖြတ်ပါစေ ဟူသော စိတ်ထားမရှိသောကြောင့်ပါတည်းဟု တိတ္ထိရဇာတ်ကို ဟောတော်မူ၏။

အသောကမင်းကြီးသည် ထိုတရားစကားကိုကြားရမှပင် စိတ်အေးချမ်းသာစွာ အမှုကိစ္စဟူသမျှကို ဆောင်ရွက်နိုင်တော့၏။ မောဂ္ဂလိပုတ္တတိဿထေရ်သည် အသောကမင်းကြီးအား ခုနစ်ရက်ပတ်လုံး မြတ်ဗုဒ္ဓ၏ အယူဝါဒတို့ကို သင်ကြားပေး၏။ ခုနစ်ရက်မြောက်သောနေ့၌ အာသောကမင်းကြီးသည် အသောကာရာမရှိ ရဟန်းတို့ကိုစုဝေးစေ၏။ မြတ်ဗုဒ္ဓသည် အဘယ်အယူရှိပါသနည်းဟုမေးမြန်း၏။

ထိုအခါ ရဟန်းတု တိတ္ထိတို့က မြတ်ဗုဒ္ဓသည် သဿတအယူရှိ၏။ ဧကစ္စသဿတအယူရှိ၏။ ဥစ္ဆေဒအယူရှိ၏ဟု ပြောဆိုကြကုန်၏။ မင်းကြီးသည် ရှေးဦးကပင်မြတ်ဗုဒ္ဓ၏ အယူဝါဒ တို့ကိုသင်ယူပြီးဖြစ်သောကြောင့် ဤသူတို့ သည် ရဟန်းအစစ်မဟုတ် တိတ္ထိတို့သာ ဖြစ် ကုန်၏ဟုသိ၍ ခြောက်သောင်းကုန်သော ရဟန်းတု တိတ္ထိတို့အား အဝတ်ဖြူတို့ကိုပေး၍ လူထွက်စေ၏။

အသောကမင်းကြီးသည်ကျန်ရှိနေသေး သော ရဟန်းတို့ကို မြတ်ဗုဒ္ဓသည် အဘယ်အယူ ရှိပါသနည်းဟု မေးမြန်းရာ၌ "မင်းကြီး မြတ်ဗုဒ္ဓ သည် ဝိဘဇ္ဇအယူရှိပါ၏ဟု ပြောဆိုကြသဖြင့် အသောကမင်းကြီးက " အရှင်ဘုရားတို့ ယခု အခါ သာသနာတော်သည် အညစ်အကြေးကင်း ၍ သန့်ရှင်းနေပါပြီ ရဟန်းတော်များသည် ဥပုသ်ကံစသည်ကို ပြုတော်မူကြပါဟု လျှောက် ထားတောင်းပန်၏။ ထိုအချိန်မှစ၍ ခြောက် သောင်းအတိုင်းအရှည်ရှိကုန်သောရဟန်းတို့သည် ဥပုသ်ကံစသည်တို့ကို ပြုလုပ်ကြကုန်လျက် စည်းဝေးတိုင်ပင်ကြကုန်၏။ မောဂ္ဂလိပုတ္တ တိဿထေရ်သည် ထိုအစည်းဝေး၌ တစ် ထောင်ကုန်သော မိစ္ဆာအယူတို့ကိုနှိမ်နင်းလျက် ကထာဝတ္ထုကျမ်းကိုဟောတော်မူ၏။ မောဂ္ဂလိ ပုတ္တတိဿသည် ထိုမျှလောက်အမိကရုဏ်းငြိမ်း အေးသွားပြီဖြစ်သော်လည်း သာသနာတော် အတွက် ရင်မအေးနိုင်ရှာသေးပေ။ တတ္ထိတို့၏ မိစ္ဆာအယူဝါဒတို့သည် ဆွမ်းဆန်တွင် ကြွက် ချေးရောသကဲ့သို့ ဓမ္မများနှင့်ရောထွေးနေ၏။ ၎င်းတို့ကို ထုတ်နှုတ်ဖယ်ရှားပြီး ဓမ္မစစ်စစ်ကို သာ မှတ်ကျောက်တင်စီရင်ရန် တိပိဋကဓရ-, ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇဖြစ်ကုန်သော ရဟန်းတစ် ထောင်တို့ကိုရွေးချယ်၍ အရှင်မဟာကဿပ အရှင်ယသစသောမထေရ်ကြီးများနည်းတူ သာသနာတော်၏ အမှောင့်ပယောဂ ခလုတ် ဆူးငြောင့်သဖွယ်ဖြစ်သော အဓမ္မတို့ကိုဖယ်ရှား၍ ဓမ္မဝိနယတို့ကို သင်္ဂါယနာတင်ခဲ့လေပြီ။

### ပြဟ္မဏတိဿသူပုန်ဘေး

သီဟိုဠ်ခေတ်၌ပြဟ္မဏတိဿသူပုန် ဘေးကြီးကြောင့် သီဟိုဠ်ကျွန်းနေ မင်းနှင့်ပြည် သူ ရဟန်းရှင်လူတို့သည်ဆင်းရဲဒုက္ခရောက်၍ ဖရိုဖရဲဖြစ်နေကြ၏။ မိုးခေါင်ရေရှားခြင်း ၊ ငတ် မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရကပ်ကြီးနှင့် လည်းရင်ဆိုင်နေရ၏။ သိကြားမင်းကပင် "အရှင်ဘုရားတို့ ယခုဖြစ်ပေါ်နေသော သူပုန် ဘေးကြီးကို တပည့်တော်မတားဆီးနိုင်ပါ။ သမုဒ္ဒရာကမ်းတစ်ဖက်ရှိ အိန္ဒိယပြည်သို့သာ ကြွ ရောက်သတင်းသုံးကြပါ။ တပည့်တော်က သမုဒ္ဒရာအတွင်း၌ ဘေးမသီရန်မခအောင် ကြည့်ရှုစောင့်ရှောက်ပါမည်ဟု လျှောက်ထားရ သောအခြေအနေ ဖြစ်၏။ ထိုမျှလောက်သီဟိုဠ် ကျွန်းနေ ပြည်သူပြည်သားတို့လည်း ဆင်းရဲဒုက္ခ ရောက်သာသနာတော်သည်လည်း ထောက်ပံ့ ကူညီမည့် သူမရှိ၍ အောက်ကျညှိုးငယ် နေရသောအချိန်တွင် သောင်းနှစ်ထောင် ခန့်သော သံဃာတော်တို့သည် ရေကြည်ရာ မြက်နုရာ သမုဒ္ဒရာတစ်ဖက်ကမ်းရှိ အိန္ဒိယသို့ ပြောင်းရွှေ့သတင်းသုံးကြကုန်၏။

ခြောက်ကျိပ်လောက်သော ရဟန်းတို့ သည် ငါတို့၏ အသက်နှင့်ခန္ဓာတည်မြဲနေ သရွေ့ ဆောင်ယူမှတ်သားထားသော ပါဠိတော် အဋ္ဌကထာဋီကာများကို ပါဒတစ်ခုတလေမျှ အကျအပျောက် အယိုအဖိတ်မရှိအောင် စောင့်

ထိန်းကြမည်ဟု သန္နိဋ္ဌာန်ခိုင်ခိုင်ချပြီး ရသမျှ အစာအာဟာရဖြင့် ရောင့်ရဲလျက် ပိဋကတ်စာပေများကို အခေါက်ခေါက်အခါခါ သုံးသပ်ရွတ်ဖတ်တော်မူကြကုန်၍ သီဟိုဠ်ကျွန်း၌ပင် ဆင်းရဲပင်ပန်းစွာ နေထိုင်ကြကုန်၏၊ ငတ်မွတ်ခေါင်းပါးခြင်းဘေးကြောင့် လူရောရှင်ပါ သေဆုံးကြရာတွင် ပိဋကတ်ဆောင် မထေရ်ကြီးများလည်း အမြောက်အမြားပင် ကွယ်လွန်သွားကြလေကုန်ပြီ ကျန်ရှိနေသေးသော ပရိယတ္တိဝန်ဆောင်ရဟန်းတော်တို့ကလည်း နည်းနည်းလေးမျှ စိတ်ဓာတ်မကျဘဲ နေ့အခါတွင် နေရိပ်ကောင်းသော နေရာများ၌ နေခိုပြီး ညအခါတွင် သဲသောင်ကမ်းခြေများ၌ ဆာလောင်မွတ်သိပ်ခြင်းဒဏ်ကို အအေးဓာတ်ဖြင့် ဖြေဖျောက်၍ ပိဋကတ်စာပေများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြသည်မှာ ကြက်သီးထစရာပင် ကောင်းပါသေး၏။

ထိုဘေးကြီးအပြီး မိုးလေဝသရာသီဥတုများ ပြန်လည်ကောင်းမွန်၍ အိန္ဒိယမှပြန်လာကြသော ရဟန်းတော်များနှင့် သီဟိုဠ်တွင် ကျန်ရှိနေသော ရဟန်းတော်တို့သည် မိမိတို့ဆောင်ယူထားသော ပိဋကတ်တော်များကို တိုက်ဆိုင်ကြည့်ကြလေရာ တစ်လုံးတစ်ပါဒမျှ ချွတ်ယွင်းဖောက်ပြန်ခြင်းမရှိ ပကတိအတိုင်း ညီညွတ်နေသည်ကို တွေ့သဖြင့်ဝမ်းမြောက်ကြည်နူးကြရကုန်၏။ ထိုသို့ဖြစ်ရခြင်းသည် အသက်ကို ပဓာနမထားဘဲ ပရိယတ္တိဓမ္မကို ဆောင်ထားကြကုန်၍သာ ဖြစ်ပါ၏။

ထိုဝတ္ထုသာဓကတို့တွင်အရှင် အာနန္ဒာသည်လည်းကောင်း အရှင်မောဂ္ဂလိပုတ္တတိဿသည်လည်းကောင်း ပြဟ္မဏတိဿသူပုန်ဘေး၌ အသက်ကို ပဓာနမထားဘဲ ပိဋကတ်ဆောင်ရဟန်းတို့သည်လည်းကောင်း ပရိယတ္တိဓမ္မကြောင့်သာ သာသနာ့သမိုင်းတွင် အရေးတယူ အလေးမူခြင်းခံရသော သာသနာ့သူရဲကောင်းများပင် ဖြစ်သည်မဟုတ်ပါလော။

မှန်ပါ၏။

မြန်မာနိုင်ငံသည် ထေရဝါဒသာသနာထွန်းကားသော နိုင်ငံဖြစ်သည့်အားလျော်စွာ သာသနာတော်၏ ရှေ့တန်းတိုက်စစ် နောက်တန်းခံစစ်ဟူသော တာဝန်နှစ်ရပ်ကို ထမ်းဆောင်နေကြသော ပရိယတ္တိစာသင်တိုက်ကြီးများ စာချစာသင် ပရိယတ္တိပညာရှင်များ များစွာပင် ရှိပါသေး၏။ ပရိယတ္တိသမားများသည် ပေးဆပ်သူများသာဖြစ်၍ အခြားသော အခြားသောပုဂ္ဂိုလ်တို့နှင့် နှိုင်းယှဉ်သော် ပိုင်ဆိုင်ရရှိသော ပစ္စည်းဝတ္ထုတို့က မိုးနှင့်မြေနှယ် ကွာခြားလှပါ၏။ စာရေးဝတ်ရေးကို မဆိုထားဘိ နေစရာကျောင်းသည် အခြားသောပုဂ္ဂိုလ်တို့၏ မီးဖိုချောင်လောက်ပင် မခမ်းနားမထည်ဝါသည်ကို တွေ့ရပါ၏။ စာချဆရာများက တပည့်မရှားတစ်ပြားမရှိ ပီတိစား၍သာ ပရိယတ္တိဓမ္မကို ပို့ချနေရပါ၏။ စာသင်သား သောတုဇန များကလည်း ကျောက်ခက်ကျောက်သားကြားက ပန်းကလေးနှယ် အခက်အခဲများစွာကို ရင်ဆိုင်ရင်း ပညာရှိထံ ရှိကျိုးနွံ၍ နည်းခံသင်ကာ ပညာရှာမှီးနေကြပါ၏။

မြန်မာနိုင်ငံ၏ အထင်ကရ ပရိယတ္တိစာသင်တိုက်များစွာတို့တွင် အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီးလည်း အပါအဝင်ဖြစ်ပါ၏။ ယခု(၁၃၇၂)နှစ်တွင် ရွာမပရိယတ္တိစာသင်တိုက်ကြီးတည်ထောင်ခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ပင်ပြည့်ခဲ့ပါပြီ။ နှစ်လေးဆယ်ဆို

သောအရွယ်သည် လူသားတစ်ယောက်နှင့် နှိုင်းယှဉ်ကြည့်ပါမူ မကြီးလွန်းမငယ်လွန်းဘဲ ဖျတ်လတ်သွက်လက်သော အရွယ်ဖြစ်ပါ၏။ ရွာမပရိယတ္တိစာသင်တိုက်သည် လောကဓံ အတွေ့အကြုံတို့ဖြင့် ရင့်ကျက်သော, အတွေ့ အကြုံပညာတို့ဖြင့် ထက်မြက်သော စာသင် တိုက်ကြီးဖြစ်၏ဟုဆိုက လွန်အံ့မထင်ပါ၊ သမိုင်း ကပင် သက်သေခံနေပါလိမ့်မည်။ တဆင့်တက် ၍ဆိုရသော် ရွာမပရိယတ္တိစာသင်တိုက်ကြီး သည် မြေစိုမြေဆွေး မြေပွတွင် အလွယ်တကူ ဖူးပွင့်ခဲ့ရသော ပန်းဥယျာဉ်ကြီးမဟုတ်၊ ကျောက် ခက်ကျောက်သားတို့ကို ဖောက်ခွဲ၍ဖူးပွင့် ရသော ပန်းဥယျာဉ်ကြီး ဖြစ်ပါ၏။ ထို့ကြောင့်ပင် လေအောက်လေညာအရပ်တို့၌ မွှေးရနံ့သင်းပျံ့ နေသည်မဟုတ်ပါလော။

ပရိယတ္တိစာသင်တိုက်ကြီးများနှင့် စာချ စာသင် ပရိယတ္တိပညာရှင်တို့၏ ကျေးဇူးကြောင့် သာ သာသနာတွင်း၌ ဖြစ်ပေါ်လာသော အဓမ္မ ဝါဒနှင့် အဓမ္မဝါဒီတို့ကို နှိပ်ကွပ်၍ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစစ်စစ်ကို သိခွင့်ရကြပါ၏။ သမိုင်း အဆက်ဆက် သာသနာအဆက်ဆက်လေ့လာ ကြည့်မည်ဆိုလျှင်လည်း သာသနာတော်၏ ခလုပ်ဆူးငြောင့်တို့ကို ပရိယတ္တိပညာရှင် တို့သည်ပင် ပရိယတ္တိဓားထက်ထက်ဖြင့် ခုတ် ပယ်ရှင်းလင်းခဲ့ကြသည်ကို တွေ့မြင်ရမည်သာ ဖြစ်ပါ၏။ ပရိယတ္တိပညာရှင်များ၏ ဘဝနှင့် အသက်ကို သာသနာတော်အတွက် စတေးခဲ့မှု ကြောင့်သာ ယနေ့ ကမ္ဘာနှင့် ယနေ့မြန်မာတွင် ယနေ့သာသနာကို တွေ့မြင်နေရပါ၏ဟုဆိုသော် မည်သူငြင်းဆိုနိုင်ပါအံ့နည်း။

သာသနာတော်ကို ကြာပန်းမျိုးစုံတို့ဖြင့် တင့်တယ်သော ရေကန်ကြီးနှင့်တူ၏ဟု ဆိုငြား အံ့။ ပရိယတ္တိသည် ရေများတည်တံ့အောင် ထောက်ပံ့ပေးသော ကန်ဘောင်ကြီးဖြစ်၏။ ပဋိပတ္တိသည် ထိုကန်ဘောင်အတွင်း၌ တည်ရှိ နေသော ရေများဖြစ်၏။ ပဋိဝေဓသည် ထိုရေကန်ကို အလှဆင်သော ကြာစွယ်ကြာပန်း တို့ပင် ဖြစ်ပါ၏။ ထို့ကြောင့် ကန်ဘောင်နှင့်ကင်း သော ရေကန်သည် ကြာပန်းမျိုးစုံတို့ဖြင့် လှပ တင့်တယ်ဖို့ဝေးစွ၊ ကန်တွင်း၌ ရေတည်တံ့နိုင် ရန်ပင် မလွယ်သလို သာသနာတော်သည် ပရိယတ္တိနှင့် ကင်း၍ တည့်တံ့နိုင်ပါမည်လော။

ပညာနည်းပါးသော အချို့ပုဂ္ဂိုလ်တို့သည် ပရိယတ္တိကန်ဘောင်ပေါ်ထိုင်၍ ပဋိပတ္တိရေ တို့ကို သုံးဆောင်လိုကြ၏။ ပဋိဝေဓကြာစွယ် ကြာပန်းတို့ကို ပန်ဆင်လိုကြ၏။ တစ်နည်းဆို ရသော် ကန်ရေကိုသာ ဖြည့်ဆည်းပေးလိုကြ၏။ ကြာဆွယ်ကြာပန်းတို့ကိုသာ ပွင့်လန်းစေလို ကြ၏။ ကန်ဘောင်ခိုင်ခံ့အောင် ဖြည့်ဆည်း ထောက်ပံ့ရန်ကိုကား စိတ်ပင်ကူးမိဟန်မတူချေ။ ရေနှင့်ကြာစွယ်ကြာပန်းတို့သည် ပရိယတ္တိကန် ဘောင်နှင့်ကင်း၍ တည်တံ့နိုင်ပါမည်လော။

ပရိယတ္တိစာသင်တိုက်ကြီးများနှင့် စာချစာသင်ပရိယတ္တိပညာရှင်တို့ မရှိခဲ့သော် အနာဂတ်သာသနာရေးအတွက် အတွေးခက် ဖွယ်ပင် ဖြစ်ပါ၏။ ထို့ကြောင့် ခေတ်အဆက် ဆက် ပရိယတ္တိပညာရှင်များနှင့် ယခုခေတ် စာချ စာသင် ပရိယတ္တိပညာရှင်များကို သာသနာ တော်အတွက် ဘဝနှင့်အသက်စတေး၍ ကာကွယ်ပေးသော သူရဲကောင်းကြီးများအဖြစ် ဤဆောင်းပါးဖြင့်ပင် ရေးသားပူဇော်ဂုဏ်ပြု အပ်ပါသတည်း။

♦ အရှင်ပညာနန္ဒ(ဖာကန့်)

# ဇရာတမ်းချင်း



■ လူ့ဘဝသိုက်မြုံ အစုံအဆန်
အသွားအပြန်လမ်း ခရီးကြမ်းမှာ
ဖြတ်သန်းကျော်နင်း ခရီးပြင်းနှင်ခဲ့ကြ
သူမနှင့် ကျွန်တော့်ဘဝ

■ ချစ်စခင်စ ကြင်နာဆပွား
ကြားက လေသွေး ဝေးတယ်ထင်ခဲ့
သေတူရှင်မခွဲ အသည်းစကားတွေပြော
မမောမပမ်း စိတ်လှမ်းရာလိုက်
သွားလိုက်လာလိုက် ပျော်ရွှင်လိုက်နှင့်
စားလိုက်သောက်လိုက် ရင်သန်လိုက်နှင့်
ပေါင်းခိုက်သင်းခိုက် တရိုက်မက်မက်
ချစ်ကြိုက်မူးမူး မြူးခဲ့ကြတယ်
ကာမဘုံဝယ် ကြင်လည်သရွေ့
ဘဝရှေ့ရေး ဘာမှုမတွေးခဲ့။

■ ဟိုတစ်ချိန်ပုံရိပ် သိပ်မတွေးချင်ဘူး
ရှုံးရှုံးမိုက်မိုက် သည့်အရွယ်
ဆယ်ကျော်သက်လို့ ခေါ်မလား
ချစ်တမ်းကစားတဲ့ အရွယ်တွေ
ကုန်လွန်ခဲ့ရပါပြီလေ။

■ သြော်-နေညိုချိန် ရောက်တော့မှ
အနိစ္စ၊ ဒုက္ခ၊ အနတ္တမို့
ဇာတိဇရာ ဗျာဒိမရဏ
အိုရနာရ သေရမှာပါလား
သတိတရားရ သံဝေဂပွားကာ
တရားရိပ်သာမှာ စိတ်ပုတီးကိုကိုင်
ထိုင်ကာထကာ ပုတီးစိတ်ရင်း
ယမမင်း သူခေါ်အလာကို
သည်နေရာက စောင့်တော့မယ်လေ။ ။

ရွှေငယ်မောင်ကြည်ငွေး



# အမေ

ပုခန်းမောင်မောင်ကျော်

(၁)

"ကိုရင် ဒီတစ်ဝါပဲ နေရမယ်နော်"

ဒီစကားက မြနုပြောတဲ့စကား၊ ကျွန်တော့်နာမည်က ရင်မောင်၊ မြနုနှင့် ကျွန်တော်က ငယ်သူငယ်ချင်းတွေ၊ ကကြီး ခခွေး စာအတူဖတ်၊ တစ်နှစ်သုံးလေး ဂဏန်းအတူတွက် ကျောင်းနေဘက် သူငယ်ချင်းတွေဖြစ်သည်။ မြနုက လှ၏၊ လှသည်ထက် ယဉ်သည်ဆိုလျှင် ပို၍မှန်မည်။ မြနုမိဘတွေက ရွာမှာ အချမ်းသာဆုံး စာရင်းမဝင်ပေမယ့် အတော်အသင့် စားနိုင်သောက်နိုင်သည့် လူတန်းစား၊ ကျွန်တော့် မိဘက ဆင်းရဲသည်။ မြနုနှင့် ကျွန်တော်က တစ်ရပ်ကွက်တည်းသား အိမ်နီးနားချင်းတွေ။ မြနုကို သူ့မိဘတွေက အတန်းပညာသင်ကျောင်းမှာ ထားမည်ဆိုလျှင် ထားနိုင်၏။ ဒါပေမယ့် မထား၊ ဘုန်းတော်ကြီးကျောင်းမှာပဲ အပ်နှံ၍ ပညာသင်စေသည်။ အရေးအဖတ် အတွက်အချက် နားလည်လျှင် တောရွာအနေနှင့် တော်လောက်ပြီ။ ဒီသဘောပေါ့။

ကျွန်တော်ရော မြနုပါ ဘုန်းကြီးကျောင်းမှာ စာသင်ရသည်။ ကျောင်းသူ ကျောင်းသားလေးဆယ်ကျော်ရှိ၏။ ကျောင်းဝင်းကြီးကလည်း ကျယ်သည်။ ပိန္နဲသရက် မာလကာ ကတ္တိပါ သစ်ပင်တွေက အစုံ။ မြနုနှင့် ကျွန်တော်က အတူသွား၊ အတူစား၊ အတူကစားတယ်ပြောပါတော့။ အဲ ကစားတာတော့ အတူမဟုတ်။ ကျွန်တော်တို့ကျောင်း ဘုန်းကြီးက စည်းကမ်းကြီးသည်။ မိန်းကလေးနှင့် ယောကျာ်းလေး အတူကစားခွင့် မပေး။ ကစားတာတွေ့ပါက မသက်သာဘူးမှတ်။ သူ့ရဲ့ လက်စွဲတော်

ရွှေကြိမ်လုံး၊ ဒါမှမဟုတ် ထန်းပလက်စာ မိမည်။ အညာဆိုတော့ ထန်းပလက်က ပေါသည် မဟုတ်လား။

"မင်းတို့ကို ယောက်ျားကလေးနှင့် မိန်းကလေး အတူရောပြီး မကစားရဘူးပြော ထားတယ်။ အခုတော့ ကြည့်စမ်း၊ ကျောင်း အရှေ့ဘက်က မာလကာကိုင်း ကျိုးသွားပြီ။ ဒီမာလကာပင်က မျိုးကောင်း၊ ဦးနီမျိုး ၊ ရှား တယ်၊ ယောက်ျားကလေးတွေရဲ့ အပြစ်က အဓိ ကပဲ၊ မိန်းကလေးအုပ်စုကလည်း လက်ခံ စကား ပြောတဲ့အတွက် အပြစ်ရှိတာပဲ"၊ တစ်နေ့ ကျောင်းရှေ့ဘက်က မာလကာပင် ကိုင်းကျိုး သွားသည်။ ကျွန်တော်တို့ ကျောင်းသားတွေ ထန်းပလက်နှင့် ကျောပြင်မှာ ပြောတင်ခံ ရတော့သည်။ ကျောင်းသူမိန်းကလေးအုပ်စုက ရေဒဏ်ခံရသည်။ မာလကာကိုင်းကျိုးမှုအတွက် ကျွန်တော်တို့ ကျောင်းသားတွေ အတော်လေး အီသွားသည်။ ဆရာဘုန်းကြီးက သစ်ပင်တွေ ပေါ်တက်၍ ဆော့ကစားခြင်းကိုမကြိုက်။ 'အမေမွေးတုန်းက အကောင်း၊ ကျိုးချင် ကန်းချင် လို့လား' ဤသို့နှုတ်နှင့်လည်းမပြတ်၊ လက်နှင့် လည်းတစ်မျိုး၊ တုတ်နှင့်လည်းတစ်သွယ်၊ အမျိုး မျိုး ဆုံးမပါ၏။

မြနုနှင့် ကျွန်တော်က အတူမကစားရပေ မယ့် စာအံရင် အတူတူ၊ သင်ပုန်းကြီး၊ ရတနာ ရွှေချိုင့်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရပင်ကုန်၍ လောကနီတိပင် တစ်ဝက် ကျိုးပြီ။ ပရိတ်ကြီး (၁၁) သုတ်ကုန်ရင်တော့ မြနုကို ကျောင်းထုတ်မည်ဟု သိရ၏။ ကျွန်တော် တို့ တောရွာဘုန်းတော်ကြီးကျောင်းတွင် ကျောင်းသူမိန်းကလေး အတော်များများ ကျောင်းထွက်သွားကြ၏။ ပရိတ်ကြီး (၁၁)သုတ် ကုန် မကုန်တော့မသိ။ ကျွန်တော့်ကိုတော့ အမေနဲ့ အဖေက ကျောင်းထုတ်မည် ပြောသံ မကြားသေး၊ အဖေနဲ့အမေ ဘာရည်ရွယ်ချက် ရှိနေသည်မသိ၊ ကျွန်တော်သိတာ တစ်ခုတော့ ရှိသည်။ အဲဒါကတော့ ကျွန်တော်ရှင်မပြု ရသေးခြင်းပင်။

"ကိုရင်မောင်တို့ ရှင်ပြုတဲ့အခါ မြနုက ကွမ်းတောင်ပန်းတောင်ကိုင်မယ်နော်"

မြနုက ကျွန်တော် ရှင်မပြုရသေးမှန်း သိ၍ စခြင်းပင်ဖြစ်၏။ လောကနီတိကုန်၍ ကျွန်တော်ရောမြနုပါ မင်္ဂလသုတ်ကို စတင် အံနေရပြီ။ 'ဧဝံ မေ သုတံ ဧကံသမယံ" ဆိုလို့ ကောင်းဆဲတွင် မြနု ကျောင်းထွက်သွားသည်။ " ဒီကောင်လေး ဒီကောင်မလေးပေါ့၊ ဧဝံ မေ သုတံ-နဲ့ ကျောင်းထွက်လိုက်ရတယ်။" ဟု တော အရပ်တွင်တော့ ပြောစမှတ် တွင်နေကြတော့၏။ မြနုလည်း ဧဝံ မေ သုတံ-နဲ့ ကျောင်းထွက်သူ ဘွဲ့ကို ခံယူသွားပြီ။ ကျွန်တော်ကတော့ မြနုလို ဘွဲ့မရသေး။ မြနုက "သူလိုဘွဲ့ရချင်ရင် ကိုရင် ဝတ်လိုက်ပေါ့ ကိုရင်ဆိုရင် ဘွဲ့ရပြီလေ" ဟုပြော သည်။ မြနုက ကျောင်းထွက်၍ တောင်သူ လုပ်ငန်းများ မိဘနှင့် ဆောင်ရွက်နေချိန်၊ ကျွန်တော်လည်း ပရိတ်ကြီးကုန်၍ သဒ္ဒါသုတ် စဉ်နှင့် သင်္ဂြိုဟ်ပါဠိတွေ အံနေရပြီ။ ဘွဲ့ကတော့ မရသေးပါ။

(၂)

ကျွန်တော်မိဘတွေက ကျွန်တော့်ကို ရှင်ပြုပေးသည်။ တပို့တွဲလဆန်း(၇)ရက် (၈) ရက်။ (၇)ရက်နေ့က အလှူအကြိုနေ့၊ (၈)ရက် နေ့ အလှူကြီးနေ့။ တပို့တွဲ တပေါင်းမှာ တောင် ယာလုပ်ငန်းများလဲ တစ်ချို့သိမ်းကုန်ပြီ။ ဒီလ

ဒီအခါမျိုးတွင် ရှင်ပြုမင်္ဂလာပွဲတွေ ကျွန်တော်တို့ ဒေသတစ်ဝိုက်မှာ ခြိမ့်ခြိမ့်သဲ။ ကျွန်တော့်မိဘတွေကလည်း တောင်သူခွင်က ပဲနှမ်းလေး ရတုန်းရခိုက် ရှင်ပြုပေးခြင်း ဖြစ်ဟန်တူသည်။ နောက်ပြီး ကျွန်တော့်အသက်ကလည်း မငယ်တော့။ သားယောကျ်ားဖွား မိဘတိုင်း ဗုဒ္ဓဘာသာပီပီ သာသနာကို ချီးမြှောက်ခြင်းလည်း ဖြစ်သည်။ ညနေ(၃)နာရီ အချိန်လောက်တွင် ရှင်လောင်းလှည့်သည်။ မြင်းစီးရသည်မှာ ပျော်စရာတစ်မျိုး၊ ကျွန်တော့်ရှင်ပြုပွဲမှာ မင်းသမီး မိုးကြည်ကြည်ပါသည်။ မင်းသမီး မိုးကြည်ကြည်က ကျွန်တော်တို့ဒေသ တစ်ဝိုက်မှာတော့ နာမည်ကြီး မင်းသမီး ၊ မင်းသမီး မိုးကြည်ကြည် မပါရင် ပွဲပင်မစည်သည့်သဘော။ အခု ကျွန်တော်တို့ အလှူမင်္ဂလာပွဲ ရှင်လောင်းလှည့်ရာတွင် နာမည်ကြီးမင်းသမီး မိုးကြည်ကြည်ရဲ့ လှည်းက နောက်ဆုံးက ချည့်ခံနေပြီ။

"မြင်းကိုစီး၍ ထီးရိပ်ကို၊ မြင်းမိုရ်မြင့်မားဝတီဖျားက၊ နတ်သားကျသလိုထင့်"

"ရှဲ"

"ရောင်ဝါသက်န်း ဝတ်ဆင်မြန်း၍၊ ရှင်ရဟန်း ပြုပါလော့၊

"ရှဲ"

" သားတို့ ရုပ်ရည်၊ သီတာမည်သား ၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက ၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းရှင့်"

"ရှဲ"

ရှင်လောင်းလှည့်နေချိန် ကာလသားအဖွဲ့က သျှိုးလိုက်ရတုဖြင့် အတိုင်အဖောက်ညီနေသည်။ ကျွန်တော်မြင်းပေါ်မှ လှမ်းကြည့်လိုက်၏။ ကွမ်းတောင်ကိုင်အဖွဲ့ထဲမှာ မြနုလည်းပါသကိုး။ မြနု ကျွန်တော့်ကို လက်တစ်ချောင်း ထောင်ပြသည်။ သူဘာကို ဆိုလိုမှန်းတော့ ကျွန်တော်နားမလည်ပါ။ ရှင်လောင်းလှည့်နေသည်မှာ (၂)နာရီကျော်လောက်ရှိမည်။ ကျွန်တော်စာသင်တဲ့ ဘုန်းကြီးကျောင်းကိုဝင်၍ ကန်တော့၏။ ရှင်လောင်းဝင်တော့ ရှင်လောင်းထိန်းတွေက ကျွန်တော့်ကို ရှင်လောင်း ဝှက်သည်။ တစ်ချို့အရပ်တွင် ရှင်လောင်း အဝှက်ကောင်း၍ အသက်ဆုံးရှုံးသွားရတဲ့ အကြောင်းတွေလည်း ကြားဖူးပါ၏။ ရှင်လောင်းဝှက်သူတို့ သတိပြုစရာပေ။ နောက်တော့ ကျွန်တော့်မိဘတွေက လိုက်ပြီးရွေးရတယ်။ ကျွန်တော်အလှူမဏ္ဍပ်ရောက်တော့ ထမင်းရုံမှာ ထမင်းကျွေးနေပါပြီ။

(၃)

"ရင်မောင် မင်းငါနဲ့မြို့ကိုလိုက်ခဲ့"

ကျွန်တော် ရှင်ပြုသက်န်းဝတ်သည့်နေ့။ အထက်ပါ စကားကိုပြောကြားသူက အခြားမဟုတ်။ ကျွန်တော့် ဦးကြီးတော် ဘုန်းကြီးပင်။ ဦးကြီးတော်ကား ရန်ကုန် အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက်မှာ စာချနာယက တစ်ပါးဖြစ်သည်။ ကျွန်တော်တို့ အလှူတရားဟော ရောက်လာခြင်းဖြစ်သည်။ သူဟောသည့်တရားက ရှင်မဟာကဿပ မထေရ်အလောင်းလျာ ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ ပါရမီဖြည့်ခန်းဖြစ်သည်။ ဇာတ်လမ်းက လမ်းဆွတ်ဖွယ်၊ တသဖွယ်၊ ကြည်နူးဖွယ်ကောင်းသည်ဟု ရွာတွင်သတင်း ပျံ့သွား၏။ ရှင်သာမဏေဝတ်ရာ၌ ခပ်လွယ်လွယ်ဟု ကျွန်တော်က ထင်ထား၏။ တကယ်တော့ မလွယ်ပါ။ ပထမ ဆံချရ၏။ ဒုတိယ ဆရာထံမှာ သက်န်းတောင်း။ တတိယအဆင့် သရဏဂုံကို ပီပြင်အောင် ရွတ်ဆိုရသည်။

အင်္ဂါသုံးချက်ညီမှ သာမဏေဖြစ်သည်ဟု သိရ၏။ ကျွန်တော်ရှင်သာမဏေဖြစ်တော့ ဦးကြီးတော်က ရန်ကုန်လိုက်ရန် ခေါ်ပါတော့သည်။ ကျွန်တော်ကလည်း မြို့ကိုလိုက်ချင်ပါရဲ့။ ခက်နေသည်က ကျွန်တော်နှင့် ကျောင်းနေဘက်မြနု။ ဒီစကားကမြနုဆီရောက်သွားသည်။ ကျွန်တော်မြို့လိုက်မည်ကို မြနုက သဘောမကျ။ မြနုက ကျွန်တော့်ကို ခင်သည်။ သံယောဇဉ်ရှိသည်။ သူက ကျွန်တော်နှင့်ရွာမှာပဲ ငရုတ်သီးဆွတ်၊ ကြက်သွန်စိုက်၊ ပဲကောက်၊ နှမ်းထောင်တောင်သူအလုပ်တွေကိုပဲလုပ်ဖို့ စိတ်ကူးထားဟန်တူသည်။ ကျွန်တော် မြို့လိုက်သွား မည်ပြောတော့ မြနု ဝမ်းနည်းသွားပုံရသည်။ စိတ်ဆိုးတဲ့ အမူအရာတော့မပေါ်။ ကိုရင် ရင်မောင်သဘောပါတဲ့။ ဒါပေမယ့် ကိုရင် ဒီတစ်ဝါပဲ နေရမယ်နော်တဲ့။ မြနုထပ်ကာ ထပ်ကာ ပြောသည်။ ဒီတော့ရှင်လောင်းလှည့်စဉ်က မြနု လက်တစ်ချောင်းထောင်ပြတာကို သတိရမိသည်။ မြနုကိုတော့ အသေအချာမေးမကြည့်မိခဲ့။

ကိုရင် ရင်မောင် မနက်ဖြန် မြို့ကို သွားတော့မှာဆိုတော့ မြနုနှုတ်ဆက်ပါတယ်၊ ဒီဟာက ကိုရင်ဆာရင် စားဖို့မြေပဲလှော်နဲ့ ထန်းလျက်ပါ။ ဟောဒါက တံဘက်၊ ကိုရင်မျက်နှာသုတ်ဖို့လေ။ မြနုက လက်ဆောင်ပစ္စည်းပေးရင်း လာနှုတ်ဆက်သည်။ နောက်တစ်နေ့ နံနက်စောစော ရွာဦးကျောင်း အုန်းမောင်းခေါက်သံနှင့်အတူ ဦးကြီးတော် ဘုန်းကြီးနှင့် ရွာမှမော်တော်စီး၍ ထွက်ခွာခဲ့ရသည်။ အမေနဲ့ အဖေက မော်တော်ဆိပ်ကမ်းထိပင် လိုက်ပို့ရှာသည်။ ကျန်းမာရေးဂရုစိုက်၊ စာလေးဘာလေး သာကြောင်း မာကြောင်းလဲ မကြာခဏရေးပါလို့လဲ ထပ်တလဲလဲမှာနေ၏။ ကျွန်တော်စီးလာသော မော်တော်ကားချင်းတွင်းမြစ်နှင့် ဧရာဝတီကို မှန်မှန်ခုတ်မောင်းနေဆဲ။ နေ့လည်(၁၂)နာရီလောက်မှာ မြင်းခြံမြို့တွင် ရဟန္တာဟုကျော်ကြားသော စွန်းလွန်းဆရာတော် ဦးကဝိ၏ ရုပ်ကလာပ်ကိုလည်း ဖူးခဲ့ရ၏။ ညနေ(၃)နာရီအချိန်တွင် မြင်းခြံရထား ထွက်ခွါသည်။ " မြင်းခြံဘူတာမှ နှုတ်ခွန်းဆက်သပါ၏" စာတန်းလေးကာ မျက်စိအောက်တွင် ဝေဝါးစွာ ကျန်ရစ်ခဲ့သည်။ ဩော် . . အညာမြေ တမာတွေ ပေါတယ်ဆိုတာ စာဖွဲ့ချင်စရာ။

(၄)

"သရာ သရေ လောပံ၊ သဒ္ဓါမကျေ တောပြန်- ဆိုတဲ့ကိန်းဆိုက်နေမယ်။ စာကိုပဲကြိုးစား ၊ ရွာကိုလည်း တမ်းတ-မနေနဲ့ဦး။ လူထွက်ဖို့လည်းစိတ်မကူးနဲ့၊ ဃရာဝါသကိစ္စများမြောင် လူတို့ဘောင်လို့ဆိုထားတယ်မဟုတ်လား။ အင်မတန် အလုပ်ကိစ္စများတယ်၊ မင်းစဉ်းစားကြည့်၊ ကောက်စိုက်ပဲနှုတ် ငရုတ်ကြက်သွန် လယ်ထွန် အလုပ်တွေနဲ့ ရှန်းကန်ရတဲ့ဘဝကို စိတ်မကူးနဲ့၊ တို့အဖဘုရား သာသနာတော်ကြီးကို မင်းတို့လို ကျောင်းသားဘဝကိုရင်ပြီးတော့ ရဟန်းဘဝနဲ့ လက်ဆင့်ကမ်းပခုံးပြောင်းပြီး ထမ်းဆောင်ခဲ့ကြရတာ။"

ဆရာဘုန်းကြီးက အထက်ပါအတိုင်းဆုံးမသည်။ အမေ အဖေကလည်း " သားမောင်သင်္ကန်းဝတ်ရင် လူမထွက်နဲ့နော်၊ အမေတို့ကသေတောင် ရှင့်မယ်တော် ရှင့်ခမည်းတော်ဆိုတဲ့နာမည်လေးခံယူပြီး သေချင်တာ၊ ဘုရားအသရေတော် ဆင်မြန်းပြီး သင်္ကန်းဝတ်လေးနဲ့ ငါ့သားကိုမြင်စမ်းချင်ပါဘိ"တဲ့

"သာသနာဖြိုးဝေကြွေစေဖို့၊ ကိုးဒေသလွှတ်ကာ၊ သောဏနှင့်ဥတ္တရာ" လင်္ကာအရ သာသနာထွန်းကားပြန့်ပွားရေးအတွက် ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ကြပုံကို ဆရာဘုန်းကြီးပြောပြသည်မှာ အားကျစရာ အတုယူစရာပင်၊ သူတို့ခေတ် သူတို့အခါတွင်း သူတို့တွေ တာဝန်ကျေပွန်ခဲ့ကြပြီတဲ့လေ။ ကျွန်တော်ဉာဏ်မမီသေး၍ နားမလည်သည်မှာ အမှန်။ ဘုရားပွင့်ရာ မဇ္ဈိမဒေသ ပြီးတော့ သီဟိုဠ်၊ နောက် ပုဂံ ပင်းယ အင်းဝ ကုန်းဘောင် သာသနာအဆက်ဆက် ပဒုံထမ်းရွက်ခဲ့ပုံတွေကို ရှင်းပြပါသည်။ "နောက်ဆုံးတော့ မင်းရဲ့မိဘတွေက မင်းကို အမွေပေးလိုက်တာပဲ၊ လောကုတ္တရာအမွေ ပေးလိုက်တာပေါ့"၊ ဆရာသမားက ကျွန်တော်နားဝေးနေသည် ထင်၍ "အမွေ" စကားလုံးကို ထည့်သုံးလိုက်ဟန်တူပါ၏။ အမေနှင့် အဖေက အမွေပေး လိုက်ပြီတဲ့။ အမွေ . . . အမွေ . . . ။

•

(၅)

ဘုရားရှင်၏ ကြင်ယာတော် ယသော်ဓရာ က သားတော်ရာဟုလာကို " ချစ်သား၊ သားတော်ရဲ့ဖခမည်းတော်မှာ သုံးစွဲလို့မကုန်နိုင်တဲ့ ရွှေအိုးကြီးလေးလုံးရှိတယ်၊ သင့်ဖခမည်းတော်ထံ ရွှေအိုးကြီးလေးလုံး အမွေပေးပါ" ဟု တောင်းခိုင်းသည်။ မင်းသားလေးက မယ်တော်ခိုင်းသည့်အတိုင်း အမွေပေးပါ-ဟုတောင်းသည်။ မြတ်စွာဘုရားက သားတော်လေးကိုသင်္ကန်းဝတ်ပေးလိုက်သည်။ နန္ဒမင်းသားနှင့် ဇနပဒကလျာဏီလက်ထပ်ပွဲ။ ရွှေသွားနောက်လိုက် ညီသည့်အတွဲ၊ နေနဲ့လ ရွှေနဲ့မြပင်။ သာကီဝင်မင်းမျိုးမင်းနွယ်ဆိုတော့ ခမ်းနား ကြီးကျယ်ပါဘိ။ ဘုရားရှင်က မင်္ဂလာတရား ဟောကြားသည်။ မင်္ဂလာပွဲအပြန် ညီတော်မင်းနန်ကို သပိတ်ပိုက်စေပြီးတော့ ကျောင်းတော်ခေါ်သွားကာ သင်္ကန်းဝတ်ပေးလိုက်သည်။ "လောကီထုံးစံ၊ လောကဓံကား၊ မကြံလည်းဖြစ် ကြံလည်းနစ်၏" စကားအတိုင်း နန္ဒမင်းသား အကြံအစည်နစ်ခဲ့ရပြီ။ မကြံစည်နိုင်ခဲ့သော ရဟန်းဘဝသို့ပင် ရောက်ခဲ့ရတော့ပြီ။

အထက်ပါ အကြောင်းအရာတို့ကို ငယ်စဉ်ကျောင်းသားဘဝ ဆရာဘုန်းတော်ကြီးနှင့်အတူ ရှင်ပြုအလှူပွဲတွေလိုက်ရင်း ကြားဖူးသည်။ အလှူရေစက်ချ အနုမောဒနာ တရားအဖြစ် ဟောကြားကြသည်။ ရာဟုလာအမွေတောင်းခန်း၊ ညီတော်မင်းနန် ချွတ်ခန်း၊ သို့မဟုတ် အမွေပေးခန်းအဖြစ် ဟောကြားကြသည်။ မြတ်စွာဘုရားကသူ၏သားတော်နှင့် ညီတော်တို့ကို လောကီအမွေ မပေး၊ လောကုတ္တရာ အမွေကိုသာ ပေးခဲ့သည်။ ကျွန်တော်ကိုလည်း အမေနှင့်အဖေက အမွေပေးလိုက်ပြီ။ လောကီအမွေတော့မဟုတ်၊ လောကုတ္တရာအမွေဖြစ်သည်။ လောကုတ္တရာအမွေ ခံယူမည်ဆိုလျှင် . . သူငယ်ချင်း မြနုထံ စာတစ်စောင်တော့ ရေးဦးမှ။ မြနု . . ခွင့်လွှတ်နိုင်ပါစေကြောင်းပေါ့။ မြနု . . ခွင့်လွှတ်မှာပါလေ။

♦ ပုခန်းမောင်မောင်ကျော်



# မေမေ့လက်ဆောင်

စိတ်အာရုံသတိချပ်
တရားမှတ်မွေးမေမေ။
အမေ့ရုပ်သွင်နမူနာပြု
ဆုံးမနေသလိုပေ။
ပိန်ကြုံလှီအားအင်လျော့
နွမ်းဖျော့လို့ဖြူဆံခွေ
ပါးရေတွန့်မျက်စိမွဲ။
သားလည်းအတူပင်
နောင်များမှာ  မကြာခင်ပေါ့
ဇရာခွင်ယိုကာယွင်းလို့ရယ်
အိုမင်းမည်ပဲ။

လူဖြစ်လာဘုံဌာန
ကြုံလာရခဏတာ။
ရုပ်၊ ခန္ဓာအိုစမြဲ
လွှဲမရပါ။
ကပ်ရောဂါအနာမချို
ဗျာဓိနဲ့  မုချမကွာ
များသူငါမလွတ်တမ်း။
မွေးမေကိုမြင်
ကြုံတွေးကာဉာဏ်ဆင်ခြင်မှ
လူတစ်ခွင်ဘာမဟုတ်တယ်
ဒုက္ခဘုံနန်း။

မွေးမေမေ့လက်ဆောင်
မေ့သားမောင်သံဝေရ။
မြမြင့်မိုရ်မကကျူး။
ကျေးဇူးအနန္တ။



■ ကိုကိုအောင် (မြကန်သာ)



# နှစ် (၄၀)ပြည့်မှသည် နှစ် (၅၀) ပြည့် ရွှေရတုဆီသို့

ကျော်ကံကောင်း(ပဲခူး)

ရန်ကုန်တိုင်း အင်းစိန်မြို့ ပရိယတ္တိစာသင်တိုက်ဝင်းအတွင်းရှိ ဆွမ်းစားကျောင်းအပေါ်ထပ်(၅)လွှာတွင်ရှိသော အစည်းအဝေးခမ်းမကျယ်ကြီးအတွင်း၌ (၂၀၀၉-ခု၊ စက်တင်ဘာ ၃-ရက်)နေ့တွင် စာသင်တိုက် နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် မင်္ဂလာ-ဇင်းထုတ်ဝေနိုင်ရေးအတွက် ဖွဲ့စည်းထားသော ဗဟိုကော်မတီအစည်းအဝေးကြီးကို ပြုလုပ်လျက်ရှိပေသည်။

ငှင်းကော်မတီများထဲတွင် ဦးပဇင်းများနှင့် လူပုဂ္ဂိုလ်များပါ ပေါင်းစည်းဖွဲ့စည်းထားခြင်းဖြစ်ပေသည်။ အစည်းအဝေးတက်ရောက်လာကြသော ရဟန်းများသည် စားပွဲ၏တဖက်တွင်ထိုင်၍ လူပုဂ္ဂိုလ်များကတဖက်တွင် ထိုင်လျက်ရှိကြသည်။ ငှင်းကော်မတီများထိုင်နေသောစားပွဲရှေ့တည့်တည့်တွင် စားပွဲရှည်ကြီးကြီးတစ်လုံးကို ထားရှိထားသည်။ စားပွဲကြီး၏ တဖက်စွန်းစီတွင် ၃၂လက်မအရွယ် တီဗွီနှစ်လုံး တည်ရှိနေသည်။ ငှင်း တီဗွီများသည် အင်တာနက်ဖြင့်ချိတ်ထားခြင်း ဖြစ်လေသည်။ စာသင်တိုက်ပိုင်ဝက်ဘ်ဆိုဒ်တစ်ခုကို တင်ထားပြီးဖြစ်သောကြောင့် ကျောင်းတိုးတက်စေရန် အကြံပြုလွှာများ၊ ကျောင်းမဂ္ဂဇင်း ထုတ်ဝေရေးအတွက် ဘာသာရေးနှင့်ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ စသည်တို့ အဆက်မပြတ် ရောက်ရှိနေကြပေပြီ။

ယနေ့အစည်းအဝေးကြီးကို အိန္ဒိယပြည်တွင် ဘာသာရေးအစည်းဝေး တက်နေသည့် ဆရာတော်ကြီးကလည်း အိန္ဒိယအင်တာနက်မှ အဖွင့်မိန့်ခွန်းပြောကြားမည်ဟူ၍ အီးမေးလ် ပို့ထားပြီးဖြစ်သည်။ ထို့နောက်ဤကျောင်းမှ အိန္ဒိယ ဗုဒ္ဓတက္ကသိုလ်တွင် Ph .D ဒေါက်တာဘွဲ့ ယူရန် ပညာသင်ကြားလျက်ရှိသော ဦးပဥ္စင်းတစ်ပါးကလည်း အင်တာနက်မှ တစ်ဆင့် ပါဝင်ဆွေးနွေးမည်ဖြစ်သည်။

ဤကျောင်းတွင် ဘာသာရေးဆိုင်ရာကိစ္စများကို ပိုမိုကျယ်ပြန့်စွာသိနိုင်ရေးအတွက် ကမ္ဘာ့ဗုဒ္ဓတိုင်းပြည်များနှင့် အဆက်အသွယ်ပြုနိုင်ရန် အင်တာနက် ဝက်ဘ်ဆိုဒ်၊ အီးမေး၊ ဖက်စ် စသည်တို့လည်း အပြည့်အစုံ ရှိနေသည်။ ဤကျောင်းကြီးမှ ဦးပဥ္စင်းပညာဇောတ၏ ရည်ရွယ်ချက် ဖြစ်သော စာသင်သားများ အင်္ဂလိပ်စာကျွမ်းကျင်မှုရှိစေရေးအတွက်လည်း ဤပစ္စည်းများက ကောင်းစွာအထောက်အကူပြုနေပါသည်။

ထိုစဉ် အစည်းအဝေးကျင်းပရန်အချိန်ကျရောက်ပြီဖြစ်၍ အစည်းအဝေးကို စတင်ဖွင့်လှစ်လိုက်လေသည်။ မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီဥက္ကဖြစ်သူက-

"ဒီနေ့ အစည်းဝေးကြီးမှာ ထူးခြားချက်ကတော့ ဒီစာသင်တိုက်ကြီးရဲ့ ဦးစီးနာယကဆရာတော်ကြီးက အိန္ဒိယပြည်မှာ သာသနာရေးကိစ္စတစ်ခုနဲ့ ရောက်နေတာကို အများသိပြီးဖြစ်ပါတယ်။ ယခုရောက်ရှိနေတဲ့ အိန္ဒိယမှ နေပြီး အင်တာနက်မှတစ်ဆင့် အဖွင့်ဩဝါဒစကားများကို ပထမဦးဆုံးပြောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အင်တာနက်ကို တာဝန်ယူထားတဲ့ ဦးပဇင်းက ဆရာတော်ကြီးနဲ့ အဆက်အသွယ်ပြုပြီး ကွန်ပျူတာမှတဆင့် အားလုံးမြင်ကြားကြစေရန် ရုပ်မြင်သံကြားစက်ကြီးတွေနဲ့ ဆက်သွယ်ပြသပေးပါမယ်။ ကဲရှုစားနားဆင်ကြည့်ပါ-ဟူ၍ ပြောပြီးသည်နှင့် ရုပ်မြင်သံကြားစက်များကို ဖွင့်လိုက်သောအခါ ဆရာတော်၏ ရုပ်ပုံလွှာကို ဖန်သားပြင်ပေါ်တွင် ထင်ရှားစွာ မြင်တွေ့နေရပေပြီ၊ ဆရာတော်ကြီး အောင်မြင်လှသော အသံဖြင့် ဩဝါဒစကားပြောကြားရာတွင် "ကျောင်းစာသင်တိုက်အတွက် လိုအပ်ချက်များသတိပြုရမည့်အချက်များကို မှာကြားပြီးနောက် ယခုမဂ္ဂဇင်းသည် စာသင်တိုက်ကြီးတည်ထောင်သော နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ထုတ်ဝေမည့် မဂ္ဂဇင်းဖြစ်တာ ကြောင့်နှစ်(၄၀)ပြည့်အထိမ်းအမှတ် ထုတ်ဝေသည့် မဂ္ဂဇင်းထက် အစစအရာရာ သာလွန် ကောင်းမွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း သတ်မှတ်ရက်ထက် မကျော်စေဘဲ မဂ္ဂဇင်းထွက် ရှိနိုင်အောင် ကြိုးစားသင့်ကြောင်း ပြောကြား၍ နိဂုံးချုပ်လိုက်သောအခါတွင် ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှ ဆရာတော်ကြီး၏ ရုပ်ပုံလွှာသည်လည်း ပျောက်ပျက်သွားပါသည်။

ထို့နောက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက "ဆရာတော်ကြီး မိန့်မှာချက်များကို အလေးအနက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျောင်းပိုင် ဝက်ဘ်ဆိုက်တွင် ဝင်လာသော အကြံပြုလွှာများကို အလေးထားဆောင်ရွက်သင့်ကြောင်း ဝက်ဘ်ဆိုက်မှ ထည့်သွင်းဖော်ပြလာသော ဘာသာရေးဆောင်းပါး ကဗျာစသည်တို့ကိုလည်း သေချာစီစစ်ရွေးချယ်ကြစေလိုကြောင်း"ပြောကြား၍ နိဂုံးချုပ်ပါသည်။

ထို့နောက် တက်ရောက်လာသော ပုဂ္ဂိုလ်များနှင့် ဦးပဥ္စင်းများကလည်း အသီးသီး

ဆက်လက်ဆွေးနွေးတင်ပြကြသည်။ ထို့သို့ဆွေးနွေးကြသူများထဲမှ ပိဋကတ်သုံးပုံစာမေးပွဲ၌ နှစ်ပုံအောင်မြင်ပြီးဖြစ်၍ ကျန်ရှိသည့် တစ်ပုံဖြေဆိုနိုင်ရန်ကြိုးစားနေသည့် ဦးပဥ္ဇင်းသည်လည်း မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် ဝင်ရောက်ဆွေးနွေးလျက်ရှိပါသည်။ ထိုသို့ပြီးသည်နှင့် အင်တာနက်တာဝန်ယူထားသော ဦးပဥ္ဇင်းဝင်လာ၍ အိန္ဒိယပြည် ဗုဒ္ဓတက္ကသိုလ်မှ အီးမေးလ် ဝင်လာကြောင်းနှင့် ၎င်းဗုဒ္ဓတက္ကသိုလ်တွင် PhD ဘွဲ့ယူရန် ပညာသင်ကြားလျက်ရှိသော ဦးပဥ္ဇင်းက အင်တာနက်မှ တစ်ဆင့် ဝင်ရောက်ဆွေးနွေးလိုကြောင်း ပြောကြားပါသည်။

အင်တာနက်ဆက်သွယ်ပြီးသည်နှင့် ဦးပဥ္ဇင်း၏ ရုပ်ပုံလွှာသည် ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် ပေါ်လာပါသည်။ ဦးပဥ္ဇင်းက ယခုအစည်းဝေးမှ ပြောကြားချက် ဆွေးနွေးကြသည်များကို အင်တာနက်မှ ကြည့်နေ၍ သိရှိပြီးဖြစ်ပါကြောင်း သူအနေနှင့်လည်း ဗုဒ္ဓတက္ကသိုလ်မှ အတွေ့အကြုံများကို ဆောင်းပါးရေး၍ အီးမေးနှင့် ပို့ပေးမည့်အကြောင်း ပြောကြား၍ နိဂုံးချုပ်လိုက်ပါသည်။

ထို့နောက် အတွင်းရေးမှူးက ယခင်အပတ်အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ပြီးမှုများကို ဆက်လက်တင်ပြပါသည်။ ဘဏ္ဍာရေးမှူးကလည်း လက်ရှိငွေကြေးအခြေအနေ သုံးစွဲထားရှိမှုတို့ကို တင်ပြပြီးသောအခါ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက အစည်းအဝေးကြီးနိဂုံးချုပ်စကားကို ပြောကြား၍ အစည်းအဝေးအောင်မြင်စွာ ပြီးဆုံးကြောင်း ကြေငြာလိုက်ပါသည်။

အထက်ဖော်ပြပါ "နှစ်(၄၀)ပြည့်မှသည် နှစ်(၅၀)ပြည့်ရွှေရတုဆီသို့" ဆောင်းပါးသည်



စာရေးသူအနေနှင့် စိတ်ကူးယဉ်၍ရေးသားထားသည်တော့မဟုတ်ပါ။ ကမ္ဘာကြီးသည် ဆက်သွယ်ရေးစံနစ်များ လွန်စွာတိုးတက်နေပြီဖြစ်သောကြောင့် ယခုမှသည် နောင်(၁၀)နှစ်အကြာတွင် မြန်မာနိုင်ငံသည်လည်း ခေတ်နှင့်အညီ ရင်ဘောင်တန်း တိုးတက်လာပေတော့မည်။ ဤအချိန်တွင် ရန်ကုန်တိုင်း၊ အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်ကြီးသည်လည်း ဗုဒ္ဓဘာသာထွန်းကားနေသည့် ကမ္ဘာနိုင်ငံ အသီးသီးနှင့် အဆက်အသွယ်ပြု၍ ဗုဒ္ဓဘာသာပြန့်ပွားရေး၊ ဗုဒ္ဓဘာသာတည်တန့်ခိုင်မြဲရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်နေသည်များကို ဖြစ်စေလိုသော ဆန္ဒအမှန်ဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

*စာသင်တိုက်ကြီးအောင်မြင်တိုးတက်စေရေး ဆန္ဒမှန်ဖြင့်*

♦ **ကျော်ကံကောင်း** (ပဲခူး)

# လွင့်မျောနေသောတိမ်များ

- ဝမ်းကိုဖြည့်လည်း
  ဖြည့်ဆဲခဏ
  ထပ်ဖြည့်ရနှင့် ။

- လမ်းလျှောက်လည်း
  လျှောက်ရင်းနှင့်ပင်
  ပန်းမဝင်ခဲ့ ။

- ရာသီဖွင့်ဟ ကာလရှည်ကြာ
  ဤလူ့ရွာမှာ လိုတာမရ
  ရတာမလို ဤကိုယ်အကျိုး
  ပြည့်နိုးရနိုး  စောင့်မျှော်ကိုးရင်း
  တစ်မိုးမချုပ်ခင် အသင့်ပြင်
  လူ့ဘဝလျှင် တိမ်များပင် ။

**သီဟ - ရောဝတီ**





# အချိန်မလွန်ခင် သိစေချင်

**အရှင်နန္ဒောဘာသ(မြိုင်)**

ရန်ကုန်တိုင်း အင်းစိန်ရွာမရိယတ္တိစာသင်တိုက် တည်ထောင်သည့်နှစ်(၄၀) ခရီးအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည့် အစီအစဉ်ရှိပါ၍ ဘာသာရေး သာသနာရေး လောကရေးနှင့် ဆက်နွယ်နေသော ကဗျာ ဆောင်းပါးစာပဒေသာများ ပေးပို့နိုင်ပါသည်။ အထက်ပါကြော်ငြာ တို့ကို ဖတ်လိုက်ရသဖြင့် စာရေးသူ၏ စိတ်ထဲတွင် အတိုင်းမသိဝမ်း သာသွား၏။ မိမိလည်း ဆောင်းပါးပေးပို့မည်ဟု အကြံဖြစ်မိပါသည်၊ ဆောင်းပါးပေးပို့တာတော့ ဟုတ်ပါရဲ့ ရွာမစာသင်တိုက်ဆို ထူးချွန်ထက် မြက်တဲ့တပည့်သံဃာတော် အလွန်များတာ၊ ဆောင်းပါအများထဲက ဘာမဟုတ်တဲ့ မိမိ ဆောင်းပါးကို မရွေးရင်ရှက်စရာဟု အား ငယ်စိတ်ဝင်မိသော်လည်း မိမိတို့ငယ်စဉ်အခါ တုန်းက တပည့်အပေါင်းတို့အပေါ်၌ **"ရှေးရှု မေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ် မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုမြင်က၊ ဆုံးမတတ်သူ၊ ဆရာဟူ၏"** ဟူသောလင်္ကာအတိုင်း ဆရာသမားတို့၏ ဂုဏ်အင်္ဂါနှင့်အညီ မိမိတို့၏ အပေါ်၌ ကျောသားရင်သားမခွဲခြားဘဲ စာပေ ပရိယတ် ပဋိပတ်တို့ကို သင်ကြားပြသပေးသော ဆရာ အပေါင်းတို့အား ဤဆောင်းပါးဖြင့် ကျေးဇူး ဆပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် အားမွေး၍ ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ် ပါသည်။

ဩော်--- ရွာမစာသင်တိုက်တော်ကြီး ဟာ အခုဆိုရင် အနှစ်(၄၀)တောင်ရှိသွားပြီကို ဟု ပီတိဖြစ်မိ၍ ငယ်စဉ်အခါပညာသင်စဉ် တုန်းကအကြောင်းတွေကို ပြန်လည်မြင် ယောင် မိ၏။ နံနက်ကာလ(၄း၀၀)နာရီ ထိုးတာနဲ့ တပြိုင်နက် တုန်တုန် တုန်ဟု တုန်းမောင်းသံ သည် ကျောင်းတိုက်အတွင်းရှိ ကျောင်းဆောင် အသီးသီးမှ သံဃာတော် အပါး(၅၀၀)ကျော်တို့ အား မိမိတို့လုပ်နေကြ ကိစ္စတို့ကို ပြုလုပ်ကြဟု အချက်ပေးလိုက်သည့်အလား ကျောင်းဆောင် အသီးသီးရှိ သီတင်းသုံးတော်မူကြကုန်သော သံဃာတော်အပေါင်းတို့သည် ကိုယ်လက် သုတ်သင်ပြီး နိသီဒိုင်အခင်း မိမိတို့ကျက်မှတ် မည့် ကျမ်းစာတို့ကို ယူဆောင်၍ မဟာစံတော် ဝင်သုံး ထပ်ကျောင်းဆောင်ကြီးပေါ်၌ စုပေါင်း ညီညာစွာဖြင့် ဘုရားဝတ်ပြုခြင်း တရားထိုင် ခြင်းတို့ကို ပြုလုပ်တော်မူကြ၏။ ဒီနေရာမှာ ဆိုလိုချင်တာက သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်

ကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါ တုန်းက ယေ ဘိက္ခဝေ သတ္တာ ပုဗ္ဗဏှသမယံ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ၊ သုပုဗ္ဗဏှော ဘိက္ခဝေ တေသံ သတ္တာနံ။ ချစ်သားရဟန်းအပေါင်းတို့ အကြင် သတ္တဝါတို့သည် နံနက်ကာလ အခါသမယ၌ ကိုယ် နှုတ် စိတ်တို့ ဖြင့် ကောင်းသောအမှုတို့ကို ပြုကျင့်ကြကုန်၏၊ ထိုရဟန်းရှင်လူ သတ္တဝါ အပေါင်းတို့အတွက် ထိုနေ့ နံနက်ကာလသည် ကောင်းသောအခါသမယမည်၏-ဟု ဘုရားရှင် သည် ရဟန်းပရိသတ်အပေါင်းအား ဩဝါဒ ပေးတော်မူ၏။ ထို့အတူ ရွာမစာသင်တိုက် အတွင်းရှိ သံဃာတော် အပေါင်းသည်လည်း ဘုရားရှင်၏ ဩဝါဒအတိုင်း နည်းလမ်းမှန်ကန်စွာ လိုက်နာ၍ သီတင်းသုံးတော်မူကြခြင်းဖြစ်ပါ ပေ၏-ဟု စာရေးသူ၏ စိတ်ထဲတွင် ပီတိအခါခါ ဖြစ်မိပါသည်။

တဖန် (၅း၁၅)နာရီလောက်တွင် ခေတ္တခဏနား၍ ဆွမ်းစားကျောင်းတော်သို့ သံဃာအားလုံး စီတန်းညီညာစွာ ကြွတော်မူ၍ ပရိတ်, မေတ္တာ, ပစ္စဝေက္ခဏာများ ရွတ်ပွား ဆင်ခြင်ကြလျက် အာဟာရပဋိကူလသညာဖြင့် ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။ ဆွမ်းဘုဉ်း ပေးသောအခါ၌လည်း သံဃာတော် အရေ အတွက်အားဖြင့် များသော်လည်း ဖွန်းသံ ပန်းကန်သံ စသည့် ဆူညံခြင်းမရှိဘဲ ပကတိ တိတ်ဆိတ်ငြိမ်သက်စွာ ဖြစ်တော်မူ၍ ကြည်ညို ဖွယ်ရာ အင်မတန်မှ ကောင်းလှပေ၏။

နတ်လူတို့၏ ဆရာတစ်ဆူဖြစ်တော်မူ သော မြတ်စွာဘုရားသည် ပရိသတ်အပေါင်း တို့အား မိန့်တော်မူအပ်သော ဩဝါဒကို သတိရမိ၏။ "ချစ်သားတို့ ငါဘုရား၏ ရဟန်း ပရိသတ်ကို ကြည့်လိုက်စမ်းပါ၊ အင်မတန် ကြည်ညိုဖွယ်ရာကောင်းလှပါပေ၏၊ အကြောင်း ကား ရဟန်းသံဃာတော်အပေါင်းတို့ သင့်တင့် လျောက်ပတ်စွာ သီတင်းသုံးနေတော်မူကြခြင်း သည် လက်ဆတ်သံ ချောင်းဟပ်သံ စသည် ဆူညံခြင်းမရှိဘဲ ပကတိငြိမ်သက်စွာ ဖြစ်တော် မူပါပေ၏။-ဟု ဘုရားရှင်သည် ဓမ္မပဒ ဝတ္ထု တော်၌ ရဟန်းပရိသတ်ကို ချီးမွမ်းတော်မူ၏။ အလွန်ပင်မှလည်း အတုယူဖွယ် မှတ်သားထိုက် ပါပေ၏။

ရွာမပရိယတ္တိစာသင်တိုက်၏ ဂုဏ် သတင်းကို ရဟန်းသာမဏေဒကာ ဒကာမ အပေါင်းတို့မသိသောသူ အင်မတန်မှ ရှား ပါသည်။ ဘာဖြစ်လို့တုန်းဆိုတော့ စာရေးသူတို့ ရွာမပရိယတ္တိစာသင်တိုက်မှာနေ၍ ပညာ သင်စဉ်အခါတုန်းကဆိုရင် ခရီးသွားတဲ့အခါဖြစ် စေ ရပ်ရွာကို အလည်ပြန်သည်ဖြစ်စေ ဖြစ်ဖြစ် အသိမိတ်ဆွေ ဒကာ ဒကာမအပေါင်းတို့က "ကိုရင် ဘယ်စာသင်တိုက်မှာ သီတင်းသုံးသလဲ စသည်ဖြင့် မေးလေ့မေးထရှိကြပါသည်။ ကိုရင် ရွာမစာသင်တိုက်မှာ သီတင်းသုံးပါသည် စသည်ဖြင့် ပြန်ဖြေသည်ရှိသော် ကိုရင်တို့ ဟန်ကျတာပဲ ရွာမစာသင်တိုက်ဆိုတာ စည်း ကမ်းလည်းကောင်း စာချလည်းကောင်း စသည် ဖြင့် အားလုံးဒီလိုပဲ ပြောလေ့ပြောထ ရှိကြပါ သည်။ မှန်ပါသည် **စည်းကမ်းအစ သာသနာ က၊ စည်းကမ်းအစ ရွာမက** ဟုဆိုရ လောက် အောင် စည်းစနစ်ရှိတော်မူ၏။ ဘာဖြစ်လို့ ဒီလိုပြောရတာတုန်းဆိုရင် ရွာမစာသင်တိုက်မှာ ဆရာတော်၊ တိုက်အုပ်ဆရာတော်၊ ပညာရေး မှူး၊ အုပ်ချုပ်ရေးမှူး စာချ ဘုန်းကြီးစသည်ဖြင့် သူနေရာနှင့်သူ ကိုယ့်တာဝန်ကို ကျေပွန်အောင်

ထမ်းဆောင်နေကြရတာ ဖြစ်ပါတယ်။ စည်းလုံး ညီညွတ်မှု အနေနဲ့ အတုယူသင့်၏၊ မှန်ပါသည်၊ ဘယ်အဖွဲ့အစည်း အသင်းအပင်း ကျောင်း တိုက်မဆို အများကောင်းစားရေးကို ရှေ့ရှု၍ မိမိတို့၏ အတ္တမာန တို့ကို ရှေ့တန်းတင်မထား ဘဲ ညီညီညွတ်ညွတ် ဆွေးနွေးတိုင်ပင်မယ်ဆိုရင် အခက်အခဲမှန် သမျှကို ကျော်လွှား၍ ကြီးပွား တိုးတက်မှာ ဖြစ်ပါသည်။

ပညာရေးအနေနဲ့ ကြည့်မည်ဆိုလျှင် လည်း ရွာမစာသင်တိုက်ဟာ နှစ်စဉ်ကျင်းပမြဲ နိုင်ငံတော်စာမေးပွဲတိုင်းတွင် ငယ် လတ် ကြီး ပထမပြန်စာမေးပွဲတို့တွင် များသောအားဖြင့် ပထမ ဒုတိယ တတိယစသည်ဖြင့် အောင်မြင် ၍ အောင်ချက်အကောင်းဆုံးလို့ ဆိုရလောက် အောင် အောင်မြင်၍ ဆရာကောင်းတော့ တပည့်ပန်းကောင်းပန် ဟူသော ဆိုရိုးကဲ့သို့ ဆရာတပည့် လက်တွဲညီညာစွာ ကြိုးစားအား ထုတ်ခြင်း၏ ရလဒ်ဆို ရင်လည်း မမှားပါဘူး။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ နန္ဒဝံသ သည် အခါတစ်ပါး၌ ကြိယာပထမျှတစေခြင်း အကျိုးငှာ လမ်းလျှောက်သည်ရှိသော် ကိုရင် လေးတစ်ပါး အမြဲတမ်း တွဲပေးရသည်။ အခါ တစ်ပါး၌ စာရေးသူသည်လည်း ကုသိုလ် ကောင်းမှုတည်းဟူသော အခွင့်ကြုံ၍ ဆရာ တော်ကြီး၏ ဘေးမှနေ၍ ဝတ်ပြုခွင့်ရရှိ သည်။ ဆရာတော်ကြီးက ကိုရင်ဘယ်အရပ်ကလဲ ဟု စာရေးသူကို မေးတော်မူ၏။ တပည့်တော် မြိုင်ကပါဘုရားဟု စာရေးသူက လျှောက်သည် ရှိသော် ဆရာတော် ဘုရားကြီးက မြိုင်ကဆိုရင် ပထမကျော်ဩဘာသာဘိဝံသ ရွာကလားဟု စာရေးသူအား မေးတော်မူ၏။ မှန်ပါဟု လျှောက်သည်ရှိသော် ကိုရင် ကြိုးစားကွ၊ ပညာမတတ် သူများဖိနပ်၊ ပညာမတတ်တဲ့သူ ဟာ သူများရဲ့ ဖိနပ်နဲ့တူတယ်ကွ ဟု စာရေးသူ ကို တန်ဖိုးမဖြတ်နိုင်သော ပတ္တမြားရတနာကို ပေးသကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော ဩဝါဒကို ပေးတော်မူ၏။ မှန်ပါသည်၊ လောကမှာ ရဟန်း သံဃာပဲဖြစ်ဖြစ် လူဝတ်ကြောင်ပဲဖြစ်ဖြစ် မိမိတို့၏ တတ်သင့်တတ်ထိုက်သော ပညာရပ် ကို တတ်မထားဘူးဆိုရင် သူများနောက်က အောက်ကျနောက်ကျနေရ၍ သူများခိုင်းတာ လုပ်နေကြရတာဖြစ်ပါတယ်။ ဒါကြောင့်ငယ် ရွယ်တဲ့သူအပေါင်းဟာ ငယ်စဉ် အခါ ပညာရှာ ဟူသော ဆောင်ပုဒ်အတိုင်း စာပေပညာ ရပ်များကို ဖွဲလုံ့လရှိစွာဖြင့် အချိန်မလွန်ခင် ကြိုးစားအားထုတ်သင့်သည်ဟု စာရေးသူ အနေနဲ့ တိုက်တွန်းပါရစေ။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသ ဆရာတော်ဘုရား သည် တပည့်အပေါင်းတို့အား လပြည့်လကွယ် ဥပုသ် နေ့စသည်ဖြင့် အခါအားလျော်စွာ ဩဝါဒတို့ကို ပေးလေ့ပေးထရှိတော်မူ၏။ အရှင်ဘုရားတို့ အချိန်ကို အကျိုးရှိရှိအသုံးချပါ အချိန်ကို အလကား သက်သက် မဖြုန်းကြပါနှင့်၊ နေရာတကာမှာ အပ္ပမာဒဆိုတဲ့ သတိ တရား လေးကပ်၍ နေထိုင်ကြပါ၊ ဒီတွေဟာ လူဘဝ ကို ကံကောင်းထောက်မစွာ လူလာဖြစ်ကြ၍ ရရှိခဲ့တဲ့ လူအဖြစ်ကို ရရှိတုန်း အကျိုးရှိရှိ အသုံးချပါ-ဟု မိန့်တော်မူ၏၊ မှန်ပါပေသည်၊ စာရေးသူနှင့်တကွ သံဃာတော်အပေါင်းတို့ ဟာ အလွန်တရာမှ ရခဲလှစွာသော ဒုလ္လဘ တရား(၅)ပါးတို့တွင် (၁) လူအဖြစ်ကိုလည်း ရရှိနေ၏၊ (၂) ရဟန်းအဖြစ်ကိုလည်း ရရှိနေ၏၊

(၃) ဘုရားသာသနာနှင့်လည်း တွေကြုံနေရ၏၊ (၄) သူတော်ကောင်းတရား ကိုလည်း နာရ ကျင့်ကြံနေရ၏၊ ဒုလ္လဘတရား ကြီးလေးပါးကြီး များတောင်ရရှိနေပါလျက် ကြိုးစား၍ အား မထုတ်နိုင်ဘူးဆိုရင် အင်မတန်မှ ဘဝမှာ ရင်နာ စရာကောင်းလှပါပေ၏၊ အဲဒီတော့ အချိန် မလွန်ခင် အားလုံးကြိုးစားအား ထုတ်သင့်၏။

အရာဝတ္ထုတစ်ခု တိုးတက်တယ်၊ မတိုး တက်ဘူးဆိုတာ များသောအားဖြင့် နေထိုင်သူ ပြုလုပ်သူ ပုဂ္ဂိုလ်နှင့်သက်ဆိုင်ပါသည်။ ဟုတ်/ မဟုတ်ကိုတော့ သာဓကအနေနဲ့ ဆရာတော် ဩဝါဒအတိုင်း ကြည့်ကြပါစို့၊ အရှင်ဘုရားတို့ တပည့်တော်တို့ အခုဖူးမြော်နေရတဲ့ ကျောက် တော်ကြီးဘုရားနေရာဟာ ဟိုအရင်တုန်းဆိုရင် သူခိုးဓားပြစသည်ဖြင့် ဆိုးသွမ်းသော ပုဂ္ဂိုလ်အ ပေါင်းတို့ မှီခိုနေထိုင်တဲ့ အရပ်ဖြစ်ပါတယ်၊ အခု တော့လည်း ဘုရားတည်းဟူသော ကိုးကွယ်ရာ အစစ်ကြောင့် အများသူငါ ရှိခိုးဦးခိုက်ရတဲ့ နေရာအရပ်ဒေသ တစ်ခုဖြစ်နေသည်၊ ဒါကြောင့် အရှင်ဘုရားတို့အနေနဲ့လည်း နေရာ တကာမှာ အရပ်ဒေသကိုပဲ သိပ်ပြီး မှီခို မနေနဲ့၊ ကိုယ့်ရဲ့အစွမ်းအစတွေကိုလည်း အသုံးချကြ ဖို့ကို ဆရာတော်ဘုရားသည် မိန့်တော်မူ၏၊ ဟုတ်/မဟုတ်ကိုတော့ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတတ်ကြပါစေလို့ စာရေးသူအနေနဲ့ ပြောကြားပါရစေ။

မြတ်စွာဘုရားသည် အင်္ဂုတ္တရနိကာယ်၊ ပဥ္စတရာဇာသုတ်၌ ဟိမဝန္တံ ဘိက္ခဝေ ပဗ္ဗတရာဇံ နိဿာယ မဟာသာလာ တီဟိ ဝမီဟိ ဝဍ္ဎန္တိ၊ သာခါ ပတ္တပလာသေန ဝဍ္ဎန္တိ၊ တစပပဋိကာယ ဝဍ္ဎန္တိ၊ ဖေဂ္ဂုသာရေန ဝဍ္ဎန္တိ။ ချစ်သားရဟန်းတို့ ဟိမဝန္တာတောင်မင်းကို အမှီ သဟဲပြု၍ ကြီးစွာသော အင်ကြင်းပင်ကြီးတို့ သည် (၁) အကိုင်းအခက်တို့ဖြင့်လည်းတိုးပွား ၏၊ (၂) အခွံခေါက်တို့ဖြင့်လည်း တိုးပွားနိုင်၏၊ (၃) အနှစ်သာရတို့ဖြင့်လည်း အစဉ်တိုးပွား၏၊ ဧဝမေဝ ခေါ ဘိက္ခဝေ သဒ္ဓံ ကုလပတိံ နိဿာယ အန္တောဇနော တီဟိဝမီဟိ ဝဍ္ဎတိ၊ သဒ္ဓါယ ဝဍ္ဎတိ၊ သီလေန ဝဍ္ဎတိ၊ ပညာယ ဝဍ္ဎတိ၊ ထို့အတူသာလျှင် ချစ်သားရဟန်းတို့ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား ကို အမှီသဟဲပြု၍ အတွင်း၌ မှီခိုသူပုဂ္ဂိုလ် အပေါင်းသည်လည်း (၁) သဒ္ဓါတရားဖြင့်လည်း တိုးပွား၏၊ (၂) ကိုယ်ကျင့်သီလဖြင့်လည်း တိုးပွား၏၊ (၃) အသိဉာဏ်ပညာတို့ဖြင့်လည်း တိုးပွား၏-ဟု ဘုရားရှင် မိန့်တော်မူ၏။ ထို့အတူပင် စာရေးသူနှင့်တကွ အားလုံးသော တပည့်အပေါင်းတို့သည်လည်း ကျေးဇူးတော် ရှင် ဆရာတော်ဘုရားကြီးတို့ကို အမှီသဟဲပြု သဒ္ဓါတရား ကိုယ်ကျင့်သီလ၊ အသိဉာဏ်ပညာ တို့သည်လည်း သစ်တစ်ပင်ကောင်းတော့ ငှက် တစ်သောင်း ချမ်းသာရဟူသောစကားအတိုင်း ပင် အစဉ်ထာဝရ တိုးပွားရပါသည်။ အနှစ်ချုပ် အနေနဲ့ သမဂ္ဂါနံ တပေါ သုခေါ-ဟူသောပါဠိ အတိုင်း သံဃာတော်အပေါင်းတို့၏ ကိုယ်နှုတ် စိတ်တို့ဖြင့် မကွဲပြားဘဲ ညီညွတ်စွာဖြင့် သာသနာတော်ကို နေ လပမာ ပြုနိုင်ကြပါစေ ဟူသော မေတ္တာအာသီသဖြင့် သင်ဆရာ မြင်ဆရာအပေါင်းတို့အား အစဉ်ထာဝရ သတိရစွာဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်စေကာမူ "အချိန်မလွန်ခင် သိစေချင်" ဟူ သော ဆောင်းပါးဖြင့် ကျေးဇူးဆပ်သောအား ဖြင့် အစဉ်ထာဝရ ရှိခိုးလျက်-----။

♦ အရှင်နန္ဒောဘာသ(မြိုင်)

နှစ်ပေါင်းအားဖြင့် ၂၅၀၀ကျော်ခဲ့လေပြီ။

သာဝတ္ထိပြည်၊ ဇေတဝန်ရွှေကျောင်းတော်၌ မြတ်စွာဘုရားသခင်သည် သီတင်းသုံးတော်မူလျက်ရှိ၏။

သာဝတ္ထိပြည့်ရှင် ဘုရားမင်းကြီးကတော့ ပသေနဒီကောသလဘုရင်မင်းကြီးပင်ဖြစ်သည်။

သာဝတ္ထိပြည်ကြီး၏ နယ်စပ်တစ်နေရာတွင် တောရိပ်တောင်ရိပ်တို့ကိုခို၍ ကျူးကျော်တိုက်ခိုက်သည့် သောင်းကျန်းသူများရှိ၏။ ထိုသူတို့သည် ရွာသူရွာသားများကို သတ်လိုသတ်၊ ပစ္စည်းဥစ္စာများကို လုလိုလု၊ ရွာသူ ရွာသားများ၏ အိုးအိမ်ကိုဖျက်လိုဖျက်၊ မိန်းမပျိုလေးများကို မတရားကျင့်လိုကျင့်၊ ရွာတွေကို မီးရှို့လိုရှို့ဖြင့် မငြိမ် မသက်အောင်လှုပ်ရှားနေကြသည်။

မင်းကြီးသည် စစ်သူကြီးများစေလွှတ်၍ တိုက်ခိုက်ချေမှုန်းစေပါသော်လည်း ခေတ္တမျှသာငြိမ်သက်၍ အရှည်အကြာမဟုတ် ရှိချေသည်။

တစ်နေ့သောအခါ ပသေနဒီကောသလမင်းကြီးသည် သန္တတိအမတ်ကြီးအားခေါ်စေပြီး

"အမတ်ကြီး . . သင်ဟာစစ်သူကြီးအဖြစ်နဲ့ စစ်သူကြီးရဲ့ ချပ်ဝတ်တန်ဆာများဝတ်ဆင်ပြီး တပ်တော်ကို ဦးဆောင်လျက် ကျူးကျော်သောင်းကျန်းသူတို့အား သွားရောက်နှိမ်နင်းရမယ်။ သင်အမတ်ကြီး နှိမ်နင်းလို့အောင်မြင်ခဲ့ပါက အောင်ပွဲကြီးတစ်ရပ်အနေနဲ့ သင်ခံစားရဘူးသေးခြင်းမရှိတဲ့ စည်းစိမ်ချမ်းသာမှုမျိုးကို စံစားခံစားခွင့်ပြုတော်မူမယ် . . သင်အမတ်ကြီး ချီတက်ရန် ပြင်ချေတော့ . ."

"အမိန့်တော်အတိုင်းပါ အရှင်မင်းကြီး"

သန္တတိအမတ်ကြီးသည် ဘုရင်မင်းကြီး၏ အမိန့်ကို တစ်သဝေမတိမ်းနာခံလျက် စစ်သူကြီးအဖြစ်နှင့် တပ်တော်ကို ဦးဆောင်၍ နယ်စပ်တစ်နေရာသို့ ချီတက်ပါတော့သည်။

စစ်သူကြီး၏ တပ်တော်သည် သောင်းကျန်းသူများပြန်လည် ဆုတ်ခွာမည့် တောင်ကြားလမ်းအား ပိတ်ဆို့ လျက် လည်းကောင်း၊ တစ်ဖက်မှ ရွာတွင်းသို့ဝင်ရောက်၍ ထိုးစစ်ဆင်

# ကိလေသာတိုက်ပွဲ အောင်နိုင်သူ

**အောင်ခင်(ဥပဒေ)**



လျက်လည်းကောင်း၊ တိုက်ခိုက်ချေမှုန်းရာ သောင်းကျန်းသူများ မရှုမလှကျဆုံးကုန်သည်။

နယ်စပ်ရှိ ရွာများနှင့် ရွာသားများကို လည်း အေးချမ်းအောင် စီမံဆောင်ရွက်ခဲ့ပြီး နောက် စစ်သူကြီး သန္တတိသည် တပ်တော်ကို ဦးဆောင်၍ ပြန်လည်ချီတော်မူသည်။ ခြေမြန် တော်တစ်ဦးအားလည်း ဘုရင်မင်းကြီးထံ သတင်းပို့ရန် စေလွှတ်လိုက်လေ၏။

"အရှင်မင်းကြီး . . ကျူးကျော်သောင်း ကျန်းသူတို့အား နှိမ်နင်းအောင်မြင်ခဲ့ပြီဖြစ် ကြောင်း အေးချမ်းငြိမ်သက် အောင်လည်း စီမံဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း စစ်သူကြီးသည် နံနက်အချိန်မှ မင်းကြီးထံအခစား ဝင်လိမ့်မည် ဖြစ်ကြောင်း" လျှောက်ထားစေသည်။

ကောသလမင်းကြီးသည်လည်း အောင် ပွဲသတင်းကြားသိရသည့်အခါ ဝမ်းမြောက် ဝမ်းသာစွာဖြင့် သန္တတိစစ်သူကြီးအား နံနက် မင်္ဂလာအခါ၌ အခစားဝင်စေရန် စာချွန်လွှာ ပြန်၍ ပေးလိုက်ပေသည်။

သန္တတိစစ်သူကြီးသည် တစ်မိုးသောက် ၍ နံနက်မင်္ဂလာအချိန်ရောက်သောအခါ ပသေနဒီကောသလမင်းကြီးထံ အခစားဝင်လေ တော့၏။ မင်းကြီးက နှလုံးစိတ်ဝမ်းချမ်းသာစွာ ဖြင့် အမိန့်ရှိလိုက်သည်ကတော့ . .

"သန္တတိစစ်သူကြီး တိုင်းပြည်ကို ချစ်တဲ့စိတ်၊ အမျိုးကိုချစ်တဲ့စိတ်၊ ရဲရင့်တဲ့ သူရဲကောင်းသတ္တိ၊ တာဝန်နဲ့ ဝတ္တရားကျေပွန် အောင် ဆောင်ရွက်နိုင်စွမ်းတဲ့ လုံ့လဝီရိယတို့ကို မချီးကျူးဘဲ မနေနိုင်။ ကျွန်ုပ်ချီးကျူးတော်မူတယ် ဟေ့ . . အကျွန်ုပ်ပေးအပ်ခဲ့သည့် ကတိအတိုင်း အသင် စစ်သူကြီးအား ငါရဲ့ မင်းဥယျာဉ်တော်၌ မင်းစည်းစိမ် ချမ်းသာကို ခုနစ်ရက်တိတိခံစားခွင့် ပြုလိုက်ပေပြီ . . သင့်စိတ်ကြိုက်ခံစားပေတော့"

"ဝမ်းမြောက်လှပါပေတယ် . . အရှင် မင်းကြီး . . "

စစ်သူကြီး သန္တတိသည် ဝင်းလက်သော ကြည်လင်ရွှန်းမြသော အပြုံးဖြင့် လျှောက်ထား ပြီး မင်းကြီးရှေ့တော်မှ ထွက်ခွာခဲ့လေတော့၏။

ယစ်ရွှေရည်အိုးကြီးဖြစ်သည့် သန္တတိ အမတ်ကြီးအား အဘယ်ကြောင့် ဤမျှအထိ အကျိုးပေးသန်ရသနည်း။

သူသည် ရှေးရှေးကိုးဆယ့်တစ်ကမ္ဘာ သောအခါက ပွင့်ထွန်းခဲ့သော ဝိပဿီဘုရား ရှင်၏ သာသနာပြန့်ပွားစေရန် ဓမ္မဃောသက လုလင်အဖြစ် ဆောင်ရွက်ခဲ့သည့် ကောင်းမှု စေတနာကံက အကျိုးပေးချိန်တန်သောကြောင့် ဒိဋ္ဌဓမ္မ အကျိုးပေးလာခြင်းဖြစ်သည်ဆိုက သင့်အံ့ဟု ယူဆပေသည်။

သူသည် မင်းစည်းစိမ်ခံစားရာ၍ သူ၏ စရိုက်နှင့်လျော်ညီသော ယစ်ရွှေရည်သောက် ပွဲကြီး မင်းဥယျာဉ်တွင် ကျင်းပလေပြီဖြစ်သည်။

စစ်သူကြီး သန္တတိသည် မှူးမတ်ဗိုလ်ပါ အခြံအရံများစွာဖြင့် မူးယစ်သေစာ အမျိုးမျိုး စားဖွယ်ရာ အချိုအချဉ်၊ အစပ်၊ ဘဲကင် ကြက်ကင်တို့အား စားရင်းသောက်ရင်းခြင့် ငြိမ့်ညောင်းလှသော ကပွဲသဘင်ကို ကြည့်ရှုနေ လေပြီ။

ပျိုမျစ်နုနယ်သော အချောအလှကချေ သည်လေးများကလည်း မြူးသလိုလို ကလှုသလို လိုဖြင့် ကကြိုးကကွက်နှင့် ဖမ်းစားနေပြီ ဖြစ်သည်။

သူသည် ထိုးသုံးနန်းသုံး နုနယ်ပျိုမျစ် သော ကချေသည်မကလေး "နာဋကီ"အား အသည်းနှစ်နှစ် ဆွဲချစ်ခဲ့သည်မှာ ယခုမှ မဟုတ်ကြာခဲ့လေပြီ ဖြစ်၏။

စစ်သူကြီးသန္တတိ၏ နှလုံးသားထဲ၌ ငါမြင့်သည်၊ ငါကြွားသည်၊ ငါထင်သည်၊ ငါနှစ်သက်သည်ဟု ငါတွေ စိုးမိုးနေလေပြီ။ ငါမင်းစည်းစိမ်တွေ ခံစားနေသည်ဟုလည်း မာနတံခွန်ထောင်လွှားနေပြန်သည်။

ပြောရမည်ဆိုလျှင်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် သူစိမ်းဧည့်သည် ကချေသည်မကလေး "နာဋကီ"အား ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာအဖြစ် သိမ်းပိုက်လိုသောစိတ်များ ဆူပွက်လျက်-

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မခေါ်ဘဲနှင့်လာ၊ မနှင်ဘဲပြေးလျှင် နှလုံးမသာယာ မျက်ရည်များ ကျရတော့မည်။

အမှန်အားဖြင့် လူ့ဘဝတစ်ကွေ့မှာ ခဏတွေ့ရသည်။ အပြင်ကလာသည့် သူစိမ်းဧည့်သည်ကလေးပါလားဟု သတိတရားနှင့် သံဝေဂတရားရဖို့ကောင်း၏။

ခြောက်ရက်ကလွန်မြောက်၊ ခုနစ်ရက်ရောက်လေပြီ။

နေခြည်ဝင်းဝင်း နံနက်ခင်းတွင် စစ်သူကြီး သန္တတိသည် မင်းခမ်းမင်းနားဖြင့် မင်း၏ရေချိုးဆိပ်သို့အဆင်း မြတ်စွာဘုရားသည်လည်း ရဟန်းတော်များနှင့် ဆွမ်းခံအကြွ၊ မြို့တော်၏ တံခါးဝ၌ မမျှော်လင့်ဘဲ တွေ့ဆုံမိလေပြီ။

သူသည်ကား မူးမိုက်ရီဝေနေသော်လည်း "မြတ်စွာဘုရားသည်ပင် ဆွမ်းခံကြွတော်မူပါပြီကော"ဟု သတိနှင့် အသိမှာ ထင်ရှားလျက်ပင်။ သို့နှင့်အခြွေအရံများအား လက်ပြ၍ ရပ်တန့်စေပြီး သူသည် မင်္ဂလာဆင်ပေါ်မှပင် မြတ်စွာဘုရားအား သဒ္ဓါမြတ်နိုးဦးညွှတ်ကျိုးစွာ ရှိခိုးကန်တော့လေ၏။

မြတ်စွာဘုရားသည် အသိဉာဏ်ဖြင့် ကြည့်တော်မူလျက် ပြုံးတော်မူလေ၏။ နောက်တော်ပါးရှိ အရှင်အာနန္ဒာက မြတ်စွာဘုရား ပြုံးတော်မူခြင်းကိုသိ၍ မေးလျှောက်သောအခါ မြတ်စွာဘုရားက -

"ချစ်သား အာနန္ဒ . . စစ်သူကြီး သန္တတိသည် ဤချပ်ဝတ်တန်ဆာ အပြည့်အစုံဖြင့်ပင် ယနေ့ညနေ နေဝင် ချိန်၌ ငါဘုရား၏ ကျောင်းတော်၊ ငါဘုရား၏ရှေ့မှောက်သို့ရောက်ရှိပြီ။ ငါဘုရားတရားကြားနာရသောကြောင့် ရဟန္တာအဖြစ် တည်ရှိပေလိမ့်မည် . ." ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူ၏။

မြတ်စွာဘုရား၏ ဗျာဒိတ်စကားသည် သာဝတ္ထိပြည်တစ်ပြည်လုံး သင်းပျံ့သွားချေသည်။ တိတ္ထိ၊ တက္ကတွန်းတို့မှအပ သူတော်စင်များက အကြွင်းမဲ့ ယုံကြည်စွာ ကြိုဆိုကြလေသည်။

စစ်သူကြီး သန္တတိသည် မင်းရေချိုးဆိပ်မှ မင်းဥယျာဉ်တော်သို့ ရောက်ရှိကြလေပြီ။

"နာဋကီ"အမှူးပြုသည့် ကချေသည်ကလေးများကလည်း နွဲ့နွဲ့နှောင်းနှောင်း၊ သွဲ့သွဲ့ပျောင်းပျောင်း ကပြ ဖြေဖျော်အသုံးတော်ခံနေပြီဖြစ်သည်။

သန္တတိစစ်သူကြီးသည် ကြာညိုနံ့သင်းသော ယစ်ရွှေရည်ကို တစ်ခွက်ပြီးတစ်ခွက် မော့ရင်း၊ နတ်မိမယ်အလား ချောမောလှပသည့် "နာဋကီ"အားကြည့်ရင်း ရင်တစ်သိမ့်သိမ့်ဖြင့် သိမ်းပိုက်ချင်နေပြီဖြစ်သည်။

ညနေချမ်း မောင်လွမ်းရမည့်အချိန်ပင် . .

ကချေသည်မကလေး "နာဋကီ"မှာ ခုနစ် ရက်မြောက်နောက်ဆုံးအနေဖြင့် အားမာန်တင်း၍ အစွမ်းကုန် ဖြေဖျော်နေစဉ် လေသင်ဓုန်းဖြတ်၍ အရုပ်ကြိုးဖြတ်အလား လဲကျသွား၏။

မင်းစည်းစိမ်ဖြင့် ယစ်မူးနေသော စစ်သူကြီးသည် ခြေမကိုင်မိ လက်မကိုင်မိဖြင့် ရာဇပလ္လင်ပေါ်မှ နာဠကီ ပြိုလဲကျရာသို့ ဆင်းပြေး၍ ကောက်ချီပွေ့ပိုက်လျက် "နာဠကီ . . နာဠကီ" ဟု ကွဲအက်သံနှင့်ခေါ်၏။

"ခေါ်လို့လဲမထူး၊ ထူလို့လဲမထ လုပ်ကြပါဦး၊ မင်းချင်းတို့"

အတွေ့အကြုံများဟန်တူသော မင်းချင်းတစ်ယောက်က "နာဠကီ"လေးအား စေ့စပ်သေချာစွာစမ်းသပ်ပြီး မလျှောက်ဝံ့ဝံ့ဖြင့် . .

"နာဠကီ"လေး . . လေသင်ခုန်းဖြတ် နှလုံးသွေးရပ်လို့ အသက်မရှိတော့ဘူး အရှင်မင်းမြတ် . . "

"ဘာ. . ဘာပြောတယ်. . နာဠကီလေး. . အသက်မရှိတော့ဘူး ဟုတ်လား . . သူမရှိတော့ရင် ငါ . . ငါ အသည်းတွေပြိုလဲကွဲအက်ရတော့မယ်. . ငါ့ကိုကယ်ကြပါဦး . . "

စစ်သူကြီးသည် မကြုံစဖူး ထူးကဲသော သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုသည့် ကိလေသာ မီးအလျှံကြား၌ ကိလေသာတိုက်ပွဲကျသွားရရှာလေသည်။ ခဏအကြာ ပါရမီကံက နိုးထလာသောကြောင့် ရေချိုးဆိပ်အဆင်းမြို့တံခါးဝတွင် တွေ့ခဲ့ရသော မြတ်စွာဘုရားသခင်အား သတိကြီးစွာရလျက်. .

"မင်းချင်းတို့ မှူးမတ်ဗိုလ်ပါတို့ ငါ့ကိုကယ်နိုင်မည့် ပုဂ္ဂိုလ်ကား ဘုရားသခင်မှတစ်ပါးအခြားမရှိ။ ငါ့ကို ဘုရားသခင်ထံပို့ကြဟေ့ . . "

မင်းချင်း . . မှူးမတ်ဗိုလ်ပါတို့သည် ပခုံးချင်းယှဉ်လက်ချင်းယှက်၍ စစ်သူကြီးအားထမ်းပိုးလျက် မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ပို့ဆောင်ကြလေသည်။

မြတ်စွာဘုရားသခင်သည် စစ်သူကြီးသန္တတိအား သနားကြင်နာစွာဖြင့် ကြည့်ရှုတော်မူ၏။ ကျဆင်းနေသောသူ၏ စိတ်အစဉ်အားပြန်တက်လာစေရန် မဟာကရုဏာဉာဏ်တော်ဖြင့် အနုမတဂ္ဂဒေသနာတော် ဟောကြားတော်မူ၏။

"ချစ်သား . . ချစ်သားသန္တတိ . . "

သူသည် မော်၍ဖူးမြော်လိုက်ပြီး မြတ်စွာဘုရားသခင်၏ တရားတော်မြတ်ကို နှလုံးသွင်းရန် အသင့်ရှိ ပါကြောင်း အမူအရာဖြင့် . .

"မှန်လှပါ အရှင်မြတ်ဘုရား . . "

"ချစ်သား . . သင်ဟာ သင့်ရှေ့မှာ ပြိုလဲကျခဲ့ရတဲ့ ကချေသည်မလေးဟာ . . ယခုမှ ဤသို့ဖြစ်ရတာမဟုတ်။ ရှေးဘဝ . . ဘဝများစွာကပဲ . . ဒီအနေမျိုး ဒီအဖြစ်မျိုးနဲ့ သေခဲ့ရလို့ . . သင်ငိုကြွေးခဲ့ရတဲ့ မျက်ရေတွေဟာ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက်များခဲ့ရတယ်လေ . . ဘဝချင်းစွာ သံသရာက ဖြစ်ခဲ့ရဖူးတယ် ချစ်သား . . တဲ့"

"ဟာ . . ဒီကချေသည်မကလေးဟာ ဒီဘဝမျှသာမက ဟိုဘဝများစွာကလဲ . . ငါ့ကို ချစ်သလိုလိုနဲ့ အမြဲ နှိပ်စက်ခဲ့တယ်ဆိုပါလား . . မှန်ပေစွ . . မှန်ပေစွ . . "

သူသည် သံဝေဂဉာဏ်ရရှိလိုက်သည်နှင့် တစ်ပြိုင်နက် သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်လေသည်။ သူ၏ စိတ်အစဉ်မှာလည်း ဆုတ်နစ်နေရာမှ ပြန်တက်လာပြီး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာချေပြီဖြစ်သည်။

မြတ်စွာဘုရားသခင်သည် အခြေအနေ အချိန်အခါကောင်းကို ရယူလျက် "အတိတ်၊

ပစ္စုပ္ပန်၊ အနာဂတ်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆိုသည့် ကာလသုံးပါးသည် ရှိခဲ့သည်"ဟု အစချီလျက် ခန္ဓပဋိစ္စသမုပ္ပါဒ်တရားတော် ဟောကြားတော်မူလေ၏။

"ချစ်သား . . အကြွင်သဘောတရားသည် အတိတ်ကာလ၌ ဖြစ်ခဲ့၏။ အတိတ်ကိုလည်း ပြန်၍ တွေးမနေနဲ့ ချစ်သား . . မရောက်သေးတဲ့ အနာဂတ်ကာလကိုလည်း တွေးတော၍ တုန်လှုပ်မနေနဲ့ ချစ်သား . . "

မမွေးအလယ်လို့ဆိုတဲ့ ယခုပစ္စုပ္ပန်ကာလ၌ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ ခန္ဓာငါးပါးဆိုတာ ရှိကုန်၏။ ထိုခန္ဓာ ငါးပါး၊ ရုပ်နာမ်နှစ်ပါးကို တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ကိလေသာတွေက အုပ်ချုပ်ထားပေ၏ ချစ်သား . . "

အဲဒီ . . ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့ကို တဏှာနဲ့လည်း မစွဲလမ်းနဲ့ . . မာနနဲ့လည်း မစွဲလမ်းနဲ့ . . ဒိဋ္ဌိနဲ့လည်း မစွဲလမ်းနဲ့၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့နဲ့ မစွဲလမ်းဘူးဆိုရင် ငြိမ်းငြိမ်းအေးအေးနဲ့ . . ငြိမ်းအေးတဲ့ နိဗ္ဗာန်ချမ်းသာကို ရရှိပါလိမ့်မယ် ချစ်သား . . "

ကရုဏာတော်ရှင် မြတ်စွာဘုရားသခင်၏ သစ္စာတရားတော်ကို ကြားနာလိုက်ရသောအခါ သူ့ရင်ထဲ၌ ကမ္ဘာတစ်သိန်းက ဖြည့်ကျင့်ခဲ့သော ပါရမီဉာဏ်က နိုးကြား၍လာပြီဖြစ်၏။

သူသည် လွန်ခဲ့ပြီဖြစ်သော အတိတ်ကိုလည်း မတွေး၊ မရောက်ရှိသေးသည့် အနာဂတ်ကိုလည်း မမျှော်တော့ဘဲ ပစ္စုပ္ပန်တည့်တည့် အကြောင်းတိုက်ဆိုင်၍ ပေါ်လာသော မြင်စိတ်ကလေးနှင့် မြင်စိတ်နောက်၌ ပေါ်လာသော ကြားစိတ်ကလေးကိုသာ စူးစိုက်နေပေသည်။ ကြည့်နေပေသည်။

"မြင်စိတ်ကလေး . . မြင်စိတ်ကလေးသည် ငါလား၊ သူလား၊ ငါးလည်းမဟုတ်၊ သူလည်းမဟုတ်၊ သတ္တဝါ လည်းမဟုတ် . . အင်း နာမ်နှင့်ရုပ်ပဲရှိပါတကား၊ နာမ်ရုပ်နှစ်ပါးသာရှိသည့် ခန္ဓာငါးပါးသည်လည်း ခိုင်ခြင်း၊ မြဲခြင်းမရှိပဲ ဖောက်ပြန်ပျက်စီးလျက်ပါတကား"ဟု ခန္ဓာအစဉ်၏ ဖြစ်မှုပျက်မှုများအပေါ် ဉာဏ်ဝင်၍ လှည့်နေ၏။

ထို့နောက်တွင်တော့ ဝေဒနာကလေးတဖျတ်ဖျတ် တစ်လှုပ်လှုပ်နှင့် ပေါ်နေသည်ကိုတွေ့ရ၏။ ဝေဒနာ ကလေးသည် ငါမဟုတ်၊ သူမဟုတ်၊ အသက်ဝိညာဉ်ကောင်မဟုတ် အကြောင်းဓမ္မကြောင့် အကျိုးဓမ္မဖြစ်သကဲ့သို့ အကြောင်းဓမ္မပျက်လို့ အကျိုးဓမ္မလည်း ပျက်နေခြင်းပါတကားဟု ခံစားမှုဝေဒနာကလေး၏ ဖြစ်မှုပျက်မှုအပေါ် ဉာဏ်လှည့်၍နေလေပြီ။ ဝေဒနာကလေး၏ သဘောကို ရှုပွားရင်း ရှုပွားရင်း ကိလေသာကြား မခိုတော့သော ဉာဏ်က ရင့်သန်ခြင်း ရင့်ကျက်ခြင်းဆီသို့ ဦးတည်နေချေပြီ။

သူသည် မြတ်စွာဘုရားသခင်၏ တရားတော်အဆုံး၌ မဂ်လေးတန် ဖိုလ်လေးတန်ဆိုက်ပြီ။ အာသဝေါတရား ကင်းစင်သည့် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူလေ၏။ တစ်နည်းအားဖြင့် ကိလေသာတိုက်ပွဲကို အောင်နိုင်သူများ များစွာပင် ပေါ်ထွန်းခဲ့သည်ဟု ယုံကြည်မိပါလေတော့သတည်း။

♦ အောင်ခင်(ဥပဒေ)

ကျမ်းကိုး -

ဓမ္မပဒ၊ သန္တတိအမတ်ကြီးဝတ္ထု



# မှန်ကြိုက်သူ

နေ့တွေ ဘယ်လိုပြောင်း
မဟောင်းနိုင်တဲ့ လုပ်ရပ်
တရစပ် ခေါ်ဆောင်
အပုတ်ကောင် ငါ မသိ
မှန်ကြည့်ကာ ကျေနပ်
အထပ်ထပ် ပြုပြင်
ရေလျှင်လို ရွေ့လျား
ဝိုးတဝါး ပြောင်းလွဲ
ငါပဲလို့ ခါခါထင်
ဖြစ်စဉ်ကို ဘယ်မသိ
ပြုံးမိတဲ့ အကြိမ်ကြိမ်
အချိန်တွေ ဖန်ဖန်ပြောင်းနေလည်း
တဏှာမှန်း သူကပ်စွဲတာကြောင့်
ဉာဏ်မသိ သရွေ့
မှန်ကြည့်ပြီး ကျေနပ်။ ။

ညိုနှင်းရည်

ကျွန်မသည် အင်းစိန်မြို့နယ် ရွာမ အနောက်ရပ်ကွက် ရွာမပရိယတ္တိစာသင်တိုက် အနီးတွင် နေထိုင်ကြီးပြင်းခဲ့ပါသည်။ ဘုန်းကြီးကျောင်းမှ "အုံးမောင်းခေါက်သံ"ဖြင့် နိုးထခဲ့သည်။ ကျောင်းသွားဖို့ ပြင်ဆင်ပြီး ဘုန်းကြီးကျောင်းကို ဖြတ်၍ ကျောင်းသွားခဲ့ရသည်။ ကျွန်မတို့ကျောင်းသွားကျောင်းပြန် ဖြတ်သန်းသွားစဉ်အခါက ကျောင်းဝင်းအတွင်း လမ်းဘေးဝဲယာတွင် သရက်ပင်ကြီးများ ရှိခဲ့သည်။ ယခုအခါ သုံးထပ်ကျောင်းဆောင်ကြီးများနှင့် မဟာသိမ်တော်ကြီးတို့ဖြင့် လွန်စွာတင့်တယ်နေပါပြီ။ ယခင်ဆွမ်းစားကျောင်းအဟောင်းကြီးသည်လည်း နှစ်ထပ်ဆွမ်းစားကျောင်းသစ်ကြီး ဖြစ်ခဲ့တာကြာခဲ့ပါပြီ။ ကျွန်မတို့စာသင်တိုက်ကြီး များစွာ တိုးတက်ခဲ့ပေပြီ။ ဤကဲ့သို့ စာသင်တိုက်ကြီး၏ ပတ်ဝန်း




ကျင်တွင် နေထိုင်ရခြင်း၊ သံဃာတော်များအား ဆွမ်းလောင်းရခြင်းစသော အချက်များသည် လွန်စွာဂုဏ်ယူ ဖွယ်ကောင်းပါသည်။ ကျွန်မသည် ရွာမစာသင်တိုက်ကြီးအနီးတွင် နေထိုင်ကြီးပြင်းပြီး ငယ်ရွယ်စဉ်အခါမှစ၍ သာသနာပြုခွင့်ရခဲ့သူပီပီ သာသနာနှင့်အလှမ်းမကွာခဲ့ပါ။ ကျွန်မ သိတတ်စအရွယ်မှစ၍ အိမ်တွင်း အဘိုးအဘွားများက ထိုင်ဆွမ်းသံဃာများအား ဆွမ်းလောင်းပါသည်။ အဘွား၏ ပြောပြချက်အရ အဘွားဆွမ်းလောင်းခဲ့တာ ကျွန်မတို့ မမွေးခင်ကတည်းကဟု သိခဲ့ရပါသည်။ အဘွားနှင့်အတူ ဆွမ်းလောင်းရတာ ကျွန်မအလွန်ပျော်ပါသည်။ ဆွမ်းလောင်း အပြီး မြေပေါ်တွင် ပဆစ်တုပ် ကျုံ့ကျုံ့ထိုင် ဦးချကန်တော့လိုက်ရလျှင် အလွန်ကြည်နူးရပါသည်။ ငါတော့ ကုသိုလ်တွေရပြီဆိုပြီး ကမလေးအတွေး

နှင့် ပျော်ခဲ့ရပါသည်။ အဘွားနှင့်ဥပုသ်နေ့တိုင်း သီလယူလိုက်ခဲ့ရသည်မှာလည်း အမြဲ လိုလို ဖြစ်ပါသည်။ ယခုတွေးကြည့်လျှင် ဝါတွင်းကာလတွင် ဥပုသ်နေ့တိုင်း ကျောင်းပိတ်ပေးသည်ကို အလွန် ကျေနပ်မိပါသည်။

ကျွန်မတို့သည် ရပ်ကွက်ထဲတွင် နေရသူများပီပီ လူမျိုးစုံနှင့် ဆက်ဆံရသည်။ တစ်ခါက အမျိုးသမီးအချို့ အိမ်လည်လာရင်းဖြင့် စပ်မိစပ်ရာ အဘိုးနှင့်စကားပြောကြရာမှ "ဟို ဦးပဥ္စင်းကဘာလုပ်တယ်၊ ဒီကိုယ်တော်ကဘာဖြစ်တယ်" စသည်ဖြင့် အကြည်ညိုပျက်စေသော စကားများကို ပြောကြသည်။ ဤတွင် အဘိုးက "နင်တို့သူတို့လို ခေါင်းတုံး တုံးပြီး ဖန်ရေစွန်းသော သင်္ကန်းကို ဝတ်နိုင်လို့လား" "ဘာမှလာမပြောနဲ့" "ငါတို့က ခေါင်းတုံးနှင့် သင်္ကန်းကို လှူတာဟ"ဟု အော်ဟောက်ပစ်လိုက်သည်။ ထိုသူတို့ပြန်သွားသောအခါ "သမီးလေး သေချာနားထောင်နော်"ဟု ဆုံးမစကားစပြောခဲ့ပါသည်။ "သမီးလေးရဲ့ ငါတို့က သံဃာတွေကို လှူတယ်ဆိုတာ ပုဂ္ဂိုလ်စွဲနဲ့ လှူတာ မဟုတ်ဘူး၊ သင်္ကန်းနှင့်ခေါင်းတုံးကိုလှူတာ၊ သင်္ကန်းနဲ့ခေါင်းတုံးဆိုတာကတော့ ဘုရားရဲ့ အရေကိုခြုံထားတဲ့ ဘုရားသားတော်တွေလို့ ဆိုတာကွယ့်။ သက်ရှိထင်ရှားရှိ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရည်မှန်းပြီး ဘုရားသားတော်တွေဖြစ်တဲ့ ရဟန်းသံဃာတော်တွေကို စိတ်စေတနာသန့်သန့်နှင့် လှူရမယ်နော်"ဟု ပြောပြခဲ့ပါသည်။ တစ်သက်လုံး မှတ်ထားရမှာနော် သမီးလေးဟုလည်း မှာကြားခဲ့ပါသည်။ ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် ဝါဆိုသင်္ကန်းကပ်ပွဲ တစ်ခုကျွန်မ ကြုံခဲ့ရသည်။ ထိုသင်္ကန်းကပ်ပွဲတွင် ဘုန်းဘုန်းကြီး ဦးနန္ဒဝံသ

သံဃာတော်တစ်ပါးအား ဆွမ်းလောင်းလိုက်ခြင်းသည် သာသနာပြုခြင်း မည်ပါပေသည်။ ငါလှူလိုက်တာ ဆွမ်းတစ်ဇွန်းပါပဲ၊ ဟင်းတစ်ဖတ်ပါပဲဟု အားငယ်နေစရာမလိုပါ။ ဤသို့ လောင်းလှူလိုက်ခြင်းသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို စောင့်ရှောက်လိုက်ခြင်း၊ သာသနာပြုလိုက်ခြင်းသာ ဖြစ်ပါသည်။

က သင်္ကန်းကပ်တယ်ဆိုတာ ဘုရား၊ တရား၊ သံဃာကို အာရုံပြုပြီး ဘုရားအမှူးရှိသော တပည့်တော်ရဟန်းသံဃာတော်များအား ဆက်ကပ်ခြင်းဖြစ်တယ်လို့ ဟောကြားခဲ့ပါတယ်။ ထိုအချိန်မှစတင်ကာ ကျွန်မ၏ ရင်ထဲ၌ သံဃာတော်များသည် ဘုရား၏ သားတော်များပါတကားဟု မှတ်သားခဲ့ရသည်။ ဘုန်းဘုန်းကြီး၏ တရားနှင့်အဘိုး၏စကားကို ပေါင်းကာ ကောင်းစွာနားလည်ခဲ့ရပါသည်။

သံဃာတော်တစ်ပါးအား ဆွမ်းလောင်းလိုက်ခြင်းသည် သာသနာပြုခြင်း မည်ပါပေသည်။ ငါလှူလိုက်တာ ဆွမ်းတစ်ဇွန်းပါပဲ၊ ဟင်းတစ်ဖတ်ပါပဲဟု အားငယ်နေစရာမလိုပါ။ ဤသို့ လောင်းလှူလိုက်ခြင်းသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို စောင့်ရှောက်လိုက်ခြင်း၊ သာသနာပြုလိုက်ခြင်းသာ ဖြစ်ပါသည်။ သာသနာပြုခြင်းသည် သံဃာတော်များသာလျှင် ပြုလုပ်ရသော အလုပ်မဟုတ်ပါ။ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်အားလုံး အလုပ်(သို့)ဘာသာ

တရားကပေးသော တာဝန်တစ်ရပ်သာလျှင် ဖြစ်ပါသည်။ ကျွန်မတို့ဆွမ်းလောင်းလိုက်သော ဦးပဉ္စင်းတစ်ပါးဆိုလျှင် ယခုအခါ တောင်တန်း သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေသော (M.A) ဘွဲ့ရဆရာတော်တစ်ပါးဖြစ်နေလေပြီ။ ဤအကြောင်းကို တွေးမိတိုင်း ငါတို့တခဏတာ ဆွမ်းလောင်းလိုက်ခြင်းသည် တစ်ဘဝတာ သာသနာပြုခြင်းပါ တကားဟု လွန်စွာပီတိ ဖြစ်ရပါသည်။ ဘုန်းဘုန်းတို့က ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းများဖြင့် သာသနာအကျိုး သယ်ပိုးနေကြသည်။ ကျွန်မတို့လူသား (ဗုဒ္ဓဘာသာဝင်) အပေါင်းတို့ကလည်း သာသနာအကျိုး၊ ဘာသာအကျိုးကို မိမိတို့ တတ်စွမ်းသမျှ စွမ်းစွမ်းတမံပါဝင်ကြိုးပမ်းကြရမည်။ "အမျိုးပျောက်မှာ စိုးကြောက်ပါသည်"ဟုသာ ဆိုနေကြသည်။ သာသနာကို ဖျောက်ဖို့ကြိုးစားနေကြသည်။ မိမိတို့၏အနာဂတ် ရင်သွေးငယ်များအား ဘာသာရေးသင်ပေးရန် အချိန် သူတို့မိဘများမှာ မရှိ။ (၂)လုံး၊ (၃)လုံးနောက်လိုက်နေကြသည်။ ယခုကလေးငယ်များသည် "ဩကာသ" "ဦးတော်" ဆိုသောစကားများကို မကြားဖူးသော်ငြား "ထိပ်စီး၊ နောက်ပိတ်"ကိုတော့ နားရည်ဝနေကြပြီ။ ဤသည်မှာ သာသနာ ဖျက်နေတာတွေပါ။ "အမျိုး၊ ဘာသာ၊ သာသနာ"ဆိုသကဲ့သို့ အမျိုးရှိလျှင် ဘာသာရှိရမည်။ ဘာသာရှိလျှင် သာသနာ ရှိရမည်။ သာသနာတော်အဓွန့်ရှည် တည်တံ့ပါမှ ဘာသာတရားကိုင်းရှိုင်းရိုသေစရာရှိမည်။ ဘာသာတရား တည်ရှိနေပါမှ အမျိုးလည်းမပျောက်မှာ ဖြစ်ပါသည်။ "အမျိုးကိုချစ်လျှင်၊ ဘာသာကိုမပစ်ဘဲ၊ သာသနာကိုမြှင့်တင်ပါ"ဟု တိုက်တွန်းချင်ပါသည်။ ကျွန်မတို့သည် အမျိုးမပျောက်အောင် သာသနာပြုလုပ်ငန်းများ ဆထက်ထမ်းပိုးဆောင်ရွက်သင့်ပါသည်။ သာသနာတွင်းမှာ သာသနာနှင့်ကြုံ၍ သာသနာပြုခွင့်ရခြင်းသာ ဖြစ်ပါသည်။ သာသနာပြုလုပ်ငန်းများသည် လုပ်ချင်တိုင်းလုပ်၍ ရသည်မဟုတ်ပါ။ ပါရမီကံထူး၍ သာသနာတော်ကြီးနှင့် ကြုံကြိုက်မှသာ သာသနာပြုခွင့် ရနိုင်ပေသည်။ ထို့ကြောင့် ကျွန်မသည် ရွှာမပရိယတ္တိစာသင်တိုက်ကြီးဘေးတွင် နေထိုင်ရခြင်းကို လွန်စွာကြည်နူးပီတိဖြစ်ရပါသည်။

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ကျွန်မသည် ကချင်ပြည်နယ်သို့ ရောက်ရှိနေထိုင်ခဲ့ပါသည်။ ထိုဒေသတွင် ဘုန်းကြီးကျောင်းအလွန်ရှားပါသည်။ အများစု (အားလုံးနီးပါးခန့်)မှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ပါသည်။ ကျွန်မသည် မြစ်ကြီးနားမြို့စွန်ကျေးရွာတစ်ခုတွင် နေထိုင်ခဲ့ရသည်။ ကိုးကွယ်စရာဘုန်းကြီးကျောင်းရှာကြည့်ရာ ကံကောင်းထောက်မ၍ "တပ်ဦးကျောင်း" တစ်ကျောင်းကိုတွေ့ခဲ့ရသည်။ ကျေးဇူးတင်ပါသည်။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် နယ်လှည့်တောင်တန်းသာသနာပြုဆရာတော်များနှင့် တပ်ဦးကျောင်းများကို ဒေသအစွန်အဖျားများတိုင်အောင် ထားရှိခြင်းကြောင့်သာ မြန်မာပြည်အစွန်အဖျားရောက်သည့်တိုင် ကျွန်မတို့ သာသနာပြုခွင့်ရခဲ့ပေသည်။ အခုခေတ်ကလေးများသည် ဘာသာရေးကို ကိုင်းရှိုင်းမှုနည်းပါးလာသည်။ သာသနာနှင့် ယဉ်ပါးနေရမည့်အစား ကင်းကွာလာနေကြသည်။ သူတို့စိတ်တွင်ဘာသာရေးအလုပ်၊ သာသနာရေးအလုပ်များသည် လူကြီးများသာ လုပ်ရသည်ဟု ထင်မှတ်နေကြသည်။ ဩကာသကန်တော့ချိုး

ကို ပီပီပြင်ပြင်မဆိုနိုင်သော်လည်း {P-2,P-4} စသော ကွန်ပျူတာဂိမ်းများကိုတော့ လွန်စွာ ကျွမ်းကျင်ကြသည်။ မိဘများ၏ အားနည်းချက်များ ဖြစ်ပါသည်။ "ယနေ့လူငယ်၊ နောင်ဝယ် လူကြီး" မဟုတ်ပါလော။ ကျွန်မတို့ငယ်ငယ်က နံနက်ကျောင်းတက်လျှင် ဘုရားရှိခိုးရသည်။ မြစ်ကြီးနားမြို့တွင် ကျွန်မလုပ်အားပေးဆရာမ လုပ်သောအခါ ကျောင်းတက်တက်ချင်း ကလေးများအား ဘုရားရှိခိုးတိုင်ပေးပါသည်။ အားလုံးလိုက်လည်းမဆို၊ လက်အုပ်လည်း မချီကြပါ။ အံ့သြရပါ၏။ အားလုံး ခရစ်ယာန်တွေ တဲ့။ မဆန်းပါ။ ခရစ်ယာန်များမို့ ဘုရားမရှိခိုးတာ မဆန်းပါ။ သို့သော်ယခုအခါ ဗုဒ္ဓဘာသာများ တက်သော စာသင်ကျောင်းများတွင် ဘုရားရှိခိုးသံများ မကြားရအောင်ဖြစ်နေပါပြီ။ ထိုသို့မဖြစ်သင့်ပါ။ အားလုံး ခရစ်ယာန်များ မဟုတ်သော ကြောင့်ဟု ဆိုရပါမည်။

''လသာတုန်းဗိုင်းငင်''ဆိုသလို သာသနာနှင့် ကြုံကြိုက်တုန်း ကြီးသည် ငယ်သည်မဟူ လူကြီး-လူငယ် အရွယ် မရွေး ဘာသာ၊ သာသနာတာဝန်များကို ထမ်းရွက်ကြရပါမည်။ စာရေးသူလုပ်အားပေး ဆရာမဘဝတွင် ကချင်ဆရာမတစ်ယောက်က ပြောဖူးသည်။ ဆရာမတို့ ဗုဒ္ဓဘာသာတွေက ဘုန်းကြီးကျောင်းကို ကလေးတွေခေါ်မသွားဘူး။ အဘိုး၊ အဘွား၊ အဖေ၊ အမေတွေပဲ သွားကြတယ်နော်။ ဗုဒ္ဓဘာသာမှာ ကလေးတွေ ဘုရားမရှိခိုးရဘူးလား။ ငါတို့ ခရစ်ယာန်မှာတော့ ဘုရားကျောင်းတက်ရင် ရင်ခွင်ပိုက်ကလေးကအစ ခေါ်သွားတယ်။ အမလေး . . ရှက်လိုက်ပါဘိ။ အလွန်ရှက်မိပါ၏။ ဤကဲ့သို့ အပြောမခံရအောင် ကျွန်တို့ဗုဒ္ဓဘာသာဝင်တိုင်း ကြိုးစားပေးစေချင်ပါသည်။

ကျွန်မကိုးကွယ်ခဲ့ရသော မြစ်ကြီးနားမှ ဘုန်းဘုန်းကြီးကလည်း ကလေးများသည် ဘုန်းကြီးကျောင်းနှင့် မကင်းကွာသင့်ကြောင်း မိဘများကလည်း ကလေးနှင့်ဘုန်းကြီးကျောင်း ဘာမျှမဆိုင်ဟု လွဲမှားသော အယူမရှိသင့်ကြောင်း အမြဲပြောဆိုဆုံးမလေ့ရှိသည်။ အဖြစ်အပျက်ကလေးတစ်ခုတင်ပြချင်ပါသည်။ စာရေးသူကိုယ်တိုင် မြင်တွေ့ခဲ့ရသည်တော့ မဟုတ်ပါ။ ကာယကံရှင်ကိုယ်တိုင်က စာရေးသူအား ပြောပြဖူးခြင်းသာ ဖြစ်ပါသည်။ တစ်ချိန်က တောင်ပေါ်ဒေသတစ်ခုတွင် အမေဖြစ်သူကသာ ဘုရားရှိခိုးခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်းစသည်တို့ကို လုပ်ကိုင်သည်။ သမီးဖြစ်သူအား ဘာမှမခိုင်းခဲ့ဖူးပေ။ တစ်နေ့ မိခင်ဖြစ်သူ မအားရှိ သမီးဖြစ်သူ ဆွမ်းတော်ကပ်ရသည်။ ထိုအချိန်တွင် ဆွမ်းတော်ဗန်းနှင့်ဘုရားရှေ့တွင် ဘာလုပ်လို့ဘယ်လိုကပ်ရမှန်းမသိဖြစ်နေသည်။ နောက်ဆုံးတွင် "အရှင်ဘုရား၊ အမေကပ်တဲ့ အတိုင်းပါပဲဘုရား"လို့ပြောပြီး ဆွမ်းတော်ကပ်လိုက်ရသည်။ ထိုသို့အဖြစ်မျိုးနှင့် နောင်လာနောက်သားတို့ မကြုံရအောင် မိဘများက သားသမီးများကို ဘာသာရေးဆိုင်ရာများ လမ်းညွှန်ပြသဆုံးမသင့်ပေသည်။

ဘုန်းဘုန်းကြီး (မြစ်ကြီးနား)က ကျွန်မအား "ဟဲ့ . . နင်ဘာ ဘာသာကိုးကွယ်သလဲ" ဟု မေးသောအခါ "ဗုဒ္ဓဘာသာကိုးကွယ်ပါသည်"ဟု ဖြေလိုက်ပါသည်။ ဘုန်းဘုန်းကရယ်ပြီး "နင်တို့က မိရိုးဖလာဗုဒ္ဓဘာသာတွေပဲ ဗုဒ္ဓဘာသာဆိုတာ ရှေးအစဉ်အဆက်က ဆိုခဲ့တာကတော့ ထေရဝါဒဗုဒ္ဓဘာသာပဲ။ ဒါပေမယ့် အခုကတော့ ငါတို့ဗုဒ္ဓဘာသာမှာ ၁။ ထေရဝါဒဗုဒ္ဓဘာသာနှင့် ၂။ မိရိုးဖလာ ဗုဒ္ဓ

ကျွန်မတို့သည် ကံကောင်း၍ လူဖြစ်ရသည်။ ကံကောင်း၍ သာသနာနှင့်ကြုံရသည်။ သာသနာနှင့်ကြုံခိုက် အလွန့်အလွန် ကံကောင်းလှသဖြင့် လမ်းညွှန်ပြသပေးကြသည့် သာမဏေငယ်မှစ၍ ဆရာတော်ကြီးများအထိ ဘုရားသားတော်ရဟန်းသံဃာတော်များနှင့် ဆုံရသည်။ ထို့ကြောင့် - (၁) နေပူတုန်း၊ စပါးလှန်း (၂) မိုးရွာတုန်းရေခံ (၃) လသာတုန်းဗိုင်းငင် ဆိုသကဲ့သို့ ကျွန်မတို့အားလုံးသည် အသက်ငယ်သေးတယ်။ စီးပွားရှာကောင်းတုန်း အိုသွားပြီ စသည်ဖြင့် ...

ဘာသာဆိုပြီး နှစ်မျိုးရှိနေပြီ။ အဓိပ္ပါယ်လွယ်လွယ်ပြောရရင်တော့ ထေရဝါဒဗုဒ္ဓဘာသာဆိုတာ ဘုရားဟောဗုဒ္ဓဘာသာစစ်စစ်ဖြစ်ပြီး၊ မင်းတို့လို အဘိုးအဘွား အဖေ အမေတွေက ဗုဒ္ဓဘာသာ ကိုးကွယ်လို့လိုက်ပြီး ကိုးကွယ်တာကတော့ မိရိုးဖလာဗုဒ္ဓဘာသာဖြစ်တယ်။ ဒါကြောင့် မိရိုးဖလာဗုဒ္ဓဘာသာကနေ ထေရဝါဒ ဗုဒ္ဓဘာသာစစ်ဖြစ်အောင် ကြိုးစားပါလို့” ဟောကြားဆုံးမခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်မသည် မိရိုးဖလာဗုဒ္ဓဘာသာထက် ထေရဝါဒဗုဒ္ဓဘာသာတစ်ယောက်ဖြစ်ရန် အလွန်ပင် စိတ်အားထက်သန်ခဲ့ပါသည်။ ဖြစ်အောင်လည်း ကြိုးစားခဲ့ပါသည်။ ကြိုးစားဆဲလည်း ဖြစ်ပါသည်။

ကျွန်မတို့သည် ကံကောင်း၍ လူဖြစ်ရသည်။ ကံကောင်း၍ သာသနာနှင့်ကြုံရသည်။ သာသနာနှင့်ကြုံခိုက် အလွန့်အလွန် ကံကောင်းလှသဖြင့် လမ်းညွှန်ပြသပေးကြသည့် သာမဏေငယ်မှစ၍ ဆရာတော်ကြီးများအထိ ဘုရားသားတော်ရဟန်းသံဃာတော်များနှင့် ဆုံရသည်။ ထို့ကြောင့် - (၁) နေပူတုန်း၊ စပါးလှန်း (၂) မိုးရွာတုန်းရေခံ (၃) လသာတုန်းဗိုင်းငင် ဆိုသကဲ့သို့ ကျွန်မတို့အားလုံးသည် အသက်ငယ်သေးတယ်။ စီးပွားရှာကောင်းတုန်း အိုသွားပြီ စသည်ဖြင့် ဆင်ခြေပေးမနေဘဲ ရသည့်အချိန်တွင် ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အကျိုးရှိစွာအသုံးချပြီး သာသနာပြုကြရပါမည်။ စာရေးသူသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ်အနေဖြင့် သာသနာပြုနိုင်ရန် ကြိုးစားနေပါသည်။ ဗုဒ္ဓဘာသာဝင်အားလုံးသည်လည်း ထေရဝါဒဗုဒ္ဓဘာသာစစ်ဖြစ်ရန်နှင့် သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့နိုင်ရန် သာသနာနှင့်ကြုံခိုက် ဈေးမဆစ်လိုက်ကြပါနှင့်ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

♦ အေး(သင်္ချာ)

# သာသနာမကွယ်မရအောင်



**ဦးအောင်မွန် (ရန်ကုန်တက္ကသိုလ်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး သည် ကျောင်းတိုက်ပိုင်ဆိုင်မှု အငြင်းပွားခြင်း ကျောင်းသစ်ဆောက်လုပ်အတည်ပြုခြင်း စသောအသေးအဖွဲကိစ္စရပ်များကိုသာ ဆောင်ရွက်နေကြရသည်က များပါသည်ဘုရား။လွန်စွာ အရေးကြီးသည့် သာသနာတော်သန့်ရှင်းရေး ကိစ္စများကိုမူ စိတ်ပါဝင်စားသော အရှင်မြတ်များ အနည်းငယ်မျှသာရှိသည်ဟု ထင်မြင်ယူဆမိပါသည်ဘုရား။

**မကွေးဆရာတော် အရှင်ကုမာရ (နိုင်ငံတော် ဗဟိုသံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ)**

အထက်ပါစကားရပ်မှာ ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၄၇-ပါးစုံညီ သတ္တမအစည်းအဝေးပွဲတွင် ဥက္ကဋ္ဌဆရာတော်ကြီး၏ သာရဏီယသြဝါဒကထာမှ ကောက်နုတ်ချက်ဖြစ်ပါသည်။ ဤစကားရပ်၌ပါဝင်သော " လွန်စွာအရေးကြီးသည့် သာသနာတော်သန့်ရှင်းရေးကိစ္စများကိုမူ " ဟူသောစကားသည် သာသနာတော်နောင်ရေး

အတွက် စဉ်းစားတွေးခေါ်သူ ရဟန်းရှင်လူ အဆူဆူသော ပုဂ္ဂိုလ်တို့အတွက် အလွန်တရာ အရေးထားရသည့် စကားရပ်ဖြစ်ပါသည်။

ယနေ့အခြေအနေတွင် နိုင်ငံတော်တစ်ဝန်း၌သာသနာတော်ထွန်းကား ပြန့်ပွားမှုမှာ ခေတ်အဆက်ဆက် မကြုံဖူးလောက်အောင်ပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ပါနည်း။ ပုဂံခေတ်၏ သာသနာတော်ထွန်းကားခဲ့သည်မှာ ပုဂံဧရိယာတစ်ဝိုက်တွင်သာဖြစ်၏။ ကုန်းဘောင်ခေတ်သာသနာမှာ မန္တလေး တစ်ဝိုက်သာ ဖြစ်၏။ ကျန်မြန်မာနိုင်ငံဒေသများမှာ သာမန်မျှသာဖြစ်၏။ ဗြိတိသျှ ကိုလိုနီခေတ်ဦးနှင့် ကုန်ဘောင်ခေတ်ကုန်ဆုံးလုနီးအချိန်တွင် ပခုက္ကူသာသနာမှာလည်း သမိုင်းဝင်ဖြစ်ပါ၏။ သို့ရာတွင် ထိုခေတ်ထိုသာသနာများမှာ ယနေ့ခေတ်ယနေ့သာသနာနှင့် နှိုင်းယှဉ်ပါလျှင် အရှိန်အဝါနည်းသေးသည်ဟုပင် ဆိုရပါမည်။ ယနေ့သာသနာမှာ မြို့ပြအနှံ့ ကျေးလက်အနှံ့ စာသင်တိုက်များ တရားရိပ်သာများဖြင့် ပရိယတ် ပဋိပတ်စုံစွာ ထွန်းလင်းနေသည်ဟုဆိုနိုင်ပါသည်။

## ရှေးဆရာတော်ကြီးများစကား သတိထား

ဤတွင် သာသနာထွန်းကားနေသည် ဆိုရုံမျှဖြင့် ရောင့်ရဲတင်းတိမ်မနေသင့်ပါ။ ဂျပန်ခေတ်က မန္တလေးမှ လေးစားထိုက်သော ဆရာတော်ကြီးများမှာ စစ်ဘေးကိုခိုလှုံရင်း စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိနေကြပါသည်။ ထိုဆရာတော်ကြီးများအနက် နာမည်ကျော် ဘာသန္တရဝိဒူ အဘာယာရာမဆရာတော် ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော် စသည်တို့လည်း ပါဝင်သည်။ တစ်နေ့တွင် ဆရာတော်များ သာသနာရေးအကြောင်း ဆွေးနွေးကြရာ ဆရာတော်တစ်ပါးက " ဆရာတော် ဒီကနေ့ သာသနာတော်ကြီး ထွန်းကားနေသည် မဟုတ်ပါလား " ဟု ပြောပါသည်။ ဤတွင် အခြားဆရာတော် တစ်ပါးက ကောက်ကာငင်ကာ ထ၍ " ကိုယ်တော်! အဲဒါ သာသနာတော် ထွန်းကားနေတာမဟုတ်ဘူး သာသနာတော်ပျက်မလို့ ဝမ်းဖောဝမ်းရောင် လိုက်နေတာ " ဟု ပြောကြောင်း ဖတ်ဖူးပါသည်။ ထိုစကား မှန်လှပါသည်။ အရေအတွက်များတိုင်း အကောင်းချည်း မဟုတ်ပါ။ အရည်အချင်းသာ အဓိကဖြစ်ပါသည်။ သာသနာတော်၏ အနှစ်သာရမှာ လဇ္ဇီ ပေသလ၊ သိက္ခာကာမ ဂုဏဝန် သီလဝန် ပုဂ္ဂိုလ်များ ပေါ်ပေါက်ရေးသာ အဓိကဖြစ်ပါသည်။ အရေအတွက်သည် သာသနာတော်၏ ပြင်ပဥပမိလက္ခဏာများသာဖြစ်သည်။ မူလအနှစ်သာရပျောက်၍ ပြင်ပဥပမိ လက္ခဏာများ ပိုမိုအားကောင်းလာသောအခါ သာသနာတော်ကြီး ညှိုးနွမ်း၍ တစ်နေ့တွင် အိန္ဒိယနိုင်ငံမှာကဲ့သို့ မျိုးတုံးပျောက်ကွယ်သွားရမည်မှာ မလွဲပါ။

## ဓမ္မာသောကဘုရင်အသောက

ဤအချက်ကို သာသနာနှစ် ၂၁၈-နှစ် (ဘီစီ ၃၄၂) တွင် နန်းတက်ခဲ့သော အသောကမင်းတရားကြီးသည် အိန္ဒိယသမိုင်း၌လည်းကောင်း၊ ဗုဒ္ဓသာသနာသမိုင်း၌လည်းကောင်း အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံး ဘုရင်တစ်ပါး ဖြစ်ကြောင်း ကမ္ဘာ့သမိုင်း၊ သာသနာ့ သမိုင်း ဆရာများက အသိအမှတ် ပြုထားပေသည်။ သကလဇမ္ဗူဒီပေ ဓမ္မာသောကေ ပါပုဏိ။ (ဝိ၊ ၅၊ ၁၊ ၃၂)

သူ၏လက်ထက် နိုင်ငံတော်မှာ ယနေ့

ခေတ် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေးရှ် သုံးနိုင်ငံ ပေါင်းစည်းထားခြင်းထက် ပိုမိုကျယ်ဝန်းသည်။ အာဖဂန်နစ္စတန်အထိ ပါဝင်သည်။ သူစုခဲ့သော သာသနာမှာ ထိုပြည်မဒေသများကို ကျော်လွန်၍ တမ္ဗပဏ္ဏိဒီပ (သီရိလင်္ကာ) နှင့် သုဝဏ္ဏဘူမိ (မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင် အာရှနိုင်ငံများ) တို့သို့ပင် ရောက်ရှိပျံ့နှံ့သွားပေသည်။

သူ၏လုပ်ဆောင်ချက်များမှာ အံ့မခန်းဖြစ်၏။ သူသည် တိုင်းပြည်သာယာရေးအတွက် လမ်းများဖောက်ပေး၏။ တံတားများထိုးပေး၏။ လမ်းမကြီးများပေါ်တွင် တည်းခိုဇရပ်များဆောက်ပေး၏။ လူနှင့် တိရစ္ဆာန်တို့အတွက် ဆေးခန်းများ ဖွင့်ပေး၏။ မိမိကိုယ်တိုင် ခြိုးခြံချွေတာ၍ တိုင်းသူပြည်သားတို့အတွက် စံနမူနာပြခဲ့၏။ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် ပြန်တန်း အမျိုးမျိုးထုတ်၏။ ပြည်သူတို့ တရားဓမ္မ ကျင့်သုံးမှု ရှိမရှိစစ်ဆေးရန် ဓမ္မအမတ်ကြီးများ ခန့်ထားပေး၏။ သူ၏ဘာသာရေးအမြင်မှာ ခေတ်မီလှ၏။ ဘာသာအချင်းချင်း မပုတ်ခတ်ရ၊ မစော်ကားရဟု ဆို၏။ လောကသားတို့အတွက် သူ၏လုပ်ဆောင်ချက်များမှာ ယနေ့ခေတ်မီလှပါသည်ဆိုသော ဆိုရှယ်လစ်စနစ်၊ အရင်းရှင်စနစ်တို့ထက် အဆပေါင်းများစွာ သာလွန်၏။ သူ၏ကျောက်စာများကို လေ့လာသောအခါ ဤအချက်များကို ဂယနဏာ သိရ၏။ သူ၏ကြွေးကြော်သံမှာ

"လောကသားအားလုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်းမှတပါး အခြားပြုဖွယ်ကိစ္စ ငါ့မှာမရှိ- ( နသ်တိဟိ ကရ်မတရံ သရ်ဗလောက ဟိတေန. . ၊ ဆဋ္ဌမကျောက်ဆောင်စာ) ဟူသတည်း "



## ဗုဒ္ဓအဆုံးအမကြောင့်

အသောကသည် ဗုဒ္ဓသာသနာနှင့် မတွေ့မီက စစ်သွေးဆာသူဖြစ်၏။ ဘိုးတော် စန္ဒဂုတ်၊ ခမည်းတော် ဗိန္ဒုသာရမင်းတို့မှာ ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြချေ။ ခမည်းတော် ဗိန္ဒုသာရ နတ်ရွာစံလျှင် အသောကသည် ဖအေတူ မအေကွဲ ညီနောင်မင်းသား တစ်ရာကို သတ်ပစ်လိုက်သည်။ တိဿ-တစ်ဦးတည်း (နောင် ထေရဂါထာ များ၌ဖော်ပြထားသော ဧကဝိဟာရိယတိဿရဟန္တာမထေရ် ) ကိုသာ ချန်ထားခဲ့၏။ နိုင်ငံအနှံ့ နယ်ချဲ့စစ်ပွဲများကို လိုက်လံဆင်နွှဲနေရာမှ ကလိင်္ဂစစ်ပွဲသည် သူ့ဘဝ သူ့စိတ်ဓာတ်ကို ပြောင်းလဲပေးလိုက်သည်။ ဤအကြောင်းကို သူရေးထိုးထားခဲ့သော တေရသမကျောက်ဆောင်စာ၌ ဤသို့ ဖော်ပြခဲ့သည်။

" လူပေါင်း တစ်သိန်းငါးသောင်း သုံ့ပန်းအဖြစ် ဖမ်းဆီးခံရခြင်း၊ တစ်သိန်းအသတ်ခံရခြင်း၊ ထို့ထက် အဆပေါင်းများစွာ သေကြေပျက်စီးခြင်းတို့ ကြုံရကုန်၏။. . . ယခုနောင်တရတော်မူပြီ လူတို့အသတ်ခံရခြင်း၊ သေကြေ

ပျက်စီးခြင်း၊ အကျဉ်းဆောင်ယူခံရခြင်းဖြင့် ရအပ်သော အောင်မြင်ခြင်းသည် အောင်မြင်ခြင်း အစစ်မဟုတ်။ . . . တရားတော်၏ အောင်မြင်ခြင်း (ဓမ္မဝိဇယ )ကို အမြတ်ဆုံး အောင်မြင်ခြင်းဟု မှတ်ထင်တော်မူ၏. . .။"

အသောကမင်းကြီးသည် ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာအတွက်၊ တိုင်းပြည်အတွက်၊ လူသားအားလုံးတို့ အတွက် အချိန်ပြည့် ဆောင်ရွက်ခဲ့သည်။ သူ၏ကျောက်ဆောင်စာ တစ်ခု၌ " တိုင်းသူပြည်သားတို့ အရေးတကြီး ကိစ္စကြုံက သန့်သက်အိမ်သို့ တက်နေခိုက်မှာပင် သူ့အား သံတော်ဦးတင်နိုင်သည် " ဟု အတိ အလင်း ကြေငြာခဲ့သည်။ သူ၏ဆောင်ရွက်ချက်များကို သူကိုယ်တိုင် အမိန့်ပြန်တန်း ထုတ်၍ ရေးထိုးစေခဲ့သော ကျောက်ဆောင်စာ (Rock Edict) ၁၄-ခုနှင့်ကျောက်တိုင်စာ (Pillar Edict) များက ယနေ့တိုင်ဖော်ပြလျက် ရှိပေသည်။ ဤမျှကြီးကျယ်ခန်းနားသော၊ စိတ်နှလုံးဖြူစင်သော၊ လောကတ္ထစရိယာကို သက်ဆုံးတိုင် ကျင့်သုံးခဲ့သော ဘုရင်တစ်ပါးဖြစ်အောင် ဗုဒ္ဓဘာသာက သွန်သင်ညွှန်ပြခဲ့ကြောင်း မလွဲမသွေ လက်ခံရမည်သာ ဖြစ်ပါသည်။

ဤတွင် ရေးလိုသည့်အချက်မှာ အသောကမင်း၏ လက်ထက်သာသနာ အကြောင်းဖြစ်၏။ အသောကမင်းကြီး၏ လက်ထက် နိုင်ငံသည် သမိုင်းတလျှောက်အကြီးကျယ်ဆုံး ဖြစ်သကဲ့သို့ သူပြုခဲ့သော ဗုဒ္ဓသာသနာမှာလည်း ဘယ်ခေတ်ဘယ်အခါနှင့်မျှ နှိုင်းယှဉ်၍ မရ လောက်အောင် ကြီးမားကျယ်ပြန့်ခဲ့ပေသည်။ ဘီစီသုံးရာစုကာလက ဆက်သွယ်ရေးလမ်းကြောင်းသည် ယခုခေတ်ကဲ့သို့ မလွယ်ကူ မချောမွေ့ပေ။ သွားရေးလာရေးခက်ခဲခဲ့၏။ ထို့ကြောင့် ကျယ်ပြန့်သော နိုင်ငံကြီးတွင် ကျယ်ပြန့်သော သာသနာအတွက် အခက်အခဲတွေ မြောက်များစွာ ပေါ်လာပေတော့သည်။အထူးသဖြင့် ရဟန်းတု ရဟန်းယောင်များဖြစ်၏။ အချို့မှာလည်း အတုကိုအစစ်ထင်၍ ဂိုဏ်းကွဲ ဝါဒကွဲတွေ ထူတောင်ကာ တစင်ထောင်သူများ ဖြစ်ကြသည်။ ထို့ကြောင့် အသောကမင်းကြီးသည် သင်းတို့အား လူဝတ်လဲစေရာ အရေအတွက် ခြောက်သောင်းရှိသည်ဟု အဋ္ဌကထာ ဆရာက ဖော်ပြထားသည်။ (ဝိ၊ ၄၊ ၁၊ ၄၅)

ယင်းတို့မှာ- နယ်စွန်ပယ်ဖျား ဒေသများ၌ အယူဝါဒ အမျိုးမျိုးကို ကိုင်စွဲကာ ထင်တစ်လုံးဖြင့် မသိနားမလည်သူ များကို လှည့်ဖြားကာ မိမိဘဝကောင်းစားရေးအတွက် ဖန်တီးလှုံ့ဆော်နေသူများဖြစ်ကြ၏။ ထို အဓမ္မဝါဒီ ကိုယ်ကျိုးရှာသမားများကို စမ္မစက်ဖြင့် နှိမ်နင်းခြင်းထက် အာဏာစက်ဖြင့် ဖြိုခွင်းခြင်းကသာ တကယ်တန်း ထိရောက်အောင်မြင်ကြောင်း အသောကမင်းကြီး၏ လုပ်ဆောင်ချက်များက သက်သေခံလျက် ရှိသည်။

## အိန္ဒိယနိုင်ငံ ၌သာသနာ ကွယ်ပရခြင်းအကြောင်းရင်းကြီး (၃) ရပ်

ယနေ့ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာ လင်းလက်စ အခါသမယဖြစ်ကြောင်း အထင်အရှားဖြစ်သည်။ အတိတ်ကို ပြန်လှန်သော် ဘီစီခြောက်ရာစုကာလ မြတ်ဗုဒ္ဓတည်ထောင်ခဲ့သော ဗုဒ္ဓသာသနာကြီးမှာ နှစ်ပေါင်း ၁၇၀၀-ကျော်ခန့်သာ ဇာတိအိန္ဒိယမြေပေါ်၌ ရပ်တည်ခွင့်ရကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။ ခရစ်နှစ် ၁၂-ရာစုနောက်ပိုင်းတွင် ဗုဒ္ဓဘာသာယူ၍ အိန္ဒိယနိုင်ငံ၌ လက်ညှိုးထိုး

ဖြစ်ရာဟူ၍ မကျန်တော့ပေ။ နှောင်းခေတ်တွင် ရာစုနှစ်များစွာ ကျရောက်ခဲ့သော သာသနာရောင်ခြည်သည် ဗိုလ်မှူးကြီး အိုလကော့၊ အနာဂါရိကဓမ္မပါလ (ဦးစန္ဒမဏိအား အိန္ဒိယသို့ ပို့ဆောင်ပေးခဲ့သောဆရာ) ဆရာတော်ကြီး ဦးစန္ဒမဏိ (၁၈၇၅-၁၉၇၂)စသော ကျေးဇူးရှင်ကြီးများကြောင့် ယခုလို အခြေအနေမျိုး ပြန်လည်တွေ့ရှိနေရခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ သာသနာပျောက် ကွယ်သွားရခြင်း အကြောင်းများကို စိစစ်လေ့လာသောအခါ အောက်ပါအချက်ကြီးများကို အဓိကတွေ့ရသည်။

<u>ပထမအချက်မှာ</u> ခေတ်ပြိုင်အယူဝါဒများ၏ ဝါးမျိုခံရခြင်းဖြစ်၏။ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာမတိုင်မီ အမြစ်တွယ်နေသော ဘာသာကြီးမှာ ဗြာဟ္မဏဘာသာ ( နောင်ဟိန္ဒူဘာသာ) ဖြစ်၏။ ဤအယူဝါဒသည် ဘီစီ ၂၀၀၀-ကျော်က အာရိယန်လူမျိုးတို့ အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်လာခြင်းနှင့်အတူတကွ ပါလာခဲ့သော အယူဝါဒဖြစ်၏။ ထို့ကြောင့် ရိုးရာဘာသာ ဟူ၍ပင် ခေါ်ဆိုရပါမည်။ ဗုဒ္ဓဝါဒပေါ်လာသောအခါ ဗုဒ္ဓ၏ အနတ္တဝါဒသည် ထိုဗြာဟ္မဏ ဘာသာကြီး၏ အတ္တဝါဒ (ဖန်ဆင်းရှင်ဗြဟ္မာကြီး ) ကို အထိုက်အလျောက်သာ တိုက်ဖျက်နိုင်ခဲ့၏။ ဗုဒ္ဓဝါဒသည် မဇ္ဈိမဒေသကို ဗဟိုပြု၍ တစ်စုံတစ်ခုသော အတိုင်းအတာအထိသာ ဗြာဟ္မဏဝါဒကို အောင်နိုင်ခဲ့သည်။ ကြီးကျယ်လှသော နိုင်ငံကြီးတွင် များပြားလှသောလူတို့မှာ ဗြာဟ္မဏဘာသာဝင်များသာ ဖြစ်ပေသည်။

ဗြာဟ္မဏတို့သည် ဗုဒ္ဓဝါဒကို ယှဉ်ပြိုင်တိုက်ခိုက်၍မရသောအခါ အနုနည်းဖြင့် ဒုက္ခပေးလေတော့သည်။ ဗုဒ္ဓသည် ဗြာဟ္မဏဝါဒရှိ

---

သုဘဒ္ဒ တောထွက်ရဟန်းကြီးကဲ့သို့
အလိုဆန္ဒဆိုးရှိသူများ
ဆဗ္ဗဂ္ဂီ ရဟန်းတို့ကဲ့သို့ ခေါင်းမာ၍
ပြဿနာရှာတတ်သူများ
မြတ်ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်ကပင်
သာသနာတွင်း၌ ရှိနေကြပြီးဖြစ်သည်။

---

နတ်ကြီးတစ်ပါးဖြစ်သော ဗိဿနိုး နတ်ကြီး၏ လူဝင်စား (ကိုးခုမြောက်အဝတာရ) တစ်ပါးဖြစ်သည်ဟု ဗုဒ္ဓအား ဗြာဟ္မဏဘာသာ၏ နတ်ကလေးတစ်ပါးဖြစ်သည်ဟု စည်းရုံးသွားခြင်းဖြစ်သည်။

ဗုဒ္ဓဝါဒအား ဆန့်ကျင်သော အခြားခေတ်ပြိုင် အယူဝါဒတစ်ခုမှာ မဟာဝီရ၏ ဂျိန်းဘာသာ ဖြစ်သည်။ ဂျိန်းဘာသာသည် ဗြာဟ္မဏတို့၏ ဇာတ်ဝါဒ (Caste System) ကိုတိုက်ဖျက်ရာ၌ ဗုဒ္ဓဝါဒနှင့် အတူတူပင်ဖြစ်သည်။ သို့ရာတွင် မိမိ၏ ရပ်တည်မှုအတွက် ဗြာဟ္မဏဝါဒနှင့် ပူးပေါင်း၍ ဗုဒ္ဓဝါဒကို တိုက်ဖျက်လေတော့သည်။ ဤသို့ အယူဝါဒနှစ်ခု ပူးပေါင်း၍ ဗုဒ္ဓဝါဒအား တိုက်ဖျက်မှုသည်လည်း အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာ ပျောက်ကွယ်ရခြင်း အကြောင်းတစ်ပါး ဖြစ်ပေသည်။

<u>ဒုတိယအကြောင်းရင်းကြီးမှာ</u> ဘာသာခြားတို့၏ အကြမ်းဖက်မှုကို အကြိမ်ကြိမ် ခံရခြင်းဖြစ်သည်။ ဗြာဟ္မဏဝါဒသည် အဟိံသဝါဒ ( အကြမ်းဖက်မှုကို ပယ်ဖျက်သောဝါဒ ) ဖြစ်သော်လည်း ပုရှမိတြသုင်္ဂမင်းသည် ဗြာဟ္မဏဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာ၍ အသောကမင်းကြီးပြုစုခဲ့သော

ဗုဒ္ဓသာသနာတော်ကို ခြေမှုန်းလေတော့သည်။ ဗုဒ္ဓဘာသာ ရဟန်းမှန်သမျှသည် မဇ္ဈိမဒေသတို့မှ နယ်စွန်ပယ်ဖျား ဒေသများသို့ ထွက်ပြေးပုန်းရှောင်ရလေသည်။ ဤသို့ ခေတ်အဆက်ဆက် အကြမ်းဖက်မှုများကို ခံခဲ့ရ၍ နောက်ဆုံး ခရစ်နှစ် ၁၂-ရာစုတွင် အနောက်ဖက်ဒေသများမှ ဝင်ရောက်လာသော ဘာသာခြားစစ်သည်များ၏ မျိုးတုန်းသတ်ဖြတ်မှုကြောင့် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာဟူ၍ လက်ညှိုးညွှန်စရာပင် မကျန်တော့ချေ။

__တတိယအကြောင်းရင်းမှာ__ ထက်ပါ အချက်ကြီးနှစ်ချက်ထက် ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဤဆောင်းပါးနှင့် တိုက်ရိုက်သက်ဆိုင်သော အကြောင်းရင်းကြီး ဖြစ်၏။ ယနေ့မြန်မာ့ဗုဒ္ဓဘာသာလောကနှင့် တိုက်ရိုက်သက်ဆိုင်နေ၏။ ယင်းမှာ __ဂိုဏ်းကွဲ၊ ဝါဒကွဲများ__ ပြဿနာပင်ဖြစ်သည်။ သုဘဒ္ဒ တောထွက်ရဟန်းကြီးကဲ့သို့ အလိုဆန္ဒဆိုးရှိသူများ ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့ ခေါင်းမာ၍ပြဿနာရှာတတ်သူများ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိ စဉ်ကပင်သာသနာတွင်း၌ ရှိနေကြပြီးဖြစ်သည်။ ထိုအင်အားစုသည် တဖြည်းဖြည်း ကြီးထွားလာရာ ဒုတိယသင်္ဂါယနာ (သာသနာနှစ် ၁၀၀၊ ဘီစီ ၄-ရာစု ) တင်ချိန်တွင် ဝိနည်းသိက္ခာပုဒ်များကို လိုသလိုပြင်ဆင်ကြသည့် အဆင့်သို့ ရောက်နေပေပြီ။ ဒုတိယသင်္ဂါယနာသည် ပိဋကတ်တော်ကို သုတ်သင်ရှင်းလင်း နိုင်ခဲ့သော်လည်း ထိုအင်အားစုကိုမူ မဖယ်ရှားနိုင်ခဲ့ပေ။ မဟာသံဃိက (အရေအတွက်များ ပြားလှသောအဖွဲ့ကြီး ) ဟူ၍ သီးခြားဂိုဏ်းကွဲကြီး ပေါ်ထွက်သွားခဲ့သည်။ အတိအကျဆိုရလျှင် ထိုအချိန်မှစ၍ ထေရဝါဒနှင့် မဟာသံဃိက ဟူ၍ သံဃာအဖွဲ့အစည်းကြီး နှစ်ဂိုဏ်းကွဲသွားခြင်းဖြစ်သည်။

မဟာသံဃိကတို့သည် ဒသဝတ္ထု၌ ဖော်ပြထားသည့်အတိုင်း (၁) သေရည်အနုကို သောက်ကောင်းသည် (၂) သံယာကိုရည်စူး၍ လှူသော ရွှေငွေကို အလှူခံကောင်းသည် (၃) မွန်းလွဲပြီးအရိပ်လက်နှစ်သစ် ထွက်သည့်အထိ ဝိကာလဘောဇဉ်ကို စားကောင်းသည် စသည့် ဝိနည်းသိက္ခာပုဒ်တို့ကို ကိုယ်လိုရာဆွဲ၍ အဓိပ္ပာယ် ကောက်ယူကြသူများ ဖြစ်သည်။ ထိုသူများသည် တတိယသင်္ဂါယနာ ( ဘီစီ ၃-ရာစု ) တင်ချိန်တွင် မည်မျှဖောက်ပြန်၍ မည်သို့သောအကျင့်များကို ကျင့်သုံးနေပေမည်ကို မှန်းဆ၍သိရှိနိုင်ပေသည်။ မဟာသံဃိကတဖြစ်လည်း မဟာယာနဗုဒ္ဓဘာသာသည် မြတ်ဗုဒ္ဓအား ဖန်ဆင်းရှင်ဘုရားအဖြစ် တည်ထောင်၍ ဟိန္ဒူဝါဒနှင့် ရောထွေးပစ်လိုက်ရာ ထိုဝါဒသည် လူကြိုက်များပြီး တိဗက်၊ တရုတ်၊ မွန်ဂိုလီးယား၊ ကိုရီးယား၊ ဂျပန်အထိ ပျံ့နှံ့သွားပေသည်။ ခရစ်နှစ် ငါးရာစုနောက်ပိုင်းတွင် နာလန္ဒာတက္ကသိုလ်တွင် ဆရာပေါင်း တစ်ထောင်ကျော်ရှိ၍ ကျောင်းသားပေါင်း တစ်သောင်းကျော်ကို လက်ခံသင်ကြားပေးရာ ဌာနကြီးဖြစ်ခဲ့သည်။ ယင်းသည် မဟာယနဂိုဏ်း၏ အဓိကသင်္ကေတဖြစ်သည်။ ရာစုနှစ်များစွာ တည်တံ့သော ဤတက္ကသိုလ်မှ နာမည်ကျော် မဟာယာနခေါင်းဆောင် မြောက်များစွာကို မွေးထုတ်ပေးခဲ့သည်။ ဤအချက်သည်ပင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ ပျောက်ကွယ်သွားခြင်း၏ အဓိကအချက်ကြီးဖြစ်နေသည်ကို သတိပြုသင့်ပေသည်။

အချုပ်ဆိုသော် တတိယသင်္ဂါယနာတင်ချိန်မှာပင် အရေအတွက်အားဖြင့် ဂိုဏ်းကွဲ

ပေါင်း ၃၀ ကျော်သည်။ ဗုဒ္ဓဘာသာအတွင်း၌ မည်မျှဖရိုဖရဲ ပြန့်ကျဲသည်ကို ဖော်ပြလျက်ရှိနေပေသည်။ ဤတွင် အိန္ဒိယနိုင်ငံတွင်း၌ ဖြစ်ပျက်ခဲ့သော ဗုဒ္ဓဘာသာဂိုဏ်းကွဲများ( ဝါ ) အယူဝါဒတစ်စင်ထောင်သူများ အကြောင်းကို ရပ်နား၍ မျက်မှောက်ခေတ် မြန်မာနိုင်ငံ သာသနာ၌ အလျှိုအလျှိုပေါ်ပေါက်ခဲ့သော အဓမ္မဝါဒ ဟူ၍ ခုံရုံးတင်၍ စီရင်ခဲ့ရသော အယူဝါဒလက်သစ်များကို ဆက်လက်ဖော်ပြပါမည်။

## မျက်မှောက်ခေတ် အဓမ္မဝါဒများ

ယနေ့မြန်မာနိုင်ငံတွင်လည်း မြတ်ဗုဒ္ဓ၏ အရင်းမူလ ထေရဝါဒဗုဒ္ဓဘာသာကို ဖြုခွဲမည့် အယူဝါဒလက်သစ်များ မြန်မာ့လွတ်လပ်ရေးကြီးနှင့်အတူ ပါလာခဲ့သည်။ ဤတွင် သတိပြုသင့်သော အချက်မှာ အယူဝါဒလက်သစ်များ၏ စွမ်းအားကို လျှော့တွက်မမိရန်ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာတွင်ဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာတွင်ဖြစ်စေ ရုပ်ဝတ္ထုပစ္စည်းတစ်ခု၊ အယူဝါဒတစ်ခုကို တီထွင်သူ၊ တည်ထောင်သူတို့မှာ လူညံ့များမဟုတ်ပေ။ ဘာသာရေးလောကတွင် ပညာရှိ၍ သဒ္ဓါတရားကင်းမဲ့သူတို့သည် ဤအဖြစ်မျိုးသို့ ရောက်ရှိသွားကြသည်ကို သတိပြုသင့်သည်။ သာဓကအားဖြင့် ရှင်ဥက္ကဋ္ဌကို ပြလိုပါသည်။ ရှင်ဥက္ကဋ္ဌ၏ ကျောက်ကွင်းအရေးတော်ပုံ၊ ကပ္ပပြဿနာစာအုပ်များကို ဖတ်ရသောအခါ သူ၏ထူးချွန်မှု ထက်မျက်မှုစွမ်းရည်တို့ကို တွေ့ရှိနိုင်ပေသည်။ သို့ရာတွင် လူသေလူဖြစ် ကဲ့သို့သော စာအုပ်မျိုးထွက်လာသောအခါ မြတ်ဗုဒ္ဓသာသနာ၌ အရဟတ္တဓဇခေါ် မှန်မြတ်သောအရေကိုခြုံထားပါလျက် ဘုရားရှင်စက်ဆုတ်သော အမူအကျင့် အတွေးအခေါ်တို့ကို တွေ့ရသောအခါ " ပညာရှိလျက် သဒ္ဓါတရားကင်းမဲ့သောသူသည် ကောက်ကျစ်စဉ်းလဲသောအဖို့သို့ရောက်၏" ဟူသော အဋ္ဌကထာဆရာကြီး၏ မှတ်ချက်ကို ထင်းကနဲသွား မြင်ပါသည်။ နှမြောဖွယ်ကောင်းလေစွ။

(၁)လူသေလူဖြစ်ဝါဒ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခံရပြီးနောက် ဆက်လက်၍ အဓမ္မဝါဒများအဖြစ် ဆုံးဖြတ်ခံရသော ဝါဒများမှာ (၂) ကျောက်သဘော်ဝါဒ၊ (၃) ကျောက်ပုံတောရဝါဒ၊ (၄) ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ အဓမ္မဝါဒ၊ (၅) လက်ပံတန်းဦးမြတ်သိန်းထွန်း၏ ကာမဂုဏ်အရိယာ အဓမ္မဝါဒ စသည်တို့ဖြစ်သည်။ ဤအယူဝါဒများကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးမှ သက်ဆိုင်ရာ ဝိနိစ္ဆယအဖွဲ့များက အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ အခိုက်အတန့်အားဖြင့် ငြိမ်သက်ခဲ့ပါသည်။

## ခေါင်းထောင်ထလာသော အဓမ္မဝါဒများ

သို့ရာတွင် ဤအယူဝါဒများ၏ နောက်လိုက်နောက်ပါ တပည့်တို့သည် ယခုအခါ စာပေလောက၊ ဘာသာရေးလောကတို့၌ ခေါင်းဆောင်၍ ထလာကြပြန်ပြီ။ ယခုခေတ်သည် ဆက်သွယ်ရေးလမ်းကြောင်း (media) အလွန်တရာကောင်းပေရာ ထိုအဓမ္မဝါဒ လက်ဟောင်းလက်သစ်များသည် ပုံနှိပ်စာ၊ မိတ္တူစာများဖြင့် စင်ကြယ်သော ထေရဝါဒ ဗုဒ္ဓဘာသာကြီးကို အရောင်အမျိုးမျိုးဆိုး၍လာကြသည်။ စင်စစ် မိမိတို့၏ လာဘသက္ကာရသိလောက(လာဘ်လာဘ၊ အရိုအသေ၊ ထင်ပေါ်မှု ) တို့ကို လိုလား၍ " ထေရဝါဒ " စကားသံလှိုင်လှိုင်သုံးကာ ကိုယ်ကျိုးရှာသမားတို့သာဖြစ်သည်။

၎င်းတို့အနက် ပစ္စုပ္ပန်ကမ္ဘာဝါဒ ဗုဒ္ဓဘာသာဂိုဏ်းခေါ် မိုးပြာဂိုဏ်း ( အဝါရောင် သင်္ကန်းမဝတ်ရသဖြင့် မိုးပြာရောင် အင်္ကျီနှင့် ဘောင်းဘီတို့ကို ဝတ်သောလူစု)သည် အင်အား အကောင်းဆုံးဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ အမရပူရ၊ မိတ္ထီလာ၊ လယ်ဝေး စသည့်ဒေသ အနှံ့အပြားတွင် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ် တစ်ဖုံ ဖြန့်ချီနေသည်သာမက စင်္ကာပူ၊ အမေရိကန်စသော တိုင်းခြားဒေသများအထိ ပျံ့နှံ့နေကြောင်း သိရပေသည်။

လူ့သဘာဝသည် အသစ်အဆန်းကို ကြားလိုသိလို လက်ခံလိုတတ်ပေရာ အသိဉာဏ်မရင့်သန်သေးသူများသည် အပြောကောင်း၊ အရေးကောင်းတို့ကို လက်ခံသွားတတ်ကြပေသည်။ ဤသည်မှာ အထက်ပါ ဗုဒ္ဓသာသနာသမိုင်းကြောင်းများ၌ဖော်ပြခဲ့သည့်အတိုင်း အထင်းအရှားပင်ဖြစ်၏။ ပထမသင်္ဂါယနာ၌ အရှင်မဟာကဿပထေရ်ကြီးဦးဆောင်သော ရဟန္တာငါးရာ၊ ဒုတိယသင်္ဂါယနာ၌ အရှင်မဟာယသ ဦးဆောင်သော ရဟန္တာမထေရ်ကြီးပေါင်း ၇၀၀၊ တတိယသင်္ဂါယနာ၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီး ဦးဆောင်သော ရဟန္တာမထေရ်ကြီးပေါင်း ၁၀၀၀ တို့သည် ထိုခေတ်ကာလ အသီးသီး၌ ပေါ်ပေါက်ခဲ့သော သာသနာ့ရန်စွယ် အဓမ္မဝါဒီတို့ကို ဓမ္မစက်ဖြင့် ဖယ်ရှားခဲ့ကြ၏။

ထိုရဟန္တာမထေရ်ကြီးတို့၏ သာသနာ့ဒါယကာများဖြစ်ကြသော
အဇာတသတ် (ပထမသင်္ဂါယနာ)၊
ကာလာသောက (ဒုတိယသင်္ဂါယနာ)၊
အသောကမင်းတရားကြီး (တတိယသင်္ဂါယနာ)
စသည်တို့သည် ထိုသာသနာ့ရန်စွယ် အဓမ္မဝါဒီတို့ကို အာဏာစက်ဖြင့် ဖယ်ရှားခဲ့ကြ၏။ စင်ကြယ်သော သာသနာကြီးဖြစ်အောင် ထောက်ပံ့ခဲ့ ကြ၏။

## ယနေ့တာဝန်

မြန်မာနိုင်ငံတွင်လည်း မကြာသေးမီ ကာလ ၁၉၈၁ ခုနှစ်မှစ၍ ထို အဓမ္မဝါဒီတို့ကို ဓမ္မစက်၊ အာဏာစက် နှစ်မျိုးဖြင့် ထိထိရောက်ရောက် နှိမ်နင်းခဲ့ကြ၏။ သို့ရာတွင် ယနေ့ကာလ၌ နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး၏ လျှောက်ထားချက်အတိုင်း တာဝန်ရှိသူများ၏ ဆောင်ရွက်အရေးယူမှုသည် အားနည်းလျက်ရှိပေသည်။ စင်စစ်အားဖြင့် ထိုတာဝန်သည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းအားလုံး၏ တာဝန်ဖြစ်သည်။ အသိဉာဏ်ပြည့်ဝသော ဒကာဒကာမအားလုံးတို့၏ တာဝန်လည်းဖြစ်သည်။ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ အရှိန်အဝါသည် မြန်မာနိုင်ငံသာသနာရေးလောကတွင် ကြီးမားသော အကျိုးသက်ရောက်မှုကို ဖန်တီးနိုင်စွမ်းရှိသည့် အင်အားစုတစ်ရပ် ဖြစ်သည်။ ယင်းအချက်ကြောင့် ရွာမအနွယ်ဝင် ထေရ်အရှင်တို့နှင့် တကွ မြန်မာနိုင်ငံတစ်နံ တစ်လျားတွင် အထင်းအရှားရှိကြကုန်သော ထေရ်အရှင်တို့အား " သာသနာမကွယ်ပရအောင် " မမေ့သော သတိ၊ မလျှော့သော ဇွဲလုံ့လတို့ဖြင့် အားသွန်ကြိုးပမ်းကြပါဘုရား - ဟု လျှောက်ထားလိုပါသည်။

◆ ဦးအောင်ထွင့်

( ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ)ကထိက၊ ငြိမ်း။




## စာသင်တိုက် နေပုံပမာ

ပရိယတ်မှာ အမည်ကောင်း
သည့်ကျောင်းရဲ့ ဖြစ်ရေးရယ်
တည်ထောင်းခဲ့ ဟာစ်ကြွေးဖွယ်
နှစ်လေးဆယ် ရှည်လျား။
"ရွာမ"တဲ့ "အင်းစိန်"မှာ
ဝင်းထိန်စွာ ပေါက်လို့ ကျော်ကြား။
ပရိယတ္တိကျောင်းဗိမာန်
ကောင်းဟိတ်အမှန်ထင်ရှား
အပေါင်းသိဿံ တပည့်များတို့
သင်ကြားလို့ ပြည့်ဝပညာ။
"အရှင်တိလောကာဘိဝံသ"
သိဉ္ဇန်ပြ မြတ်တဲ့ဆရာ
တိုးတက်ဖို့ ကြိုးစားကာ
နိုးကြားစွာ ပြုသိတဲ့
သမုတိ ထေရသံဃာ
ဝေမျှပညာ။
စာသင်တိုက်နေပုံပမာ
ပြောဘုံမှာ တောက်လျှမ်းလို့လေး ။ ။

သူရဇော်